
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

7 - JUN 2014

## သဗ္ဗသိဒ္ဓိဂါထာတော်ကြီး

[illegible]

အထက်ပါ ဂါထာတော်ကြီးကို "အားလုံးပြီးရာ အောင်ဂါထာ" ဟူ၍လည်းခေါ်ကြသည်။ ယုံယုံကြည်ကြည် ရွတ်ဖတ်သူတိုင်း အသက်ရှည်မည်၊ ဘေးအန္တရာယ်ကင်းမည်။ လာဘ်လာဘ ပေါများမည်၊ ဘုန်းကံကြီးမည်။ လူ၊ နတ်၊ ဗြဟ္မာ အပေါင်း၏ ချစ်ခင်နှစ်လိုခြင်းခံရမည်။ ကပ်ကြီးသုံးပါးမှ ချမ်းသာလွတ်ကင်းမည်။

### စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

- [illegible]
- [illegible]

### ပြည်သူ့သဘောထား

- [illegible]
- [illegible]
- [illegible]
- [illegible]

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- [illegible] ငြိမ်ဝပ်ပိပြားရေး
- အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး
- [illegible]
- [illegible]

### စီးပွားရေးဦးတည်ချက် (၄) ရပ်

- [illegible]
- [illegible]
- [illegible]
- [illegible]

### လူမှုရေးဦးတည်ချက် (၄) ရပ်

- [illegible]
- [illegible]
- [illegible]
- [illegible]

ရာမုဖြာကြာပန်းသည်
လရောင်ဆမ်းမှ ပွင့်လန်းရဘိသကဲ့သို့
လပြည့်ဝန်းဟူသော မဂ္ဂဇင်းဖြင့်
ချစ်စွာသော စာဖတ်ပရိသတ်များ၏
အသိဉာဏ်အလင်းတန်းကို
ပွင့်လန်းလင်းလက်စေရမည်ဟု
မေတ္တာရှည်သန်လျက် . . .

မဂ္ဂဇင်း

အမှတ် (၂၂၁)၊ ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ

www.burmeseclassic.com

www.burmeseclassic.com







# မာတိကာ


| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁။ | အံ့ဖွယ်ထူးခြား မာရ်အောင်မြင်ပြည်တော်ပြန်ဘုရား .... | မင်းဂုဏ် | ၅ |
| ၂။ | ကျောက်တော်ကြီးမြတ်စွာဘုရား ............ | တက္ကသိုလ်မျိုး | ၂၀ |
| ၃။ | စိမ်းလန်းသာယာ ကဝဲရွာ ............ | ရွှေမန်းကျည်းလူကျော် | ၃၄ |
| ၄။ | မှားသည်ထင်ရသော အမှန်များ ............. | ခရာ(ကေတ) | ၄၀ |
| ၅။ | မိုးကုတ်ဆရာတော်ဘုရားကြီး၏ တောင်ကြီးလေးလုံး ကြိတ်သည်ကို ခံနေရပုံ ပဗ္ဗတူပမသုတ်တရားတော် ..... | ဓမ္မဒိန် | ၄၃ |
| ၆။ | ရှင်ပင်ရွှေဆပ်သွား စေတီတော် .......... | မြမဥ္ဇူဝေ(ကျုံမငေး) | ၄၈ |
| ၇။ | ဓမ္မစကြာတရားတော် ... | ဘဒ္ဒန္တကုဏ္ဍလာဘိဝံသမထေရ်မြတ်(အနိစ္စဆရာတော်) | ၅၄ |
| ၈။ | မဟာကျိန်သစ္စာရှင်ဘုရားကြီး ............. | ဂမ္ဘီရဆရာလှမျိုး | ၆၀ |
| ၉။ | ပုဂံတစ်ခေါက် ရောက်ခဲ့ပါသည် ........ | ကောင်းမြတ်(ခရာတော) | ၆၆ |
| ၁၀။ | မုံရွာမြို့မြောက် ခြသေ့်ဟောက်လတ္တဲ့ ..... | ဆင်ဖြူကျွန်းအောင်သိန်း | ၇၃ |
| ၁၁။ | ဓာတ်တော်မွေတော် .......... | ကျိုက်လတ်သန်းထိုက်(L.L.B) | ၇၆ |
| ၁၂။ | ရွှေတိဂုံတစ်ခွင် စာဆိုတော်အမြင် ......... | ယောနကဘိုးထောင် | ၈၀ |
| ၁၃။ | အချစ်ကံခေပေမယ့် အနှစ်ကျန်စေရမယ် ....... | အရှင်ဆန္ဒာဓိက | ၈၄ |
| ၁၄။ | ရှေးပါဒနိုင်ငံတော်မှ ကျိုက်ပြာသာဒ်တနော်စေတီတော် ...... | မင်းတိုင်ပင်(မြရောင်မြေ) | ၉၁ |
| ၁၅။ | ရွှေစောလူးဘုရား ဆွမ်းချပွဲ ............. | ကျော်လင်း(မြစ်ခြေ) | ၉၉ |
| ၁၆။ | အဘဘိုးပီယ၏ဖြစ်ရပ်ဆန်းများနှင့် ထေရုပ္ပတ္တိ | ကျော်ဇောဟိန်း(နံ့သာ) | ၁၀၃ |
| ၁၇။ | အောင်ကိုးဆူဆရာတော် ဦးပရမ၏ ထူးခြားသော ထေရုပ္ပတ္တိ ................ | ပုဏ္ဏာဝတီအောင် | ၁၀၆ |
| ၁၈။ | ပီစာမြို့က ကမ္ဘာကျော်မျှော်စင်ကြီး ... | ကိုအေးမြင့်(မဟာဝိဇ္ဇာ၊ရှေး-သု) | ၁၁၅ |
| ၁၉။ | အဘိုးသခင်ကိုယ်တော်မှိုင်း (သို့မဟုတ်) တရားတဲ့ဘက်က မှန်တဲ့ဘက်က ရဲရဲရပ်ကြပါ ................ | ထွန်းလင်းသူ | ၁၂၂ |
| ၂၀။ | ငှက်ပျောပင်စောင့် **နတ်သမီး** .......... | မျိုးတင့်(ညောင်လေးပင်) | ၁၂၉ |
| ၂၁။ | ပါးချိုင့်ကလေးနှင့် အမျိုးသမီး ........ | မောင်မြင့်မား(ဝိုလ်ကလေး) | ၁၃၃ |
| ၂၂။ | အပြန်လမ်း.................... | သစ္စာဦး(ဧယျာမြေ) | ၁၃၆ |
| ၂၃။ | အဖြူပေါ်က အနက်စက်အကြောင်း ..... | ကျော်မိုးလွင်(ဝါးခယ်မ) | ၁၄၄ |
| ၂၄။ | စုန်း .................. | အောင်ကြည်သန်း(ဖောင်တော်သီ) | ၁၄၆ |
| ၂၅။ | အင်းဝအကျဉ်းသား .................... | နေမင်းမျိုး | ၁၅၄ |
| ၂၆။ | အဖေ့အကြိုက်နှင့် မွေးမေ ဆုံးမစကား ..... | ချောဘသိန်း(စလင်း) | ၁၅၈ |
| ၂၇။ | ချစ်တတ်တဲ့အသည်း မမာဘဲရှိပါ့မလား .... | တွင်းကြီးသားတင်ဝင်းဦး | ၁၆၃ |



www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၈။ | ချိန်ခါမီ ရာသီပြောင်း . . . . . . . . . . . . . . . . . . . . . ရဲမြတ်တင် | ၁၇၁ |
| ၂၉။ | မေတ္တာလောင်းကြေး . . . . . . . . . . . . . . . မောင်မြထွေး(ပင်လယ်) | ၁၇၉ |
| ၃၀။ | ရွှေတောင်ရွာသူ မနှင်းဖြူ . . . . . . . . . . . . . . . . . ထိုက်သဇင် | ၁၈၃ |
| ၃၁။ | တရားသော စတုတ္ထမဏ္ဍိုင် . . . . . . . . . . . . . . . . . သတိုးနွယ် | ၁၈၈ |
| ၃၂။ | ချစ်စရာခရီးစဉ် (၇) . . . . . . . . . . . . . ဦးညွန့်လှိုင်(ကြို့ပင်ကောက်) | ၁၉၁ |
| ၃၃။ | စုံကွေချောင်းမှ ရေစီးသံ . . . . . . . . . . . . . . မင်းဟန်(သန်လျင်) | ၁၉၈ |
| ၃၄။ | နာနာဘာဝတို့ တိုက်ပွဲ . . . . . . . . . . . . . . . . . . . . . ရီရီငွေ | ၂၀၄ |
| ၃၅။ | ပဋ္ဌာနန္တာရိယကံ ချက်ချင်းခံရသောသား . . မင်းမြင့်နိုင်(ဘူးသီးတောင်) | ၂၀၉ |
| ၃၆။ | ကြုံဆုံခဲ့ရ ဖုတ်ကောင် . . . . . . . . . . . . . . . . . နန်းကြေးသျှင် | ၂၁၄ |
| ၃၇။ | မိုးလည်းကြည်လင်ပြီး မြေကြီးပေါ်မှာ ပန်းများပွင့်ကြပြီ . . . . . . . . . . . . . . . . . . . . . မြတ်ပန်းမွှေး | ၂၁၈ |
| ၃၈။ | ပညာနှင့် ဥစ္စာ . . . . . . . . . . . . . . . . . . . . . . . မောင်လူသစ် | ၂၂၅ |
| ၃၉။ | အမှန်ပြောရင် သံယောဇဉ်ဆိုတာရှိတယ် . . . တက္ကသိုလ်မင်းဟိန်းခန့် | ၂၂၈ |
| ၄၀။ | နှုတ်မဆက်သော်လည်း . . . . . . . . . . . . . . တိမ်တမန်(ရွှေပြည်သာ) | ၂၃၄ |
| ၄၁။ | မာယာလူမျိုးတို့၏ ကျိန်စာ . . . . . . . . . . . . . . လှမိုး(ပညာရေး) | ၂၄၂ |
| ၄၂။ | နပိုလီယန်သုံးယောက် . . . . . . . . . . . . . . . . . . . စောနိုင်ထူး | ၂၄၆ |
| ၄၃။ | ခွေးရူးကိုက်ခံရလျှင် . . . . . . . . . . . . . ဆရာအောင်ကျော်ခိုင်(ရွှေစေတီ) | ၂၅၂ |
| ၄၄။ | သုတစုံဖြာ ဤကမ္ဘာ . . . . . . . . . . . . . . . . . . . ဖိုးရွှေလမင်း | ၂၅၃ |
| ၄၅။ | ရောဂါပျောက်ရာ ဆေးနည်းအဖြာဖြာ . . . . . သုနန္ဒာစိုး(ရွှေရင်အေး) | ၂၅၉ |
| ၄၆။ | သန်းထိုးရောဂါ . . . . . . . . . မောင်မောင်သိန်း(သာတင်းထောက်/ဇီးကုန်း) | ၂၆၂ |
| ၄၇။ | လက်ဖက်၏ရာဇဝင်နှင့် အသုံးဝင်ပုံ . . . . ဖိုးသက်ရှည်(တောင်ဥက္ကလာ) | ၂၆၃ |
| ၄၈။ | အန္တရာယ်ကြီးမား ဓာတ်ဘူးများ . . . . . . . . . . . . . . . . ပအုပ်ခိုင် | ၂၆၉ |
| ၄၉။ | ကျန်းမာရေးအတွက် အသီးအရွက်ဓာတ်စာ အောင်ဘုန်းမြင့်(ကချင်မြေ) | ၂၇၁ |
| ၅၀။ | နွေရာသီ ဆီးရောဂါအတွက် အထိရောက်ဆုံး ကုသနည်းများ . . . . . . . . . . ဦးမင်းဇင်(ရွှေနဝင်း) | ၂၇၃ |
| ၅၁။ | ခဲဖိုး . . . . . . . . . . . . . . . . . . . . . . . . . . ဇလွန်ကျော်ဦး | ၂၇၅ |
| ၅၂။ | ဦးလေးချစ် မိန်းမနိုင်ခဲ့ပုံက . . . . . . . . . . . တင်အေးကျော်(အောင်လံ) | ၂၇၉ |
| ၅၃။ | အချစ်ညရဲ့ ရင်ခုန်သံ . . . . . . . . . . . . . . . . . . ထွန်းအောင်ရင် | ၂၈၂ |
| ၅၄။ | အာမခံနဲ့ ဟောတဲ့ ဗေဒင်ဆရာ . . . . . . . . . . . . . . . . သမုဒယ | ၂၈၅ |
| ၅၅။ | ဂန္ဓဝင်သတို့သမီးနှင့် တွေ့ဆုံခြင်း . . . . . . . . . . . . . . . ဟန်သီဇင် | ၂၈၆ |
| ၅၆။ | ဟိုက်. . . မုတ်ပဟ . . . . . . . . . . . . . . . . . မိုးဟိန်းကျော်(လပွတ္တာ) | ၂၈၉ |


BURMESE CLASSIC



www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၅၇။ | မိန်းမအတွေး၏ နောက်ဝယ် ............. ကပွိုင်ယမောင်ပိုင်း | ၂၉၀ |
| ၅၈။ | သူကြီးဖိုးချိန်နှင့် ရွာဆော်ဖိုးစံလုံး ....... ရန်ဘော်ဦး(စေတုတ္တရာ) | ၂၉၂ |
| ၅၉။ | ကာတွန်းကဏ္ဍ ..................... ကလောင်စုံ | ၂၉၆ |
| ၆၀။ | ပြုံးရယ် ရယ်ဟား ဟာသများ ............... ကလောင်စုံ | ၃၀၀ |
| ၆၁။ | ခရုသင်းယတြာဆောင် တကယ်အောင်မြင် ကြီးပွားစေမည် ..... အောင်ဘုန်းမြင့်(ကချင်မြေ) | ၃၀၄ |
| ၆၂။ | ချစ်ကံခေသူ ရွှေမင်းသမီး ................. ဩဘာတော် | ၃၀၇ |
| ၆၃။ | စနေပုံရိပ် နဂါးဟိတ် .............. ဇာတိဂုဏ်မျိုးမြင့်အောင် | ၃၁၁ |
| ၆၄။ | ဝင်ရန်ထွက်ရန် ထိုနှစ်တန် ........ ဆရာအောင်ကျော်ခိုင်(ရွှေစေတီ) | ၃၁၆ |
| ၆၅။ | စမလေးလုံး ကုန်အောင်သုံး . အောင်မင်းကျော်(နေလဝိဇ္ဇာဂိုဏ်းတော်ကြီး) | ၃၁၉ |
| ၆၆။ | ကျန်းမာရေးကောင်းအောင် ဆောင်ရွက်သော ဓာတ်ရိုက်နည်း ............. ဆရာဝေယံဦး | ၃၂၂ |
| ၆၇။ | အားလုံးအဆင်ပြေသွားပြီ မဟုတ်လား .... နတ်မျက်စိဆရာအောင်စိုး | ၃၂၆ |
| ၆၈။ | စွယ်စုံလက္ခဏာအဘိဓာန်ကျမ်း A to Z ...... ဆရာဦးခန့်ကျော် | ၃၂၈ |
| ၆၉။ | ပြည်လုံးချမ်းသာ အဓိဋ္ဌာန်ခရီးမှ ထူးခြားသော ဘုရားတစ်ဆူ ........... ဆရာကြီးဦးအောင်မြိုင် | ၃၃၄ |
| ၇၀။ | ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ခုနစ်ရက်သားသမီးများအတွက် ဟောစာတမ်းနှင့် ယတြာ .......... ဦးညွန့်လှိုင်(ကြို့ပင်ကောက်) | ၃၃၇ |
| ၇၁။ | ၂၀၁၄ ခုနှစ်၊ ရာသီခွင်နှင့် ဇူလိုင်လ ဟောကိန်းများ ............... ဆရာဦးခန့်ကျော် | ၃၄၀ |


BURMESE CLASSIC


**နာယက**
ဆင်ဖြူကျွန်းအောင်သိန်း
မင်းဂုဏ်

**အကြံပေး**
ဦးစိုးပိုင်
ဒေါ်ခင်ငြိမ်း

**စီစဉ်သူ**
ညာဏ်မွှင့် (စက်မှု)

**တာဝန်ခံအယ်ဒီတာ**
မောင်သာယာ

**အယ်ဒီတာအဖွဲ့**
မောင်မောင်မြတ်၊ ခင်သက်နိုင်

**မျက်နှာဖုံးဒီဇိုင်း**
ကျော်မင်းမောင်

**ကွန်ပျူတာ**
လပြည့်ဝန်းအဖွဲ့

**ပန်းချီပညာရှင်များ**
ဆန်းကွန်း၊ ဒေးဗစ်မြင့်၊ လှသစ်အောင်၊ ဗိုလ်အောင်၊
စိုးမြင့်လေး၊ အောင်နိုင်လတ်၊ ရဲရင့်နိုင်၊

**အတွင်းပလင်**
ကိုဦး

**မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်**
မာကျူရီအော့ဖ်ဆက်၊ ဦးစွန့်တော်ယူ (၀၅၅၅၇)၊
အမှတ်(၄၉)၊ ရေကျော်လမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

**ထုတ်ဝေသူ**
ဒေါ်ခင်ငြိမ်း [မှတ်ပုံတင်အမှတ်-၀၄၃၄၅]
အမှတ်-၄၄၊ ၅၅-လမ်း၊ (၂)ရပ်ကွက်၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်း။

**မဂ္ဂဇင်းတိုက်နှင့်ဖြန့်ချိရေး**
တိုက်အမှတ် (၇၂၄)၊ အခန်း ၀၈ (ပထမ)
(၁၇ x ၀၈ လမ်း)ကြား၊ မဟာဗန္ဓုလလမ်း၊
လသာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၂၅၀၆၆၈

**ကြော်ငြာနှင့်ဖြန့်ချိရေး**
နန္ဒာအောင် (၀၉-၃၁၀၆၆၀၇၄)

**အထွေထွေ**
အောင်ဝင်းသန့်၊ အောင်အောင်


**မန္တလေး**
ထွန်းဦးစာပေ

**အုပ်ရေ**
၁၁၀၀

**စျေးနှုန်း**
၂၂၀ ကျပ်


www.burmeseclassic.com

www.burmeseclassic.com




# အံ့ဖွယ်ထူးခြား မာရ်အောင်မြင် ပြည်တော်ပြန်ဘုရား

မင်းဂုလာ်

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

(ယခင်လမှအဆက်)

ယင်းလွန်ဆွဲပွဲအတွက် အရေးပိုင်မင်းက ဖောင်တစ်ခု အလျင်အမြန်ပြုလုပ်စေပြီး ထိုဖောင်ပေါ်သို့ ဘုရားကိုပင့်ဆောင်၍ ဖောင်ပေါ်တွင် အရေးပိုင်မင်းနှင့် ဦးအရိန္ဒမတို့ လိုက်ပါခဲ့ကြသည်။ ဇလွန်ဘက်မှ လှေ ၁၂ စင်းနှင့် ဟင်္သာတဘက်မှ လှေ ၃၈ စင်းတို့ အားပြိုင်ကြရမည်ဖြစ်ရာ အင်အားချင်းမှာ မမျှမတဖြစ်၍နေသည်။ ထိုအခါ ဆရာတော်ဦးအရိန္ဒမက . . .

"ဟင်္သာတဘက်မှ လှေအစင်းများပြီး ဇလွန်ဘက်မှ လှေအစင်းနည်းသော်ငြားလည်း ဇလွန်မြို့မှ ဘုရားအစစ်အမှန်ဖြစ်၍ မြတ်စွာဘုရား ပျော်မွေ့ရာ ဘူမိနက်သန် ဇလွန်မြေသို့သာကြွတော်မူပါရန်နှင့် သမ္မာဒေဝ နတ်ကောင်းနတ်မြတ်များကလည်း မြတ်စွာဘုရား နှစ်လိုဖွယ်ရှိသော အရပ်တွင်သာ ကိန်းဝပ်တော်မူနိုင်ရေးအတွက် စောင့်ရှောက်တော်မူပါရန်" ဟု သစ္စာအဓိဋ္ဌာန်ပြုတော်မူလေသည်။ ဇလွန်မြို့သူ မြို့သားများကလည်း အလားတူပင် သစ္စာအဓိဋ္ဌာန် ပြုခဲ့ကြသည်။

ဤသို့ဖြင့် လွန်ဆွဲပွဲ စတင်ခဲ့ရာ ဖောင်တော်မှာ လူအင်အားနည်းသော ဇလွန်ဘက်သို့သာ ပါသွားတော့သည်။ ဇလွန်ဘက်သည် ရေစုန်ဘက်ဖြစ်၍ ဟင်္သာတသားများက မကျေနပ်သဖြင့် ဇလွန်သားများကို ရေဆန်ဘက်မှထားကာ ဆွဲစေရာတွင်လည်း ဖောင်တော်မှာ ဇလွန်ဘက်သို့သာ ပါမြဲ ပါပြန်သဖြင့် ဟင်္သာတသားများ အလျှော့ပေးလိုက်ကြရတော့သည်။

အံ့သြဖွယ်ရာ အောင်ပွဲခံခဲ့ကြသော ဇလွန်သားတို့သည် ၁၂၁၉ ခုနှစ်တွင် မာရ်အောင်မြင်ရုပ်ပွားတော်ကို ဇလွန်မြို့သို့ ပြန်လည်ပင့်ဆောင်ကာ ကမ်းနားရပ် ဦးသိုင်း၏ တစ်ဝဂူကြီးအတွင်းရှိ ပလ္လင်ထက်တွင် ယာယီပင့်ဆောင်လျက် ဝန္ဒနာပွဲကြီး ကျင်းပကာ ကိုးကွယ်ခဲ့ကြသည်။

ထိုအခါမှစကာ ရပ်ဝေးမြေခြားတိုင်းတစ်ပါးသို့ ပါတော်မူခဲ့ပြီးမှ မိမိကိန်းဝပ်တော်မူရာ နေရင်းဒေသသို့ ပြန်လည်ကြွရောက်တော်မူလာသည်ကို အကြောင်းပြု၍ မာရ်အောင်မြင်ဘွဲ့မည်တော်မှ "ပြည်တော်ပြန်" ဘွဲ့မည်တော်ဖြင့် ယနေ့တိုင်ထင်ရှားလျက်ရှိပေသည်။

ပြည်တော်ပြန် ဘုရားသည် ဦးသိုင်း၏ တစ်ဝဂူ၌ သုံးနှစ်တိတိ စံပယ်တော်မူပြီးနောက် ၁၂၂၃ ခုနှစ်တွင် မှန်စီရွှေချ ရတနာ ကျောင်းတော်ကြီးသို့ ပြောင်းရွှေ့သီတင်းသုံးတော်မူခဲ့ရသည်။ ၁၂၃၈ ခုနှစ်တွင် ဆရာတော်ဦးအရိန္ဒမကြီးကြပ်စီမံသော ဂန္ဓကုဋိကိုးဘုံတန်ဆောင်းတော်ကြီးအတွင်းသို့ ပြောင်းရွှေ့ကိန်းဝပ် စံပယ်တော်မူခဲ့ရပြန်သည်။ ထိုတန်ဆောင်းကြီးတွင် ၄၂ နှစ်တိုင်တိုင် သီတင်းသုံးတော်မူခဲ့ပြီး ၁၂၈၀ ပြည့်နှစ်တွင် ဇလွန်မြို့ ညောင်ပင်ဈေးရပ်ကွက် ဘိုးပုဏ္ဏားကုန်းသို့ ပြောင်းရွှေ့တော်မူခဲ့သည်မှာ ယနေ့တိုင်ပင် ဖြစ်သည်။

ဤကဲ့သို့ နေရာ အကြိမ်ကြိမ်ပြောင်းရွှေ့ရခြင်းမှာ ဇလွန်မြို့သည် ရေဝတီမြစ်ရေ တိုက်စားသဖြင့် ကမ်းပြိုလေ့ရှိသောကြောင့်ဖြစ်သည်ဟုဆိုသည်။ ဘိုးပုဏ္ဏားကုန်းသို့ ရောက်ရောက်ချင်း ပထမ ဦးသံတိုင် + ဒေါ်ရွှေမိတို့ လှူဒါန်းသော တန်ဆောင်းတွင် ၁၀ နှစ်၊ ဒုတိယ ဒေါ်သန့်၏ ကပြားတန်ဆောင်းတွင် ၄ နှစ် သီတင်းသုံးတော်မူခဲ့သည်။



ကိုးဘုံတန်ဆောင်း

www.burmeseclassic.com

www.burmeseclassic.com





မာရ်အောင်မြင် ရုပ်ပွားတော် မူလပုံတော်နှင့် မကိုဋ်စလွယ် ဆင်မြန်းပြီး ပုံတော်

ထိုသို့ သီတင်းသုံးတော်မူနေစဉ် ဇလွန်မြို့ ကညင်ကွင်းရွာနေ ဦးရွှေကုန်း + ဒေါ်မင်းသွယ် မိသားစုတို့က စေတီပေါက် အုတ်ဂန္ဓကုဋိတိုက်တော်ကြီးကို ခမ်းနားထည်ဝါစွာ တည်ဆောက်လှူဒါန်းခဲ့ကြပြီး ဇလွန်မြို့နယ် ကော့ကပ်ရွာနေ ဦးမြတ်လှ + ဒေါ်နှင်းစု မိသားစုတို့က အုတ်အင်္ဂတေဖြင့် ပြုလုပ်သော ရတနာပလ္လင်တော် ဆောက်လုပ်လှူဒါန်းခဲ့ကြသဖြင့် ၁၂၉၄ ခုနှစ် တပို့တွဲလပြည့်နေ့ ညနေ ၃ နာရီတွင် ထိုဂန္ဓကုဋိ တိုက်တော်ကြီးရှိ ရတနာပလ္လင်တော်ထက်သို့ မာရ်အောင်မြင် ပြည်တော်ပြန်ရုပ်ပွားတော် ပြောင်းရွှေ့ကိန်းဝပ် စံပယ်တော်မူခဲ့သည်မှာ ယနေ့တိုင် ဖြစ်ပေသည်။

ရခိုင်ပြည့်ရှင် စန္ဒသူရိယမင်း လက်ထက် မဟာသက္ကရာဇ် ၁၂၃ ခုနှစ်တွင် မာရ်အောင်မြင် ရုပ်ပွားတော်ကို သွန်းလုပ်ခဲ့စဉ်က မကိုဋ်တော်၊ စလွယ်တော်များ မပါဘဲ သင်္ကန်းဝတ်ရုံတော်မူထားပုံ ဖြစ်သည်။

၁၃၁၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁ ရက်နေ့တွင် ဓနုဖြူမြို့ သိန်းတစ်ရာ ဆေးတိုက်ပိုင်ရှင် ဦးမောင်ကြီး +ဒေါ်အေးချိုတို့က ထိုခေတ်တန်ဖိုးငွေကျပ်ငါးထောင်ကျော်တန်သော မကိုဋ်တော်နှင့် စလွယ်တော်တို့ကို ဆက်ကပ်လှူဒါန်းခဲ့သည်။

အောက်ခံ ဘော်သားပေါ်တွင် ရွှေချထားပြီး ကျောက်မျက်ရတနာများ စီခြယ်ထားသည့် မကိုဋ်တော်မှာ အလေးချိန် ၁၁၆ ကျပ် ၈ ပဲ ၄ ရွေး ရှိသည်။ စလွယ်တော်မှာမူ ၉၆ ကျပ် ၇ ပဲ အလေးချိန် ရှိသည်ဟုဆိုသည်။ ယင်းမကိုဋ်တော်နှင့် စလွယ်တော်တို့ကို အမြဲမပြတ် ဆင်မြန်းဆက်ကပ်ထားခြင်း မရှိဘဲ ဘုရားကြီး၏ တပေါင်းလ ဗုဒ္ဓပူဇနိယပွဲတော်နှင့် အခြားဗုဒ္ဓနှင့်ပတ်သက်သော နေ့ထူးနေ့မြတ်များတွင်သာ ဂေါပကအဖွဲ့ အစဉ်အဆက်တို့က ဆင်မြန်းဆက်ကပ်ခဲ့ကြသည်။

ထိုမကိုဋ်တော်၊ စလွယ်တော်တို့မှာ နှစ်ပေါင်း ၄၁ နှစ်ကြာကာလ ၁၃၅၈ ခုနှစ်သို့ ရောက်သည်တွင် ဟောင်းနွမ်းယိုယွင်းလာပြီး အချို့နေရာများတွင် ကျိုးပဲ့ခြင်းများ ဖြစ်ပေါ်ခဲ့သည်။ ရုပ်ပွားဆင်းတုတော်မှာလည်းဘုရားဖူးကုသိုလ်ရှင်များက ရွှေသင်္ကန်းများ အဆက်မပြတ် ဆက်ကပ်လှူဒါန်းနေကြသဖြင့် ရင်အုပ်တော်မို့မောက်လာရာ မကိုဋ်တော်နှင့် စလွယ်တော် ဆင်မြန်းရန် အခက်တွေ့လာခဲ့သည်။

ထိုအခက်အခဲကို ပြေလည်စေရန် ဂေါပကအဖွဲ့သည် ဩဝါဒါစရိယ ဆရာတော်ကြီးများ၏ ဩဝါဒကိုခံယူလျက် သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်း အဆင့်ဆင့်တို့၏ သဘောတူညီမှုဖြင့် မြို့နယ်၊ ခရိုင်၊ တိုင်း အဆင့်ဆင့်တို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၏ ပံ့ပိုးကူညီမှု၊ နိုင်ငံတော်အကြီးအကဲများနှင့်တကွ ရဟန်းရှင်လူ ပြည်သူအများ စုပေါင်းပါဝင် လှူဒါန်းမှုတို့ဖြင့် ယခုလက်ရှိ ရွှေသားအစစ် မကိုဋ်တော်နှင့် စလွယ်တော်အသစ်တို့ကို ပြုလုပ်သော ဆက်ကပ်လှူဒါန်းခဲ့သည်။ မကိုဋ်တော်

www.burmeseclassic.com

www.burmeseclassic.com



ရှပ်ပွားတော်အား မျက်နှာတော်သစ်၊ ရောင်တော်ဖွင့် ပူဇော်ရာတွင် အသုံးပြုသော ရွှေဖလား၊ ရွှေသပိတ်၊ ရွှေလင်ပန်း၊ ရွှေကလပ်၊ ရွှေတံပူ၊ ရွှေယပ်

BURMESE CLASSIC

နှင့် စလွယ်တော် အဟောင်းတို့ကိုမူ ဘုရားသမိုင်းပြတိုက်တွင် သိမ်းဆည်း ပြသထားသည်။

ရွှေစင်မကိုဋ်တော်တွင် မကိုဋ် (ထိပ်ဖူး)၊ ဘုံကိုးဆင့်၊ အုပ်ကပ်၊ နားကင်း နှင့် နားပန် စသော အစိတ်အပိုင်းများ ပါဝင်ပြီး ရွှေစင်စလွယ်တော်တွင် ရှေ့ဘယက်၊ ရှေ့စလွယ်၊ နောက်ဘယက်၊ နောက်စလွယ်၊ ပခုံးတော်၊ စုလျား၊ တဘက်စနှင့် ခါးပုံစတို့ ပါဝင်ကြသည်။

ရွှေစင်ရွှေသား မကိုဋ်တော်ကြီးမှာ ရွှေသားနှင့် ကျောက်မျက်ရတနာ စုစုပေါင်း အလေးချိန် ၂၂၄ ကျပ် ၁၁ ပဲ (နှစ်ရာနှစ်ဆယ့်လေးကျပ် တစ်ဆယ့်တစ်ပဲ)ရှိပြီး ရွှေစင်ရွှေသား စလွယ်တော်ကြီးမှာ ရွှေသားနှင့်ကျောက်မျက်ရတနာ အလေးချိန်စုစုပေါင်း ၃၄၇ ကျပ် ၁၁ ပဲ ၄ ရွေး (သုံးရာလေးဆယ့်ခုနစ်ကျပ် တစ်ဆယ့်တစ်ပဲ လေးရွေး)ရှိသည်ဟု သိရသည်။

ထိုစဉ်က (၂၂. ၈. ၁၉၉၆ ရက်နေ့) ကာလတန်ဖိုးငွေ စုစုပေါင်း ၂၁, ၉၀၁,၃၃၉ ကျပ် (ကျပ် နှစ်ရာတစ် ဆယ့်ကိုးသိန်း တစ်ထောင့်သုံးရာ သုံးဆယ့်ကိုးကျပ်) ဖြစ်ကြောင်းလည်း လေ့လာဖတ်ရှု မှတ်သားမိခဲ့ဖူးသည်။

ရွှေစင်ရွှေသား မကိုဋ်တော်နှင့် စလွယ်တော်ကြီးတို့ကို ကောဇာသက္ကရာဇ် ၁၃၅၈ ခုနှစ် ဝါခေါင်လဆန်း ၉ ရက် (၂၃. ၈. ၁၉၉၆) သောကြာနေ့ နံနက် ၈ နာရီ ၁၀ မိနစ်တွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အဖွဲ့ဝင်၊ ဧရာဝတီတိုင်းဒေသကြီး ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဉက္ကဋ္ဌ၊ အနောက်တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူးဗိုလ်ချုပ်ညွန့်တင် ဦးဆောင်၍ ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဂေါပကအဖွဲ့တို့က ဩဝါဒါစရိယဆရာတော်ကြီး ကိုးပါးနှင့် ရဟန်းရှင်လူ ပြည်သူအများတို့ရှေ့တွင် ဆက်ကပ်လှူဒါန်းခဲ့ကြပြီး ရေစက်သွန်းချ အမျှဝေခြင်း အခမ်းအနားကိုလည်း ထိုနေ့တွင်ပင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြသည်။

ရှပ်ပွားတော်အား မျက်နှာတော်သစ်ခြင်း၊ ရောင်တော်ဖွင့်ခြင်း စသည်တို့ကို ၁၃၅၈ ခုနှစ် ဝါဆိုလပြည့် (ဓမ္မစကြာနေ့) နံနက် ၄ နာရီမှစတင်၍ နေ့စဉ်ဆောင်ရွက်ခဲ့ကြရာ ရောင်တော်ဖွင့်ကုသိုလ်ကောင်းမှုကို ဇလွန်မြို့ပေါ်ရှိ ဂန္ဓာရုံကျောင်းဆရာတော် ဦးကောသလ္လ၊ အင်္ဂဗိုလ်ကျောင်းဆရာတော် ဦးဝါယမိန္ဒ၊ သီတာရုံကျောင်းဆရာတော် ဦးအာစိဏ္ဏ၊ မင်းကွန်းကျောင်းဆရာတော် ဦးဇာနေယျ တို့က တာဝန်ရှိ ဂေါပကအဖွဲ့ဝင်များ၊ ပရိတ်တော်အဖွဲ့များနှင့်အတူ အလှည့်ကျ ဆောင်ရွက်ခဲ့ကြသည်။

မာရ်အောင်မြင် ပြည်တော်ပြန်ရှပ်ပွားတော်တွင် သင်းကျစ်တော်ဂါထာ၊ လက်ယာလက်ရုံးတော်ဂါထာ၊ လက်ဝဲလက်ရုံးတော်ဂါထာနှင့် စမ္ဗခဏ်ဂါထာတော်များ ပါရှိသည်ကို တွေ့ရပြီး ထိုဂါထာတော်များမှာ အမရပူရသို့ ရှပ်ပွားတော် ကြွမြန်း ရောက်ရှိတော်မူပြီးမှ ဆရာတော် ခင်ကြီးဖျော်၏ ဆရာဖြစ်သော ခင်ကြီးပြောင် ဆရာတော်ကြီးက စီရင်ရေးသားတော်မူခဲ့ခြင်း ဖြစ်သည်ဟု ဆိုသည်။

မာရ်အောင်မြင် ရှပ်ပွားတော်သည် ဆုတောင်းပြည့်သည်နှင့်အညီ အန္တရာယ် အသွယ်သွယ်တို့မှ လွတ်

www.burmeseclassic.com

www.burmeseclassic.com




မှန်ကျောင်းဆောင်အတွင်း ပူဇော်ထားသည့် ကြေးဆင်းတု ရုပ်ပွားတော်သုံးဆူ



BURMESE CLASSIC

ပြောက်နိုင်စေရန် ဗုဒ္ဓတရားတော် အဆီအနှစ်များကို စုစည်း၍ အပြည့်အစုံ ထည့်သွင်းရေးသား စီရင်တော်မူခဲ့ခြင်း ဖြစ်သည်ဟုလည်း သိရသည်။

ရုပ်ပွားတော်ကြီး၏ ထိုင်တော်မူရာ ထိုင်ခုံ (စမ္ဗုခဏ်)၏ အရှေ့ဘက် မျက်နှာစာတွင် စမ္ဗုခဏ်ဂါထာကို ရေးထိုးထားသည်။ ဆရာတော်ကြီးက ပါဠိဘာသာဖြင့် ရေးသားထားသည့် ဂါထာတော်များကို ဇလွန်မြို့သား ဆရာဦးမောင်ရှင်းက မြန်မာဘာသာသို့ ပြန်ဆိုခဲ့သည်။ စမ္ဗုခဏ်ဂါထာတော်ကို ရွတ်ပွားခြင်းကြောင့် ဘေးအန္တရာယ်များမှ လွတ်မြောက်ခဲ့ကြသူများရှိကြောင်းလည်း စာရေးသူ ဖတ်ရှုမှတ်သားခဲ့ဖူးသည်။ သို့ဖြစ်၍ ထိုဂါထာတော်များ၏ ပါဠိ-မြန်မာ နှစ်ဘာသာတို့ကို မူရင်းအတိုင်း ဖော်ပြပေးလိုက်ပါသည်။

**စမ္ဗုခဏ်ဂါထာတော် (ပါဠိ)**

ကုတိပိ ပိဋကတ္တယံ
အနိစ္စံ ဒုက္ခံ အနတ္တံ
သတ္တ ဗောဇ္ဈင်္ဂါ
အဋ္ဌင်္ဂိကော မဂ္ဂေါ

www.burmeseclassic.com

www.burmeseclassic.com



မှန်ကျောင်းဆောင်အတွင်း ပူဇော်ထားသည့် ကြေးဆင်းတု ရုပ်ပွားတော်သုံးဆူ



မှန်ကျောင်းဆောင်ငယ် တစ်ဆောင်စီဖြင့် ပူဇော်ထားသော
နှစ်ကျိပ်ရှစ်ဆူစေတီတော်ငယ်နှင့် ယိုးဒယားမြဲဘုရား ပုံစံ သုံးဆူ

စတုပဋ္ဌာနံ သဗ္ဗသတ္တဂ္ဂနွော
သဟာသသုရိယော
ဩြာင်း နမော မေတ္တာနံ
ရာဇဘယံ စောရဘယံ
ဥဒကဘယံ အဂ္ဂိဘယံ
သတ္တဘယံ သဗ္ဗဘယံ
ဇေယျော ဇယတု မင်္ဂလံ

အနိစ္စံ သခ်ံတ် ပဋိစ္စသမုပ္ပန္နံ
ခယဓမ္မံ ဝယဓမ္မံ
ဝိရာဂဓမ္မံ နိရောဓဓမ္မံ ခမတိ။

**စမ္ဗုဒ္ဓေကျော်ဂါထာတော် (မြန်မာပြန်)**

**ပိဋကတ္တယံ** - ပိဋကတ်သုံးပုံသည်၊ **ဣတိပိ ဣမိနာစ ကာရဏေန**- ဤသို့ဖြစ်ခြင်းပျက်ခြင်း သဘောရှိသော အကြောင်းကြောင့်လည်း၊ **အနိစ္စံ** - အနိစ္စမည်၏၊ **ဣတိပိ ဣမိနာစ ကာရဏေန** - ဤသို့ ဖြစ်ခြင်းပျက်ခြင်းတို့သည် မပြတ်နှိပ်စက်ခြင်းသဘော ရှိသောအကြောင်းကြောင့်လည်း၊ **ဒုက္ခံ** - ဒုက္ခမည်၏၊ **ဣတိပိ ဣမိနာစ ကာရဏေန**-ဤသို့မိမိအလိုသို့ မလိုက်ခြင်း သဘောရှိသော အကြောင်းကြောင့်လည်း၊ **အနတ္တံ** - အနတ္တ မည်၏။

**သတ္တဗောဇ္ဈင်္ဂေါ** - ခုနစ်ပါးသော ဗောဇ္ဈင်သည်လည်းကောင်း၊ **အဋ္ဌင်္ဂိကော**- အင်္ဂါရှစ်ပါးရှိသော၊ **မဂ္ဂေါ** - မဂ်သည်လည်းကောင်း၊ **စတုပဋ္ဌာနံ** - အာရမ္မဏ၊ ဥပနိဿယ၊ ကမ္မ၊ အတ္ထိ၊ ပစ္စည်းဟူသော လေးပါးသောပဋ္ဌာန်းသည်လည်းကောင်း၊ **သဗ္ဗသ** - အလုံးစုံသော တရားအပေါင်းကို၊ **ဣန္ဒြော** - ဣဿရော အစိုးရတော်မူသော[illegible]ဘုရားသည်လည်းကောင်း၊ **သဟာသ သုရိယော** - ရောင်ခြည်တစ်ထောင်

www.burmeseclassic.com



မာရ်အောင်မြင်
ပြည်တော်ပြန်ဘုရားကြီးအား
ညဘက်ဖူးမြော်ရပုံ

အလင်းဆောင်သောနေမင်းသည်လည်းကောင်း၊ **ကြွတိပိ ကြွမိနာစ ကာရဏေန** -ဤသို့ ဖြစ်ခြင်းပျက်ခြင်းစသည့် သဘောရှိသော အကြောင်းကြောင့်လည်း၊ **အနိစ္စံ** -အနိစ္စမည်၏၊ **ဒုက္ခံ** - ဒုက္ခမည်၏၊ **အနတ္တံ** - အနတ္တမည်၏၊ **ဩဘာင်း ဥတ္တမာနံ** - အထူးသဖြင့် မြတ်တော်မူကုန်သော၊ **မေတ္တာနံ** - မဟာမေတ္တာ အရှင်ဖြစ်တော်မူကုန်သောဘုရားရှင်တို့အား၊ **အဟံ**-တပည့်တော်သည်၊ **နမော** - ရှိခိုးပါ၏၊ **တေသံ** - ထိုမေတ္တာအရှင် ဖြစ်ကုန်သော ဘုရားရှင်တို့၏၊ **အာနုဘာဝေန**- မေတ္တာတော် အာနုဘော်တော်အားဖြင့်၊ **ရာဇဘယံ** - မင်းဘေးကိုလည်းကောင်း၊ **စောရဘယံ** - ခိုးသူဘေးကို လည်းကောင်း၊ **ဥဒကဘယံ** -ရေဘေးကို လည်းကောင်း၊ **အဂ္ဂိဘယံ** - မီးဘေးကို လည်းကောင်း၊ **သတ္တဘယံ** - ဓားလက်နက်ဘေးကို လည်းကောင်း၊ **သဗ္ဗဘယံ** - အလုံးစုံသောဘေးကိုလည်းကောင်း၊ **ဇေယျော**-



ဘုရားပရိဝုဏ်အတွင်းရှိ ကိုးတောင်ပြည့် ပြည်လုံးအေးစေတီ၊ မဟာဗောဓိညောင်ပင်ကြီးနှင့် ရှစ်ပွားတော်များ

www.burmeseclassic.com

www.burmeseclassic.com




မှန်ကျောင်းဆောင်အတွင်း ပူဇော်ထားသည့် ယိုးဒယား နွေ၊ မိုး၊ ဆောင်း ပုံစံ မြဲဘုရားရုပ်ပွားတော်သုံးဆူ (အနီးကပ်ဖူးတွေ့ရပုံ)

ကို၊ **ပဏ္ဍိတော** - ပညာရှိအပေါင်းသည်၊ **ခမတီ** - နှစ်သက်မြတ်နိုးတော်မူပါ၏ အရှင်ဘုရား။

[**စကားချပ်** - ဟသ်ာတမြို့မှ ကြေးကန်ဆရာတော်အား ဇလွန်မြို့မှ ဆရာတော် ဦးအရိန္ဒမက ဇလွန်မာရ် အောင်မြင်ဘုရား၏ သက်သေခံအဖြစ် ရွတ်ပြသော စမ္ဗုခဏ်ဂါထာတော်မှာ အထက်ပါဂါထာတော်ပင် ဖြစ်ပါသည်]

**လက်ဝဲလက်ရုံးတော်ဂါထာ (ပါဠိ)**

တံ မေ သ ဒီ ကော မံ သု ရေ
သော အ ပ နာ ပ သု သု ပိ
အ ခံ သိ တိ ဖု ဝိ သိ ဝေ
က ကော က ဂေါ နမာမဟံ။

အောင်မြင်နိုင်သည်၊ **ဟောတု** - ဖြစ်ပါစေ သတည်း။

**ယသ္မာ** - အကြင်ကြောင့်၊ **ပဋိစ္စသမုပ္ပန္နံ** - အကြောင်းတရားကို စွဲ၍ ဖြစ်သော အကျိုးတရားသည်၊ **သခ်တံ** - ကံ၊ စိတ်၊ ဥတု၊ အာဟာရတည်းဟူသော အကြောင်းတရားလေးပါးတို့ ပေါင်းကာ ပြုပြင်အပ်သည်ဖြစ်၍၊ **အနိစ္စံ** - အမြဲမရှိ၊ **ခယဓမ္မံ** - ကုန်ခြင်းသဘော ရှိ၏၊ **ဝယဓမ္မံ** - ပျက်ခြင်းသဘောရှိ၏၊ **တသ္မာ** - ထို့ကြောင့်၊ **ဝိရာဂဓမ္မံ** - ရာဂ ကင်းခြင်းသဘောရှိသော၊ **နိရောဓဓမ္မံ** - ချုပ်ငြိမ်းခြင်းသဘော ရှိသော နိဗ္ဗာန်



သံတန်ဆောင်း

**လက်ဝဲလက်ရုံးတော်ဂါထာ**
**(မြန်မာပြန်)**

**တံ** - တဏှင်္ကရာ မြတ်စွာဘုရားကိုလည်းကောင်း၊ **မေ**-မေဓင်္ကရာမြတ်စွာ ဘုရားကို လည်းကောင်း၊ **သ** - သရဏင်္ကရာမြတ်စွာဘုရားကို လည်းကောင်း၊ **ဒီ**-ဒီပင်္ကရာ မြတ်စွာဘုရားကို လည်းကောင်း၊ **ကော** - ကောဏ္ဍညမြတ်စွာ ဘုရားကို လည်းကောင်း၊ **မံ** - မင်္ဂလ မြတ်စွာဘုရားကို လည်းကောင်း၊ **သု** - သုမန မြတ်စွာဘုရားကိုလည်းကောင်း၊ **ရေ** - ရေဝတ မြတ်စွာဘုရားကိုလည်း



တခမ်းတနား စိုက်ထူထားသည့် ဘုရားသမိုင်း (အကျဉ်းချုပ်)ကမ္ပည်းကျောက်စာ

www.burmeseclassic.com







ဘုရားသမိုင်း သရုပ်ဖော်ပန်းချီကားချပ်များ

ကောင်း၊ **သော** - သောဘိတ မြတ်စွာဘုရားကိုလည်းကောင်း၊ **အ** - အနောမဒဿီ မြတ်စွာဘုရားကိုလည်းကောင်း၊ **ပ**-ပဒုမမြတ်စွာဘုရားကိုလည်းကောင်း၊ **နာ** - နာရဒ မြတ်စွာဘုရားကို လည်းကောင်း၊ **ပ** - ပဒုမုတ္တရမြတ်စွာဘုရားကို လည်းကောင်း၊ **သု** - သုမေဓာမြတ်စွာဘုရားကိုလည်းကောင်း၊ **သု**-သုဇာတ မြတ်စွာဘုရားကို လည်းကောင်း၊ **ပိ** - ပိယာဒဿီ မြတ်စွာ ဘုရားကိုလည်းကောင်း၊**အ**-အတ္ထဒဿီ မြတ်စွာဘုရားကိုလည်းကောင်း၊ **ဓံ**- ဓမ္မဒဿီမြတ်စွာဘုရားကို လည်းကောင်း၊ **သိ** - သိဒ္ဓတ္ထ မြတ်စွာဘုရားကို လည်းကောင်း၊ **တိ** - တိဿ မြတ်စွာဘုရားကိုလည်းကောင်း၊ **ဖု** - ဖုဿ မြတ်စွာဘုရားကိုလည်းကောင်း၊ **ဝိ** - ဝိပဿီ မြတ်စွာဘုရားကို လည်းကောင်း၊ **သိ**-သိခီမြတ်စွာဘုရားကိုလည်းကောင်း၊ **ဝေ** - ဝေဿဘူ မြတ်စွာဘုရားကို လည်းကောင်း၊**က**-ကကုသန်မြတ်စွာဘုရားကိုလည်းကောင်း၊ **ကော** - ကောဏာဂုံ မြတ်စွာဘုရားကို လည်းကောင်း၊ **က** - ကဿပမြတ်စွာဘုရားကိုလည်းကောင်း၊ **ဂေါ**- ဂေါတမ မြတ်စွာဘုရားကိုလည်းကောင်း၊ **အဟံ** -အကျွန်ုပ်သည်၊ **နမာမိ** - ရှိသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏ အရှင်ဘုရား။

**လက်ယာလက်ရုံးတော်ဂါထာ**
**(ပါဠိ)**

သံသာရ စက္ကဝိဒ္ဓံသံ
သံသုဒ္ဓ မဿဩရသံ
သံဆိန္နက် ဘဝေ အာသံ
သံယံ အပိ သုမာနသံ။

**လက်ယာလက်ရုံးတော်ဂါထာ**
**(မြန်မာပြန်)**

**သံသာရ စက္က ဝိဒ္ဓံသံ**-သံသရာ တည်းဟူသော စက်အကန့်တို့ကို ချိုးဖွဲ့ဖျက်ဆီးတော်မူတတ်ထသော၊ **သံသုဒ္ဓ** - ညစ်ကျုယုတ်မာ ကိလေသာတို့မှ ကောင်းစွာစင်ကြယ်ပြီးသောစိတ်ရှိတော်မူထသော၊ **ဘဝ** - ဘဝသုံးပါး၌ **အာသံ**

www.burmeseclassic.com

- ချစ်ခင်တွယ်တာ အာသာတဏှာကို၊ **သံဆိန္နက်** - ကောင်းစွာ ပယ်သတ် တကယ်မြတ်တော်မူပြီးထသော၊ **သုမာနသံ** - အုံ့ချီးခြင်းငှာ မစွမ်းနိုင်ရာ လွန်စွာကောင်းမြတ်သော စိတ်နှလုံးတော်ရှိထသော၊ **ဗုဒ္ဓံပိ** - မြတ်စွာဘုရားကိုလည်းကောင်း၊ **အဿ** - ထိုမြတ်စွာဘုရား၏၊ **ဓမ္မံပိ** - မဂ်လေးတန်၊ ဖိုလ်လေးတန်၊ နိဗ္ဗာန် ပရိယတ် ဟူသော ဆယ်ပါးသော တရားမြတ်ကိုလည်းကောင်း၊ **ဩရသံ** - မြတ်စွာဘုရား၏ ရင်နှစ်သည်းချာ သားရတနာဖြစ်တော်မူသော၊ **သံဃံပိ** - ရှစ်ယောက်သော အရိယာ သံဃာတော်မြတ်အပေါင်းကိုလည်းကောင်း၊ **အဟံ** - ကျွန်ုပ်သည်၊ **ဝန္ဒာမိ** - အဥ္စလီညွတ်ကာ ရှိခိုးပါ၏ ဘုရား။

### သင်းကျစ်တော်ဂါထာ
### (ပါဠိ)

ဩောင်း ကာသပဏ္ဍာယ
ဥပသိမာ မမ မောဠိ
ဧဟိ ဧဟိ ဗုဒ္ဓံဝါ ဓမ္မံဝါ
သံဃံဝါ သင္ဂေသုဝါ ဟုရံဝါ။

### သင်းကျစ်တော်ဂါထာ
### (မြန်မာပြန်)

**သင္ဂေသုဝါ** - နတ်ပြည်၊ ဗြဟ္မပြည်တို့၌လည်းကောင်း၊ **ဟုရံဝါ** - လူ့ပြည်၊ နဂါးပြည်၊ ဂဠုန်ပြည် စသည်တို့၌လည်းကောင်း၊ **ယံ ကိဉ္စိ** - ကြွင်းမဲ့ ဥသုံကုန်စင်စေထသော၊ **ယံရတနံ** - အကြင် ရတနာသည်၊ **ပဏီတံ** - မွန်မြတ်၏၊ **တံ ရတနံ** - ထိုရတနာသည်၊ **ယေန** - အကြင် ဘုရားရတနာ၊ တရား ရတနာ၊ သံဃာရတနာနှင့်၊ **သမံ** - တူသည့်၊ **နတ္ထိ** - မရှိ၊ **တံ ဗုဒ္ဓံ ဝါ** - ထို ဘုရား ရတနာသည်လည်းကောင်း၊ **တံ ဓမ္မံ ဝါ** - ထို တရားရတနာသည် လည်းကောင်း၊ **တံ သံဃံဝါ**- ထိုသံဃာ ရတနာသည်လည်းကောင်း၊ **မမ**-ကျွန်ုပ်၏၊ **မောဠိ**- မြင့်မြတ်သော ဥဏ္ဍောင်းထက်သို့၊ **ကာသပဏ္ဍာယ** - ပွင့်လင်းသော အရောင်အဝါ







ဘုရားသမိုင်း သရုပ်ဖော်ပန်းချီကားချပ်များ

www.burmeseclassic.com

www.burmeseclassic.com



ဘုရားသမိုင်း သရုပ်ဖော်ပန်းချီကားချပ်များ

ဖြင့်၊ **ဥပသီမာ ဥပသီမာလ** - နှိပ်စက်တတ်သော ဘေးရန်အပေါင်းတို့ကို ငြိမ်းအေးစေခြင်းငှာ၊ **ပြောင်း** - မြင့်မြတ်သော မင်္ဂလာဖြင့်၊ **ဗေဟိ ဗေဟိ** - မဆိုင်းမတွ လျင်မြန်စွာ ကြွတော်မူပါ အရှင်ဘုရား။

မာရ်အောင်မြင်ပြည်တော်ပြန် ရုပ်ပွားဆင်းတုတော်မြတ်၏ အံ့ဩကြည်ညိုဖွယ်ရာ တန်ခိုးတော်များကို ကိုယ်တွေ့ဖူးမြင်ခွင့်ရသူ အများအပြားပင် ရှိခဲ့သည်။ ထို့ပြင် သမိုင်းအထောက်အထားများအရ သိရှိသည်များလည်း ရှိသည်။

ထိုသို့ ဖူးမြင် သိရှိရသည်များအနက် အချို့ကို ရေးသားဖော်ပြရလျှင်-

(၁) နယ်ချဲ့မိစ္ဆာ လက်ပါးစေများက ရုပ်ပွားတော်ကို အိန္ဒိယနိုင်ငံ ဘုံဘေမြို့သို့ သယ်ဆောင်သွားပြီး ထုရိုက်ခြင်း၊ အရည်ကျိုခြင်းများပြုလုပ်ခဲ့သော်လည်း တစ်စုံတစ်ရာ ပျက်စီးယိုယွင်းမှုမရှိသည့်အပြင် ရောင်ခြည်တော်များထုတ်လွှင့်ခဲ့သည်မှာ ရုပ်ပွားတော်မြတ်၏ ကြည်ညိုဖွယ်ရာ တန်ခိုးတော်ပင်ဖြစ်သည်။

(၂) ၁၂၈၀ ပြည့်နှစ်အတွင်း ကမ်းနား ယာယီစံကျောင်းတော်၌ သီတင်းသုံးနေစဉ် ရေကြီးခြင်းဘေးနှင့် ကြုံရသော်လည်း မာရ်အောင်မြင်ရုပ်ပွားတော်မြတ်မှာ အခြားသော ရုပ်ပွားဆင်းတုတော်များနည်းတူ ရေမမြုပ်ဘဲ ရေကတော့ထိုးနေခြင်း၊ ကမ်းနားရပ်ကွက် မီးလောင်ရာတွင်လည်း မာရ်အောင်မြင်ရုပ်ပွားတော်မှာ မီးကွင်းကျန်ရစ်ခဲ့ခြင်း။

(၃) ၁၃၃၆ ခုနှစ် တပို့တွဲလဆန်း ၂ ရက် ညနေ ၅ နာရီခန့်မှစ၍ ၁၇ ရက်တိတိ ရောင်ခြည်တော်ကွန့်မြူးခဲ့ခြင်း။

(၄) ဒုတိယကမ္ဘာစစ်အတွင်းက ဇလွန်မြို့တွင် ဗုံးဆန်၊ အမြောက်ဆန်များ ကျရောက်ခဲ့သော်လည်း ရုပ်ပွားတော်အား ထိမှန်မှုမရှိခြင်း။

(၅) မျက်နှာတော်သည် အစဉ်သဖြင့် ပြုံးရွှင် ကြည်လင်နေပြီး ဘေးဥပဒ် အန္တရာယ်တစ်စုံတစ်ရာ ကျရောက်မည့်

www.burmeseclassic.com

www.burmeseclassic.com







ဘုရားသမိုင်း သရုပ်ဖော်ပန်းချီကားချပ်များ

အခါ မျက်နှာတော်မရွှင် မကြည်လင်ခြင်း။

(၆) ဆုတောင်းပြည့်လွန်း၍ မြန်မာမင်းများ ကိုးကွယ်စဉ်ကာလက မင်းညီမင်းသားများ ဆုတောင်းပြီး ပုန်ကန်မည်ကိုစိုး၍ မင်းညီမင်းသားများ မဖူးမြော်ရဟု တားမြစ်ထားခဲ့ရခြင်း၊ ယခုလည်း ရဟန်းရှင်လူများက ဆုတောင်းပြည့်ကြောင်း ယုံကြည်နေကြသည့်အပြင် ကိုယ်တွေ့ ကြုံသူများလည်း အများအပြားပင်ရှိခြင်း။

(၇) စမ္မခဏ် ဂါထာတော်ကို ယုံကြည်စွာ ရွတ်ဖတ်ပူဇော်သဖြင့် ဘေးရန်အန္တရာယ် လွတ်မြောက်ခဲ့ဖူးသူများရှိခြင်း။

(၈) ရုပ်ပွားတော်၏ လက်ယာ၊ လက်ဝဲ မျက်ရစ်တော်များတွင် ဆန်ကျိုးခန့် ပမာဏရှိသော အရောင်တောက်ပနေသည့် ခရေပွင့်သဏ္ဌာန် ငါးပွင့်စီရွေ့လျားနေသည်ကို ဖူးတွေ့ခဲ့ရဖူးသူများရှိခြင်းတို့ ဖြစ်ပါသည်။

ကောဇာသက္ကရာဇ် ၁၂၁၉ ခုနှစ်တွင် ဇလွန်မြို့သို့ မာရ်အောင်မြင်ရုပ်ပွားတော် ပြန်လည်ကြွမြန်းတော်မူခဲ့ပြီးနောက် ဦးသိုင်း၏ တစ်ဝဂ္ဂကြီးအတွင်း၌ ယာယီကိန်းဝပ်စံပယ်တော်မူစဉ် ဇလွန်မြို့ရှိ ရဟန်းရှင်လူ အပေါင်းတို့က စတင်ကာ ဝန္ဒနာပွဲကြီး ကျင်းပခဲ့ပြီးနောက်ပိုင်းတွင်လည်း ဘိုးပုဏ္ဏားကုန်းသို့ ပြောင်းရွှေ့စံပယ်တော်မူခဲ့သည့် အချိန်အထိ အခါအားလျော်စွာ ကာလဒေသ အခြေအနေများအရ ပူဇော်ပူဇနိယပွဲတော်များ ကျင်းပခဲ့ကြသည်ဟု ဆိုသည်။

ကောဇာသက္ကရာဇ် ၁၃၁၆ ခုနှစ်တွင် ရုပ်ပွားတော်နှင့် စေတီထီးတော်တို့မှ ရောင်ခြည်တော်များ ကွန့်မြူးခဲ့ချိန်မှစ၍ ဘုရားကြီးတွင် သံဃာတော်များ အသံမစဲ ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ခြင်း၊ ဘုရားပွဲတော်ကျင်းပခြင်းများ ပြုလုပ်ခဲ့ကြသည်။

ထို့နောက် ကောဇာသက္ကရာဇ် ၁၃၃၈ ခုနှစ်တွင် ပူဇော်ပူဇနိယပွဲတော်ကို

www.burmeseclassic.com

www.burmeseclassic.com

မြို့နယ်အဆင့်ဆင့် အုပ်ချုပ်ရေးအဖွဲ့များနှင့် ဂေါပကအဖွဲ့တို့က ဦးဆောင်ကာ တပေါင်းလဆန်း ၉ ရက်မှ လပြည့်နေ့အထိ ခုနစ်ရက်တိုင်တိုင် ကျင်းပခဲ့ကြပြီး နောက်ပိုင်းတွင်လည်း နှစ်စဉ်တပေါင်းလ ဗုဒ္ဓပူဇနိယ ပွဲတော်ကြီးကို ခုနစ်ရက်ကျင်းပရန် ဆုံးဖြတ်ကာ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြသည်။

ကောဇာသက္ကရာဇ် ၁၃၆၀ ပြည့်နှစ် (ခရစ်နှစ် ၁၉၉၈ခုနှစ်)တွင် တပေါင်းလ ဗုဒ္ဓပူဇနိယ ပွဲတော်ကြီး ကျင်းပခဲ့သည်မှာ (၂၁)ကြိမ်မြောက်သို့ ရောက်ရှိခဲ့ပြီး ရုပ်ပွားတော်မြတ်၏ တန်ခိုးတေဇော် အာနုဘော်တော်ကြောင့် ဘုရားကြီး၏ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုများမှာ အံ့မခန်းဖြစ်ခဲ့သည်ဟု ဆိုသည်။

ဘုရားကြီး၏ ဘုန်းတော်ရိပ်ကို ခိုလှုံကာ နိုင်ငံတော်၏ ပံ့ပိုးမှု၊ ဂေါပကအဖွဲ့ အစဉ်အဆက် ကြိုးပမ်းအားထုတ်မှု၊ ကုသိုလ်ရှင်များ၏ ထက်သန်သောသဒ္ဓါဖြင့် လှူဒါန်းမှုတို့ကြောင့် ယနေ့စာရေးသူတို့ ဖူးတွေ့နေရသော ပြည်တော်ပြန်ဘုရားကြီး၏ ဖွံ့ဖြိုးစည်ပင်တိုးတက်မှုမှာ ပို၍ပင် အံ့မခန်းဖွယ်ဖြစ်နေပေသည်။

ရွှေရောင်ဝင်းကာ လင်းလက်လျက်ရှိသော ဂန္ဓကုဋိတိုက်တော်ကြီးအတွင်းရှိ ရတနာရွှေပလ္လင်တော်ထက်ဝယ် သီတင်းသုံးတော်မူလျက်ရှိသော မာရ်အောင်မြင်မုနိရုပ်ပွားတော်ကို ရှိခိုးဦးတင် ဖူးမြင်ပြီးခိုက်ဝယ် မန္တလေးမဟာမုနိ ရုပ်ရှင်တော်မြတ်ကြီးအား ဖူးတွေ့ခဲ့ရစဉ်က မြင်ကွင်းများ ရုတ်တရက်ပင် မနောအာရုံတွင် ထင်ဟပ်လာသည်။ တစ်ဆက်တည်းပင် ဤရုပ်ပွားတော်မြတ်များသည် ဘုရားရှင်ကိုယ်တော်မြတ် သက်တော်ထင်ရှား ရှိတော်မူခဲ့စဉ်ကပင် ကိုယ်ပွားတော်အဖြစ် သွန်းလုပ်ခွင့်ပြုခဲ့သည့် ရုပ်ပွားတော်များဖြစ်သဖြင့် ဤမျှကြည်ညိုဖွယ်ရာ ထူးခြားစွာ တင့်တယ်သပ္ပာယ်တော်မူနေခြင်းပင်ဟူသော အတွေးအသိ ပေါ်ခဲ့သည်။







ဘုရားသမိုင်း သရုပ်ဖော်ပန်းချီကားချပ်များ

www.burmeseclassic.com

www.burmeseclassic.com

[စကားချပ် - မန္တလေးမြို့ မဟာမုနိရုပ်ရှင်တော်မြတ်သို့ သွားရောက်ဖူးမြော်ခဲ့သည့် ဘုရားဖူးခရီးသွားဆောင်းပါးကို "မန္တလေးမြို့ ကျက်သရေဆောင် မဟာမုနိရုပ်ရှင်တော်မြတ်"ခေါင်းစဉ်ဖြင့် ၂၀၁၂ ခုနှစ် ဧပြီလထုတ် လပြည့်ဝန်း မဂ္ဂဇင်း အမှတ်-၁၉၅ တွင် ရေးသားဖော်ပြခဲ့ပြီး ဖြစ်ပါသည်။]

ဂန္ဓကုဋိတိုက်တော်ကြီးအတွင်းမှ ထွက်ခဲ့ပြီးနောက် တန်ဆောင်းတော်ကြီးအတွင်းဂန္ဓကုဋိတိုက်တော်အနောက်ဘက်တွင် မှန်ကျောင်းဆောင်တော်ဖြင့် ပူဇော်ထားသော ကြေးဆင်းတု ရုပ်ပွားတော် သုံးဆူကိုလည်း ဖူးတွေ့ရသည်။ ထိုရုပ်ပွားတော် သုံးဆူမှာ မာန်အောင်မြင်မုနိရုပ်ပွားတော် ကမ်းနားရပ်ကွက်၌ စံပယ်တော်မူခဲ့စဉ်ကပင် ပူဇော်ခဲ့ကြသော ရုပ်ပွားတော်များဖြစ်ကြောင်း သိရသည်။ ထို့ပြင် မှန်ကျောင်းဆောင်ငယ်အတွင်းပူဇော်ထားသော ယိုးဒယားငွေ၊ မိုး၊ ဆောင်းပုံစံ မြဘုရား ကိုယ်ပွားတော်ငယ် သုံးဆူနှင့် နှစ်ကျိပ်ရှစ်ဆူ စေတီတော်ငယ်တို့ကိုလည်း ကြည်ညိုဖွယ်ရာ ဖူးတွေ့ရသည်။

ဂန္ဓကုဋိတိုက် တန်ဆောင်းတော်ကြီး အပြင်ဘက်နံရံအနီးတွင် ဇလွန်မြို့ မာရ်အောင်မြင်ပြည်တော်ပြန် မြတ်စွာဘုရားကြီးသမိုင်း (အကျဉ်းချုပ်) ကမ္ပည်းကျောက်စာကိုလည်း တခမ်းတနား စိုက်ထူထားသည်ကို တွေ့ရသည်။ ထို့ပြင် ဘုရားသမိုင်း သရုပ်ဖော်ပန်းချီကားချပ်ကြီး ၁၉ ချပ်ကိုလည်း ချိတ်ဆွဲပြသထားသဖြင့် ဘုရားသမိုင်းနှင့် သရုပ်ဖော်ပန်းချီတွဲဖက် လေ့လာလိုသူ ဘုရားဖူးများအတွက် အခွင့်အရေးတစ်ရပ်ပင် ဖြစ်ပေသည်။

ကျယ်ဝန်းလှသည့် ဘုရား ပရိဝုဏ်အတွင်းဝယ် စေတီ၊ တန်ဆောင်း၊ ကျောင်း၊ ဇရပ် စသည့် သာသနိကအဆောက်အအုံများဖြင့် ဖွံ့ဖြိုးစည်ပင်လျက်ရှိသည်ကို စိတ်ချမ်းမြေ့ဖွယ် ဖူးတွေ့ရသည်။ တီထွင်ဆန်းသစ်သော







ဘုရားသမိုင်း သရုပ်ဖော်ပန်းချီကားချပ်များ

www.burmeseclassic.com

www.burmeseclassic.com



ဘုရားသမိုင်း သရုပ်ဖော်ပန်းချီကားချပ်များ

ကုသိုလ်ရှင်များ ကောင်းမှုဖြင့် ကောဇာသက္ကရာဇ် ၁၂၉၂ ခုနှစ်တွင် တည်ထားကိုးကွယ်ခဲ့ကြောင်း သိရသည်။

ထိုစေတီတော်၏ တောင်ဘက်တွင် မဟာဗောဓိညောင်ပင်ကြီးရှိပြီး ထိုညောင်ပင်ခြေရင်းရှိ အုတ်ပလ္လင်တော်များပေါ်တွင် အရပ်လေးမျက်နှာသို့ မျက်နှာတော်မူလျက် စံပယ်တော်မူနေသော ဘုမိဖသသရုပ်ပွားတော် လေးဆူကိုလည်း ဖူးတွေ့ရသည်။

ထိုမဟာဗောဓိညောင်ပင်ကို ပုပ္ပာရုံကျောင်းဆရာတော် ဦးကဝိန္ဒက သီရိလင်္ကာနိုင်ငံမှ ပင့်ဆောင်စိုက်ပျိုးလှူဒါန်းခဲ့ကြောင်းနှင့် ရုပ်ပွားတော်



ထူးထူးဆန်းဆန်း ခေါင်းလောင်းထမ်းရုပ်တုများ

ခေါင်းလောင်းထမ်းရုပ်တုများ၊ တံခွန်တိုင်များမှာလည်း ဘုရားဖူးများအား လန်းဆန်းတက်ကြွ ရွှင်လန်းစေကာ အားသစ်အင်သစ်များ ဖြစ်ပွားစေသည်။


ရင်ပြင်တော် အရှေ့တောင်ထောင့်အရပ်တွင် ရွှေတိဂုံစေတီတော်ပုံတူ စေတီတစ်ဆူနှင့် အရှင်ပိဏ္ဍောလမထေရ်မြတ် တိုင်ထိပ်ပေါ်ရှိ စန္ဒကူးနံ့သာသပိတ်တော်အား တန်ခိုးပြကာ ဘက်ရောက်ရယူတော်မူပုံနှင့် တိတ္ထိများက တိုင်ထိပ်ပေါ်သို့ တက်ရောက်ရန် ကြိုးပမ်းအားထုတ်နေကြပုံ သရုပ်ဖော်ထားသည့် တံခွန်တိုင်ကိုလည်း ဖူးတွေ့ရသည်။

ဇလွန်မြို့၏ တေဇအရပ်ကျသော ပြည်တော်ပြန်ဘုရား၏ ဝတ္ထုကံမြေအတွင်း အရှေ့တောင်ထောင့်အရပ်တွင် ကိုးနဝင်းစေတီတော်တစ်ဆူကို ဖူးတွေ့ရသည်။ အချင်း ကိုးတောင်၊ အရပ်တော် ကိုးတောင်၊ ပစ္စယာသုံးဆင့်၊ ခေါင်းရစ် ကိုးဆင့်၊ ထီး သုံးဆင့်တို့ဖြင့် အချိုးအစားပြေပြစ်စွာ တည်ထားသော ထိုစေတီတော်မှာ "ပြည်လုံးအေးစေတီ" ဟု ဘွဲ့မည်တော်ရှိပြီး ကပ်သုံးပါးနှင့် ဘေး ရန်အန္တရာယ်များကင်းရှင်းပြီး ချမ်းသာခြင်းအဖုံဖုံ ပြည့်စုံစေခြင်းငှာ ဇလွန်မြို့နယ်နှင့်တကွ ရပ်နီးရပ်ဝေး



www.burmeseclassic.com

www.burmeseclassic.com



ရွှေတိဂုံပုံတူစေတီအနီးရှိ အရှင်ပိဋကတ္တာလမထေရ်မြတ် တိုင်ထိပ်ပေါ်ရှိ စန္ဒကူးနံ့သာသပိတ်တော်အား တန်ခိုးပြာဋိဟာ ရယူတော်မူပုံ တံခွန်တိုင်နှင့် ခေါင်းလောင်းထမ်းနတ်၊ ဇော်ဂျီရုပ်တုများ



ငါးဆုံတန်ဆောင်းတော်ကြီး အတွင်းမြင်ကွင်း

လေးဆူ အလှူရှင်မှာ ရန်ကုန်မြို့နေ ဦးဘိုးရင် (အငြိမ်းစား ဒုတိယထောက်ပံ့ရေး မင်းကြီး) + ဒေါ်မြမြ မိသားစုတို့ ဖြစ်ကြောင်း သိရသည်။

ဘုန်းတော်ကြီးဦးသီလ ဓာတ်တော်စေတီသို့လည်း သွားရောက်ဖူးမြော်ကြဦးမည်ဖြစ်၍ အံ့ဖွယ်ထူးခြား မာရ်အောင်မြင်ပြည်တော်ပြန်ဘုရားကြီး ထံတော်ပါးမှ စာရေးသူတို့အဖွဲ့ ရွှင်လန်းချမ်းမြေ့စွာပင် ထွက်ခွာခဲ့ကြသည်။

စာရှုသူများလည်း မြို့ပြ၏ မွန်းကျပ်မှုများကို ခဏတာ ဖယ်ခွာကာ ကုသိုလ်လည်းရ သုတစုံလင် စိတ်ကြည်လင်လန်းဆန်းကြစေရန် ဇလွန်မြို့ရှိ မာရ်အောင်မြင်ပြည်တော်ပြန်ဘုရားသို့ တစ်ခါတစ်ခေါက် အရောက်သွားကာ ဖူးမြော်နိုင်ကြပါကြောင်းသတင်းကောင်း ပါးလိုက်ရပါသည်။

❒ မင်းဂုဏ်

**ကျမ်းကိုး**

၁။ မာရ်အောင်မြင်ပြည်တော်ပြန် ဆင်းတုတော်သမိုင်း၊ တက္ကသိုလ်အရှင်ကုလာသဘ (ပြည်)။

၂။ မန္တလေးမြို့ မဟာမြတ်မုနိဘုရားသမိုင်း၊ ဦးမောင်မောင်တင် (မဟာဝိဇ္ဇာ) ၂၀၀၄ ခုနှစ် မတ်လ။

၃။ ကုန်းဘောင်ရှာပုံတော်၊ ညီမြ၊ ၂၀၀၃ ခုနှစ် ဒီဇင်ဘာလ။

၄။ ဇလွန်မြို့ မာရ်အောင်မြင်ပြည်တော်ပြန် မြတ်စွာဘုရားကြီးသမိုင်း၊ သမိုင်းပြုစုရေးအဖွဲ့၊ ၂၀၀၁ ခုနှစ် ဒီဇင်ဘာလ။

၅။ ရခိုင်မဟာမုနိဘုရားသမိုင်း၊ ထွန်းရွှေခိုင် (မဟာဝိဇ္ဇာ)၊ ၁၉၉၁ ခုနှစ် ဖေဖော်ဝါရီလ။

၆။ ဇလွန်မြို့ ကျက်သရေဆောင်ပြည်တော်ပြန်ဘုရားကြီး၏ ဗုဒ္ဓပူဇော်ပွဲတို့နှင့် ဘုန်းတော်ကြီးဦးသီလ၏ အံ့မခန်းဖွယ်သော ဖြစ်ရပ်များ၊ မာမက(သုတေသီ)၊ ၂၀၀၅ ခုနှစ် မေလ။

www.burmeseclassic.com

www.burmeseclassic.com

မင်းတုန်းမင်းတရားကြီး၏
ကောင်းမှုတော်.....

# ကျောက်တော်ကြီးမြတ်စွာဘုရား

တက္ကသိုလ်မျိုး



မဟာသကျမာရဇိန် ကျောက်တော်ကြီးဘုရားအား ရှေ့မှဖူးမြော်ရပုံ

လောကဓံတရားအရ ထိုမင်းတို့လည်း မတည်မြဲကြ၊ နန်းတော်ကို စွန့်ခွာခဲ့ကြရသည်။ ပုဂံ အနန္တသူရိယ အမတ်ကြီး၏ မျက်ဖြေလင်္ကာကို သတိရ၍ ရွတ်ဆိုမိသည်။

"ရွှေအိမ်နန်းနှင့် ကြငှန်းလည်းခံ၊ မတ်ပေါင်းရံလျက်၊ ပျော်စံရိပ်ငြိမ်၊ စည်းစိမ်မက္ခာ၊ မင်းချမ်းသာကား၊ သမုဒ္ဒရာ၊ ရေမျက်နှာထက်၊ ခဏတက်သည့်၊ ရေပွက်ပမာ၊ တစ်သက်လျာတည်း"

အနန္တသူရိယ အမတ်ကြီး၏ အဆိုအမိန့်သည် ဘယ်သောအခါမှ မလွဲနိုင်သော နိယာမတရားပင် ဖြစ်သည်။

မင်းအာဏာသည် သမုဒ္ဒရာ ရေမျက်နှာပြင်၌ ခဏတာ တက်လာသော ရေပွက်ပမာဖြစ်ပြီး တစ်ခဏတာအတွင်းပြန်၍ကျကာ နိဂုံးချုပ်ရခြင်းကို ပေါ်လွင်အောင်ရေးဖွဲ့ခဲ့ခြင်း ဖြစ်သည်။

ခဏတာ ခံစား စံစားရပြီး ပျက်စီးမည့် မင်းစည်းစိမ်ကို မက်မက်မောမောရရှိရေးအတွက် အာဏာလုကြသည်။ စစ်ပွဲများ ဆင်နွှဲကြသည်၊ လူသတ်ကြသည်၊ အာဏာတည်မြဲရေးအတွက်လည်း သတ်ဖြတ်ညှဉ်းဆဲကြသည်။ ဘာသာ သာသနာကို စော်ကားကြသည်။ အာဏာရှင်အဖြစ် အာဏာကို ချုပ်ကိုင်နိုင်ရန် နည်းမျိုးစုံသုံး၍ လူသားအချင်းချင်း လှည့်ပတ်တတ်ကြသည်။ သတ်ဖြတ်တတ်ကြသည်။ အပါယ်ကျစေမည့် မကောင်းမှု အကုသိုလ်ကို ပြောကြသည်။

ရွှေကျီးမြင်ဘုရားမှ ထွက်ခွာလာသော သမီးနန်းဟွမ်ခန်း မောင်းနှင်လာသော မတ်တူးဆလွန်းကားလေးသည် မန္တလေးတောင်ကြီးရှိရာသို့ ဦးတည်မောင်းခဲ့သည်။ မန္တလေး ကျုံးဘေးမှ ပတ်၍မောင်းခဲ့ရာ စာရေးသူတို့ တည်းခိုသည့် စွမ်းဟိုတယ်ရှေ့မှ ဖြတ်သွားခဲ့သည်။ မန္တလေးမြို့ရိုးနှင့် ကျုံးတို့သည် အလွန်ပန်းတင့်လှသည်။

မော်တော်ယာဉ်ပေါ်မှ ကျုံးအတွင်းရှိ ရေပြင်၌ အရိပ်ထင်နေသော မြို့ရိုးပြာသာဒ်တို့ကို ကြည့်ရင်း တစ်ချိန်က မြန်မာမင်းတို့ နန်းစံခဲ့ရာ မြို့တော်တွင်းရှိ နန်းတော်၊ မျှော်စင်နှင့် လွှတ်တော်တို့ကို မြင်ယောင်လာသည်။ မြို့ရိုးအလယ်၌ ရှိသော မြို့တံခါးပေါက်တို့ကို မြင်မိလေသောအခါ မင်းတုန်းမင်းကြီးနှင့် သီပေါမင်းတို့၏ မင်းခမ်းမင်းနားနှင့် ထွက်တော်မူပုံကိုလည်း မှန်းဆတွေးမိလေသည်။

www.burmeseclassic.com



မဟာသကျမာရဇိန် ကျောက်တော်ကြီးဘုရားအား အနီးကပ် ဖူးမြော်ရပုံ

ထိုအာဏာရှင်တို့သည် ခဏတာ (တစ်သက်တာ) ကောင်းစားရေးအတွက် ပြစ်မှုမျိုးစုံကျူးလွန်ကြခြင်း ဖြစ်သည်။ အနန္တသူရိယ အမတ်ကြီး၏ မျက်ဖြေလင်္ကာကို မဖတ်ဖူး၍လော၊ ဖတ်ဖူးပြီး သိကြသော်လည်း ဤတစ်ဘဝ ကောင်းစားရေးအတွက် (တစ်ဘဝစံရေးအတွက်) လောဘ၊ ဒေါသ၊ မောဟ စိတ်တို့နှင့် ကျူးလွန်ကြလေသလောဟု မေးခွန်းကို ထုတ်၍ မေးမိလေသည်။

ထိုဘုရင် ထိုအာဏာရှင်တို့သည် ရရှိထားသောရာထူး အာဏာ၌ တစ်သက်လုံး မြဲနေမည်ဟု ထင်ကြလေသလား။ မတရား ရယူထားသည့် နိုင်ငံတော်ဘဏ္ဍာများသည်လည်း မပျောက်မပျက် တစ်သက်လုံး မြဲနေမည်ဟု ထင်ကြလေသလား မသိ။ အာဏာတည်မြဲရေးအတွက် အထက်၌ ရေးသားသကဲ့သို့ ငရဲလားမှာ မကြောက်၊ လူသတ်ရမှာမကြောက်၊ ငါးပါးသီလ ပျက်ပြားရမှာ မကြောက်ဘဲ အကုသိုလ်အလုပ် မှန်သမျှ အကုန်လုပ်ကြလေတော့သည်။

စာရေးသူသည် မန္တလေးမြို့ရိုး၊ ကျုံးတော်တို့ကို ကြည့်ရင်း အနန္တသူရိယအမတ်ကြီး၏ အနိစ္စမမြဲသော တရားကို ဖော်ကျူးသည့် မျက်ဖြေလင်္ကာကို နှုတ်မှရေရွတ်ရင်း အာဏာနှင့် ပတ်သက်သော အတွေးအခေါ်များကို တွေးနေမိတော့သည်။



မဟာသကျမာရဇိန် ကျောက်တော်ကြီးဘုရားအား အနီးကပ် ဖူးမြော်ရပုံ


မန္တလေးတောင်တော်အနီးသို့ ရောက်သောအခါ သမီးနန်းဟွမ်ခမ်း မောင်းလာသော ကားလေးသည် ကျောက်တော်ကြီးဘုရား ကိန်းဝပ်တော်မူရာ လမ်းသို့ ချိုးကွေ့ဝင်ရောက်ခဲ့သည်။ မဟာသကျမာရဇိန် ကျောက်တော်ကြီး မြတ်စွာဘုရား ဟူသော ကမ္ပည်းဆိုင်းဘုတ်ကို တွေ့မြင်သောအခါမှ ကျောက်တော်ကြီးဘုရားသို့ ရောက်လေပြီကို သိရတော့သည်။ မော်တော်ယာဉ်ပေါ်၌ ဖိနပ်များ ချွတ်ထားခဲ့ပြီး ကျောက်တော်ကြီးဘုရား ကိန်းဝပ်တော်မူရာ ကျောင်းဆောင်တော်ကြီးသို့ ဦးတည်ဝင်ရောက်ခဲ့သည်။

◆

မန္တလေးသို့ မကြာခဏ ရောက်ဖူးခဲ့သော်လည်း ကျောက်တော်ကြီးဘုရားသို့ သုံးကြိမ်ခန့်သာ ရောက်ဖူးခဲ့သည်။ မန္တလေးတောင်တော်ကိုလည်း မကြာခဏ ရောက်ဖူးခဲ့သော်လည်း မန္တလေးတောင်အနီး၌ရှိသော ကျောက်တော်ကြီးဘုရားသို့ မဝင်ရောက်ခဲ့ဖူးပေ။ ဇနီးဖြစ်သူဒေါက်တာညွှန့်ညွှန့်ရီမှာလည်း မန္တလေးသို့ အရောက်နည်းသူဖြစ်၍ ကျောက်တော်ကြီးဘုရားသို့ တစ်ကြိမ်တစ်ခါမှ မရောက်ဖူးခဲ့ပေ။

ယခု ဘုရားဖူးခရီးထွက်ရာမှ မန္တလေးသို့ တိုက်ရိုက်လာခဲ့ရာ အဓိကအားဖြင့် ဇနီးဖြစ်သူမှ ကြီးသုံးကြီးအဖို့ဝန် ဝင်ရန် လာခဲ့ခြင်းဖြစ်၍ မဟာမုနိဘုရားကြီး၊ ခရိုသာကြီး

www.burmeseclassic.com




ဘုရားကြီး၏စလွယ်တော်အား အနီးကပ်တွေ့မြင်ရပုံ

ဘုရားနှင့် ရွှေကျီးမြင်ဘုရား သုံးဆူကို အဓိကထား၍ ဖူးမြော်ရန် ဖြစ်သည်။

ဘုရား၌ တွေ့ရသော လူငယ်ကလေး၏ ကြီးလေးကြီး၌ အဓိဋ္ဌာန်ဝင်လေ့ရှိကြောင်း လမ်းညွှန်ခဲ့ရာ ကျောက်တော်ကြီး ဘုရားသည် နောက်ထပ်တိုးလာသောဘုရား ဖြစ်ခဲ့သည်။

စာရေးသူသည် မဟာမုနိဘုရားကြီး၊ ချမ်းသာကြီးဘုရား၊ ရွှေကျီးမြင်ဘုရားတို့၌ ဇနီးဖြစ်သူ အဓိဋ္ဌာန်ဝင်ခြင်းနှင့်ပတ်သက်၍ ယေဘုယျသာ လပြည့်ဝန်းမဂ္ဂဇင်း၌ ရေးသားခဲ့သည်။



ဘုရားရှင်၏ လက်ဝဲ၊ လက်ယာရံများ သီတင်းသုံးရာ အုတ်ကျောင်းများ

ယခု ကျောက်တော်ကြီးဘုရား၌ အဓိဋ္ဌာန် ဝင်ပြီးခဲ့သော် ကြီးလေးကြီး အဓိဋ္ဌာန်ခရီး အောင်မြင်စွာ ပြီးဆုံးပေတော့မည်။ စာရှုသူများ အနေနှင့်လည်း မန္တလေးမြို့သို့ ရောက်သော် လိုရာဆန္ဒ ပြည့်ဝပြီး လာဘ်ရွှင် ငွေတိုးစေမည့် အဓိဋ္ဌာန်ကျင့်စဉ်(ကြီးလေးကြီးအဓိဋ္ဌာန်) ဝင်နိုင်စေရန်အတွက် အဓိဋ္ဌာန်ဝင်နည်းကို အသေးစိတ် ရေးသားတင်ပြလိုက်ရပေသည်။

◆

မဟာမုနိဘုရားကြီး၊ ချမ်းသာကြီးဘုရား၊ ရွှေကျီးမြင်ဘုရား၊ ကျောက်တော်ကြီးဘုရား စသည့် ဘုရားလေးဆူ၌ အဓိဋ္ဌာန်ဝင်လိုသူသည် ပထမဦးစွာ မဟာမုနိဘုရားကြီး ရှေ့တော်မှောက်၌ တစ်ကြိမ်၊ မဟာမုနိဘုရားကြီး အနောက်ဘက်အောင်မြေ၌ တစ်ကြိမ် အဓိဋ္ဌာန်ပုတီး စိပ်ရမည်ဖြစ်သည်။

အဓိဋ္ဌာန်ဝင်နည်းမှာ မြတ်စွာဘုရားရှင်၏ ဂုဏ်တော်ကိုးပါးကို စိတ်အာရုံ၌ သိမြင်ခံစား၍ ပုတီးတစ်ပတ်စိပ်ရန် ဖြစ်သည်။ ဂုဏ်တော်ကိုးပါးအား ရွတ်ပွားပြီး ပုတီးတစ်လုံးဖြင့် ဂုဏ်တော်ကိုးပါးအား ၁၀၈ ခေါက် ရွတ်ပွားရန် ဖြစ်သည်။ ပြီးနောက် မြတ်စွာဘုရားရှင်အား ဦးချကန်တော့ရန် ဖြစ်သည်။ မြတ်စွာဘုရားအား ပူဇော်ကန်တော့ပြီးသော် သဗ္ဗဗုဒ္ဓမင်္ဂလာ ဂါထာတော်မြတ်ကို





www.burmeseclassic.com

www.burmeseclassic.com

ရွှတ်ပွားပူဇော်ရပေမည်။ ဂါထာတော် တစ်ပုဒ်ဆုံးလျှင် ပုတီး တစ်လုံးချ၍ တစ်ရာ့ရှစ်ခေါက် ရွတ်ပွား ပူဇော်ရန် ဖြစ်သည်။

ဂုဏ်တော်ကိုးပါးကို ဗုဒ္ဓဘာသာဝင်တိုင်း အလွတ် ကျက်မှတ်ရရှိပြီးဖြစ်၍ စာရေးသူအနေနှင့် အထူးမဖော်တော့ ဘဲ သဗ္ဗဇယမင်္ဂလာ ဂါထာတော်ကိုကား အများမသိရှိသေး ဟု ယူဆမိသဖြင့် ကျက်မှတ်ရွတ်ပွား ပူဇော်နိုင်ရန် ဖော်ပြ အပ်ပေသည်။

**သဗ္ဗဇယမင်္ဂလာ ဂါထာတော်**

ဒိဝါတပတိ အာဒိစ္စော၊ ရတ္တိမှာ ဘာတိ စန္ဒိမာ၊
သန္နဒ္ဓေါ ခတ္တိယော တပတိ၊
ဈာယီ တပတိ ဗြာဟ္မဏော၊
အထ သဗ္ဗ မဟောရတ္တိံ၊ ဗုဒ္ဓေါတပတိတေဇသာ၊
တာဒိသံ တေဇသမ္ပန္နံ၊ ဗုဒ္ဓံ ဝန္ဒာမိ အာဒရံ၊
နမက္ကာရာ နုဘာဝေန၊ သဗ္ဗေပူရေန္တု သင်္ကပ္ပါ။
ဟူ၍ဖြစ်သည်။

ထိုသဗ္ဗဇယမင်္ဂလာ ဂါထာတော်ကြီးသည် နေ့စဉ် ရွတ်ဖတ်ပူဇော်ကြသူများ အနေနှင့် အကျိုးထူးအဖြစ် လာဘ် ရွှင်ဂါထာတော်ကြီးတစ်ပုဒ် ဖြစ်လေသည်။ ပညာရှင်အများစု ကလည်း သဗ္ဗဇယမင်္ဂလာ ဂါထာတော်ကြီးအား နေ့စဉ် ရွတ် ဖတ်ပူဇော် ပွားများပါက လာဘ်လာဘပွင့်လန်း၍ ဥစ္စာစည်း စိမ်တို့ တိုးပွားစေကြောင်း အတည်ပြုကြပါသည်။

ထိုလာဘ်ရွှင် စီးပွားတိုး ဂါထာတော်မြတ်ကြီးကို ဆု တောင်းပြည့်ဘုရားကြီး လေးဆူထံမှောက်၌ ၁၀၈ ခေါက် ပူဇော်ရွတ်ဆို ပွားများရခြင်းကြောင့် အဓိဋ္ဌာန်ဝင်သူအနေနှင့် လာဘ်ရွှင်စီးပွားတိုးရုံသာမက ဘေးအန္တရာယ်ကင်းရှင်းပြီး လိုသောဆု၊ တောင်းသောဆုများနှင့်လည်း ပြီးပြည့်စုံ အောင် မြင်ခြင်းသို့ အမှန်ပင် ရောက်ရှိစေနိုင်သည်မှာ အမှန်တရား ဖြစ်သည်။

အထက်ပါအတိုင်း မဟာမုနိဘုရားကြီး၌ အဓိဋ္ဌာန် စတင်ဝင်ရောက်ပြီးနောက် ချမ်းသာကြီးစေတီတော်ရှိ ချမ်း သာကြီး မြတ်စွာဘုရားရှေ့တော်မှောက်၌ ဂုဏ်တော်ကိုးပါး နှင့် သဗ္ဗဇယမင်္ဂလာ ဂါထာတော်တို့ကို ၁၀၈ ခေါက်စီ ပုတီး စိပ် ရွတ်ပွားပူဇော်ရန် ဖြစ်သည်။

ချမ်းသာကြီးဘုရားတွင်လည်း ချမ်းသာကြီးဘုရား ရှေ့တော်တွင် တစ်ကြိမ်၊ စေတီတော်အောင်မြေ၌ တစ်ကြိမ် အဓိဋ္ဌာန် နှစ်ကြိမ် ဝင်ခဲ့သည်။

ထို့မှတစ်ဆင့် ရွှေကျီးမြင်ဘုရား၌ တတိယမြောက် အဓိဋ္ဌာန်ဝင်ရန် ဖြစ်သည်။ ရွှေကျီးမြင်ဘုရား ဂန္ဓကုဋီတိုက် အတွင်း၌ ရှေးမင်းအစဉ်အဆက် ကိုးကွယ်ခဲ့သည့် ဗုဒ္ဓရုပ်ပွား ဆင်းတုတော်များ၊ သိကြားမင်းဆက်သသည့် ရုပ်ပွားဆင်းတု တော်များ၊ ရှေးဟောင်းဆုတောင်းပြည့် ဗုဒ္ဓရုပ်ပွားတော်များ ကိန်းဝပ်စံပယ်တော်မူခြင်းကြောင့် ထိုဆုတောင်းပြည့် ဗုဒ္ဓ မြတ်စွာဘုရား ရှေ့မှောက်၌ အဓိဋ္ဌာန်ဝင်ခြင်းဖြင့် ဂါထာတော် များ အစွမ်းထက်ကာ စီးပွားလာဘ်ရွှင်ပြီး လိုသောဆု၊ တောင်း သောဆုများနှင့် ပြည့်စုံစေသည်မှာ အထူးသံသယဖြစ်ဖွယ် မရှိပေ။

အဓိဋ္ဌာန်လုပ်ငန်းစဉ်၏ နောက်ဆုံးအဆင့် အဓိဋ္ဌာန် ဝင်ရန် ဌာနမှာ ကျောက်တော်ကြီးဘုရား ရှေ့မှောက်၌ပင် ဖြစ်သည်။ မင်းတုန်းမင်းကြီး၏ ကောင်းမှုတော် ကျောက် တော်ကြီးဘုရားကြီးသည် ဉာဏ်တော်မြင့်မားပြီး ကြည်ညို ဖွယ် သပ္ပာယ်လှသော ဗုဒ္ဓရုပ်ပွား ဆင်းတုတော်ကြီးတစ်ဆူ ဖြစ်သည်။ စကျင်ကျောက်ဖြူဖြင့် ထုလုပ်ပူဇော်ထားခြင်း ကြောင့် ဖြူစင်တောက်ပလျက် ရှိသည်။

အဓိဋ္ဌာန်ဝင်လိုသူသည် နောက်ဆုံးအဆင့် အဓိဋ္ဌာန် ကို ကျောက်တော်ကြီးဘုရား ရှေ့မှောက်၌ ဝင်ရန်ဖြစ်သည်။ ကျောက်တော်ကြီးဘုရား၌ အဓိဋ္ဌာန်ဝင်ပြီးသော် မိမိကြိုးပမ်း အားထုတ်သော မန္တလေး ကြီးလေးကြီးအဓိဋ္ဌာန်ကို တစ်ရက် အတွင်း အပြီးဝင်ရောက်နိုင်ပြီဖြစ်၍ မြတ်စွာဘုရားရှင်အား အာရုံပြု ဦးချကန်တော့ခြင်း၊ ငါးပါးသီလ ခံယူခြင်းများကို ပြုလုပ်၍ လိုသောဆုကို တောင်းယူရန်ဖြစ်သည်။

မိမိပြုလုပ်ပြီးသော အဓိဋ္ဌာန်ကောင်းမှု အစုစုကိုလည်း မိဘ၊ ဘိုးဘွား၊ ဆရာသမား၊ ဆွေတော်မျိုးတော်အပေါင်းနှင့် မြင်အပ်၊ မမြင်အပ် ပုဂ္ဂိုလ်အပေါင်းတို့အားလည်းကောင်း၊ သံသရာ၌ ကျင်လည်ကြကုန်သော လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါ အပေါင်းတို့အားလည်းကောင်း အမျှအတန်း ပေးဝေရန်ပင် ဖြစ်ပေသည်။

မိမိကောင်းမှုကို အမျှအတန်း ဝေခြင်းသည် မိမိ၏ ကောင်းမှုကုသိုလ်အား ဆင့်ပွား၍ အများ လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါ အပေါင်းတို့အား ရရှိခံစားစေခြင်းဖြင့် ကုသိုလ်ပြု အမျှဝေသူအဖို့ အကျိုးများစွာ ခံစားနိုင်ကြောင်း ကျေးဇူးရှင် ပန်းတောဆရာတော်ဘုရားကြီး မိန့်တော်မူဖူးလေသည်။

စာရေးသူတို့ ဗုဒ္ဓဂယာဘုရားဖူး ပထမအကြိမ် ထွက် စဉ်က မြတ်စွာဘုရား ပွင့်တော်မူရာ၊ တရားဦးဓမ္မစကြာ ဟော တော်မူရာ၊ မြတ်စွာဘုရားရှင် ဝါတော်အများဆုံး သီတင်းသုံး စံပယ်တော်မူရာ၊ မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်စံဝင်တော်မူရာ မြေမြတ်မဟာတို့ကို လှည့်လည်ဖူးမြော်ကြည်ညိုပြီး ကောင်းမှု ကုသိုလ်များ ပြုလုပ်ခဲ့ပြီးနောက် ပွင့်တော်မူရာ ဗုဒ္ဓဂယာ မဟာဗောဓိပင်သို့ ပြန်လည်ရောက်ရှိစဉ် ဗုဒ္ဓဂယာ မြန်မာ ကျောင်းတော်မှ ဆရာတော်ကြီးက . . .


"ဒကာ၊ ဒကာမ အပေါင်းတို့၊ မြတ်စွာဘုရားရှင်၏ သံဝေဇနီယ လေးဌာနတို့၌ ကောင်းမှု ကုသိုလ်ထူးများကို ပြုလုပ်ခဲ့ပြီးကြပြီဖြစ်၍ မိမိပြုခဲ့သမျှ ကောင်းမှုအစုစုကို လူ နတ်ဗြဟ္မာ သတ္တဝါအပေါင်းတို့အား လိုက်လိုက်လဲလဲ အမျှ အတန်း ဝေကြပါ၊ ဒီမဟာဗောဓိပင်အောက်မှာပေါ့၊ မြတ်စွာ





www.burmeseclassic.com

www.burmeseclassic.com



ဘုရားကြီး ကိန်းဝပ်စံပယ်ရာ ဂန္ဓကုဋီကျောင်းတော်

ဘုရားရှင် ပရိနိဗ္ဗာန်စံဝင်ရာ ကုသိနာရုံမှာရော နတ်ပြည် ဗြဟ္မာပြည်က လာရောက်ကြတဲ့ နတ်တွေ၊ ဗြဟ္မာတွေ တချို့ဟာ မြတ်စွာဘုရားရှင်အပေါ် ကြည်ညိုသဒ္ဓါစိတ် ကြီးမားကြတဲ့အတွက် နတ်ပြည်၊ ဗြဟ္မာ့ပြည်ကို ပြန်မကြွနိုင်ဘဲ ရှိနေကြမယ်၊ ဘာကြောင့် ဆရာတော် အခုလိုမိန့်ကြားရသလဲဆိုရင် နတ်သက်၊ ဗြဟ္မာသက်အရ တွက်ချက်ကြည့်ရင် နှစ်ပေါင်းနှစ်ထောင့်ငါးရာကျော်ဆိုတဲ့ လူ့သက်တမ်းဟာ နတ်ဗြဟ္မာသက်တမ်းအရ ရက်ပိုင်းလေးပဲ ရှိတယ်၊

ဒါကြောင့် သူတို့အနေနဲ့ ဘုရားရှင်အပေါ် ကြည်ညိုစိတ်၊ သဒ္ဓါစိတ်ကြောင့် နတ်ပြည်၊ ဗြဟ္မာ့ပြည်ကို မပြန်နိုင်ဘဲ မဟာဗောဓိပင် ခြေရင်းမှာ ရှိနေကြမှာပဲ ဒါယကာတို့၊ ဒါကြောင့် ဒါယကာတို့ ပြုခဲ့တဲ့ ကောင်းမှုကို အမျှအတန်းဝေခြင်းအားဖြင့် ဒီနတ်တွေ၊ ဗြဟ္မာတွေ ရရှိကြပြီး ကောင်းမှုရှင်တွေကို သူတို့တန်ခိုး ကြဒ္ဓိပါဒ်နဲ့ စောင့်ရှောက် မစကြလိမ့်မယ် ဒါယကာတို့"

ဆရာတော်ကြီး အမိန့်ရှိသော အမျှအတန်းဝေခြင်းနှင့် ပတ်သက်၍ ရရှိနိုင်မည့် အကျိုးတရားကို သိခဲ့ရခြင်းကြောင့် ကျောက်တော်ကြီးဘုရား၌ ဇနီးဖြစ်သူ ဒေါက်တာညွန့်ညွန့်ရီ ပေးဝေမည့် အမျှအတန်းကို သာဓုခေါ်နိုင်ရန် ကျောက်တော်ကြီးဘုရား ကိန်းဝပ်စံပယ်တော်မူရာ ဂန္ဓကုဋီတိုက် ကျောင်းတော်ကြီးရှိရာသို့ ဝင်ရောက်ခဲ့လေတော့သည်။

◆



ဘုရားကြီး ကျောင်းတိုက်အထက်ရှိ ထီးတော်ကို ဖူးတွေ့ရပုံ

ကျောက်တော်ကြီး မြတ်စွာဘုရား ကိန်းဝပ်စံပယ်တော်မူရာ ကျောင်းတော်ကြီးသည် ဘုံခုနစ်ဆင့်ဖြင့် ခမ်းနားလှသည်။ ပထမနှင့် ဒုတိယအဆင့်၌ ပန်းဆွဲများဖြင့် သပ္ပာယ်လှသည်။ အပေါ်ငါးဆင့်၌ ပန်းဆွဲများ ပတ်လည်တပ်ဆင်ထား၍ ထီးတော်ကြီးသဖွယ် ဖူးတွေ့ရသည်။ အထက်ငှက်ပျောဖူးမှာ လေးထောင့်ပုံဖြစ်သည်။

ရတနာကျောက်မျက်များ စီခြယ်ထားသော ထီးတော်မှာလည်း လက်ရာမြောက်လှသည်။ မူလထီးတော်ဟောင်းကိုလည်း ဖူးတွေ့ရသည်။ ယခုတင်လှူထားသော ထီးတော်မှာ နောက်ပိုင်း လှူဒါန်းထားသော ထီးတော်ဖြစ်ပေသည်။ ထီးတော်ထိပ်ရှိ စိန်ဖူးတော်မှာ ရောင်တော်တောက်ပလျက် ရှိလေသည်။ စာရေးသူသည် ယခင်ကာလ နှစ်အတော်ကြာက ကျောက်တော်ကြီးဘုရားသို့ ရောက်ခဲ့ဖူးသော်လည်း မရောက်ခဲ့သည်မှာ နှစ်အတော်ကြာပြီဖြစ်၍ ကျောက်တော်ကြီးဘုရားဝန်းကျင်သည် အသစ်အဆန်းသဖွယ် ဖြစ်နေသည်။ ရှေးနှစ်ပေါင်းများစွာက ကျောက်တော်ကြီးဘုရားနှင့် ပတ်ဝန်းကျင်ရှိ ဇရပ်များသည် ဘုရားဖူးအရောက်နည်းလှ၍ မစည်ကားလှပေ။ ဇရပ်ဆောင်များ၌လည်း အိပ်စက်နေသူတချို့ကလွဲ၍ ဘုရားဖူးဟူ၍ မတွေ့ရပေ။

ယခုအခါ၌ ကျောက်တော်ကြီးဘုရားအနီးရှိ ဇရပ်ဆောင်များမှာ ပြုပြင်ထားပြီး ဘုရားဖူးနားနေသူများနှင့် စည်

www.burmeseclassic.com

www.burmeseclassic.com





ကျောက်သပိတ်တော်အား အနီးကပ်တွေ့ရပုံ



ဘုရားရှင်၏ လက်ဝဲ၊ လက်ယာရုံများ သီတင်းသုံးရာ အုတ်တိုက်များကို အနီးကပ်တွေ့ရပုံ

ကားနေသည်။ ထိုဇရပ်များသည် မင်းတုန်းမင်းကြီးကောင်းမှုတော် ကျောက်တော်ကြီးဘုရားကြီး တည်ထားတော်မူစဉ် မှူးတော် မတ်တော်များက ကျောက်တော်ကြီးဘုရား မဟာရံတံတိုင်း အပြင်ဘက်၌ ဇရပ် ၃၃ ဆောင် ဆောက်လုပ်ကသိလ်ပြုခဲ့ကြသည်။

စာရေးသူတို့မိသားစုသည် ကျောက်တော်ကြီးဘုရား အတွင်းသို့ "မဟာသက္ကျမာရဇိန် ကျောက်တော်ကြီးမြတ်စွာဘုရား" [illegible] မှန်စီရွှေချ [illegible]များဖြင့် [illegible] အလှပ[illegible] ဝင်ရောက်ခဲ့သည်။ စောင်းတန်းတစ်လျှောက် ဈေးဆိုင်ခန်းများနှင့် စည်ကားလှသည်။ မှန်စီရွှေချ တိုင်လုံးကြီးများကြားမှ ဖြတ်၍ ဝင်ရောက်ခဲ့သည်။ ဘုရားဈေးဆိုင်များသည် အညာထွက်ကုန်များဖြစ်သည့် စက္ကူရုပ်ပွ(ဗိုလ်ကြက်၊ နွားရုပ်၊ ဆင်ရုပ်)များ၊ ကျောက်ဆင်းတု၊ သစ်သားဆင်းတုများ၊ ကြေးထည်ပစ္စည်းများ၊ သနပ်ခါးတုံးများ၊ လူသုံးကုန်ပစ္စည်းများ စုံလင်လှသည်။

ပထမစောင်းတန်းမှ လွန်သောအခါ မှန်စီရွှေချ စောင်းတန်းကြီး၌ "အောင်ကျော်ကျားထိမ်း မဟာသက္ကျမာရဇိန်၊ ၁၂၂၇ ခု၊ ကျောက်တော်ကြီးမြတ်စွာဘုရား" ဟု ရေးထိုးထားသော ကျောက်တော်ကြီးဘုရား ကိန်းဝပ်စံပယ်တော်မူရာ ဂန္ဓကုဋိတိုက်အဝင် မုခ်ပေါက်ကို တွေ့ရလေသည်။ မုခ်ပေါက်မှ မဝင်ရောက်မီကပင် ကျောက်တော်ကြီးမြတ်စွာဘုရား ရုပ်ပွားတော်မြတ်ကြီးကို ဖူးမြော်ခဲ့ရလေသည်။

ကျောက်တော်ကြီးမြတ်စွာဘုရား ရုပ်ပွားတော်မြတ်ကြီးသည် စကျင်ကျောက်ကြီးဖြင့် ထုလုပ်ထား၍ ဖြူဖြူစင်စင်နှင့် သပ္ပာယ်လှသည်။ ဦးသျှောင်တော်၊ စလွယ်တော်တို့ဖြင့် ရှိုးရှိုးစင်းစင်း ဆင်မြန်းထား၍ ကျောက်ဆင်းတုပုံသဏ္ဌာန် ပီပီသသ ဖူးမြော်ရသည်။ ရုပ်ပွားတော်၏ သင်္ကန်းအနားနေရာများ၌သာ ရွှေချထားပြီး ရုပ်ပွားတော်တစ်ဆူလုံး ဖြူဝင်းလျက် ကြည်ညိုဖွယ် ဖူးမြင်ရသည်။

တန်းဘောင်ခေတ်၌ စကျင်ကျောက်ဖြင့် ယခု ဖူးနေရသည့် ကျောက်တော်ကြီးမြတ်စွာဘုရားအပြင် ပုဂံမင်းလက်ထက် အမရပူရမြို့ တောင်ဘက် သုံးမိုင်ခန့်အကွာ အောင်တမန်အနောက်တောင် ရွာနှစ်ရွာအကြားတွင် "ဗောဓိသက္ကျရံသီ" ဘွဲ့အမည်ဖြင့် ကျောက်တော်ကြီးဘုရားတစ်ဆူ တည်ထားခဲ့သည်ကိုလည်း တွေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ထီးတော်ဟောင်းအား ဖူးတွေ့ရပုံ



လက်ဝဲယာတော်ရဲ့ အရှင် ရှင်သီဝလိမထေရ် ပုံတော်

ယခု ဖူးမြင်နေရသည့် ကျောက်တော်ကြီးဘုရားသည် ရတနာပုံ (မန္တလေး)မြို့တည် နန်းတည် မင်းတုန်းမင်းကြီး၏ ကောင်းမှုတော်ဖြစ်သည်။ ကျောက်တော်ကြီးဘုရား ထုလုပ်မည့် စကျင်ကျောက်တုံးတော်ကြီးကို မန္တလေးမြို့မြောက်ဘက် ၃၂ မိုင်အကွာ စကျင်တောင်၌ ၁၂၂၆ ခုနှစ် ဝါခေါင်လတွင် တူးဖော်ရရှိသည်။

တွေ့ရှိစဉ်က ကျောက်တုံးတော်ကြီးသည် တစ်လုံးတစ်ခဲတည်း သဏ္ဌာန်ဖြင့် တွေ့ရှိတူးဖော်ရရှိခဲ့သည်။ ထိုတူးဖော်ရရှိသော ကျောက်တုံးတော်ကြီးကို မကွေးမြို့စား ဝန်ကြီး၊ မြို့တောင်မြို့စား သေနတ်ဝန်ကြီးတို့ ကြီးမှူးပြီး ကျောက်တုံးတော်ကြီးကို ဘုရားရုပ်ပွားတော်သဏ္ဌာန် အကြမ်းပုံဖော်ထုလုပ်စေသည်။ အကြမ်းထုလုပ်ထားသည့် ကျောက်တော်ကြီးကို သမ္ဗန်တော်ကြီး နှစ်စင်းတွဲပြီး ထိုသမ္ဗန် ဖောင်တော်ပေါ်သို့ တင်ဆောင်ပြီး ပင့်ဆောင်စေခဲ့သည်။ မြေရွှာမြစ်ဝသို့ ရောက်လျှင် သုဓမ္မာဆရာတော်နှင့် သံဃာတော်များကို အကြိုတော်လွှတ်၍ ပင့်ဆောင်စေသည်။ လမ်းခရီး၌ ပွဲလမ်းသဘင် အတီးအမှုတ်များဖြင့် လိုက်ပါတီးမှုတ် ပူဇော်စေသည်။

ထိုသို့ပင့်ဆောင်ရာ မြနန်းစကြာ မီးသင်္ဘောဖြင့် ဆွဲယူစေခဲ့သည်။ ရုပ်ပွားတော် ပုံကြမ်းထုလုပ်ထားသည့် ကျောက်တုံးတော် ပင့်ဆောင်ရာ လမ်းခရီးတစ်လျှောက်၌ လောင်းရှည်မြို့စား၊ ဝန်ကြီး၊ ဝန်ထောက်၊ ခန်းပန်မြို့စား၊ ပန်းပဲဝန်၊



လက်ယာတော်ရဲ့ အရှင်အာနန္ဒာမထေရ် ပုံတော်

www.burmeseclassic.com



လက်ယာတော်ရံ အရှင်မဟာကဿပ မထေရ်ပုံတော်



လက်ဝဲတော်ရံ အရှင်ကောဏ္ဍညာတ မထေရ်ပုံတော်

ပန်းတဉ်းဝန်၊ သံတော်ဆင့်၊ တောင်ထားဝယ်ဗိုလ် တို့ကို စေလွှတ်ကြီးကြပ် သယ်ဆောင်စေခဲ့သည်။

ရုပ်ပွားတော်ကျောက်တော်ကြီးအား ဖောင်တော်ပေါ်မှ ကုန်းတော်မြေပြင်သို့ တင်နိုင်ရန်အတွက် ဧရာဝတီမြစ်မှ ရွှေတစ်ချောင်းမြောင်းအတွင်းသို့ သမ္ဘန်ဖောင်တော်ကို သွင်းစေသည်။

ဤနေရာ၌ ကျောက်တော်ကြီးဘုရား ပင့်ဆောင်မှုနှင့် ပတ်သက်၍ မြန်မာပညာရှိ မော်ဘီဆရာသိန်းကြီး၏ ကုန်းဘောင်ခေတ် မှူးမတ်ဝန်ကြီးများအကြောင်း ရေးသားထားသော စာအုပ်ကို စာရေးသူသွား၍ သတိရမိသည်။ ဆရာကြီး မော်ဘီဆရာသိန်းကြီးသည် ကုန်းဘောင်ခေတ် ပညာရှိမှူးမတ်ဝန်ကြီးများအကြောင်းကို မှတ်မှတ်သားသား ရှိစေရန်နှင့် အများမသိသေးသော အကြောင်းအရာများကို သိရှိလေ့လာနိုင်စေရန် ရေးသားရာတွင် မင်းတုန်းမင်းတရားကြီး၊ သူ့ရဲ ဝန်ကြီး ဦးရွှေလုံးအကြောင်းမှာ အထူးစိတ်ဝင်စားဖွယ်ကောင်းလှသည်။ ကျောက်တော်ကြီးဘုရား ပင့်ဆောင်ရေးနှင့် ဆက်စပ်နေ၍ စာရှုသူများ လေ့လာသိရှိနိုင်ရန် အကျဉ်းမျှ တင်ပြလိုက်ရပေသည်။

◆

သာယာဝတီမင်းကြီး ရန်ကုန်မြို့ရှိ ရွှေတိဂုံဘုရား ဖူးမြော်ရန် ကြွတော်မူစဉ်က မိဖုရားများ၊ သားတော်၊ သမီးတော်များ၊ မှူးမတ်ဝန်ကြီး၊ စစ်သည်ရဲမက်အပေါင်းနှင့် အိမ်တော်ပါ မင်းမှုထမ်းများကိုပါ ခေါ်ဆောင်၍ ဖောင်ကြီး၊ ဖောင်ငယ်၊ လှေတော်၊ သမ္ဘန်တော်များဖြင့် ဧရာဝတီမြစ်ရိုးတစ်လျှောက် စုန်ဆင်းတော်မူခဲ့သည်။

သာယာဝတီမင်း၏ သားတော် မင်းတုန်းမင်းသားငယ်မှာ မြစ်စဉ်တစ်လျှောက် စုန်ဆင်းရာ၌ လိုက်ပါလာခဲ့ပြီး ကလေးသဘာဝ ဆော့ကစားရာမှ ဖောင်တော်ပေါ်မှ ဧရာဝတီမြစ်အတွင်း ကျဆင်းလေသည်။ ထိုအခါ မင်းမှုထမ်းအပေါင်းမှာ အထိတ်တလန့်ဖြစ်ကာ ကြက်သေသေလျက်ရှိနေစဉ် ဦးရွှေလုံးဆိုသည့် အမှုထမ်းသည် မြစ်အတွင်း ခုန်ဆင်း၍ မင်းသားငယ်၏အသက်ကို ရေကူး၍ ကယ်ခဲ့လေသည်။ ထိုအခါမှစ၍ သာယာဝတီမင်းသည် မိမိသားတော်၏ အသက်ကို ကယ်ခဲ့သူ ဦးရွှေလုံးအား မင်းတုန်းမင်းသား၏ အထိန်းတော်အရာ၌ ခန့်အပ်၍ ဆုတော်လာဘ်တော်များ ချီးမြှင့်တော်မူသည်။

မင်းတုန်းမင်းကြီး မင်းအဖြစ်ကို ရောက်တော်မူပြီး မန္တလေးမြို့တည်ပြီးသောအခါ အသက်သခင်ဖြစ်ခဲ့ဖူးသော မွန်အမျိုးသား ဦးရွှေလုံးကို သူ့ရဲအမှုထမ်းတို့ကို အုပ်ချုပ်ကြီးမှူးရသော သူ့ရဲဝန်ကြီးအဖြစ် ခန့်ထားလိုက်သည်။ သူ့ရဲဝန်ကြီး ဦးရွှေလုံးသည် ပညာမတတ်၊ စိတ်ကြမ်း ကိုယ်ကြမ်းရှိသူ ဖြစ်သည်။ မင်းတုန်းမင်းကြီး မြောက်စားထား၍ တခြားပညာရှိ

www.burmeseclassic.com



လက်ယာတော်ရံ အရှင်ရာဟုလာ မထေရ်ပုံတော်



လက်ယာတော်ရံ အရှင်ဥပါလိ မထေရ်ပုံတော်



လက်ယာတော်ရံ ရှင်ဥပဂုတ္တ ရဟန္တာမထေရ်မြတ်ပုံတော်


အမတ် ဝန်ကြီးများက ဦးရွှေလုံးကို ပညာမတတ်သော်လည်း လူရာသွင်း၍ တန်းတူဆက်ဆံခဲ့ရသည်။

ကျောက်တော်ကြီးဘုရား ပင့်ဆောင်ခဲ့ရာ ရွှေတစ်ချောင်း ချောင်းအတွင်း သမ္ဗန်တော် ဝင်ရောက်လာပြီးနောက် ချောင်းအတွင်း ရေနည်း၍ ဖောင်တော်သည် ရေပြင်အောက် မြေပြင်နှင့်ငြိ၍ ဖောင်တော်ပင့်၍ မရအောင် ဖြစ်နေတော့သည်။ ထိုအခါ သူရဲဝန်ကြီး ဦးရွှေလုံး၏ အခန်းကဏ္ဍ ပါလာရတော့သည်။

သူရဲဝန်ကြီး ဦးရွှေလုံးသည် သူ၏ သူရဲဝန်ထမ်းထောင်ချီသော အင်အားကို ရွှေတစ်ချောင်း ချောင်းအတွင်း ဆင်းစေပြီး ချောင်းရေစီးဆင်းရန် အောက်အရပ်၌ လူချင်းထိကပ်စေပြီး လူအထပ်ထပ်ဖြင့် တမံတုတ်သကဲ့သို့ ကြိုးပမ်းခဲ့သည်။

ချောင်းအတွင်း စီးဆင်းလာသောရေသည် သူရဲဝန်ထမ်းအထပ်ထပ်ဖြင့် လူအားဖြင့်တမံတုတ်ထားခြင်းကြောင့် အောက်သို့ စုန်မဆင်းနိုင်တော့ဘဲ ချောင်းရေ တဖြည်းဖြည်း တက်လာခဲ့သည်။ ဒူးလယ် ပေါင်လယ်လောက်ရှိသော ရေသည် တဖြည်းဖြည်းမြင့်တက်လာရာ ရင်ခေါင်းအထိ ရောက်လေသောအခါ ကျောက်တော်ကြီးဘုရားပင့်ဆောင်ရာ ဖောင်တော် ကြွတက်လာပြီး ရေအောက်မြေပြင်နှင့်လွတ်ကာ ပင့်ဆောင်လိုရာအရပ်သို့ ဆွဲယူပင့်ဆောင်နိုင်ခဲ့လေသည်။

www.burmeseclassic.com



အနော်ရထာမင်းကြီးနှင့် ရှင်အရဟံမထေရ်ပုံ



နှစ်ပေါင်းများစွာ ကြံ့ခိုင်သော သစ်ပင်ကြီးများ




၁၉၃၄ ခုနှစ်၊ ကျောက်တော်ကြီးဘုရားအားအပေါ်စီးမှ မြင်ရပုံ

သူရဲဝန်ကြီး၏ လုပ်ဆောင်မှု ကြိုးပမ်းမှုကိုလည်း မင်းတုန်းမင်းကြီး သိတော်မူခဲ့သည်။ ထို့ကြောင့် သူရဲဝန်ကြီး ဦးရွှေလုံးသည် ကျောက်တော်ကြီးဘုရား ပင့်ဆောင်ရာ၌ အရေးပါသောအခန်းမှ ပါဝင်ခဲ့ခြင်း ဖြစ်သည်။

ထိုသို့ ကျောက်တော်ကြီးဘုရားကို ပင့်ဆောင်ပြီးနောက် ဥကင်ဖွင့်ပွဲ အခမ်းအနားကို ကျင်းပရာ သူရဲဝန်ကြီး ဦးရွှေလုံးနှင့်ပတ်သက်၍ မော်ဘီဆရာသိန်းကြီးက အောက်ပါအတိုင်း ရေးသားခဲ့သည်။

ကျောက်တော်ကြီးဘုရား ဥကင်ဖွင့်ပွဲ အခမ်းအနား၌ မင်းတုန်းမင်းကြီး ကိုယ်တော်တိုင် ကြွရောက်ပြီး အခမ်းအနားကျင်းပခဲ့သည်။ တန်ဆောင်းကြီး အတွင်း၌ ဝန်ကြီးမှူးမတ်များသည် မင်းတုန်းမင်းကြီး အနီး၌ နေရာယူထားကြရာ ခြေချစရာပင် မရှိအောင် ဖြည့်ကျပ်နေလေသည်။ သူရဲဝန်ကြီး ဦးရွှေလုံးသည် အခမ်းအနားသို့ နောက်ကျမှရောက်



ရွှေဟောင်းလက်ရာ မှန်စီရွှေချ ပန်းအိုးများနှင့်ရွှေအုပ်

လေရာ မင်းတုန်းမင်းကြီးအနား၌ ထိုင်စရာမရှိအောင် ဖြစ်နေ၍ ရှေ့တော်၌ မခစားနိုင်သည်ကို မြင်ရသောအခါ စိတ်ကြမ်း ကိုယ်ကြမ်း ဦးရွှေလုံးသည် ...

"ဘုရားပင့်တုန်းက ဘယ်ရောက်နေမှန်းမသိတဲ့ကောင်တွေ အခုတော့ ဘုရင်နားကပ်ပြီးနေကြ ထင်တယ်" ဟု ကြမ်းတမ်းစွာ ဆဲဆိုပြီး ခန်းမမှ ထွက်သွားလေတော့သည်။

အယူကျအရွယ်အားဖြင့် ဦးရွှေလုံးထက်ကြီးသူ၊ ရာထူးအဆင့်အားဖြင့် ဦးရွှေလုံးထက်ကြီးသူ၊ ရာထူးအားဖြင့် ဦးရွှေလုံးထက်ကြီးသူ မှူးတော် မတ်တော် ဝန်ကြီးများက ထိုအကြောင်းကို မင်းတုန်းမင်းကြီး နားတော်သို့ လျှောက်ထားတိုင်ကြားလေသည်။ မင်းတုန်းမင်းကြီးသည် ဦးရွှေလုံးကို ခေါ်ယူပြီး ...



ကျောက်တော်ကြီးဘုရားမှ မန္တလေးတောင်တော်အားတွေ့ရပုံ



www.burmeseclassic.com

www.burmeseclassic.com

"ရွှေလုံး ဥကင်ဖွင့်ပွဲမှာ နင် ဆဲတယ်ဆို" ဟုမေးရာ ဦးရွှေလုံးကလည်း . . .

"မှန်လှပါကြောင်း၊ အခုလို ဆဲရတာဟာ ဘုရားပင့်တုန်းက မပါဘဲ အခမ်းအနားကျမှ ဘုရင်အနားကပ်ပြီး ခစားနေတာ ကြည့်မရလို့ဆဲကြောင်း၊ သူ့အနေနဲ့ မင်းကြီးအား အနီးကပ် ဖူးမြော်ခွင့်မရ၍ ဆဲမိကြောင်း" ဝန်ခံလေသောအခါ မင်းတုန်းမင်းကြီးလည်း . . .

"ရွှေလုံး နင်ဆဲတဲ့ မှူးမတ်ဝန်ကြီးတွေဟာ နင့်ထက် အသက်အရွယ် ဉာဏ်ပညာ ကြီးသူတွေဖြစ်တယ်၊ နင် သူတို့ကို ရွှေတိုက်တော်က ငွေကော်ထုတ်ပြီး သွားကန်တော့ပြီး တောင်းပန်လိုက်"ဟု မိန့်တော်မူပြီး ဦးရွှေလုံးကိုလည်း ဘုရင်အနား၌ အမှုထမ်းရသည့်ရာထူး တိုးပေးရုံသာမက ဆုလာဘ်များပင် ချီးမြှင့်ခဲ့လေသည်။

ဦးရွှေလုံးမှ မှူးမတ်ဝန်ကြီးများအိမ်သို့ သွားရောက်ကန်တော့ရာ သက်တော်ကြီး မှူးမတ်ဝန်ကြီးများက. . .

"ရွှေလုံးများ ကံကောင်းချင်တော့ တို့ကိုဆဲတာနဲ့ ရာထူးလဲတက်၊ ဆုတော် လာဘ်တော်လဲရ ဆိုတော့ ငါတို့လဲ ရွှေလုံးကို ဆဲလိုက်ချင်တယ်" ဟု ဟာသနှော၍ ပြောကြားလိုက်လေသည်။

စာရေးသူသည် ကျောက်တော်ကြီးဘုရား ပင့်ဆောင်မှုတင်ပြရာ၌ သူရဲဝန်ကြီး ဦးရွှေလုံးနှင့် ပတ်သက်သော မော်ဘီဆရာသိန်းကြီး ရေးသားချက်ကို မှတ်မိသလောက် အနီးစပ်ဆုံး ပြန်လည်၍ စာရှုသူများ ဗဟုသုတရစေရန် ဖောက်သည်ချရေးသားလိုက်ရခြင်း ဖြစ်ပေသည်။

◆

ကျောက်တော်ကြီး ရုပ်ပွားတော် ပုံကြမ်းထုလုပ်ထားသော ကျောက်လုံးတော်ကြီးကို ရွှေတစ်ချောင်းမြောင်း (ချောင်း)အတွင်းသို့ သွင်းပြီးနောက် ရုပ်ပွားတော်ကျောက်တော်ကြီးကို သမ္ဗန်ဖောင်တော်ပေါ်မှ ကုန်းပေါ်သို့ချလေသည်။ မြေပြင်၌ စွပ်ဖားပေါ်တင်ကာ စွပ်ဖားကို တလိမ့်ကြိုးလွန်များဖြင့် အိမ်ရှေ့မင်း ကနောင်ကိုယ်တော်ကြီးကိုယ်တိုင်ကြီးကြပ်ကာ လူအင်အား ၁၂၀၀၀ ဖြင့် ဆွဲယူစေသည်။

ကျောက်တော်ကြီးကို ဆွဲယူသည့်ရက် ၁၃ ရက်ကြာမြင့်လေသည်။ ၁၂၂၆ ခု၊ တန်ဆောင်မုန်းလဆန်း ၁၂ ရက်နေ့တွင် ပလ္လင်ပေါ်သို့ ရောက်ရှိလေသည်။ [စွယ်စုံကျမ်း အတွဲ ၂၊ ကျောက်တော်ကြီးဘုရား (မန္တလေး)၌ တန်ဆောင်မုန်းလဆန်း ၂ ရက်နေ့ဟု ဖော်ပြထားသည်။]

ကျောက်တော်ကြီး ရုပ်ပွားတော် ပုံကြမ်းထုထားသော ကျောက်လုံးတော်ကြီးကို ကျောက်ဆစ်ပညာရှင် အကျော်အမော်များဖြင့် ဆက်လက်ထုလုပ်စေသည်။ ၁၂၂၇ ခုနှစ် ကဆုန်လပြည့်ကျော် ၇ ရက် (အောင်ကျော်ကျားထိမ်း)တွင် မင်းတုန်းမင်းတရားကြီး ကိုယ်တော်တိုင် နဝရတ်ကိုးပါးစီခြယ်ထားသော ရွှေစုတ်ကို ကိုင်ဆွဲတော်မူ၍ ရွှေမင်ဖြင့် မျက်ခုံးတော်၊ မျက်ရေးတော် စသည့် လက္ခဏာတော်များ ရေးသားခြယ်သပြီး မျက်နှာတော် ဖွင့်တော်မူကာ ဆရာတော် သံဃာတော်များပင့်၍ အနေကဇာ တင်တော်မူသည်။ [မော်ဘီဆရာသိန်းကြီးအနေဖြင့် ထိုအခမ်းအနား၌ ဦးရွှေလုံး သက်တော်ရှည် မှူးမတ်ဝန်ကြီးများကို ဆဲဆိုခဲ့သည်ဟု ရေးသားခြင်းဖြစ်မည်ဟု ထင်မှတ်မိသည်။]

စကျင်တောင်တော်မှ ရရှိသော ကျောက်တုံးကြီးကို အဆက်အစပ်မရှိဘဲ တစ်လုံးတည်းကို ထုလုပ်တော်မူသော ရုပ်ပွားတော်မြတ်ဖြစ်၍ "ကျောက်တော်ကြီးမြတ်စွာဘုရား" ဟု ခေါ်တွင်ကြသည်။ ထိုဘုရားကြီး၏ ဘွဲ့တော်မှာ "မဟာသကျမာရဇိန် ကျောက်တော်ကြီးမြတ်စွာဘုရား" ဟု သတ်မှတ်ခေါ်တွင်စေသည်။

ကျောက်တော်ကြီးမြတ်စွာဘုရား၏ ဉာဏ်တော်မှာ စမ္ဗခဏ်မှ ရောင်လျှံတော်အထိ အမြင့် ၁၇ တောင် တစ်မိုက်လေးသစ် (၂၆ ပေ ၆ လက်မ)ရှိသည်။ ကျောက်တော်ကြီးဘုရား၏ ကျန်ရှိသော အတိုင်းအတာတို့ကို ဂန္ဓကုဋိတိုက်အတွင်း ဆိုင်းဘုတ်တွင် ရေးသားချိတ်ဆွဲထားသည်ကို တွေ့ရသည်။ ကျောက်တော်ကြီးဘုရားကြီး၏ အလေးချိန်မှာ တန်ချိန် ၉၀၀ ခန့်ရှိသည်။


ကျောက်တော်ကြီး မြတ်စွာဘုရား ရုပ်ပွားတော်မြတ်ကြီး၏ လက်ယာနှင့် လက်ဝဲဘက်တွင် အသီတိသာဝကရဟန္တာရှစ်ကျိပ်တို့၏ ရုပ်တုတော်များ ထုလုပ်ပူဇော်ထားသည်။ မြတ်စွာဘုရားရှင် သက်တော်ထင်ရှား ရှိစဉ်က လက်ယာတော်ရံနှင့် လက်ဝဲတော်ရံတို့ကို ရည်ရွယ်၍ ကျောက်တော်ကြီး ထုရာ၌လည်း ထုလုပ်ပူဇော်ထားခြင်း ဖြစ်သည်။

ကျောက်တော်ကြီးဘုရားကြီး ကိန်းဝပ်တော်မူရာ ဂန္ဓကုဋိတိုက်၏ မြေအကျယ်အဝန်းမှာ ၄ ဒသမ ၂၅ ဧက ကျယ်ဝန်းလေသည်။ ဘုရားကြီး၏ မဟာရံတံတိုင်းပြင်ပ၌ မင်းမှူးမတ်အပေါင်းတို့ ဆောက်လုပ်လှူဒါန်းထားသော ဇရပ်တော် ၃၃ လုံးကိုလည်း အစီအရီ တွေ့ရသည်။

ကျောက်တော်ကြီးဘုရားသည် မန္တလေးတောင်ခြေအနီး၌ရှိသော သုဓမ္မာဇရပ်များနှင့် ကပ်လျက်တည်ထားခြင်းဖြစ်သည်။ ကျောက်တော်ကြီးဘုရား အနီး၌လည်း မဟာပဋ္ဌာန်းဟော ရွှေသိမ်တော်ကြီးကို အသစ်ပြန်လည် တည်ဆောက်လျက် ရှိသည်ကိုလည်း တွေ့ရသည်။ ကျောက်တော်ကြီးမြတ်စွာဘုရား ကိန်းဝပ်စံပယ်တော်မူရာ ဂန္ဓကုဋိတိုက်မှ မန္တလေးတောင်တော်ကို လှမ်းမျှော်ကြည့်ပါက စောင်းတန်းအသွယ်သွယ်နှင့် တောင်တော်ပေါ်ရှိ တန်ဆောင်းပြာသာဒ်တို့အား အထင်အရှား မြင်တွေ့ရလေသည်။

ကျောက်တော်ကြီးဘုရား ပရိဝုဏ်အတွင်းရှိ သစ်ပင်တို့မှာ ရတနာပုံခေတ်၌ စိုက်ပျိုးခဲ့သော သစ်ပင်ကြီးများဖြစ်၍


www.burmeseclassic.com



ကျောက်တော်ကြီးဘုရားရှိ ခေါင်းလောင်းတော်



သိမ်တော်ကြီး အသစ်ပြန်လည်တည်ဆောက်နေစဉ်



အသစ်ဆောက်လုပ်နေသည့် သာသနိကအဆောက်အအုံ

အခက်အလက်များ ဝေဆာကာ အရိပ်အာဝါသ ကောင်းလှပေသည်။ ကျောက်တော်ကြီးဘုရား တန်ဆောင်းအတွင်း၌လည်း ဉာဏ်တော်မြင့်မားလှသည့် ကျောက်တော်ကြီးဘုရားကြီးအား ရည်စူး၍ ကျောက်သပိတ်ကြီးတစ်လုံးကိုလည်း လှူဒါန်းထားသည်။ ကျောက်သပိတ်တော်ကြီး၏ အတိုင်းအတာ ပမာဏကိုလည်း ဆိုင်းဘုတ်ဖြင့် ဖော်ပြထားသည်။

ကျောက်သပိတ်တော်ကြီး တည်ရှိရာ တန်ဆောင်းအတွင်း၌ ကျောက်တော်ကြီးမြတ်စွာဘုရား ကိန်းဝပ်စံပယ်တော်မူရာ ကျောင်းတော်ကြီး၏ ထီးတော်ဟောင်းကိုလည်း တွေ့ရသည်။ ထီးတော်ဟောင်းနှင့်အတူ ကျောက်တော်ကြီးဘုရားအား လှူဒါန်းထားသည့် မှန်စီရွှေချအုပ်တော်၊ ပန်းအိုးတော်များကို ရှေးဟောင်းမြန်မာ ယွန်းပညာလက်ရာအတိုင်း မှန်စီရွှေချထားသည်မှာ လက်ရာမြောက်လှသည်။ တန်ဖိုးရှိလှသော ရှေးဟောင်းပစ္စည်းများဖြစ်၍ စနစ်တကျ ထိန်းသိမ်းထားမှုမှာ ချီးကျူးဖွယ်ပင် ဖြစ်သည်။

ထိုတန်ဆောင်းကြီးအတွင်း၌ပင် ပုဂံပြည့်ရှင် အနော်ရထာမင်းကြီးသည် ရဟန္တာမထေရ်မြတ် ရှင်အရဟံအား ပူဇော်ကန်တော့နေဟန်မှာ လက်ရာမြောက်လှသည်။ ထိုတန်ဆောင်းတော်ကြီးအတွင်း၌ တန်ဖိုးရှိလှသော ဓာတ်ပုံအတော်များများကိုလည်း တွေ့ရသည်။ အထူးသဖြင့် . . .

(၁) ပဌာန်းသိမ် (၁၉၀၄ ခု)မှဓာတ်ပုံ

(၂) သုဓမ္မာဇရပ် (၁၉၀၄ ခု) ဓာတ်ပုံ

(၃) ကျောက်တော်ကြီးဘုရားအား အပေါ်စီးမှ မြင်ရသော ရှုခင်း (၁၉၀၄) ဓာတ်ပုံတို့မှာ ရှားပါးလှသောပုံများ ဖြစ်လေသည်။

ကျောက်တော်ကြီးဘုရားကြီး၏ လက်ယာဘက် လက်ဝဲဘက် တစ်ဖက်စီ၌ မြတ်စွာဘုရားရှင်၏ သာဝကကြီးများဖြစ်သည့် လက်ယာတော်ရံ အပါး (၄၀) လက်ဝဲတော်ရံ အပါး (၄၀)တို့အား ရည်စူး၍ အပါး (၈၀)တို့၏ ရုပ်တုတော်များမှာ တစ်ပါးချင်း ကိန်းဝပ်စံပယ်တော်မူသည်။ အုတ်ဂူပြာသာဒ် တိုက်ကျောင်းငယ်များကိုလည်း တွေ့ရသည်။

ဘုရားကြီး၏ ပရိဝုဏ်အတွင်း၌ ကြွေပြားကပ်ထားပြီး တူးဖော်ထားသော ရေကန်အလယ်၌ ရှင်ဥပဂုတ္တမထေရ်မြတ်ကြီး စံပယ်တော်မူရာ ကြေးပြာသာဒ်ကျောင်းဆောင်ကိုလည်း တွေ့ရသည်။ အထူးသဖြင့် ပါဠိဘာသာနှင့် ရေးထိုးထားသော ကျောက်စာချပ် အချိုးအဖွဲ့ အတော်များများကိုလည်း ဘုရားကြီး၌ တွေ့ရှိရသည်။

ကျောက်တော်ကြီးဘုရားကြီး၏ ရင်ပြင်တော်၌ မဟာဗောဓိပင်၊ တံခွန်တိုင်၊ စကျင်ကျောက်ပြင်တွင် ထုလုပ်ပူဇော်ထားသော မြတ်စွာဘုရားရှင်၏ ခြေတော်ရာတို့ကိုလည်း ဖူးတွေ့ရသည်။

စာရေးသူသည် ကျယ်ဝန်းလှသော ကျောက်တော်ကြီး မြတ်စွာဘုရား ရုပ်ပွားတော်ကြီး ကိန်းဝပ်စံပယ်တော်မူရာ ဂန္ဓကုဋိကျောင်းတိုက်ကြီးဝန်းကျင်ရှိ သာသနိက အဆောက်



www.burmeseclassic.com

www.burmeseclassic.com

ရှေးဟောင်း
ကျောက်တော်ကြီးဘုရား
မြင်ကွင်း
(အနီး၌ဆောက်လုပ်ထားသော
ဇရပ် ၃၃ လုံးအား
တွေ့နိုင်သည်)



အအုံများ၊ ဘုရားရှင်၏ လက်ဝဲတော်ရံ၊ လက်ယာတော်ရံ သာဝက ရဟန္တာများ၏ ရုပ်တုတော်များနှင့် မြင်တွေ့သမျှ တို့ကို ဓာတ်ပုံမှတ်တမ်း ရိုက်ယူပြီးနောက် ကျောက်တော်ကြီး ဘုရား ရှေ့မှောက်၌ ပုတီးစိပ်ပြီး အဓိဋ္ဌာန်ဝင်နေသည့် ဇနီး ဖြစ်သူနှင့် မနီးမဝေး၌ထိုင်ရင်း ဘုရားဂုဏ်တော်ကို ရွတ်ပွား ပူဇော်နေမိသည်။

ဆယ်မိနစ်ခန့်အကြာ၌ ဇနီးဖြစ်သူ အဓိဋ္ဌာန်ပုတီးစိပ် ခြင်း ပြီးစီးပြီးနောက် ဘုရားရှိခိုး ငါးပါးသီလ ခံယူပြီး အသံ ထွက်၍ ပြုခဲ့ပြီးသော ကောင်းမှုအစုစုအတွက် အမျှဝေလေ သည်။ စာရေးသူအနေနှင့်လည်း သာဓုခေါ်ရင်း စိတ်ဝယ် ကြည်နူးချမ်းမြေ့နေမိလေတော့သည်။

◆

စာရေးသူတို့ ကျောက်တော်ကြီးမြတ်စွာဘုရား ဖူးမြော် ပြီးနောက် ပြန်လည်၍ ထွက်ခွာလာခဲ့ရာ လမ်းဘေးရှိ ဇရပ် များကိုကြည့်ရင်း မင်းတုန်းမင်းတရားကြီး လက်ထက်တော် ကာလ သုဓမ္မာဇရပ်တော်၌ စာပြန်ပွဲများ ကျင်းပပုံကို ပြန် လည် မြင်ယောင်လာမိသည်။

ထိုစာပြန်ပွဲများနှင့်စပ်လျဉ်း၍ ဗန်းမော်ဆရာတော် လောင်းလျာ ကိုရင်ငယ်ဘဝက စာပြန်ပွဲကို ဝင်ရောက်ဖြေဆို ရန်အလာ ကျောက်တော်ကြီးဘုရားကို ဝင်ရောက်ဖူးမြော်စဉ် ကိုရင်ငယ်စိတ်၌ အကြံတစ်ခု ပေါ်လာခဲ့သည်။ ကိုရင် ဝတ် စုံလာသော သင်္ကန်းမှာ ဟောင်းနွမ်းနေ၍ ကျောက်တော်ကြီး ဘုရားကြီးအား လွှမ်းခြုံထားသော သင်္ကန်းမှာ သစ် လွင်နေသည်ကို မြင်ရသောအခါ ကျောက်တော်ကြီးဘုရား ကြီးအား တောင်းပန်လျှောက်ထား၍ စာပြန်ပွဲသို့သွားရန် သင်္ကန်းချင်း ခဏလဲလှယ်ခွင့် တောင်းပြီး ကျောက်တော်ကြီး ဘုရား သင်္ကန်းတော်ကြီးကို ကိုရင်ငယ် တက်စွန်ပြီး ကိုရင် သင်္ကန်းအဟောင်းလေးကို ကျောက်တော်ကြီးဘုရားအား ဝတ်ရုံပေးခဲ့သည်။

ကျောက်တော်ကြီးမြတ်စွာဘုရား သင်္ကန်းမှာ အလျား အနံ အလွန်ကြီး၍ ကိုရင်နှင့် မတော်မလျော်ဖြစ်နေသည်။ စာပြန်ပွဲကျင်းပရာ ခန်းမအတွင်း ကိုရင်ဝင်လာသောအခါ စာစစ် စာထောက် သံဃာတော်များ၊ ဘုရင့်မင်းမှုထမ်းများက သင်္ကန်းမတော်မလျော် ဆင်မြန်းလာသော ဗန်းမော်ဆရာ တော်လောင်းလျာ ကိုရင်ငယ်ကို စိတ်ဝင်စားစွာ ကြည့်ကြလေ သည်။

ဗန်းမော်ဆရာတော် လောင်းလျာ ကိုရင်ငယ်က မည်သူ့ကိုမျှ ဂရုမစိုက်၊ စာပြန်ရာတွင် အထစ်အငေါ့မရှိ မေးသမျှ ဖြေဆိုနိုင်ပုံကို တွေးမိရင်း စာရေးသူ ပြုံးမိသည်။

ကျောက်တော်ကြီးမြတ်စွာဘုရားနှင့် ပတ်သက်၍ စာ ရေးသူသည် ဖတ်ရှုခဲ့သမျှ၊ ကြားဖူးခဲ့သမျှကို စာရှုသူအပေါင်း ဗဟုသုတရစေရန် ကြိုးပမ်း၍ ရေးသားတင်ပြခဲ့ပေသည်။ အထူးသဖြင့် စာရေးသူအနေနှင့် မန္တလေးမြို့ရှိ တန်ခိုးကြီး ဘုရား လေးဆူ (မဟာမုနိဘုရားကြီး၊ ချမ်းသာကြီးဘုရားကြီး၊ ရွှေကျီးမြင်ဘုရား၊ ကျောက်တော်ကြီးဘုရား) ထံမှောက်၌ အဓိဋ္ဌာန်ဝင်ပုံကို အလေးထား ရေးသားခဲ့ခြင်းဖြစ်သလို စာရှု သူများအနေနှင့်လည်း ကျောက်တော်ကြီး မဟာသကျမာရဇိန် မြတ်စွာဘုရားကြီးထံမှောက်သို့ ကိုယ်တိုင်ကိုယ်ကျသွားရောက် ဖူးမြော်ရသလို ခံစားနိုင်ရန် ရည်သန်၍ ဓာတ်ပုံမှတ်တမ်း အပြည့်အစုံနှင့် ရေးသားတင်ပြလိုက်ရပေသည်။

❒ တက္ကသိုလ်မျိုး


မှီငြမ်း

၁။ မန္တလေးမဟာသကျမာရဇိန် ကျောက်တော်ကြီး မြတ်စွာဘုရားသမိုင်း အကျဉ်း၊ ၂။ မြန်မာ့စွယ်စုံကျမ်း အတွဲ(၂) ပထမပုံနှိပ်ခြင်း၊ ၁၉၅၅၊ မြန်မာ နိုင်ငံဘာသာပြန်စာပေအသင်း၊ ၃။ ကုန်းဘောင်ဆက် မဟာရာဇဝင် တော်ကြီး၊ ၁၉၆၈၊ တတိယတွဲ ဦးမောင်မောင်တင်၊ ၄။ မြန်မာဝန်ကြီး မှူးကြီးများ အတ္ထုပ္ပတ္တိ၊ ဒုတိယပုံနှိပ်ခြင်း၊ ၁၉၆၇၊ မော်ဘီဆရာသိန်း ၅။ အကြိမ်ကြိမ် သွားရောက်ဖူးမြော်လေ့လာခြင်း။

www.burmeseclassic.com

# စိမ်းလန်းသာယာ ကဝဲရွာ

ရွှေမန်ကျည်းလူကျော်



ဓမ္မာရုံအတွင်းမှ ရုပ်ပွားတော်

စာရေးသူသည် ၁၃၇၅ ခု၊ ကဆုန်လဆန်း ၃ ရက်၊ (၁၂-၅-၂၀၁၃) တနင်္ဂနွေနေ့တွင် ကဝဲရွာသို့သွားရောက်ခဲ့ပါသည်။ စာရေးသူနှင့်အတူ ကိုရင်မိုးမင်း (ရှင်သောပါက)၊ ကိုရင် ငြိမ်းချမ်း (ရှင်စန္ဒ) တို့ပါ ပါသည်။ ကဝဲ ဆိုသည်မှာ ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်၊ ဧရာဝတီမြစ်ကမ်း နံဘေး၌ တည်ရှိသော ကျေးရွာတစ်ရွာ ဖြစ်ပါသည်။

ကဝဲခရီးစဉ်ကို ရေးသားတင်ပြရလျှင် စာရေးသူသည် ကဆုန်လဆန်း ၃ ရက်နေ့ နံနက် ၅ နာရီအချိန်တွင် ကျောင်းမှ ကားဖြင့် စတင်ထွက်ခွာလာခဲ့ရာ နံနက် ၆ နာရီအချိန်တွင် ညောင်ဦးလေဆိပ်သို့ ရောက်ပါသည်။

ညောင်ဦးလေဆိပ်မှ ၇ နာရီ ၄၅ မိနစ်တွင် စတင်ပြီး လေယာဉ်ထွက်ခွာလာခဲ့ရာ မန္တလေးသို့ နံနက် ၈ နာရီ ၅ မိနစ်မှာ ရောက်၏။

မန္တလေးလေဆိပ်တွင် ၁၀ မိနစ်ခန့် ရပ်နားပြီး ၈ နာရီ ၁၅ မိနစ်မှာ ဆက်လက်ထွက်ခွာလာခဲ့ရာ ဟဲဟိုးလေဆိပ်သို့ နံနက် ၈ နာရီ ၄၅ မိနစ်မှာရောက်၏။ ၁၀ မိနစ်ခန့် ရပ်နားပြီး ဟဲလေးလေဆိပ်မှ နံနက် ၉ နာရီအချိန်တွင် ဆက်လက် ထွက်ခွာလာခဲ့ရာ ရန်ကုန်မြို့၊ မင်္ဂလာဒုံလေဆိပ်သို့ နံနက် ၁၀ နာရီအချိန်မှာ ရောက်ပါသည်။

လေယာဉ်ခမှာ (၅၃၀၀၀ိ/-)ပေးရသည်။ လေဆိပ်သို့ တပည့်ဖြစ်သူ ဦးစိတြနှင့် တူဖြစ်သူ မောင်ကျော်ဇေယျတို့ လာပြီး ကြိုကြသည်။

လေဆိပ်မှာ ခေတ္တ နားပြီး စာရေးသူ တည်းခိုမည့် လှိုင်မြို့နယ် ဇေယျဝတီကျောင်းတိုက်၊ ဦးဝေပုလ္လကျောင်းသို့ သွားရောက်ခဲ့ပါသည်။

စာရေးသူသည် ရန်ကုန်မြို့မှာ သုံးရက်ခန့်နေပြီး ကဝဲရွာသို့သွားရန် ကဆုန်လဆုတ် ၃ ရက်နေ့ နေ့လယ် ၂ နာရီတွင် ဇေယျဝတီကျောင်းတိုက်မှ မော်တင်သင်္ဘောဆိပ်သို့ဆင်းခဲ့ပါသည်။

မော်တင်သင်္ဘောဆိပ်မှ ကဝဲရွာသို့သွားရန် ရန်ကုန်-ကျုံမငေး ပြေးဆွဲနေသော တိုက်အောင် သင်္ဘောဖြင့် လိုက်ပါခဲ့ပါသည်။ ညနေ ၄ နာရီတွင် မော်တင်ဆိပ်ကမ်းမှ စတင်ထွက်ခွာလာခဲ့ရာ သင်္ဘောသွားရာ မြစ်ကမ်းနားတစ်လျှောက် ကျောင်းကန်ဘုရားများ၊ ရွာများ၊ စိမ်းစိုသော သစ်ပင်များကို များစွာတွေ့ရသည်။

ည ၈ နာရီ အချိန်တွင် မအူပင်မြို့သို့ရောက်၏။မအူပင်မြို့မှာ ရန်ကုန်မှ ပါလာသော ကုန်များကို ချပြီး မအူပင်မှ ကုန်များကို တင်နေသဖြင့် တစ်နာရီခန့် အချိန်ကြာပါသည်။ စာရေးသူတို့မှာ သင်္ဘောပေါ်မှာ အခန်းတစ်ခန်းကို

www.burmeseclassic.com

ရသဖြင့် သက်သောင့်သက်သာဖြင့် အိပ်ပြီး သင်္ဘောစီးလို့ ရပါသည်။ နံနက် ၆ နာရီအချိန်တွင် ရွှေလောင်းသို့ ရောက်သည်။

စာရေးသူသည် အိပ်ရာမှထပြီး ကိုယ်လက်သုတ်သင် မျက်နှာသစ်ပြီး သင်္ဘောခန်းထဲတွင် ထိုင်နေစဉ် အတူပါလာသော ကိုရင်လေးမှ မုန့်ဟင်းခါးလာပြီး ကပ်သဖြင့် မုန့်ဟင်းခါး ဘုဉ်းပေးပါသည်။ ရွှေလောင်းမှ မုန့်ဟင်းခါး ဘုဉ်းပေးလို့ ကောင်းပါသည်။

ရွှေလောင်းရွာမှ ဆက်လက်ထွက်ခွာလာခဲ့ရာ နံနက် ၉ နာရီအချိန်တွင် ရေမန်ကျည်းတန်းရွာသို့ ရောက်ရာ၊ သင်္ဘောရပ်နားစဉ် သင်္ဘောပေါ်မှ လူကြီးတစ်ဦးမှ စာရေးသူအား. . .

"ဘုန်းကြီးဘုရား၊ တပည့်တော်တို့ သင်္ဘောစက်ပျက်နေပါတယ် ဘုရား၊ စက်ပျက်တာ အတော်ကြာဦးမှာပါဘုရား၊ ဘုန်းကြီးသွားချင်တဲ့ ကဝဲရွာက သိပ်မဝေးတော့ဘူး ဘုရား၊ စက်လှေငှားပြီး သွားလို့ရပါတယ် ဘုရား" ဟု ဆိုပြီး လျှောက်ပါသည်။

ဒါနဲ့ စာရေးသူတို့သည် ကဝဲရွာသို့သွားရန် စက်လှေငှားပြီး ခရီးဆက်ခဲ့သည်။ စက်လှေပေါ်မှာ ပဲ့ပိုင်းမှ စက်မောင်းသူ တစ်ယောက်နှင့် စက်လှေအလယ်မှ လိုက်ပါသူက စက်လှေထဲမှ ရေတွေကို ခွက်တစ်ခုနှင့် ခပ်ပြီးထုတ်နေပါသည်။

ပဲ့ပိုင်းမှ လူက စကား ဘာမှ မပြောသော်လည်း အလယ်မှာထိုင်နေသူ လူကတော့ စောစောစီးစီး အရက်သောက်လာတယ် ထင်ပါရဲ့။ စကားကို ဆောင်ပြော မြောက်ပြော ဟိုပြော ဒီပြောနဲ့ မူးကြောင် ရူးကြောင် ဂဏှာ ကျောင် လုပ်နေသည်။ လူကလည်း ငြိမ်မနေ။ ဟိုဘက်လှုပ်လိုက် ဒီဘက်လှုပ်လိုက်နဲ့ နတ်ပူးသလို ယိမ်းထိုးပြီး နေသည်။

တသွင်သွင် စီးဆင်းနေသော ဧရာဝတီမြစ်ကြီးနှင့် မြစ်ကမ်းနံဘေး၌ ရှိသော စိမ်းလန်းစိုပြည်သော ရှုခင်းများကို မြင်ရသဖြင့် စာရေးသူစိတ်မှာ ကြည်လင် လန်းဆန်းနေရာမှ အမူးသမားကြောင့် စိတ်အနှောင့်အယှက် ဖြစ်ရသည်။ စက်လှေကလူး လူကမူးနှင့် အထူးပင် စိတ်ညစ်စရာကောင်းလှပါသည်။

နံနက် ၁၀ နာရီအချိန်မှာတော့ စာရေးသူ သွားချင်သော ရောက်ချင်သော ကဝဲရွာကို အောင်မြင်စွာ ရောက်ရှိသွားပါသည်။ စာရေးသူတို့ စက်လှေကမ်းနားဆိုက်သည်နှင့် တစ်ပြိုင်နက် ကဝဲရွာ ရွာဦးကျောင်း ဆရာတော် ဦးအာစိဏ္ဏနှင့် ကဝဲရွာထဲမှ ဦးလှအောင်+ဒေါ်ပြုံး၊ ဦးခင်သောင်း၊ ဦးကြည်ဝင်း၊ ဦးငွေ၊ ဦးထွန်းအောင်တို့က ဝမ်းသာအားရ ကြိုဆိုကြပါသည်။

## ကဝဲကျောင်း

ကဝဲ ဘုန်းတော်ကြီးကျောင်းသည် ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် ကဝဲရွာအလယ်တွင် တည်ရှိပါသည်။ ကဝဲကျောင်းသည် တသွင်သွင် စီးဆင်းနေသော ဧရာဝတီမြစ်ကြီး၏ အနောက်ဘက်ပေ(၂၀၀)ခန့်အကွာတွင် တည်ရှိပြီး အေးချမ်းတိတ်ဆိတ်သော ကျောင်းတစ်ကျောင်း ဖြစ်သည်။

ကျောင်းဝိုင်းအတွင်း၌ အုန်းပင်များ၊ သရက်ပင်များ၊ ကွမ်းသီးပင်များ၊ ပန်းပင်များဖြင့် တစ်ကျောင်းဝိုင်းလုံး စိမ်းလန်းစိုပြည်ပြီး သာယာလှပနေပါသည်။

မြစ်ပြင်မှ တဖြူးဖြူးတိုက်ခတ်လာသော သန့်ရှင်းလတ်ဆတ်သော လေနုအေးကလေးများကြောင့် နေချင့်စဖွယ်ကောင်းသောကျောင်းတစ်ကျောင်း ဖြစ်သည်။

## ဆရာတော်ဦးအာစိဏ္ဏအကြောင်း

ဆရာတော်ဦးစိဏ္ဏသည် သက်တော် (၅၈)နှစ်၊ ဝါတော် (၃၈)ဝါရှိပြီး အသားညိုညို ထောင်ထောင်မောင်းမောင်းနှင့် ကြည်ညိုဖွယ်ကောင်းသော ဥပမိရုပ်ရှိပါသည်။ ဆရာတော်သည် ကဝဲရွာတွင် ကျောင်းထိုင်ပြီးနေသော်လည်း စာရေးသူ၏ ပုဂံ-ညောင်ဦးမြို့နယ် မီးလောင်ဖျားရွာ ဇာတိဖြစ်သည်။

စာရေးသူနှင့် ဦးအာစိဏ္ဏသည် တစ်ရွာတည်းသား ဆရာတူတပည့်ဖြစ်ရုံမျှမက ညီအစ်ကိုဝမ်းကွဲလည်း တော်စပ်ပါသည်။

ဆရာတော် ဦးအာစိဏ္ဏသည် (၁၃)ဝါရရှိပြီး သက်တော် (၃၃)နှစ်တွင် ကဝဲရွာတွင် စတင်သီတင်းသုံး နေထိုင်တော်မူပြီး ကဝဲရွာနှင့် အနီးအနားရှိ ကျေးရွာများမှ ဒကာ၊ ဒကာမများကို တရားဒေသနာများ ဟောကြားခြင်း၊ ကလေးသူငယ်များကို ဘာသာရေးစာပေများ သင်ကြားပေးလျက်ရှိပြီး သာသနိက ကျောင်းကန်ဘုရားများကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ကျောင်းကန်ဘုရားများ အသစ်တည်ဆောက်ခြင်း စသောသာသနာပြုလုပ်ငန်းများကို ကြိုးစားပြီး လုပ်ကိုင်ဆောင်ရွက်တော်မူပါသည်။

ဆရာတော်သည် လောကီ၊ လောကုတ္တရာ ဗဟုသုတနှင့် ပြည့်စုံရုံမျှမက အသံသြဇာနှင့် ပြည့်စုံသဖြင့် တရားဟောကောင်းသော ဓမ္မကထိကတစ်ပါးလည်း ဖြစ်ပါသည်။

## ဦးလှအောင်+ဒေါ်ပြုံးတို့အကြောင်း

ဦးလှအောင်နှင့် ဒေါ်ပြုံးတို့ ဇနီးမောင်နှံသည် ကဝဲရွာတွင် အခြေချနေထိုင်ကြပြီး သူတို့မှာ လယ်ကေများများစွာရှိသဖြင့် လယ်လုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုကြပါသည်။

သူတို့မှာ မခင်သက်မွန်၊ မအိသက်မွန်၊ မဝင်းလဲ့မွန် ဟူသော သမီးသုံးဦးရှိသော်လည်း သားကတော့ တစ်ယောက်မှ မွေးဖွားခြင်း မရှိပါ။

သူတို့သည် အညာဒေသ စာရေးသူတို့ရွာကို မကြာခဏ လာရောက်လည်ပတ်ပြီး အလှူဒါနလည်း မကြာ



www.burmeseclassic.com



ပထမ ကဝဲဆရာတော်ကြီး



ဆရာတော် ဦးအာစိဏ္ဏ

ခဏ ပြုလုပ်လေ့ရှိပါသည်။ ပြီးခဲ့တဲ့နှစ် ၁၃၄၇ ခုနှစ် ကဆုန်လမှာ စာရေးသူတို့ ရွာကိုလာပြီး ရှင်မပြုနိုင်သော ကလေးသူငယ်များကို သိန်း (၁၀၀)ကျော်ခန့် အကုန်အကျခံပြီး သား ရှင်ပြုအလှူ မင်္ဂလာပွဲကြီး ခြိမ့်ခြိမ့်သဲ ကျင်းပပြုလုပ်ခဲ့ကြပါသည်။

သူတို့ရွာ ဘုန်းကြီးကျောင်း၌လည်း လိုအပ်တာမှန်သမျှ သူတို့ကပဲ အများနှင့် တိုင်ပင်ပြီး လှူဒါန်းကြပါသည်။ ဦးလှအောင်နှင့် ဒေါ်ပြုံးတို့သည် စေတနာသဒ္ဓါတရား ထက်သန်လှသလို စိတ်ထားလည်း မွန်မြတ်လှပေသည်။

မကြာခဏ လှူဒါန်းလေ့ရှိပြီး လှူဒါန်းသည့်အခါတွင်လည်း နှမြောတွန့်တိုမှု မရှိဘဲ ရက်ရက်ရောရော လှူဒါန်းကြပါသည်။ သူတို့သည် အလှူဒါန ပြုလုပ်ခြင်း၌ ဝါသနာပါသော၊ အလှူဒါနပြုလုပ်ရာ၌ ပျော်မွေ့သော ဒါနာဘိရတပုဂ္ဂိုလ်များ ဖြစ်ကြပါပေသည်။ သူတို့ရဲ့ စေတနာ သဒ္ဓါတရားကို လေးစားစွာ ချီးကျူးပြီး သူတို့ရဲ့ကောင်းမှုကိုလည်း သာဓုခေါ်ပါကြောင်း ဤနေရာမှ ရေးသားတင်ပြအပ်ပါသည်။

## လှေစီးခြင်း၏ အရသာ

ကဆုန်လဆုတ် ၇ရက်နေ့ နံနက် ၇ နာရီခွဲအချိန်တွင် ကဝဲကျောင်း၏ အရှေ့ဘက် ဧရာဝတီမြစ်ထဲမှာ စာရေးသူတို့ လှေစီးကြပါသည်။ စာရေးသူနှင့် ကိုရင်နှစ်ပါးကို ဦးလှအောင်၊ လှေသမား (သုံးယောက်)တို့က လိုက်ပို့သည်။

ပထမတွင် ကဝဲကျောင်းလှေဆိပ်မှ လှေကို စတင်ထွက်ခွာလာခဲ့ပြီး မြစ်လယ်သို့ရောက်သောအခါ စာရေးသူမှ တက်မကိုင်သော ဒကာကြီးအား တက်မ ကိုင်လိုကြောင်း ပြောပါသည်။

စာရေးသူတို့ရွာမှာ မြစ်နားနီးသဖြင့် စာရေးသူမှာ ငယ်စဉ်ကတည်းက ရေကူးတတ်၊ လှေလှော်တတ်ပါသည်။ တက်မကိုင်သော ဒကာကြီးက စာရေးသူအား တက်ကို ပေးသည်။

စာရေးသူတို့ လှေစီးနေစဉ် လေမရှိ လှိုင်းမရှိသဖြင့် ဧရာဝတီမြစ်ပြင်ကြီးဟာ သင်ဖြူးခင်းထားသကဲ့သို့ ပြန့်ပြူးငြိမ်သက်လျက်ရှိပါသည်။ ၁၀ မိနစ်ခန့် ကြာသောအခါ အလမန်းကျောင်းစုကျေးရွာကို ရောက်ရှိသည်။

အလမန်းကျောင်းစုကျေးရွာမှ ရှေ့ဆက်ပြီး မသွားတော့ဘဲ လှေကို မြစ်လယ်သို့ လှော်ခဲ့သည်။ မြစ်လယ်သို့ ရောက်သောအခါတွင် နံနက်ခင်း၏ တောက်ပသော နေရောင်ခြည်အောက်တွင် တသွင်သွင် စီးဆင်းနေသော မြစ်မင်း ဧရာပေါ်တွင် လှေစီးရသည်မှာ စိတ်ကြည်နူးဖွယ်ကောင်းသလို ပျော်စရာလည်းကောင်းလှသည်။

"ဧရာမြစ်ကမ်းခြေဆီ ×× မျှော်မျှော်ကာကြည့်ပြန်တော့ ×× လှိုင်းလုံးလုံ့ပေါ် ×× နေမင်းကို မျှော် ×× လှေကို လှော်၍ ×× မြစ်ပြင်ဖွေးဖွေး ×× လှေကလေးတွေဟာ ×× ရွက်ဖွင့်လို့သာ ×× နေမင်းဝါဝါ ရွှေပြာပြာ ×× လှေစီးရတာ ပျော်စရာကောင်းလှသည်" ဟူသော အဆိုတော်သန်းထွန်းလေး၏ ဂီတဒွာနိ သီချင်းကို ကြားယောင်မိတော့သည်။

www.burmeseclassic.com



ရွှေမန်ကျည်းကျောင်း ဆရာတော်



စာရေးသူ၊ ဆရာတော်ဦးအာစိဏ္ဏ၊ ဦးလှအောင်၊ ဒေါ်ပြုံး

မြစ်ထဲတွင် တစ်နာရီခန့် လှေစီးပြီးနောက် ကျောင်းပြန်လာခဲ့သည်။ ကျောင်းရောက်တော့ နံနက် ၁၀ နာရီထိုးနေပါပြီ။

ကဆုန်လဆုတ် ၈ ရက် ဥပုသ်နေ့ နံနက် ၉ နာရီအချိန်တွင် စာရေးသူတို့သည် အလမန်းကျောင်းစုကျေးရွာသို့ စက်လှေဖြင့် သွားကြသည်။

စာရေးသူနှင့်အတူ ကဝဲကျောင်းဆရာတော် ဦးအာစိဏ္ဏ၊ ကိုရင်နှစ်ပါး၊ စက်လှေသမားတို့ ပါပါသည်။ ၁၀ မိနစ်ခန့်ကြာသောအခါ အလမန်းကျောင်းစုကျေးရွာသို့ ရောက်ရှိပါသည်။



ဆရာတော် ဦးအာစိဏ္ဏ၊ ဦးလှအောင်၊ ဒေါ်ပြုံး၊ ကိုရင်နှစ်ပါး

အလမန်း ကျောင်းစုကျေးရွာသည် ကရင်တိုင်းရင်းသားများ နေထိုင်ကြသော ကျေးရွာတစ်ရွာ ဖြစ်သည်။ စာရေးသူတို့ ရောက်ရှိသွားသောအခါ မဏ္ဍပ်ကြီးအတွင်း၌ ကလေးလူကြီး ယောကျ်ားမိန်းမ အယောက် (၁၀၀) ခန့်တွေ့ရှိရပြီး ဦးအောင်မင်းဆွေ (အုပ်ချုပ်ရေးမှူး)၊ ဦးကံကျော်၊ ဦးအောင်မောင်း၊ ဦးဌေးလှ၊ ဦးအောင်လွှန်းတို့က ဝမ်းသာအားရ ကြိုဆိုကြပါသည်။

ထို့နောက် စာရေးသူတို့အား စားသောက်ဖွယ်ရာ အစုံအလင်ဖြင့် ရေနွေးကြမ်း ကပ်ကြပါသည်။ နံနက် ၁၀ နာရီအချိန်တွင် စုပေါင်းပြီး သီလယူကြသည်။ စာရေးသူမှ ရှစ်ပါးသီလပေး၊ တရား အနည်းငယ်ဟောပြီး ရေစက်ချပေးလိုက်ပါသည်။ နံနက် ၁၁ နာရီအချိန်တွင် နေ့ဆွမ်းကပ်၍ နေ့ဆွမ်းစားပြီး ပြန်လာခဲ့ရာ ကဝဲကျောင်းသို့ ၁၂ နာရီအချိန် ပြန်ရောက်ပါသည်။

www.burmeseclassic.com

**ပထမ ကဝဲဆရာတော်ကြီးအကြောင်း**

ပထမကဝဲကျောင်းဆရာတော်ကြီးသည် နာမည်ကြီးလှသည်။ ရပ်ဝေးရပ်နီးမှ ဒကာ ဒကာမများ လာရောက်ဖူးမြော်ကြည်ညိုကြသည်။

ဝိနည်း သိက္ခာပုဒ်ကို အလွန်လေးစားပြီး အနေအထိုင် ကောင်းရုံမျှမက သက်တော်ရှည် ဆရာတော်ကြီးတစ်ပါးဖြစ်သဖြင့် ဒကာ၊ ဒကာမများ မကြာခဏ လာပြီး သိမ်ထပ်ကြသည်။ သိမ်ထပ်သည့် အကြိမ်ပေါင်း (၂၅)ကြိမ်ရှိပြီဟု သိရှိရသည်။

စာရေးသူသည် ထိုဆရာတော်ကြီး အကြောင်းကို သိရှိလိုသဖြင့် ဆရာတော်ကြီး တပည့် ဒကာ၊ ဒကာမများ ဖြစ်ကြသော ယခုလက်ရှိ ကဝဲကျောင်း ဆရာတော် ဦးအာစိဏ္ဏနှင့် ဦးလှအောင် ဒေါ်ပြုံးဦးမောင်အေးတို့ကို အောက်ပါအတိုင်း မေးမြန်းကြည့်သည်။

"ဆရာတော်ကြီးရဲ့ ဘွဲ့က ဘယ်လို ခေါ်ပါသလဲ"

"ဦးပုညလို့ ခေါ်ပါတယ်"

"ဆရာတော်ကြီး ဇာတိက ဘယ်ကလဲ"

"ဧရာဝတီတိုင်း ဒေသကြီး ကြံခင်းမြို့ ဇာတိပါ"

"ကဝဲကျောင်း ဆရာတော်လောင်းလျာကို ဘယ်နှခုနှစ်မှာ ဖွားမြင်တော်မူခဲ့ပါသလဲ"

"၁၂၆၄ ခု၊ ပြာသိုလဆန်း ၄ ရက် ကြာသပတေးနေ့မှာ ဖွားမြင်တော်မူခဲ့ပါတယ်"

"ခမည်းတော်နှင့် မယ်တော်က ဘယ်သူတွေပါလဲ"

"ဦးလုံထော်၊ ဒေါ်ကျော့တို့ ဖြစ်ပါတယ်"

"ဆရာတော် လောင်းလျာကို ဘယ်အသက်အရွယ်လောက်မှ ဘယ်ဆရာတော်ထံမှာ ရှင်သာမဏေ ဝတ်ခဲ့ပါသလဲ"

"(၈)နှစ်သားအရွယ်မှာ ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် ကဝဲကျေးရွာ ရွာလယ်ဆရာတော် ဦးပညာထံမှာ ရှင်သာမဏေ ဝတ်ခဲ့ပါတယ်"

"ဆရာတော်ကြီးဟာ ဘယ်အချိန်မှာ ရဟန်းဖြစ်ခဲ့ပါသလဲ"

"၁၂၈၃ ခု၊ တန်ခူးလပြည့်ကျော် ၈ ရက်နေ့မှာ ရဟန်းဖြစ်တော်မူခဲ့ပါတယ်"

"ဆရာတော်ကြီးရဲ့ ရဟန်းဒါယကာ၊ ဒါယိကာမတွေက ဘယ်သူတွေပါလဲ"

"ဆရာတော်ကြီးရဲ့ ရဟန်းဒါယကာ၊ ဒါယိကာမတွေကတော့ ဦးဘိုးလှင်းနှင့် ဒေါ်အိတို့ ဖြစ်ကြပါတယ်"

"ဆရာတော်ကြီး ငယ်စဉ်က ဘယ်ကျောင်းတွေမှာ ပညာသင်ကြားခဲ့ပါသလဲ"

"ကဝဲကျောင်း ဆရာတော် ဦးပညာနှင့် အခန်းနေ ဆရာတော် ဦးသုမင်္ဂလတို့ထံမှာ အခြေခံ ပရိယတ္တိကျမ်းစာများကို သင်ယူခဲ့ပါတယ်။

နောက်ပြီးတော့ ပခုက္ကူတိုက်သစ် ဆရာတော်ဦးဇဝနထံမှာလည်းကောင်း၊ မြင်းခြံမြို့ (၇)ရာခိုင်တိုက်မှာလည်းကောင်း၊ ပေါင်းတည်မြို့ သေဋ္ဌာရုံကျောင်းတိုက်မှာလည်းကောင်း၊ပရိယတ္တိကျမ်းစာတွေကို သင်ယူခဲ့ပါတယ်၊ ပဋိပတ္တိကတော့ ၁၂၉၅ ခုနှစ်မှာ အင်းစိန်ဘိုကုန်း မင်းကွန်းကမ္မဋ္ဌာန်းတိုက်မှာ နည်းခံဆည်းပူးပြီး တရားအားထုတ်တော်မူခဲ့ပါတယ်"

"ဆရာတော်ကြီး၏ သာသနာရေးဆောင်ရွက်ချက်များကို သိသမျှ ပြောပြပေးပါ"

"ဆရာတော်ကြီးဟာ ကျောင်းထိုင်တဲ့အချိန်ကစပြီး ပျံလွန်တော်မူခါနီးအထိ ရပ်ဝေးရပ်နီးမှ ဒကာ၊ ဒကာမအပေါင်းတို့ကို တရားဒေသနာများဟောကြားခြင်း၊

ကလေးသူငယ်များအား ဘာသာရေးစာပေတို့ကို သင်ကြားပေးခြင်း၊ ရှိပြီးသား သာသနိကအဆောက်အအုံ၊ ကျောင်းကန်ဘုရားတို့ကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ကျောင်း ဘုရားအသစ်တည်ဆော က်ခြင်း၊ ဇီဝိတဒါန သံဃာဆေးရုံကြီး၌ ငွေပဒေသာပင်များ စိုက်ထူလှူဒါန်းခြင်း၊

ဝါးခယ်မမြို့နယ် သံဃနာယကဥက္ကဋ္ဌ ဆရာတော်အဖြစ် ဆောင်ရွက်ခြင်း စသောသာသနာပြုလုပ်ငန်းများကို ကြိုးစားပမ်းစား ဆောင်ရွက်တော်မူခဲ့ပါတယ်"

"ဆရာတော်ကြီး မကြာခဏ ဟောကြားတော်မူခဲ့တဲ့ တရားတော်တွေ သိသမျှ ပြောပြပေးပါ"

"ဆရာတော်ကြီး မကြာခဏ ဟောကြားတော်မူခဲ့တဲ့ တရားတွေကတော့ . . .

အိပ်ရာဝင်လျှင် ဘုရားရှင် ဦးတင် လက်အုပ်ချီလိုက်ပါ၊ အိပ်ရာထလျှင် ဘုရားရှင် ဦးတင် လက်အုပ်ချီလိုက်ပါ၊ အိပ်ရာဝင် အိပ်ရာထ ဘုရားကို မမေ့ကြနှင့် (သတိအဝိပ္ပဝါသော) သတိမကင်းကြနဲ့။

သတိကင်းနေရင် အသက်ရှင်လျက် သေနေသူပဲ၊ ဒါလေး မှတ်ကြ တော့ အို နာ သေ မကင်းသမျှ သတိနဲ့ နေမှ တော်မယ်၊ မေ့မေ့လျော့လျော့ မအိပ်ကြနဲ့၊

ကိုင်း . . . လိုက်ဆိုကြစမ်း။

အိပ်ရာထလျှင် မျက်နှာဖြင့် **ရေစင်အောင်သာ သစ်ကြပါ။**

အိပ်ရာ ထတဲ့အခါ ညအခါ ကာလ၌ သူသေကောင်ကဲ့သို့အလောင်းကောင်ကဲ့သို့ အပုပ်ရည်၊ မျက်ချေး ဆီကြည်၊ နှပ်၊ တံတွေး၊ ချွေး၊ မျက်ဝ တို့ဟာ ဒွါရကိုးပေါက်မှ အပုပ်ကောင် ကဲ့သို့ ယိုစီးထွက်ကျနေတဲ့ ရွံရှာဖွယ် အတိဖြစ် အညစ်အကြေးတွေကို ကြယ်အောင် ဆေးကြပါ။

လိုက်ဆိုကြဦး။

အိပ်ရာထလျှင်၊ ရေကိုမြင် ကြည်လင် မေတ္တာပွားများပါ၊ အိပ် က နိုးတဲ့အခါ ရေအေးလေး စိန်းစိမ့် ကြည့်ပြီး တစ်လောကလုံးမှာ ရှိကြ





www.burmeseclassic.com

www.burmeseclassic.com

ဥုင္ရွရွ သတ္တဝါအနန္တတို့ဟာ ဤရေ ချမ်းကဲ့သို့ အေးမြကြပါစေ၊ အဲဒီလို ဓေတ္တာပွားကြပါ။

လိုက်ဆိုကြစမ်း။

မိန်းမ ယောကျ်ား၊ ခရီးသွား၊ ငါးပါးသီလ ယူလိုက်ပါ။ သရဏဂုံ များများထုံ၊ လွှမ်းခြုံခရီးသွားကြပါ။

ခရီးသွားရင် ဘုရားမှာ ငါးပါးသီလခံယူကြ၊ သရဏဂုံရွတ်ဆိုကြ။ နေ့စဉ် နေ့စဉ် ရွတ်ဆိုရမည်။ ခလုတ်မထိ ဆူးမငြိဘူး၊ ဘေးရန်ကင်းတယ်၊ ဂတိကောင်းမွန်တယ်၊ သရဏဂုံ အကျိုးတွေ ဟောကြားလို့ မကုန်ဘူး။ အထင်မသေးကြနဲ့။ လက်ဆောင်ကောင်းကောင်း တစ်ခုပေးလိုက်တာပဲ၊ ယူဆောင်သွားကြ။

လိုက်ဆိုကြဦး။

နှစ်ဆယ့်လေးဖြာ၊ ပဋ္ဌာန်းစာ၊ မကြာမကြာ ရွတ်ဆိုကြ။ (၂၄)ပစ္စည်း ပဋ္ဌာန်းပါဠိလေးကို မကြာမကြာရွတ်ဆိုကြ။ အနန္တတဲ့ အဆုံးအပိုင်းအခြားမရှိဘူး။ ရဟန်းဆိုလျှင် ကျောင်းမရှားဘူး။ နတ်တွေချစ်တယ်၊ သူတော်ကောင်းတွေချစ်တယ်၊ စီးပွားဥစ္စာတိုးတက်တယ်။

ကိုင်းတော်လောက်ပါပြီ သာဓုခေါ်ကြတော့။

**ဆရာတော်ကြီး ဟောကြားတော်မူသော သစ္စာလေးပါးတရားတော်**

သစ္စာလေးပါး အတိုချုပ်အားဖြင့် ဒုက္ခဆိုတာ ဘာခေါ်တာတုန်း၊ ဒုက္ခဆိုတာ ဆင်းရဲတာ၊ သစ္စာဆိုတာ အမှန်တရား၊ ဆင်းရဲတဲ့ အမှန်တရား၊ သိလား၊ ဒါလဲ မသိဘူး၊ သစ္စာလေးပါး ဟောတော့ နက်နဲလာပြီနော်၊ တို့ ဒကာ ဒကာမတွေ စိတ်ကို ပြုပြင်ပြီး အထူးသဖြင့် အာရုံပြု အင်မတန်အကျိုးများတယ်၊ သံသရာကြီး ကျင်လည်နေရတာ သစ္စာမသိခြင်းကြောင့်။

အဲဒီတော့ ယခုဘဝ သစ္စာလေးပါး ကြားဖူးလို့ရှိရင် နောက်နောင်ဘဝတွေမှာ သူတော်ကောင်းနဲ့ တွေ့လို့ရှိရင် လွယ်ကူတယ်၊ ဒါကြောင့်မို့လို့ ဒုက္ခသစ္စာဆိုတာ ဒုက္ခက ဆင်းရဲတယ်၊ သစ္စာတအမှန်တရား၊

သမုဒယသစ္စာဆိုတာ ဒုက္ခဖြစ်ကြောင်း တရား၊ သစ္စာက အမှန်။ နိရောဓသစ္စာဆိုတာ ဒုက္ခသမုဒယတို့ ချုပ်ကြောင်း သစ္စာကအမှန်၊ မဂ္ဂသစ္စာဆိုတာ ဒုက္ခသမုဒယတို့ ချုပ်ငြိမ်းရာဖြစ်တဲ့ နိဗ္ဗာန်သို့ သွားရာလမ်းကြောင်း၊ သစ္စာဆိုတာ အမှန်တရား အမှန်တရားလေးချက်ကို မသိဘူး။

အဲဒါကြောင့်မို့ ဒုက္ခဖြစ်တာ အမှန်၊ အဲဒါလဲ မသိဘူး၊ ဒုက္ခဖြစ်ကြောင်း တရားကလဲ အမှန်၊ ဒါလဲ မသိဘူး၊ ဒုက္ခဖြစ်စေတတ်သော အကြောင်းတရားအမှန် မသိဘူး၊ သမုဒယချုပ်ငြိမ်းရာဖြစ်တဲ့ နိဗ္ဗာန်သို့ သွားရာလမ်းကြောင်းအမှန် မသိဘူး၊ နိဗ္ဗာန်သို့သွားရာ လမ်းကြောင်းဖြစ်တဲ့ မဂ္ဂင်ရှစ်ပါး အမှန်၊ ဒါလဲ မသိဘူး။

အဲဒါကြောင့်မို့လို့ ဒုက္ခကို ဒုက္ခမှန်းမသိ။ သမုဒယကို သမုဒယမှန်းမသိ။ နိရောဓကို နိရောဓမှန်းမသိ။ မဂ္ဂကို မဂ္ဂမှန်း မသိ။ အဲဒီလို ဖောက်လှဲဖောက်ပြန်ပြန်တွေ ဖြစ်နေကြတယ်။

ဒုက္ခကို ဒုက္ခမှန်း မသိဘူးဆိုတာ ဘယ်လိုဟာတုံး။

တို့ ဒကာ၊ ဒကာမတွေ အများအားဖြင့် ဒုက္ခသစ္စာတရားတွေ ရောက်နေတာ မသိကြဘူး။

အဲဒီ ဒုက္ခကို သုခလို့ ထင်နေကြတယ်။ ဒုက္ခဖြစ်ကြောင်းတရားကို သုခဖြစ်ကြောင်း တရားလို့ ထင်နေကြတယ်။

အဲဒီလို ဖောက်ဖောက်ပြန်ပြန်ကြီး ဖြစ်နေကြတယ်၊ ဒုက္ခ ဒုက္ခဆိုတာ သူ့အလိုလို စကားလား၊ မဟုတ်ဘူး၊ သမုဒယကြောင့် ဒုက္ခဖြစ်ရတယ်။ သမုဒယဆိုတာ ပါဠိစကား။ မြန်မာလိုဆိုတော့ ဘယ်လိုဟာတုံး။

တရားကိုယ်အားဖြင့် လောဘ၊ တွယ်တာမှု ခင်မင်မှုဟာ လောဘ၊ တွယ်တာမှု ခင်မင်မှုဆိုတာဟာ ဒုက္ခဖြစ်ကြောင်းတရားပေါ့။

ဥပမာအားဖြင့် မိမိခန္ဓာကိုယ်ကြီးကို တွယ်တာတယ်၊ သားသမီးကို တွယ်တာတယ်၊ တွယ်တာနဲ့ တစ်ပြိုင်နက် အကြောင်းသမုဒယခံပြီး ကျောင်းဒကာမကြီးက လာပင့်တယ်။

အဲဒါလက်ခံလိုက်တယ်။ ယခုကြွရတယ်။ ညောင်းညာတယ်၊ တင်ပျဉ်ခွေပြီး ထိုင်နေရတယ်၊ အဲဒါ ဒကာမကြီးကို တွယ်တာလိုက်လို့ အကြောင်းသမုဒယကြောင့် အကျိုး ဒုက္ခဖြစ်ရတယ်၊ သမုဒယပြတ်မှ ဒုက္ခ အကျိုးငြိမ်းမယ်၊ ဒုက္ခ အနက်လေးချက် ပီဠနဋ္ဌ၊ သင်္ခတဋ္ဌ၊ သန္တာပဋ္ဌ၊ ဝိပရိဏာမဋ္ဌ။

ပီဠနဋ္ဌ ဒုက္ခဆိုတာ ဘာတုံး။ ကပ်၍ နှိပ်စက်ခြင်း၊ သင်္ခတဋ္ဌဒုက္ခဆိုတာ ပြုပြင်၍ နှိပ်စက်ခြင်း၊ သန္တာပဋ္ဌဒုက္ခဆိုတာ ပူပန်၍ နှိပ်စက်ခြင်း၊ ဝိပရိဏာမဋ္ဌ ဒုက္ခဆိုတာ ဖောက်ပြန်၍ နှိပ်စက်ခြင်း၊ ထို ဒုက္ခအနက်လေးချက်တို့တွင် ပီဠနဋ္ဌ ဒုက္ခကို ရှင်းပြမယ်၊ သွားတဲ့ အခိုက်မှာလဲ သွားတဲ့ အနာဖြစ်လို့ ဆင်းရဲတယ်၊ ထိုင်တဲ့အခိုက် ထိုင်တဲ့အနာဖြစ်လို့ နှိပ်စက်တယ်၊ ကိုင်း - လိုက်ဆိုကြစမ်း။

သွားလိုသည်သာ၊ နေစမ်းပါ၊ သွားနာဖြစ်၍ နှိပ်စက်တယ်။

ထိုင်လို့ ဖြစ်လာ၊ အထိုင်နာ၊ ထကာ ပြင်ရသည်။

ဥပမာ ဆိုကြပါတော့ ကွမ်းစားတဲ့ ပုဂ္ဂိုလ်ဟာ ကွမ်းရှာရတယ်၊ ထုံးရှာရတယ်၊ ဆေးရှာရတယ်၊ ကွမ်းသီးရှာရတယ်၊ အားလုံးပြည့်စုံတော့ ကွမ်းသီးညှပ်ရတယ်။

ပြီးတော့ ဝါးလိုက် ထွေးလိုက်၊ ထွေးလိုက် ဝါးလိုက်နဲ့ အလုပ်တွေ ရှုပ်နေတာပဲ။ ဘေးက မစားတဲ့ သူကတော့ သူ့ကို ကြည့်ပြီး ဆင်းရဲလိုက်တာနော်။

အလုပ်တွေ တစ်ခုပြီး တစ်ခု ရှုပ်နေတာပဲ။

အဲဒါ ဘာတဲ့တုံး။ ကပ်၍နှိပ်စက်တတ်တဲ့ ပီဠနဋ္ဌဒုက္ခဟူ၍ မှတ်။

www.burmeseclassic.com

တဲ ဒီလောကနဲ့ ရပ်နားကြဦးစို့။

(ဆရာတော်ကြီး ပေါကြား တော်မူအပ်သော သစ္စာလေးပါး တရားတော်ကို တိပ်ခွေမှ နာယူပြီး ရေးသားတင်ပြအပ်ပါသည်)

"ဆရာတော်ကြီးဟာ ပျံလွန်တော်မူတော့ သက်တော် ဝါတော် ဘယ်လောက်ရှိပါသလဲ"

"သက်တော် (၁၀၁)နှစ်၊ ဝါတော် (၈၁)ဝါ ရှိပါပြီ"

"ဆရာတော်ကြီးဟာ ပျံလွန်တော်မူခါနီးမှာ ဘာများ ထူးထူးခြားခြား မှာကြားခဲ့ပါသလဲ"

"ပျံလွန်တော်မူခါနီးမှာ ကဗျာလေးတစ်ပုဒ် ရေးစပ်ထားခဲ့ပါတယ်၊ ကဗျာကတော့"

(၁) ငါသေသည့်ခါ၊ လျင်မြန်စွာ၊ ရေသာ ချိုးပါကွယ့်။

(၂) ရေချိုးပြီးခါ၊ စင်အောင်သာ၊ နာနာသုတ်ပါတဲ့။

(၃) သုတ်သင်ပြီးခါ၊ သန့်ပြန့်စွာ ဝတ်ပါ သင်္ကန်းတဲ့။

(၄) သေပြီး ညချမ်း၊ ခဏပန်း၊ ရင်ဝမ်းခွဲကြကွယ့်။

(၅) ခွဲပြီး မဆိတ်၊ ထုံးဆားသိပ်၊ စိပ်စိပ်ချုပ်ပါဟဲ့။

(၆) ချုပ်ပြုပြီးခါ၊ သန့်ပြန့်စွာ၊ ဝတ်ပါသင်္ကန်းနဲ့။

(၇) ညောင်စောင်း ခုတင်၊ အလောင်းတင်၊ ဆင်ယင်မပြုနဲ့။

(၈) သစ်သားသုံးချပ်၊ ချင်းချင်းအပ်၊ ခေါင်းစပ်ထည့်ပါကွယ့်။

(၉) ထည့်ပြီးသောခါ၊ ခေါင်းပိတ်ပါ၊ နာနာချုပ်ကြဟဲ့။

(၁၀) မကြာချက်ချင်း၊ (၇)ရက်အတွင်း၊ မီးသဂြိုဟ်ကြကွယ့်၊

(၁၁) အုန်းနှစ်ပင်ကြား၊ ရွှေ့မြောက်နား၊ မီးသွားရှို့ကြကွယ့်။

(၁၂) မီးရှို့ပြီးခါ၊ အရိုးပြာ၊ ရေမှာ မျှောကြကွယ့်။

(၁၃) ကုသိုလ်လိုလို၊ ဘာလိုလို၊ အပိုမလုပ်နဲ့။

ဤကဲ့သို့ စာရေးသူ မေးသမျှကို ဆရာတော် ဦးအာစိဏ္ဏနှင့် ဦးလှအောင်+ဒေါ်ပြုံး၊ ဦးမောင်အေးတို့က စိတ်ရှည်လက်ရှည် ဖြေကြားပေးပါသည်။

ဤသည်တို့ကား ကဝဲရွာ အကြောင်းနှင့် ပထမကဝဲဆရာတော်ကြီးအကြောင်းတို့ကို စာရေးသူ မြင်သမျှ ကြားသမျှ တွေ့ကြုံသမျှတို့ကို စုစည်းပြီး ရေးသားတင်ပြထားခြင်း ဖြစ်ပါသည်။

စာရှုသူများ အကယ်၍ ကြုံကြိုက်လို့ ဝါးခယ်မမြို့သို့ ရောက်ရှိခဲ့ပါက ကဝဲရွာကို ရောက်အောင်သွားပြီး ကြည့်ရှုလေ့လာစရာများကို ကြည့်ရှုလေ့လာရင်း ပထမကဝဲရွာ ဆရာတော်ကြီးအကြောင်းကိုလည်း စုံစမ်းမေးမြန်းနိုင်ပါကြောင်း စေတနာကောင်းဖြင့် ရေးသားတင်ပြရင်း အောက်ပါကဗျာလေးဖြင့် စာရေးသူ၏ ဆောင်းပါးကို နိဂုံးချုပ်လိုက်ပါသည်။

"ကဝဲရွာ ဂုဏ်ပြုကဗျာ"

*ကဝဲရေ နောက်ကျိကျိ*
*သောက်မိတော့ မပြန်နိုင်*
*ကဝဲရွာ စေတနာတရား*
*များးလှခိုင်ခိုင်။*
*လှူဒါန်းကြ မြိုင်မြိုင်ဆိုင်ဆိုင်*
*နှစ်စဉ်တိုင်းပ အမြဲ။*
*မောင်လဲပဲ ကုသိုလ်ပါလို့*
*မယ်လဲပဲ ကုသိုလ်ပါလို့*
*ပြည်ခေမာ နိဗ္ဗာန်နန်းကို*
*မြန်းဖို့မလွဲ။*
မေတ္တာသဟဂတေန
စေတသာ - မေတ္တာစိတ်ဖြင့်။

☐ ရွှေမန်းကျည်းလှကျော်

မြတ်စွာဘုရားရှင်သည် ၄၅ ဝါ ကာလပတ်လုံး သတ္တဝါ အပေါင်းတို့အား တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးခဲ့သော တရားတော်များတွင် တချို့သောတရားတော်တို့မှာ ရှေ့စကား နောက်စကား မညီသကဲ့သို့ ဖြစ်နေသည်။

ထို မညီသော တရား အကြောင်းအရာတို့အား သာမန်တွေးတတ်သူတို့က မြတ်စွာဘုရားသည် စကားကို နှစ်မျိုးပြောသူ၊ ရှေ့စကား နောက်စကား ညီအောင် မပြောတတ်သူဟု ထင်ကြပေလိမ့်မည်။ အမှန်စင်စစ်မူ ဗုဒ္ဓမြတ်စွာတို့မည်သည် မှန်သော စကားကိုသာ ဆိုတော်မူကြသည်သာ ဖြစ်သည်။ သို့သော် နားမလည်သူတို့အတွက်မူ တွေးတောစရာ၊ ထောက်ပြစရာ ဖြစ်ပေလိမ့်မည်။ ပြဿနာတစ်ရပ်အဖြစ် မှတ်ကောင်း မှတ်ကြပေလိမ့်မည်။

ယောနကတိုင်း သာဂလပြည့်ရှင် မိလိန္ဒမင်းကြီးသည်လည်း ထိုအတွေး မျိုးဝင်ခဲ့သည်။ စိတ်ထဲတွင် မရှင်းမလင်း ဖြစ်ခဲ့သည်။ သူ၏စိတ်ထဲမှာ မြတ်စွာဘုရား၏ တရားတော်အချို့က အစွန်းရောက်လျက် မှားနေသည်ဟု ထင်ခဲ့သည်တို့ကို "အရှင်နာဂသေန မထေရ်မြတ်"က ရှင်းလင်းပေးခဲ့သည်။

ထိုအခါ မှားသည်ဟုထင်ရသော အမှန်များကို သိခဲ့ရသည်။

ထိုအမှန်များထဲမှ တစ်ခုမှာ. . .

"အရှင်နာဂသေနထေရ်" သည် မိလိန္ဒမင်းကြီး၏ အမေးကို ဖွင့်လင့်နေသည်။ မိလိန္ဒမင်းကြီးသည် အရှင်မြတ်အား ကောင်းစွာရှိခိုးပြီးနောက် . . .

"အရှင်မြတ်ဘုရား၊ တပည့်တော်၏စိတ်၌ရှိသော အရာကို မေးလျှောက်ခွင့်ပြုပါ ဘုရား" ဟု လျှောက်လရာ အရှင်မြတ်က . . .

www.burmeseclassic.com

www.burmeseclassic.com



# မှားသည့်ထင်ရသော အမှန်များ

**ဒရာ(ဗေဂတ)**

"မေးလျှောက်လော့ မင်းကြီး" ဟု ခွင့်ပြုလေသည်။

ထိုအခါ မိလိန္ဒမင်းကြီးသည်. . .

"အရှင်ဘုရား မြတ်စွာဘုရားဟာ အရှင်အာနန္ဒာကို ယခုအခါ သာသာနာသည် အနှစ်ငါးရာသာ တည်လတ္တံ့ဟု ဟောတော်မူခဲ့ပါသလား ဘုရား" ဟု မေးလျှောက်လေရာ အရှင်မြတ်က မင်းကြီး၏မေးခွန်းအား "ဟောတော်မူခဲ့ပေတယ်"မင်းကြီးဟု ပြန်ဖြေလေသည်။

"တပည့်တော် ဆက်ပြီး မေးလျှောက်ပါဦးမယ် အရှင်ဘုရား၊ ပရိနိဗ္ဗာန် စံတော်မူခါနီးအချိန်မှာ 'သုဘဒ္ဒပရိဗိုဇ်ကို ရဟန်း အပေါင်းတို့သည် ကောင်းစွာ နေထိုင်ကြမူကား လောကသည် ရဟန္တာတို့ မဆိတ်သုဉ်းဘူးလို့လည်း ဟောထားကြောင်းကို သိရပါတယ် ဘုရား၊ အဲဒါ မှန်ပါသလား"

"မှန်ပေတယ် မင်းကြီး၊ မြတ်စွာဘုရားရှင် ဒီအတိုင်းမိန့်တော်မူပေတယ်"

မိလိန္ဒမင်းကြီးသည် အရှင်မြတ်၏ မျက်နှာအား ကြည့်ကာ ပြုံးလိုက်ပြီးနောက် . . .

"ဘယ်လိုပါလဲ အရှင်ဘုရား၊ သာသနာဟာ အနှစ်ငါးရာပဲတည်မယ်လို့လဲ ပြောတယ်၊ ပြီးတော့ လောကမှာရဟန္တာတို့ မဆိတ်သုဉ်းဘူးလို့လဲ ပြောတယ်၊ စကားနှစ်ခုဟာ ရှေ့နောက် မညီပါဘုရား၊ တစ်ခုခုကတော့ မှားနေပြီထင်တယ် ဘုရား၊ အရှင်ဘုရား ဒီပြဿနာကို ဘယ်လို ဖြေရှင်းမလဲ ဘုရား" ဟု လျှောက်လိုက်သည်။

"မင်းကြီး၊ မြတ်စွာဘုရားရှင်သည် ပထမစကားကို မိန့်တော်မူခဲ့သလို ဒုတိယစကားကိုလည်း မိန့်တော်မူခဲ့တယ်၊ မင်းကြီး မြတ်စွာဘုရားရှင်တို့မည်သည် မှန်သောစကားကိုသာ ဆိုတတ်ကြပေတယ်၊ မင်းကြီး ဘာသာအမှန်ကို အမှားထင်နေတာ"

ဟု ပြန်ပြောလေသည်။

"တပည့်တော် မှားတယ်ဆိုရင် အရှင်ဘုရားက မှန်ကြောင်း သက်သေပြပါ ဘုရား"

"မင်းကြီး၊ အာနန္ဒာ ယခုအခါ သာသာနာသည် အနှစ်ငါးရာတို့ ပတ်လုံးသာ တည်လတ္တံ့ ဟူသော စကားသည်လည်းကောင်း၊ သုဘဒ္ဒပရိဗိုဇ်၊ ဤရဟန်းတို့သည်ကား ကောင်းစွာနေကြမူကား လောက၌ ရဟန္တာတို့ မဆိတ်ကွယ်ကြဟူသော စကားနှစ်ခွန်းတွင် ပထမစကားဖြစ်တဲ့ သာသနာနှစ်ငါးရာဟူသော စကားမှာ သာသာနာတော်နှစ်ကို ပိုင်းခြား ဖော်ပြသောစကား ဖြစ်ပေတယ်"

"ဒါဆိုရင် ဒုတိယစကားရဲ့ အဓိပ္ပာယ်က ဘယ်လိုများထူးပါသလဲ အရှင်ဘုရား"

"မင်းကြီး၊ ရဟန္တာတို့ မဆိတ်ကွယ်ဆိုတဲ့ စကားကတော့ ပဋိပတ်၏ အစွမ်းကို ပြတဲ့စကားသာ ဖြစ်ပေတယ်၊ ဒါကြောင့် ဒီစကားနှစ်ခွန်းဟာ တစ်ခွန်း

www.burmeseclassic.com

**နဲ့တစ်ခွန်း ဆက်စပ်မှုမရှိဘဲ မိုးနဲ့ မြေ ကြီးလို နတ်ပြည်နဲ့ ငရဲပြည်လို ဝေးကွာ** တင်းပြတ် ခြားနားလှပေတယ်"

အရှင်မြတ်၏စကား ဆုံးတော်မူသောအခါ မိလိန္ဒမင်းကြီးသည် . . .

"တပည့်တော်ကို ဒီထက်ပို၍ရှင်းအောင်ဆိုတော်မူပါဦးဘုရား"ဟုလျှောက်ကြားလေသည်။

"ကောင်းပြီ မင်းကြီး နားဆင်လေ၊ အနှစ်ငါးရာ ဟူသော စကားတော်က ဘိက္ခုနီမတို့နဲ့ သက်ဆိုင်ပြီး အကြွင်းစကားကိုသာ ဆိုခြင်း ဖြစ်ပေတယ်"

"ဘယ်လို အကြွင်းစကားမျိုးပါလဲ အရှင်ဘုရား"

"မင်းကြီး၊ မြတ်စွာဘုရားရှင်က အရှင်အာနန္ဒာကို 'အာနန္ဒာ ဘိက္ခုနီမတို့သည် အကယ်၍ သာသာနာတော်၌ ရဟန်းမပြုကြကုန်မူ သာသာနာတော်သည် အနှစ်တစ်ထောင်ပတ်လုံး တည်နိုင်ရာ'၏လို့ ဘိက္ခုနီသာသနာကို ရည်ညွှန်းပြီး ယခုအခါ သာသနာသည် အနှစ်ငါးရာတို့ပတ်လုံးသာ တည်လတ္တံ့ဟု ကြွင်းသောနှစ်ကို ပိုင်းခြားခြင်း ဖြစ်တယ်"

"အရှင်ဘုရား သို့ဖြစ်လျှင် သုဘဒ်ပရိဗိုဇ်အားဆိုသော စကားအားလဲ ရှင်းပါဦးလော့"

"ကောင်းပြီမင်းကြီး အာရုံစိုက်၍ နားထောင်ချေလော့"

"မှန်လှပါ အရှင်ဘုရား"

"တစ်ဖက်ဆည်ကန်တစ်ခု ရှိတာယ်ဆိုပါစို့၊ မိုးသည် အဆက်မပြတ် သည်းထန်စွာ ရွာသွန်းတဲ့အခါမှာ အဲဒီ တစ်ဖက်ဆည်ကန်ထဲက ရေက ယုတ်လျော့သွားမှာလား မင်းကြီး"

နာဂသေနအရှင်မြတ်က မိလိန္ဒမင်းကြီးအား မေးလိုက်သည်။

"မှန်လှပါ ဘုရား၊ ယုတ်လျော့သွားခြင်း မရှိပါဘူး အရှင်ဘုရား"

"ဘာကြောင့်ပါလဲ မင်းကြီး"

"မိုးအဆက်မပြတ် ရွာသွန်းခြင်းကြောင့်ပါ အရှင်ဘုရား"

မင်းကြီးက နာဂသေန အရှင်မြတ်၏ မေးခွန်းကို မဆိုင်းမတွပင် ဖြေကြားလိုက်သည်။

"မင်းကြီး၊ ဒီလိုပါပဲ မြတ်စွာဘုရားရှင်ရဲ့ သာသနာတော်မြတ်ကြီး ဟူသော တရားကန်တော်ကြီးဟာ အကျင့်သီလတည်းဟူသော မိုးရေစက်တို့ အဆက်မပြတ် ရွာသွန်းခြင်းကြောင့် သူတော်ကောင်းတရားတည်း ဟူသော ရေသည် မယုတ်မလျော့ ကာလကြာမြင့်စွာ တည်ရာ၏"

"ကောင်းလှပါပေတယ် အရှင်ဘုရား၊ပို၍ထင်ရှားအောင် ဥပမာဆောင်ပါဦးလော့"

မိလိန္ဒမင်းကြီးက တောင်းပန်လျှောက်ထားလိုက်သည်။

"မင်းကြီး၊ သင့်အား ကျွန်ုပ် မေးပေဦးအံ့"

"မေးတော်မူပါ အရှင်ဘုရား"

"လင်းထိန်နေအောင် တောက်လောင်နေတဲ့ မီးပုံကြီးထဲ ထင်းခြောက်၊ မြက်ခြောက်တွေ ထည့်လိုက်ရင် အဲဒီ မီးပုံကြီးက ငြိမ်းသွားမှာပါလား"

နာဂသေနအရှင်မြတ်၏ မေးခွန်းက နိုးစင်းလှသည်။

ထို့ကြောင့် မင်းကြီးက . . .

"မငြိမ်းပါ ဘုရား၊ ပို၍ပင်တောက်လောင် ထွန်းလင်းလာပါလိမ့်မယ်" ဟု ပြန်ဖြေလိုက်သည်။

"ထို့အတူပဲ မင်းကြီး၊ ဘုရားသားတော်တွေဟာ ငါးပါးသော ကမ္မဋ္ဌာန်းတရား အားထုတ်နိုင်သော အင်္ဂါတို့နှင့် ပြည့်စုံကြပြီး အမြဲမပြတ် မမေ့မလျော့ အားထုတ်ကြမယ်ဆိုရင် ပြီးတော့သိက္ခာသုံးပါးနှင့်တကွ စာရိတ္တသီလတို့ကိုပြည့်စုံအောင် ကျင့်မယ်ဆိုရင်ဖြင့် မြတ်စွာဘုရားရဲ့ သာသာနာတော်ဟာ ကာလကြာရှည်စွာတည်ပြီး ရဟန္တာတို့ မဆိတ်မကွယ်လတ္တံ့လို့ ဟောတော်မူခဲ့ခြင်း ဖြစ်ပေတယ်"

မိလန္ဒမင်းကြီးသည် အားရ ကျေနပ်စွာ ပြုံးလိုက်ပြီး . . .

"အရှင်ဘုရား ... ဖွယ်ရာစကား ရှိသေးက ဆိုပါဦးဘုရား" ဟု လျှောက်လေရာ အရှင်မြတ်က . . .

"မင်းကြီး၊ မြတ်စွာဘုရား၏ သာသနာတော်သည် အကျင့်ပဋိပတ်သာလျှင် အရင်းခံ ဖြစ်တာကြောင့် အကျင့်ပဋိပတ် မကွယ်သမျှ သာသနာတော် တည်ပေလိမ့်မယ် မင်းကြီး" ဟု မိန့်ကြားတော်မူလေရာ နာဂသေနမင်းကြီးကလည်း . . .

"အရှင်ဘုရား၊တပည့်တော် မရှင်းသည်ကို မေးခွင့်ပြုပါဘုရား"

ဟုလျှောက်ထားလေရာ မထေရ်မြတ်က ခွင့်ပြုသဖြင့် မင်းကြီးက . . .

"အရှင်ဘုရား ဆိုသော စကားထဲမှာ သာသနာကွယ်ပျောက်ခြင်းဆိုတဲ့ စကားကို တပည့်တော် ကြားမိပါတယ် ဘုရား၊ ထိုစကားရဲ့အဓိပ္ပာယ်ကအဘယ်အရာကို ဆိုလိုပါသလဲ ဘုရား"

ဟု မေးလျှောက်လေသည်။

"မင်းကြီး သာသနာကွယ်ပျောက်ခြင်း တရားသုံးမျိုး ရှိပေတယ်"

"အဘယ်သုံးမျိုးပါလဲ အရှင်ဘုရား"

"မင်းကြီး၊ ပထမအချက်က မဂ်ဖိုလ်ရမှု ကွယ်ပျောက်ခြင်း ဖြစ်ပေတယ်၊ ဒုတိယ အချက်ကတော့ ပဋိပတ်ကွယ်ပျောက်ခြင်း ဖြစ်တယ်၊ ပဋိပတ်ကွယ်ပျောက်က သိက္ခာပုဒ်တို့သည်လဲ ကွယ်ပျောက်သွားလိမ့်မယ်၊ တတိယအချက်ကတော့ ရဟန်းအသွင်ကွယ်ပျောက်က သာသနာတော်ဟာ လုံးဝ ပျောက်သွားပေလိမ့်မယ်"

"ကောင်းလှပါသည် အရှင်ဘုရား၊ အရှင်ဘုရားသည် လွဲမှားစွာ မြင်နိုင်သောအရာကို အမှန်မြင်အောင် ပြုနိုင်ပါပေတယ် အရှင်ဘုရား"

မိလိန္ဒမင်းကြီး၏ လျှောက်တင်စကားက ပီတိတို့ဖြင့် ဖုံးလွှမ်းလျက် ရွှေနန်းဆောင်တစ်ခုလုံး ဟိန်းထွက်သွားပါတော့သည်။

□ ချာ(ကေတ)



www.burmeseclassic.com

www.burmeseclassic.com



## ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ ပိုးကုတ်ဆရာတော်ဘုရား

အမရပူရမြို့ မဃဒေဝတိုက်ကျောင်း မန္တလေးမြို့
ဦးချစ်ဓမ္မဓမ္မာရုံ၌ ဟောကြားခဲ့ပေတော်မူသော

# တောင်ကြီးလေးလုံး ကြိတ်သည်ကို ခံနေရပုံ ပဗ္ဗတူပမသုတ် တရားတော်

(ယခင်လမှအဆက်)

သေရုံပဲ ကျန်တော့တယ်ဆိုတော့ မြင့်မားတော့ ဘယ့်နှယ်လုပ်ပြီးသကာလ ထွက်လဲ ထွက်ဖို့ မရနိုင်ဘူး (မှန်ပါ့ဘုရား)။ မြင့်တာကလည်း အထက်ဆုံး ဗြဟ္မာ့ပြည်တိုင်အောင် မြင့်တာကိုး (မှန်ပါ့)။ လေးဖက်လေးတန်ကလည်း ရှိနေတယ်ဆိုတော့ ဒကာသစ်တို့၊ မောင်မြတို့ ဘယ့်နှယ်လုပ် ရုန်းမလဲ (မရုန်းနိုင်ပါ ဘုရား)။ ရုန်းနိုင်စရာ ရှိသေးရဲ့လား (မရှိပါဘုရား)။ အဲဒီလို မရှိတဲ့အထဲမှာ ခင်ဗျားတို့ အမွေးလွဲတာသည် ဘာဖြစ်လို့ အမွေးလွဲပါလိမ့်မတုံးလို့ မေးတဲ့အခါကျတော့ ခင်ဗျားတို့ ဆုတောင်းလွဲလို့ (မှန်ပါ့)။ ပေါ်ကြပလား (ပေါ်ပါ ပြီ)။ ဘာပါလိမ့် (ဆုတောင်းလွဲလို့ပါ ဘုရား)။

လူဖြစ်ရပါလို၏၊ တောင်ကြားမွေးရပါလို၏ (မှန်ပါ့)။ နတ်ဖြစ်ရပါလို၏ (တောင်ကြားမွေးရပါလို၏)။ ဗြဟ္မာဖြစ်ရပါလို၏ (တောင်ကြားမွေးရပါလို၏)။ စကြဝတေး မန္ဓာတ်ဖြစ်ရပါလို၏ (တောင်ကြားမွေးရပါလို၏ ဘုရား)။

တောင်ကြားမွေးလို့ပေါ့၊ စကြဝတေးတစ်ယောက် အခုရှာတွေ့သေးရဲ့လား (မတွေ့ပါ)။ တွေ့ကြသေးရဲ့လား (မတွေ့ပါ ဘုရား)။ ဘယ်သွားကုန်သတုံး (သေကုန်ပါတယ်)။ တောင်ကြိတ်ပွဲမှာ သေပွဲဝင်ကုန်ပြီ (မှန်ပါ့ ဘုရား)။ ဒကာ၊ ဒကာမတွေ ဘယ်လိုဆုံးဖြတ်ချက် ချမလဲ (တောင်ကြိတ်ပွဲမှာ သေပွဲဝင်ကုန်ပါပြီ ဘုရား)။

စကြဝတေး အသာထားပါဦး။ ခင်ဗျားတို့ ဘိုးဘွားဘီဘင်တွေဟာ ခင်ဗျားတို့ကို တစ်ခါတည်း မကြင်နာလို့ စွန့်ပစ်သွားကြတာလား၊ တောင်တွေ မတွန်းလှန်နိုင်တာနဲ့ သေပွဲဝင်လိုက်ရတာလား (တောင်တွေ မတွန်းလှန်နိုင်တာနဲ့ သေပွဲဝင်လိုက်ရတာပါ ဘုရား)။ ခင်ဗျားတို့အတွက် စိတ်ကိုမချဘူး၊ မရပေမယ့်လည်း တောင်ကြိတ်တာနဲ့ သေရရှာတယ် (မှန်ပါ့ ဘုရား)။ သဘောကျပလား (ကျပါပြီ)။

အဲဒီတော့ ခင်ဗျားတို့ မျိုးရိုးက တောင်ကြိတ်ခံပြီး သေပွဲဝင်တဲ့ မျိုးရိုးပဲလားလို့ မေးလို့ရှိရင်ဖြင့် ခင်ဗျားတို့ ဆရာဘုန်းကြီးသာ ခေါင်းမဆောင်တော့ဘူးဆိုရင် ဒီအမျိုးထဲ ဖြစ်မယ် (မှန်ပါ့)။ မဖြစ်ပေဘူးလား (ဖြစ်ပါတယ်)။ သစ္စာမသိတဲ့ အမျိုးထဲ သွားဖြစ်မယ် (မှန်ပါ့ ဘုရား)။

ဦးခင်မောင်ဌေးရေ သစ္စာသာမသိလို့ရှိရင် ဇရာ၊ မရဏ တောင်ကြား ဖြစ်မှာပဲဗျ (မှန်လှပါ ဘုရား)။ ဖြစ်ရပါလို၏



www.burmeseclassic.com

www.burmeseclassic.com

ဇရာ၊ မရဏာတောင်ကြား ဖြစ်ရပါလို၏။ ဇရာ၊ မရဏက လူဖြစ်တဲ့အထဲပါလာတယ် (မှန်ပါ့)။ မပါဘူးလား(ပါပါတယ်)။ ရှင်းကြပလား (ရှင်းပါပြီ)။

ဒါဖြင့် ဒကာ၊ ဒကာမတို့ ဒီတောင်ကြားက လွတ်အောင် အသင်မင်းကြီး စိတ်ကူးစမ်းပါလို့ ဘုရားရှင်က မေးလိုက်တော့ အရှင်ဘုရား ဓမ္မစရိယာနဲ့ သမစရိယာသာ ရှိတော့တာပါ (မှန်ပါ့ ဘုရား)။ ဆိုတော့ ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေ သိရောပေါ့ဗျာ (မှန်ပါ့)။

ဝိပဿနာ မဂ်ဉာဏ်အလုပ်ပဲ ဒကာ၊ ဒကာမတို့ အားကိုးရာ ရှိတော့တယ် (မှန်ပါ့)။ ဒီပြင် ဘာရှိသေးသတုံး (မရှိပါဘုရား)။ ဘာမှ မရှိဘူးဆိုတာ သေချာပလား (သေချာပါပြီ)။

ကောင်းပြီ၊ ဒါဖြင့် ဒီနေ့ ဘုန်းကြီးများကလည်း ပြောရတာ ဒကာ၊ ဒကာမတွေကလည်း နားလည် ပါးလည်ရှိလို့ အတော်ဝမ်းသာစရာကောင်းတဲ့နေ့ပဲ (မှန်ပါ့ ဘုရား)။ နောက်ကို မပြုံးကြနဲ့နော် (မှန်ပါ့)။ ပြုံးချင်လို့ရှိရင်ဖြင့် ခင်ဗျားတို့ဟောဒီ တောင်တွေ လွတ်တဲ့နေရာရောက်တော့ ပြုံးတော့ (မှန်ပါ့ ဘုရား)။

တောင်ကြားထဲမှာ ပြုံးတာကတော့ (မကောင်းပါဘုရား)။ သူပြုံးလား၊ တိရစ္ဆာန်ပြုံးလား (တိရစ္ဆာန်ပြုံးပါဘုရား)။ သိပြုံးလား၊ မသိပြုံးလား (မသိပြုံးပါ ဘုရား)။ ဝိဇ္ဇာပြုံးလား၊ အဝိဇ္ဇာပြုံးလား (အဝိဇ္ဇာပြုံးပါ ဘုရား)။

အဲ. . . မသိပြုံး ဟူသရွေ့သည်ကားလို့ ဆိုလို့ရှိရင်ဖြင့် ကောင်းလို့ ပြုံးတာလားတဲ့၊ သူ့မှာ ရှုံးလို့ပြုံးတာလား (ရှုံးလို့ပြုံးတာပါ ဘုရား)။ ဒါဖြင့်ဗျာ ကိုယ့်ကိုယ်ကိုယ်လည်း အရှုံးလည်း မဖြစ်ရအောင် ကိုင်း အလွတ်ရုန်းတဲ့နည်းသာလျှင် ဝိပဿနာအလုပ်ပဲ ရှေ့တွင်တွင်ကြီးလုပ်ပြီး မဂ်ဆိုက်အောင်ပဲ လုပ်ပါတော့မယ် ဆိုလို့ရှိရင်ဖြင့် ဒကာ၊ ဒကာမတို့ ဒီတောင်ထဲမှာ မမွေးဖွားတော့ဘူး (မှန်ပါ့ ဘုရား)။

သစ္စာသိပါကောဗျာ (မှန်ပါ့)။ သစ္စာသိကတည်းက လူခန္ဓာ ဒုက္ခသစ္စာ၊ နတ်ခန္ဓာ (ဒုက္ခသစ္စာပါ ဘုရား)။ အင်း ဒါတွေ မရချင်ဘူးဆိုကတည်းက တောင်ကြား မွေးသေးရဲ့လား (မမွေးပါ ဘုရား)။ မမွေးတော့ ဒကာ၊ ဒကာမတွေသည် တောင်လွတ်ရာမှာ မနေပေဘူးလား (နေပါတယ် ဘုရား)။

တောင်လွတ်ရာသည် နိဗ္ဗာန်ပဲ၊ ဇရာမရှိရာသည် နိဗ္ဗာန်၊ အဇရံ = မအိုရာစင်စစ်ဖြစ်သော၊ အမတံ = မသေရာစင်စစ်ဖြစ်သော၊ နိဗ္ဗာနံ = နိဗ္ဗာန်သည်၊ ဟောတိ = ဖြစ်၏။ မအိုရာ မသေရာ နိဗ္ဗာန်ပဲ (မှန်ပါ့)။ တောင်လွတ်တဲ့နေရာ (မှန်ပါ့ ဘုရား)။ဘယ်လိုဆုံးဖြတ်ချက် ချမလဲ (တောင်လွတ်တဲ့နေရာပါဘုရား)။ ကိုင်း. . . ဒါဖြင့် ခင်ဗျားတို့ ယုံကြပလား (ယုံပါပြီ ဘုရား)။ မယုံရင် ခင်ဗျားတို့ ဘိုးတွေ ဘွားတွေ ဘယ်သွားကုန်သတုံးသာ ကြည့်လိုက်ပါ (မှန်ပါ့ ဘုရား)။ မယုံရင် မယုံရင် (မှန်ပါ့)။

ဘိုးတွေ ဘွားတွေ ဘယ်သွားကုန်သတုံး (တောင်ကြိတ်လို့ သေကုန်ပါပြီဘုရား)။ တောင်ကြိတ်ပွဲ သေပွဲဝင်ကုန်ပြီ (မှန်ပါ့)။ သဘောကျပလား (ကျပါပြီ)။ ဒါတွေက မယုံမှာများ ရှိသေးရဲ့လား (မရှိပါ ဘုရား)။

ကိုင်း. . . ဒါဖြင့် ရှေးက မင်းကောင်းမင်းမြတ်တွေတော၊ မင်းကောင်းမင်းမြတ်လို့သာ ခေါ်လိုက်ရတယ်၊ ဘယ်သွားကုန်ပါလိမ့် (တောင်ကြိတ်ပွဲ သေပွဲဝင်ကုန်ပါပြီ ဘုရား)။ တောင်ကြိတ်ပွဲ သေပွဲဝင်ကုန်ပြီဆိုတာ မသေချာဘူးလား (သေချာပါပြီ ဘုရား)။

ခင်ဗျားတို့ ချစ်ခင်တဲ့ အင်း . . . သားကလေးတွေ၊ သမီးကလေးတွေ တချို့ စွန့်ပစ်လိုက်ရတဲ့ ကလေးတွေလည်း ခင်ဗျားတို့ စွန့်ချင်လို့လား၊ သူ့တောင်နဲ့သူ ပိပြီးသေကြတာလား (သူ့တောင်နဲ့သူ ပိပြီးသေကြတာပါ ဘုရား)။ ပေါ်ကြပလား (ပေါ်ပါပြီ ဘုရား)။

ကိုင်း. . . ဒါဖြင့် ဓမ္မစရိယာနဲ့ သမစရိယာသာ လုပ်ကြစို့။ တောင်ကြိတ်ပွဲကလွတ်တာ ဒါပဲရှိတော့တယ် (မှန်ပါ့ဘုရား)။ ပေါ်ကြပလား (ပေါ်ပါပြီ ဘုရား)။ အံမာလေး မသိလို့ ပြောရတာပါ၊ တရားဟောရတာထက် ကြာသေးတယ် (မှန်ပါ့ ဘုရား)။

အခုဟာ တရားမဟောရသေးဘူး။ ဘာပြောတယ် ထင်သလဲ (မသိလို့ ပြောနေတာပါ)။ မသိလို့ပြောနေတာဟာ၊ ရှောင်စမ်းပါဟ ရှောင်စမ်းပါ၊ နင့်တောင်ကြီးတွေ လာနေတယ်ဆိုတဲ့ဥစ္စာ တရားလားတဲ့။ ရှောင်နည်း ရှားနည်းကို မသိတာနဲ့ လက်တို့နေတာလား (ရှောင်နည်း ရှားနည်း မသိလို့ လက်တို့နေရတာပါ ဘုရား)။

ခင်ဗျားတို့ကလည်း နားကလည်း မထောင်၊ မျက်လုံးကလည်း မမြင်၊ ခက်လိုက်တဲ့ဖြစ်ခြင်းမှ မပြောပါနဲ့တော့၊ အတော်ခက်နေတယ်ဆိုတာ ပေါ်ကြပလား (ပေါ်ပါပြီ ဘုရား)။

ကိုင်း. . . ဒါ ဒကာ၊ ဒကာမတွေ တောင်လေးလုံးဖြင့် ရှင်ဘုရင်သွားတော့ ဘုရားက ပြောလိုက်တယ် (မှန်ပါ့)။ ရှင်ဘုရင်ကတော့ သူ့တိုင်းပြည်အုပ်ချုပ် မင်းလုပ်ပြီးသကာလ လာခဲ့ရတယ်ဆိုတော့ မင်းအားတွေပြတာ၊ ဘုရားတပည့်တော်တို့ အဘိသိက်သွန်းထားတဲ့ မင်းဆိုတာ ဒီလိုမှ အားမပြရင် ကျွမ်းသူပုန်တွေ ထ,ကုန်မှာပေါ့ (မှန်ပါ့ ဘုရား)။ အံမာ သူက ခပ်ကြွားကြွားရယ် (မှန်ပါ့)။

ဒီတွင် ဘုရားက တောင်လေးလုံးတရား သူ့ဟောတာ (မှန်ပါ့)။ ရိပ်မိပလား (ရိပ်မိပါပြီ)။ လွတ်ရေး၊ ကျွတ်ရေး ရှိသေးရဲ့လား (မရှိပါ)။ အဲ. . . ခင်ဗျားတို့ ကျုပ်တို့ကော (မရှိပါ)။

ကဲ. . . လွတ်တဲ့နည်းကို အခု ဘုန်းကြီးက ပြောပြီ ဘာကျင့်ကြမယ် (ဓမ္မစရိယာနဲ့ သမစရိယာ ကျင့်ရပါမယ်)။ ဝိပဿနာနဲ့ ခန္ဓာကိုမြင်အောင်လုပ် (မှန်ပါ့)။ ခန္ဓာမြင်အောင်

www.burmeseclassic.com

လုပ်ပြီးသကာလ ဒီခန္ဓာ ဖြင့်တဲ့အခါကျလို့ရှိရင် မမုန်းပါနဲ့ဆိုလို့ မရဘူး (မှန်ပါ)။

မမုန်းပါနဲ့ဆိုလို့ ရပါ့မလား (မရပါ ဘုရား)။ နိဗ္ဗိန္ဒဉာဏ် တက်လာမယ် (မှန်ပါ)။ မုန်းလာတဲ့တစ်နေ့ကျတော့ ဒီခန္ဓာကြီးဟာ ဒုက္ခသစ္စာအစစ်အမှန် သိသွားတော့ လိုချင်ပါဦးမလား (မလိုချင်ပါ ဘုရား)။ မလိုချင်ရင် နောက်ခန္ဓာတောင်ကြားမှာ ဖြစ်ဦးမလား (မဖြစ်ပါ ဘုရား)။

ဒါဖြင့် ခန္ဓာမလိုချင်တဲ့ပုဂ္ဂိုလ် ဦးဇံရင် နိဗ္ဗာန်ရောက်တာပဲ (မှန်ပါ)။ ခန္ဓာမလိုချင်တဲ့ပုဂ္ဂိုလ်ဟာ (နိဗ္ဗာန်ရောက်ပါတယ် ဘုရား)။ ဒါဖြင့် နိဗ္ဗာန်ရောက်ချင်ရင် ခန္ဓာမလိုချင်တဲ့ အလုပ်ကို လုပ်ရလိမ့်မယ် (မှန်ပါ ဘုရား)။ နိဗ္ဗာန်ရောက်ချင်ရင် (ခန္ဓာမလိုချင်တဲ့ အလုပ်ကို လုပ်ရမယ်)။ ရှင်းပြီနော် (ရှင်းပါပြီ)။

ခန္ဓာလိုချင်ရင် တောင်ကြား သေပွဲဝင်ပြီ (မှန်ပါ)။ ခန္ဓာမလိုချင်ရင်ဖြင့် တောင်ကြိတ်ပွဲမှ လွတ်ပြီ (မှန်ပါ)။ သဘောပါကြပလား (ပါပါပြီ)။ ခန္ဓာမလိုချင် (တောင်ကြိတ်ပွဲမှ လွတ်ပါပြီ)။ တောင်ကြိတ်ပွဲမှ လွတ်ပြီဆိုတာ သဘောကျပလား (ကျပါပြီ)။ ကိုင်း. . . ဒါဖြင့် ဒကာ၊ ဒကာမတို့ တောင်ကြိတ်ပွဲကနေပြီးသကာလ လွတ်ရေး ကျွတ်ရေး မမ္မစရိယာနဲ့ သမစရိယာ လုပ်ကြပါစို့။

ကဲ. . . ဒါဖြင့် ယနေ့ ဒကာ၊ ဒကာမတို့ အထူးမှတ်စရာကလေးက သုံးယုတ်ပါဦးတော်ပဲ ထည့်ပေးပါ့မယ်။ သမထ မပါဘဲနဲ့ နိဗ္ဗာန်ရောက်တဲ့နည်း ပြောမယ် (မှန်ပါ ဘုရား)။ သမထ မပါဘဲနဲ့ (နိဗ္ဗာန်ရောက်တဲ့နည်း ပြောပါမယ် ဘုရား)။

သမထမပါဘဲနဲ့ ခုနက တောင်ကြိတ်ပွဲမှ လွတ်ရတဲ့နည်း၊ ဘုရားရှင်ကိုက ဟောတာ (မှန်ပါ)။ ဘုရားရှင်ကိုက သေသေချာချာ ဟောတာပါ ဒကာ၊ ဒကာမတို့။ ဝိဘုရား သာသနာပေါ့၊ သမထကြောင့် နိဗ္ဗာန်ရောက်တာ မဟုတ်ဘူးကွ၊ ဘုရားက ဖွင့်ဟောတယ် (မှန်ပါ)။ ဝိပဿနာကြောင့် နိဗ္ဗာန်ရောက်တာကွတဲ့ (မှန်ပါ)။ ဝိပဿနာမင်ကြောင့် နိဗ္ဗာန်ရောက်တာကွ၊ သမထကြောင့် နိဗ္ဗာန်မရောက်ဘူးကွတဲ့၊ သေသေချာချာ ဟောတာနော် (မှန်ပါ ဘုရား)။

အေး. . . ဒါကြောင့် အဲဒီတရားကို နာရမှာဖြစ်ပြီးသကာလနေတော့ ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေ သေသေချာချာ ပြော. . . တို့ဆရာဘုန်းကြီး ပေးနေတာ သမထမပါဘူးနော်။ သမထဟာ နောက်လိုက်ကြီး၊ သူ့ဟာသူဝင်ပြီးနောက်လိုက်နေတာ၊ စင်စစ် ဝိပဿနာက ရှေ့သွားဆိုတာ မှတ်ရမယ်နော် (မှန်ပါ)။ ဝိပဿနာက ရှေ့သွားဆိုတာ မှတ်ရလိမ့်မယ် ဦးခင်မောင်ရေ (မှန်လှပါ ဘုရား)။ ကိုင်း. . . ဒါဖြင့် ပြကြပါစို့။

ဘုရားသခင် ကိုယ်တော်မြတ်ကြီးသည် ဘုရားဖြစ်လာတဲ့အခါကျလို့ရှိရင်ဖြင့်တဲ့ နောက်ဆုံးပိဏ္ဍ အကျိုးပေးတဲ့ဘဝဆိုတော့ ဦးခင်မောင်တို့၊ ဦးဝတို့ အလွန်အကျိုးပေးလိုက်တယ် (မှန်ပါ ဘုရား)။ ဆီတွေ၊ ပျားရည်တွေဆိုတာ ချောင်းစီးပြီးလာတယ် (မှန်ပါ)။

ချောင်းရေတွေလို စီးလာတယ်၊ ဘုရားဆီကို အလှူအတန်း လာကြတာတွေ (မှန်ပါ ဘုရား)။ အဝတ်သင်္ကန်းတွေဆိုတာလည်း လှည်းအစီး ငါးရာ၊ တစ်ထောင်နဲ့ လာကြပြီး ပုံကြတယ်။ ဦးခင်မောင် တကယ်ဒီအတိုင်း ချိုင့်ကလေးနဲ့ ထည့်ပြီး အရှင်ဘုရား သင်္ကန်းလှူပါ၏လို့ ဒီလိုမဟုတ်တော့ဘူး။ တစ်ခါတည်း လှည်းအစီး ငါးရာ၊ တစ်ထောင်နဲ့ လာပုံကြတာပဲ (မှန်ပါ)။

အဲဒီလောက်ကျအောင် သူ့အကျိုးပေးကလည်း သန့်ပြီးသကာလ နောက်တော့ နောက်ဆုံးပိဏ္ဍဘဝကိုးဗျ (မှန်ပါ)။ ဒါနဲ့ တပည့်သားမြေးတွေကလည်း မြတ်စွာဘုရားကို မှီပြီးသကာလ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးပစ္စည်းလေးပါးတွေ ဦးခင်မောင် အကုန်ပေါသပေါ့ဗျာ (မှန်ပါ)။

အကုန်ပေါတော့ ဘုရားမပွင့်ခင်ကတည်းက ဘုရားလုပ်နေတဲ့ တိတ္ထိတွေက ရှိသေးတယ် (မှန်ပါ)။ ဘုရားမပွင့်ခင်က ဘုရားလုပ်နေတဲ့ တိတ္ထိတွေက ရှိသေးတော့ ဘုရားက ပွင့်လာပါရော ဦးဝရေ၊ နေကြီးထွက်လာတဲ့အခါ ပိုးစုန်းကြူး အရောင်ပျောက်သလို တိတ္ထိတွေဟာ စားရမဲ့ သောက်ရမဲ့ ဦးခင်မောင် ဖြစ်ကုန်ပြီ (မှန်ပါ ဘုရား)။

တိတ္ထိတွေ စားရမဲ့ သောက်ရမဲ့ ဖြစ်ကုန်တဲ့အခါကျလို့ရှိရင်ဖြင့်တဲ့ တိတ္ထိခေါင်းဆောင်တွေက အစည်းအဝေးဖွင့်တယ် (မှန်ပါ)။ တို့မှာ အရင်တုန်းကတော့ဖြင့် စားရ၊ သောက်ရ ဝတ်ရပါတယ်။ အခုတော့ဖြင့် ရှင်ကြီးဂေါတမ ပွင့်ပေါ်လာကတည်းက စားရ၊ သောက်ရ၊ ဝတ်ရဆိုတာ တို့မှာ အတော်ချို့တဲ့သွားပြီ။

အဲဒီတော့ ရှင်ကြီးဂေါတမဟာ ဘယ်လိုဟောတယ်၊ ဘယ်လိုဆိုတယ် ဆိုတဲ့ဉစ္စာ သူ့မှာ နည်းကောင်းတော့ရှိတယ်၊ အဲဒီနည်းကောင်းကို တို့အထဲက ဉာဏ်ကောင်းတဲ့လူတစ်ယောက် လွှတ်ပြီးသကာလ ရှင်ကြီးဂေါတမ ပြောပုံ ဆိုပုံ၊ အဲဒီနည်းကို သွားသင်ရလို့ရှိရင်ဖြင့် တို့မှာ နဂိုရှိတဲ့နည်းနဲ့ အခု သွားသင်လို့ရတဲ့နည်းနဲ့ ရောပြီး ဟောရ ပြောရရင် တို့လည်း ပေါများမှာပဲ (မှန်ပါ)။

ဦးခင်မောင်ရေ ကြံပုံ စည်ပုံပေါ့ဗျာ (မှန်ပါ ဘုရား)။ အဲဒီလို ကြံပုံစည်ပုံတွေ ဖြစ်ပြီးသကာလ လာတာနဲ့ သုသိမ ဆိုတဲ့ ပရိဗိုဇ်ကို တိတ္ထိခေါင်းဆောင်ကြီးက ခေါ်လိုက်တာပဲ။ ဟေ့ သုသိမ လာပါဦးကွ၊ တို့မှာဖြင့် အမျိုးသားကာကွယ်ရေးဆိုတာ လုပ်ပေးပါဦး၊ တို့အကုန် ဆင်းရဲပြီ၊ ရှင်ကြီးဂေါတမ ပေါ်ကတည်းက တို့မှာဖြင့် စားရမဲ့ သောက်ရမဲ့ ဖြစ်ကုန်ပါတယ် (မှန်ပါ)။ အဲဒါကြောင့် မင်းကလည်း ဒီအထဲမှာ ဗေဒင်အရာမှာလည်း မင်းက တော်တော့်ကို တတ်တဲ့ပုဂ္ဂိုလ်



www.burmeseclassic.com

www.burmeseclassic.com

ယခုအခါ ဂေါတမဘုရားဆီမှာ မင်း နည်းသွားပြီးသကာလ ယူရမယ်ဆိုရင် မင်းက အမြန်ဆုံးယူခဲ့ပါ။ အမြန်ဆုံးယူခဲ့ပြီး သကာလ တို့ကိုပြန်ပြော၊ တို့ကလည်း တို့ရှိတဲ့တရားနဲ့ရောပြီး ပြောရ ဟောရလို့ရှိရင်ဖြင့် တို့လည်း စားမှု သောက်မှု၊ နေမှု ထိုင်မှုအကုန်ချောင်မှာပဲ။ ဒါဖြင့် တို့အမျိုးသားတွေ ကယ် ဆယ်ပါ ဆိုပြီးသကာလ အဆိုသွင်းတာပဲ (မှန်ပါ့)။

အဆိုသွင်းတော့ ဟိုကလည်း တိတ္ထိဖြစ်ပြီးသကာလ နေတော့ ဘယ်လို လုပ်မှာတုံးတဲ့။ အို. . . သွားသင်ရမှာ မင်းက ဉာဏ်ကောင်းတယ် (မှန်ပါ့)။ ဟာ. . . ဒါ အမျိုးသား ကယ်တင်ရမယ်၊ အမျိုးသား ကူညီရမယ်ဆိုလို့ရှိရင် ကျုပ် လုပ်မယ်တဲ့။ သုသိမကပေါ့လေ (မှန်ပါ့)။ ပရိဗိုဇ်တွေ ပရိဗိုဇ် တွေ (မှန်ပါ့)။ အဲဒီတော့ သုသိမပရိဗိုဇ်က စဉ်းစားလိုက်တယ်။ ဂေါတမဘုရားဆီ သွားရတော့မယ် ဆိုလို့ရှိရင် ဘယ်သူ့ဆီ အရင်ဝင်ရပါ့မတုံး၊ တိုက်ရိုက်ဝင်လို့တော့ သူ့မင်းတွေ စိုးတွေ နဲ့၊ တရာဟောချိန်တွေနဲ့ တော်တော်နဲ့ လက်ခံဖို့ တွေ့ဖို့ကို အချိန်မရနိုင်ဘူး ဆိုပြီးသကာလ အရှင်သာရိပုတ္တရာဆီ ဝင်ရ မလားလို့ သူစိတ်ကူးလိုက်တယ်၊ ဟာ. . . အရှင်မောဂ္ဂလ္လာန် ဆီ ဝင်ရမလား စိတ်ကူးလိုက်တယ်။

အို. . . သူတို့ အရှင်သာရိပုတ္တရာက ပညာဧတဒဂ် ရတွေ၊ အရှင်မောဂ္ဂလ္လာန်က တန်ခိုးဧတဒဂ်ရတွေ၊ ဥပါလိတို့ ကျပြန်တော့ ဝိနည်းတော်ဧတဒဂ်ရတွေ၊ ပုဏ္ဏတို့ ကြည့်ပြန် တော့လည်း တရားဟော ဧတဒဂ်ရတွေ၊ ဒါတွေ မဟုတ်သေး ပါဘူး၊ အားလုံး ဧတဒဂ်ရတဲ့ ပုဂ္ဂိုလ်ချည်းပဲ။ အရှင်အာနန္ဒာ ဆီကပ်မှပဲ။ အရှင်အာနန္ဒာဟာ ဘုရားနဲ့အရင်းဆုံး၊ သူ့ဆီဝင်မှ တော်မယ်ဆိုပြီး သကာလ ဒကာ၊ ဒကာမတို့ သုသိမ ပရိဗိုဇ် က အရှင်အာနန္ဒာဆီ ဝင်လိုက်တယ် (မှန်ပါ့)။

အရှင်အာနန္ဒာဆီ တန်းဝင်ပြီး အရှင်အာနန္ဒာ၊ အရှင် ဘုရားတို့ သာသနာတော်မှာ ဟောတဲ့တရားတွေ တပည့် တော် တိတ္ထိတော့ ခေါင်းဆောင်ပါပဲ။ သို့သော် ကြည်ညို လွန်းလို့ အရှင်ဘုရားတို့ဆီပဲ သက်နှ်းဝတ်ပြီး ဒီပညာတွေပဲ သင်တော့မယ်၊ တိတ္ထိအယူဟာ ဘယ်ဟုတ်မှမဟုတ်ဘဲ ဆိုပြီး သကာလ တပည့်တော် ဒီလိုစိတ်ကူးနဲ့ လာပါတယ် (မှန်ပါ့)။ ညာပြီပေါ့ဗျာ (မှန်ပါ့)။ စင်စစ်တော့ တရားခိုးမလို့ (မှန်ပါ့)။

တရားခိုးမလို့ လာတာဆိုတာ ဒကာ၊ ဒကာမတွေ ရိပ်မိပလား (ရိပ်မိပါပြီ ဘုရား)။ ကဲ. . . တရားခိုးမလို့ လာ တာပါပဲတဲ့။ အဲဒီတော့ အရှင်အာနန္ဒာကတော့ အဲဒီအချိန်မှာ သူက ဘာမှမဖြစ်ဘူး၊ သောတာပန်သာဖြစ်နေတော့ ဩော် . . . တိတ္ထိခေါင်းဆောင်ကြီးက တို့သာသနာ ဘုရားသာသနာ ကြည်ညိုပါတယ် ဆိုတဲ့ဥစ္စာ ရိုးမှရိုးရဲ့လား၊ ဟုတ်မှဟုတ်ရဲ့ လား၊ အကဲခတ်တယ် (မှန်ပါ့)။

အကဲခတ်တဲ့အခါကျတော့ အို. . . ငါတော့ အကဲ မခတ်တတ်ဘူး၊ မတတ်နိုင်ဘူး၊ ဘုရားဆီခေါ်သွားမှ ဆိုပြီး သကာလ သုသိမပရိဗိုဇ်ကို ဒကာ၊ ဒကာမတို့ ဘယ်ခေါ်သွား ပါလိမ့် (ဘုရားဆီ ခေါ်သွားပါတယ် ဘုရား)။

အဲ. . . အရှင်အာနန္ဒာက ဘုရားဆီခေါ်သွားတယ်။ ဘုရားက ရောက်တဲ့အခါကျတော့ ဟော့. . . အရှင်အာနန္ဒာ ဘာလို့လာသတုံး။ ဒီလိုပဲဘုရား သုသိမပရိဗိုဇ်က တပည့် တော်တို့ သာသနာတော်ကြီး ကြည်ညိုလွန်းလို့ သက်နှ်းဝတ် ပြီး ပညာသင်ချင်ပါသတဲ့ ဘုရား။

ဘုရားက စဉ်းစားလိုက်တယ်။ အရိုးပဲလား၊ အဆန်းပဲ လား၊ တွေးရတော့မှာကိုးဗျ၊ မတွေးရပေဘူးလား (တွေးရပါ တယ် ဘုရား)။ အဲဒီတွင်မှ ဘုရားသခင်က ဩော်. . . အဆန်းပဲ၊ တရားခိုးမလို့လာတာ၊ ဘုရားသိပြီ (မှန်ပါ့)။ ဘယ့် နှယ် သိပါလိမ့် (တရားခိုးမလို့ လာတာပါ ဘုရား)။

တရားခိုးမလို့ လာတာလို့ သူသိပြီးပါပြီ ဒကာ၊ ဒကာမ တို့ (မှန်ပါ့)။ တရားခိုးမလို့ လာတာလို့ သိပြီးပြီ။ ဒီအသိတွင် မကသေးဘူး၊ ဟိုဘက်တစ်ချက် ထပ်ပြီးသိတယ်။ တရားခိုး ရင်း ရဟန္တာဖြစ်လိမ့်မယ် (မှန်ပါ့)။

ဘယ်နှချက်ပါလိမ့် (နှစ်ချက်ပါ ဘုရား)။ ကဲ. . . ဘုရားကတော့ နှစ်ချက်မြင်ပြီး သူကတော့ ခိုးတာတစ်ချက် သာ မြင်တာကိုး (မှန်ပါ့)။ သဘောပါကြပလား (ပါပါပြီ)။ ပထမတော့ ဘယ်လိုမြင်ပါလိမ့် (တရားခိုးမလို့ပါ)။ နောက် တော့ ဘုရားက ဘယ်လိုဆက်မြင်ပါလိမ့် (တရားခိုးရင်း ရဟန္တာဖြစ်မယ်)။

တရားခိုးရင်း ရဟန္တာဖြစ်လိမ့်မယ် (မှန်ပါ့)။ အဲဒါ သွား မြင်တော့ ညီတော်အာနန္ဒာ ဒီသုသိမကို ရဟန်းခံပေးလိုက် ကွာ။ ဘုရားက ခွင့်ပြုလိုက်တယ်။ သုသိမကတော့ ဒကာ၊ ဒကာမတို့ သူ့အကြိုက်ကျသွားပြီ။ ဟာ ငါဝင်လာတဲ့အပေါက် ကတော့ အပေါက်ကောင်းပဲ (မှန်ပါ့)။ ဒီဝိပဿနာက တရား တွေတော့ ကေန်ရတော့မှာပဲ။ ငါတော့ဖြင့် တိတ္ထိတွေ ကယ် တင်နိုင်တော့မှာပဲဆိုပြီး သူ့စိတ်ထဲကတော့ ကျေနပ်နေတာ ပေါ့လေ (မှန်ပါ့ ဘုရား)။

ဘုရားကလည်း မသိဘူး။ ငါ့အကြံကို ညီတော် အာနန္ဒာကလည်း မသိဘူး။ ငါတော့ဖြင့် နေရာကျပြီ ဆိုပြီး သကာလ ရဟန်းခံပေးလိုက် ဆိုကတည်းက ဦးခင်မောင် အတော်ကျေနပ်သွားတယ် (မှန်ပါ့)။ ဘုရားကတော့ သိပြီး သားနော် (မှန်ပါ့)။

ဘုရားကတော့ သိပြီးသားပေါ့ ဒကာ၊ ဒကာမတို့။ ရှေးဦးစွာ တရားခိုးလိမ့်မယ်ဆိုတာလည်း သိပြီးသား။ တရား ခိုးရင်းမတ္တနဲ့ ဘာတုံး (ရဟန္တာဖြစ်မယ်ဆိုတာလည်း သိပြီး သား)။ ရဟန္တာဖြစ်မယ်ဆိုတာ သိလို့ ရဟန်းပြုပေးလိုက်လို့ ပြောတာ (မှန်ပါ့)။ ပေါ်ကြပလား (ပေါ်ပါပြီ ဘုရား)။

အဲဒီဇာတ်ထုမ်မှာ ဒကာ၊ ဒကာမတို့ အဲဒီပါဠိတော် အခုပြောတဲ့ ပါဠိတော်မှာ ဘုရားသခင်ကိုယ်တော်တိုင်ကြီး



www.burmeseclassic.com

www.burmeseclassic.com

သေသေချာချာ ဟောတာက ဒီနေ့ သိပ်ဆုံးမယ် မဟုတ်လို့ သမထမပါဘဲနဲ့ နိဗ္ဗာန်ရောက်နိုင်တယ်ဆိုတာ သူပြောတာ (မှန်ပါ့)။ ရှင်းပလား (ရှင်းပါပြီ ဘုရား)။

သမထမပါဘဲနဲ့ (နိဗ္ဗာန်ရောက်နိုင်ပါတယ်)။ ငါဘုရား သာသနာတော် သမထကြောင့် နိဗ္ဗာန်ရတာ မဟုတ်ဘူး၊ သဘောကျပလား (မှန်ပါ့)။ ဝိပဿနာကြောင့်သာ (နိဗ္ဗာန် ရတာပါ)။ ဝိပဿနာကြောင့်သာ နိဗ္ဗာန်ရတာဆိုတာ ဒီနေရာ မှာ ဘုရားဖွင့်ချလိုက်တယ်(မှန်ပါ့)။ သဘောပါပလား(ပါပါပြီ)။

သမထကတော့ ဒကာ၊ ဒကာမတို့ ကောင်းကင်ပျံ မြေလျှိုး သူတစ်ပါးစိတ်တွေ သိပေါ့ဗျာ (မှန်ပါ့)။ အင်း အင်း ဘယ်နေရာ ဘာဆိုတာ အမြင့်အထင်တွေ ပေါက်ပေါ့ဗျာ၊ ဒါဟာ သူ့သတ္တိပါ (မှန်ပါ့)။ ခုနက ဒီခန္ဓာထဲက အဝိဇ္ဇာထုကို ဖောက်ဖို့ကျတော့ ဝိပဿနာမဂ်မှ ဖောက်တယ် (မှန်ပါ့ ဘုရား)။ သဘောကျပလား (ကျပါပြီ)။

ခန္ဓာထဲမှာရှိတဲ့ ဖြစ်ပျက်ကလေးတွေ မြင်ဖို့ရာကျတော့ သမထက ဖောက်လို့ကိုမရဘူး (မှန်ပါ့)။ ရသေးရဲ့လား (မရပါ ဘုရား)။ သူက သမာဓိလမ်း ဆုံးနေတာကိုး (မှန်ပါ့)။ သဘော ကျပလား (ကျပါပြီ)။ ပညာကမှ ဖောက်နိုင်တယ် (မှန်ပါ့)။ ရှင်းပလား (ရှင်းပါပြီ)။

ဒါဖြင့် ဒကာ၊ ဒကာမတို့ သမထသည် ငါဘုရား သာ သနာတော်မှာ ဘုရားသခင် ကိုယ်တော်မြတ်ကြီးကရော၊ အဋ္ဌကထာဆရာကရော သမထကြောင့် နိဗ္ဗာန်ရောက်တာ မဟုတ်ဘူး သုသိမရေ ဝိပဿနာကြောင့် နိဗ္ဗာန်ရောက်တာ၊ ဝိပဿနာမဂ်ကြောင့် နိဗ္ဗာန်ရောက်တာဟာလို့ ဆိုတာ သေ သေချာချာ ဖော်ပြောတာ (မှန်ပါ့)။

ငါဘုရား သာသနာတော်မှာ သမထကို အနှစ်သာရ ရှိတယ်လို့ သေသေချာချာ ဟောတာမဟုတ်ဘူး (မှန်ပါ့)။ သဘောကျပလား (ကျပါပြီ)။ ဘယ်ဟာကိုသာ အနှစ်သာရ ရှိတယ်လို့ ဟောသတုံးဆိုတော့ ဝိပဿနာမဂ်ကိုသာ အနှစ် သာရ ရှိတယ်လို့ ငါ သေသေချာချာ ဟောတယ်ဆိုတာ ဒီနေရာမှာ လာတာ (မှန်ပါ့ ဘုရား)။

ဒါကြောင့် ဒကာ၊ ဒကာမတွေ ဘုန်းကြီးပေးတဲ့ ဝိပဿနာအလုပ်ကို ဒကာ၊ ဒကာမတွေက မငြင်းဆန်ဘဲနဲ့ ဘောင်ကြိတ်ပွဲမှ လွတ်ရတဲ့အလုပ် ဖြစ်ရလေသောကြောင့် ဒီခန္ဓာကိုယ် မကြည့်မဖြစ်ပါ (မှန်ပါ့)။ သဘောကျပလား (ကျပါပြီ)။

ခန္ဓာကိုယ် ကြည့်လိုက်တဲ့အခါကျလို့ရှိရင်ဖြင့် စိုက်သာ ကြည့် အနိစ္စအချက်၊ ဒုက္ခအချက်၊ အနတ္တအချက်တွေ ပေါ် လာပေါ့ဗျာ (မှန်ပါ့)။ ပေါ်လာလို့ရှိရင်ဖြင့် တစ်နေရာမှာ တွေ့ လိုက်လို့ရှိရင်ဖြင့် ဒကာ၊ ဒကာမတွေ စောင့်သာကြည့်နေ တစ်ကိုယ်လုံးဟာ အနိစ္စအချက်တွေ အကုန်ပြောနေတော့ ဘယ်လဲ (မှန်ပါ့ ဘုရား)။

ဦးခင်မောင် တစ်နေရာတွေ့ဖို့ အရေးကြီးတယ် (မှန် ပါ့)။ တစ်နေရာတွေ့ရင်ပဲ ဒီဟာ သဲလွန်စရဖို့ လိုက်သွားသလို ပေါ့ဗျာ၊ အကုန်မတွေ့ပေဘူးလား (မှန်ပါ့ ဘုရား)။

အဲဒီလို တွေ့တဲ့အခါကျလို့ရှိရင်ဖြင့် ဩော်. . . အနိစ္စ ချည်းပါလား၊ အနိစ္စဆိုတာ ဒုက္ခသစ္စာပါကလား (မှန်ပါ့)။ အနိစ္စဆိုတာ ဘာတဲ့ (ဒုက္ခသစ္စာပါ ဘုရား)။ အနိစ္စဟာ ဒုက္ခ သစ္စာပဲ၊ ဘာမှ ငြင်းမနေနဲ့ (မှန်ပါ့)။

ဒကာ၊ ဒကာမတို့ ဒုက္ခသစ္စာဆိုတာ တခြားလာ အောက်မေ့နေတယ် မဟုတ်ပါဘူး၊ ဒီအနိစ္စဟာ ဒုက္ခသစ္စာပဲ (မှန်လှပါ ဘုရား)။ ရှင်းပလား (ရှင်းပါပြီ)။ အနိစ္စဟာ ဘာတဲ့ (ဒုက္ခသစ္စာပါ ဘုရား)။ အနိစ္စဟာ ဒုက္ခသစ္စာပဲဆိုတော့ ခင်ဗျားတို့ ခန္ဓာထဲမှာရှိလျက်နဲ့ တွေ့အောင်သာရှာပေတော့ (မှန်ပါ့ ဘုရား)။

အဲဒီမတွေ့တာကတော့ ဘုန်းကြီးက ဒီနေ့ သုသိမ အသာကလေးထားပြီးတော့ ဆုံးမှာမဟုတ်လို့ မတွေ့တာက ခင်ဗျားတို့မှာ ဒါက ဒကာ၊ ဒကာမတွေ ဉာဏ်ဆိုပါတော့ဗျာ၊ မဂ္ဂင်ငါးပါးနဲ့ ဆရာဘုန်းကြီးက ခင်ဗျားတို့ကူညီထားနဲ့ ဒီနည်း နဲ့ ကြည့်ပါဆိုတဲ့ဉာဏ်၊ အဲဒီဉာဏ်ရှေ့မှာ ဦးခင်မောင် အဝိဇ္ဇာ က တစ်ချက်ခံတယ်၊ သဘောကျပလား (ကျပါပြီ)။

ဒီဉာဏ်ရှေ့မှာ ဘယ်သူတစ်ချက်ခံသတုံး (အဝိဇ္ဇာ တစ်ချက်ခံပါတယ်)။ အဝိဇ္ဇာရှေ့နားက တစ်ခါ ခန္ဓာကတစ် ချက်ခံတယ် (မှန်ပါ့)။ ဒါကြောင့် ဒကာ၊ ဒကာမတို့ ဟောဒီ နိဗ္ဗာန် မပေါ်လာတာ (မှန်ပါ့)။ ဟောဒီ ဒါနဲ့ကြည့်လိုက်တဲ့ အခါကျလို့ရှိရင် အဝိဇ္ဇာက တစ်ချက်ကွယ်ထားတယ် (မှန်ပါ့)။ အဝိဇ္ဇာပယ်မှ ခန္ဓာကိုတွေ့မယ် (မှန်ပါ့ ဘုရား)။ ခန္ဓာ ဒုက္ခ သစ္စာ တွေ့မယ်။

အဲဒီခန္ဓာဒုက္ခသစ္စာ ဖယ်နိုင်မှ ဒီဘက်နိဗ္ဗာန်သွားတွေ့ မယ် (မှန်ပါ့ ဘုရား)။ ဒါ နှစ်ချက် ဖယ်လိုက်ရင် ရပါတယ် (မှန်ပါ့ ဘုရား)။ ပထမ ဘာဖယ်ရမယ် (အဝိဇ္ဇာ ဖယ်ရမယ်)။ ဒုတိယ ဘာဖယ်ရမယ် (ခန္ဓာ ဖယ်ရပါမယ် ဘုရား)။

အဲ. . . ခန္ဓာဖယ်တော့ ခန္ဓာမရှိတဲ့အခါကျတော့ သူ လာပေါ်တယ် (မှန်ပါ့)။ နိဗ္ဗာန်ဟာ ဒါကြောင့် ဒီဉာဏ်နဲ့ဟာ ဒကာ၊ ဒကာမတို့ အနီးကလေးဆိုတာ မှတ်ပါ (မှန်ပါ့)။

ဒါ ဖယ်နည်း ရှားနည်းကို ဒကာ၊ ဒကာမတွေ နက်ဖြန် သုသိမပုရိဗိုဇ်ဝတ္ထုနဲ့တကွ သေသေချာချာ ရှင်းပြတော့ကို မဂ်ဉာဏ် ဖိုလ်ဉာဏ် အနီးကလေးဆိုတာ ပေါ်လာလိမ့်မနော် (မှန်ပါ့)။

ကနေ့တော့ နာရီစေ့တဲ့အတွက် တော်ကြဦးစို့။
သာဓု. . . သာဓု. . . သာဓု။

**(ဆက်ရန်)**

❐ [illegible]





www.burmeseclassic.com

www.burmeseclassic.com

သာ သ နာ ပြု မင်း နှစ် ပါး ၏ ကောင်း မှု

# အထပ်ဘုရားကြီး ရှင်ပင်ရွှေဆပ်သွား စေတီတော်

မြမဥ္ဇူဝေ(ကျုံမငေး)



မြတ်စွာဘုရားရှင်၏ သာသနာကို ပိုမိုပွင့်လင်းစေခဲ့သော အလှူရှင် မှာ သီရိဓမ္မာသောကမင်းကြီးဟု ဆိုလျှင် မှားမည် မထင်ပါ။ မြန်မာနိုင်ငံအတွင်း၌ မင်းကြီး၏ စေတီပေါင်း ရှစ်သောင်းလေးထောင်မှသည် တန်ခိုးကြီးဘုရားများအဖြစ် အမွေခံကောင်းစွာတည်ရှိနေသည်မှာ သာသနာအတွက်များစွာ အကျိုးရှိလှပါသည်။

ထိုကဲ့သို့ များလှစွာသော စေတီ၊ ဘုရားများတွင် တစ်ဆူအပါအဝင်ဖြစ်သော မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်အတွင်း ကျောက်ဆည်မြို့နှင့် (၅)မိုင်အကွာ ညောင်ရွှေရွာ အနီး၌ တည်ရှိသော ရှင်ပင်ရွှေဆပ်သွား စေတီသို့ ဘုရားဖူးရောက်ခဲ့ပါသည်။

ဘုရားတည် သက္ကရာဇ်ကို အသေအချာ မသိရသော်လည်း ပုဂံမြို့တည်ဘုရားများနှင့်အတူတူပင် ဖြစ်နိုင်ကြောင်း၊ ဦးဘသိန်း ရေးသားသော ကိုးခရိုင်သမိုင်းတွင် ရှင်ပင်ရွှေဆပ်သွား စေတီသည် မုဋ္ဌောကိုးဆူအနက် တစ်ဆူအပါအဝင်ဖြစ်ကြောင်း ဖော်ပြထားပါသည်။


ဒေသခံများ၏ ဆိုစကားမှာလည်း ရှင်ပင်ရွှေဆပ်သွား ဘုရားသည် သီရိဓမ္မာသောကမင်းကြီး၏ မုဋ္ဌောစေတီကို ငုံ၍ ပထမမြန်မာနိုင်ငံတော်ကို တည်ထောင်ခဲ့သော အနရုဒ္ဓဒေဝဟုခေါ်သော အနော်ရထာမင်းကြီးမှ တည်ထားခဲ့ကြောင်း ဆိုကြပါသည်။

ကျောက်ဆည်နယ်သားများ၏ ပါးစပ်ရာဇဝင်အရ အနော်ရထာမင်းသည် စမုံမြစ်၊ ပန်းလောင်မြစ်(ပန်း


www.burmeseclassic.com



ထူးခေါ်ဓာတွ ရှိစအချိန် ' မူလရှင်ပင်ရွှေဆပ်သွားရုပ်ပွားတော်မြတ်



ရသေ့ကြီးဦးခန္တီ၏ကုသိုလ်တော် ကြေးအသွန်းရုပ်ပွားတော်မြတ်



ရှင်ပင်ရွှေဆပ်သွားစေတီတော်၏ မူလအစ ဒါယကာ
သိရှိရွှာသောကမင်းကြီး၏ ကောင်းမှုတော် ရေတာန်

ဆောင်မြစ်)၊ ဇော်ဂျီမြစ်(မက္ခရာမြစ်) သုံးသွယ်တို့ စီးဆင်းရာ လယ်တွင်းနယ် ၌ တာတမံ လယ်ချောင်းတူးဖော်ခြင်း၊ ဘုရားကျောင်းကန်တည်ခြင်းများကို ကြည့်ရန် တိုင်းခန်းလှည့်လည်လာရာ မင်းတရားစီးသော ဆင်တော်မှာ ရှောင်ဝန်းရွာအနီးသို့ ရောက်လာသော အခါ လေးဖက်အူးတုပ်ကာ မလှုပ်သော ဏ္ဍန္တြဖြင့် ဝပ်နေခဲ့ပါသည်။

ထိုအခါ ဆင်ထိန်းမှ ချွန်းအုပ် ကာသွားစေသော်လည်း ဆင်တော်မှာ အရှေ့မြောက်ဘက်သို့ ကိုက်(၅၀၀)သာ လှမ်းပြီး ဒူးတုပ်နေပြန်၏။ အသံကုန် လည်း အော်နေ၏။ အခြေအနေကို မင်းကြီး တွေးဆသည်မှာ ဤသို့ဖြစ်ခြင်း သည် အကြောင်းမဲ့မဟုတ်ဟု တွေးကာ ပညာရှိအမတ်များကို မေးတော်မူလိုက် ၏။

ပညာရှိ အမတ်များကလည်း ဤသို့ ဖြစ်နေခြင်းကို အရှင်အရပ် မထေရ်မြတ်သို့ မေးလျှောက်လိုက် သောအခါ အရှင်အရပ် မထေရ်မြတ် က. . .


"မင်းတရား တိုင်းခန်းလှည့်လည် သော် ထူးခြားသော နိမိတ်ကို တွေ့ ပေလိမ့်မည်၊ ထိုဆင်မယဉ်သာ ဝပ်နေ သော နေရာတွင် စေတီဘုရား တည် ထားသင့်၏"

တု မိန့်ဆိုလိုက်ပြီး ယခုတွေ့ရ သည့် နိမိတ်မှာလည်း အရှင်မင်းမြတ် အား ဘုရားစေတီ တည်ထားပူဇော်လို သည့် ကောင်းမြတ်သည့် နိမိတ်သာ ဖြစ် ပါကြောင်း ပညာရှိများက မင်းကြီးအား လျှောက်ထားလိုက်သောအခါ မင်းကြီး လည်း သဘောတူ ကြည်ဖြူခဲ့၏။



www.burmeseclassic.com


www.burmeseclassic.com



ရှင်ပင်ရွှေဆပ်သွားစေတီတော်နှင့်
မုခ်ဦးအဝင်အား တွေ့မြင်ရစဉ်



ရှင်ပင်ရွှေဆပ်သွားစေတီတော်ကို အနီးကပ်ဖူးမြော်ရစဉ်



ရှင်ပင်ရွှေဆပ်သွားစေတီတော်၏ စိန်ဖူးတော်

မိမိ ပြုခဲ့ပြီးသော ကောင်းမှုကုသိုလ်များကို ဆင်ခြင်ကာ အမိဌာန်ပြု၍ နေတော်မူသောအခါ အမည်နာမမသိရသော အဘိုးအိုနှင့် အဘွားအိုနှစ်ဦးမှ ဆပ်သွားဖူး တစ်ဖူးစီကိုင်ကာ မင်းကြီးအား ဆက်သလိုက်၏။ ထိုအခါ မင်းကြီးက ထိုနေရာ၌ ရွှေဆပ်သွားစေတီကို တည်တော်မူခဲ့ပါသည်။

ဆင်မယဉ်သာ ဝပ်နေသော နေရာကို ညောင်းဝပ်ရွာ ဒအမည်တွင်စေရာမှ နှောင်သောအခါ ညောင်းရွှေရွာ ထိုမှ ညောင်ရွှေရွာ ဟုတွင်ခဲ့ပြီး တည်ခဲ့သော ဘုရားကြီးအား စောင့်ရှောက်ရန် ဘုရားဝတ္တကမြေများကိုပါ လှူဒါန်းတော်မူခဲ့ကြောင်းနှင့် ရှင်ပင် ရွှေဆပ်သွား ဘုရားကြီး၏ ကုသိုလ်ဖြန့်ဝေရာ နယ်မြေကိုလည်း ဆင်မတင်ဟဲဟု သတ်မှတ်ခဲ့ကြောင်း ဒေသခံများက ဆိုကြပါသည်။

စေတီတည်စက ဉာဏ်တော်အမြင့်မှာ (၉)တောင်သာဖြစ်ပြီး၊ အင်းဝခေတ်တွင် ထိုစေတည်ကို ငုံ၍အုတ်စေတီအဖြစ် တည်ထားကိုးကွယ်ခဲ့ပါသည်။ ရှေးသူကြီး ဦးခန့်ပက်ထက်တွင်

www.burmeseclassic.com



ရှင်အရဟံ၏ ရုပ်ပွားတော်



အလှူရှင်ရသေ့ကြီး ဦးခန္တီ



ရှင်ပင်ရွှေဆပ်သွား ဘုရားကြီး၏ အလှူရှင်
ဒါယကာ အနော်ရထာမင်းကြီးနှင့် ဒါယိကာမ စောမွန်လှ

ကိုယ်တိုင်ပင်ကြွလာပြီး ကျောက်ဆည်မြို့ သင်ပုတ်ရွာသူကြီး ဦးဖိုးမောင်၊ ညောင်ဝန်းရွာသူကြီး ဦးချမ်းအေး၊ ကျောက်ဆည်မြို့မှ စက်သူဌေး ဦးသက်ထွန်းနှင့် ညောင်ရွှေရွာ ရပ်မိရပ်ဖများ စုပေါင်းကာ စေတီ၏ ဉာဏ်တော်ကို (၇၅)တောင်အထိ မြှင့်ခဲ့ပြီး ထီးတော်အသစ်ကိုလည်း တင်လှူခဲ့ပါသည်။

ကျောက်ဆည်မြို့နယ် အနောက်ရွာဖြစ်သော ရွာနန်းရွာမှ ဦးသန်းမြင့်၏ ဥပါသကာဘဝ၌ မှတ်သားထားမှုမှာ .

ပထမ မြန်မာနိုင်ငံတော်ကြီးကို တည်ခဲ့သော အနော်ရထာမင်းကြီးသည် သီရိဓမ္မာသောကမင်းကြီး၏ မုဋ္ဌောစေတီကို ငုံကာ ဆပ်သွားစေတီဟု တည်ခဲ့၏။ ဤဘွဲ့ကို ပေးခဲ့ရသည်မှာ အမည်မသိ အဘိုးအို အဘွားအိုတို့ ပေးလာသော ဆပ်သွားဖူးနှစ်ဖူးကို အကြောင်းပြု၍ ဘွဲ့မည်ဆက်ကပ်ခဲ့ပြီး စေတီတော်အတွင်း ဘုရားရှင်၏ ဓာတ်တော်များကို ဌာပနာရန် ပင့်ဆောင်

www.burmeseclassic.com



ရသေ့ကြီးဦးခန္တီ သွန်းလုပ်လှူဒါန်းခဲ့သော ကြေးပလကွင်နှင့်ကြေးပန်းအိုးများ



စေတီတော်ကြီးအောက်ခြေ အတွင်းမှ တူးဖော်ရရှိသော ရှေးဟောင်းရုပ်ပွားတော်များ

သောအခါ ဓာတ်တော်များသည် ဆပ်သွားဖူးပုံ ပေါ်လာပြီး ဆပ်သွားဖူး အနံ့လည်း သင်းပျံ့ မွှေးကြိုင်နေခဲ့သောကြောင့် ဆပ်သွားစေတီဟု ဘွဲ့အမည်တွင်စေခဲ့ကြောင်း ရေးသားထားပါသည်။


ရှင်ပင်ဆပ်သွားဘုရား စေတီကြီး၏ သမိုင်းကြောင်းများကို ပညာရှင်များကလည်း ဤသို့ဆိုကြပြန်ပါသည်။

အနော်ရထာမင်းကြီး ထူညီထားခဲ့သော ဆပ်သွားစေတီကြီးမှာ မုခ်လေးမုခ်နှင့်ဖြစ်ပြီး ထိုစေတီကို အုတ်စေတီနှစ်ထပ်၊ ကျောက်စေတီနှစ်ထပ်ငုံ၍ တည်ထားကြောင်း၊ အုတ်သားစေတီကုသိုလ်ရှင်များမှာ ပုဂံခေတ်နှောင်းဘုရင်တစ်ပါးနှင့် အင်းဝဘုရင်ကျော်စွာမင်းဖြစ်ပြီး ကျောက်သားစေတီကိုမူ သက္ကရာဇ် ၁၂၆၃ ခုနှစ်၊ ဂိုဏ်းထောက်ဆရာတော်ဦးဇိန ဦးဆောင်၍ နယ်သူနယ်သားများက တစ်ထပ်၊ သက္ကရာဇ် ၁၂၉၃ ခုနှစ်တွင် ရသေ့ကြီး ဦးခန္တီဦးဆောင်၍ နယ်သူ နယ်သားများက တစ်ထပ် ပူဇော်ခဲ့ကြောင်း ဆိုကြပါသည်။

အုတ်သားစေတီ၊ ကျောက်စေတီကြီးအဖြစ် တည်ရှိခဲ့သော ဆပ်သွားစေတီကြီးတွင် ပုဂံ၊ မြင်စိုင်း၊ ပင်းယ၊ အင်းဝ၊ ညောင်ရမ်း၊ ကုန်းဘောင်မင်းများ အဆက်ဆက် တည်ထားကိုးကွယ်ခဲ့သော အထပ်ထပ်သော ရုပ်ပွားတော်များလည်း ကိန်းဝပ်နေပါသည်။

ရသေ့ကြီးဦးခန္တီ သွန်းလုပ်ပူဇော်ခဲ့သော ကြေးသွန်းရုပ်ပွားတော် အောက်ခြေရှိ ပလ္လင်တော် လိုဏ်ဂူအတွင်းသို့ ဝင်ရောက်ဖူးမြော်ခဲ့သောအခါ အထပ်ထပ်သော ရုပ်ပွားတော်များ၊ နံရံတွင်

www.burmeseclassic.com




ဒုတိယအကြိမ် တူးဖော်တွေ့ရှိရသော
ဓာတ်တော်မွေတော်များ



တတိယအကြိမ် တူးဖော်တွေ့ရှိရသော
ဥပစာရုပ်ပွားတော်မြတ်သုံးဆူ



မြေကြီးထဲ၌ နှစ်ပေါင်းများစွာ နှစ်မြုပ်နေသော
ကျောက်စာချပ်အား တူးဖော်ခဲ့ပြီး တွေ့ရစဉ်





ရှင်ပင်ရွှေဆပ်သွားစေတီတောင်ဘက်
လိုဏ်ဂူနှင့်လှစ်ခြင်း သမိုင်းမော်ကွန်းကျောက်စာ

ကပ်နေသော နှစ်ထပ် သုံးထပ် ရုပ်ပွားတော်များကို ဖူးတွေ့ခဲ့ရပါသည်။

ယခုအခါ ရှေးဟောင်း လက်ရာများ မပျက်မယွင်းစေဘဲ ပြုပြင်နေမှုကိုလည်း စာရေးသူတို့ တွေ့မြင်ခဲ့ရပါသည်။

အကြိမ်ကြိမ်တူးဖော်ရာမှ တွေ့ရှိရသော ဓာတ်တော်၊ မွေတော်၊ ရုပ်ပွားဆင်းတုတော်များကိုပါ ပညာရှင်များနှင့် တိုင်ပင်ကာ ထိန်းသိမ်းပြုပြင်ထားသည်ကိုလည်း ဖူးတွေ့သိမြင် မှတ်သားခဲ့ရပါသည်။


ရသေ့ကြီး ဦးခန္တီ သက်တော်ထင်ရှားရှိခဲ့စဉ်အခါက ဘုရားကြီးတွင် အသုံးပြုခဲ့သော ကြေးသွန်း၊ ပလ္လင်၊ ပန်းအိုးများသည် ရှေးဟောင်း အဖိုးတန်လက်ရာများ ဖြစ်နေပါသည်။

သီရိမေ္ဘာသောကမင်းကြီး လက်ထက်တော်အခါက ဓရကန်တော်ကိုလည်း ပြုပြင်ကာ ထိန်းသိမ်းထားပါသည်။ ယခုအခါ ရှင်ပင်ရွှေဆပ်သွားစေတီတော်ကြီးသည် ရှေးဟောင်းအမွေအနှစ်အဖြစ် ရှေးဟောင်းအထပ်ဘုရားများကို ဥပါသကာများ၏ ပြုပြင် စောင့်ရှောက်မှုဖြင့် တင့်တယ်စွာ ဖူးတွေ့ကြရပြီ ဖြစ်ပါကြောင်း ရေးသားပူဇော်တင်ပြလိုက်ပါသည်။စာရှုသူများလည်း တစ်ခါ တစ်ခေါက်သွားရောက် ဖူးမြော်ရင်း အလှူဒါနများလည်း ပြုနိုင်ပါကြောင်းလည်းသတင်းပေးအပ်ပါသည်။ ဘက်စုံ ပြုပြင်နေဆဲကာလဖြစ်၍ အလှူရှင်များလည်း လိုအပ်နေပါသည်။

❒ မြမဥ္ဇူလ(ကျုံမငင်း)

**မှီငြမ်းမှု**– ရှင်ပင်ရွှေဆပ်သွားဘုရား သမိုင်း (ဥပါသကာအဖွဲ့)၊ စာရေးသူ၏ ဘုရားဖူးမှတ်စု (၉. ၁၂. ၂၀၁၀)

www.burmeseclassic.com



# ဓမ္မစကြာ တရားတော်

**ကျေးရွာတော်ရှင် မဉ္ဇူဆရာတော်ဘုရားကြီး**
**ဘဒ္ဒန္တဉာဏဘာသ မထေရ်မြတ်**
**(အနိစ္စဆရာတော်)**

## နိဗ္ဗာန်မြင်လျှင်မဂ္ဂင်မှတ် တစ်ခဏလေးနဲ့ ဟန်သတည်း တရားတော်

(ယခင်လမှအဆက်)

*၂၆. ၈. ၂၀၁၃ (နံနက်)*

အဲဒီဟာကို အတိတ်ကဟာတွေ ပြန်မဖော်ဘူးဆိုရင် ပြန်ပြန် ပေါ်ပေါ် လာတယ်။ ပြန်မဖော်လို့ရှိရင် ပေါ်ပေါ်လာတာကို ယမ္မိစ္ဆံ နလဘတိ၊ မပေါ်ချင်ဘဲနဲ့ ပေါ်လာရတယ်။ နောက်ကဟာတွေ အမှတ်ရလေ အကုသိုလ်ဖြစ်လေ၊ ထပ် အမှတ်ရ ထပ်အကုသိုလ်ဖြစ်တယ်။ အမှတ်ရ၊ ထပ်အကုသိုလ်ဖြစ် လုပ်လို့မရဘူး။

ယမ္မိစ္ဆံ န လဘတိ၊ လုပ်လို့ မရဘူး။ မဂ်ဖြစ်မှ ယမ္မိစ္ဆံ ဖြစ်သွားတယ်။ လဘတိ ဖြစ်သွားတယ်။

ပြီးတော့မှ အဲဒီလို ဖြစ်နေတဲ့ ဟာတွေကို အကျဉ်းချုပ်လိုက်တော့မှ ပဥ္စုပါဒါနက္ခန္ဓာပိ ဒုက္ခာ၊ ဒုက္ခသစ္စာ အနက် အဲဒီတော့မှ ကုန်သွားတယ်၊ ရိုပ်မိပြီလား (ရိပ်မိပါပြီ ဘုရား)။

ဖော်တတ်ပြီလား (ဖော်တတ် ပါပြီဘုရား)။ ဖော်တတ်မှ နိဗ္ဗာန်အနက် သိသွားတယ်။

ဘိက္ခဝေ - ရဟန်းတို့၊ ဣဒံခေါ ပန - ဤဆိုလတ္တံ့သော ဇာတိသည်၊ ဒုက္ခံ -ဒုက္ခဖြစ်သော၊ အရိယသစ္စံ - အရိယာတို့ သိမြင်သော သစ္စာတည်း။

အရိယာထဲမှာ သမ္မာဒိဋ္ဌိ ပါ တယ်။ အဲဒီသမ္မာဒိဋ္ဌိကို အရိယာမဂ်လို့ ခေါ်တယ်။ အဲဒါ အရိယာမဂ်ရှိတဲ့ ပုဂ္ဂိုလ်ကို အရိယာပုဂ္ဂိုလ်လို့ခေါ်တယ်။ အရိယာ - အရိယသစ္စာတည်း။

ဇာတိပိ - ဥပါဒါနက္ခန္ဓာ ဇာတိ သည်၊ ဒုက္ခာ - ဒုက္ခမည်၏၊ အဲဒီပြန်ပြီး ဖော်ရတဲ့ဟာ ဥပါဒါနက္ခန္ဓာပေ့၊ အဲဒါ မရှိရင် အနုပါဒါနက္ခန္ဓာပေ့၊ နိဗ္ဗာန် တစ်ခါတည်းပေါ်တယ်။ နိဗ္ဗာန် ဘယ်သူ့ မေးရမတုံး၊ ကိုယ့်ဘာသာ ကိုယ် သိ တယ်။ အဲဒါမှ သန္ဒိဋ္ဌိက ခေါ်တယ်။ အဲဒီလိုမျိုး သိတဲ့လူက ပြောလို့ ကြားပြီး ရင် ဧဟိပဿိက လာရှုလှည့်၊ မင်းလည်း ဒီလိုပဲ သိလိမ့်မယ်၊ ဩပါနေယျိက ကိုယ့် ဘာသာကိုယ်ဆောင်၊ ပစ္စတ္တံ ဝေဒိ တဗ္ဗော ဝိညူဟိ ပညာရှိတို့သာသိမယ်။ အဲလို သွားတယ်။

ဒါမှ ပဋိစ္စသမုပ္ပါဒ်က နားလည် တယ်။ ဟိုလို ရွတ်နေလို့ကတော့ ပြန် မေးတာတောင်မှ ဥပါဒါနက္ခန္ဓာ ရှိသေး တယ်။ မပေါ်မှ ဥပါဒါနက္ခန္ဓာ မရှိတယ်။ မရှိမှဘဲ နိဗ္ဗာန် ဖြစ်တယ်။ နိဗ္ဗာန်လည်း မျက်မှောက်ပြုတတ်ပြီ။

အဲဒါ အလမရိယဉာဏ ဒဿန ခေါ်တယ်။ ကိလေသာတို့ကို ပယ်တတ်ခြင်း ငှာ စွမ်းနိုင်သော အရိယာတို့ရဲ့ ဉာဏ်



www.burmeseclassic.com

www.burmeseclassic.com

အမြင်တဲ့၊ မြန်မာလို အဲဒါက ဟိုကျမ်းက ချပေးခဲ့တယ်၊ ဒီဟာပါပဲ။

ပဓာနအလုပ်မှ မလုပ်ဘဲနဲ့ ဘယ် ဒါတွေမြင်နိုင်မတုံး တဲ့၊ ပဥ္စဝဂ္ဂီတွေက မယုံလို့၊ အဲဒါ သတ္တဝါလို့ ဆိုတာက အနတ္တလက္ခဏာမှာပါတဲ့ ဥပါဒါနက်၊ ရုပ် ဝေဒနာ သညာ သင်္ခါရ ခေါ်တာပါပဲ။

တကယ့်ကို မမှတ်နဲ့။ အဲဒီလို ဥပါဒါနက္ခန္ဓာတွေ မရှိတော့မှ အနာဂတ်က မရှိတော့ဘူး။ သတ္တဝါတွေ မဟုတ်ဘူးလား (မှန်ပါ့ဘုရား)။ ပစ္စုပ္ပန်ပဲ ရှိတော့တယ်။ အတိတ်လည်းမရှိတော့ဘူး။ အတိတ်ဆိုတာ ကိလေသာပဲ။ အနာဂတ်ဆိုတာ ကိလေသာမရှိတော့ အနာဂတ်မလာဘူး။ ဒါပဲ ကိလေသာပဲ။

ကိလေသဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ် ဒကာမကြီးတို့ မျက်စိထဲမှာ နားတွေထဲမှာဝင်ပြီး ကိန်းနေတယ်။ ဘဝင်နားမှာ တံပြီးတော့ ဇောပေါ့။ ဇောပြီးတော့ ဘဝင်ဖြစ်သွားတယ်။ အဲဒီလို သေချာဂရုစိုက်၊ ရိပ်မိပြီလား၊ နားလည်ပြီလား (နားလည်ပါပြီ ဘုရား)။

မရဏာမ္ပိ ဒုက္ခံ၊ အဲဒီလို ဥပါဒါနက္ခန္ဓာမရဏ ခေါ်တယ် နော်။ အပ္ပိယေဟိ ဆိုတာလည်း ဥပါဒါနက္ခန္ဓာဟုဆိုသော အပ္ပိယတို့နှင့်၊ သမ္ပယောဂေါ - ယှဉ်ရခြင်းသည်လည်း၊ ဒုက္ခော - ဒုက္ခမည်၏၊ သတ္တဝါဆိုတာလည်း ဥပါဒါနက္ခန္ဓာပါပဲ။ ကံက ဥပါဒါနက္ခန္ဓာ၊ ကံနဲ့ ကံအကျိုးက ဒုက္ခသစ္စာ ခေါ်တယ်။ ပဋိစ္စသမုပ္ပါဒ်လို့လည်း ခေါ်တယ်။ အဲဒါမရှိရင် ပဋိစ္စသမုပ္ပါဒ်တ. . .။

အဝိဇ္ဇာပစ္စယာ၊ ပြီးတော့ အဝိဇ္ဇာမရှိတော့ ဝိဇ္ဇာ ဥဒပါဒိက သင်္ခါရမဖြစ်တော့၊ ဝိဇ္ဇာက သင်္ခါရမဖြစ်တော့ ဝိသင်္ခါရဖြစ်သွား၊ အပြန်အလှန်၊ မြတ်စွာဘုရားက ပဋိစ္စသမုပ္ပါဒ် ကြံတာက အဲဒီလိုကြံမှ။

ဝိယောဂေါ - ချစ်အပ်သည်ဆိုအပ်သော ဥပါဒါနက္ခန္ဓာတို့နှင့်၊ ဝိပ္ပယောဂေါ - ကွေကွင်းရခြင်းသည်၊ ဒုက္ခော - ဒုက္ခမည်၏။

ယမ္ပိစ္ဆံ - အလိုရှိအပ်တာကိုဖြစ်ခြင်းသည်၊ န လဘတိ - မရဘူးတာက မပယ်နိုင်သော၊ အနုသယရှိတော့ ရာဂတွေက ဖြစ်ဖြစ်လာတယ်။ ဒေါသလည်းဖြစ်၊ မောဟလည်း ဖြစ်လာတယ်။ ပယ်ပြီးပြီဆိုတော့ မဖြစ်တော့ဘူး။ အဲဒါ ယမ္ပိစ္ဆံက မဖြစ်ချင်တာကို ဖြစ်ရတာခေါ်တယ်။ အဲဒါလည်း ဥပါဒါနက္ခန္ဓာပါပဲ။

ယမ္ပိစ္ဆံ - အလိုရှိအပ်သည်ဟု ဆိုအပ်သော ဥပါဒါနက္ခန္ဓာကို၊ န လဘတိ - မရ၊ တမ္ပိ - ထိုဖြစ်ချင်သလို မဖြစ်ခြင်းသည်လည်း (ဝါ) မဖြစ်ချင်သလို ဖြစ်နေရခြင်းသည်လည်း ဒုက္ခံ - ဒုက္ခမည်၏။

ဒါမှ ဘုရားဟောနဲ့ စာပေနဲ့ အဲဒီလိုကိုး။

သံခိတ္တေန - အကျဉ်းအားဖြင့်၊ ပဉ္စုပါဒါနက္ခန္ဓာ - တဏှာဒိဋ္ဌိဝါသော ဥပါဒါနက္ခန္ဓာတို့သည်၊ ကံမှာ ငါသူတွေ ပါနေတယ်၊ ရိပ်မိပြီလား (ရိပ်မိပါပြီ ဘုရား)။ ဒုက္ခာ - ဒုက္ခမည်၏။

အဲဒါ ဒုက္ခသစ္စာရဲ့ အဟောပဲ။ ဒကာမကြီးတို့ သိရမယ့် ဒုက္ခသစ္စာပဲ။

ဘိက္ခဝေ - ရဟန်းတို့၊ ယာယံတဏှာ - အကြင်တဏှာသည်၊ ပေါနောဗ္ဘဝိကာ - အဖန်ဖန်ဖြစ်စေတတ်၏။

အဲဒီတဏှာက ခုနတုန်းက မပယ်လို့ရှိရင် ဖြစ်ဖြစ်နေတာကို ဒုက္ခသမုဒယလို့ ခေါ်တယ်။ ပယ်ပြီးရင် မဖြစ်ပါဘူး။ အနောက်နိုင်ငံသားတွေက နောက်ဘဝဖြစ်တယ်ဆိုတော့ သူတို့က ဖန်ဆင်းတဲ့သူဆိုတော့ အဲဒီဟာတွေ မကြိုက်ဘူး။ တစ်ဖန် ဖြစ်တယ်ဆိုတော့ မဖြစ်ဘဲနဲ့ ဘဝငါးရာလောက် သချိုင်းထဲ အိပ်နေရဦးမှာ၊ သူတို့က ငါးရာကျော်သွားမှ စစ်ဆေးဖို့ ခေါ်တဲ့အခါ ဘုရားယုံတဲ့သူက ကောင်းတဲ့နေရာက နေ၊ မကောင်းတဲ့သူက ငရဲသွား။ အဲဒီလို အမိန့်တွေ ဘာတွေနဲ့။ ဒီက ဒီလို မဟုတ်ဘူး။

ပေါနောဗ္ဘဝိကာ - တစ်ဖန်ဘဝသစ်ကို ဖြစ်စေတတ်သော၊ နန္ဒီရာဂသဟဂတာ - နန္ဒီရာဂနှင့်တကွဖြစ်သော၊ တတြ တတြာ - ထိုထိုအာရုံ၌၊ အဘိနန္ဒိနီ - နှစ်သက်တတ်သော၊ ယာယံ တဏှာ - အကြင်တဏှာသည်၊ အတ္ထိ - ရှိ၏။

ဣဒံ - ဤတဏှာသည်၊ ဒုက္ခသမုဒယံ - ဒုက္ခကို ဖြစ်စေတတ်သော၊ အရိယသစ္စံ - အရိယသစ္စာ မည်၏။

အဲဒါမှ စာစပ်ကောင်းမှ၊ သို့မှုလို့ရှိရင် ဘာဆိုလို့ ဘာမှန်း မသိဘူး။

ဣဒံ - ဤတဏှာဟူသည်၊ သေယျထာ - အဘယ်နည်း။

ကာမတဏှာ - ကာမတဏှာလည်းကောင်း၊ ကာမကို နှစ်သက်တဲ့တဏှာ၊ ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံကို ကာမခေါ်တယ်။ အဲဒါကို နှစ်သက်တာ တဏှာခေါ်တယ်။ ကာမတဏှာ - အာရုံငါးပါးကို နှစ်သက်သောတဏှာလည်းကောင်း၊ ကာမ - ဝတ္ထုကာမ၊ ကိလေသာကာမ နှစ်ခုရှိတယ်။ အာရုံတွေက ဝတ္ထုကာမ ခေါ်တယ်။ အဲဒီဟာကို နှစ်သက်တာ ကိလေသာကာမ ခေါ်တယ်။

စာက ရှိတိုင်း ရှိတိုင်း ပေးပေးနေတော့ ဒကာမကြီးတို့ ခက်ခက်နေတော့ ကိုယ့်ဖြစ်တာနဲ့ စာနဲ့ကိုက်အောင် လုပ်နေရတယ်။ ဘဝတဏှာကလည်း သဿတဒိဋ္ဌိတို့နဲ့ တဏှာ မဟုတ်ဘူး။ ဥပါဒါနက္ခန္ဓာကို လိုချင်တဲ့ တဏှာ၊ လိုချင်ပေမယ့် မဖြစ်တာလည်း တဏှာခေါ်တယ်။ ဒီလို မသိဘူး။ အနိစ္စ ဒုက္ခ အနတ္တမှန်း မသိလို့ မပြတ်ဘူး။ ဒါကြောင့် ဝိဘဝတဏှာ မပြတ်ဘဲနဲ့ ပြတ်တယ်ဆိုပြီး လိုချင်နေတယ်။ အဲဒါ ဝိဘဝ

www.burmeseclassic.com

www.burmeseclassic.com

တဏှာပဲ။ ဥစ္ဆေဒဒိဋ္ဌိနှင့်တကွဆိုတဲ့ တဏှာကတော့ အဋ္ဌကထာက ဆိုတဲ့ဟာတွေ၊ ဒကာမကြီးတို့က အဲဒီလို မရိပ်မိတော့ မသိဘူးပေါ့။

ကာမတဏှာ - ဝတ္ထုကာမ၊ ကိလေသာကာမကို နှစ်သက်သော တဏှာလည်းကောင်း၊ ဘဝတဏှာ - ကာမဘဝ၊ ဥပပတ္တိဘဝကို နှစ်သက်သောတဏှာလည်းကောင်း၊ ဝိဘဝတဏှာ - အနိစ္စ ဒုက္ခ အနတ္တကို မသိသဖြင့် ဘဝမကင်းသောတဏှာလည်းကောင်း၊ ကင်းတယ်ဆိုပြီး လိုချင်နေတတ်တယ်။ ဟုတ်ကဲ့လား (မှန်ပါ့ ဘုရား)။ အဲဒီလို။

တဿာ ယေဝ တဏှာယ - ရှေ့သွား ရှေ့သွား၊ အဲဒါက ဝိသေသနခေါ်တယ်။ ဂုဏ်ခေါ်တယ်။ ဂုဏ်ကို အရင်ပြောရတယ်။ ထိုတဏှာ၏သာလျှင်၊ တဏှာဆိုတာ လိုချင်တယ်။ လောဘရတယ်၊ ငြိကပ်တယ်၊ လိုချင်တယ်။ ငြိကပ်ရင် မစွန့်နိုင်ဘူး။ ဒါကြောင့် စာဂေါလို့ စွန့်လွှတ်ရတယ်။

ငြိကပ်တော့ ကြည့်ချင် ကြည့်ချင်နေတယ်။ အာရုံကို၊ ယောက်ျားအာရုံကို ကြည့်ချင်တယ်။ အဲဒါ ငြိကပ်တယ် ခေါ်တယ်။ မကြည့်ချင်နဲ့၊ ယောက်ျားတွေကလည်း မိန်းမကို မကြည့်ချင်နဲ့။

တဿာယေဝတဏှာယ - ထိုတဏှာ၏သာလျှင်၊ ယော အသေသဝိရာဂနိရောဓော - စီရာဂမည်သော မဂ်ဖြင့်၊ ဝိရာဂဆိုတာ သံဓါရ မရှိတော့ဘူး။ ကြည့် သိရဲ့လား၊ ကုသိုလ် အကုသိုလ် မရှိတော့ဘူး။ ကုသိုလ်၊ အကုသိုလ် ခုနတုန်းက ခေါ်ပြီး သိပြီ၊ လိုက်ပြီး အနိစ္စ ဒုက္ခမ၊ ရိပ်မိပြီလား (ရိပ်မိပါပြီ ဘုရား)။ အဝိဇ္ဇာ ပစ္စယာ သင်္ခါရာဆိုလို့ မရတော့ဘူး။ အဲဒါ ကိုယ့်သန္တာန်မှာ ကြည့်ရတယ်။ ဒိုမြင်လူ သွားကြည့်လည်း မသိဘူး။

အလယ်ကောင်က ဖောက်ပေးရတယ်။ ဝိရာဂ မည်သော မဂ်ဖြင့် အကြွင်းမဲ့ချုပ်ခြင်းသည်လည်းကောင်း၊ ယော စာဂေါ - အကြွင်းနှစ်သက်ခြင်းကို စွန့်ခြင်းသည်လည်းကောင်း၊ အကြွင်တဏှာကို စွန့်ခြင်းသည်လည်းကောင်း၊ ရိပ်မိပြီလား (ရိပ်မိပါပြီ ဘုရား)။ အာရုံတွေကို စွန့်လိုက်တယ်၊ မကြည့်တော့ဘူး။ အဲဒီလိုဟာ မကြည့်ချင်နဲ့။

ယောစာဂေါ - အကြွင်တဏှာကို စွန့်ခြင်းလည်းကောင်း၊ ယောပဋိနိဿဂ္ဂေါ - အကြွင်တစ်ဖန် စွန့်ခြင်းလည်းကောင်း၊ ပြန်မလာအောင် စွန့်တာကို ခေါ်တယ်။ ယာမုတ္တိ - အကြွင်ကိလေသာမှ လွတ်ခြင်းလည်းကောင်း၊ ယောအနာလယော - အကြွင်ကိလေသာကို အာလယမရှိခြင်းသည်လည်းကောင်း၊ အတ္ထိ - ရှိ၏။

ဣဒံ - ဤကိလေသာ ချုပ်ခြင်းသည်၊ ဒုက္ခနိရောဓံ - ဒုက္ခချုပ်ရာဖြစ်သော၊ အရိယသစ္စံ - အရိယာတို့ သိအပ်သော သစ္စာမည်၏၊ ကဲ ရိပ်မိရောပေါ့ ဒကာမကြီးတို့။

အရိယော - ဖြူစင်ကောင်းမြတ်သော၊ အဋ္ဌင်္ဂိကော - အင်္ဂါရှစ်ပါးရှိသော၊ အယမေဝ - ဤဆိုလတ္တံ့သော မဂ်ပညာသည်၊ မဂ္ဂေါ - မဂ်မည်၏။

ဣဒံ - ဤကိလေသာကို သတ်လျက်သွားတတ်သော မဂ်ဟူသည်၊ သူရှိရင် ကိလေသာကိုသတ်ပြီး နိဗ္ဗာန်ရောက်တယ်၊ ဒါကြောင့် ဒုက္ခေဉာဏ်လို့ ခေါ်တာ။ ခုနတုန်းက ဥပါဒါနက္ခန္ဓာလည်း သိပြီလေ။ အတိတ်က လုပ်တဲ့ဟာလည်း မလာတော့ဘူးလေ။ မလာတော့ တစ်ခါတည်း ကိလေသာ သတ်ပြီးသား ဖြစ်သွားပြီလေ။ အဲဒီဉာဏ်တွေနဲ့ တရားဆိုတာ ဉာဏ်တွေနဲ့ တရားဆိုတာ အဲဒီလိုမှ သိတယ်။ တစ်ယောက်ကစ တစ်ရာဆိုတာ အဲလိုမျိုး။ မြတ်စွာဘုရား တစ်ယောက်တည်း၊ ငါးပါးသိတယ်။ နောက် ငါးပါးကနေပြီး ငါးဆယ် သိသွားတယ်၊ နောက် သုံးဆယ် သိသွားတယ်၊ နောက် တစ်ထောင် သိသွားတယ်၊ အဲလိုဟာမျိုး။

သမ္မာဒိဋ္ဌိ - သမာလို့ ဖတ်ရတာကိုး။ သမာဆိုတော့ မြန်မာခေါ်တယ် သမာဆိုတာက၊ မသမာဆိုရင် ဘာဖြစ်သွားတုံး၊ မသမာဆိုရင် သူ့မိုးနိုးချင်တယ်၊ သူ့ဆိုင်ကဟာလေး ယူခဲ့ချင်တယ်။ အဆစ်လည်းတောင်း ယူလည်းယူ လောဘကြီးတဲ့ သူ့က၊ ဒီနား စာအုပ်လေးတွေယူ၊ အနီလေးယူဆိုရင် အစိမ်းရော အဝါရော ယူတာပဲ၊ ယူဟဲ့ဆို၊ အနိစ္စကောင် ဒုက္ခကောင် အဲဒီလို သိရတယ်။

သမ္မာဒိဋ္ဌိဆိုတာက သမ္မာဒိဋ္ဌိက အမြင်လို့၊ အယူလို့လည်း ရပါတယ်။ မိစ္ဆာဒိဋ္ဌိ ယူတာက ဘယ်လိုယူတုံး၊ မှားသောအယူ၊ သူ ငါလို့ ယူတာကိုး။ သူငါလို့ မှားသောအယူ ယူလိုက်တော့ ရာဂ မဖြစ်ဘူးလား (ဖြစ်ပါတယ် ဘုရား)။ ဒီက သမ္မာဒိဋ္ဌိဆိုတော့ သမာအမြင်ဆိုတော့ မှားသောအယူ မယူဘူး။ မှန်တဲ့အယူ ယူလိုက်တော့ ရာဂ ဒေါသ ဖြစ်သေးလား (မဖြစ်တော့ပါ ဘုရား)။ အဲဒါကြောင့် သမာအမြင်၊ ရာဂဖြစ်ရင် မသမာနဲ့မြင်တာ၊ နင်တို့ မသိဘူးလား (သိပါတယ် ဘုရား)။ အောင်မာ အရူးပြောမှ သိတာ။

ရာဂဖြစ်ရင် မသမာတော့ဘူး။ ဒီစိတ် သမာသေးလား (မသမာတော့ပါ ဘုရား)။ မသမာရင် ဘာဒိဋ္ဌိတုံး (မိစ္ဆာဒိဋ္ဌိပါ ဘုရား)။ သမာရင် ဘာဒိဋ္ဌိတုံး (သမ္မာဒိဋ္ဌိပါ ဘုရား)။ အဲဒါတွေ မိန်းမတွေကို ယောက်ျားတွေက မြင်ရင် မသမာတဲ့စိတ်နဲ့ ကြည့်တတ်တယ်၊ မိစ္ဆာဒိဋ္ဌိ ရာဂမဖြစ်ဘူးလား (ဖြစ်ပါတယ် ဘုရား)။ ကောင်လေးတွေကလည်း အဲဒီလိုကြည့်ရင် ရာဂမဖြစ်ဘူးလား (ဖြစ်ပါတယ် ဘုရား)။ အဲဒါ ဘာနဲ့မြင်တာတုံး (မသမာတဲ့အမြင်)။ ဒီက သမာတဲ့အမြင် သစ္စာလေးပါနဲ့မြင်တာ၊ သမ္မာဒိဋ္ဌိခေါ်တယ်၊ ရိပ်မိပြီလား (ရိပ်မိပါပြီ ဘုရား)။ ရှိသေးလား မိန်းမတွေ၊ ယောက်ျားတွေ စိတ်ထဲမှာ (မရှိတော့ပါဘုရား)။ အဲလိုမြင်ရတယ် ပထမတန်း ကောင်းတဲ့တရားလို့ ပြောနေပေါ့။ သမာသောအမြင် လည်းကောင်း။



www.burmeseclassic.com

www.burmeseclassic.com

သမ္မာသောအတွေးသည်းကောင်း၊ အဲဒါ သမ္မာသင်္ကပ္ပ ကြံတယ်ဆိုတော့ အာရုံရှေးရှုသွားတင်တယ်ဆိုတော့ အဲဒီ မှာပရမတ္ထအနက်၊ ဒါက ကမ္မအနက်၊ ကဲ တွေးလိုက်စမ်း။ သမာအတွေး ဘယ်လိုတွေးမတုံး။ အခုနပြောတဲ့ အဝေးက ဖြစ်တဲ့ ကိလေသာတွေက ငါမဟုတ်၊ ငါ့ဥစ္စာမဟုတ်၊ ငါ့ကိုယ် မဟုတ်ဘူးပေါ့။ ဒီလိုတွေးမှ သမာအတွေးဖြစ်တယ်။ သူက ငါ့ပိုက်ဆံတွေ ဘယ်လောက်ယူသွားတယ်ဆိုရင် ဒေါသဖြစ် နိုင်ရှိတော့တယ်။ သမာအတွေး မဟုတ်ဘူး။ မဟုတ်ဘူးလား (မှန်ပါတယ် ဘုရား)။

သမ္မာဝါစာ - သမာသောစကားသည်လည်းကောင်း၊ စကားပြောတာ သမာပြော ပြောရတယ်။ မုသာဝါဒတွေ မပါဘူး။ မသမာတဲ့အပြောနဲ့ မပြောရဘူး။

သမ္မာကမ္မန္တော - သမာသောအပြုသည် လည်းကောင်း၊ သမ္မာအာဇီဝေါ - သမာသောအနေသည် လည်းကောင်း၊ အနေအထိုင်က အဲဒီဟာနဲ့ပဲ နေရတယ်။ သမာအာဇီဝနဲ့ နေရတယ်။ သမာအာဇီဝနဲ့နေမှ သမ္မာအာဇီဝ ဖြစ်တယ်။ သမ္မာအာဇီဝနဲ့ မွေးတာက တခြား၊ နေတာက တခြားဆိုရင် သမ္မာအာဇီဝ မဖြစ်ဘူး။ နေတယ်၊ ထိုင်တယ်၊ ပြောတယ်၊ ဆိုတယ်ဆိုတာ နေတာပဲ။

အိမ်နေပေမယ့် သမ္မာအာဇီဝနဲ့နေမှ၊ မနေလို့ရှိရင် သမ္မာအာဇီဝမဖြစ်တော့ မဂ်ဉာဏ် ဖိုလ်ဉာဏ်တွေက တစ်ခု တော လွဲသွားတတ်တယ်။ မှန်တဲ့ဟာမှ သမ္မာအာဇီဝလည်းဖြစ်၊ သမာအနေအထိုင်လည်း ဖြစ်သွားတော့ အရိယာတို့ရဲ့ အနေ အထိုင်ဖြစ်သွားတယ်။ ဂါမွော အနရိယော အနတ္ထ သံဟိ တော ရွတ်ဖတ်နေမှ နတ်တွေက ချစ်တယ်။ အဲဒါတွေနဲ့နေမှ စီးပွား ဥစ္စာကလည်း လာတယ်။ အဲဒါတွေကို မှတ်ထား။

သမ္မာဝါယာမော - သမာသော ကြိုးစားခြင်းလည်း ကောင်း၊ အကုသိုလ်မဖြစ်သေးတာကို မဖြစ်အောင် ကြိုးစား တာ သမ္မာဝါယာမော ခေါ်တယ်။ သောတာပတ္တိမဂ်၊ သက ဒါဂါမိမဂ် မဖြစ်သေးတာကို ဖြစ်အောင်ကြိုးစားတာကို သမ္မာ ဝါယာမ ခေါ်တယ်။

သမ္မာသတိ - သမာသောရှုံးသားခြင်း လည်းကောင်း၊ သမ္မာဝါယာမ - သမာသောကြိုးစားခြင်း လည်းကောင်း။

သမာသောရိုးသားခြင်း လည်းကောင်း၊ ရုပ်တွေ၊ နာမ် တွေသိ၊ ကံတွေကို နှလုံးသွင်းတော့ မရိုးသားဘူးလား (ရိုးသား ပါတယ် ဘုရား)။ ဒီ့ပြင်ဟာတွေ နှလုံးသွင်းတော့ ရိုးသားသေး သား (မရိုးသားတော့ပါ ဘုရား)။ အဲဒါ သမ္မာသတိက ရိုးသား တာကို အရိယာခေါ်တယ်။ မရိုးသားတာကို ပုထုဇဉ်ခေါ် တယ်။ အနရိယခေါ်တယ်။ အဲဒီလို အခေါ်အပြောလေးတွေ ကလည်း ဟန်ဦးမှ ပထမတန်းသိသွားတယ်။

ဟ, ငါ့ရိုးသားရဲ့လား မရိုးကြီး၊ မှုမရိုးကြီး ဖြစ်နေပြီ ဆိုပြီး ပြန်ခေါ်၊ နင်ဘယ်သူတုံး။ နင်ဟာ ငါလား သူလား၊ အနိစ္စ ဒုက္ခ ဒကာမကြီးတို့၊ တော်တော်ကျွမ်းကျင်နေပြီ။ အကုသိုလ် ကိလေသာတိုမရှိဘူး။ အဲဒီလို ခေါ်ခေါ်ပြော၊ နင်ဘယ်သူတုံး၊ နင်တို့က အဲဒီဟာတ ငါလို့လုပ်ထားတာ။

ယံ ကိဉ္စိ ရူပံ အတီတာနာဂတပစ္စုပ္ပန္နံက ရူပံက ဥပါဒါ နက္ခန္ဓာရုပ်၊ အဲဒါလေးနဲ့ ခေါ်ခေါ်မေးပြီးတော့ အနတ္တကြီး ပေါ်ပေါ်သွားတာ။ အနတ္တကြီး ပေါ်သွားပြီဆိုတော့ နိဗ္ဗာန် ရောက်တာ။ ဒကာမကြီးတို့ ရှိသေးလား (မရှိတော့ပါ ဘုရား)။ ဥပါဒါနက္ခန္ဓာ ရှိသေးလား (မရှိတော့ပါ ဘုရား)။ စိတ်ထဲမှာ အနတ္တကြီးဖြစ်ပြီးတော့ ပထမတန်း ရိုးသားပြီးနေလိုက်တာမှ ရိပ်မိပြီလား (ရိပ်မိပါပြီ ဘုရား)။

ဟိုစိတ်ကူး ဒီစိတ်ကူး မရှိတော့ဘူး။ ရိုးသားပါတယ် ဆိုမှ သမ္မာသတိကို ရိုးသားတယ်ခေါ်တယ်။ သမ္မာဝါယာမက ရိုးသားအောင် ကြိုးစားရတယ်။ သမ္မာသမာဓိက အဲဒီ ရိုးရိုး သားသားစိတ် ထားရတယ်။ အဲဒါ သမ္မာသမာဓိ၊ အဲဒီရှစ်လုံး တည်းနဲ့ တရားက ပိုင်သွားတယ်။ သစ္စာလေးပါး သိသွား တယ်။ အဲဒါ ရိုးသားရင် အရိယာ၊ သမ္မာဒိဋ္ဌိ အမြင်မှန်ရင် အရိယာ၊ သမ္မာဝါစာ အရိယာ၊ ကဲ တော်ကြဦးစို့။

သာဓု . . . သာဓု . . . သာဓု။

❖

## တဏှာကုန်ချင် အဝိဇ္ဇာကုန် ဉာဏ်မှန်ဖြင့်ရောက်သတည်း တရားတော်

၂၇. ၈. ၂၀၁၃ (နံနက်)

၁၄-၁၅၊ အဲဒီဇာတိပိက အနေက ဇာတိ သံသာရ်နဲ့ အထူးထူးပဲ။ တော်တော်အရာကျယ်တယ်။ ယံ ကိဉ္စိ ရူပံ အတီ တာနာဂတပစ္စုပ္ပန္နံ၊ ယာ ကာစိ ဝေဒနာ အတီတာ နာဂတ ပစ္စုပ္ပန္နာနဲ့ကိုက်တော့ အတိတ်က ဖြစ်ခဲ့တဲ့ဟာတွေ ပြန်ပြန် ပေါ်လို့ရှိရင် မဂ်မကျသေးလို့၊ မဂ်ဆိုတာက ပါဠိလိုပြောပြော နေလို့ ကိလေသာသတ်တဲ့ဉာဏ်။

ကိလေသာသတ်တဲ့ဉာဏ်က ငါမရှိမှ ကိလေသာ သတ်တယ်။ ဒိဋ္ဌိမရှိမှ၊ ဝိစိကိစ္ဆာမရှိမှ၊ ဒိဋ္ဌိဝိစိကိစ္ဆာတို့ ကြသော မဏ္ဍရိယတို့ဆိုတာ ဇာတိပိတွေပဲ။ ဒကာမကြီးတို့ စမ်းထဲ အတိတ်ကဟာတွေရော၊ ပစ္စုပ္ပန်ရော၊ အနာဂတ်ရော မဖြစ် ဘူးဆိုရင်တော့ အဲဒါ မပေါ်တော့ဘူး။ ပေါ်ပေါ်နေမှဖြင့် အနေက ဇာတိ သံသာရ်ထဲ ပါသွားတယ်။

မြတ်စွာဘုရားကတော့ မပေါ်တော့ဘူး၊ မဖြစ်တော့ ဘူး။ မဖြစ်တာ နိဗ္ဗာန်၊ ဒကာမကြီးတို့လည်း မဖြစ်အောင် အတိတ်ကဖြစ်ခဲ့တဲ့ဟာတွေကို ဘာတုံးလို့ စဉ်းစားကြည့်၊ ဒကာမကြီးတို့ မဟုတ်ဘူး၊ အတိတ်က ဒုစရိုက်မှုတွေကြောင့်



www.burmeseclassic.com

www.burmeseclassic.com

ပါဏာတိပါတ၊ အဒိန္နာဒါန၊ ကာမေသုမိစ္ဆာစာရတို့ပေါ့။ မနောနဲ့လုပ်ရင်လည်း ကံပဲ။ အဲဒါ ဘယ်သူတုံး မေးကြည့်၊ အတိတ်က ရာဂတွေက ဘယ်သူတုံးမေးကြည့်တော့ ဘယ်သူမှ မဟုတ်ဘူး ဖြစ်တာပဲ။ မေးလိုက်တော့ မေးလို့မရတော့ဘူး။ ဖြစ်တာကို မရှိတော့ဘူး။ နဂိုကတည်းကမှ ငါမှမရှိတာ။ နဂိုကတည်းက ဇာတိမရှိဘူး။ ဉာဏ်မှာ ဉာဏ်မှာ ဇာတိ ဇာတိပိ ဒုက္ခကို ဂရုစိုက်။

အဲဒီ ဇာတိကိုမှ ဣဒံ ခေါ် ဘိက္ခဝေ ဒုက္ခံ အရိယသစ္စံကိုလည်း ဇာတိခေါ်တာပဲ။ ပြီးတော့ ယံ ကိဉ္စိ ရူပံ ဝေဒနာ အတီတာ နာဂတ ပစ္စုပ္ပန္နံ ဆိုတာလည်း အဲဒါကို ခေါ်တာပဲ။ အတိတ်က ရုပ်တွေကို ဘယ်ဟာတုံးလို့ ကြည့်ကြည့်ပေး။ ဘယ်သူတုံး၊ ဘယ်ဝါတုံး၊ သင်လား ငါလား မေး၊ မေးတော့ ဘယ်သူမှ မဟုတ်ဘူး။ အယောင်ဆောင်တွေ၊ ကပ်ပါးတွေ၊ ဉပါဒါနက္ခန္ဓာတွေ ခေါ်တယ်။ အဲဒီလိုမေးတော့မှ မပေါ်ဘဲ ဖြစ်နေတယ်။

ပေါ်ပေါ်နေတယ် ဆိုတာကျတော့ မြတ်စွာဘုရားက အနေကဇာတိ သံသာရံ၊ အဲဒီဇာတိတွေ ဖြစ်ရတာ များပြီတဲ့ ငါ့မှာ၊ သန္ဓာဝိဿံ အနိဗ္ဗိသံ၊ အဲဒါကို ရှာမတွေ့ခဲ့ဘူးတဲ့။ တဏှာကို ရှာမတွေ့ခဲ့ဘူးတဲ့။ အဲဒါ အတိတ်တဏှာတွေ မပယ်လို့ ပြန်ပြန်ပြီးဖြစ်လာတာတွေ ရိပ်မိပြီလား (ရိပ်မိပါပြီ ဘုရား)။ ကိုယ့်ကိုယ်ကိုယ် ဂရုစိုက်။ အဲဒါ အနေကဇာတိ သံသာရံ ခေါ်တယ်။ သန္ဓာဝိဿံ - လှည့်လည်ခဲ့ရလေပြီတဲ့။ အနိဗ္ဗိသံ - သင့်ကို မသိခဲ့သည်အဖြစ်ကြောင့်တဲ့။

အတိတ်က ဖြစ်ခဲ့တဲ့ ကိလေသာကို ပြန်မဖော်တော့ဘူး။ ပြန်ပြီး ဖျက်ပစ်ရတယ်။ မှားတယ်ဆိုပြီး စာမေးပွဲဖြေသလိုပေါ့။ ကိုယ့်ဘာသာကိုယ် မှားတယ်။ ဘယ်သူမှ မဟုတ်ဘူး။ ဖျက်ပြီး မပေါ်လာတော့ဘူး။ အဲဒါကို ဝိသင်္ခါရ ဂတံ စိတ္တံ၊ တဏှာနံ ခယမဇ္ဈဂါဆိုတာနဲ့၊ အဲဒါနဲ့ ချုပ်တယ် တဏှာ မရှိဘူးဆိုတော့၊ အနေက ဇာတိ သံသာရံနဲ့ ဇာတိပိဒုက္ခာနဲ့။

ဒကာမကြီးတို့ ညညတွေးတွေးကြည့်၊ ဒါမှ မပေါ်တာတွေဖြစ်မှာ၊ မပေါ်တာဖြစ်မှ ဇာတိကုန်တယ်။ ဇာတိခယံ အဝေဒိတဲ့။ မမြင်ဘူးလား၊ စာတွေက အဲဒီလိုလာတာ။ ဇာတိကုန်ခြင်းကို သိပြီတဲ့။ အခု ဒကာမကြီးတို့ သိပြီလား၊ ဇာတိခယံ (သိပါပြီ ဘုရား)။ အတိတ်သွားကြည့်လိုက်တော့ အရင်တုန်းက လုပ်တုန်းကတော့ အတိတ်ကဟာ တကယ် ငါ မှတ်ပြီးလုပ်တာပဲ။ ပြန်ကြည့်တော့မှ မဟုတ်တော့ဘူး။ အာရုံနဲ့စိတ် မဟုတ်ဘူးလား (မှန်ပါ ဘုရား)။ အာရုံနဲ့စိတ် လုပ်တာပဲ မဟုတ်လား (မှန်ပါ ဘုရား)။

အာရုံနဲ့စိတ် ကွဲအောင်ကြိတ်၊ ကံ ဒကာမကြီးတို့ ဟုတ်သေးလား (မဟုတ်တော့ပါ ဘုရား)။ ကံ ရှိသေးလား (မရှိတော့ပါ ဘုရား)။ အဲဒါ ဇာတိခေါ်တယ်။ အနေကဇာတိ ခေါ်တယ်။ အနေကဇာတိ သံသာရံ - သံသာရဆိုတာက ဇာတိက ကိလေသဇာတိ၊ ကမ္မဇာတိ၊ ဝိပါက်ဇာတိ မဟုတ် ဘူးလား (မှန်ပါ့ ဘုရား)။

ကိလေသဇာတိကြောင့် ကမ္မဇာတ်ဖြစ်တယ်။ ကမ္မ ဇာတိကြောင့် ဝိပါကဇာတိဖြစ်တယ်။ ဝိပါကဇာတိကြောင့် ကိလေသဇာတိဖြစ်တယ်။ ကိလေသဇာတိကြောင့် ကမ္မဇာတ် ဖြစ်တယ်ဆိုတော့ အနေကဇာတိ မဖြစ်ဘူးလား၊ ဖြစ်သလား (ဖြစ်ပါတယ် ဘုရား)။ လှည့်တာကို သံသရာခေါ်တယ်။

အနေက ဇာတိ သံသာရံ - အဲဒီဟာလေး ရွတ်ဖတ် ပြီး ကြံကြံကြည့်၊ အဲဒါ အနေကဇာတိ မဖြစ်တော့ဘူး။ အနေ ကဇာတိ မဖြစ်ရင် သံသာရလည်း မဖြစ်တော့ဘူး။ သန္ဓာဝိဿံ လည်း မဖြစ်တော့ဘူး။ အနိဗ္ဗိသံက သိပြီဖြစ်တော့၊ ဝိန္ဒတော - သိသည်ဖြစ်၍၊ သိတယ်ဆိုတာက အတိတ်ကဖြစ်တဲ့ ရာ ဒါကြောင့် အတိတ်ဆိုတာ မရှိဘူးလို့ ပြောတာတွေ၊ စိတ် နဲ့ပဲဖြစ်ဖြစ် နေရတယ်။ ဒီလို ဒီလို စိတ်ဆိုတာ ပညာမဟု ဘူး။ အဲဒီစိတ်က မဖြစ်တော့ဘူး။ ဒါ ဝိန္ဒတော ဖြစ်သွား သိသွားလို့။

အနေက ဇာတိ သံသာရံ၊

သန္ဓာဝိဿံ အနိဗ္ဗိသံ။

အဝိန္ဒတော - အဲဒီလို မသိခဲ့လို့တဲ့။ ဒါ သံသ လည်တယ်။ ခုနတုန်းက ကိလေသာက ဝိပါက်ကဖြစ် ဇာတိပိမှာ ကိလေသာဖြစ်တယ်ဆိုရင် ဝိပါက်ကဖြစ် ဝိပါက်ဆိုတာ အဝင်၊ အဲဒါ မသိစိတ်က အနုသယနဲ့ ကိန်း တယ်။ သိလိုက်တော့ ဟိုသူခိုးကြီး မုန်းနေသလိုပေါ့။ ထွက်ခဲ့ ထွက်ခဲ့ဆိုမှ ကုပ်ကုပ်ကြီးထွက်လာ၊ ကိလေသာ ထွက်ထွက်ပြေးလာတယ်။ သိလို့ ထွက်ပြေးတာပေါ့။

အဝိဇ္ဇာပစ္စယာ သင်္ခါရာဆိုတော့ ဒီနေရာမှာ ဝိသ ဂတံစိတ္တံ၊ တဏှာနံ ဆိုတာ အဲဒီလိုပဲ၊ မြတ်စွာဘုရား အဲဒီ ဖြစ်တာပဲ။ ဒါ ဘုရားဖြစ်သလို သိသိပေးမှ ကိုယ့်ကိုယ်ကို နှိုင်းနှိုင်းပြီးလုပ်၊ အတိတ်က ကိလေသာတွေ ဖြစ်သေးလ ဂရုစိုက်။

ဇာတိပိဒုက္ခာ ဖြစ်လာပြီဆိုရင် အခုဖြစ်တာတွေ နားနဲ့ကြားလို့ ဖြစ်တာတွေမဟုတ်ဘူး။ ကိလေသာဖြစ်တာ ပြောတာ။ အနေကဇာတိ သံသရာဖြစ်တာကို ပြောတာ။ ဇာတိပိဒုက္ခာက အဲဒီလိုမျိုး။ နားတို့ မျက်စိတို့ကတော့ ပ ပေါ့ အခြံအရံတွေ မဟုတ်ဘူးလား (မှန်ပါ ဘုရား)။ သူ စတာတွေပေါ့။ ဒါတွေရော အဲဒါသိရင် အကုန်ပါကုန်

ဂဟကာရံ ဂဝေသန္တော၊ ဒုက္ခာ ဇာတိ ပုနပ္ပုနံ။

ဒကာကြီးတို့ ကြားဖူးတယ်မဟုတ်လား (ကြား တယ် ဘုရား)။ ခန္ဓာအိမ်ကို ဒီခန္ဓာအိမ်ကြီးပေါ့။ ဉပါ န္ဓာအိမ်ကြီးပေါ့။ အဲဒါ ဂဝေသန္တော ရှာတယ်ဆို အတိ ဟာတွေကို ရှာပြီးတော့ မင်းကိလေသာဖြစ်ဖူးတယ်။ ဘာကြောင့်ဖြစ်တယ်။ ဒါကြောင့် ဖြစ်တယ်။ ထွက်ခဲ့ ထွ





www.burmeseclassic.com

www.burmeseclassic.com

ဆိုတော့ ငုတ်တုတ်ကြီး ထွက်လာတယ်။ နောင်မဖြစ်တော့ဘူး။ အဲဒါ ဂဟာကာရ် ဂဝေသန္တောပဲ။

ဒုက္ခာ ဇာတိ ပုနပ္ပုနံ၊ သူတို့မသိရင် အတိတ်ကဟာတွေမသိရင် ပြန်ပြန်ပေါ်တယ်။ အဲဒါ အနုသယ ခေါ်တယ်။ အတိတ်ကဟာတွေသိ၊ ကိုယ့်ဟာကိုယ် ပြန်ဖော်၊ အတိတ်က ဆိုးခဲ့တာတွေ၊ မိုက်ခဲ့တာတွေ၊ ညစ်ခဲ့တာတွေ၊ ဟီနပဏီတတွေ အကုန်ပေါ့၊ ဆယ့်တစ်ပါး၊ အဲဒါတွေ မဖြစ်မှ။

ဘယ်လိုမဖြစ်တုံးဆိုတော့ ဖြစ်တုန်းကတော့ အဝိဇ္ဇာမွှေယာသင်္ခါရနဲ့ ဖြစ်လာတယ်။ အဝိဇ္ဇာယ တွေဝ အသေသဝိရာဂ နိရောဓောနဲ့ ကုန်သွားတယ်။ တကယ်ဖြစ်လို့ တကယ်နေတဲ့စာ ဒီစာက၊ ကိုယ်က မလုပ်တတ်လို့ ဆရာကလည်း ခိုင်းတတ်လို့ ပြန်ပြန်ပေါ်တာ။ အဲဒီ အနတ္တလက္ခဏာသုတ်ထဲမှာ ရဟန္တာဖြစ်သွားတယ်ဆိုတာ အဲဒီလိုဟာမျိုး၊ ယံ ကိဉ္စိရူပံ အတီတာနာဂတပစ္စုပ္ပန္နံ၊ ရုပ်က ရာဂဖြစ်တာကလည်း ဒီရုပ်ကြီးမဟုတ်ဘူး။ ဒီရုပ်ကြီးက ကျင်ငယ်တို့ ဘာတို့ ထမင်းစားတဲ့ရုပ်၊ စိတ်ထဲကဖြစ်တဲ့ရုပ်ကမှ ရာဂဖြစ်တဲ့ရုပ်၊ မနောကံကြီး မဟုတ်ဘူးလား (ဟုတ်ပါတယ် ဘုရား)။ အဲဒီလို ဒကာမကြီးတို့က ကိုယ့်ဘာသာကိုယ်လည်း လုပ်တတ်ရတယ်။ ပြောသည်း ပြောတတ်အောင် ကြိုးစားပေး။

အနေကဇာတိ သံသာရံကလည်း အဲဒါပဲ။ ဇာတိပိဒုက္ခာပဲ၊ အဲဒီလို သိတော့မှ ဣဒံ ခေါ ဘိက္ခဝေ ဒုက္ခံ အရိယသစ္စံ။

အခု (၁၅)၊ အဲဒီလိုဟာမျိုး ရှေးတုန်းက မကြားခဲ့ဘူး။ အခုမှ ကြားတယ်ဆိုတာ (၁၅)က မြန်မာပြန်ပဲ။ အဲဒီလို ဇာတိပိဒုက္ခာတွေကမှ အရိယသစ္စာတွေ၊ ဥပါဒါနက္ခန္ဓာတွေ၊ နိရောဓသစ္စာကျတော့မှ နိရောဓသစ္စံ အရိယသစ္စံ။

ဣဒမ္ပိ - ဤဇာတိပိဒုက္ခာ အစရှိသော ဒုက္ခသည်၊ အရိယသစ္စံ - အရိယသစ္စာမည်၏။ အဲဒီလိုသိမှ အရိယသစ္စာသိတာ၊ မဖြစ်တဲ့ နိရောဓသစ္စာသိမှ အရိယသစ္စာ ခေါ်တယ်။ အဲဒါ ရှေးတုန်းက ဒုက္ခသစ္စာဆိုတာ မကြားဖူးဘူးတဲ့။ ဘယ်ကြားဖူးလိမ့်မလဲ။

အတိတ်က အနာဂတ် ပစ္စုပ္ပန်တွေ မေးမေးပြီး ပယ်ချတ်ပစ်ရမယ်။ သန္တာန် မလာစေနဲ့။ အဲဒီတော့မှ ငြိမ်းတာ အဲဒီနားလေးမှာပဲ။ တရားဆိုတာ ဇာတိပိဒုက္ခာရယ်၊ ဣဒံ ဒုက္ခံရယ်၊ အရိယသစ္စံ၊ ပြီးတော့ ဣဒံ နိရောဓသစ္စံ အရိယသစ္စံ၊ ဒီနေရာမှာပဲ ရှိတယ်။ အခု ဉာဏ်နားနဲ့ နားထောင်ပြီးတော့ ဉာဏ်နားနဲ့ သိပေး။ အခု ကြားတာကတော့ ပသာဒရုပ်နဲ့ကြားတယ်။ သူကလည်း ကြားပြီး ပျက်တယ်။ သူလည်း ဒုက္ခထဲပါတယ်။

ဒါပေမယ့် တဏှာနံ ခယမဗ္ဗဂါ ဆိုစမ်း (တဏှာနံ ခယမဗ္ဗဂါ)၊ ပုဒ်ဖြတ်လိုက်စမ်း၊ တဏှာနံ - တဏှာတို့၏ (တဏှာနံ-တဏှာတို့၏)၊ ခယံ - ပုဒ်ဖြတ်တယ်ဆိုတာ တဏှာနံ ခယံ အဗ္ဗဂါ၊ တဏှာနံ - တဏှာတို့၏၊ ခယံ - ကုန်ခြင်းကို၊ အဗ္ဗဂါ - ရပြီ။

အဲဒါ နိဗ္ဗာန်ရပြီဆိုတာပဲ။ တဏှာကုန်ဘာမှ ဒကာမကြီးတို့ သိတယ်။ သိလိုက်လို့ရှိရင် နိဗ္ဗာန်၊ နိရောဓ သစ္စာမျက်မှောက်ပြုပြီ ပြောတာပဲ။ မဂ္ဂသစ္စာပွားပြီး သမုဒယသစ္စာပယ်ပြီး၊ စာက ပါဠိရွတ်ရင် မသိတတ်ဘူး။ ပါဠိမရွတ်ဘဲ ကိုယ့်အဖြစ်ကို ကြည့်လိုက်ရင် ပထမတန်း ရှင်းတာပဲ။ ရှင်းမှန်းလင်းမှန်း မသိဘူးလား (သိပါတယ် ဘုရား)။ အခု ဘယ်လိုလုပ်ရမယ်ဆိုတာ သိပြီလား (သိပါပြီ ဘုရား)။ အဲဒါကို ကိစ္စဉာဏ် ခေါ်တယ်။ မနေ့က (၁၄)က သစ္စဉာဏ်ခေါ်တယ်၊ ဘာဉာဏ်ခေါ်တုံး (သစ္စဉာဏ်ပါ ဘုရား)။

အခု (၁၅) ကိစ္စဉာဏ်၊ အဲဒါ ငါ ရှေးတုန်းက မသိဘူးတဲ့။ အခုတော့ အဲဒီလိုလုပ်လိုက်မှ သိတယ်တဲ့။ ရိပ်မိပြီလား (ရိပ်မိပါပြီ ဘုရား)။ အဲဒီလို ကြည့်ကြည့်ပေး ဒကာမကြီးတို့၊ ဣဒံ ဒုက္ခံအရိယသစ္စံ ဆိုတာက အဲဒီအတိတ်ကဟာတွေ၊ တဏှာမကုန်ဘူး။ ကုန်တယ်ဆိုတာ ကိုယ့်ဘာသာကိုယ် သိပါတယ်။

တဏှာဆိုတာ စိတ်ကူး စိတ္တဇတွေ၊ စိတ်နဲ့ကူးမှ ရတဲ့ဟာတွေ၊ စိတ်နဲ့ကူးတယ်ဆိုတာ စိတ်နဲ့လုပ်တဲ့ မနောကံတွေ၊ အဲဒါတွေ ဉာဏ်နဲ့သိပေး။ စက္ခုံဥဒပါဒိ ဖြစ်သွားလို့ရှိရင် ဒါတွေမဖြစ်တော့ဘူး။ စက္ခုံဥဒပါဒိ ဆိုတာ ဉာဏ်ခေါ်တာ။ ပြီးတော့ ဉာဏ်မှန်းမသိအောင်၊ ဉာဏံဥဒပါဒိဆိုတာ ဉာဏ်ဖြစ်ပြီ။ ရှေးက မဖြစ်ခဲ့ဖူးတဲ့ ဉာဏ်တွေဖြစ်တယ်။ ကိစ္စဉာဏ်တွေ၊ သစ္စဉာဏ်တွေ ဖြစ်တယ်။

(၁၅)က ကိစ္စဉာဏ်၊ ကိစ္စဉာဏ် ဆိုတာ ဘယ်လိုလုပ်ရမယ်ဆိုတော့ ဒုက္ခသစ္စာက ပိုင်းခြားရမယ်။ ဘယ်လိုလုပ်ခဲ့ပုံ၊ ဘယ်ဟာကရုပ်၊ ဘယ်ဟာက ခံစားတဲ့ဝေဒနာ၊ ဥပမာ - ဆိတ်ကလေးတွေ သတ်ခဲ့တယ်၊ ငါးကလေးတွေ သတ်ခဲ့ပြီး ပြုံးတာ ပျော်တာ၊ ပျော်တယ်ဆို သဘောကျတာက ဘဝင်ခေါ်တယ်။ လုပ်တာက ကံခေါ်တယ်။ ဘဝင်ဆိုတာ ကံရဲ့ အကျိုး။

*(ဆက်ရန်)*

**❐ ဘဒ္ဒန္တကုလ္လာဘိဝံသမထေရ်မြတ်**
**(အနှိစ္စဆရာတော်)**



www.burmeseclassic.com

www.burmeseclassic.com




ကန်တော့ပြီး လက်ဝဲဘက်အပေါက် မုခ်ဦးလှေကားမှ အပေါ်တက်ကြသည်။ ပထမထပ်တွင် ဘုရားရုပ်ပွားတော် ကြေးဆင်းတု မဟာမြတ်မုနိပုံတော်ကြီး၊ ဆရာတော်ကြီး၏ ပုံတော်၊ မဟာကျိန်သစ္စာရှင်ဘုရားကြီး ပုံတော် စသည်တို့ကို ကြည်ညိုသပ္ပာယ်စွာ ဖူးတွေ့ရသည်။ ထိုပထမထပ်မှ ပတ်ဝန်းကျင်ကို ကြည့်လိုက်သောအခါ ဘုရားစေတီ ရုပ်ပွားတော်များ တင့်တယ်စွာ ပြုပြင်မွမ်းမံ တည်ထားနေသည်ကို တွေ့ရသည်။

ရခိုင်ပြည်နယ် မြောက်ဦးမြို့မှ ရှစ်သောင်းပုထိုးများ ပုံစံအတိုင်း တည်ထားလျက်ရှိသည်။ ဒုတိယအထပ် တက်ခွင့်မပြုသေးပါ။ ပြုပြင်မွမ်းမံဆဲ ဖြစ်သည်။ ပထမထပ်တွင် တရားထိုင်၊ ပုတီးစိပ်နေသူများရှိ၍ ဆူညံခြင်းမပြုကြရန် မေတ္တာရပ်ခံထားပါသည်။ ဤမျှ ကြီးကျယ်ခမ်းနားသော ဘုရားကြီး တည်ထားနိုင်သော မဟာဇေယျသိဒ္ဓိအဓိဋ္ဌာန်ဆရာတော်နှင့် ဘဒ္ဒန္တကုလရက္ခိတ၏ သီလ၊ သမာဓိ၊ ပညာမှာ ချီးကျူးဂုဏ်ယူဖွယ် ကောင်းလှပေသည်။

မဟာဇေယျသိဒ္ဓိ အဓိဋ္ဌာန်ဆရာတော် ဦးဆောင်တည်ထား ပူဇော်ပြီးသည့်

# မဟာကျိန် သစ္စာရှင် ဘုရားကြီး

ဂမ္ဘီရဆရာလှမျိုး

ရန်ကုန်တိုင်း ဒေသကြီးအတွင်းရှိ မြောက်ဥက္ကလာပမြို့နယ်ကို ဖြတ်သန်းသွားလာရသောအခါ အလွန်မြင့်မားသော ရုပ်ပွားတော်ကြီးတစ်ဆူကို အဝေးမှ လှမ်းမြင် ဖူးတွေ့ရပါသည်။ လမ်းထိပ်တွင် မဟာကျိန်သစ္စာရှင်ဘုရားကြီးသို့ ဟူသော လမ်းညွှန်ဆိုင်းဘုတ်လည်း တွေ့ရသည်။ တစ်နေ့ တကူးတကဝင်၍ ဖူးမြော်မည်ဟု စိတ်ကူးပြီး တစ်နှစ်တာ ကုန်ဆုံးသွားပါသည်။

၂၀၁၃ ခုနှစ် ဇွန်လတွင် ပုလဲမြို့ဘက်ရှိ စမဆရာတော် ထီးတော်တင်ပွဲမှအပြန် ဓမ္မမိတ်ဆွေ ဦးမောင်အေးမှ သူ၏ကားဖြင့် လိုက်ပို့ပါသည်။ လမ်းထိပ်မှ အတွင်းသို့ အနည်းငယ်ဝင်လိုက်သည်နှင့် ရောက်ပါသည်။ တည်နေရာမှာ မြောက်ဥက္ကလာပမြို့နယ် (၄)ရပ်ကွက်၊ သုနန္ဒာလမ်း၊ အမှတ် (၁၁၃၅/ ၃) ဖြစ်ပါသည်။

ရုပ်ပွားတော်ကြီးကို ဦးစွာဖူးမြော်ကန်တော့ပြီး ဓာတ်ပုံရိုက်ပူဇော်လိုက်သည်။ မြင့်လွန်း၍ အပေါ်မော့ကာ ဓာတ်ပုံရိုက်ရသည်။ အမြင့်ဉာဏ်တော်မှာ ၁၂၉ ပေ ၆ လက်မ ရှိသည်။ ဘုရား

အပေါ်ထပ်မှ ပြန်ဆင်းလာပြီး ပုံတော်၊ တရားခွေအရောင်းဌာန၊ အလှူခံဌာနမှ တရားစာအုပ်၊ ဘုရားသမိုင်းစာအုပ်၊ တရားခွေ၊ ပုံတော်တို့ကို ဝယ်ယူပူဇော်ကြပါသည်။

အဓိဋ္ဌာန်ဆရာတော်သည် ရခိုင်ပြည်နယ် မင်းပြားမြို့နယ် ဇာတိဖြစ်သည်။ ဆရာတော်သည် ဇာတိ ခွန်ရဲကျေးရွာဘုန်းကြီးကျောင်း၌ ကျောင်းထိုင် ကျောင်းပိုင်အဖြစ် သီတင်းသုံးတော်မူလျက် တပည့်ရဟန်း၊ ကိုရင်သာမဏေ ကျားမလူငယ် ၅၀၀ ကျော်တို့အား



www.burmeseclassic.com

www.burmeseclassic.com

ကိုးနှစ်တိုင်တိုင် ပရိယတ္တိစာပေများကို ပို့ချပေးတော်မူခဲ့ပါသည်။

သံဃနာယက အဖွဲ့အစည်း အဆင့်ဆင့်တို့၏ ဩဝါဒကို အမြဲတမ်း ခံယူတော်မူလျက် တောတောင်အသီးသီးတို့၌ မဟာဇေယျသိဒ္ဓိကျင့်စဉ် ခေါ် ဗုဒ္ဓါနုဿတိ ဘာဝနာကို ၁၃၄၁ ခုနှစ်၊ နှစ်ဆန်း ၁ ရက်နေ့မှစ၍ ရာသက်ပန် သက်သတ်လွတ် ဆွမ်းဘုဉ်းပေးလျက် စတင်ကြိုးစား အားထုတ်တော်မူလာခဲ့ရာ သက်တော် (၃၆)နှစ်၊ သိက္ခာတော် (၁၆)ဝါတွင် အမိဋ္ဌာန်ဆရာတော်ဟူ၍ ထင်ပေါ်ကျော်စောလာခဲ့ပါသည်။

ယခုဆောင်းပါးတွင် ခေါင်းစဉ် အတိုင်း ဘုရားကြီးသမိုင်း အလေးထား ရေးသားပူဇော်ပေးပါမည်။ မဟာဇေယျ သိဒ္ဓိ အမိဋ္ဌာန်ဆရာတော် ပြည်တွင်း ပြည်ပ သာသနာပြု ဆရာတော်ကြီး တစ်ပါးဖြစ်ကြောင်း သိရှိရသည်။ ဆရာ တော်၏ သာသနာပြုလုပ်ငန်း ထေရုပ္ပတ္တိကို သီးခြားရေးသား ပူဇော်မှသာ ပြည့်စုံပါမည်။

သက်တော် (၂၀) ရဟန်းပြုချိန် မှစ၍ ယခု သက်တော် (၆၆)နှစ် နှစ် ပေါင်း (၄၆)နှစ်တိုင် စာပေပရိယတ္တိသင် ကြား၊ အမိဋ္ဌာန်ကျင့်စဉ်ဝင်၊ တရားဓမ္မ ဟောကြားပြသ၊ ကျမ်းစာအုပ်များပြုစု၊ ဘုရားတည်၊ ကျောင်းဆောက် စသည့် သာသနာ့ကိစ္စရပ်များကို နေ့မအား ညမနား ကျင့်ကြံအားထုတ် ဆောင်ရွက် လျက်ရှိပါသည်။



မဟာကျိန်းသစ္စာရှင်ဘုရားကြီး



မဟာကျိန်းသစ္စာရှင် ဘုရားကြီး၏ရှေ့ရှိ ဆရာတော်ကြီး၏ကြေးရုပ်တု


## မဟာကျိန်းသစ္စာရှင် ဘုရားကြီးသမိုင်း

ရန်ကုန်တိုင်းဒေသကြီး မြောက် ဥက္ကလာပမြို့နယ် (၄) ရပ်ကွက်တွင် အမြင့်ဉာဏ်တော် ၁၂၉ ပေ ၆ လက်မ ရှိ မဟာကျိန်းသစ္စာရှင် ဘုရားကြီးကို အောက်ဖော်ပြပါအတိုင်း ဆောက်လုပ် ပူဇော်ထားသည်။

### ဘိသေကမုနိဘုရား

ဘိသေက သုံးမျိုးရှိရာ သုံးမျိုး လုံးကို သွန်းလောင်းခဲ့ကြသည်။

www.burmeseclassic.com



မဟာကျိန် သစ္စာရှင်ဘုရားကြီး

ရှေးအခါက ဗုဒ္ဓါဘိသေက မင်္ဂလာ ဆင်ယင်ကျင်းပရာ၌ အသုံးပြုခဲ့သော ဘုရားဆင်းတုတော်ကို ဘိသေကမုနိဆင်းတုတော် ဟုခေါ်သည်။ ဤဘိသေကမုနိသွန်းခြင်းကို ဝေသာလီ မဟာစန္ဒြမင်းကြီးက အစပြုခဲ့ကြောင်း မှတ်တမ်းများအရ သိရှိရပါသည်။

ရခိုင်တွင် ခေတ် လေးခေတ် ပေါ်ပေါက်ခဲ့သည်။

(၁) ဘီစီ ၅၀၀ မှ အေဒီ ၃၂၆ ထိ ဓညဝတီခေတ်

(၂) အေဒီ ၃၂၇ မှ အေဒီ ၈၁၀ ထိ ဝေသာလီခေတ်

(၃) အေဒီ ၈၁၀ မှ အေဒီ ၁၄၃၀ ထိ လေးမြို့ခေတ်

(၄) အေဒီ ၁၄၃၀ မှ အေဒီ ၁၇၈၄ ထိ မြောက်ဦးခေတ်

## မဟာစန္ဒြမင်း ဖွားမြင်တော်မူခြင်း

ဒုတိယခေတ်ဖြစ်သော ဝေသာလီခေတ်ကို မဟာသူရိယတိုင်း စန္ဒြမင်း (စန္ဒြားမင်း) သည် အေဒီ ၃၂၇ တွင် စတင်တည်ထောင်ခဲ့သည်။


ဤစန္ဒြမင်းအကြောင်းကို မဟာရာဇဝင်တော်ကြီးတွင် သူရိယကေတု



မဟာကျိန် သစ္စာရှင်ဘုရားကြီးဝင်းရှိ သျှစ်သောင်းဘုရားပုထိုးများတည်ဆောက်နေပုံ

မင်းကြီးနှင့် မိဖုရားကြီး သုဘာသီလတို့တွင် သားတော်တစ်ပါး ဖွားမြင်ခဲ့ပါသည်။

မိဖုရားအိပ်မက်အရ ဖွားတော်မူသော သားဖြစ်၍ ဘုန်းကြီးသော မင်းသားဖြစ်မည်ဟု ပညာရှိများက ဟောကိန်းထုတ်ခဲ့လေသည်။ မင်းသားအား ဖွားမြင်သောနေ့တွင်ပင် ဥက္ကာပျံခြင်း၊ မြေကြီးတုန်လှုပ်ခြင်းတို့ ဖြစ်ကုန်သည်။ ထိုအတိတ်နိမိတ်တို့ကြောင့် မင်းသားကို မဟာစန္ဒြမင်းဟု မှည့်ကုန်သည်။ ထိုမင်းသည် ဘုန်းတန်ခိုးအလွန်ကြီး၍ သိကြားမင်းက အရိန္ဒမာလှံပျံကို ဆက်သရလေသည်။ မဟာမြတ်မုနိ ဆင်းတုတော်တွင်



မဟာကျိန် သစ္စာရှင်ဘုရားကြီးအနီးရှိ ရခိုင်သျှစ်သောင်းဘုရားပုထိုးပုံစံများ



www.burmeseclassic.com

www.burmeseclassic.com

လည်း မိမိရာဇဘိသိက်သွန်းလုပ်စဉ် ဝတ်ဆင်ခဲ့သော မင်းဝတ်တန်ဆာများကို ရွှေဖြင့်ပြုလုပ်ပြီး ပတ္တမြား၊ မြ၊ စိန် တို့ကို စီစေပြီး လှူဒါန်းတော်မူသည်။

## မဟာကျိန်ဘုရား သွန်းလုပ်ပုံအဆင့်ဆင့်

မဟာကျိန်ဘုရား စတင်သွန်းလောင်းရန်အတွက် ပညာရှိ ပုရောဟိတ် ဟူးရားကြီးတို့သည် ပြည်စိုးကြီးအမတ် (သို့) နန်းရင်းဝန် (သို့) အမတ်ချုပ်တို့နှင့် တိုင်ပင်၍ သင့်မြတ်သောနေ့ရက် အခါ နာရီကို တွက်စစ်ကာ ရတနာ ခုနစ်ပါး၊ ရေ၊ အမွှေးနံ့သာရည်များ ဖက်ဖျန်းရ၏။

၎င်းနောက် သံဃာတော်အရှင်မြတ်များကို ပင့်ဖိတ်၍ဆွမ်းကပ်လှူခြင်း၊ ကမ္မဝါစွတ်ဖတ်ခြင်း၊ အောင်ခြင်းရှစ်ပါး မင်္ဂလသုတ်၊ ရတနသုတ်၊ ဘုမိဇယမန္တန်တော်များကို ရွတ်ဖတ်သရဇ္ဈာယ်ကာ



မဟာကျိန်သစ္စာရှင်ဘုရား မုခ်ဦး



အဓိဋ္ဌာန်ဆရာတော်ကြီး

မြေကိုသန့်စင်ရပါသည်။ လေးဖက်လေးတန် ရာဇဝင်း သုံးထပ်ကာရံ၍ စည်းသုံးတန် တားရသည်။

အခမ်းအနား စမည့် အချိန်၊ နာရီ၊ နက္ခတ်တာရာအခါကို ကိုက်ညီသည်နှင့် တစ်ပြိုင်နက် သီလမြဲသော ဟူးရားဖြူ လေးယောက်၊ ဟူးရားညို လေးယောက်တို့သည် သန့်စင်သော အဝတ်ဖြူများကို ဝတ်ဆင်လျက် ပတ္တမြားစီသော လက်ယာရစ်ခရုသင်း ကိုယ်စီကိုင်ပြီး ရာဇမတ်အတွင်း ဂြိုဟ်တိုင် ရှစ်တိုင်၌ ရပ်ကာ အခါစေ့သည်ဟု အချက်ပြသည်နှင့်တစ်ပြိုင်နက် ခရုသင်းမှုတ်ခြင်း၊ ဂြိုဟ်စောင့်နတ်၊ စတုလောကပါလနတ်၊ သာသနာစောင့်နတ်၊ ပြည်စောင့်နတ်၊ အာကာသစိုး၊ ဘုမ္မစိုး၊ ရုက္ခစိုးနတ်များအား ပင့်ဖိတ်ခြင်းပြုလုပ်ရ၏။

အခါကောင်း အခါမြတ်ရောက်သည်နှင့် တစ်ပြိုင်နက် ပန်းတဉ်းဆရာကြီးများသည် ချက်သန့်စင်ထားသော ရတနာများဖြင့် မဟာကျိန်ဘုရားကို သွန်းလောင်းကြရပါသည်။ ရုပ်ပွားတော်ကို အရှေ့အရပ်မျက်နှာမူ သွန်းလုပ်ရပြီး သွန်းလုပ်နေစဉ်အတွင်း ဟူးရားဖြူ ဟူးရားညိုတို့က ရွှေပေါက်ပေါက်၊ ငွေပေါက်ပေါက် ကြဲဖြန့်လျက် အနေကဇာတိ သံသာရံ အစရှိ ဂါထာတော်ကို ရွတ်ဖတ်ပူဇော်ကြရသည်။

မဟာကျိန်ဘုရားကြီး၏ ပုံတော်မှာ တင်ပျဉ်ခွေပုံတော် ဖြစ်ပါသည်။ ဦးတော်တွင် ရာဇဘိသေက မင်္ဂလာခံယူမည့် ဘုရင်၏ မကိုဋ်သရဖူအတိုင်း သရဖူဆောင်းထားလျက် လည်ပင်းတော်၌ အရေးသုံးပါး ပါရှိပြီး နားတော်မှာ ပခုံးတော်နှင့်မထိဘဲ ဘုရင်မင်းမြတ်ဝတ်ဆင်ထားသော နားတောင်းမျိုးဝတ်ဆင်ထားရသည်။ ဝတ်ရုံတော်မှာလည်း ဘိသိက်ခံ ဘုရင်၏ ဝတ်ရုံတော်မျိုးဖြစ်သည်။

## မုဒြာဟန်နှင့် အဆင်းတန်ဆာများ

မဟာကျိန်ဘုရားများသည် နန်းတက်သော ဘုရင်တစ်ပါးစီ၏ဆန္ဒတော်အတိုင်း သွန်းလုပ်ပူဇော်ရသဖြင့် မုဒြာဟန်များ တူညီမှုမရှိ ကွဲပြားခြားနားရသည်။ ထုလုပ်သောရုပ်ပွားတော်များသည် ဘယ်ခြေဖဝါးကိုညာခြေထောက်အောက်တွင်ထား၍ ညာခြေဖဝါးကို ဘယ်ဘက်ပေါင်ပေါ်တွင်တင်ထားသည့် ပုံစံတစ်မျိုး။

ခြေဖဝါးနှစ်ဖက်စလုံးကို တင်ပျဉ်ခွေပေါ်တွင် ပက်လက်လှန်၍ ဘယ်ညာ တစ်ဖက်တစ်ချက်စီယှက်ပြီး ထားထားသော ပုံစံတစ်မျိုး စုစုပေါင်း နှစ်မျိုးရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com

(၁) ဘူမိဖဿမုဒြာ

ဘယ်ဘက်လက်ဖဝါးကို တင်ပျဉ်ခွေပေါ်တွင် ပက်လက်လှန်ထား၍ ဆေးတော်အိုး (အမြိုက်အိုး)ကိုတင်ထားပါသည်။ ညာဘက်လက်၌ ညာဒူးပေါ်တွင် မှောက်လျက်တင်ပြီး လက်ချောင်းထိပ်ဖျားများက မြေကြီး သို့မဟုတ် ပလ္လင်တော်ကို ထိနေရမည်။

(၂) ဓျာနမုဒြာ

လက်နှစ်ဖက် ယှက်၍ ဘယ်လက်ဖဝါးပေါ်တွင် ညာလက်ဖဝါးတင်၍ လက်ဖဝါး၏ ပုံသဏ္ဌာန်မှာ ပက်လက်ဖြစ်ပြီး လက်မထိပ်နှစ်ခုကို ထိနေရမည်။ ထိုလက်ဖဝါးပေါ်တွင် အမြိုက်အိုး တင်ထားရမည်။

(၃) ဝီရမုဒြာ

တင်ပျဉ်ခွေပေါ်တွင် ဘယ်ဘက်လက်ဖဝါးကို ပက်လက်ထား၍ အမြိုက်အိုး (သို့မဟုတ်)တစ်စုံတစ်ရာကို ကိုင်ထားသည့်ပုံစံဖြစ်ပြီး ညာဘက်လက်တော်သည် အပေါ်သို့ တံတောင်ဆစ်ကွေး၍ထောင်ထားပြီး၊ လက်ဖဝါးတော်ကို ဒေါင်လိုက်ထောင်ထားပြီးနေသည့်ဟန် မြင်ရသည်။

## သွန်းလုပ်သည့်အရွယ်အစား

မဟာကျိန်ဘုရား၏ ဆင်းတုတော်အတိုင်းအတာများ တည်ထားကိုးကွယ်မည့် ဘုရင်တစ်ပါးစီ၏ ဆန္ဒတော်အတိုင်း အကြီးဆုံးသည် ဉာဏ်တော် တစ်တောင်ခန့်ဖြစ်ပြီး အငယ်ဆုံးသည် တစ်မိုက် ဖြစ်ပါသည်။

## ဘုရင်မင်းမြတ်သစ္စာပြုခြင်း

အဆိုပါအခမ်းအနားတွင် ဘုရင်မင်းမြတ်မှ မဟာကျိန်ဘုရားကို ဦးခေါင်းပေါ်ရွက်တင်၍ "ဘုရားတပည့်တော်သည် ဘိုးဘေးစဉ်ဆက် ကိုးကွယ်သော ဗုဒ္ဓဘာသာကို ကိုးကွယ်ပါမည်၊ မင်းကျင့်တရား ဆယ်ပါး၊ သိင်္ဂဟတရား လေးပါး၊ အပရိဟာနိယတရား ခုနစ်ပါးကို စောင့်ရှောက်မည်။ သာသနာအကျိုးကို ဆောင်ရွက်ပြီး သာသနာရန်သူများကို ရှင်းလင်းပါမည်ဟု သစ္စာအဓိဋ္ဌာန် ပြုရပါသည်။

ရှင်းအခမ်းအနား ကျင်းပရခြင်း အဓိကအကြောင်းရင်းမှာ နန်းတက်သော ဘုရင်များမှ သစ္စာအဓိဋ္ဌာန်ကျိန်ဆိုခြင်းသည် အဓိကကျပါသည်။ နန်းတက်သော ဘုရင်တိုင်း ထိုအခမ်းအနားမျိုးကို ပြုလုပ်ရန်အတွက် မဟာကျိန်ဘုရားများကို သွန်းလုပ်ပူဇော်ရပါသည်။

[မှတ်ချက် - အချို့လူများ ထင်မှတ်မှား ပြောဆိုကြသလို "ဘုရင်မင်းမြတ်အား သစ္စာဆို ကျိန်စာတိုက်၍ တည်ထားသည်"ဆိုခြင်းမှာ မဟုတ်ပါ။ စာရေးသူ]

ထိုမဟာကျိန်ဘုရားကို မင်းဝတ်တန်ဆာများ ဝတ်ဆင်ထားခြင်းကို တွေ့ရှိရခြင်းအားဖြင့် ရှေးရခိုင်ဘုရင်မင်းမြတ်များ၏ ဝတ်စားဆင်ယင်ပုံကို ထင်ဟပ်ပေါ်လွင်နေပါသည်။ ဗုဒ္ဓါဘိသေကကျမ်း၊ ရှေးဟောင်းပေမူ၌ တိုင်းပြည်အုပ်ချုပ်သောဘုရင်များသည် နန်းတက်၍ ဘိသိက်မင်္ဂလာမမြောက်မီ ဦးစွာ ဗုဒ္ဓါဘိသေကမင်္ဂလာ ပြုလုပ်ရကြောင်း ပါရှိပါသည်။ ယင်းခေတ်အခါက ဘုရင်များ ဦးထိပ်ထား၍ ကျိန်ဆိုသစ္စာပြုရသော ဗုဒ္ဓရုပ်ပွားတော်များကို မဟာကျိန်ဘုရားဟု ခေါ်သည်။

အေဒီ ၄ ရာစုအတွင်း ဝေသာလီခေတ် ရခိုင်ဘုရင်များသည် ၎င်းတို့နန်းတက်မင်္ဂလာအခမ်းအနားပွဲအတွက် နန်းတက်ဘုရား (သို့) ရာဇာဘိသေကဘုရား (သို့) မဟာကျိန်ဘုရားတစ်ဆူကို သွန်းလုပ်ပူဇော်လျက် တိုင်းပြည်၏ ဘာသာရေး၊ အုပ်ချုပ်ရေး၊ တရားဥပဒေပြုရေး၊ စီမံခန့်ခွဲရေးများကို မင်းကျင့်တရားနှင့်အညီ သစ္စာဓိဋ္ဌာန်ပြု စိုးစံအုပ်ချုပ်ခဲ့ရသည် ဖြစ်သောကြောင့် မဟာကျိန်သစ္စာရှင်ဘုရားဟု အမည်သမုတ်သည်ဟု မှတ်ယူနိုင်ပါသည်။

ဆရာတော် ဘဒ္ဒန္တကုလရက္ခိတသည် အဓိဋ္ဌာန်အောင်မြင်သောပုဂ္ဂိုလ်၊ လက်ရှိမှာလည်း အဓိဋ္ဌာန်ပြု၍ သာသနာတော် စည်ပင်တိုးတက်ပြန့်ပွားအောင် မြန်မာနိုင်ငံနှင့်တကွ နိုင်ငံရပ်ခြား တိုင်းပြည်များသို့မှင် ကြွရောက်တော်မူပြီး ကမ္ဘာသူ ကမ္ဘာသား အဓိဋ္ဌာန်ဖြင့် တရားရှုမှုများ အောင်မြင်ဖြစ်ထွန်းစေရန်နှင့် လုပ်ငန်းများလည်း အောင်မြင်စေရန်အတွက် လွန်ခဲ့သောနှစ်ပေါင်း ၁၅၀၀ ကျော်က ဝေသာလီခေတ် ရခိုင်ဘုရင်များ တည်ထားသွန်းလောင်းပူဇော် အဓိဋ္ဌာန် သစ္စာပြုခဲ့သည့် မဟာကျိန်ဘုရားကြီး ပုံစံတူကို သွန်းလောင်းပူဇော်ပြီး မြန်မာနိုင်ငံသူ နိုင်ငံသား အားလုံးနှင့်ကမ္ဘာသူကမ္ဘာသားအားလုံး၊ သတ္တဝါအားလုံးအတွက် အဓိဋ္ဌာန်အောင်မြင် အကျိုးပွားများစေရန် စိတ်ရည်သန်ပြီး တည်ထားကိုးကွယ်ရန် ဆန္ဒပြင်းပြတော်မူသည်နှင့်အညီ ဆရာတော်ကြီး ဘဒ္ဒန္တကုလရက္ခိတ ဦးဆောင်လမ်းညွှန်မှုကို ခံယူပြီး မြန်မာမှုဗိသုကာ ပညာရှင်များ၊ အင်ဂျင်နီယာများစသော ပညာရှင်များက မိမိတို့ဆိုင်ရာပညာများဖြင့် ဘုရားကြီးတည်ရန် စီမံခဲ့သည်။

ပထမအကြိမ် သဲကျင်းပေါင်း ၁၀၈၇ ကျင်းဖို့ပြီး ၇. ၁. ၂၀၀၆ ရက်နေ့မှာ Myanmar V.pil မှ အသေးဆုံး တစ်ပေတိုင်၊ တစ်ပေခွဲတိုင်၊ နှစ်ပေတိုင် ၃၂ လုံးကို မြေကြီးတစ်တိုင်လျှင် ပေ ၁၂၀ ရိုက်သွင်းခဲ့သည်။ ၁၂. ၇. ၂၀၀၇ နေ့တွင် ဒုတိယအကြိမ် သဲ ၁၂၆၈ ကျင်းကို ထပ်မံဖြည့်သွင်းခဲ့လေသည်။ ၂၉. ၁၂. ၂၀၀၇ စနေနေ့ (၁၃၆၉ ခု၊ နတ်တော်လပြည့်ကျော် ၅ ရက်) နံနက် ၈ နာရီတွင် အုတ်မြစ်စီ မင်္ဂလာအခမ်းအနားကို ကျင်းပခဲ့ပြီး ပလ္လင်တော်ကို စတင်ခဲ့ပါသည်။

၁၆. ၈. ၂၀၀၈စနေနေ့၊ ဝါခေါင်လပြည့်နေ့ နံနက် ၇ နာရီတွင် ကိုယ်လုံးတော်စီ မင်္ဂလာအခမ်းအနားကို ကျင်းပခဲ့ပြီး ပလ္လင်တော်ကို စတင်ခဲ့ပါသည်။ ၂၇. ၁၂. ၂၀၀၈ (၁၃၇၀ ပြည့်နှစ် ပြာသိုလဆန်း ၁ ရက်) စနေနေ့တွင် စမ္


www.burmeseclassic.com

www.burmeseclassic.com

ခဏ်နှင့် ကိုယ်လုံးတော် ပုံဖော်လုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ပါသည်။

ဘုရားကြီး ရုပ်လုံးတော်မြတ်ကို ၂၀၀၉ ခုနှစ် ဒီဇင်ဘာ ၁၁ ရက်နေ့ ပုံဖော်မှု ပြီးစီးခဲ့သည်။ ကိုယ်လုံးတော်မြတ်ကြီးတည်ထားနေစဉ်ကာလအတွင်းမှာပင် ၂၇. ၃. ၂၀၀၉ နေ့တွင် မဟာရံဘံတိုင်းတည်ဆောက်ရန်အတွက်လုပ်ငန်းစတင်ခဲ့သည်။ ဘုရား၏ပုံတော်မှာ ဈာနမုဒြာဖြစ်ပြီး လက်တော်နှစ်ဖက်တွင်း၌ သစ္စာရေစင်အိုးကဲ့သို့ ရေများထည့်ထားပြီး ထိုမှတစ်ဆင့်ရင်ပြင်တော်တစ်နေရာတွင် လူအများ ရေစင်များသောက်သုံးနိုင်ရန် စီစဉ်ထားသည်။

ဤသစ္စာရေစင်ကို သောက်သုံးသည့်အခါ၌လည်း မိမိပြုလုပ်သည့်ကိစ္စအဝဝတို့ကို သစ္စာဆို၍ သောက်သုံးရန်ဖြစ်သည်။ မဟာကျိန်သစ္စာရှင်ဘုရားကြီးကို (၂၅. ၃. ၂၀၁၂) တနင်္ဂနွေနေ့တွင် ဗုဒ္ဓဘိသေက မင်္ဂလာအခမ်းအနားပြုလုပ်ပြီးစီးတော်မူခဲ့ပါသည်။

## အဓိဋ္ဌာန်ဆရာတော်၏ ရည်ရွယ်ချက်

ဆရာတော်သည် လူအများအား ကျေးဇူးဆပ်သည့် အနေဖြင့် အဓိဋ္ဌာန်ဝင်လိုသည့် ပုဂ္ဂိုလ်များအတွက် အဓိဋ္ဌာန်ဝင်နိုင်ရန် ဘုရားကြီးတစ်ဆူကို တည်ထားပေးလိုသည့် စေတနာကြောင့် ရှေးယခင် ရခိုင်ဘုရင်များလက်ထက်တော်က ဘုရားများ ဦးခေါင်းထက်ပေါ်တွင် တင်ပြကျိန်ဆိုသည် (သို့) သစ္စာဆိုခဲ့သည့် ရုပ်ပွားတော်မျိုးဆိုလျှင် ကောင်းလိမ့်မည်ဟု စေတနာပေါ်သည့်အလျောက် မြန်မာနိုင်ငံသူ နိုင်ငံသားအကျိုးငှာ ယခုလက်ရှိနေရာ၌ မဟာကျိန်သစ္စာရှင် ရုပ်ပွားတော်ကြီးကိုတည်ထားရခြင်း ဖြစ်သည်။

ဘုရားကြီး ဉာဏ်တော်မှာ ၁၂၉ ပေ ၆ လက်မရှိပြီး ပလ္လင်တော်အမြင့်မှာ ၂၄ ပေ ၆ လက်မ၊ အလျား ၉၀ ပေ၊ အနံ ၅၀ ပေ၊ စမ္မခဏ်အမြင့် ၃ ပေ၊ ကိုယ်လုံးတော်အမြင့် ၉၉ ပေ၊ ဒူးတော်အကျယ် ၇၂ ပေ၊ အမြင့် ၁၈ ပေဖြစ်ကြောင်း ဖော်ပြထားပါသည်။

ကုန်ကျငွေ သိန်းပေါင်း တစ်သောင်း ခြောက်ထောင်ခန့် ကုန်ကျပါသည်။ ရခိုင်ပြည်နယ် စစ်တွေမြို့ အံကျိန်းတော်ကုန်း၊ မဟာဇေယျသိဒ္ဓိ အဓိဋ္ဌာန်ဆရာတော်ဘုရားသည် ရခိုင်ပြည်နယ်၊ စစ်တွေမြို့ မင်းပြားစွန်ရဲ ကျေးရွာ၊ ပုဏ္ဏားကျွန်းမြို့နယ်၊ ကျောက်တောင်မြို့နယ်၊ ချင်းပြည်နယ် ပလက်ဝမြို့တို့၌လည်းသိန်းပေါင်းထောင်သောင်းများစွာကုန်ကျခံ၍ ဘုရားစေတီ၊ ဓမ္မာရုံ၊ သိမ်ကျောင်း၊ ရုပ်ပွားတော်၊ စာသင်ကျောင်းတို့ကို တည်ဆောက်ပေးတော်မူခဲ့ပါသည်။

ထို့ပြင် နိုင်ငံခြားတိုင်းပြည်များသို့လည်း ကြွရောက်တော်မူ၍ ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းတရားဖြစ်သော မဟာဇေယျသိဒ္ဓိ အဓိဋ္ဌာန်ကျင့်စဉ်ကို ဟောပြောပြသခြင်း၊ အန္တရာယ်ကင်း ပရိတ်တရားတော်များ ရွတ်ဖတ်ပေးခြင်း အစရှိသော လုပ်ငန်းများကို စွမ်းစွမ်းတမံ ဆောင်ရွက်နေသော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်တစ်ပါးပင် ဖြစ်သည်။

ဆရာတော်သည် ပြည်တွင်းပြည်ပသို့ နှစ်စဉ်နှစ်တိုင်း ကြွချီတော်မူပြီး ကြွတော်မူရာ အရပ်ဒေသများ၌ မည်သည့် ဘာသာ၊ သာသနာ၊ ဂိုဏ်းဂဏ ပါတီ အစရှိသည်တို့ကို တစ်စုံတစ်ရာ ထိခိုက်နစ်နာစေသော ဟောပြောမှုများ မရှိစေဘဲ အဓိဋ္ဌာန်ကျင့်စဉ်ကိုသာ ဟောပြောတော်မူသည်။

ပရိတ် ရွတ်ဆိုရာတွင် ရေဆူသည်ဟု သိရပါသည်။ မဟာကျိန်သစ္စာရှင် ဘုရားကြီးအနီးတွင် ဆရာတော်၏ ပုံတော် ကြေးရုပ်တုတော်ကြီးကို ထီးမိုးထားပြီး ကြည်ညိုစွာဖူးမြင်ရသည်။ ပတ်ပတ်လည်တွင် ပြုလုပ်ထားသော သျှစ်သောင်းဘုရားပုထိုး စေတီအမျိုးမျိုးနှင့် ရုပ်ပွားတော်များ ပြီးစီးသွားပါက ပို၍ပင် ကြည်ညိုစရာ ကောင်းလာပါမည်။

နေ့စဉ် နေ့တိုင်း ဘုရားဖူးများ မပြတ်လာရောက်သည်ကို တွေ့မြင်ရသည်။ ဆရာတော်ကြီး၏ ပုံတော်တွင် ကျက်သရေတိုးဂါထာကို ဖော်ပြထားပါသည်။

## ကျက်သရေတိုးဂါထာ

အဓိဋ္ဌာန မဟာထေရ် မဟာဇေယျ သိဒ္ဓိနာမံ၊

နိစ္စံ ဝန္ဒာမိ အာစေရံ၊ ဘဝတု သဗ္ဗမင်္ဂလံ။

တစ်နေ့ ငါးကြိမ် ရွတ်ဆိုပါ။

ထူးခြားအံ့သြဖွယ် ကြည်ညိုတင့်တယ်ဖွယ်ကောင်းသော အဓိဋ္ဌာန်ဆုတောင်းပြည့်သော ဘုရားကြီးသို့ တစ်ခါတစ်ခေါက် သွားရောက်ဖူးမြော်ကြပါဟု တိုက်တွန်းလိုက်ပါသည်။ ထိုဘုရားကြီးအနီးတွင် ကြေးဆင်းတုပုံတော်၊ ဓာတ်ပုံအမျိုးမျိုး၊ တရားဓမ္မခွေ စသည်တို့ ပူဇော်နိုင်ရန် ရောင်းချပေးလျက် ရှိပါသည်။ မဟာကျိန်သစ္စာရှင်ဘုရားကြီးအား နေအိမ်တွင် ပူဇော်ထားသင့်ပါသည်။

## ရရှိအပ်သော အကျိုးကျေးဇူးများ

နန်းတက်ဘုရား (သို့) ရာဇာဘိသေကဘုရား (သို့) မဟာကျိန်ဘုရားဆင်းတုကို ထုလုပ်ကိုးကွယ်ခြင်းဖြင့် ရအပ်သော အကျိုးကျေးဇူးများမှာ. .

(၁) ဘုန်းတန်ခိုးကြီးခြင်း
(၂) လက်အောက် ငယ်သားများ အပေါ် သြဇာစူးရှခြင်း
(၃) ပစ္စည်းဥစ္စာ ကြွယ်ဝခြင်း
(၄) လွယ်လွယ်နှင့် တရားရနိုင်ခြင်း
(၅) ကောင်းကျိုးလိုရာဆန္ဒ ပြည့်ဝခြင်း တို့ဖြစ်ပါသည်။

❒ ဂမ္ဘီရဆရာလှမျိုး

www.burmeseclassic.com

www.burmeseclassic.com



ကကုသန်ဘုရား ရုပ်တော်မူရုပ်ပွားတော်ကြီး



ကောဏာဂုံဘုရား ရုပ်တော်မူရုပ်ပွားတော်ကြီး

## အာနန္ဒာဘုရားကြီးအတွင်းရှိဗုဒ္ဓရုပ်ပွားတော်လေးဆူ




ကဿပဘုရား ရုပ်တော်မူရုပ်ပွားတော်ကြီး



ဂေါတမဘုရား ရုပ်တော်မူရုပ်ပွားတော်ကြီး

www.burmeseclassic.com

www.burmeseclassic.com



ရွှေစည်းခုံစေတီတော်မြတ်ကြီး

# ပုဂံတစ်ခေါက်ရောက်ခဲ့ပါသည်

ကောင်းမြတ် (ခရာတော)

သည်ခရီးက စိုင်ကော်၍ ချုံပေါ်ကို ရောက်တယ်လို့ ပြောရမလား၊ မရှယ်ဘဲ စော်ကဲ မင်းဖြစ်လို့ ဆိုရမလား မသိ။ စာရေးသူ သွားသည်က မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ် ဓမ္မိကတောရကျောင်းရှိ ဆရာတော်ကြီး (သာသနဓဇ သိရီပဝရဓမ္မာစရိယ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ၊ ဓမ္မိက မြကင်းတောင် အေးရိပ်ငြိမ် ၎တောရဆရာတော်ကြီး ဘဒ္ဒန္တသာသန (ကမ္ဘဋ္ဌာနစရိယ) ထံဖူးမြော်ရန် သွားရခြင်းဖြစ်သည်။

ဆရာတော်ကြီး၏ စွမ်းဆောင်ကြိုးပမ်းတော်မူခဲ့သော သာသနာ့အမွေအနှစ်များ စာအုပ်ရေ (၁၀၁၀)ကုန်သွားပြီဖြစ်၍ ဒုတိယအကြိမ် ထပ်မံရိုက်နှိပ်ထုတ်ဝေရန် သွားရောက်ခြင်းဖြစ်သည်။

ဆရာတော်ကြီးသည် ပထမအကြိမ် ထုတ်ဝေခဲ့သော စာအုပ်မှ စာရင်းများအရ စေတီပေါင်း (၈၇)ဆူ၊ ကျောင်း၊ သိမ်၊ ဗိမာန်တော်ကြီး၊ ရေတွင်း ရေကန် ဇရပ်၊ တံတား စသည်တို့ကို စာရင်းပြုစု၍ ဓာတ်ပုံမှတ်တမ်းများ ဝေဝေဆာဆာဖြင့် ထုတ်ဝေခဲ့ပြီးဖြစ်သည်။

ယခုအခါ ဆရာတော်ကြီးသည် နောက်ထပ်တည်ဆောက်ပြုပြင် မွမ်းမံကာ ထီးတော်များတင်ခဲ့ပြီးသော စေတီများ၊ ဇရပ်များ၊ ရေကန်များ တိုးပွားလာသဖြင့် ထိုပြုပြင်ခဲ့ပြီးသော သာသနာရေး ကြိုးပမ်းမှုများကို ဓာတ်ပုံမှတ်တမ်းတင်ကာ ဒုတိယအကြိမ် ထုတ်ဝေမည့် စာအုပ်တွင် ထည့်သွင်းရန် သွားရောက်ဖူးမြော် လျှောက်ထားရန် ဖြစ်သည်။

ဆရာတော်ကြီးထံ သွားရောက်ဖူးမြော်ပြီးသောအခါ စာအုပ်ရေးသားထုတ်ဝေစဉ်က တည်းဖြတ်ပေးခဲ့သော စာကြောကျောင်း ပဓာနဆရာတော် ဘဒ္ဒန္တစိန္တိတဝရ (M.A. Buddhism) မှ-


"ဒကာကြီး၊ စာအုပ် (၁၀၀၀) ကုန်ပြီ၊ နောက်ထပ် (၁၀၀၀) ဒုတိယအကြိမ် ထပ်ရိုက်ပါ၊ ပြီးတော့ ဆရာတော်ကြီး နောက်ထပ် ပြုပြင်တည်ထားပြီး ထီးတော်တင်ပေးခဲ့တဲ့ စေတီတွေလဲ ထပ်ထည့်ရမယ်၊ နောက် ဇရပ်တွေ ရေကန်တွေလဲ ထည့်ရမယ်၊ အထူးသဖြင့်ကတော့ မင်းလှမြို့နယ်အတွင်းက စေတီပုထိုး ရေကန် ဇရပ်တွေကို ဒကာကြီး ဆိုင်ကယ်နဲ့သွားပြီး ဓာတ်ပုံရိုက်ရတာ လွယ်တယ်။

အခု ဇရပ်နှစ်ဆောင် ပြင်ဖို့နေရာတွေက ပုဂံမှာ၊ မနက်ဖြန်မှ ဆရာ



www.burmeseclassic.com

www.burmeseclassic.com



ရွှေစည်းခုံစေတီအတွင်းရှိ ရှင်အရဟံရဟန္တာမြတ်ပုံတော်



ရွှေစည်းခုံစေတီတော်မှ ရေးဟောင်းလက်ရာများ

တော်ကြီး ဦးပညာသာမိ (ရေခါးဆရာတော်)ကားနဲ့ ပုဂံကို တစ်ညအိပ် သွားကြမယ်၊ လိုအပ်တာတွေယူပြီး လာပါ၊ မနက်ဖြန် (၂၆. ၅. ၂၀၁၃) တနင်္ဂနွေမနက် ၇ နာရီမှာ ကျောင်းက စထွက်မယ်"

ဟု မိန့်သဖြင့် စာရေးသူလည်း ဝမ်းသာအားရဖြင့် ဆရာတော်အား ဦးတင်၍ သားသမီးနှင့် မြေးလေးတို့ရှိရာ အိမ်သို့ ပြန်လာခဲ့သည်။

ကျောင်းမှ အပြန်လမ်းတွင် ကိုယ့်အသားကို ကိုယ့်လက်ဖြင့် ဆိတ်ဆွဲမိသည်။ နာသည်။ ဒါဆို ငါအခုကြားတာတွေက တကယ်တွေပေါ့၊ ငါအိပ်မက် မက်နေတာမဟုတ်ဘူးဟု တွေးရင်းပြုံးလိုက်မိသည်။ မြန်မာနိုင်ငံသည် လူဦးရေသန်း (၆၀)ဟု ပြောကြသည်။

လူတစ်ရာလျှင် (၉၈)ဦး စာဖတ်တတ်သည်။ သို့သော် စာဖတ်သူက ၁၀၀လျှင် ၁၀ဦးသာ စာဖတ်ကြသည်ဟု အခမ်းအနားတစ်ခု သတင်းတွင် ကြည့်လိုက်ရသည်။ မြန်မာနိုင်ငံတွင် ၁၀% ရာခိုင်နှုန်းသာ စာဖတ်ကြသည်။ ထို့ကြောင့် မဂ္ဂဇင်း လောကမှ ဂန္ထဝင်မဂ္ဂဇင်းများ အကြောင်းကြောင်းသော အကြောင်းတို့ကြောင့် ရပ်နားနေကြရသည်။

မဂ္ဂဇင်းထက် ဂျာနယ်ဘက်သို့ ကူးပြောင်းသွားကြသည်။ အုပ်ရေ ၁၀၀၀ ရိုက်ခဲ့သော စာရေးသူ၏ (ရေခန်းငါးတစ်ကောင်ရဲ့ အဆာလောင်ဆုံးချင်ခြင်း) အမေကဗျာစာအုပ်၊ အုပ်ရေ (၄၀၀)ခန့်သာ ရောင်းခဲ့ရသည်။

ယခု စာရေးသူ စုစည်းပူဇော်သော စာအုပ်သည် ၂၀၁၂ ခုနှစ် ဒီဇင်ဘာလမှာထုတ်ပြီး ၂၀၁၃ ခု၊ မေလ (၅)လအတွင်း အုပ်ရေ (၁၀၀၀) ကုန်သွားခဲ့ပြီဖြစ်သည်။

ရုတ်တရက်အမြင်တွင် စာရေးသူတစ်ယောက်အနေဖြင့် ဘဝင်မြင့်ချင်စရာပင်ဖြစ်သည်။ သို့သော် အသေအချာ ပြန်စဉ်းစားကြည့်တော့မှ ငါတော့်လို့မဟုတ်ပါလား။ ဆရာတော်ကြီး၏ သာသနာပြု လုပ်ငန်းကို ကြည်ညိုလွန်း၍ဖြစ်ကြောင်း အသိကဝင်လာသည်။


ပသို့ဆိုစေ စာရေးသူရင်တွင်း၌ ကျေနပ်ဝမ်းသာမှုတို့က ဖိတ်လျှံကျလာသည်။ ထို့ထက်ပို၍ ဝမ်းသာကြည်နူးရသည်က မရောက်ဖြစ်တာ ကြာလှပြီဖြစ်သော ပုဂံမြို့ လှည်းဝင်ရိုးသံ တညံညံဟု တင်စားခံစားရသည့် ပုဂံမြေသို့ သွားရမည့် ပုဂံရှိ ဘုရားစေတီပုထိုးများလည်း ဖူးခွင့်ရမည်။ ဆရာတော်ကြီး ပြုပြင်မည့် ဇရပ်များကိုလည်း မှတ်တမ်းဓာတ်ပုံရိုက်ခွင့်ရမည်။ ကျွဲကူးရေပါ ခရီးဖြစ်သလို မြားတစ်စင်းဖြင့် ငှက်နှစ်ကောင် ပစ်ခွင့်ရခြင်းလည်းဖြစ်သည်။

(၂၆. ၅. ၂၀၁၃)ရက်နေ့တွင် မလွန်စာကြောပရိယတ္တိစာသင်တိုက်မှ နံနက် ၇ နာရီတွင် စ၍ ထွက်ခွာခဲ့ကြသည်။ မုန်တိုင်း၏ လက်ကျန်ဒိုးဟု ပြောရမလား၊ မေလအလယ်ပိုင်းတွင် ပုံမှန်ဝင်ရောက်နေကျ မုတ်သုံမိုးဟု ပြောရ



www.burmeseclassic.com

www.burmeseclassic.com



အံ့လိုတော်ပြည့်စေတီ၊ ကျုံစစ်သားမင်းကြီးကောင်းမှု

လေမလားမသိ။ ကောင်းကင်တစ်ခုလုံးတွင် မိုးတိမ်တို့က အုံ့ဆိုင်းနေသည်။

မင်းလှမြို့ ဓမ္မိက တောရကျောင်းသို့ ဝင်ပြီး ဆရာတော်ကြီးအား ဖူးမြော်ကြသည်။ ဆရာတော်ကြီးက မှာကြားစရာများ မိန့်ကြားပါသည်။ ထို့နောက် ဓမ္မိကတောရကျောင်းမှ နံနက် ၈ နာရီတွင် မလွန်မင်းလှမှ တစ်ဆင့် မင်းဘူး-မကွေး-ရေနံချောင်း-ငွေးချိုချောက်-စဉ့်ကူ-ပုဂံ -ညောင်ဦး ခရီးစဉ်ခဲ့သည်။

အုံ့ပျပျ မိုးရိပ်အောက်တွင် စာရေးသူတို့ ကားကလေးသည် ဧရာဝတီမြစ် အနောက်ဘက်ကမ်း မင်းလှမင်းဘူးကမ်းလမ်းပေါ်တွင် တရိပ်ရိပ် ပြေးနေသည်။ အတွေးတို့သည် ဟိုတစ်စ သည်တစ်စဖြင့် ပြန့်ကျဲနေသည်။

အတွေးတို့ ပြန်လည်စုစည်းမိသောအခါ ပတ်ဝန်းကျင်ကို ကြည့်လိုက်မိသည်။ မင်းဘူးမရောက်ခင် ကားလမ်း၏ လက်ဝဲဘက်တွင် တောင်တန်းကြီးများကိုတွေ့မြင်ရသည်။ တံတားအောက်မှ ချောင်းခြောက်များကို ကြည့်ရင်း တဖျာမပီ စာမပီသော စကားလုံးတချို့ကို မွေးဖွားဖြစ်ခဲ့သည်။

နွေကို တောက်ခေါက်၊ ရွက်ခြောက်ကြွေကျ၊ ဒေါမာန်ထသည့်အပင်များကို အမှတ်မထင် တွေ့မြင်လိုက်ရ



ရွှေစည်းခုံစေတီတော် ပရဝဏ်အတွင်းရှိ အုံ့ဖွယ်သပိတ်တော်များ

သည်နောက် နွေမှာ ရေဝအောင် မသောက်ရဘဲ ချောင်းခြောက်တွေက ဒေါင်းတောက်အောင် ဗျာများနေကြ။ စိမ်းစိုနေတဲ့ ပင်ထနောင်းတွေ အခေါက်ပေါင်းများစွာ၊ အခွံတွေ ခွာခံနေကြရ။ ဟိုအဝေးက တောင်တန်းကြီးတွေက အထီးကျန်စွာ နွေရဲ့ နေပူပူအောက် ရွက်ခြောက်တွေကြည့်ရင်း သက်ပြင်းချနေလေရဲ့။

ဒီလိုနဲ့ မင်းဘူးမြို့ မဝင်ဘဲ မကွေးမင်းဘူးတံတားကြီးကို တက်နင်းကျော်ဖြတ်၊ ကွေ့ပတ်သောင်ခုံ သီးနှံခင်းတွေစုံလို့ ရင်ခုန်စရာရှုခင်း၊ သက်ပြင်းမှ မချရရဲ့။ မြစ်ကြောင်းသောင်ထွန်း မြေနုကျွန်းတွေဟာ အညာမြေက တောင်သူတွေရဲ့ ဝမ်းစာတွေပါလားလို့ အတွေးပွားရင်း ကျေနပ်။

ဧရာဝတီမြစ်ကို ဖြတ်ကျော်ခဲ့ပြီး မကွေးမြို့ထဲ ဝင်ရောက်ခဲ့ကြသည်။

မရပ်မနား မောင်းနှင်လာတဲ့ ကားလေးက မကွေးမြို့က ထွက်မယ့် အလုပ်မှာ ရုတ်တရက် အတွေးတစ်ခုက ဝင်လာသည်။ မြတ်စွာဘုရားသခင် ဝါတော်နှစ်ဆယ်မှာ မင်းဘူး စက္ကိန်းတဲ့ စေတီတည်ထားရာ တောင်တော်တွင် ကျိန်းစက်သည်။

ထိုအခါ သိကြားမင်းသည် သလွန်တော် တစ်ခုနှင့် သပိတ်တော် တစ်လုံး ခေတ္တအသုံးပြုနိုင်ရန် လှူဒါန်းခဲ့သည်။ မကွေးဘက်မှ ဘောသော ဘောကျော် ဘီလူးညီနောင်တို့က ကြစုဖန်ခါးသီးများ လှူဒါန်းပြီး ဗုဒ္ဓကိုယ်စား ပူဇော်ရန် တစ်ခုခု ပေးသနားချီးမြှင့်ရန် လျှောက်ထား တောင်းပန်ကြသဖြင့် မြသလွန်ကိုပေးခဲ့သဖြင့် မြစ်ဆိပ်ကမ်းမှ ရေစုန်အတိုင်း မျောရာ မလွန်ဆိုသော တောအရပ်၌ သပိတ်တော် ရပ်တန့်သဖြင့် ဆယ်ယူ၍ စေတီတည်ထားရာ မကွေးမြသလွန်၊ မလွန်မြသပိတ် နှစ်ဆူ ဟိတ်ဖြင့် မြစ်ဆိပ်တည်ထား ကိုးကွယ်ပူဇော်ကြရသည်။

မင်းဘူးတွင် သလွန်ချသည့်နေရာ သလွန်ချစေတီ၊ သပိတ်မျှောသည့်နေရာတွင် သပိတ်မျှောစေတီများ ရှိလေသည်ကို ပြန်လည် တွေးနေမိသည်။

မကွေးအထွက် နတ်မောက်လမ်းခွဲအရောက် လမ်းတွေက ကောင်းသည်။ ဝဲယာ တစ်ဖက်စီတွင် အစီအရီပေါက်နေသော ထန်းပင်များက လက်ပြနှုတ်ဆက်နေသလို ခံစားမိသည်။ မြေနီခရောင်းကို ထယ်မျဉ်းကြောင်းထိုးပြီး ကန်သင်းမလို ထန်းတောညိုတွေက ယာခင်းတွေကို ခြံစည်းရိုးခတ်ပြီး မတ်တပ်ကင်းစောင့်နေကြလေရဲ့။





www.burmeseclassic.com

www.burmeseclassic.com



ထီးလိုမင်းလို စေတီတော်ရှေ့ စာရေးသူအမှတ်တရ




ငှက်ပစ်တောင်စေတီ၊ ပျူစောထီးမင်းကောင်းမှု

မကွေးအထွက်မှာ နည်းပညာတက္ကသိုလ်၊ ဆေးတက္ကသိုလ်တွေကို လက်ပြနှုတ်ဆက် ရှေ့ဆက်ရမည့် ခရီးလမ်း ကြောင်းက ဒေါင်းနေရှာ။

တစ်ခါက ဒေါင်းနေချောင်းဟာ မောင်း နေကျကားသမားတွေကို ဒုက္ခ အပေးဆုံးနေရာ၊ ခုတော့လည်း သဲသောင်ပြင်နဲ့ သဘာဝဒုက္ခ ဘေးကို လူသားတွေ အားမာန်နဲ့ အောင်ပွဲခံလိုက် ပြီပေါ့။ ဒေါင်းနေတံတားကြီးပေါ်က ဖြတ်မောင်း၊ နွေနှောင်းနဲ့ ဝဿန်အကြိုမှာ ညိုမလို ကြည် တစ်လှည့်နဲ့ တိမ်တိုက်တွေက ကောင်းကင်မှာ ဝေ့ဝဲလို့ နေပူထဲက ထနောင်းတွေက ကျန်းမာ ရေးကောင်းဆဲ။

ထန်းတောတွေက လွှမ်းမောစရာ ကောင်းပေမယ့် ထန်းပင်တွေရဲ့ အောက်ခြေ အလက်တွေက အိုဖုန်းလှာ ပေါက်ကွဲလို့ ခရမ်း လွှန်ရောင်ခြည်တွေရဲ့ ဒဏ်ကို အကာကွယ်မဲ့စွာ ခံစားကြရလို့ထင်ရဲ့။ အဝါရောင့်တွေသန်းပြီး မြေပြင်ကို ကိုင်းညွတ်လို့ ဇရာလို့ ပြောရမလား၊ ဗျာဓိသဘောလို့ ပြောရမလား၊ တရားရစရာ တော့ အကောင်းသားပေါ့။



-အာနန္ဒာစေတီတော်



www.burmeseclassic.com

www.burmeseclassic.com

ဒီလိုနဲ့ တောင်ကုန်းတောင်တန်းပေါ်က ကတ္တရားတွေကို ဖြတ်သန်းမောင်းနှင်ရင်း ရေနံချောင်းမြို့ကို ကျော်လွှား ပင်းတဲတားကိုဖြတ်၊ သုံးဆယ့်ခြောက်ရွာက ထွက်တော့ ရေနံချောင်းစက်မှုဖုန်တွေကို တွေ့ရ၊ နောက် လမ်းဘေး တစ်ဖက်တစ်ချက် ထန်းလျက်ချက်တဲ့ တဲလေးတွေက အစီအရီ။

ထန်းတော တောတွေက လက်ညှိုးထိုးမလွဲ မြင်တွေ့ရပြန်သည်။ ငွေပင်ရွာမှာ မြဝတီရုပ်မြင်သံကြား ထပ်ဆင့်ထုတ်လွှင့် စက်ရုံရှေ့ မုတ်ဆိတ်ကျင်စွယ် အသွယ်သွယ်နဲ့ ညောင်ညိုပင် (ညောင်မုတ်ဆိတ်ပင်)တွေအောက်မှာ ခဏနားပြီး ကားလေးက ခရီးဆက်၊ ငွေချို-ကျောက်ပန်းတောင်း-ချောက်လမ်းခွဲမှာ နံနက်စာသုံးဆောင်၊ ဆရာတော်တွေကို ဆွမ်းကပ်ကြသည်။

ငွေချိုက စထွက် ချောက်အထိ (၁၇)မိုင် ခရီးကို စတင်ခဲ့သည်။ ချောက်မရောက်ခင် မိုလာရွာအနီးမှာ တစ်ခါက ကြာနီကန်ဆရာတော် ကားမှောက်၍ ပျံလွန်ခဲ့စဉ်ကအကြောင်း ပြန်လည်တွေးမိခဲ့သည်။

ရောက်ဖူးပြီးသားလမ်း ဆိုတော့လည်း လွမ်းစရာအကောင်းသားပေါ့။ ချောက်အဝင် တမာအိုင်ကို ဖြတ်ပြီး ချောက်မြို့ထဲ လမ်းအတိုင်း မောင်းလာတဲ့ ကားလေးဟာ ချောက်မြို့က ထွက်ပြီး စဉ့်ကူချောင်းကို ဖြတ်တော့. . .

"ဒီစဉ့်ကူချောင်းက မန္တလေးတိုင်းနဲ့ မကွေးတိုင်းကို ပိုင်းခြားထားတဲ့ချောင်းပေါ့" တဲ့။ ပုဂံသား တစ်ဦးက ရှင်းပြပေးသည်။

ချောင်းကျော်ပြီး ခဏအကြာမှာ စဉ့်ကူမြို့ကို ရောက်သည်။

နောက် အညာရဲ့လှပတဲ့ ရှုခင်းတွေကို ငေးမောရင်း နွေခေါင်ခေါင်ရေမသောက်ရတဲ့ ချောင်း(၁၇)ချောင်းကို ဖြတ်ကျော် အပြီးမှာ စာရေးသူရောက်ဖူးချင်လှတဲ့ မြန်မာ့အလှတို့စုဝေးရာ ပုဂံမြေကိုရောက်တော့ လက်မှတ်မပါတဲ့ နာရီက နှစ်နာရီကို ညွှန်ပြနေပြီး. . .

ဆရာတော်ကြီးမှာသည့် သီရိပစ္စယာအရပ်မှ ဆောက်လုပ်ပြီးစ သီရိပစ္စယာဇရပ်ကို ဓာတ်ပုံရိုက်ကြသည်။ နောက် ဝက်ကြီးအင်း ဇရပ်ကြီးကို ပြုပြင်ရန် သွားကြည့်ပြီး ဓာတ်ပုံမှတ်တမ်းတွေရိုက်အပြီးမှာ ပုဂံမြို့ရှိ စေတီများကို အချိန်ရသခိုက် အလုအယက် ဖူးမြော်ခွင့်ရလိုက်သည်။

ပထမဆုံး ဖူးမြော်ခွင့်ရသည်က ပျူစောထီးမင်း တည်ထားသည့် ငှက်ပစ်တောင် စေတီတော်ကို ဝင်ဖူးမြော်တော့ လိုဏ်အောက်က ဂူထဲမှာ ဂေါတမမြတ်စွာဘုရား ပုံတော်ကို ဖူးပြီး ငှက်ပစ်တောင် စေတီတော် အပေါ်သို့ တက်ရောက် ကြည်ညိုကြသည်။

ပုဂံ ပထမခေတ်တွင် ငှက်ကြီးမင်းမူနေသည်ကို ပျူစောထီးမင်းက ထိုနေရာမှ ပစ်ခွင်းသည့်နေရာတွင် စေတီတော်တည်ထားကြောင်း သိရပြီး အောက်လိုဏ်အတွင်းရှိ ရုပ်ပွားတော်မှာ ရှင်အရဟံမထေရ်မြတ်မှ ဗုဒ္ဓမြတ်စွာ ပုံသဏ္ဌာန် ဟောကြားသည်ကို ထုလုပ်ပူဇော်ထားကြောင်း သိရှိခဲ့ရပြီး ပုဂံမင်းဆက်များ စာအုပ်ဝယ်ယူပူဇော်ပြီး အစီအစဉ်အတိုင်း ရွေးစည်းခဲ့စေတီတော်ကို ဝင်ရောက် ဖူးမြော်ကြည်ညိုကြပါသည်။

အနော်ရထာမင်းကြီး တည်ထားပြီး ကျန်စစ်မင်းသားကြီးက ဆက်လက်တည်ဆောက်လှူဒါန်းသည့် စွယ်တော်(၄)ဆူတွင် တစ်ဆူအပါအဝင် တစ်ဆူဖြစ်ပေသည်။ အုံ့ဖွယ် (၉)ပါးနှင့် ပြည့်စုံခြင်း၊ ရှည်လျားသော စောင်းတန်း(၄)သွယ်ရှိခြင်း၊ အဖထက် သားတစ်လကြီးသော ဖြစ်ရပ်ဆန်းများနှင့် ပုံတော်များနောက် စေတီတော် စိန်ဖူးတော်ကို ကြည့်ရန် ရေချိန် ရေခွက်ငယ်တစ်ခုနှင့် ရှင်အရဟံ ပုံတူတော်၊ ထူးခြားတဲ့ နတ်မြင်းရုပ်တုတို့ကို လေ့လာကြည့်ရှုခဲ့ရပြီး ထူးခြားသော သပိတ်တော် (၇)လုံးကို မှတ်တမ်းတင် ဓာတ်ပုံများ ရိုက်ပြီး ထီးလိုမင်းလိုစေတီ ဖူးမြော်ရန် ထွက်ခွာခဲ့ကြပါသည်။

ထီးလိုမင်းလိုစေတီက အေဒီ ၁၂၁၈ ခုနှစ်မှာ ဇေယျသိင်္ခ နားတောင်းများမင်း၊ ထီးလိုမင်းလိုဟူ၍ သုံးမည်ရမင်းကြီးတည်ထားခဲ့သော စေတီတော်ကြီးဖြစ်သည်။ ဤဘုရားကျောက်စာမှာ ပုဂံပြည် ပြတိုက်တွင် ကျောက်စာတိုင်အမှတ် (၅၆)ဖြစ်သည်။

အစဉ်အလာအရ နရပတိစည်သူမင်းတွင် သားတော် ငါးယောက်အနက် အငယ်ဆုံးသားတော်ကို အိမ်ရှေ့အရာ ပေးစေလိုသဖြင့် သားငါးဦးရှေ့တွင် ထီးဖြူတော်ကို စိုက်၍ ထီးဖြူညွတ်ရာသူကို အိမ်ရှေ့အရာပေးမည်ဟုပြောပြီး ထီးဖြူစိုက်ရာ မင်းသားငယ်ရှေ့သို့ ထီးဖြူညွှတ်ကျလာသောကြောင့် အိမ်ရှေ့အရာပေးခဲ့သည်။ မင်းဖြစ်သောအခါ ထိုစေတီတော်အား တည်ထားပူဇော်ခဲ့ခြင်း ဖြစ်သည်။

စေတီတော်ကြီးသည် လိုဏ်သုံးဆင့်ဂူဖြစ်ပြီး အတွင်းလိုဏ်မှာ လျှို့ဝှက်မှောင်ပတ်လမ်း ကိုယ်ထည်ဖြစ်သည်။ ကြောင်လိမ်လှေကားထိပ်ရှိ လျှို့ဝှက်ပေါက်မှ တစ်ဆင့်သွားရသည်။

ထူးခြားချက်မှာ အုတ်စီလက်ရာ လေးထောင့်ပေါင်းကူး ဗိသုကာလက်ရာဖြစ်သည်။ ပန်းတော့လက်ရာ ကျောက်ပေါ်တွင် အစိမ်းရောင် အတွင်း အဝါရောင်စဉ့် သုတ်ထားသော လက်ရာတို့မှာ ထူးခြားကောင်းမွန်ကြောင်း သိခဲ့ရသည်။

ထို့နောက် အလိုတော်ပြည့် စေတီတော်သို့ သွားရောက်ဖူးမြော်ကြပါသည်။ ကျန်စစ်သားမင်းကြီး တည်ထားသည်။ အမိုးစောင်းပုံနှင့် လိုဏ်ထဲတွင် မြတ်စွာဘုရားတရားဟောနေပုံ မင်စာဖြင့် ရေးထိုးထားသည့် ပုံ(၁၀၀) ကျော်ပါရှိသည်။

ကောဇာ သက္ကရာဇ် ၅၅၆ ခု၊ သင်ကြီး(ဘုန်းကြီး) ငါတုတ်သင်က အလိုတော်ပြည့်သော ဂူဘုရားနှင့် ဘုံဦး

www.burmeseclassic.com



ဗူးဘုရားစေတီ



ရွှေစည်းခုံစေတီတော်အတွင်းရှိ
အဖထက်သားတစ်လကြီးပုံ

ပုထိုးတော်အား ပြုပြင်ကြောင်း ရေးထိုးထားသော ကမ္ပည်းကျောက်စာ ဖတ်ရှုခဲ့ရသည်။

ထိုမှတစ်ဆင့် အာနန္ဒာစေတီတော်မြတ်ကြီးကို ဖူးမြော်ရသည်။ အာနန္ဒာသည် ကျန်စစ်မင်းကြီး၏ ကောင်းမှုတော်စေတီကြီးဖြစ်ပြီး အနုပညာပြောင်မြောက်သော လက်ရာစုံကို တွေ့မြင်ရသည်။ အချိန်ဆင်းရဲချို့တဲ့သဖြင့် အမြန်အဆန်ပင် ဖူးမြော်ပြီး ဗူးဘုရားကို သွားရောက်ကြည်ညိုကြရသည်။

ဗူးဘုရားသည် ပျူစောထီးမင်း ကောင်းမှုတော်ဖြစ်သည်။ ဧရာဝတီမြစ်ကမ်းတွင် တည်ထားသဖြင့် ဧရာဝတီ မြစ်၏အလှအပကို စေတီတော်ပေါ်မှ ရှုမြင်ရသည်။ ထို့နောက် ဗူးဘုရားအနီး ဆရာတော်ကြီးဦးပညာသာမိ မိတ်ဆွေ မြသီတာကျောင်းတိုက်တွင် ညအိပ် အနားယူအိပ်စက်ကြပါသည်။

နောက်တစ်နေ့ မနက်မှာတော့ နံနက်စာလေးကို စားသောက်ဆိုင် တစ်ခုတွင် အရှက်ဆွမ်းကပ်ရင်း စာရေးသူတို့အဖွဲ့လည်း စားကြပြီး လောကနန္ဒာစေတီကို သွားရောက်ဖူး မြော်ကြပါသည်။ ဧရာဝတီမြစ်ကမ်းပါးမှာ အနော်ရထာမင်းတည်ထားပြီး စွယ်တော်လေးဆူတွင် တစ်ဆူအပါဝင် စေတီတော် ဖြစ်သည်။

ဆရာတော်နှင့်အတူ စေတီတော်ပေါ်တွင် တံမြက်စည်းလှည်း ကုသိုလ်ယူပြီး စေတီတော်အား ကြည်ညိုအပြီးတွင် မြန်မာ့အနုအလှတို့ စုဝေးရာ ရှေးဟောင်းဘုရား စေတီပုထိုးတို့တည်ရှိရာ ပုဂံမြို့ပေါ်ရှိ စေတီပုထိုးများကို ရည်မှန်းပူဇော်ရင်း ပုဂံမြေမှ ပြန်လည်ထွက်ခွာလာခဲ့ကြပါတော့သည်။

စာရေးသူရင်ထဲတွင် အမိလိမ္မာ သားဖြစ်သော ရာဇကုမ္မာရ မင်းသားရေးထိုးသည့် မြစေတီကျောက်စာကို အချိန်မရ၍ မဖတ်ရှုခဲ့ရသည်ကိုလည်းကောင်း၊ သရပါတံခါးရှေ့တွင် အမှတ်တရ ဓာတ်ပုံရိုက်ခဲ့မည်ဟု အားခဲထားသော်လည်း အချိန်မရတော့သဖြင့် မရိုက်ဖြစ်ခဲ့သည်ကို ကြေကွဲသလို ခံစားနေမိသည်။

ဒီလိုနဲ့ (၂၇-၅-၂၀၁၃)နေ့ မနက် နေအထွက်မှာ ပုဂံမြေမှ ပြန်လည်ထွက် ခွာလာခဲ့ကြပါတော့သည်။ အမှတ်တရရှိလှသော ပုဂံမြေသို့ တစ်ညအိပ် ဘုရားဖူးခရီးစဉ်တွင် ဘုရားစုံမဖူးမြော်ခဲ့ရသော်လည်း မေလတွင် မွေးဖွားခဲ့သော စာရေးသူ၏ (၆၅)နှစ်မြောက် မွေးလနှင့် တိုက်ဆိုင်စွာ ဖူးမြော်ခွင့်ရခဲ့သော ပုဂံမြေ၏ ဘုရားဖူးခရီးစဉ်မှ ရရှိလာခဲ့သော ကုသိုလ်အစုစုကို စာဖတ်သူအပါအဝင် နတ်လူသာမှ ခေါ်ဆိုနိုင်ကြပါရန် ရေးသားလိုက်ရပါသတည်း။

ပုဂံဘုရားဖူးခွင့်ရအောင် စီစဉ်ပေးကြပါသော ဆရာတော်ကြီး ဘဒ္ဒန္တသာသနာ၊ ဆရာတော် ဘဒ္ဒန္တပညာသာမိ၊ ဘဒ္ဒန္တစိန္တိတာဝရတို့အား ရိုသေစွာ ဦးတင်ရှိခိုးပါ၏။

❒ ကောင်းမြတ်(ဇရာတော)



www.burmeseclassic.com

www.burmeseclassic.com



# မုံရွာမြို့မြောက် ခြသေ့်ဟောက်လတ္တံ့

**ဆင်ဖြူကျွန်းအောင်သိန်း**

၁၂၄၄ ခုနှစ် တန်ဆောင်မုန်းလတွင် စလင်းဆရာတော် ဦးပဏ္ဍိစ္စသည် နောက်ပါတပည့်များနှင့်အတူ မိမိဇာတိ စလင်းမြို့သို့ ရွှေမြို့တော် ရတနာပုံနေပြည်တော်ကြီးမှ ပြောင်းရွှေ့သီတင်းသုံးရန် စီစဉ်နေချိန်ဖြစ်၏။ (၁၆)ဝါရပြီးဖြစ်သော လယ်တီဆရာတော်လောင်းလျာ ဦးဉာဏဓဇသည် မိမိ၏ဆရာရင်းတစ်ဆူ ပြန်လည်ကြွသွားတော့မည်ဖြစ်၍ များစွာ အားငယ်နေ၏။

စလင်း ဆရာတော်ကလည်း ပညာဉာဏ် ထက်သန်သော တပည့် ဦးဉာဏဓဇအား စလင်းမြို့သို့ မိမိနှင့်အတူ လိုက်ပါ၍ စာပေပရိယတ္တိပို့ချကာ သာသနာပြုရန် အတန်တန်ခေါ်သည်။ သို့ရာတွင် ဦးဉာဏဓဇက ကတိမပေးသဖြင့် ဆရာဖြစ်သူမှာ များစွာဝမ်းနည်းနေတော်မူ၏။

ဦးဉာဏဓဇသည် စလင်းဆရာတော် ကြွသည့်အခါ ဂေါဝိန်ဆိပ်အထိ လိုက်ပို့ပြီးလျှင် နောက်ဆုံး ဦးချကာ ကန်တော့ခြင်းဖြင့် ဦးချကန်တော့လျက် ကြေကွဲစွာ ခွဲခွာရလေ၏။ စလင်းဆရာတော် စီးနင်းလိုက်ပါသော ရွက်လှေကြီးသည် တဖြည်းဖြည်း ဝေးကွာသွားလေ၏။

ထိုနှစ် ၁၂၄၄ ခုနှစ် တန်ခူးလပြည့်ကျော် ၃ ရက်နေ့ တစ်ချက်တီးကျော် သုံးမောင်းခန့် အချိန်တွင် ရတနာပုံရွှေမြို့တော် အာကာစိုးတန်းရပ် အရှေ့ဘက်အိမ်ကို ဦးစွာ မီးစတင်လောင်ကျွမ်းလေ၏။ ထိုမှအဆင့်ဆင့် လက်မထောက်တန်း၊ တရားရုံး၊ မြောက်ဘက်ဝန်ကြီး ဝင်းသုံးရပ်၊ ထိုမှမြောက် ညောင်ဝန်းဝန်ထောက်ဝင်း၊ ဆင်ဝန်မင်းဝင်းအိမ်၊ ဒဝယ်တန်းရပ်ရှိ အိမ်များ၊ ၎င်းမှမြောက် မြို့ရိုး၊ မုခ်ဦးတံခါးနှင့် မြို့ပြာသာဒ် စသည်များ။

ထိုမှတစ်ဖန် မြောက်ဘက်ရှိ စံကျောင်းတိုက်တောင်မျက်နှာ၊အနောက်မျက်နှာရှိ ကျောင်းရံပေါင်း ၄၆ ကျောင်း၊ ထိုမှ မြောက်မဏ္ဍလာရာမကျောင်းတိုက်၊ ထိုမှတစ်ဖန် မြောက်အရပ်သို့ မီးအဆင့်ဆင့် ကူးစက်လောင်ကျွမ်းလေရာ ငါးကျမ်းတိုက်ကျောင်းကြီး၊ မြောက်ဘက် သစ်ဆိမ့်တိုက် ကျောင်းရံများ၊ မန္တလေးတောင် အနောက်ဘက်စောင်းတန်းနှင့် တောင်ထိပ်တံခွန်တိုင်ကြီးများပါ မီးလောင်ခံရ၏။

ဤမီးတွင် အနစ်နာဆုံးမှာ စံကျောင်းတော်ကြီး ဖြစ်သည်။ ကျောင်းရံပေါင်း ၄၆ ကျောင်းမျှ မီးသင့်သောကြောင့် ဖြစ်သည်။ ထို ၄၆ ကျောင်းထဲတွင် ဦးဉာဏဓဇ သီတင်းသုံးရာ ခရေပင်ကျောင်းလည်း ပါဝင်သည်။ ကျမ်းပြုရန်အတွက် နိကာယ်ငါးရပ်မှ ခဲကတ်သော အချက်အလက်များ၊ ပေနှင့် ပုရပိုက်များ မီးထဲပါကုန်ရာ အရှင်သည် ရတနာပုံရွှေမြို့တော်ကြီး၌ ဆက်လက်သီတင်းသုံးရန် ငြီးငွေ့တော်မူလာလေသည်။

ဦးဉာဏဓဇသည် ၁၂၂၉ ခုနှစ်တွင် ရတနာပုံရွှေမြို့တော် စံကျောင်းတိုက်သို့ ရောက်ရှိလာခဲ့သည်။ ဆယ်နှစ်အကြာ ၁၂၃၉ ခုနှစ်တွင် ပထမစာချဖြစ်ပြီး တစ်နှစ်အကြာ၌ မင်း



www.burmeseclassic.com

www.burmeseclassic.com

တုန်းမင်းတရားကြီး နတ်ရွာစံတော်မူ၏။ ထို့နောက် သီပေါမင်း နန်းတက်ပြီး လေးနှစ်မြောက် ၁၂၄၄ ခုနှစ်တွင် စာသင်သားအဖြစ် ကိုးနှစ် နေခဲ့ရ၏။

ထိုမှတစ်ဖန် စာချအဖြစ် ခုနစ်နှစ် နေရပြန်ရာ စုစုပေါင်း (၁၆)နှစ် သီတင်းသုံးနေစဉ် နိဗ္ဗဝတ်တော်ကို ပြုကျင့်တော်မူ၏။ ယင်းတို့မှာ ကနုတ်ဆေးခြင်း၊ ရေတည်ခြင်း၊ ကုဋီသုတ်သင်ခြင်းတို့အပြင် မျက်နှာသစ်ရေ ခြေဆေးရေ ထားခြင်းတို့ ဖြစ်ပေ၏။

ဤသို့ဖြင့် ၁၆ နှစ် ကြာမြင့်ခဲ့သည်။ ယင်းသို့ရှိစဉ် မိမိရပ်ရွာသို့ တစ်ကြိမ် တစ်ခါမျှ ပြန်လည်ကြွရောက်ခြင်း မပြုဘဲ ရှိခဲ့လေ၏။ မီးဘေးကြီး ဆိုက်ရောက်လာ၍ တပည့်ရင်းဖြစ်သူ ဦးဉာဏဝံသ (လူမည်ဦးစံချိန်) သည် ၎င်းပိုင်ဖြစ်သော မုံရွာမြို့ ရွှေစည်းခုံဘုရားအရှေ့ဘက်ရှိ ပြာသာဒ်ကျောင်းတိုက်သို့ ကြွရောက်သာသနာပြုပါရန်လာရောက် လျှောက်ထားလေသည်။

ဦးဉာဏဇေမှာ နေပြည်တော် ရတနာပုံရွှေမြို့တော်ကို စိတ်ပျက်ငြီးငွေ့နေသဖြင့် ဦးဉာဏဝံသ၏ ပင့်လျှောက်မှုကို လက်ခံလိုက်သည်။ ထို့နောက် စံကျောင်း ဆရာတော်ကြီးကို အနူးအညွတ် ရှိခိုးကန်တော့ပြီး နောက်ပါ တပည့်ကြီး တစ်ကျိပ်ကျော်နှင့်အတူ ထွက်ခွာလာခဲ့၏။ ထိုနေ့မှာ ၁၂၄၄ ခုနှစ် တပို့တွဲလဆန်း ၁၄ ရက်နေ့ဖြစ်ပေ၏။

ထိုအချိန်တွင် မုံရွာ၌ တဘောင်ပေါ်နေသည်မှာ "မုံရွာမြို့လေးတစ်ထောက် ခြသေ့်ပေါက်လတ္တံ့" ဟူ၍ ဖြစ်သည်။ ဦးဉာဏဇေသည် တပည့်ကြီး ဦးဉာဏဝံသ၏ ကျောင်းတွင် ရက်အနည်းငယ် သီတင်းသုံးသည်။ ထို့နောက် ရွာသို့ကြွသည်။ ကျေးဇူးတော်ရှင် မိဘနှစ်ပါးနှင့် ဆွေမျိုးမိတ်သင်္ဂဟများကို တွေ့ဆုံသည်။ ထို့နောက် ၁၂၄၅ ခုနှစ် ဝါဆိုလတွင် မုံရွာသို့ ပြန်ကြွလာကာ မြို့၏မြောက် ကုလုပ်လေးတွာ အရပ် (ယခုအခေါ် ဒေါနခြံ)အရပ်တွင် ဝါးကပ်ကျောင်းကလေး၌ ပထမအကြိမ် ဝါဆိုတော်မူ၏။

ဦးဉာဏဇေ ကြွရောက်သီတင်းသုံးနေရာသို့ စာသင်သား ရဟန်းတော်များလည်း လာရောက်ဆည်းကပ်ကြသည်။ ကျောင်းကလေးနှင့် စာသင်သားများနှင့် ကသီလင်တ ဖြစ်နေချိန်တွင် သီတင်းဝါလကျွတ်ချိန်၌ သင်္ဂြိုဟ်ဦးဝိုင်းအမည်ရှိသည့် ဒါယကာတစ်ယောက် ရောက်ရှိလာသည်။

ထိုဒါယကာ၏ အမည်ရင်းမှာ ကုန်သည်ဦးဝိုင်းဖြစ်ငြား သင်္ဂြိုဟ်ကျမ်းကို ကျနစွာသင်ကြားတတ်မြောက်၍ သင်္ဂြိုဟ်အကြောင်းကို များစွာ ပြောဟောသဖြင့် သင်္ဂြိုဟ်ဦးဝိုင်းဟု ခေါ်တွင်ကြခြင်းဖြစ်၏။ ထိုဒါယကာသည် လေ့ကူးရပ်၌ ကျောင်းတစ်ဆောင် ဆောက်လုပ်ပြီးစီးမှ ဦးဉာဏဇေထံ ချဉ်းကပ်ပြီး ကျောင်းအလှူခံရန်လျှောက်ထားသဖြင့် ထိုကျောင်းကို ကြွရောက် သီတင်းသုံးတော်မူစဉ် တပည့်တပန်း လူသူနှင့် ကင်းဝေးရာအရပ်သို့ တစ်ပါးတည်း ကြွသွားပြီး တရားအားထုတ်ရန် စိတ်အကြံ ဖြစ်တော်မူ၏။

ထိုအကြံ အကောင်အထည်မဖော်မီ ၁၂၄၈ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်နေ့သို့ ရောက်ရှိလာသည်။ ထိုရက်မှာ ရတနာပုံရွှေမြို့တော်တွင် နန်းစံနေသော အရှင်နှစ်ပါးကို ရန်သူများက အိန္ဒိယပြည်သို့ ဖမ်းဆီးခေါ်ဆောင်သွားသော နေ့ရက် ဖြစ်ပေ၏။

ထိုကဲ့သို့ တိုင်းပြည် ဗရုတ်ဗရက်ဖြစ်ချိန်တွင် အရှင်မြတ်ဦးဉာဏဇေ၏ ခမည်းတော်မှာ အနိစ္စရောက်သွားပြန်၏။ အရှင်မြတ်သည် ခမည်းတော်၏ အလောင်းကို သေပြီးမှ အကျယ်မချဲ့လိုသဖြင့် အကျဉ်းရုံးကာ သင်္ဂြိုဟ်ရန် စီစဉ်ငြား ရပ်ရွာနှင့် ဒကာ၊ ဒကာမများ၏ အလိုသို့လိုက်ရ၏။ တောလည်း မထွက်ဖြစ်သေးဘဲ ထိုနှစ်အတွက် ဦးဝိုင်း၏ ကျောင်းမှာပင် ဝါကပ်တော်မူရ၏။

သို့ရာတွင် ၁၂၄၈ ခုနှစ် တစ်ခုသော ဆောင်းချမ်းလတွင်ကား ဦးဉာဏဇေ၏ အကြံတော်ပြည့်ဝကာ မုံရွာမြို့၏ အရှေ့မြောက် တာငါးရာတွင်းအကွာရှိ လယ်တီတောသို့ တောထွက်တော်မူခဲ့၏။ ထိုနေရာတွင် ထွက်ရပ်ပေါက်ဆရာတော် ဦးဝါယမိန္ဒ သီတင်းသုံးတော်မူခဲ့သော အိုးတစ်လုံးတော ရှိ၏။

ဦးဉာဏဇေ တောထွက်ခဲ့သော အရပ်ကား ထိုအိုးတစ်လုံးတောနှင့် ဆက်လျက်တည်ရှိသည့် လယ်တီတော ဖြစ်သည်။ ထိုတောမှာ ခံတက်၊ ထနောင်း၊ စောင်ချမ်း၊ ဆီး၊ ခံ စသော သစ်ပင်များ၊ မိုးနံ့၊ ကျားလျှာ၊ ကြောင်ပန်း၊ မိကျောင်း၊ ရှားစောင်းပြာသာဒ် စသည်များဖြင့်လည်း ခြံရံနေရာ နေရိပ်မထိုးနိုင်လောက်အောင်ပင် အုပ်ဆိုင်း၍ ညို့ညို့မှိုင်းမှိုင်း ရှိလေ၏။ အေးမြစိမ်းစိုလျက် တောအိုတောနက်အသွင်လည်း ဆောင်ပေ၏။

"ဦးဝိုင်းကျောင်းက ဘုန်းကြီး ဦးဉာဏဇေ တောထွက်သွားပြီတဲ့"

ဦးဉာဏဇေသည် သစ်ကျားစသော သားရဲတိရစ္ဆာန်များသာမက သရဲ၊ တစ္ဆေစသည့် နာနာဘာဝများလည်း ပေါများသော လယ်တီတောအတွင်းရှိ သစ်ပင်တစ်ပင်ရင်း၌ သီတင်းသုံးနေ၏။ အရှင်မြတ်သည် သစ်ပင်ရင်း၌ သားရေနယ်ခင်းလျက် နေသည်။ အနီးအပါးကျေးရွာများသို့ ဆွမ်းခံကြွတော်မူသည်။

တပည့်များသည် မလျှော့ဘဲ လိုက်လံ ရှာဖွေကြရာ သစ်ပင်ရင်း၌ သီတင်းသုံးနေသည်ကို တွေ့၏။ ထို့ကြောင့် တောင်းပန်လျှောက်ထားပြီး တစ်ပါးစာကျောင်းကလေး ဆောက်လုပ်လှူဒါန်းကြ၏။

အရှင်မြတ်သည် ကြမ်းတမ်းသော တောကြီးအတွင်း၌ သီတင်းသုံးရာတွင် သားရဲတိရစ္ဆာန်များနှင့် နာနာဘာဝများသို့ အောက်ပါအတိုင်း အမိန့်တော် ပြန်ထားခဲ့၏။


www.burmeseclassic.com

www.burmeseclassic.com

"သင်တို့သည် ဤနယ်မြေအရပ်ရှာသင် နေမြဲတိုင်းနေကြ၊ ငါ့ကိုလည်း ဆောင်း၊ ငါ၏တပည့် အစဉ်အဆက်ကိုလည်းကောင်း အနှောင့်အယှက်မပြုရ၊ အနှောင့်ရာယ်လဲ မပေးကြရ"

ထိုမှဆက်လက်၍လည်း မိန့်မှာတော်မူပြန်သေး၏။

"သင်တို့ကိုလဲ ငါက ဖြစ်စေ၊ ငါ့တပည့် အစဉ်အဆက်က ဖြစ်စေ အနှောင့်အယှက်မပြုစေရ၊ ငါတတ်နိုင်သမျှ သင်တို့ကို ကျွေးမွေးမည်"

တစ်ဖန် ဆက်လက်ဖော်ပြထားမှာ ဤသို့ ဖြစ်၏။

"ငါသည် မြို့ရွာအကျိုး၊ သာသနာတော်ကြီး၏ အကျိုးကို ကြီးစွာဖြစ်ထွန်းအောင် ဆောင်ရွက်ရန် သင်တို့၏ အမိအဖ ဆွေအရာ မျိုးအရာ၌ တည်နေမည်၊ သင်တို့ကလဲ ငါ့အပေါ် အမိအဖ ဆွေအရာ မျိုးအရာ၌ထား၍ တစ်စုံတစ်ရာသော နှောင့်ယှက်ခြင်းကို မပြုမူ၍ ချမ်းသာစွာ နေထိုင်ကြရမည်"

ထိုကဲ့သို့ အမိန့်တော်ပြန်ကာ တောကျွေးသည်။ တစ်နှစ်လျှင်လေးငါးကြိမ် တောမကျွေးလျှင် တောခွေးများ အူကြသည်။ ဦးဉာဏဇေသည် ထိုလယ်တီတော အတွင်း၌ တောရဆောက်တည်ကာ နေတော်မူသောအခါ တပည့်များမှာ ဝမ်းနည်းပူဆွေးကြရသည်။

ထိုအတောအတွင်း အဆောက်အအုံများ ဆောက်လုပ်လှူဒါန်းလိုသူ၊ မြေဆုပ်လက်နယ် ပြုခွင့်ရရန် အတူလာရောက် နေထိုင်ခွင့်တောင်းခံသူများလည်း များစွာပေါ်ပေါက်လာသည်။ ထို့ကြောင့် သာသနာတော် အဓွန့်ရှည်စွာ တည်ထွန်းစေခြင်း အကျိုးအတွက် တပည့်များ လာရောက်နေခွင့်နှင့် ကျောင်းဆောက်လုပ် လှူဒါန်းလိုသူများတို့ ခွင့်ပြုတော်မူလိုက်၏။

ခွင့်ပြုတော်မူပြီဟု ကြားသိကြလျှင် ကြားသိကြချင်း ဇရပ်၊တန်ဆောင်း၊ ကျောင်း၊ ကန် စသည်များကို သူ့ထက်ငါ အလုအယက် ဆောက်လုပ်လှူဒါန်းကြ၏။ လယ်တီတောအတွင်း၌ ဖြစ်ပေါ်လာသောကျောင်းတိုက်ကြီးကို လယ်တီတိုက်ဟု အလွယ်ခေါ်ကြ၏။ ဆရာတော်ကြီးပေးသော အမည်မှာ "သာစုဇနပါသာဒိကာရာမ"ဟူ၍လည်းကောင်း၊ "သာသနသောဘိနီသိမ်တော်" ဟူ၍လည်းကောင်း ဖြစ်ချေသည်။

လယ်တီ တောကြီးမျက်မည်းမှ ကျောင်း၊ တန်ဆောင်း၊ ဂူ၊ သိမ်၊ ပြာသာဒ်၊ စောင်းတန်း၊ တံခွန်တိုင်တို့ဖြင့် စည်ကားနေသော လယ်တီတိုက်ကြီး ဖြစ်ပေါ်လာသော ရက်စွဲမှာ "သက္ကရာဇ် ၁၂၄၈ ခုနှစ်၊ တပို့တွဲလဆန်း ၉ ရက်" ဖြစ်ပေသည်။

စာသင်သား တပည့်လက်သား ၅၀ ခန့်ရှိလာပြီဖြစ်သော်လည်း ဆရာတော်ကြီးသည် ပြုမြဲ နိဗဒ္ဓဝတ်ကို ကြိုးစား၍ ပြုတော်မူသည်။ ကုဋီတွင် ရေတည်ခြင်း၊ ကုဋီသန့်ရှင်းရေး လုပ်ခြင်း၊ ကနုတ်ဆေးခြင်းနှင့် ခြေဆေးရေတည်ခြင်းများကို နေ့စဉ်မပြတ် ဆောင်ရွက်တော်မူသည်။

တပည့်လက်သား ရဟန်းများမှာ သူတို့ဆရာ၏ ကောင်းမှုဟု သိသောအခါ မသုံးစွဲဝံ့ကြပေ။ သို့ဖြစ်၍ ဆရာတော်ကြီး ရေဖြည့်၍မရအောင် ရေဖြည့်ထားကြသည်။ ဆရာတော်ကြီး ဆေးစရာ ကနုတ် မရှိအောင် လုပ်ထားကြတော့သည်။

လယ်တီဆရာတော်ဘုရားကြီးသည် ဤဝတ်ကို မိမိတိုက်တွင်သာ ဆောင်ရွက်သည်မဟုတ်၊ အခြားတိုက်များသို့ပါ လိုက်လံဆောင်ရွက်၏။ ထိုအခါ အခြားတိုက်များမှ ဘုန်းတော်ကြီးများက . . .

"လယ်တီဘုန်းကြီး အဲသလို မလုပ်ပါနှင့်" ဟု တောင်းပန်ကြ၏။

"အရှင်ဘုရားတို့၊ တပည့်တော် လုပ်ကျွေးပါရစေ ဘုရား၊ ဘဝပေါင်းမြောက်မြားစွာ မယားကိုလုပ်ကျွေးခဲ့တဲ့ ဒီလက်နှစ်ဖက်နဲ့ သံဃာတော်များကို အားရပါးရ လုပ်ကျွေးပါရစေ"

ဆရာတော်ဘုရားကြီးကလည်း ဤသို့ ပြန်လည်တောင်းပန်တော်မူ၏။ ဆရာတော်ဘုရားကြီးသည် ဆွမ်းခံထွက်သော သပိတ်အပြင် တံမြက်စည်းနှင့် ရေအိုးကိုပါ ထမ်းထားသေး၏။

အကြောင်း မသိသူများကမူ ဘယ်လိုဘုန်းကြီးပါလိမ့်ဟု ထင်ကြမည်။ ဆရာတော်ဘုရားကြီးမှာမူ ဘုရားများတွင် အမှိုက်လှည်းသောဝတ်ပြုရန် တံမြက်စည်းထမ်းထား၏။ သောက်ရေသုံးရေများ ခပ်ပြီးထည့်ထားရန် ရေအိုးကို တစ်လက်စတည်း ဆောင်ယူလာခြင်း ဖြစ်ပေတော့၏။

ဆရာတော်ကြီးက တပည့်ရဟန်းတော်များသို့ မိန့်ကြားတော်မူသော စကားတော်အချို့မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

"တပည့်တို့၊ လောက၌ အစဉ်အလာ ရှိသည်မှာ မကိုင်ရ ဦးသျှောင်၌ တပ်ဆင်နေကျ ပတ္တမြားကျောက်ကို ခြေ၌ဝတ်ဆင်ရိုး မရှိကြ။ ခြေ၌ဝတ်ဆင်နေကျ ခြေချင်းကို ဦးခေါင်း၌ ဝတ်ဆင်ရိုး မရှိကြ။

ဤဥပမာအတူ ဆရာဖြစ်သူသည် တပည့်ဖြစ်သူ၏ အလုပ်ကိုမလုပ်သင့်၊ တပည့်ဖြစ်သူသည် ဆရာ့အလုပ်ကို မလုပ်သင့်ဟု ယူဆကြ၏ ဟူ၍ ဆိုလိုရင်း ဖြစ်ပေသည်။

တပည့်တို့၊ ဤလောက၌ လူ စည်းကမ်း မဟုတ်ဘဲ စဉ့်မြေခွက်ကို မကိုင်ရ၌ တပ်ဆင်ထားပေအံ့၊ ပတ္တမြားကျောက်ကို မြေအောက်၌ တပ်ဆင်ထားအံ့၊ သို့သော် ပတ္တမြားကျောက်၌ အပြစ်တစ်စုံတစ်ရာ မရှိနိုင်ပါ၊ ပတ္တမြားရတနာသည် ပတ္တမြားအဖြစ်နှင့်ပင် တည်နေသည်။

ဤဥပမာအတူ ပညာရှိသူတော်ကောင်းတို့၌ တစ်စုံတစ်ရာ အပြစ်မရှိနိုင်ပါ။ ခြေဆေးရေ စသည်ကိုခပ်ပေးခြင်းဖြင့် အပြစ်မရ၊ ဆရာ့ဂုဏ်အင်္ဂါလည်း မပျက်၊ ပို၍ပင် ဂုဏ်တိုးတက်၍ ကျက်သရေ ရှိသေးသည်။





www.burmeseclassic.com

www.burmeseclassic.com

တပည့်တို့ . . . ဤလောက၌ နတ်သိကြား စကြာမန္တတ် ရဟန်းပုဏ္ဏားတို့၏ ခန္ဓာကိုယ်မှာဖြစ်စေ၊ သတ္တဝါအားလုံးတို့၏ ခန္ဓာကိုယ်မှာဖြစ်စေ ကျင်ကြီး ကျင်ငယ် စသောအညစ်အကြေးတို့ဖြင့် ညစ်ပတ်ပေရေနေ၏၊ လောဘစသော အပုပ်နံ့တို့ဖြင့် ညီစော်နံနေ၏၊ ထို့ကြောင့် ခန္ဓာကိုယ်ဟူသမျှသည် ညစ်ပတ်လူးလဲ၍ ရှိကြ၏၊ ခြေဆေးရေခပ်ခြင်း၊ ကနုတ်ဆေးခြင်း စသော ညစ်ပတ်လူးလဲ၍ အောက်ကျသောလုပ်ငန်းများနှင့် ပို၍ထိုက်တန်လှပေသည်"

ဟု ဆိုတော်မူ၏။

ထို့ကြောင့် ဆရာတော်ကြီး၏ တပည့်တစ်ဦးဖြစ်သော စာရေးဆရာ အယ်ဒီတာချုပ်ကြီး လယ်တီပဏ္ဍိတ ဦးမောင်ကြီးက အောက်ပါတေးထပ်ဖြင့် ဂုဏ်ပြုပူဇော်ခြင်း ဖြစ်ပေ၏။

### ဂုဏ်တင့်တဲ့ လယ်တီ

ညာသပြေ ဇီပါမြတွင်ဖြင့်
ထေရ်မဟာ ဘုရာ့တိုက်တာ
ဤဌာနရိုက်ရာကို
မကိုင်ရှပါဆိုခွင့်
လူနှင့်နတ် ညွတ်ရှုန်းရှင်အပင်
ထွတ်ဆုံးပင် ပြောကြအသင့်
ပရိယတ် ပန်းကြာရုံ
ကျမ်းဖြာစုံ ငုံမင့်
ဂန္ဓာရုံ ထုံသင့်လို့
ဂုဏ်တင့်တဲ့ လယ်တီ
ဌေမဏ္ဍိုင် ထာဝရပါပဲ
သာသနာ့ ဖူးညွန့်ဌာနီ
ပဋိပတ် ဝတ်လွှာစီတယ်
ထွတ်သာကီ သဇင်ဘုန်းရယ်လို့
အစဉ်သုံး ကိန်းမွေ့ကာစံ
ငြိမ်းလှေ့ရှာကြံ
လယ်တီတိုက် ဘူနက်သန်ကို
တူဖက်ရန် ရှိဘူးပလေး။

☐ ဆင်ဖြူကျွန်းအောင်သိန်း

ဘုရားရှင်အပါအဝင် ရှင်ပစ္စေကဗုဒ္ဓါရဟန္တာတို့မှ နောင်လာ ဗုဒ္ဓဘာသာ လူနတ်ဗြဟ္မာ ဝေနေယျ သတ္တဝါတို့အား မိမိတို့ကိုယ်စား ကိုးကွယ်ပူဇော်နိုင်ကြစေရန် ပရိနိဗ္ဗာန်စံ မီးသင်္ဂြိုဟ်ရာမှ ကျန်ရစ်သော အရိုးစု အစိုင်အခဲလေးများကို ဓာတ်တော်ဟူ၍ ခေါ်သည်။

ဓာတ်တော်များကို ဘုရားရှင်မှ လူနတ်ဗြဟ္မာ ဝေနေယျ သတ္တဝါများအတွက် အမွေအနှစ်အဖြစ် ထားရစ်တော်မူသည်ဖြစ်၍ ဘုရားရှင်၏ ဓာတ်တော်ကို မွေတော်ဟူ၍လည်း ခေါ်ဆိုရသည်။

ဝေနေယျသတ္တဝါ ဆိုသည်မှာ ကျွတ်ထိုက် ချွတ်ထိုက်သော ပုဂ္ဂိုလ်များကို ရည်ညွှန်းပါသည်။ ပုဂ္ဂိုလ်ဟူသည်ကား လူ၊ နတ်၊ ဗြဟ္မာ၊ ဝေနေယျ သတ္တဝါများပင် ဖြစ်ပါသည်။

ရဟန်း၊ သံဃာ၊ လူပုဂ္ဂိုလ်များ အသက်ခန္ဓာ ကုန်ဆုံးသွား၍ မီးသင်္ဂြိုဟ်ရာတွင် ဓာတ်တော်များ ကြွင်းကျန်ရစ်မှသာ ထိုရဟန်း၊ သံဃာ၊ ပုဂ္ဂိုလ်ကို ရဟန္တာ ဟူ၍ မယူဆ မသတ်မှတ်သင့်ပါ။ အချို့သော ရဟန္တာပုဂ္ဂိုလ်တို့သည်ကား မီးသင်္ဂြိုဟ်ရာတွင် မိမိတို့ကိုယ်စား (ကိုယ်ပွား) စသည့်မည်သည့်အရာဝတ္ထု အစိုင်အခဲများမှ မကြွင်းကျန် မကျန်ရစ်စေရဟူ၍ မိဋ္ဌာန်ထားခဲ့ကြသည်။ သို့ပါ၍ မီးသင်္ဂြိုဟ်ရာတွင် ဓာတ်တော်မကျရောက်မကြွင်းကျန်တိုင်း ရဟန္တာမဟုတ်ဟူ၍ မယူဆ မသတ်မှတ်သင့်ပါ။

ရဟန္တာပင်ဖြစ်သော်လည်း မိမိတို့ ခန္ဓာအား မီးသင်္ဂြိုဟ်ရာတွင် မည်သည့်အစိုင်အခဲမှ မကျရောက်စေရဟူ၍ မိဋ္ဌာန်ခဲ့ပါက မည်သည့်အစိုင်အခဲမှ ကြွင်းကျန်ရစ်မည် မဟုတ်ပါပေ။

ရဟန္တာတိုင်း ပရိနိဗ္ဗာန်စံ၍ မီးသင်္ဂြိုဟ်ရာတွင် ဓာတ်တော်များ ထားရစ်တော်မမူခဲ့သည်ကို ကောင်းစွာ မှတ်ယူကြရပေမည်။

ဘုရားရှင်၏ ခန္ဓာအား မီးသင်္ဂြိုဟ်ရာမှ ကျရောက်ကြွင်းကျန်ရစ်သော အရိုးစု အစိုင်အခဲကလေးများကို ဓာတ်တော်၊ မွေတော် ဟူ၍လည်း ကောင်း။

ရှင်ပစ္စေကဗုဒ္ဓါနှင့် ရဟန္တာတို့၏ ခန္ဓာအား မီးသင်္ဂြိုဟ်ရာမှ ကျရောက်ကြွင်းကျန်ရစ်သော အရိုးစု အစိုင်အခဲကလေးများကို ဓာတ်တော်ဟူ၍လည်း ကောင်း။

စကြဝတေးမင်းတို့၏ ခန္ဓာအား မီးသင်္ဂြိုဟ်ရာမှ ကျရောက်ကြွင်းကျန်ရစ်သော အရိုးစု အစိုင်အခဲကလေးများကို အရိုးတော်ဟူ၍လည်းကောင်း ဂုဏ်ပုဒ် အဆင့်အတန်းအရ ခွဲခြားကာ အသီးသီး သုံးနှုန်းခေါ် ဆိုကြရသည်။

စကြဝတေးမင်း၏ ကြွင်းကျန်ရစ်သော အစိုင်အခဲ အရိုးစုကို အရိုးတော် ဟူ၍ သုံးနှုန်းခေါ်ဝေါ် ရခြင်းမှာ စကြဝတေးမင်းတို့သည် မနုဿလူသားများ ဖြစ်သောကြောင့် ဖြစ်သည်။

ဘုရားရှင်နှင့် ပစ္စေကဗုဒ္ဓါတို့ အသက်ခန္ဓာ စွန့်ပယ်သည်ကို ပရိနိဗ္ဗာန် ပြုသည် ဟူ၍လည်းကောင်း၊ ရဟန်း သံဃာတော်များ အသက်ခန္ဓာ စွန့်ခွာသည်ကို ပျံလွန်တော်မူသည်ဟူ၍ လည်း ကောင်း၊ ဘုရင်တွေ အသက်မရှိတော့လျှင် နတ်ရွာစံသည်ဟူ၍လည်းကောင်း၊ လူသားများ အသက် မရှိတော့လျှင် ကွယ်လွန်သည်ဟူ၍ လည်းကောင်း၊ တိရစ္ဆာန်များ အသက်မရှိတော့လျှင် သေဆုံးသည်ဟူ၍ လည်းကောင်း ဂုဏ်ပုဒ် အဆင့်အတန်းအရ အသီးသီးခွဲခြား၍ သုံးနှုန်းခေါ်ဝေါ်ကြသည်။

ရပ်ထဲရွာထဲ၌ လူတစ်ယောက် အသက်မရှိတော့လျှင် သေသည်ဟူ၍ သာ အလွယ်တကူ ပြောဆိုသုံးနှုန်း ကြသည်။ လူပုဂ္ဂိုလ်ဖြစ်၍ ကွယ်လွန် သည် ဟူ၍သာ ခေါ်ဝေါ်ပြောဆိုအပ် သည်။





www.burmeseclassic.com

www.burmeseclassic.com



# ဓာတ်တော်မွေတော်

ကျိုက်လတ်သန်းထိုက်
(L.L.B)

ဂေါတမဘုရားရှင်သည် သက်တော် (၈၀)၊ ဝါတော် (၄၅) ဝါ အချိန်တွင် ပရိနိဗ္ဗာန် စံဝင်တော်မူခဲ့သည်။ ဘုရားရှင်သည် ပွင့်တော်မူပြီးဖြစ်သော ဘုရားရှင်အသီးသီးတို့တွင် သက်တမ်းအတိုဆုံးသော ဘုရားရှင်ဖြစ်သည်။

ဂေါတမဘုရားရှင်သည် လူတို့သက်တမ်း (၁၀၀)တမ်း၊ သက်တော် (၈၀)မှာ ပရိနိဗ္ဗာန် စံဝင်တော်မူသည်။ ငယ်သည့်ဘုရားရှင်များပင်ဖြစ်စေ လူတို့သက်တမ်း၏ ငါးပုံလေးပုံ သက်တော်အရွယ်မှာ ပရိနိဗ္ဗာန်ပြုကြရမည်ကို မဟာဗုဒ္ဓဝင်၌ ဗျာဒိတ်တော်ထားလေ့ရှိကြသည်။

ဘုရားရှင်သည် ဘုရားအဖြစ် (၄၅)ဝါမျှသာ သီတင်းသုံးခဲ့ရသည်ဖြစ်၍ လူနတ်ဗြဟ္မာ ဝေနေယျသတ္တဝါတို့မှ မျက်မြင်ကိုယ်တိုင် ဖူးတွေ့ရသူ ပုဂ္ဂိုလ်များ ရှိသကဲ့သို့ ဘုရားရှင်အား မျက်မြင်ကိုယ်တွေ့ မဖူးတွေ့ရသူများလည်းရှိကြသည်။ သို့ဖြစ်၍ ဘုရားရှင်မှ မိမိအား မျက်မြင်ကိုယ်တိုင် မဖူးတွေ့ရသူများအား သနားကရုဏာ ရှိတော်မူသည်ဖြစ်၍ ဗုဒ္ဓသာသနာတော်အား ယုံကြည်သူတို့ ကိုးကွယ်နိုင်ကြစေရန် အလို့ငှာ မိမိကိုယ်စား (ကိုယ်ပွား)အဖြစ် ဓာတ်တော်မွေတော်တို့အား အစိတ်စိတ် အမြွာမြွာ ကျန်ရစ်စေလိုတော်မူခြင်း ဖြစ်သည်။ ရှေးဘုရားရှင်တို့မှာကား သက်တော်များရှည်ကြာကြသည်ဖြစ်၍ ဓာတ်တော်မွေတော်များကို တစ်လုံးတစ်ခဲတည်းသာ ထားရစ်တော်မူခဲ့ကြသည်။

သို့ဖြစ်၍ ဘုရားရှင်သည် မိမိ၏ မွေတော် ဓာတ်တော်တို့အား လူနတ်ဗြဟ္မာ ဝေနေယျသတ္တဝါတွေ မိမိကိုယ်စား ကိုးကွယ်ပူဇော်နိုင်ကြစေရန် မိမိကိုယ်ပွား ဓာတ်တော်များကို အစိတ်စိတ် အမြွာမြွာဖြစ်စေရန် အဓိဋ္ဌာန်ထားတော်မူသည်။

လူသားတွေ ငါဘုရားကိုယ်ပွား ဓာတ်တော်များကို အလွယ်တကူ ကိုးကွယ်ပူဇော်နိုင်ကြစေရန် လူတို့သွားလာရာ လမ်းဆုံ၊ လမ်းမ၊ လမ်းလေးခွ စသည့်နေရာအသီးသီးတို့၌ ဌာပနာထားကာ စေတီတည်ထား ကိုးကွယ်ကြကုန်ရာ၏၊ ကိုးကွယ်ကြလေကုန် ဟူ၍ ဘုရားရှင်မှ အဓိဋ္ဌာန်ထားတော်မူသည်။

ရင်းပြင် ထိုစေတီ၌ ပန်းနံ့သာ၊ နံ့သာမှုန့် စသည်ဖြင့် ပူဇော်ခြင်း၊ ရှိခိုးခြင်း၊ စိတ်ကိုကြည်လင်စေခြင်းအမှု ပြုကြကုန်သော ပုဂ္ဂိုလ်အပေါင်းတို့အား ရှည်မြင့်စွာသော နေ့ညပတ်လုံး စီးပွားချမ်းသာများ ဖြစ်ကြရကုန်လတ္တံ့ဟူ၍လည်း အဓိဋ္ဌာန်ပြုတော်မူသည်။

ငါဘုရား၏ ဓာတ်တော်များကို ပူဇော်သက္ကာယပြုခြင်း၊ စေတီတည်ထား



www.burmeseclassic.com

www.burmeseclassic.com

ကိုးကွယ်ရာ၌ ဌာပနာအဖြစ်သွင်းကာ ကိုးကွယ်ပူဇော်ခြင်းသည် အပါယ်လေးပါးမှကင်းလွတ်၍ သုဂတိဌာနဖြစ်သော နတ်ပြည်၌ ဖြစ်ကြရကုန်လတ္တံ့။ ပရိနိဗ္ဗာန် ပြုသောအခါ၌ ငါ၏ကိုယ်တော်သည်ကား အစိတ်စိတ် အကွဲကွဲ ပြန့်ကျဲလျက် တည်ရစ်စေသတည်း ဟူ၍မိန့်တော်မူခဲ့ပါသည်။

သို့ဖြစ်၍ ဂေါတမမြတ်စွာဘုရား၏ ကျန်ရစ်သော ဓာတ်တော်များသည် ရှေးဘုရားများကဲ့သို့ တစုတဝေး တစ်ပေါင်းတည်း ကျန်ရစ်တော်မမူဘဲ အကွဲကွဲ အပြားပြားဖြစ်ကာ ကျန်ရစ်တော်မူခဲ့ရခြင်း ဖြစ်ပါသည်။

## ဓာတ်တော်များ၏ အရွယ်ပမာဏ

"ဒီကာယုက ဗုဒ္ဓါနံ၊ ပနသုဝဏ္ဏကွခန္ဓာ၊ ဝိယဧကေယနံ တ၊ တုသရီရံ တိဋ္ဌတိ" (ပါဠိ)

မြန်မာပြန် အနက်အဓိပ္ပာယ်မှာ

"သက်တော်ရှည်ကြကုန်သော ဘုရားရှင်အပေါင်းတို့၏ ဓာတ်တော်တို့သည် ရွှေတုံးကြီးတစ်တုံးကဲ့သို့ မကွဲမခြား တစ်သားတည်း တစ်ပေါင်းတည်း တစ်စုတစ်ခဲတည်း ဖြစ်၍ တည်ရှိကြရကုန်ရာသည်"

ဤဘဒ္ဒကမ္ဘာ၌ ပွင့်တော်မူပြီးကြကုန်သော (က) ကကုသန် ဘုရားသည် သက်တော် လေးသောင်း၊ (ခ) ကောဏာဂုံ ဘုရားသည် သက်တော် သုံးသောင်း (ဂ) ကဿပဘုရားသည် သက်တော် နှစ်သောင်း သက်တော်များ အသီးသီး ရှည်ကြာခဲ့ကြသည်ဖြစ်၍ အဆိုပါဘုရားရှင်တို့၏ ဓာတ်တော်များသည် ပြိုကွဲပျံ့နှံ့ခြင်းမရှိဘဲ တပေါင်းတခဲ တစုတဝေးတည်းသာ ကျန်ရစ်တော်မူခဲ့ကြသည်။

ဘဒ္ဒကမ္ဘာ၌ စတုတ္ထမြောက် ပွင့်တော်မူခဲ့သည့် ဂေါတမဘုရားရှင်သည် လူတို့သက်တမ်း (၁၀၀)တမ်းအချိန်၌ သက်တော် (၈၀)ပြည့်ချိန်၌ ပရိနိဗ္ဗာန်သို့ စံဝင်တော်မူခဲ့ရသည်ဖြစ်၍ သက်တမ်းတိုသောကြောင့် ရှေးဘုရားများကဲ့သို့ ဓာတ်တော်တို့သည် တစုတပေါင်းတည်း ကျန်ရစ်တော်မမူဘဲ အစိတ်စိတ် အမြွာမြွာ ကြွင်းကျန်ရစ်တော်မူခဲ့ပါသည်။ ဂေါတမဘုရားရှင်၏ သရီရဓာတ်တော်များသည် အရွယ်ပမာဏအားဖြင့် သုံးမျိုးသုံးစား ကြွင်းကျန်ရစ်တော်မူပါသည်။ ယင်းသုံးမျိုးမှာ . . .

(၁) အကြီးဆုံးဓာတ်တော်သည် ပဲနောက်ခြမ်း အရွယ်ပမာဏခန့်

(၂) အလတ်စားဓာတ်တော်သည် ဆန်ကျိုးဆန်ကွဲ အရွယ်ပမာဏခန့်

(၃) အငယ်ဆုံးဓာတ်တော်သည် မုန်ညင်းစေ့ အရွယ်ပမာဏခန့် တို့ဖြစ်ကြပါသည်။

## ဓာတ်တော်များ၏ အရောင်အဆင်း

ဘုရားရှင်၏ သရီရဓာတ်တော်များသည် အရွယ်ပမာဏပေါ် မူတည်၍ အရောင်အဆင်းများ ကွဲပြားခြားနားကြပါသည်။ ဓာတ်တော်များအား ဌာပနာထားပြီး တည်ထားသော အဆောက်အအုံကို စေတီဟူ၍ ခေါ်သည်။ ဓာတ်တော်များ၏ အရောင်အဆင်းမှာ. . .

(၁) သုဝဏ္ဏဝဏ္ဏာ (အကြီးဆုံးဓာတ်တော်သည် ရွှေရောင်အဆင်း)

(၂) မုတ္တာဝဏ္ဏာ (အလတ်စား ဓာတ်တော်သည် ပုလဲအဆင်း)

(၃) ဗကုလဝဏ္ဏာ (အငယ်စားဓာတ်တော်သည် ချရားစေ့အဆင်း) တို့ဖြစ်ကြပါသည်။

ဘုရားရှင်၏ ကြွင်းကျန်ရစ်သော ဓာတ်တော်များသည် အကြီး၊ အသေး အရွယ်ပမာဏပေါ် မူတည်ကာ အလေးချိန်၊ တင်းတောင်းများလည်း ကွာခြားကြပါသည်။ ယင်းတို့မှာ . . .

(၁) အကြီးဆုံး ဓာတ်တော်များသည် ငါးပြည်သား

(၂) အလတ်စား ဓာတ်တော်များသည်လည်း ငါးပြည်သား

(၃) အငယ်စား ဓာတ်တော်များသည်ကား ခြောက်ပြည်သားဖြစ်ပြီး စုစုပေါင်း ဓာတ်တော်များမှာ ၁၆ ပြည်သား ကျန်ရစ်သည်ကို ဗုဒ္ဓဝံသပါဠိတော်၌ ဖော်ပြထားပါသည်။

ကျီးသဲလေးထပ် ဆရာတော်ကြီး၏ ဇိနတ္ထပကာသနီကျမ်းတွင်မူ ဂေါတမဘုရားရှင်၏ ကြွင်းကျန်ရစ်သော သရီရဓာတ်တော်များသည် ၃၂ ပြည်သား ဟူ၍ ဖော်ပြထားသည်။

ဗုဒ္ဓဝံသ ပါဠိတော်အရ သရီရဓာတ်တော် ၁၆ ပြည်သားနှင့် ဇိနတ္ထပကာသနီကျမ်းအရ သရီရဓာတ်တော် ၃၂ ပြည်သားဟူ၍ ကွာခြားရခြင်းမှာ ဘုရားရှင်လက်ထက်တော် အခါ်နိက တစ်တင်းကို ၃၂ ပြည်၊ တစ်ခဲကို ၁၆ ပြည်၊ တစ်စိတ်ကို ၈ ပြည်ဟူ၍ တင်းတောင်းအလေးချိန်ဖြင့် သုံးစွဲခဲ့ခြင်းကြောင့်သာ ဖြစ်ပါသည်။

## ဓာတ်တော်များအား အသီးသီး ခွဲဝေယူကြခြင်း

ဂေါတမမြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်စံဝင်တော်မူကြောင်း ကြားသိရသောအခါ ခုနစ်ပြည်ထောင်မင်းတို့နှင့် ဝေဠုဒီပကပုဏ္ဏား စသည့် ရှစ်ပြည်ထောင်မင်းတို့ ရောက်ရှိလာကြပြီး "ဗုဒ္ဓသည်ကား ငါတို့၏ဆရာ၊ ငါတို့သည်သာ အကြောင်းဆိုက်သည်၊ သို့ဖြစ်၍ ဗုဒ္ဓ၏ ဓာတ်တော်များကို ငါတို့သာ ရထိုက်သည်" ဟူ၍ အချင်းချင်းစကားများရာမှ တိုက်ခိုက်စစ်ဆင်ကြသည်။ မည်သူမျှ ဖြေရှင်းမရနိုင်အောင် အခြေအနေထိ ဆိုးရွားနေသည်။

ယင်းအချိန်၌ အဆိုပါပုဂ္ဂိုလ်တို့၏ ဆရာဖြစ်သော ဒေါဏပုဏ္ဏားသည် အချင်းဖြစ်သည့်နေရာသို့ ရောက်ရှိလာပြီး ဖျန်ဖြေတော့မှ အချင်းများခြင်းမှ ရပ်ဆိုင်းသွားသည်။

ဒေါဏပုဏ္ဏားမှ တရားပြကာ ဖျန်ဖြေပြီးနောက် ဘုရားရှင်၏ သရီရဓာတ်တော် (ဓာတ်တော် မွေတော်) များကို ရှစ်ပုံပုံကာ ခွဲဝေပေးသမျှကို အဆိုပါ ပုဂ္ဂိုလ်များမှ ကျေနပ်စွာဖြင့်ယူသွားကြ



www.burmeseclassic.com

www.burmeseclassic.com

သည်။ အဆိုပါ ပုဂ္ဂိုလ်တို့သည် သူတို့နေထိုင်ရာအသီးသီးသို့ ပြန်ရောက်သွားကြသောအခါ မိမိတို့ရရှိခဲ့သည့် သရီရဓာတ်တော်များကို ဌာပနာထားပြီး စေတီတည်ကာ အသီးသီး ကိုးကွယ်ပူဇော်ခဲ့ကြသည်။ ယင်းတို့မှာ . . .

(၁) ရာဇဂြိုဟ်ပြည်၌ အဇာတသတ်မင်း တည်ထားကိုးကွယ်သော စေတီတော် တစ်ဆူ။

(၂) ဝေသာလီပြည်၌ လိစ္ဆဝီမင်းများ တည်ထား ကိုးကွယ်သော စေတီတော် တစ်ဆူ။

(၃) ကပိလဝတ်ပြည်၌ သာကီဝင်မင်းများ တည်ထား ကိုးကွယ်သော စေတီတော်တစ်ဆူ။

(၄) အလ္လကပ္ပတိုင်း၌ ဗုလမင်းတည်ထားကိုးကွယ်သော စေတီတော်တစ်ဆူ။

(၅) ရာမရွာ၌ ကောလိယမင်း တည်ထားကိုးကွယ်သော စေတီတော်တစ်ဆူ။

(၆) ဝေဋ္ဌဒီပကတိုင်း၌ ဝေဋ္ဌဒီပကပုဏ္ဏား တည်ထားကိုးကွယ်သော စေတီတော်တစ်ဆူ။

(၇) ပါဝါမြို့၌ မလ္လာမင်းတို့ တည်ထားကိုးကွယ်သော စေတီတော်တစ်ဆူ။

(၈) ကုသိနာရုံပြည်၌ မာလာမင်းတို့ တည်ထားကိုးကွယ်သော စေတီတော် တစ်ဆူ။

(၉) ဒေါဏပုဏ္ဏားမှာ သရီရဓာတ်တော်များကို ယူခွင့်မရလိုက်သဖြင့် သရီရဓာတ်တော်များကို ခြင်သည့် ခြင်ခွက်ကိုသာ ရလိုက်သည်။ သို့ဖြစ်၍ အဆိုပါ ခြင်ခွက်ကို ဌာပနာထားကာ တည်ထားကိုးကွယ်သော စေတီတော် တစ်ဆူ၊ အဆိုပါ စေတီ၏ ဘွဲ့တော်မှာ တုမ္ဗစေတီ ဖြစ်သည်။

(၁၀) ပိပ္ပလိဝန အရပ်၌ မောရိယမင်းတို့သည် သရီရဓာတ်တော်များကို မရရှိသဖြင့် နောက်ဆုံးမှာ ရရာမီးသွေးခဲများကို ကောက်ယူပြီး ဌာပနာထားကာ တည်ထားကိုးကွယ်သော စေတီတော် တစ်ဆူ၊ ယင်းစေတီ၏ ဘွဲ့တော်မှာ အင်္ဂါရစေတီ ဖြစ်သည်။

အဆိုပါ စေတီ ဆယ်ဆူတို့သည်ကား မြတ်စွာဘုရားပရိနိဗ္ဗာန်စံဝင်တော်မူပြီးနောက် ပထမဦးစွာ ဖြစ်ပေါ်လာသော နတ်လူအပေါင်းတို့၏ ကိုးကွယ်ရာစေတီတော်များဖြစ်ပြီး သက်တော်ထင်ရှား မြတ်စွာဘုရားအသွင်အလား ကိုးကွယ်သူတို့အာရုံမှာ ထင်မြင်လာပြီး ကိုးကွယ်ခဲ့ကြသည်။ ယင်းကို သုတ်မဟာဝါပါဠိတော် မဟာပရိနိဗ္ဗာနသုတ်တော်မှာ ဖော်ပြထားသည်။

ရတနာသုံးပါးတို့အား မကြည်ညို မပူဇော်သော မိစ္ဆာဒိဋ္ဌိတို့ဘေးရန်ကို စိုးရိမ်သော အရှင်မဟာကဿပမထေရ်မြတ်သည် အဇာတသတ်မင်းနှင့် တိုင်ပင်ကာ ရာမရွာက ဓာတ်တော်များကို ချန်ထားပြီး ကျန်သရီရဓာတ်တော်များကို အရှင်မဟာကဿပသည် မိမိတန်ခိုးတော်ဖြင့်ပင့်ဆောင်ကာ အဇာတသတ်မင်းအား ပေးသည်။ အဆိုပါ သရီရဓာတ်တော်များမှာ ရှစ်ပြည်ထောင်မင်းတို့ အသီးသီးယူဆောင်သွားကြသော ဓာတ်တော်များ ဖြစ်သည်။

အဇာတသတ်မင်းသည် ဓာတ်တော်များ လုံခြုံမှုရှိစေရန် သိကြားမင်း အကူအညီကို ရယူကာ ဓာတုနိဓာနစေတီတော်ကို တည်ထားကိုးကွယ်ခဲ့သည်။ အဆိုပါ သရီရဓာတ်တော်များအား ဌာပနာထားကာ တည်ထားကိုးကွယ်သော စေတီတော်ဖြစ်သည်။

သာသနာတော်သက္ကရာဇ် ၂၁၈ ခုနှစ်၌ မင်းဖြစ်သော သီရိဓမ္မာသောကမင်းသည် အဇာတသတ်မင်း တည်ထားခဲ့သော စေတီတော်မှ ဓာတ်တော်များကို ထုတ်ယူပင့်ဆောင်ကာ မိမိနိုင်ငံအဝှမ်းရှိ မြို့ရွာပေါင်း ၈၄၀၀၀ တို့၌ စေတီတော်ပေါင်း ၈၄၀၀၀ ကို တည်ထားကိုးကွယ်ခဲ့သည်။

ယင်းအချိန်မှစပြီး မြန်မာနိုင်ငံ၌ သာသနာတော် တိုးတက် ပြန့်ပွားလာခဲ့သည်။

❖

## ဓာတ်တော်များ ကိုးကွယ်ပူဇော်ရခြင်း အကျိုးများ

၁။ ဘုရားရှင်၏ သရီရဓာတ်တော်များ စံပယ်သီတင်းသုံးရာ နေရာဌာနသို့ တန်ခိုးကြီးသော နတ်များမှ လာရောက်ကြပြီး ဖူးမြော်ကာစောင့်ရှောက်ကြခြင်း။

၂။ ယင်းသို့ နတ်များ၏ စောင့်ရှောက်ခြင်းကြောင့် လူတို့အား နှိပ်စက်ညှဉ်းပန်း ဥပဒ်ဖြစ်စေရန် ပြုလုပ်တတ်သော မြေဖုတ် ဘီလူး အစရှိသည့် မကောင်းဆိုးဝါး သတ္တဝါများသည် အနီးအနားမှာ လာရောက်မချဉ်းကပ် မနေနိုင်ကြဘဲ ဝေးရာသို့ ရှောင်ရှား ဖယ်ခွာသွားကြရခြင်း။

၃။ ယင်းသို့ နတ်များ၏ စောင့်ရှောက်ခြင်းကြောင့် ယုတ်မာသော မိစ္ဆာကောင်များတို့သည်လည်း ဝေးရာသို့ သွားကြသဖြင့် ဘေးဥပဒ်အန္တရာယ်များမှ ကင်းဝေးရခြင်း။

၄။ သရီရ ဓာတ်တော်များအား ဆည်းကပ်ကိုးကွယ် ပူဇော်ရခြင်းကြောင့် ကိုးကွယ်သူတို့၏ စိတ်လည်း ကြည်လင်ပြီး စီးပွားဥစ္စာများလည်း ကြီးပွားတိုးတက်ခြင်း။

၅။ ဓာတ်တော်များအား ကိုးကွယ်ပူဇော်ရခြင်းကြောင့် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသုရကာယ် ဆိုသည့် အပါယ်လေးပါးတို့မှလည်း ကင်းဝေးရခြင်း။

၆။ သရီရ ဓာတ်တော်များအား ဆည်းကပ်ကိုးကွယ် ပူဇော်သူတို့သည် သေလွန်သည့်အခါ သုဂတိဘုံဖြစ်သည့် နတ်ပြည်သို့သာ ရောက်ရခြင်း စသည်တို့ဖြစ်သည်။

ဘုရားရှင် လက်ကိုင်ထားသော တရားမှာ မေတ္တာတရား ဖြစ်သည်။ ဘုရားရှင်၏ ဝါဒမှာ သစ္စာဝါဒ (သစ္စာလေးပါး) ဖြစ်သည်။

❒ **ကျိုက်လတ်သန်းထိုက်(L.L.B)**

ကိုးကား - ဗုဒ္ဓဝံသ ပါဠိတော်၊ သုတ်မဟာဝါပါဠိတော်၊ မဟာပရိနိဗ္ဗာနသုတ်၊ ဇိနတ္ထပကာသနီကျမ်း (ကျီးသဲဆရာတော်)၊ ဓာတုပူဇာစာတမ်း (ဘဒ္ဒန္တသြသမဟာထေရ်)



www.burmeseclassic.com

www.burmeseclassic.com



ပန်းချီ ဆွေမြင့်

# ရွှေတိဂုံတစ်ခွင် စာဆိုတော်အမြင်

* ရွှေထီးတင်၍၊ ရွှေစင်ရောင်လျှံ
ရွှေပြားမံလျက်၊ ထက်ယံတိမ်ခွင်
ကောင်းကင်ဝင်းဝင်း၊ မိုးလုံးလင်းမျှ
နေမင်းစကြာ၊ သူရိယာလျှင်
ထွန်းဝါပြောင်ပြောင်၊ ချည်တစ်ထောင်နှင့်
တိမ်မှောင်လင်းပျောက်၊ ပြန်လာရောက်သို့
ကျော်ချောက်နတ်ရွာ၊ ဗြဟ္မာကာစ
ထိုမှအများ၊ သုံးဘုံသားတို့
ခုနစ်ပါးရတနာ၊ ကိုယ်စီပါလျက်
များစွာဖျော်ဖျော်၊ ပူဇော်ကြလှာ
လိုရာယူလျှင်း၊ ဆုကြီးခိုင်းက
တောင်းတိုင်းပြည့်စုံ၊ တန်ခိုးဖုံသည်
တိဂုံစေတီ လှ၏တည်ရှု ။

ရွှေတိဂုံပျို့ (ပေမူ)

စာဆိုတို့ကလောင်သည် ထက်၏။ အသိပါ၏။ သတိလာ၏။ သို့ဖြစ်ရာ စာဆိုရင်တွင်း ဖြတ်သန်းစီးဆင်းလာသော အလင်္ကာပန်းတို့သည် ထာဝရအစဉ်မွှေး၏။ အေး၏။ စာဆို အလင်္ကာပန်းကုံးသည် လှလည်းလှပါသည်။ မွှေးလည်းမွှေးပါသည်။ အေးလည်းအေးပါသည်။ ရွှေတိဂုံပျို့ ပေမူလာ အလင်္ကာသည် တိုတို့ရှင်းရှင်း ဆိုလိုရင်းကို ထိမိပါပေသည်။



www.burmeseclassic.com

www.burmeseclassic.com

ရွှေတိဂုံခြေရင်းမှ ထီးတော်အထိ မိုးလုံးကောင်းကင်ဆီသို့ ဝင့်ဝင့်ကြွားကြွား တလူလူရှိနေသည်။ နေမင်းစကြာအသွားရာ ရောင်ခြည်တစ်ထောင်ကြောင့် ရွှေမှုန်စိုစိုအလား နုနုထွားထွား တိမ်မှောင်ကင်းကာ ထိန်လင်းဝင်းဝါလျက်ရှိနေသည်။ လူ့ဘုံ နတ်ဘုံ ဗြဟ္မာ့ဘုံအထိတိုင် ရတနာခုနစ်ပါး စီခြယ်ထားသလို အသွင်တင့် အနေမြင့်လျက် ရှိပါသည်။

ဤသို့သော ရွှေတိဂုံစေတီအလှတွင် တနခိုးထက်မြက်တာ ဆုတောင်းတိုင်းသာ ပြည့်ဝလှပနေပါတော့မည် ဟူသော စာဆိုစကားကို ကြားယောင်မြင်သိလာအောင် ရေးဖွဲ့ထားပါသည်။

စာဆိုတို့အမြင်နှင့် စာဖွဲ့နွဲ့တတ်သော စာဆိုတို့သည် ရွှေတိဂုံစေတီတော်ကို အဝေးမှလည်းကောင်း၊ အနီးမှလည်းကောင်း ကြည်ညိုဦးခိုက်ကြပါသည်။ စာသအလင်္ကာ အဆင်တန်ဆာနှင့် အားမရ အခွင့်ရတိုင်း စာဖွဲ့၍ နွဲ့ခဲ့သွဲ့ခဲ့ကြလေသည်။

ဖွဲ့ကြသော စာများတွင် ဂါထာစီ၍ထားသော ဘုရားရှိခိုးမှအစ စေတီတော်ဘွဲ့၊ ပိုဒ်စုံရတု၊ လေးချိုး၊ တေးထပ်များနှင့် မယ်ဘွဲ့ မောင်ဘွဲ့ ဘုရားတိုင်ရတုများအထိ ပါဝင်လေသည်။ အရပ်ထဲမှာ ပွဲလမ်းသဘင်များတွင် သီဆိုသည့် သီချင်းကဗျာများလည်း ပါဝင်သေးသည်။

စာဖွဲ့သူ စာဆိုပုဂ္ဂိုလ် အကျော်အမော်တို့မှ ထင်ရှားသူတို့၏ လက်ရာအချို့ကို ပြရလျှင် မောင်းထောင်သာသနာပိုင် ဆရာတော်၏ အဖွဲ့ဂါထာများ၊ နဝဒေးကြီး၊ ဝန်ကြီးပဒေသရာဇာ၊ ကျည်းကန်ရှင်ကြီး၊ စာဆိုတော်ဦးမင်း၊ ကင်းဝန်မင်းကြီး၊ လယ်တီပဏ္ဍိတဦးမောင်ကြီး စသူတို့၏ အဖွဲ့ကဗျာများဖြစ်သည်။

သက္ကရာဇ် ၁၁၅၅ ခုနှစ်တွင် မောင်းထောင်ဆရာတော်သည် အမရပူရမှ နောက်ပါရဟန်းရှင်လူ တစ်ထောင်ကျော်ခြံရံလျက် ရွှေတိဂုံစေတီတော်သို့ အဖူးအမြော် တက်ရောက်ခဲ့ရာတွင် ဘုရားကြီးအား ကြည်ညိုသောစိတ်ဖြင့်. . .

"ယော ဒီပင်္ကရမူလမှိ၊ ပဒံ ဟတ္ထ ဂတံ စရိ။

သမ္ဗာ သမ္ဗောဓိ မာကင်္ခီ၊ ဝန္ဒေ တာသ တိရောရုဟံ"

အစရှိသော ပါဠိဘာသာ ထောမနာ ၁၂ ဂါထာကိုရေးဖွဲ့ခဲ့သည်။

အဓိပ္ပာယ်မှာ . . .

"ဒီပင်္ကရာဘုရားရှင် ခြေတော်ရင်း၌ သဗ္ဗညုဘုရားဆုကို အလိုရှိတော်မူသည်ဖြစ်၍ လက်တော်သို့ရောက်လုဆဲသော နိဗ္ဗာန်ချမ်းသာကို စွန့်တော်မူသော မြတ်စွာဘုရား၏ ဆံတော်ဓာတ်ကို အကျွန်ုပ် ရှိခိုးပါ၏" ဟူ၍ဖြစ်သည်။

ခရစ်နှစ် ၁၅၆၀ ပြည့်နှစ်ခန့်တွင် ထင်ရှားခဲ့သော တောင်ငူခေတ်စာဆို နဝဒေးကြီးကမူ သူရေးဖွဲ့သော 'ဒဂုံမွေ ရှင်' ချီဘုရားတိုင်ရတု၌. . .

"ဒဂုံမွေရှင်၊ သင်္ကိုတ်တွင်၌၊ ရှင်ပင်သစ္စာ၊ ပွင့်သောခါဝယ်၊ ခြောက်ဌာနလွှန်၊ တစ်ဖန်ရက်ဈေး၊ ပြည့်သည့်နေ့၌၊ ကြုံတွေ့လျှင်းအောင်၊ မြတ်ညီနောင်လျှင်၊ ရည်စောင်ကြည်ဖြူ၊ ပျားဆုပ်လှူ၍၊ မဥ္စူဆံမွေ၊ ကိုးကွယ်စေက၊ ထိပ်ဖွေဆောင်ရွက်၊ သည်တောင်ထက်ဝယ်၊ ကျိုက်ပွက်ကြေညာ၊ ကျော်ဝှန်ဝါသား၊ ဌာပနာတွေ၊ တည်ခဲ့ပေသည့်၊ ဆံမွေရုံးစု၊ သဗ္ဗညုတို"

အစရှိသဖြင့် သိင်္ဂုတ္တရကုန်းတွင် တဖုဿ၊ ဘလ္လိကညီနောင်တို့ ဘုရားထံမှ ယူဆောင်လာသော ဆံတော်များကိုတည်ထားကိုးကွယ်ပုံကို ဖွဲ့ဆိုထားပြီးလျှင် ဒုတိယပိုဒ်၌ . .

"မစုံပေချင်၊ ချက်တွေ့မြင်က၊ ရွှေစင်စတေ၊ မြေကဖြိုးမောက်၊ ပေါက်တို့သလော၊ တွေးတောမူးမော်၊ အောက်မေ့သော်မူ၊ ရှုမြော်မရဲ၊ တလဲလဲလျှင်၊ မစဲမည်၊ ရွှေတိလျှံမှု"

ဟူ၍ စေတီတော်ကြီးအား ရွှေတောင်ကြီး မြေကပေါက်လာဘိသကဲ့သို့ ရှုမြော်ဖူးမြင် မဝနိုင်ပုံကို ရေးသားထားခဲ့သည်။

နဝဒေးကြီးသည် အခြားဘုရားတိုင်ရတုများတွင်လည်း ဒဂုံဆံတော်ရှင်အကြောင်းကို စာဖွဲ့၍ ကြည်ညိုခဲ့လေသည်။

ဝန်ကြီးပဒေသရာဇာကမူ "သိင်္ဂုတ္တရ၊ ကုန်းလှမြတ်စွာ၊ အမည်မှာမူ၊ သတ္တာဘုမ္မိ၊ ဘူရိဒတ္တ၊ ပေါက္ခရဝတီ၊ သီဟရာဇာ၊ တမ္ဗာဝုတ္တ၊ တိဂုမ္ဗဟု၊ သတ္တနာမံ၊ ကမ္ဘည်းခံ၏၊ ကုန်းရံကိုးဆယ်၊ ကုန်းကိုးသွယ်ရှင့်"

ဟူ၍ သိင်္ဂုတ္တရကုန်း၏ အမည်ခုနစ်ပါးဖြင့် အစချီလျက် ရွှေတိဂုံသမိုင်းလင်္ကာကို ခရစ်နှစ် ၁၇၅၁ ခုနှစ်တွင် ရေးဖွဲ့ခဲ့သည်။

ကျည်းကန်ရှင်ကြီး ရှင်နန္ဒမေဓကလည်း "(ဝါ) အမြိုင်အမြိုင် ဆံတော်ရင်းမှာ၊ အပြိုင်အပြိုင် လှူဖွယ်ခင်းလို့၊ အလှိုင်အလှိုင် ပုသ်သီတင်းနှင့်၊ ဝါတွင်းဝါပ ကုသိုလ်ယူ၊ နတ်ရွာနိဗ္ဗာ ဘယ်မှာပုန်းမလဲ၊ တီဟိတ်ကုသိုလ် စဉ်လာထုံးနှင့်၊ ရဟန်းရှင်လူ ယူကာကျုံးချည့်၊ ပလုတ်တုတ်သံ ပြုတ်ပြုတ်ဖြုန်းနှင့်၊ ဆိုင်းသံစည်သံ ညံညံအုန်းစ၊ ပရိသတ်တွေ ခြိမ့်ခြိမ့်အုန်းနှင့်၊ ကြီးကြီးငယ်ငယ် တစ်မြို့လုံးပင်၊ နိဗ္ဗာန်ယူမည် ယုံကြည်တုန်းမို့၊ နှလုံးမွေ့လျော် ပျော်ဖွယ်ရှိထသော"

စသဖြင့် ရန်ကုန်တစ်ဝိုက်နေ လူများ၏ ရွှေတိဂုံတွင် ကုသိုလ်သီလယူကာ ကြည်ညိုဆောက်တည်ကြပုံကို ရေးဖွဲ့ခဲ့သည်။ ထိုကဗျာမှာ သိင်္ဂုတ္တရေသခရမွေ စသည့်ဖြင့် ကျည်းကန်ရှင်ကြီး ရေးဖွဲ့ခဲ့သော ပဏာမပတ္ထနာ ပါဠိဂါထာမှ "ရမွေ" ပုဒ်၏အနက် မြန်မာပြန် တစ်စိတ်တစ်ဒေသ ဖြစ်လေသည်။

ထို့ပြင် မင်းကွန်းတောရ ဆရာတော် အရှင်ပဏ္ဍဝံသနှင့် မန်လည်မြို့မမင်းကျောင်းတိုက်နေ ဘဒ္ဒန္တဇာဂရမဟာထေရ် (မန်လည်ဆရာတော်)တို့ အပြန်အလှန် အမေးပုစ္ဆာထုတ်၍ ဖြေဆိုထားသော သတပဒီကပုစ္ဆာ ဝိသဇ္ဇနာကျမ်းတွင် ရွှေတိဂုံစေတီတော်ကြီး၏ အချင်း၊ အဝန်း၊ စေတီရပ်၊ ထီးရင်း



www.burmeseclassic.com

www.burmeseclassic.com

ထီး၀၊ ထီးဝန်း စသော အတိုင်းအထွာများကိုလည်း တွေ့ရပြန်သည်။

ကုန်းဘောင်ခေတ်တွင် ကျည်းကန်ရှင်ကြီးမေး၍ ကျီးသဲလေးထပ်ဆရာတော် ဖြေဆိုခဲ့သော စွယ်စုံကျော်ထင် ကျမ်းတွင်လည်း ရွှေတိဂုံစေတီတော်နှင့် စပ်လျဉ်းသော သိမှတ်ဖွယ်အကြောင်းတို့ကို တွေ့ရသေးသည်။ ထိုအမေး အဖြေများမှာ ရွှေတိဂုံသမိုင်းနှင့် အကျုံးဝင်လေသည်။ နမူနာပြရသော် . . .

"သပိတ်လေးလုံး၊ လက်နှိပ်ဖုံး၊ တစ်လုံးတည်းဖြင့်၊ ဘယ်နေ့နည်း။

နဂါးလေးယောက်လုံး၊ လှူစည်းရုံး၊ မြင့်ဆုံးဘယ်နတ်သပိတ်နည်း။

ပျားမုန့်ဆုပ်ဆွမ်း၊ ပေးလှူကမ်း၊ ဝန်ထမ်းကုန်သည်ဖြစ်လိမ့်နည်း။

ရွှေဆံတော်တည်၊ ညီနောင်သည်၊ အတည်ခြား၍တည်လိမ့်နည်း။"

စသည်တို့ ဖြစ်လေသည်။ ဤသည်မှာ စေတီတော်နှင့်စပ်လျဉ်းသော အကြောင်းများသည် ရသစာပေများ၌သာမက သုတစာပေကျမ်းများ၌လည်း ပါဝင်ခဲ့ကြောင်း သာဓကဖြစ်ပေသည်။

ကုန်းဘောင်ခေတ် စာဆိုတော်ဦးမင်းကမူ သူ၏လေးချိုး၌ ရွှေတိဂုံတည်ရာ ကုန်းတော်ကို ဖွဲ့ရာတွင် . . .

"မောက်လို့သာ ကဲတော့တယ်၊ တောက်ဆဲသူရှိန်လို၊ ဘူမိန္ဒာမြေရိုက်တွင်မှ ရွှေသိုက်စောင့်ပေါ် ထွန်းလို့၊ မော်ကွန်းအောင်လံ ကွန့်ပါဘိ၊ တောင်ညွန့်ရင်. . ." ဟူ၍လည်းကောင်း၊ ဘုရားရှင်ကိုယ်တော်နှင့် တင်စား၍ ဖွဲ့ဆိုရာတွင် "ဘုန်းမကိုင်ပေမို့၊ သုံးတိုက်စက်ခွင်ကို၊ မဂ္ဂင်ပျံဖောင်မွန်နှင့်၊ ဆောင်ညွှန့်ဆန်ကူးမယ်လို့၊ ဉာဏ်ထူးဗျာဆင်တဲ့၊ မာရင်းမုံ. . ." ဟူ၍လည်းကောင်း ကြည်ညိုဖွယ်ဖြစ်အောင် ရေးသားဖွဲ့ဆိုခဲ့လေသည်။

ကင်းဝန်မင်းကြီးသည် ခရစ်နှစ် ၁၈၇၄ ခုနှစ် မတ်လတွင် ပြင်သစ်ပြည် ပဲရစ်မြို့တော်သို့ သံတော်အဖြစ် အသွား၌ ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီကို ဝင်ရောက်ဖူးမြော်ရင်း ဆွမ်းကပ်လှူသည်။ ထို့နောက် ရန်ကုန်ဆိပ်ကမ်းမှ မီးသင်္ဘောဖြင့် ပင်လယ်သို့အထွက်တွင် အဝေးမှလှမ်း၍ ဖူးမြော်ရသော ဒဂုန်ဆံတော်ရှင်အား . . . "သက်တံ့တဲ့သက်တံ၊ ပွားအကွန့်၊ ဖျားညွှန့်သက်စုံခတယ် လေးပါးဓာတ်ပုံ" ဟူ၍ ကြည်ညိုသော စိတ်ဖြင့် စာဖွဲ့ကာ ဦးခိုက်ခဲ့လေသည်။

လယ်တီပဏ္ဍိတ ဦးမောင်ကြီးကမူ "ယမိုက်မှောင်ချော၊ တဝေဝေတည့်၊ မီးရေစုံသား၊ ဂုဏ်တော်အားဖြင့်၊ မြတ်များဇေယျ၊ တိဂုံဘ၏၊ ကေသဆဲတော်၊ ကိန်းဝပ်ပျော်သည်၊ အကျော်ထင်ရှား၊ နောင်တော်များဟု၊ ဘုရားဘုန်းလူ၊ မြတ်သုံးဆူတို့၊ နှုန်းယူဘက်ကင်း၊ ဓာတ်မွေမင်းတို့၊ သီတင်းသုံးရာ၊ မှန်လှစွာတည့်၊ ကမ္ဘာမကိုင်၊ ဘုံသုံးတိုက်မှ၊ ဦးခို ်ခိုလှုံ၊ ရွှေတိဂုံဟု၊ သံ ဂုံ ပ မ၊ လေးဘွဲ့ရသည်၊ ထူပအကျော်၊ စေတီတော်ကို . . ."

စသည်ဖြင့် မဟာဝဇီရ၊ မကုဋမင်္ဂလာ စိန်ဖူးတင်သြဘာရတုပိုဒ်စုံကို ခရစ်နှစ် ၁၉၃၁ ခုနှစ်တွင် ရေးဖွဲ့ခဲ့သည်။

လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီးသည် မြန်မာတို့၏ အမျိုးသားယဉ်ကျေးမှု အမွေအနှစ် ဖြစ်ပါသည်။ ပြည်ပခရီးသည်များနှင့် ပြည်တွင်းနေတိုင်းရင်းသားများက အဆန်းတကြယ် အထူးအမြတ်ပြုရသော စေတီတော်ဖြစ်သည်။ ဗုဒ္ဓဘာသာဝင်တို့၏ ဦးထိပ်ထားရာသာမက မြန်မာနိုင်ငံတော်၏ ပန်းပဲ၊ ပန်းရွှေ၊ ပန်းထိမ်၊ ပန်းတဉ်း၊ ပန်းတမော့၊ ပန်းရန်၊ ပန်းပု စသည့် အနုပညာယဉ်ကျေးမှုအပေါင်းတို့၏ ခညောင်းရာ ဘဏ္ဍာတိုက်ကြီးဖြစ်သည်။

စေတီတော်မြတ်ကြီး၏ ငှက်မြတ်နား၊ စိန်ဖူး၊ ထီးတော် အစရှိသည်တို့တွင် တင်လှူထားသော စိန်၊ ရွှေ၊ မြ၊ ပတ္တမြား စသော ကျောက်မျက်နဝရတ် ရတနာများ၏တန်ဖိုး ခေတ်ကာလတန်ဖိုးကိုလိုက်၍ ခန့်မှန်းရန်ပင် ခက်ခဲပါသည်။ ခရစ်နှစ် ၁၉၇၀ ပြည့် စက်တင်ဘာလတွင် ငလျင်ဒဏ်ကြောင့် အတန်ငယ် စောင်းသွားသော ဗိန္ဒုတိုင်ကို မတည့်မတ်မီ အချိန်အထိ ငှက်ပျောဖူးမှအစ ထီးတော်၊ စိန်ဖူးတော်တို့ရှိ ရတနာတို့၏ တန်ဖိုးမှာ သိန်း ၄၀ ကျော်မျှ ဖြစ်သည်ဟုဆိုသည်။ စေတီတော်ကြီးရှိ ရတနာအစုစုကို တန်ဖိုးသင့်သော် ကုဋေနှင့်ချီ၍ ရှိပေလိမ့်မည်။

စေတီတော်ကို လွန်ခဲ့သောနှစ်ပေါင်း ၂၆၀၀ ကျော်ဖြစ်သော မဟာသက္ကရာဇ် ၁၀၃ ခုနှစ်တွင် တည်စဉ်က စေတီတော်အမြင့် ၆၆ (၄၄) တောင်မြင့်သည်။ ယခုအခါ၌မူ ဒါယကာအဆက်ဆက်တို့၏ ပြုပြင်လှူဒါန်းကြသော ကောင်းမှုကြောင့် ဖိနပ်တော်မှ စိန်ဖူးအထိ ဉာဏ်တော် ၃၂၆ ပေအမြင့်ရှိသည်။ ပင်လယ်ပြင်မှအထက် ၁၉၀ ပေမြင့်သော သိင်္ဂုတ္တရကုန်းတော်ထိပ်တွင် တည်ထားသောစေတီဖြစ်သည်။ ဖိနပ်တော်ပတ်လည်သည် ၁၄၂၀ ပေရှိသည်။ စေတီ ၇၆၄ ဆူနှင့် မုခ်လေးဝရှိ မုခ်ဦးစေတီကြီးလေးဆူဖြင့် ဝန်းရံထားပါသည်။ ဖိနပ်တော်မှ စိန်ဖူးတော်အထိ ရွှေပြားခတ်၍ ဆက်ကပ်လှူဒါန်းထားသည်။

ရွှေတိဂုံစေတီတော်ရှိ ကောင်းမှုအစုစု အဖိုးတန်လက်ရာ ရတနာတို့မှာ တစ်ခေတ်တစ်ချိန်တွင်သာ ပေါ်ပေါက်ခဲ့သောလူများ၏ ကောင်းမှုမဟုတ်ပေ။ မြန်မာ့သမိုင်းတွင် ခေတ်အဆက်ဆက်က မင်းနှင့်ပြည်သူပြည်သားတို့ ပြုခဲ့ကြသော ကုသိုလ်ဒါန အဆောက်အအုံကြီးပင် ဖြစ်ပေသည်။ မြန်မာနိုင်ငံကို "စေတီပုထိုးနိုင်ငံ" ဟူ၍ တင်စားပြီး ခေါ်ဝေါ်ရေးသားခဲ့ကြသည်။ စေတီပုထိုး အမျိုးမျိုးတို့ကို ဗုဒ္ဓဘာသာ၌

www.burmeseclassic.com

သက်ဝင်ယုံကြည်၍ ဗုဒ္ဓဘာသာ အဆုံးအမအရ ဒါနကုသိုလ်၏ အကျိုးဆက် အကျိုးထူးများဖြစ်သည်။ စေတနာ သဒ္ဓါတရားပေါက်သူတို့က လူအား၊ ငွေအား၊ ပစ္စည်းအားဖြင့် စုပေါင်းတည်ဆောက်ခဲ့ကြခြင်း ဖြစ်သည်။

စေတနာနှင့် အင်အားကိုလိုက်၍ သဲစေတီ၊ ထုံးသက်န်းဖွေးဖွေးနှင့် အုတ်စေတီမှသည် ရွှေရောင်ဝင်းပြောင်သော ရွှေသင်္ကန်းနှင့် စေတီအမျိုးမျိုးအထိ ဖြစ်သည်။ မြန်မာနိုင်ငံ၏ မြို့တကာ နယ်တကာတွင် ဒေသသမိုင်းနောက်ခံများအရ အထူးပြုကိုးကွယ် စောင့်ရှောက်ကြသော တန်ခိုးကြီးဘုရားများ ရှိတတ်ကြစမြဲဖြစ်သည်။

ရွှေတိဂုံ စေတီတော်မှာမူကား တစ်တိုင်းပြည်လုံးရှိ တန်ခိုးကြီးစေတီ အဆူဆူတို့တွင် အကျော်အမော်တစ်ပါး ဖြစ်သည်။

ရွှေတိဂုံစေတီသည် ခင်ကြီးဖျော်ဆရာတော် မှတ်သားထားသည့် တန်ခိုးကြီးဘုရား ၂၈ ဆူတွင် ဗောဓိစိန္တာဘွဲ့ရ စေတီတော်ကြီးလည်း ဖြစ်ပါသည်။ ရွှေတိဂုံဘုရား ပွဲတော်ရာသီဖြစ်သော တပေါင်းလပြည့်အခါများ၌ ရှေးမြန်မာမင်းများ လက်ထက်ကပင် စည်ကားမြဲဖြစ်သည်။ ခေတ်ကာလအလျောက် မြိမ့်မြိမ့်သဲသဲ ကျင်းပခဲ့သည်။ ဘုရားပွဲတော်ကြီးကို တကူးတက လာရောက်၍ ကုသိုလ်ပြုကြသည်။

နောက်ပိုင်းတွင်မူ ဤသို့လာရောက်ကြသော ဘုရားဖူးတို့သည် နိုင်ငံတွင်းမျှသာ မဟုတ်ဘဲ နိုင်ငံပြည်ပဖြစ်သော ဗုဒ္ဓဘာသာဝင် တိုင်းပြည်များမှ ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်များစွာပါဝင်ကြပါသည်။ ထိုတိုင်းပြည်များမှာ အိန္ဒိယ၊ သီဟိုဠ်၊ ထိုင်း (ယိုးဒယား)၊ လော (လာအို)၊ ကိုရီးယား စသည့် အရှေ့တောင်အာရှတစ်ခွင်မှ တိုင်းပြည်များ ပါဝင်သည်။

ရတနာပုံခေတ် မင်းတုန်းမင်းကြီး၏ ထီးတော်ကို တပ်မတော်အစိုးရ လက်ထက်တွင် "အောင်စစ်သည်ကော်ထီးပူဇော်" နိုင်ခဲ့သည်။ မြန်မာ့သမိုင်းသစ်တွင် မော်ကွန်းကမ္ပည်း အောင်စည်အောင်မောင်း တီးနိုင်ခဲ့သည်။ ကမ္ဘာ့အလယ်တွင် မြန်မာတို့၏ အမျိုးဘာသာ သာသနာရေး လုပ်ဆောင်မှုကြီးသည် စည်ပင်သာယာဝပြောလျက် ရှိပါသည်။

ရွှေတိဂုံစေတီတော် နှစ် ၂၆၀၀ ပြည့်နှစ်တွင်လည်း မင်းနှင့်ပြည်သူ ကြည်ဖြူစွာ လက်တွဲ၍ အကောင်းတကာ့ထိပ်ခေါင် အယဉ်အလှဆင့် မြှင့်တင်နိုင်ခဲ့ပါသည်။ ယခုကောင်းသလို နောင်တစ်ခေတ်တွင် ကောင်းအောင် ပြည်သူလူထုများ၏ နှလုံးသား အလှဆင်လျက် ရှိပါတော့သတည်း။

❐ ယောနကဘိုးထောင်

ကျမ်းကိုးစာရင်း


၁။ မြတ်ဘုရားရွှေတိဂုံ၊ မောင်ဆုရှင်၊ စာပေဗိမာန် ၁၉၇၂
၂။ ဒဂုံနတ်ရှင် မြန်မာစာပြု စာဆိုပုဂ္ဂိုလ်ကျော်များ အတ္ထုပ္ပတ္တိ၊ မခင်ရီစာပေ၊ ရန်ကုန် ၁၉၅၆
၃။ မောင်သုတ (ဗိုလ်မှူး ဘသောင်း) စာဆိုတော်များ အတ္ထုပ္ပတ္တိ၊ ဟံသာဝတီ၊ ရန်ကုန် ၁၉၆၆
၄။ ရွှေတိဂုံပျို့ (ဆင့်ကူးပေမူ)
၅။ ရွှေပြည်ဦးဘတင်၊ မြန်မာစာပေလောက ကမ္ဘာ့ခေတ် စာပေ၊ မန္တလေး ၁၉၆၇



**စီးပွားရေးလုပ်ငန်းရှင်များ**
**မိမိလုပ်ငန်းပိုမိုတိုးတက်အောင်မြင်စေရန်**
**လပြည့်ဝန်းမဂ္ဂဇင်းတွင် ကြော်ငြာနိုင်ပါသည်။**

၁။ အဖြူအမည်း တစ်မျက်နှာ ကျပ်တစ်သောင်းငါးထောင်တိတိ ဖြစ်ပါသည်။
၂။ အဖြူအမည်း မျက်နှာဝက် ကျပ်ခုနစ်ထောင့်ငါးရာတိတိ ဖြစ်ပါသည်။

**ဆက် သွယ် ရန်**

တိုက်အမှတ် (၇၂၄)၊ အခန်း (၁၈) ပထပ်၊ မဟာဗန္ဓုလလမ်း၊
(၁၇×၁၈)လမ်းကြား၊ လသာမြို့နယ်၊ ရန်ကုန်မြို့ဖုန်း – ၂၅၀၆၆၈




www.burmeseclassic.com

www.burmeseclassic.com



# အချစ်ကံခေပေမယ့် အနှစ်ကျန်စေရမယ်

## အရှင်ဆန္ဒာဓိက

(ရွှေပါရမီတောရ)

(ယခင်လမှအဆက်)

သူ့အနေနဲ့ အမြည်းမကောင်းလို့ အရက်၊ ဘီယာ မသောက်ဖြစ်ပေမယ့် အာလူးကြော်၊ မြေပဲလှော်၊ အသားတုံကင် စတဲ့ သက်သတ်လွတ် အမြည်းတွေနဲ့ အရက်၊ ဘီယာ သောက်နေကြတဲ့ သက်သတ်လွတ် အရက်သမားတွေလည်း အများကြီးရှိပါတယ်။ သက်သတ်လွတ်စားပြီး ကာမဂုဏ် ဖောက်ပြန်နေတဲ့ ဒုသနသောတွေလည်း ဒုနဲ့ဒေးပါ။

လူတစ်ယောက်အတွက် သက်သတ်လွတ်စားခြင်းက ငါးပါးသီလ လုံခြုံအောင် စောင့်ထိန်းဖြစ်ဖို့ တွန်းအားပေးပေမယ့် တခြားလူတစ်ယောက်အတွက်တော့ အဲဒီလို ဖြစ်ချင်မှ ဖြစ်မှာပါ။ သက်သတ်လွတ်စားပြီး ငါးပါးသီလ မလုံတဲ့သူတွေ အများကြီးရှိပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် သက်သတ်လွတ်စားမှ ကုသိုလ်စိတ် မွေးနိုင်ပြီး ကုသိုလ်အလုပ် လုပ်ဖြစ်တဲ့သူတွေ အနေနဲ့ ကိုယ်စွမ်းနိုင်သလောက် အချိန်ကန့်သတ်ပြီး သက်သတ်လွတ်စားတာ သဘာဝကျပါတယ်။ (မစားရဘူးလို့ မဆိုပါဘူးကွယ်)။ သက်သတ်လွတ်စားစား မစားစား ကုသိုလ်စိတ်မွေးနိုင်တဲ့သူ၊ ကုသိုလ်အလုပ် လုပ်ဖြစ်တဲ့သူတွေကတော့ "သက်သတ်လွတ်မှ" ရယ်လို့ ရွေးချယ်ကြေးမျှားနေစရာ မလိုဘဲ ရရာအစားအစာကို အဆင်သင့်သလို အကုန်စားသုံးနိုင်ပါတယ်။

ဘုရား၊ ရဟန္တာတွေ၊ သီလ သမာဓိ ပညာနဲ့ ပြည့်စုံတဲ့ သူတော်ကောင်း၊ သူမြတ်လောင်းကြီးတွေ အသားငါး ရှောင်ကြဉ်တော်မမူကြတာကို ကြည့်ခြင်းအားဖြင့် အသားငါး စားရုံသက်သက်နဲ့ အကုသိုလ်မဖြစ်နိုင်ဘူးဆိုတာ ထင်ရှားပြီးသားပါ။ အသားငါးရှောင်တာ သူတော်ကောင်းအကျင့်လို့ ယူဆရင် မိစ္ဆာဒိဋ္ဌိဖြစ်ကြောင်း "အာမဂန္ဓသုတ္တန်" မှာ မြတ်စွာဘုရား တိုက်ရိုက်ဟောကြားထားပါတယ်။

အသားငါး စားရုံသက်သက်နဲ့ အကုသိုလ်မဖြစ်နိုင်ဘူးဆိုပေမယ့် အဲဒီ အသားငါးက နောက်ခံသမိုင်းကြောင်း မကောင်းဘူးဆိုရင်တော့ စားသုံးသူမှာ အကုသိုလ်ဖြစ်နိုင်ပါတယ်။ "အစွန်းသုံးပါး" မလွတ်တဲ့ အသားငါးကို စားသုံးရင် စားသုံးသူမှာ ပါဏာတိပါတာကံ ထိုက်ပြီး အကုသိုလ်ဖြစ်ပါတယ်။ ရဟန်းတော်များဆိုရင်တော့ ပါဏာတိပါတကံ ထိုက်ရုံမက ဒုက္ကဋ်အာပတ်ပါ သင့်ပါတယ်။

အစွန်းသုံးပါးဆိုတာကတော့ မြင်ခြင်း၊ ကြားခြင်းနဲ့ ယုံမှားခြင်း တို့ပါပဲ။ "ဒီအသားငါးဟာ ငါ့အတွက်ရည်စူးပြီး သတ်ထားတာ၊ ငါစားဖို့ ရည်ရွယ်ပြီး သတ်ထားတာ"လို့ မြင်ခဲ့ရင် သို့မဟုတ် ကြားခဲ့ရင် သို့မဟုတ် ယုံမှားသံသယဖြစ်ခဲ့ရင် အဲဒီအသားငါးဟာ အစွန်းသုံးပါး (တစ်ပါးပါးပဲ) မလွတ်တဲ့ အသားငါးဖြစ်သွားပါပြီ။ လုံးဝ မစားထိုက်တော့ပါဘူး။ စားရင်



www.burmeseclassic.com

www.burmeseclassic.com

အကုသိုလ်ဖြစ်ပါတယ်။ လူ့ဝတ်ကြောင်တွေအနေနဲ့ အစွန်းသုံးပါးလွတ်ရင် ဘယ်အသားငါးကိုမဆို လွတ်လပ်စွာ စားသုံးနိုင်ခွင့်ရှိပေမယ့် ရဟန်းတော်များကတော့ "အသားကြီးဆယ်မျိုး"ကို လုံးဝ ရှောင်ကြဉ်တော်မူကြရပါတယ်။ မရှောင်ဘဲ စားမိရင် သက်ဆိုင်ရာအာပတ်သင့်ပြီး အကုသိုလ်ဖြစ်ပါတယ်။

အသားကြီးဆယ်မျိုးကတော့ "လူ၊ ခွေး၊ မြင်း၊ ဆင်၊ ကျား၊ ကျားသစ်၊ ခြင်္သေ့၊ ဝံ၊ အောင်း၊ မြွေ" တို့ရဲ့ အသားတွေပါပဲ။ အသားကိုသာ မစားကောင်းတာ မဟုတ်ပါဘူး။ သူတို့ရဲ့ အရိုး၊ အရေ၊ အသွေး၊ အမွေး ဘာကိုမှ အသုံးမပြုကောင်းပါဘူး။ (ဆင်စွယ်ပုတီး၊ စပါးကြီးသည်းခြေဆေး စသည်တို့ကို ရဟန်းတော်များ လုံးဝမသုံးကောင်းပါ။) အသုံးပြုရင် အာပတ်သင့်ပြီး သုံးတိုင်း သုံးတိုင်း အကုသိုလ်တရား တိုးပွားပါတယ်။

သက်သတ်လွတ်စားစား၊ ကြုံရာရရာပဲစားစား၊ အရေးအကြီးဆုံးကတော့ စိတ်ကောင်းရှိဖို့၊ သူတော်ကောင်းအလုပ်လုပ်နိုင်ဖို့နဲ့ ဘဝသံသရာ ဝဋ်ဆင်းရဲက အပြီးတိုင် လွတ်မြောက်ဖို့ပါပဲ။ "ကြိုက်ရာရွေးစား လူ့ငနွား" မဖြစ်စေဘဲ "သင့်ရာစားသူ လူထက်လူ" ဖြစ်စေဖို့က အဓိကပါပဲ ဒကာမျိုးဦးရေ။

## ဝက်ပျိုသားနှင့် ဝမ်းတော်လားခြင်း

*အရှင်ဘုရား . . .*

*မြတ်စွာဘုရားရှင်ဟာ ဝက်သားဘုဉ်းပေးလို့ ဝမ်းလျှောပြီး ပရိနိဗ္ဗာန်စံရတာလို့ ပြောကြပါတယ် ဘုရား။ ဟုတ်၊ မဟုတ် ဖြေကြားပေးတော်မူပါ ဘုရား။*

*ဦးအေးသက်၊ သထုံမြို့။*

ဒကာကြီး ဦးအေးသက်ရေ . . .

ပြီးခဲ့တဲ့ ဇန်နဝါရီလ ၉ ရက်နေ့က ပရိယတ္တိစာသင်တိုက် တစ်ခုမှာ ပြုလုပ်တဲ့ ဦးဇင်းရဲ့ မွေးနေ့အလှူပွဲကို ငါးထပ်ကွမ်း အကယ်ဒမီ ဒကာရန်အောင် ရောက်လာခဲ့ပါတယ်။ မြန်မာ့ရုပ်ရှင်သမိုင်းမှာ တစ်ဦးတည်းသာရှိသေးတဲ့ အမျိုးသားဇာတ်ဆောင် အကယ်ဒမီ ငါးဆုရှင် **ဒကာရန်အောင်ကို. .**

"ထမင်းစားပြီးပြီလား၊ ဒကာရန်**လေး** ကြိုက်တဲ့ ဝက်သားဟင်းလဲ ပါတယ်လေ" လို့ ပြောတော့ သူက . . .

"တပည့်တော် အခု ဝက်သားရှောင်ထားတယ် ဘုရား၊ အရမ်းဝနေလို့" လို့ ရယ်ရယ်မောမော ပြန်ပြောပါတယ်။

ခါတိုင်း ဝက်သားစားနေကျ ရွှေပါရမီကျောင်းဒကာကြီး ဦးရှိန်ဝင်းကိုလည်း ခုရက်ပိုင်း ဝက်သားရှောင်နေတာ တွေ့လို့ အကြောင်းရင်း မေးကြည့်တော့ . . .

"တပည့်တော် ခန္ဓာကိုယ်ထဲမှာ အဆီဓာတ်တွေ သိပ်များနေလို့ ရှောင်တာပါ ဘုရား၊ မစားမဖြစ်တဲ့ အခြေအနေမျိုး ကြုံရင်တော့ နည်းနည်းပါးပါး စားပါတယ်" လို့ ပြန်ဖြေပါတယ်။ 'လူအမျိုးမျိုး စိတ်အထွေထွေ' ဆိုတဲ့အတိုင်း လူတွေရဲ့ အကြိုက်ကလည်း အမျိုးမျိုးကွဲပြားနေပါတယ်။ တစ်ဦးနဲ့ တစ်ဦး အကြိုက်ချင်း မတူညီကြပါဘူး။ ဝက်သားကြိုက်တဲ့လူ ရှိသလို ဝက်သားမကြိုက်တဲ့လူလည်း ရှိပါတယ်။ ဝက်သားစားရုံနဲ့ အကုသိုလ်ဖြစ်မသွားသလို ဝက်သားရှောင်ရုံနဲ့လည်း ကုသိုလ်ရမသွားပါဘူး။

ဝက်သား မကြိုက်လို့ ဝက်သားရှောင်သူတွေ ရှိသလို ဝက်သားကြိုက်ရက်သားနဲ့ ခန္ဓာကိုယ်နဲ့ မတည့်လို့ ဝက်သားရှောင်သူတွေလည်း ရှိပါတယ်။ ဝမှာစိုးလို့၊ အဆီတက်မှာစိုးလို့၊ ဝိတ်ချချင်လို့ ဝက်သားရှောင်တာဟာ ကျန်းမာရေးသဘောတရားအရ လုပ်သင့်လုပ်ထိုက်တဲ့ အပြုအမူတွေပါပဲ။ မြတ်စွာဘုရားရှင်ကလည်း "ကိုယ်နဲ့မတည့်တဲ့၊ ကိုယ်နဲ့ သပ္ပာယမဖြစ်တဲ့ အစာအာဟာရတွေကို ရှောင်ကြဉ်ရမယ်" လို့ မိန့်ကြားတော်မူထားပါတယ်။

ဝက်သား မကြိုက်လို့ ဝက်သားရှောင်သူထက် ဝက်သား ကြိုက်ရက်သားနဲ့ ခန္ဓာကိုယ်နဲ့မတည့်လို့ ဝက်သားရှောင်သူက ပိုပြီး ချီးမွမ်းစရာ ကောင်းပါတယ်။ ကိုယ့်စိတ်ကိုယ် ထိန်းချုပ်နိုင်လို့ပါ။ ကိုယ့်တဏှာ ကိုယ်ပယ်သတ်နိုင်လို့ပါ။ မကြိုက်လို့ ရှောင်သူက သတိ၊ ဉာဏ် မပါတဲ့အတွက် ဘာကုသိုလ်မှ မရပေမယ့် မတည့်လို့ရှောင်သူကတော့ သတိ၊ ဉာဏ် ပါတဲ့အတွက် အထိုက်အလျောက် ကုသိုလ်ရပါတယ်။

ဝမှာစိုးရိမ်တာဟာ လှချင်လို့ဆိုရင်တော့ လှချင်တဲ့စိတ်ဟာ တဏှာလောဘစိတ် ဖြစ်တဲ့အတွက် ဝက်သားရှောင်နေခိုက်မှာ ကုသိုလ်စိတ် မဖြစ်တော့ပါဘူး။ အဆီဓာတ်မလွန်ကဲဘဲ ကျန်းမာနေမှ ကုသိုလ်အလုပ်၊ ကောင်းမှုအလုပ်တွေ လုပ်ပြီး အများအကျိုး၊ သာသနာ့အကျိုး သယ်ပိုးနိုင်မယ်ဆိုတဲ့ စိတ်နဲ့ ဝက်သားရှောင်ရင်တော့ ဝက်သားရှောင်တိုင်း ကုသိုလ်စိတ်တွေ တရိပ်ရိပ် တိုးပွားလာနိုင်ပါတယ်။

ဘာအစားအစာကိုပဲ စားစား၊ ဘာအစားအစာကိုပဲ ရှောင်ရှောင် ရည်ရွယ်ချက်မှန်ဖို့ ဦးတည်ချက်ကောင်းဖို့ အရေးကြီးပါတယ်။ လှချင်ပချင် ပြေပြစ်ချင်တာဟာ တရားမျှော်ရှုထောင့်အရ အကုသိုလ်လို့ ဆိုပေမယ့် လောကမျှော်ရှုထောင့်အရကတော့ လက်ခံနိုင်စရာ သဘာဝကျပါသေးတယ်။

"မြတ်စွာဘုရား ဝက်သားစားလို့ ပရိနိဗ္ဗာန်စံရတယ်၊ ဒါကြောင့် တို့ ဝက်သားရှောင်တယ်" ဆိုတာကတော့ လောကမျှော်ရှုထောင့်အရပါ လက်ခံနိုင်စရာဘာမှမရှိပါဘူး။အကြောင်းပြချက် မခိုင်လုံတဲ့ လုပ်ရပ်တစ်ခု၊ သို့မဟုတ် အကြောင်းပြချက် မလှပတဲ့ လုပ်ရပ်တစ်ခုကို မြတ်စွာဘုရားနဲ့ ခုတုံးလုပ်ပြီး အကာအကွယ်ယူလိုက်တာပါ။

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတာကို အကြောင်းပြုပြီး ဝက်သားရှောင်တဲ့သူတွေဟာ တကယ်စင်စစ်ကတော့ နတ်ကိုးကွယ်လို့၊ ဘာဂိုဏ်း ညာဂိုဏ်းဝင်ထားလို့ ဝက်သားရှောင်ကြတဲ့သူတွေပါ။



www.burmeseclassic.com

www.burmeseclassic.com

"တို့ကိုးကွယ်တဲ့နတ်က ဝက်သားစားတာ မကြိုက်လို့"

"တို့ဂိုဏ်းဆရာ၊ တို့ဂိုဏ်းဘုန်းကြီးက ဝက်သားရှောင်ခိုင်းလို့" . . . ဆိုတဲ့ အကြောင်းပြချက်တွေက မလှပတော့ အကြောင်းပြချက် လှပအောင် မြတ်စွာဘုရားကို ခုတုံးလုပ် အသုံးချလိုက်တာပါပဲ။

"နတ်ကိုးကွယ်လို့ ဝက်သားမစားတာပါ"

"ဘယ်ဂိုဏ်းဝင်ထားလို့ ဝက်သားမစားတာပါ"

လို့ ဖြေလိုက်ရင် ဖြေသူရဲ့ ရိုးသားမှုအတွက် ဖြေသူကို ဘယ်သူမှ မကဲ့ရဲ့ကြပါဘူး။ "ရိုးသားလိုက်တာ" ဆိုပြီး ချီးတောင်ချီးမွမ်းကြပါလိမ့်ဦးမယ်။ မြတ်စွာဘုရားနဲ့ ကိုင်တုပ်ပြီး ဖြေလိုက်တော့ ဖြေသူရဲ့ မရိုးသားမှုအတွက် ဖြေသူဟာ ရွံရှာစက်ဆုပ်စရာ သိပ်ကောင်းသွားပါတယ်။ အကြောင်းရင်းကို မသိဘဲ လိုရာဆွဲ ဖြေထားတာမို့ ဖြေသူရဲ့ အသိဉာဏ်နည်းပါးမှုအတွက်လည်း ဖြေသူကို သနားကရုဏာသက်ကြရပါတယ်။

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူမယ့်နေ့မှာ ပါဝါမြို့နေ ရွှေပန်းထိမ်သည်သား စုန္ဒဥပါသကာ မြတ်စွာဘုရားရှင်ကို သူ့ရဲ့နေအိမ်ကိုပင့်ပြီး ဆွမ်းဆက်ကပ်လုပ်ကျွေးပါတယ်။

မြတ်စွာဘုရား နောက်ဆုံးဘုဉ်းပေးတော်မူရတဲ့ အဲဒီဆွမ်းကျွေးပွဲမှာ အထူးစီမံချက်ပြုတ်ထားတဲ့ 'ဝက်ပျိုသားဟင်း' ပါပါတယ်။ မကြီးလွန်း၊ မငယ်လွန်း၊ အလယ်အလတ်ဖြစ်တဲ့ တောဝက်ပျိုတစ်ကောင်ရဲ့ နူးညံ့သိမ်မွေ့တဲ့ အသားတွေကို ဟင်းခတ်အမွှေးအကြိုင် စုံလင်စွာနဲ့ အနံ့အရသာအကောင်းဆုံး၊ အဆီသြဇာ အပြည့်ဝဆုံးဖြစ်အောင် အထူးစီမံ ချက်ပြုတ်ထားတာပါ။

အဲဒီ ဝက်ပျိုသားဟင်းကို မြတ်စွာဘုရား တစ်ပါးတည်းသာ ဘုဉ်းပေးတော်မူပါတယ်။ နတ်တွေက နတ်သြဇာထည့်ထားတဲ့အတွက် မြတ်စွာဘုရားရှင်ကလွဲရင် အဲဒီဝက်ပျိုသားဟင်းကို အစာကြေကျက်အောင် ခြေချက်နိုင်တဲ့သူ တစ်လောကလုံးမှာ တစ်ဦးတစ်ယောက်မှ မရှိလို့ပါ။ မြတ်စွာဘုရား ဘုဉ်းပေးပြီးတာနဲ့ ဝက်သားဟင်းကျန်တွေကို တွင်းတူးပြီး မြေမြှုပ်ပစ်လိုက်ရပါတယ်။

ဝက်သားဟင်းပါဝင်တဲ့ စုန္ဒဥပါသကာရဲ့ ဆွမ်းကို ဘုဉ်းပေးပြီး မကြာခင်မှာပဲ မြတ်စွာဘုရားရှင်ရဲ့ ကိုယ်တော်မှာ သေလောက်အောင် ပြင်းထန်တဲ့ 'ဝမ်းသွေးသွန်ရောဂါ' ကြမ်းတမ်းစွာ ဖြစ်ပေါ်လာပါတယ်။

ဝက်သားဟင်း ဘုဉ်းပေးလို့ ဝမ်းသွေးသွန်တာ မဟုတ်ပါဘူး။ အတိတ်က အကုသိုလ်ကံတစ်ခု အကျိုးပေးလို့ ဝမ်းသွေးသွန်တာပါ။

ပါရမီဖြည့်စဉ် အတိတ်ဘဝ တစ်ခုတုန်းက မြတ်စွာဘုရား အလောင်းတော်ဟာ ဆေးဆရာ ဖြစ်ခဲ့ဖူးပါတယ်။ ရောဂါပျောက်ရက်သားနဲ့ ဆေးဖိုးဝါးခ မပေးချင်လို့ "ရောဂါမပျောက်သေးဘူး" ပြောလာတဲ့ သူဌေးသားတစ်ယောက်ကို "ဒါဆို ရောဂါပျောက်သွားအောင် ဒီဆေးလေး သောက်လိုက်ပါဦး" ဆိုပြီး ဝမ်းလျှောဆေးတွေကို ရောဂါပျောက်ဆေးအဖြစ် လိမ်ညာတိုက်ကျွေးခဲ့ဖူးပါတယ်။

ဆေးဆရာဘဝတုန်းက ပြုလုပ်ခဲ့တဲ့ အဲဒီအကုသိုလ်ကံက ပရိနိဗ္ဗာန်စံတော်မူမယ့်နေ့မှာ အကျိုးပေးချိန် ကျရောက်လာလို့ စုန္ဒဥပါသကာရဲ့ ဆွမ်းကို ဘုဉ်းပေးပြီး မကြာခင်မှာ အကြီးအကျယ် ဝမ်းတော်လားရပါတယ်။

စုန္ဒဥပါသကာရဲ့ ဝက်သားဟင်းပါဝင်တဲ့ ဆွမ်းကို ဘုဉ်းပေးပြီးချိန်နဲ့ တိုက်ဆိုင်သွားတဲ့အတွက် "ဝက်သားစားလို့ ဝမ်းတော်လားတာ"လို့ ပြောစရာ ဖြစ်သွားတာပါ။ တကယ်လို့ အဲဒီနေ့မှာ ဝက်သားဟင်းမဟုတ်ဘဲ ဆိတ်သားဟင်း၊ ကြက်သားဟင်း ဘုဉ်းပေးမယ်ဆိုရင်လည်း မြတ်စွာဘုရား ဝမ်းတော်လားမှာပါပဲ။ အသားငါးဟင်း လုံးဝမပါတဲ့ အသီးအရွက်ဟင်း၊ သက်သတ်လွတ်ဟင်း ဘုဉ်းပေးမယ်ဆိုရင်လည်း မြတ်စွာဘုရား ဝမ်းတော်လားမှာပါပဲ။ ဘာဟင်းနဲ့ပဲ ဘုဉ်းပေး ဘုဉ်းပေး ဝမ်းတော်လားခြင်းဆိုတဲ့ အကုသိုလ်အကျိုးပေးကနေ ဘယ်လိုနည်းနဲ့မှ မလွတ်မြောက်နိုင်ပါဘူး။

ဘယ်လောက်ကုသိုလ်အင်အား ကြီးမားတဲ့သူပဲဖြစ်ဖြစ် မိမိပြုလုပ်ထားတဲ့ အကုသိုလ်ကံတစ်ခုကို အကျိုးပေးခွင့်မရအောင် တားဆီးနိုင်စွမ်း မရှိပါဘူး။ ကုသိုလ်ကံက ကုသိုလ်အကျိုးပေးပြီး၊ အကုသိုလ်ကံက အကုသိုလ်အကျိုး ပေးပါတယ်။ ကိုယ်လုပ်ထားတဲ့ အကုသိုလ်တွေကို အကျိုးမပေးအောင် ကုသိုလ်နဲ့ ချေဖျက်ချင်နေသူများ အထူးသတိပြုစရာပါ။ ဘုရားတောင်မှ မရတဲ့ကိစ္စ ကိုယ်က ဘာလို့ ရချင်နေရတာလဲ။

မြတ်စွာဘုရားရှင် လက်ထက်တုန်းက ဝေသာလီမြို့သား ဥဂ္ဂသူဌေးဆိုတာ 'မနာပဒါန = နှစ်သက်မြတ်နိုးဖွယ် အလှူ' ပေးလှူတဲ့နေရာမှာ အသာဆုံး အမြတ်ဆုံး ဘွဲ့ရရှိသူ ဖြစ်ပါတယ်။ သူ့ရဲ့ နှစ်သက်မြတ်နိုးဖွယ် အလှူတွေထဲမှာ မြတ်စွာဘုရားရှင်ကို ဆီးသီးနဲ့ရောချက်ထားတဲ့ ဝက်သားဟင်း လှူတဲ့အလှူလည်း ပါဝင်ပါတယ်။ သူလှူဒါန်းတဲ့ 'ဆီးသီးဝက်သားချက်' ကို မြတ်စွာဘုရား အကြိမ်ကြိမ် ဘုဉ်းပေးတော်မူခဲ့ဖူးပါတယ်။ ဒါပေမယ့် ဝမ်းတော်မလားခဲ့ပါဘူး။

"မြတ်စွာဘုရား ဝက်သားစားလို့ ဝမ်းတော်လားပြီး ပရိနိဗ္ဗာန်စံရတယ်၊ ဒါကြောင့် ဝက်သားကို တစ်သက်လုံး ရှောင်ရမယ်၊ ဒါမှမဟုတ် စွမ်းနိုင်သလောက် ရက်အကန့်အသတ်နဲ့ ရှောင်ရမယ်" ဆိုတဲ့ လမ်းညွှန်ချက်ဟာ နတ်ကိုးကွယ်သူတွေ၊ ဝိဇ္ဇာလိုလို၊ ဘိုးတော်လိုလို ဂိုဏ်းဆရာတွေ၊ ဂိုဏ်းဘုန်းကြီးတွေရဲ့ ကိုယ့်အပြစ်ကိုယ် ဖုံးကွယ်တဲ့ အလိမ့် တစ်ပတ် လမ်းညွှန်ချက် အမှားကြီးဆိုတာ အသိဉာဏ်ရှိသူတိုင်း သိနိုင်ကြပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

"ဝက်သားစားရင် ဉာဏ်ထိုင်းတတ်တယ်" လို့လည်း တချို့က ပြောကြပါတယ်။ မြန်မာပြည်က စာရေးဆရာတချို့ ကြာဇာ ကိုးကားကြတဲ့ တရုတ်တွေးခေါ်ပညာရှင်ကြီးတွေ ဟာ ဝက်သားစားတဲ့ တရုတ်စစ်စစ်ကြီးတွေပါ။ ဝက်သား စားတဲ့ တရုတ်သိပ္ပံပညာရှင်တွေ၊ တရုတ်မဟုတ်တဲ့ သိပ္ပံပညာ ရှင်တွေလည်း ဒုနဲ့ဒေးပါပဲ။

သိစရာအားလုံး အကုန်အစင် သိမြင်တော်မူတဲ့ မြတ်စွာဘုရားရှင်ဟာ သဗ္ဗညုတဉာဏ်တော် မရခင်မှာရော၊ ရပြီး နောက်မှာပါ ဝက်သားဘုဉ်းပေးခဲ့ပါတယ်။ ဒါပေမယ့် ဉာဏ် ထိုင်းခဲ့ပါဘူး။ အတုမရှိ၊ အတူမရှိတဲ့ အနိုင်းမဲ့ဉာဏ်တော် ကြီးနဲ့ သတ္တဝါအများရဲ့ လောကီ၊ လောကုတ္တရာ ကောင်းကျိုး တွေကို ရွက်ဆောင်တော်မူနိုင်ခဲ့ပါတယ်။

လူတစ်ယောက်နဲ့တစ်ယောက် ခန္ဓာကိုယ်သွေးသား တည်ဆောက်ပုံချင်း မတူညီကြတဲ့အတွက် လူတချို့ကို ဝက် သားက ခန္ဓာကိုယ်လေးလံထိုင်းမှိုင်းမှု ဖြစ်စေကောင်း ဖြစ်စေ နိုင်ပါလိမ့်မယ်။ ကိုယ်နဲ့မတည့်ရင် ကိုယ်ရှောင်လိုက်ရုံပါပဲ။ "လူသားအားလုံးနဲ့ မတည့်" လို့တော့ ဥပဒေသထုတ်ဖို့လိုမယ် မထင်ပါဘူး။ "ဝက်သားရှောင်ပြီး အဓိဋ္ဌာန်ဝင်ရင် ပိုစွမ်းတယ်" လို့လည်း ဝိဇ္ဇာလိုလို၊ ဘိုးတော်လိုလို လိုင်းပူးကြောင်တွေက ဆရာကြီးလုပ်တတ်ကြပါသေးတယ်။ သူတို့ တီထွင်ထားတဲ့ သူတို့ ဖြတ်ညှပ်ကပ်လုပ်ထားတဲ့ ကျင့်စဉ်တွေကို ဘာမှမပြော လိုပေမယ့် မြတ်စွာဘုရားရှင်ရဲ့ ထေရဝါဒကျင့်စဉ်စစ်စစ်တွေ ကတော့ ဝက်သားနဲ့မတည့်တဲ့ ကျင့်စဉ် တစ်ခုမှမရှိပါဘူး။ ကျင့်စဉ်သာ မှန်လို့ကတော့ ဝက်သားစားပြီးပဲကျင့်ကျင့်၊ ဝက် သားမစားဘဲကျင့်ကျင့် အစွမ်းထက်ပုံချင်း အတူတူပါပဲ။

ဒီနေ့ခေတ် စာနယ်ဇင်းတချို့မှာပါတဲ့ "ဘယ်နေ့မှာ ဝက်သားရှောင်ကြဉ်ပြီး လိုရာဆုတောင်းပါ"၊ "ဝက်သားတုံး ပေါ်မှာ ကိုယ့်နာမည်ရေးပြီး အောင်ပြီ၊ အောင်ပြီလို့ ကြွေး ကြော်ပါ"၊ "မွေးနေ့မှာ ဝက်ပေါင်ခြောက်ကြော် သုံးခုကို ကြွပ် ကြွပ်အိတ် အဝါရောင်နဲ့ထည့်ပြီး အိတ်ကပ်ထဲဆောင်ထားပါ" ဆိုတဲ့ ပေါကြောင်ကြောင် ယတြာတွေ၊ ပေါက်ကရအဆောင် တွေကလည်း အသိဉာဏ်နည်းသူတွေကို အရူးဖြစ်အောင် လုပ်တဲ့ ရယ်စရာမောစရာ ဟာသတွေပါပဲ။

မြတ်စွာဘုရားရှင်ဟာ ဝက်သားစားလို့ ဝမ်းတော်လား ရတာ မဟုတ်တဲ့အပြင် ဝက်သားရဲ့ အဆီသြဇာကြောင့်သာ ပါဝါမြို့ကနေ ကုသိနာရုံအထိ ခြောက်မိုင်ခရီးကို ဝမ်းသွေး သွန်ရောဂါဒဏ် သည်းခံရင်း ခြေကျင်ခရီး ကြွချီနိုင်ခဲ့တာ ဖြစ်ပါတယ် ဒကာကြီးဦးအေးသက်ရေ။

## အားထုတ်ဖြစ်ဖို့ အဓိက

၈. ၉. ၉၈ ရက်နေ့ထုတ် ပေါ်ပြူလာဂျာနယ်ထဲက ဆောင်းပါးတစ်ပုဒ်မှာ ဆောင်းပါးရှင်က "ရောဂါပျောက်ချင် လို့ တရားအားထုတ်တာ မကောင်းကြောင်း၊ ရောဂါပျောက် ချင်လို့ တရားအားထုတ်တာဟာ တရားကို ခုတုံးလုပ် အသုံး ချတာဖြစ်ကြောင်း၊ ရိပ်သာတွေမှာ ရောဂါပျောက်ချင်ရင် တရားအားထုတ်ပါလို့ မှားယွင်းစွာ မြှူဆွယ်နေကြကြောင်း" ရေးသားထားတာကို ဖတ်ရှုလိုက်ရပါတယ်။

အဲဒီရေးသားချက်ကို ဖတ်ရှုလိုက်ရတော့ အတိတ်က ဖတ်ခဲ့၊ မှတ်ခဲ့၊ ကြားနာခဲ့ဖူးတဲ့ အကြောင်းအရာလေးတွေဟာ စာရေးသူရဲ့ အတွေးအာရုံထဲကို တစ်ခုပြီးတစ်ခု စီကာ စဉ်ကာ ဝင်ရောက်လာတယ်။ ပထမဆုံး ဝင်ရောက်လာတဲ့ အကြောင်း အရာကတော့ နန္ဒမင်းသားတစ်ဖြစ်လဲ အရှင်နန္ဒရဲ့ အကြောင်း ပါ။ အရှင်နန္ဒဟာ သာသနာ့ဘောင်ကို သံသရာလွတ်ဖို့၊ နိဗ္ဗာန်ရဖို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဝင်ရောက်လာသူ မဟုတ်ပါ ဘူး။ ဇနပဒကလျာဏီနဲ့ လက်ထပ်ပွဲ ဆင်နွှဲတဲ့နေ့မှာ မြတ်စွာ ဘုရားက တိုက်တွန်းလို့ မြတ်စွာဘုရားကို ရိုသေညွတ်ကိုင်း တဲ့စိတ်နဲ့ ဝင်ရောက်လာရသူပါ။

သဒ္ဓါတရား အစစ်အမှန်နဲ့ သင်္ကန်းဝတ်လာသူမဟုတ် တော့ သာသနာ့ဘောင်မှာ မပျော်ပါဘူး။ ဇနပဒကလျာဏီ ကိုပဲ တမ်းတမ်းတတ သတိရနေပါတယ်။ သာသနာ့ဘောင် မှာ မပျော်မွေ့ဘဲ ငြီးငွေ့စိတ်ပျက်နေတဲ့ အရှင်နန္ဒကို မြတ် စွာဘုရားက တာဝတိံသာနတ်ပြည် ခေါ်သွားခဲ့ပါတယ်။ ဇန ပဒကလျာဏီထက် အဆပေါင်းများစွာ မနှိုင်းယှဉ်သာအောင် လှပတဲ့ နတ်သမီးလေးတွေကို မြင်တွေ့ရတော့ အရှင်နန္ဒဟာ နတ်သမီးလေးတွေကို လိုချင်တဲ့စိတ် ဖြစ်လာပါတယ်။

နတ်သမီးလေးတွေ လိုချင်ရင် တရားအားထုတ်ပါ။ တရားအားထုတ်ရင် နတ်သမီးလေးတွေ ရရစေ့မယ်လို့ မြတ် စွာဘုရားက အာမခံတိုက်တွန်းလိုက်တော့ အရှင်နန္ဒလည်း ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားပြီး နတ်သမီးလိုချင်တဲ့စိတ်နဲ့ တရားအားထုတ်တော်မူပါတယ်။ နောက်ပိုင်းမှာ တခြားရဟန်း တော်များက ကဲ့ရဲ့ကြတဲ့အတွက် ရည်ရွယ်ချက်ပြောင်းသွား ပြီး အားထုတ်လိုက်တာ မကြာခင်မှာပဲ အရှင်နန္ဒ ရဟန္တာဖြစ် တော်မူသွားပါတယ်။

အရှင်နန္ဒ တရားအားထုတ်ခြင်းရဲ့ မူလရည်ရွယ်ချက် က နတ်သမီးရဖို့ပါ။ နိဗ္ဗာန်ရဖို့ မဟုတ်ပါဘူး။ နတ်သမီးရလိမ့် မယ်ဆိုတဲ့ မျှော်လင့်ချက်သာ မရှိရင် တရားအားထုတ်ဖြစ်မှာ မဟုတ်ပါဘူး။ အစကတည်းကမှ တရားအားမထုတ်ဖြစ်ရင် ရည်ရွယ်ချက်လည်း ပြောင်းစရာမရှိ၊ ရဟန္တာလည်း ဖြစ်စရာ မရှိပါဘူး။

မူလရည်ရွယ်ချက်က အဆင့်နိမ့်ပေမယ့် တရားအား ထုတ်ရင်းနဲ့ တရားအသိဉာဏ် ရင့်ကျက်သွားရင် ရည်ရွယ် ချက်လည်း အဆင့်မြင့်သွားနိုင်ပါတယ်။ လမ်းဆုံးရင် ရွာတွေ့ ရစမြဲဖြစ်သလို တရားကို နည်းမှန်လမ်းမှန် အားထုတ်နေရင် လည်း ဘာရည်ရွယ်ချက်နဲ့ပဲ အားထုတ် အားထုတ် နောက်ဆုံး



www.burmeseclassic.com

www.burmeseclassic.com

မှာ-တရားရဲ့ အဓိကပန်းတိုင်ကို မလွဲမသွေ ဆိုက်ရောက်သွားမှာပါပဲ။ တရားအားထုတ်ဖြစ်ဖို့နဲ့ တရားအားထုတ်ပုံ နည်းလမ်းမှန်ဖို့သာ အရေးကြီးပါတယ်။

ရောဂါပျောက်ချင်ရင် တရားအားထုတ်ပါဆိုတဲ့ တိုက်တွန်းချက်ကို မှားယွင်းတဲ့ မြှုဆွယ်မှုလို့ စွပ်စွဲခဲ့ရင် နတ်သမီးလိုချင်ရင် တရားအားထုတ်ပါလို့ တိုက်တွန်းခဲ့တဲ့ မြတ်စွာဘုရားကိုလည်း အမှားမြှုသမားကြီးလို့ လက်ညှိုးထိုး ရှုတ်ချရာရောက်ပါတယ်။

အတွေးအာရုံထဲဝင်ရောက်လာတဲ့ နောက်အကြောင်းအရာ တစ်ခုက အနာထပိဏ် သူဌေးကြီးရဲ့သား ကာဠအကြောင်းပါ။အဖေက သောတာပန်ကျောင်းဒကာကြီးဖြစ်ပေမယ့် သားကာဠကတော့ ဘုရားကျောင်းလည်းမသွား၊ တရားလည်းမနာ သာမန်လူတစ်ယောက်လိုပဲ မေ့မေ့လျော့လျော့နေပါတယ်။

တစ်နေ့တော့ ဘုရားကျောင်းသွားပြီး ဥပုသ်စောင့်တရားနာရင် အသပြာတစ်ရာ ပေးမယ်လို့ ဖခင်သူဌေးကြီးကပြောတဲ့အတွက် အသပြာတစ်ရာ လိုချင်တဲ့စိတ်နဲ့ ဘုရားကျောင်းသွား ဥပုသ်စောင့်ခဲ့ပါတယ်။ တရားတော့ မနာခဲ့ပါဘူး။ တော်ရာမှာ အိပ်ပြီး ပြန်လာခဲ့ပါတယ်။

နောက်တစ်နေ့မှာ တရားတစ်ပုဒ် မှတ်မိအောင်နာပြီး ပြန်ပြောပြနိုင်ရင် အသပြာတစ်ထောင် ပေးမယ်လို့ ပြောပြန်တဲ့အတွက် အသပြာတစ်ထောင် ရလိုတဲ့စိတ်နဲ့ တရားကိုသေချာအာရုံစိုက်ပြီး နာပါတယ်။ တရားနာရင်း တရားနာရင်း တရားအဓိပ္ပာယ်ကို ထိုးထွင်းသိမြင်သွားရာက တရားနာရင်း တရားအားထုတ်လိုက်တာ သောတာပန်တည်သွားခဲ့ပါတယ်။

မူလရည်ရွယ်ချက်က အသပြာတစ်ထောင်ရဖို့ ပိုက်ဆံတစ်ထောင်ရဖို့ပါ။ ဒါပေမယ့် သောတာပတ္တိ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်နဲ့ နိဗ္ဗာန်ကို မျက်မှောက်ပြုသွားနိုင်ခဲ့ပါတယ်။

မူလရည်ရွယ်ချက်က မမှန်ပေမယ့် အလုပ်က မှန်နေရင် အလုပ်ရဲ့အကျိုးတရားကို ထိုက်ထိုက်တန်တန် အမှန်အတိုင်း ခံစားရမှာမလွဲပါဘူး။ ကလေးဘဝမှာ မိဘက ပိုက်ဆံပေးမယ်ဆိုလို့ ပိုက်ဆံ လိုချင်စိတ်နဲ့ ဥပုသ်စောင့်၊ တရားထိုင်ရာက တဖြည်းဖြည်းနဲ့ ဘာသာရေးအသိဉာဏ် ရင့်ကျက်ပြီး အမှန်အကန် တရားသမားဖြစ်လာတဲ့ လူငယ်၊ လူရွယ်၊ လူကြီးတွေ မျက်မှောက် ခေတ်မှာ မရေမတွက်နိုင်အောင် အများကြီးရှိပါတယ်။ တချို့ နာမည်ကျော် ဆရာတော်ကြီး၊ ဆရာတော်ငယ်တွေ၊ နာမည်ကျော် လူပုဂ္ဂိုလ်တွေလည်း အထင်အရှား ရှိပါတယ်။ နာမည်ထုတ်ပြီးရေးရင် ကာယကံရှင်တွေ မကြိုက်မှာစိုးလို့ နာမည်တော့ ထုတ်ဖော်မရေးတော့ပါဘူး။

ဆရာတော်ကြီးတစ်ပါးဆို ဆရာသမား မဖြေစေချင်တဲ့ အဘိဓံသစာမေးပွဲကို ဖြေဆိုအောင်မြင်ပြီးမှ မကြိုက်တာလုပ်ခဲ့မိတဲ့အတွက် နောင်တရပြီး စိတ်ညစ်လွန်းလို့ စိတ်ညစ်တာပျောက်အောင်ဆိုပြီး ရိပ်သာကြီးတစ်ခုမှာ ဝင်ရောက်အားထုတ်ရာက တရားတွေ့သွားပြီး ရည်ရွယ်ချက်တွေ မှန်သွားလိုက်တာ ခုဆို ပြည်တွင်း ပြည်ပ သာသနာပြု ရိပ်သာဆရာတော်ကြီးတစ်ပါး ဖြစ်လို့နေပါပြီ။

နာမည်ကြီးခါစ ဆရာတော်တစ်ပါးဆိုရင်လည်း လူဘဝတုန်းက အိပ်မပျော်တဲ့အတွက် အိပ်ပျော်အောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ တရားအားထုတ်ခဲ့ရာက တရားအရသာ တွေ့သွားပြီး နိဗ္ဗာန်ကိုလည်း လိုချင်ရမှန်းသိလာ၊ ဘာသာမဲ့ဘဝကနေလည်း ဗုဒ္ဓဘာသာဝင် ဖြစ်လာတဲ့အပြင် ဇနီး၊ သမီးတို့ကို စွန့်ပြီး ရဟန်းဘဝကိုပါ တက်လှမ်းနိုင်ခဲ့ပါတယ်။

ကမ္ဘာကျော် ဝိပဿနာ ဆရာကြီးတစ်ယောက်ဆိုရင်လည်း ခေါင်းတစ်ခြမ်းကိုက်တဲ့ရောဂါ ပျောက်ချင်လို့ တရားအားထုတ်ရာက တရားလမ်းမှန် ရောက်သွားလိုက်တာ ခုဆို ရုပ်နာမ်ဒုက္ခ ချုပ်ငြိမ်းရေး၊ နိဗ္ဗာန် မျက်မှောက်ပြုရေး တရားတွေကို ကမ္ဘာအနှံ့ တွင်တွင်ကျယ်ကျယ်ကြီး ဟောပြောလို့နေပါပြီ။ ဒီလို ရည်ရွယ်ချက် ပြောင်းလဲမှန်ကန်သွားသူတွေအကြောင်းကို ပြောပြ၊ ရေးပြလို့တောင် ကုန်နိုင်ဖွယ်မရှိပါဘူး။ ရောဂါပျောက်ချင်လို့ တရားအားထုတ်ရာကနေ တရားအရသာ တွေ့သွားပြီး မဂ်ဖိုလ်နိဗ္ဗာန်ဦးတည်ချက်နဲ့ စွဲစွဲမြဲမြဲတရားအားထုတ်နေသူတွေ ဒုနဲ့ဒေးပါ။

ဘာဖြစ်ချင်လို့၊ ညာဖြစ်ချင်လို့ဆိုတဲ့ လောကီအကျိုးကိုမျှော်ကိုးပြီး တရားအားထုတ်တာကို မဆိုထားနဲ့၊ ဘာအကျိုးကိုမှ မလိုချင်ဘဲ၊ အကျိုးရလိမ့်မယ်လို့လည်း မယုံကြည်ဘဲ လူမှုရေးအရ မလုပ်ရင် မကောင်းတတ်လို့ အားနာပါးနာနဲ့ လုပ်လိုက်မိတဲ့ ဘာသာရေးအလုပ်ကတောင် မျှော်လင့်မထားတဲ့ အကျိုးတရားကြီးကို ဖြစ်ပွားစေခဲ့တဲ့ သာဓက ပိဋကတ်တော်မှာ အထင်အရှား ရှိခဲ့ပါတယ်။

သာဝတ္ထိမြို့က သူရမ္ဗဋ္ဌဆိုတဲ့ သူဌေးတစ်ယောက်ဟာ သာသနာပ တိတ္ထိတွေကို အလုပ်အကျွေးပြုနေတဲ့ မိစ္ဆာဒိဋ္ဌိ တစ်ယောက် ဖြစ်ပါတယ်။ တစ်နေ့တော့ သူ့ရဲ့အိမ်တံခါးဝမှာ မြတ်စွာဘုရား ဆွမ်းခံလာရပ်ပါတယ်။ ဗုဒ္ဓဘာသာဝင် မဟုတ်တဲ့အတွက် ကန်တော့ဆွမ်းလောင်းလိုက်ရင် ရပေမယ့် သူရမ္ဗဋ္ဌက အဲဒီလို မဟုတ်ပါဘူး။

"ရဟန်းဂေါတမဟာ မင်းမျိုးမင်းနွယ်က ဆင်းသက်လာသူမို့ အမျိုးမြတ်သူဖြစ်တယ်၊ လောကမှာလဲ ဘုရားရယ်လို့ အလွန်ထင်ရှား ကျော်ကြားသူဖြစ်တယ်၊ ဒီလို ပုဂ္ဂိုလ်တစ်ယောက်ကို သွားမတွေ့လို့ မသင့်တော်ပါဘူးလေ"လို့ စဉ်းစားတွေးတောပြီး သူရမ္ဗဋ္ဌဟာ မြတ်စွာဘုရားကို သွားတွေ့ရှိခိုးရှိမကာ အိမ်ထဲပင့်ပြီး ဆွမ်းဆက်ကပ်လုပ်ကျွေးပါတယ်။

ဆွမ်းစားအပြီး မြတ်စွာဘုရား ဟောကြားတဲ့တရားနာရတဲ့အခါ တရားအဆုံးမှာ သောတာပန် ဖြစ်သွားခဲ့ပါတယ်။ နောက်တော့ သာသနာတော်ကို ဉာဏ်သက်ဝင်ပြီး





www.burmeseclassic.com

www.burmeseclassic.com

ခေတ္တနမလှူပ် ကြည်ညိုတဲ့နေရာမှာ အသာဆုံး၊ အမြတ်ဆုံး ဇေတဒဂ်ရာထူးကိုတောင် ဆွတ်ခူးရရှိခဲ့ပါတယ်။

လူမှုရေးဝတ္တရား ကျေပွန်အောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ လုပ်လိုက်တဲ့ တရားအလုပ်က သောတာပတ္တိမဂ်ဖိုလ်နဲ့ နိဗ္ဗာန် တို့ မျက်မှောက်ပြုနိုင်သည်အထိ ကျေးဇူးပြုသွားခဲ့တာဟာ အံ့ဩစရာမကောင်းဘူးလား။ ဒါဟာ မှန်ကန်တဲ့တရားတော်ရဲ့ သဘာဝစွမ်းရည်သတ္တိပါ။ တရားက မှန်နေရင် ဘာရည်ရွယ်ချက်နဲ့ပဲလုပ်လုပ် အကျိုးတရားမှန်မှာပါပဲ။

တရားအားထုတ်တဲ့နေရာမှာ ရောဂါပျောက်ရုံ. စိတ်ချမ်းသာရုံလေးနဲ့ ကျေနပ်မနေကြနဲ့။ မဂ်ဖိုလ်နိဗ္ဗာန် ရသည်အထိ၊ ရဟန္တာဖြစ်သည်အထိ အားထုတ်ပါလို့ ရိုးရိုးလေး တိုက်တွန်းလိုက်ရင် မှန်လည်းမှန်ပါတယ်။ အပြစ်လည်း ကင်းပါတယ်။ ခုတော့ တရားအားထုတ်ဖို့ တိုက်တွန်းသူတွေကို 'မှားယွင်း' ဆိုတဲ့စကားလုံး၊ 'မြူဆွယ်' ဆိုတဲ့ စကားလုံးတွေနဲ့ စွပ်စွဲပုတ်ခတ်လာလို့ ဒီစာလေးနဲ့ အကျဉ်းချုပ် ဖြေရှင်းပြလိုက်ပါတယ်။ ဒါကြောင့် တရားအားထုတ်ချင်သူတွေကိုရော၊ တရားအားထုတ်နေသူတွေကိုပါ "ဘာရည်ရွယ်ချက်နဲ့ပဲ တရားအားထုတ်အားထုတ် တရားကို အားထုတ်ပါ၊ အားထုတ်ဖြစ်ဖို့နဲ့ အားထုတ်နည်းမှန်ကန်ဖို့သာ အဓိကပါ" လို့ လေးလေးနက်နက် ပြောချင်ပါတယ်။

တကယ်တော့လည်း ရောဂါပျောက်အောင် တရားအားထုတ်ပါဆိုတဲ့ တိုက်တွန်းချက်ဟာ မြတ်စွာဘုရား စကားတော်နဲ့ မဆန့်ကျင်ပါဘူး။ မဟာသတိပဋ္ဌာနသုတ္တန်မှာ မြတ်စွာဘုရားရှင်က အကျိုးတရား ခုနစ်ပါးရဖို့ သတိပဋ္ဌာန်ဝိပဿနာတရား အားထုတ်ပါလို့ တိုက်တွန်းတော်မူပါတယ်။

အကျိုးတရား ခုနစ်ပါးက မဂ်ဖိုလ်နိဗ္ဗာန်သက်သက်မဟုတ်ပါဘူး။ စိတ်စင်ကြယ်ဖို့၊ စိုးရိမ်ပူဆွေးမှု၊ ငိုကြွေးမှု လွန်မြောက်ဖို့နဲ့ ကိုယ်ဆင်းရဲမှု၊ စိတ်ဆင်းရဲမှု ချုပ်ငြိမ်းဖို့လည်း ပါပါတယ်။ ရောဂါပျောက်အောင် တရားအားထုတ်ပါဆိုတဲ့ စကားဟာ ကိုယ်ဆင်းရဲ၊ စိတ်ဆင်းရဲ ချုပ်ငြိမ်းအောင် တရားအားထုတ်ပါ (ဒုက္ခဒေါမနဿာနံ အတ္ထင်္ဂမာယ) ဆိုတဲ့ မြတ်စွာဘုရား စကားတော်နဲ့ တစ်ထပ်တည်းပါပဲ။

ဒါကြောင့် ရောဂါပျောက်အောင် တရားအားထုတ်ပါဆိုတဲ့ တိုက်တွန်းချက်ကို မှားယွင်းစွာ မြူဆွယ်မှုလို့ စွပ်စွဲခဲ့ရင် မြတ်စွာဘုရားကိုလည်း မှားယွင်းစွာ မြူဆွယ်သူလို့ စွပ်စွဲရာရောက်ပါတယ်။ ရောဂါပျောက်ချင်လို့ တရားအားထုတ်တာ မကောင်းဘူးလို့ ဆိုလိုက်တာဟာ ရောဂါပျောက်ဖို့ ရည်ရွယ်ချက်တစ်ခုတည်းနဲ့ တရားအားထုတ်ချင်သူ၊ တရားအားထုတ်နေသူကို အားမထုတ်နဲ့လို့ တားမြစ်ပိတ်ပင်လိုက်တာပါပဲ။ ဒါဟာ ဓမ္မန္တရာယ် ဖြစ်ပါတယ်။

လောကအလုပ်တွေထဲမှာ တရားအားထုတ်တဲ့အလုပ်ဟာ အကောင်းဆုံးအလုပ် ဖြစ်ပါတယ်။ ရောဂါပျောက်ဖို့ လုပ်ရမယ့်အလုပ်တွေ အများကြီးရှိတဲ့အထဲက အကောင်းဆုံး အလုပ်ဖြစ်တဲ့ တရားအားထုတ်ခြင်းကို ရွေးချယ်လိုက်တာဟာ ကြိုဆိုစရာ အပြုသဘောတစ်ခုပါပဲ။

ထမင်းဟာ ဘာရည်ရွယ်ချက်နဲ့ပဲ စားစား စားသူကို ဗိုက်ပြည့်စေ၊ အားရှိစေမှာ ဖြစ်သလို တရားဟာလည်း ဘာရည်ရွယ်ချက်နဲ့ပဲ အားထုတ် အားထုတ် အားထုတ်သူကို ငြိမ်းအေးစေ၊ လွတ်မြောက်စေမှာ သေချာပါတယ်။

တရားကို တရားနဲ့တူအောင် အားထုတ်ဖို့တော့ လိုတာပေါ့။ ဘေးလူအထင်ကြီးအောင်ဆိုပြီး တရားသဘော-နှလုံးမသွင်းဘဲနဲ့ ငုတ်တုတ်ထိုင်နေရုံသက်သက်နဲ့တော့ ဘာမှအကျိုးမထူးနိုင်ဘူးပေါ့။ ဒါတောင် ကာယကံထိန်းချုပ်မှုရဲ့ အသီးအပွင့်ကို အနည်းနဲ့အများ ခံစားနိုင်ပါသေးတယ်။

ရောဂါပျောက်ချင်လို့ပဲဖြစ်ဖြစ်၊ နိဗ္ဗာန်လိုချင်လို့ပဲဖြစ်ဖြစ် တရားအားထုတ်ပြီဆိုရင်တော့ သတိ၊ သမာဓိ၊ ပညာ အစရှိတဲ့ ဗောဇ္ဈင်တရားတွေ၊ ဗောဓိပက္ခိယတရားတွေဟာ အားထုတ်မှုအလိုက်၊ ပါရမီအလိုက် ဖြစ်ပေါ်လာတော့တာပါပဲ။ ရောဂါပျောက်တယ် ဆိုတာကလည်း အဲဒီတရားတွေရဲ့ အစွမ်းသတ္တိကြောင့် ပျောက်တာပါ။။ ရောဂါပျောက်ချင်တယ်ဆိုတာဟာ အဲဒီဗောဇ္ဈင်တရား၊ ဗောဓိပက္ခိယတရားတွေ ဖြစ်ချင်တယ်ဆိုတဲ့ အဓိပ္ပာယ်ပါပဲ။

ထန်းလျက်ဟာ ချိုချင်လို့ စားသူတွေအတွက်လည်း ချိုသလို အစာကြေချင်လို့ စားသူတွေအတွက်လည်း ချိုပါတယ်။ ရောဂါပျောက်ချစ်လို့ တရားအားထုတ်တာကို တရားကို ခုတုံးလုပ် အသုံးချတယ်လို့ ကဲ့ရဲ့လိုက်တာဟာ ဗောဇ္ဈင်သုတ်သမိုင်းကြောင်းထဲက မြတ်စွာဘုရားနဲ့ ရဟန္တာအရှင်မြတ်ကြီးတွေကိုလည်း ကဲ့ရဲ့လိုက်တာပါပဲ။

အရှင်မဟာမောဂ္ဂလ္လာန်နဲ့ အရှင်မဟာကဿပ မကျန်းမမာ ရောဂါစွဲကပ်နေတုန်းက မြတ်စွာဘုရားကိုယ်တော်တိုင် ရောဂါပျောက်အောင် ဗောဇ္ဈင်သုတ် ရွတ်ပေးခဲ့လို့ ရောဂါပျောက်သွားခဲ့ပါတယ်။ မြတ်စွာဘုရား ကိုယ်တော်တိုင် မကျန်းမမာ ရောဂါပြင်းထန်တုန်းကလည်း အရှင်စုန္ဒကို မြတ်စွာဘုရားကိုယ်တော်တိုင် ရောဂါပျောက်အောင် ဗောဇ္ဈင်သုတ် ရွတ်ပေးဖို့ မိန့်တော်မူခဲ့ပါတယ်။ အရှင်စုန္ဒက ရွတ်ပေးလို့ မြတ်စွာဘုရား ရောဂါပျောက်တော်မူခဲ့ပါတယ်။

ဗောဇ္ဈင်သုတ် နာယူတယ်ဆိုတာဟာ ဗောဇ္ဈင်တရားတွေဖြစ်ပွားလာအောင် တရားအားထုတ်တာပါပဲ။ မြတ်စွာဘုရားထုံး နှလုံးမူပြီး ရောဂါပျောက်ချင်လို့ တရားအားထုတ်တာဟာ မြတ်စွာဘုရားလမ်းစဉ် လိုက်တာပါပဲ။ ဒီလမ်းစဉ်ကို ကဲ့ရဲ့လိုက်တာဟာ မြတ်စွာဘုရားကိုလည်း တရားကို ခုတုံးလုပ် အသုံးချတယ်လို့ ကဲ့ရဲ့လိုက်တာပါပဲ။

ရောဂါပျောက်ချင်လို့ တရားအားထုတ်တာ မကောင်းဘူးလို့ ဆိုလိုက်ခြင်းအားဖြင့် မြတ်စွာဘုရားဟာ မကောင်းတဲ့



www.burmeseclassic.com

www.burmeseclassic.com

အလုပ်၊ ညှံ့ဖျင်းသေးသိမ်တဲ့အလုပ်ကို လုပ်တယ်လို့ ဆိုလိုက်ရာရောက်ပါတယ်။ ရောဂါပဲဖြစ်ဖြစ်၊ ဘာပဲဖြစ်ဖြစ် ထစ်ခနဲရှိ ဗေဒင်၊ ယတြာ၊ ဓာတ်ရိုက်ဓာတ်ဆင်ကိုပဲ လွဲမှားစွာ အားကိုးနေကြတဲ့ ဒီခေတ်ကြီးထဲမှာ တရားအားထုတ်ခြင်းကို အားကိုးလာတာဟာ မုဒိတာပွားသင့်တဲ့ ကိစ္စရပ်ကြီးတစ်ခုပါ။

အမျိုးသမီး အဆိုတော်တစ်ဦးက ရိပ်သာဆရာတော်ကြီးတစ်ပါးကို သူမ အောင်မြင်ကျော်ကြားအောင် ဘာလုပ်ရမလဲလို့ မေးလျှောက်တော့ ဆရာတော်ကြီးက ဝိပဿနာတရား အားထုတ်ပါလို့ မိန့်တော်မူလိုက်ပါတယ်။

အနုပညာလောကမှာ အောင်မြင်ကျော်ကြားအောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့များ အနုပညာသမားအားလုံး တရားအားထုတ်ကြမယ်ဆိုရင် စာရေးသူကတော့ တရားအားထုတ်သူဦးရေ တိုးပွားလာတာကို ဝမ်းမြောက်ဝမ်းသာ ကြိုဆိုနေမှာပါပဲ။ မုဆိုးစိုင်သင်ဆိုတာလို တရားက လူကို သင်သွားမှာမို့ ဒီလိုရည်ရွယ်ချက်နဲ့ တရားအားထုတ်တာကို မကောင်းဘူးလို့ စာရေးသူကတော့ ဘယ်တော့မှ မကန့်ကွက်ပါဘူး။

ဒါကြောင့် ထပ်ပြီး ပြောချင်တာက "ဘာရည်ရွယ်ချက်နဲ့ပဲ အားထုတ် အားထုတ် တရားအားထုတ်တာ ကောင်းပါတယ်၊ အားထုတ်ပါ၊ အဟုတ်တကယ် အားထုတ်ဖြစ်ဖို့နဲ့ အားထုတ်ပုံနည်းလမ်းမှန်ဖို့သာ အရေးကြီးပါတယ်"

"ရောဂါပျောက်ချင်လို့ တရားအားထုတ်တာလည်း ကောင်းပါတယ်။ စီးပွား၊ လူမှုရေး အဆင်ပြေတိုးတက်ချင်လို့ တရားအားထုတ်တာလည်း ကောင်းပါတယ်။ စိတ်ဓာတ်ခိုင်မာငြိမ်းချမ်းပြီး စိတ်နေသဘောထား ကြီးကျယ်မြင့်မြတ်ချင်လို့ တရားအားထုတ်တာလည်း ကောင်းပါတယ်။ ခန္ဓာဇာတ်သိမ်း ဒုက္ခငြိမ်းချင်လို့ တရားအားထုတ်တာကတော့ အကောင်းဆုံးပါပဲ"။

ဗုဒ္ဓဘာသာဝင်တွေထဲက ဘာသာရေးအသိဉာဏ် နုနယ်သေးသူတွေကို တဖြည်းဖြည်းရင့်ကျက်လာအောင် ဆွဲခေါ်ရမယ့်အစား အသိဉာဏ်ရှုပ်ထွေးပြီး ဇဝေဇဝါ ထင်ယောင်ထင်မှားဖြစ်အောင် အာယာတနဲ့ ပွဲလှန့်နေတာ တော့ လုံးဝ မသင့်တော်ဘူးလို့ ထင်ပါတယ်။

ဆရာတော်၊ သမားတော်တွေကလည်း ရည်ရွယ်ချက် နိမ့်နေသူတွေကို မြင့်လာအောင် မေတ္တာ၊ ကရုဏာနဲ့ တဖြည်း ဖြည်းချင်း ဆွဲခေါ်မြှင့်တင်နေကြတာပါ။

ဣဿာမစ္ဆရိယအမြင်နဲ့ အမြဲ ကြည့်တတ်သူ အတွက် အရာရာတိုင်းဟာ အဆိုးတွေ၊ အပြစ်တွေချည်း ဖြစ် နေမှာပါ။ အရာရာကို ယောနိသောမနသိကာရ အမြင်နဲ့ မှန်မှန်ကန်ကန် နားလည်နှလုံးသွင်းတတ်ခြင်းကသာ တကယ့် သူတော်ကောင်းစိတ်ထား ဖြစ်ပါတယ်။

(ပြီး)

❑ အရှင်ဆန္ဒာ


# ဆရာဦးအောင်ကြည်သန်း

## B.Sc (Bot)

## လက္ခဏာ နှင့် နက္ခတ်ဗေဒင်ပညာရှင်

✪ ကောင်းကျိုးလိုသူများအတွက် . . . စီးပွားရေး၊ အိမ်ထောင်ရေး၊ အချစ်ရေး၊ ပညာရေး၊ ကျန်းမာရေး နိုင်ငံခြားခရီးနှင့် အလုပ်အကိုင်တို့အတွက် ဟောပြောအကြံပြုခြင်း၊ ချစ်သူစုံတွဲ လက်ထပ်ရန် ဇာတာတိုက်စစ်ပေးခြင်း၊ လက်ထပ်မင်္ဂလာအခါရွေးပေးခြင်း၊ ကလေးခွဲစိတ်မွေးဖွားရန် ရက်မြတ်ချိန်ခါရွေးပေးခြင်း၊ ကလေးနာမည်ပေးခြင်း၊ လုပ်ငန်းနာမည်ပေးခြင်း၊ အိမ်ခြံမြေသန့် မင်္ဂလာစီရင်ပေးခြင်း၊ အဆောက်အအုံ ပန္နက်တင်မင်္ဂလာ အချိန်ရွေးပေးခြင်း၊ သင့်ဘဝမှာ ရင်ဆိုင်တွေ့ကြုံနေရသော အမှုအခင်းနိုင်ရန်၊ ချစ်သူနှင့် အဆင်ပြေရန်၊ ဇနီး ခင်ပွန်းနှင့် အဆင်ပြေရန်၊ သူတစ်ပါးမကောင်းကြံ၊ ပယောဂ ရန်အတိုက်အခိုက် အစရှိသည့် ပြဿနာတွေ အဆင်ပြေရန်၊ ဓာတ်ရိုက်ဓာတ်ဆင်၊ နဝင်းယတြာ၊ ရတနာဒီပံ စီရင်ပေးခြင်း၊ ကျောင်းစာမေးပွဲ၊ အလုပ်စာမေးပွဲများအတွက် အထူးယတြာစီရင်ပေးခြင်း၊ တစ်နှစ်စာဟောစာတမ်း ထီအထူးလမ်းညွှန်ရေးပေးခြင်း၊ ကွန်ပျူတာ ဇာတာဖွဲ့ပေးခြင်း၊ ဂန္ဓာရီဝိဇ္ဇာပညာသင်ပေးခြင်း စသည်တို့ကို လိုအပ်သလို ဆောင်ရွက်ပေးနေပါသည်။

**ဟောခန်း - အမှတ်(၆)၊ မိုးကောင်းဘုရား မြောက်ဘက်မုခ်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့ ။ ☎ ၀၉ ၄၉၂၇၅၅၀**

**ဟောခန်းဖွင့်ချိန် - နေ့စဉ် နံနက် (၉ း ၃၀) မှ ညနေ (၅ း ၄၅) နာရီထိ။**




www.burmeseclassic.com

www.burmeseclassic.com

# ရှေးပါဒနိုင်ငံတော်မှ ကျိုက်ပြာသာဒ်တနော်စေတီတော်

မင်းတိုင်ပင် (မြရောင်မြေ)


ဒီကနေ့ စာရေးသူ၏ ဦးပဥ္စင်း ဦးသူရိယနှင့် ရွာဘက်မှ ဆွေမျိုးများ ရောက်လာကြ၏။ သူတို့လာခြင်းသည် ရန်ကုန်သို့အလည်လာရင်း တန်ခိုးကြီး ဘုရားများ ဖူးမြော်ရန် ဖြစ်သည်။

နောက်တစ်နေ့ နံနက်တွင် ရေလယ် ကျောက်တန်း ဘုရားဖူးရန် သွားပေးပါဟု ပြောလာ၏။ စာရေးသူ သည်း အခေါက်ပေါင်းများစွာ ရောက်ခဲ့ ပြီး ဖြစ်ပါ၏။ သို့သော် ယခင်တုန်းက ဘုရားဖူးရခြင်းသည် ဘုရားဖူးရုံသာ၊ အေး ဖူးမြော်ရုံနှင့်မပြီး၊ ဘုရားသမိုင်းကို သိရှိနှင့် မှတ်တမ်းတင် ဓာတ်ပုံရိုက်၊ မဂ္ဂဇင်းစာအုပ်ထဲမှာ ဖော်ပြနိုင်ဖို့ ဓမ္မဒါန ဖြစ်ရေးသားလိုသည့် စေတနာက အမြဲ တမ်း ရင်ထဲမှာ ကိန်းဝပ်နေပါသည်။

ဆွေမျိုးတွေကို ဘုရားဖူးပို့ရင်း မှတ်တမ်းတင်ရန် ဘောပင်၊ စာအုပ်နှင့် ကင်မရာတို့ကိုပါ ယူ၍ ထွက်လာခဲ့ကြ ပါ၏။



မဟာဗောဓိပင်ကြီး



ကျိုက်ပြာသာဒ်တနော်စေတီ

နံနက် အိမ်မှ ထမင်းအဆာပြေစား၊ ကော်ဖီသောက်ကာ ဦးဇင်းဦးသူရိယနှင့် မအေးသန်း၊ မနီ၊ အိစံပယ်၊ ကျောင်းသားလေးကိုကုန်းတို့နှင့်အတူ မြောက်ဥက္ကလာ ဘက်သွား စက်မှု(၃)လမ်း ဝုံအမှတ် (၇)လိုင်း ကျောက်တန်းကားဂိတ်သို့ ရောက်ခဲ့ပါ တော့သည်။ ကားမှာ ဟိုင်းလတ်ကားကလေး၊ ခရီးသည်အပြည့်နှင့်ထွက်ခဲ့ပါပြီ၊ မြောက်ဥက္ကလာ သုမင်္ဂလာလမ်းဆုံအတိုင်း မယ်လမုဘုရားဘက် ချိုးကွေ့ကာ တောင် ဥက္ကလာပ၊ သဃ်န်းကျွန်း၊ သုဝဏ္ဏတို့မှ သာကေတသို့ တရိပ်ရိပ် တလွှားလွှား ပြေးလွှားရင်း ရန်ကုန်မြစ်နှင့် ပဲခူးမြစ်တို့ ပေါင်းထွက်ရာ ဆိပ်ကမ်းသို့ချဉ်းကပ်လာ ခဲ့ပြီး မြင့်မားရှည်လျားသော ရန်ကုန်-သန်လျင် တံတားကြီးသို့ ရောက်ခဲ့ပါတော့ သည်။



www.burmeseclassic.com

www.burmeseclassic.com

တဖြည်းဖြည်း တံတားပေါ် ရောက်လာပြီး လေပြည်လေညင်းတို့ တိုက်ခတ်လာပါ၏။ မလှမ်းမကမ်းမှ ရေယာဉ်အသီးသီး စက်သံအမျိုးမျိုး ကြားရ၏။ သင်္ဘောကြီး၊ သင်္ဘောငယ်များ၊ စက်တပ်လှေများ၊ လက်လှော်လှေများ အမြင် ပိုက်ချသည့် လှေငယ်လေးများနှင့် ကိုတံငါတို့ဝမ်းရေးအတွက် ကြိုးပမ်း ရှာဖွေနေကြသည်ကိုလည်း ပန်းချီကား တစ်ချပ်ပမာ မြင်ရ၏။

ဟော အရှေ့ဘက်ကမ်းက မြင့်မားချွန်ထက်သော အရာဝတ္ထုသဏ္ဌာန် အမျိုးမျိုး၊ မိုးထိမြင့်မား ကွန်ဒိုတိုက်ကြီးများ၊ ထို့နောက် ရွှေရောင်တဖိတ်ဖိတ်နှင့် အလွန် သပ္ပာယ် တင့်တယ်နေသည့် လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီးအား အာရုံနှင့် ပူဇော်မိပြန်ပါသည်။

အနောက်ဘက်ကမ်းသို့ လှမ်းကြည့်လိုက်တော့ တောတန်းတောင်ထိပ်ပေါ်မှာ ရွှေရောင်တလက်လက်နှင့် ဆံတော်ရှင် ကျိုက်ခေါက်စေတီတော်ကြီးနှင့် စေတီငယ်များကို တစ်ပြိုင်တည်း ဖူးရပြန်ပါသည်။ တံတားကြီး၏ အတက်ဘက်သို့ ကြည့်လိုက်တော့ ငွေရောင်တုံးကြီးပမာ မြင်လိုက်ရသည့် ဖြူဖြူဖွေးဖွေး အရာကြီးတစ်ခု၊ ထိုအရာသည့် ဒဂုံဆိပ်ကမ်းမြို့နယ်နှင့် သန်လျင်တို့ ပေါင်းကူးထားသည့် ဒဂုံတံတားကြီးပင် ဖြစ်ပါ၏။ နှစ်လချီကာ မကြာသေးပါ။ လွန်ခဲ့သောနှစ်က ဖွင့်လှစ်ခဲ့ခြင်း ဖြစ်ပါသည်။

စာရေးသူ မြစ်လယ်လောက်ရောက်တော့ ရင်ထဲမှာ အတွေးတစ်ခု ဝင်လာခဲ့၏။ ဘာလဲဆိုလျှင် ဒါ တညင်ကျွန်း (သန်လျင်)က ခင်လွမ်းတို့ ဌာနေပါလား။ ဟိုအတိတ်က သမိုင်းကြောင်းဆုံခဲ့တဲ့ မင်းနန္ဒာ ကိုယ်တော်လေးရဲ့ ဇာတိမြေ၊ ဒဂုံနန်းက တညင်မှာရှိတဲ့ သူ့ချစ်သူ ရှင်မွေ့နွန်း (ခင်လွမ်း)ထံကို သွားဖို့ဆိုရင် တစ်ကျွန်းစီနေ တစ်မြေစီခြား မြစ်ကြီးကခြားနေတော့ စီးတော်ယာဉ် ငမိုးရိပ်မိကျောင်းကြီးစီးလို့ လှိုင်းဒဏ် လေဒဏ် မိုးဒဏ်ရဲ့တွေကြားထဲလသာတဲ့ညတိုင်း လရိပ်ကို အလင်းရောင်ပြုလို့ ကူးခဲ့ရသည်။

ကိုယ်တော်လေးရဲ့ အချစ်က ရှင်မွေ့နွန်းအပေါ် အနှိုင်းမဲ့အချစ်မျိုးပါ။ ဒါပေမယ့် ဒဂုံမြို့စားကတော့ ရှင်မွေ့နွန်းအား သုသာန်တစပြင်ရောက်မှ မွေးဖွားတဲ့သူမို့ ဖခင်က မြို့ပြင်မှာ တစ်ပင်တိုင်နန်းနှင့် ထားပေသည်။

သဘောမတူ အဆင့်အတန်းက မတူသူ မင်းနန္ဒာ ကိုယ်တော်လေးက ချစ်သူမျက်နှာ မမြင်ရ တစ်ကမ္ဘာခြားထင်ရော့သလား။ ချစ်သူတို့ဘာဝ လသာတဲ့ညတိုင်း စီးတော်ယာဉ် ငမိုးရိပ်ကြီးစီးလို့ ချစ်သတ္တိတွေ ရင်မှာပိုက်ပြီး အသက်ကိုပင် ပဓာနမထား စွန့်စားရဲတဲ့ သတ္တိနဲ့ ကူးခဲ့ပြီး သာယာကြည်နူး ချစ်ရည်လူးခဲ့ကြပါတယ်။

ဒါကို ရန်သူမလက်တိုမိကျောင်းမက တိုက်ခိုက်ခြင်းကို ခံရလို့လည်း မင်းနန္ဒာ ကိုယ်တော်လေးကို ငမိုးရိပ်မိကျောင်းက အာခံတွင်းမှာငုံထားပြီး ခုခံထွက်ပြေးရတဲ့အခါ ဒဂုံဆိပ်ကမ်းကို ရောက်တော့ မင်းနန္ဒာကိုယ်တော်လေးကို ထွေးထုတ်လိုက်တာ ရေမွန်းပြီး သေပွဲဝင်ခဲ့ရတယ်။

ကိုယ်တော်လေးရဲ့ ဖြစ်အင်ကို ကြားသွားတဲ့ ချစ်သူရှင်မွေ့နွန်းက ကိုယ်တော်လေးအတွက် ကောင်းမှုတွေအလီလီပြုရင်း ကျိုက်ခေါက်စေတီတော်အနီးတွင် ရင်ကွဲနာကျ သေပွဲဝင်ရပြန်တယ်။ သူတို့နှစ်ဦးရဲ့ ရုပ်ကလာပ်တွေကို မီးသဂြိုဟ်တဲ့အခါ တညင်ကျွန်းကမီးခိုးနဲ့ ဒဂုံဘက်ကမ်းက မီးခိုးတွေ ကောင်းကင်ယံထက် သွားပြီးတော့ ပေါင်းယှက်ကာ ဆုံကြပါတယ်။ ချစ်သက်သေ ပြလိုက်ပါတော့တယ်။

ဩော်. . သူတို့ချစ်သူနှစ်ဦးရဲ့ မီးခိုးယှက်တဲ့ အတိတ်သမိုင်းကြောင်းတွေဟာ ယနေ့တော့ သန်လျင်တံတားကြီးက တရုတ်-မြန်မာ အင်ဂျင်နီယာတွေ ပူးပေါင်းဆောင်ရွက် တည်ဆောက်လိုက်သည်မှာ ကားနှင့်ရထားပါ တစ်ပြိုင်နက် ကူးနိုင်တဲ့ တံတားကြီး ဖြစ်ခဲ့ပါတယ်။

မင်းနန္ဒာကိုယ်တော်လေးနှင့် ရှင်မွေ့နွန်းတို့ပေါင်းဆုံကြပြီလား။ ဒီတံတားကြီး မရှိခင်က တစ်ဖက်ကမ်းနှင့် တစ်ဖက်ကမ်း အလှမ်းကွာဝေးနေလို့ တစ်ကျွန်းစီနေ တစ်မြေစီခြား ညောင့်တန်း ဆိပ်ကမ်းမှ သီတာ-၁၊ သီတာ-၂ သင်္ဘောနဲ့ ငမိုးရိပ်မိကျောင်းစီးပြီး ကူးခဲ့ ရသလို ကူးခဲ့ရတာတွေကိုပါ ပြန်လည် သတိရနေမိတယ်။

တံတားအဆင်းမှာ ကားလေး က ငြိမ့်ခနဲ။ ဟော ခုတော့ တညင်ကျွန်း ကို ၁၀ မိနစ်အတွင်းနဲ့ ရောက်ပါပြီ။ စာရေးသူတို့ စီးတော်ယာဉ်ကားလေး သန်လျင်မြို့ကိုဖြတ် ထိုမှစ၍ လမ်းဘေး ဝဲယာမှာ စေတီပုထိုးတွေ၊ သာသနိ အဆောက်အအုံတွေ၊ ကျောင်းတိုက်ကြီးတွေ၊ ပြုပြင်တည်ဆောက်ဆဲ တိုက်တာ အိုးအိမ်တွေ၊ ဘုရားပျက်အုတ်ပုံကြီးတွေ ဂဝံကျောက်တုံးကြီးတွေ၊ တရိပ်ရိပ်နှင့် ဗီစီဒီ တီဗွီ ရုပ်ရှင်ပိတ်ကားကြည့်ရသ တဖျပ်ဖျပ် ပေါ်လာရင်း ဆံတော်ရှင် ကျိုက်ခေါက်စေတီတော်ကြီး ရွှေသို့ ရောရှက်ခဲ့တော့၏။

ထိုမှ လမ်းဆုံသုံးခွဆိုင်ဆိုသည် သုံးခွ၊ ခရမ်းဘက်သို့လမ်းခွဲနှင့် ကျော တန်းသို့လမ်းခွဲများဆုံရာ ဖြစ်ပါသည် များပြားလွန်းသော စေတီပုထိုးများသည် အသစ်တည်ဆောက်ပြီး ဖြစ်သလို ပြင်ဆဲ စေတီများ၊ ချုံပုတ်တွေကြား အုတ်ပုံတွေကလည်း ဒုနဲ့ဒေး ပေါ် လိုက်ပါဘိ။ ဒါဟာ ရှေးနှစ်ပရိစ္ဆေ ပါဒနိုင်ငံတော်ကြီးရဲ့ သမိုင်းအမွေအ တွေပါပဲ။ အုတ်ဟောင်း၊ အုတ်ချပ်၊ ကျောက်တုံးတွေက အထပ်လိုက်အ လိုက် တွေ့ရပါ၏။

အထက်မှာ အရိမန္ဒနာ၊ အော မှာ သီဟနန္ဒဟု ဆိုပါ၏။ မြန်မာနိုင် သီဟနန္ဒ ခေါ် ပါဒမြို့သည် အ မြန်မာပြည်ရှိ လှည်းဝင်ရိုးသုံးည ပွဲဘုရားပေါင်းဆိုသည့်အတိုင်း



www.burmeseclassic.com

www.burmeseclassic.com

ညှိုးထိုးမလွဲ ရှိခိုး၍မကုန်နိုင်သည့် စေတီ ပေါင်းများစွာ ပုဂံမှာ ရှိသလို ပါဒမြို့ သည်လည်း ရှေးဟောင်း စေတီပုထိုး များစွာတို့အား လက်ညှိုးထိုးမလွဲနိုင်ပါ။ ထို့ကြောင့် အောက်မှာ သီဟနန္ဒဟု ခေါ်ခြင်းဖြစ်ပါ၏။

မကြာမီ ကျောက်တန်းမြို့မှ ကြို ဆိုပါ၏ ဆိုင်းဘုတ်ကြီးကို မြင်ရပါတော့ သည်။ ကားဂိတ်သို့ ရောက်ခဲ့ပါပြီ။

စာရေးသူတို့ ကမ်းနားလမ်း အတိုင်း ကျိုက်မှော်ဝန်းစေတီဘက်သို့ လျှောက်ခဲ့ကြ၏။

ဆိပ်ကမ်းတွင် စက်တပ် သမ္ဗန် လှေများ၊ လက်လှော်လှေကလေးများ အစီစီရပ်ထားသည်မှာ ငါးကြီးများ အမ်းကပ်နေသကဲ့သို့ တွေ့မြင်နေရပါ သည်။

"ဦးတို့ ငါးစာကျွေးရင် ပေါက် ပေါက်ဆုပ်တစ်တွဲ ငါးဆယ်ပါ၊ ဝယ်ပါ ဦး"

"ဦး, ဒီမှာ ဘုရားပန်းတွေ တစ် စည်း ငါးရာပါ၊ ယူသွားပါ၊ ဘုရားပေါ်မှာ ဈေးကြီးတယ်ရှင့်၊ ဒီမှာ ဖိနပ်တွေ ထား ခဲ့လို့ရပါတယ်၊ စိတ်ချပါရှင့်"

"ထမင်းအဝစား ၈၀၀ ပါ၊ ဟင်း ကောင်းတယ်၊ အအေးစုံရမယ်၊ ကော်ဖီ လက် ဖက်ရည် သုံးဆောင်နိုင်ပါတယ်၊ ကြွပါ၊ နားနိုင်ပါတယ်"

အဲဒီလို ဈေးသည်တွေရဲ့ နှုတ် ဆက်မှု၊ ဈေးပြိုင်ရောင်းမှု၊ ဆွဲဆောင်မှု တွေက ဆီးလို့ ညှော်ဝတ်ပျူငှာ ရှိနေကြ ပါ၏။

မကြာမီ ဆိုင်တစ်ဆိုင်မှာ ဖိနပ် တွေ အပ်ခဲ့ပြီး နံပါတ်ယူခဲ့ကာ လှေဆိပ် သို့ ရောက်ရှိပါသည်။ မအေးသန်းတို့ အုပ်စုကတော့ ဘုရားပန်းဝယ်လာခဲ့၏။ လှေကတော့ စက်တပ်သမ္ဗန်လှေဖြစ်၏။ ၁၀ မိနစ်ခန့်နှင့် လှေဆိပ်သို့ရောက်ကာ ကမ်းပေါ်တက်ခဲ့ရ၏။ ကျောက်တန်းရဲ့ သဘာဝအလှကတော့ ဖန်တီးလို့မရနိုင် လောက်အောင် ကွာခြားလွန်းလှပါဘိ။ ကျိုက်မှော်ဝန်း ရေလယ်စေတီရောက် ခဲ့ပြီး ဘုရားဖူးကြသည်။ စာရေးသူက ကင်မရာကိုထုတ်၍ ဘုရားပုံတော်များ ကို မှတ်တမ်းတင်ခဲ့၏။

"ဒီမှာ ဦး၊ ကင်မရာခွန်ဆောင် ပါ"

"ဘယ်လောက်လဲ၊ ဘာလို့အခွန် ဆောင်ရတာလဲ"

"ငါးရာပါရှင်၊ ထုံးစံပါပဲ"

ထို မိန်းကလေးက တောင်း သဖြင့် စာရေးသူက တစ်ထောင်တန် ထုတ်ပေးလိုက်တော့ ငါးရာတန် ပြန် အမ်းပါတော့သည်။ ထို့နောက် အသိ အမှတ် ရင်ထိုးတံဆိပ်ပေးပါသည်။

"ဒီမှာ ဘုရားပုံတွေ မှတ်တမ်း တင်ပြီးတော့ မဂ္ဂဇင်းမှာရေးမှာ၊ ရတယ် မဟုတ်လား"

"ဟာ ဒီလိုဆို ဦးက စာနယ်ဇင်း ကပဲ၊ ငွေပြန်ယူပါ၊ မသိလို့ပါရှင်၊ စာထဲ မှာ ပါသွားမှဖြင့် ဒုက္ခပဲ"

ဒီလို ကင်မရာခွန်တွေလည်း ဆောင်ရပါတယ်။ မသိလို့ပါဆိုတော့ ခွင့်လွှတ်ပါတယ်။ ဒါပေမယ့် နိုင်ငံခြား သားတွေလည်း အခွန်ဆောင်ရတယ်။ စာရေးသူတို့ ရောက်တဲ့ဘုရားတိုင်းမှာ အခွန်ဆောင်ရလျှင် ရတဲ့စာမူခတောင် လောက်မှာ မဟုတ်ပါဘူး။ အထူးသဖြင့် ဒီငွေဟာ ဘုရားလှူတာပါ။ ကုသိုလ် ရပါတယ်။

တချို့ဘုရားတွေမှာတော့ ကန် ထရိုက်စနစ်နဲ့ လေလံဆွဲထားကြတယ်။ ဒီတော့ အမြတ်ရဖို့ကို ဘုရားဖူးတွေဆီ က ရသလောက်ယူတဲ့ နေရာမျိုးတွေ လည်း တွေ့ရတော့ တစ်ကျောင်း တစ် ဂါထာ တစ်ရွာ တစ်ပုဒ်ဆန်း ဆိုသလို ပါပဲ။ အမှန်ကန်ဆုံး လှူဒါန်းတဲ့ကုသိုလ် ဆိုရင် မြတ်မှာပါ။ ဒါပေသည့် ဓစတနာ နဲ့ မေ့ဒါန ဂါရဝပြုခွင့်ရတာကိုပဲ ကျေ နပ် ဝမ်းသာမိပါတယ်။

ဒါနဲ့ ဘုရားဖူးပြီး တစ်ဖက်ကမ်း မြန်ကူးခဲ့ကြပါတယ်။ ကျိုက်မှော်ဝန်း စေတီသမိုင်းကိုတော့ စာရေးဆရာ များ စွာတို့ တင်ပြပြီးဖြစ်ပါတယ်။ ချန်ထားခဲ့ ပါရစေ။ ယခု အနောက်ဘက်ကမ်းသို့ ရောက်ခဲ့ပါပြီ။ ဖိနပ်တွေ ထားရာနေရာ တွင် နံပါတ်စဉ်အတိုင်း ရွေးခဲ့၏။ ပန်းဖိုး ကတော့ တစ်ဆတက်သွားပြီ၊ ငါးရာ ကျပ်မှ တစ်ထောင်ကျပ်ဆိုလို့ ပေးလိုက် ရပါတော့သည်။ မရှိလို့ ဈေးရောင်းစား သူတွေ သမာအာဇီဝနဲ့ဆိုရင်ဖြင့်ကောင်း ပါ၏။

"ဦးဇင်း၊ ဒီမှာ ကျိုက်ပြာသာဒ် တနေ့ စေတီတော်ကြီးကို သွားဖူးကြ မယ်"

ထိုအခါ မြစ်ကမ်းဘက်သို့ မျက် နှာမူထားသည့် မုခ်ဦးစောင်းတန်းတော် ကြီးကို တွေ့ရပါသည်။ ထိုမှတစ်ဆင့် မြင့်တက်သွားသော မုခ်ဦးရှိ ရေညှိတက် နေသော ကျောက်လှေကားမှတက်သွား ရာ တောင်ဘက်အာရုံခံတန်ဆောင်းသို့ ရောက်ပြီး စေတီတော်ကြီးအားထုထည် ကြီးမားစွာနှင့် ရွှေရောင်တဖိတ်ဖိတ် ဝင်းလက်လျက် ဖူးရပါ၏။ မောသမျှ အမောတွေ ပြေသွားသလို ရင်ထဲမှာ ခံစားလိုက်ရပါတော့၏။

ထို့နောက်မှ ခက်လက်ဝေဆာ၍ နှစ်ပေါင်းများစွာ ကြာရှည်ပုံရသည့် ဗောဓိပင်ကြီးကိုလည်း မြင်ရ၏။ ကြီးမား ခံ့ထည်သော အာရုံခံတန်ဆောင်းတော် ကြီး နှစ်ခုကိုလည်း တွေ့ရပါ၏။

ထိုဗောဓိပင်ကြီး အောက်၌ ဗုဒ္ဓ ရုပ်ပွားတော်များနှင့် ပန်း၊ ဆီမီးတွေ ထွန်းညှိပူဇော်ထားပါသည်။

စာရေးသူက ဦးဇင်း သူရိယတို့ ကို ဘုရားဖူးစေပြီး တစ်ကိုယ်တည်း တောင်ဘက်အာရုံခံတန်ဆောင်းသို့သွား ကာ ဂေါပကလူကြီးများနှင့် မိတ်ဆက် စကား ပြောရတော့၏။

ထို့နောက် မဟာအတုလမာရ် အောင် အာရုံခံတန်ဆောင်းတော်ကြီး အတွင်း အလှူခံနေသည့် ဉက္ကဋ္ဌကြီး ထံသို့ လမ်းညွှန်၍ သွားရောက်ခဲ့ရပါ တော့သည်။

ထို့နောက် ဂေါပကအဖွဲ့နှင့် ဘဏ္ဍာရေးမှူး ဦးကြည်ပိုင်က မိတ်ဆက်





www.burmeseclassic.com

www.burmeseclassic.com



တောင်ဘက် မြတ်ဗုဒ္ဓဆင်းတုတော်




ဂေါတမ ဗုဒ္ဓရုပ်ပွားတော်

ပေးပြီး လိုအပ်သမျှ ကူညီပေးမည်ဖြစ်ကြောင်း ပြောပြပါသည်။ လှိုက်လှဲဝမ်းသာစွာနှင့် ပြုံးရွှင်သော ပီတိဖြစ်စကားများဆိုပါ၏။

"ဥက္ကဋ္ဌကြီးခင်ဗျာ၊ ကျွန်တော် စာရေးသူ မင်းတိုင်ပင်ပါ၊ ဒီကျိုက်ပြာသာဒ်တနော် စေတီတော်ကြီးရဲ့သမိုင်းကြောင်းကို ရှင်းပြပေးပါ ခင်ဗျာ"

"ဟုတ်ကဲ့၊ ကျွန်တော့်နာမည်က ဦးအောင်ကြိုင်ပါ၊ ဒါ တွဲဖက်အတွင်းရေးမှူး ဦးညွန့်၊ ဦးကြည်ပိုင်ကတော့ ဘဏ္ဍာရေးမှူး ဖြစ်ပါတယ်၊ ကျန်တာတော့ အဖွဲ့ဝင် ၁၀ ဦးရှိပါတယ်၊ ဒီတော့ ဒီစေတီကြီး၏ သမိုင်းကြောင်းကို သိသလောက် မှတ်သားရသလောက် ပြောပြပါ့မယ်။



မဟာအတုလမာရ်အောင်ကျောင်းတော်မှဘုရားကြီး

ဟောဒီ ကျောက်တန်းမြို့ဟာ ... ရှေးယခင်အခါက ဂွမ်းမြို့လို့ ခေါ် ... တယ်၊ ပါဒမင်းဆက်က ၃၄ ဆက်ရှိ ... တယ်၊ အဲဒီမှာခုနစ်ဆက်မြောက် ... သေနမင်းဟာ သက္ကရာဇ် ၇၇ ခုတွင် ... ပါဒနေပြည်တော်ကြီးကို စိုးစံမင်းပြုခဲ့ ... တယ်။

မင်းရဲ့မိဖုရားက ကရင်လူမျိုး ... တောင်သူကြီး ဘိုးကလိုင်စာနဲ့ မိန်း ... လိုင်းတို့က မွေးဖွားတဲ့ သမီးနှစ်ယော ... မှာ အကြီးမ မိတနော်၊ အငယ်မ မိတ ... တို့ကို မိဖုရားမြှောက်ခဲ့ပါတယ်။

ဒီနောက် မွမ်စွမ်းမြို့ဝန် (ယ ... တော့ ကျောက်တန်းမြို့) ၏ သမီး ... ကေသရီတစ်ပါး ဖြစ်ပါတယ်၊ မင်းဖြစ် ... လေးလလောက်ကြာတော့ ယိုးဒယား ... ပြည်က ဆွဏ်ခနုတ်ဘုရင် ဖရာန ... အင်က သမီးတော် ဆွဏ္ဏဒေဝီ (သု ... ဒေဝီ)ကို သဘော်ခုနစ်စင်းမှာ ကျေ ... သံပတ္တမြားတွေအပြည့်တင်လို့ ... လိုက်ပါတယ်။

www.burmeseclassic.com

ဒီတော့ သုဝဏ္ဏမဟာရာဇာဒေဝီ နာမည်ဖြင့် မိဖုရားကြီးအရာ ချီးမြှောက်ခဲ့တယ်တဲ့၊ ကျန်တဲ့ မိဖုရားနှစ်ပါးက တိုင်းတစ်ပါးသူကို မိဖုရားမြှောက်စားတာကို မကျေနပ်လို့ 'ဖြစ်လေရာဘဝ တိုင်းမှာ မယားငယ် မဖြစ်ရပါလို၏' ဟု ဆုတောင်းတယ်၊ တစ်နည်းပြောရရင် ကျိန်စာတိုက်တာပေါ့ဗျာ၊ အချစ်ကို မျှဝေမခံစားချင်ဘူး၊ ထမင်းကြမ်းကို ဝေစားမယ်ဆိုသလို အချစ်စိတ်မွှန်နေလို့ထင်ရဲ့။

ဒါကြောင့် စိတ်မကောင်းကြီးစွာနဲ့ မိမိအမည်ပါရောပြီး ပြာသာဒ်ပုံစေတီတော်ကို ညာဏ်တော် ၁၅တောင်တာ အမြင့် တည်ခဲ့ပါတယ်၊ ဆံတော်တစ်ဆူကိုလည်း ပတ္တမြားကြုတ်အတွင်းထည့်ပြီး ဂဝံကျောက်ကို မိမိတို့ပုံတူ ရုပ်လုံးထုကာ မြကြုတ်ကိုရွက်လို့ ဌာပနာပါတယ်၊ ဒါကြောင့်လည်း ဒီစေတီရဲ့ဘွဲ့တော်က ကျိုက်ပြာသာဒ်တနော် ဟု ကမ္ပည်းတင်ကာ သက္ကရာဇ် သာသနာတော် ၇၉ ခုနှစ်မှာ တည်ထားကိုးကွယ်ခဲ့တယ်လို့ သမိုင်းအရ ပြောနိုင်ပါတယ်"

"ဟုတ်ကဲ့၊ အစ်မကြီးက စေတီတည်တော့ ညီမကကော တည်သေးလား"

"ဘယ်နေပါ့မလဲ၊ ညီမတော်မိတန္တမိဖုရားကလည်း ငါတို့အပေါ် မေ့ပြီး ယိုးဒယားမင်းသမီးကိုသာ မြတ်နိုးတယ်ဆိုပြီး 'နောင်ဘဝ မယားငယ်



အောင်မြေရုပ်တော်မူဘုရား


မဖြစ်ပါစေနဲ့' လို့ဆိုပြီး ညာဏ်တော် ၁၅ တောင်ရှိတဲ့ စေတီကို ဆံတော်တစ်ဆူ ဌာပနာပြု၊ မိမိရုပ်လုံး ငွေဖြင့်ပြုလုပ်ပြီး မြပန်းတောင်းဖြင့် ဆံတော်ရွက်ဟန်ပြု ဌာပနာကာ ကျိုက်ပြာသာဒ်တန္တ ဆိုပြီး တည်ထားပါတယ်၊ သူက သာသနာ သက္ကရာဇ် ၇၉ ခုနှစ်က ဖြစ်ပါတယ်"

ဟု ဘဏ္ဍာရေးမှူး ဦးကြည်ပိုင်က ရှင်းပြပါတယ်။

"ဒါဆို အခု တန်ဆောင်းတော်ကြီးက လျောင်းတော်မူရုပ်ပွားတော်ကြီးကို ရှင်းပြပါဦး"

"အခု ဆရာရောက်နေတဲ့ တန်ဆောင်းကြီးက မဟာအတုလမာရ်အောင် လျောင်းတော်မူရုပ်ပွားတော်ကြီးပါ၊ ဘုရားကြီးဘွဲ့တော်ကိုပဲ အမှီပြုခေါ်ပါတယ်၊ ဒီမျက်နှာကြက် ပန်းတော်များနှင့် လျောင်းတော်မူဘုရားကြီး အလှူရှင်က ဦးဘာဘာ+ဒေါ်မြကျင်တို့ဖြစ်ပါတယ်၊ အခုတော့ မြေးမြစ်များဖြစ်တဲ့ ဦးတင်မောင်လွင် + ဒေါ်ရင်ကြည်မိသားစု ရန်ကုန်က ပြင်ဆင်မွမ်းမံပြီးရွှေချလှူဒါန်းကြပါတယ်၊ ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များလည်း ရှိပါတယ်ခင်ဗျ၊ လေ့လာပါ"

"ဟုတ်ကဲ့၊ ဥက္ကဋ္ဌကြီးတို့ ယခုလိုရှင်းပြတာကို ကျေးဇူးတင်ပါတယ်"



အနောက်ဘက်စောင်းတန်း ပျက်စီးနေပုံ



ရှေးဂုဏ်ထီးတော်ကြီး



www.burmeseclassic.com



ရွှေစကျင်ရုပ်ပွားတော်

ကျွန်တော်တို့ ကျန်တဲ့နေရာများ သွားကြပါဦးမယ်"

"ဦးကြည်ပိုင်နဲ့ ဦးသန်းမြင့်တို့ လိုက်ပြီးရှင်းပြပါ၊ လိုအပ်တာရှိရင် မေးပါခင်ဗျ"

"ဆရာ ဒီမှာ ၂၀၀၈ ခုနှစ်နာဂစ်တုန်းက မုန်တိုင်းဒဏ်ခံရတဲ့ တန်ဆောင်းကြီး၊ အခု ပြိုပျက်နေပါပြီ၊ ဒါကို အရှေ့ဘက်စောင်းတန်းကြီး ပြန်ပြီးအသစ်ဆောက်ပါ့မယ်၊ နောက် မြေထိန်းနံရံကာဖို့လည်း ရှိပါတယ်၊ ဟိုရှေ့က ရုပ်တော်မူ ရုပ်ပွားတော်က ဇေယျသေနမင်းလက်ထက်ကတည်းက ရှေးဟောင်းသမိုင်းဝင် ရုပ်ပွားတော်ဖြစ်ပါတယ်။

ဘွဲ့တော်က အောင်မြေ ရုပ်တော်မူ ဖြစ်ပါတယ်၊ အောင်မြေလည်း ရှိပါတယ်ခင်ဗျ၊ အောက်ဘက်မှာ ရှေးတုန်းက အုတ်ခုံကြီးတွေ၊ လိုဏ်ခေါင်းကြီးတွေ ရှိပါတယ်၊ ဂဝံကျောက်တုံးကြီးတွေလည်း ရှိပါတယ်၊ ဘုရင် စစ်ထွက်ခါနီး အောင်မြေနင်း ဆုပန်ပြီးမှ တိုက်ပွဲဝင်တဲ့နေရာပါ၊ ဟိုတန်ဆောင်းကြီးက



တောင်ပိုင်သိုးတိုက်ကြီး



ကွစ်ရင်မယ်တော်

www.burmeseclassic.com

သည်း ရှေးခေတ်က တည်ထားတာပါ ခင်ဗျ၊ နှစ်ပေါင်း မရေတွက်နိုင်တော့ဘူး၊ သီဟဗလ တန်ဆောင်းလို့ ခေါ်ပါတယ်၊ ရှေးဗုဒ္ဓဆင်းတုတော် သကျင်ဘုရား ရှိပါတယ်၊ ခုဆို အမိုးတွေပေါက်ပြဲကုန်လို့ သွပ်မိုးဖို့ ရှိပါတယ်ခင်ဗျ"

"ဒီတန်ဆောင်းကြီးကကော အယ်လိုခေါ်သလဲ၊ နောက်ပြီး ဘုရားဘွဲ့တော်တွေလဲ ပြောပြပါဦး"

"အဲဒါ ကိုးဆူတန်ဆောင်းကြီးပါ၊ ဗုဒ္ဓရုပ်ပွားတော်ကိုးဆူအပြင် ကြေးသွန်းရုပ်ပွားတော်ကြီး၊ နှစ်ကျိပ်ရှစ်ဆူဘုရားများလည်း ရှိပါတယ်၊ ဆရာ ဟိုမှာကြည့်ပါ၊ ရှေးဟောင်း သုတေသနပြတိုက်ကို ပို့ပါလို့ ပြောပါတယ်ခင်ဗျ"

"ဟာ ဒါ ဂဝံကျောက်ဆစ်ထားတဲ့ ထီးတော်ကြီးပါလား၊ ဒါဆို ပါဒမြို့ဟာ ဂဝံနဲ့ဆောက်လုပ်တယ်လို့ ကြားဖူးတာ မှန်နေပြီလားခင်ဗျာ"

"မှန်ပါတယ်၊ တောင်ဘက်မှာလည်း ဗုဒ္ဓရုပ်ပွားတော် သုံးဆူဟာ ရှေးဟောင်းဘုရားများ ဖြစ်ပါတယ်၊ ဟိုမှာက အနောက်ဘက်လှေကားနဲ့ တန်ဆောင်းတော်ကြီး လေမုန်တိုင်းဒဏ်ခံလိုက်ရလို့ မြေခဲ့ပြီး ပြိုကျခဲ့ပြီး အဲဒါ ပြန်အသစ် တည်ဆောက်ပါ့မယ်၊ အားလုံး အလှူရှင်ရော အလှူငွေပါစုဆောင်းနေပါတယ်၊ အလှူငွေကတော့ သိန်း ၁၀၀၀ လောက်ကုန်ပါ့မယ်၊ အရှေ့ဘက်မုခ် အနောက်ဘက်မုခ်တွေ အားလုံး အသစ်ဆောက် ပြန်လည်ပြုပြင်ရပါမယ် ခင်ဗျာ"

"ဒါဆို အလှူရှင် လိုအပ်နေမှာ ပေါ့နော်"

"မှန်ပါတယ်၊ အလှူရှင် လိုအပ်နေလို့ ဖိတ်ခေါ်ပါရစေခင်ဗျာ"

"ဦးလေး၊ ဒီဗောဓိပင်ကြီးက ရှေးကတည်းကရှိလား ခင်ဗျာ"

"ဒီဗောဓိပင်ကြီးက သီဟိုဠ်က ပင့်ဆောင်ပြီး ကိုးကွယ်ထားတာပါ၊ သူ့ရဲ့ စာချိုးနဲ့တဘောင်က 'အောင်စည်အောင်ကြောင်း' မင်္ဂလာအပေါင်း စိုက်ပျိုးကိုးကွယ် တည်ထားတယ်၊ မြန်မာ သက္ကရာဇ် ၁၃၁၂ ခုနှစ်က စတင်စိုက်ပျိုးခဲ့ခြင်း ဖြစ်ပါတယ်"

"ဒါဆို နှစ် ၆၀ နီးပါး ဖြစ်လာပြီပေါ့၊ ကျွန်တော့်ထက်တောင် အသက်ကြီးသေးတယ်"

"ကဲ ဆရာ၊ ကျွန်တော်က ရုံးအဖွဲ့မှူး ဦးမြင့်အောင်လွင် ဖြစ်ပါတယ်၊ ရုံးခန်းကိုကြွပါ၊ လိုတာရှိရင် ပြောပါ၊ ကြိုဆိုပါတယ်"

"ဟုတ်ကဲ့ ခင်ဗျာ၊ သွားကြစို့"

စာရေးသူ ရုံးခန်းထဲသို့ ရောက်သောအခါ ဂေါပကဥက္ကဋ္ဌကြီးနှင့်အတူ အဖွဲ့ဝင်များ ရှိနေကြပါသည်။



ဂေါပကအကျိုးဆောင်အဖွဲ့

ရုံးအဖွဲ့မှူးက ရှင်းလင်းပြရာမှာ-

"ယခင်တုန်းက ဒီဘုရားကြီးက ထုံးသင်္ကန်းဖွေးဖွေးနဲ့ ဖူးရပါတယ်၊ အခု ကျွန်တော်တို့ ၂၀၀၂ ခုကစလို့ ဘုရားကြီးကို ပြန်လည်ပြုပြင်ပြီး ရွှေသင်္ကန်း ကပ်လှူခဲ့ပါတယ်၊ နောက် ၂၀၀၈ ခုနှစ်မှာ နာဂစ်မုန်တိုင်းဒဏ်ကြောင့် စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်တို့မှာပျက်စီးခဲ့ရပါတယ်၊

ဒီနောက် ပျက်စီးနေတဲ့ထီးတော်ကိုပို့ဆောင်ရေးဝန်ကြီးဌာနနှင့် စေတနာရှင် ပြည်သူများမှ သဒ္ဓါတရား ထက်သန်စွာ ပြန်လည်ပြုပြင် လှူဒါန်းကြလို့ ၁၃၇၀ ပြည့်နှစ် နတ်တော်လပြည့်နေ့ ၁၂. ၁၂. ၂၀၀၈ နေ့မှာ ရွှေထီးတော် တင်လှူပူဇော်ခဲ့ပါတယ်၊ နောက်ကျန် ပြုပြင်စရာရှိတဲ့ သီဟဗလ ဓမ္မာရုံကြီး အမိုးများနဲ့ မြေထိန်းနံရံကာခြင်း၊ အရှေ့ဘက်စောင်းတန်းနှင့် အနောက်ဘက်စောင်းတန်းများ အသစ်တည်ဆောက်ပါ့မယ်၊ ယခု တံခွန်တိုင်သစ် တည်ဆောက်နေပါတယ်၊ ဒါကြောင့် ဘုရားဖူးလာ ပြည်သူများ လှူဒါန်းနိုင်ဖို့ စီစဉ်ပေးပါမယ်ခင်ဗျာ"

"ကဲ. . . အားလုံးတော့ ပြည့်စုံလောက်ပါပြီခင်ဗျာ၊ အမှတ်တရဓာတ်ပုံ ရိုက်ကြရအောင် စာရေးသူက ဂေါပကဥက္ကဋ္ဌကြီးနှင့် အကျိုးဆောင်များအား အမှတ်တရ မှတ်တမ်းဓာတ်ပုံ ရိုက်ခဲ့ပြီး နှုတ်ဆက်ကာ တောင်ဘက်ရှိ သဒ္ဓါ တောင်ပိုင်ဘိုးဘိုးကြီး၊ ရေငံပိုင်ဦးရှင်ကြီးနှင့် သူရဿတီမယ်တော်၊ ကွမ်ရင်မယ်တော်တို့ကို ဓာတ်ပုံရိုက်ခဲ့ပါတယ်၊ တောင်ဘက်စောင်းတန်းလှေကားအတိုင်း အောက်သို့ဆင်းလိုက်တော့ ထမင်းဆိုင်ကို တန်းတန်းမတ်မတ်ဝင်ရောက်ကာ ထမင်းစားခဲ့ရ၏။

## ပုံသဏ္ဌာန်ထူးခြား ကျိုက်ပြာသာဒ်တနော်ဘုရား

ဤစေတီတော်ကြီး တည်ထားသည့် မိဖုရားမိတနော်သည် (ဘဝဆက်

www.burmeseclassic.com

တိုင်း ဤအဖြစ်မျိုးနှင့် မကြုံရပါလို ကြောင်း)ဆုတောင်းပြီး မိမိ၏ပုံသဏ္ဍာန် တူရာ အထွတ်အမြတ်တင်၍ ဘုရင် သိစေချင်သောဆန္ဒနှင့် တည်ထားခဲ့ခြင်း ဖြစ်ပါသည်။

မောင်တော်ဘုရင် သတိ ရရှိစေ ခြင်းငှာ ရည်ရွယ်၍ ကြေကွဲဆို့နင့်စွာ ဖြင့် ဆုတောင်းတည်ထားခဲ့ရာ၏။

ဉာဏ်တော် ၁၅ တောင်ရှိခဲ့ရာ ယခုခေတ်အဆက်ဆက် သာသနာပြု သူများ ထပိုမ်ပြုပြင် လှူဒါန်းရင်း ပစ္စယံ ဝန်း (၄၂၀ ပေ ၁၀ လက်မ)ဉာဏ်တော် ၈၆ ပေရှိလာပြီး ကြည်ညိုသပ္ပာယ်စွာ ဖူးမြော်ရပါသည်။ ဤစေတီတော် ကြီးသည် အောက် ဖိနပ်တော် ကျယ် ဝန်းပြီး ပြာသာဒ်ပုံသဏ္ဍာန် တည်ထား တော်မူသဖြင့် ပုံတော်မှာ အလွန်ထူး ခြားစွာ ဖူးမြော်ရပါသည်။

ထို့ကြောင့် အခြားစေတီတော် များနှင့် မတူဘဲ သီးခြားပုံသဏ္ဍာန်ဖြစ် နေခြင်းကြောင့် ဖူးရသူအဖို့ တစ်မျိုး ဆန်းကြယ်နေပါမည်။ ထိုစေတီ၏ ဘွဲ့ တော်သည်လည်း မွန်၊ ကရင်၊ ရှမ်းတို့၏ နံမည်နှင့်တူနေ၍ ပို၍ပင် သိစေချင်ပါ သည်။

**စာရေးသူ၏ ရင်တွင်းစကား စေတနာထား**

ဩယလေးဖြာသံသရာမှာ ဘဝ အဆက်ဆက် သံသရာတစ်လျှောက် ကျင်လည်ကျက်စားနေရတဲ့ စာရေးသူ တို့တွေဟာ ထိုအတိတ်အကြောင်းတွေ မသိနိုင်ခဲ့ခြင်းကြောင့်ဖြစ်ကြောင်း ကုန် စင်အောင် မပြောနိုင်ကြပါ။ သို့သော် အတိတ်ရဲ့ အရိပ်ကတော့ နောက်က လိုက်နေစမြဲပါပဲ။

တညင်ခေါ်တဲ့ သန်လျင်ဟာ ရှေးပါဒတိုင်းပြည်ကြီး၊ ဂဝံမြို့တော်ကြီး လို့ တင်စားခေါ်ဆိုခဲ့ကြပါတယ်။ ရှေး အကျဆုံးလို့လည်း သမိုင်းတင်နိုင်ခဲ့ကြ တယ်။ အောက်ပြည်မှာ ပါဒနိုင်ငံတော် ကြီးကရှိနေပြီး အရှေ့ဘက်ကမ်းခြေ ဟံ သာဝတီ၊ မော်လမြိုင်၊ ရေး၊ မြိတ်၊ ထား ဝယ်၊ အနောက်ဘက်ကမ်းခြေ၊ ဒလ၊ တွံတေး၊ မြောင်းမြ၊ ပုသိမ်တို့ဟာ ပါဒ ဘုရင်နိုင်ငံတော်တွင်းမှာ ပါနေပါ၏။ ဒီတော့ ပါဒဘုရင်တို့ တန်ခိုးကြီးစိုးရာ နေရာဒေသများ ဖြစ်နိုင်ပါသည်။

ယခု စာရေးသူမြင်ခဲ့ရသော ဂဝံ ထီးတော်သည် ရှေးနှစ်ပရိစ္ဆေဒဆိုသည် မှာ မလွဲတော့ပါ။ ယနေ့ လက်ဆင့်ကမ်း သယ်ဆောင်လာသော သမိုင်းရာဇဝင် အမွေအနှစ်တွေသည် မြန်မာနိုင်ငံတော် တစ်ဝန်းတွင် ရှိနေပါ၏။

ဤ အမွေအနှစ်ကို သဘာဝ ဘေးဆိုးများက ဖျက်ဆီးတတ်ကြ၏။ မည်သူမျှ တားဆီးကျော်လွှား မရသည့် ရေ၊ လေ၊ မီး၊ ငလျင် ဒဏ်ခံခဲ့ရသည့် သမိုင်းအမွေအနှစ်များ တန်ဖိုးထား ပြုပြင်ထိန်းသိမ်း တည်ဆောက်သင့် ပါ၏။

ထို့ကြောင့် ဤသာသနာ အမွေ အနှစ်များ ထိန်းသိမ်းပြုပြင်ရန်အတွက် စေတနာ သဒ္ဓါထက်သန်စွာဖြင့် ပါဝင် လက်တွဲ ဒါနပွဲ ဆင်နွှဲကြဖို့ လိုနေပါပြီ။ ရောက်သူတိုင်းဖူးမြော်၊ ဖူးမြော်သူတိုင်း လှူဒါန်းကြလျှင်တော့ မကြာမီ ဤ သမိုင်းဝင် ကျိုက်ပြာသာဒ်တနော်စေတီ ကြီး၏ သာသနိက အဆောက်အအုံ အသစ်တစ်ဖန် မြင်တွေ့နိုင်ပါတော့မည် ဟု ဧကန်မလွဲ သန္နိဋ္ဌာန်ချ ဆုတောင်း လိုက်ပါတော့သည်။

❐ မင်းတိုင်ပင်(မြရောင်မြေ)

ကျမ်းကိုး

၁။ ကျိုက်ပြာသာဒ်တနော် သမိုင်း မှတ်စု

၂။ ကိုယ်တွေ့မှတ်တမ်း

**စာမူများ ပေးပို့နိုင်ပါသည်**

စာပေ ဝါသနာရှင်များ မိမိ၏စာမူကို မိတ္တူကော်ပီထား၍ လပြည့်ဝန်းမဂ္ဂဇင်း တိုက်သို့ ဆက်သွယ်ပေးပို့နိုင်ပါသည်။ မရွေးချယ်သော စာမူများကို ပြန်လည်ပေး ပို့မည်မဟုတ်ပါ။

တခြားမဂ္ဂဇင်းတိုက်များသို့ တစ် ပြိုင်တည်း ပေးပို့ခြင်းမျိုး မပြုလုပ်ကြပါ ရန် မေတ္တာရပ်ခံပါသည်။

ရှေးဟောင်းဘုရားသမိုင်းကြောင်း များ၊ ဘာသာရေး ဆောင်းပါးများ၊ ဂန္ထဝင် ဝတ္ထုများ၊ မဆိုးဝတ္ထုများ၊ ရသဝတ္ထုများ ဟာသများ၊ အရှေ့တိုင်းအနောက်တိုင်း ဆေးပညာရပ်များ၊ ထူးခြားဆန်းကြယ် သောဖြစ်ရပ်များ စသည်ဖြင့် ပေးပို့နိုင်ပါ သည်။

■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■

စီးပွားရေးလုပ်ငန်းရှင်များ
မိမိလုပ်ငန်း
ပိုမိုတိုးတက်
အောင်မြင်စေရန်
လပြည့်ဝန်းမဂ္ဂဇင်းတွင်
ကြော်ငြာများ
ထည့်သွင်းနိုင်ပါသည်။

■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■

အဖြူအမည်း
တစ်မျက်နှာ
ကျပ်တစ်သောင်းငါးထောင်တိတိ
ဖြစ်ပါသည်။

အဖြူအမည်း
မျက်နှာဝက်
ကျပ်ခုနစ်ထောင့်ငါးရာတိတိ ဖြစ်ပါသည်။

**ဆက် သွယ် ရန်**

အယ်ဒီတာအဖွဲ့
လပြည့်ဝန်းမဂ္ဂဇင်း
တိုက်အမှတ် (၇၂၄)၊
အခန်း (၁၈) ပထပ်၊ မဟာဗန္ဓုလလမ်း၊
(၁၇×၁၈)လမ်းကြား၊
လသာမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - ၂၅၀၆၆၈




www.burmeseclassic.com

www.burmeseclassic.com

# ရွှေစောလူးဘုရား ဆွမ်းချပွဲ

ကျော်လင်း(မြစ်ခြေ)



မြစ်ခြေမြို့က ရွှေစောလူးဘုရား



ဘုရားဆွမ်းချပွဲသို့ ရောက်ရှိလာသည့် လှူဖွယ်ဝတ္ထုများ၊ ဆွမ်းသပိတ်များ

မြန်မာနိုင်ငံ အလယ်ပိုင်း တစ် ...မင်းတစ်ပါး၏ ဘွဲ့တော်ရှေ့တွင် ... ဝိသေသပြုမှည့်ခေါ် ဘွဲ့တော် ... ရွှေစောလူး ဟူသော ဘုရား ... ဆယ်ဆူမက ရှိပါသည်။

မြန်မာ့စွယ်စုံကျမ်းအတွဲ (၃)တွဲ ...လူးမင်း တည်ထားခဲ့သည်ဟု ...ည်။ ရွှေစောလူးဘွဲ့တော်ခံသည့် ...နှစ်ဆူရှိကြောင်း ဖော်ပြထားပါ ... ထိုဘုရားနှစ်ဆူတို့မှာ မုံရွာ ခရိုင်၊ ...ဝင်မြို့နယ်၊ မြို့ကြီးရွာကြီး၌ တစ်ဆူနှင့် မင်းဘူးခရိုင်စလင်းမြို့နယ် ဖောင်းလင်းမှာ တစ်ဆူတို့ ဖြစ်ကြသည်။

တွင်းသင်းမဟာရာဇဝင်တော် စာမျက်နှာ (၉၈)တွင်မူ . . .

မင်းစောလူး အိမ်ရှေ့နေစဉ် အနော်ရထာဘုရင်တိုင်းခွင်လှည့်လည်တော်မူရာ မီးဝါဝါအမှတ်ကို မြင်၍ ကြည့်စေသော် ပုထိုးကို တွေ့တော်မူ၍ ဤကောင်းမှုသည်ကား ငါ့သား စောလူး၏ ကောင်းမှုတည်းဟု မိန့်တော်မူလေရကား မင်းဖြစ်ပြီး (၂)နှစ်မြောက် သက္ကရာဇ် (၄၂၃)ခု၊ သန္တူလဆုတ် (၈)ရက်၊ တနင်္ဂနွေနေ့တွင် တည်တော်မူလျှင်း၏။

လယ်ကွင်းအရပ် ပင်လယ်မြို့ ရွှေဇစောလူးစေတီတစ်ဆူ ချင်းတွင်းမြစ်အနောက်ဘက်မြို့ကြီး၌ ရွှေစေတီတစ်ဆူ၊ ပြောင်းပြာမြို့၌ ရွှေစေတီတစ်ဆူ၊ မြန်မာနှစ် ၄၂၄ ဘောင်းလင်း (ဖောင်းလေး)မြို့ ရွှေသင်္ဂါသဗ္ဗတောင်၌ ဘုရားလေးမျက်နှာတည်တော်မူ၏ဟု ဖော်ပြပါရှိပါသည်။

ထိုစာပိုဒ်အရ စွယ်စုံကျမ်းတွင် ဖော်ပြသည့်နှစ်ဆူအပြင် ပင်လယ်မြို့နှင့် ပြောင်းပြာမြို့တို့၌လည်း စေတီများတည်ထားခဲ့သည်ဆိုသဖြင့် မဟာရာဇဝင်တော်အရ စောလူးမင်း (အေဒီ ၁၀၇၇-၁၀၈၄)က ဘုရားလေးဆူတည်ထားခဲ့သည်ဟု မှတ်ယူရမည်ဖြစ်သည်။

ထို့အပြင် စာရေးသူ သိထားသည်မှာ မိတ္ထီလာမြို့၊ မြစ်သားမြို့၊ မြစ်ငယ်မြို့ မိချောင်းတက်ရွာ၊ အမရပူရမြို့၊ ဆိပ်ဖြူမြို့နယ် ရွာသစ်ရွာ၊ ကျောက်ဆည်မြို့ ထားဝယ်စုရွာ၊ ရမည်းသင်းမြို့နှင့် ကူမဲမြို့အနီးရှိ ပြက္ခရွှေတောင်စသည်တို့၌လည်းကောင်း၊ စာရေးသူတို့မြို့၌လည်းကောင်း ရွှေစောလူးဘုရားများ ရှိနေကြပါသည်။

ရွှေစောလူးဘုရားတို့ အနက် မြင်းမူမြို့မှ ရွှေစောလူးဘုရားမှာ လူသိအများဆုံး အထင်ရှားဆုံးဘုရား ဖြစ်ပါသည်။ နှစ်စဉ် ဝါခေါင်လတွင် ကျင်းပသည့် ရွှေစောလူးဘုရားပွဲမှာ အလွန်စည်ကားလှပါသည်။ မြန်မာနိုင်ငံတစ်နံတစ်လျားမှ ပွဲဈေးရောင်းသူများ ပွဲဈေးလာရောက် ရောင်းချကြသဖြင့် လူသိ



www.burmeseclassic.com


www.burmeseclassic.com




အာရုံခံဇရပ်အတွင်းရှိ ရုပ်ပွားတော်မြတ်နှင့် သပိတ်အချို့အား အောက်ခြေတွင် မြင်တွေ့ရပုံ



ရွှေစောလူးဘုရားအရှေ့ဘက်တွင် အုတ်ပြာသာဒ်ပုံ



ရွှေစောလူးဘုရား ပထမပစ္စယာ တနင်္ဂနွေထောင့်မှ ခြင်္သေ့ရုပ်ထု

အများဆုံး၊ အထင်ရှားဆုံးဟု ဆိုခြင်းဖြစ်ပါသည်။ စေတီတော်မှာ ဉာဏ်တော်သိပ်မမြင့်မားလှသော်လည်း ဖိနပ်တော်မှ စိန်ဖူးတော်အထိတိုင်အောင် ရွှေသင်္ကန်း၊ ရွှေပြားသင်္ကန်းတို့ ကပ်လှူထားသဖြင့် ဝင်းလက်တောက်ပလျက် ကြည်ညိုဖွယ်ရာအတိပင်။

စာရေးသူတို့မြို့ရှိ ရွှေစောလူးဘုရားမှာ ဉာဏ်တော်အားဖြင့်လည်း ကောင်း၊ပုံစံတော်အားဖြင့်လည်းကောင်း လွန်စွာသပ္ပာယ်လှပါသည်။ ဘုရား၏ ပလ္လင်ခုံ (ပထမပစ္စယာ) သို့ တောင်မြောက်နှင့် အနောက်ဘက်တို့မှ လှေကား သုံးစင်းဖြင့် တက်ရောက်နိုင်ပါသည်။

အရှေ့ဘက်၌မူ ရင်ပြင်တော်နှင့် တညီတည်း အုတ်ပြာသာဒ် တစ်ဆောင်ရှိနေပါသည်။ ထိုပထမရင်ပြင်၌ အရံစေတီ (၁၁)ဆူနှင့် ပင်မ စေတီတော်၏ ထောင့်လေးထောင့်တို့၌ အရွယ်တော် ခြင်္သေ့လေးကောင်တို့ ရှိကြပါသည်။

ဒုတိယပစ္စယာ၏ ထောင့်လေးထောင့်၌လည်း အရံစေတီငယ် လေးဆူတို့ရှိကြပြီး အထက်နှစ်ဆင့်တို့၏ထောင့် အသီးသီး၌ ပန်းစိုက်အိုးများရှိကြသည်။

သမိုင်းအဆိုအရ ဖခမည်းတော် ဘုရင် ကျွဲခတ်ခံရသဖြင့် နတ်ရွာလားခဲ့ရာ အောင်သာ-မြစ်ခြေ ခေါ် ဤအရပ်၌ စောလူးမင်းက အမှတ်တရ တည်ထားခဲ့ခြင်း ဖြစ်သည်ဟု ဆိုကြပါသည်။

ဤ ရွှေစောလူးဘုရားကြီး၏ ဘုရားဆွမ်းချပွဲကို နှစ်စဉ် ကဆုန်လပြည့်နေ့တစ်နေ့တည်းတွင်သာ ကျင်းပပါသည်။ ဟိုယခင် ရွှေစောလူး တောရကျောင်းဆရာတော် ဦးနန္ဒိယလက်ထက်ကမူ ဘုရားဆွမ်းချပွဲတွင် ရုပ်ရှင်၊ စတိတ်ရှိုးစသည်တို့ဖြင့်လည်းကောင်း၊ အနည်းဆုံးညလုံးပေါက် ဗွီဒီယိုပြခြင်းစသည့် လူငယ်တို့အကြိုက် ပျော်ပွဲ ရွှင်ပွဲများ ထည့်ခဲ့ပါသည်။

ဆရာတော် ပျံလွန်တော်မူပြ[...] နောက် ရွှေစောလူး တောရကျောင်းကို[...] ဆက်ခံကာ ကျောင်းထိုင်တော်မူသည်[...] ဆရာတော်ကြီး၏တူ ဆရာတော်[...] ဦးပညာဝံသမှာ ဓေတ်ပညာတ[...] ဘီအေဘွဲ့နှင့် ဓမ္မာစရိယာဘွဲ့တို့ကို [...] သည့် ဆရာတော်ငယ်တစ်ပါးပင် ဖြ[...] သော်လည်း လစဉ် တရားရိပ်သာ[...] ဖွင့်လှစ်ခြင်း၊ ရှင်အပါး ၁၀၀၊ ရှင်အ[...] ၂၀၀ စုပေါင်းရှင်ပြုပေးခြင်း စသ[...] ပျော်ပွဲ ရွှင်ပွဲထက် ဘာသာရေးဆိုင်[...] ကိစ္စတို့ကိုသာ အထူးအလေးပေး[...] ဆောင်ရွက်လျက် ရှိပါသည်။

ပြီးခဲ့သည့် ကဆုန်လပြည့်[...] တစ်ရက် (၆. ၅. ၂၀၁၂) နေ့က[...] MRTV 4 မှ ဆရာတော်လေး၏ ယ[...] ရှင်အပါးနှစ်ရာပြုပွဲ အခမ်းအန[...] နဒီပါဒ၏ ရှင်နှစ်ရာပြုပွဲကို ပြ[...] ခဲ့ပြီး ဖြစ်ပါသည်။ ယခုနှစ် ရွှေစော[...] ဘုရားကြီး၏ ဘုရား ဆွမ်းချပွဲ[...]



www.burmeseclassic.com

www.burmeseclassic.com

လူငယ်များအကြိုက် ပျော်ပွဲရှင်ပွဲ ထည့်သွင်းခြင်း မပြုတော့ဘဲ ဘုရားပွဲသက်သက်သာ အေးဆေးတည်ငြိမ်စွာကျင်းပခဲ့ပါသည်။

စာရေးသူတို့မြို့ရှိ ဘုရားဆွမ်းချမှုဲ အများစုမှာ မြို့ရှိ သံဃာတော်တို့အား ဆွမ်းသပိတ်များ လောင်းလှူကြခြင်းဖြစ်ပါသည်။ သပိတ်ထဲ၌ သပိတ်နှင့်တစ်ဝက်ခန့် ဆွမ်းနှင့် ဟင်းလျာလေးမျိုးခန့်ကို ဟိုးယခင်ရှေးကျသော နှစ်များအဆိုလျှင် ဖက်ခွက်ထိုး၍ အသားဟင်းတစ်မျိုး၊ ပဲနှပ်၊ ငါးပိကြော်၊ သရက်ချဉ် (သို့) အချဉ်တစ်မျိုးမျိုးဖြင့် ဖွယ်ဖွယ်ရာရာတို့အပြင် သပိတ်ပေါ်၌ ငှက်ပျောဖီး၊ ဖယောင်းတိုင်ထုပ်၊ ကိတ်မုန့် သို့မဟုတ် ဘီစကွတ်မုန့်ထုပ် စသည်တို့ကိုသည်းကောင်း၊ အချို့က ခေတ်အလိုက် ငွေစက္ကူ ၁ဝိ တန်၊ ၁ဝဝိ တန်၊ ၅ဝဝိ တန်၊ ၁ဝဝဝိ တန်စသည်တို့ကို ဝါးခြမ်းကလေးများဖြင့်ညှပ်၍ စိုက်ထူပြီး တတ်နိုင်လျှင် တတ်နိုင်သလို လှူဒါန်းမှု ပြုကြပါသည်။

ယခုနှစ်ပိုင်းများ၏ ဘုရားဆွမ်းချပွဲတွင်မူ ဆွမ်းခြောက်လှူသူများရှိလာကြပါသည်။ ဆွမ်းခြောက် ဆိုသည်မှာ ဆန်၊ ဆီ၊ မုန့်ပဲသရေစာ၊ အဖျော်ရည်ဗူလင်း စသည်တို့ကို အချို့က သပိတ်တွင်းထည့်၍လည်းကောင်း၊ အချို့က ဘာလီပုံးကလေးများဖြင့်လည်းကောင်း ဆွမ်းနှင့် ဆွမ်းဟင်းအစား လှူဒါန်းခြင်းဖြစ်ပါသည်။

ဤသို့ ဆွမ်းသပိတ်များ လာရောက်လှူဒါန်းကြစေရန် ပဏာမအနေဖြင့် ဖိတ်စာဖြင့် လိုက်လံဖိတ်ကြားခဲ့ပြီး ဘုရားနှင့် နီးစပ်ရာ အေးဇေတီရပ်၊ အိုင်ရှည်ရပ်၊ တိုးချဲ့ ၁၊ ၂၊ ၃ ရပ်ကွက်များသို့ ဘုရားအကျိုးတော်ဆောင်များက လက်တွန်းလှည်းဖြင့် ရပ်ကွက်တွင်း လှူဒါန်းလိုသူများသို့ ဘုရားဆွမ်းချရက် မတိုင်မီနေ့က လိုက်လံ ဝေငှထားပါသည်။

အလှူရှင်တို့က ဘုရားဆွမ်းချနေ့ ရက်စောစော၌ မိမိတို့ တတ်နိုင်ရာတို့ကို ချက်ပြုတ်ကြော်လှော်၍ မိမိတို့လှူဒါန်းမည့် သပိတ်များကို ခေါင်းမှာရွက်လျက် နံနက် ၈ နာရီ နောက်ဆုံးထားပြီး ဘုရားကြီး၏ အရှေ့ဘက်ခံဇရပ်သို့ အရောက်ပို့ကြခြင်း ဖြစ်သည်။



စနေထောင့်မှ ရွှေစောလူးဘုရား

စာရေးသူတို့ မြို့ပေါ်တွင်ရှိသော ဘုန်းတော်ကြီးကျောင်းများနှင့် ဆင်ခြေဖုံးရွာနီးချုပ်စပ်မှ ကျောင်းများ အပါအဝင် ဘုန်းတော်ကြီးကျောင်းပေါင်း (၄၇)ကျောင်း ရှိပါသည်။ ထိုကျောင်းအားလုံးမှ တစ်ကျောင်းလျှင် သံဃာတော် တစ်ပါးနှုန်းကျပင့်ဖိတ်၍ နံနက် ၉ နာရီ မထိုးမီ ရွှေစောလူးတောရကျောင်းပေါ်တွင် လာရောက် စုရုံးရောက်ရှိကြပါသည်။

နံနက် ၉ နာရီထိုးသည့်အခါ ကြွရောက်လာသော သံဃာတော်အားလုံး တန်းစီလျက် ဇရပ်တွင်းသို့ ၎င်းတို့၏ နောက်လိုက် ကပ္ပိယများ၊ ကျောင်းသားများနှင့်အတူ ကြွချီတော်မူလာကြပါသည်။

ထိုအခါ အကျိုးတော်ဆောင်များက လာရောက်ပို့ဆောင်ရောက်ရှိလာကြသည့် သပိတ်လုံး အရေအတွက်ကိုလိုက်၍ သံဃာတော်တစ်ပါးလျှင် သပိတ်လုံး ငါးလုံး၊ သို့မဟုတ် ထို့ထက်ပို၍လည်းကောင်း ခွဲဝေလောင်းလှူကြခြင်း ဖြစ်သည်။ ထိုသို့ တစ်လုံးထက်မကရရှိကြသော သပိတ်များကို အတူလိုက်




ရွှေစောလူးဘုရား ပထမပစ္စယာပေါ်ရှိ ရာဟုထောင့်မှ ခြသေ့ရုပ်၊ စေတီရံနှစ်ဆူနှင့် အာရုံခံဇရပ်ကြီး





www.burmeseclassic.com

www.burmeseclassic.com



ရွှေစောလူးဘုရား တနင်္ဂနွေထောင့်မှ ရိုက်ကူးထားပုံ၊ အရှေ့ဘက်ရှိ ပြာသာဒ်ကို တွေ့မြင်နိုင်သည်




ရွှေစောလူးတောရကျောင်းဆရာတော်သို့ သပိတ်ကပ်လှူနေပုံ

ပါလာကြသည့် ကျောင်းသားကပ္ပိယတို့က တောင်းများ၊ အိတ်များဖြင့် ခံယူသွားကြပါသည်။ ရန်ကုန်မြို့တွင် ဆွမ်းဆန်စိမ်းလောင်းလှူသည့်ပုံစံအတိုင်းပင် ဖြစ်သော်လည်း မတူညီသည့်အချက်မှာ ရရှိသည့် ဆွမ်းသပိတ်များ၊ ဟင်းလျာများ၊ အခြားလှူဖွယ်များတို့မှာ မတူညီနိုင်ကြပါ။

အလှူရှင်များ၏ စီးပွားရေး အခြေအနေနှင့် သဒ္ဓါတရား အခြေအနေများအရ ဆူကြုံနိမ့်မြင့် ရှိကြပါသည်။ ကျရာကံဖြင့် အလှူခံရရှိခြင်းဖြစ်ရသည်ဟု ဆိုရမည်။ ဆွမ်းဆန်စိမ်းလောင်းလှူသလို အပါးတိုင်း အညီအမျှ ရရှိခြင်း မဟုတ်ကြပါ။ ယခုနှစ်တွင် ကျောင်းပေါင်း (၄၇)ကျောင်းမှ သံဃာတော် တစ်ပါးစီအတွက် သပိတ်လုံး(၅)လုံးနှုန်း ရရှိကြသည့်အပြင် လက်ကျန်သပိတ် (၁၀၀) ခန့်ပင် လက်ခံကျောင်းတို့အတွက် ကျန်ရှိနေပါသည်။ ယခင်နှစ်ကမူ သံဃာတစ်ပါးလျှင် သပိတ်(၇) လုံးကျ ရရှိခဲ့သည်ဟု သိရပါသည်။

စာရေးသူတို့မြို့တွင် ပွဲတော်ရ မဟာအဋ္ဌဒီသာ ရှစ်မျက်နှာဘုရားပွဲ ပြီးလျှင် ဒုတိယ သပိတ်လုံးအများဆုံး ရရှိသည့် ဘုရားဆွမ်းချပွဲ ဖြစ်ပါသည်။ မဟာအဋ္ဌဒီသာဘုရားကြီးကမူ မြို့လုံးဆိုင်ရာ ဘုရားကြီးဖြစ်သည့်အတွက် မြို့မ မြို့သစ်ရပ်၊ မကြီးကုန်းရပ်၊ ဖိုကုန်းရပ်၊ ကြောင်ပန်းခုံ၊ ရွာ အေး စသည့် ရပ်ကွက်ပေါင်းစုံက လာကြသည့် အတွက် သပိတ်ရရှိမှု အရေအတွက်မှာ ရွှေစောလူးဘုရားကြီးထ နှစ်ဆမက ရရှိခြင်း ဖြစ်ပါသည်။

ဘုန်းကြီးကျောင်း အရေအတွက်မှာမူ (၄၇)ကျော မျှသာ ဖြစ်သော်လည်း တစ်ကျောင်းကို တစ်ပါးမက သံဃာ များလျှင်များသလို ပင့်ဖိတ်လေ့ရှိသည်ဟု သိရပါသည်။

မဟာအဋ္ဌဒီသာဘုရားကြီး၏ ပွဲတော်ကို နှစ် နတ်တော်လတွင် ကျင်းပလေ့ရှိပါသည်။ စာရေးသူမှာ ခြေသားပင် ဖြစ်သော်လည်း ကျောင်းပြီးကတည်းက အလု အကိုင် တာဝန်ကျရာ ဒေသတို့၌ ကျင်လည်လှည့်လ နေထိုင်ရခြင်းကြောင့် ကိုယ့်မြို့ရှိ ကိုယ့်ဘုရားများ၏ ပွဲတော် ဆွမ်းချပွဲတို့ကို ငယ်စဉ်ကလေးဘဝ (၇)တန်းကျောင်းသာ အရွယ်လောက်အထိသာ ကြုံဆုံခဲ့ရပါသည်။

အသက်အရွယ်ရမှ တစ်ခါဖူးမျှ မကြုံဆုံခဲ့ရပါ။ ယ နှစ်တွင်မူ အရှေ့ခံဇရပ်အတွင်း ထားရှိပူဇော်မည့် ရန်က အင်းစိန် ရတနာဘိလပ်မြေရောင်းဝယ်ရေးမှ မသီတာလှူ သည့် ရုပ်ပွားတော်အနေကဇာတင်ပွဲကို ၁၃၇၄ ခု၊ ကဆုန် ပြည့်ကျော်(၁)ရက်နေ့တွင် ကျင်းပမည့်အတွက် ဖိတ်မန္တ ပြုသဖြင့် သာဓုအနုမောဒနာပြုရန် ရောက်ရှိနေစဉ် ကြုံကြ သည့်အတွက် ရွှေစောလူးဘုရားကြီး၏ ဘုရားဆွမ်းချပွဲ ဆင်နွှဲလိုက်နိုင်ခြင်း ဖြစ်သည်။

မိမိကြုံတွေ့ခဲ့ရသည့် ပွဲတော်အကြောင်းကို စာ များအား မျှဝေခံစားစေလိုသည့်အတွက် ဤဆောင်းပါး ရေးသားလိုက်ရပါတော့သည်။

❒ ကျော်လင်း(မြစ်

ကျမ်းကိုး

၁။ စွယ်စုံကျမ်းအတွဲ-၃


၂။ ကွင်းသင်းမဟာရာဇဝင်တော်ကြီး



www.burmeseclassic.com

www.burmeseclassic.com

# အဘဘိုးပီယ၏ ဖြစ်ရပ်ဆန်းများနှင့် ထေရုပ္ပတ္တိ



ကျော်ဇောဟိန်း(နံ့သာ)

မြန်မာနိုင်ငံတွင် ဗုဒ္ဓဘာသာဝင်များသာမက အခြားဘာသာဝင်များကပင် အသိအမှတ်ပြုရသော ထွက်ရပ်ပေါက် ပုဂ္ဂိုလ်ကြီးများ ရှိခဲ့ကြသည်။ ဂန္ဓာရီပညာဖြင့် ထွက်ရပ်ပေါက်ခဲ့ကြသော ရှင်မထီး၊ ဘားမဲ့၊ ဘားတမော့၊ ယက္ကန်းစင်တောင်ဆရာတော် အစရှိသော ဆရာတော်ကြီးများနှင့် အဘဘိုးမင်းခေါင်၊ အဘဘိုးဘိုးအောင်၊ ဘိုးတော်အေး၊ ဘိုးတော်ပြူး အစရှိသော ဘိုးတော်များ ပေါ်ပေါက်၍ လူသိများထင်ရှားခဲ့ကြသည်။

ထွက်ရပ်ပေါက် ဆရာတော်ကြီးများနှင့် ဘိုးတော်များတို့သည် ဘာသာ သာသနာ အရှည်တည်တံ့ရေးအတွက် သာသနာလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ သာသနာပြုသူများကို ကူညီပေးခြင်း၊ ဘေးအန္တရာယ်များမှ ဖယ်ရှားပေးခြင်း၊ သာသနာပြုနိုင်အောင် မစခြင်းတို့ဖြင့် ကူညီပေးကြသည်။

အဘဘိုးမင်းခေါင်၊ အဘဘိုးဘိုးအောင်နှင့်အခြားသောဘိုးတော်အပေါင်းတို့အား ဆည်းကပ် ကိုးကွယ်သူများ ရှိကြသလို အချို့ကလည်း ဆည်းကပ်ပူဇော်ခြင်းမရှိကြ။ ဘိုးတော်များကလည်း မကိုးကွယ်သူများကို အနှောင့်အယှက်မပြု။ ဘေးသင့်အောင် မလုပ်၊ ဒဏ်ခတ်ခြင်း မပြု၊ ယနေ့ ကိုးကွယ်ပြီး မနက်ဖြန် မကိုးကွယ်လိုလျှင်လည်း ရသည်၊ မည်သို့မျှ ဒုက္ခပေးလိမ့်မည် မဟုတ်ပေ။

ဘိုးတော်များ၊ ဝိဇ္ဇာများအား ဆည်းကပ်တိုင်တည်လိုကြသူများသည် ဘိုးတော်များ၊ ဝိဇ္ဇာများက (၁) ရတနာသုံးပါးကို ယုံကြည်ကိုးကွယ်ခိုင်းသည်။ (၂) အနည်းဆုံး ငါးပါးသီလခေါ် ကံငါးပါးကို လုံခြုံအောင် စောင့်ထိန်းခိုင်းကြသည်။ (၃) ပုတီးစိပ်ခြင်း၊ တရားထိုင်ခြင်း စသည်ဖြင့် တစ်ခုခုကို ဝတ်မပျက် မိမိတတ်နိုင်သလောက် အဓိဋ္ဌာန်ဖြင့် သုံးရက်၊ ခုနစ်ရက်၊ ကိုးရက်၊ တစ်လ၊ သုံးလ စသည်ဖြင့် မပျက်အောင်ပြုလုပ်ခိုင်းကြလေသည်။

ထို့ကြောင့် ဘိုးတော်စစ်၊ ဘိုးတော်မှန်များကြောင့် ဘာသာရေးတွင် ပို၍ အထောက်အပံ့ ဖြစ်ခဲ့ရသည်။ ထိုကဲ့သို့သော ဘိုးတော်များထဲမှ များစွာ ထင်ပေါ်ကျော်ကြားခြင်း မရှိသော်လည်း တကယ် ကျင့်ကြံအားထုတ်ခဲ့သည့် ဂိုဏ်းဖွဲ့ခြင်းလည်းမရှိ၊ လူသိထင်ရှားအောင်လည်း မကြိုးစား၊ ပဋ္ဌာန်းဆက်ရှိသူ သာသနာပြုလိုသူများကိုသာ ကယ်တင်ခြင်း၊ မစခြင်းပြုခဲ့သူ ဘိုးပီယ အကြောင်းကို လေ့လာသိမီသလောက် ဖော်ပြရေးသားမှု ပြုရပါသည်။

ဘိုးပီယသည် မြန်မာနိုင်ငံ အထက်ပိုင်း မြို့တစ်မြို့ ဖြစ်သော ကျောက်ပန်းတောင်းမြို့တွင် မွေးဖွားခဲ့သည်။ အညာသားတစ်ယောက် ဖြစ်သည်ဟု ဆိုသည်။

ငယ်စဉ်က အင်္ဂလိပ်၊ မြန်မာကျောင်းတွင်ဆယ်တန်းအောင်မြင်သည်အထိ ပညာသင်ကြားခဲ့သော ခေတ်ပညာတတ် တစ်ယောက်ဖြစ်ပြီး လူ့အမည်မှာ မောင်ပီယ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

မောင်ပီယသည် အရွယ်ရောက်သော် မတင်တင်ဆိုသူနှင့် အိမ်ထောင်ကျပြီး ချောက်မြို့သို့ ပြောင်းရွှေ့နေထိုင်ခဲ့သည်။ ချောက် ရေနံမြေတွင် စာရေးအလုပ်ကို ဝင်ရောက်လုပ်ကိုင်ခဲ့ပြီး စာရေးကလေး ကိုပီယဖြစ်လာခဲ့သည်။ သားသမီးထွန်းကားခြင်း မရှိခဲ့ပေ။


ထိုခေတ် ထိုအချိန်က ချောက်ရေနံမြေကို နိုင်ငံခြားသားများက ကြီးစိုးနေခဲ့သည်။ စာရေးလေး ကိုပီယသည် တိုင်းတစ်ပါးသား၏ လက်အောက် တစ်ပါးကျွန်အဖြစ် လုပ်ကိုင်နေရသော မိမိဘဝကို မနှစ်မြို့ခဲ့သောကြောင့် အလုပ်မှ နုတ်ထွက်ကာ မိမိတတ်ကျွမ်းသော စက်ချုပ်ပညာဖြင့် အထည်ချုပ်ဆိုင်ကလေးဖွင့်၍ လုပ်ကိုင်စားသောက်ခဲ့သည်။

လူတစ်ယောက်တွင် ကောင်းသော အချက်များရှိသလို ဆိုးသော အချက်များလည်း ရှိတတ်လေသည်။ အကောင်း အဆိုး ဒွန်တွဲနေသည် မဟုတ်ပါလော။ ကိုပီယတွင်လည်း မကောင်းသော အကျင့်ဆိုးတစ်ခု ရှိခဲ့သည်။ အရက်ကို အလွန်အကျွံသောက်ခြင်း ဖြစ်လေသည်။

အစပိုင်းတွင် စက်ချုပ်ရ၍ အညောင်းပြေ ညပိုင်းသောက်ရာမှ တဖြည်းဖြည်း နေ့ညမရွေး အမြဲမူးနေသော အရက်သမားဘဝရောက်ခဲ့သည်။ သို့သော် ကိုပီယသည် ပါရမီရှင်တစ်ဦးဖြစ်၍ ထူးခြားဆန်းကြယ်သော ဖြစ်ရပ်များနှင့် ကြုံဆုံခဲ့ရသည်။

တစ်ည အိပ်ပျော်နေသော ကိုပီယ၏ နားထဲတွင် အသံဩဇာနှင့် ပြည့်စုံသော လူတစ်ယောက်က သတိပေးသလိုလို၊ အမိန့်ပေးသလိုလိုဖြင့် အလေးထား ပြောကြားနေသော အသံကို သဲသဲကွဲကွဲ ကြားခဲ့ရသည်။

"အချိန်တန်ပြီ မင်း အလုပ်စလုပ်တော့" ဟူသော အသံဖြစ်သည်။ အရက်သမား၊ အထည်ချုပ်သမား



ဒေးစွန်ပါ ကမ္ဘာလုံးခြံကျောင်းမှ ကမ္ဘာလုံးစေတီ

ကိုပီယ ဘာစလုပ်ရမည်မသိ။ အရက်သောက်ဖို့လား၊ အထည်ချုပ်ဖို့လား ဒါပဲ သူသိသည်။ တခြားဘာမှမသိ ဝေခွဲ၍မရ။ ထိုအကြောင်းကို ဇနီးဖြစ်သူ မတင်တင်အား ပြောပြသည်။ သူလည်း ဘာမှ မသိ၊ ဘာမှ မပြောတတ်။

ထိုအသံကို ကြားနေရသည်မှာလည်း တစ်ရက်မဟုတ်၊ သုံးလေးရက်ဆက်တိုက်လိုလို ညတိုင်း ကြားနေရသည်။ ကြားသာ ကြားရသည် ဘာလုပ်ရမည်မသိ။ ပြောတဲ့လူကလည်း ဘာလုပ်ပါဟု သေသေချာချာမပြော။ အလုပ်စလုပ်ဖို့သာ ပြောသည်။ အတွေးနယ်မချဲ့တော့၊ စိတ်ညစ်လည်း မခံ၊ အရက်ကိုသာ ဆက်၍ ဆက်၍သောက်သည်။

ဤသို့ဖြင့် တစ်လခန့်အကြာ အကျီလက်ရှည် လည်ကတုံး အညိုရောင် ဝတ်ဆင်ပြီး ယောဂီရောင်ပုဆိုးဝတ်နှင့် ပဝါတစ်ထည်ကို ခေါင်းတွင်ပေါင်းထား၍ ညစ်မေနေသည့် လွယ်အိတ်အညိုကို လွယ်ထားသည့် အညိုရောင် လူကြီးတစ်ယောက် ဥပမိရုပ်ကတော့ ခံ့ခံ့ညားညား ကိုပီယ၏ စက်ချုပ်ဆိုင်သို့ ရောက်လာခဲ့သည်။

အညိုရောင်လူကြီးသည် ဘေးတွင် လွယ်ထားသော လွယ်အိတ်ထဲမှ အညိုရောင်ပိတ်တစ်ခုကို ဆွဲထုတ်လိုက်သည်။

"ငါ့ကို အကျီလက်ရှည် တစ်ထည် ချုပ်ပေးကွာ"ဟု ပြောပြောဆိုဆို ပိတ်စကို အပ်ချုပ်စက်ခုံပေါ်သို့ တင်လိုက်သည်။ ကိုပီယကလည်း အညိုရောင် လူကြီး၏ ကိုယ်ထည်အတိုင်းအထွာကို တိုင်းယူပြီး ဘောက်ချာရေးပေးရန်အတွက် အမည်ကို မေးရာ ဦးဘိုးကြားဟု ပြော၍ လိပ်စာကိုမေးသောအခါ. . .

"ငါ့မှာ လိပ်စာမရှိဘူး၊ ဝိဇ္ဇာမှာ လိပ်စာမရှိဘူး ဆိုတာ မင်း မသိဘူးလား"ဟုပြောသည်။ ထို့နောက် အဆိုပါ ဦးဘိုးကြားဆိုသူက ဆက်၍. . .

www.burmeseclassic.com

"မင်း အခုအချိန်ကစပြီး ပုတီး စိပ်ပါလား" ဟုပြောဆိုပြန်သည်။

ထိုသို့ ပြောသော်လည်း ကိုပီယ သဘောမပေါက် ဒုံးဝေးလွန်းလှသည် ဟုပင် ဆိုရလေမည်လား။

ဤသို့ဖြင့် ဆယ်လကျော်သွား ခဲ့သော်လည်း ကိုပီယလည်း ပုတီးမစိပ်၊ ဦးဘိုးကြားလည်း အင်္ကျီလာမယူ။ ထို့ ကြောင့်လည်း ကိုပီယသည် ထိုအင်္ကျီ ကိုရောင်းပစ်ပြီး ရငွေနှင့် အရက်ဆိုင်ကို အရက်သွားသောက်လေသည်။ တစ်နှစ် ပြည့်သောနေ့တွင် ဦးဘိုးကြား ရောက် လာ၏။ အင်္ကျီလာယူရာ. . .

"မရှိတော့ဘူး၊ ကြာနေတော့ ရောင်းစားပစ်လိုက်ပြီ"

ဟု ကိုပီယ ပြောလျှင် နောက် ထပ် အညိုရောင် ပိတ်စထစ်စထုတ်၍ ထပ်မံချုပ်ခိုင်းသည်။

ထိုအခါ ကိုပီယက အင်္ကျီ အတိုင်းအထွာ ထပ်ယူမည်ပြုရာ. .

"ငါ့ကိုယ်လုံးနဲ့ မတိုင်းနဲ့၊ မင်း ကိုယ်လုံးအတိုင်းသာ ချုပ်ထားပါ" ဟု ပြောပြီး တစ်ဆက်တည်း. . .

"မင်း ပုတီးကောစိပ်ဖြစ်ရဲ့လား" ဟုမေးရာ ကိုပီယက . . .

"ကျွန်တော့်မှာ ပုတီးမရှိဘဲ ဘယ် စိပ်ဖြစ်မလဲ" ဟု ပြောသောကြောင့် ဦးဘိုးကြားသည် သူ၏ လွယ်အိတ်ထဲမှ ပြောင်လက်နေသော အနက်ရောင်ပုတီး တစ်ကုံးကို ထုတ်ယူ၍. . .

"ဒီပုတီးနဲ့ စိပ်၊ ငါ ပုတီးပေးခဲ့ တာတောင် မစိပ်ရင် မင်း ဒုက္ခရောက် လိမ့်မယ်" ဟုပြောသဖြင့် ကိုပီယက. .

"ဘယ်လို စိပ်ရမှာလဲ" ဟု မေး သော် . . .

"အရဟံပဲ စိပ်ကွာ၊ မပျက်စေနဲ့၊ မှန်မှန်စိပ် ပုတီးကိုလဲ ဘယ်သူ့ကိုမှ မပေးနဲ့"

ဟုပြောပြီး လူသူလေးပါး မမြင် စေလိုသောဟန်ဖြင့် တောင်မြောက် ဝဲယာ ကြည့်ရင်း သုတ်သုတ်ကလေး ပြန်ထွက်သွားသည်။

ကိုပီယ စိတ်ထဲမှာတော့ ဘယ် လို လူကြီးလဲဟု တွေးတောနေမိသည်။

ထို့နောက်တွင် ကိုပီယ ပုတီးမှန် မှန်စိပ်လာသည်။ "ပုတီးမစိပ်ရင် မင်း ဒုက္ခရောက်လိမ့်မယ်" ဆိုသော ထိုလူ ကြီးစကားကို ကြောက်၍လောမသိ။

ဤသို့ဖြင့် ကိုပီယတစ်ယောက် ဘာသာရေးဘက်တွင် စိတ်ပါလာပြီး ဘာသာရေးစာအုပ်များ ဖတ်ရှုခြင်း၊ ပုတီးစိပ် တရားထိုင်ခြင်းများကို ဝတ် မပျက် ပြုလုပ်လာခဲ့သည်။

တစ်ည ကိုပီယ နှစ်နှစ်ခြိုက် ခြိုက် အိပ်ပျော်နေစဉ် သူ့နားထဲတွင် ကြားနေကျအသံရှင်၏ အသံကို ပီပီ သသကြီး ကြားရပြန်ပြီ။

"ဒီလောက်နဲ့ မရဘူးကွ၊ ဂန္ဓာရီ ထွက်ရမယ်" ဟုပြောသောအခါ ကိုပီယ ကလည်း ပြန်ပြောလိုက်သည်။

"ကျုပ်မလုပ်တတ်ဘူး၊ ခင်ဗျား ဘယ်သူလဲ" ဟု မေးလိုက်သည်တွင်

"ငါ ဘိုးမင်းခေါင်၊ မလုပ်တတ် ရင် လမ်းလျှောက်ပါ"

ဟု တိုတိုတုတ်တုတ် ပြောပြီး ပျောက်ကွယ်သွားသည်။

ကိုပီယကား မည်သို့ ဂန္ဓာရီ ထွက်ရမည်မသိ။ ဘယ်လိုလမ်းလျှောက် ရမှာလဲ မသိ လမ်းပျောက်နေသူဖြစ် ခဲ့သည်။ ဤသို့ဖြင့် ကစ်နှစ်ပြည့်မြောက် ခဲ့လေပြီ။ လမ်းပျောက်နေသည့် ကိုပီယ အတွက် လမ်းစရှာပေးမည့် ဦးဘိုးကြား ရောက်လာခဲ့ပြန်ပြီ။ ဒီတစ်ကြိမ်မှာ တော့ ကိုပီယက ချုပ်ပြီးသား အင်္ကျီ ကို ထုတ်ပေးလိုက်သည်။

ထိုအခါ ဦးဘိုးကြားက. . .

"ဒီအင်္ကျီက ငါ့အတွက်မဟုတ် ဘူး၊ မင်း ဝတ်ဖို့ ချုပ်ခိုင်းတာ ဟောဒီ ယောဂီပုဆိုးကလဲ မင်းအတွက်ပဲ၊ အခု ဝတ်လိုက်" ဟုဆိုကာ ပုဆိုးအညိုပါ ထုတ်ပေးသည်။

(ထိုအချိန်က ကိုပီယ၏ ဇနီးမှာ သူ၏မိဘထံ ပြန်၍ နေထိုင်နေသော အချိန် ဖြစ်သည်။)

ကိုပီယ တစ်ယောက် ယောဂီ ဝတ်စုံကို ဝတ်ဆင်ရသောအခါ ၎င်း သည် ကြက်သီးမွေးညင်းများထလာပြီး အခန်းတစ်ခုလုံးမှာလည်း အမွှေးနံ့သာစုံ တို့၏ အနံ့များဖြင့် မွှေးကြိုင်နေပါသည်။

"မင်းအခု ပုပ္ပားကို ဂန္ဓာရီထွက် ရမယ်၊ ငါနဲ့အတူ လိုက်ခဲ့ပေတော့"

ဟုပြောသံကြားသောအခါ တုံ့ ဆိုင်းခြင်း မရှိဘဲ ပစ္စည်းအနည်းငယ် ယူဆောင်၍ ဦးဘိုးကြားနောက်ပါးမှ ပုပ္ပားသို့ အရောက်လှမ်းခဲ့လေတော့ သည်။

ကိုပီယတစ်ဖြစ်လဲ ဘိုးပီယသည် ပုပ္ပားတွင် ကျင့်ကြံအားထုတ်နေစဉ် အတွင်း ဘဝပေးကုသိုလ်ကံ အကြောင်း မလှသောကြောင့်ဟုသာ ဆိုရပေမည်။ မျက်စိနှစ်လုံးစလုံး ကွယ်ခဲ့သည်။

မျက်စိအလင်း မရသော်လည်း စိတ်ဓာတ်မကျ၊ အားမလျှော့ခဲ့။ ယခင် ကထက်ပင်ပို၍ ပုတီးစိပ် တရားအား ထုတ်ခဲ့သည်။ အဘိုးမင်းခေါင်ကိုယ်တိုင် အနားမှနေ၍ ဘာပြီး ဘာလုပ် ဘယ် လိုလုပ် စသည့် အသံဖြင့် သတိပေးညွှန် ကြားနေသလို ခံစားသိရှိနေရသည်။

ဘိုးပီယသည် မျက်စိမမြင်သော် လည်း မြန်မာပြည်အနှံ့ ဂန္ဓာရီခရီးလှည့် လည်ခဲ့သည်။ အထက်မြန်မာပြည် မြစ် ကြီးနားအထိ ရောက်သလို အောက် မြန်မာပြည်တွင်လည်း မွန်ပြည်နယ်၊ ကရင်ပြည်နယ်များအထိရောက်ခဲ့သည်။

အထူးသဖြင့် ရန်ကုန်မြို့တွင် အနေများပြီး ပုဇွန်တောင် ရွှေဘုန်းပွင့် စေတီတော်တွင် အပွင့်ဓာတ်ရရှိစေရန် အများဆုံး ကျင့်ကြံအားထုတ်ခဲ့သည်။ ရွှေဘုန်းပွင့်စေတီတွင် အပွင့်ဓာတ်မရခဲ့ သော်လည်း မွန်ပြည်နယ် ကေသလ တောင်တွင် အကြားဓာတ်၊ အမြင်ဓာတ် များ ရရှိခဲ့လေပြီ။

တစ်ခုသော ညတွင် အသံရှင် ဘိုးမင်းခေါင်က. . .

"ဟေ့ ပီယ၊ မင်း မဟိဒ္ဓိဖြစ်သွား ပြီကွ" ဟုပြောသောအသံတိုင် ကြား



www.burmeseclassic.com

www.burmeseclassic.com

ခဲ့ရသည်။ လိုတရခဲ့လေပြီ။ ဘိုးပီယသည် သာသနာရေး ကိစ္စများကိုသာ ဦးစားပေး ဆောင်ရွက်ခဲ့သည်။ သာသနာပြုမည့်သူများကို စောင့်ရှောက်သည်။ မစသည်။ ကယ်သင့်သည့်သူများကိုလည်း ကယ်တင်ခဲ့သည်။

ဂန္ဓာရီ လှည့်လည် ရောက်ရှိသော နေရာတွင် အများအားဖြင့် ဘုရားစေတီပုထိုးများ တည်ထားခဲ့သည်များကို မတွေ့ရသော်လည်း ပဲခူးတိုင်း ဝမ်းဘဲအင်းမြို့ ဒေးစွန်ပါဘုရားသို့ သွားသောလမ်း ဘုရားသို့ ရောက်လုနီးနေရာ လမ်း၏ညာဘက်ခြမ်း ကမ္ဘာလုံးခြံကျောင်းအတွင်းထဲ၌ ဘိုးပီယရုပ်တုနှင့် ကမ္ဘာလုံးစေတီ တည်ထားခဲ့ကြောင်း ဖူးတွေ့ရပါသည်။

ပုပ္ပားတွင် နေထိုင်စဉ်က ဘိုးပီယသည် ခုနစ်ရက်တိတိ ဝိညာဉ်မဲ့၍ သေဆုံးသလို ဖြစ်ခဲ့သည်။ ရုပ်အဆင်းပင် တော်တော်လေးပျက်သွားခဲ့သည်ဟု ဆိုပါသည်။ သို့သော် သူ၏ဆရာဖြစ်သူ ဦးဘိုးကြားမှ လာရောက်၍ ဘိုးပီယ ပါးစပ်ထဲသို့ ခတ်လုံးတစ်လုံး ထည့်လိုက်သောအခါ အသက်ပြန်ရှင်၍ ငုတ်တုတ်ထထိုင်ခဲ့သည်ဟု ဆိုပါသည်။

ဘိုးပီယသည် အခြားဘိုးတော်များနှင့် မတူသော ထူးခြားမှုများရှိခဲ့သည်။ အရက်သောက်ခြင်းပင် ဖြစ်သည်။ အရက်သောက်ရာတွင် မောင်းထောင်ချိုင့်နှင့်ပင် ထည့်၍ သောက်တတ်သည်ဟု ဆို၏။

ဘိုးတော်တစ်ပါး အရက်သောက်သည်ဆိုခြင်းမှာ နှစ်မြို့ကြမည် မဟုတ်၊ သို့သော် ဘိုးပီယသောက်သော အရက်ကား အလွန်ထူးဆန်းလှသည်။ နိုင်ငံခြားအရက်၊ အရက်အပြင်းစား အရက်မျိုး မည်သို့သော အရက်မျိုးကို မဆို ဘိုးပီယထံ ပေးလိုက်၊ ဘိုးပီယလက်ထဲ ရောက်သွားလျှင် ထိုအရက်များသည် အရက်ဘဝမှ ရေဘဝသို့ ပြောင်းသွားရသည် သောက်၍လှည်းမမူးတော့။ ဘိုးပီယက. . .

"အရက်ဆိုတာ ဝါယော၊ ရေခတ် ရေက ဘာလဲ၊ ဝါယော" ပြောပြီး အခြားသူများကိုလည်း သောက်ခိုင်းသည်။ နိုင်ငံခြားမှ ဝယ်လာသော ဈေးကြီးလှသည့် အရက်များပင် ဘိုးပီယလက်ထဲရောက်လျှင် ရေဘဝသို့ ပြောင်းသွားရသည်။ မယုံ၍ ကိုယ်တိုင်သောက်ကြည့်သူများကပင် ဟုတ်မှန်ကြောင်း ဝန်ခံကြရသည်။

ဘိုးပီယသည် ဒေးစွန်ပါတောင်တွင် ထွက်မည်ဟု သတင်းဖြစ်ခဲ့သော်လည်း ဒေးစွန်ပါတောင်တွင် မထွက်ဘဲ မန္တလေးမှ တပည့်များက လာပင့်ကြ၏။ မန္တလေး ရောက်နေချိန် ခုနှစ် မမှတ်မိ ဝါဆိုလဆန်း(၁၀)ရက်နေ့တွင် ခန္ဓာဝန်ချခဲ့သည်။

ဘိုးပီယ၏ ရုပ်ကလာပ်ကို မန္တလေး ပန်ချာပီအုတ်စက်သင်္ချိုင်းတွင် ဂူသွင်းသဂြိုဟ်မှုပြုခဲ့ကြသည်။ ဂူသွင်းပြီး တစ်လအကြာတွင် အုတ်ဂူ အဖောက်ခံရပြီး ဆေးလွယ်အိတ်သည်လည်း ပျောက်ဆုံးနေကြောင်း သိရှိခဲ့ရသည်။

အရဟံ ဂုဏ်တော် ပုတီးစိပ်ရခြင်းနှင့် ပတ်သက်၍ ဘိုးပီယက ဤသို့ပြောသည်။

"သစ်တစ်ပင်ကို လွှသွားနဲ့ တိုက်ဖြတ်တဲ့နေရာမှာ လွှတစ်ကြောင်းတည်း တိုက်ဖြတ်မှ အဲဒီသစ်ပင်ဟာ လဲမယ်၊ လွှလမ်းကြောင်း ခဏ ခဏပြောင်းပြီး လွှတိုက်နေရင် သစ်ပင် ဘယ်ဖြတ်နိုင်မလဲ၊ ဂုဏ်တော်တစ်ပါးတည်းကို ထပ်တလဲလဲ ပွားရမယ် အရဟံ အရဟံ အရဟံ" စသည်များ အထပ်ထပ်ပွားများလေတော့သည်။

<u>ကိုးကား</u>

ဒေးစွန်ပါ ကမ္ဘာလုံးခြံမှ အဘိုးပီယ၏ တပည့်ဦးကျော်ဝင်း ယခုဦးပဥ္စင်း ဦးကုဏ္ဍလ၏ ပြောပြချက်များ။

❒ **ကျော်ဇောဟိန်း(နံ့သာ)**

ယခု ရေးသား ကြည်ညိုအပ်သော ဆရာတော်ဦးပရမမှာ ပေလေးပင်ရှင်လေးပါးတို့ ပေါ်ထွန်းရာ (တောင်တွင်းကြီးနှင့် မြို့သစ်မြို့နယ်) စိတ်တိုးဂါမ စိတ်တိုးကျောင်းဒါယကာ ဦးကျော်ဇံ တည်ထောင်ထားခဲ့သော ရှုံးတိုင်မြောင်ရွာတွင် ဖွားသန့်စင်သူ ဖြစ်ပါသည်။

ရှုံးတိုင်မြောင်ရွာသည် မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်အတွင်းတွင် တည်ရှိပါသည်။ ရှုံးတိုင်မြောင်ရွာနေ မြေပိုင်ရှင် ဦးဖိုးဇံ၏ ဇနီးဒေါ်အေးငြိမ်းက ဆရာတော်လောင်းလျာကို မွေးဖွားခဲ့ပါသည်။

မြန်မာနှစ် ၁၂၈၁ ခု၊ ဝါဆိုလဆန်း ၇ ရက် ကြာသပတေးနေ့ နံနက် ၉ နာရီ မိနစ် ၃၀ တွင် ဖြစ်ပါသည်။ မွေးချင်း ညီအစ်ကိုနှစ်ယောက်အနက် ဒုတိယသားရတနာဖြစ်ပါသည်။ တောင်တွင်းကြီးမြို့ ငါးဆင့် အနောက်ကျောင်း ဆရာတော် ဦးဇာဂရက မောင်မြတ်စောဟု အမည်ပေးခဲ့ပါသည်။

ထူးခြားချက်မှာ ဆရာတော်အလောင်းအလျာကို ပဋိသန္ဓေတည်စမှာပင် မိခင်မှာ ထူးခြားသော အိပ်မက်မြင်မက်ခဲ့ပါသည်။ ဝတ်ဖြူစင်ကြယ်နှင့် သူတော်စင် တစ်ဦးသည် ကလေးငယ်ကလေးကို ပိုက်၍ ထိုအမျိုးသမီးထံ လာရောက်ခဲ့ပါသည်။

ကလေးငယ်ကို မွေးစားပေးရန် စကားဆိုပါသည်။ မိခင်က ငြင်းဆိုပါသည်။ သူတော်စင်ကြီးက ဤကလေးသည် သင့်အား တာဝန်လေးအောင် ဒုက္ခပေးမည့်သူ မဟုတ်ပါ၊ သူ၏ ဘဝကို သူကိုယ်တိုင် ပြည့်ဝစေရန် ပညာပါရမီ ဖြည့်ဆည်းပြီးနောက် သတ္တဝါတို့အား ကောင်းရာသို့ရောက်အောင် ကယ်တင်ပေးမည့်သူဖြစ်သည်။ သာသနာပြုပုဂ္ဂိုလ်တစ်ဦး ဖြစ်သည်ဟု ပြောသဖြင့် ကလေးကို ပွေ့ချီခဲ့ကြောင်း






www.burmeseclassic.com

www.burmeseclassic.com

## အောင်ကိုးဆူဆရာတော် ဦးပရမ၏

# ထူးခြားသော ထေရုပ္ပတ္တိ



ပုဏ္ဏာဝတီအောင်

ဆရာတော်၏ မိခင်လောင်းလျာ ဖြစ်သူက သူ၏ အိပ်မက်ကို ပြောပြခဲ့ပါသည်။

ထို့နောက် မွေးဖွားသန့်စင်ပြီး (၆)နှစ်သားအရွယ်တွင် ရွာရှိ ဆရာတော်များဖြစ်သည့် ဆရာတော်ဦးသာဂရ၊ ဆရာတော်ဦးအာလောက ကျောင်းတိုက်သို့ အပ်နှံခဲ့ပါသည်။ သူငယ်တန်းစာမှ စတင် သင်ယူစေခဲ့ပါသည်။

(၈)နှစ်အရွယ်သို့ ရောက်သောအခါ တောင်တွင်းကြီးမြို့ အနောက်ဘက်မြို့နှင့် မနီးမဝေးရှိ မထီကျေးရွာ ဆရာတော်ဦးဥတ္တမထံတွင် အပ်နှံခဲ့ပါသည်။ အလယ်တန်းပညာရပ်များကို ဆည်းပူးလေ့လာစေခဲ့သည်။ ထို့နောက် အဘိုးတော်သူ တောင်တွင်းကြီးမြို့ သမာဓိမြို့ဝန် ခုံမင်းကြီးဦးရန်အောင်ထံ မိဘတို့က အပ်နှံခဲ့ပါသည်။

ခုံမင်းကြီးဦးရန်အောင်မှာ သီရိမင်္ဂလာတိုက်သစ်ကျောင်း အပါအဝင် အရံမြေနှင့်တကွ ဘုန်းကြီးကျောင်း (၁၁)ကျောင်းကို ရေစက်ချ လှူဒါန်းခဲ့သူ ကျောင်းဒါယကာ ဖြစ်ပါသည်။

ဆရာတော်လောင်းလျာ မောင်မြတ်စော ဆယ့်တစ်နှစ်သားအရွယ်တွင် အဘိုးဖြစ်သူ ခုံမင်းကြီးဦးရန်အောင်က ရှင်ဒါယကာပြု၍ မောင်မြတ်စောအား သာသနာ့ဘောင်သို့ သွတ်သွင်းချီးမြှင့်ခဲ့ပါသည်။ သီရိမင်္ဂလာ တိုက်သစ်ကျောင်းမှာပင် ရှင်သာမဏေအဖြစ် (၈)နှစ်ခန့်မျှ ပိဋကတ်စာပေတို့ကို နှံ့စပ်အောင် သင်ယူလေ့လာ ဆည်းပူးခဲ့ပါသည်။

မြန်မာနှစ် ၁၃၀၀ပြည့်နှစ်၊ တန်ဆောင်မုန်းလဆန်း (၈) ရက်နေ့တွင် သီရိမင်္ဂလာတိုက်သစ်ကျောင်းကို ပထမအလှူခံ တည်ထောင်ခဲ့သော ဆရာတော်မှာ ဦးကုန္တာဝရဖြစ်ပါသည်။ ဆရာတော်ဦးကုန္တာဝရ၏ ဆရာရင်းမှာ မြို့လုလင်အရှေ့မြောက်ဘက် ရွာအနီး ရဟန္တာကုန်းဟု သမုတ်သော (ယခုအခါ ကုန်းတော်) တောရကျောင်း ဆရာတော် ဦးသုဘောဂဖြစ်ပါသည်။

ရဟန္တာဟု တပည့်ဒါယကာ ဒါယိကာမတို့က သတ်မှတ်ကြည်ညိုခြင်းခံရသော ဆရာတော်ဖြစ်ပါသည်။

တောရိုင်းတိရစ္ဆာန်များက ဆရာတော်အား ဘေးရန် အန္တရာယ်မပြုလာရောက်၍ ကြည်ညိုပူဇော် ရှိခိုးကြသည်ဟုပင် ဒါယကာ၊ ဒါယိကာမတို့က ပြောဆိုကြပါသည်။ တစ်ဆင့်စကားကြားသိရပါသည်။

၎င်းရဟန္တာကုန်းတော် ဆရာတော်ကြီးမှာ မင်းတုန်းမင်းက သာသနာ့ဘောင် သွတ်သွင်း၍ မန္တလေးမှန်နန်း အပျိုတော်မယ်အိ(ဒေါ်အိ)က ရဟန်းပြုပေးသော ဆရာတော်ဖြစ်ပါသည်။

မန္တလေးမြို့၌ စာဝါသင်ယူရင်း ငါးဝါအရ သက်တော်နှစ်ဆယ့်ငါးနှစ်တွင် မန္တလေးမှ ထွက်ခဲ့ပြီး တောရဆောက်တည်ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုတောရဆောက်တည်ခဲ့သော ဆရာတော်ကြီး၏ တပည့်ရင်းမှာ ဆရာတော် ဦးကန္တာဝရ ဖြစ်ပါသည်။ သီရိမင်္ဂလာတိုက်သစ် ပထမဆရာတော်ဖြစ်ပါသည်။ ဆရာတော်ဦးပရမသည် သီရိမင်္ဂလာတိုက်သစ်ဆရာတော်၏ တပည့်ရင်း ဖြစ်ပါသည်။

ရှင်သာမဏေအဖြစ်နှင့်ပင် သီရိမင်္ဂလာတိုက်သစ်ကျောင်းတွင် သီတင်းသုံးပါသည်။ ပိဋကတ်စာပေတို့ကို လေ့လာသင်ယူခဲ့ပါသည်။ အရှင်ဦးပရမသည် စာပေတို့ကို သင်အံ့လေ့ကျက်ရင်း အစိုးရ ပထမငယ်၊ ပထမလတ်တန်းတို့ကို အောင်မြင်ခဲ့ပါသည်။သက်တော်(၁၉)နှစ်တွင် ဆရာတော်ဦးကန္တာဝရကို အမှူးပြု၍ တောင်တွင်းကြီးမြို့ မင်္ဂလာဇေယျကျောင်း ဆရာတော် ဦးကေသရကို ဥပဇ္ဈာယ်ပြုလျက် မြင့်မြတ်သော ရဟန်းအဖြစ် ခံယူခဲ့ပါသည်။

ရဟန်းအဖြစ်ခံယူပွဲတွင် အသောကကျောင်းဆရာတော်၊ ရွှေတောင်မင်းကျောင်းဆရာတော် အစရှိသော ဆရာတော်များ စာချဆရာတော်များလည်း ကြွတော်မူခဲ့ပါသည်။ သံဃာ အပါး နှစ်ဆယ်ကျော်ခန့် ရှိပါသည်။

ဦးပရမဆရာတော်၏ ပဉ္စင်းဒါယကာမှာ ဦးကြီးတော်သူဦးအောင်သူနှင့် ရဟန်းအမ ဒေါ်လေးကြီး မိသားစုတို့ ဖြစ်ပါသည်။ ရုံးတိုင်မြောင်ရွာကျောင်း ဆရာတော် ဦးကန္တဝရအမှူးပြုကာ ရုံးတိုင်မြောင်ရွာကျောင်းရှိ ခဏ္ဍသိမ်မှာပင် ရဟန်းအဖြစ် ခံယူတော်မူပါသည်။

ရဟန်းအဖြစ် တစ်ဝါရပြီးနောက် မန္တလေးမြို့သို့ ကြွတော်မူကာ စာပေပညာများ ဆက်လက်သင်ယူခဲ့ပါသည်။ မန္တလေးမြို့အနောက်ပြင် မစိုးရိမ်တိုက် နယူ (နျူပဒေသ) ပဒေသခွဲ၌ သီတင်းသုံး နေထိုင်လေ့လာရင်း ပထမကြီးတန်းကို အောင်မြင်တော်မူခဲ့ပါသည်။

စာပေပညာများကို ဆက်လက်သင်ယူရင်း ဂျပန်ခေတ်သို့ ရောက်သော အခါ တောင်တွင်းကြီးရှိ အမိကျောင်းတော်သို့ ပြန်လည်ကြွမြန်းခဲ့ပါသည်။ (မန္တလေးမှ မိခင်ကျောင်းသို့)

ထို့နောက် သီဟိုဠ်နိုင်ငံ ကန္ဒီမြို့သို့ ရောက်ရှိခဲ့ပါသည်။ မြတ်စွာဘုရား၏ လက်ဝဲအောက်စွယ်တော်မြတ် ကိန်းဝပ်တော်မူရာ စွယ်တော်တိုက်သို့ရောက်ရှိခဲ့ပါသည်။

စွယ်တော်ထိန်း အမတ်ကြီးနှင့် စွယ်တော်တိုက်တာဝန်ရှိ မထေရ်တို့ကို ပန်ကြားကာ စွယ်တော်တိုက်တွင် သီတင်းတစ်ပတ် (၇ ရက်ပတ်လုံး) သီတင်းသုံး နေထိုင်ခဲ့ပါသည်။

စွယ်တော်မြတ်ကို ဆွမ်း၊ ဆီမီး၊ စံပယ်၊ မြတ်လေး စသည်ဖြင့် နေ့ဝတ် ညဝတ်မပျက် နေ့စဉ်မပြတ် လုပ်ကျွေးပူဇော်ခဲ့ပါသည်။စွယ်တော်တိုက်အတွင်း ရွှေဗိမာန်၊ ရွှေကြုတ်တို့ကို ဖွင့်လှစ်ပူဇော်ခွင့် ရခဲ့ရာ စွယ်တော်မြတ်ကို ဆရာတော် ဖူးမြော်နေချိန်တွင် ညို၊ ဖြူ၊ ဝါ၊ ရွှေ၊ နီမောင်း ပြိုးပြက် တစ်ခဲနက်သော ရောင်ခြည်တော်တို့ ထွက်ပေါ်ကွန့်မြူးနေသည်ကို ကြည်ညိုရပါသည်။

ဆရာတော်မှာ ရောင်လျှံခြောက်ပါး ထင်ရှားမြူးကွန့်နေသော စွယ်တော်ကို ဖူးမြင်ရသောကြောင့် ဖရဏာပီတိ ဂွမ်းဆီထိသို့ တငြိမ့်ငြိမ့် တညောင်းညောင်း တပျောင်းပျောင်း တအိအိ ပီတိတွေ ရွှန်းဝေ နှစ်သက်လေသော စေတနာတို့ ကြွလျှမ်းလျက် ကြက်သီးတဖြန်းဖြန်း ထကာ အားရရွှန်လန်း ဝမ်းမြောက၍ ငါ၏ပါရမီခန်း ပွင့်လန်းလာချေပြီဟု စွယ်တော်မြတ်ကို လှမ်းဖြာဝေသော မနောဓာတ်ဖြင့် အတောမသတ် ကြည်ညိုနေပေတော့သည်။

သီဟိုဠ် (သီရိလင်္ကာ)ရှိ စွယ်တော်မှာ. . .

(၁) အဖျား၌ အပ်ဖျားခန့်ရှိသော နတ်ပေါက်ဟုခေါ်သည့် အပေါက်ငယ်ပါရှိပါသည်။ အဂ္ဂသိန္ဓုဟု ခေါ်ပါသည်။

(၂) အလျားအရှည်အားဖြင့် မဇ္ဈိမပုရိသဖြစ်သော ယောက်ျားကြီး၏ လက်သုံးသစ်ခန့်ရှိရပါမည်။ တိဝင်္ဂုလိပမာဏ ဟုခေါ်ပါသည်။

(၃) လုံးပတ်တော်မှာ ယောက်ျားကြီး၏ လက်ခလယ်ခန့် ရှိရပါမည်။ ပဇ္ဈင်္ဂုလိပရိဏာ ဟုခေါ်ပါသည်။

(၄) စွယ်တော်မြတ်၏ အရောင်အဆင်းမှာ အဖြူရောင်လည်း စဉ်းငယ်ရှိရပါမည်။ ကိဥ္စောဒါက ဟုခေါ်ပါသည်။

(၅) အနီရောင်လည်း စဉ်းငယ် ရှိရပါမည်။ ကိဉ္စိရတ္တ ဟုခေါ်ပါသည်။

(၆) ဆင်ဆယ်မျိုးတွင် အကြီးဆုံး အမြတ်ဆုံး ဆဒ္ဒန်ဆင်မင်း၏ အစွယ်ကဲ့သို့ အရင်းအလယ် ဖြောင့်စင်းကာ အဖျားဘက်၌ အနည်းငယ်ကော့ညွတ်နေရပါမည်။ ဆဒ္ဒန္တဒေါ်ဌတရိက္ခ ဟုခေါ်ပါသည်။ ဤလက္ခဏာ ခြောက်ပါးကို မျက်ဝါးထင်ထင် တွေ့ရှိနိုင်ကြသောကြောင့် စွယ်တော်စစ်စစ်ဟု ဆုံးဖြတ်နိုင်ပါသည်။

ဆရာတော်သည် စွယ်တော်မြတ်ကို အလွန်အထူး ပီတိမြူး၍ ဦးခိုက်ကြည်ညိုနေရင်း ပိုမိုကာ ကြည်ညိုစိတ်တို့ ရင့်၍ မြင့်၍ လာခဲ့ပါသည်။

ထို့ပြင် တောင်တွင်းကြီးမြို့နယ်သူ နယ်သားများ မြန်မာနိုင်ငံသူ နိုင်ငံသားများ စွယ်တော်မြတ်ကို ဖူးမြော်လိုက်ရလျှင် အင်မတန်ဝမ်းသာကြည်နူးမြူးကြွနေကြလိမ့်မည်။ မိမိမှာလည်း သာသနာ၏အကျိုး သယ်ပိုးရသောကြောင့် ကျေးဇူးများပေလိမ့်မည်။

ထို့ကြောင့် ဤစွယ်တော်မြတ်နှင့်အတူ စွယ်တော်ပွားတစ်ဆူအမိဌာန်ဖြင့် ပင့်ယူရန် အကြံဖြစ်ခဲ့လေသည်။ ထို့ကြောင့်လည်း မဖောက်မပြန် မှန်ကန်သော အမိဌာန်ဖြင့် စွယ်တော်တိုက်အတွင်း စွယ်တော်ကို ရှိခိုး၍ ဝတ်ပြုကြည်ညိုနေခဲ့ပေသည်။

ဤသို့ နေထိုင်ဖူးမြော်ရင်း (၇) ရက်မြောက်သော ညဦးပိုင်းတွင် စွယ်တော်ကို ဦးခိုက်ကြည်ညိုရင်း. . .





www.burmeseclassic.com

www.burmeseclassic.com

"တပည့်တော်သည် သုံးနှစ်သားမှစ၍ ယခု စွယ်တော်မြတ်ကို ဖူးမြော်နေသည့်တိုင် သာသနာ့အရေးကိုသာ တွေးတောခဲ့ပါသည်၊ သာသနာ့ဘောင်သို့ ဝင်သည့်နေ့မှစ၍ မြတ်စွာဘုရား၏ သာသနာကို ပြုစုခဲ့ရိုးအမှန်ဖြစ်ပါသည်။

ယခု သီဟိုဠ်သို့ ရောက်လာခြင်းမှာ သက်တော်ထင်ရှား မြတ်စွာဘုရား၏ စွယ်တော်မြတ်ကို မျက်ဝါးထင်ထင်ဖူးမြော်ချင်၍ လာရောက်ခဲ့ခြင်းဖြစ်ပါသည်၊ အခြား အကြောင်းထူးမရှိပါ။

တပည့်တော်သည် သာသနာ့ဘောင်ဝင်သည်မှစ၍ ယနေ့တိုင်အောင် တရားနာယူလိုသူတို့အား မြတ်စွာဘုရား၏ တရားတော်တို့ကို စိတ်စေတနာသဒ္ဓါတရားဖြင့် အချိန်ရသမျှ ဟောကြားခဲ့ပါသည်၊ ရသမျှ အချိန်တိုင်းမှာ သာသနာ့အကျိုး သယ်ပိုးခဲ့ပါသည်။

ရှေ့လျှောက်တွင်လည်း ဘုရား၊ တန်ဆောင်း၊ ဂူ၊ ကျောင်း၊ ပြာသာဒ်၊ ဇရပ်၊ ရေတွင်း ရေကန် စသော သာသနာ့အဆောက်အအုံတို့ကို အခါအခွင့်ရတိုင်း အဟောင်းပြုပြင် အသစ်တည်ဆောက် အမှုကိစ္စတို့ကို ဆောင်ရွက်မှာ သာသနာပြုမည် ဖြစ်ပါသည်။

မြန်မာနိုင်ငံသူ နိုင်ငံသားတို့ ကိုးကွယ်ပူဇော်ရန် တောင်တွင်းကြီးမြို့အတွင်း စွယ်တော်တိုက်ကြီး တည်ဆောက်၍ ကြီးစွာသော ပူဇော်မှုကို ခံယူစေမှာ ဖြစ်ပါသည်။ တပည့်တော် အဓိဋ္ဌာန်ဆောက်တည်၍ ပင့်လျှောက်ပါသည်။

ဤသို့မှန်သော သစ္စာစကားကို ဆိုပါသည်။

ဤသို့ဖြင့် သုံးကြိမ်တိုင်တိုင် အဓိဋ္ဌာန်ဝင် သစ္စာပြုလျက် ဆယ်ဖြာအစုံကြာပဒုမ်၏ အင်္ဂုံဖူးယှက် လက်အုပ်ရင်ခွင် လျှောက်တင် ရှိကျိုး ရှိခိုးနေစဉ်အတွင်း၌ စွယ်တော်ပွား တစ်ဆူသည် ထင်ထင်ရှားရှား မျက်ဝါးထင်ထင် ကြွရောက်သည့် အသွင်ကို မျက်မြင်ကိုယ်တွေ့ ဖူးမြင်လိုက်ရပါသည်။

ထို့ကြောင့် ကြွတော်မူလာသော စွယ်တော်ပွားကို ရွှေကြုတ်ဖြင့် ခံယူ၍ စွယ်တော်ထိန်းသို့ အကျိုးအကြောင်း လျှောက်တင်ခဲ့ပါသည်။ ပင့်ဆောင်ခွင့်ကိုလည်း ကြည်နူးကြည်သာ ခွင့်ပြုခဲ့ပါသည်။ ဆရာတော်ဦးပရမသည် သီဟိုဠ်ကျွန်း (သီရိလင်္ကာ)မှသည် မြန်မာနိုင်ငံသို့အရောက် စွယ်တော်မြတ်ကို ပင့်ဆောင်တော်မူခဲ့ပါသည်။

ရန်ကုန်မြို့တော်သို့ ရောက်သောအခါ မဟာသံဃာအဖွဲ့ချုပ်ဆရာတော်ကြီးများ၊ အဖွဲ့ဝင် သံဃာတော်များ၊ တောင်တန်းသာသနာပြုအဖွဲ့ဝင် ဒါယကာကြီးများ၊ သူဌေးကြီးဆာဦးသွင်၊ ပဲရေ့ဦးဆန်နီ၊ ဗြိတိသျှဘားမားဦးညွန့်၊ ဟသ်ာတဦးမြ၊ ပျော်ဘွယ်ဦးမြ၊ ရှေ့နေချုပ် ဦးချန်ထွန်း၊ တရားရေးဝန်ကြီးချုပ်ဦးသိန်းမောင်၊ ချင်းဝိဒေသတိုင်း ဝန်ကြီးဦးဝမ်းသူမောင်၊ ရှေ့နေကြီးဦးလှသိန်း စသော ပုဂ္ဂိုလ်ကြီးများ၊ ဒါယကာ ဒါယိကာမများ လေဆိပ်မှ ကြိုဆိုကြပါသည်။

အားလုံးမှာ ရွှင်ပြုံးမြူးကြွ ပီတိဖြာလျက်နေကြပါသည်။ ကြည်ညိုသဒ္ဓါစိတ်ဖြင့် စွယ်တော်မြတ်ကို ဖူးမြော်ကြပါသည်။

လေဆိပ်မှ ခမ်းနားစွာပင့်ဆောင်၍ ဆရာတော်သီတင်းသုံးခဲ့ရာ ဗဟန်းရပ် ဓမ္မသုခတိုက် အလယ်ကျောင်းကြီးသို့ ပင့်ဆောင်ခဲ့ပါသည်။ ရဟန်းရှင်လူပြည်သူတို့ ကြည်ညိုပူဇော်နိုင်ရန် ကိန်းဝပ်စံပယ်တော်မူစေပါသည်။

စွယ်တော်မြတ်သည် ရန်ကုန်မြို့တွင် သုံးနှစ်သုံးမိုးမျှ အပူဇော်ခံ ကိန်းဝပ်တော်မူခဲ့ပါသည်။ ထို့နောက် တောင်တွင်းကြီးသို့ ပင့်ဆောင်တော်မူခဲ့ပါသည်။ ဤသို့ ပင့်ဆောင်ရာတွင် စွယ်တော်နှင့်အတူ မဟာဗောဓိပင်သည်လည်း ရန်ကုန်မှ မကွေးသို့ လေယာဉ်ဖြင့် ကြွမြန်းခဲ့ပါသည်။

မကွေးမြို့မှတစ်ဆင့် မိကျောင်းရဲဆိပ်ကမ်းသို့ ပင့်ဆောင်ပါသည်။ ထိုမှတစ်ဆင့် တောင်တွင်းကြီးမြို့သို့ ပင့်ဆောင်ပါသည်။ ဇေယျမင်္ဂလာရွှေအင်းတောင် စေတီဂေါပကအဖွဲ့ဝင်များ၊ မြို့ပေါ်ရှိ ဂုဏ်သရေရှိ လူကြီးမင်းများ အားလုံးသည် သီရိမင်္ဂလာတိုက်သစ်ဆရာတော် ဦးရာဇိန္ဒ၊ ဆရာတော်ဦးကဝိန္ဒတို့၏ လမ်းညွှန်မှုနှင့်အတူ စွယ်တော်မြတ်နှင့် ဗောဓိပင်တို့ကို ကြိုဆိုဖူးမြော်ကြပါသည်။

တစ်မြို့နယ်လုံး အုန်းကျွက်ဆူညံကာ လမ်းလုံးလမ်းပြည့်လျှံလျက် မြေညွတ်မခန်း ဝမ်းသာကြည်နူး မြူးကြွလှိုက်ဟုန် ကြည်ညိုခြင်း ဂုဏ်ဖြင့် မျိုးစုံတူရိယာ တီးမှုတ်ကာဖြင့် စိတ်မှာ နိုးကြွကခုန်ကြ၍ အားရကော်ရော် ကြိုဆိုခဲ့ကြပါသည်။ ဇေယျမင်္ဂလာရွှေအင်းတောင် စေတီတန်ဆောင်းအတွင်းသို့တိုင် ပင့်ဆောင်ခဲ့ကြပါသည်။

ထိုမှ တစ်ဆင့် သီရိမင်္ဂလာတိုက်သစ် ဝိဟာရဝယ် ကြည်ညိုဖွယ်စံပယ်တော်မူခဲ့ပါသည်။ ဒါယကာ ဒါယိကာမတို့၏ ပူဇော်မှုကို ခံယူတော်မူခဲ့ပါသည်။ ထိုစဉ်ကာလတွင် တောင်တွင်းကြီး မြို့လယ်တွင် မှန်ကျောင်းကြီးကို တည်ဆောက်ခဲ့ပါသည်။

ထို့နောက် ဗုဒ္ဓစွယ်တော်မြတ်သည် ဖန်သားအတိ ရောင်ပြည့်ရွှန်းလက် ရွှေရောင်တို့ဖြင့် လျှံထွက်အံ့သော ရတနာကြုတ်အတွင်း စံပယ်တော်မူခဲ့ပါသည်။

နောက်ဆုံးတွင် မဟာဗုဒ္ဓဝိဟာရ မှန်ပြာသာဒ် ကျောင်းတော်ကြီးအတွင်း ရှုမငြီးနိုင်အောင် စံပယ်တော်မူခဲ့ပါသည်။ သုံးနှစ်မှာ တစ်ကြိမ်သာ ဖွင့်လှစ်၍ ဒေသာစာရီကြွလှမ်းကာ အပူဇော်ခံမြဲ ဖြစ်ပါသည်။

, ဆရာတော်သည် စွယ်တော်မြတ်ကို တောင်တွင်းကြီးသို့ ပင့်ဆောင်ပြီးနောက် ရန်ကုန်ဓမ္မသုခကျောင်းတိုက်သို့ ပြန်လည်ကြွမြန်းခဲ့ပါသည်။ မြန်မာနိုင်ငံလုံးဆိုင်ရာ မဟာသံဃာအဖွဲ့ချုပ်တွင် အကျိုးတော်ဆောင်အဖြစ်သီတင်းသုံးခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ဗဟိုတောင်တန်းသာသနာပြု အဖွဲ့ချုပ် အကျိုးဆောင်တာဝန်ကိုပါ ပူးတွဲထမ်းဆောင်ရင်း ရဟန်းရှင်လူ တို့အတွက် နိုင်ငံရပ်ခြားသို့ သွားနိုင်ရန် ကူညီခဲ့ပါသည်။

ဆရာတော်သည် ဘုရားစေတီတည်ရာတွင် အခါပေးခြင်း၊ ဓာတ်တော်များ ဌာပနာခြင်း၊ ကျောက်သားစေတီတည်ထားခြင်း စသည့် ဘုရားတည်သည့် လုပ်ငန်းများတွင်လည်း ဦးဆောင်ပါဝင်ခဲ့ပါသည်။ ကူညီခဲ့ပါသည်။

ဘုရားစေတီတည်၍ နေ့ချင်းပြီး ထီးတော်တင်ခြင်း၊ ဖောင်းရစ်အကုန်ရွှေချခြင်း၊ ဟင်္သာရုပ်တံခွန်တိုင် စိုက်ထူခြင်း၊ မီးသွယ်ခြင်းတို့ကို နေ့ချင်းပြီး ပြုလုပ်ခဲ့ပါသည်။

နေ့ချင်းပြီးတည်ဆောက်ကြည်ညိုခဲ့သော စေတီတော်မှာ ထိုနေ့မှာပင် ဓာတ်တော်များ ကွန့်မြူးခဲ့ပါသည်။ ထို့ကြောင့် ဘဝတစ်လျှောက် ဘုရားသစ်တည်ခြင်း၊ ဘုရားဟောင်းပြုပြင်ခြင်း၊ ကျောင်းဆောက်ခြင်းစသော သာသနာ့ကိစ္စတို့ကို အခက်အခဲမရှိ ဆောင်ရွက်နိုင်ရပါလို၏ဟူ၍ ဓာတ်တော်ကွန့်မြူးသည့် ဘုရားစေတီမှာပင် အဓိဋ္ဌာန်ပြုခဲ့ပါသည်။

ဆရာတော်သည် ဆဠသင်္ဂါယနာ ကိစ္စတာဝန်များ ပြီးသည့်နောက် ကျန်းမာရေး မမှု၍ ဇာတိဒေသသို့ ပြန်ခဲ့ပါသည်။ ဇာတိဒေသကား မြို့သစ်မြို့နယ် (မကွေးတိုင်းဒေသကြီး) ရှုံးတိုင်မြောင်ကျေးရွာ ဖြစ်ပါသည်။

ဇာတိရွာတွင် နှစ်နှစ်ကြာမျှ ဝါဆိုပြီး ကျန်းမာရေးမှုတလာ၍ မိမိ သီတင်းသုံးရာ ရွာရှေးဟောင်းကျောင်းကြီးကို ပြင်ဆင်ခဲ့ပါသည်။ ရေတွင်းရေကန် တူးဖော်ခဲ့ပါသည်။ (ဒက္ခိဏသာခါ) မဟာဗောဓိပင်ကို စိုက်ပျိုးခြင်း ပြုခဲ့ပါသည်။ ဘုရားဗျာဒိတ်တော်ရှိ အတောင် (၃၀)မျှစီရှိသော စေတီတော် ၁၂ ဆူကို အသစ်ဖြစ်စေရန် ပြန်လည်မွမ်းမံခဲ့ပါသည်။

ဘုရား (၅)ဆူကို ရွှေထီးအသစ်တင်လှူပါသည်။ ဘုရားခြောက်ဆူကို မှန်သက်န်းကပ်ပါသည်။ ရွာရှိ အဓိကရစေတီတော်ဖြစ်သော ရွှေဘုံသာစေတီကြီးကို သပိတ်မှောက်အထိ ရွှေသက်န်းကပ်လှူပါသည်။

ဤသို့ သာသနိက အဆောက်အဦးတို့ကို ပြုပြင်ရင်း ဆွေမျိုးဉာတိတို့ကို တရားဟောပြကာ ဘာသာရေးကို နက်နက်နဲနဲ ထဲထဲဝင်ဝင်ကျင့်ဆောင်စေပါသည်။

ရှင်သာမဏေ ရဟန်းတို့လည်း တိုးပွားစေရန် ဆောင်ရွက်ခဲ့ပါသည်။ ရွာအနီးရှိ ရွှေပန်းကုံးစေတီကိုလည်း ပြုပြင်ခဲ့ပါသည်။ သီရိမင်္ဂလာတိုက်သစ် ဆရာတော်ဦးကာဝိန္ဒကလည်း သာသနာရေးကိစ္စတို့ကို နေ့ညမပြတ် ပူးပေါင်းကူညီခဲ့ပါသည်။

ဘုရားတည် ကျောင်းဆောက် သာသနာပြု ညီနောင်ဟူပင် ခေါ်ဝေါ်ကြည်ညိုခဲ့ကြပါသည်။

တောင်တွင်းကြီးမြို့ရှိ အမိကျောင်းတော် ဆရာတော်၏ ဖိတ်ကြားချက်အရ တောင်တွင်းကြီးသို့ ပြန်လည်ကြွတော်မူခဲ့ပါသည်။ ၁၃၃၇ ခုနှစ်မှ စ၍ သီရိမင်္ဂလာ တိုက်သစ်ကျောင်းတွင် ခေတ္တ သီတင်းသုံးခြင်း၊ ဇာတိရွာ ရှုံးတိုင်မြောင်သို့ ပြန်ကြွခြင်း၊ ရောက်လေရာတွင် သာသနာရေးအတွက် လိုအပ်သည်တို့ကို ဖြည့်စွက်ခြင်း၊ မွမ်းမံခြင်း စသည်တို့ကို ဆောင်ရွက်တော်မူခဲ့ပါသည်။

တောင်တွင်းကြီးမြို့တွင်း ဆရာတော် ဦးပရမ ပထမဆုံးဆောင်ရွက်သော သာသနာ အဆောက်အအုံဆောက်လုပ်ခြင်းမှာ ဇေယျမင်္ဂလာ ရွှေအင်းတောင်စေတီ ပရိဝုဏ်အတွင်းတွင် စတင်ခဲ့ပါသည်။

ရွှေအင်းတောင်စေတီ ပရိဝုဏ်အတွင်းရှိ ဗောဓိပင်မှာ တိုက်သစ် ဆရာတော်နှင့် ဦးပရမတို့ (သာသနာပြုညီနောင်)စိုက်ပျိုးခဲ့သော မဟာဗောဓိပင်ဖြစ်ပါသည်။ ဗောဓိပင် ပတ်လည်တွင် အုတ်ပလ္လင်ရံ၍ ဆောက်ပါသည်။

မုခ်လေးမုခ် ထည့်သွင်းကာ ဘုရားလေးဆူတို့ကို တည်ထားပူဇော်ပါသည်။ ဗောဓိပင်ဝန်းကျင်တွင် နေ့စဉ်တံမြက်စည်းလှည်း သန့်ရှင်းခြင်း၊ ပေါင်းမြက်သုတ်သင်ခြင်း၊ ရေကျင်း၊ ရေဖြည့်ရေလောင်းခြင်းတို့ ပြုခဲ့ကြပါသည်။

ထို့နောက် ဗောဓိပင်၏အနောက်ဘက်တွင် ဓမ္မာရုံဆောက်လုပ်ပါသည်။ ဗောဓိပင် အရှေ့ဘက်ရှိ ရေကန်ဟောင်းကို ပြုပြင်၍ အကာအရံတို့ဖြင့် လုံခြုံအောင် ပြုပြင် မွမ်းမံပါသည်။

ဒါယကာ၊ ဒါယိကာမ သူတော်စင်တို့ တရားအားထုတ်နိုင်ရန် အခန်းငယ် တိုက်တန်းများ တည်ဆောက်ပါသည်။

အထူးသဖြင့် ဗောဓိပင် အနီးရှိ စေတီဟောင်းကြီးကို မဟာဗောဓိပုံ တည်ဆောက်ပြုပြင် မွမ်းမံခဲ့ပါသည်။

စေတီအတွင်း ဆရာတော် ဦးပရမ ဦးဆောင်၍ စေတီရံ (၉)ဆူ တည်ထားပါသည်။

လိုဏ်အတွင်းရှိ ရုပ်ပွားတော်ဟောင်းကို ပြုပြင်ခဲ့ပါသည်။ ယခင်ဂူဟောင်းကြီးဟု ခေါ်ရာမှ ယခု မျက်မှောက်အခြေအနေ ရောက်အောင် ဆရာတော်နှစ်ပါး က ပြုပြင်ခဲ့ပါသည်။

တိုက်သစ်ဆရာတော်ဦးကာဝိန္ဒ၏ တိုက်ကျောင်း အမ ဒေါ်လှခင်၊ တောင်တွင်းကြီး ပန်ချာပီမိသားစု ဦးတင်မောင်ဆင်းနှင့် သားသမီးများ၊ ကားပိုင် ဦးအောင်လင်းနှင့် ဇနီး၊ အထက်တန်းပြ ဆရာမဒေါ်ကြည်ကြည်ဌေးတို့ဦးဆောင်ကာ အများဒါနပါ ပါဝင်စေလျက် ဘုရားတည်ခြင်းအမှု ပြုခဲ့ကြပါသည်။

တိုက်သစ်ဆရာတော် ဦးကာဝိန္ဒနှင့် ဆရာတော်ဦးပရမတို့ (သာသနာပြုညီနောင်)နှစ်ပါးသည် တောင်တွင်းကြီးမြို့ (မြို့လယ်ဟု ခန့်မှန်းနိုင်ပါသည်) အတွင်းစည်းခံစေတီတော်ကြီးကိုသပိတ်မှောက်အထိမှန်သက်န်းကပ်လှူခဲ့သည်။





www.burmeseclassic.com

www.burmeseclassic.com

အလွန်ကျယ်ဝန်းသော ပစ္စယာ အဆင့်ဆင့်ဖြင့် ဖွဲ့စည်းထားသော အတွင်းစည်းခုံစေတီတော်ကြီးကို ပြီးပြတ်ခမ်းနားအောင် ပြုပြင်ကြမည် ဖြစ်ပါသည်။

စေတီတော်မြတ် အား ရွှေသင်္ကန်းကပ်လှူခြင်း၊ အရပ်ရှစ်မျက်နှာရှိ နတ်ရုပ်(၈)ရုပ်ကို ရုပ်လုံးဖော်ခြင်း၊ အချို့နေရာတို့တွင် မှန်စီခြင်းကိစ္စတို့ကို အောင်မြင်စေရန် ဆရာတော် နှစ်ပါးတို့သည် သက်သတ်လွတ်ဘုဉ်းပေးကြပါသည်။

ပဋ္ဌာန်းဒေသနာတို့ကို နေ့ညမပြတ် ရွတ်ပွားကြည်ညိုပါသည်။ ဤသို့ဖြင့် နဝကမ္မဝတ္ထုငွေ ငါးသောင်းကျော် ခြောက်သောင်းနီးပါး ရရှိခဲ့ပါသည်။ ထိုဝတ္ထုငွေဖြင့် ရွှေစည်းခုံဘုရား ပြုပြင်မွမ်းမံခြင်း ကိစ္စမှာ သုံးလခန့်အတွင်း အောင်မြင်ခဲ့ပါသည်။

ထို့နောက် အခြားတစ်ဆူ ဆက်လက်ပြုပြင်ရန် စီမံဆောင်ရွက်ခဲ့ကြပါသည်။

မြို့လယ်ဟုပင် ဆိုနိုင်သည့် တောင်တွင်းကြီး၏ မကွေး-ပြည်-ရန်ကုန် လမ်းဆုံအနီးရှိ ရွှေလက်ရစေတီသို့ ဆရာတော်နှစ်ပါးတို့ ပြောင်းရွှေ့ သီတင်းသုံးခဲ့ပါသည်။

ရွှေလက်ရစေတီနှင့် မျက်နှာချင်းဆိုင် အနီးရှိ မြသိင်္ဂီရွှေဆိုင်၊ ဦးမြသွင်၊ ဒေါ်လှညိုတို့၏ နေအိမ်၌ ရွှေလက်ရ ဂေါပကအဖွဲ့ကို ဖွဲ့စည်းခဲ့ပါသည်။ ရွှေလက်ရစေတီအတွက် ဤနေရာ စေတီရင်ပြင်မှာပင် (၂)နှစ်နီးပါး သီတင်းသုံးခဲ့ကြပါသည်။

မှန်သင်္ကန်းကပ်ခြင်း၊ ထီးတော်တင်လှူခြင်း၊ ဖိနပ်တော်အထိ မှန်စီပြီး လိုဏ်မုခ် တည်ဆောက်ခြင်း၊ ဘုရားနှင့် ရဟန္တာများ ရုပ်တုတော်တို့ကို ကြည်ညိုနိုင်ရန် ကျောက်သားရုပ်ပွားတော်များ တို ပင့်ဆောင် ပူဇော်ခဲ့ကြပါသည်။

ဘုရားကိုးဆူ ပူဇော်နိုင်ရန် ရည်ရွယ်၍ ဘုရား ရဟန္တာ ပုံတော်တို့ကို လှူဒါန်းစေခြင်း ဖြစ်ပါသည်။ အရပ် ရှစ်မျက်နှာတွင် အုတ်တံတိုင်းများ ကာရံ၍ နေ့ညမစဲ ပဋ္ဌာန်းပူဇော်ပွဲများ ကျင်းပခဲ့ပါသည်။ ထို့ပြင် ရွှေလက်ရ ဓမ္မာရုံကို တည်ဆောက်ခဲ့ပါသည်။ ပဋ္ဌာန်းဓမ္မာရုံဟု အမည်ပေးသမုတ်ခဲ့ပါသည်။ ရုပ်ပွားတော်ကြီးတစ်ဆူ ပင့်ဆောင်ကာ ဓမ္မာရုံတွင် ကိန်းဝပ်ပူဇော်စေပါသည်။

ထို့နောက် မူလရွှေလက်ရစေတီ၏ မြောက်ဘက်တွင် “အောင်မြင်စေ၊ ပွင့်လန်းစေ၊ ကျန်းမာစေ၊ ချမ်းသာစေ” ဟူသော စေ(၄)လုံးစေတီ တည်ထားခဲ့ပါသည်။

ဆရာတော်နှစ်ပါး ဦးဆောင်၍ ရွှေလက်ရဂေါပကအဖွဲ့၊ မြို့သူမြို့သား နယ်သူနယ်သားတို့၏ ဒါနစေတနာအားဖြင့် (၃)နှစ်အတွင်း အပြီးတည်ထားကိုးကွယ်ခဲ့ကြပါသည်။

မဟာရံတံတိုင်း၏ မုခ်ဦးကိုလည်း ထည်ဝါစွာ တည်ဆောက်နိုင်ခဲ့ပါသည်။

ဆရာတော်ဦးပရမ၏ ဟောပြောနေကျ တရားတော်မှာ. . .

“တိဋ္ဌန္တေ နိဗ္ဗုတေစာပိ သမေ စိတ္တေ သမံ ဖလံ စေတောပဏိဓိ ဟေတု ဟိသတ္တာ ဂစ္ဆန္တိသုဂတိ” ဟူ၍ ဖြစ်ပါသည်။

“သက်တော်ထင်ရှား မြတ်စွာဘုရား၌ လည်းကောင်း၊ ပရိနိဗ္ဗာန်စံပြီးသော ဘုရားရှင်တို့၏ ဓာတ်တော်မွေတော် စေတီတော်တို့၌ လည်းကောင်း၊ ကြည်ညိုသော သဘောအတူထားနိုင်ခဲ့ထားနိုင်သော သက်တော်ထင်ရှား မြတ်စွာဘုရားကို လှူဒါန်း ပူဇော်ရသော အကျိုးတရားနှင့် တူမျှ၏ (ဝါ) တူမျှသော အကျိုးကို ပေးနိုင်ပါ၏။

ဘုရားမရှိသော်လည်း ဘုရား၏ မွေတော်၊ ဓာတ်တော်တို့ကို ပူဇော်ခြင်း၊ ဓာတ်တော်ကိန်းဝပ်ရာ ဘုရားကျောင်း စေတီသစ်တို့ကို စေတနာထား၍ ကြည်ညိုခြင်း၊ ဓာတ်တော်မွေတော် တည်ရာ ဘုရားစေတီဟောင်းတို့ကို ပြင်ဆင်တည်ဆောက်ခြင်းသည် ကောင်းလေစွဟု သဒ္ဓါတရားထားခြင်း၊ ကြည်ညိုခြင်းစသော စိတ်ကောင်းတစ်ခု ထားခြင်းသာလျှင် လူရော နတ်ပါ သတ္တဝါတို့သည် သူတော်ကောင်းတို့၏ လားရာဖြစ်သော လူ့ရပ်၊ နတ်ပြည်၊ နိဗ္ဗာန်ဆီသို့ ဆင်းရဲခြင်းမရှိရောက်ကြရလေကုန်၏” ဟူ၍ဖြစ်ပါသည်။

ဆရာတော် ဦးပရမ အမြဲဟောကြားတော်မူသည့် တရား ဖြစ်ပါသည်။ သာသနာအကျိုး သယ်ပိုး၍ ဤအကျိုးကို ဖော်ပြလမ်းညွှန်မြဲ ဖြစ်ပါသည်။

ထိုလုပ်ငန်းတစ်ခု ပြီးသည့်နောက် ဆရာတော်ဦးပရမသည် ဗုဒ္ဓစွယ်တော် ကိန်းဝပ်တော်မူရာ မှန်ကျောင်းကြီးကို ပြုပြင်ခဲ့ပါသည်။ ဆရာတော်၏ ဒါယိကာမကြီး ဒေါ်ခင်စိန်၊ ရွှေပန်းထိမ်နှင့် ရတနာဆိုင် ပိုင်ရှင် ဒေါ်ဒေါ်ရီ မိသားစုတို့မှ အစပြုကာ မြို့သူ မြို့သား ဒါနအတူပွားလိုသူတို့ ပါဝင်၍ မ,တည်ခဲ့ပါသည်။

မှန်ကျောင်းတော်ကြီးကို တည်ဆောက်ခဲ့ပါသည်။ မှန်ကျောင်းတော်၏ အောက်ပိုင်းတွင် ဆရာတော်၏ရှာမှီ လှူဒါန်းသော နှစ်ကိုပ်ရှစ်ဆူ ရုပ်ပွားတော်တို့ကို ကြည်ညိုဖွယ်တည်ထားခဲ့ပါသည်။ စွယ်တော်တိုက် အထက်ထပ်တွင် မှန်စီစေတီတော်တည်၍ သပိတ်မှောက်တွင် မီးခံသေတ္တာထည့်သွင်း မွမ်းမံခဲ့ပါသည်။ မီးခံသေတ္တာအတွင်းတွင် မှန်စီရွှေချ ရွှေကြုတ်တော်ကို ထည့်သွင်းပါသည်။

ရွှေကြုတ်တော်၏ အလှူရှင်မှာ ကားပိုင်ဦးအောင်လင်း၊ ဇနီး အထက်တန်းပြ ဆရာမ ဒေါ်ကြည်ကြည်ငွေ တို့က လှူဒါန်းခဲ့ပါသည်။ ထို့နောက် အများပူဇော်နိုင်ရန် စွယ်တော်ကို ရွှေပန်းခိုင်တွင် တင်လှူခြင်း၊ စွယ်တော်ကို စိန်စီခြင်း၊ စွယ်တော်တိုက်ကို စွယ်တော်တိုက် စွယ်တော်ကိန်းဝပ်တော်မူရာ နေရာအထက်တွင် စွယ်တော်စေတီ တည်ဆောက်ခြင်း၊ ရွှေထီးတော်အသင်း

www.burmeseclassic.com

တင်လှူခြင်းတို့ကို သဒ္ဓါပွားကာ အားရ ရွှင်ပျော် ပူဇော်ခဲ့ကြပါသည်။

စွယ်တော်မှာ ရန်သူမျိုးငါးပါး ကင်းဝေးရန် မီးခံတိုက်အတွင်း ကိန်းဝပ်တော်မူခဲ့ပါသည်။ (၃)နှစ်လျှင် တစ်ကြိမ်တျ အပူဇော်ခံယူရန် အပြင်သို့ ပင့်ဆောင်ရန် စီမံခဲ့ပါသည်။

ဆရာတော်နှစ်ပါးနှင့် သာသနာ့ အကျိုးဆောင်ဦးတင်အေး၊ ရှေးဟောင်း ဘုရားစေတီပြုပြင်ရေး ဂေါပကအဖွဲ့၊ မြို့ပေါ်ရှိ ဂုဏ်သရေရှိ လူကြီးမင်းတို့ စုပေါင်းညှိနှိုင်းကာ မြို့နယ်ရှိ ဗုဒ္ဓဘာသာဝင် အားလုံး၏ စွယ်တော်မြတ်အဖြစ် သတ်မှတ် ထိန်းသိမ်းခဲ့ကြပါသည်။ စွယ်တော်ကို တောင်တွင်းကြီး စွယ်တော်ဟု ဘွဲ့အမည်သမုတ်ကာ ဝိုင်းဝန်းကြည်ညိုခဲ့ကြပါသည်။

ဆရာတော်ဦးပရမသည် ၁၃၁၀ နှစ်တွင် မဟာဗောဓိပင်နှင့် မြတ်စွယ်တော်ကို ပင့်ဆောင်လာပြီး ရတနာပုံ ဆရာတော်ဦးဇာဂရ၊ တိုက်သစ်ဆရာတော်တို့ တိုင်ပင်ခဲ့ပါသည်။

ထို့နောက် တောင်တွင်းကြီးမြို့ အငြိမ်းစားရဲဝန်ထောက်ဦးအောင်ကျော်မိုး၊ ရဲဝန်ထောက်ကြီး ဦးလှ၊ အငြိမ်းစား မြို့ပိုင်ကြီးဦးမြမောင်၊ ဗိုင်နယ်သူကြီး ဦးဘရှင်၊ ဂေါပကလူကြီးများဖြစ်ကြသော ဦးလွင်၊ ဦးငွေ၊ ဦးဘသောင်း စသူတို့ထံ ဗောဓိပင်ကို အပ်နှံခဲ့ပါသည်။

မြို့လူကြီးများက ဆရာတော်များနှင့် ညှိနှိုင်းကာ ရွှေအင်းတောင်စေတီတော်မြတ်ကြီး၏ အရှေ့မြောက်ထောင့်၌ စိုက်ပျိုးခဲ့ပါသည်။

ထို့နောက် သီရိမင်္ဂလာ တိုက်သစ် ဆရာတော် ဦးကဝိန္ဒက မဟာဗောဓိပင် ရှင်သန်စည်ပင်တိုးပွားရေးကို စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ပါသည်။

ရှုံးတိုင်မြောင်ကျေးရွာ ဇာတိ၊ အောင်ကိုးဆူဆရာတော် ဦးစီးပါဝင်၍ တည်ထားခဲ့သော စေတီတော်တို့မှာ -

(၁) မူလကျိုက်ထီးရိုးဘုရား မြို့ရှေ့ဘက် ကျောက်တုံးကြီးပေါ်၌ တည်ထားသော ကျိုက်ထီးရိုးကျောက်စေတီတော်

(၂) ရွှေပန်းကုံးစေတီတော် (မြို့သစ်မြို့နယ်တွင်တည်ရှိသည်) ဆရာတော်၏ဇာတိ ရှုံးတိုင်မြောင်ရွာ၌ တည်ထားသော စေတီတော်များ

(၃) ရွှေဘုံသာစေတီတော် တစ်ဆူလုံး ရွှေချ မှန်စီ၍ ထီးတော်အသစ် တင်လှူ ပူဇော်ခဲ့ သည်။ (ရှုံးတိုင်မြောင်ကျေးရွာ)

(၄) အောင်ဆုပန် ရွာဦးစေတီတော် သပိတ်မှောက်အထိ မှန်စီခဲ့သည်။

(၅) ရွှေကူကြီးစေတီတော်ကို ပြင်ဆင်၍ သပိတ်မှောက်အထိ မှန်သက်န်းကပ်လှူခဲ့သည်။

(၆) ပန်းတင်ခုံစေတီတော် တစ်ဆူလုံးကို ပြင်ဆင်၍ ထီးတော်သစ်နှင့် သပိတ်မှောက်အထိ မှန်သင်္ကန်း ကပ်လှူခဲ့သည်။

(၇) သိမ်တော်ဦးစေတီတော် တစ်ဆူလုံး အသစ်ပြင်ဆင်၍ ထီးတော်သစ်တင်လှူခဲ့သည်။ သပိတ်မှောက်အထိ မှန်သင်္ကန်းကပ်လှူခဲ့သည်။

(၈) ရွှေကူလေးစေတီတော် တစ်ဆူလုံး ပြင်ဆင်၍ ထီးတော်မှစကာ သပိတ်မှောက်အထိမှန်သင်္ကန်းကပ်လှူခဲ့သည်။

(၉) ဇာတိရွာ၏ အရှေ့မြောက်ထောင့်ရှိ ရန်အောင်မြင်စေတီတော်

(၁၀). ဆုတောင်းပြည့် စေတီတော် အရံတံတိုင်းနှင့်တကွ ရွှေထီးတော်အထွတ်တင်၍ ပူဇော်ခဲ့သည်။

(၁၁) ရတနာရန်အောင် စေတီတော်၊ အသစ်တစ်ဖန် မွမ်းမံ၍ ရွှေထီးတော်အသစ်တင်လှူခဲ့သည်။

(ထိုစေတီတော်ကို ဆရာတော်ဦးပရမ၏ အဘိုးတော်သူ တောင်တွင်းကြီးမြို့ မောင်တိုင်းရပ်နေ၊ သမာဓိမြို့ဝန်ခုံမင်းကြီး ဦးရန်အောင်နှင့် သမီးဒေါ်ရွှေမေ သား ဦးဖဲ့မိသားစုတို့က တည်ထားသော ဘုရား ဖြစ်ပါသည်။)

(၁၂) ရွာ၏ အရှေ့မြောက်ဘက်တွင် တည်ရှိသော စေတီတော် သုံးဆူကို ပြင်ဆင်ခဲ့သည်။ ●

(၁၃) ဒက္ခိဏသာခါ မဟာဗောဓိပင်ကိုလည်း အုတ်ပလ္လင် အုတ်တံတိုင်းတို့ ပတ်ခြံကာရံ တည်ဆောက်ခဲ့သည်။

(၁၄) တောင်တွင်းကြီးမြို့ရှိ အတွင်းစည်းခုံစေတီတော်ကြီးကို ရွှေထီးအထွတ်တင်သည်။ သပိတ်မှောက်တော်အထိ ရုပ်လုံးရုပ်ကြွ (၈)ခုဖော်ဆောင်၍ မှန်သင်္ကန်းကပ်ခဲ့သည်။

(၁၅) ရွှေလက်ရ စေတီ

(၁၆) စေလေးလုံးစေတီတော် (၄)ဆူ

(၁၇) ပဋ္ဌာန်းမွှာရုံနှင့် ရုပ်ပွားတော်ကြီး။

(၁၈) သတ္တဋ္ဌာနစေတီ အရှေ့ဘက်ရှိ လောကမာရဇိန်စေတီတော်ကို ရွှေထီးအထွတ်တင်ပြီး လျှပ်စစ်မီးလုံးကြီးများ တပ်ဆင်ပူဇော်ခဲ့သည်။

(၁၉) အတွင်းစည်းခုံ စေတီတော်၏ မြောက်ဘက်၊ အုတ်ခုံအမြင့်၌ တည်သော နန်းတော်ဦးစေတီ သပိတ်မှောက်စေတီတော်ကို သပိတ်မှောက်အထိ ပြင်ဆင်ကာ ရွှေထီးအသစ် တင်လှူပူဇော်ခဲ့သည်။

(၂၀) ဆရာတော်ဦးကဝိန္ဒ၏ မဟာဗောဓိဘုရား စေတီတော်တွင် စေတီရံကိုးဆူတည်၍ ထီးတော်တင်လှူခြင်း၊ လုံးတော် ရုပ်တော် လူသားတစ်ယောက်အတိုင်းအဆရှိသော သစ်သား ရုပ်တုတော် ရုပ်ပွားတော်ကြီးကို ဘွဲ့တော်သတ်မှတ်ခဲ့ပါသည်။

(ထိုစေတီ ကိုးဆူကို ပြင်ဆင်ထီးတော်တင်ခြင်း ပူဇော်ခြင်း ပြုလုပ်ပြီးနောက် လည်းကောင်း၊ တပည့်ဒါယကာ ဒါယိကာမတို့အား ကိုးဆူဆွမ်းဆက်ကပ်ရန် ဟောပြောခဲ့ခြင်းကြောင့်လည်းကောင်း၊ ရှုံးတိုင်မြောင်ဆရာတော် ဦးပရမကို အောင်ကိုးဆူဆရာတော်ဟု တပည့်တို့က ခေါ်ဝေါ်ကြည်ညိုခဲ့ကြပါသည်။)

(၂၁) သတ္တဋ္ဌာန ဗုဒ္ဓဝိဟာရ တိုက်တော်ကြီးရှိ နှစ်ကျိပ်ရှစ်ဆူ (ဘုရားနှစ်ဆူ) ဗုဒ္ဓရုပ်ပွားတော်များ၊ ဗုဒ္ဓမြတ်စွယ်တော် ကိန်းဝပ်စံပယ်ရန် မှန်ကျောင်း



www.burmeseclassic.com

www.burmeseclassic.com

တော်ကြီး ဆောက်လုပ်ခြင်းများ ပြုခဲ့ပါသည်။

(၂၂) ရွှေအင်းတော်စေတီ ဘုရားဝင်းအတွင်းရှိ မဟာဗောဓိ အောင်ကိုးဆူဘုရားစေတီ အရှေ့ဘက် ပထမအောင်တော်မူစေတီတော် တည်ထားခြင်း။

(၂၃) ဇမ္ဗူပတိ ရွှေစေတီတော်မြတ် တည်ထားခြင်း။

(၂၄) ရွှေစေတီကြီး၏ တောင်ဘက်တွေ့အနန္တသိဒ္ဓိရှင် စေတီတော်

(၂၅) ရွှေစေတီကြီး၏ တောင်ဘက်ဘုန်းကံတလူလူအောင်တော်မူ စေတီတော်

(၂၆) ရွှေစေတီကြီး၏ အနောက်ဘက်ရှိ မဟာရံတံတိုင်းနှင့်ဖြစ်သော အေးစေတီတော် (ဦးခင်ဝင်း ဇနီးဒေါ်တင်တင် စိန်ရွှေရတနာ ရောင်းဝယ်ရေး မိသားစုကောင်းမှု)

(၂၇) အုတ်၊ မှန်ထီးနှင့် အသစ် တည်ထားသော အေးစေတီအနီးရှိ အောင်ချမ်းသာစေတီတော်

(၂၈) ရွှေအင်းတောင်စေတီတော်မြတ် တောင်ဘက်စောင်းတန်း၏ အနောက်ဘက်တွင် ကပ်လျက် တည်ရှိသော နောင်တော်ကြီး သိဒ္ဓိအောင်စေတီတော်

(၂၉) ညီတော်အောင်သိဒ္ဓိစေတီတော်

(၃၀) နရပတိစည်သူစေတီတော်

(၃၁) အရှေ့ဘက်ကုန်းထိပ်ရှိ လေးကျွန်းစကြာစေတီတော်

(၃၂) လေးကျွန်းစကြာအနီးရှိ ဂြိုဟ်ရှစ်ခွင် တံခွန်တိုင်စေတီတော်

(၃၃) နရပတိစည်သူဘုရား မြောက်ဘက်ရှိ ရွှေဘုန်းမြင့်စေတီတော်

(၃၄) ထိုစေတီ၏ အရှေ့မြောက် ရေတွင်းနှင့်ကပ်လျက် ရွှေဘုန်းပွင့်စေတီတော်

(၃၅) ရွှေအင်းတောင်စေတီ အနောက်ဘက်စောင်းတန်း၏ မြောက်ဘက်ရှိ အတုလမာန်အောင်မိတ်ဆက်စေတီတော်

(၃၆) အတုလမာန်အောင် အနောက်ဘက်ရှိ အတုလရန်ရှောင် ပဒုမ္မာစေတီတော်

(၃၇) အတုလရန်အောင် နဂါးမင်းစေတီတော်

(၃၈) နဂါးမင်း၏ အနောက်ဘက်ရှိ လောကမာရဇိန် ရွှေသမင်စေတီတော်

(၃၉) လောကမာန်နှိမ် (အောင်နိုင်) စေတီတော် (ရွှေသမင် စေတီတော်၏ အနောက်ဘက်တွင် တည်ရှိသည်)

(၄၀) လောကရန်နှိမ် စေတီတော် တည်ထားရာကား သိမ်တော်ကြီး၏ အရှေ့ဘက် မြေနိမ့်တွင် စေတီတစ်ဆူ တည်ရှိပါသည်။ တပ်မဟာ စေတီဟု အများက ခေါ်ဝေါ်ကြပါသည်။

(၄၁) လောကမာန်ပြေ သိမ်တော်ဦး စေတီတော်

(၄၂) အောင်ဆုပေး စေတီတော်

(၄၃) အောင်ဆုယူစေတီတော်

(တောင်တွင်းကြီးမြို့ မောင်းတိုင် ၂-ရပ်ကွက် (ယခင်အခေါ် ကန်တော်ရပ်ကွက်သစ်)မြောက်ပြင်အနောက်ကျောင်း အတွင်း စေတီတော် သုံးဆူ ပြင်ဆင်မွမ်းမံခဲ့ပါသည်။ မကွေးမြို့ ဓာတ်ပေါင်းစုစေတီရံ (၃)ဆူနှင့် စေတီတော်ကြီးကို ထီးတင်ခဲ့ပါသည်။

(၄၄) အောင်မြေသုခစေတီတော်

(၄၅) အောင်မြေလောက သိမ်တော်ဦးစေတီတော်

(၄၆) ရတနာမာန်အောင် စေတီတော်

(၄၇) ရတနာပင်စည် (မိုးကောင်းစေတီ) စေတီတော်ကြီး၏ အနောက်ဘက်ရှိ ရှင်သီဝလိ သိမ်တော်ဦးစေတီတော်

(၄၈) စူဠာမဏိစေတီတော် (ရတနာကုန်သည်၊ ရွှေပန်းထိမ်ဦးခင်ဝင်း၊ ဒေါ်တင်တင်အေး မိသားစုတို့က တည်ထားသည်)တို့ ဖြစ်ပါသည်။

ဆရာတော်ဦးပရမသည် သက်တော် (၇၀)၊ ဝါတော် (၅၀)အတွင်း ဆင်းတုတော်ပေါင်း ၆၀၂ ဆူ၊ စေတီတော် ၆၉၅ ဆူတို့ကို ပြင်ဆင်ခြင်း၊ မွမ်းမံခြင်း၊ တံတိုင်းခတ်ခြင်း၊ ထီးတင်ခြင်းတို့ဖြင့် သာသနာ့အကျိုး သယ်ပိုးခဲ့ပါသည်။

မြို့သစ်မြို့ ရှုံးတိုင်မြောင်ဆရာတော် တောင်တွင်းကြီး အောင်ကိုးဆူ ဆရာတော် ဦးပရမ၏ အကြောင်းကို ချီးကျူးပူဇော်ခွင့်ရ၍ ဝမ်းသာပီတိဖြာခဲ့ရပါသည်။

ဆရာတော်သည်ကား လွန်ခဲ့သော နှစ် ၅၀ ခန့်ကပင် ခန္ဓာဝန်ချ ဘဝနတ်ထံ ပျံလွန်တော်မူခဲ့ပြီ ဖြစ်ပါသည်။

ဆရာတော်၏ သာသနာအတွက် ကြိုးပမ်းဆောင်ရွက်ချက် ဤစာစုကို ဆရာတော်ဦးပရမ၏ တပည့်ဒါယကာ ဒါယိကာမတို့၏စာစု၊ မှတ်တမ်း စသည်တို့ကို ကိုးကားဖော်ပြခြင်းဖြစ်ပါသည်။

ဤမှတ်တမ်းအပါအဝင် ဆရာတော်၏ ထေရုပ္ပတ္တိကို ဆရာတော် မိန့်ကြားခဲ့သည့်အတိုင်း တပည့်တို့က ပြုစုရေးသားထားခြင်း ဖြစ်ပါသည်။

ဆရာတော်၏ ဇာတိရွာမှ တောင်တွင်းကြီးသို့ ကြွရောက် သီတင်းသုံးခဲ့ပုံ၊ ရန်ကုန်မြို့တွင် သာသနာ့ကိစ္စ ဆောင်ရွက်ခဲ့ပုံ၊ ရန်ကုန်မြို့မှ အိန္ဒိယ သီရိလင်္ကာသို့ ကြွခဲ့ပုံ၊ စွယ်တော်ပွားကို အဓိဋ္ဌာန်(သစ္စာပါရမီဖြင့်) ဖြင့်ပင့်ဆောင်ခဲ့ပုံ၊ မိမိ၏ ဝန်းကျင်တွင် ဘုရားတည်၊ ကျောင်းဆောက်၊ ရေကန်တူး၊ သစ်ပင်စိုက် စသည်တို့ ဆောင်ရွက်ခဲ့ပုံများကို ဖော်ပြခဲ့ပါသည်။

ဆရာတော်ဦးပရမသည် သာသနာ့ကိစ္စ၊ ကိုးဆူတင်လှူပူဇော်ခြင်း ကိစ္စတို့ကို သီရိမင်္ဂလာ တိုက်သစ်ကျောင်းမှာပင် သီတင်းသုံးဆောင်ရွက်ခဲ့ပါသည်။ တပည့် ဒါယကာ ဒါယိကာမတို့၏ လိုအပ်ချက်တို့ကို ဖြည့်ဆည်းထောက်ကူခဲ့ပါသည်။

ဤသို့ သီတင်းသုံးနေထိုင်ရင်း ကျန်းမာရေး အတော်ညံ့ခဲ့ပါသည်။ ကျန်းမာရေး စစ်ဆေးရင်း တောင်တွင်းကြီးတွင် ကုသရန် မသင့်၍ မိတ္ထီလာမြို့သို့ ပင့်ဆောင်ကြပါသည်။ မိတ္ထီလာ တပ်မတော်ဆေးရုံကြီးတွင် ကုသမှုခံယူခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ဆရာဝန် ပါရဂူများက အသားဟင်း ဆွမ်းဟင်းဖြင့် ဘုဉ်းပေးစေလိုပါသည်။

ဆရာတော်က ငယ်စဉ်ကပင် ကျင့်သုံးခဲ့သည့် သက်သတ်လွတ်ဆွမ်းဟင်းများဖြင့်သာ ဘုဉ်းပေးခဲ့ပါသည်။ ဆေးကုသမှု ခံယူနိုင်လောက်အောင် အင်အား မရှိတော့ပါ။ တဖြည်းဖြည်း ဆုတ်ယုတ်လာခဲ့ပါသည်။

နောက်ဆုံးတွင် မိတ္တီလာဆေးရုံမှာပင် ငြိမ်သက်စွာ သီတင်းသုံးရင်း ဝိပဿနာကမ္မဋ္ဌာန်းစီးဖြန်းပွားများရင်း သုံးရက်ခန့် ငြိမ်သက်တော်မူခဲ့ပါသည်။

ထို့နောက် ၅. ၂. ၁၉၉၀ နေ့တွင် မိတ္ထီလာတပ်မတော်ဆေးရုံမှာပင် ခန္ဓာဝန်ချ၍ ဘဝနိဂုံးချုပ်ခဲ့ရပါသည်။

တောင်တွင်းကြီးသို့ ပင့်ဆောင်ကာ ၁၃၅၁ ခု၊ တပို့တွဲလဆန်း (၁၅) ရက် ညနေ ၄ နာရီတွင် အန္တိမဈာပနဆင်ယင် ကျင်းပ ပူဇော်ခဲ့ပါသည်။

တပည့်များအားလုံးက ဆရာတော်၏ ရုပ်ကလာပ်ကို ဂူသွင်းပူဇော်ခဲ့ကြပါတော့သည်။

(စာရေးသူသိသမျှ၊ မှတ်မိသမျှ ဆရာတော်၏ တပည့်ဒါယကာ၊ ဒါယိကာမများ မှတ်တမ်းများကို ကိုးကား၍ အကျဉ်းရုံးတင်ပြရပါသည်)

ပျံလွန်တော်မူခဲ့သော အောင်ကိုးဆူဆရာတော် ဦးပရမအား ဤစာစုဖြင့် ဦးခိုက်ပူဇော်အပ်ပါသည်။

❒ ပုဏ္ဏဝတီအောင်


**စာမူများ ပေးပို့နိုင်ပါသည်**

စာမူ ဝါသနာရှင်များ မိမိ၏စာမူကို မိတ္တူကော်ပီထား၍ လပြည့်ဝန်းမဂ္ဂဇင်းတိုက်သို့ ဆက်သွယ်ပေးပို့နိုင်ပါသည်။

<u>မရွေးချယ်သော စာမူများကို ပြန်လည်ပေးပို့မည်မဟုတ်ပါ။ ဘုရားစာ၊ ဂါထာများနှင့်ပတ်သက်၍ ပါဠိဘာသာကို တိကျသေချာစွာ ရေးသားပေးပို့စေလိုပါသည်။ မတိမကျရေးသားထားပါက ရွေးချယ်လိမ့်မည် မဟုတ်ပါကြောင်း။</u>

တခြားမဂ္ဂဇင်းတိုက်များသို့ တစ်ပြိုင်တည်း ပေးပို့ခြင်းမျိုး မပြုလုပ်ကြပါ ရန် မေတ္တာရပ်ခံပါသည်။

ရှေးဟောင်းဘုရားသမိုင်းကြောင်းများ၊ ဘာသာရေး ဆောင်းပါးများ၊ ဂန္ထဝင်ဝတ္ထုများ၊ မှဆိုးဝတ္ထုများ၊ ရသဝတ္ထုများ၊ ဟာသများ၊ အရှေ့တိုင်းအနောက်တိုင်း ဆေးပညာရပ်များ၊ ထူးခြားဆန်းကြယ်သော ဖြစ်ရပ်များ စသည်ဖြင့် ပေးပို့နိုင်ပါသည်။

ဖုန်းဖြင့် တစ်သွယ်၊ စာဖြင့်တစ်နည်း ပေးပို့ထားသောစာမူများကို ပြန်လည်ရယူလိုသော စာမူရှင်များ သတိပြုစေအပ်ပါသည်။ အယ်ဒီတာအဖွဲ့အနေဖြင့် စာအုပ်အချိန်မီ ထုတ်ဝေဖြန့်ချိနိုင်ရန် စီစဉ်နေရသောကြောင့် နားလည်ပေးစေလိုပါသည်။

စီးပွားရေးလုပ်ငန်းရှင်များ
မိမိလုပ်ငန်းပို့မို့တိုးတက် အောင်မြင်စေရန်
လပြည့်ဝန်းမဂ္ဂဇင်းတွင်
ကြော်ငြာများ ထည့်သွင်းနိုင်ပါသည်။

အဖြူအမည်း
တစ်မျက်နှာ
ကျပ်တစ်သောင်းငါးထောင်တိတိ
ဖြစ်ပါသည်။

အဖြူအမည်း
မျက်နှာဝက်
ကျပ်ခုနစ်ထောင့်ငါးရာတိတိ ဖြစ်ပါသည်။

**ဆက် သွယ် ရန်**

အယ်ဒီတာအဖွဲ့
လပြည့်ဝန်းမဂ္ဂဇင်း
တိုက်အမှတ် (၇၂၄)၊ အခန်း (၁၈) ပထပ်၊
မဟာဗန္ဓုလလမ်း၊ (၁၇×၁၈)လမ်းကြား၊
လသာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၂၅၀၆၆၈




www.burmeseclassic.com

www.burmeseclassic.com



စောင်းစောင်းပဲနေပါ့မယ် (သို့မဟုတ်) ပိဇမြို့က ကမ္ဘာကျော်မျှော်စင်ကြီး

ကိုဘေးမြင့် (မဟာဝိဇ္ဇာ၊ ရေး-သူ)



www.burmeseclassic.com

www.burmeseclassic.com

ဩဂုတ်လ ၃ ရက်(စနေနေ့)မနက်မှာတော့ အီတလီနိုင်ငံ၊ ရောမမြို့တော်ရဲ့ ဆင်ခြေဖုံး မနက်ခင်းအလှကို စောစီးစွာ ခံစားနေမိပါရဲ့။ တည်းခိုရာ ရောမမြို့ Mariott ရှိ Courtyard ဟိုတယ်ရှေ့မှာတော့ နွယ်သာကီပင်တန်းတွေက အပွင့်တွေတဝေဝေနဲ့ပေါ့။ သွေ့သွေ့ခြောက်ခြောက် ကြည်ကြည်လင်လင်နဲ့ မြင်ကွင်းရှင်းလှတဲ့ မြူမဆိုင်းတဲ့ မြေထဲပင်လယ်ဒေသ မနက်ခင်းမှာ ရင်ခုန်နေမိပါတယ်။ ဒီနေ့ အီတလီရဲ့ သင်္ကေတ(Landmark)တစ်ခုဖြစ်တဲ့ ကမ္ဘာကျော် ပီစာမျှော်စင် (Pisa Tower) ရှိရာ ပီစာမြို့လေးကို သွားကြရမယ်လေ။ ပီစာမြို့ဟာ သိပ္ပံပညာရှင် ဂယ်လီလီယို (Galileo Galilei)ရဲ့ မွေးရပ်မြေလည်း ဖြစ်ပါတယ်။

"ဒီဥရောပနိုင်ငံတွေမှာ လူတစ်ယောက်ကို အချိန်တိကျမှုနဲ့ အကဲဖြတ်တယ်"လို့ လမ်းညွှန်ကလည်း မနေ့ညနေကပဲ အချည်အတုပ်စကားလေးနဲ့ သတိပေးပြောထားသေးရဲ့။ ခရီးသွားကုမ္ပဏီတွေက ခရီးစဉ်တွေအတွက် တည်းခိုရမယ့် ဟိုတယ်၊ လမ်းညွှန်ပေးမယ့် ဒေသခံလမ်းညွှန်၊ စားသောက်ရမယ့် ဆိုင်၊ အကြိုအပို့လုပ်ရမယ့် ကား စတာတွေကို အချိန်မီချိတ်ဆက်ပြီး အလုပ်လုပ်နိုင်ဖို့ ကြိုတင် ရက်ချိတ်ထားရပါတယ်။ အားလုံးဟာ နာရီ၊ မိနစ်နဲ့အမျှ အတိအကျလှုပ်ရှားနေကြရတာပါ။


အဲဒါကြောင့် မိမိတို့ခရီးသွားများဘက်မှလည်း ကိုယ့်ကြောင့် နောက်ကျရ၊ လွဲချော်ရ မဖြစ်ရလေအောင် လမ်းညွှန်မှ ကြိုတင်ပြောပြထားတဲ့ အချိန်အတိုင်း အံကိုက်ဖြစ်အောင် ပြင်ဆင်ထားကြရတယ်။ ဟိုတယ်ခန်းမှ အိပ်ရာထချိန်၊ မနက်စာစားချိန်တွေကို မလွဲအောင် ပြင်ဆင်ကြရတယ်။ အချိန်လေးစားတဲ့အကျင့်ကို လိုက်နာခဲ့တာ တစ်သက်လုံးမို့ ကိုယ့်အတွက်တော့ အခက်အခဲမရှိလှပါဘူး။ ပြီးတော့ ဥရောပခရီးမှာ တွေ့ဖူး မြင်ဖူးချင်တာတွေက များလှကာ စိတ်စောပြီး အိပ်မပျော်နိုင်အောင်လည်းဖြစ်ရလို့ စောစောမနိုးမှာ မပူရပါဘူး။



ဒီလိုနဲ့ အချိန်ကိုက်ပဲ ခရီးဆက်နှင်နိုင်ခဲ့ကြပါတယ်။ ဟိုတယ်ကနေ မနက် ၈ နာရီမထိုးခင် ထွက်ခွာခဲ့ပါပြီ။ နှစ်နာရီလောက် နွယ်သာကီ အဖြူရောင်၊ ပန်းနုရောင်တွေ ဖွေးဖွေးလှုပ်နေတဲ့ လမ်းတစ်လျှောက် ကားမောင်းခဲ့အပြီးမှာ







အီတလီနိုင်ငံ၊ ရောမမြို့က တည်းခိုရာဟိုတယ်၊ စီးတဲ့ကား၊ ဒရိုင်ဘာနဲ့ နွယ်သာကီပင်များ

www.burmeseclassic.com

တော့ လမ်းက မြို့လေးတစ်မြို့မှာ ကားရပ်နားပါတယ်။ လမ်းဆင်းလျှောက်ကာ အာရှသားများ အဝယ်များတယ်ဆိုတဲ့ သားရေပစ္စည်းဆိုင်ကို သွားရောက်လေ့လာ ဝယ်ယူကြတယ်။ ပြီးမှ ပီစာမြို့လေးကို ဆက်သွားမယ်။

အီတလီမှာ သားရေထည်တွေ ကောင်းတယ်လို့ဆိုထားတော့ ခရီးသည်တိုင်း စိတ်ဝင်စားကြပါတယ်။ ဒီသားရေထည်ဆိုင်ကြီး (Piola Calzature)ကတော့ မိသားစုပိုင် ဖြစ်ပါသတဲ့။ ဆိုင်အဝင်မှာပဲ တရုတ်အမ်းကုံးဘိုးတော်ကြီး စိပ်ပုတီးမြှောက်ကာ ပျော်မြူးနေပုံကို အထူးပြုပြီး ပြသထားလို့ ဇဝေဇဝါ ဖြစ်သွားမိရဲ့။ ဘယ့်နှယ် ကိုရွှေတရုတ်တွေနဲ့ လာတိုးရပြန်ပြီလဲပေါ့။

ခံ့ညားထွားကျိုင်းလှတဲ့ ဆိုင်ရှင်က အဲဒီအမ်းကုံးပုံကို ညွှန်ပြရင်း သူ့ဇနီးက ဟောင်ကောင်သူဖြစ်ကြောင်း ပြောပြနေပါတယ်။ ဒီဆိုင်မှာ ဈေးကြီးပြီးကောင်းမွန်လှတဲ့ သားရေထည်မျိုးစုံ ရှိတယ်။ ၅၀၊ ၁၅၊ ၁၀ရာခိုင်နှုန်း လျှော့ထားတာတွေလည်း တွေ့ရတယ်။ ပေါ့ပါးတဲ့ သားရေအိတ် ခပ်လတ်လတ် တစ်ခုကို ဈေးနှုန်းဖတ်ကြည့်တော့ သုံးသိန်းကျော်နေပါတယ်။ ဈေးကြီးရတာက ပစ္စည်းကောင်းလို့ပါလို့ ဆိုင်ရှင်အီတလီကြီးက ပြောပါတယ်။

သားရေထည်တွေက ဖိနပ်၊ ခါးပတ်၊ ပိုက်ဆံအိတ်၊ လက်ပွေ့အိတ်၊ အဝတ်ထည့်တဲ့အိတ်ကနေ သားရေဂျာကင်တွေအထိ အမျိုးစုံလှရဲ့။ ဒီဇိုင်းတွေက တည်တည်ငြိမ်ငြိမ်တွေရော၊ ဆန်းဆန်းပြားပြားတွေရော စုံလို့ပါ။ သားရေအရောင်တွေကလည်း အညိုတင်မက အဝါ၊ အပြာ၊ အစိမ်း၊ အနီ၊ အနက် အမျိုးစုံပါပဲ။ မြေအောက်ထပ်မှာလည်း ကျောပိုးအိတ်၊ လက်ဆွဲအိတ်စတဲ့ သားရေအိတ်ကြီးတွေ ရောင်းချတဲ့ ဆိုင်ခန်းတွေရှိပါတယ်။ အပေါ်ထပ်မှာလည်း ဆိုင်ခန်းတွေ ဖွဲ့ထားပါသေးတယ်။

ဆိုင်ရှင်က အာရှသားတွေအကြိုက် ဖော်ဖော်ရွေရွေ ပြုံးပြုံးရွှင်ရွှင်နဲ့ပါ။ ခရီးဖော်တွေကလည်း အတော့်ကို ဝယ်ကြပါတယ်။ အီတလီရောက်လို့မှ သားရေထည် မဝယ်ဘူးဆိုရင် လာရကျိုး မနပ်ဘူးပေါ့တဲ့။

အဲဒီကမှတစ်ဆင့် ကားနဲ့ခရီးဆက်လက်သွားရာ ပီစာမြို့လေးသို့ မကြာမီ ရောက်ရှိသွားပါတော့တယ်။ ပီစာနဲ့နီးလာတာနဲ့အမျှ ရင်ခုန်လှိုက်မောရတဲ့ ပီစာရဲ့အကြောင်းတွေကို ပြန်စဉ်းစားကြည့်နေမိပါရဲ့။

**ပီစာမြို့ (Pisa)ရဲ့ နောက်ခံသမိုင်းကြောင်း**

ပီစာဟာ အီတာလီအလယ်ပိုင်းက မြို့ပါ။ တာ့စ်ကင်နီ (the Toscana Tuscany)ဒေသမှာ ရှိပါတယ်။ ပီစာမြို့ဟာ အာနို(the Arno)မြစ်ရဲ့ နုန်းမြေဆန်တဲ့လွင်ပြင်(the alluvial plain)မှာ လဲလျောင်းနေပြီး ဖလောရင့်(Florence)မြို့ရဲ့ အနောက်ဘက် မိုင်၅၀(ကီလိုမီတာ၈၀)အကွာ၊ (the Ligurian)ပင်လယ်က ၆မိုင်(၁၀ကီလို)အဝေးမှာပါ။ ၁၅ ရာစုနှစ်တိုင်အောင် ပီစာဟာ ပင်လယ်အောက်မှာ လဲလျောင်းနေရပြီး အဲဒီအချိန်မှာ စုစည်းပို့ချလာတဲ့ အာနိုမြစ်ရဲ့ သဲနုန်းတွေဟာ မြို့နေရာကို တဖြည်းဖြည်း ဆုတ်သွားပြီဖြစ်တဲ့ ပင်လယ်ကမ်းရိုးကနေ လုံးဝ ခြားပေးလိုက်ရဲ့။

ရှေးဟောင်းမြို့လေး ပီစာ(Pisa) ဒါမှမဟုတ် Pisae မှာ the Ligurians တွေဟာ ရေကြောင်းအခြေချရာ အဖြစ် ရောမတွေ ထိန်းချုပ်တဲ့အောက် ရောက်သွားချိန်မတိုင်မီအထိ နေထိုင်သွားခဲ့ပုံရပါတယ်။ ပီစာဟာ ၁၈၀ဘီစီ အလွန် အချိန်လေးလောက်မှာတင် ရောမကိုလိုနီ ဖြစ်သွားခဲ့ပါတော့တယ်။ အေဒီ ၃၁၃ ခုမှာတော့ ခရစ်ယာန် ဘုန်းတော်ကြီးတွေ အောက်ရောက်ပြီး ဘုန်းကြီးပိုင်ခရိုင်(Christian bishopric) တစ်ခု ဖြစ်လာတယ်။

ပီစာဟာ ရောမအင်ပါယာကြီး ပြိုလဲသွားတဲ့နောက်မှာ တာ့စ်ကင်နီရဲ့ အထင်ကရမြို့ပြဌာနအဖြစ် ကျန်ရှိပြီး ဆက်လက် ရှင်သန်နေခဲ့တယ်။ သူ့ရဲ့ ပင်လယ်ပြင်စွမ်းအားနဲ့ ထုတ်ကုန်တွေ ဈေးတွေကို အပြည့်အဝ မိမိရရ အသုံးချပြီး ပွားစည်းလာတဲ့ တာ့စ်ကင်ကုန်းတွင်းပိုင်းကြောင့် ပီစာမြို့ဟာ ၁၁ရာစုမှာတော့ ဖွံ့ဖြိုးစည်ပင်တဲ့ စီးပွားရေးအချက်အချာအဖြစ် ရောက်ရှိလာပါတော့တယ်။ အလားတူပဲ ပီစာဟာ ဂျီနိုအာ(Genoa)ရဲ့ အကူအညီနဲ့ မွတ်စလင်တွေရဲ့ စီးနင်းဝင်ရောက်လာမှုကို အန်တုဖို့ အစပြုနိုင်ခဲ့တယ်။ ၁၀၁၆ခုနှစ်မှာတော့ ပီစာသားနဲ့ ဂျီနိုအာသား (Genoese)တွေဟာ ဆာဒီးနီးယား (Sardinia)ကနေ ဆာရာစင်(the Saracens)တွေကို မောင်းထုတ်နိုင်သွားတယ်။


၁၀၆၃ ခုနှစ်မှာတော့ ပီစာသားတွေဟာ မွတ်စလင် (Palermo)တွေရဲ့ လျှပ်တစ်ပြက် မြို့သိမ်းဖျက်ဆီးတိုက်ခိုက်မှုတွေခံခဲ့ရပြန်တယ်။ ပီစာမြို့ရဲ့ ခရူဆိတ်(the Crusades)မှာ ပါဝင်မှု၊ လုံခြုံအဖိုးတန်တဲ့ စီးပွားကူးသန်းအနေအထားများကြောင့် ဆီးရီးယား(Syria) မှာ ပီစာသားကုန်သည်တွေအတွက် နေရာရခဲ့တယ်။ အဲဒီကနောက်ပိုင်းမှာ ပီစာဟာ ဂျီနိုအာနဲ့ ဗင်းနစ်တို့နဲ့အပြိုင် အင်အားတွေတိုးလာတယ်။ ၁၃ ရာစုမှာ ပီစာဟာ ဂျာမန်ဧကရာဇ်တွေရဲ့ ထောက်ပံ့မှုနဲ့ အကျိုးခံစားရသလို သူ့ရဲ့ ရှည်လျားတဲ့ပင်လယ်ပြင်မှာ ဂျီနိုအာသားတွေနဲ့ ကုန်းမြေပြင်ပေါ်မှာတော့ သူ့ရဲ့ တာ့စ်ကင်ပြိုင်ဘက် လူကာ(Lucca)နဲ့၊ ဖလောရင့်တို့နဲ့ ပဋိပက္ခတွေလည်း ဖြစ်ခဲ့ရပေါ့။

အဲဒီလို ရှုန်းကန်ရင်ဆိုင်ရင်း ပီစာအပေါ် ဂျီနိုအာသားများ အနိုင်ယူနေမှုဟာ ၁၂၈၄ ခုနှစ်က နောက်ဆုံးဖြစ်ခဲ့တဲ့ (Meloria) စစ်ပွဲက အဆုံးအဖြတ်ပေးပြီး လျင်မြန်စွာ အဆုံးသတ်သွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



ပီစာရေးတောင်းနယ်မြေသို့အဝင်

ဟန်ရှိပြီး ပီစာရဲ့ ထင်ရှားလှတဲ့ အဆောက်အအုံတွေပေါ့။ ဒီလိုနဲ့ ပီစာမြို့မှာ ဘုရားကျောင်းတွေ၊ အဓိကအားဖြင့် ကိန်းကြီး ခန်းကြီးနိုင်ပြီး အံ့မခန်းကြီးကျယ်တဲ့ ဘုရားရှိခိုးကျောင်း အုပ်စုတွေ၊ ရေဖျန်းမင်္ဂလာပြုရာ အဆောက်အအုံ (the baptistery)နဲ့ ခေါင်းလောင်းမျှော်စင် (စောင်းနေတဲ့မျှော်စင်) တွေ တိုးပွားများပြားလာခဲ့ပါတော့တယ်။

၁၄၀၆ ခုနှစ်မှာ အတွင်းပိုင်း အုပ်စုဖွဲ့ ဂိုဏ်းခွဲကာ အလုအယက်ပြိုင်ဆိုင်မှုတွေကြောင့် ပီစာရဲ့ အခြေချနေထိုင်မှုကို ဖလိုရင်တိုင်း (the Florentines)တွေက ယူသွားပြန်တယ်။ အရေးအတွက် ကြီးမားလှတဲ့ ကုန်စည်တွေ ၁၅ ရာစုတိုင် အောင် မြို့ကို ဆက်လက်ပြီး ဖြတ်သန်းနေခဲ့ပေမယ့် သဲနုန်း



တွေ ပို့ချလာနေမှုကြောင့် တစ်နင့်တစ်ပိုး တင်ဆောင်ထားတဲ့ ရှေးရောမလှေကြီးတွေဟာ အာနိုမြစ်ကို ဆန်တက်ဖို့တော့ အမြဲမဖြစ်နိုင်တော့ပြန်ပါဘူး။

၁၄၉၄ ခုနှစ်မှာ ပြင်သစ်စစ်တပ်တွေ အီတလီနိုင်ငံကို ထိုးဖောက်ဝင်ရောက်တဲ့အခါ ပီစာဟာ သူ့ရဲ့လွတ်လပ်မှုကို ခေတ္တခဏအဖြစ် ဆုံးရှုံးရပြန်ပြီးမှ အခိုင်အမာ ပြန်လည်ရယူ ထိန်းသိမ်းခဲ့ရတယ်။ ပီစာဟာ အစဉ်လိုက် ဖြစ်ပေါ်လာတဲ့ စစ်ပွဲတွေနဲ့ ဝိုင်းဝန်းလုပ်ကြံမှုတွေကို အားတင်းပြီးနေခဲ့ရတယ်။ ဖလောရင့်က နောက်တစ်ကြိမ် ပြန်လည်အနိုင်ယူပြီး ၁၅၀၉ ခုတိုင်အောင် သိမ်းပိုက်ထားခဲ့ပြန်တယ်။ အဲဒီနောက်မှာ


သို့သော်ငြားလည်း အဲဒီအရှုံးတွေအပြီး ၁၃ ရာစု နောက်ပိုင်းမှာတော့ ပီစာဟာ သိုးမွေးထည်ထုတ်လုပ်မှုကြောင့် အလုပ်များတဲ့ အရပ်တစ်ခုဖြစ်လာခဲ့ပြီး ဗာ့စ်ကင်ရဲ့ အဓိက ဆိပ်ကမ်းအဖြစ် ဆက်လက်တည်ရှိနေနိုင်လာပြန်တယ်။ ပီစာ သားတွေဟာ စည်ပင်တိုးတက်လာတာနဲ့အမျှ ကြီးပွားချမ်း သာလာမှုကို ရောင်ပြန်ဟပ်ပြတဲ့အနေနဲ့ နေထိုင်အခြေချရာ သူတို့ဒေသမှာ အများအားဖြင့် အုတ်နဲ့ကျောက်တွေ သုံးပြီး အဆောက်အအုံကြီးတွေ တည်ဆောက်လာကြတယ်။

အဲဒါတွေထဲက မြင့်မားပြီး လူတက်နေလို့ရအောင် ကြီးတဲ့ မျှော်စင်ကြီးတွေကတော့ ထူးခြားတဲ့ ပင်ကိုလက္ခဏာ



www.burmeseclassic.com

www.burmeseclassic.com



ပီစာရှေးဟောင်းနယ်မြေသို့အဝင်

မြို့ဟာ အားပျော့ကျဆင်းသွားခဲ့ပြီး တာ့စ်ကင်စီရင်စု မြို့လေး အဖြစ် ရောက်သွားပြန်ပေ့ါ။

ပီစာဟာ ၁၈ ရာစုလယ် နောက်ပိုင်းမှာတော့ တစ်ဖန် ပြန်လည်နိုးထလာပြန်ပြီး ပတ်ဝန်းကျင်စိမ့်မြေတွေကို မြေယာ ဖော်ယူတယ်။ ငှက်ဖျားရောဂါကို ဖယ်ရှားသုတ်သင်နိုင်ပြီး စက်ရုံအငယ်စားတွေလည်း တိုးတက်ဖြစ်ပေါ်လာတယ်။

ဒုတိယကမ္ဘာစစ်အတွင်း ၁၉၄၄ ခုနှစ်မှာ ပီစာဟာ ဂျာမန်တွေရဲ့ ခံစစ်နဲ့နေရာယူပြီး ရှည်လျားစွာ တိုက်ပွဲဝင်ခဲ့ ရာမှာ ဆိုးဆိုးဝါးဝါးပျက်စီးမှုတွေ ခံစားရပြန်တယ်။ အဲဒီ အချိန်က ထိခိုက်ပျက်စီးခဲ့တဲ့ များစွာသောဘုရားကျောင်း တွေကို မကြာမတင်ခင်မှာ ပြန်လည်ထိန်းသိမ်းခဲ့ကြတယ်။ ဒါပေမယ့် ကျယ်ကျယ်ပြန့်ပြန့် ဖျက်ဆီးခံရတဲ့ မြစ်ရဲ့တောင် ဘက်က ဧရိယာတွေဟာဖြင့် စိတ်ဝင်စားစရာမရှိတဲ့ လက္ခဏာ သွင်ပြင်နဲ့ပဲ ကျန်ရှိနေဆဲပါ။

ပီစာမြို့ဟာ ခုတော့ သူ့ရဲ့အနုပညာနဲ့ ဗိသုကာရတနာ တွေကြောင့် တစ်ဖန်ပြန်လည် ထင်ရှားလာခဲ့ပေ့ါ။

**ပီစာအိပ်မက်မှ လန့်နိုးခြင်း**

ကိုယ်တို့ရဲ့ ခရီးသည်တင်ကားဟာ ပီစာမြို့ရဲ့ ဆင်ခြေ ဖုံးတွေနားကို ဖြတ်ရင်း မကြာခင်မှာ ပီစာမျှော်စင်ရှိရာ ကွင်း ကြီးဘေးက ကားရပ်စခန်းမှာ ထိုးဆိုက်ဆိုက်ပါတယ်။ ကမ္ဘာ



တစ်ဝန်းက ရှေးဟောင်းနေရာတွေ အတော်များများကို သွား တိုင်း ရှေးဟောင်းအဆောက်အအုံတွေထဲကို ကားကြီးတွေ ဖြတ်မမောင်းရဘဲ အဲဒါရဲ့ မလှမ်းမကမ်းမှာသာ ရပ်နားထား ခဲ့ရပါတယ်။ အဲဒီကမှ ကားသေးသေး၊ ဒါမှမဟုတ် သတ်မှတ် ထားတဲ့ အနေ့းယာဉ် တစ်မျိုးမျိုးနဲ့ ဆက်ဝင်သွားရတာပါ။ ဒါမှလည်း ခပ်ယွဲ့ယွဲ့သာရှိနေကြတော့တဲ့ ရှေးဟောင်း အမွေ အနှစ်တွေကို ထိန်းသိမ်းရာရောက်မပေ့ါ။

ပီစာမျှော်စင်ကို လှမ်းမမြင်ရသေးပေမယ့် ကားရပ် စခန်းရဲ့ မလှမ်းမကမ်းမှာ မျှော်စင်က ရှိနေတယ်လို့ သိလိုက် ရတယ်။ ဒီမှာတော့ တောင်ကုန်းမြင့်တွေ မရှိပါဘူး။ မြေက မမာကျောလှလို့ မျှော်စင်ကြီးတောင် စောင်းသွားရတာပဲလေ။ ကားရပ်ရာ နေရာအနီးက ဈေးဆိုင်တန်းလေးရှိပြီး အဲဒီက



www.burmeseclassic.com

www.burmeseclassic.com






တရုတ်ဆိုင်တစ်ဆိုင်မှာ နေ့လယ်စာ စားသုံးကြတယ်။

တရုတ်ဆိုင်တို့ ထုံးစံအတိုင်း ဖော်ဖော်ရွေရွေ ပျူပျူငှာငှာလည်းမရှိ၊ စားစရာဟင်းလျာကလည်း ဒီဖော်မြူလာပဲဖြစ်ပြီး ခရီးသွားတရုတ်တွေ တဝုန်းဝုန်းနဲ့ ဆူညံနေပေါ့။ ဆေးလိပ်တွေသောက်၊ စကားအကျယ်ကြီးတွေပြော၊ ခရီးသည် အချင်းချင်း လှည့်တောင်မကြည့်ဘဲ သူတို့သာ အရေးကြီးနေဟန်နဲ့ တရုတ်ခရီးသွားတွေကို စိတ်ကုန်လှရဲ့။ စားပွဲထိုးတရုတ်မလေးတွေကလည်း ပန်းကန်တွေကိုပစ်ချ၊ တစ်ခုခုတောင်းရင်လည်း မကြားချင်ဟန်ဆောင်. သို့မဟုတ် နား မလည်ချင်ယောင်ဆောင်မို့ ဝန်ဆောင်မှုကလည်း စပယ်ရှယ် ပါပဲ။ ဧည့်သည်တွေအတွက် အပြုံးတစ်ပွင့်မျှ မခြွေပေမယ့် သူတို့ဆိုင်တွေမှာပဲ လူတွေအုံနေတာကလည်း အံ့ဩစရာ။

တရုတ်စားသောက်ဆိုင်က ခပ်မြန်မြန်ထွက်ခဲ့ပြီး ခရီး ဖော်တွေက ဈေးတန်းလေးမှာ ဈေးဝယ်ကြတယ်။ လားလား





www.burmeseclassic.com

www.burmeseclassic.com



စောင်းနေတဲ့ ပီစာမျှော်စင်ဝင်းထဲက အမှတ်တရများ

အတော်များများဟာ တရုတ်ကုန်တွေချည်းပါလား။ အီတလီဖြစ် လက်မှုပညာ ပစ္စည်းလေးတွေကိုတော့ တရုတ်ထည်တွေကြားမှာ အတော့်ကို မျက်စိလျှင်လျှင်နဲ့ရှာရပါတယ်။ အီတလီရောက်ပြီးမှ တရုတ်ပစ္စည်း ဝယ်ပြန်တယ်လို့ မဖြစ်ချင်ကြဘူးလေ။

အဲဒီနောက် ပီစာကို ပို့ဆောင်ပေးတဲ့ ဒေသခံ ကားလေးတွဲလေးနဲ့ ပီစာမျှော်စင်ရှိရာ ဝင်းပေါက်ဝကို မိနစ်အနည်းငယ် ဆက်လက်စီးပြီး သွားရောက်ရပြန်တယ်။ ကမ္ဘာ့အံ့ဖွယ်တစ်ပါးဖြစ်တဲ့ စောင်းနေတဲ့ ပီစာမျှော်စင်နဲ့တကွ ဘုရားကျောင်းအစုအဝေးကြီးဟာ ရထားလမ်းလေး အဆုံးက မြေပြန့်ပြန့် ကွင်းကျယ်ကြီးထဲမှာ ဝင်းခတ်လျက် ရှိနေတာပါ။ ဝင်းပေါက်ဝမှာလည်း အမှတ်တရပစ္စည်းများ ရောင်းတဲ့ စျေးဆိုင်တန်းလေးရှိနေပါသေးရဲ့။ အဲဒီမှာလည်း တရုတ်ပင်တရုတ်ယပ်တောင်တွေ ရောင်းချနေပြန်ပေါ့။ ဩော် . . . မော်စီတုံးပုံကြီးတောင် ရှိသေး။

မြက်ခင်းတွေနဲ့ စိမ်းမြနေတဲ့ ဝင်းအတွင်းကို ခြေကျင်လျှောက်ဝင်ရင်း ရင်ခုန်စွာနဲ့ မျှော်စင်ကြီးကိုရှာတော့ ကွင်းရဲ့ ဟိုးအဝေးဆုံးမှာ ခပ်စောင်းစောင်းလေးရှိနေတာ လှမ်းမြင်ရပါတယ်။ ဝင်ဝင်ချင်း ဝင်ပေါက်တည့်တည့် ကွင်းပြင်ရဲ့ ညာဘက်ခြမ်းမှာတော့ အီတလီသားရေနဲ့ ပြုလုပ်ထားတဲ့ အသုံးအဆောင်တွေရောင်းတဲ့ စျေးဆိုင်တန်းလေး ရှိနေ



တယ်။ လျှောက်ရင်း သွားရင်း အဲဒီဆိုင်တွေကို ဝင်ကြည့်ရင်း အမှတ်တရပစ္စည်းတွေ ဝယ်ယူနိုင်တာပေါ့။

ဒါပေမယ့် တကယ်တမ်း ဝင်ကြည့်တော့ အီတလီဖြစ် ဒေသတွက်ပစ္စည်းတွေက တရုတ်ထုတ်ကုန်တွေကြားမှာ မနည်းရှာမှ တွေ့ရတာပါ။ ဒီလိုနဲ့ အမှတ်တရဝယ်ဖို့ လက်လျှော့ပြီး မျှော်စင်ကိုပဲ စိတ်အေးလက်အေး လှေလာမယ်လို့ ဆုံးဖြတ်လိုက်ကြပါတယ်။

(ဆက်ရန်)

□ ကိုအေးမြင့်(မဟာဝိဇ္ဇာ၊ရှေး-သု)

ကျမ်းကိုး

Encyclopædia Britannica, 2013.



www.burmeseclassic.com

www.burmeseclassic.com



# အဘိုး သခင်ကိုယ်တော်မှိုင်း

ဒိဋ္ဌမှာတဲ့

တရားတွဲဘက်က

မှန်တွဲဘက်က

ရဲရဲရပ်ကြပါ

ထွန်းလင်းချို



www.burmeseclassic.com

www.burmeseclassic.com

"အထူးသာပါ
အကြောင်းအကျိုးမသွေ
ကောင်းမျိုးအထွေထွေရယ်နဲ့
ချွန်စေ မြန်စေစော
ဒေါင်းအိုးဖိဝရယ်လို့
တွန်စေ ကစေသော"

*(သခင်ကိုယ်တော်မှိုင်း)*

❖

မြတောင် တိုက်ကျောင်းကြီးတစ်ကျောင်းရှိ ကပြင်၏ လက်ရန်းပေါ်တွင် လူချောချော ဆယ်နှစ်သားအရွယ် တစ်ယောက် ထိုင်နေလေ၏။ သူသည် သျှောင်ပေစူးကလေးကို တျစ်နေအောင် ထုံးလျက်ထား၏။ တရုတ်တိုက်ပုံအကျီ ဆောင်ရှည်ပုဆိုးကလေး ဝတ်ထား၏။

ထိုသူငယ်ကလေးသည် သီပေါမင်း ပါသွားသည်ကို မြင်လျှင် ငိုရှာလေသည်။ ဝမ်းထဲ၌ လှိုက်လှိုက်နှင့် ပူနေတော့၏။ အဖိုးများစွာ ထိုက်တန်သော အရာကလေးတစ်ခု ပျောက်သွားသည်ဟု ထင်ရှာလေ၏။

ထိုသူငယ်သည် အသက်ငယ်သော်လည်း . . .

"အင်း. . . ငါတို့တစ်မျိုးလုံး လူမျိုးခြား၏ကျွန် ဖြစ်ပြီ" ဟု သိကာ မချိမဆံ့ ဖြစ်နေလေ၏။

နောက် ဘုရင်သည် ဂေါဝိန်ဆိပ် ဆင်းသောအခါ ကျောင်းဦးဘုရားသို့ ထိုသူငယ်သည် သွားလေ၏။

ဘုရားကို ရှိသေစွာ ကန်တော့ပြီး . . .

"တပည့်တော်ကား ကမ္ဘာပျက်ခါနီးမှ လူဖြစ်ရပါသည်၊ ယခု တပည့်တော်တို့ လူမျိုးသည် ကျွန်ဖြစ်ခဲ့ပါပြီ၊ နောင်ဖြစ်လေရာ ဘဝ၌ ဘုရားတပည့်တော်သည် ကျွန်လူမျိုး၌ မဖြစ်ရပါစေနှင့်ဘုရား" ဟု ဆုတောင်းလေ၏။

အထက်ပါ ဖော်ပြချက်သည် ဦးသိန်းဖေ (သိန်းဖေမြင့်) ၏ 'ဆရာဦးလွန်း၏ အဌုပ္ပတ္တိ' (မူလသတ်ပုံ) စာအုပ်မှ ကောက်နုတ်ထားသော သခင်ကိုယ်တော်မှိုင်း၏ ငယ်ဘဝ ရုပ်ပုံလွှာပင် ဖြစ်ပါသည်။

ဤငယ်ဘဝ ရုပ်ပုံလွှာကို ဖတ်ရှုသိမြင်ရခြင်းဖြင့် သခင်ကိုယ်တော်မှိုင်း၏ အသွေးထဲ အသားထဲ၌ ကိန်းအောင်းစိမ့်ဝင်နေသော 'သူ့ကျွန်ဘဝကို ရွံရှာမုန်းတီးခြင်း' ဇာတိမာန်စိတ်ဓာတ်ကို အလေးအမြတ်ပြုစရာ ဖြစ်ရပါ၏။

ပျိုမျစ်နုနယ် ဆယ်နှစ်သားအရွယ်မှာပင် 'သူ့ကျွန်မခံပြီ' ဇာတိသွေးဖြင့် နီစွေးခဲ့ရသော 'အဘိုးသခင်ကိုယ်တော်မှိုင်း'၏ ဘဝခရီးစဉ်တစ်လျှောက်သည်ကား ကောက်၍မကုန်နိုင်သော ပန်းကလေးများသဖွယ် ဘဝအတွေ့အကြုံ အသွယ်သွယ် အလှယ်လှယ်တို့ဖြင့် စိတ်ဝင်စားဖွယ်ကောင်းလှပေသည်။

သခင်ကိုယ်တော်မှိုင်း၏ အင်မတန် ကြီးကျယ်မြင့်မြတ်လှသော ဂုဏ်ပုဒ်များမှာ စာစီရေးပြ၍ မကုန်နိုင်ပါ။ အနှစ်ချုပ်၍ ဖော်ပြရသော် အမျိုးသားဇာတိမာန်စာဆိုတော်ကြီး၊ မြန်မာစာပေနှင့် မြန်မာရာဇဝင်ပါမောက္ခ၊ တို့ဗမာအစည်းအရုံး နာယက၊ လွတ်လပ်ရေးခေတ်ဦး ငြိမ်းချမ်းရေးဖခင်ကြီး၊ ကမ္ဘာ့ငြိမ်းချမ်းရေး စတာလင်ဆုရှင် စသည်ဖြင့် တွေ့မြင်ရမည် ဖြစ်ပါသည်။

ထိုသို့ ကြီးကျယ်မြင့်မြတ်လှသော ဂုဏ်ပုဒ်များအနက် ထူးခြားပေါ်လွင်သော ဂုဏ်ပုဒ်တစ်ရပ်လည်း ရှိပါသေးသည်။

ထိုဂုဏ်ပုဒ်သည်ကား 'ပြည်သူတို့၏ အဘိုးအို' ဖြစ်ပါသည်။

ဆရာတင်မိုးသည် 'ပြည်သူတို့၏ အဖိုးအို' ကဗျာကို ရေး၍ ကွယ်လွန်ခဲ့ပြီဖြစ်သော ဆရာကြီးသခင်ကိုယ်တော်မှိုင်းသို့ ကန်တော့ခဲ့ပါသည်။ ၁၉၆၄ ခုနှစ် ဇူလိုင်လ ၂၃ ရက်မှာ သခင်ကိုယ်တော်မှိုင်း ကွယ်လွန်သောအခါ ဇူလိုင် ၂၄ ရက်ထုတ် လူထုသတင်းစာ မျက်နှာဖုံးအဖြစ် ဆရာကြီးသခင်ကိုယ်တော်မှိုင်း ပုံတူပန်းချီကားကြီးကို ပန်းချီဆရာ ပေါ်ဦးသက်ရေးဆွဲသည်။ ထိုပန်းချီပုံနှင့် ယှဉ်တွဲပြီး ဆရာတင်မိုး၏ 'ပြည်သူတို့၏ အဖိုးအို' ကဗျာကို ဖော်ပြခဲ့ပါသည်။

(မှတ်ချက် - မူရင်းသတ်ပုံအတိုင်း 'အဖိုးအို' ဟုဖော်ပြ၊ ကဗျာကိုလည်း မူရင်းသတ်ပုံအတိုင်း ဖော်ပြပါသည်။)

## ပြည်သူတို့၏ အဖိုးအို

မြန်မာဒေသ၊ တို့ဒေသကား
သခင်ကြီးနှယ်၊ ဆရာနှယ်လျှင်
မျိုးနွယ်စောင့်သိ၊ တို့ကဝိ၏
ဇာတိချက်ကြွေ၊ ရပ်အောင်မြေတည့်။
မြန်မာတိုင်းပြည်၊ တို့တိုင်းပြည်ကား
ဇာနည်အမျိုး၊ တို့အဖိုး၏
မြတ်နိုးလှစွာ၊ ရပ်မြေချာတည့်
မြန်မာရွှေမြေ၊ တို့ရွှေမြေကား
စိတ်နေမြတ်စွ၊ ပဏ္ဍိတ၏
ဦးချရာပြည်၊ ရပ်ရွှေပြည်တည့်။
မြင့်မြတ်စွာဘိ၊ ဖိုးကဝိ၏
ဇာတိမြေမှာ၊ ငါမွေးလာ၍
မြန်မာပြည်ဖွား၊ ငါတကားဟု

www.burmeseclassic.com

ခန့်ညားခဲ့ပါပေသတည်း။
အဖိုးကဝိ၊ ခုမရှိ၍
မချိန္တမ်းနယ်၊ စိတ်အားငယ်လည်း
ဖြေဖွယ်ဖြေရာ၊ ဖိုးကဗျာကို
ဖတ်ကာကာလျှင်၊ ဖြေမည်ပြင်က
မာန်ဝင်ပီတိ၊ အဖိုးရှိသို့
ဇာတိရပ်မြေ၊ ချစ်ပြန်လေအံ့။
အဖိုးကဝိ၊ ခုမရှိ၍
သတိလွတ်ကွာ၊ ပူဆွေးပါလည်း
ခြင်းရာဖြစ်ရပ်၊ ဖိုးထုပွတ်ကို
ဖတ်ကာကာလျှင်၊ ဖြေမည်ပြင်က
ဖြူစင်မြင့်မြတ်၊ သူ့စိတ်ဓာတ်က
ဟပ်သည့်ရောင်ပြန်၊ တို့လမ်းမှန်အံ့။
အဖိုးကဝိ၊ ခုမရှိ၍
ခွေရိစိတ်နုန်း၊ မရွှင်ပြုံးလည်း
လက်သုံးစကား၊ 'ခွေးမသား'ဟု
ကြားယောင်ကာလျှင်၊ ဖြေမည်ပြင်က
မှားချင်မှောက်ချင်၊ ငါတို့ညာဉ်လည်း
ရယ်ရွှင်လျက်သာ၊ မြင်မိပါအံ့။
အဖိုး၏စာ၊ စေတနာတို့
တို့ရွာတို့သွေး၊ စောင့်ပေသေးဟု
တွေးကာတောကာ၊ ဖြေလျက်သာလျှင်
ငါတို့အဖိုး၊ ချစ်မြတ်နိုးသည်
တို့မျိုးဝန်တာ၊ ထမ်းကြပါအံ့။
ဤပြည်တစ်ခွင်၊ ဖိုးဝိညာဉ်သည်
အစဉ်လှည့်လည်၊ စောင့်လိမ့်မည်ဟု
ယုံကြည်အားတင်းကြကုန်အံ့။

တင်မိုး

၂၃ ၇ ၆၄

ဆရာတင်မိုး၏ 'ပြည်သူတို့၏ အဖိုးအို' ကဗျာတွင် ဆရာကြီး အဘိုးသခင်ကိုယ်တော်မှိုင်း၏ ဘဝရုပ်ပုံလွှာများ စိမ့်ဝင်ပျံ့နှံ့နေပါသည်။ ဤကဗျာတစ်ပုဒ်တည်းနှင့်ပင် 'သခင်ကိုယ်တော်မှိုင်းဆိုတာ ဘာလဲ' မေးခွန်း၏အဖြေကို ပေးပြီးသားလည်း ဖြစ်ပါသည်။ ဤနေရာ၌ ထိုကဗျာထဲတွင် ပါဝင်သော 'ခွေးမသား' ဟူသော စကားလုံးနှင့် ပတ်သက်၍ ပြောပြချင်ပါသည်။

သခင်ကိုယ်တော်မှိုင်းသည် သူ့စိတ်နှင့် အခန့်မသင့် အမြင်မတော်ဖြစ်သည့်အခါ 'ခွေးမသား' ဟုမြည်တွန်တောက်တီးတတ်သည်။ များသောအားဖြင့် လူငယ် လူရွယ် တပည့်များနှင့် ပတ်သက်၍ ထိုသို့သုံးနှုန်းလေ့ရှိပါသည်။ တပည့်များကလည်း ဆရာကြီး သခင်ကိုယ်တော်မှိုင်းထံမှ ခွေးမသားဟု အတုတ်ခံလိုက်ရလျှင် ရွှေဒင်္ဂါးဆုကြီး ရသကဲ့သို့ ရယ်ရယ်မောမော ဝမ်းမြောက်ဝမ်းသာ ခံယူလေ့ရှိသည်။ ဆရာ သခင်ကိုယ်တော်မှိုင်း၏ 'ခွေးမသား'သည် အကျိုးနည်း သော စေတနာ မပါဘဲ အကျိုးများစေသော စေတနာတို့ မွမ်းထုံထားသည်ဖြစ်ရာ အဘယ်သူ မခံယူဝံ့ဘဲ ရှိပါမည်နည်း

ထို 'ခွေးမသား' သည် တစ်နေ့သောအခါ၌ လူတ ပါးစပ်ဖျား၌ ရေပန်းစားသွားလေတော့သည်။ မည်သို့ ရေပ စားသွားရပါသနည်း။

မြန်မာပြည် လွတ်လပ်ရေးရပြီး မကြာမီ ၁၉၄၈ ခုနှ မတ်လ ၁၂ ရက်တွင် 'သတင်းစာလုပ်ကြံမှုကြီး' ဖြစ်ပွား သည်။

ဖဆပလဝန်ကြီး တစ်ဦးသည် တိုင်းခန်းလှည့်လည် မင်းလှမြို့အရောက်တွင် မင်းလှဗိုလ်တဲ၌ အမျိုးသမီးတစ် အား 'မီးခွက်မှုတ်' လေသည်။ 'မီးခွက်မှုတ်' ဆိုသည်မှာ အ သားနှင့် အမျိုးသမီးတို့ သွေးသားနှီးနှောမှုကို ရည်ညွှန်းသေ ထိုခေတ်သုံး ဗန်းစကားဖြစ်သည်။

ထို 'မီးခွက်မှုတ်' သတင်းအား သတင်းစာအချို့ ဖော်ပြကြသောအခါ ဝန်ကြီး၏ ဘက်တော်သားအချို့သည် မခံမရပ်နိုင်ဖြစ်ပြီး ထိုသတင်း ဖော်ပြခဲ့သော သတင်းစာတို တို့အား ဝင်ရောက်စီးနင်း ဖျက်ဆီးကြလေသည်။

၁၉၄၈ ခုနှစ် မတ်လ ၁၂ ရက် နံနက်ပိုင်းတွင် မ ဗန္ဓုလ ပန်းခြံအတွင်း အစည်းအဝေးတစ်ရပ် ကျင်းပပြီးနေ လူအင်အား ၅၀၀၀ (ငါးထောင်)ခန့်သည် ချီတက်ထွက် လာကြသည်။ ထို့နောက် သတင်းဆိုးကို ဖော်ထုတ်တင်ပြ သော သတင်းစာတိုက်များ ရှိရာဆီ လူစုခွဲချီတက်သွားကြ သတင်းစာတိုက်တို့အား ဖျက်ဆီးကြသည်။ ဖျက်ဆီးခံရသေ သတင်းစာတိုက်များမှာ ပြည်သူ့ဟစ်တိုင် သတင်းစာတို အိုးဝေ သတင်းစာတိုက်၊ စီးပွားရေး သတင်းစာတိုက်တို့ ဖြ လေသည်။

ထိုအချိန်တွင် ဝန်ကြီးချုပ်ဦးနုသည် ဗြိတိသျှဝန် ဟောင်း လော့ဒ်လစ္စတိုဝဲလ်နှင့်အတူ မြို့တော်ခန်းမတွင် ရှိ သည်။ ထို့ကြောင့်လည်း ဖြစ်စဉ်ဖြစ်ရပ်အားလုံးကို မျက် ထင်ထင် မြင်နေရသည်။ ဝန်ကြီးချုပ်ဦးနုသည် သူ့အိမ် ပြန်ရောက်သောအခါ ပြည်ထဲရေးဝန်ကြီး ဦးကျော်ငြိမ်း တွေ့ဆုံပြီး မေးမြန်းသည်။

"ဟေ့ ကျော်ငြိမ်းရေ သတင်းစာတွေကို မကျေနပ် တွေ ဆန္ဒပြကုန်ပြီ"

"အဲဒါ ကျွန်တော် ဆန္ဒပြခိုင်းလိုက်တာပါ ဝန်ကြီး

"ဩော်. . . ဟုတ်လား"

"ဟုတ်ပါတယ်၊ ဆန္ဒပြရုံတင် မကသေးဘူး၊ သ စာတိုက်တွေကိုဝင်ပြီး စက်တွေကိုပါ ရိုက်ချိုးပစ်ဖို့ ကျွန် မှာလိုက်သေးတယ်"

"ဘာကွ"



www.burmeseclassic.com

www.burmeseclassic.com

"သတင်းစာတိုက်တွေထဲကို ဝင်ပြီး စက်တွေရိုက်ချိုးခဲ့ဖို့ ကျွန်တော် မှာလိုက်တယ်"

"မင်း အတော်အသုံးမကျတဲ့ကောင်၊ ပြည်ထဲရေးဝန်ကြီး လုပ်နေပြီး ဒီလိုခိုင်းရသလား။ ဆန္ဒပြရုံတင်ဆို တော်ရောပေါ့။ ဘာကိစ္စ စက်တွေပါ ရိုက်ချိုးခိုင်းရတာလဲ၊ ဒါ ဒီမိုကရေစီနိုင်ငံကွ၊ အာဏာပိုင်တွေနဲ့ သူတို့ရဲ့လက်ပါးစေတွေ လုပ်ချင်ရာ လုပ်နေတာကို ဘယ်သူမှ အရေးမယူရဲဘဲ လက်ပိုက်ကြည့်နေရတဲ့ အာဏာရှင်နိုင်ငံ မဟုတ်ဘူး၊ ပုလိပ်မင်းကြီးကို မင်း အခုချက်ချင်းခေါ်လိုက်၊ ဥပဒေချိုးဖောက်တဲ့ကောင်တွေ မှန်သမျှ ငါ အရေးယူမယ်"

ဝန်ကြီးချုပ်ဦးနုသည် ဒီမိုကရေစီနိုင်ငံတော်၏ စစ်မှန်သော ခေါင်းဆောင်ကောင်းတစ်ဦးပီပီ တိတိကျကျ ပြတ်ပြတ်သားသား အရေးယူဆောင်ရွက်ပြီး မဟာဗန္ဓုလပန်းခြံမှာပင် သူကိုယ်တိုင် မိန့်ခွန်းပြောသည်။

'သတင်းစာတိုက်တို့ကို ဖျက်ဆီးသူတို့အား ဥပဒေနှင့်အညီ အရေးယူပြီ' ဟု ထည့်သွင်းမိန့်ကြားသည်။ ထို့နောက် ဆက်လက် မိန့်ကြားရာတွင် 'သတင်းစာများသည် လွတ်လပ်စွာ ရေးသားခွင့်ကို တရားသဖြင့် သုံးစွဲဖို့ မေတ္တာရပ်ခံကြောင်း' သမ်းညွှန်သည်။

ဦးနုသည် ဤအထိ 'ခွေးမသား' ဟု အတုတ်ခံရဖို့ အကြောင်းမရှိသေး။ အရည်အချင်းပြည့်ဝသော ဦးနုကလည်း သူ့ဘက်သို့ ရေပက်မဝင်အောင် အဖွင့် အပိတ်တွေနှင့် ပြောကြားသွားရာ ပရိသတ်ကြီး၏ တဖြောင်းဖြောင်း လက်ခုပ်သံမှာ ဟိန်းထွက်နေသည်။

တစ်နေရာအရောက်တွင်မူ ဦးနုတစ်ယောက် မည်သို့ စိတ်ကူးပေါက်သွားသည်မသိ၊ ဤသို့ ပြောလေသည်။

"အကယ်၍ မိမိမေတ္တာရပ်ခံသည်ကို ဂရုမစိုက်ဘဲ လွတ်လပ်စွာရေးသားခွင့်ကို အလွဲသုံးစား လုပ်လာလျှင် သတင်းစာတွေကိုလည်း မကြောက်၊ သတင်းစာတွေရဲ့ ဘိုးအေကိုလည်း မကြောက်ဘူး၊ ဥပဒေအရ အရေးယူရလိမ့်မည်"

သွားပြီ။ စကားကျွံ၍ နုတ်မရတော့ပြီ။ စိန်ဗေဒါ တီးတွက်ဆန်း တီးနေရာမှ ရင်ပုံခွင်းအမြောက်နှင့် ထုလေပြီ။

'သတင်းစာတွေရဲ့ ဘိုးအေကိုလည်း မကြောက်ဘူး' ဟူသော ဦးနု၏ ပြောကြားချက်သည် ဆရာကြီးသခင်ကိုယ်တော်မှိုင်းကို စော်ကားလိုက်ခြင်း ဖြစ်သည်ဟု သတင်းစာသမားများက နားလည်ယူဆပြီး ခေါင်းစီးစာလုံးမည်းကြီးများနှင့် ဝိုင်းတွယ်ကြလေသည်။

ထိုမျှမကသေးဘဲ ဆရာကြီးသခင်ကိုယ်တော်မှိုင်းအား ခေါင်းဆောင်တင်ကာ သတင်းစာဆရာကြီးများ ဖြစ်ကြသော ဟံသာဝတီ ဦးထွန်းဖေ၊ သူရိယ ဦးသိမ်းမောင်၊ အိုးဝေ ဦးညိုမြ၊ ဗမာ့ခေတ် ဦးအုန်းခင်တို့နှင့် သတင်းစာ ဆရာများသည် ဝန်ကြီးချုပ်နှင့်တကွ ဘက်တော်သားတို့အား ရှုတ်ချသော ဟောပြောပွဲများ လုပ်ကြသည်။ ရန်ကုန်မြို့တွင်သာမက မန္တလေး၊ စစ်ကိုင်းအထိ ကျယ်ပြန့်သွားသည်။ ပရိသတ်ကလည်း သောင်းနှင့်ချီပြီး တက်ရောက်အားပေးသည်။

မန္တလေးမြို့တွင် ဆရာကြီးသခင်ကိုယ်တော်မှိုင်းက ဟောပြောရာ . . .

"မတ်လ ၁၂ ရက်နေ့က အဖြစ်အပျက်ကို ဆရာတောမှာရှိနေလို့ မသိရဘူး၊ နောက် ရန်ကုန်ရောက်လာတော့ အစိုးရနဲ့ သတင်းစာတွေ ဖြစ်ပျက်ပုံကို သိရလို့ ပျက်စီးနေတဲ့ သတင်းစာတိုက်များကို သွားကြည့်တော့ ရင်ကွဲပက်လက် မြင်ရတယ်၊ ခွေးမသားတွေ ဖက်ဆစ်မုန်းတယ် မုန်းတယ်နဲ့ ပြောပြီး လက်စသတ်တော့ မဟာဖက်ဆစ် ဖြစ်နေပြီ"

စသည်ဖြင့် ဟောပြောသွားရာ 'ခွေးမသားတွေ' ဟူသော စကားလုံးသည် လူတိုင်းပါးစပ်ဖျား၌ ရေပန်းစားသွားလေတော့သည်။

ထို 'မီးခွက်မှတ်' ကိစ္စကို အကြောင်းပြုပြီး ရေပန်းစားသွားသော 'ခွေးမသား' စကားလုံးကို ဆရာတင်မိုးသည် သူ့ကဗျာထဲ၌ တခုတ်တရ ထည့်သွင်းစပ်ဆိုသွားခြင်း ဖြစ်ပါသည်။ ဆရာကြီး သခင်ကိုယ်တော်မှိုင်း၏ ရာဇဝင်တွင်သော ထိုဖြစ်ရပ်နှင့် ပတ်သက်၍ ဒီမိုကရေစီသူရဲကောင်း သတင်းစာဆရာကြီး ဟံသာဝတီ ဦးဝင်းတင် (၁၉၃၀-၂၀၁၄)ကလည်း ဤသို့ မှတ်တမ်းတင်ရေးသားခဲ့ဖူးပေသည်။

"၁၉၄၈ မှာ အိုးဝေ၊ ဟစ်တိုင်၊ စီးပွားရေး သတင်းစာတွေကို ဖဆပလအစိုးရဘက်တော်သား ဆိုရှယ်လစ်တွေက ရိုက်ချိုးဖျက်ဆီးခဲ့တယ်။

ဆရာကြီးဟာ မဟာကဗျာစာဆိုကြီး တစ်ဦးပီပီ စာပေလုပ်ငန်း တစ်ခုဖြစ်တဲ့ သတင်းစာတွေအပေါ်မှာ အများကြီး သံယောဇဉ်ထားပါတယ်။ တကယ်တမ်း ပြောရရင် စာပေလုပ်ငန်းသက်သက်ဖြစ်တဲ့ စာအုပ်စာပေတွေအပေါ်မှာထက် သတင်းစာတွေအပေါ်မှာ သံယောဇဉ်ပိုကြီးတယ်၊ မေတ္တာပိုထားတယ်လို့ ဆိုရမတတ်ပါပဲ။ (-----) သံယောဇဉ်တွေနဲ့ အာဏာရအစိုးရကို ဆရာကြီး ဆန့်ကျင်ခဲ့ပါတယ်၊ အဖျက်ဆီးခံ သတင်းစာတွေဘက်က ဆရာကြီး ဝင်ရပ်ခဲ့ပါတယ်။ အစိုးရကို 'မဟာဖက်ဆစ်တွေ'ရယ်လို့ ဆရာကြီး မှတ်ခဲ့ပါတယ်။ သတင်းစာတိုက်တွေ ဖျက်ဆီးခံခဲ့ရစဉ်က ဆရာကြီး တရားပွဲခရီးတွေ ထွက်ခဲ့တယ်။ မန္တလေး ရောက်ခဲ့တယ်။ 'တရားတဲ့ဘက်က မှန်တဲ့ဘက်က ရဲရဲရပ်ကြပါ' ဆိုတဲ့စကားကို တွင်တွင်ကြီး သုံးခဲ့တယ်။ ဒီစကားလုံးနဲ့ပဲ လူထုတွေကိုလည်း တိုက်တွန်းခဲ့တယ်။ သတင်းစာတိုက် ဖျက်ဆီးမှုကို ပုံစံတစ်မျိုးနဲ့ ဆရာ ကြီး မသေခင် မြင်တွေ့သွားခဲ့ရသေးတယ်။

၁၉၅၈ မှာ ကြေးမုံသတင်းစာ ချိပ်ပိတ်ခံရတယ်။ အိုးဝေတို့လို ပုဆိန်ပေါက် ဖျက်ဆီးခံရတာမျိုးတော့ မဟုတ်

www.burmeseclassic.com

ဘူးပေါ့။ ဒါပေမယ့် ဆရာကြီး အသည်းဆတ်ဆတ်ခါအောင် နာတယ်။ ဆရာကြီး အသက် ၈၂ နှစ်ရှိပြီ။ အဲဒီအချိန်က ကြေးမုံသတင်းစာက ဆရာကြီးဦးဆောင်တဲ့ ပြည်တွင်းငြိမ်းချမ်းရေးအဖွဲ့ရဲ့ 'တပ်ဦး' လိုဖြစ်နေတဲ့ သတင်းစာ။ ဆရာကြီး တောက်ခေါက်ရုံမှတစ်ပါး ဘာမှ မတတ်နိုင်တော့ပါ။ ကဗျာတစ်ပုဒ်တောင် မရေးနိုင်တော့ပါ။

'ဒီကောင်တွေ မိုက်ရိုင်းတုန်းပဲကွာ၊ မဟာဖက်ဆစ်တွေပဲ' လို့ ကျွန်တော်တို့ကို ပြောပါတယ်။ အဲဒီတုန်းက ကြေးမုံကို ချိပ်ပိတ်တဲ့အစိုးရက ဗိုလ်ချုပ်နေဝင်းရဲ့ အိမ်စောင့်အစိုးရဖြစ်ပါတယ်။ အာဏာသိမ်း စစ်တစ်ပိုင်းအစိုးရပဲ။ ဆရာကြီး ရောထွေးပြောတာလား။ 'သတင်းစာ ချိပ်ပိတ်တဲ့အစိုးရဟာ သတင်းစာ ရိုက်ချိုးတဲ့အစိုးရနဲ့ အတူတူပါပဲကွ' လို့ ပြောချင်တာလား။ ကျွန်တော်တို့ကတော့ မသိဘူးပေါ့လေ။

ဆရာကြီးရဲ့စိတ်က သတင်းစာထိ မချိအောင်နာတယ်ဆိုတဲ့ စိတ်ပဲဖြစ်တယ် ဆိုရမှာပါ။ သတင်းစာတွေအပေါ်မှာထားတဲ့ ဆရာကြီးရဲ့ သံယောဇဉ်ဟာ အလွန်ကြီးမားပါတယ်။

၁၉၇၈ မှာ အသည်းနာစရာ ဖြစ်ရပ်ဆိုးတစ်ခု ကျွန်တော်တို့ ကြုံရပြန်ပါတယ်။ ၁၉၇၈ ခု ဇွန်လ ၃၀ ရက်မှာ အစိုးရက မန္တလေးမှာ ထုတ်ဝေနေတဲ့ 'ဟံသာဝတီ' သတင်းစာကို ပိတ်သိမ်းလိုက်တာပဲ ဖြစ်ပါတယ်။

၁၉၄၈ အိုးဝေတို့၊ ဟစ်တိုင်တို့ ရိုက်ချိုးခံရတုန်းက သတင်းစာတွေ ပျက်စီးဆုံးရှုံးရုံပဲ ဖြစ်ခဲ့ပါတယ်။ ဆရာကြီး ရင့်ထုမနာ ဖြစ်ခဲ့ရတယ်။

၁၉၅၈ ကြေးမုံသတင်းစာ ချိပ်ပိတ်ခံရတော့ သတင်းစာ တစ်နှစ်ကျော် အသံတိတ်ရုံ တိတ်သွားခဲ့ပါတယ်။ ဆရာကြီး 'အသည်းနာ'ခဲ့ရတယ်။

၁၉၇၈ ဟံသာဝတီသတင်းစာ ပိတ်သိမ်းရတော့ သတင်းစာတစ်စောင် ထာဝရ ဇီဝိန်ချုပ်သွားခဲ့ရပါတယ်။ အဲဒီအချိန်မှာ ဆရာကြီး သက်ရှိထင်ရှား မရှိတော့ပါဘူး။ ၁၉၆၄ ကတည်းက ကွယ်လွန်ခဲ့ပါပြီ။ ဆရာကြီး သက်ရှိထင်ရှားရှိရင် အသက် ၁၀၂ နှစ် ရှိပါပြီ။ ဆရာကြီးသာ သိရင် ဘာပြောမလဲ။

'ဒီကောင်တွေ မိုက်ရိုင်းတုန်းပါလား၊ မဟာ့မဟာ ဖက်ဆစ်ကောင်တွေကွ' လို့ ရေရွတ်မှာ စေနံလို့ ကျွန်တော် ပြောချင်ပါတယ်။"

ထိုကဲ့သို့ ရာဇဝင်မော်ကွန်းထိုးရသော ဆရာသခင်ကိုယ်တော်မှိုင်း အလှောင်းအလျာ 'မောင်လွမ်းမောင်' ကို အဖ ဦးစံဒွန်း၊ မိခင် ဒေါ်အုန်းတို့မှ မြန်မာနှစ် ၁၂၃၇၊ တပေါင်းလပြည့်ကျော် ၄ ရက်၊ ကြာသပတေးနေ့၊ ခရစ်နှစ် ၁၈၇၅ ခုနှစ်တွင် နယ်ချဲ့အင်္ဂလိပ်တို့ သိမ်းပိုက်ထားသော အောက်မြန်မာနိုင်ငံ ပြည်ခရိုင်၊ ရွှေတောင်မြို့နယ် ဝါးလယ်ရွာ (ဝါးလည် ဟုလည်း အရေးအသားရှိသည်)၌ ဖွားမြင်သည်။

ဆရာကြီး၏ ငယ်နာမည်နှင့် ပတ်သက်၍ 'မောင်လွမ်း' ဟူ၍လည်း အရေးအမှတ်ရှိသည်။ ငယ်နာမည် 'မောင်လွမ်းမောင်' သည် ဘွားအေကြီး ပေးသောနာမည်ဟု ဆိုသည်။ ဆရာကြီးကလည်း စာရေးသောအခါတွင် 'ဆရာလွန်း၊ ဆရာလွမ်း၊ မောင်လွမ်း' ဟူ၍ ကလောင်နာမည် တပ်လေ့ရှိသည်။

ဆရာကြီး၏ ကံ့ကူလက်လှည့် ငယ်ဆရာမှာ ရွှေတောင် ကျီးသဲလေးထပ်ဆရာတော်ကြီး ဖြစ်သည်။ နောက်ဆရာတစ်ဦးမှာ မန္တလေး ရွှေမြို့တော် ပထမ မြတောင်ဆရာတော် ဖြစ်သည်။ ရာဇသတ်၊ ဓမ္မသတ်၊ ကဗျာလင်္ကာ အရေးအသားပညာကို မိခင်၏မောင် ဦးလေး ဦးပဥ္စင်းဦးသီရိထံမှ သင်ယူတတ်မြောက်ခဲ့ခြင်း ဖြစ်သည်။ ဆရာကြီး အသက် ၂၁ နှစ်အရွယ်တွင် မုံရွာမှာ ကျင်းပသော အစိုးရစစ် (၇)တန်းစာမေးပွဲ အောင်မြင်ခဲ့သည်။

ဆရာကြီးသည် အသက် ဆယ်နှစ်သားအရွယ်တွင် အထက်၌ဖော်ပြခဲ့သော ပါတော်မူမြင်ကွင်းကို မြင်တွေ့ခဲ့ရပြီးနောက် ကိုရင်ဘဝဖြင့် ချောင်းဦး၊ အလုံ၊ မုံရွာ၊ ကြေးမုံမုံရွေး၊ ဘုတလင် စသော အရပ်များသို့ လှည့်လည်နေထိုင်ကာ စာပေသင်ယူသည်။

ဆရာကြီးသည် အသက် ၂၄ နှစ်အရွယ်မှာ ရန်ကုန်မြို့သို့ ရောက်ရှိလာသည်။ ရန်ကုန်ရောက်ပြီး ၁၁ နှစ်ကာလအတွင်း ရန်ကုန်၊ မော်လမြိုင်၊ ဟင်္သာတ စသည့်မြို့များတွင် လှူးလာခေါက်တုံ့ ကျင်လည်ခဲ့လေသည်။ ဆရာကြီးသည် ပထမဦးစွာ ရန်ကုန်မြို့ ဇမ္ဗူကျက်သရေ စာပုံနှိပ်တိုက်တွင် 'စာပြင်ဆရာ' လုပ်လေသည်။ တစ်ဆက်တည်းမှာပင် ပြဇာတ်စာအုပ်များကိုလည်း ရေးသားခဲ့ရာ အုပ်ရေ ၈၀ ခန့်ရှိသည်ဟု သိရပါသည်။

၁၉၀၂ ခုနှစ်တွင် ထုတ်ဝေသော ဆရာကြီး၏ 'သိရီဓမ္မာသောကမင်းကြီး' ပြဇာတ်ထဲတွင် ဤသို့ ရေးခဲ့လေသည်။

မင်းသမီးပြော ။ ။ ဟယ်. . . သူ မချစ်လို့ ဝမ်းသွားတာ နင်က ဘာပြုလို့ လိုက်ချင်တော့သတုံး ဟင်-. လင်ငတ်မရဲ့၊ အသေကောင်မရဲ့၊ နင် သူတို့ လှည့်မကြည့်နဲ့ဟဲ့၊ ပောဒါလို မှောက်ပြီး အိပ်နေတဲ့ သူ့ကို မော်မကြည့်နဲ့၊ အောင်မယ်. . . ကြည့်စမ်း ကြည့်စမ်း၊ သူက သိတတ်လိုက်တာ၊ ကုန်းကုန်းထတယ်၊ နင်က လွမ်းလို့လား၊ အောက်မေ့လို့လား၊ ကြာတော့ ငါ လက်ဝါးနဲ့ ချလိုက်ရ ဖောင်းခနဲ မြည်သွားမယ်.ဟင်း"

ထိုသို့ စာပြင်ဆရာလုပ်ရင်း ပြဇာတ်ရေးရင်းဖြင့် ဆရာကြီးသည် ကြည့်မြင်တိုင်သူ ဒေါ်ရှင် နှင့် အကြောင်းပါလေသည်။

နောင်အခါ ဇမ္ဗူကျက်သရေ ပုံနှိပ်တိုက်ကို သတင်းစာလီမိတက်အဖြစ် ပြောင်းလိုက်သောအခါ ဆရာကြီးသည်

www.burmeseclassic.com

www.burmeseclassic.com



န်ကုန်တိုင်းသတင်းစာတိုက်သို့ ပြောင်းရွှေ့လုပ်ကိုင်သည်။ န်ကုန်တိုင်းသည် ပုလိပ်ဂေဇက်သတင်းကို အစိုးရထံမှ ာန်ထရိုက်ယူ၍ ရိုက်သည်။ ဆရာကြီးက မြန်မာစာအယ်ဒီ ာအဖြစ် လုပ်ကိုင်ခြင်းဖြစ်သည်။

ထို့နောက် ဆရာကြီးသည် မော်လမြိုင်သို့ ပြောင်း ွှေ့ပြီး မြန်မာတိုင်းသတင်းစာတွင် အယ်ဒီတာ လုပ်သည်။ ောင်သမာဓိ အမည်ဖြင့် ဆောင်းပါးလည်း ရေးသည်။ ွှေတောင်ဆရာလွမ်း အမည်နှင့်လည်း မော်လမြိုင် ရာဇဝင် တ္တုကို ရေးလေသည်။

နှစ်နှစ်ခန့် ကြာသောအခါ ဆရာကြီးသည် မော်လမြိုင် မှ ပြန်လာပြီး ရွှေတောင်မြို့တွင် ခေတ္တပြန်နေသည်။

၁၉၁၁ ခုနှစ်တွင် သတင်းစာအတတ်ပညာဖြင့် နိုင်ငံ ရေးမျက်စိဖွင့်ပေးပြီး သတင်းစာလောက တစ်ခေတ်ပြောင်း စေမည့် 'သူရိယ' သတင်းစာ စတင်ထုတ်ဝေရာ ဆရာကြီး သည် ရန်ကုန်သို့ လာရောက်၍ ကူညီသည်။

၁၉၃၆ ခုတွင် သူရိယသတင်းစာ ၂၅ နှစ်မြောက် အထူးထုတ် ထုတ်ဝေသောအခါ 'သူရိယ' က. . .

"မစ္စတာမောင်မှိုင်း ဟူ၍လည်းကောင်း၊ ပရိဖက်ဆာ ဆရာလွန်း ဟူ၍လည်းကောင်း ယခုအခါ ကြော်ငြာ ဝေါ်နေသော ဆရာလွန်းသည် မြန်မာတိုင်းသတင်းစာတိုက်တွင် အယ်ဒီ တာ လုပ်ခဲ့ဖူးသူ ဖြစ်သည့်အပြင် သတင်းစာလုပ်ငန်းဘက်ကလည်း တတ်ကျွမ်းနားလည်၊ ရန်ကုန်မြို့ စာပုံနှိပ်တိုက်များနှင့်အဆက်အသွယ် လည်းရှိ၊ ပုံနှိပ်တိုက်လုပ်ငန်းဘက် ကလည်း အောက်သက်ကျေသူ တစ်ဦး ဖြစ်ခြင်းကြောင့် သူရိယ သတင်းစာပုံနှိပ်တိုက်တည်ထောင်စ အခါမှာ ဆရာလွန်း၏ အကူအညီ များစွာရပေ၏" ဟူ၍ ကျေးဇူးမှတ် တမ်းတင်ခဲ့လေသည်။ "သူရိယ" နှင့်ပတ်သက်၍ ဆရာကြီးကိုယ်တိုင် ဤသို့ ပြောခဲ့သေးသည်။

"သူရိယ စထောင်တော့ ဦးဘဘေက အကူအညီလာတောင်း တာနဲ့ ဆရာလည်း ဇမ္ဗူကျက်သရေ စာပုံနှိပ်တိုက်က ထွက်ပြီး သူရိယမှာ အယ်ဒီတာ စလုပ်တာပဲ။

(သူရိယတွင် မလုပ်ခင် မော်လမြိုင် မြန်မာတိုင်းသတင်းစာ ၌ လုပ်ခဲ့ပုံကိုလည်း ပြောပါသေးသည်။)

သူရိယဆိုတဲ့ နာမည်ကိုလည်း ဆရာပဲ မှည့်ပေးလိုက် တာပဲ။ သီပေါမင်းကို အင်္ဂလိပ်တွေ လာဖမ်းတော့ သူရိယ ဆိုတဲ့ သင်္ဘောကြီးနဲ့ ဖမ်းသွားတယ်။ အဲဒါကို အစွဲပြုပြီး သူရိယလို့ မှည့်တာပဲ"

ဆရာကြီး သခင်ကိုယ်တော်မှိုင်းသည် သူရိယသတင်း စာတွင် မြန်မာဘက်ဆိုင်ရာ အယ်ဒီတာအဖြစ် ၁၉၂၁ ခုနှစ် လောက်အထိ လုပ်ခဲ့သည်။

ထိုအချိန်တွင် မြန်မာနိုင်ငံ၌ ဝံသာနုလှုပ်ရှားမှုများ ရောင်နီသန်းလာပြီဖြစ်ပေရာ ဆရာကြီး၏ ငယ်နုစဉ်ကတည်း က အသွေးထဲ အသားထဲ စိမ့်ဝင်နေခဲ့သော သူ့ကျွန်မခံစိတ်၊ ဇာတိမာန်စိတ်တို့ ဆူဝေလာပြီး အနုအလှ သမုဒယစာများကို ရေးနေခဲ့သော ဆရာကြီးသည် နိုင်ငံရေးစာပေ ရေးသားခြင်း ဘက်သို့ ကလောင်ဦး လှည့်ခဲ့လေတော့သည်။

ဗိုလ်ဋီကာ၊ မှာတော်ပုံ၊ ဒေါင်းဋီကာ၊ မျောက်ဋီကာ၊ မျောက်ဂဏ္ဍိ၊ ခွေးဋီကာ၊ သခင်ဋီကာ စသော စာပေများ သည် မြန်မာပြည်သူတို့အတွက် နိုင်ငံရေးအသိဉာဏ် နိုးကြား စေသော ဆရာကြီး၏လက်ရာ စာပေများ ဖြစ်ပေသည်။

ထိုအချိန်တွင် ဆရာကြီး ရေးသားခဲ့သော . . .





www.burmeseclassic.com

www.burmeseclassic.com

'ဒွေးခါမှာ ချေးကာလှည့်ခဲ့ရတဲ့

ကြွေးတစ်ရာဟာ

ပေးစရာကလည်း မရှိတာကြောင့်

လေးခါတိတိရယ်တဲ့ သူကြီးကခေါ်

အို . . . ကိုမှိုင်းရဲ့

ကိုယ့်မှာတော့ တော်ပေရဲ့ ပျို့ချစ်ဦးတဲ့။"

စသည့် လေးချိုးကဗျာကြီးကို့သည် တောသူတောင်သား ဆင်းရဲသားတို့ လယ်မဲ့ မြေမဲ့ ပစ္စည်းမဲ့ဖြင့် ဒုက္ခရောက်နေကြရပုံကို မီးမောင်းထိုးပြခဲ့လေသည်။

'မှာတော်ပုံ' ဝတ္ထုကြီးတွင်လည်း . . .

တစ်ဖန် ခင်အုံက . . .

"ကျွန်မတို့တော့ ရှင်ဘုရင်များလို မြို့စား၊ ရွာစား မပေးနိုင်ဘူး၊ ကိုယ်တတ်နိုင်တာပဲ ပေးရမှာပဲ၊ ရှင်ကကော ဘာများ ယူချင်သလဲ၊ တောင်းသာ တောင်း ကိုပေါရဲ့ အချိတ်ပုဆိုးများ မဆီးချင်ဘူးလား၊ အားမနာပါနဲ့"

ဟု ကိုပေါကို ရဲဆေးတင်ပေးနိုင်သမျှ တင်ပေးရှာပြန်သည်။ ကိုပေါအတွက် နှစ်ကိုယ်နီးဖို့အရေးသည် တဲတဲကလေးသာ ကျန်တော့သည်ဟု ထင်မိ၏။ သို့ရာတွင် ကိုပေါမှာကား "ဆေးလိပ်တစ်တိုလောက်တော့လိုချင်တာပဲ၊ တကတဲ ခံတွင်းချဉ်လိုက်တာ မပြောပါနဲ့တော့"

ဟူ၍သာ ဆိုလိုက်ရှာသည်။

စသည့် အရေးအသားများဖြင့် မြန်မာတို့ 'မအ'ဖို့ လမ်းညွှန်ပေးခဲ့လေသည်။ မြန်မာတို့ 'အ'နေလျှင် လွတ်လပ်ရေးနှင့် ဝေးမည်၊ ထို့ကြောင့် 'မအ'ကြနှင့်ဟု တဲ့တိုးရေးလျှင် ထောင်နန်းစံရဖို့ အလွန်နီးစပ်သောခေတ်တွင် 'မစ္စတာမောင်မှိုင်း' သည် 'မှာတော်ပုံ' ဝတ္ထုကြီးဖြင့် ရဲဆေးတင်ပေးခဲ့လေသည်။ ၁၉၂၀ ပြည့်နှစ်တွင် ပထမကျောင်းသားသပိတ်ကြီး ပေါ်လာသည်။

ထိုအခါ ဆရာကြီးသည် . . .

'ထီ'မထင် ကျောင်းတော်သားတွေရဲ့

အမည်အစဉ် ခေါင်းအပေါ်များမှာလ

မင်းရှို့ဆရာကို စာရင်းတို့ကာ

ထားလိုက်ပေတော့ . . . ဟူ၍ ကျောင်းသားလူငယ်များကို အားပေးပြီး သတင်းစာဆရာဘဝမှ ရပ်နား၍ ဗဟန်း အမျိုးသားကောလိပ်ကျောင်းတွင် မြန်မာစာပေနှင့် မြန်မာရာဇဝင်ကို တာဝန်ယူ သင်ကြားပေးလေသည်။

ထိုကိစ္စနှင့် စပ်လျဉ်း၍ ၁၉၅၆ ခုနှစ် သမာဓိသတင်းစာနှင့် အင်တာဗျူးရာတွင် ဤသို့ ပြန်ပြောင်းပြောပြခဲ့ပါသည်။

"သူရိယမှာ လုပ်လို့ တော်တော်လေးလည်း အရှိန်ရသွားရော ဗြုန်းဆို ပထမကျောင်းသားသပိတ်ကြီး စမှောက်တော့တာပါပဲ။ အဲဒီအချိန်မှာ မြန်မာ့နိုင်ငံရေးဟာ အတော်ကလေး လှုပ်လှုပ်ရွရွ ဖြစ်လာပြီ။ သပိတ်ကြီးမှောက်ပြီးတော့ နေရှင်နယ်ကောလိပ်ကြီး စထူထောင်ကြရော၊ အဲဒီမှာ သင်ဖို့ပြဖို့ ဆရာတွေလိုတာနဲ့၊ ဆရာ့ကိုလည်း အတင်းဝိုင်းပြီး တောင်းပန်ကြတာနဲ့ သူရိယကထွက်ပြီး အဲဒီနေရှင်နယ်ကောလိပ်မှာ ဆရာ ဝင်လုပ်ရပြန်ရောကွ။

လုပ်လို့မှ အရှိန်ရယ် ကြံ့ခိုင်ရှိသေးတယ်၊ ဂျီစီဘီအေ ကွဲပြီး လှိုင်၊ ပု၊ ကျော် တို့က တစ်ဖက်၊ ၂၁ ဦးက တစ်ဖက်ဖြစ်တာနဲ့ နေရှင်နယ်ကောလိပ်လည်းပျက်၊ ဆရာလည်း ထွက်ရရောပေါ့ကွယ်။ အဲဒီနောက်ပိုင်းမှာတော့ မောင်ယော (ဆရာဇော်ဂျီ)ကလည်း ဆရာ့အိမ်ရောက်လာတော့ အိမ်ထောင့်တာဝန်ကို ဆရာ မပူရတော့ဘဲ မောင်ယောကပဲ အိမ်ထောင့်တာဝန်ကို ထမ်းရွက်တာနဲ့ ဆရာလည်း သံယောဇဉ်ကင်းကင်းရှင်းရှင်းနဲ့ 'သခင်နိုင်ငံရေး' ထဲ ခြေစုံပစ်ဝင်ပြီး လုပ်တော့တာပါပဲ"

ထိုအချိန်မှ စတင်ကာ ဆရာကြီးသည် 'သခင်' ဘွဲ့ ခံယူပြီး မိမိ၏အမည်ကိုလည်း 'သခင်ကိုယ်တော်မှိုင်း' ဟူ၍ ခံယူသည်။ ဆရာကြီးသည် တို့ဗမာအစည်းအရုံး၏ 'နာယက' အဖြစ်ဖြင့် သခင်လူငယ်တို့အား ဦးဆောင်လမ်းညွှန်ကာ မြန်မာနိုင်ငံ လုံးဝလွတ်လပ်ရေးအတွက် နိုင်ငံရေးလှုပ်ရှားမှုများ အားသွန်ခွန်စိုက် အာရှယ်နှင့်မမျှအောင် ကြိုးပမ်းထမ်းဆောင်ခဲ့သည်။

ထို့ကြောင့်လည်း နယ်ချဲ့ဗြိတိသျှအစိုးရသည် ၎င်းတို့အား မြန်မာ့မြေပေါ်မှ မောင်းထုတ်နိုင်စွမ်းရှိသည့် လက်ရွေးစင် မြန်မာ့နိုင်ငံရေးသမား ၆၃ ယောက်၏ စာရင်းကို ၁၉၄၁ ခုနှစ်၊ ဇန်နဝါရီ ၁ ရက်မှာ ထုတ်ပြန်ကြေညာသောအခါ ဆရာကြီး သခင်ကိုယ်တော်မှိုင်းသည် ရန်သူတော် နံပါတ် (၁) ဖြစ်ခဲ့ရလေသည်။ ထိုသို့ သခင်ဘွဲ့ ခံယူစဉ်က ဆရာကြီး ပြောကြားခဲ့သော သမိုင်းဝင် စကားရပ်ဖြင့် 'ဆရာကြီး အဘိုး သခင်ကိုယ်တော်မှိုင်း'သို့ လေးမြတ်စွာ ဦးညွှတ်ဂါရဝပြုလိုက်ရပါသည်။

"အေး . . . အေး၊ လုပ်ကြလကွာ၊ ဆရာတို့တော့ အသက်ကြီးသွားပြီ၊ မင်းတို့လူငယ်တွေ လုပ်မှပဲ ဖြစ်မြောက်မှာပဲဟေ့၊ ကြိုးစားပေါ့ကွာ၊ ဆရာတို့ မသေခင် မြင်သွားစမ်းပါရစေ၊ လူကြီးတွေတော့ အားမကိုးနဲ့တော့ဟေ့၊ အကောင်းတစ်ယောက်မှ မရှိဘူး"

အလေးပြုလျက်

❒ ထွန်းလင်းသူ





www.burmeseclassic.com

www.burmeseclassic.com



ငယ်စဉ်က အဖြစ်အပျက်ကို မေ့နိုင်သေးပါ။ မေ့နိုင်ခြင်းမရှိသော ကြောင့်လည်း ထူးဆန်းအံ့ဖွယ် ငှက်ပျောပင်တို့၏ ဂမ္ဘီရဆန်သော အတွေ့အကြွင်းတစ်ရပ်ကို ပြန်တင်ပြနိုင်ခြင်း ဖြစ်ပါသည်။

ကျွန်တော် ငယ်စဉ်က နေခဲ့ရသော ရွာကလေးသည် စစ်တောင်းမြစ်ကမ်းပါး တစ်နေရာ၌ တည်ရှိသော မင်္ဂလာကုန်းရွာဖြစ်သည်။ စစ်တောင်းမြစ်ကြီးသည် မိုးတွင်းကာလ၌ မြွေကြီးတစ်ကောင် ပါးပျဉ်းထောင်နေသလို တဟဲဟဲ တဟီးဟီး ညည်းညူလျက် တွေ့ကရာကို ဝါးမျိုကိုက်စားရင်း ဝရုန်းသုန်းကား စီးဆင်းမြဲဖြစ်သည်။

ကျွန်တော်တို့ ကလေးများကမူ မိုးရွာရင် ရေကြီးသည်။ ရေကြီးရင် လှေစီးကြရန် စိတ်အတွေးနှင့် ပျော်ရွှင်နေခဲ့သည်။ ကျွန်တော်တို့ အဖေ အမေများမှာ စစ်တောင်းမြစ်ကမ်းပါး၌ နေထိုင်ရှိသူများဖြစ်ကြ၍ မြစ်ရေတက်လာလျှင် အထိတ်တလန့် ရှိသည်။ ဘယ်တော့ ကမ်းပါးပြိုလေမလဲ စိုးရိမ်ထိတ်လန့်နေကြသည်။ စစ်တောင်းမြစ်ရေ တိုက်စား၍ ကျွန်တော်တို့ အိမ်ကလေး အကြိမ်ကြိမ် ပြောင်းရွှေ့ခဲ့ရသည် မဟုတ်ပါလော။

ကျွန်တော်တို့ ကံကောင်းကြသည်။ ထိုနှစ်က ကျွန်တော်တို့ တဲအိမ်ကလေး ကမ်းပါးပြိုသော နေရာထဲ မပါသွား။ စစ်တောင်းမြစ်သည် မုတ်သုံအဆုတ်တွင် သူမဟုတ်သလို ရေလှိုင်းအိကလေးတွေနှင့် ငြိမ့်ငြိမ့်တလေး

www.burmeseclassic.com

စီးဆင်းနေခဲ့ပြီ။ မာယာများသော မြစ်တို့၏ သဘောမှာ အသိခက်လှသည်။ စစ်တောင်းမြစ်ကြီးသည် ကျွန်တော်တို့ မိသားစုများအတွက် အဖိုးတန်သော နုန်းမြေနုများကိုသယ်ယူပို့ချပေးခဲ့သည်။

သည်လို ဆိုပြန်တော့လည်း စစ်တောင်းမြစ်က ချစ်စရာကောင်းနေသည်။ ကျွန်တော်တို့ တဲမြေဝန်းကျင်တွင် ကျယ်ပြန့်သော နုန်းမြေတို့သည် ဝင်းဝါအိစို၍ မို့မို့ဝင်းဝင်း လှပခြင်းအတိရှိသည်။ သည်တော့မှ အဖေသည် ပြုံးဖော်ရသည်။ အဖေ၏ ဝင်းလက်သော အပြုံးနှင့်အတူ အမေ့မျက်နှာလည်း ပြုံးချိုတက်ကြွစွာရှိသည်။ ဘာကြောင့်ပါနည်း။

ထိုနုန်းမြေတို့ပေါ်တွင် အဖေသည် ဆောင်းသီးနှံပင်တို့ကို စိုက်ပျိုးသည်။ မြေပဲ၊ ပဲကြီး၊ ပဲနောက် စသည်များ။ တစ်ဖက်ကလည်း ကျယ်ဝန်းသော ငှက်ပျောခြံကြီးကို စိုက်ပျိုးထားသေးသည်။ နုန်းမြေဆီမြေနုစ်ပေါ်တွင် စိမ်းရောင်စိုပြည်၍ တဖြည်းဖြည်းချင်း ဟီးထအောင် ကြီးထွားလာသော ငှက်ပျောပင်တို့သည် လေအနွဲ့တွင် ယိမ်းကနေကြသည်။

တစ်ပင်လျှင် (၂)ပင်၊ (၃)ပင်ခန့် သားတက်များ ထွက်လာ၍ ငှက်ပျောရုံ၊ ငှက်ပျောအုံကြီးများ ဖြစ်လာကြသည်။ ဖီးကြမ်း၊ နံ့သာပု၊ သီးမွှေးနှင့် ရခိုင်ငှက်ပျောများသည် သူ့ထက်ငါ အလှခြင်း ပြိုင်၍ မြိုင်မြိုင်ဆိုင်ဆိုင်ကြီး အားယူဖွံ့ထွားလာသည်။

သည်ငှက်ပျောခြံမှ ငှက်ပျောခိုင်တို့ကို ညောင်လေးပင်မြို့သို့ အဖေ ပို့ရတော့မည်။ ကိုင်းသီးနှံ တစ်ဖက်၊ ခြံသီးနှံတစ်ဖက်နှင့် ကျွန်တော်တို့မိသားစု ဝမ်းရေး စိတ်အေးကြရသည်။

ကျွန်တော်တို့မှာ ညီအစ်ကို သုံးယောက်ဖြစ်သည်။ ရွှေခိုင်၊ စိန်ခိုင်နှင့် မြခိုင် ဟူ၍ ကြီးစဉ်ငယ်လိုက် မှည့်ခေါ်ထားခြင်း ဖြစ်သည်။ မျောက်ရှုံးအောင် ဆော့ကြ၍ (မျောက်သုံးကောင်)ဟု ကျွန်တော်တို့ တဲစုက ခေါ်ကြသည်။ ကျွန်တော်တို့က ထိုနာမည်ကို လက်မခံပါ။ ရဲသုံးဖော် ဟူ၍ ကိုယ့်ကိုယ်ကိုယ် ခံယူခဲ့ကြသည်။ လာကြစမ်း၊ ဘယ်တဲစုနဲ့ ရန်ဖြစ်ရမလဲ၊ နပန်းချရမလား၊ လက်ဝှေ့ထိုးရမလား၊ ဘောလုံးကန်ရမလား၊ စမ်းချင်ရာစမ်း မောင်ဘဂျမ်း၊ ဖြစ်ချင်ရာဖြစ် မောင်ဘချစ်တို့အဖွဲ့ ဖြစ်သည်။

ထိုညက လသာသည်။ အဖေနှင့် အမေတို့ ခရီးထွက်သွားကြသည်။ ကျွန်တော်တို့ ညီအစ်ကို သုံးယောက်အတွက် ချက်ပြုတ်ပေးထားခဲ့သည်။ ကျွန်တော်တို့ သုံးယောက်သည် ရွာနှင့် (၄)မိုင်လောက်ဝေးသော ပုစွန်မြောင်းရွာ အလယ်တန်းကျောင်းမှ အိမ်သို့ပြန်လာခဲ့ကြသည်။ အမေချက်ထားသော ထမင်းနှင့် ငါးဟင်းကို ဆာဆာနှင့် အသားကုန် စားကြသည်။ စားရင်းသောက်ရင်း ညနေခင်း ၅ နာရီ၊ ၆ နာရီအချိန်သို့ ရောက်လာသည်။

မိုးအကုန် ဆောင်းကူးပြီးပြီမို့ စစ်တောင်းမြစ်ကြီးသည် ငြိမ်သက်စွာ စီးဆင်းနေသည်။ မြစ်ဘက်မှ လေနုအေးတို့ တဖြူးဖြူးတိုက်နေသည်။ စစ်တောင်းမြစ်ကြီးကို လှမ်းကြည့်လျှင် နှင်းပဝါပါး ခြုံထားသည်။ ရေခိုးများသည် စစ်တောင်းမြစ်မကြီးမှ အငွေ့ပြန်၍ လှိုင်လှိုင်ထနေသည်။ နှင်းဖြူတို့နှင့် ရေခိုးရေငွေ့များ ရောယှက်နေရာသို့ လရောင်က ရက်ဖောက်ပေးထားသည်။

စစ်တောင်းမြစ်ပျိုမသည် အလွန်ချစ်စဖွယ်ကောင်းသော (၁၆)နှစ်ရွယ် မိန်းမပျိုကလေး တစ်ဦးနှယ် လှပနေသည်။ စစ်တောင်းမြစ်အတွင်းမှ လှေငယ်တက်စင်းတို့နှင့် ငါးရှာရင်း ဘာသာဘာဝ ကိုယ်တံငါတို့ ကျေးလက်တေးကို သီဆိုနေကြသည်။ ရှေးခေတ်ဟောင်းက ရွှေမန်းတင်မောင် ဇာတ်သီချင်းသံသည် ပါးစပ်ဆိုင်းတီးသံနှင့်အတူ လေတွင် မျောပျံ့လွင့်ပါးနေသည်။

ကျွန်တော်တို့သုံးယောက်အတွက် ဒီညသည် လွတ်လပ်ရေးရသော ည ဖြစ်သည်။ မီးခွက်မထွန်း စာမကျက်ကြဘဲ ညီအစ်ကိုသုံးယောက်လုံး တက်ညီ လက်ညီ ငှက်ပျောပင်များကြားတွင် ပြေးလွှားဆော့ကစားခဲ့ကြသည်။

လရောင်က မလင်းတလင်း အမှောင်တို့ ကွက်တိကွက်ကျားတွင် သုံးယောက်သား ပြောက်ကျားစစ်ဆင်ရေးအဖြစ် အလစ်အငိုက်တွင် ချောင်းမြောင်းထိုးနှက် တိုက်ခိုက် လုံးထွေးသတ်ပုတ်ရင်း ပျော်နေကြသည်။

အတန်ကြာသော် ပင်မှည့် ငှက်ပျောခိုင်မှ ငှက်ပျောသီးများကို ဖြုတ်၍ အမောဖြေ စားကြသည်။ အလွန်ပင် အရသာရှိလှသည်။ ကြိုက်သလောက် တစ်ဝတစ်ပြဲစားသည်။ ကျွန်တော်တို့ သုံးယောက် ပြေးရင်းလွှားရင်း တိုက်ခိုက်ကစားရသည်ကို မောပန်းလာသောကြောင့် ခဏအပန်းဖြေကြသည်။ ညီငယ် မြခိုင်က အဆိုတစ်ခုကို တင်ပြလာသည်။

"ငါတို့ စစ်တိုက်ရတာ မောပြီကွ၊ တူတူပုန်းတမ်း ကစားကြမယ်"

"အေး၊ ကောင်းတယ်"

ညီလတ်စိန်ခိုင်က သဘောတူသည်။ အကြီးဆုံးဖြစ်သော ကျွန်တော် ရွှေခိုင်ကလည်း ခေါင်းညိတ်အတည်ပြုခဲ့သည်။ တစ်ယောက်တစ်လှည့် ပုန်းကြရန် ဖြစ်သည်။ ကျွန်တော်က အစ်ကိုကြီးဖြစ်၍ သူတို့နှစ်ယောက်ကို အရင်ရှာရသည်။ နှစ်ယောက်လုံးကို တွေ့လျှင် ပထမ အတွေ့ခံရသူက ခွေးရူးအဖြစ် တစ်လှည့်ရှာရသည်။

တူတူပုန်းတမ်း ကစားရခြင်းမှာ ငှက်ပျောတောအတွင်း၌အလွန်သဘာဝကျသည်။ ငှက်ပျောပင်ဖုတ်၊ ငှက်ပျောရွက်ဖားဖားကြီးများကြားတွင် ဝင်ပုန်းနေလျှင် တော်တော်နှင့် ရှာမတွေ့နိုင်ကြပါ။ ကျွန်တော့်ညီများက လျင်သည်။ [illegible] ပေး၍လှစ်ခနဲနေရာရွှေ့ပြောင်းကြသည်။ တစ်ယောက်ကို ရှာတွေ့ဖို့ ချွေးဒီးဒီးကျအောင် ကြိုးစားရသည်။ ရှာရင်းဖွေရင်း ညီလတ်စိန်ခိုင်ကို အရင်တွေ့သည်။

www.burmeseclassic.com

www.burmeseclassic.com

"ဟောဒီမှာ စိန်ခိုင် မင်း ထွက်ခဲ့" လို့ ကျွန်တော်အော်လိုက်ရာ စိန်ခိုင်သည် ငှက်ပျောပင်ကြားက ထွက်လာသည်။ ကျန်နေသော ပုန်းနေသူကို ကျွန်တော် ဆက်ရှာရသည်။ အငယ်ကောင် မြခိုင်သည် ဘယ်နေရာမှာ ဘယ်သို့ပုန်းနေသည်မသိ။ နှစ်ခါ သုံးခါတော့ တူသံပေးသည်။ နောက်တော့ အသံလည်းပျောက် လူလည်းပျောက်သွားသည်။

"ရော် ခက်ကပြီ" သည်ကောင် ငှက်ပျောဖုတ်ကြား အိပ်ပျော်နေပြီလား။

"မြခိုင်ရေ ဟေ့ မြခိုင်၊ တူသံပေးဦးကွ"

ကျွန်တော် မကြာခဏ အော်ပြောသည်။ အသံမကြားရ။ (၁၀)မိနစ်ကျော် (၁၅)မိနစ်ခန့်တွင် ကျွန်တော် စိုးရိမ်လာသည်။

"ညီလေးရေ ဟေ့ မြခိုင်၊ မင်းဘယ်မှာလဲ၊ တူသံပေးပါဦးကွ"

တူသံပေးရန် ကျွန်တော် အထပ်ထပ်အော်ပြောခဲ့သည်။ ဘာသံမှ မကြားရ။ ပတ်ဝန်းကျင်ကလည်း တိတ်ဆိတ်နေမှန်း ထိုအခါမှ သတိထားမိသည်။ တောလက်ဒေသများတွင် ညမိုးချုပ်သည်နှင့် ငြိမ်သက်ခြင်းနှင့် အမှောင်သည် မင်းမူမြဲဖြစ်သည်။ လဆန်းစဖြစ်၍ လရောင်ကလည်း ဖျော့တော့ ထွန်းသည်လေ။

ကျွန်တော်က (၇)တန်းကျောင်းသား။ ညီလတ်က (၅)တန်း၊ အငယ်ဆုံးကောင်က (၄)တန်းကျောင်းသားများဖြစ်သည်။ အငယ်ဆုံးကောင်ကို ကျွန်တော်တို့ အစ်ကိုနှစ်ယောက်က ဝိုင်းချစ်ကြသည်။ အလိုလည်း လိုက်ကြသည်။ အခုတော့ သူ့ကိုရှာရင်း ဓမာလှုပြီ။ ဆောင်းကာလတွင် ပူပန်စိတ်နှင့် ကျွန်တော် ချွေးများစို့ရွှဲလာသည်။ ညီလတ် စိန်ခိုင်ကို ပြောပြသည်။

"ဟေ့ကောင် စိန်ခိုင်၊ မင်းလဲ ကူရှာပေးဦး၊ ဒီကောင် ဘာဖြစ်နေလဲ မသိဘူး၊ တစ်ခုခု ဖြစ်နေရင် ငါတို့ မသက်သာဘူး၊ အဖေ့ကြိမ်လုံးဒဏ် ခံရတော့မယ် သိလားကွ"

"အေး ဟုတ်တယ်၊ ဒီကောင် ဘာဖြစ်နေလဲ မသိဘူး"

စိန်ခိုင်က စိုးရိမ်တုန်လှုပ်စွာ ပြောသည်။ သူသည် ကျွန်တော့်ကို ကူရှာပေးသည်။

"မြခိုင်ရေ၊ ဟေ့ မြခိုင်"

ဟု ကျွန်တော်တို့ ညီအစ်ကို နှစ်ယောက် ပြိုင်တူအော်ခေါ်ကြသည်။ အော်ရင်း ခေါ်ရင်း ငိုသံပါလာသည်။

"ညီလေးရေ တို့ကို မနောက်ပါနဲ့ကွာ၊ မင်းကို ငါတို့ ပန်းပေးပါပြီ၊ ထွက်ခဲ့ပါတော့" ဟူ၍လည်း အော်ပြောကြသည်။ သို့ပါသော်လည်း မြခိုင်ကို မတွေ့၊ မတွေ့၊ မတွေ့။

အဝေးဆီမှ နာရီသံချောင်း ခေါက်သံ ရှစ်ချက်ကို ကြားရသည်။ ကျွန်တော်တို့ ရှာနေသည်မှာ ၁ နာရီနီးပါးရှိသွားပြီ။ ကျွန်တော်တို့ အလွန် စိုးရိမ်လာသည်။ သေလား ရှင်လား ဘာဖြစ်နေပြီလဲ။ လေတိုက်သဖြင့် ငှက်ပျောရွက်ဖားဖားကြီးများ တဖျပ်ဖျပ် လှုပ်ခတ်ယိမ်းထိုးနေသည်။ လရောင်ကြားတွင် အမည်းရိပ်များ၊ ဘာတွေ ဖြစ်ကုန်ပြီလဲ၊ တစ္ဆေ ဖမ်းထားတာလား၊ နတ်ဖွက်ထားပြီလား၊ မြွေကိုက်ထားတာလား၊ ဖွဟဲ့ လွဲပါစေ။

ကျွန်တော်တို့ မျက်ရည်များ စီးကျလာသည်။ ဆို့နစ်ဝမ်းနည်းစွာ ခံစားရ၍ အားအင်များပင် ယုတ်လျော့ကုန်သည်။ ရှာရင်း ငိုကြရသည်။ ညီလတ် စိန်ခိုင်လည်း တရှုံ့ရှုံ့ငိုနေသည်။ ငှက်ပျောပင်ဖုတ်များကို တစ်ဖုတ်ပြီး တစ်ဖုတ် ပိုက်စိပ်တိုက်ရှာကြသည်။

ဟော တွေ့ပြီ။ လရောင်ပြောက်များတွင် ဝင်းဝါလှပနေသော ညီငယ်လေး၏ ဖြူဖွေးစိမ်းလန်းနေသည့်မျက်နှာလေး။ အို ဘယ်လိုလဲ၊ မြခိုင် မြခိုင် မြခိုင် ဘာတွေ ဖြစ်နေတာလဲ။

မြခိုင်က ကျွန်တော်တို့ကို ဘာမှ မပြောဘဲ ပြုံးချိုချို ပြည်တည်တည် မျက်နှာပေးနှင့် ကြည့်နေသည်။ သူ့မျက်ဝန်းသည် အရည်လဲ့၍ ဝိုင်းစက်ကြည်လင်နေသည်။ သူ့ပါးပြင်ကလေးမှာ ဖြူဖွေး နုနယ်ရုံမက နီမြန်း၍ ပန်းသီးမှည့်ကလေးလို မို့ဖောင်းဖောင်းလေး။ သူ ရပ်နေပုံက မခို့တရို့ကလေးမို့ ပီဘိသားမိန်းမလှလေးတစ်ယောက်လိုလို။

"ဟာ ဘာတွေ ဖြစ်ကုန်ပြီလဲ"

ကျွန်တော် မေးခွန်းများ ပလုံစီထသွားသည်။ ညီငယ်လေး၏ ရုပ်သည် သူ၏ ပင်ကိုရုပ်ပျောက်လျက် အလွန် လှပသော မိန်းမပျိုကလေး တစ်ဦး အဖြစ် ပြောင်းလဲနေသည်။ ထူးဆန်းသော ဖြစ်ရပ်ကြောင့် အလွန်ပင် ထိတ်လန့်တုန်လှုပ်သွားမိသည်။ ညီငယ်၏ ပခုံးနှစ်ဖက်ကို ကိုင်လှုပ်ရင်း. . .

"ဟေ့ကောင် မြခိုင်" ဟု ကျယ်လောင်ကြောက်လန့်စွာ အော်ဟစ်လိုက်သည်။

ထိုအခါမှ မြခိုင်သည် "ဟီးခနဲ" သက်ပြင်းရှည်ကြီးကို ချရင်း. . .

"အစ်ကိုကြီး ငါ ဘာဖြစ်သွားတာလဲ" ဟု သူ့ကိုယ်သူ ဘာမှန်းမသိဘဲ ယောင်တိယောင်နနှင့် သတိပြန်ဝင်လာသည်။

ကျွန်တော်တို့ ညီအစ်ကို နှစ်ယောက်လည်း သူ့လက်ကိုတစ်ယောက် တစ်ဖက်ဆွဲရင်း အပြေးအလွှား ခေါ်ခဲ့သည်။ မြခိုင်သည်လည်း ကြောက်လန့်တကြား လိုက်ပါလာသည်။ တဲအိမ်အတွင်းရောက်မှ ရေနံဆီ မီးခွက်ကြီးကို မီးခြစ် ခြစ်၍ ညှိထွန်းလိုက်သည်။

ကျွန်တော်တို့ သုံးယောက်သား ဘာစကားမှ မပြောနိုင်ကြတော့ဘဲ ငြိမ်သက်နေမိကြသည်။ အတန်ကြာမှ မှင်တက်မိသကဲ့သို့ဖြစ်ပြီး မီးခွက်ကို မှုတ်ရင်း စောင်ကို ခပ်တင်းတင်း ခေါင်းမြီးခြုံလျက် အိပ်လိုက်ကြပါတော့သည်။

✿

ထိုအဖြစ်သည် အမှန်တကယ် ကြုံခဲ့ရသော ငယ်စဉ်က မမေ့နိုင်သော

www.burmeseclassic.com

ဖြစ်ရပ်တစ်ခုပါ။ ကျွန်တော်သည် ထိုဖြစ်စဉ်ကို ယနေ့တိုင် မမေ့နိုင်ခဲ့ပါ။ ဖြစ်စဉ်၏ အဖြေကို စဉ်းစား၍မရခဲ့ပါ။

ကျွန်တော်သည် မူလတန်းပြကျောင်းဆရာဘဝနှင့် အိမ်ထောင်ရက်သား ကျခဲ့သည်။ အဖေ အမေတို့နှင့် ခွဲခွာ၍ တစ်အိုးတစ်အိမ် ထူထောင်ခဲ့သည်။ ညီငယ်လေး မောင်မြခိုင်သည်ပင် တပ်မတော်တွင် အရာရှိဖြစ်၍ အိမ်ထောင်ရှင်ဘဝသို့ ရောက်ခဲ့ပြီ။ မောင်စိန်ခိုင်ကမူ မိဘတို့နှင့်အတူနေလျက် အပူမရှာဘဲ လူပျိုကြီးလုပ်၍ နေလေသည်။ မိဘတို့လည်း စစ်တောင်းမြစ်ကမ်းနဖူး မင်္ဂလာကုန်းရွာကလေးမှ ညောင်လေးပင်မြို့သို့ ပြောင်းရွှေ့နေထိုင်ခဲ့ကြသည်။

တစ်နေ့သ၌ ကျွန်တော်သည် မိမိတာဝန်ကျနေသော သာယာကုန်းရွာကလေး၌ ဘကြီးမှုံဆိုသော အဘိုးနှင့် စကားပိုင်းတစ်ခုတွင် ဆုံဆည်းမိသည်။ ဘကြီးမှုံသည် ဗဟုသုတရှိသော ရွာ၏ ပညာရှိကြီးဖြစ်သည်။ ဂမ္ဘီရပညာရပ်များကိုလည်း လေ့လာလိုက်စားဖူးသည်။

ကျွန်တော်သည် ငယ်စဉ်က မိမိကြုံတွေ့ခဲ့ရသော အဖြစ်အပျက်ကို ဘကြီးမှုံကို ပြောပြ၍ မိမိသိရှိလိုသော အချက်များကို မေးမြန်းစူးစမ်းကြည့်မိသည်။

ထိုအခါတွင်မှ ကျွန်တော် ဇာတ်ရည်လည်သွားသည်။

ဘကြီးမှုံနှင့် ဆွေးနွေးကြသည်မှာ. . .

"ဆရာလေးတို့ ညီအစ်ကိုတွေ ငှက်ပျောပင်စောင့်နတ်သမီးကို တွေ့ခဲ့ကြတာဗျ"

"ဟာ ဘယ်လိုလဲ ဘကြီးမှုံရဲ့၊ ကျွန်တော် နားမရှင်းဘူး ခင်ဗျ"

"ဒီလို ဆရာလေးရေ ကျွန်တော်တို့ တောရွာတွေမှာ အယူအဆတစ်ခု ရှိတယ်ဗျ၊ ရှေးအစဉ်အဆက်က ပြောကြ ဆိုကြ ယုံကြည်ခဲ့ကြတာလို့ ပြောနိုင်တာပေါ့ဗျာ"

"ဆက်ပါဦး ဘကြီးရဲ့"

ဘကြီးမှုံသည် ရေနွေးကြမ်းတစ်ခွက်ကို သောက်ရင်း စကားဆက်ခဲ့သည်။

"ငှက်ပျောပင်ပျိုတစ်ပင် အသီးလုံးဝမသီးသေးတဲ့ ငှက်ပျောဖူတ်က ငှက်ပျောပင်ရဲ့ အရွက်ကို သွားကိုင်ပြီး လဆန်းရက် လသာတဲ့ညတွေမှာ ခုနစ်ရက်တိတိ ဆက်ပြီး ရည်းစားစကား ပြောရတယ်ကွယ့်"

"ဘယ်လို ပြောရတာလဲ ဘကြီးမှုံရဲ့"

ဘကြီးမှုံက သူ၏ ကျယ်ပြောသော နှုတ်ခမ်းထူကြီးနှင့် ဖွဲ့စည်းထားသော ပါးစပ်ကြီးကို ဖြဲလျက် သွားမည်းမည်းကြီးများပေါ်အောင် ရယ်လိုက်သည်။ ပြီးမှ. . .

"အသင် ငှက်ပျောပင်စောင့်တဲ့ နတ်မိမယ်ကလေး သင့်ကို အကျွန်ုပ် အမှန်တကယ် မြတ်နိုး ချစ်ခင်ပါတယ်၊ ကျွန်ုပ်ကို မေတ္တာတုံ့ပြန်သောအားဖြင့် ကိုယ်ထင်ပြပေးပါနော်လို့ ပြောရတယ်ကွယ့်။

ကိုယ်ပြောတတ်သလို ဖွဲ့ဖွဲ့နွဲ့နွဲ့လေးလဲ ပြောလို့ရတာပေါ့လေ၊ အဲဒီလို တစ်နေ့ လေးခါ ငါးခါလောက် လရောင်ဆမ်းတဲ့ ညချမ်းကာလတွေမှာ နှစ်ကိုယ်ကြား ချစ်စကား ကြိုက်စကားပြောရတယ်၊ အဲဒီလိုပြောရင် ခုနစ်ရက်အတွင်း တစ်ညညမှာ ငှက်ပျောပင်ထဲက လှပချောမောတဲ့ ငှက်ပျောပင်စောင့် နတ်မိမယ်ကလေးဟာ အစိမ်းရောင်ဝတ်စုံနဲ့ ပြုံးပြုံးကလေး ထွက်လာသတဲ့မောင်ရဲ့၊ အဲဒီလို ထွက်လာတဲ့အခါမှာ သူ့ရဲ့ အစိမ်းရောင် ပဝါပါးလေးကို လွှမ်းခြုံထားသတဲ့၊ အဲဒီပဝါပါးလေးကို ဖြုတ်ခနဲ လုပြီး ထွက်ပြေးရတယ်၊ ဒီတော့ နတ်သမီးက ငှက်ပျောပင်ထဲက ပေါ်တင် ထွက်လာပြီး သူ့ပဝါလေးကို အတင်း လိုက်တောင်းရှာသပေါ့"

"ဘာပြုလို့ ပဝါကို လုပြေးရတာလဲ ဘကြီးရဲ့"

"ဩ ဒါက ဒီပဝါဟာ အလွန်ထူးဆန်းတဲ့ မှော်ဝင်ကဏ္ဍာသယပဝါလေ၊ ဒီပဝါကိုရရင် လိုတရသတဲ့၊ ပဝါစည်းပြီး ကြည့်ရင် နာမ်လောကသားတွေကိုပါ မြင်နိုင်စွမ်းတော့ ဂမ္ဘီရပညာဆရာကြီးတွေက မှော်ဝင်ပဝါအဖြစ် စီရင်အသုံးပြုနိုင်တာပေါ့ဗျာ။

အေး၊ ပဝါကို လုပြေးတုန်း ခလုတ်တိုက်ချော်လဲရင်တော့ မလွယ်ဘူးဗျ၊ ရူးတတ်သတဲ့၊ ဒီပဝါကို အိမ်တံစက်မြိတ်ရောက်အောင် ယူပြေးနိုင်ဖို့ကလဲ တော်တော်မလွယ်ဘူးတဲ့၊ အခက်အခဲ အနှောင့်အယှက်တွေနဲ့ ကြုံရတယ်တဲ့၊ အိမ်တံစက်မြိတ်အောက် ရောက်သွားရင်တော့ ငှက်ပျောပင်စောင့် နတ်သမီးလေးဟာ သူ့ပဝါကို မတောင်းတော့ဘဲ ပျောက်ကွယ်ပါလေရောတဲ့"

"ဘကြီးမှုံရယ် ဖြစ်နိုင်ပါ့မလားဗျာ"

"ဆရာလေး လောကကြီးမှာ ဆန်းကြယ်မှုတွေက အနန္တပဲကွယ့်၊ မယုံချင်ရင်လဲ ရတယ်၊ ယုံချင်ရင်လဲ ယုံဖို့ပါပဲလေ၊ ဆရာလေးပဲ စဉ်းစားကြည့်၊

ဆရာလေးရဲ့ ညီတော်မောင် အခုစစ်ဗိုလ်ကြီးလုပ်နေတဲ့ မောင်မြခိုင်ကို ငှက်ပျောပင်စောင့် နတ်သမီးကလေးက ဝင်ပူးကပ်ပြီး ထားလိုက်တော့ ယောက်ျားစင်စစ်က မိန်းကလေးမျက်နှာ ပြောင်းသွားခဲ့တယ်ဆို မဟုတ်လားကွယ့် ဟဲ ဟဲ"

ဘကြီးမှုံသည် ကျွန်တော်ပြောပြထားသော ဇာတ်လမ်းနှင့်ပင် သူ၏ အယူအဆကို ခိုင်မာအောင် သက်သေထူလိုက်သည်။ ကျွန်တော့်ကို ကိုယ့်ကြိုးနှင့် ကိုယ်ပြန်တုပ်ထားခဲ့သည်မို့ . .


"ကျွန်တော်ယုံပါတယ် ဘကြီးမှုံရယ်" ဟူ၍ အာမဘန္ဓေ ခံလိုက်ရပါတော့သည်။

☐ မျိုးတင့်(ညောင်လေးပင်)



www.burmeseclassic.com

www.burmeseclassic.com



# မောင်မြိုးမား(ဗိုလ်ကလေး)

# ပါးချိုင့်ကလေးနှင့် အမျိုးသမီး

လူတွေက မျက်စိ နောက်လောက်အောင် ရှုပ်ယှက်ခတ်နေသည်။ ငါးစည်များကို ဝုန်းခနဲ ဝုန်းခနဲ ချသံက တုန်လှုပ်စရာ။ အပြိုင်အဆိုင် အော်နေသော ဈေးသည်များက မျက်စိရှုပ်၊ နားရှုပ်ဖို့ ကောင်းနေသည်။ ကြားထဲ တောင်းရမ်းစားသောက်နေသော လူနှစ်ယောက်၏ စည်းဝါးမကျသော ဂီတသံက တစ်မျိုး။

သို့သော် မောင်ဦး စိတ်ဝင်စားနေသည်က ပါးချိုင့်ကလေးနှင့် အမျိုးသမီး ဖြစ်သည်။

မောင်ဦးသည် သင်္ဘောလက်ရန်းကို ကိုင်ရင်း ဗောတံတားပေါ်က လူများကို ငေးနေသည်။ မိဘဆွေမျိုးသားချင်းများလည်း ပါမည်။ အလစ်သမားငတိုများလည်း ပါမည်။ ကုန်သည်ပွဲစားများလည်း ပါမည်။ စသည်ဖြင့် အလွှာအတန်းအစားအမျိုးမျိုး ပါမည်ဟု မောင်ဦး ထင်သည်။

သင်္ဘောမထွက်မီ သင်္ဘောပေါ်တက်၍ တစ်မျိုး၊ ဘောတံတားပေါ်က တစ်မျိုး၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ သာရေး နာရေး စသည်ဖြင့် မေးကြ မြန်းကြ ပြောကြ ဆိုကြ သင်္ဘောမထွက်မချင်း ပြောမဆုံးပေါင် တောသုံးထောင်လို့ ဆိုရမည်။ မောင်ဦးတို့လို ပို့သူမရှိ မေးသူမရှိ တစ်ကိုယ်တည်းသွား

www.burmeseclassic.com

အဖို့တော့ သူများတကာတွေ ပြောသံ ဆိုသံ နားထောင်ရင်း အတွေးနယ်ချဲ့ ဖို့သာ ရှိသည်။

မောင်ဦးက မြေလတ်ပိုင်းဇာတိ တစ်ကိုယ်တည်းသမား။ ရန်ကုန်မှာလာ ၍ အခြေချနေသူဖြစ်သည်။ တစ်ဖက် ကလည်း ရုံးအမှုထမ်း၊ တစ်ဖက်က လည်း ဝါသနာအရ စာလေး ဘာလေး မတောက်တခေါက်ရေးနေသူ။ စာပေ နယ်မှာက ကလောင်ဟောင်း မဟုတ် သော်လည်းကလောင်သစ်လည်းမဟုတ် သူ၊ ကလောင် သွေးနေချိန်။

တစ်နေ့ မြစ်ဝကျွန်းပေါ်သား မိတ်ဆွေရေးဖော်တစ်ယောက်နှင့် အသိ ဖြစ်ရင်း သူ့မိတ်ဆွေက သူနေထိုင်ရာ မြစ်ဝကျွန်းပေါ်မြို့သို့ လာလည်ရန် ဖိတ် ခေါ်သည်။ လိပ်စာလည်း ပေးသည်။ ပထမတော့ မောင်ဦးသွားဖို့ မရည်ရွယ်။ အကြောင်းတိုက်ဆိုင်လာတော့ ရုံးအား တုန်း တစ်နေရာကို ခရီးထွက်ရင်း ရေး စရာ အကြောင်းကလေးများ ရှာလိုသူ ရေးဖော် ကိုနီမိုး၏ တိုက်တွန်းချက်ဖြင့် မြစ်ဝကျွန်းပေါ်သား မိတ်ဆွေကို သတိ ရကာ ခရီးထွက်ခဲ့ခြင်း ဖြစ်သည်။ အခု တော့ သင်္ဘောမထွက်မီ မောင်ဦးတို့ ဒုက္ခခံနေရပြီ။

မောင်ဦး အဖို့တော့ ဒုက္ခဟု မခံစားမိ။ ရေလမ်းခရီး ညအိပ်သင်္ဘော ဆိုတော့ အတွေ့အကြုံ တစ်မျိုးဟု သဘောထားသည်။ မောင်ဦး မိတ်ဆွေ ရေးဖော်ကြီး နီမိုးဆိုလျှင် ရေးကွက် တွေများ တွေးနေသလား၊ ဇာတ်လမ်းပဲ စဉ်းစားနေသလားဟု အောက်မေ့ရ သည်။ ငြိမ်လို့။ လူတွေက ရှုပ်ရှုပ် ထွေးထွေး အသံပေါင်းစုံက ဆူဆူညံညံ ပူလိုက်အိုက်လိုက်သည်မှာလည်း ပြော မပြတတ်။ ထိုဒုက္ခများကြားတွင် ကိုနီမိုး တစ်ယောက် အတွေးနယ်ချဲ့နေသည်။

မောင်ဦးသည် သင်္ဘောဦးဘက် နားတွင် သင်္ဘောလက်ရန်းကို ကိုင်၍ ဇောပေါ်သို့ ကြည့်နေသော အသား ဖြူဖြူ ကိုယ်လုံးသွယ်သွယ် ပါးချိုင့် ကလေးနှင့် အမျိုးသမီးတစ်ယောက်ကို မြင်လိုက်မိသည်။ အစကတော့ မြင်မြင် ချင်း မောင်ဦး စိတ်မဝင်စားမိ။ သို့သော် အမျိုးသမီး၏ ထူးခြားသော ပါးချိုင့် ကလေးက မောင်ဦးကို ဆွဲဆောင်နေ သည်။ မောင်ဦးက ပါးချိုင့်ကို ချစ်တတ် သူ။ သည်တော့ မောင်ဦး စိတ်ဝင်စား မိသည်က မလွန်။ သူမမှာ ပါးချိုင့် ကလေးနှင့်ပေကိုး။

ပါးချိုင့်ကလေးနှင့် အမျိုးသမီး က ဇောတ်တားပေါ်ကိုကြည့်ကာ တစ်စုံ တစ်ယောက်နှင့်စကားပြောနေပုံရသည်။ မောင်ဦးနေရာက သင်္ဘော အလယ် ဘက်က၊ သူမ ရပ်နေသော နေရာကို ဘေးတိုက်အနေအထား မြင်ကွင်းဖြစ် သည်။ ပါးချိုင့်နှင့် အမျိုးသမီး၏ အပြေ အလျော အဝန်းအဝိုက်များက အပို အလိုမရှိ ဖွဲ့စည်းထားသည်။ မောင်ဦးက ဇောတ်တားပေါ်က မျက်စိအာရုံကို သင်္ဘောဦးဘက်ကို ပြောင်းလိုက်သည်။

"ဒူးရင်းယို ရောက်ယိုရမယ်"

ဈေးသည်တစ်ယောက်၏ စူးရှ သော အော်သံက မောင်ဦး၏ စိတ်ကူး ယဉ် အတွေးကို ဖြိုခွင်းလိုက်သည်။ သို့တစေ သင်္ဘောပဲ့ဘက်သို့ မျက်စိ ကစားလိုက်သော် ပါးချိုင့်ကလေးနှင့် အမျိုးသမီး၏ လျှပ်တစ်ပြက် အကြည့် ကို မောင်ဦး မြင်မိအောင် မြင်လိုက် သေးသည်။

သင်္ဘောက အချိန်စေ့၍ပဲလား၊ လူနှင့် ကုန်နှင့် အငမတန်ဖြစ်နေ၍ပဲ လား၊ ရှာဖွေရေးပဲ ရှာပြီးလို့ပဲလား၊ သင်္ဘောထွက်ဖို့ရန် ဥသြတော့ဆွဲနေပြီ။ လိုက်ပို့သူများ နှုတ်ဆက်သူများ၊ မိတ် ဆွေအပေါင်းအသင်းများ၊ အလစ်သမား တို့များ အားလုံး သင်္ဘောပေါ်က ဆင်းကုန်ကြပြီ။

ဇောတ်တားပေါ်နှင့် သင်္ဘော ပေါ် အပြန်အလှန် ကျွက်စီ ကျွက်စီနှင့် အော်ဟစ်၍ စကားပြောနှုတ်ဆက်နေ ကြသည်။ မောင်ဦးနှင့် နီမိုးကတော့ လိုက်ပို့သူ စကားပြောသူမရှိ၍ မြင်ကွင်း အသစ်အဆန်းများကို ဟိုကြည့် ဒီကြည့် နှင့် မျက်စိကို အလုပ်ပေးထားသည်။ သင်္ဘောက ကမ်းနှင့်အခွာတွင် လိုက်ပို့ သူများ ပို၍ ဆူညံလာသလား အောက် မေ့ရသည်။

မောင်ဦးတစ်ယောက် သင်္ဘော ဦးဘက်ကို အာရုံရောက်နေသည်။ ပါးချိုင့်နှင့် အမျိုးသမီးက ဇောတ်တား ပေါ်ကို လက်ပြနေသည်။ ပြန်လက်ပြ သူကို မောင်ဦး ကြည့်မိသည်။ အဘွား ကြီးတစ်ယောက်ဖြစ်သည်။ အမေလား အဒေါ်လား။ နောက် အမျိုးသမီးက သင်္ဘောပဲ့ဘက်ကို မျက်စိကစားလိုက် ပြန်သည်။

မောင်ဦးက သင်္ဘောဦးဘက် ကို မျက်စိကစားနေသူဆိုတော့ မျက်စိ ချင်း ဆုံသွားသည်။ မခို့တရို့ အကြည့် ထက် ပါးချိုင့်ကလေးကို မောင်ဦး ပို၍ သဘောကျသည်။ ဖြူဝင်းသောအသား နှင့် လိုက်ဖက်သည်ဟု မောင်ဦး ထင် သည်။

"မောင်ဦး သင်္ဘောထွက်ပါပြီ ကွာ၊ ထိုင်ပါတော့"

နီမိုးက လက်ကိုဆွဲ၍ ထိုင်ခိုင်း လိုက်သည်။

"တို့ ဒီညတော့ တစ်ညလုံး အိပ်လိုက်သွားရမယ်ထင်တယ်၊ ဘေး လူတွေပြောတာတော့ မိုးမလင်းမီ နာရီလောက် သင်္ဘောကပ်မယ်တဲ့"

"ဗျာ၊ အင်း ဟုတ်မှာပေါ့"

မောင်ဦးက ကယောင်ကတမ်း နှင့် ဖြေလိုက်သည်။

"အလစ်သမားတွေ သောင်း ကျန်းတာတော့ မပြောနဲ့၊ ဟိုတစ်ခေါက် အခုလို အပြန်တုန်းကဆို အဒေါ် အနားက လူတစ်ယောက် ဝယ်လာတဲ့ ဘာတဲ့ ကာရာအိုကေ စက်ဆိုလား ညဦးက သင်္ဘောပေါ်မှာ ဖွင့်တော့ နေသေးတယ်၊ သူ့ဘေးမှာထားပြီး နေတုန်း ဖြုန်းဆို အဲဒီစက်ကြီးဆွဲပြီး ရေထဲ ခုန်ချသွားရော"

"တော်လေးရဲတာပဲနော်"

www.burmeseclassic.com

www.burmeseclassic.com

ကိုနီမိုးနှင့် ဘေးက အဒေါ်ကြီး တစ်ယောက်စကားလက်ဆုံကျနေသည်။ ကိုနီမိုးက စာရေးကြွယ်ပေမယ့် စကား တော့ မကြွယ်။ အဒေါ်ကြီး ပြောသမျှ ကိုသာ နားထောင်နေသည်။

မောင်ဦးက စာအုပ်တစ်အုပ် အဖော်ပြုကာ သင်္ဘောဦးဘက်ကို မျက်စိကစားနေသည်။ နေရာချင်းက လည်း သိပ်မဝေး။ ကြားတွင် လူဆယ့် လေးငါးယောက်တော့ ခြားမည်။ ပါးချိုင့်နှင့် အမျိုးသမီးက သင်္ဘောလက်ရန်း ကိုမှီ၍ စာအုပ်ဖတ်နေသည်။ ခြေဆင်း ထိုင်ကာ အောက်ပိုင်းကို စောင်ခြုံထား သည်။ စာဖတ်နေရာမှ တစ်ချက် တစ် ချက် သင်္ဘောပဲ့ဘက်သို့ မျက်စိက ကစားလိုက်သည်။ မောင်ဦးလည်း လက် ထဲတွင် ကိုင်ထားသော စာအုပ်ကို စိတ် ဝင်စားသလား မဝင်စားသလားတော့ မသိ မျက်စိကတော့ သင်္ဘောဦးဘက်ဆီ သို့သာ။

ဖျတ်ခနဲကြည့်၍ ရုတ်ခနဲ မျက် လွှာချသွားသော ပါးချိုင့်နှင့် အမျိုးသမီး အကြည့်က မောင်ဦးရင်ကို တုန်လှုပ် သွားစေသည်။

နီမိုးနှင့် ဘေးက အဒေါ်ကြီးက စကားပြောလို့ မောသွားပြီလားမသိ။ နီမိုး တစ်ယောက်တော့ တခေါခေါနှင့် ဟောက်နေပြီ။ မောင်ဦးက ကိုယ့်ဖော နှင့်ကိုယ်။ သင်္ဘောတစ်စီးလုံး သင်္ဘော ဘက်ဘက်ခြမ်း အလယ်လောက်က စကားထိုင်ပြောနေသံကလွဲ၍ သင်္ဘော စက်သံသာ ကြားနေရသည်။ သင်္ဘော အပြင်ဘက်သို့ ကြည့်လိုက်လျှင် ဟို အဝေးဆီတွင် မှောင်မည်းမည်းမြစ်ကမ်း ပါးမှ မှိတ်တုတ်မှိတ်တုတ် မီးရောင် ကလေးများသာ မြင်နေရသည်။

ပါးချိုင့်နှင့် အမျိုးသမီးလည်း မအိပ်သေး။ စာအုပ်ကိုင်၍ သင်္ဘော ပေါ်တွင် မျက်စိကစားနေသည်။ မောင် ဦးတစ်ယောက်လည်း မျက်စိညောင်း သွားကာ စာအုပ်ကို ဘေးတွင်ချ၍ အညောင်းဆန့်လိုက်သည်။

သို့သော် . . .

သင်္ဘောပဲ့ဘက်ကို ကြည့်ဖြစ် အောင်ကြည့်လိုက်သေးသည်။ အကြည့် ချင်းဆုံတော့ ရန်ခုန်တာလား ဘာလား တော့ မသိ။ မောင်ဦးရင်ထဲမှာ ဒိန်းခနဲ ဖြစ်သွားသည်။

သင်္ဘော ယာဘက်ခြမ်းတွင် တော့ ပါးချိုင့်နှင့် အမျိုးသမီးနှင့် မောင် ဦးတို့ နှစ်ယောက်သာကျန်တော့သည်။ အားလုံး အိပ်ကုန်ပြီ။ တချို့ဆို တခေါ ခေါ ဟောက်နေပြီ။ တစ်ချက် တစ်ချက် တွင် သင်္ဘောစက်သံ တဒုန်းဒုန်းအသံ က ပို၍မြည်လာသယောင်ထင်ရသည်။

မောင်ဦးတစ်ယောက် မသွားဖူး သော ခရီးမို့ အိပ်လို့မရ၍ပဲလား၊ ကျပ် တည်းနေသော လူများကြောင့်ပဲလား၊ ပါးချိုင့်ကလေးနှင့် မျက်စိချင်းဆုံနေရ၍ ပဲလား မျက်စိကျယ်နေပုံရသည်။

စာအုပ်ကို ဘေးတွင်ချ၍ ဟို ကြည့် ဒီကြည့် ကြည့်နေမိသည်။

ပါးချိုင့်နှင့် အမျိုးသမီးကလည်း မျက်စိကျယ်နေ၍လား၊ စာဖတ်ချင် နေ၍ပဲလား အခုထိ မအိပ်သေး။

သို့သော် . . .

သင်္ဘောပဲ့ဘက်သို့ ကြည့်လိုက် တိုင်း မောင်ဦးနှင့် မျက်လုံးချင်းဆုံမိသည် ကတော့အမှန်။ မောင်ဦးအကြည့် မောင် ဦးမျက်လုံးဒဏ်ကို မခံနိုင်၍ဘဲလား၊ မျက်လုံးချင်းဆုံမိတိုင်း မျက်လွှာချသွား သည်။ စာဖတ်နေသော်လည်း မျက်စိ က အအားမနေ၊ မှောင်မည်းနေသော အပြင်ဘက်နှင့် အိပ်မောကျနေသော လူများကို ကြည့်ကာ တစ်စုံတစ်ခုကို တွေးနေပုံရသည်။

မောင်ဦးက ပါးချိုင့်ကလေးကို စိတ်ဝင်စားနေ၍ သင်္ဘော၏ မှုန်ပျပျ မီးရောင်အောက်တွင် မကြာခဏ ခိုးခိုး ကြည့်နေမိသည်။ မျက်စိချင်းဆုံတိုင်း မျက်လွှာချသွားသည်သာဖြစ်သည်။ သို့ သော် မောင်ဦး နောက်တစ်ခါ ပြန် မကြည့်ခင် အလစ်ခိုးခိုးကြည့်သည်။ သည်အကြည့်ကို မောင်ဦးက အမိဖမ်း သည်။ ပြီးတော့ မောင်ဦးက မျက်စိကို ဟိုကြည့် သည်ကြည့်နှင့် အာရုံပြောင်း လိုက်သည်။

မိန်းကလေး တစ်ယောက်ကို သည်လိုကြည့်လျှင်တော့ ရိုင်းသည်ဟု မောင်ဦးထင်သည်။ မောင်ဦးကလည်း လူပါး။ မသိမသာ ခိုးခိုးကြည့်ကာ ဖျတ် ခနဲ မျက်စိအာရုံကို ပြောင်းပစ်သည်။

ယခုမှ ကြည့်မိသည်။ သင်္ဘော ဦးဘက် သံယာတော်များအတွက်အခန်း ကို ခရီးသွားများနှင့် ခွဲခြားထားသည်။ ထိုအခန်း၏ သစ်သားနံရံပေါ်တွင် ထင် ရှားသော စာလုံးကြီးများကို ရေးထား သည်။

"ဤရေယာဉ်ကို စီးသူများ ကိုယ် စိတ်နှစ်ပါး ကျန်းမာချမ်းသာကြပါစေ"

အောက်ဘက်တွင် စာလုံးအပြာ နှင့် ရေးထားသေးသည်။

"မီးဘေးရှောင် မလောင်ခင် တား"

"ကျန်းမာသန့်ရှင်း ရောဂါကင်း"

သို့သော် . . .

ထိုစာကြောင်းများ အောက် ဘက်တွင် ရေးသားထားသော စာ ကြောင်းကို ဆက်ဖတ်လိုက်သောအခါ မောင်ဦးမျက်လုံးထဲတွင် ပါးချိုင့်ကလေး ပျောက်သွားသည်။ မောင်ဦးအလစ်တွင် ခိုးကြည့်လိုက်သော သူမ၏ စူးစမ်းသော အကြည့်ကို သတိရသည်။ ညဉ့်နက် သည့်တိုင်အောင် မအိပ်သေးသော သူမ အဖြစ်ကို တွေးမိသည်။

မောင်ဦး စိတ်ထဲကလည်း . . .

"ကြော် ဒီလိုပါလား" ဟု တွေး လိုက်တာ တခေါခေါ ဟောက်နေသော နီမိုးဘေးတွင် တွေတွေကလေး ဝင်အိပ် လိုက်တော့သည်။

ထိုစာကြောင်းက . . .

"အလစ်သမား သတိထား"

❒ မောင်မြင့်မား(ဗိုလ်ထဲတော)

www.burmeseclassic.com

မြတ်ဗုဒ္ဓ ရှင်တော်မြတ်က မိန့်မြွက် ဟောကြားတော်မူခဲ့၏။

ဤဘဝသံသရာကြီး အတွင်း ကျင်လည်နေကြသော လူနတ်ဗြဟ္မာ သတ္တဝါမှန်သမျှ ရဟန္တာမဖြစ်သေး၍ ဘဝဇာတ်မသိမ်းသေးလျှင် မိမိတို့ ပြုခဲ့သည့်ကံအကြောင်းတရားနှင့်အညီ ဘဝအမျိုးမျိုး၊ ခေါင်းအမျိုးမျိုးပြောင်းကာ ရထားစက်ဘီးလည်သကဲ့သို့ ဆက်ကာ ဆက်ကာ ချာချာရစ်ပတ် မရပ်မနား မပြတ်လည်ပတ်နေကြသည်ဟူ၍ ဖြစ်၏။ ဤသို့ သံသရာစက် အဆက်မပြတ် လည်ပတ်ကြရာတွင်လည်း အကြောင်းတရားတို့ တူညီမှု မရှိသည့်အတွက် အကျိုးတရားတို့သည်လည်း တူညီမှု မရှိနိုင်။




www.burmeseclassic.com

www.burmeseclassic.com

အချို့ မြင့်မြတ်သော ဘုံဘဝတို့တွင် ရောက်ရှိ စံစားကြရ၏။ အချို့မှာတော့ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ် အစရှိသော ဘဝတို့ဖြင့် ဝဋ်ဆင်းရဲဒုက္ခများကို ခံစားကြရလေသည်။ ဘဝဟောင်း ဘဝသစ် အကြိမ်ကြိမ်ပြောင်းကာ ခရီးရှည်ကြီးကို မမောနိုင်မပန်းနိုင် လျှောက်လှမ်းလျက်ရှိကြ၏။ လာစဉ်က မည်သူကမှ ဖိတ်ခေါ်ခြင်းမရှိသလို ပြန်ချိန်တန်၍ ပြန်ကြသောအခါတွင်လည်း မည်သူ တစ်ဦး တစ်ယောက်မှ တား၍မရ။

အမျိုးမျိုးအဖုံဖုံ ဖြစ်ပျက် ပြောင်းလဲနေသော ဖြစ်တည်မှုများအနက် အချို့သော ဖြစ်ရပ်တို့ဆိုလျှင် အံ့ဩ၍ မကုန်နိုင်အောင် ထူးထွေဆန်းပြားလှ၏။ သူတစ်ပါးပြောရုံဖြင့် ယုံနိုင်ဖွယ်မရှိ။ ယခုတော့ ဒီဖြစ်ရပ်က မယုံကြည်၍ မဖြစ်။ အကြောင်းမှာ ကျွန်မကိုယ်တိုင် ကိုယ်ကျ တွေ့ကြုံ ခံစားလိုက်ရသည့် ဖြစ်ရပ်တစ်ခု ဖြစ်နေသောကြောင့်ပင်။

✿

ဆွေမရှိ မျိုးမရှိ အင်းကုန်းလို မြို့ငယ်ကလေးတွင် ကျွန်မတို့သားအမိနှစ်ယောက် အိုးအိမ်အတည်အကျဖြင့် နေရလိမ့်မည်ဟု အိပ်မက်မျှတောင် မမက်ဖူးခဲ့။

ရန်ကုန်မှာမွေး ရန်ကုန်မှာ ကြီးပြင်းလာကာ မိဘအသိုက်အဝန်းကလည်း ရန်ကုန်မှာသာ ရှိနေကြသည်ဖြစ်၍ ကျွန်မသည်လည်း ဒီရန်ကုန်မြို့မှာပင် အခြေတကျနေရန် ဆန္ဒရှိ၏။

သို့သော်လည်း ကျွန်မ ဆန္ဒနှင့် ဖီလာဆန့်ကျင်ကာ မိဝေးဖဝေး အရပ်ဒေသကလေးသို့ သွားရောက်နေထိုင်ဖြစ်အောင် ဖန်တီးလိုက်သူမှာ ခင်ပွန်းဖြစ်သူ ကိုမင်းလွင် ဖြစ်၏။

မိန်းကလေးတစ်ယောက်အတွက် အိမ်ထောင်ရေး ကံကောင်းဖို့ ဆိုသည်ကလည်း အဓိကကျသည့် အချက်တစ်ချက်ဟု ဆိုရမည်ပင်။ ကိုမင်းလွင်နှင့် ကျွန်မတို့ ချစ်သူတွေ ဖြစ်ကြတော့ တက္ကသိုလ် တတိယနှစ်ကျောင်းသားကျောင်းသူဘဝသာရှိသေး၏။ ကိုမင်းလွင်အကြောင်း ကောင်းကောင်းသိနေသော အမေနှင့် အစ်ကိုကြီးတို့ကလည်း ထိုကိစ္စနှင့်ပတ်သက်ပြီး ခါးခါးသီးသီး တားမြစ်ခြင်းတော့ မရှိ။

ကိုမင်းလွင်က မိဘဆွေမျိုး မရှိသည့် တစ်ကိုယ်ရေတစ်ကာယသမား။ အတူနေ အဒေါ်ဖြစ်သူကလည်း လွန်ခဲ့သော ရှစ်လလောက်ကမှ နှလုံးရောဂါဖြင့် ကွယ်လွန်သွား၏။ နယ်ဘက်တွင် ဆွေမျိုးနီးစပ် အချို့ရှိသည်ဆိုသော်လည်း အဆက်အဆံ အသွားအလာ မရှိ။ ဘဝရပ်တည်ရေးနှင့် ပညာရေးအတွက် ကျောင်းအားသည့် အချိန်တို့တွင် မိဘဆွေမျိုးလို ရင်းနှီးခင်မင်နေသူ၏ အကျိုးဆောင်လုပ်ငန်းတွင် ဝင်လုပ်လေသည်။ စိတ်သဘောကောင်းပြီး ပေါင်းသင်းဆက်ဆံရေး ပြေပြစ်သူဖြစ်၍ အလုပ်အကိုင် အဆင်ပြေသည်။

ဆွေမရှိ မျိုးမရှိ ဥစ္စာငွေကြေး ပြည့်စုံလှသည်မဟုတ်သော်လည်း အိုးပိုင်အိမ်ပိုင်လေးနှင့် ကိုယ်စွမ်းကိုယ်စရှိကာ ရိုးသားကြိုးစားသူ ဖြစ်သောကြောင့် အမေနှင့် အစ်ကိုကြီးတို့က မတားမြစ်ကြခြင်း ဖြစ်၏။

အမေတို့လည်း ခွင့်ပြုထားပြီးဖြစ်၍ ဘွဲ့ရပြီး ဘာမှမကြာ ကိုမင်းလွင်နှင့် ကျွန်မ လက်ထပ်လိုက်၏။

ကျွန်မက ဌာနတစ်ခုတွင် စာရေး ဝန်ထမ်းအဖြစ် ဝင်ရောက်အမှုထမ်းသည်။ ကိုမင်းလွင်ကတော့ သူလုပ်လက်စ အကျိုးဆောင်လုပ်ငန်းတွင်ပင် ဆက်လုပ်၏။ အချိန်ပြည့် အလုပ်ကို အားစိုက်လုပ်ပြီး လုပ်ငန်းပိုင်းဆိုင်ရာတွင်လည်း ကျွမ်းကျင်နိုင်နင်းသူဖြစ်၍ ကိုမင်းလွင် အလုပ်အကိုင် အတော်လေးအဆင်ပြေလာလေသည်။ ဝင်ငွေလေးလည်း ကောင်းလာ၏။

သားလေး မင်းခန့်ကို မွေးပြီး ကျွန်မ ရုံးပြန်မတက်နိုင်သေးဘဲ ခွင့်ဆက်ယူလိုက်ရ၏။ အမေတို့နှင့် တစ်အိမ်တည်းနေလျှင်တော့ ကလေးကို အမေနှင့်ထား၍ ရုံးတက်မည်ဆိုက တက်နိုင်သည်။

ယခုတော့ နေတာကတစ်အိမ်စီ၊ မင်္ဂလာဆောင်ပြီးကတည်းက ကိုမင်းလွင်အိမ်တွင် လိုက်နေသည့်အတွက် ကျွန်မပဲ ခွင့်ရက်ရှည်ယူကာ သားလေးနှင့် နေလိုက်ရ၏။

အမေ လာထိန်းပေးမည်ဆိုသော်လည်း အသက်ကြီးနေပြီဖြစ်သည့် အမေ့ကို ဒုက္ခမပေးချင်။ ကိုယ့်သားသမီးနှင့် ပတ်သက်ပြီး သူများအပေါ် ဝန်ထုပ်ဝန်ပိုးဖြစ်မည့် အရေးကိုလည်း ကိုမင်းလွင်ရော ကျွန်မပါ မလိုလားသည်မှာ အမှန်ပင်။

ဝင်ငွေလေးကလည်း မှန်မှန်ရနေသည်။ အသောက်အစား အပျော်အပါးကင်းသော လူမျိုးကို ရထားသည့်အတွက် အိမ်စီးပွားရေးက အတော်လေး အဆင်ပြေလာ၏။ သူရှာသည့် ငွေဖြင့် မပူမပင် မတောင့်မတ မကြောင့်မကြ ထားနိုင်ပြီဖြစ်၍ ကိုမင်းလွင်က ကျွန်မကို အလုပ်မှ ထွက်ခိုင်းပြီး အိမ်မှာသာ နေစေသည်။ ပြောရလျှင်တော့ ကျွန်မတို့ မိသားစုဘဝလေးက ပူပင်သောက ကြီးကြီးကျယ်ကျယ် မရှိဘဲ အတော်လေး သာယာချမ်းမြေ့စရာကောင်းသည်ဟု ဆိုရပေမည်။

အစစ အရာရာ အဆင်ပြေသည်ဟု ဆိုနိုင်လောက်သော အခြေအနေတစ်ခုကို ပိုင်ဆိုင်ထားပါလျက် ဘယ်လိုအတွေးမျိုး ဝင်လာလေသည်တော့မသိ။ ကိုမင်းလွင်က ဆိုင်းမဆင့် ဗုံမဆင့် ကိစ္စတစ်ခု ဖွင့်ပြော၏။

“ကြည်ကြည်ရေ ကိုယ်တို့ မြို့ငယ်လေးတစ်ခုကို ပြောင်းနေမလားလို့ စဉ်းစားနေတယ်ကွ၊ အဲဒါ ကြည်ကြည်ကို အခု ဖွင့်ပြောပြီး တိုင်ပင်တာ”

“ဘယ်လို အစ်ကို၊ နယ်မြို့လေးတစ်မြို့ကို ပြောင်းမယ်၊ ဘယ်နယ်မြို့လဲ ရန်ကုန်မှာ အိုးနဲ့ အိမ်နဲ့ အတည်အကျ

www.burmeseclassic.com

ဖြစ်နေတာကို ဘာကိစ္စပြောင်းရမှာလဲ အစ်ကိုရဲ့"

"ဘယ်ကိုပြောင်းမလဲဆိုတော့ အင်းကုန်းဆိုတဲ့မြို့လေးကကြည်ကြည် အဲဒီကို သူတို့မိသားစု ပြောင်းကြမယ်၊ တစ်ရွာပြောင်းသူ့ကောင်းမဖြစ်တဲ့ စကားရှိတယ်မဟုတ်လား ကြည်ကြည်က အဲဒီကိုပြောင်းရင် သိပ်ကို အဆင်ပြေမှာမဟုတ်ဘူးလား"

"ရုံးကအလွှာတွေ လျှောက်ပြောနေတာလဲလိုက်မင်းလွင်ရယ် အခုရန်ကုန်မှာ နေနေလဲ အဆင်ပြေနေတာပဲ၊ အဲဒါကို ဘယ်သူ့ကြောင့်မှ မနေချင်လို့တဲ့ ဘယ်ဆို ရှိမှန်းမသိတဲ့ အရပ်ဒေသတစ်ခုကို ပြောင်းမယ်ဆိုရယ်လို့ အဲဒီ ရှင့်အင်းကုန်း မှာ ဘယ်သူ့ရှိလို့ ရှင်က ပြောင်းချင်ရ တာလဲ၊ ဘယ်သူ့အားကိုးပြီး ကြည် ကြည်တို့က နေရမှာလဲ၊ စဉ်းစဉ်းစားစား လဲ ပြောစမ်းပါ ကိုမင်းလွင်ရယ်"

စိတ်အားထက်သန်စွာ ပြောဆို နေသော ကိုမင်းလွင်ကို ကြည့်ပြီး ကျွန်မ ခါးခါးသီးသီး ငြင်းဆိုလိုက်၏။ မငြင်းဆို ဖို့လည်း မဖြစ်။ ဘဝတစ်ခု အခြေတကျ ဖြစ်ဖို့ဆိုသည်က လွယ်သည့်ကိစ္စမဟုတ်။

လက်ရှိ အဆင်ပြေနေသော အနေအထားကို ကျွန်မ ဖျက်ဆီးမပစ် နိုင်။ ကိုမင်းလွင်က တစ်စုံတစ်ရာကို လေးလေးနက်နက် စဉ်းစားနေပုံရ၏။

ခဏကြာမှ. . .

"အင်းကုန်း ဘယ်မှာရှိတယ်ဆို တာ အစ်ကို သိတယ် ကြည်ကြည်၊ ကျောင်းသားဘဝတုန်းက သူငယ်ချင်း တွေ ဇာတိမြို့ကို အလည်လိုက်ရင်း ဖြတ်သွားဖြတ်လာ လုပ်ဖူးတယ်ကွ၊ အစ်ကို ကောင်းကောင်းမှတ်မိတယ်၊ အခုတလော အိပ်မက်တွေ မက်တယ် ကြည်ကြည်၊

အဲဒီမြို့လေးကို ပြောင်းဖို့ တိုက် တွန်းတာတွေ၊ နောက် အဲဒီမှာ တို့ မိသားစု အဆင်ပြေပြေ နေရတာတွေ တောင် မက်တယ်၊ ဒါကိုပဲ ခဏခဏ မက်တာကွ ကြည်ကြည်ရ သိလား"

"အိပ်မက်ဟုတ်တာမဟုတ်တာ အိပ်မက် ဆိုတာ စွေးလေ ချောက်ချားရင်လဲ မက်တတ်တယ်လေ၊ ဒီအာမဟုတ်တဲ့ အိပ်မက်ကြောင့်များ အခြေတကျဖြစ် နေတဲ့ ကိုယ့်ဘဝကို ဖျက်ရမယ်ဆိုလို့ ထင်ရာတွေ လျှောက်မလုပ်ချင်စမ်းပါနဲ့ အစ်ကိုရယ်။

ရွှေ့နေရေးလဲ ကြည့်ဦး၊ နောက် နှစ်ဆို သားလေးမူကြိုတက်ရမှာ၊ နောက် ကျောင်းကြီးတက်ရတော့မယ်ဆိုတဲ့လဲ သူ့ဦးကြီး ကျောင်းထားလိုက်ပြီး ရော၊ ဘယ်လောက် အဆင်ပြေလဲ၊ ကိုယ် တောင် လိုက်ကြည့်နေစရာမလိုဘူး၊ အစ်ကိုပြောင်းမယ့်နေရာက ဒီကလေး တွေအတွက် ပညာရေးအဆင့်အတန်း က ဘယ်လိုလဲ၊ စာသင်စာပြ လုပ်မယ့် ဆရာ ဆရာမတွေကရော ကိုယ့်စိတ် တိုင်းကျ ဖြစ်ပါ့မလား၊ ဘယ်ကျောင်း ထားပြီး ဘယ်လိုနည်းနဲ့ ဒီမိသားစုသုံး ယောက် စားဝတ်နေရေး ဖြေရှင်းမှာလဲ ပြောစမ်းပါဦး အစ်ကိုရဲ့"

"အခုလောလောဆယ် အစ်ကို့ ကို မေးခွန်းတွေ အများကြီး မမေးပါနဲ့ဦး မိန်းမရယ်၊ ဒါပေမယ့် မင်း အစ်ကို့ကို ယုံလိုက်စမ်းပါ၊ စိတ်ချ မင်းတို့ သား အမိကို တင့်တင့်တယ်တယ် ဘဝမျိုး ထားကို ထားနိုင်စေရမယ်။

အစ်ကို ဖြစ်လာမယ့် အခြေ အနေတွေကို ကြိုမြင်နေရသလိုပဲ၊ ပြော ရင်လဲ ယုံချင်မှ ယုံမယ်၊ တစ်စုံတစ် ယောက်က အစ်ကို့ကို တိုက်တွန်းနေ တယ်၊ အစောင့်အရှောက်တွေလား တော့မသိဘူး၊ အစ်ကို ကိုယ်တိုင်ကလဲ သိပ်ကို ဆန္ဒပြင်းပြနေတယ်ဆိုတော့ ဒီကိစ္စကို မတားပါနဲ့ မိန်းမရယ်၊ မင်း လုံးဝ နောင်တ မရစေရဘူး စိတ်ချ"

ကျွန်မ ဘယ်လိုတားတား လက် မခံဘဲ အူကြောင်ကြောင် စကားများ ကို မနားတမ်း ပြောဆိုနေသည့် ခင်ပွန်း ဖြစ်သူကို တအံ့တဩ ကြည့်နေမိသည်။ နေရင်း ထိုင်ရင်း ရုတ်တရက် စိတ်များ ဖောက်ပြန်သွားသလားဟုလည်း စိုးရိမ် သွားမိ၏။ မနောက်ပြောင်နေခြင်းတော့ မဟုတ်တန်ရာ။

တည်တည်ငြိမ်ငြိမ်ရှိနေသည့် အပြင် ပေါင်းသင်းလာခဲ့သော ကာလ တစ်လျှောက် ယခု တစ်ကြိမ်လောက် လေးလေးနက်နက် ပြောဆိုခြင်းမျိုး တစ်ခါမျှ မကြုံဖူးခဲ့။

ယခုတိုပြတ်ဆုံးဖြတ်ပြီး ဖြစ်သည့် ပုံစံဖြင့် ပြောင်းဖို့ ရွှေ့ဖို့အရေးကို စတင် လုံးပန်းနေသော ခင်ပွန်းဖြစ်သူကိုကျွန်မ တစ်ယောက်တည်းအားဖြင့် နိုင်မည့်ပုံ မပေါ်တော့။

ထို့အတွက် အကျိုးအကြောင်း ဖွင့်ပြောကာ အမေနှင့် အစ်ကိုကြီးကို တပ်ကူခေါ်ရလေတော့သည်။ သမက် ဆိုသော်လည်း သားတစ်ယောက်ပမာ သဘောထားသည့် အမေက တစ်ရက် တွင် သူ့အိမ်သို့ ခေါ်ပြီး. . .

"မောင်မင်းလွင် မင်းမိန်းမပြော တာ ဟုတ်သလား၊ ပြောင်းဖို့ ရွှေ့ဖို့ စီစဉ်နေတယ်ဆို"

ဆိုင်းမဆင့် ဗုံမဆင့် မေးလိုက် သည့် အမေ့စကားကြောင့် ကိုမင်းလွင် ကျွန်မကို တစ်ချက်ကြည့်လိုက်၏။

ပြီးမှ. . .

"ဟုတ်တယ် အမေ၊ ကျွန်တော် တို့ အင်းကုန်းမြို့ကိုပြောင်းမလို့၊ အမေ တို့ကို မပြောသေးတာက နေရေးထိုင် ရေးကအစ ဘာတစ်ခုမှ မစီစဉ်ရသေး လို့ပါ၊ အတော်အတန်အဆင်ပြေအောင် စီစဉ်ပြီးမှ အမေ့သမီးနဲ့ မြေးလေးကို ခေါ်ရင်း ပြောမလို့ပါ"

"ဟဲ့ သားရဲ့၊ ဘာလို့ပြောင်းမှာ လဲ၊ မင်းတို့လဲ အလုပ်အကိုင် အဆင် ပြေနေတာကို၊ နောက်ပြီး ဒီမှာက ဆွေ မျိုးတွေ သိုက်သိုက်ဝန်းဝန်းနဲ့၊ ဟိုမှာဆို ဘယ်သူ့ရှိတုံး၊ အသိမိတ်ဆွေတောင် တစ်ယောက်မရှိတဲ့ နေရာကို"

"အေးလေ မင်းလွင်ရဲ့ မင်းလဲ ဒီမှာ အလုပ်အကိုင် အဆင်ပြေနေတာ ကို တစ်ရပ်တစ်ကျေး ဘာသွားလုပ်ဦး မှာလဲကွာ"





www.burmeseclassic.com

www.burmeseclassic.com

"ဒီမှာ အဆင်မပြေလို့ ပြောင်းတာတော့ မဟုတ်ပါဘူး၊ ဒါပေမယ့် အမေနဲ့ အစ်ကိုကြီး နားလည်အောင် ကျွန်တော်မပြောတတ်ဘူးဗျာ၊ သေချာတာတော့ ကျွန်တော်တို့ ပြောင်းရင် ဒီထက်အပုံကြီး အဆင်ပြေမှာ သေချာပါတယ်ဗျ"

"သားရယ် ကျိုကျိုတက် မချမ်းသာတော့ ဘာအရေးလဲကွယ်၊ တစ်နေ့ နပ်မင်းသုံးနပ်ထက်ပိုပြီး ဘယ်သူမှ မစားနိုင်ဘူး အတော်အသင့်ရှာလို့ရ ပြီးပြီပေါ့ အရေးဆို ကိုယ့်မိဘ ကိုယ့်ဆွေမျိုးအားကိုးရမှာကွယ့်၊ ဆွေမရှိ မျိုးမရှိ အရပ်ဒေသတော့ သွားမနေပါနဲ့ကွယ်"

အမေနှင့် အစ်ကိုကြီးတို့ ဘယ်လိုပင် ပြောစေကာမူ ကိုမင်းလွင်တစ်ယောက်ကတော့ဖြင့် နားဝင်တော့မည့်ပုံ မပေါ်။ စုဆောင်းထားသည့် ငွေအတော်များများကို ယူကာ အင်းကုန်းမြို့လေးသို့ ထွက်သွား၏။ အမေ၊ အစ်ကိုနှင့် လင်ယောကျ်ားတို့အကြား စိတ်ပင်ပန်းလိုက်ရသည်မှာ ပြောဖွယ်ရာမရှိ၊ ကိုမင်းလွင်ကတော့ သူစီစဉ်ထားသည့်ကိစ္စ မဖြစ်မနေ လုပ်တော့မည့်ပုံပင်။

နှစ်ပတ်လောက် အကြာမှာတော့ ကိုမင်းလွင် ပြန်ရောက်လာ၏။ အင်းကုန်းတွင် အခြေတကျ နေထိုင်နိုင်ရန် အိမ်လေးတစ်လုံးတောင် ဝယ်ခဲ့ပြီးဖြစ်၏။ သူ့ဆန္ဒရှိသည့်အတိုင်း ဖြစ်မြောက်အောင်လုပ်လာနိုင်ခဲ့ခြင်းကြောင့် အတော်လေး ပျော်ရွှင်နေပုံပေါ်သည်။

နောက်ဆုံးတော့လည်း ဘယ်လိုပင် ဆန္ဒမရှိစေကာမူ ခင်ပွန်းသည် စီစဉ်သည့်အတိုင်း အင်းကုန်းမြို့လေးသို့ ကျွန်မတို့သားအမိ လိုက်ရလေတော့၏။

မြေလတ်ဒေသတွင်ရှိပြီး ရန်ကုန်လို လူနေ ထူထပ်ခြင်းမရှိသည့်အတွက် အင်းကုန်းမြို့လေးက နားအေး ပါးအေးနှင့် နေချင်စရာတော့ ကောင်းလှ၏။

ကိုမင်းလွင် ဝယ်ထားသော ခြံနှင့် တစ်ထပ်တိုက်ပုလေးကို ကြည့်ပြီး သားလေးမင်းခန့် တစ်ယောက် အတော်ပျော်နေလေသည်။ အိမ်မှာနေရင်း အပျင်းပြေ စျေးဆိုင်ဖွင့်ချင်လျှင် ဖွင့်နိုင်အောင် ဆိုင်ခန်းလေးတောင် ဆောက်ပေးထားလိုက်သေး၏။

မိဘ မောင်ဖွားများကို စွန့်ခွာကာ သူ့နောက်လိုက်ခဲ့သည့် ကျွန်မတို့သားအမိအား ကိုမင်းလွင်က လိုအပ်ချက်မရှိအောင် ဂရုစိုက်ပေးရှာသည်။

အပေါင်းအသင်းဆံ့သည့် ကိုမင်းလွင်က ရက်ပိုင်းအတွင်း မိတ်သင်္ဂဟ အတော်ရလာကာ သူ ကျွမ်းကျင်ရာ အကျိုးဆောင်လုပ်ငန်းကို စတင်လုပ်တော့၏။

ယခုမှ သိကျွမ်းခင်မင်သော သူများနှင့် တွဲဖက် အလုပ်လုပ်နေသည့် ခင်ပွန်းဖြစ်သူအတွက် စိုးရိမ် ပူပန်စိတ်ဖြင့် အချိန်ရှိသရွေ့ ဘုရားကိုသာ အာရုံပြုနေမိသည်။

ကျွန်မကသာ စိုးရိမ်ပူပန်နေမိသော်လည်း ကိုမင်းလွင်တစ်ယောက်ကတော့ ယခင် ယခင်ကာလများနှင့် တောင်မတူ ပျော်ပျော်ရွှင်ရွှင် တက်တက်ကြွကြွဖြင့် သူ့အလုပ်ကို အားစိုက်ကာလုပ်ရင်း သူ့ကိုယ်သူ ယုံကြည်မှု ပြည့်ဝစွာဖြင့်. . .

"မိန်းမသိလား၊ မင်း ဘာမှမပူနဲ့၊ သိပ်မကြာခင် အစ်ကိုအလုပ်က ထင်မှတ်မထားလောက်တဲ့အထိ အဆင်ပြေမှာ"

"အဲဒီလို သေချာပေါက်ကြီးတော့ ဘယ်ပြောလို့ ရနိုင်မှာလဲ အစ်ကိုရယ်၊ ပြောရရင် ကြည်ကြည်တို့က အဆင်ပြေနေတဲ့ အရပ်ဒေသက ဘုရင့်နောင် ဖောင်ဖျက်ပြီး ထွက်လာခဲ့ရသလိုမျိုး မဟုတ်လား၊ အခုမှ မြေစမ်း ခရမ်းပျိုးနေရတဲ့ အဆင့်လေ"

"ဩော် . . ကြည်ကြည်ကလဲ၊ အစ်ကိုပြောရင် ယုံစမ်းပါ၊ အစ်ကို့ အိပ်မက်တွေအတိုင်း ဖြစ်ဖြစ်လာတာ မင်းမှ မသိတာ၊ ဒါတွေထားပါ၊ ပြောဖို့ မေ့နေလိုက်တာ ကြည်ကြည်ရေ၊ ဘုရားကျောင်းဆောင်အောက်မှာ အစ်ကို စင်လေးတစ်ခု ရိုက်ထားတာ တွေ့လား၊ အဲဒီမှာ နွားနို့နဲ့ ပေါက်ပေါက် နေ့တိုင်း တင်ကွာ၊ အစ်ကို ပြောဖို့ မေ့နေလဲ မင်း မမေ့နဲ့နော်"

"နွားနို့နဲ့ ပေါက်ပေါက် ဟုတ်လား၊ အဲဒါက ဘာအတွက် တင်ခိုင်းတာလဲ အစ်ကိုရဲ့"

"အစ်ကို့မှာလေ မမြင်နိုင်တဲ့ အစောင့်အရှောက်တွေ ရှိနေတယ် ကြည်ကြည်၊ သူတို့က အစ်ကို့ကို စောင့်ရှောက်သလို သူတို့အတွက်လဲ လုပ်ပေးသင့်တာ လုပ်ပေးတာပါ"

ပြောရလျှင်တော့ ခင်ပွန်းဖြစ်သူနှင့် ပတ်သက်ပြီး နားမလည်နိုင်သည့် အချက်တွေ အတော်များလာသည်မှာ အမှန်ပင်။ ယခု သူခိုင်းသည့် အလုပ်ဆိုလျှင် ရန်ကုန်မှာနေစဉ်က တစ်ခါမျှ လုပ်ခဲ့ဖူးခြင်း မရှိသောအလုပ်။ ဒီရောက်ခါမှ ဘာမှန်းမသိ ညာမှန်းမသိ နွားနို့နှင့် ပေါက်ပေါက် နေ့တိုင်းဝယ်တင်ရတော့၏။

မူကြိုကျောင်းကလည်း တစ်လမ်းကျော်တွင် ရှိနေသည်။ ဘေးပတ်ဝန်းကျင်ရှိ သားနှင့်ရွယ်တူ ကလေးများ တက်နေကြသည်ဖြစ်၍ သားလေးမင်းခန့်ကိုလည်း မူကြိုပို့လိုက်၏။ ဘာပဲပြောပြော ထင်ထားသလောက်တော့ မဆိုး။ တစ်စတစ်စ နေသားကျလာ၏။

တစ်ရက် သားလေးမင်းခန့်ကို ကျောင်းသွားကြိုပြီး အဝတ်အစားလဲပေးနေစဉ် . . .

"ကြည်ကြည်ရေ လာပါဦးကွ ဒီကို"

အိမ်ရှေ့ဧည့်ခန်းတွင် စာရင်းထိုင်တွက်နေသည့် ကိုမင်းလွင်က လှမ်းခေါ်လိုက်သည့်အတွက် ကျွန်မ သူ့အနီးနားသွားထိုင်လိုက်ရ၏။

"ရော့ ကြည်ကြည်၊ ဒါတွေ သိမ်းထားလိုက်"

"ဘာတွေလဲ အစ်ကို၊ ဟယ် ပိုက်ဆံတွေပါလား၊ များလှချေလား

www.burmeseclassic.com

www.burmeseclassic.com

ဒါတွေဘယ်ကရလာတာလဲဟင်၊ ရိုးရိုးသားသား ရလာတာမှ ဟုတ်ရဲ့လား"

ကိုမင်းလွင်ပေးသည့် လက်ဆွဲအိတ်လေးထဲမှ ငွေစက္ကူများကို ကြည့်ကာ ကျွန်မ အလန့်တကြားမေးလိုက်မိခြင်းဖြစ်၏။ နည်းနည်းနောနောမဟုတ်။ ငါးထောင်တန် ငွေစက္ကူထုပ်တွေ အတော်များ၏။

"မိန်းမရယ် အစ်ကို ဒီအလုပ်လုပ်လာတာ ဘယ်လောက်ကြာပြီလဲ၊ ဘယ်တုံးကများ မဟုတ်တာ လုပ်ဖူးလို့လဲ၊ စိတ်ချ သူများ စေတနာမပါဘဲ ပေးတဲ့ငွေ ငါးပြားတောင်မယူဘူး၊ အခုဟာက အစ်ကို လုပ်ငန်းကြီးတစ်ခု လုပ်ပေးလိုက်တာ။

ရန်ကုန်က သူဌေးတစ်ယောက်အတွက် ဧကနှစ်ဆယ်လောက် ရှိတဲ့ မြေကွက်တစ်ကွက် ဝယ်ပေးလိုက်တာလေ၊ ပြီးပြီးရော လုပ်ပေးတာ မဟုတ်ဘူး၊ စာရွက်စာတမ်းကအစ လက်ထဲရောက်တဲ့အထိ လုပ်ပေးလို့ စေတနာနဲ့ ပေးတာ၊ နောက်ပြီး အစ်ကို့ မိတ်ဆွေတစ်ယောက်နဲ့ ကျောက် အရောင်းအဝယ် လုပ်ထားတယ်ကွ၊ အစ်ကိုတို့ ကံစပ်လို့လားတော့ မသိဘူး၊ အဆင်ပြေတယ်၊ တစ်ယောက်ကို သိန်းနှစ်ရာလောက် ရနိုင်တယ်တဲ့ သိလား"

"ပိုက်ဆံရတာတော့ ကောင်းပါတယ်၊ ဒါပေမယ့် ကျောက်လုပ်ငန်းနဲ့ ပတ်သက်ပြီး အစ်ကို ဘာနားလည်လို့လဲ၊ နောက်ပြီး အဲဒီအလုပ်က အလွန်အန္တရာယ်များတယ်၊ ကိုယ်မကျွမ်းကျင်တဲ့ အလုပ်တော့ မလုပ်ပါနဲ့ အစ်ကိုရယ်"

"မစိုးရိမ်ပါနဲ့ မိန်းမရယ်၊ အန္တရာယ်ရှိနိုင်တဲ့ အလုပ်မျိုး အစ်ကို မလုပ်ပါဘူး စိတ်သာချ၊ နောက်ပြီး ပြောထားတယ် မဟုတ်လား၊ ကြည်ကြည်တို့ သားအမိကို ရန်ကုန်မှာထက် အဆင်ပြေအောင် ထားနိုင်မှာပါဆိုတာလေ၊ အစ်ကို့ အစောင့်အရှောက်တွေက အစစအရာရာ စောင့်ရှောက်ပေးနေကြတာ၊ အဲဒါကြောင့် ကြည်ကြည် ဘာမှ မပူနဲ့နော်"

"အဲဒီ အစ်ကို့အစောင့်အရှောက်တွေဆိုတာ ဘာတွေလဲဟင်၊ ကြည်ကြည် သိအောင်လဲ ပြောထားဦးမှပေါ့"

"ချက်ချင်းကြီးတော့ ကြည်ကြည် နားလည်အောင် အစ်ကို မပြောနိုင်သေးဘူး၊ နောက်တော့ တဖြည်းဖြည်း သိလာမှာပါ၊ ကြည်ကြည့် တာဝန်က အစ်ကိုခိုင်းတာ မပျက်မကွက်လုပ်ပြီး စိတ်ချမ်းချမ်းသာသာနေပါ၊ ကြည်ကြည်နဲ့ သားလေး တစ်သက်လုံး မပူမပင် မတောင့်မတ မကြောင့်မကြ နေရတဲ့အထိ ဖြစ်လာအောင် အစ်ကို ကြိုးစားမှာ"

"ဘာတွေလဲ အစ်ကိုရယ်၊ ကြည်ကြည်တော့ ဘာမှ နားမလည်တော့ဘူး"

တကယ်လည်း ဘာတွေလုပ်ပြီး ဘာတွေဖြစ်နေမှန်း ကျွန်မ နားမလည်။ တိုက်ဆိုင်မှုလားတော့မသိ။ ကိုမင်းလွင်ပြောသလို အလုပ်အကိုင် အဆင်ပြေလာသည်ကတော့ အမှန်ပင်။ ရန်ကုန်တုန်းကတောင် ဤမျှလောက် အဆင်မပြေခဲ့။

ဒီရောက်ပြီး ဘာမှမကြာ တစ်ပတ်တစ်ခါ၊ နှစ်ပတ်တစ်ခါ ဆိုသလို ကိုမင်းလွင် ကျွန်မကို ငွေများပေးတတ်၏။ ပေးတိုင်းလည်း ဆယ်သိန်းအောက် လျော့သည် တစ်ခါမျှမရှိ။

အင်းကုန်းသို့ရောက်ပြီး တစ်နှစ်ကျော်ကျော်လောက် အကြာမှာတော့ စပြောင်းစဉ်က ဝယ်ထားသည့် တစ်ထပ်တိုက်လေးအပြင် နှစ်ထပ်ပျဉ်ထောင် သွပ်မိုး အိမ်တစ်လုံး၊ အေဒီဗင် ကားလေးတစ်စီး ဝယ်နိုင်သော အခြေအနေသို့ ရောက်လာသည်။

ရွှေတို ရွှေစအချို့နှင့် ငွေကြေးအတော်အတန်လည်း စုဆောင်းမိ၏။ အိမ်ရှေ့မှ စတိုးဆိုင်လေးကလည်း ပစ္စည်းလေးတွေ အစုံထင်ရောင်းသည့်အတွက် အတော်လေး ရောင်းရသည်။

ရပ်ကွက်ထဲမှ ကလေးမလေး နှစ်ယောက်ကို လခပေးကာ ရောင်းခိုင်းရ၏။ ကျွန်မကတော့ ကြပ်မတ်ပေးရုံလောက်သာ လုပ်ရသည်။ အချိန်တို အတွင်း ဤမျှအထိ စီးပွားတက်လာသည်က အံ့သြစရာကောင်းသည်ကတော့ အမှန်ပင်။

သို့သော်လည်း လောကတွင် ဘယ်အရာမှ တစ်သမတ်တည်း ဖြစ်တည်မှုမရှိ။ ကံဇာတာတက်နေသည့် အချိန် လုပ်သမျှ အောင်မြင်သော်လည်း ကံဇာတာနိမ့်ကျသော အချိန်ကာလ ရောက်လာပြီဆိုလျှင်တော့ ဒုက္ခတွေက တစ်ခုပြီး တစ်ခု တန်းစီဝင်လာလေသည်။

နေရင်းထိုင်ရင်းပင် ကိုမင်းလွင်၏ ကျန်းမာရေး ချူချာလာ၏။ အလုပ်ပင်ပန်းသည့်ဒဏ်ကြောင့် ခဏပန်းဖြစ်သည်ထင်မိသော်လည်း သူ့ကျန်းမာရေး အခြေအနေက ကောင်းမလာသည့်အပြင် ပို၍ဆိုးလာလေသည်။

လိုအပ်သည့် ဆေးစစ်မှုမျိုးစုံ လုပ်ပြီး ဆေးစစ်ချက်များ၏ နောက်ဆုံးအဖြေကား အသည်းကင်ဆာ။

ဆောက်တည်ရာမရအောင် ပူပင်သောက ဖြစ်နေရသည့် ကျွန်မမှာ ကိုမင်းလွင်ကို ရန်ကုန်ခေါ် သွားပြီး ဆေးကုရန် အမြန်ဆုံး စီစဉ်ရတော့၏။

မစီစဉ်လို့လည်း မဖြစ်။ ပုဂ္ဂလိကစွဲရှိသည်ပဲ ဆိုဆို၊ ရန်ကုန်ရှိ ဆေးခန်းကြီးများမှ သမားတော်ကြီးများကို ပြကြည့်လျှင် ရောဂါအခြေအနေက သက်သာကောင်း သက်သာသွားနိုင်သည်။

လက်ရှိ တက်ရောက်ကုသနေသည့်ဆေးခန်းမှ ဆရာဝန်ကြီးများကလည်း အတတ်နိုင်ဆုံး ကြိုးစားကာ ကုသပေးကြ၏။

တစ်လနီးပါးသာ ကြာသွားသည်။ ကိုမင်းလွင် ရောဂါက တိုးတက်ကောင်းမွန်လာခြင်း မရှိ။ ရောဂါသည် တစ်ယောက်အတွက် တစ်ရက်ဆို ဆိုသလောက် အရေးကြီးသည်။ လက်ထဲ

www.burmeseclassic.com

www.burmeseclassic.com

တွင် ငွေကြေးလည်း ပြည့်စုံနေသည့်အတွက် အတတ်နိုင်ဆုံး ကြိုးစားကုရန် ကျွန်မ ဆုံးဖြတ်လိုက်ခြင်း ဖြစ်၏။

"ရန်ကုန်သွားမယ် အစ်ကို၊ ဟိုမှာတ သမားတော်ကြီးတွေ အများကြီးရှိတယ်၊တစ်ယောက်မဟုတ်တစ်ယောက် ပျောက်အောင်ကုမယ်၊ အစ်ကို့ရောဂါ ပျောက်သွားမှာပါ"

"သွားမနေပါနဲ့ ကြည်ကြည်ရယ်၊ သွားလဲ ဒုက္ခများရုံရှိမှာ၊ အစ်ကို့ရောဂါ အခြေအနေ အစ်ကိုသိတယ်၊ ပြီးတော့ ဒီဆေးခန်းမှာလဲ မနေချင်ဘူး၊ အိမ်ကိုပဲ ပြန်ချင်တယ် ကြည်ကြည်"

"ဘာဒုက္ခများရုံရှိမှာလဲ အစ်ကိုနဲ့ စိတ်မလျှော့စမ်းပါနဲ့၊ ရောဂါသိမှ တော့ဆေးရှိမှာပေါ့၊ နောက်ဆုံးအသည်းကို ဖြတ်ထုတ်ကုရင်တောင် ရတယ်တဲ့၊ ရန်ကုန်မှာက လိုအပ်တာ မှန်သမျှ လုပ်လို့ရတယ်၊ သွားကြမယ်နော်"

စိုးရိမ် ပူပန်စိတ်ဖြင့် ကျွန်မ ဘယ်လိုပင် ပြောပြော ကိုမင်းလွင်က လက်မခံ။ ခေါင်းကိုသာ အတွင်ယမ်းခါနေ၏။

"သွားလဲ အပိုပဲဆိုတာ သိလို့ ပြောတာ ကြည်ကြည်၊ ကိုယ့်အတွက် အချိန်ကျပြီ၊ နေရတဲ့အချိန် စိတ်ချမ်းချမ်းသာသာလေး နေချင်တယ်၊ သားလေးကိုလဲ တွေ့ချင်တယ်၊ အိမ်ပြန်ရအောင် ကြည်ကြည်ရယ်"

သနားစဖွယ် ပြောနေသည့် ကိုမင်းလွင်စကားကို ကျွန်မ မငြင်းရက်တော့။ ဆရာဝန်များကိုယ်တိုင် လူနာစိတ်ချမ်းသာအောင် လုပ်ပေးလိုက်ပါဆိုသည့်အတွက် အိမ်ပြန်ခေါ်လာရ၏။ ရန်ကုန်ဆေးလာကုမည့်အထင်နှင့် လိုအပ်သမျှ ကြိုတင်စီစဉ်ကာ စောင့်မျှော်နေသည့် အမေနှင့် အစ်ကိုကြီးတို့ကိုလည်း လှမ်းခေါ်လိုက်ရသည်။ အမေတို့ရှိလျှင် ကျွန်မအတွက် ပို၍အဆင်ပြေသည်။ အားလည်းရှိ၏။ ဆေးကုနေသည့် ရက်အတောအတွင်း ဆိုင်ပိတ်ထားကလေးမလေး နှစ်ယောက်စလုံး အိမ်ခေါ်ထားလိုက်ရသည်။ ချက်ရေးပြုတ်ရေး အိမ်မှုကိစ္စအဝဝနှင့် ကလေးတာဝန်အားလုံး သူတို့ရှိ၍သာ တော်ပေတော့၏။

သူ့အိမ်သူ ပြန်နေရ၍လားတော့မသိ။ အတော်လေး လန်းလန်းဆန်းဆန်း ဖြစ်လာ၏။ သားလေးနှင့် ရယ်မောပြောဆိုနေသည်ကို ကြည့်ကာ ကျွန်မတောင် သောကတွေ အတော်အတန်လျော့သွားသလိုပင်။

"ကြည်ကြည်ရေ အစ်ကို မြို့ဦးစေတီလေးဆီ သွားချင်တယ် လိုက်ပို့ပေးပါကွာ"

"မြို့ဦးစေတီ ဟုတ်လားအစ်ကို၊ အဲဒါ ဘယ်မှာလဲဟင်၊ အစ်ကို အားနည်းနေသေးတယ်လေ၊ ဒီနေ့တော့ သွားလို့ မဖြစ်သေးဘူးထင်တယ်"

ညနေစာ ဆန်ပြုတ်သောက်အပြီး ပြောလိုက်သည့် ကိုမင်းလွင်စကားကြောင့် ကျွန်မ ပြန်မေးလိုက်ခြင်းဖြစ်၏။ ဒီရောက်ပြီး အခါကြီး[illegible]ရက်ကြီး နေ့ထူးနေ့မြတ်တို့တွင် ဘုန်းတော်ကြီးကျောင်းအတော်များများသို့ သွားတတ်ရောက်တတ်သော်လည်း ယခု ပြောလိုက်သည့် မြို့ဦးစေတီကိုတော့ ကျွန်မ တစ်ခါမျှ မရောက်ဖူးခဲ့။

"ဖြစ်ပါတယ်၊ နေလဲ အေးနေပြီဥစ္စာ၊ မြို့ဦးစေတီလေးရှိတဲ့ဆီ အစ်ကို လမ်းပြပေးမယ်၊ ကြည်ကြည်က ကား[illegible]မောင်း၊ သားလေးကိုတော့ မခေါ်ခဲ့နဲ့နော်၊ သူ့အစ်မတွေနဲ့ပဲ ထားခဲ့"

တားမရသည့်အဆုံး ကိုမင်းလွင် လမ်းညွှန်ပြသည့်အတိုင်း ကားကိုဂရုစိုက်မောင်းလာရ၏။ မြို့ပြင်လမ်းမရောက်လာသည့်တိုင် သူပြောသည့် မြို့ဦးစေတီကို မဖူးတွေ့ရသေး။

အတော်လေး ကြာအောင် မောင်းလာသည့်နောက် ညာဘက်သို့ ချိုးကွေ့သော လမ်းလေးတစ်ခုကို လှမ်းမြင်လိုက်ရ၏။

"အဲဒီရှေ့က လမ်းလေး ကြည်ကြည်၊ ညာဘက် ကွေ့လိုက်"

ကျွန်မ သူပြောသည့် မြေနီလမ်းလေးတစ်လျှောက် မောင်းလာလိုက်၏။ ငါးမိနစ်ခန့် မောင်းလာလိုက်တော့မှ သစ်ပင်အုပ်အုပ်လေးတွေအကြား ကုန်းမြင့်လေးအပေါ်တွင် စေတီငယ်လေးတစ်ဆူကို ဖူးတွေ့လိုက်ရလေသည်။ စေတီလေးအနီးတွင် နဂါးကြီး သုံးကောင် ထုလုပ်ထား၏။

ကိုမင်းလွင်ကို ကျွန်မ စေတီတော်ရင်ပြင်ပေါ်သို့ တွဲခေါ်ပြီး ကန်တော့ခိုင်းလိုက်သည်။ ကန်တော့ပြီးသည့်နောက် အုတ်တိုင်လေးကို မှီကာ ကိုမင်းလွင် အေးအေးဆေးဆေး ထိုင်နေ၏။ သူ့မျက်နှာ အမူအရာက ကြည်နူးရွှင်ပျနေလိုက်ပုံမှာ ရောဂါသည်တစ်ယောက်ဟုပင် မထင်မှတ်ရ။ ခဏကြာတော့ ကျွန်မကို လှည့်မကြည့်ဘဲ စကားပြောလိုက်၏။

"ကြည်ကြည်ရေ အစ်ကိုတော့ ဒီမှာပဲ အေးအေးဆေးဆေး နေချင်ပြီကွာ"

"ဟင် ဒီမှာ ဘာလို့နေရမှာလဲ၊ အစ်ကို ဘာတွေလျှောက်ပြောနေတာလဲ"

"လျှောက်ပြောနေတာ မဟုတ်ဘူး ကြည်ကြည်၊ အစ်ကို တကယ်ပြောတာ၊ ရန်ကုန်မှာတုန်းက အစ်ကို အိပ်မက်တွေ ခဏခဏမက်တဲ့အကြောင်းမင်းကို ပြောဖူးတယ် မဟုတ်လား၊ အစ်ကို့ ဆွေမျိုးတွေအကြောင်း မက်တာ၊ သူတို့က ဒီမှာရှိနေကြတယ်လေ"

"ဟင်"

စေတီတော်လေးကို မော့ကြည့်ရင်း တစ်လုံးချင်းပြောနေသည့် ကိုမင်းလွင် စကားတို့ကြောင့် ကျွန်မ ကြက်သီးမွေးညင်းတွေ ထလာကာ ထိုင်နေရာမှ ဆတ်ခနဲ ရပ်လိုက်မိ၏။ သူကြည့်လိုက်ပြန်တော့ တကယ်ပဲ ဆွေမျိုးရင်းချာများနှင့် တွေ့ရသလို ပျော်ရွှင်ကြည်နူးနေသည့်ပုံပင်။ ကျွန်မ အချိန်ဆိုင်းမနေတော့ဘဲ သူ့လက်မောင်းကို ဆုပ်ကိုင်ကာ ပြောလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com

"ပြန်ကြစို့ အစ်ကို၊ လေတိုက်တယ်၊ အအေးမိနေလိမ့်မယ်"

"ပြန်လေ နောက်နေ့တွေလဲ လိုက်ပို့ပေးဦးနော်"

အပြန်လမ်းတစ်လျှောက် ကားမောင်းရင်း ကိုမင်းလွင် ပြောခဲ့ဖူးသည့် စကားတို့ကို ပြန်စဉ်းစားကြည့်မိ၏။ အိပ်မက်တွေ မကြာခဏမက်သည်ဟု ဆိုကာ ကိုယ် အကျွမ်းတဝင်မရှိသည့် အရပ်ဒေသတစ်ခုသို့ ပြောင်းနေရန် စီစဉ်၏။

ယခုတစ်ခါ ဆွေမျိုးတွေ ဒီမှာရှိနေသည်ဆိုတော့ ထိုဆွေမျိုးတွေကပဲ အင်းကုန်းဆိုသော မြို့လေးသို့ ပြောင်းရွှေ့နေရန်တိုက်တွန်းခြင်းလား၊ ဒီရောက်ကတည်းက တစ်ရက်မပြတ် တင်ခိုင်းလိုက်သည့် နွားနို့နှင့် ပေါက်ပေါက်။ ယခု ဗီစေတီတော်လေး ကြည့်လိုက်ပြန်တော့ နဂါးရုပ်တုတွေ ရှိနေသည်။ နောက် ဒီမြို့ပြောင်းနေလျှင် ကျိန်းသေစီးပွားဖြစ်မည်ဟု ရဲရဲကြီး အာမခံသည့် သူ့စကား။ သူ အာမခံသည့်အတိုင်း စီးပွားက အတော်ကြီးတက်လာသည်။ အံ့သြစရာ။ ဘာတွေမှန်းတော့ တိတိကျကျမသိ။ အလိုလိုနေရင်း စိုးရိမ်စိတ် ကြောက်စိတ်၊ အားငယ်စိတ်တို့ ဖြစ်လာရကာ အိမ်ပြန်ရောက်သည့်တိုင်အောင် ကားကို မနည်းကြိုးစား၍ မောင်းလာရ၏။

"မကြည်၊ ဦးမင်းလွင် အခြေအနေက ပုံမှန်မဟုတ်ဘူး ထင်တယ်နော်၊ အသည်းကင်ဆာဆိုတာ ဟုတ်ကော ဟုတ်ရဲ့လား၊ ကျွန်မအထင် တစ်ခုခုများ နှောင့်ယှက်ထားသလားလို့ ဗမာဆရာနဲ့ ပြကြည့်ပါလား။ အိမ်က အမျိုးသားရဲ့ အသိဆရာတစ်ယောက် အဲဒီလိုကိစ္စ တအားစွမ်းသတဲ့၊ ဆန္ဒရှိရင် ကျွန်မ လိုက်ပို့ပေးမယ်လေ"

"ဟုတ်တယ် ကျွန်မတို့လဲ ကြည့်နေတာကြာပြီ၊ အကောင်းကြီးတနေ ချက်ချင်းထဖြစ်တာ၊ သွေးရိုးသားရိုးမှ ဟုတ်ရဲ့လား မကြည်ရယ်"

"ကျွန်မလဲ ဘာလုပ်လို့ လုပ်ရမှန်းကို မသိတော့ပါဘူး၊ စဉ်းစားရလွန်းလို့ လူလဲ ရူးမတတ်ဖြစ်နေပါပြီ မခင်စန်းရယ်၊ ဆေးရုံမှာလဲ မနေချင်ဘူး၊ ရန်ကုန်သွား ဆေးကုကြရအောင်ဆိုတော့လဲ မသွားချင်ဘူးတဲ့၊ ဆရာဝန်ကို နေ့တိုင်း အိမ်ပင့်ပြီးကုနေတယ်ဆိုပေမယ့် ဆေးရုံဆေးခန်းမှာ ကျကျနနကုတာနဲ့တော့ ဘယ်တူပါ့မလဲ၊ ဒီကြားထဲ အခုနောက်ပိုင်း သူပြောဆိုနေတာတွေ ဟိုလိုက်ပို့ပါဦး၊ ဒီလိုက်ပို့ပါဦး ခိုင်းနေတာတွေက ဘာတွေမှန်းကို မသိဘူး၊ ကျွန်မလဲ သွေးပျက်လုခမန်း ဖြစ်နေပါပြီ၊ တစ်နည်းမဟုတ် တစ်နည်း ကုချင်တာပေါ့၊ သူ့ ပြောကြည့်ဦးမယ်၊ ကာယကံရှင်က ဆန္ဒရှိမှ ဖြစ်မှာလေ"

ဆွေမျိုးလို ဖြစ်နေကြသည့် အိမ်နီးချင်းများက အခြေအနေ အရပ်ရပ်ကို သိနေကြပြီဖြစ်၍ ကောင်းနိုးရာရာ အကြံများပေးကြသည်။ အမှန်အတိုင်း ပြောရလျှင်တော့ ကျွန်မလည်း သူတို့ပေးသည့် အကြံအတိုင်း လုပ်ချင်နေတာ ကြာပြီ။

တချို့ အမှောင့်ပယောဂ မကင်းဖြစ်နေသူ၊ သိုက်ကလာသည်ဟု ယူဆရသူတို့ကို ကျွမ်းကျင်နိုင်နင်းစွာ ကုသပေးနိုင်သော ဆရာနှင့်တွေ့၍ ချမ်းသာရာရသွားကြကြောင်း တွေ့ဖူး ကြုံဖူးသည်။ သို့သော်လည်း ကာယကံရှင်ကိုယ်တိုင်က ဆန္ဒရှိဦးမှ။

ထင်သည့်အတိုင်းပင်။ ကိုမင်းလွင် တစ်ယောက်ကတော့ ဘယ်လိုနားလည်ရမည်မှန်းကို မသိနိုင်တော့။ မြန်မာဆရာနှင့် ပြောင်း၍ ကုသဖို့အကြောင်း ပြောကြည့်သော်လည်း လက်မခံ။

တော်သေးသည်။ အမေနှင့် အစ်ကိုကြီးတို့ ရောက်လာ၍ အားကိုးရာရကာ အခြေအနေအရပ်ရပ်ကို ဖွင့်ပြောပြလိုက်၏။ ခေတ်လူငယ် တစ်ယောက်ဖြစ်သည့် အစ်ကိုကြီးကတော့ သိပ်ယုံကြည်သည့်ပုံမပေါ်။

အမေကတော့. . .

"မပြောနိုင်ဘူးလေ၊ ဒီလို ကိစ္စမျိုးတွေကလဲ အတွေ့အကြုံအရ မယုံလို့လဲ မရဘူး၊ သာဓကတွေလဲ ရှိနေတာဆိုတော့လေ၊ အခုလဲ သမီးယောကျ်ားက သူ့အသိုက်အဝန်းရှိတဲ့ နေရာဖြစ်လို့ မဖြစ်မနေ ပြောင်းချင်တာ နေမှာပေါ့၊ လူ့လောကမှာ နေသင့်သလောက် ကာလတစ်ခုအထိ ပေးနေပြီး ပြန်ခေါ်ချင်ကြတာများလားမှ မသိတာ၊ ကျန်ရစ်တဲ့ မိသားစုကိုလဲ မပူမပင် မတောင့်မတတဘဝမျိုး ဖြစ်အောင် လုပ်ပေးခဲ့တာ ဖြစ်မှာပေါ့"

အမေ့စကား ကြားလိုက်ရခါမှ ကျွန်မ ပြောမပြနိုင်လောက်အောင် ကြေကွဲဝမ်းနည်းခြင်း ဝေဒနာကို ခံစားလိုက်ရလေသည်။ ကလေးအရွယ် လူမမည်မျှသာရှိသေးသည့် သားလေး မင်းခန့်ကို ထွေးပွေ့ထားရင်း မျက်ရည်တို့က ထိန်းမနိုင် သိမ်းမရတော့ဘဲ စီးကျလာ၏။ ကျန်းမာရေး ချို့ယွင်းနေသည်ဖြစ်စေဦး ခင်ပွန်းသည် အသက်ထင်ရှားရှိနေလျှင် မှီခိုအားထားရာ ရှိနေသည့်အတွက် မိန်းမတစ်ယောက်၏ ဘဝက တင့်တယ်မှုရှိ၏။

အကယ်၍များ သားနှင့် မယားအတွက် မပူမပင် မတောင့်မတ ဘဝမျိုး ရောက်အောင် ဖန်တီးပေးပြီး ဖြစ်ပြီမို့ သူလာရာလမ်းကို ပြန်ရန် ပြင်ဆင်နေပြီဆိုလျှင်တော့ သားတစ်ယောက်နှင့် ကျွန်မဘဝက အားကိုးရာမရှိ ဖြစ်ရတော့မည်။

နေရဖို့ကံကုန်လျှင်တော့ မည်သည့်နည်းနှင့်မှ တားနိုင်မည် မဟုတ်သော်လည်း ကိုယ့်ဘက်က အကောင်းဆုံးကို မျှော်လင့်ကာ ကြိုးစားကုသပေးချင်သည်။ အမေနှင့် အစ်ကိုကြီးတို့ကလည်း ရန်ကုန်ပြန်၍ ဆေးကုသရန် ဖျောင်းဖျပြောဆိုကြ၏။

သူ့အခြေအနေဖြင့် သူ့အသိဆုံးပါဟု အတွင်ပြောကာ ကိုမင်းလွင်က လက်မခံ။

www.burmeseclassic.com

www.burmeseclassic.com

အားအင်တို့ ဆုတ်ယုတ်လာပြီး ထမင်းကိုတောင်ကောင်းကောင်းမလျှောက်နိုင်တော့သည့် အခြေအနေ ရောက်သည်ကိုပင် မြို့ဦးစေတီလေးရှိရာ ပို့ပေးခဲ့ပုဆာသေး၏။

အမေတို့ ရောက်ပြီး သုံးပတ်ခန့်အကြာမှာတော့ ကိုမင်းလွင် တစ်ယောက် ကွယ်လွန်သွားလေသည်။

အုံ့ဩစရာ ကောင်းသည်က တင်ဆာရောဂါသည် ဆိုသော်လည်း သေခါနီးအချိန်အထိ ညည်းညူခြင်းအလျှင်းမရှိ။ တစ်စုံတစ်ယောက်နှင့် စကားပြောဆိုနေသော အနေအထားအတိုင်း ဆုံးသွားခြင်းဖြစ်၏။

ကိုယ့်မိသားစုဝင် တစ်ယောက် လောလောလတ်လတ် ကွယ်လွန်အနိစ္စရောက်သွားသည့်ရက်ပိုင်းတွင် အိပ်ကောင်းခြင်း အိပ်နိုင်ဖို့ စားကောင်းခြင်း စားနိုင်ဖို့ ဆိုသည်မှာ အတော်ခက်ခဲသော ကိစ္စတစ်ခုဟု ဆိုရမည်ပင်။

ကျွန်မမှာတော့ မည်သို့ဖြစ်လေသည်မသိ။ ညဥ့်နက်လာပြီဆိုသည်နှင့် အိပ်ချင်စိတ်က တားမနိုင်ဆီးမရ။ မှေးခနဲ အိပ်ပျော်သွားပြီဆိုလျှင် အိပ်မက်ထိုလို တွေ့မြင်နေရသည်က မြေကြီးသုံးကောင်။ မည်သူ့ကိုမှ အနှောင့်အယှက်တစ်စုံတစ်ရာမလုပ်။ အိမ်ထဲတွင် လွတ်လပ် ပျော်ရွှင်စွာ သွားလာနေကြ၏။ အိပ်ရာမှနိုးလာပြီဆိုတော့လည်း ထူးထူးထွေထွေ အကြောင်းအရာ ဘာတစ်ခုမှ မတွေ့ပြန်။

အိပ်မက်ထဲ တွေ့မြင်ရသည်တို့က တကယ့်ကို ထင်ထင်ရှားရှားကြီးဖြစ်၍ မေ့ပျောက်ပစ်ဖို့ အတော်ခက်လှ၏၊ ရက်လည်ဆွမ်းကပ်အပြီး နေ့ခင်းအချိန်မှာတော့ အိမ်တွင် ဧည့်သည်တွေရှင်းသလောက် ရှိလေပြီ။ ကျွန်မတို့ သားအမိ၊ အမေ၊ အစ်ကိုကြီးနှင့် ဆိုင်တွင် ဈေးရောင်းပေးသည့် မိန်းကလေးနှစ်ယောက်တို့သာ ရှိတော့၏။ အားလုံးလိုလို ဒီရက်ပိုင်းအတွင်း စိတ်ပင်ပန်းလူပင်ပန်း ဖြစ်ခဲ့ကြရသည်။ ကိစ္စဝိစ္စလည်း ပြီးသလောက်ရှိပြီဖြစ်၍ အမေနှင့် ကျွန်မသားလေးကို အလယ်မှာထားကာ အိမ်ရှေ့ ဧည့်ခန်းမှာပင် တစ်ရေးတမော အိပ်စက်အနားယူလိုက်၏။

နိုးတစ်ဝက် အိပ်တစ်ဝက် အနေအထားဖြစ်သော်လည်း ကျွန်မ ထင်ထင်ရှားရှားကြီး မြင်နေရသည်က ဒီရက်ပိုင်းအတွင်း မကြာမကြာ မြင်တွေ့ဖူးနေသည့် မြွေကြီးသုံးကောင်။ တရွေ့ရွေ့နှင့် အိမ်ရှေ့တံခါးမကြီးရှိရာ သွားနေကြ၏။ နှစ်ကောင်က ဖြောင့်ဖြောင့်တန်းတန်း သွားနေသော်လည်း တစ်ကောင်ကတော့ ကျွန်မ အနီးရောက်သည်နှင့် ဆက်မသွားဘဲ ငြိမ်နေ၏။ ခဏကြာမှ တရွေ့ရွေ့နှင့် ကျန်နှစ်ကောင်သွားရာလမ်းအတိုင်း အိမ်ရှေ့တံခါးမကြီးမှ ထွက်သွားကြသည်။ နိုးတစ်ဝက် အိပ်မက်ဖြစ်သော်လည်း အဖြစ်အပျက်တို့က အပြင်မှာဖြစ်နေသည့် တကယ့်အဖြစ်အပျက်အတိုင်းပါပင်။

ကျွန်မ ချက်ချင်းလိုလို နိုးလာပြီး အနီးတွင် အိပ်ပျော်နေသော အမေ့ကို နှိုးကာ ပြောပြလိုက်၏။

"နှုတ်ဆက်သွားတာဖြစ်မှာပေါ့ ကွယ်၊ တတ်နိုင်သလောက် အလှူအတန်းလေးတွေ လုပ်တိုင်း အမျှအတန်းဝေပေး သမီး"

ကျွန်မ လက်တစ်ဖက်ကို ဆုပ်ကိုင်ကာ အမေက နှစ်သိမ့်အားပေးစကား ပြောလိုက်ခြင်းဖြစ်၏။ အမေသည်လည်း ကျွန်မနှင့် ထပ်တူ စိတ်မကောင်းခြင်းကြီးစွာ ဖြစ်နေမည်မှာ အမှန်ပင်။

ဤလောကကြီးတွင် တစ်ခါတစ်ရံ ဖြစ်နေ ပျက်နေကြသည့် အဖြစ်အပျက်တို့သည် စိတ်ကူးယဉ်ဇာတ်ကွက်ဇာတ်လမ်းများပမာ ထူးထွေဆန်းပြားလှပေသည်။

ကျွန်မကိုယ်တိုင်သည်ပင် ကိုယ်ကိုယ်တိုင် ကြုံတွေ့ခံစားရခြင်းကြောင့်သာ ယုံကြည်မိခြင်းဖြစ်၏။ သူတစ်ပါးအပြောနှင့်သာဆိုလျှင် ယုံကြည်ရခက်သည့် ပုံပြင်ဆန်ဆန် အဖြစ်အပျက်တစ်ခုဟု ထင်မိမည်မှာ အမှန်ပင်။

✿

**တစ်မြို့တစ်ရွာတွင် ကျွန်မတို့ သားအမိနှစ်ယောက်တည်း ချန်ထားခဲ့ရမည့်အရေးကို စိတ်မချနိုင်ကြသည့်အတွက် ရန်ကုန်ပြန်ပြောင်းရန် အမေနှင့် အစ်ကိုကြီးတို့ စီစဉ်ကြ** ပြောဆိုကြသည်။ ကျွန်မ အမေတို့ကို နားဝင်အောင် ပြောဆိုကာ ငြင်းဆန်လိုက်၏။

ဒီအရပ်ဒေသလေးက ကိုမင်းလွင် စိတ်အားထက်သန်စွာ ပြောင်းရွှေ့ခဲ့သော သူ အလွန်မြတ်နိုးလှသည့် အရပ်ဒေသလေး။ ထို့အပြင် သူအပင်ပန်းခံ ရှာဖွေကာ ကျွန်မတို့ သားအမိအတွက် အိုးအိမ်တိုက်တာ အတည်တကျ ဖန်တီးပေးပြီး သူကိုယ်တိုင် ကွယ်လွန်သည့် အချိန်အထိ နေထိုင်သွားသော အရပ် ဒေသလေး။

စိမ်းစိမ်းကားကား ကျွန်မ ပစ်ခွာသွားနိုင်စွမ်း မရှိသည်မှာ အမှန်ပင်။ စားဝတ်နေရေးအတွက်လည်း လူချင်းတူတူ သူချင်းမျှမျှ လုပ်ကိုင်နေထိုင်စားသောက်သွားနိုင်ရန် သူကိုယ်တိုင် ကုန်စုံဆိုင်ကြီးဖွင့်ကာ စီစဉ်ပေးသွားခဲ့၏။ ဝီရိယလေးစိုက်ထုတ်၍ အလိုက်သင့် ဆက်လက်လုပ်ကိုင်သွားရုံသာ။ သွားလေသူအတွက် ကုသိုလ်ကောင်းမှုများ အလျဉ်းသင့်သလို ပြုလုပ်ပေးရင်း ကျွန်မတို့ သားအမိသည်လည်း အချိန်ကာလတစ်ခုအထိတော့ အင်းကုန်းမြို့လေးတွင် ပျော်ရွှင်စွာ နေနိုင်အောင် ကြိုးစားရပေဦးတော့မည်သာဖြစ်၏။

❒ သစ္စာဦး(ဓေတဿာမြေ)

www.burmeseclassic.com

ကျောင်းဆရာ၊ ကဗျာဆရာ ကျွန်ုပ်ကို စားပြတရားခံတစ်ဦးက တွေ့ ချင်သည်ဆိုတော့ မျက်လုံးပြူးသွားမိခဲ့ ရသည်။ ပြောဆိုလာသူ မိတ်ဆွေ ဒုရဲအုပ်တိုင်းကျော် ကိုယ်တိုင်လာပြောသည်ဆိုတော့ မယုံလို့ ကလည်း မဖြစ်။



# ကျော်မိုးထွန်း (ဝိုးခယ်မ)

## အမြှုပေါ်က အနက်စက်အကြောင်း



www.burmeseclassic.com

www.burmeseclassic.com

"ဂေါ်သူတောင်ရွာက မိုးဟိန်းပါ" ဟုပြောမှ လွန်ခဲ့သော ခြောက်နှစ်ခန့်က အဖြစ်ကို ကျွန်ုပ်သတိရသွားမိပါတော့သည်။

✿

ထိုစဉ်က ကျွန်ုပ်တို့ ကျောင်းဆရာတစ်စု ဂေါ်သူတောင်ရွာ ကျောင်းစိုက်ကွင်းမှာ တာဝန်ကျခဲ့ပါသည်။

မိုးဟိန်းတို့ ညီအစ်ကို သုံးယောက်က ကျွန်ုပ်တို့ စိုက်ကွင်းအနီးလယ်တဲလေးမှာ နေခဲ့ကြသည်။ မိဘများမရှိတော့၍ သူတို့ညီအစ်ကိုတွေ အိမ်ထောင်အသီးသီးကျကာ ကြုံရာ ဈာပန်းလုပ်ငန်း လုပ်ကိုင်စားသောက်နေထိုင်ခဲ့ကြသည်။

မိုးဟိန်းက အသားဖြူ၍ အရပ်ရှည်ကာ ရုပ်ဖြောင့်သည်။

နေ့ခင်း နေ့လယ် ကျွန်ုပ်တို့ အားလပ်ချိန်တွင် မိုးဟိန်း ရောက်လာတတ်သည်။ ရောက်လာလျှင် ငယ်စဉ်ဘဝက သူ့အဖြစ်များကို ပွင့်ပွင့်လင်းလင်းပင် ပြောပြတတ်ပါသည်။

"ဆရာက စာရေးဆရာ ကဗျာဆရာလို့ ဆရာဦးသန်းထွန်းက ပြောတယ်၊ ကျွန်တော့်အဖြစ်ကို နားထောင်ပြီး ကျွန်တော်လိမ္မာအောင် ဘယ်လိုလုပ်ရမလဲ ဆိုတာ ညွှန်ကြားပေးပါဆရာရယ်"

မကြားရသေးသော သူ့ဇာတ်ကြောင်းအတွက် ကျွန်ုပ် မည်သို့မျှ လုပ်ပေးနိုင်မည်မဟုတ်ပါ။ ထို့ကြောင့် စိတ်ဝင်စားစွာ နားစွင့်နေလိုက်ရပါသည်။

"ကျွန်တော်ငယ်ငယ်က စောရနက္ခတ်နဲ့ယှဉ်ပြီး မွေးတယ်နဲ့တူပါတယ် ဆရာရယ်၊ သူများ ပစ္စည်းကို ခိုးရမှနေလို့ရတယ်. . .

ခိုးလို့ရတော့လဲ ယူတာ မဟုတ်ဘူး၊ တစ်နေရာရာမှာ ဖွက်ထားတတ်တယ်၊ ငယ်ငယ်ကတည်းက ကျောက်တံခဲတံတွေ ခိုးပြီး ဖွက်တတ်တဲ့အကျင့်ပါလာခဲ့တယ်. . .

အရွယ်ရောက်လာတော့ အိမ်ထောင်ကျပြီး ဓားပြလုပ်ရာက ထောင်နဲ့အိမ်ဦးနဲ့ ကြမ်းပြင်လို ဖြစ်လာခဲ့တယ်ပေါ့ ဆရာရယ်. .

ဓားပြဆိုပေမယ့် သားသမီးတော့ ချစ်တတ်ပါတယ်၊ သားသမီးကြောင့် ထောင်ကျခဲ့ရတဲ့အကြောင်း ပြောရဦးမယ် ဆရာရဲ့"

ထိုနေ့က ကျွန်ုပ်တို့ဆရာတစ်သိုက် မိုးဟိန်း၏ဖြစ်ရပ်မှန် မှုခင်းဇာတ်လမ်းနောက် လိုက်ပါသွားခဲ့ကြသည်။

"ကျွန်တော့်သမီးက မြစ်ကမ်းစပ်မှာ ထဘီရင်ရှားနဲ့ ရေချိုးနေခဲ့တယ်၊ အဲဒီမှာ ပဲ့ထောင်လှေစီးလာတဲ့ ကောင်သုံးကောင်က သမီးနဲ့ မလှမ်းမကမ်းမှာရှိနေတဲ့ ကျုပ်ကို ဖအေမှန်း မသိဘဲ ယုတ်ကန်းတဲ့ စကားတွေနဲ့ ပြောလာခဲ့တယ်၊ ကျုပ်လေ. . ကျုပ်၊ အဲဒီတုန်းက သမီးချစ်တဲ့စိတ်နဲ့ အဲဒီအကောင် သုံးကောင်ကို ခပ်တက်နဲ့ ရိုက်ဆုံးမပစ်လိုက်တယ်၊ ဘယ်နေမလဲ ဆရာရယ် . . . ထောင်ထဲ ပြန်ဝင်ရပြန်တယ်ပေါ့။

တစ်ခါ တစ်ခါတော့လဲ ကျွန်တော် ကိုယ်ဖြစ်နေရတဲ့ဘဝကို ရွံမုန်းလာခဲ့တယ်၊ ဒါကြောင့် လိမ္မာအောင် ဘယ်လိုလုပ်ရမလဲလို့ ဆရာတို့ကို မေးခဲ့မိတာပါ"

ကျွန်ုပ်တို့နှင့် မဆုံခင်က သူတို့ညီအစ်ကို ဓားပြမှုနှင့် ထောင်မကြာခဏ ကျခဲ့ပါကြောင်း ရိုးသားစွာ ဝန်ခံခဲ့ပါသည်။

ကျွန်ုပ်တို့က ဆရာများဖြစ်၍ ရိုးသားစွာ အကူအညီတောင်းခံလာခြင်းဖြစ်ကြောင်း အားလုံးကပင် သဘောပေါက်ကြပါသည်။

မိုးဟိန်းက အားလုံးထဲတွင် ကျွန်ုပ်က ဆရာသာမက စာရေး ဆရာပါဖြစ်နေသည်ကို သိ၍ . . .

"အလိမ္မာ စာမှာရှိလို့ ကြားဖူးပါတယ်၊ ဖြစ်နိုင်ရင် ကျွန်တော့်ကို ဆုံးမပြုပြင်နိုင်တဲ့ စာတွေ ပေးဖတ်ပါလား ဆရာ" တဲ့။

ကျွန်ုပ်မှာ မိုးဟိန်းစကားအတွက် တာဝန်ကျ လုပ်ဖော်ကိုင်ဖက် ဆရာဦးသန်းထွန်းတို့နှင့် ညှိနှိုင်းရတော့သည်။

"လူတစ်ယောက် လမ်းမှားဆက်မလျှောက်ရအောင် စာပေနဲ့ ကူညီရတာ မွန်မြတ်ပါတယ်"

ထိုစဉ်က ကျွန်ုပ်တို့ ဆရာတစ်စု ပါလာသည့် စာအုပ်အနည်းငယ်ကိုသာ မိုးဟိန်းကို ပေးနိုင်ခဲ့သည်။

တာဝန်ကုန်ဆုံးတော့ လူစုလည်းကွဲပြီး မိုးဟိန်းနဲ့လည်း ကွဲသွားခဲ့ရသည်။

"အဲဒီ မိုးဟိန်း ဝါးခယ်မအချုပ်ထဲရောက်တော့ ဆရာ့ကို မှာတယ်ဆိုသွားတွေ့သေးလား"

ကဗျာဆရာ ကျောင်းဆရာ ဦးလှသိန်း ပြောပြသည့်အဖြစ်က စိတ်ဝင်စားစရာကောင်း၍ စာရေးဆရာကို စာရေးဆရာက အမြတ်ထုတ်ကာ မေးကြည့်လိုက်သည်။

ကျောင်းဆရာ ကဗျာဆရာက ပြုံးလိုက်သည်။ ပြီး သက်ပြင်းချကာ သူ့ဖြစ်ရပ်မှန် ဇာတ်လမ်းကို အဆုံးသတ်သွားပါတော့သည်။

"သွားတွေ့စရာ လိုသေးလား ဆရာမိုးရယ်၊ မလိမ္မာလို့ အကျဉ်းကျရတာပဲ၊ တကယ်တော့ ဘုရားဟောမှာ လဲရှိတယ်လေ၊ အတ္တာဟိ အတ္တနောနာထောတဲ့။

(ဆရာဦးလှသိန်း ပြောသော ဖြစ်ရပ်မှန်အား အမည်လွှဲပြောင်းရေးပါသည်။

❒ ကျော်မိုးထွဋ်(ဝါးခယ်မ)






www.burmeseclassic.com

www.burmeseclassic.com

# ဒေါင်ကြည်ပြုံးသနိုး (မောင်တော်ထိ)

ဝိုင်း



"နင် အဆင်မပြေရင် ပြန်လာခဲ့ပါ၊ နင် ဘယ်လိုအခြေအနေပဲရောက်နေပါစေ ငါ့နှလုံးသားက ခွင့်လွှတ်နေမယ်။

www.burmeseclassic.com

www.burmeseclassic.com

ငါ့အသည်းတံခါး အမြဲဖွင့်ထားမယ်၊ နွေးထွေးတဲ့ ငါ့ရင်ခွင်က အမြဲ ကြိုဆိုနေမယ်၊ မပြယ်တဲ့ မေတ္တာနဲ့ ကြင်နာသုယပြီး သက်ဆုံးတိုင် ချစ်ခင်ပေါင်းသင်းပါ့မယ်"

မတင်ဥ တစ်ယောက် တဒုန်းဒုန်းမြည်ပြီး တငြိမ့်ငြိမ့်ပြေးနေသော ရထားပေါ် စီးနင်းလိုက်ပါလာရင်း ပြတင်းပေါက်မှ တောတောင်၊ သစ်ပင်စိမ်းစိမ်း၊ လယ်ကွင်းပြင်၊ ရွာလေးတွေနှင့် မြင်မြင်သမျှ ရှုခင်းတွေကို ငေးကြည့်နေသည်။

ငေးရင်း တွေးရင်း ရင်ထဲတွင် လွမ်းသလိုလို ဆွေးသလိုလို တအုံ့နွေးနွေး ခံစားလာရပြီး ငယ်ချစ်ဦး ကိုလှမောင် ပြောခဲ့သည့် စကားသံတို့ကို ကြားယောင်နေမိလေသည်။

သူ့ဘဝက အချစ်ကမကောင်းဘူးလို့ ပြောရမည်လား၊ အိမ်ထောင့်က မကောင်းဘူးလို့ ပြောရမည်လား မသိတော့ပါ။ သူက ဖောင်တော်သီသူ။ ရွာမလမ်းက ဒေါ်လှရွှေ၏ သမီး။ မောင်နှမဝမ်းကွဲတော်သူ ရေနီမြို့က ကိုကြည်နှင့် မိဘတွေက လက်ထပ်ပေးခဲ့သည်။

လက်ထပ်ပြီး သျှောင်နောက်ဆံထုံးပါဆိုသကဲ့သို့ ရေနီမြို့တွင် လိုက်နေခဲ့ရသည်။ ခြောက်လလောက်နေပြီး ကိုကြည်နှင့် ဆက်လက်မပေါင်းနိုင်တော့သဖြင့် တစ်ယောက်တည်း ရထားစီးပြီး ရွာသို့ပြန်လာခဲ့သည်။

ဖောင်တော်သီဘူတာသို့ ရထားဆိုက်လိုက်သည်နှင့် ရင်ခုန်လာပြီး နွမ်းနယ်နေသည့် စိတ်တွေ ပျောက်ပြယ်သွားသည်။ အမေ့အိမ်သို့ တဖြည်းဖြည်း လှမ်းလာခဲ့သည်။

အိမ်ပေါ်ရောက်သည်နှင့်. . .

"ဟဲ့ တင်ဥ၊ အကြောင်းမကြားဘာမကြားနဲ့ နင်တစ်ယောက်တည်းလား၊ မောင်ကြည်ကော မပါဘူးလား"

"ဟုတ်တယ် အမေ၊ သမီးတစ်ယောက်တည်းပဲ သူနဲ့ မပေါင်းနိုင်တော့လို့ ပြန်လာခဲ့တာ"

"ဟဲ့ . . . အိမ်ထောင်ပြုပြီးခါမှ ကလေးကစားသလို လုပ်လို့မရဘူးလေ၊ နင် သေချာစဉ်းစားပါဦး"

"သမီး သေချာစဉ်းစားပြီးမှ ပြန်လာခဲ့တာပါ၊ သူ့ကို အစ်ကိုတစ်ယောက်လိုပဲ ခင်တယ်၊ ယောက်ျားတစ်ယောက်လို ချစ်လို့မရဘူး၊ သူတို့ အညာမှာလဲ သမီး မနေနိုင်ဘူး အမေ"

"ကဲကဲ နင် ခရီးပန်းလာတယ် နားလိုက်ဦး"

ဒေါ်လှရွှေ သမီးကို ပြောမရသဖြင့် စိတ်မောသွားသည်။

လင်နဲ့မယား လျှာနဲ့သွား၊ စိတ်ဆိုးတုန်း ခဏပဲလေဟုသာ တွေးထင်လိုက်သည်။

မိခင်က သမီးအိမ်ထောင်ရေးကို တည်တည်တံ့တံ့ ကောင်းကောင်းမွန်မွန် ပြည့်ပြည့်စုံစုံနှင့် ဖြစ်စေချင်သည်။ သမီးက ငွေကြေး စည်းစိမ်ဥစ္စာကို မမက်မော၊ အချစ်မပါသည့် အိမ်ထောင်ရေးခရီးကို ဆက်မလျှောက်လိုတော့ပါ။ မိဘစကားကို မငြင်းပယ်လိုသဖြင့် ကြိုးစားကာ နေကြည့်ခဲ့သည်။

မည်သို့မျှ မနေနိုင်၊ မခံစားနိုင်ဖြစ်လာခဲ့သည်။ ကြာလေလေ ငရဲကျနေရသလို စိတ်ထဲမှာ တနင့်နင့် ခံစားနေခဲ့ရသည်။

နောက်တစ်နေ့တွင် ကိုကြည် ဖောင်တော်သီသို့ ရောက်ချလာသည်။ ဇနီးသည်ကို ချော့မော့ပြီး ပြန်ခေါ်သည်။

"ညီမ အစ်ကိုနဲ့ ပြန်လိုက်ခဲ့ပါကွာ၊ အားလုံး ညီမ စိတ်တိုင်းကျ ဖြစ်စေရပါ့မယ်"

"ကျွန်မ ပြန်မလိုက်တော့ဘူး၊ ဆက်မပေါင်းနိုင်တော့ဘူးလို့ ပြောခဲ့ပြီးပြီပဲ"

ကိုကြည် နှစ်ရက် သုံးရက် အမျိုးမျိုး ဖျောင်းဖျ ချော့မော့ပြီး ပြန်ခေါ်သော်လည်း မရသဖြင့် လက်လျှော့ကာ ရေနီမြို့သို့ ပြန်သွားလေသည်။ အပြက်ပြက်နှင့် စလယ်ဝင်အိုးလေး ဖင်မည်းပြီးခါမှ လင်မယား ကွဲခဲ့ကြရလေသည်။

ကိုလှမောင်က ဖောင်တော်သီ ရွာသစ်ပိုင်းမှာ နေသည်။ မတင်ဥ၏ သတင်းကိုကြားပြီး တွေ့ဖို့ ကြိုးစားသည်။ တစ်နေ့နံနက် မတင်ဥ ဈေးဝယ်သွားစဉ် ကိုလှမောင် နောက်ကနေ ကပ်လိုက်လာသည်။

"တင်ဥ၊ နင့်ကို့ သတင်းတွေ ငါကြားပါတယ်၊ နင့်အတွက် ငါ စိတ်မကောင်းပါဘူးဟာ၊ ဖြစ်နိုင်ရင် နင့်ကို ငါ လက်ထပ်ပါရစေ"

"နင့်ကို ငါထပ်ပြီး ဒုက္ခမပေးချင်တော့ပါဘူးဟာ၊ အခုငါ့မှာ ကိုယ်ဝန်ရှိနေပြီ"

"နင် ဘယ်လိုအခြေအနေပဲ ရောက်ရောက် ငါ့အချစ်က မပြောင်းလဲပါဘူး၊ နင်သာ ခေါင်းညိတ်ရင် ငါ လက်ထပ်မယ်၊ နင့်ကို သက်ဆုံးတိုင် ပေါင်းသွားပါ့မယ်၊ ငါ့အချစ်ကို နင် မယုံသေးဘူးလား"

"နင့်အချစ်ကို ယုံပါတယ်၊ ငါ့ရဲ့ တစ်ခုလပ်ဘဝ နင့်ကို မပေးရက်ပါဘူး၊ ငါ့ဘဝနဲ့ ငါပဲ ရှိပါစေတော့၊ ဒီအတိုင်းပဲ နေသွားတော့မယ်၊ ဒီတစ်သက် အိမ်ထောင် ထပ်မပြုတော့ပါဘူးဟာ၊ နင် ပြန်ပါတော့ ဈေးနားရောက်လို့ လူတွေများလာပြီ၊ သူများတကာ ကဲ့ရဲ့တာ ခံနေရပါဦးမယ်"

ကိုလှမောင် အချစ်ရှုံးသမား တစ်ယောက် ခေါင်းငိုက်စိုက်ချကာ လမ်းခြားမှ ရထားသံလမ်းကို ဖြတ်ကာ ရွာသစ်ပိုင်းသို့ ပြန်သွားပါတော့သည်။

တစ်နေ့ဝင် တစ်နေ့ထွက်နှင့် ရက်လရာသီတွေ ပြောင်းလာခဲ့သည်။ မတင်ဥ၏ သားလေးပင် ကိုးလအရွယ်သို့ ရောက်လာခဲ့ပြီ။ မောင်ကြည်ဝင်းဟု နာမည်ပေးထားသည်။

ဖခင်နာမည်လေးပါအောင် ပေးထားပုံရသည်။ မောင်နှမ သံယောဇဉ်ကြောင့်ပဲလား၊ ဖွားအေကပဲ ဒီနာမည်လေး ပေးလိုက်သလားမသိ။



www.burmeseclassic.com

www.burmeseclassic.com

ဖောင်တော်သီရွာတောင်ဘက်အစွန်း၊ မီးရထားလမ်း သံတံတားအနီးတွင် ဘုရားကျောင်းဟုခေါ်သော ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းရှိသည်။ ကျောင်းဝင်းထဲတွင် ကိုးတောင်ပြည့် တန်ခိုးကြီးစေတီ တစ်ဆူ ရှိသည်။

တန်ခိုးကြီးသည်ဟု ပြောရသည်မှာ ဂျပန်ခေတ်တွင် မဟာမိတ်ဗုံးကြဲလေယာဉ်များက ရထားလမ်း သံတံတားကို ဗုံးကြဲချသည်။ ကြဲချသောဗုံးများမှာ ဘုရားဘေးဘက်တွင် ကျရောက်ပြီး ဘုရားကို တစ်စုံတစ်ရာ ထိခိုက်ခြင်း မရှိခဲ့ပါ။

တစ်ဖန် ကရင်အရေးအခင်းတွင်လည်း ဖောင်တော်သီနှင့်အနီးအကမ်းမှ ကျေးရွာတချို့ကို ကရင်တပ်တွေက မီးရှို့ကြသည်။ ဖောင်တော်သီရွာကို ကရင်တပ်တွေ ဝင်စဉ်ဘုရားမှ ရောင်ခြည်တော်တန်းများ ကောင်းကင်အထက်တိုင်အောင် ထိန်ဝင်းနေသည်ကို ကရင်ဗိုလ်မှူးက တွေ့ရှိပြီး . . .

"ဒါ ဘုရားရွာ၊ ဒီရွာကို မီးမရှို့ကြနဲ့"

ဟု အမိန့်ပေးသဖြင့် တစ်ရွာလုံး မီးဘေးမှ လွတ်ခဲ့ရသည်။

ဘုရားကျောင်း ကိုးတောင်ပြည့်ဘုရားပွဲတွင် လူအများ စည်ကားလှသည်။ ဖောင်တော်သီရွာ ကမ်းနားတန်း၊ ခနာစု အရှေ့ပိုင်း၊ အနောက်ပိုင်း၊ ဈေးပိုင်း၊ ရွာသစ်ပိုင်း၊ အုတ်ဖိုစု၊ ပေါက်တပင်စသည်တို့မှ ကာလသား၊ ကာလသမီးတို့လည်း လာကြသည်။

ဘုရားပွဲသို့ လာကြရာ မတင်ဥတစ်ယောက် ခနာစုအရှေ့ပိုင်းအဖွဲ့နှင့် ပါလာသည်။ မတင်ဥက တစ်သားမွေးတစ်သွေးလှ ဆိုသကဲ့သို့ လှပကြော့ရှင်းဆဲ။ အသက်က တစ်ဆယ့်ကိုး နှစ်ဆယ်ခန့်ရှိမည်။ မျက်ခုံးက သုံးရက်လ၊ မျက်လုံးက သမင်မငယ်လေး၏ မျက်လုံးကဲ့သို့ ကြည်လင်လှပသည်။ နှာတံပေါ်ပေါ်၊ နှုတ်ခမ်းနှစ်လွှာက ပန်းနုရောင်ပြေးနေသည်။ မျက်နှာက ဝင်းပပ၊ အသားကဖြူဖြူ၊ အရပ်က မနိမ့်မမြင့်၊ ကိုယ်နေဟန်က အမို့အမောက် အချိုးအဆစ် ပြေပြစ်သဖြင့် မြင်သူတကာ ငေးရလောက်အောင် လှပလို့နေဆဲပင်။

မတင်ဥ ကောက်ညှင်းပေါင်းနှင့် ငါးကြော်ဝယ်စားပြီး ကျောင်းဘက်သို့ အသွားတွင် မူးလဲသွားသည်။ အနီးရှိ သူများက ကျောင်းအောက်ထပ်သို့ ပွေ့ခေါ်သွားကြသည်။

ခဏအကြာတွင် ကျောင်းထိုင်ဆရာတော်ကြီး ကြွလာပြီး . . .

"ဒကာတွေ ဝိုင်းအုံမနေကြနဲ့၊ ဘေးကိုဖယ်ကြ"

ဟု ပြောရင်း ဆရာတော်က ဒကာတစ်ယောက်ကို သောက်ရေတစ်ခွက်ခပ်ခိုင်းပြီး လက်ဖြင့်မွှေကာ မျက်နှာသို့ ရေစက်ဖြင့် တောက်လိုက်သည်။

မတင်ဥ မူးမေ့နေရာမှ သတိရလာပြီး မျက်စိဖွင့်ကြည့်ကာ ထထိုင်လာသည်။ မျက်လုံးလေး ပြူးတူးကြောင်တောင်နှင့် မူမမှန် ဟိုကြည့် ဒီကြည့် လိုက်ကြည့်နေသည်။

ဆရာတော်က . . .

"ဒါ ခနာစုအရှေ့ပိုင်းက ဒကာမကြီး လှရွှေရဲ့ သမီးပဲ၊ သူ့ရောဂါက သွေးရိုးသားရိုး မဟုတ်ဘူး၊ သူ့အိမ်ကို မြန်မြန်လိုက်ပို့လိုက်ကြ"

ဟု ဒကာ၊ ဒကာမများကို မိန့်ကြားလိုက်သည်။ ခနာစုအဖွဲ့မှ လူများက အိမ်တိုင်ရာရောက် လိုက်ပို့ပေးကြသည်။

ဒေါ်လှရွှေက ဆရာဝန် အိမ်ပင့်ပြီး သမီးကို ဆေးကုသပေးသည်။ တစ်လကျော်ခဲ့သော်လည်း ရောဂါက မသက်သာလှသေးပါ။ အရူး တစ်ယောက်ကဲ့သို့ ဟိုပြော ဒီပြော ပြောနေသည်။ ပိုဆိုးတာ ရှက်စရာကောင်းတာက . . .

"အမေ၊ ကိုလှမောင်ကို ခေါ်ပေးပါ၊ ကိုလှမောင်ကို ချစ်တယ်၊ သမီး သူနဲ့ လက်ထပ်မယ်" ဟု လူကြားမကောင်းအောင် အော်ဟစ်နေသည်။

လူနာ လာကြည့်ကြသူ ... မိန်းမတွေက "တ ဥတော့ အခု... လင်တရူး ရူးသွားပြီ" ဟု လက်ထိုး... တီးတိုး အတင်းပြောနေကြသည်။

ဒေါ်လှရွှေတစ်ယောက် ... အတွက် နေ့မအိပ်ရ ညမအိပ်ရ... အတော်ဒုက္ခများနေသည်။ ခြေ... ဘက် ခြံစည်းရိုးချင်း ကပ်လျက်အိမ်... ကိုကျော်စိန်နှင့် မအေးချစ် လူနာ... ကြည့်စဉ် . . .

"အေးချစ်ရယ် ဆရာဝန်နဲ့ ... တာလဲ မသက်သာဘူး၊ ရိုးရိုးမဟုတ်... စုန်းတွေ ဘာတွေများပြုစားထားသလ... မသိဘူး၊ ဘယ်လိုလုပ်ရရင် ကောင်း...

"အစ်မ၊ အောင်မင်္ဂလာပိုင်း... ကိုမင်း အိမ်မှာ ပယောဂကုတဲ့ ဗိ... ဆရာ(တိုင်းရင်းဆေးဆရာ)တစ်ယော... ရောက်နေတယ်လို့ ကြားတယ်၊ ... ပင့်ပြီး ပြကြည့်ပါလား"

"အေးဟယ်၊ အခုတော့ ... မိုးချုပ်နေပြီ၊ မနက်ကျရင် သွား... အောင်၊ ညည်းပါလိုက်ခဲ့အေ"

"အင်းပါ၊ လိုက်ခဲ့ပေးပါ့မ...

ဟုပြောလိုက်ရာ သမီးအတွက် ... သက်သာရာ ရသွားခဲ့သည်။ နံ... ရောက်သည်နှင့် ဒေါ်လှရွှေနှင့် မ... ချစ်တို့ ဆရာသွားပင့်ကြသည်။

ဆရာနှင့်အတူ အိမ်ရှင် ကို... ပါ လိုက်လာခဲ့သည်။ ဆရာက ... ထောင်ထောင်မောင်းမောင်း၊ အ... လတ်၊ ဥပမိရုပ်ကောင်းသည်။ ရှပ်... အဖြူအပေါ်မှာ ပင်နီတိုက်ပုံ ဝတ်... သည်။ လုံချည်အပြာကွက် ဝတ်ထား... ကတုံးပြောင်ပြောင်တွင်ယောဂီတ... ပေါင်းထားသဖြင့် တည်ကြည်ခံ့ည... နေသည်။

အိမ်ပေါ် ရောက်သည့်... ဒေါ်လှရွှေက. . .

"ဆရာ ကျွန်မသမီးလေး... မကောင်းတာ ကြည့်ပေးပါ..."

ဆရာက ဆေးပြင်းလိပ်... ရင်း အကဲခတ်ကြည့်ကာ . . .





www.burmeseclassic.com

www.burmeseclassic.com

"ခင်ဗျားသမီးကို စုန်းပြုစားထား ပဲ စုန်းတွေက ကိုယ်စုန်း၊ ခေါင်း မောက်လုံး၊ မောက်ပြား၊ အိမ့် မ့်စုန်း၊ ကဝေမြောက်စုန်း ဆိုပြီး မျိုးရှိတယ်၊ ခင်ဗျားသမီးကို ကဝေ တ်စုန်းက ပြုစား၊ ဖမ်းစားထားတာ၊ စုန်းက တော်တော်လေးဆိုးတယ်၊ ဉ်စိတ်ကို ကိုယ်က ကွာနေအောင်၊ တစ်အောင်၊ ရူးသွပ်အောင်၊ ခြေ အင်္ဂါတွေ သေအောင်၊ ဝေဒနာ မျိုးဖြစ်အောင် လုပ်တတ်တယ်၊ ရုံတန်ရုံဆရာတွေ မကုသနိုင်ကြ ထွက်ပြေးကြရတယ်၊ ဆရာနဲ့ကုချင် သား"

"ဟုတ်ကဲ့ ကုချင်ပါတယ်၊ သမီး ဝါပျောက်အောင် ကုပေးပါဆရာ"

"ဒါဆို ခင်ဗျားသမီးကို ဆရာ့ ပါ"

"အပ်ပါတယ် ဆရာ"

"ကလေးမ နာမည်က"

"မတင်ဥ ပါ"

"ဘာနေ့ သမီးလဲ"

"စနေ သမီးပါ ဆရာ"

"ဒီနေ့ ဒီအချိန်ကစပြီး စနေသမီး တင်ဥသည် ငါ့ရဲ့ လူနာ၊ ငါ့ရဲ့ သမီး သွားပြီ၊ အသင် စုန်းကဝေတို့ ပြု ထားတဲ့ ရောဂါတွေ ပြန်နုတ်သိမ်းပြီး ကြပါရန် ဆရာ မေတ္တာရပ်ခံပါ ယ်"

"ဘာဆရာလဲ အမေ"

"သမီးရောဂါတွေ ပျောက် အောင် ကုပေးမယ့်ဆရာလေ"

မတင်ဥက မျက်လုံးပြူးပြီး မျက် င်မခတ်ဘဲ ဆရာ့ကို စိုက်ကြည့် သည်။

"ဟား ဟား ဟား ပယောဂ ရာတွေကိုး၊ နင်တို့ နိုင်မလား၊ ပြေးရ ား ကုကြည့်ပေါ့၊ နင်တို့ကို ကြောက် များ ထင်သလား၊ ဟဲ ဟဲ ဟဲ"

"နင်တို့ ဒီလိုသာ သူတစ်ပါး သမီးကို ပြုစား၊ ဖမ်းစားတဲ့ အကု လ်အလုပ်တွေကို လုပ်နေရင် ကာမ ဒုဂ္ဂတိဆိုတဲ့ အပါယ်ဘုံကို ရောက်မှာ၊ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသုရကာယ် အပါယ်လေးဘုံထဲက အဆိုးဆုံးဖြစ်တဲ့ ငရဲဘုံကို တန်းကျမှာ၊ အခု နင်တို့ အကုသိုလ်အလုပ်တွေရပ်ပြီး ကုသိုလ် အလုပ်တွေလုပ်ရင် အချိန်မီသေးတယ်၊ ဒီတော့ ကလေးမကို ပြုစားထားတာ တွေ နုတ်သိမ်းပြီး သွားကြပေတော့"

"ဘုရားဖြစ်မယ့် အုတ်နီခဲကြီး ငါ့တို့ တရားတွေ လာဟောမနေနဲ့ အပိုပဲ၊ မောနေမယ် . . . အပဟိ အပဟိ ပတ်ပတ် ဗေတိုး ပလိုးဂျိ"

ဟု မတင်ဥကအရူးတစ်ယောက် ကဲ့သို့ ပြောချင်ရာတွေ ပြောနေလေ သည်။

ဆရာက မတင်ဥ၏ ကိုယ်ခန္ဓာ တွင် ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော၊ အာကာသဓာတ်တွေ ညီညွတ် လာစေရန် သွေးဆေး၊ သည်းခြေဆေး စသည့်ဆေးတို့ကို တိုက်ကျွေးသည်။

"ကဲ ဒေါ်လှရွှေ၊ ခင်ဗျားသမီး အတွက် ဘာမှမပူနဲ့၊ ကျုပ် ပျောက် အောင် ကုပေးမယ်၊ ဒီဆေးတွေကို အချိန်မှန်မှန်တိုက်၊ တိုက်ရမယ့် နံနက်၊ နေ့လယ်၊ ည အချိန်တွေ တစ်ခွက်စာ အလိုက် ရေးထားတယ်၊ မနက်ဖြန် ညနေ ပြန်လာခဲ့မယ်"

"ဟုတ် ဟုတ်ကဲ့၊ ကျေးဇူးတင်ပါ တယ် ဆရာ"

ဆရာပြန်သွားသည်နှင့် မတင်ဥ က . . .

"အမေရယ် ဒီဆရာတွေနဲ့ မကု ပါနဲ့တော့၊ ရောဂါတခြား၊ ဆေးတခြားပါ၊ ပျောက်မယ် မထင်ပါဘူး"

"ဆရာဝန်နဲ့ကုလာတာ တစ်လ ကျော်နေပြီကော၊ ထူးမှ မထူးလာတာ၊ ပျောက်လိုပျောက်ငြား ဒီဆရာနဲ့ ကု ကြည့်တာပေါ့ သမီးရယ်"

ဟု ချော့မော့ကာ ပြောလိုက် ရသည်။ ပြောသာ ပြောလိုက်ရသော် လည်း "ဒီစုန်းမ မူရာမာယာများနေ ဦးမယ်" ဟု စိတ်ထဲက တွေးနေမိသည်။

ဆရာ့နာမည် ဦးအောင်နိုင်၊ ထောက်ကြံ့မြို့မှာ နေကြောင်း ကိုမင်း ပြောပြလို့ သိရသည်။ ကိုယ့်ရွာသား ကိုမင်းကိုယ်တိုင် တပည့်ခံပြီး ပညာသင် နေသဖြင့် ဆရာ့ကို ယုံကြည်သည်။ ဒေါ်လှရွှေတစ်ယောက် သမီးရောဂါ ပျောက်ရန်အတွက် မျှော်လင့်ချက် ရှိလာကာ အားတက်လာခဲ့သည်။

ဆရာတပည့်နှစ်ယောက် ညနေ နေဝင်ရီးရီအချိန်တိုင်း မတင်ဥဆီသို့ ရောက်လာပြီး တရားဟောလိုက် ဆေး တိုက်လိုက်နှင့် ခုနစ်ရက်ရှိသွားခဲ့ပြီ။ ရှစ် ရက်မြောက် နေ့လယ်တွင် . . .

"ဟော့ လှရွှေ၊ ညည်းဆရာတွေ ကုနိုင်မယ် ထင်နေသလား၊ ဒီမှာ ကြည့်"

ဟုပြောကာ သလိပ်ဟက်ပြီး အိမ်နံရံအကာကို ပစ်ထည့်လိုက်သည်။ သလိပ်မှ သွေးစိမ်းများ နံရံအောက်သို့ တစ်စက် တစ်စက် စီးကျလာသည်ကို ဒေါ်လှရွှေ အံ့ဩစွာ ကြည့်နေမိသည်။

"နင့် စည်းစိမ်ဥစ္စာ၊ နင့် ကျွဲ တစ်အုပ်ကုန်မှ ငါသွားမယ်၊ နင့် သမီး လဲ ရှင်မယ်ထင်မနေနဲ့"

ဒေါ်လှရွှေတစ်ယောက် မျက်စိ ပြူးတူးတူး ကြောင်တောင်တောင်နှင့် အသံမာမာ ကျယ်ကျယ်အော်ပြောနေ သော သမီးကို ကြည့်ပြီး . . .

"ဘုရား ဘုရား၊ ငါ့သမီးတော့ ဒုက္ခပါပဲ" ဟု ရေရွတ်လိုက်သည်။

"ဘယ်ဝိပါကဝဋ်ကြွေးတွေများ လဲ အဖြစ်ဆိုးလိုက်တာ၊ ဝဋ်ကြွေးရှိက မြန်မြန်ကျေပါစေတော့" ဟု စိတ်ထဲက ဆုတောင်းနေမိသည်။

ညဦးမိုးချုပ်တွင် ဆရာတပည့် နှစ်ယောက် အိမ်ပေါ်သို့ တက်လာ သည်နှင့် . . .

"နင်တို့ကတော့ ဘဲသားဟင်းနဲ့ ထမင်းစားလာခဲ့ကြပြီး ငါ့ကိုတော့ မကျွေးဘူး"

"ဟုတ်တယ်၊ ဘဲသားဆီပြန်ဟင်း နဲ့ စားခဲ့တယ်၊ နင်စားချင်ရင် မနက်ဖြန် ချက်ကျွေးပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com

"မရဘူး အခုချက်ကျွေး၊ မ×××× ဆရာတွေ၊ သင်းတို့တော့ မျိုးဆိုလာကြပြီး ငါ့ကျတော့ အငတ်ထားထားကြတယ်"

စသည်ဖြင့် မကြားဝံ့ မနာသာများ အဆက်မပြတ်အော်ပြောနေသည်။ ဆရာဦးအောင်နိုင်လည်း ဒေါသ ထွက်လာပြီး မတင်ဥ၏ ဆံပင်ကို တပတ်လျှိုထုံးလိုက်ပြီး ဆောင့်ဆွဲလိုက်ရာ ပက်လက်ကုလားထိုင်ပေါ်မှ ကြမ်းပြင်သို့ ဝုန်းခနဲ ပြုတ်ကျလာသည်။

ကုလားထိုင်ကို ခြေထောက်ဖြင့် ခတ်ထုတ်လိုက်ပြီး မတင်ဥ၏ လည်ပင်းပေါ်သို့ ညာလက်ဝါးစောင်း တင်ထားလိုက်သည်။

ဝုန်းဒိုင်းကြသွားသည့် မြင်ကွင်းကြောင့် ဒေါ်လှရွှေတစ်ယောက်. . . .

"ငါ့ သမီးတော့ သေပါပြီ"

ဟုရေရွတ်ရင်း လူတစ်ရပ်အမြင့်ရှိ အိမ်အဆင့်မှ ခုန်ချပြီး ခြေရင်းခြံကကိုကျော်စိန်နှင့် မအေးချစ်ကို ပြေးခေါ်သည်။

ကိုကျော်စိန်တို့ အိမ်ပေါ်သို့ရောက်လာချိန်တွင် မတင်ဥ အော်ဟစ်ဆဲရေးတိုင်းထွာသံတွေ မထွက်နိုင်တော့ဘဲ ငြိမ်နေသည်။ မျက်နှာက မကျေနပ်သည့် အသွင်ဖြင့် ဆရာ့ကို စိုက်ကြည့်နေသည်။

"ခင်ဗျားသမီးကို ဘာမှ မထိခိုက်ဘူး၊ စုန်းမကို နည်းနည်းဆုံးမပေးလိုက်တာ၊ ပက်လက်ကုလားထိုင်မှာ ပေးမထိုင်နဲ့တော့၊ အောက်မှာပဲ သိပ်ထား၊ မနက်ဖြန်ညနေကျရင် သမီးကို မောင်မင်း အိမ်ခေါ်ခဲ့၊ ခင်ဗျားပါ လိုက်နေ၊ ဟိုမှာ ဓာတ်ခန်းရှိနေလို့ ကုလို့မြန်မြန်ပျောက်မယ်၊ ဘာမှ စိတ်ပူမနေနဲ့"

"ဟုတ်ကဲ့ပါ ဆရာ"

ဟု ဒေါ်လှရွှေ ရင်တုန်တုန်ဖြင့် ခေါင်းညိတ်ရင်း ပြောလိုက်သည်။

ဆရာသည် တံခါးထောင့်တွင် ထောင်ထားသော လုံရှည်မာစ်ချောင်းကို တွေ့ရှိသဖြင့် ဆွဲယူကာ. . .

"နင်တို့ အိမ်တွင်းနတ်တွေလဲ စုန်းတွေ ကျွေးတာစားပြီး မသိသလိုနေတယ်၊ အလိုတူ အလိုပါတွေပဲ ဒဏ်ခတ်ရမယ်"

ဟုပြောပြီး လုံ့ဖြင့် ဥရုတိုင် (နတ်တိုင်)ကို ပစ်ထည့်လိုက်သည်။ လုံ့သွား တိုင်တွင်စိုက်ဝင်ပြီး လုံ့ရိုးထိပ်ဖျားတုန်ခါသွားသည်။

"စုန်းမတွေ ငါ့ကို လျှော့မတွက်ထားနဲ့၊ နင်တို့ တစ်ယောက်တစ်လှည့်ဝင်စီးနေတာ သိတယ်၊ နင်တို့ မိသားစုတွေ ဘယ်မှာနေကြတယ်ဆိုတာ ငါအကုန်သိနေတယ်။

ကလေးမ တစ်ခုခု ဖြစ်လို့ကတော့ နင်တို့ စုန်းမျိုးပြုတ်အောင် ငါလာရှင်းပစ်မှာ၊ ဒီလုံ့ကို နမူနာ ကြည့်ထားကြ"

မပြယ်ဒေါသဖြင့် ကြိမ်းဝါးနေလေသည်။

တိုင်တွင် စိုက်ဝင်နေသော လုံ့ကို မည်သူမျှ သွားမနုတ်ရဲကြပေ။

ဒေါ်လှရွှေ၏မောင် သိုက်ချုပ်ဝိဇ္ဇာ ဦးဖိုးနော် အိမ်ရောက်လာသည့်အခါမှပင် တိုင်တွင် တန်းလန်းဖြစ်နေသော လုံ့ကို နုတ်ပေးသွားသည်။

ထိုအခါမှပင် အိမ်တွင်းနတ်တွေဒဏ်ခတ်ခံထားရာမှ လွတ်မြောက်သွားသည်ထင့်။

နံနက်မိုးသောက် အလင်းရောက်ပြီး အရှေ့ရိုးမ တောင်တန်းကြီးကိုနေဝန်းနီကြီး မေးတင်ထွက်လာကာရောင်ခြည်ဖြာထွက်လာသည့် နံနက်ဆည်းဆာအချိန်လေးတွင် မမြ (နာမည်လွှဲ) တစ်ယောက် ဒေါ်လှရွှေ၏ အိမ်နောက်ဘက် ခြံစည်းရိုးအနီးသို့ ရောက်ချလာသည်။

ခြံစည်းရိုး အပြင်ဘက်ကနေ -

"လှရွှေ နင် ဒီဆရာတွေနဲ့ မကုနဲ့နင့်သမီး သေသွားလိမ့်မယ်" ဟု ထပ်တလဲလဲ အော်ပြောနေသည်။

ကိုကျော်စိန်က အိမ်နောက်ဘက် ပြတင်းပေါက်က လှမ်းကြည့်ပြီး-



"အေးချစ်ရေ ဟိုမှာ လာကြည့်ပါဦး၊ စုန်းမကိုယ်တိုင် လာအော်ပြောနေတယ်၊ ညက သူ့လည်ပင်းမှာ ဆရာ့လက်ဝါးစောင်းစာ မိသွားလို့ အသံကြောင်နာနာဖြစ်နေတယ်၊ ကြားလား"

"အင်း ဟုတ်ပါရဲ့၊ သူတို့ မနိုင်မှန်းသိလို့ ဆက်မကုရအောင် လာတားနေတာ၊ အစ်မလှရွှေကလဲ အကင်းပါးပါတယ်၊ သိမှာပါတော်"

ဟုပြောရင်း အခြေအနေကိုစောင့်ကြည့်နေကြသည်။ မမြ တစ်ယောက် အချိန်အတော်လေး ကြာအောင် အော်ပြောပြီးနောက် ပြန်သွားလေသည်။

ညနေဘက်တွင် မတင်ဥကို ကိုမင်း၏အိမ်သို့ ပြောင်းရွှေ့လာခဲ့သည်။ ညအိပ်ရာဝင်ခါနီးတွင် ဆရာက စ ဖြတ်ဆေးတိုက်သည်။ ဆေးအာနိသင်ကြောင့် မတင်ဥ မကြာမကြာ အိမ်သာသို့ သွားရသည်။ ဒေါ်လှရွှေ တွဲပို့ သည်။ တစ်ခါတွင်. . .

"အမေရယ် ဒီမှာ ဆေးကု ရရင် သမီးသေမှာ၊ မနက်ကျရင် အိ ပြန်ကြရအောင်နော်"

"နင် ကလီကမာ မှုရာမာ တော်တော်များတာပဲ" ဟုပြော ကာ အိမ်သာတွင် တစ်ယောက်တည် ပစ်ထားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

မတင်ဉ တွဲသူမပါဘဲ အိပ်ရာသို့ လျှောက်ပြန်လာသည်။

နံနက်ချိန်ခါတွင် ဆရာက. . .

"ကဲ သမီးထိုင်ပြီး လက်အုပ်ချီ ဘုရားကို အာရုံပြုနေ"

ဟုပြောပြီး ကတ္တီပါအိတ်အတွင်းမှ အနော်ရထာဆေးကြိမ်လုံးကို ထုတ်ယူလိုက်သည်။ ဆေးကြိမ်လုံးဖြင့် မတင်ဉ၏ နောက်ကျောဘက်သို့ လူကို မထိစေဘဲ လေထဲတွင် ဝှေ့ကာ ဘယ်ပြန်ညာပြန် ကြက်ခြေခတ် ဖြတ်ရိုက်လိုက်သည်။

ရိုက်လိုက်တိုင်း "အား ကြောက်ပါပြီ ဆရာ" ဟု အော်နေသည်။

"ကဲ နင်တို့ အပင်းထည့်ထားတာတွေကို နုတ်သိမ်းပြီး ပြန်မလား"

"ပြန်ပါ့မယ် ဆရာ"

"ဒီလိုဆိုရင် သစ္စာရေတိုက်မယ်၊ သောက်ရေခွက်ကို ကိုင်ပြီး လိုက်ဆို"

"ဟုတ်ကဲ့၊ လိုက်ဆိုပါ့မယ်"

"ဇမ္ဗူဒိပါ သဉ္စာပတ်ကုန်း ကျွန်းသုံးအမျှ အနန္တ စောင့်ကြကုန်သော နတ်များအပေါင်း ရှေ့တော်မှောက်တွင် သက်သေခံထား၍ ယခုဝေဒနာရှင်စနေသမီး မတင်ဉ၏ ကိုယ်တွင်းကိုယ်ပ အပင်း အကျိတ် အလုံး အစာရောဂါ ဟူသမျှတို့ကို နုတ်သိမ်းပြီး အကျွန်ုပ်သွားပါတော့မည်။

အကယ်၍ နုတ်သိမ်းခြင်း မပြုခဲ့ပါလျှင် မြေပထဝီ မြှုပ်ပါစေသား၊ စန္ဒိပရမီသွာ၊ မဟာပိန္ဓဲ၊ ဂေါဒမန္ဒ နတ်များစွာတို့က ကြိုးနှင့်တုပ်လှဲ ကြိမ်နှင့် အမြရိုက်ပါစေသား၊ အမှန် နုတ်သိမ်းခြင်း မပြုခဲ့ပါလျှင် နတ်မိုးကြိုး လောင်မီးစက်နှင့် အကျွန်ုပ်အသက်သေရပါစေသား"

မတင်ဉလည်း တိုင်ပေးသည့် အတိုင်း လိုက်ဆိုသည်။

ပြီးသည်နှင့် ဆရာထာ "ကဲ သစ္စာရေသောက်လိုက်၊ ကုန်အောင်သောက် တစ်စက်မှ မကျန်စေနဲ့" ဟု ပြောလိုက်သည်နှင့် ရေကုန်အောင်မော့သောက်လိုက်သည်။

ဆရာ ဆေးကုရတာ မောသွားပုံရသည်။ ဆေးပြင်းလိပ်ကို ရှိုက်ဖွာရင်း အိမ်ကို သတိရကာ လွမ်းဆွေးနေပြီထင့်။

"မောင်မင်းရေ"

"ဗျာ ဆရာ"

"ငါ အိမ်ပြန်ဦးမယ်၊ သန်ဘက်ခါမှ ပြန်လာခဲ့မယ်၊ တင်ဉကို အပင်းကျဆေး တိုက်ထားတယ်၊ နောက်နေ့ တိုက်ရမယ့်ဆေးတွေ ဒီမှာ အဆင်သင့်ထားခဲ့တယ်၊ ဒီည ဂရုစိုက်ကြည့်၊ စုန်းမတွေ သူတို့ လုပ်ထားတဲ့ အပင်းတွေ နုတ်သိမ်းပြီး ပြန်ကြလိမ့်မယ်"

"ဟုတ်ကဲ့ဆရာ၊ စိတ်ချပြီးသာ သွားပါ"

ဆရာလည်း များမကြာမီ ခရီးဆောင်အိတ်တစ်လုံးကိုဆွဲကာ ထောက်ကြံ့မြို့သို့ ပြန်သွားလေသည်။

ညဘက်တွင် မတင်ဉ ဝမ်းလေးငါးခါလောက် ထသွားရသည်။ ခါတိုင်းနှင့်မတူ ဝမ်းက ပုပ်စော်နံ့ နံလွန်းအားကြီးသည်။ အနံ့မခံနိုင်လောက်အောင် နံစော်နေသည်။

မတင်ဉတစ်ယောက် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားသည်။

နံနက် ၁၀ နာရီလောက်မှ အိပ်ချင်မူးတူးနှင့် နိုးလာသည်။

ဟိုကြည့် ဒီကြည့် လိုက်ကြည့်ပြီး . . .

"အမေ သမီးတို့ ဘယ်ကိုရောက်နေတာလဲဟင်၊ သားလေးကော အမေ"

"အမေ ပြောပြပါ့မယ်၊ အားရှိသွားအောင် ဆန်ပြုတ်နွေးနွေးလေး အရင်သောက်လိုက်ဦး"

ဆန်ပြုတ်သောက်ရင်း အတွေးနယ်ချဲ့နေသည်။

"သားလေးက အိမ်မှာပဲ၊ နေကောင်းပါတယ် သမီးရယ်"

ဟု အစချီကာ ဘုရားပွဲမှာ မူးလဲလာရာက စပြီး ဆေးလာကုနေရပုံများကို တဖြည်းဖြည်းချင်း ဖြစ်ကြောင်း ကုန်စင်အောင် ပြောပြလိုက်သည်။

"ဘုရားပွဲမှာ သမီး ကောက်ညှင်းပေါင်းနဲ့ ငါးကြော် ဝယ်စားပြီး ကျောင်းဘက်အသွားမှာ ခေါင်းထဲ မိုက်ခနဲဖြစ်ပြီး လဲကျသွားတာပဲ မှတ်မိတယ်၊ နောက်ပိုင်း အမေပြောပြတဲ့ ဆေးကုခဲ့ရတာတွေ သမီး ဘာဆိုဘာမှကို မသိတော့ဘူး၊ ဒြော် ညက အိပ်မက်ထဲမှာ ဆံပင်ရှည်ရှည် ကျောဘက်ကို ဖြန့်ချထားတဲ့ အစ်မတစ်ယောက်က . . .

'ညီမလေး နေကောင်းသွားအောင် အစ်မ ခေါင်းလျှော်ပေးမယ်' လို့ ပြောပြီး သမီးကို ခေါင်းလျှော်ပေးသွားတယ်"

"ဟုတ်လား၊ အဲဒါ စုန်းမတွေ သူတို့ ပြုစားထားတာတွေကို ပြန်ရှင်းပေးသွားတာ ဖြစ်မယ်၊ အမေက သမီးကို မရတော့ဘူးလို့တောင် ထင်ခဲ့တာ၊ အခုလို နေပြန်ကောင်းလာတာကိုပဲ အမေ ဝမ်းသာလှပါပြီ"

ဟု ပြောကာ ဝမ်းသာမျက်ရည် အေးအေးလေးတွေ ပါးပြင်နှစ်ဖက်တွင် စီးကျလာသည်။

နောက်တစ်နေ့တွင် ဆရာ ဦးအောင်နိုင် ပြန်ရောက်လာသည်။

"အဘကို သမီး ကန်တော့ပါတယ်၊ အဘကို သမီး မြင်လဲ မမြင်ဖူးဘူး၊ သိလဲ မသိပါဘူး၊ အမေတို့ ပြောပြလို့သာ သိခဲ့ရတာ၊ သမီးမှာ အဘပေးတဲ့ အသက်ပဲ ရှိပါတော့တယ်"

ဟုပြောကာ မတင်ဉ မျက်ရည်လေးဝဲပြီး ကန်တော့ရှာသည်။

"သမီး စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနဲ့ ပြည့်စုံပါစေ" ဟု ဆုပေးလိုက်သည်။

"နောက်ဆို သမီးကို ဘယ်စုန်းကဝေမှ မနှောင့်ယှက်နိုင်တော့ပါဘူး"

ဟု ပြောပြီးနောက် ဂိုဏ်းဆေးတော်နီနီလေးတွေ မတင်ဉ၏ ဦးခေါင်း၊ နဖူး၊ ရင်ဘတ်၊ လက်တို့တွင် စုတ်တံဖြင့် ထိုးပေးသည်။ မတင်ဉ နေလို့ သက်သာလာသဖြင့် အမေ့အိမ်သို့ ပြန်ပြောင်းလာခဲ့သည်။





www.burmeseclassic.com

www.burmeseclassic.com

တစ်ပတ်ကျော်လောက်တွင် မတင်ဥဆီ ကိုလှမောင် တစ်ယောက် ရောက်ချလာသည်။

"နင့်ဆီ လာချင်နေတာ ကြာပြီ၊ လူကြီးတွေ စိတ်အနှောင့်အယှက်ဖြစ်မှာ စိုးလို့ အဝေးကပဲ သတင်းမေးမေးနေခဲ့ရတယ်၊ နင် သက်သာရဲ့လား"

ဟု မေးကာ လက်ဖဝါးနုလေးကို ဆုပ်နယ်ပေးနေသည်။

"သက်သာပါတယ်၊ နေလို့လဲ ကောင်းလာပါပြီ၊ နင်လာတာ ငါ ဝမ်းသာပါတယ်"

"နင်နေမကောင်းတုန်းက ငါ့ကို ချစ်တယ်၊ လက်ထပ်မယ်၊ ခေါ်ပေးပါလို့ အော်နေတယ်ဆို"

"သွား ရှက်စရာကြီး ဘာတွေ လာမေးနေတာလဲ၊ အဲဒါက စုန်းမတွေ ဝင်ပူးပြီး ပြောနေတာပါ၊ ငါ ဘာမှမသိဘူး"

"နင့်စိတ်ထဲရှိနေလို့ ပြောနေတာ ဖြစ်မှာပေါ့ဟာ၊ နင်ပြောသလို တို့တွေ လက်ထပ်ကြရအောင်၊ ဒီတစ်ခါတော့ နင် မငြင်းပါနဲ့တော့ဟာ"

မတင်ဥတစ်ယောက် နှလုံးသားတွေ တဒုတ်ဒုတ်တုန်နေပြီး ရှွန်းလဲ့တောက်ပသော သမင်မျက်လုံးလေးနှင့် ကိုလှမောင်၏ မျက်နှာကို စိုက်ကြည့်နေသည်။ မျက်လုံးမှ တစ်ဆင့် နှလုံးသားဆီသို့ မေတ္တာဓာတ်တွေ တသွင်သွင် စီးဝင်သွားလေသည်။

သူတို့နှစ်ဦး၏ မေတ္တာလှိုင်းများ တုန်ခါပြီး ရောယှက်နေပေလိမ့်မည်။

ကိုလှမောင် တစ်ယောက် နေမကောင်းသောသူကို သတင်းမေးရန် အကြောင်းပြပြီး မတင်ဥဆီ ချောင်းပေါက်အောင် လာလာနေသည်။

အချိန်တွေကြာလာသောအခါ လူကြီးတွေလည်း သူတို့နှစ်ဦးကို ကိုယ်ချင်းစာ နားလည်လာကာ သဘောတူကြည်ဖြူလာကြသည်။

ကိုလှမောင် နှင့် မတင်ဥတို့ လူကြီးစုံရာဖြင့်လက်ထပ်လိုက်ကြသည်။

လက်ထပ်ပြီး ဒေါ်လှရွှေ၏ အိမ်ခြေရင်းဘက် မြေလွတ်တွင် အိမ်တစ်လုံးဆောက်ပြီး နေထိုင်ကြသည်။

သားလေးတစ်ယောက် မွေးဖွားခဲ့သည်။ မောင်အောင်မြင့်ဦးဟု နာမည်ပေးထားသည်။ သားနှစ်ယောက်စလုံးကို ညီတူညီမျှ ချစ်ကြပါသည်။

ကိုလှမောင်က ဇနီးအပေါ် မပြယ်သောမေတ္တာဖြင့် နွေးထွေးယုယကြင်နာစွာ သက်ဆုံးတိုင် ပေါင်းသင်းသွားခဲ့လေသည်။

ယခုအခါ မတင်ဥမှာ ဇရာအရွယ် အသက်ရှစ်ဆယ်ကျော်နေပေပြီ။ ဖောင်တော်သီ၊ ရွာသစ်ပိုင်းတွင် မြေးမလေးနှင့်အတူနေထိုင်လျက်ရှိနေသည်။

စာရေးသူ ရွာရောက်သည့်အခါတိုင်း ဒေါ်တင်ဥဆီ အရောက်သွားပြီး ကန်တော့ဖြစ်ပါသည်။

ကျန်းမာရွှင်လန်းချမ်းမြေ့ကြပါစေ။

**❒ အောင်ကြည်သန်း(ဖောင်တော်သီ)**




# အကြောပြင်ဆရာကြီး ဦးအေးထွန်း

## ခါးနာ၊ ဒူးနာ၊ ကျီးပေါင်းနှင့်လက်ကိုက်၊ လက်ကပ်ဝေဒနာများကို မနာကျင်စေဘဲ (၁၅)မိနစ်အတွင်း သက်သာစေရမည်။

**လေဖြတ်ခံရပြီး ခြေလက် ပုံမှန် မလှုပ်ရှားနိုင်သူများအား ပုံမှန်လှုပ်ရှားနိုင်အောင် အမြန်ဆုံးပြုပြင်ပေးသည်။**

**တွေ့ချိန်** ➸ နံနက် (၉)နာရီမှ ညနေ (၅)နာရီအတွင်း

**လိပ်စာ** ➸ အမှတ် (၅၇)၊ (၄) လမ်း၊ မာလာမြိုင်၊ အုတ်ကျင်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း ➝ ၀၉-၇၃၂၄၂၄၄၂၊ ၀၉-၂၅၀၁၅၄၇၅၈

www.burmeseclassic.com

(၁)

မဂ္ဂဇင်း စာရေးဆရာ တစ်ယောက်က တစ်လနေလို့ ဝတ္ထုတစ်ပုဒ် နှစ်ပုဒ်သာ အသုံးပြုခံရသည်။ ဝတ္ထုတစ်ပုဒ်အတွက် မဂ္ဂဇင်းတိုက်ကပေးသော စာမူခမှာ နှစ်ထောင့်ငါးရာသာ ဖြစ်သဖြင့် တစ်လဝင်ငွေမှာ ငါးထောင်သာ ရှိသည်။ တစ်နေ့တွင် မိတ်ဆွေပန်းရန်ဆရာက လူကြမ်းဟုခေါ်သော ပန်းရန်နောက်လိုက်အလုပ်သမားတစ်ယောက်၏ တစ်နေ့ဝင်ငွေမှာ ငါးထောင်ဖြစ်သောကြောင့် ထိုအလုပ်ကို လုပ်လိုလျှင် မိမိထံ အလုပ်လုပ်စေလိုကြောင်း စကားကမ်းလှမ်းပေးလာသည်။

ပန်းရန်ဆရာက စာရေးဆ... အပေါ် စေတနာချိုမြသည် မှန်သော... လည်း စောစောလေးကပင် မိမိမှာ... စာရေးသည့်အတွက် တစ်လလျှင် ... ငါးသောင်းခန့်ရသည်ဟု ပြောခဲ့မိသည်... ကမူ ဝေဒနာခါးခါးပင် ဖြစ်ချေသည်... တစ်နည်းအားဖြင့် လိမ်လည်မှု ... ခြင်းပင် ဖြစ်ချေသည်။ မိမိအတွက်... လိမ်ရသည်လား၊ စာရေးခြင်းအတတ်... ပညာအတွက် လိမ်ရသည်လား၊ ... ကိုယ်တိုင် တွေးပင် မတွေးချင်၊ သ... အာဇီဝချင်းတူတူ ဝင်ငွေချင်းမတူရသည့်... လုပ်ငန်း၏သိက္ခာတရားအပေါ် "... ရေးဆရာ" ဆိုသည့် ဂုဏ်ပုဒ်က... ရေးရေးထင်ထင် တင်ပါစေလေဦးတော့... ဝမ်းနည်းစွာ လိမ်လည်ရချေသည်။ လိမ်... လည်ရခြင်းကြောင့် လိပ်ပြာမလုံ စိတ်... တုန်ယင် ရင်ခုန်ချင်သည်။ ဒါမျိုးအ... များများဖြေနေရလျှင် နှလုံးရောဂါ... လည်း ရလာနိုင်သည်။



www.burmeseclassic.com

မည်သို့ရှိစေ သည်ဖြစ်ရပ်က နိုတ်မစစ်ဘဲ အလျင်စတို့သော အာ ကြောင့် ဖြေနှင့်ရပါသနည်းဟု မိမိကိုယ် ပြန်မေးရန်ပင် မဝံ့မရဲတော့။ ပြီးတော့ ဘာဝါဒကီစွပင် ဖြစ်ပြီမဟုတ်ပေလား။ ထို့အတွက် မျက်နှာကိုမျှ ဝင့်မပြသာဘဲ နေရန်ဆရာ ချည့်ခဲ့လာသည့် လက်ဖက် ရည်တစ်ခွက်တိုသာ ခပ်တည်တည်လေး င့်သောက်ရချေသည်။

ထို့အတွက် ရှက်မိသည်။

"ကျွန်တော် ရှက်မိသည်" ဟု စာရေးဆရာက စာရေးရပြန်သည်။ ထို အကြောင်းကို စကားစပ်သဖြင့် ပန်းရန် ဆရာ မပါဝင်သော နောက်ထပ် လက် ဖက်ရည်ဆိုင်တစ်ဆိုင်မှာ ပြောဖြစ်ကြ လေသည်။

"ခင်ဗျားဗျာ ဆင်တစ်ကောင်ကို နှစ်ခြမ်းခြမ်းရသလိုပါလား"

"မရယ်နဲ့၊ ကျွန်တော် တကယ် ဝင်ပန်းတယ်"

အတူထိုင်နေသော ကုန်သည် ပွဲစားတစ်ယောက်နှင့် ထိုစာရေးဆရာ တို့ အပြန်အလှန် ပြောကြားနေစဉ်မှာ သူတို့အနားတွင်ရှိနေသော ကျွန်တော် သည်လည်း နားမချမ်းသာခဲ့ချေ။ ကြား သိလေသမျှ နားမရှိဘဲ နေမရသော ကြောင့် မချမ်းသာခဲ့ပါချေ။

(၂)

ကျွန်တော်သည် ထိုစာရေး ဆရာနှင့် ဘဝတူ လူတန်းစားတစ်ရပ် ဖြစ်ရသည်ကမူ ကံကြမ္မာပင်။ တစ်နေ့ သောအခါတွင် ဂျာနယ်တိုက်တစ်တိုက် သို့ ကျွန်တော်၏ ဖော်ပြခံရသော ဝတ္ထုတိုလေး တစ်ပုဒ်အတွက် စာမူခ ထုတ်ရန် ရောက်သွားရပါသည်။ လှေ ကားနှစ်ဆစ်မျှကို ချီးတွေ့တက်ရောက် ရသည်ကပင် ပင့်ပန်းလှပါ၏။ မိမိ အသက်ရလာပြီကို သတိပြုရတော့ သည်လေ။

အမေက ဆင်စီးပြီး မြင်းရံစေ ချင်သော သားသည် ဆင်နင်းပြီး မြင်း ကန် ဘာကြောင့်ခံရပါသနည်းဟု စဉ်း စားမိသေးသည်။

ထိုနေ့က စာမူခ ငါးထောင်ရပါ သည်။ စင်စစ် ကျွန်တော်သည်လည်း စာမူတစ်ပုဒ် နှစ်ထောင့်ငါးရာသာ ရသောမဂ္ဂဇင်းစာရေးဆရာတစ်ယောက် ပင်ဖြစ်ပါ၏။ မဂ္ဂဇင်းတိုက်မှာဆိုလျှင် ပေါ့လေ။ တစ္ဆေသရဲ အကြောင်းတွေ ဖော်ပြတတ်သည့် မဂ္ဂဇင်းတိုက်မှာဆိုရင် ပေါ့လေ။

"မော်ဒန်မင်းသမီး ဖြစ်ချင်တယ်"

အပြန်လမ်းတွင် မဝေးသော ကာလက စာပေဗိမာန်စာပေဆုရသော စာရေးဆရာတစ်ယောက်၏ စကားကို ပြန်ကြားယောင်မိ၏။ နှစ်ထောင့်ငါးရာ ထက်သာသော ငါးထောင်ကို ကျစ်ကျစ် ပါအောင် ဆုပ်ကိုင်ထားမိသဖြင့်ကား "မော်ဒန်မင်းသမီး ဖြစ်ချင်တယ်" ဟူ၍ သံယောင်လိုက် မဆိုဖြစ်။ "အဟင်း ဟင်း မော်ဒယ်မင်းသမီးလေးတစ်ယောက်က ဆယ်သိန်းဆိုရင်လဲ ဟုတ်တယ်လေ" ဟုလည်း သံယောင်လိုက်၍ မဆိုဖြစ်။ ပြီးတော့ ဆင်တစ်ကောင်ကို နှစ်ခြမ်းခွဲ စရာမလိုတော့သည့်အခါ ကိုယ့်ကိုယ် ကိုယ် အထင်တကြီး တစ်စီးရှင်။

"ငါသည်ကားဆိုလျှင် ဆင်တစ် ကောင် ဖမ်းထားနိုင်သော အကောင် နှစ်ဆယ်ဝတ် မင်းယောကျ်ားစင်စစ် ဖြစ် သတည်း"

ကျွန်တော်က လမ်းသွားလျက် ပင် ကြွေးကြော်သည်။ ဂျာနယ်မှ ချီးမြှင့် ပေးသော ငွေငါးထောင်ဆိုသည်မှာ ငါး ထောင်တန်တစ်ရွက်ဖြစ်သည်ဆိုတော့ ဆင်တစ်ကောင်ပင်လည်း ဖြစ်ချေ၏။ တစ်စီးရှင်ဆိုရလျှင်လည်း အဘယ်မှာ မုသာဝါဒ ပါမည်နည်း။

"တစ်စီးရှင် ငါဟေ့ တစ်စီးရှင်"

"ကွီ"

တုံ့ခနဲရပ်လိုက်သော ကားသံကို ကြားလိုက်ရ၏။ တော်သေးသည်။ မျက်စိ မှုကောင်းသော်လည်း နားက ကောင်း သေးလို့။

"ဗိုလ်အောင်ကျော်နောက် လိုက် မလို့လား"

ကားအရပ် လူအရပ်မှာ ကား ခေါင်းထဲကနေ ကားမောင်းသူက လှမ်း မေးသည်။ တစ်စီးရှင် ကျော်စွာက ဘာကြောင့် ဗိုလ်အောင်ကျော်နောက် လိုက်ရပါမည်နည်း။ သို့တိုင် ရင်ထဲက အပျော်လေးကို ဤတက္ကစီကားသမား ကြောင့်ဖြင့် အပျောက်မခံလိုပေ။

ထို့ကြောင့် . . .

"ဗိုလ်အောင်ကျော်လမ်း ရောက် နေပြီပဲကွာ၊နေပါစေတော့" ဟု အေးဘိ ဝဲယာကို ကြည့်ပြီး အမှန်အတိုင်းဖြင့် ပြောလိုက်ရ၏။

"သေသွားတဲ့ ဗိုလ်အောင်ကျော် ကို ပြောတာ"

ကားသမားက ဒေါသသံဖြင့် ကျွန်တော့်ကို အော်သည်။

"ဩော် အေးအေး မင်းက သတိ ရဖော်ရသားပဲ"

"ခင်ဗျား သတိထားပါ"

"ဟင်း မင်းမှတ်ထား၊ ငါ့နှာမည် က ဟိန်းဟိန်းညံ"

"ဘာပြုလို့ ဟိန်းဟိန်းညံတာလဲ"

"စာရေးဆရာလေကွာ"

"ဒါဆို ကျွန်တော်ကပဲ သတိ ထားရမှာပါ"

"ဘယ်လို ဖြစ်ရပြန်တာတုံး"

"ဩော် ဒီမှာက ဟွန်းမဲ့ဇုန်"

"ဒီတော့"

"စကား ဆက်မပြောနေနိုင်ဘူး၊ လမ်းစည်းကမ်းက ရှိနေသေးတယ်"

"ဟေ့ကောင် ငါ့မှာ ငွေငါး ထောင်ရှိတယ်၊ မင်းကားကို လှမ်းဘေး ထိုးရပ်လိုက်၊ မင်းကို လက်ဖက်ရည် တိုက်နိုင်ပါတယ်"

"နေ့တိုင်းရတာလား"

"အင်း၊ နှစ်ထောင် နှစ်ထောင့် ငါးရာလောက်တော့ တစ်လတစ်ကြိမ် လောက် ရပါတယ်၊ ငါးထောင်ဆိုတာ ကတော့ တစ်နှစ် တစ်ကြိမ်လောက် အင်း နှစ်ကြိမ်လောက်ရပါတယ်"



www.burmeseclassic.com

www.burmeseclassic.com

"ကဲ ကျွန်တော် သွားတော့မယ်၊ ခင်ဗျားကို ထိတ်လန့်အောင်ပြုမိတဲ့ အတွက် တောင်းပန်ပါတယ်"

ဒေါ်သကုမ္မာသည် ကျွန်တော်နှင့်စကားပြောကြည့်သည့်အခါ ဖြူဖွေးဖြူဖွေးဖြစ်သွားချေပြီ။ သူ့မျက်လုံးများမှာ ကရုဏာရိပ် ငွေ့ငွေ့ထင်လာသည်။ အမုန်းနေရှိန် ထိန်မနေတော့ဘဲ အပြုံးလရောင် လင်းလဲ့လာခဲ့သည်။ နောက်တစ်ခဏမှာမူ ကားလေးက ဥုးခန်မောင်းထွက်သွားသည်။ မောင်းအထွက်တွင်မှာဖြင့် ကားပြတင်းက ငွေစက္ကူတစ်ရွက် လွင့်ကျခဲ့သည်။

"ဟေ့ ဟေ့ နေဦးလေကွာ"

ကျွန်တော်က ကားကို လှမ်းတားသော်လည်း ရပ်မပေးချေ။ အပြေးတစ်ပိုင်း ဖြစ်သွားသော ကျွန်တော့်ခြေလှမ်းများသည် ငွေစက္ကူကို တက်နင်းမိသလို ဖြစ်သွားသည်။ နိုင်ငံတော်စက္ကူဖြစ်နေသဖြင့် နိုင်ငံသားတစ်ယောက်အနေဖြင့် ကျွန်တော် တက်မနင်းဝံ့ပါချေ။ ငွေစက္ကူပေါ့ပေါ့လေးပဲ တော်ကြာလေတိုက်လို့ လွင့်သွားမှဖြင့် ဆိုပြီး ငုံ့ယူကောက်ကိုင်လိုက်သည်။

"ဟင် ငွေငါးထောင်တောင်ပါလား၊ တော်ပါသေးရဲ့၊ ကားကလဲ လူကို မနင်း၊ လူကလဲ ဆင်ကို မနင်းမိတာ"

ကျွန်တော့်မှာ အာမေဍိတ်ပင်ဖြစ်မိသည်။ မောင်မင်းကြီးသား အသက်ရာကျော်ရှည်ပါစေဟုပင် ဆုတောင်းပြုမိသည်။ နောက် တစ်ခဏမှာတော့ မလွဲရှောင်သာသဖြင့် အိပ်ထဲ နေနှင့်တော့ဟူ၍ ဆင်တစ်ကောင်ရှိနှင့်ပြီးသော အိတ်ထဲကို သွတ်သွင်းလိုက်ရသည်။

(၃)

နောက်တစ်နှစ်အကြာမှာ ဆင်ဖြူရှင် မိဖုရားကြီးဆိုသော အခေါ်အဝေါ်ကို ရန်ကုန်နှင့် အလွန်တရာဝေးသော အင်းဝတွင် ကျွန်တော်တွေ့သည်။ မယ်နုအုတ်ကျောင်းတော်ကြီးရှေ့က မြေကွက်လပ်တွင် စိုက်ထူထားသော ဆိုင်းဘုတ်ပါ အကြောင်းအရာတို့၏ အထက်ပိုင်းနားတွင် ဖြစ်သည်။

ကျောင်းတော်ကြီးမှာ ငလျင်ဒဏ်ကြောင့် အတန်ငယ်ပြိုအက်ခဲ့ရသည်ဖြစ်ရာ ကျောင်းတော်ကြီးကို လေ့လာရန်နှင့် ဘုရားဖူးရောက်လာသူတို့အတွက် အုတ်ကျောင်းတော်တွင်း ဝင်ရောက်မိပါက ဘေးအန္တရာယ်ရှိနိုင်သောကြောင့် သတိပေး ရေးထိုးထားသော ဆိုင်းဘုတ်ပင် ဖြစ်သည်။

ကျွန်တော်သည်ကား ရန်ကုန်ကနေ သည်အင်းဝကို ကိစ္စတစ်ခုဖြင့် ရောက်လာခဲ့ရသူပင် ဖြစ်သည်။ စောစောကလျှင် အင်းဝနန်းမြင့်ဆောင်ဖြစ်သော မျှော်စင်ကြီးပေါ် တက်ရောက်ခဲ့ပြီးပြီ။ လက်ရန်းများ နင်းပြားကြမ်းခင်းများ ဆွေးမြည့်ယိမ်းယိုင်နေပြီဖြစ်သော ထိုမျှော်စင်ကနေ အဝေးမြင်ကွင်းကို ကြည့်ဖို့ပင် ဖြစ်ခဲ့ချေသည်။

"မဝင်ရဆိုတဲ့ အဆိုအမိန့်ကို ဒီတစ်ခါတော့ ဟိန်းဟိန်းညံက နားထောင်သားပဲကိုး"

ကိုကျည်းတန်က ကျွန်တော့်ကို ပြောသည်။ မျှော်စင်လှေကားခုံက ဖတ်ခဲ့ရသော စာမှာလည်း "မဝင်ရ" ဆိုသော စာပင် ဖြစ်ခဲ့ပုံကို ဆက်၍သတိရစေပါ၏။ မျှော်စင်ကား အမြင့်ပေ ကိုးဆယ်ရှိသည်။ ပဟိုရ်စည်ရှိမနေတော့ဘဲ ရှစ်ပေပတ်လည်မျှသော အင်္ဂတေပလ္လင်ခုံသာကျန်ရစ်သည်။ ဘုံထွဋ်၏ မျက်နှာကြက်တွင် ပြိုပျက်နေသော မျက်နှာကြက် သစ်ပြားစတို့မှာ အချိန်မရွေး ပြုတ်ကျနိုင်မည့် အနေအထားရှိနေသည်။ ဟနေသော သစ်ပြားတစ်ချပ်တွင် ညှပ်နေသော တောင်ပံကို မြင်ရသည်။ ခိုတစ်ကောင်၏ တောင်ပံပင်ဖြစ်သည်။ တောင်ပံရှင်ဖြစ်သော ခိုကဖြင့် သေနှင့်ပြီ။ အထက်ပေါက်က ဝင်လာခိုနားခဲ့ပြီး အညောင်းအညာဆန့်ထုတ်ရာမှ တောင်ပံမှာ ဟနေသော သစ်ပြားချပ်ကြား ဝင်သွားခဲ့ပုံ ရှေလသည်။ မမျှော်လင့်ဘဲ ဝင်သွားသော အတောင်ကို ဘယ်လိုလူမှ ကယ်မပေးနိုင်ခဲ့ချေ။ မိမိမှာလည်း ဉာဏ်မှုန်မွှားသည့်သံသရာဘုံသားပဲလေ။ အတောင်ဝင်မိရာမှ ဝင်မိသော မိမိအတောင်ကို ပြန်မရုပ်သိမ်းနိုင်သော အဖြစ်ဖြင့် မည်မျှထိတ်လန့်တုန်လှုပ်ခဲ့လေမည်နည်း။

သည်မြို့ သည်နန်း ရွှေကြငှန်းလည်း ကြွေပန်းပမာ ပျက်ခဲ့ပါပြီ။ မိမိမှာလည်း အတောင်တစ်ဖက်ကြောင့် အသက်တစ်ချောင်း ပျက်ကောင်းမလှပျက်ပါရပြီ။

"အမယ်မင်း ဘဝတွေမှာ ရလေတိုင်းသာ ဆင်းရဲလေစွတကား" ဟု ကျွန်တော်နှုတ်သံ ပွင့်အန်လုလု ဖြစ်ရပါ၏။ ထိုအဖြစ်ကို အနားတွင်ရှိနေသူ ကိုကျည်းတန်ကမူ မသိရှာပါချေ။

နန်းမြင့်၏ ကြောင်လိမ်လှေကားတို့မှပင် ပြန်ဆင်းလာခဲ့ကြသည်။ နန်းမြင့်က မန္တလေးနန်းမြင့်ကဲ့သို့ ဆလင်ဒါပုံမဟုတ်ခဲ့ချေ။ တစ်ဖက်မှာ ပြန့်သော နံရံသက်သက်သာ ဖြစ်သည်။ အထက်တွင် ရှင်လန်းဖွယ်သာစိတ်က အဆင်းတွင် ပင်ပန်းနွမ်းနယ်လာခဲ့ရသည်။ အပြန်မှာ အလာတုန်းကလိုပင် လှေကားခုံထိပ်ရှိ လက်ရန်းကို မိမိကမူ ပြန်လည်ကျော်လွှားနိုင်ခဲ့သည့်တိုင် ခိုငယ်လေးကို သနားလာခဲ့မိသည်။

"အကျဉ်းသား ခိုလေး တစ်ကောင်ပေါ့၊ မင်းရဲ့ ပန်းချီဆရာက ရေးဆွဲပေးနိုင်မလား"

လက်ပံပင်ကြီးအောက်က ပန်းချီအရောင်းဆိုင်ရှိ အရောင်းသမလေးကို ရင်ထဲကပင် ပြောပြနေမိသေးသည်။ ပြောပြနေခဲ့မိသေးသည်။

"ဘယ်လိုလဲ ဟိန်းဟိန်းညံ ဒီမှာလဲ တားမြစ်နယ်မြေပဲနော်"

"အုတ်တိုက်ကြီး ပြိုကျလို့ အပိခံရရင် ဆင်နင်းခံရတာထက် ဆိုးတော့မှာပေါ့ ကိုကျည်းတန်"

ကိုကျည်းတန်ကို ပြန်လည်ဖြေပြဖြစ်သည်။

လပြည့်ဝန်းမဂ္ဂဇင်း (ဇူလိုင်လ၊ ၂၀၁၄)



www.burmeseclassic.com

www.burmeseclassic.com

ကျယ်ဝန်းသော အပြင်စကြံ ပရိဝုဏ်ကပင် ကျောင်းတော်ကြီးကို လေ့လာကြရ၏။ အရှေ့ဘက်ရှိ ဂန္ဓကုဋီတိုက်တော်တွင်းက ရှေးဟောင်းဆင်းတုတော်ကိုမူ ဝင်ရောက်ဖူးမြော်နိုင်ကြ၏။

ကျောင်းဝင်းတစ်ခို မန်ကျည်းညိုကြား နွေကိုမမှု လေချိုနုနှင့်နေသည်။ ကျွန်တော်တို့သည် ကျောင်းဝင်းပြင်ကို ပြန်ရောက်လာသောအခါ အသင့်စောင့်နေသော မြင်းလှည်းကို စီးနှင်သည်။

မြင်းလှည်းသည် နန်းတွင်းလမ်းအတိုင်း သစ္စာတိုင် ဘုရားဘက်ကို မောင်းနှင်ပေးသည်။ လမ်းတစ်ဖက်တစ်ချက်မှာ ဆီးပင်တို့က ခြံကြီးများပမာရှိနေပြီး လက်ပံပင်များကမူ မြင့်မားသော အရပ်အမောင်းအပြင် ပွင့်အာရဲရဲ ပတ္တမြားခဲတွေကို ဆင်မြန်းနေသည်။

"ဟိုတုန်းကတော့ ဘုရင်လုပ်မယ့်လူဟာ နန်းတက်ပြီဆိုရင် တိုင်းသူပြည်သားတွေကို တရားသဖြင့် အုပ်ချုပ်ပါမယ်လို့လာပြီး သစ္စာဆိုရတဲ့ဘုရားပါ"

နန်းထောင့်မရောက်မီ တစ်နေရာတွင် မြင်းလှည်းမောင်းသူက ဘုရားတစ်ဆူကို ပြညွှန်၍ ပြောပြသည်။ ယခုတော့လည်း ရွှေရောင်တန္ထုန်း ငွေမမှုန်းတော့သောကြောင့် ဝေတုန်းဆိုလည်း ထုံးဖြူဖွေးဖြင့်သာ တင့်တယ်တော်မူတော့သည်။

(၄)

ရန်ကုန်ကို ပြန်ရောက်သောအခါ စာပေနှင့် ဆက်နွယ်သော ဖိတ်စာတစ်စောင်ကို ကိုကျည်းတန်နှင့် ကျွန်တော်အတူရသည်။ ဖိတ်စာအရ စာပေဗိမာန် ခန်းမထဲမှာ ဖြစ်သည်။

ပရိသတ်ကို စာတန်းတစ်စောင်စီ ဖတ်ပြသော စာပေတွင် ဒေါက်တာဘွဲ့ရထားသော လူပုဂ္ဂိုလ်ကြီးနှစ်ဦး ရှိနေခဲ့သည်။ တစ်ဦးက မင်္ဂလာအကြောင်း၊ တစ်ဦးက ကဗျာအကြောင်း ဖတ်ပြကြလေသည်။ မင်္ဂလာအကြောင်း ဖတ်ပြလာသောသူသည် "ဘုရားဟောတဲ့ သုံးဆယ့်ရှစ်ဖြာ မင်္ဂလာကတော့ လောကုတ္တရာမင်္ဂလာသက်သက်ပါ" ဟု ပြောသည်။ ကဗျာအကြောင်း ဖတ်ပြလာသောသူကလည်း မိမိကိုယ်တိုင် မြန်မာကဗျာတစ်ပုဒ်မျှလောက်ကိုပင် မရေးစွမ်းနိုင်ခဲ့သေးသောသူပင် ဖြစ်နေခဲ့၏။

"ခေါင်းတွေ ကိုက်လိုက်တာ၊ ဒီကိုလာမှ တကယ့်ကို ဆင်နင်းခံရတာပဲ"

ကိုကျည်းတန်က ပြောသည်။ ဟောပြောပွဲအပြီးလေးမှာ ဟောပြောပွဲကျင်းပရေးအဖွဲ့က ကျွေးမွေးသော သုံးဖက်ချွန်စမူဆာကို စားနေ ဝါးနေစဉ်မှာဖြစ်သည်။

"ဆင်တွေဟာ နေရာတကာမှာ ရှိနေတာပဲ၊ လယ်ပြင်မှာ ဆင်သွားသလို ထင်ရှားတယ်ဆိုတာသေချာလား၊ လယ်ပြင်တိုင်းမှာ ဒီလိုဆင်တွေသာ သွားနေရင် စပါးခင်းတွေ ပျက်စီးလှချေရဲ့၊ အမယ်မင်း ဒီဒုက္ခတွေကို ဆင်ဖြူကျွန်းက ဆင်ဆရာကြီးကို ပြောပြချင်သေးရဲ့"

ကိုကျည်းတန်၏ စကားကို သံယောင်ပြုလာသူရှိလာသည်။ စင်စစ် ကိုကျည်းတန်တစ်ယောက် ခေါင်းကိုက်ခြင်းကိစ္စမှာ ဒေါက်တာနှစ်ဦး ဟောပြောသော ကိစ္စနှင့် မသက်ဆိုင်ချေ။ ဟောပြောပွဲမလာမီကတည်းက ခေါင်းကိုက်နေခဲ့ကြောင်း ကျွန်တော့်ကို ပြောခဲ့၏။ သို့သော် ဘေးဘီမှာရှိနေသည်က လူတွေ၊ လေတိုက်တိုင်း တလူလူရှိနေတတ်သည့် လူတွေ။

"တိုက်တိုက်ဆိုင်ဆိုင်ဗျာ၊ ကျွန်တော့်မှာ ဆင်တစ်ကောင် ကျန်ပါသေးတယ်၊ မတင်းတိမ်ရင် အောက်ဆင်းစားကြသေးတာပေါ့"

ကျွန်တော်က အကျယ်အကျယ် မငြင်းဖွယ်ကို ရှောင်လိုသောကြောင့် ဝင်ပြောရသည်။ နောက်တစ်ချက်မှာ သူတစ်ပါး စွန့်ကြဲခဲ့သည့် ဆင်တစ်ကောင်ကို ဟိန်းဟိန်းညံအနေဖြင့် တစ်ယောက်တည်း သုံးစွဲရမည်အား ဝန်လေးလှသောကြောင့် ဖြစ်သည်။

(၅)

"တကယ်တော့ အဲသလို မပြောအပ်ပါဘူး သူငယ်ချင်း၊ ထင်ရှားချင်ရင် စပါးရိတ်သိမ်းပြီးစလယ်မှာ ဆင်ကို သွားစေရပါတယ်၊ ပန်းချီဆရာတစ်ယောက်ဟာ စက္ကူအပြန့်မှာ ထုလုံးကို တင်ထားသလို ရေးနိုင်ပါတယ်၊ ရေးတတ်ရင် မြင်တတ်စေပါတယ်၊ ဒါဟာ ပညာပါပဲ၊ အကွယ်အဝှက် ပစ္စည်းတွေနဲ့တူတဲ့ အပြစ် အနာအဆာတွေ ရှာနေရင် အပြစ်အနာအဆာပဲ တွေ့မှာပေါ့။

တကယ်တော့ ဝေဖန်တဲ့ လူတန်းစားက မရှိမဖြစ် လိုအပ်ပါတယ်၊ သု၊ စိ၊ ပု၊ ဘာ၊ ဝိ၊ လိ၊ သို၊ ဓာ တဲ့၊ သုတေသန လုပ်ငန်းဆိုတာက ကျယ်ပြန့်လှတာ မဟုတ်လား၊ မင်းအိမ်မှာ မင်း ဟင်းချက်တတ်လို့လား၊ ဒါပေမယ့်လဲ ဟင်းကောင်း မကောင်းကို မင်းသိနေတာပဲလေ၊ အဲဒါ ဘာပြုလို့လဲ ဘာပြုလို့လဲ သူငယ်ချင်း"

လက်ဖက်ရည်ဆိုင်မှာ ဆွေးနွေးပွဲလေးကို ကျင်းပသည့်အခါ ကဗျာဆရာ ကိုနွေနှင်းက ရှင်းလင်းပြောဆို၏။ ကိုကျည်းတန်၏ စကားကို သံယောင်လိုက်သူနှင့် ကျွန်တော်တို့မှာ ခိုင်လုံသော သက်သေသာဓကကြောင့် ယိုင်ကုန်သော အမျက်တွေကို ခဝါချရသလို ရှိလာရ၏။

"အဟဲ ဝင်ပြောရဦးမယ်၊ လယ်ပြင်မှာ ဆင်သွားတယ်ဆိုတာ စပါးခင်းမှာ ဆင်သွားတာမှ မဟုတ်တာနော"

ဆရာသိခ်သူက အဓိပ္ပာယ်နောက်တစ်မျိုး ထပ်ဖွင့်သည်။ သူပြောပြသည်မှာလည်း မှတ်သားစရာ ကောင်းနေခဲ့သည်။

"တစ်ခါတုန်းက မြန်မာစာပါမောက္ခကြီး ဦးတင်အေး(ရှမ်းပြည်)ကလဲ ဆရာတင်မိုးရဲ့ ကဗျာတွေနဲ့ စာတမ်းဖတ်သွားခဲ့တာပဲ"

www.burmeseclassic.com

ကိုနွေနှင်းက ဆက်ပြောပြသည်။ အပြောတွင်ရှိလာသော သဘောတရားကို နားဆောင်ရသည်မှာ မိမိအတွက်စွဲက မကျေနပ်သမျှတွေအားကြေးမုံမှန်ပြင်၌ ထင်လိုက်စေသလိုမျိုးရှိလာသည်။ ထိုအခါတွင်မှ "ကျွန်တော်ရှက်မိပါသည်" ဆိုသော နောက်ဇာတ်လမ်းတစ်မျိုးမှာ ရိုးရိုးရိပ်ရိပ်ထင်လာသည်။ ကျွန်တော်ကမူ မိမိအတောင်ပံကို မိမိပြန်ရုပ်သိမ်းချင်လာသည့် ခိုနှယ်ခံစားလာရသည်။ အင်းဝက အကျဉ်းကျခဲ့ရသည့် ခို။

"အကျဉ်းအကျပ်ထဲကနေ လွတ်မြောက်ပါရစေ"ဟုတိုးတိုးဆန္ဒပြုမိသည်။ "ကျေးဇူးတင်ပါတယ် ကိုနွေနှင်း" ဟု ကိုသံယောင်ကမူ ပြောခဲ့ရာ၏။ ဖွင့်ပြောနိုင်သမျှကိုကား ဖွင့်ပြောရချေမည်။ စကားဝိုင်းသိမ်းသောအခါ တစ်ထောင်တန် လက်ဖက်ရည် တစ်ကရားအတွက် ငါးထောင်တန် ငွေစက္ကူတစ်ရွက်ကို ဖျက်သိမ်းဖြစ်သည်။ မကြာမီ ကျွန်တော်တို့က မိမိအိမ်ထံ မိမိပြန်ကြတော့မည်။

"တစ်ထောင်တန်လေးရွက် ပြန်အမ်းတာကိုး၊ တစ်ရွက်လောက်တော့ အသေးထပ်လဲပေးပါဦး၊ မလဲပေးရင် ကျွန်တော့်မှာ ကားစီးတဲ့အခါ သမွန်စီးတဲ့အခါ အခက်အခဲတွေ့ရတယ်"

ဆိုင်ရှင်ကို ပြောရပြန်သည်။ အသေးတို့တွင် နှစ်ရာတန် ငါးရွက်ရလိုက်သဖြင့် ကျွန်တော့်တွင် ဆင်ငါးကောင် ဖြစ်လာပြန်၏။ ယခု သည်ငွေစက္ကူပေါ်က ဆင်များကမူ ဆင်ဖြူရှင်မိဖုရားကြီးပိုင်ဆိုင်သော ဆင်ဖြူတို့လိုကကြိုးတန်ဆာ ဖွါခရာဖြင့် မဟုတ်ခဲ့ပါချေ။ ပန်းချီဆရာ၏ သစ်ဆွဲဆင်တွေသာ ဖြစ်သည်။

"အင်း ဒါကိုတောင် နှစ်မြှမ်းထပ်မြှမ်းရဦးမှာ၊ သစ်ဆွဲဆင်တစ်ကောင်က နှစ်ရာမဟုတ်လား၊ သမွန်ခက တစ်ရာလေ၊ တာမြစ်မြစ် ဆင်တစ်ကောင်ရတာကလဲ တောင်ပံတစ်စုံရလိုက်သလိုပါပဲ"

❒ နေမင်းချို

ကိုချစ်နွယ်တို့ ဆယ်တန်းအောင်သည်ထိ အဖေက နွားများမွေးထားသေးသည်။ အဘဖြစ်သူ ဦးကြာ လက်ထက်ကတည်းက လေး ငါး ခြောက်ကောင်မွေးမြူလာခဲ့သည့် နွားကောင်းလေးတွေ ကိုချစ်နွယ်တို့ အရွယ်ရောက်လာသည့်အခါ အကောင်ငါးဆယ်ခန့် တိုးပွားလာတော့သည်။

တစ်ကောင်၊ တစ်ရှဉ်း (နှစ်ကောင်တွဲ) နွားစာ ကျွေးရသည်ပင် လွယ်ကူသည် မဟုတ်။ အကောင်ငါးဆယ်ဆိုတော့ ကိုချစ်နွယ်တို့ (Walking Cow Boy) ကောင်းဗွိုင် ဖြစ်လာရသည်မှာ မဆန်း။ မိုးရွာရွာ နေပူပူ နံနက်လင်းတစ်ကြိမ် ညနေပိုင်းတစ်ကြိမ် နွားကျောင်းထွက်ရသည်။

တချို့ကတော့ နေ့လယ်စာ စားပြီးမှ တစ်ကြိမ်သာ ကျောင်းသူများလည်း ရှိသည်။ အိမ်မှာ နွားစာခေါင်း၊ နွားစာခွက်နှင့် ကျွေးသည့်နည်းမှာ တစ်ရှဉ်း၊ နှစ်ရှဉ်းစာမျှသာ တတ်နိုင်ကြသည်။ နွားသားအမိများ၊ နွားမတန်းမများ၊ နွားမျိုးနွားသိုးများ၊ နွားအိုမများကိုကား စားကျက်တွင် လွှတ်ကျောင်းရသည်။ နှမ်း၊ ပဲကြီး၊ ပဲစင်းငုံ၊ မြေပဲတို့ကိုသာ တစ်ရာသီ သီးနှံအဖြစ် စိုက်မျိုးလေ့ရှိကြသော ကိုချစ်နွယ်တို့ အရပ်ဒေသများတွင် သီတင်းကျွတ်၊ တန်ဆောင်မုန်းလောက်ရှိလျှင် နွားလွှတ်ကျောင်း၍ရပြီ။

မည်သည့်အခင်းကိုမှ ဝင်စားရန်မရှိတော့၍ အေးအေးလူလူ နွားလွှတ်ကျောင်းနိုင်ခြင်းဖြစ်သည်။ တချို့ကတော့ ကိုယ်ပိုင်ယာကွက်ကျယ်တစ်ခု ကို မြက်လုံခင်းလုပ်ထားသည်။ ယာပတ်လည်ကို အီးခက်၊ ပေါင်ဖွဲ့ဆူး၊ တန်ဆောင်း မြာသာဝ်ပင်၊ ကန္တာရဆူးပင်များ အကြားအလပ်မရှိ စိုက်လျက်သဘာဝ ခြံစည်းရိုးပြုလုပ်ထားသည်။

မိုက်ရှိင်းကြမ်းတမ်းစွာ ခုန်ထွက်တတ်သည့် နွားများကိုကား ရှေ့လက် နှစ်ချောင်းနှင့် နောက်ခြေ နှစ်ချောင်းအကြား၌ နှစ်လံခန့် အရှည်ရှိသည့် ခြေသလုံးနီးပါးရှိ သစ်သားချောင်းကိုလည်ပင်းကြိုးနှင့် ဆက်သွယ်တုပ်နှောင်ထားလိုက်သည်။ ထိုနွားဆိုး မလှုပ်နိုင်တော့ပေ။

ပျာလောင်ခတ်၊ မိတ်လိုက်၊ မြူးထူးတတ်၊ သူတစ်ပါးစိုက်ခင်း ဝင်စားတတ်သည့် နွားမများကိုကား အဝေးမှ အသံကြားရသည့် ဆင်ခလောက်၊ ခလောက်ပြား၊ သံကလုံ(ကလိုင်ကဲ့သို့)များ ဆွဲထားသည်။ ထိုခလောက်သံ သံကလုံသံများသည် နွားတစ်အုပ်နှင့် တစ်အုပ် မတူ။ အသံကြားရုံမျှဖြင့် မည်သူ့နွားဆိုသည်ကို ခွဲခြား၍ သိနိုင်သည်။

မိုးရွာပြီးစ ကာလများဆိုလျှင် နွားခြေရာ (ခွာချပ်)ကို ကြည့်လျက်လည်းကောင်း၊ နံရံ (ကုန်းကမ်းပါးယံ)ကို ဦးချိုဖြင့်ထိုးကော်ခြင်း၊ ကိုယ်လုံးဖြင့်ပွတ်တိုက်ခြင်းများဖြင့် ခွဲခြားကြရသည်။

တချို့နွားများက ညာဘက်ကို အစားများကြ၍ တချို့တလေသာလျှင် ဘယ်ဘက်ခြမ်းကို လျှမ်းဟပ်တတ်ကြသည်။ နွားကျောင်းသားချင်း ကိုယ်ပိုင် သင်္ကေတရှိကြသည်ချည်းပင်။ အငှားကျောင်းသူ၊ မွေးဖက်သူ၊ မွေးမြူသူတို့ ကား နွားများ၏အထာကို သိရန် လွယ်ကူသည် မဟုတ်ချေ။ ငှက်ပျောင် စိုက် မိလိုက်ဖသာ ဆိုသည့်စကားကဲ့သို့ မွေးကတည်းက နွားကျောင်းလာခဲ့သူ များကား နွားတွန်သံ၊ နှာမှုတ်သံကြား ခါမျှဖြင့် အဘယ်ကြောင့် တွန်သည်၊ မှုတ်သည်ကို နားလည်ကြသည်။

ကိုချစ်နွယ် ဆဋ္ဌမတန်းအရော မှာ တစ်ယောက်တည်း နွားကျောင်း ဖူးသည်။ ညီမရှိ၊ အစ်ကိုမရှိ၊ အစ်မ တစ်ဦးတည်းသာရှိသည့် ကိုချစ် အဖို့ အိမ်ဆိုသည်မှာ ည တစ်ပါး၊ နေ့ခင်း အိပ်နေရသည်





www.burmeseclassic.com

www.burmeseclassic.com




# ချောဘဝိုင်း (ဝတ္ထု)

## အဖေ့အကြိုက်နှင့် မွေးမေ့ဆုံးဇဝကား

အဖေနှင့် ယာခုတ်၊ ယာထွန်၊ မျိုးစေ့ချ၊ ထွန်ကြားလိုက်၊ အခင်းစောင့်၊ နွား ကျောင်းဖြင့် တောထဲမှာသာ အချိန် ကုန်ခဲ့သည်။ သီးနှံကောင်းလွန်းသည့် အခါ ယာထဲက တဲမှာ ညအိပ်စောင့် ခဲ့ရသည်များမှာလည်း မရေမတွက်နိုင် တော့။

အဖေက လူတစ်မျိုး၊ ဘာကိုမှ ကြောက်တတ်သူမဟုတ်၊ သုသာန်တွင် စွန့်ပစ်ထားခဲ့သည့် ယာယီပျက်မှ ဝါးလုံး အတိုအစများ၊ သံများသည် သူ့ယာတဲ ဆောက်လုပ်ရန် အဆင်သင့်ရှိနေကြမြဲ။ ရောင်စုံစက္ကူစများက တဲစွန်းမှာ တလွင့် လွင့်၊ ခေါင်းဖုံးများသည် တချို့ ကြမ်းခင်း တချို့ ကုလားထိုင်၊ တချို့က စားပွဲ။ အဖေ့တဲသည် တဲနှင့်မတူ၊ တော်တော့် အိမ်ကလေးသဖွယ် အကာအရံ၊ ကဲ လား၊ တံခါးပေါက်နှင့် ညအခါ ခွေးပင် မတက်နိုင်။

အကုသိုလ် မလုပ်သော်လည်း နွားခေါင်း၊ ဆိတ်ခေါင်း၊ ဖွတ်သား၊ ချေသား၊ သမင်သားတို့ကို လွန်စွာကြိုက် သည်။ ယုန်သားဆိုလျှင် အကောင် လိုက်ဝယ်ချက်သည်။ စားသာစားသည်၊ တောကြက်မထောင်၊ ယုန်မလိုက်၊ သမင်မပစ်၊ ကျော့ကွင်းမထောင်၊ အခြားသူရောင်းချမှသာ ဝယ်၍စား သည့် လူဆန်းတစ်ဦးဖြစ်သည်။

ဖွတ်များရလို့ကဖြင့် တစ်ကောင်



www.burmeseclassic.com

www.burmeseclassic.com

လုံး မီးမြိုက်၊ အရေခွံခွာ၊ ခေါင်း၊ ခြေလက်ဖျားများ ဖြတ်၍ ဆီလည် ရေလည်ချက်သည်။ ကြက်သွန်ဖြူ ပင်စိမ်း၊ မဆလာတို့ဖြင့် စိတ်ရှည်လက်ရှည်ချက်စားသူ ဖြစ်သည်။ အမေက လှည့်၍ပင် မကြည့်။ အမေသည် လူမှန်း သိစကတည်းက ယနေ့ (၉၉)နှစ် သက်တမ်းရှိသည်အထိ အမဲသား၊ ကျွဲသား၊ မြင်းသား၊ ကြားသား၊ မြင်သားကို မစားခဲ့သူဖြစ်သည်။ အမေက ကိုချစ်နွယ်ကို အမြဲဆုံးမခဲ့သည့် စကားမှာ ပါဏာတိပါတက်၊ ကာမေသုမိစ္ဆာစာရက်၊ သုရာမေရယကံ ဤသုံးကံကို အသက်နှင့်လဲ၍ စောင့်ထိန်းရန် အမြဲမှာကြားသည်။ ကျန်သည့် ကံနှစ်ပါးကို မစောင့်ထိန်းနှင့်ဟုမဆို ထိုသုံးကံအတွက်သာ အထူးဆုံးမခြင်း ဖြစ်သည်။

အမေသည် လူ့လောကထဲသို့ တစ်ယောက်တည်း ရောက်လာခဲ့ပြီး တစ်ယောက်တည်းပင် ယနေ့ အသက်တစ်ရာပြည့်ခါနီးထိ နေထိုင်သူ ဖြစ်သည်။ ကျွန်တော်ဆိုသည့် မောင်ချစ်နွယ်သည်သာ အဖော်အဖြစ် တိုးတိုးဖော်ရှိသည်။

ထိုနေ့ကို ယနေ့ထိ မေ့မရသေးပါ။ ကိုချစ်နွယ်တစ်ဦးတည်းနွားကျောင်းထွက်ရသည့်နေ့။ ပေါ်ဦး၊ တော်ဦးစသည့် အတန်းကျောင်းသားများ ကျောင်းပိတ်ရက် မဟုတ်၍ အဖော်ခေါ်မရ။ အမေက စလင်းဈေးသို့ သွားနေသဖြင့် အဖေက အိမ်စောင့်၊ လက်လီဈေးဆိုင်ဖွင့်၊ နွားစာကျွေးရင်း အိမ်မှာနေရစ်သည်။

မိုးလေးက စိုစွတ်စွတ်ရွာထားသည်။ နံနက်ပိုင်းကတည်းက ထမင်းထုပ်ကလေး လွယ်အိတ်ထဲထည့် လာခဲ့သည်။ နွားများကို မြက်လုံထဲပို့လျက် အဖေ့ယာထဲမှာ စာဖတ်ရင်းနားတော့မည်ဟု စိတ်ကူးရင်း နွားအုပ်ကို မောင်းလာခဲ့သည်။

ဂလောင်၊ ဂလောင်၊ ဒုံ၊ ခွပ်၊ တောက်၊ တက်၊ တောက်ဆိုသည့် နွားခလောက်သံ၊ သံဂလုံသံများဆူညံလျက် မြက်လုံထဲ နွားများသွင်းလျက် တဲပေါ်မှာ ဇိမ်နှင့် လဲလျောင်းနေမိသည်။ ထမင်းပင် မစားရသေး၊ ဘယ်လိုက ဘယ်လိုဖြစ်သွားသည် မသိ၊ အိပ်မောကျသွားသည်မှာ ရုတ်တရက် လန့်နိုးလာတော့ နေမွန်းတည့်သာသာ ရှိပြီ။ သတိရ၍ နွားများကို ကြည့်လိုက်တော့ မြက်လုံထဲမှာ တစ်ကောင်မှ မရှိပြီ။ ခလောက်သံ၊ သံဂလုံသံများလည်းတိတ်နေပြီ။ ခက်ပေါ့။ အပေါက်တစ်ပေါက်က တိုးထွက်ကြတာဖြစ်သည်။

နွားတို့သဘောက မိုးစိုစိုနှင့် မြက်ကို မစားချင်၊ ရေမစိုသည့် ကုန်းကျကျနေရာမျိုးတွေမှာသာ စားချင်သည့် အမျိုး။ ကြာကြာတွေးတောနေ၍ မဖြစ်၊ ဆည်ကန်နွားတိုက်၊ ဂွင့်ကျင်း၊ ဘူးခါး ရွာများမှ နွားတိုက်တွေနှင့် ရောနှောကုန်လျှင် ခွဲထုတ်ရ အလွန်ခက်သည်။ နွားသိုးချင်း ဖေ့ကြသည်ဆိုလျှင်လည်း ကျိုးပဲ့ကန်းဖြစ်တတ်သည်။

တိုင်တွင် ချိတ်ဆွဲထားသည့် ခမောက်စုတ်ကလေးကို ဆောင်း၊ ဓားမတို ခါးကြားထိုးလျက် နွားများထွက်နိုင်မည့် နေရာကို ရှာဖွေရသည်။ ကြာကြာမရှာရ။ ခွေးခလောက်ပင်နှင့် ဆီးချုံကြားမှာ နွားတိုးဝင်ရာ အပေါက်က ဟင်းလင်းကြီး။

အမွေးဆောင်းသော နွားအချို့၏ အမွေးများမှာ ဆူးချုံနှင့် ငြိလျက် ကျန်ရစ်သည်။ယာပြင်ထွက်၍တောနက်ရာ ရောက်နေကြပါက ကျားသစ်စာမိမည်။ တော်တော်ခက်သည့် နွားများပါကလား။

မိုးရေစွတ်စွတ်ဖြစ်နေသည့် ကျစ်ကမ်းပါးယံများကို ကြည့်ရသည်။ စာဥနွားသိုးချိုသွေးသလား၊ နွားပြာမများကျစ်ရေကို လျှက်သွားသလား။ ဟောထူး (ကုန်းရေအိုင်)ချိုင့်ထဲမှာ ရေဆင်းသောက်သွားကြသကိုး။ နွားချေးအစိုများက ဟိုတစ်ပုံ သည်တစ်ပုံ၊ မသချာပြီ။ သည်နွားတွေ အဝေးမရောက်သေး။ ဘညာဏ်အေး ပဲစင်းငုံကွက်ထဲမှာ ဝင်စားနေလို့ကတော့ အဆဲခံရတော့မည်။

ကုန်းအမြင့်ပေါ်၌ ပေါက်နေသည့် ဒဟတ်ပင်ကြီးပေါ်သို့ ကိုချစ်နွယ်တက်လိုက်သည်။ မိုးရေစိုနေသဖြင့် ပင်စည်များ ချောနေ၏။ မကြာခဏ ခြေချော်ကျသည်။ လက်ကသာ မြဲမြဲခိုင်ခိုင်ကိုင်မထားလျှင် မြေပေါ်သို့ ကျရောမည်။

အပေါ်ဆုံးခွဆုံတွင် ထိုင်လျက် အရပ်လေးမျက်နှာပြည့်အောင် ရှာဖွေခဲ့ရာ ဆင်သေမြောင်အစပ်ရှိ ပဲစင်းငုံတောထဲမှာ မြင်ရပြီ။ ခရီးဝေးသဖြင့် ဆိတ်အရွယ်သာ မြင်ရ၏။

ကိုချစ်နွယ် ကျေနပ်စွာပြုံးလျက် ဆင်သေမြောင်စပ်သို့ အသံမပေးဘဲ ဆင်းလာခဲ့သည်။ ခွာရုပ်ထားသည့် ကျစ်စာခဲများ၊ နွားချေးအပျော့များ၊ ဆွဲထားသည့် ကုတ်ခြစ်ရာများကို တွေ့ရသည်။ နွားအုပ်သည် ပဲပင်ကို ခွလျက် အညွန့်အခက်များကို ဟပ်စားနေရာ ကိုချစ်နွယ် အနားရောက်နေသည်ကိုပင် မသိ။

ကိုချစ်နွယ်သည် ထိုင်နေရာမှ ပုဆိုးခြုံလျက် ရုတ်တရက် မတ်တတ်ရပ်လိုက်ရာ ဝုန်း၊ ဝေါ၊ ဂလောင်၊ ဂလောင်၊ ထုတ်၊ တက်၊ တုတ်၊ တက် အသံမျိုးစုံဖြင့် နွားများ ဖင်ထောင်၍ ပြေးကြလေ၏။ မိမိလိုရာခရီးသို့ ရောက်သည်တွင် ရှော့၊ ရှော့၊ ရှော့ အသံပေး၍ ချော့ယူရသည်။ နွားအချို့၊ နားရွက်ထောင်၊ မျက်လုံးပြူး၊ အမြီးထောင်လျက် ရှိနေကြဆဲ။ အလန့်မပြေကြသေးပေ။ ကျွတ်၊ ကျွတ်၊ ကျွတ် စုတ်သံပေးလိုက်မှ သခင်ကို မှတ်မိသွားကြကာ မြက်လုံခြင်းထဲသို့ လာရာလမ်းမှပင် တိုးဝှေ့ဝင်ကြလေတော့၏။

စိတ်အေးချမ်းသာစွာဖြင့် ဝဲယာသို့ ကြည့်မိရာ လားလား၊ သုတ်တိုင်တွင် ကားလရားမိနေသည့် ဘဲကြီးတစ်ကောင်ပါကလား။ အိမ်မိကျောင်းဖြစ် မြစ်မချမ်းသာဟု သူကြားဖူးသည်။

www.burmeseclassic.com

ရုပ်ရှင်တွေထဲမှာ၊ တီရစ္ဆာန်ရုံထဲမှာ တွေ့ဖူးသည့် မိကျောင်းနှင့် ရုတ်တရက် တူ၍ တင်စားခြင်းသာ ဖြစ်မည်။ ဖွတ်၏ ကျောရိုးမှသည် အမြီးဖျားထိ အနည်းငယ် ကြမ်းတမ်းသည်ကလွဲ၍ ခြေလက်များ မိကျောင်းနှင့် တူသယောင်ယောင်။ လေထဲတွင် သုတ်ကိုင်းဖျား၌ တန်းလန်းဖြစ်နေသည့် ဖွတ်သတ္တဝါသည် ကိုချစ်နွယ်ကို ကြောက်ရွံ့သော ရန်လိုသော အသနားခံသော မျက်လုံးများဖြင့် ကြည့်နေသည်ဟု ခံစားရသည်။

သူသေရတော့မည်ကို သိနေပုံရ၏။ ရှေ့သို့ အတင်းရုန်းကန်ထားသည်တွင် ရှေ့လက်နှင့် နောက်ခြေအစုံကြားဝယ် အရေပြားအချို့ စုတ်နေ၏။ ကြောက်လွန်း၍ ချေးများပါနေသည်။ တစ်ချက်တစ်ချက် ဟလာသည့် ပါးစပ်မှ လျှာအနီနှံ့စ်ခွသည် ဝင်လိုက် ထွက်လိုက်။ စတီးကြိုးဖြင့် သေချာကျနစွာ ထောင်ထားသည့် ထိုသုတ်ကိုင်းဖျားမှ မည်သည့်နည်းဖြင့် . လွတ်မည်နည်း။ ထောင်ထားသူ ရောက်မလာမချင်း သေသည်ထိ ဤသုတ်ကိုင်းတွင် နေရတော့မည်။

"လူလေး ဖွတ်သားရလို့ကတော့ ခေါင်းဖြတ်ပြီးသာ ယူခဲ့၊ အဖေ လျှာလည်သွားအောင်ချက်ကျွေးမယ်၊ ဖွတ်ဉ၊ လိပ်သည်း (အသဲ)၊ ကျွဲနို့ခဲလို့ အလွန်ဆိမ့်တဲ့အရသာကို တင်စားကြပေမယ့် ဆူဖြိုးတဲ့ ဖွတ်သားကို မှီတဲ့အသားမရှိဘူးကွ၊ ရတဲ့နေရာက ဝယ်ခဲ့ကွာ နော်သပေ့"

လွန်စွာ ဖွတ်သားကြိုက်သည့် အဖေ့အသံကို ကြားယောင်မိသည်။ အဖေကြိုက်သော အသားများထဲတွင် အမဲ၊ ကျွဲ၊ ဆိတ်၊ သမင်၊ ချေ၊ ဖွတ်၊ ငှေး စုံလှသည်။

အဖေ့အကြိုက် ယူသွားလိုက်ရင် နှင်တွနှင့်ရိုက်လိုက်ရ နှစ်ချက်ပေ့။

"သူ့ကို သတ်ဖြတ်၊ သက်တိုဘတ်၊ မသတ်အသက်ရှည်တဲ့သားရဲ့၊ ကိုယ့် ပယောဂကြောင့် သူတစ်ပါး အသက်မသေစေနဲ့၊ အမေ့သား ဆယ်တန်းအောင်လို့ စစ်တပ်ထဲ ဝင်မယ်ပြောတုန်းက အမေတားခဲ့တာ နိုင်ငံရန်ကို မကာကွယ်စေချင်လို့မဟုတ်ဘူး၊ အမေလဲ နိုင်ငံကို ချစ်တာပဲ၊ နိုင်ငံအတွက် အသက်ပေးဖို့ ဝန်မလေးဘူး၊ စစ်သားဆိုတာ အမိန့်ကို တိကျစွာ လိုက်နာရတဲ့အမျိုး၊ မှားရင် နောက်မှ ရှင်းမယ်၊ ပစ်ဆို ပစ်ပဲ။

အေး ကိုယ်ပစ်လိုက်တဲ့ ကျည်ဟာ အပြစ်ရှိသူရော၊ အပြစ်မဲ့သူကိုပါ ထိခိုက်တတ်တယ်၊ ဒါကြောင့် နိုင်ငံဝန်ကို ထမ်းချင်ရင် တခြားဝန်ထမ်းလုပ်ပါ၊ အမေ နားလည်သလောက် ပြောမယ်၊ သူတစ်ပါးအသက်ဆိုရင် ခြင်တစ်ကောင်တောင်မသတ်နဲ့၊ ဗုဒ္ဓရှင်တော်ဘုရားက သူတစ်ပါးအသက်ကို သတ်ဖြတ်ခြင်းမှ ဝေးစွာ ရှောင်ကြဉ်ရမယ်လို့ ဟောခဲ့တယ်၊ သူတစ်ပါး အသက်ကို ဖတ်နိုင်သမျှ ကူညီကယ်တင်ရမယ်ကွဲ့ မှတ်ထားလူလေး"

အဖေနှင့် အမေတို့၏ စကားများသည် သဘောသွားချင်း သိပ်မကွာလှ။ အသားစားလိုသော်လည်း သေပြီးသားမှ စားလိုသော အဖေ၊ စေတနာမပါဘဲ သေဆုံးမှသာ စားသုံးမည်ဆိုသည့် သဘော။

အမေကတော့ဖြင့် သူတစ်ပါးအသက်ကို ကယ်တင်ဖို့ ကိုယ့်အသက်ကိုယ့်ဘဝပေးရပါစေ သူ့အသက်ကို ဘယ်သောအခါမှ မသတ်မိဖို့။

မိမိရှေ့တွင် တွေ့နေရသည့် ထိုသတ္တဝါသည် ကိုချစ်နွယ် ပြုသမျှ နုရတော့မည်။

"လူကလေး ဆဒ္ဒန်ဆင်မင်းဟာ သူ့အသက်ကို သတ်မယ့် သောနုတ္တိုရ်မုဆိုး သူ့ချက်အောက်မှာရှိမှန်းသိရက်နဲ့ မသတ်ခဲ့ဘူး၊ ဆင်အများ နင်းခြေသတ်မှာကို ကာကွယ်ခဲ့တယ်၊

ဘုရားအလောင်းများ မိခင်နေမကောင်းလို့ ယုန်သားစားရမှ ကျန်းမာလာမှာ သိရက်နဲ့ လက်ထဲရောက်နေတဲ့ ယုန်ကို လွှတ်ပစ်ခဲ့ဖူးတယ် ငါ့သားဘယ်သောအခါမှ သူ့အသက် မသတ်လေနဲ့၊ လက်ရှိဘဝမှာလဲ ကျန်းမာမယ်၊ သံသရာတစ်လျှောက်မှာလဲ အသက်ရှည်ကျန်းမာတဲ့ အကျိုးကျေးဇူးခံစားရလိမ့်မယ်သား"

ကိုချစ်နွယ် ပါဏာတိပါတကံနှင့် ပတ်သက်၍ တရားမနာဖူးပါ။ ကြီးမှ နာကြားခဲ့ရသူ ဖြစ်၏။ အမေ့ရင်ခွင်တွင် ခေါင်းထိုးဝင်လျက် အမေ ဆုံးမသော စကားများဖြင့်သာ ကြီးပြင်းခဲ့ရသူ ဖြစ်သည်။ သူ ဆုံးဖြတ်ချက်ကို ပိုင်ပိုင်နိုင်နိုင် ချလိုက်ပြီ။

သုတ်ကိုင်းကို အခြေမှ နုတ်လိုက်သည်။ ဖွတ်သတ္တဝါ၏ အလေးချိန်ကြောင့် သုတ်ကိုင်းဖျားသည် မြေပြင်ကို ဗုန်းခနဲ ရိုက်မိ၏။

အနေတော်ရှိမှ သံကွင်းလျှောကို နှင်တံနှင့် ဖိနင်းလျက် ဖေးမဦးဖြင့် ဖြည်းညင်းစွာ ချဲ့ယူရသည်။ ဖွတ်တိုက်မှာကိုလည်း စိုးရိမ်ရသေးသည်။

လျှောကွင်းမှ လွတ်သွားသော်လည်း ရုတ်တရက် မသွားသေးသည့် သတ္တဝါကို နှင်တံဖြင့်တို့လျက် သတိပေးလိုက်ရသည်။

"ကဲ မင်း ဘေးလွတ်ရာကိုသွား၊ ငါ မင်းကို ရန်ပြုသူမဟုတ်ဘူး၊ မင့်ကို ကယ်ခဲ့တဲ့သူပါ၊ ကဲ သွားတော့ သွားတော့"

ကိုချစ်နွယ် စကားဆုံးသည်နှင့် စကားကို နားလည်သည့်အလား တရွေ့ရွေ့ ထွက်ခွာသွားသည့် ထိုသတ္တဝါကို ကြည့်လျက် ကိုချစ်နွယ် ပီတိဖြာဝေခဲ့သည်။

အမေ့စကားကို နားထောင်ခဲ့မိပြီ။ ကိုချစ်နွယ် တွေးမိတိုင်း ယနေ့ထက်တိုင် ကြည်နူးဝမ်းမြောက်နေဆဲပင်။ ကိုယ်ချင်းစာတရား ထားနိုင်ကြပါစေ။

❒ ရွှေသထိုင်း(ဓနဖြူ)



www.burmeseclassic.com

www.burmeseclassic.com

# မြစ်ပွါးနာ(ခ)ကင်ဆာအတွက် ဆေးစွမ်းထက်သည့် ဆေးဆရာတစ်ဦးပေါ်ထွက်လာခြင်း



ကင်ဆာအထူးကုသမားတော်ကြီး
ဦးကိုကိုလတ်
သမားမှတ်ပုံတင်အမှတ် ခ/၆၂၀၁

## ကင်ဆာ၊ မြစ်ပွားနာ အထူးကုတိုင်းရင်းဆေးကုခန်း

သမားတော်အမှတ်စဉ်–ခ/၆၂၀၁ကို ကိုင်ဆောင်ထားသော တိုင်းရင်းဆေးသမားတော်ကြီး ဆရာဦးကိုကိုလတ်သည် ကင်ဆာရောဂါများဖြစ်သော သားအိမ်တွင် အနာရှိခြင်း၊ အဖြူဆင်းခြင်း၊ သွေးပုပ်ဆင်းခြင်း၊ သားအိမ်ရောင်ခြင်း၊ ဆီးစပ်ကိုက်ခြင်း၊ ဆီးခုံရောင်ခြင်း၊ သားအိမ်တွင် သွေးလုံး၊ အသားလုံး၊ အကြိတ်လုံး၊ သွေးသဖျက်နိုင်၊ သားအိမ်ခေါင်းကင်ဆာ၊ သွေးကင်ဆာ၊ ကျောက်ကပ်ကင်ဆာ၊ လည်ပင်းကင်ဆာ၊ ရင်သားကင်ဆာ၊ အသည်းကင်ဆာ၊ လျှာကင်ဆာ၊ အသားကင်ဆာ၊ အကြောကင်ဆာ၊ အဆုတ်ကင်ဆာ၊ အူမကြီးကင်ဆာ၊ ပါးစောင်ကင်ဆာ၊ အသည်းတွင် ရေအိတ်တည်ခြင်း ကင်ဆာနှင့် ပတ်သက်သော အတွင်းနာမှန်သမျှနှင့် လေးဘက်နာဘီပိုး၊ စီပိုးရောဂါများကို သက်သာ ပျောက်ကင်းအောင် အထူးကုသပေးနေပါသည်။ ကမ္ဘာတစ်လွှားတွင် ဖြစ်ပွားနေသော ရောဂါများအနက် ကင်ဆာရောဂါသည် အလွန်ကြောက်မက်ဖွယ်ကောင်းသော ရောဂါတစ်မျိုး ဖြစ်ပါသည်။ ထိုရောဂါဖြစ်ပွားပြီး တစ်နှစ်၊နှစ်နှစ် အတွင်း ဝေဒနာကို ပြင်းထန်စွာခံစားရပြီးမှ သေဆုံးကြရသည်က များလှပါသည်။ သားအိမ်ကင်ဆာနှင့် သားအိမ်ခေါင်း ကင်ဆာတို့ကြောင့် ကမ္ဘာတစ်လွှားရှိ အမျိုးသမီးများသည် လေးမိနစ်လျှင် တစ်ယောက် သေဆုံးနေကြသည်ကို လူအများ တွေ့မြင်သိရှိကြရပါလိမ့်မည်။


ဤတိုင်းရင်းဆေးအား အသုံးပြုပြီး ရက်ပိုင်းအတွင်း ထူးခြားစွာ သက်သာပျောက်ကင်းစေပါသည်။ ကင်ဆာဆိုလျှင် ထိတ်လန့်ကြောက်ရွံ့စရာ မလိုတော့ဘဲ ဆရာထံသို့ လာရောက် ကုသနိုင်ပါသည်။ ထို့ကြောင့် ကင်ဆာရောဂါ ဝေဒနာရှင်များ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲမှုမှ ကင်းဝေးစေနိုင်စေရေးအတွက် ရောဂါများကို သက်သာပျောက်ကင်းအောင် ကုသပေးနိုင်သည့် ဆရာကောင်းတစ်ဦး ပေါ်ထွက်လာပြီ ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။ ဆရာ့ထံ တွေ့လိုပါက ဖုန်းနှင့်ကြို၍ ဆက်သွယ်ပါ။

| | | |
|---|---|---|
| ဆေးခန်းတည်နေရာ | – | ကန်သာယာမှတ်တိုင်၊ အမှတ်– မပ/၁၆၂၊ ဥယျာဉ်သာယာလမ်း ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| လမ်းညွှန် | – | ၄၈၊ ၂၀၂၊ ၁၂၄၊ (အထူး)ကွန်ပျူတာ၊ ၁၉၇၊ ၁၇၇၊ ၁၈၈ ရွှေပြည်သာကားများစီး၍ ကန်သာယာမှတ်တိုင်တွင် ဆင်းပါ။ |
| ဆက်သွယ်ရန်ဖုန်း | – | ဝ၉–၇၃၀၆၁၆၇၃၊ ဝ၉–၃၁၉၃၀၇၉၆၊ ဝ၁–၇၀၀၆၄၄၊ |



www.burmeseclassic.com

www.burmeseclassic.com




တက်ဝင်းဦး

# ချစ်တတ်တဲ့အသည်း မဆာဘဲရှိပါ့မလား

"သွားတော့မယ်မောင် . . နော်"

ညင်သာစွာပြောရင်း အလှဆုံးပြုံး၍ သွယ်လျသည့် ညာလက်လေးကို ယမ်းကာ နှုတ်ဆက်နေသည့် ယွန်းကို ကျွန်တော်ကြည့်ပြီး မျက်စိပင် မမှိတ်မိ။ ဖြူဖွေးသော ထက်အောက်သွားတို့ကိုရော၊ မထူမပါး ထက်အောက် နှုတ်ခမ်းနှစ်လွှာကိုရော တပ်မက်စွာကြည့်နေမိသည့် ကျွန်တော့် မျက်လုံးအစုံကို ကျွန်တော် သတိမထားမိ။

www.burmeseclassic.com

www.burmeseclassic.com

အတော်ကြာမှ ခေါင်းညိတ်အဖြေပေးသည်။ သွားတော့လေ ဆိုသည့် သဘော။

ယွန်း ထွက်သွားပြီ။ အထက်အောက် အနက်ရောင်ဝမ်းဆက်နှင့် ဖြူဖွေးသောအသားအရေ၏ လိုက်ဖက်မှုက ကျွန်တော့်မျက်လုံးတို့မှာ ကြည့်မဝ ဖြစ်နေသည်က အမှန်။

ကြည့်ရင်း ရင်ခုန်လို့ပင် မပြီးနိုင်တော့။ အနက်ရောင်ကြိုက်သည့် ယွန်း။ တစ်ပတ်ကို အနက်ရောင် လေးရက်ခန့် ဝတ်ပြီး ကျန်ရက်တွေကိုတော့ ခရမ်းရောင်၊ တစ်ခါတလေ အပြာ၊ တစ်ခါတစ်ရံ ဖက်ဖူးရောင်။ အဲ အနက်ရောင်ဝမ်းဆက်ကတော့ အမြဲလိုလို။

ဒီကနေ့လည်း အနက်ရောင်နှင့်။ ပေါင်တံလှလှ ခြေသလုံးလှလှနှင့် လက်မောင်းအိုးလှလှလေးတွေကို ဖြံုငုံပြီး မြင်ရသည့် အဝတ်အစားမျိုး။ တစ်ခါတစ်ရံမှာတော့ ဘောင်းဘီရှည်နှင့်။ ဘာပဲဖြစ်ဖြစ် ယွန်းသည် ဘောင်းဘီရှည်ပဲ ဝတ်ဝတ် စကတ်တိုပဲ ဝတ်ဝတ် ကြည့်ကောင်းသည့်သူ။

ယွန်းတစ်ယောက် ကားလမ်းတစ်ဖက်ကူးသွားပြီး မျက်လုံးအောက်ကနေ မမြင်ရတော့မှ ကျွန်တော့်အကြည့်များ ရုပ်သိမ်းသည်။ ပြီးတော့ ကားမှတ်တိုင်ဘေးရှိ ဗာဒံပင်အရိပ်မှာ ရပ်နေမိသည်။

ကားမှတ်တိုင်မှာတော့ လိုင်းကားစောင့်သူတွေ၊ ဈေးသည်အချို့နှင့် ကျွန်တော်တို့လို တက္ကစီအငှားသမားတွေ။ ပြီးတော့ ဆိုက်ကားသမားအုပ်စုတွေရှိနေသည်။ ကျွန်တော်နှင့် ယွန်းအဖြစ်ကို သိနေသည့် ကျော်ငြိမ်းက ရယ်ကျဲကျဲနှင့် ပြောလာသည်။

"မင်းမောင် မင်းကတော့ ကြာလေ အရူးရင့်လေပဲနော်၊ ကိုယ်တော့ မင်းကို အားကျချင်ပြီဟေ့၊ ဒါပေမယ့် အရူးတော့ အဖြစ်မခံချင်ဘူး"

ကျော်ငြိမ်းက သူ့ကားခေါင်းထဲ ဇိမ်နှင့်ထိုင်၊ ဝတ္ထုတစ်အုပ်ကို ဖတ်ရင်း ပြောသည်။ ကျော်ငြိမ်းသာမက ဆိုက်ကားသမား ကိုပေါက်ကလည်း သူ့ဆိုက်ကားပေါ် ထိုင်ရင်း မုတ်ဆိတ်မွေးကို သပ်ရင်း ပြောလာပြန်သည်။

"အဟင်း ဟင်း ဟင်း၊ ကောင်မလေးရဲ့ အလှကတော့ မြင်သူ အသည်းကြွေလောက်တယ်ဟေ့၊ ဒါကြောင့်လဲ ငါတို့အကောင် တန်းတန်းစွဲဖြစ်နေတာ၊ ဖြစ်လဲဖြစ်လောက်ပါတယ်လေ၊ ကိုယ်တောင် ကောင်မလေးကို ကြည့်ရင်း မျက်လုံးကျွတ်ထွက်မတတ် ဖြစ်နေမိတာ"

သူတို့အပြောတွေကြောင့် ကားသမားအုပ်စုရော၊ ဆိုက်ကားသမားတွေပါ ရယ်ကြသည်သာမက ကွမ်းယာရောင်းသည့် ကိုလှမောင်ပင် ရယ်နေသေးသည်။

"တော်ကြတော့ကွာ"

ဟုပြောရင်း ကားတံခါးဖွင့်ကာ ဂျာနယ်တစ်စောင်ကို ဖတ်ရင်း ခရီးသည်ကို စောင့်ရင်း ယွန်းနဲ့ တွေ့ပုံကို ပြန်တွေးနေမိသည်။

"မင်းမောင် ကားငှားနေတယ်"

"အင်"

ကျော်မြင့်တို့ စကားကြောင့် ဂျာနယ်ကြည့်ရင်း ဘေးကိုကြည့်မိသည်။ တံခါးကို ကပျာကယာဖွင့်ပြီး ဆင်းသည်။ အမျိုးသမီး တစ်ဦးနှင့် အမျိုးသားလေး တစ်ယောက်။ ခရီးဆောင်အိတ်တွေနှင့်။

"ဘယ်သွားမလဲ ညီမလေး"

"အဝေးပြေး"

"အောင်မင်္ဂလာလား"

"ဟုတ်တယ် အစ်ကို"

လိုက်နိုင်သည့် ကြေးကို ပြောသည်။ ပေးသူကလည်း ပေးသည်။ ဒီတော့ အဆင်ပြေသွားသည်။

မောင်နှမ နှစ်ယောက် ကားနောက်ခန်းမှာထိုင်၊ ခရီးဆောင်အိတ်တွေကို ဘေးမှာထား။

ကျွန်တော် ဘုန်းကြီးလမ်းမှတစ်ဆင့် ပြည်လမ်းပေါ် တက်ခဲ့သည်။ လှည်းတန်းမှနေ၍ ရှစ်မိုင်၊ ရှစ်မိုင်မှ မြောက်ဥက္ကလာဘက်လမ်း မောင်းရင်းလာခဲ့သည့် ကျွန်တော်. . .။

ကျွန်တော် ကားတွေကြားမှာ ယာဉ်ကြောမှန်တိုင်း မောင်းရင်းလာခဲ့သည်။ ကားလေးသည် ပြည်လမ်းအတိုင်း ပြေးနေသည်။ အခြားကားတွေမျိုးစုံကလည်း သူ့ခရီးသူနှင်ရင်း ခရီးဆက်နေကြဆဲ။

ကျွန်တော်ရှေ့ အထက်နားရှိ နောက်ကြည့်မှန်လေးထဲမှနေ၍ နောက်ကျောရှိ သူမဆီ ကြည့်နေမိသည်။ ခပ်ကြာကြာကြည့်ရင် အားနာစရာမို့ တစ်ချက် တစ်ချက် ခိုးပြီးကြည့်မိသည်။

ကောင်မလေးက အတော်လှသည်။ သူမကလည်း မှန်ထဲမှနေ၍ ကျွန်တော့်ကို ကြည့်ရင်း ရယ်ပြသည်။ ပြုံးပြသည်။

ဒီကနေ့ စုရပ် သရက်တောကျောင်းတိုက်ဘေးမှာ နှစ်ကြောင်းရအပြီး နားနေစဉ် သူမတို့မောင်နှမနှစ်ဦး ကားငှားခဲ့သည်။ မြောက်ဥက္ကလာအဝေးပြေး ပို့ရမည်။

ကောင်မလေးက သူ့မောင်ဖြစ်သူ မန္တလေးပြန်တာကို လိုက်ပို့ခဲ့ခြင်းပင်။ ပြီးတော့ အပြန်အသွားတဲ့လေ။ တစ်ကြောင်းတည်းနှင့် နှစ်ကြောင်းရသည့် ကျွန်တော်။

နောက်ခန်းမှနေ၍ မောင်နှမနှစ်ယောက် စကားတွေပြော၊ ပြောရင်းနှင့် ကျွန်တော့်ဆီကြည့်သည့် သူမ၏ မျက်လုံးလှလှများ၊ ပန်းနုရောင် နှုတ်ခမ်းဖူးဖူးလေးများ။ ဖြူဖွေးဝင်းမွတ်သည့် သလုံးသားနှင့် လက်မောင်းသားအလှများက ကျွန်တော့်စိတ်ကို လှုပ်ရှားစေသည်။

ကားကြီးဝင်းထဲ ဝင်သည်အထိ မျက်လုံးချင်းဆုံရင်း ဖော်သိအမှတ်ပြုး

www.burmeseclassic.com

www.burmeseclassic.com

ည့် ကျွန်တော်နှင့် သူမတို့ရဲ့ ...

မောင်ဖြစ်သူကို ကားဂိတ်မှာချ။ ားထွက်ခါနီးမှ နှစ်ဦးသား ပြန်ခဲ့သည့် ဖြစ်။ ရင်ခုန်စရာတော့ ကောင်းနေ ည်။ သူမက သူ့မောင်ကို နှုတ်ဆက် ည်။

"သွားတော့ မမယွန်းရေ"

"ကောင်းပြီမောင်လေး၊ မန္တလေး ရောက်ရင် ဖုန်းဆက်နော်"

"ဟုတ်ကဲ့ မမယွန်း"

သည်တော့မှ သူမရဲ့အမည်က ယွန်းဆိုတာ သိလိုက်သည်။

"နာမည်က ယွန်းတဲ့လား"

"အဟင်း ဟင်း ဟင်း၊ မောင် လေးခေါ်သံ နားထောင်ပြီး မေးတာ လား"

"ဟုတ်တယ် ယွန်း"

"နာမည်အရင်းက ယွန်းဝတီ တဲ့"

"ဪ"

ကျွန်တော် ဘာမျှ မပြောတော့။ ယွန်းက ဘေးဝဲယာကို ကြည့်လိုက်၊ ကျွန်တော့်ကို ကြည့်လိုက်နှင့် ရှိသည်။ သူမထံမှ ခပ်သင်းသင်း ရေမွှေးနံ့ရသည်။ ရင်ထဲအေးမြသွားသည်။

"ဒါနဲ့ ဒီက ကားမောင်းတာ ကြာ ပြီလား"

မထင်မှတ်ဘဲ မေးလာသော သူမရဲ့စကား။ အလိုလိုကျေနပ်မှုတွေ ဖြစ်သွားသလိုလို။ ဘာကြောင့်မှန်းမသိ။ သူမ မသိအောင် ပြုံးမိပြန်သည်။

"ကြာပြီ ယွန်း၊ ငါးနှစ်လောက်ရှိ ပြီ"

"ဪ"

နောက်ထပ် ဘာမျှ မမေးတော့။ တစ်နာရီအကြာမှာတော့ ဘုန်းကြီးလမ်း ဆုံ ပြန်ရောက်လာသည်။ သရက် တော ကျောင်းဘေးမှာ ကားရပ်သည်။ သူမက အရင်ဆင်းသည်။ ကားခ ပေး သည်။

ပေးရင်းနှင့် ကြည့်နေသော သူမ ၏မျက်လုံးများက ကျွန်တော့် အပေါ်

သတိပြုမိသည်။

"ကျေးဇူးပဲ ယွန်း"

ပိုက်ဆံယူရင်း ပြောသည်။

ယွန်းက နှစ်လိုဖွယ်ထက်ပိုသော အပြုံးလေး တစ်ပွင့် ပြုံးပြရင်း ခေါင်း ညိတ်ပြနေသည်။

"နောက်ရက် ကိုယ်ဒီနေရာမှာ ရှိနေမှာပါ၊ လိုအပ်တဲ့အချိန် လာခေါ် ပါ ယွန်း၊ အချိန်မရွေးပေါ့"

"ဟုတ်ပြီလေ၊ ယွန်းလိုအပ်ရင် လာပြီး ခေါ်ပါ့မယ်၊ ယွန်း သွားတော့ မယ်နော်"

"နောက် တွေ့ရင်လဲ နှုတ်ဆက် ပါ ယွန်း"

ခေါင်းညိတ်ပြရင်း ပြန်သွား သည်။ နာမည်သာ မေးမိပြီး ဘယ်မှာ နေသည် ဘာလုပ်သည်ကိုပင် မမေးမိ။ ယွန်းကို စံပြရုပ်ရှင်ရုံဘက်ဆီ ဆင်းသွား တာ တွေ့ရသည်။

ယွန်းကို မမြင်ရတော့မှ သူငယ် ချင်းတွေ အနားသွားသည်။ သူငယ်ချင်း တွေက ရယ်ပွဲ ဖွဲ့ကြပြန်သည်။

တစ်ခေါက်တည်းနှင့် ဖုံ့နာခ ရသည့် အဖြစ်ထက် ခပ်ချောချော ကောင်မလေးနှင့် ရင်းနှီးခွင့် ရသွား သည်က သူငယ်ချင်းတွေအတွက် ရယ်ပွဲ ဖွဲ့စရာ ပိုကောင်းနေကြပြီ။

ကျွန်တော်ကတော့ ဘာမှ ပြန် ပြီး မပြောချင်။ စိတ်က သူမရဲ့ နောက် မှာ ပါသွားသလိုမျိုး။ နောက်တစ်ပတ် အကြာ သူမရောက်လာသည်။

"ဒီ . . . ဒီမှာ"

နာမည်မသိတော့ ကျွန်တော့်ကို ခေါ်သည့် သူမရဲ့ အသံက တုန်ခါနေ သည်။

"ဟင် . . . ယွန်း"

"ဟုတ်တယ်"

"ဘယ်သွားမလဲ ပြော"

ယွန်းက ဘယ်မှ မသွားသေး ကြောင်း၊ လမ်းကြုံလို့ ဝင်လာတာဖြစ် ကြောင်း၊ ပြီးတော့ ကျွန်တော်က ခရီး

...နေသည်မို့ စံပြရုပ်ရှင်ရုံ အောက် လက်ဖက်ရည်ဆိုင်မှာ ထိုင်ဖို့ ပြောသည်။

သူမကလည်း လက်ခံသည်။

"ဟိုနေ့က နာမည် မမေးမိဘူး၊ နာမည်က"

**"ကိုမင်းမောင်ပါ ယွန်း၊ မှတ်ထား ပေါ့"**

"ယွန်းထက် အသက်ကြီးတာ ဆိုတော့ ကိုမင်းမောင်လို့ပဲ ခေါ်မယ် လေ"

ထိုနေ့က နာရီဝက်ခန့် စကား ပြောဖြစ်သည်။ ဘာရယ်မဟုတ် ရောက် တတ်ရာရာ ပြောမိသည်။

နောက်သုံးရက်မြောက်နေ့တွင် ယွန်း ရောက်လာသည်။ သူငယ်ချင်း နှစ်ဦးပါသည်။ သာကေတ ရှခင်းသာ ဘက်သွားချင်သည်ဆို၍ လိုက်ပို့သည်။ အပြန်မှာ ယွန်း ပြန်ပါလာသည်လေ။

"ယွန်း"

"ရှင် ကိုမင်းမောင်"

"ယွန်းက လှတယ်နော်"

ကျွန်တော့်နှုတ်က ဆတ်ခနဲ ထွက်သွားသည့်စကား။ ယွန်းက ရယ် သံလွင်လွင်ပြုသည်။ သို့ကြောင့်လည်း ဖျတ်ခနဲ လှည့်ကြည့်မိသည်။

ကျွန်တော့်ခုံဘေး ထိုင်နေသည့် ယွန်း၏အလှကို အနီးကပ် ခြုံငုံကြည့် မိတော့ ပိုပြီး လှပစိုပြည်တာကို တွေ့ရ သည်ပဲလေ။

"ပြောကြတာပဲ"

ကလေးဆန်ဆန်ပြောနေသည့် ယွန်းကို ကြည့်ရင်း ကျွန်တော့်ရင်မှာ ပို၍ ဖိုလှိုက်သွားပြန်သည်။

**"ဟုတ်တယ် ယွန်း၊ ကိုယ်မြင်ဖူး တဲ့ ရန်ကုန်မြို့ပေါ်က မိန်းကလေးတွေ ထဲမှာ ယွန်းက အလှဆုံးပဲ"**

**ယွန်းရဲ့ ရယ်သံက စောစောက ထက် ပိုကျယ်လာသည်။**

**"ကိုမင်းမောင်ကတော့ တကယ် ပဲ ညာနေပြန်ပြီ"**

**"ကိုယ် မညာပါဘူး ယွန်း"**



www.burmeseclassic.com

www.burmeseclassic.com

"ကိုမင်းမောင် လှတယ်ထင်လို့ နေမှာပါ၊ ကဲပါလေ ကိုမင်းမောင်က လှတယ်ဆိုရင်လဲ ပြီးရော"

ကျွန်တော် ဘာမျှ မပြောမိတော့။ ယွန်းက ဘေးကို ကြည့်လိုက် ကျွန်တော့်ဘက် ကြည့်လိုက်။

"တကယ်တော့ ကိုမင်းမောင်က ယောကျ်ားပီသတယ်၊ နှုတ်ခမ်းမွှေး ရေးရေးလေးရယ်၊ မထူမပါး နှုတ်ခမ်း အစုံရယ်"

စေ့စေ့ကြည့်ရင်း ပြောနေသည့် ယွန်း၏ အကြည့်စူးစူးများကို အရဲကိုးပြီး တုံ့ပြန်ကြည့်လိုက်မိသည်။ အကြည့်များက နက်နက်နဲနဲ စူးစိုက်နစ်ဝင်နေသည်။ သို့ကြောင့်လည်း ဘာစကားမှ မဆိုမိကြ။

မကြာပါ။ ဂိတ်ထိုးရာကို ရောက်လာသည်။

"ကိုမင်းအောင် ယွန်း ပြန်မယ် နော်"

"ယွန်းလာရင် ပျော်တယ်၊ ပြန်မယ်ဆိုရင် သတိတရ ရှိနေမှာပါ ယွန်း"

"အဟင်း ပြောတဲ့အတိုင်း အမှန်စကားတွေပဲ ဖြစ်ပါစေ ကိုမင်းမောင်"

ပြောရင်း ပြန်သွားသည့် ယွန်း။ ယွန်း မရှိသည့်အချိန် အဖော်တွေနှင့် စကားပြော၊ အချိန်ဖြုန်း။ ခရီးသည်ရရင် သွားလိုရာ လိုက်ပြီးပို့။

လေးရက်မြောက်တွင် ယွန်းကို သူငယ်ချင်း မိန်းကလေးတစ်ဦးနှင့် တွေ့ရပြန်သည်။ သွားစရာရှိလို့ လမ်းကြုံလို့ ဝင်လာတာတဲ့လေ။

နောက်တော့ ကျွန်တော် စဉ်းစားမိသည်၊ ကျွန်တော် စိတ်လှုပ်ရှားနေမိတာ မျှော်နေမိတာ တမ်းတနေမိတာ တွေက ယွန်းအပေါ် မရိုးသားတဲ့ စိတ်တွေ ထားမိလို့များလား။

နှစ်လနီးပါး ကြာသည်အထိ အဖြေက ရဲရဲမရသေး။ ယွန်းနှင့်သာ ရံဖန်ရံခါဆုံဖြစ်ပြီး ကျွန်တော့်စိတ် ကျွန်တော် မဝေခွဲတတ်သေး။ နောက်တွင်တော့ အဖြေ တွေ့သွားသည်။

ကျွန်တော် ယွန်းအပေါ် တိမ်းညွတ်နေပြီ။ စိတ်ဝင်စားခဲ့ပြီ။ အဖြေကို ရှာတွေ့အပြီး ယွန်းနှင့် အတွေ့မှာတော့ ရင်ဖွင့်မိသည်။ ကျွန်တော် အဆိုးတော့ မဆိုသာ။

"ဟုတ်တယ်ယွန်း၊ ကိုယ် ယွန်းကို ချစ်နေမိပြီ၊ အဲဒါဆိုရင် ယွန်း စိတ်ဆိုးမလား"

ဟုပြောသည့်နေ့က ယွန်း စိတ်မဆိုး။ အဖြေတော့ မပေးသေး။ ခင်မင်မှုနဲ့ နေတာ မကောင်းဘူးလားဟု ဆိုပြန်သည်။

ကျွန်တော်က လက်မလျှော့။ နောက်တော့ နှစ်ဦးသား အလုပ်အားရက်တွေ ရုပ်ရှင်ကြည့်။ ပြည်သူ့ရင်ပြင် သွား။

ထိုနေ့က ကျွန်တော် ယွန်းရဲ့ အချစ်ကို ရခဲ့သည်လေ။

"တကယ်ပြောတာနော် ယွန်း" ချစ်တယ်ဟု ယွန်းနှုတ်က ပြောအပြီး ယွန်း၏ နူးညံ့လွန်းသည့် လက်အစုံကို ကိုင်ရင်း ပြန်မေးမိသည့် ကျွန်တော့်အသံက ဝမ်းသာမှုအပြည့်နှင့် တုန်ခါနေသည်ဟု ထင်သည်။

နားမလည်သည့် ပုစ္ဆာကို စိတ်မှန်းနှင့် တွက်ရင် အဖြေမှန်ပါ့မလားဆိုပြီး တွေးပူမိသည့် ကျောင်းသားတစ်ဦး၏ အဖြစ်မျိုး။

ခုတော့ အဖြေက မှန်သွားပြီ။ ယွန်းက ကျွန်တော့်ကို ချစ်ပါသတဲ့လေ။ သည်တော့ ကျွန်တော် ဝမ်းမသာဘဲ နေမည်လား။

"အဟင်း ဟင်း ဟင်း၊ ကိုမင်းမောင်က ယွန်းထက် ငါးနှစ်လောက် အသက်ပိုကြီးတယ်၊ အသက်ကြီးတော့ မို့တဲ့ စကားပုံ ရှိတယ်လေ၊ ပြီးတော့ ကိုမင်းမောင်လို ယောကျ်ားပီသပြီး ခန့်ချောကြီးချောတဲ့ လူတစ်ဦးရဲ့ အချစ်ကို လက်မခံတဲ့ မိန်းမက ငါးကြော် မကြိုက်တဲ့ ကြောင်မိုက်တစ်ကောင်ပဲ ဖြစ်တော့မှာပေါ့၊ ဟုတ်ဘူးလား ကိုမင်းမောင်"

ရယ်ကျဲကျဲ ပြောရင်း ယွန်းက သူမ၏ လက်ချောင်းလှလှလေးများဖြင့် ကျွန်တော့်၏ ပါးနုစ်ဖက်ကို ဖိညှပ်ကပ်ပြီး ပြောသည်။ ပြီးတော့ ကျွန်တော့် နှုတ်ခမ်းအစုံကို လက်ညှိုးလေးနှင့် ကလိသည်။ မနေ့က ရိတ်ထားပြီး ခပ်စိမ်းစိမ်း ဖြစ်နေသည့် နှုတ်ခမ်းမွှေးပေါက်သည့် အပေါ် နှုတ်ခမ်း အထက်နေရာကိုပါ ပွတ်သပ်နေသည်။

ကျွန်တော့်ရင်ထဲမှာ ကြည်နူး ကျေနပ်နေသည်။ ယွန်း၏ အပြုအမူတွေက ကျွန်တော့်အတွက် သာယာမှုတွေအပြည့်။ စူးစိုက်ကြည့်နေသည့် ယွန်းရဲ့မျက်လုံးအစုံ အကြည့်ကို ရင်မဆိုင်ရဲတော့။ အကြည့်ကို လွှဲဖယ်လိုက်သူက ကျွန်တော်။ ထိုနေ့က ယွန်းနှင့်ကျွန်တော် ပျော်ခဲ့သည်လေ။ မေ့မရတဲ့နေ့ တစ်နေ့။

သုံးရက်အကြာ ယွန်းနှင့် ပြန်တွေ့ဖြစ်သည်။

"ကိုမင်းမောင်လို့ မခေါ်ချင်တော့ဘူးရှင်ရယ်၊ ယွန်းလေ မောင်လို့ မြတ်မြတ်နိုးနိုးနဲ့ ခေါ်မယ်နော်၊ နော် မောင်"

ကျွန်တော့်ပခုံးကို မှီခိုရင်း ကျွန်တော့်လက်မောင်းအိုးကို ကိုင်ရင်း ပြော လာသည့် ယွန်း။ ယွန်း၏ ဆံစလေးများကို လက်ဖျားနှင့် ကလူကျီစယ်ရင်း ပြော မိသည်က ကျွန်တော်။

"ယွန်းရဲ့ သဘောပါ၊ ယွန်း ကျေနပ်ရင် ပြီးရော"

ယွန်းက အသံထွက်ရယ်သည်။

"မောင်"

"ယွန်း"

"တကယ်ချစ်တယ်နော်"

"အင်း"

ကျွန်တော် ယွန်းကို တင်းကျ... စွာ ပွေ့ဖက်ထားလိုက်မိသည်။ ယွန်း... လက်များကလည်း ကျွန်တော့်ကို သိ... ကျုံးပွေ့ဖက်ထားရှာသည်။ တစ်ဦး... တစ်ဦး ရင်ခုန်သံတွေက ... အပြိုင်ဖြစ်နေသည်။





www.burmeseclassic.com

www.burmeseclassic.com

"မောင် ယွန်းပြောတာကို နားဆောင်နော်၊ ယွန်း အမှန်အတိုင်း ပြောမယ်၊ ယွန်းလေ ချစ်ရမယ့်သူ မရှိခဲ့သေးဘူး အဖြူထည်သက်သက်ပါ၊ အဲ ယွန်းအပေါ်မှာတော့ ချစ်ချင်ကြတဲ့လူတွေရှိတယ်၊ သိလား၊ ယွန်းက လုံးဝ စိတ်မဝင်စားဘူး၊ အဲ မောင်နဲ့ကျမှ. . ."

"ပြောပါ ယွန်း"

"ယွန်းလေ ပထမဆုံးတွေ့ခဲ့တဲ့ မောင်လေးကို ကားဂိတ်လိုက်ပို့ရင်း နောက်မှာ ထိုင်ရင်းနဲ့ မထင်မှတ်ဘဲ မောင့်ရှေ့က မှန်ထဲမှာ မောင့်ရဲ့ မျက်နှာကို မြင်လိုက်ရပြီးတဲ့နောက် မောင့် မျက်နှာကို ခိုးပြီး မကြည့်ဘဲ မနေနိုင်တော့ဘူးလေ၊ ဒါကြောင့်လဲ ခဏ ခဏ ခိုးကြည့်နေတာ၊ မောင် မှတ်မိလား"

ယွန်းအမေးကြောင့် အသံထွက်ရယ်ရင်း ပြောမိသူက ကျွန်တော်။

"မှတ်မိတာပေါ့ ယွန်းရယ်၊ မောင် ဘယ်လိုလုပ် မေ့နိုင်မှာလဲ"

"မောင်က ကြည့်လေ ချောလေ၊ ကြည့်လေ ယောကျ်ားပီသလေ၊ ဟုတ်တယ်နော် မောင်၊ ကဲ ပြော"

ကျွန်တော် ရယ်ရင်းသာ နေသည်။ မပြောမိ။ ပြီးတော့ ယွန်းရဲ့ လက်ကို ခပ်တင်းတင်း ဖျစ်ညှစ်နေရုံ၊ သက်ပြင်းချရုံ၊ ယွန်းရဲ့ အလှကို စူးစိုက်ငေးကြည့်နေရုံမှအပ တေမိမင်းသားထုံး နှုတ်ဆိတ်နေမိတော့သည်။

ထိုနေ့က ယွန်းနှင့် ကျွန်တော် အအေးဆိုင်မှာ သုံးနာရီကြာသည်။ နောက်ရက်တွေမှာ မတွေ့ဖြစ်တော့။ ကျွန်တော်ကတော့ ယွန်းရဲ့အလှတရား စိုးမိုးမှုတွေကြောင့် သတိတရ ရှိလွန်းနေသည်။ ယွန်းလည်း ကျွန်တော့်လို ခံစားနေရမည်က အမှန်။

တစ်ပတ်အကြာတွင်တော့ ယွန်းက ကျွန်တော့်ကို ဖုန်းတစ်လုံး လက်ဆောင်ဝယ်ပေးသည်။ ကျွန်တော် ငြင်းသေးသည်။ မရ။ ယွန်းရဲ့ ဖုန်းနံပါတ်ကို ကျွန်တော့်ဖုန်းထဲ ရိုက်ထည့်၊ ကျွန်တော့်ဖုန်းထဲ ယွန်းက သူ့ဖုန်းနံပါတ်ရိုက်ထည့်။

ထိုနေ့က ဖုန်းသာမက ဘောင်းဘီ၊ ရှပ်အကျီ၊ စွပ်ကျယ်တွေဝယ်ကာ ပေးခဲ့သည့် ယွန်း။ အထက်အောက် ဝမ်းဆက်တွေဝယ်ပြီး ဒါတွေဝတ်၊ ဒီလိုဝတ် ဆိုသည့် ယွန်း။ ကာလကြာမြင့်စွာ ပုဆိုးနှင့် ရှပ်အကျီနှင့် နေခဲ့သည့် ကျွန်တော်။

နောက်ရက် ယွန်းသဘောတော် အကျ ဘောင်းဘီရှည်နှင့် စပို့ရှပ် စွပ်ကျယ်ဝတ်လာရသည်။ သူငယ်ချင်းတွေက ပြုံးသည်။ ယွန်းက လာပြီး ကြည့်သည်။ သူ ဝယ်ပေးတာ ဝတ်တော့ ယွန်း ပျော်သည်ပေါ့။ နောက်တော့ ဖုန်းတွေဆက်။ ကျွန်တော်နှင့် ယွန်း၊ ချစ်သက်တမ်း တစ်နှစ်ပြည့်သွားလို့ တစ်လကျော်လွန်ခဲ့ပြီ။

"မောင်"

"ပြောလေ ယွန်း"

"ယွန်း မောင်နဲ့ မခွဲနိုင်တော့ဘူး၊ ဟို လက်ထပ်ကြရအောင်နော်"

မျှော်လင့်ခြင်းကြီးစွာနှင့် ပြောလာသည့် ယွန်းရဲ့ စကားသံလေးတွေက ကျွန်တော့်နှလုံးသားဗဟိုမှာ စီးမျောဝင်ရောက်သွားသလို ဦးနှောက် အတွင်းပိုင်းကိုလည်း လှုပ်ခတ်သွားသည်က အမှန်။

"မောင်နဲ့ ယွန်း အတူနေချင်ပြီ၊ ဘာပဲဖြစ်ဖြစ် မောင့်မှာ အပြစ်တွေရှိနေရင်တောင် ဒါမှမဟုတ် ပိုင်ရှင်ရှိနေရင်တောင်မှ ယွန်းကတော့ ချစ်နေမှာ"

သည်စကားက ကျွန်တော့် နှလုံးသားကို ဆွ့ဆွ့ခုန်သည်အထိ တော်လည်းသည့်အသံမျိုးနှင့် ထိရှသွားသည်။ ယွန်းကို အကြည့်တစ်ချက် ဝင့်ကြည့်ရင်း သက်ပြင်းမောလေးတစ်ချက်ကို မသိမသာ ချလိုက်မိသည်။

ယွန်းက ကျွန်တော့်ကို စူးစိုက်မိန်းမောစွာ ကြည့်နေဆဲ။

"ယွန်း ထင်ပါတယ်၊ မောင့်မှာ ဘာအပြစ်မှ မရှိဘူး၊ မောင့်မှာ ပိုင်ရှင်မှ မရှိဘူး ဆိုတာ"

"အဟင့် အဟင့် အဟင့်"

ရှိုက်ရင်း လှိုက်ရင်းနှင့် ချုံးပွဲချ ငိုလိုက်သည့် အမျိုးသမီးအသံ။

"ပြော ပြောစမ်းပါ အစ်ကိုရယ်၊ ပြောပါဦး၊ ဒီလို လုပ်သင့်သလား ဟင်၊ **ဒီလို လုပ်ရက်ရဲ့သလား၊ အစ်ကို့မှာ ညီမကို မုန်းရဲ မေ့ရဲတဲ့ သတ္တိတွေရှိသလား ရှိနေပြီလား"**

**အမျိုးသမီးက ငိုရှိုက်ရင်း ပြော**သည်။ ပြောနေသည့်အသံများက တုန်ခါနေပြီး သူမ၏ အတွင်းစိတ် ဝေဒနာခံစားချက်တွေကို သက်သေပြနေသည်။

အမျိုးသမီးသည် မျက်ရည်များကိုပင် မသုတ်အား။ ကျမျက်ရည်များ ဝန်းရံနေသည့် မျက်ဝန်းများသည် ရဲမှည့်နေသည်။ သူမ၏ ရှိုက်ဖိုကြီးငယ်တို့၏ အနိမ့်အမြင့်ကိုလည်း တွေ့နေရသည်။

"ပြောပါဦး၊ အစ်ကို့မှာ ညီမ အပေါ် မုန်းမေ့ရဲတဲ့သတ္တိ စိတ်ကုန်သွားတဲ့ အနေအထားရှိရင်တောင်မှ သမီးနှစ်ယောက်နဲ့ သားငယ်လေးရဲ့ နောင်ရေးကို တွေးပူပါဦး၊ ညီမကို မချစ်တော့ရင်တောင်မှ ကလေးတွေရဲ့ မျက်နှာကို ထောက်ထားပြီး စဉ်းစားပါဦး နော်၊ နော် အစ်ကို"

အမျိုးသမီးသည် ဖုန်းကို ကိုင်ရင်း ပြောသည်။ သူမ ပြောသည်ကို အတိုင်းသား ကြားနေရသည်။ တစ်ဖက်သူ့ယောကျ်ား ပြန်ပြောသည်ကိုတော့ မကြားရ။

"အဲ အဲသလို မလုပ်ပါနဲ့နော်၊ စဉ်းစားပါဦး၊ ဆင်ခြင်ကြည့်ပါဦး၊ ဘယ်က အမှား၊ ဘယ်အရာက အမှန်လဲ ဆိုတာကိုလေနော်၊ အခုလေ သမီးကြီးက ကျူရှင်က ပြန်လာပြီး မေးနေတယ်၊ သမီးဖေဖေ ဘယ်သွားလဲတဲ့၊ သမီးအလတ်ကလဲ ကျောင်းက ပြန်ရောက်ရောက်ချင်း အစ်ကို့ကို မေးနေရှာတယ်၊ အဖေ ဘယ်သွားလဲတဲ့ အစ်ကိုရဲ့၊ ဟိုသားလေးကတော့ ငိုတောင်နေသေးတယ် အစ်ကိုရဲ့၊ အဲ အဲဒါကြောင့် ပြန်ပြန်ခဲ့ပါနော် နော် အစ်ကို နော်။



www.burmeseclassic.com

www.burmeseclassic.com

ညီမကို မချစ်တော့ရင် တောင်မှ သနားပါဦး၊ အဲ ညီမကို မသနားချင်တော့ရင်တောင်မှ ကလေးတွေ မျက်နှာကို ငဲ့ကြည့်ပါဦး မောင်၊ အစ်ကိုသာ ညီမတို့ မိသားစုကို ပစ်သွားရင် ညီမ ညီမ ဘယ်လို ခရီးဆက်ရမလဲ အစ်ကို၊ ပြန်ခဲ့ပါနော် နော်၊ ညီမ လိုက်လာပြီ အစ်ကို ညီမလေ အစ်ကို့ခြေသလုံးကို ဖက်ပြီး တောင်းပန်ဆို တောင်းပန်ပါ့မယ် နော်"

အမျိုးသမီး၏အသံ မကြားရတော့။ သို့သော် ငိုရှိုက်သံကတော့ ကြားနေရသည်။ တစ်ဖက်က ဘာတွေ ပြောနေသည် မသိ။ အမျိုးသမီးသည် တစ်ဖက်က အသံကို နားစွင့်ထောင်ရင်း ဟုတ်ကဲ့ ဟုတ်ကဲ့နှင့်ရော၊ ခေါင်းညိတ်ရင်းပါ ဖြစ်နေသည်။ ကြည့်ရတာ အရှုံးပိုင်းသဘောမျိုး။

ကျွန်တော် ကားကို ဂရုတစိုက် မောင်းရင်း မှန်ထဲမှနေ၍ ကြည့်နေမိသည်။ ကျွန်တော်နှင့် သက်တူရွယ်တူ အမျိုးသမီး။ လှပကြော့ရှင်းသည့် မိန်းမ။ အပြစ်ကင်းစင်သည့် မျက်နှာ။ ငွေကြေးချမ်းသာသည့် အသိုင်းအဝိုင်းထဲက ဖြစ်မည့် အနေအထား။

"ကားဆရာ မောင်းပါ မြန်မြန်၊ တောင်းပန်ပါတယ်ရှင်၊ ဒါမှ မီမှာ၊ မမီဘဲ နေမှာစိုးလို့"

"ဟုတ်ကဲ့"

ကျွန်တော် ခပ်တိုတိုပဲဖြေသည်။ ဖြေရင်း ငေးမိသူက ကျွန်တော်။

"ဒါနဲ့ ညီမက ဘယ်လို ဒုက္ခတွေနဲ့ ရင်ဆိုင်နေရတာလဲဟင်၊ ကျွန်တော့်အထင်တော့ အိမ်ထောင်ရေး အဆင်မပြေ ဖြစ်နေတာလို့ ထင်တယ်၊ ဟိုစပ်စုမိတာ စိတ်မရှိနဲ့နော်၊ သိချင်လို့ပါ"

ကျွန်တော့်အမေးကြောင့် အမျိုးသမီးက ကျမျက်ရည်များကို သုတ်ရင်း ဖြေသည်။

"စိတ်မဆိုးပါဘူးရှင့် ဒီလိုပါ၊ သူနဲ့ ကျွန်မတို့ အိမ်ထောင်ကျလာတာ ကိုးနှစ်ကျော် ဆယ်နှစ်ထဲ ဝင်ပြီ၊ ကလေးသုံးယောက်ရနေပြီလေ၊ သူက ကုမ္ပဏီတစ်ခုမှာ လုပ်တာ၊ ကျွန်မက ရုံးတစ်ရုံးမှာ လုပ်နေတာ"

"ဪ ပြီးတော့ကော"

"အဲဒါ သူက သူ့ကုမ္ပဏီက ကောင်မနဲ့ ငြိနေတယ်လေ၊ ကျွန်မက အဲဒါကိုသိတော့ လူသူမကြားအောင် တားတယ်၊ ကျွန်မ ရှေ့မှာတော့ ခေါင်းညိတ်တာပေါ့၊ ဒါပေမယ့် ကွယ်ရာမှာ ကျတော့"

အမျိုးသမီးသည် စကားကို ပြီးအောင် မပြောနိုင်ရှာ။ ချုံးပွဲချငိုရင်း ရှိုက်နေသည်။ သူမ အပူတွေက ကျွန်တော့်ကို ကူးစက်လာပြီလား မသိ။ စိတ်ထဲမှာ တင်းတင်းကျပ်ကျပ် ခံစားနေရသည်။

"အဲဒါ နောက်မဆုတ်ကြတဲ့ အပြင် ရှေ့ကိုပဲ တိုးနေကြတယ်လေ"

"အဲဒါ တစ်ဖက်အမျိုးသမီးက အဲဒီလူမှာ အိမ်ထောင်ရှိတာ မသိဘူးလား"

အရဲကိုးပြီး မေးမိသည့် ကျွန်တော်။ ကျွန်တော့်အသံက မူမမှန်ချင်။

"သိပ်သိတာပေါ့ ဒီကောင်မ၊ ညီမနဲ့တောင် တွေ့ကြသေးတာ၊ သိရက်နဲ့ ဇွတ်တိုးတဲ့ သဘောမျိုး၊ ဒီကောင်မက ပြောတယ်၊ သူ့ဘာသာ အိမ်ထောင်ရှိရှိ မရှိရှိ သူ့အပေါ် ချစ်သွားမှာတဲ့လေကဲ"

ပြောအပြီး ငိုသည်။ ကားကို ဂရုစိုက်မောင်းရင်း ကျွန်တော့်နားထဲမှာတော့ အမျိုးသမီး၏ အသံများက ဆူညံနေဆဲ။

"အခု သူတို့က ဘယ်လိုလဲ"

"ဘယ်လိုရမှာလဲ ထွက်ပြေးကြပြီလေ၊ အဲဒါ ညီမ သိသိချင်း လိုက်လာတာ၊ နှစ်ယောက်စလုံး အဝေးပြေးဂိတ် ရောက်နေပြီ၊ သူတို့ စီးမယ့်ကား ကားထွက်မယ့် အချိန်တင်မကဘူး၊ ခုံနံပါတ်ပါ ညီမ စုံစမ်းထားပြီးပြီ၊ အဲ အဲဒါကြောင့် အမြန်မောင်းပေးပါနော်၊ သူ့ကို မီမှ ပြန်ခေါ်လို့ရမှာ၊ ဒါမှမဟုတ် မမီလိုက်ရင်. . ."

ကျွန်တော် ဘာမှ ဆက်မမေးမိတော့။ ကားရှင်းပါက အရှိန်ကို မြှင့်ပြီး မောင်း။ ကားရှုပ်ပါက အခြေအနေကို ကြည့်ပြီးမောင်း။ ကျွန်တော်တို့ မြောက်ဥက္ကလာအဝိုင်းကို ကျော်ခဲ့ပြီ။ ဒီဘက်ရောက်မှ ကားက ပိုကျပ်နေသေးသည်။ ရှုပ်နေသည်။

"အစ်ကို စဉ်းစားကြည့်ပါ၊ ညီမက ဖောက်ပြန်လို့ရှိရင်လဲ ထားပါတော့၊ အခုတော့ ညီမကတော့ ညီမတို့ လင်မယားရဲ့ နောင်ရေးအိုစာမင်းစာအရေး သားသမီးတွေရဲ့ ပညာရေး၊ နောင်ရေးတွေ တွေးပြီး ပူနေ ရှာနေရတာ၊ အဲဒါ အစ်ကိုက တစ်ဖက်သတ် ဖောက်ပြန်နေတာလေ"

"ဟုတ်ပါရဲ့ နော်"

ကျွန်တော့်အသံက အမျိုးသမီး ကြားရုံသာ။ နှုတ်ဖျားက အလိုလို ခုန်ထွက်သွားသော စကား။ ဘာကြောင့် ပြောဖြစ်သွားမှန်း မသိသော စကား။

"အစ်ကို စဉ်းစားလေ၊ အိမ်ထောင်စု တစ်ခုမှာ အမေရှိနေရုံနဲ့ မပြည့်စုံဘူး၊ ဖခင်ဆိုတာ ရှိမှ မယားရဲ့ ဘဝ လုံခြုံသလို သားသမီးတွေရဲ့ ဘဝမှာလဲ စိတ်ချရတာလေ။

အဲ ဖခင်မရှိတဲ့ မိသားစုဆိုရင်တော့ ဘယ်လောက်ပဲ ဥစ္စာငွေကြေး ပြည့်ဝပါစေ၊ ဘယ်တော့မှ အဆင်မပြေနိုင်ဘူးလေ"

ကျွန်တော် ခေါင်းညိတ်အဖြေပေးမိသည်။ အမျိုးသမီး ပြောသလို မိသားတစ်စုမှာ အမိရယ်၊ အဖရယ် စုံကျကျ ရှိနေမှ။ ခုတော့ ခုတော့။

"သစ္စာရှိတဲ့ လင်သားဆိုရင် အစ်ကိုက ကျွန်မအပေါ် ဖောက်ပြန်သွားမှာ မဟုတ်ဘူး၊ ခုတော့ ငါးစိမ်းမြင် ငါးကင်ပစ်တဲ့ အစ်ကို့ကို ညီမ မမုန်းဘူးရှင်၊ ညီမ အစ်ကို့အပေါ် ခွင့်လွှတ်ပြီး မိသားစုလေး ပျော်ပျော်ရွှင်ရွှင် နေပြသွားမှာပါ၊ အဲ အဲဒါကြောင့်"

အမျိုးသမီး ဆက်မပြောတော့။ ကျွန်တော်လည်း ဆက်မမေးတော့။

www.burmeseclassic.com

www.burmeseclassic.com

မေးချင်သည့် ဆန္ဒလည်းမရှိ။ ကြားချင်သည့် သတ္တိလည်း မရှိတော့။ ဖမ်းချုပ်ဖို့ ခက်ခဲသည့် ကျွန်တော့် စိတ်ကိုသာ အတွင်းလှိုက်စားရင်း နက်နဲစွာ အတွေးဝင်နေမိသည်။

မကြာပါ။ ကားဝင်းအတွင်း ဝင်ခဲ့သည်။ အမျိုးသမီးက ကားဂိတ်အမည်ကို ပြောသည်။ ထိုနေရာကို မောင်းခဲ့သည်။ မလှမ်းမကမ်းမှာ ကားကို ရပ်ပေးလိုက်သည်။ အလျင်စလို အချစ်ဇောနှင့် အပြေးဆင်းသွားသည့် အမျိုးသမီးကို ကြည့်ရင်း ကျွန်တော့်ရင်တွေ လှိုက်ဖိုမောနေချေပြီ။

ကျွန်တော် ကားပေါ်ကနေ၍ လူကြားကားကြားမှနေ၍ အမျိုးသမီးထံ ကြည့်နေမိသည်။ အမျိုးသမီးမှာ အပြေးအလွှား။ အလာသာ ငှားပြီး အပြန်ငှားမည့် စကားမရှိ၍ ခရီးသည်ရှာပြီး ပြန်ခဲ့သည့် ကျွန်တော်။

"ညီမရယ် ညီမရဲ့ဆန္ဒ ပြည့်ဝပါစေလို့ ဆုတောင်းပေးလိုက်ပါတယ်နော်"

ကျွန်တော့်ရင်ထဲက ဆုတောင်းကိုတော့ ထိုအမျိုးသမီး မကြားသိနိုင်။ ခုချိန်ဆိုရင် ကားမီသလား၊ မမီသလားမသိ။ ကျွန်တော့်ကိုယ်ကျွန်တော် အပြစ်တင်နေမိသည်က ထိုအမျိုးသမီးကို ကူညီမပေးနိုင်ခဲ့သည့်အတွက်သာ ဖြစ်သည်။ တကယ်ဆိုရင် ကျွန်တော် မပြန်သင့်သေး။ စောင့်နေရမည်။ ပြဿနာကို ဖြေရှင်းပေးရမည်။

ခုတော့ ဆုတောင်းရုံမှတစ်ပါး ဘာမျှ မတတ်သာတော့။

"မောင်"

နှစ်ပတ်ကျော်ကျော် မတွေ့ရသည့် တစ်နေ့၊ ကျွန်တော့်ဆီ ရောက်လာသူက ယွန်း။ ယွန်းက ကျွန်တော် ကြိုက်သော ကော်ဖီထုပ်ကြီး တစ်ထုပ် ဝယ်လာသည်။ ကျွန်တော့်ကို ပေးသည်။ ကျွန်တော် မယူမိသေး။

"ယူလေမောင်ရဲ့ ဟိုမှာ လူတွေကြည့်နေပြီ"

ယွန်းက ကျွန်တော့်သူငယ်ချင်းများဆီ မေးငေါ့ပြရင်း ပြောသည်။ အရင်ရက်တွေတုန်းဆိုရင် ရယ်စရာ ပျော်စရာတွေပြောပြီး ရယ်ပွဲဖွဲ့ကြလိမ့်မည်။ ခုတော့ သူငယ်ချင်းတွေက မရယ်ကြ။ မပြုံးကြ။

"ယွန်း"

"မောင်"

"ယွန်းကို ပြောစရာရှိတယ်"

ပြောရင်း ဘုန်းကြီးလမ်းကိုဖြတ်၊ စံပြရုပ်ရှင်အောက်ကို ထပ်ဖြတ်ပြီး စူပါကင်းလက်ဖက်ရည်ဆိုင်ဆီ လာခဲ့ပြီး ချောင်ကျကျခုံမှာ ဝင်ထိုင်ဖြစ်သည်။ ဆိုင်ထဲမှာ လူက ရှင်းနေသည်လေ။

ယွန်းက ကျွန်တော့်အနီးကပ်ပြီး ယှဉ်ထိုင်သည်။ ယွန်းထံက ရေမွှေးနံ့ သင်းသင်းကို ရနေသည်။

"ပြောလေ မောင်"

ယွန်းလေသံက ညှင်းညှင်းသွဲ့သွဲ့ ကနွဲ့ကလျ ကလေးဆန်ဆန် အသံလေး။

ကျွန်တော် ယွန်းကို စေ့စေ့ကြည့်ရင်း သက်ပြင်းချသည်။ ဘယ်လိုပဲဖြစ်ဖြစ် ပြောမည့်စကားတွေကို ပွင့်အံကျလာဖို့ သတ္တိတွေမွေးလိုက်မိသည်။ ပြီး အပြင်ကို ကြည့်လိုက်သည်။

"ယွန်း"

"ဟင်. . . မောင်"

"လောကမှာ အရာအားလုံး ကိုယ်ဖြစ်ချင်သလို ဖြစ်လို့မရဘူးဆိုတာကို လက်ခံရဲ့လား ဟင်၊ ကံရဲ့ အကျိုးတရားကိုကော လက်ခံလား"

ကျွန်တော့် အမေးစကားကို ယွန်းသဘောပေါက်လိမ့်မည်တော့ ထင်သည်။ သို့သော် အဖြေပေးဖို့အတွက်တော့ ခက်ခဲနေလိမ့်မည်သာ။

ယွန်းက ကျွန်တော့်အမေးကို နားမလည်စွာ ဖြစ်ရင်း ကျွန်တော့်ထံ တွေတွေငေးငေးကြည့်နေသည်။ လှပသော မျက်နက်ဝန်းများကို ပုတ်ခတ်ကစားရင်း ခပ်ပါးပါး နှုတ်ခမ်းနှစ်လွှာကို ခပ်ပိပိလေး ဖြစ်နေသည်အထိ အာရုံစူးစိုက်နေသည့် သဘော။

"မောင် ဘာကို ပြောချင်တာလဲ ထင် ယွန်း နားလည်သလိုလိုနဲ့ နားမရှင်းသေးဘူး ရှင်းအောင် ပြောပြနော်"

ယွန်းစကားကို နားထောင်ရင်း ယွန်းခဲ့သည့် နှစ်ပတ်ကျော်ကာလက ထင်သားအောင်မြင်နေ၍ ဆင်းရဲနေသည့် ပုံရိပ်များက ကျွန်တော့်ရင်ကို ဒုက္ခပေးနေဆဲသာ ဖြစ်သည်။

ကျွန်တော် ဘယ်လိုလုပ်ပြီးပြောရပါ့။ အရဲကိုးပြီး စိတ်ကို တည်ငြိမ်အောင် ကြိုးစားလိုက်သည်။

"ယွန်း"

"ရှင်"

"မောင်တို့ လမ်းခွဲကြရအောင်"

"ဘာ. . ."

ကျွန်တော့်စကားအဆုံး ယွန်း၏ အလန့်တကြားအသံက ကျွန်တော့်နှလုံးသားကို ပြုတ်ကျသွားသည်အထိထိခိုက်စေပါသည်။ ကျွန်တော့်ခံစားချက်ကို ယွန်း နားလည်ပေးနိုင်ဖို့ ကျွန်တော် ကြိုးစားရပေတော့မည်။

"မောင် ပြောတာကို နားထောင်ပါ ယွန်း"

ပြောနေဆဲမှာပင် ယွန်းငိုသည်။ ရှိုက်သည်။ အံကြိတ်နေရှာသည်။ ပြီးတော့ ကျွန်တော့်ကို ခပ်စိန်းစိန်းကြည့်သည်။

ထိုအကြည့်များကို ကျွန်တော် ရင်ဆိုင်ဖို့ သတ္တိမမွေးတော့။ အကြည့်များကို လွှဲဖယ်သည်။

"ယွန်း သိထားဖို့က မောင်ကျိန်ပြီး ပြောရဲပါတယ်၊ မောင်လေ မောင် ယွန်းကို ချစ်တယ်၊ သိပ်ချစ်တယ်၊ မျိုထားမတတ် ချစ်ပါတယ် ယွန်း၊ အဲဒါတော့ ယုံပါ"

ယွန်းက မယုံမရဲနှင့် မျက်လုံးအဝိုင်းသားဖြင့် ကြည့်နေဆဲ။ ဆက်ပြောသူက ကျွန်တော်။

"ဒါပေမဲ့ အခြေအနေက. ."

www.burmeseclassic.com

"တော်တော့ မောင်၊ ဘာလဲ မောင့်မှာ အိမ်ထောင်ရှိပါတယ်လို့ ပြောတော့မယ် မဟုတ်လား မောင်"

ကျွန်တော် ခေါင်းညိတ်အဖြေပေးလိုက်သည်။ သည်တစ်ခါတော့ လှိုက်ပြီး ရှိုက်ပြီး ငိုခဲ့သူက ယွန်း။ ငိုရင်း ပြောသူက ယွန်း။

"အဟင့် အဟင့် မထင်ဘူး၊ ယွန်း ထင်မထားဘူး၊ ပြီးတော့ ယုံလဲ မယုံဘူး၊ အို မောင် မောင့်မှာ အိမ်ထောင် မရှိရဘူး၊ ရှိတာ မဟုတ်ဘူး"

ဖြေရင်း ကျွန်တော့်လက်များကို ဆုပ်ကိုင်ထားသည့် ယွန်း၏ လက်များကို ပြန်ပြီး မဆုပ်ကိုင်မိတော့။

"မောင် ယွန်းရဲ့ အချစ်၊ ယွန်းရဲ့ ဘဝကို လိမ်ညာခဲ့မိသလို ဖြစ်သွားတာရယ်၊ မောင့်ကိုယ်မောင်လဲ ရက်စက်တဲ့ နှလုံးသား မွေးမိတာရယ်၊ အဲဒါတွေ ဘယ်တော့မှ နောင်တရဦးမှာ မဟုတ်တော့ဘူး ယွန်း၊ မောင် ယွန်းကို မလိမ်ပါဘူး၊ ချစ်ခဲ့တယ်ဆိုတာလဲ မလိမ့်ခဲ့ဘူး၊ ဒါပေမဲ့ ယွန်းရယ်၊ မောင့်မှာ အိမ်ထောင်ရှိတယ်၊ သားကြီးတစ်ယောက်နဲ့ သမီးလေး တစ်ယောက်"

"တော်တော့. . ."

ဒီတစ်ခါ ယွန်းအသံက ကျယ်သွားသည်။ ကျွန်တော် ယွန်းကို ချော့ရသည်။ကျွန်တော်မွေးသည့်မီး ကျွန်တော် မငြိမ်းလို့ ဘယ်သူ ငြိမ်းပေးမလဲ။ ရေကြောင့်ဖြစ်တဲ့ ရွံ့၊ ရေနဲ့ပဲ ပြန်ဆေးပေးရမည့် အဖြစ်။

"ဟုတ်တယ် ယွန်း၊ တကယ်လို့ မောင်နဲ့ ယွန်းတို့ ရှေ့ဆက်တိုးကြမယ်ဆိုရင် တစ်နေ့မဟုတ်တစ်နေ့ အမှောင်ဆုံးဆိုတဲ့ တပ်မက်မှုနွံထဲ ကျွံသွားမိကြရင် ပိုပြီး နောက်ဆုတ်ဖို့ ခက်ခဲလိမ့်မယ်၊ မောင့် အနေနဲ့လဲ သိက္ခာကျ၊ ယွန်းအနေနဲ့လဲ အရှက်ကွဲ၊ မောင့်အနေနဲ့လဲ ရက်စက်သူကြီးဖြစ်၊ ယွန်းအနေနဲ့လဲ မိုက်မဲသူတစ်ဦး ဖြစ်သွားလိမ့်မယ် ယွန်း၊ ဒီတော့ အကောင်းဆုံးကတော့ လက်ရှိဖြူစင်ဆဲ အချိန်ကနေပြီး အသိတရားသတိတရားတွေနဲ့ ရပ်တန်းက ရပ်ကြတာ အကောင်းဆုံးလို့ မောင် ယုံကြည်တယ်၊ ဖြစ်ချင်တဲ့ဆန္ဒရဲ့ ပြင်းပြတဲ့ စိတ်ထက် ဖြစ်သင့်တဲ့ဆန္ဒရဲ့ စိတ်ကိုပဲ ဦးစားပေးကြရအောင် နော်၊ နော် ယွန်း"

"တော်တော့. ."

ကျွန်တော့်စကားအဆုံး ယွန်းက သူမ၏ လက်များကို ရုပ်သိမ်းသည်။

ခပ်စိန်းစိန်းကြည့်နေသော မျက်နက်ဝန်းများထဲတွင် အဖြေရှာရခက်သည့် အကြည့်တွေကို တွေ့ရသည်။

အို ဖြစ်နိုင်ရင် ကျွန်တော့်ပါးကို ရိုက်၊ ဘယ်ပြန်ညာပြန်ရိုက်။ ပြီး တံတွေးနဲ့ထွေးခဲ့။ ကျွန်တော် ကျေနပ်ပါသည်။ ပိုပြီး ဖြစ်စေချင်တာက အခုအချိန်မှာ ကျွန်တော့်အပေါ် ယွန်းမုန်းဖို့ နာကြည်းဖို့ မေ့နိုင်ဖို့ စိတ်နာနိုင်ဖို့။

အဲဒါတွေက ကျွန်တော် အဖြစ်စေချင်ဆုံး ဆန္ဒ။ ဒီဆန္ဒတွေ ပြည့်ပါစေလို့လည်း ကြိတ်ပြီးဆုတောင်းနေရသည့် ကျွန်တော်။

"ယွန်းရယ် ပြီးခဲ့တာတွေကို အိပ်မက်လို့ပဲ သဘောထားလိုက်ပါတော့ နော်"

"ဪ အိပ်မက်လို့ပဲ သဘောထားရမယ်တဲ့လား"

ယွန်းအသံက ခပ်ရွှဲ့ရွှဲ့အသံ။ အသံက ခပ်မာမာ။ ကျွန်တော် ယွန်းကို မကြည့်မိ။ ပြောလာသူက ကျွန်တော်-

"မောင်လေ မိသားစုကို မပစ်နိုင်ဘူး"

ကျွန်တော့်စကားအဆုံး ယွန်းက ထိုင်ရာမှ ဝုန်းခနဲထသည်။

"ကောင်းပြီလေ၊ ဒါဆိုရင် အရာအားလုံး အိပ်မက်လို့ပဲ သဘောထား"

ပြောရင်း ငိုရင်း ပြေးထွက်သွားသူက ယွန်း။

"ယွန်း"

ကျွန်တော် အော်ခေါ်ကြည့်သည်။ အသံက မထွက်။ ယွန်း ထွက်ပြေးသွားပြီ။ ဝေးသွားပြီ။ ဝေးလေကောင်းလေပါပဲ ယွန်းရယ်။

ကျွန်တော် ကျေနပ်သွားသည်။ စိတ်ထဲမှာတော့ မကောင်း။

ကစားစရာ အရုပ်တစ်ရုပ် မဟုတ်သည့် ယွန်းရဲ့ ဖြူစင်သော နှလုံးသားကို ကျွန်တော် သတ်ကွင်းဆင်ပြီး ထောင်ဖမ်းခဲ့သည်ကို နောင်တရသည်။

တကယ်တော့ ကျွန်တော် ယွန်းအပေါ်မှာ တပ်မက်မှုနှင့်မဟုတ်တောင်မှ စိတ်ဝင်စားမှုရှိခဲ့သည်ဆိုရင် ကျွန်တော်လည်း မှားသည်။ ကျွန်တော့်အချစ်ကို လက်ခံခဲ့သည့် ယွန်းလည်း မှားသည်။ သို့သော် အမှားအကြီးဆုံးကို လွန်ကျူးခဲ့သူက ကျွန်တော်။ တရားခံက ကျွန်တော်။

ကျွန်တော် ထိုင်ရာမှ ထသည်။ ကားဆီ ပြန်ခဲ့သည်။ ဒီကနေ့ ညနေ အလုပ်စောစောသိမ်းမည်။ ရသည့် ပိုက်ဆံနှင့် သားနှင့်သမီးတို့အတွက် ကျောင်းစာအုပ်တွေ ဝယ်ရမည်။ မုန့်လည်း မှာလိုက်သေးသည်။

ပုဆိုးဝတ်နေရာက ဘောင်းဘီရှည် ဝတ်စဉ်က ဇနီးသည် ထားမေ ပြောသည့်စကားကို အမှတ်ရသည်။ ပုဆိုးဝတ်လည်း ချော၊ ဘောင်းဘီဝတ်လည်း ခန့်တဲ့။ ဒါကြောင့် ကျွန်တော့်ကို ဘယ်တော့မှ မမုန်းဘူးတဲ့။ စိတ်မချဘူးတဲ့လေ။

ကျွန်တော် မိသားစုအပေါ် သစ္စာမဖောက်လိုတော့။ မဖောက်ချင်တော့။ ယွန်းအပေါ် မှားခဲ့သော အမှားတစ်ခု အတွက် ကျွန်တော့်မိသားစု အပေါ် သစ္စာရှိမှုတွေနဲ့ သက်သေပြပြီး ချေပဖို့ ကြိုးစားရတော့မည်။

အထူးသဖြင့် လေဖြတ်ထားလို့ စကားကိုတောင် ပီပီသသ မပြောနိုင်သေးသည့် ဇနီးအပေါ်မှာတော့ ပိုပြီးတော့ ချစ်ပြရပါလိမ့်မည်။

❐ တွင်းကြီးသားတင်ဝင်းဦး


www.burmeseclassic.com

www.burmeseclassic.com



ယခုနှစ်က ရေအောင်သောနှစ်ဖြစ်သည်။ တစ်နည်းအားဖြင့် မိုးကောင်းသောနှစ်ဖြစ်သည်။ မိုးက ဆယ်စုနှစ်တစ်ခုအတွင်း၌ မိုးအများဆုံးနှစ် ဟူ၍ပင် စံချိန်တင်ရလောက်သည်။

မိုးကောင်းသောကြောင့်လည်း မြစ်ရေက သည်နှစ်တွင် မကြုံစဖူး အတက်ကြမ်းလှသည်။ တအုန်းအုန်း တဝုန်းဝုန်းနှင့် အဆက်မပြတ် ရွာချနေသော မိုးနှင့်အတူ မြစ်ရေက တရကြမ်းပင် လှိမ့်တက်လာသည်။ မြစ်ပြင်ကြီး တစ်ခုလုံး လျှံထွက်သွားသည်။ ပေါင်းလန်သွားသည်။ အကျယ်အဝန်းမှာ မူလရှိရင်းထက် သုံးဆမကအောင်ပင် တပြန့်တပြောကြီးဖြစ်သွားသည်။ ရောမရေပြင်ကျယ်ကြီး ဖြစ်သွားသည်။

လျှံထွက်လာသော မြစ်ရေက သီးနှံစိုက်ခင်းများကို ဝါးမျိုသွားသည်။ စားကျက်မြက်ခင်းများအား ဖုံးလွှမ်းသွားသည်။

ထိုမျှမက မြစ်ကြောင်း တစ်လျှောက်ရှိ ကမ်းပါးများကိုပါ တရစပ် ရိုက်ချသွားသည်။ တွန်းဖြိုသွားသည်။ မြစ်ရေစီးသံ၊ မြစ်ရေတိုးသံ၊ ရေဝဲလှည့်သံများနှင့်အတူ ကမ်းပါးပြိုသော အသံများကိုပါ တဝေါဝေါ တဝုန်းဝုန်းနှင့် အဆက်မပြတ်ပင် ကြားနေကြရသည်။

မြို့၏အရှေ့ဘက် စွယ်တော်ရပ်ကွက်မှာ မြစ်ကွေ့နေရာ၌ တည်ရှိသည်။ ထို့ကြောင့် ရေစီးကြောင်း၏ ဖိအား



www.burmeseclassic.com

www.burmeseclassic.com

ခြင်းကို တိုက်ရိုက်ခံနေရသော ရပ်ကွက် ဖြစ်သည်။

ထိုရပ်ကွက်မှာ နှစ်စဉ်လိုလို မြစ်ရေတိုက်စားခြင်းကို ခံနေရသော ရပ်ကွက်ဖြစ်ပြီး ထိုသို့ မြစ်ရေတိုက်စားခြင်းကြောင့်ပင် ကမ်းပါးများ ပြိုကျခြင်းနှင့်အတူ လူနေအိမ်ရာများပါ မြေပြိုရာသို့ ပါသွားရလေ့ရှိသည်။ ပြောရလျှင် ထိုရပ်ကွက်မှာ မြစ်ရေက ရွှေ့တိုးလာလိုက်၊ လူတွေက နောက်ဆုတ်ပေးလိုက်နှင့် တဖြည်းဖြည်း လုံးပါးပါးနေသော ရပ်ကွက်ပင်ဖြစ်သည်။

ယခုနှစ်တွင် ပို၍ဆိုးသည်။ ရေအတက်ကြမ်းခြင်းနှင့်အတူ မြေပြိုသည့်နှုန်းက မည်သည့်နှစ်နှင့်မျှမတူအောင် များလည်းများ၊ မြန်လည်းမြန်သည်။ အိမ်အတော်များများပင် ရေထဲသို့ ပါကုန်သည်။ ထိုအိမ်များမှ မိသားစုဝင်များမှာ လူလွတ်ထွက်ပြေးကြရသည်။ ထို့ကြောင့် ရပ်ကွက်နေ လူထုအများစုမှာ ယခင်နှစ်များကလို အေးအေးဆေးဆေးလုပ်မနေဝံ့ကြတော့ဘဲ အားချင်းဆိုသလိုပင် ရေလွတ်ရာသို့ ပြောင်းကြရွှေ့ကြရတော့သည်။

အချို့က ကမ်းပါးပေါ်မှ မိမိတို့အိုးအိမ်များကို အမြန်ဆုံး ဖြိုဖျက်ကာ ရေလွတ်ရာနေရာ၌ ယာယီအိမ်များ ဆောက်လုပ်နေထိုင်ကြသည်။

အိမ်လည်း ရေထဲပါပြီး အိမ်သစ်ဆောက်ရန်လည်း မတတ်နိုင်ကြသူများမှာမူ နီးစပ်ရာ ဘုန်းကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဇရပ်များပေါ်၌ ဖြစ်သလို ခိုကိုးနေထိုင်ကြရလေသည်။

သို့နှင့် မိုးရာသီကုန်ဆုံးပြီး မြစ်ရေလည်း ပြန်ကျသွားသောအခါ ထိုကိစ္စက အမြန်ဆုံးနှင့် အရေးတကြီး ဆောင်ရွက်ပေးရမည့် ကိစ္စတစ်ခုဖြစ်လာသည်။

ယခင်နှစ်များကလို ရေဘေးသင့်ပြည်သူများကို အထိုက်အလျောက် ကူညီဖြည့်ဆည်းပေးပြီး အားပေးနှစ်သိမ့်ရုံမျှလောက်နှင့် မလုံလောက်တော့ပြီ။ မြစ်ကမ်းနေ စွယ်တော်ရပ်ကွက်သားများက တညီတညွတ်တည်းပင် သက်ဆိုင်ရာသို့ တင်ပြလိုက်ကြသည်။ နှစ်စဉ်ကမ်းပါးပြိုပြီး အန္တရာယ်ရှိသော ဤနေရာ၌ သူတို့ ဆက်လက်မနေထိုင်လိုတော့။

ထာဝရစိတ်အေးရမည့် နေရာသစ်တစ်ခုသို့ ပြောင်းရွှေ့လိုသည်။ သက်ဆိုင်ရာမှ ကွက်သစ်များဖော်ကာ သူတို့အား နေရာချထားပေးနိုင်ပါရန်ဟူ၍။

လူကြီးများကလည်း ထိုကိစ္စအတွက် အစည်းအဝေးထိုင်ကြသည်။ တိုင်ပင်နှီးနှောကြသည်။ စဉ်းစားဆုံးဖြတ်ကြသည်။

သို့နှင့်ပင် အထက်မှ သဘောတူခွင့်ပြုချက်ဖြင့် စွယ်တော်ရပ်ကွက်အား နေရာသစ်သို့ ရွှေ့ပြောင်းရန် စီစဉ်နိုင်သွားကြသည်။ စွယ်တော်ရပ်ကွက်အား သုသာန်အနီးရှိ ကွင်းပြင်ကြီးထဲသို့ နေရာရွှေ့မည်။

သုသာန်အား အခြားနေရာတစ်ခုသို့ ပြန်ရွှေ့မည်။ လမ်းများ၊ အိမ်များမှအစ ရပ်ကွက်အင်္ဂါနှင့် ညီညွတ်အောင် စွယ်တော်ရပ်ကွက်အား ပြန်လည် တည်ဆောက်ပေးမည်။

✿

ကိုတင်ထွန်းနှင့် ကိုအောင်ရင်။

သူတို့ နှစ်ဦးစလုံးပင် လူငယ်ပညာတတ်များဖြစ်ကြသည်။ မြို့ပေါ်၌ ဆောက်လုပ်ရေးကန်ထရိုက်လုပ်ငန်းများ လုပ်ကိုင်ရင်း အောင်မြင်ကြီးပွားနေကြသူများလည်း ဖြစ်ကြသည်။

ထို့ကြောင့် သူတို့နှစ်ဦးအနေဖြင့် လုပ်ငန်းတူများ ဖြစ်ကြသည်နှင့်အညီ အကြဲတူ ရန်သူများ မဟုတ်ကြသည့်တိုင်အောင် တစ်ဦးနှင့်တစ်ဦးကမူ မသိမသာလေးတော့ ကျိတ်ယှဉ်ပြိုင်နေကြသည်သာ။

လူမှုရေးအရ ခေါ်ပြောနှုတ်ဆက် ရယ်မောပြုံးပြ ဝတ္တရားမပျက်ကြလင့်ကစား ကိုယ်စီစိတ်တွင်းမှမူ တစ်ဦးနှင့်တစ်ဦး အသာရရှိရေးအတွက် ကျိတ်ပြီး ကြိုးစားနေကြသည်သာ။ သို့သော် သူတို့နှစ်ဦး၏ ယှဉ်ပြိုင်မှုမှာ သူမသာကိုယ်မသာ အနေအထားမျိုးဖြင့် ချိန်ခွင်လျှာမျှနေသည်တော့ မဟုတ်ပါ။

လက်ရှိ အခြေအနေအရ ကိုအောင်ရင်နှင့်စာလျှင် ကိုတင်ထွန်းက ပို၍ အသာရလျက်ရှိသည်ဟုပင် ဆိုနိုင်လေသည်။

ထိုသို့ ဆိုနိုင်ရသည်မှာလည်း ဆိုနိုင်လောက်သော အကြောင်းတရားများက ရှိနေ၍ပင်ဖြစ်သည်။ ထို့ကြောင့် ဤနေရာတွင် သူတို့နှစ်ဦးနှင့် ပတ်သက်သော အချက်အလက်အချို့ကို အကျဉ်းမျှ ဖော်ပြရန် လိုလာပါသည်။

ကိုတင်ထွန်းမှာ အသားဖြူဖြူ ရုပ်ချောချောနှင့် မျက်နှာချိုသူ စကားပြော ဖော်ရွေသူဖြစ်သည်။ မိမိအား လုပ်ငန်းအပ်နှံလာသူတို့ အပေါ်တွင်လည်း အတတ်နိုင်ဆုံး လိုက်လျောပေးတတ်သူ၊ ဖြည့်ဆည်းပေးတတ်သူ ဖြစ်သည်။ မဖြစ်နိုင်လွန်းသော ကိစ္စမျိုးမှသာ သူက ယဉ်ယဉ်ကျေးကျေး အားနာပါးနာနှင့် ငြင်းပယ်လေ့ရှိသည်။

ကိုအောင်ရင်ကား တစ်ဘာသာပင် ဖြစ်သည်။ သူက ကိုတင်ထွန်းလောက် ရုပ်ရည်ပြေပြစ်ခြင်း မရှိသလို သူ၏ အမူအရာကလည်း အတန်ငယ်တည်နေ၊ တင်းနေသယောင် ထင်မှတ်ရသည်။

သူက ကိုတင်ထွန်းလောက် စကားပြောညက်ညောခြင်းမရှိသည့်ပြင် လုပ်ငန်းကိစ္စတွင်လည်း ကိုတင်ထွန်းလောက် ညှိနှိုင်းရ မလွယ်ကူပြန်ပါ။ သူက လုပ်ငန်းနှင့်ပတ်သက်လျှင် သူ့မူအတိုင်း တိတိကျကျ ကျင့်သုံးလုပ်ကိုင်တတ်သူပင် ဖြစ်သည်။

သို့ဖြင့် အဆိုပါ အကြောင်းများကြောင့်ပင်လျှင် လက်သာရာ ခင်တတ်ကြသော ကလေးတို့၏ သဘာဝကို နမူနာယူပြီးသကာလ အများစုသော ပုဂ္ဂိုလ်များက ပေါင်းသင်း ဆက်ဆံရ

www.burmeseclassic.com

လွယ်ကူသည့် ကိုတင်ထွန်း အပေါ်သို့ ပို့၍ပါသွားကြခြင်းပင် ဖြစ်တော့သည်။ ဖြစ်သင့်ဖြစ်ထိုက်သော ကိစ္စပါပေ။

နောက်တစ်ခု ရှိပါသေးသည်။ သူတို့နှစ်ဦးကြား၌ အရေးကြီးသော ပြိုင်ဆိုင်မှု တစ်ခုက ရှိနေပြန်ပါသေးသည်။ ထိုပြိုင်ဆိုင်မှုကမူ အများနှင့် မသက်ဆိုင်သလို လုပ်ငန်းကိစ္စနှင့်လည်း မပတ်သက်ပါ။ ထိုကိစ္စမှာ သူတို့ တစ်ဦးချင်းစီ၏ကိစ္စ၊ သူတို့၏ ကိုယ်ရေးကိုယ်တာကိစ္စ၊ တစ်နည်းအားဖြင့် သူတို့၏ နှလုံးသားရေးရာကိစ္စပင် ဖြစ်လေတော့သည်။

ကိုတင်ထွန်းနှင့် ကိုအောင်ရင်တို့နှစ်ဦးစလုံးပင် ဆရာမ မြမြချစ်၏ အချစ်ကို ရယူပိုင်ဆိုင်နိုင်ရေးအတွက် ချဉ်းကပ်နေကြ၊ ကြိုးစားနေကြသူများဖြစ်သည်။

သူတို့နှစ်ဦး၏ ပစ်မှတ်ဖြစ်သော ဆရာမ မြမြချစ်မှာ မြို့ပေါ် အထက်တန်းကျောင်းမှ ဆရာမတစ်ဦးပင် ဖြစ်သည်။ သူမက ငယ်ငယ်ရွယ်ရွယ်နှင့် အထက်တန်းပြရာထူးကို ရရှိထားရုံမျှမက ရုပ်ဆင်းသွင်ပြင်အားဖြင့်လည်း ချောမောလှပပြီး ကျက်သရေအပေါင်းနှင့် ပြည့်စုံသူလေးဖြစ်သည်။

ကာယကံရှင် မြမြချစ် အနေနှင့်မူ ထိုနှစ်ဦးစလုံး၏ ကမ်းလှမ်းမှုကို လက်ခံရရှိထားသော်ငြား တစ်ဦးဦးအပေါ် အလေးတင်းပေးလိုက်ခြင်းကဲ့သို့သော ဆုံးဖြတ်ချက်မျိုးကိုတော့ ယနေ့တိုင် မချမှတ်နိုင်သေးပေ။

ထိုနှစ်ဦးကား လူပျိုလူလွတ်ဖြစ်ကြတာချင်းလည်း တူညီသည်။ ထုံလ ဝီရိယ ရှိကြတာချင်းလည်း တူညီသည်။ အသောက်အစား အလောင်းအစားနှင့် အပျော်အပါးကင်းရှင်းကြတာချင်းလည်း တူညီနေပြန်သည်။

သို့အတွက်ကြောင့်ပင် အရည်အချင်း တူညီနေကြသော ထိုလူလင်နှစ်ဦးအပေါ် မြမြချစ်အနေနှင့် တစ်စုံတစ်ရာ ဆုံးဖြတ်လိုက်ဖို့ ရွေးချယ်လိုက်ဖို့ခက်ခဲနေရခြင်းပင် ဖြစ်တော့သည်။

မြမြချစ်မှာ မိခင်ဖြစ်သူနှင့် အတူနေထိုင်လျက်ရှိသည်။ သူတို့ သားအမိသည်လည်း စွယ်တော်ရပ်ကွက်၌ နေထိုင်ကြသူများဖြစ်ရာ အခြားသူများကဲ့သို့ပင် ရေဘေးသင့်ခံရသူများ စာရင်း၌ ပါဝင်ခဲ့ရလေသည်။

လောလောဆယ်တွင် သူတို့သားအမိက ဘုန်းကြီးကျောင်း တစ်ကျောင်းတွင် ပြောင်းရွှေ့နေထိုင်နေကြရသည်။

ယနေ့ နံနက်တွင် မြမြချစ်တို့ကျောင်းမှ ဆရာမဒေါ်ကြည်သန်းနှင့် ဆရာမဒေါ်တင်တင်အုံးတို့နှစ်ယောက်က မြမြချစ်တို့ သားအမိ ယာယီခိုလှုံသော ရွှေတောင်ကျောင်းတိုက်အတွင်းမှ ဒေါ်သင်ဇရပ်ဆီသို့ အလည်ရောက်လာကြလေသည်။

ထိုဆရာမနှစ်ဦးစလုံးပင် မြမြချစ်ကဲ့သို့ အထက်တန်းပြ ဆရာမများဖြစ်ကြပြီး မြမြချစ်တို့ သားအမိကို အားပေးစကား လာပြောကြခြင်းပင်ဖြစ်သည်။ ရောက်ရောက်ချင်းပင် ဒေါ်ကြည်သန်းက မေးခွန်းဖြင့် စကားစလိုက်သည်။

"မြမြရယ် ဘာဖြစ်လို့ အိမ်ဆောက်ဖို့ မလုပ်သေးတာလဲ၊ သူများတွေ သူ့ထက်ငါ ဆောက်လိုက်ကြတာ ကွက်သစ်ထဲမှာ အိမ်တွေတောင် တော်တော်များကုန်ပြီ"

"ဆောက်မှာပါ ဆရာမ၊ အချိန်ကလေး နည်းနည်းစောင့်နေတာပါ"

"ဘာများ မပြည့်စုံတာရှိသေးလို့လဲ၊ လိုအပ်တာရှိရင် ပွင့်ပွင့်လင်းလင်းပြောလေ၊ တို့များ တတ်နိုင်သလောက် ဝိုင်းကူရမှာပေါ့"

"ပြည့်စုံပါတယ် ဆရာမ၊ အဆင်ပြေပါတယ်၊ ခုလို အားပေးတာပဲ ကျေးဇူးတင်လှပါပြီ"

ဒေါ်တင်တင်အုံးက ဝင်ပြောလိုက်သည်။

"မြမြတို့အိမ်က အကုန်လုံးတော့ မြစ်ထဲပါမသွားဘူးမို့လား၊ ရသင့်သလောက်တော့ ပြန်ရသေးတယ် မဟုတ်လား"

"မြေပြိုလိုက်တော့ အိမ်က မြစ်ဘက်ကို ယိုင်သွားတာ ဆရာမ၊ မြေက အိမ်တစ်ခြမ်းစာလောက် ပြိုသွားတာမို့ အိမ်တိုင်တွေပေါ်ပြီး ငေါငေါကြီး ကျန်နေခဲ့တာ၊ အိမ်တစ်လုံးစာလောက်နီးနီး အကုန်လုံးပြန်ရပါတယ်၊ ခုတော့ အားလုံးကို ဖြိုဖျက်ပြီး ပုံထားလိုက်ပါပြီ"

"ဒါဖြင့် တော်သေးတယ်ဆိုရမှာပေါ့၊ တချို့များဆို ကြားရတာ စိတ်မကောင်းလိုက်တာ၊ အိမ်အလုံးလိုက် ရေထဲပါသွားတော့ ရှိတာကုန်ပြီး အိမ်တောင် အသစ်ပြန်မဆောက်နိုင်ကြရှာဘူး၊ ကြုံရာနေရာမှာပဲ ဖြစ်သလို ခိုကပ်ပြီး နေကြရသတဲ့၊ အဲဒီအထဲမှာ တို့ကျောင်းသားမိသားစုတွေတောင် ပါသတဲ့၊ အခု အဲဒီကျောင်းသားလေးတွေဆီကိုပါ အားပေးစကား လိုက်ပြောဖို့ ထွက်လာကြတာပဲ"

"ကောင်းတယ် ဆရာမ၊ ကျွန်မအတန်းက ကျောင်းသားနှစ်ယောက်လဲ အိမ်ပြန်မဆောက်နိုင်သေးတဲ့အထဲမှာ ပါတယ်၊ လောလောဆယ် သူတို့ မိသားစုတွေ ရွှေကျိုးသာဘုန်းကြီးကျောင်းထဲမှာပဲ ခိုလှုံနေကြသတဲ့၊ ကျွန်မလဲ မနက်ဖြန်မှ သူတို့ဆီသွားပြီး အားပေးစကား ပြောရဦးမှာပဲ"

မကြာမီ ဆရာမနှစ်ယောက်က မြမြချစ်ကို နှုတ်ဆက်ပြီး ပြန်သွားကြလေသည်။ မြမြချစ်က တစ်ကိုယ်တည်း အတွေးနယ်ချဲ့ရင်း ကျန်နေခဲ့သည်။ သူ စဉ်းစားနေသည်။ ထိုဆရာမများ တိုက်တွန်းခဲ့သလို အိမ်ပြန်ဆောက်ရေး ကိစ္စကို သူစဉ်းစားနေသည်။ အမှန်တော့ အိမ်ပြန်ဆောက်ဖို့က မခက်ပါ။

ပြန်ဆောက်နိုင်သည့် အင်အားနှင့် ပြည့်စုံပြီး ဖြစ်သည်။ မူလအတိုင်း ပျဉ်ထောင်အိမ်ကလေးပဲ ပြန်ဆောက်ဆောက် သားအမိနှစ်ယောက်နေရင်



www.burmeseclassic.com

www.burmeseclassic.com

တစ်ထပ်တိုက်သေးသေးကလေးပဲ ပြန်ဆောက်ဆောက် ဆောက်နိုင်သည့် အခြေအနေက ရှိပြီးသား ဖြစ်သည်။

ဖခင် မကွယ်လွန်မီ စုဆောင်းထားခဲ့သော အတွင်းပစ္စည်း တချို့ကို ထုခွဲ၍ စီမံလိုက်ရုံသာ။

သို့သော်. . .

ထိုသို့သော်က အတော်ပင်ခက်သည်။ အကြောင်းမှာ မြမြချစ်အိမ်ပြန်ဆောက်ရမည့်ကိစ္စ၌ ကိုတင်ထွန်းနှင့် ကိုအောင်ရင်တို့က သူဆောက်ပေးမည်၊ ငါဆောက်ပေးမည်ဟု အပြိုင်အဆိုင် လေသံပစ်နေကြခြင်းကြောင့်ပင် ဖြစ်သည်။

မြမြချစ်ကသာ ခေါင်းညိတ်လိုက်ပါက သူတို့ကိုယ်ပိုင် ပန်းရန်လက်သမားအဖွဲ့များဖြင့် အမြန်ဆုံးလည်း အမြန်ဆုံး၊ အကောင်းဆုံးလည်း အကောင်းဆုံး လက်စွမ်းပြဆောက်လုပ်ပေးလိုက်ကြမည်မှာ မြေကြီးလက်ခတ်မလွဲပေ။ သို့သော် ခက်သည်က ထိုကဲ့သို့ တစ်ဦးဦးအား အိမ်ဆောက်ခွင့်ပြုလိုက်ခြင်းအားဖြင့် မိမိက ထိုတစ်ဦးအား မျက်နှာသာပေးလိုက်ခြင်း သို့မဟုတ် ချစ်အဖြေ ပေးလိုက်ခြင်းနှင့် သဘောထားချင်း ကြိုက်ညီသွားနိုင်သည်။

အခြေအနေက ထိုကဲ့သို့ပင် ဖြစ်ကို ဖြစ်သွားနိုင်သည်။ ထို့ကြောင့်ပင် မြမြချစ်အနေနှင့် နှလုံးသားရေးရာ ဒွိဟဖြစ်နေရခြင်းက အိမ်ဆောက်ရေးကိစ္စအပေါ်သို့ပါ အရိပ်မိုးနေရခြင်း ဖြစ်သည်။ ထိုအတွက်နှင့်ပင် အိမ်ဆောက်ရေးကိစ္စက မခက်ခဲသင့်ဘဲ ခက်ခဲနေရခြင်း ဖြစ်တော့သည်။

စောစောက ဆရာမများက တော့ စိတ်စေတနာ အမှန်ဖြင့် တိုက်တွန်းသွားကြခြင်း ဖြစ်သည်။

မိမိမှာတော့ ထိုအရေးကို စဉ်းစားလိုက်တိုင်း ရင်ထဲ၌ တုံ့တုံ့လေးလေးကြီး ဖြစ်သွားရခြင်းနှင့်အတူ ဝေခွဲမရစိတ်ဖြင့် သက်ပြင်းကိုသာ အခါခါချမိရမြဲ ဖြစ်သည်။

နောက်တစ်နေ့ ညနေပိုင်းတွင် မြမြချစ်က သူ၏ဆိုင်ကယ်ကလေးဖြင့် ရွှေကျီးသာ ဘုန်းကြီးကျောင်းဆီသို့ ထွက်လာခဲ့လေသည်။

မူလကြံရွယ်ထားသည့်အတိုင်း သူမ၏အတန်းမှ ကျောင်းသားမိဘများထံသို့ အခြေအနေ မေးမြန်း၍ အားပေးစကား ပြောကြားရန်ပင် ဖြစ်သည်။

မြို့လယ်ရှိ လမ်းဆုံတစ်ခုနားအရောက်တွင် ရှေ့တူရူမှလာနေသော ကိုတင်ထွန်းနှင့် ရင်ဆိုင်တိုးလေတော့သည်။

ကိုတင်ထွန်းက သူ့ဆိုင်ကယ်ပေါ်မှ လက်ပြတားနေသဖြင့် မြမြချစ်က ရပ်ပေးလိုက်ရသည်။ ထို့နောက် ဆိုင်ကယ်နှစ်စီး ဘေးချင်းယှဉ်ရပ်၍ စကားပြောဖြစ်ကြသည်။

ထုံးစံအတိုင်း ကိုတင်ထွန်းက ရှင်းသန့်သော မျက်နှာ၊ ချိုမြသော အပြုံးတို့ဖြင့် စေတနာ ရေစီးကမ်းပြို စကားများကို မြမြချစ်အား ပြောလေတော့သည်။

အချုပ်အားဖြင့် ကိုတင်ထွန်း ပြောလာသော စကားတို့တွင် အဓိကကျသောအချက်နှစ်ချက်သာပါဝင်သည်။

ပထမ တစ်ချက်က မြမြချစ် အိမ်ဆောက်တော့မည်ဆိုပါက သူ့ဘက်မှ အချိန်မရွေး အသင့်ရှိပါသည်ဆိုသည့် စကားဖြစ်ပြီး နောက်တစ်ချက်ကမူ သူ့အပေါ် မြမြချစ်အနေနှင့် ချစ်သဘောထားလေး မည်သို့ရှိသည်ကို သူ့အနေနှင့် သိခွင့်ရလိုပါပြီဟု တောင်းပန်မေးမြန်းလိုက်ခြင်းပင် ဖြစ်တော့သည်။

မြမြချစ်ကား ထိုမေးခွန်းနှစ်ခုစလုံးကိုပင် သူ အဖြေပေးနေကျအတိုင်း မိန်းမပရိယာယ်ဖြင့် အဆင်ပြေအောင် အပိုအလိုမရှိအောင် တုံ့ပြန်ပြောဆိုလိုက်ရလေသည်။

ထို့နောက်တွင် ကိုတင်ထွန်းက သက်ပြင်းကိုချ၍ သူ့ခရီး သူဆက်သွားလိုက်သလို မြမြချစ်ကလည်း ရွှေကျီးသာ ဘုန်းကြီးကျောင်းဘက်သို့ ဆက်လက်ထွက်ခွာလာခဲ့သည်။

ကျောင်းပိုင်းအတွင်းသို့ရောက်သော် မိမိအတန်းသား ကျောင်းသားလေးများဆီသို့ တန်းတန်းမတ်မတ်ပင် သွားလိုက်သည်။ ကျောင်းဝင်းထဲ၌ ရေဘေးဒုက္ခသည် အတော်များများကိုပင် တွေ့ရသည်။

အချို့ကို ကျောင်းတိုက်များအတွင်း၌လည်းကောင်း၊ အချို့ကို ဇရပ်များအပေါ်တွင်လည်းကောင်း၊ အချို့ကိုမူ ကျောင်းအုတ်တံတိုင်းဘေး၌ တဲများထိုးကာ နေထိုင်လျက်ရှိကြသည်ကိုလည်းကောင်း တွေ့မြင်ရလေသည်။

မြမြချစ်၏အတန်းသား ကျောင်းသားလေး နှစ်ဦး၏ အခြေအနေမှာ အတော်ပင်ဆိုးရွားလှသည်။ နဂိုက မိဘများက လက်လုပ်လက်စား ဆင်းရဲသားများ ဖြစ်နေရသည့်အထဲ ယခု သို့ အိမ်အလုံးလိုက် ရေထဲကျွတ်ပါသွား ရပြန်လေရာ သူတို့၏ အနေအထားမှာ မျောက်သစ်ကိုင်းလွတ် ကိန်းမျိုးသို့ လုံးလုံးဆိုက်သွားကြရလေတော့သည်။

ကွက်သစ်၌ အိမ်ကလေးတစ် လုံးလောက်ပင် ပြန်ဆောက်နိုင်စွမ်းမ ကြတော့သည့်ပြင် ကလေးများကိုပင် ကျောင်းထုတ်လိုက်ရတော့မည့် အခြေ အနေသို့ ဆိုက်ရောက်လျက်ရှိသည်။

ကျောင်းသားလေးများက သူ ဆရာမကို ကျောင်းထွက်ရပါမည့်အကြ ငိုမဲ့မဲ့မျက်နှာလေးများဖြင့် တင်ပြနေ သကဲ့သို့ ဆရာမလုပ်သူ မြမြချစ်ကိုယ် တိုင်မှာလည်း စာတော်ပါလျက်နှင့် သင်ခန်းကို ကျောခိုင်းရရှာမည့် တပည့် နှစ်ဦးအတွက် မချိအောင်ပင် ခံ လိုက်ရပေသည်။

မြမြချစ်က မိမိအနေနှင့် အ ကူညီနိုင်ရန် နည်းလမ်းရှာကြံပြီး အကြောင်း၊ ဒီအတောအတွင်း အ မလျော့ဘဲ ကျောင်းကိုသာ ဆက်တ နေဖို့လိုကြောင်းတို့ကို အားပေး ကြားပြီးနောက် သူတို့ရေ့များထံ

www.burmeseclassic.com

စိတ်မကောင်းစွာနှင့်ပင် ပြန်လာခဲ့ရပေတော့သည်။

ဖြစ်ချင်တော့ ရွှေကျီးသာဘုန်းကြီးကျောင်းမှ ထွက်လာပြီး မြို့လယ်အပိုင်းကြီးနားသို့ အရောက်တွင် မြမြချစ်က ကိုအောင်ရင် စီးနင်းလာသော ဆိုင်ကယ်နှင့် ပက်ပင်းကြီးတိုးမိနေပြန်သည်။

ကိုအောင်ရင်ကား ဖိုသီဖတ်သီဟန်ဖြင့် "အလုပ်က အရေးကြီးနေလို့ စကားပြောချိန်မရသေးဘူး" ဟု မြမြချစ်ကို လှမ်းပြောကာ ဆိုင်ကယ်ကို ရှေ့သို့သာ ဆက်မောင်းသွားသည်။ လေးနက်သောအပြုံးတစ်ခုနှင့်အတူ လက်တစ်ဖက်ကိုတော့ ဝှေ့ယမ်းပြသွားပါသေးသည်။ သူ့ပုံက တကယ်ပင် အလုပ်ရှုပ်နေသည့်ပုံ ပေါ်နေသည်။

မည်သို့ဆိုစေ မြမြချစ်က ကိုအောင်ရင့် ပုံစံကို သိပ်တော့ ဘဝင်မတွေ့မိပေ။ မည်မျှပင် အရေးကြီးနေသည်ဖြစ်ပါစေ ဆိုင်ကယ်ကို ခဏတစ်ဖြုတ်ရပ်ကာ မိမိနှင့် စကားအနည်းအကျဉ်းလောက် ပြောသွားသင့်သည့်တာဝန်ကိုတော့ ကိုအောင်ရင့်အနေနှင့် ဖျက်ကွက်ဖို့ မကောင်းဟု မြမြချစ် ထင်သည်။

အမှန်ဆိုရလျှင် ယခုလိုအချိန်မျိုး၌ နှလုံးသားအရေးကသာလျှင် ထိပ်တန်းအကျဆုံး၊ အဓိက အကျဆုံးဖြစ်နေလေသည်မဟုတ်လော။ ထိုအရေးကိုကျော်၍ ဦးစားပေးရမည့် ဂရုစိုက်ရမည့် အခြားအရေးအရာဟူ၍ ရှိသင့်ပါသေးသလော။

မြမြချစ် အတွေးအာရုံထဲတွင် ကြည်လင်ပျော့ပျောင်းသော ကိုတင်ထွန်း၏ ရုပ်သွင်က ဖျတ်ခနဲ ဝင်ရောက်လာသည်။

ထိုအခါ မိမိမေတ္တာအား အမြဲမြော်ငံ့လင့်နေခြင်း၊ တောင့်တနေခြင်းအပါအဝင် မိမိအပေါ် တစ်ရံမလပ် အလေးထားတတ်လေသူ ကိုတင်ထွန်း၏ ပြောဟန် ဆိုဟန် ရုပ်သွင်မူရာတို့က ပို၍ပင် ရုပ်လုံးကြွလာသကဲ့သို့ ထင်မှတ်လိုက်ရသည်။

ဤတွင် ဦးနှောက်၏ အသိပေးချက်နှင့်အတူ မြမြချစ်၏ နှလုံးသားချိန်ခွင်လျှာကလေးက ပထမဆုံးအကြိမ်အဖြစ် ကိုတင်ထွန်းဘက်သို့ မသိမသာ အစွန်းကလေး ထွက်သွားခဲ့ရလေပြီဟု ဆိုရချေတော့မည်တည်း။

✿

များမကြာမီပင် မြမြချစ်အနေနှင့် ကိုတင်ထွန်းဘက်သို့ သိသိသာသာ ပေါ်ပေါ်ထင်ထင် အလေးတင်းပေးလိုက်ရတော့မည့် အခြေအနေက မလွှဲသာ မရှောင်သာ ရောက်ရှိလာပါတော့သည်။ စွယ်တော်ကွက်သစ်၏ ဆောက်လုပ်ရေးလုပ်ငန်းခွင်မှ ထွက်ပေါ်လာသော အသံဗလံများကပင် မြမြချစ်၏ နှလုံးသားကို အတိအလင်း ကွဲကွဲပြားပြား ဖြစ်စေရေးအတွက် သက်သေခံပေးလိုက်ခြင်း ဖြစ်တော့သည်။

စွယ်တော်ကွက်သစ်၌ အိုးအိမ်များ ဆောက်လုပ်ကြသောအခါ ရပ်ကွက်နေ ပြည်သူလူထုက ကိုတင်ထွန်းနှင့် ကိုအောင်ရင်တို့ နှစ်ဦးကိုသာ အများအားဖြင့် လုပ်ငန်းအပ်နှံကြလေသည်။

သို့သော် မြို့ပေါ်၌ သူတို့နှစ်ဦးသာ ပေါ်ပြူလာအဖြစ်ဆုံး၊ အအောင်မြင်ဆုံး ဖြစ်ကြသည်မှာ မှန်သော်လည်း လုပ်ငန်းအရ ကိုတင်ထွန်းက ကိုအောင်ရင်ထက် သာလွန်မှု ရှိကြောင်းကို အထက်၌ ဆိုခဲ့လေပြီ။

ထိုကဲ့သို့ ဖြစ်ရသည်မှာ သူတို့နှစ်ဦး၏ အရည်အချင်း ကွာခြားမှုအပေါ်၌ အဓိကအားဖြင့် မူတည်နေပေသည်ဟု အကြမ်းဖျင်းဆိုနိုင်ပါသော်လည်း မြမြချစ်အတွက်တော့ သူတို့နှစ်ဦးကြား၌ ကွာဟချက်ဟူ၍ ကြီးကြီးမားမား မရှိ။ နှစ်ဦးစလုံး တန်းတူရည်တူမျှသာဟု ယခင်က မှတ်ယူထားခဲ့မိသည်။ ထိုသို့ မှတ်ယူထားခဲ့သည့်အတိုင်းလည်း သူ့အနေဖြင့် မည်သူ့ကိုမျှ အမှတ်ပိုမပေးခဲ့။ မည်သူ့ကိုမှလည်း မတိမ်းညွတ်ခဲ့။

သို့သော် ယခုမူ အချိန်က စကားပြောခဲ့လေပြီ။ တစ်နည်းအားဖြင့် မြမြချစ်အနေနှင့် သူတို့နှစ်ဦး၏ ကွာဟချက် အစစ်အမှန်၊ ခြားနားချက် အဖြစ်မှန်ကို မမြင်မနေ လက်ခံရတော့မည့် အနေအထားသို့ ဆိုက်ရောက်သွားခဲ့ရလေပြီ။ အထက်မှ ဆိုခဲ့သည့်အတိုင်း စွယ်တော်ကွက်သစ် ဆောက်လုပ်ရေးလုပ်ငန်းခွင်မှ ထွက်ပေါ်လာသည့် အောက်ပါအသံများကိုသာ နားဆင်ကြည့်လိုက်ပါလော့။

"ကိုအောင်ရင် ဆိုတဲ့လူ တော်တော်လူငါးဝတဲ့လူဗျာ၊ အိမ်ဆောက်တဲ့ လက်ခကိုလဲ အတိအကျယူသေးတယ်၊ ပစ္စည်းကျတော့လဲ ခိုးချင်သေးတယ်၊ ကျုပ်အိမ်ဆောက်လို့ အစွန်းထွက်ပိုလာတဲ့ သစ်တိုသစ်စတွေ မှန်သမျှ သူ့လူတွေနဲ့ အားလုံးသယ်သွားပါကောလား"

"ကျွန်တော့်အိမ်ဆောက်တုန်းကလဲ ဒီလိုပဲဗျ၊ အိမ်ဆောက်ပြီးလို့ ပိုနေတဲ့ လက်စ်တိုင် တချို့နဲ့ ပျဉ်အတော်များများကို ဒီလူ အပျောက်ရိုက်သွားတာ၊ ကျွန်တော်က ဒီပစ္စည်းတွေ ဘာလို့ယူသွားရတာလဲလို့ မေးတော့ ဟိုလိုလို ဒီလိုလိုပဲ လုပ်ပြနေတယ်၊ ဘာမှ ရေရေရာရာ ရှင်းမပြဘူး၊ တကယ့်လူဗျာ"

"ကျွန်မလဲ မထူးပါဘူး၊ ကိုအောင်ရင် လူလည်ကျတာကို ခံလိုက်ရတာပါပဲ၊ ကျွန်မက ပျဉ်ထောင်အိမ်ကို ဖျက်ပြီး အုတ်တိုက်ပြန်ဆောက်တာ ဆိုတော့ အိမ်ဟောင်းက ပိုလာတဲ့ပျဉ်တွေဟာ ဘယ်နည်းပဲ့မလဲ၊ အဲဒီပျဉ်တွေကို သူက၊ သူ့လူတွေကို ပေါ်တင်သယ်ခိုင်းတာပဲ။

ကျွန်မက ဒါတွေ မယူပါနဲ့ သုံးစရာရှိသေးတယ်လို့ ပြောတော့ သူက တခြားနေရာမှာ လှည့်သုံးစရာရှိလို့ပါ ပြန်ပေးပါ့မယ် ဘာညာနဲ့ ပြောတယ်၊ ပြောသာ ပြောတယ်၊ ခုထိ ဘာမှ ပြန်မရတော့ပါဘူးရှင်"



www.burmeseclassic.com

www.burmeseclassic.com

တစ်ဦးစကား မဟုတ်ပါ။ နှစ်ဦးစကား မဟုတ်ပါ။ ကိုအောင်ရင်အား အလုပ်အပ်နှံကြသူ အိမ်ရှင်အတော်များများထံမှ မကျေမချမ်းထွက်ပေါ်လာသော မှတ်ချက်သံများပင် ဖြစ်ပါသည်။ တစ်ဆင့်စကား တစ်ဆင့်နားဖြင့် မြမြချစ်ကလည်း ကြားသိလာရခြင်း ဖြစ်သည်။

ကိုအောင်ရင်နှင့် ပတ်သက်၍ ထိုကဲ့သို့ ကြားသိလိုက်ရခြင်းအတွက် ပထမတော့ မြမြချစ် အံ့သြခြင်းနှင့်အတူ စိတ်မကောင်းခြင်းပါ ဖြစ်လိုက်မိရသေးသည်။

သို့သော် နောက်တော့လည်း သက်ပြင်းကိုချ၍ မိမိစိတ်ကို မိမိပြန်ဖြေရသည်။ စင်စစ် ကိုအောင်ရင်သည်လည်း လူသားထဲက လူသားတစ်ယောက်သာ ဖြစ်သည်။ ယခု သူ့သရုပ်မှန်ကို သူ့ဘာသာပြန်ဖော်ပြလိုက်ခြင်း ဖြစ်သည်။

ထို့အတွက် ဘာမျှ ထူးထူးကဲကဲ အံ့သြနေစရာ မရှိ။ ဖြစ်လေ့ဖြစ်ထရှိသော လူ့စရိုက်၊ လူ့သဘာဝ၊ လူ့ဓမ္မတာအတိုင်း ဖြစ်ပျက်ဖန်တီးလာခဲ့ခြင်းအပေါ် သာမန်ထက်ပိုပြီး ဘာမျှ ခံစားနေစရာ မရှိပါလေပြီ။

တစ်ခုတော့ မြမြချစ်အတွက် အကျိုးရှိသွားသည်။

အထက်ပါ အကြောင်းအရာများကို ကြားသိလိုက်ရခြင်းအတွက် မြမြချစ်က ကျေးဇူးပင် တင်မိရသည်။

အဘယ်ကြောင့်ဆိုသော် ယခုအခါတွင် သူမရင်တွင်း၌ ကျပ်တည်းနေသောပြဿနာတစ်ခုက ချောင်လည်သွားရပြီ ဖြစ်သလို ခက်ခဲ ရှုပ်ထွေးနေသော ပုစ္ဆာတစ်ပုဒ်အားလည်း ပိုင်ပိုင်နိုင်နိုင် အဖြေရရှိလိုက်ပြီ ဖြစ်သောကြောင့်ပါတည်း။

✿

တစ်ခုသော ကျောင်းပိတ်ရက်၏ ညနေချမ်းအချိန်၌ မြမြချစ်က စာရေးစားပွဲတွင်ထိုင်ကာ တစ်ကိုယ်တည်း အတွေးနက်နေမိလေသည်။ သူမ၏ စိတ်ထဲတွင် အကြောင်းအရာတစ်ခုနှင့် ပတ်သက်ပြီး အတန်ကြာအောင်ပင် ချီတုံချတုံ ဖြစ်နေမိသည်။ သို့သော် နောက်ဆုံးတွင် ဆုံးဖြတ်ချက်တစ်ခုကို ရဲရဲချလိုက်ပြီးနောက် ထိုဆုံးဖြတ်ချက်အတိုင်း ဆောင်ရွက်သွားရန်အတွက်ကိုပါ စိတ်ကို တုံးတုံးချလိုက်တော့သည်။

စာရွက်တစ်ရွက်နှင့် ဘောပင်တစ်ချောင်းကို လှမ်းယူလိုက်သည်။ စာရေးရန်အတွက်လည်း ပြင်ဆင်လိုက်သည်။

စာထဲ၌ သူမ ရေးသားရမည့် အကြောင်းအရာကား အိမ်သစ်ဆောက်ရန်အတွက် ကိစ္စအဝဝညှိနှိုင်းတိုင်ပင်ရန်ကိုတင်ထွန်းအား ဖိတ်ခေါ်လိုက်ရေးပင် ဖြစ်လေတော့သည်။

သို့သော် မြမြချစ်က စာရေးရန် ပြင်လိုက်စဉ်မှာပင် ဇရပ်အပေါက်ဝမှ လူရိပ်လိုလိုတွေ့လိုက်ရပြီး စကားပြောသံများကိုပါ တစ်ဆက်တည်းကြားလိုက်ရသည်။ ထို့ကြောင့် သူလှည့်ကြည့်လိုက်မိသည်။ ထိုအခါ ဆရာမ ဒေါ်ကြည်သန်းနှင့် ဆရာမဒေါ်တင်တင်အုံး တို့ကိုပင် အပေါက်ဝ၌ လှမ်းတွေ့လိုက်ရသည်။

"ဟော ဆရာမတို့ပါလား၊ ဘယ်ကနေ လှည့်လာကြပြန်တာလဲ"

"မြမြဆီကိုပဲ တမင်လာခဲ့ကြတာ၊ ပြောစရာရှိလို့ မြမြရဲ့၊ ပြောစရာရှိလို့ဆိုတာထက် ဝမ်းသာစရာ သတင်းတစ်ခုကို မြမြကြားစေချင်လို့"

ဒေါ်ကြည်သန်းက ပြန်ပြောလိုက်သည်။ ဒေါ်ကြည်သန်းအသံက သိသာစွာ သွက်လက်ရွှင်လန်းလျက် ရှိသည်။

"ဟုတ်လား ဘာများလဲ ဆရာမရဲ့၊ လာ လာ ထိုင်ကြပါဦး"

ဆရာမနှစ်ယောက်က ဝင်ထိုင်ကြသည်။ မြမြချစ်၏ မိခင်ကပါ ရေနွေးကြမ်းနှင့် လက်ဖက်အုပ်များကို ချတည်
၍ သူတို့နှင့်အတူ ဝင်ထိုင်လိုက်သည်
မြမြချစ်ကပင် စမေးလိုက်သည်။

"ကဲ ပြောပါဦး၊ ဘယ်လိုဝမ်းသာ
စရာသတင်းများလဲ ဆရာမတို့ရဲ့၊ ပြော
ကြပါဦး၊ ခုတလော စိတ်မသက်မသာ
ဖြစ်စရာတွေချည်းပဲ ကြားကြားနေ
တော့ ဝမ်းသာစရာဆိုရင် ကြားချင်လွန်း
လို့ပါ"

"ကြားရမယ် ကြားရမယ်၊ တခြား
မဟုတ်ဘူး မြမြရဲ့၊ အိမ်ပြန်မဆောက်
နိုင်ကြတဲ့ ရေဘေးဒုက္ခသည် တချို့
အတွက် စေတနာရှင်တချို့က အိမ်
ဆောက်ပေးပြီး ဒါနပြုမယ်ဆိုတဲ့သတင်း
ပဲ၊ အိမ်ဆောက်ပေးမယ့် စာရင်းထဲမှာ
မြမြအတန်းက ကျောင်းသားနှစ်ယောက်
ရဲ့ မိသားစုလဲ ပါတယ်"

"ဟယ် ဝမ်းသာလိုက်တာ၊ ဝမ်း
သာလိုက်တာ၊ ကြားရတာနဲ့ကို နားချမ်း
သာလိုက်တာ၊ ဒါနဲ့ အဲဒီစေတနာရှင်
တွေက ဘယ်သူတွေလဲဟင် ဆရာမ"

မြမြချစ်က ခပ်သွက်သွက်မေး
လိုက်သည်။ သူ့စိတ်ထဲတွင် သူ့ကျောင်း
သားလေးနှစ်ယောက်အတွက် ဖော်မပြ
နိုင်အောင်ပင် ဝမ်းသာနေမိသည်။

သို့သော် ထိုဆရာမများက သူ့
အမေးကို ချက်ချင်း ပြန်မဖြေသေး
သူတို့အချင်းချင်း တစ်ယောက်မျက်နှာ
တစ်ယောက် အဓိပ္ပာယ်ပါပါ ကြည့်
ကြသေးသည်။ ပြီးတော့မှ ဆရာမ
ဒေါ်တင်တင်အုံးက မြမြချစ်ကို
စေ့စေ့ ကြည့်လျက် ပြောလိုက်သည်

"တခြားလူ ဟုတ်ပါရိုးလား
မြမြရဲ့၊ ဒီအိမ်ပြန်ဆောက်ပေးမယ့် အ
အစဉ်ရဲ့ အဓိက ဦးဆောင်ပုဂ္ဂိုလ်
ကန်ထရိုက်ကိုအောင်ရင်ပဲပေါ့"

"ရှင်"

ကြားလိုက်ရသော စကား
မြမြချစ်အား ရင်ထိတ်သွားစေသ
အံ့အားသင့်သွားစေသည်။

မျက်နှာကိုပါ အရောင်ပြော
သွားစေသည်။ ဆရာမ နှစ်ဦးပါ





www.burmeseclassic.com

www.burmeseclassic.com

ချစ်ကို ကြည့်ကာ ခပ်သာသာရယ်လိုက်ကြသည်။ ပြောရလျှင် သူတို့ကလည်း မြမြချစ်တို့၏ သုံးပွင့်ဆိုင် ဇာတ်လမ်းကို တစ်စွန်းတစ်စ သိပြီးကြသူများပင်။

ဒေါ်တင်တင်အုံးကပင် ဆက်ပြောသည်။

"ဟုတ်တယ် မြမြရဲ့၊ ဒီကောင်းမှုရဲ့ အဓိက စေတနာရှင်က ကိုအောင်ရင်ပဲ၊ သူတို့အဖွဲ့ အစည်းအဝေးလုပ်တဲ့နေ့က ကိုယ့်အမျိုးသားကလဲ အစည်းအဝေးတက်တဲ့သူတစ်ဦးနဲ့အတူ လမ်းကြုံရင်းအဖော်လိုက်သွားရာကအကြောင်းစုံကို သိခဲ့ရတာ၊ အခု လောလောဆယ် သူတို့အဖွဲ့က အိမ်(၆)လုံးကို ဆောက်ပြီးတော့ လှူမယ်တဲ့၊ နောက်ထပ် စေတနာရှင်တွေ ပေါ်လာရင် ပေါ်လာသလောက် အိမ်သစ်တွေကို ထပ်ပြီးတော့ ဆောက်လုပ်လှူကြဦးမယ်တဲ့၊ မြို့လူထုက ဒီသတင်းကြားရတော့ ဝိုင်းပြီး သာဓုခေါ်နေကြတယ်၊ တတ်နိုင်သလောက်လဲ သစ်တို့၊ ဝါးတို့၊ သက်ငယ်တို့ကို ထည့်ကြ လှူကြတယ်၊ ကိုယ်တို့ မိသားစုကတောင် ပျဉ်ဆယ်ချောင်းနဲ့ သံသုံးပိဿာကို ဒီမနက်ပဲ သွားလှူခဲ့တယ်"

မြမြချစ်က မှင်တက်နေဆဲ၊ ငြိမ်သက်နေဆဲ။ ဒေါ်တင်တင်အုံး၏ စကားက မဆုံးသေးပေ။

"တကယ်တော့ ကိုအောင်ရင်က တကယ်နှလုံးသားရှိတဲ့သူပဲ၊ သူကိုယ်တိုင် ဆင်းရဲသားဘဝက တက်လာရတဲ့သူမို့ ကိုယ်ချင်းစာစိတ်နဲ့ မရှိနွမ်းပါးသူတွေအတွက် ခုလို စီစဉ်ပေးတာပါလို့ ရှင်းပြသတဲ့၊

အရင်က ကိုအောင်ရင် အပေါ် လူအတော်များများက အမြင်စောင်းနေကြတာတဲ့၊ အိမ်ဆောက်ရာမှာ ပိုတဲ့ တိုင်တွေ၊ ဝါးတွေ၊ သစ်တွေကို မလိမ့်တပတ် လုပ်တယ်၊ အလွဲသုံးစားလုပ်တယ်ဆိုပြီး အထင်လွဲနေကြတာတဲ့၊ ခုမှပဲ ကိုအောင်ရင်ရဲ့ စေတနာကို သဘောပေါက်သွားကြတာတဲ့၊

ကိုအောင်ရင်က ခုလို အိမ်ဆောက်ပြီး လှူမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ လိုအပ်တဲ့ ပစ္စည်းတွေကို ရနိုင်သလောက်ရနိုင်တဲ့နေရာကနေစုဆောင်းနေတာပါတဲ့၊ သူယူထားတဲ့ ပစ္စည်းတွေကို ဘယ်သူ့ဆီက ဘယ်လောက်ဆိုတာ သေသေချာချာ ရေးမှတ်ထားပါတယ်တဲ့။

အတော်အတန် ပြည့်စုံပြီဆိုတော့မှ ခုလို အစည်းအဝေး ခေါ်ပြီး သူ့အစီအစဉ်ကို ရှင်းပြမယ်၊ သက်ဆိုင်သူတွေရဲ့ သဘောထားကိုလဲ မေးမြန်းမယ်ပေါ့၊ သဘောတူခဲ့ရင် သူတို့ ပစ္စည်းစာရင်းအတိုင်း ကမ္ပည်းထိုးပေးမယ်၊ သဘောမတူသူ ရှိခဲ့ရင်တော့ ပစ္စည်းလိုချင်ရင် ပစ္စည်းပြန်ပေးမယ်၊ ဒါမှမဟုတ် ကာလပေါက်ဈေးနဲ့ ပြန်ရောင်းမယ်ဆိုရင် ကိုအောင်ရင်ကပဲ စိုက်ထုတ်ပြီး လှူလိုက်ပါမယ်ဆိုတဲ့ အကြောင်းတွေကို ရှင်းပြသတဲ့။

နောက်ပြီးတော့ ဒီအိမ်တွေကို ဆောက်တဲ့အခါ ပန်းရန်၊ လက်သမားစရိတ်တွေကိုလဲ ကိုအောင်ရင်ကပဲ လှူပါမယ်လို့လဲ ရှင်းပြသတဲ့"

"ဒီတော့ အားလုံးက သဘောတူကြသတဲ့လား ဆရာမ"

"အို တူတာပေါ့ မြမြရဲ့၊ အိမ်ဆောက်ပြီးလို့ ပိုနေတဲ့ ဒီပစ္စည်းတွေကို ဘာမှ နှမြောစရာမရှိတဲ့ အကြောင်း၊ ကိုအောင်ရင့် စိတ်ကူးကိုတောင် ချီးကျူးစရာကောင်းသေးကြောင်း ဝိုင်းပြောကြသတဲ့၊ တချို့ကဆို လိုအပ်တာရှိရင် ပြောပါ၊ ထပ်ပြီးတောင် လှူချင်ပါသေးတယ်လို့ ပြောလိုက်ကြသေးသတဲ့"

"နို့ ကိုအောင်ရင်က ဒီကိစ္စကို အစကတည်းက ဘာလို့ ပွင့်ပွင့်လင်းလင်း မလုပ်ခဲ့တာတဲ့လဲ ဆရာမ"

"သူ့မှာလဲ အလုပ်တွေကများနေတာကိုး မြမြရဲ့၊ အဲဒီအတွက် အချိန်မပေးနိုင်လို့ နေမှာပေါ့၊ ပြီးတော့ ကိုအောင်ရင့်တွက်ကိန်းက ပစ္စည်းရှင်တွေကို အကျိုးအကြောင်းရှင်းပြရင် မလှူနိုင်စရာမရှိဘူး၊ သဘောမတူနိုင်စရာမရှိဘူး၊ ဒါကြောင့် တစ်ချိန်ချိန်ကျမှပဲ အစည်းအဝေးခေါ်ပြီး ရှင်းပြလိုက်တော့မယ်။

ဒီတော့မှ ကာယကံရှင်တွေလဲ သူ့အကြံကို မမျှော်လင့်ဘဲ သိလိုက်ရတဲ့အတွက် ပိုပြီး အံ့အားသင့်ကြ၊ ပိုပြီး ဝမ်းသာကြလိမ့်မယ်ဆိုတဲ့ အမြင်နဲ့ပေါ့၊ ကိုအောင်ရင့်လုပ်ရပ်က တော်တော့်ကို ကောင်းပါတယ် မြမြရယ်။

တို့တော့ တို့ကျောင်းသားတွေအတွက် အဆင်ပြေသွားတာ တစ်ခုနဲ့တင် ကိုအောင်ရင့်ကို သာဓုခေါ်လို့ မဆုံးပါဘူး"

မြမြချစ်ကား ငိုင်တွေ၍သာ နေမိသည်။ မိခင်ဖြစ်သူကသာ ဆရာမ ဒေါ်တင်တင်အုံး၏ စကားကို ထောက်ခံပြောဆိုနေလေသည်။ ထိုသို့ အတန်ကြာအောင် စကားစမြည် ဆက်လက်ပြောဆိုနေကြပြီးနောက် ဆရာမနှစ်ဦးက ပြန်ရန်ပြင်လေသည်။

မြမြချစ်က ထိုဆရာမများအား ကျောင်းဝင်းအဝထိ လိုက်ပို့လေသည်။ လူချင်းခွဲခါနီးတွင် ဒေါ်ကြည်သန်းက လေးနက်သောအသံဖြင့် မြမြချစ်ကို ခပ်တိုးတိုးပြောသည်။

"သိလားမြမြ၊ ကိုအောင်ရင်က မျက်နှာမချို စကားပြော မညက်ပေမယ့် စိတ်ရင်းက တကယ်ဖြောင့်မတ်ဖြူစင်တဲ့သူ၊ ကိုတင်ထွန်းကို ဆက်ဆံရေးကောင်းလို့ လူတွေဝိုင်းနေကြပေမယ့် လုပ်ငန်းမှာ တကယ်တိကျတဲ့သူ၊ မှန်ကန်တဲ့သူက ကိုအောင်ရင်သာ ဖြစ်တဲ့အကြောင်းကို ဒီနောက်ပိုင်းမှာ သိလာနေကြပြီ။

အဆောက်အအုံချင်း ယှဉ်လိုက်ရင် ကိုအောင်ရင်ဆောက်တဲ့အဆောက်အအုံက ပိုပြီးတောင်းသတဲ့၊ သူဆောက်တဲ့ အဆောက်အအုံတွေကို ဘယ်တျှင်တွယ်နဲ့ပဲ လာတိုင်းတိုင်း ဘယ်တူနဲ့ပဲ လာခေါက်ခေါက် ခေါင်ခေါင်မြည်တွေ ဖြစ်တဲ့အကြောင်း၊ တကယ်တျတော့ ကိုတင်ထွန်းကအပြောကောင်းသလောက် သိပ်မစွံတဲ့အကြောင်း၊ ထုံးတို့ ဘိလပ်

www.burmeseclassic.com

မြေတို့ကအစ ခိုလွန်းတဲ့ အကြောင်း၊ အကြံအဖန်များတဲ့ အကြောင်းတွေကို ဝေဖန်နေကြတယ်၊ အချင်းချင်းမို့ တို့ သိသလောက် ပြောပြတာနော်၊ မြမြ ဘာသာဆက်ပြီး စဉ်းစားကြည့်ပေတော့”

ထို့နောက် ဆရာမနှစ်ယောက်က ပြန်လည်ထွက်ခွာသွားကြသည်။

မိခင်ဖြစ်သူကလည်း ဘုရားပန်းလဲပေးရန်အတွက် ဘုန်းကြီးကျောင်းပေါ်သို့ တက်သွားသည်။ မြမြချစ်က စာရေးစားပွဲသို့ ပြန်လာကာ တစ်ကိုယ်တည်း ငိုင်တွေနေမိသည်။ စဉ်းစားခန်းဝင်နေမိသည်။

သူအံ့သြနေသည်။ မယုံကြည်နိုင်အောင်ပင် ဖြစ်နေသည်။ အကြောင်းအရာ အဖြစ်အပျက်တို့က ရုတ်ခြည်းဆိုသလို အပြောင်းအလဲ မြန်ဆန်လွန်းလှသည်။

ထိုသို့ မြန်ဆန်လွန်းလှသည့်အတွက်ပင် သူ့အနေနှင့် မည်သို့လုပ်ရမှန်း မသိအောင် ယောင်ချာချာဖြစ်သွားရလေပြီ။

စောစောက စာရေးရန် ပြင်ဆင်ထားသော စာရွက်နှင့် ဘောပင်ကလေးက သူ့အား သရော်နေသကဲ့သို့ပင် ရှိတော့သည်။

ခုတော့ ဘယ်သူ့ဆီကို ဘာတွေရေးမှာလဲဟု မေးခွန်း ထုတ်သလိုပင် ရှိတော့သည်။ မြမြချစ် စိတ်မော၍သာ နေရလေပြီ။

သို့သော် မထတ်နိုင်လေပြီ။ ပြောင်းလဲသွားသော ရာသီဥတုအခြေအနေကို လိုက်၍ မိမိစိတ်ကိုလဲ လိုက်ပါပြောင်းလဲရတော့မည်သာ ဖြစ်သည်။ ဖြစ်သင့်ဖြစ်ထိုက်သော ဆုံးဖြတ်ချက်ကိုလည်း ပြင်ဆင်ချမှတ်ရတော့မည်သာ။ အမှန်တော့ ကံကြမ္မာက မိမိအပေါ်သို့ ရသင့်ရထိုက်သည့်အတိုင်း လက်မတင်ကလေး အချိန်ကိုက် စီရင်ပေးလိုက်ခြင်း ဖြစ်သည်။

သို့အတွက် မိမိမှာ ကံကောင်းခြင်းတစ်မျိုး ဖြစ်ရသလို ကျေနပ်နှစ်သိမ့်စရာလည်း ဖြစ်သင့်ပါပေသည်ဟု တွေးလိုက်မိခြင်းနှင့်အတူ မြမြချစ်က စိတ်ကိုလျှော့ချလိုက်ရင်း သက်ပြင်းကိုပါ ရှည်လျားစွာ ချလိုက်မိတော့သည်။

✿

သည့်နောက်တွင် မြမြချစ် တစ်ယောက် ခေါင်းငုံ့၍ စာရေးနေလေရာ သူရေးနေသော စာမှာ ကိုအောင်ရင့်ထံသို့ ရေးသားနေခြင်း ဖြစ်သည့် အကြောင်းကိုမူ အထူးဖော်ပြ နေစရာ မလိုတော့ပါပြီတည်း။

❒ ရဲမြတ်ထင်


# ဆရာဦးခင်ထွန်း D.B.B.W - C.T (Med)

# ဘုန်းသျှင် တိုင်းရင်းဆေးကုခန်း

## အထူးကုသသောရောဂါများ

နလုံး၊ သွေးတိုး၊ လေငန်း၊ အစာအိမ်၊ ဆီးချို၊ သွေးချို၊ ဝမ်းတွင်း၌ဖြစ်တတ်သော (ကင်ဆာ) မြစ်ပွားနာ အမျိုးမျိုး၊ ခန္ဓာကိုယ်ပြင်ပ၌ ဖြစ်တတ်သော အဖုအကျိတ်၊ မှိုနာ၊ မြစ်ပွားနာ (ကင်ဆာ)၊ သွေးကြောပိတ်ရောဂါနှင့် အကြောရောဂါအမျိုးမျိုး၊ လေဖက်နာရောဂါ၊ အဆုတ်နာ၊ ခုံအားကျရောဂါ (ခယယုဂ်နာ)၊ အသည်းနှင့်ပတ်သက်သောရောဂါများ၊ ပန်းသေ၊ ပန်းညှိုးရောဂါများ၊ မီးယပ်နှင့်ပတ်သက်သော ရောဂါများ၊ သူငယ်နာရောဂါ အမျိုးမျိုး၊ လိပ်ခေါင်း၊ ဂရင်ဂျီနာနှင့် နာတာရှည်ရောဂါကြီးများကို အထူးကုသပေးပါသည်။


ဆေးခန်းဖွင့်ချိန် ➽ နေ့စဉ် နံနက် (၈)နာရီမှ ည (၈)နာရီအထိ

လိပ်စာ ➽ အမှတ် (၆၈၁)၊ ဘုရင့်နောင်လမ်းမကြီး၊ အုပ်ချုပ်ရေးမှူးရုံးအနီး ရွာမအနောက်ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

☎ ➽ ၀၉-၇၃၁၃၆၄၁၄

လမ်းညွှန် ➽ ၁၉၉၊ ၁၀၁ (အဝါ)၊ ၉၉၊ ၉၇၊ ၈၁၊ ၄၄၊ ၁၈၄၊ ၁၆၈၊ ၄၈ (အထူး)၊ ၂၀၂ (အထူး)၊ ၄၈ ကားလေးစီး၍ ဆရာတော်ကြီးမှတ်တိုင်ဆင်းပါ။

www.burmeseclassic.com



# ပေလွှကောင်းကြေး

ဖေမြဝေထွေး (ပင်နယ်)

ညသည် တိတ်ဆိတ်ငြိမ်သက်လျက်ရှိသည်။ ကျောက်ဖြူမော်ရွာ ကမ်းခြေပေါ်သို့ လရောင်ကြောင့် အုန်းပင်အရိပ်များသည် အရွက်ဖားလျားနှင့် ကျရောက်နေကြသည်။ ပင်လယ်အစပ်မှ ကမ်းခြေကို လှိုင်းတက်ဆင်းသံသည် တသော်သော မြည်နေလေသည်။

အရှေ့ဘက် သောင်အစွန်းရှိ ထီးထူးတောင် ကျောက်တန်းကြီးကို လှိုင်းရိုက်ခတ်သံ တဝုန်းဝုန်းက ညအမှောင်ကို ဖြိုခွင်းလျက်ရှိနေသည်။

လသာည အုန်းပင်ရိပ် ကျိုးတိုးကျဲတဲမှ သဲသောင်တစ်လျှောက် လှုပ်ရှားသွားလာနေသူများ ကျွန်တော်တို့ မိတ်ဆွေတစ်စုသာ ရှိသည်။

ကျွန်တော်၊ ကိုရွှေထွန်း၊ ကိုခင်ဝင်းနှင့် ကိုကြည်ဝင်းတို့ ဖြစ်ကြသည်။ ဆင်ခေါင်းရွာရှိ မင်္ဂလာဆောင်တစ်ခုသို့ သွားရောက်ကာ စားသောက်ကြပြီးနောက် ကျောက်ဖြူမော်ရွာသို့ ပြန်လာကြခြင်း ဖြစ်သည်။

ရွာလမ်းမအတိုင်း မပြန်ကြဘဲ ကမ်းခြေသဲသောင်ပေါ်မှ လွတ်လပ်စွာ ပြန်လာကြခြင်း ဖြစ်သည်။

"အစ်ကိုလေး ဟိုမှာ ဟိုမှာ"

"လန့်လိုက်တာကွာ၊ ဘာမြင်လို့လဲ ရွှေထွန်း"

"ဟိုရှေ့က သောင်စပ်မှာ မည်းမည်းကောင်ကြီး တစ်ခု ရွေ့လျားနေတယ် မမြင်ကြဘူးလား"

"ဟာ ဟုတ်ပါရဲ့ တို့တော့ သရဲခြောက်ခံရပြီ ထင်တယ်"

ကျွန်တော်တို့ အားလုံး၏ မြင်ကွင်းက လရောင်အောက်ကွင်း ပင်လယ်စပ်ဆီသို့ တရွေ့ရွေ့သွားနေသည့် မည်းမည်းကောင်ကြီးကို လှမ်းမြင်နေရသည်။ ရွာသချိုင်းနှင့်တည့်တည့်မို့ သရဲကြောက်တတ်သည့် ကျွန်တော့်မှာမူ အမူးပြေသွားသလို ခံစားရသည်။ ခွေးဝေးများပင် ပြန်လာမီလေသည်။ အခြေအနေလေ့တ နောက်ပြန်ပြေးရန် ကြံစည်လျက်ရှိသည်။ အုပ်စုခေါင်းဆောင် ကိုကြည်ဝင်းက . . .

"ဒီကျောင်းဆရာ တစ်ယောက်လဲ ထစ်ခနဲဆို ကြောက်တတ်လိုက်တာ

www.burmeseclassic.com

ဟိုကောင် ရွှေထွန်းကလဲ ဘာရယ် ညာရယ်မသိ၊ ခင်ဝင်းက ပိုဆိုးသေး၊ သေသေချာချာကြည့်ကြ၊ အဲဒါ နင်တို့အမေ လိပ်မကြီးပဲဟော့၊ ဥဥပြီးတော့ ပင်လယ်ထဲ ပြန်ဆင်းသွားနေတာ မှတ်ပလား"

"အေး ဟုတ်တယ်ဟေ့၊ သူ့နောက်က ကျန်ရစ်တဲ့ လိပ်မသွားတဲ့ လမ်းမကြီးက ထင်းနေတာပဲ၊ လိပ်ဥကျင်း သွားရှာရအောင်ဟေ့"

"အချိန်မရှိတော့ဘူးကွာ၊ ညဉ့်လဲ အတော်နက်နေပြီ၊ မနက်ကျမှ ပြန်ရှာကြတာပေါ့"

✿

ကိုကြည်ဝင်းတစ်ယောက် ညကရေချိုးများသွား၍ နံနက်စောစော နိုးမရသဖြင့် ကျွန်တော်နှင့် ကိုရွှေထွန်း ကိုခင်ဝင်းတို့ ကမ်းခြေဘက်သို့ ခပ်သုတ်သုတ်ထွက်ခဲ့ကြသည်။ ကိုခင်ဝင်း လက်ထဲတွင် တစ်လံခန့် သံစူးတစ်ချောင်း ပါလာသည်။ လိပ်ဥကျင်းကို စမ်းသည့် သံချောင်းဖြစ်သည်။ ကျွန်တော်တို့ တွေ့ခဲ့သည့် သချိုင်းကုန်းအောက် လိပ်ဥကျင်းဆီသို့ ဦးတည်သွားခဲ့ကြသည်။ နံနက်ပိုင်းရေတက်ချိန်ဖြစ်သဖြင့် လိပ်ဆင်းတက်သည့် ခြေရာများမှာ ရေတက်ရေကျကြောင့် ရေလှိုင်းပုတ်ခတ်သဖြင့် ပျက်သွားပြီ ဖြစ်သည်။ သို့သော်လည်း လိပ်မကြီး တူးဆွ ဥဥကာ ပြန်ဖို့ထားသည့် လိပ်ကျင်းရာကြီးများကို အထင်းသားတွေ့နေရသည်။

"ဆရာထွေးရဲ့ တပည့်တွေ ကျောင်းရှေ့မှာ အော်ကစားကြတဲ့ အသံကို သွားသတိရတယ်"

"ဘာကိုပြောတာလဲ ကိုခင်ဝင်း"

"သြော် ဟိုလေ၊ လိပ်ဥပျောက်လို့ လိပ်မရှာ၊ သူ့ခမျာ ငိုမဲ့ ငိုမဲ့ဆိုပြီး လိပ်ဥဖွက်တမ်းကစားကြတာလေ"

"အင်း၊ ဟုတ်တယ်နော် ကိုခင်ဝင်း"

"ခုဟာက လိပ်မဖွက်လို့ ကျွန်တော်တို့က လိပ်ဥရှာကြရမှာနော်"

"အစ်ကိုလေးပြောတာ ဟုတ်တယ်နော်၊ လိပ်မကြီးက သူ့ဥကျင်းကို အလွယ်တကူ ရှာမတွေ့နိုင်အောင် ဟန်ဆောင်ကျင်းတွေ တူးပြထားပြီး တို့ကို စိန်ခေါ်သွားတာပဲ၊ ကဲ ကျောင်းဆရာ ဘယ်ကျင်းလို့ ထင်သလဲဟေ့"

"ကျွန်တော်က လိပ်ဥကျင်းမှ အတွေ့အကြုံမရှိတာ ဘယ်သိနိုင်မလဲ"

"ဟုတ်တာပေါ့၊ ကျွမ်းရာကျင်ရာ လိမ္မာတာပဲ သူ့အတတ်ပညာနဲ့သူပဲဟာ"

"ကဲ ကဲ ဒီမှာကြည့်၊ ကျွန်တော့်ဆရာ လိပ်ဥသောင်ဆရာဦးနဂါးကြီးဆီမှာ အရက်တိုက်ပြီး သင်ထားရတဲ့ပညာပဲဟေ့"

ကိုခင်ဝင်းက လိပ်မကြီးတူးဆွကာ ရင်ဘတ်ဖြင့် ဖိရိုက်လက်ခြေများဖြင့် ကန်ကျောက် ကော်ပက်ကာ ဝှက်ထားသည့် ဥကျင်းများကို သံစူးဖြင့် သဲသောင်အတွင်း ထိုးစိုက်လိုက်၊ သံချောင်းအဖျားကို ပြန်နုတ်ကြည့်လိုက်နှင့် အလုပ်များနေလေသည်။ ကျွန်တော်တို့ နှစ်ဦးမှာ သူ့လုပ်သမျှကိုသာ လိုက်ကြည့်နေကြရသည်။ မကြာမီ ကိုခင်ဝင်းက လိပ်ဥကျင်းအစစ်အမှန်ကို ရှာတွေ့သွားတော့သည်။ သူခေါ်၍ ကျွန်တော်တို့ နှစ်ဦး တိုးကပ်ကြည့်ကြသည်။

"ကဲ မောင်ရင်တို့ ဆရာကြီးက လိပ်ဥကျင်းကိုထုတ်ဖော်ပြီးပြီ၊ သဲကျင်းယက်ပြီး လိပ်ဥတွေကို ဖော်ယူကြပေတော့၊ ဆေးလိပ် တစ်ဖွာလောက် သောက်လိုက်ဦးမယ်"

"ခင်ဝင်း မင်းက ဆရာကြီးလုပ်ပြီး ငါတို့ကို ညာမယ်တော့ မကြံနဲ့ကွာ ညာလို့ကတော့ အသိပဲ"

ကိုခင်ဝင်းပြသည့် လိပ်ကျင်းကို နှစ်ဦးသား သဲကျင်းယက်ထုတ်၍ လိပ်ဥများကို ရှာဖွေကြသည်။ မောင်းတစ်ဆုံခန့် သဲကျင်း ဖော်ယူပြီးသောအခါ ဂေါက်သီးအရွယ် လိပ်ဥများစွာကို ထိမိကြလေသည်။ လိပ်ဥများမှာ ဘဲဥ ကြက်ဥများကဲ့သို့ ရှည်မျောမျော၊ အခွံမာမာများ မဟုတ်ကြဘဲ ဥခွံများမှာ ပျော့အိနေကြသည်။ ကျွန်တော်နှင့် ကိုခင်ဝင်းတို့ လိပ်ဥများကို အားပါးတရ မြေကျင်းထဲမှ ဖော်ယူကြသည်။ လိပ်ဥများမှာ အတော်များလေသည်။

"လိပ်ဥရှာ သောင်ဆရာကိုခင်ဝင်းရယ် လိပ်ဥရှာနည်းလေးတော့ ပြသပေးပါ၊ ကျွန်တော်မျိုး ရွာရောက်ရင် အနီတစ်လုံး ပူဇော်ပသပါ့မယ် ခင်ဗျာ"

"အိမ်း အခုလို ကျောင်းဆရာ ကိုယ်တိုင်က တပည့်ခံလာပေတော့ ကျုပ်က သင်ပေးရတာပေါ့၊ သင်ပေးရမှာပေါ့၊ မဟုတ်ဘူးလား ကိုရွှေထွန်း"

"မှန်လှပါ လိပ်ဥရှာသခင် ဆရာခင်ဝင်းကြီးရယ်"

"ဒီမှာကြည့်၊ စူးနဲ့ ထိုးလိုက်ပြီး ပြန်နုတ်တော့ လိပ်ဥကျင်းမဟုတ်ရင် သံချောင်းဖျားမှာ ဘယ်သဲမှ ကပ်မနေဘူး တွေ့လား၊ လိပ်ဥကျင်းတည့်တည့်ကျလို့ကတော့ လိပ်ဥက ပေါက်ထွက်လာတဲ့အရည်တွေနဲ့အတူ သဲတွေက သံချောင်းဖျားမှာ ကပ်ပါလာကြတော့တာ ဒီမှာတွေ့မြင်ကြပြီ မဟုတ်လား တပည့်တို့"

"လိပ်ဥရှာသင်တန်း အောင်မြင်ကြပါပြီ ဆရာခင်ဝင်း ခင်ဗျား"

"ကဲ လိပ်ဥ အဝေခံပြီး ရွာရောက်ရင် ဆရာကြီးကို ပူဇော်ကြပေတော့"

✿

ကျွန်တော်သည်လည်း ပင်လယ်ကမ်းခြေဒေသဖွား တစ်ယောက်ဖြစ်သည်။ သို့သော် လိပ်ဥကျင်းကို တစ်ခါမှ မြင်တွေ့ဖူးခြင်းမရှိခဲ့ချေ။ ယခု ကျောင်းဆရာအဖြစ် ကျောက်ဖြူမော်ရွာရောက်မှသာ လိပ်ဥကျင်းကို ကိုယ်တွေ့တူးဖော်ခဲ့ဖူးခြင်း ဖြစ်သည်။

ကျွန်တော်တို့ ငယ်စဉ်က ကမ်းဆွဲပိုက်ဆွဲသည့်အခါ လိပ်ကြီးများ ပါလာ၍ ရေလုပ်သားများက ဖမ်းဆီးယူပြီး သဲသောင်ပြင်ပေါ်တွင် ပက်လက်လှန်ထားလေ့ရှိသည်။ ယောက်ျားကြီး နှစ်ဖက်လောက်ရှိသည့် လိပ်ကြီးများကို





www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့ ကလေးများက ဝိုင်းအုံကြည့်ကြလေ့ ရှိသည်။ အဝါရောင်အစွတ်လှလှကြီးများနှင့် ကြက်တူရွေးနှုတ်သီးသဏ္ဌာန်ရှိသည့် လိပ်ဦးခေါင်းကိုမြင်တွေ့ကြရသည်။ လိပ်ကို ပက်လက်လှန်ထားပါက ခြေလက် ယက်ကန်ယက်တန်ဖြင့် မသွားနိုင်ကြတော့ချေ။

ထိုလိပ်ကြီးများကို ရေလုပ်သားတို့က သတ်ဖြတ်လှီးချွတ်၍ လိပ်သားများကို ဝေစုခွဲကာ ရွာထဲသို့ ရောင်းချလေ့ရှိကြသည်။ လိပ်သားသည် အလွန်ညှီနံခြင်း၍ လူတိုင်း မစားသုံးကြပေ။ ရွာတော်တော်များများကတော့ နှစ်ခြိုက်စွာ စားသုံးကြလေသည်။

လိပ်၏အသား၊ မိုးရိပ်ခဲနှင့်တူသည့်လိပ်အသည်းသည်အလွန်အရသာရှိလေသည်။ ထို့ကြောင့် အကောင်းဆုံးအစားအစာများတွင် ဖွတ်ဥ၊ လိပ်သည်း၊ ကျွဲနို့ခဲ ဟု စာဆိုရှိလေသည်။ လိပ်ဥမှာလည်း ချွဲပျစ်ပျစ်နှင့်အလွန်ဆိမ့်လှသည်။

လိပ်တို့သည် ကုန်းနေ၊ ရေနေသတ္တဝါဖြစ်သော်လည်း ဥဥရုံမှလွဲ၍ ရေထဲတွင် အနေများကြသည်။ ရေအောက်မှ လိပ်စားမြက်များနှင့် ရေမှော်ပင်များကို စားသုံးကြသည်။ ရေထဲတွင် ငုပ်၍ ကူးခတ်သွားလာ ကျက်စားနေကြပြီး ရေပြင်ပေါ်သို့တက်၍ ခေါင်း ကိုဖော်ကာ အသက်ရှူကြသည်။ ပင်လယ်လိပ် အမျိုးမျိုးရှိကြသည်။ လိပ်ကြက်တူရွေး လိပ်ခွေး၊ လိပ်လျှောင်၊ လိပ်စောင်းလျား၊ ပြင်သာလိပ်နှင့် လိပ်ကမ္ဘာတို့ဖြစ်ကြသည်။

ရေလုပ်သားတို့က လိပ်များကိုဖမ်းဆီးရာ၌ လိပ်တန်းချကာ ဖမ်းဆီးကြသည်။ အစာမတပ်ဘဲ ငါးမျှားချိတ်ကြီးများကိုစီတန်းချည်နှောင်၍ ရေအောက်တန်းကြီးများဖြင့် ချထားခြင်းဖြစ်သည်။

လိပ်တို့၏ သဘာဝမှာ ရေအောက် ကြိုးတန်းများကိုတွေ့က တိုးဝှေ့နေတတ်ကြခြင်းဖြင့် ခြေလက်များရှိအသားပျော့နေရာများသို့ မျှားချိတ်တွယ်ချိတ်မိကာ ရေလုပ်သား တံငါတို့၏ ဖမ်းဆီးခြင်းကို ခံရရှာလေသည်။ မိုးရာသီ ဝါဆို ဝါခေါင်လများတွင် မိုးကြီး၍ လှိုင်းထန်ရေစီးကြမ်းချိန်တွင် ရေနက်ဒေသ ရေစီးကြောင်းများသို့ လှေဖြင့်သွားရောက်ကာ လိပ်ထိုးမှိန်းစူးများဖြင့်ပစ်ဖမ်းလေ့ရှိကြသည်။ လိပ်တို့သည် ရေစီးကြောင်းအတွင်းရှိ ရေခူ ရေတန်း ရေစီး ရေမီးသီးများကို ခေါင်းမဖော်တန်း နှစ်ခြိုက်စွာ စားသုံးနေလေ့ရှိသည်။ လှိုင်းလေထန်၍ ပြန်မရောက်နိုင်သည့် လိပ်ထိုး ရေလုပ်သားများလည်း ရှိခဲ့လေသည်။

နောင်သောအခါ လိပ်ဥရှာပညာကို ရထားသည့် ကျွန်တော်သည် တပည့်ကျောင်းသားများနှင့် လိပ်ဥအမြဲရှာထွက်လေ့ရှိသည်။ ထိုအခါ ရွာတွင် လိပ်ဥများကို ရှာဖွေရောင်းချ အသက်မွေးနေသည့် ဘကြီးနဂါးကြီးနှင့် တွေ့သည့်အခါ. . .

“ကျောင်းဆရာရယ် ဆရာက အပျော်သဘော စားရရုံ လိပ်ဥရှာပေမယ့် ဘကြီးအဖို့ကတော့ ကျန်တဲ့ ရေလုပ်ငန်း မလုပ်နိုင်လို့ ဒါတွေပဲ ရှာပြီး ဝမ်းကျောင်းနေရတာ ကိုယ်ချင်းစာပေးပါကွယ်၊ တောင်းပန်ပါတယ်”

“ဟုတ်ကဲ့ပါဘကြီး၊ ကျွန်တော်နောက်မရှာတော့ပါဘူး၊ ကျွန်တော့်ကို ဟင်းစားသာ ရံခါရံခါ ပေးပါနော်”

“ရတာပေါ့ ဆရာလေးရယ်၊ ငါ့တူကို ဘကြီးက လိပ်ဥသာမက ယောက်သွားတို့၊ ကရုကမာတို့ ရရင် ဟင်းစားပေးပါ့မယ်ကွယ်၊ လိပ်ဥက ဆရာလေး အပြစ်ကြီးမှာစိုးလို့ ပြောရတာ၊ ဘကြီးတို့ကတော့ တံငါဘဝနဲ့ အသက်မွေးလာလို့ မထူးတော့ပါဘူး ဆရာလေးရယ်၊ လိပ်မကြီး ဥဥရပုံကို မြင်တွေ့ရရင် ဆရာလေး လိပ်ဥကို စားချင်တော့မှာ မဟုတ်ပါဘူး ဘကြီး ဆရာလေးကို လက်တွေ့ပြမယ်”

နောက် လိပ်တက်ဖျားတွင် ဘကြီး နဂါးကြီးက ခေါ်သဖြင့် ည အချိန်မတော် လိပ်ဥသည်ကို လက်တွေ့စောင့်ကြည့်ရန် လိုက်ပါသွားခဲ့သည်။

ညအမှောင်တွင် ကြယ်ရောင်များဖြင့် ရေစပ်များကို စောင့်ကြည့်ကြရသည်။ သဲဖြုတ်ဖြူဖြူလေးများ၏ ကိုက်ခဲမှုဒဏ်ကို ကြံ့ကြံ့ခံစားရသည်။ ဘကြီးကတော့ ဆေးပြင်းလိပ်ခဲရင်း မီးခိုးငွေ့ထုတ်ကာ သဲဖြုတ်များကို မောင်းနှင်ထုတ်နေတော့သည်။ ရေတက်နှင့်အတူ လိပ်မကြီးတစ်ကောင် ကမ်းပေါ်တက်လာသည်။ ဥဥရန် လိပ်ကျင်းများကို ရှေ့လက်နှစ်ဖက်ဖြင့် ကျင်လည်စွာ တူးဆွနေလေသည်။ ကျင်းသုံးလေးကျင်း တူးပြီးသောအခါ သူကြိုက်နှစ်သက်ရာ ကျင်းတွင် ဥအုချလေတော့သည်။ လိပ်ဥများသည် ကျင်းထဲသို့ အပြွတ်လိုက် ကျဆင်းကုန်လေသည်။

ဘကြီးက လေးဖက်ထောက်၍ လိပ်မကြီးအနီးသို့ နောက်ဘက်မှ တိတ်တဆိတ်ချဉ်းကပ်သွားသည်။ ကျွန်တော့်ကိုပါ လက်ရိပ်ပြခေါ်သဖြင့် ကျွန်တော်လည်း တွားသွား၍ လိုက်သွားခဲ့သည်။ လိပ်မကြီးသည် လိပ်ဥကို ရာနှင့်ချီ၍ ဥဥရသည်ဖြစ်ရာ အားပြုရသဖြင့် မျက်စိအိမ်မှ မျက်ရည်များပင် စီးကျလာလေသည်။ ဥရာပေါင်းများစွာကို အားပြုဖျစ်ညှစ်ဥပေးရသဖြင့် လိပ်မကြီး၏ ဥမွေးလမ်းကြောင်းမှ သွေးများပင် စိမ့်ယိုစီးဆင်းလာလေသည်။

ဤအဖြစ်ကို လက်တွေ့ မြင်ရသည့် ကျွန်တော်မှာ မိခင်တိုင်း၏ အာဝေဏိကဒုက္ခကို များစွာကိုယ်ချင်းစာနာစိတ်ဖြစ်ပေါ်ခဲ့လေသည်။ လိပ်မကြီး၏ မိခင်မေတ္တာကို မြင်တွေ့ရသဖြင့် လိပ်ဥစားချင်စိတ်များ အလိုလို ကွယ်ပျောက်လေတော့သည်။ နောင်တွင်လည်း လိပ်ဥ မစားဖြစ်တော့ပါ။

✿

“ဟား ဟား ဆရာထွေးကတော့ ပိုင်သကွာ၊ ဘကြီးနဂါးကြီးက သူ့ကို ပညာပေးလိုက်တာနဲ့ လိပ်ဥကိုတူးဖို့ နေနေသာသာ စားကို မစားတော့ဘူး ဆိုပဲ ကိုခင်ဝင်းရေ”



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်လား အစ်ကိုလေး၊ က ဘယ့်နှယ်ရှိစ ဆရာလေး၊ ရှင်းစမ်းပါဦး"

"ဟုတ်တယ်ဗျ ပြီးတော့ ဘကြီးက ပြောပြသေးတယ်၊ လိပ်တို့ ဖွတ်တို့လို အကောင်မျိုးတွေဟာ ဥကျင်းကို ကိုယ်တိုင် မဝပ်ဘဲနဲ့ အဝေးကနေ မေတ္တာပို့တယ်ဆိုပဲ၊ အဲဒီမေတ္တာဓာတ်ကြောင့် လိပ်ကလေးတွေ ပေါက်ကြတာတဲ့၊ အဲ မိခင်လိပ်မကြီး သေသွားလို့ကတော့ ဥကျင်းက ပျက်စီးပြီး တစ်ကောင်မှ မပေါက်ကြတော့ဘူးတဲ့"

"ထို့ ကြံကြံဖန်ဖန် ဆရာမို့လို့ ယုံနေတာ၊ ကျုပ်တို့တော့ မယုံပေါင်"

"မယုံရင် အလောင်းအစားကြေး လုပ်ကြမလား"

"စိန်လိုက်လေ၊ စိတ်တိုင်းကျ ညှိခံကြေးနော်"

"ရတယ်၊ ဒါပေမယ့် မိုးဦးကျ လိပ်ပေါက်ချိန်ထိ စောင့်ရမှာနော်"

"ဒါဆို အနည်းဆုံး ဆယ်ပုလင်းနဲ့ ကြက်ဖကြီး တစ်ကောင်ကြေး"

ကျွန်တော်တို့ တစ်သိုက် လိပ်တက်သည့် ဒီရေဖျားတွင် လိပ်ဥအုသည့်လိပ်ကို စောင့်ရင်း ကမ်းခြေကဗွီးပင်ကြားတွင် သောက်ကြ စားကြသည်။ ဒီရေအချိန်နှင့်အတူ လိပ်မများ ဥချရန် တက်လာကြသည်။ လိပ်မကြီးနှစ်မ တက်၍ ဥကျင်းချ ဥဥကာ ပြန်ဆင်းသွားကြသည်။ စောင့်ကြည့်နေကြသဖြင့် လိပ်ဥကျင်းကို အတိအကျ မှတ်မိကြသည်။ နောက်ဆုံး တက်ဥလာသည့် လိပ်မကြီးမှာမူ ကံမကောင်းရှာပါ။ ဥဥပြီးနောက် ရေထဲသို့ ပြန်ဆင်းခွင့်မပေးတော့ဘဲ ကိုခင်ဝင်းနှင့်အဖွဲ့က ကိစ္စတုံးပေးလိုက်ကြသည်။

ကိုကြည်ဝင်းတို့ အုန်းခြံစောင့်တဲတွင် လိပ်အမဲဖျက်၍ ညတွင်းချင်းချက်ကာ အရက်နှင့် မြည်းကြသည်။ ကျွန်တော်ကတော့ လိပ်သားကို မစားဖြစ်ပါ။ လိပ်မကြီးမှာ ဥဥချိန်ဖြစ်သဖြင့် အဆီများဖြင့် အလွန်ဆူဖြိုးလေသည်။ လမ်းတွင် ဥများပါရသဖြင့် ဆီမြှင့်ကြော်၍ စားကြသည်။ ကျွန်အသားများကို ပိသာတွဲများတွဲ၍ ခမောင်းတုန်းနှင့် ညောင်ခြေထောက်ရွာတွင် အရက်ဖိုးရရန် သွားရောင်းကြသည်။ ကိုယ့်ရွာတွင် ရောင်းပါက ရွာလူကြီးဦးထွန်းပေါ်၏ အရေးယူခံရမည်ကို ကြောက်ကြ၍ဖြစ်သည်။

ကိုခင်ဝင်းတို့တစ်တွေ လိပ်သားရောင်းရသည့်ငွေဖြင့် .အတော်အဆင်ပြေကြသည်။ တစ်ပတ်ခန့် သောက်နိုင်စားနိုင်ကြသည်။ သို့သော် အစားများသည့် ကိုရွှေထွန်းတစ်ယောက် ဝမ်းကိုက်ရောဂါရကာ သံတွဲဆေးရုံတက်၍ ကုသရသည်အထိ ဖြစ်ခဲ့သည်။ ကိုခင်ဝင်းနှင့် ကိုကြည်ဝင်းတို့မှာ အရက်သောက်များ၍ မူးမေ့လဲကျကာ အရက်နာကျသဖြင့် အရက်ပြတ်လုနီးပါး ဖြစ်သွားကြသည်။ ကျွန်တော်ကတော့ ဘကြီးနဂါးကြီးစကား နားထောင်သဖြင့် သူတို့အုပ်စုနှင့် ခပ်စိမ်းစိမ်းနေလိုက်၍ တော်ပေတော့သည်။

အနောက်တောင်ဘက်ဆီမှ မိုးရိပ်မိုးသားများ တရိပ်ရိပ်လှိမ့်တက်ကာ မုတ်သုံမိုးများ မပြတ် တရစပ်ရွာသွန်းသည့် မိုးရာသီသို့ ရောက်ခဲ့လေပြီ။ နယုန်မိုးသေး မြက်သားမွေးစကားနှင့်အညီ ပင်လယ်သဲသောင်ခုံထက်တွင် မြက်ကြိမ်များ၊ လိပ်တက်နွယ်ပင်များ၊ ပင်လယ်ကန်စွန်းပင်များ၊ ပင်လယ်ကဗွီးပင်များစိမ်းစိုပေါက်ရောက်လာကြသည်။ ကျောင်းသားလူငယ်တို့သဘာဝ ဒီရေကျလျှင် ပင်လယ်သဲသောင်ထက်ဝယ် ဘောလုံးကစားကြသည်။ ဘောလုံးကန်နေရင်း သောင်ခုံပေါ်မှ လိပ်ပေါက်ကလေးများ ပြေးဆင်းလာကြသဖြင့် ကျွန်တော့်ကို လာခေါ်ကြသည်။

ကျွန်တော်က ကျောင်းသားများကို ကြိုတင်ပြောပြထား၍ ကလေးများက ဘောလုံးကစားရင်း စောင့်ကြည့်ကြခြင်းဖြစ်သည်။ ကျွန်တော်က ကိုခင်ဝင်း၊ ကိုကြည်ဝင်း၊ ကိုရွှေထွန်းတို့အပြင် ဘကြီးနဂါးကြီးကိုပါ ခေါ်၍ ပင်လယ်ကမ်းစပ်သို့ ပြေးဆင်းကြည့်ကြသည်။ ပထမနှင့် ဒုတိယ လိပ်ကျင်းထဲမှ ... ပေါက်ကလေးများက တန်းစီ ပြေး... လာကြသည်။

ကလေးများက လိပ်ကလေး... ကိုဖမ်း၍ ကုန်းဘက်သို့လှည့်ပေးပါ... လည်း သူတို့သဘာဝ အသိတရား... ပင်လယ်ဘက်သို့သာ လှည့်ဆင်း... ကြလေသည်။ ခြေကားရား လက်... ရားနှင့် ပင်လယ်တွင်းပြေးဆင်း... သည့် လိပ်ကလေးများမှာ ချစ်... ကောင်းလှသည်။ တတိယမြော... သတ်စားလိုက်သည့် လိပ်ကျင်း... မည်သည့်လိပ်ကလေးမျှ ပေါ်... မလာကြပါ။ သူတို့သတ်စား၍ သေ... သွားပြီဖြစ်သည့် လိပ်ဥများကို တူး... ရရှိကြလေသည်။ ကိုခင်ဝင်း၊ ကို... ဝင်း၊ ကိုရွှေထွန်းတို့မှာ သူတို့ ရှုံး... မျက်နှာမကောင်းကြရှာပါ။ ကျွန်တော်... နှင့် ဘကြီးနဂါးကြီးတို့ကမူ အောင်... သူတို့၏အပြုံးမျက်နှာဖြင့်ရှိနေကြသည်...

"ဟော ဟို ဟို လှိုင်းတွေ... မှာ လိပ်မကြီးနှစ်ကောင်ဟေ့၊ တွေ့... တယ်မဟုတ်လား၊ သူတို့ သားတွေ... လာကြိုတာ နေကြမှာ"

"ဟာ ..ဟုတ်တယ်ဟေ့၊ လိ... ကြီးတွေ"

ဘကြီးနဂါးကြီး စကားကြော... ကျွန်တော်တို့အားလုံး ပင်လယ်တွင်း... ငြိုင်တူကြည့်ဖြစ်ကြသည်။ လိပ်က... များ ကမ်းပေါ်မှ ရေထဲသို့ အားလုံး... သွားသည်နှင့် တစ်ပြိုက်နက် လိပ်မ... နှစ်ကောင်လည်း ငုပ်လျှိုးပျောက်ကွ... သွားလေတော့သည်။ သားတွေ သ... တွေနှင့် ဘာသာဘာဝ ပျော်နေကြ... မည်။ ကျွန်တော်နှင့် ဘကြီးနဂါး... ကတော့ လိပ်မိခင် မေတ္တာအလော... အစားတွင် ကိုခင်ဝင်းတို့ လူစုကို အ... ရလိုက်သည်သာ။

❒ မောင်မြဲထွေး(ပင်လေ...





www.burmeseclassic.com

www.burmeseclassic.com



မိုးကလည်း အငြိုးနဲ့ သဲသဲမဲမဲ ရွာနေ၏။ တစ်ခါမှ မရောက်ဖူးတဲ့ နေရာကို ဟိုမေး သည်မေးသွားရတာ ထက်အောင် စိတ်ညစ်လှသည်။

ကော်အလား စေးကပ်နေသည့် ရွှံ့စေးမြေထဲက ခြေထောက်ကို မနည်း ဆွဲပြီး တစ်လှမ်း တစ်လှမ်းလျှောက်နိုင် အောင် သွားရတာလည်း အတော်အား ကုန်သည်။ ဒီလိုခေါင်တဲ့ နေရာမှာ ဘယ်လို များတွေ့ပြီး မိတ်ဆွေတွေဖြစ် ခဲ့တာလဲဆိုတာ ရန်ကုန်ပြန်ရောက် ရင် သေချာမေးရမယ့်မေးခွန်းဖြစ်သည်။

ရင်ကျပ်ရောဂါ စွဲကပ်နေတဲ့ အဘိုး ကျန်းမာရေးကလည်း တော် တော်ဆိုးလာတဲ့အပြင် အရင်တာဝန် ထမ်းဆောင်ခဲ့တဲ့ အင်းကိုင်းရွာကို အလည်သွားစေချင်နေသော အဘိုး ဆန္ဒကလည်း တော်တော်ပြင်းထန် သည်။ လက်ထဲ စက္ကူထုပ်တစ်ထုပ် ထည့်ပေးပြီး လမ်းမှာ ဖြေမကြည့်ဖို့နဲ့ ရွာလူကြီး ဦးသာအောင်ဆီကို ခုနစ်ရက် အတွင်း အရောက်ပို့ပေးဖို့သာ အထပ် ထပ် မှာလိုက်သည်။ ထက်အောင် တာဝန်က ဒီပစ္စည်းကို ဦးသာအောင် လက်ထဲရောက်ရင် ပြီးပြီဖြစ်သည်။

ခပ်ဝေးဝေးက လှမ်းမြင်ရတဲ့ ဘုရားကြောင့် မကြာခင် အဘိုးပြောတဲ့ အင်းတိုင်းရွာကို ရောက်တော့မည်။ လက်ထဲက ကျောပိုးလွယ်အိတ်ကို ပခုံး ပေါ် တင်ရင်း အားတင်းဆက်လျှောက် လာခဲ့သည်။

"အစ်ကိုကြီး ရှေ့က နည်းနည်း လောက် ဖယ်ပေးပါလားရှင်"

ဒီလောက် ရွှံ့ထူပြီး ဘေးမှာ ဆူး ကိုင်းတွေနဲ့ ပြည့်နေတဲ့လမ်းကို ဘေး ကပ်ပေးလို့ပြောတဲ့သူကို စိတ်ဆိုးသွား တာကြောင့် ထက်အောင် ခြေထောက် တွေကို သတိထား ထိန်းရပ်လိုက်ရင်း လှည့်ကြည့်လိုက်မိသည်။

နွားလှည်းတစ်စီး နောက်ထ ပါလာတာတောင် သတိမထားတဲ့ ကိုယ့် ကိုယ်ကိုယ် အံ့ဩသွားမိသည်။ လှည်း ပေါ် ပါလာသူ ကောင်မလေး တစ်ဦးရဲ့ အကူအညီ တောင်းသံက ချိုသာပေ မယ့် နှင်တံကိုင်ထားတဲ့ နွားမောင်းတဲ့ လူကြီး မျက်နှာက မှုန်သုန်နေသည်။

www.burmeseclassic.com

www.burmeseclassic.com

"အင်းတိုင်းရွာကို လာတဲ့ ဧည့်သည်ထင်တယ်၊ လမ်းက ကြမ်းတယ်ရှင့် မနှင်းဖြူတို့ လှည်းနဲ့ လိုက်ခဲ့ပါလား"

"ဒါဆိုလဲ ဟိုဘုရားနားအထိ လမ်းကြုံလိုက်ပါရစေဗျာ"

ဒီလို ခေါ်င်တဲ့ရွာမှာ နွားတွေတောင် မနည်းရုန်းပြီးသွားရတဲ့ ဒီခရီးကို ဆယ်နှစ်လောက်သွားခဲ့တဲ့ အဘိုးကို အတော်ချီးကျူးစရာကောင်းသည်။

လှည်းပေါ်မှာ ကောက်ရိုးတွေတင်ထားပေမယ့်လည်း ချိုင့်ခွက်တွေနေရာရောက်ရင် ပြုတ်မကျအောင် သတိထား ထိန်းစီးရတာ ရန်ကုန်မှာ လိုင်းကားစီးရတာထက် လှည်းစီးရတာက တော်တော်ကို ဗရုတ်သုတ်ခဖြစ်နေသည်။

မိုးကလည်း မှောင်တော့မှာဆိုတော့ အိတ်ထဲက ဓာတ်မီးထုတ်ထားလိုက်သည်။

"အစ်ကိုကြီးက ဘယ်သူ့ ဧည့်သည်လဲ"

"ကျွန်တော်က ရွာလူကြီးဦးသာအောင်ဆီ သွားမလို့ပါ"

"ဒီရွာကို တစ်ခါမှ မရောက်ဖူးဘူးထင်တယ်၊ မြို့သားတွေက ကြီးကျယ်တယ်တဲ့၊ အစ်ကိုကြီးကတော့ သဘောကောင်းတယ်နော်"

အင်းတိုင်းရွာဦးစေတီကို လှမ်းမြင်နေရပေမယ့်လှည်းနဲ့သွားတာတောင် တော်တော်ဝေးနေသည်။ အရွယ်လည်း မတိမ်းမယိမ်းဆိုတော့ တစ်ယောက်နဲ့ တစ်ယောက် ရောက်တတ်ရာရာ စကားတွေပြောရင်း ရင်းနှီးမှု ရှိလာခဲ့တာကြောင့် မနှင်းဖြူဆိုတဲ့ ကောင်မလေး အကြောင်းတွေကို သိလာခဲ့သည်။

မိဘနှစ်ပါးလုံး မရှိကြတော့ ဦးလေးဖြစ်သူနှင့် ယာစိုက် ပန်းစိုက်ရောင်းကာ အသက်မွေးကြောင်း ဘိုးဘွားတွေ လက်ထက်တည်းက ရွာထဲက လူတွေနဲ့ ပတ်သက်မှုရှိတာကို မကြိုက်လို့ ရွာထိပ်မှာ သီးခြားအိမ်ဆောက်နေကြောင်း ပြောပြသည်။

"ဒီနားမှာပဲ ဆင်းခိုင်းရအောင် သမီးရေ"

"ဟုတ်သားပဲ မနှင်းဖြူတို့ရွာကို လာလည်မလားဟင်"

"အင်း၊ လာခဲ့မယ်လေ"

နွားလှည်းလေး ပျောက်ကွယ်သွားသည်အထိ ရပ်ကြည့်နေပြီး အင်းတိုင်းရွာဘက်ကို ခြေဦးလှည့် လျှောက်လာခဲ့သည်။

ဒီလိုတောရွာမှာ ဒီလောက်လှတဲ့ ကောင်မလေးရှိတယ်ဆိုတာ ထက်အောင် တွေးတောင်မတွေးမိ။ အခုလိုသွားခိုင်းတဲ့ အဘိုးကိုတောင် ကျေးဇူးတင်ရမလို ဖြစ်နေသည်။

မနက်ဖြန်ကျရင်တော့ မနှင်းဖြူတို့ရွာကို အလည်သွားဖို့ စိတ်ကူးရင်း ရွာထဲဝင်လာခဲ့တော့သည်။

✿

အင်းတိုင်းရွာ ဆိုသည့်အတိုင်း ငါးမွေးအင်းတွေကို နေရာအနှံ့တွေ့ရသည်။

ရွာလူကြီးအိမ်မှာ တည်းတဲ့ ဧည့်သည်ဖြစ်သလို အဘိုးရဲ့ မြေးလည်းဖြစ်တဲ့ ထက်အောင်က တစ်ရွာလုံးရဲ့ ဂရုစိုက်မှုကြောင့် မနေတတ် မထိုင်တတ်အောင် ဖြစ်နေသည်။

တောထဲမှာ တရားသွားထိုင်နေတဲ့ ဦးသာအောင် ပြန်လာသည်အထိ စောင့်ပြီး ဒီအထုပ်ကို အပ်ဖို့ သူ့မှာ တာဝန်ရှိသည်။

ဦးသာအောင်မိန်းမနဲ့ သမီးကလည်း သူ့အပေါ် အလွန်ဂရုစိုက်သည်။ အိမ်ရှေ့ ကွပ်ပျစ်မှာ ထွက်ထိုင်စောင့်နေရင်း အိတ်ထဲကဖုန်းကို ထုတ်ကြည့်လိုက်သည်။

ဒီလိုရွာမှာ လိုင်းမမိဘူးဆိုတာ သိပေမယ့် တကယ်တမ်းကျတော့ တော်တော်စိတ်ပျက်သွားသည်။

နေ့လယ်စာ စားပြီးတာနဲ့ ရွာထဲ တစ်ပတ်လမ်းလျှောက်ထွက်လာခဲ့သည်။ ရွာက အိမ်ခြေသုံးဆယ်လောက်ရှိတယ် ဆိုပေမယ့် အဓိက ငါးအရောင်းအဝ[...] လုပ်တဲ့သူတွေ များသည်။

မိုးရွာတာနဲ့ ရွာလယ်က အိုင်[...] မှာ ရေတွေလျှံပြီး ငါးတွေက အ[...] တွေ ခုန်တက်မြူးထူး ပျော်နေကြ[...] ကြာပန်းတွေကလည်း ကန်အပြည့် [...] နေကြတာ ပန်းချီဆွဲထားသလား ထ[...] သည်။

ကန်ကြီးဘေးက ရေရှးလ[...] ကနုတ်ပန်းတွေနဲ့ အလှဆင်ထား[...] အိမ်အိုအိမ်ဟောင်းတွေကလည်း ရှ[...] လာလည်တဲ့သူတိုင်း စိတ်ဝင်စား[...] တယ်လို့ ဒီရွာရဲ့အကြောင်းကို အ[...] ပြောပြတာ ပြန်သတိရမိသည်။

ဘယ်အချိန်ကစပြီး ဒီရွာတ[...] လဲဆိုတာ ဘယ်သူမှ အတိအကျမ[...] နိုင်ပေမယ့် ရှေးမီ နောက်မီလူ[...] အပြောအရ ဒီရွာ တည်သူများသ[...] မင်းပြစ် မင်းဒဏ် ရှောင်ခဲ့ကြ[...] မင်းဆွေမင်းမျိုးများဖြစ်ပြီး မိမိတို့[...] ဆိုင်တဲ့ စည်းစိမ်ဥစ္စာများကို [...] ဓားပြများရန် ကြောက်၍ တည်ခဲ့[...] ဘုရားများမှာ အနီးပတ်ဝန်းကျင်[...] လက်ညှိုးထိုးမလွဲ များစွာရှိသည်။

ရိုးမတောနဲ့ သိပ်မဝေး[...] အရင်တုန်းက တစ်ခါတစ်ခါ ကျား[...] သံတွေကို ကြားရတယ်ဆိုလို့ သူ[...] ခါနီး အမေက အိတ်ဆောင်ဓ[...] သတိတရ ထည့်ပေးလိုက်သည်။

ဘယ်လောက်မှ အချိန်[...] လိုက်ဘူးလို့ ထင်ရပေမယ့် ရွာကို[...] ပတ်ပတ်ပြီးချိန်မှာ ညနေစောင်း[...] ပြီ။ နောက်ထပ် သွားစရာနေရာ[...] က ရွာထိပ်က ဘုရားဖူးဖို့ပဲ ကျန်[...] သည်။

ဒါပေမယ့် ရွာထိပ်က ဘု[...] တစ်ယောက်တည်း မသွားဖို့ အ[...] သေချာမှာလိုက်တာကို ပြန်သတိ[...] ကြောင့် နောက်ပြန်လှည့်ဖို့ ပြင်လို[...] မွှေးပျံ့တဲ့ပန်းနံ့ကို ရှူမိလိုက်သည်[...]

နာမည်ကြီး မွှေးမွှေးနံ့တွေ[...] မွှေးပျံ့တဲ့ ပန်းနံ့ကြောင့် သူ့နော[...]





www.burmeseclassic.com

www.burmeseclassic.com

ဘယ်သူ ရောက်နေလဲဆိုတာ ထက်အောင် သိလိုက်သည်။

ကျောက်စိမ်းရောင် ဝမ်းဆက်လေးနဲ့ရပ်ပြီး မနှင်းဖြူက သူ့ကို ပြုံးပြရင်း လက်ယပ်ခေါ်နေသည်။

ကြက်သီးတွေထလာပြီး စိတ်ထဲမှာ တစ်မျိုးဖြစ်နေပေမယ့် ခြေလှမ်းတွေက ရှေ့က လျှောက်သွားတဲ့ မနှင်းဖြူနောက်ကို ထက်ကြပ်မကွာ လိုက်ခဲ့သည်။

ဘုရားကုန်းဘေး လမ်းလေးအတိုင်း ချုံတွေ ဆူးတွေကို တုတ်နဲ့တွန်းထုတ်ရင်း မနှင်းဖြူနှင့်အတူ လျှောက်လာခဲ့သည်။

လိုဏ်ခေါင်းသဖွယ် လူတစ်ယောက်စာ သစ်ခေါင်းအပေါက်က သူမတို့ရွာ အဝင်ဝမှ ဇာတ်လမ်းထဲက လူပုလေးတွေ ထွက်လာမလား စဉ်းစားရင်း ပြုံးလိုက်မိသည်။

စိမ်းစိုနေတဲ့ သစ်ပင်ကြီးတွေက နေရောင် မထိုးနိုင်လောက်အောင်ကို မြင့်မားလိုက်တာ ခပ်ဝေးဝေးမှာ ပုံစံတူအိမ်လေးတွေကို လှမ်းမြင်ရသည်။

"ဒါ နှင်းဖြူတို့ အိမ်လေ"

ကျွန်းတိုင်လုံးတွေနဲ့ သပ်သပ်ရပ်ရပ် ဆောက်ထားတဲ့ ရှေးဟောင်းနှစ်ထပ်အိမ်ကြီးရှေ့မှာ ရပ်လိုက်တာနဲ့ ကိုယ့်ကိုယ်ကိုယ် သိမ်ငယ်သလို ခံစားလိုက်ရသည်။

အိမ်အနောက်ဘက်မှာ နို့စားနွားမကြီးတွေ မွေးထားပြီး မနေ့က လှည်းတပ်ထားသည့် နွားနက်နှစ်ကောင်ကို ခြံထောင့်မှာ တွေ့ရသည်။

"လာလေ အစ်ကို အပေါ်တက်ပါဦး"

"ဒီလိုနေရာမှာ ရွာရှိမှန်း ဘယ်သူမှ သိကြမှာ မဟုတ်ဘူးနော်"

"ဟုတ်တယ် အစ်ကို၊ ဒီရွာက လူသိပ်မရှိကြဘူး၊ မနှင်းဖြူတို့လို ဘိုးဘွားပိုင်အိမ်တွေကို စောင့်ကြတဲ့သူတွေသာ နေကြတာ၊ ပြီးတော့ ရွာက လူတိုင်း မွေးကတည်းက သက်သတ်လွတ်စားကြတော့ အစားအသောက်အတွက် ဆန်သာ အဓိကထား စိုက်ကြတာလေ"

"ဒါဆို ပတ်ဝန်းကျင်နဲ့ အဆက်အသွယ်ပြတ်နေမှာပေါ့"

"အင်း ဟုတ်တယ်၊ ဒီရွာကို လူစိမ်းလာတာ သိပ်မကြိုက်ကြဘူး"

မနှင်းဖြူပြောတဲ့ စကားတွေကို သေချာနားထောင်ရင်း သူ ငယ်ငယ်က ဖတ်ဖူးတဲ့ လျှို့ဝှက်သည်းဖို့ဇာတ်လမ်းထဲ ကိုယ်တိုင်ရောက်နေသလို ခံစားလိုက်ရသည်။ အိမ်အတွင်းမှာလည်း နန်းတွင်းအသုံးအဆောင်လို ရှေးကျပြီး ရွှေအစစ်တွေနဲ့ ပြုလုပ်ထားသော ပစ္စည်းတွေကို အထူးအဆန်းလိုက်ကြည့်မိသည်။

"ဒါ မနှင်းဖြူတို့ခြံထွက် သရက်သီးလဲစား ရေနွေးလဲ သောက်ဦး၊ အဘကတော့ ရွာထဲ ခဏသွားလို့ မနက်ဖြန်မှ ပြန်ရောက်မှာလေ"

ရေနွေးကရား ရေနွေးပန်းကန်နှင့် သရက်သီးထည့်ထားတဲ့ ပန်းကန်တွေကအစ ရွှေတွေကို ကနုတ်ပန်းနဲ့ အလှဆင်ထားသည်။

မွှေးကြိုင်လှတဲ့ သရက်သီးက အနံ့မွှေးရုံတင်မဟုတ် စားလိုက်တော့လည်း တစ်သက်လုံး မမေ့နိုင်လောက်အောင် အရသာရှိလွန်းသည်။

စားသောက်ပြီးတော့ သူတို့နှစ်ယောက် စကားပြောနေချိန်မှာ မနေ့က လှည်းမောင်းပေးတဲ့လူ အိမ်ပေါ်တက်လာသည်။

"သမီး ဘုရားဝတ်တက်ချိန်ရောက်တော့မယ်" ဟု ပြောတာကြောင့် သူ စကားကြာကြာမပြောတော့ဘဲ ပြန်ဖို့ ပြင်လိုက်သည်။

မနှင်းဖြူက လာလည်တာ ကျေးဇူးတင်ကြောင်းပြောပြီး ရွာထိပ်ထိ လိုက်ပို့ပေးသည်။

ခြေလှမ်းပဲ သွက်လို့လား လမ်းပဲ တိုသွားသလား ထင်ရအောင် ရွာကို အမြန်ရောက်လာတာကို ထူးဆန်းနေပေမယ့် စိတ်ထဲမှာတော့ မနှင်းဖြူ စကားကြောင့် သူပျော်လာခဲ့သည်။

"မနက်ဖြန်လဲ လာလည်ဖို့ မနှင်းဖြူ လာခေါ်မယ်" တဲ့။

✿

"ကြီးလှသန်းအိမ်မှာ မြို့က လာတဲ့ ဧည့်သည်က ညနေဆို ဘယ်သွားတာလဲဗျ"

"ကိုစံပတို့အိမ် သွားတာနေမှာပေါ့ဟဲ့"

"ဟုတ်လို့လားဗျ၊ သူ ဘုရားကုန်းပေါ်တက်သွားတာ တွေ့လိုက်တာ နှစ်ရက်ရှိပြီ"

ငယ်တည်းက ကျပ်မပြည့်လို့ ကြောင်တောင်တောင် လျှောက်ပြောတတ်တဲ့ တာတီးစကားတွေကို ဒေါ်လှသန်း မယုံတာတော့ မဆန်းပါ။

နှစ်ရက်လောက်ပဲပြောရင် ပြောတဲ့နေ့ဆို ပြန်ရောက်တတ်တဲ့ ဦးသာအောင် ဘာ့လို့ ဒီလောက်ကြာနေတာလည်း စိတ်ပူမိသည်။

"အမေ ကိုလှအောင်က ညနေဘက် ကိုထက်အောင် ဘုရားကုန်းဘက်သွားတာ တွေ့တယ်လို့ ပြောနေတယ်"

"ဟင်"

ဒီစကားက တာတီးလို ရူးကြောင်ကြောင်မို့ပြောတာထားပါတော့၊ လှအောင်ကပါ ပြောတယ်ဆိုတော့ ဒီတစ်ခါတော့ ဒေါ်လှသန်း စဉ်းစားရပြီ။

ဒီကလေး ရွာရောက်တာ သုံးရက်ရှိပြီ။ ရောက်ခါစ ညနေကပဲ အိမ်မှာနေပြီး နောက်နေ့မနက် ထမင်းစားပြီးတဲ့ အချိန်ကစပြီး ရွာထဲသွားမယ်ဆို သွားလိုက်တာ ညမှောင်မှ ပြန်ပြန်လာတတ်သည်။ ပြန်လာတော့လည်း ဘယ်သူမှ စကားမပြောဘဲ အခန်းထဲ တန်းဝင်သွားတာ ခုမှ သတိထားမိသည်။

သူ့အဘိုးကလည်း စာနဲ့ သေချာ အပ်ထားသလို ကိုသာအောင် ပြန်မလာသေးခင် တစ်ခုခုဖြစ်ရင် သူမ တာဝန်ဖြစ်သည်။

"သမီး နင် လှအောင်နဲ့ ကျော်ဌေးကို အခုသွားခေါ်လာခဲ့"





www.burmeseclassic.com

www.burmeseclassic.com

ထွေးရီ အမေစကားအတိုင်း လှအောင်နဲ့ ကျော်ဌေးတို့ကို ခေါ်လာခဲ့သည်။ ဘာကိစ္စလည်းဆိုတာ သိချင်စိတ်ကြောင့် အမေ့နားက မခွာတမ်း ကပ်ထိုင်နေရသည်။

"မြို့ကလာတဲ့ ဧည့်သည်ကောင်လေးနောက် လိုက်ချောင်းပေးစမ်းပါ"

"ဗျာ"

"ငါတို့ရွာ ဘုရားကုန်းနားမှာ ဘာတွေရှိတယ်၊ ဘယ်လိုဖြစ်တယ် ရွာသားတွေပဲ သိတယ်လေ၊ ဒီကောင်လေး ညနေတိုင်း ဘုရားကုန်းသွားနေတာ တာတီးလဲ မြင်တယ်တဲ့"

"ကြီးလှသန်း ပြောတာ ကျွန်တော်တို့ သဘောပေါက်ပြီ၊ မနက်ဖြန်က စပြီး လှုပ်ရှားလိုက်မယ်"

မနက်စာ စားပြီးကတည်းက အပြင်ထွက်ဖို့ ပြင်နေတဲ့ ထက်အောင်ကို ဒေါ်လှသန်း မသိချင်ယောင်ဆောင် မေးလိုက်သည်။

"ရွာထဲ သွားဦးမှာလား"

"ဟုတ်ကဲ့"

"စောစောတော့ ပြန်လာခဲ့နော်၊ မှောင်ရင် ရွာက မီးမရှိတော့ မျက်စိလည်နေဦးမယ်"

"ကျွန်တော် ရွာကလမ်းတွေကို ကျွမ်းနေပါပြီဗျ"

ထက်အောင် အိမ်က မထွက်ခင် လှအောင်နဲ့ ကျော်ဌေးတို့ ရွာထိပ်က တမာပင်မှာ ကွယ်ပြီး စောင့်နေကြသည်။

စုံထောက် ဗီဒီယိုကားတွေကြည့်ထားတဲ့ ကျော်ဌေးအတွက်တော့ စိတ်လှုပ်ရှားပြီး ဂနာမငြိမ် ဖြစ်နေသည်။

"ဟေ့ကောင် ကျော်ဌေး ငြိမ်ငြိမ်နေကွ၊ ဟိုမှာ ကိုထက်အောင်လာနေပြီ၊ ရိပ်မိသွားရင် ဘယ်လိုလုပ်မလဲ"

သူ့အတွေးနဲ့သူ လျှောက်လာတဲ့ ထက်အောင် သူတို့ရပ်နေတဲ့ သစ်ပင်အောက်က ဖြတ်သွားပြီး ခပ်လှမ်းလှမ်းရောက်မှ လှအောင်တို့ နောက်ကလိုက်ခဲ့သည်။

"ကိုလှအောင် သူ ဘုရားကုန်းအောက် လမ်းထဲသွားနေတာဗျ၊ ဆက်လိုက်လို့ ဖြစ်ပါ့မလား"

"မသိဘူးကွာ၊ နောက်က ဆက်သာလိုက် သေချာသိအောင်"

ရှေ့က လျှောက်သွားတဲ့ ထက်အောင်နောက်ကို မလှမ်းမကမ်းမှ လိုက်ပေမယ့် သူတို့နှစ်ယောက်နဲ့ အလွန်ဝေးသွားသယောင်ဖြစ်သွားပြီး ပျောက်သွားသည်။

"ဟာ ဘယ်ရောက်သွားတာလဲ"

"ဟိုညောင်ပင်နားက ဆူးချုံဘေးမှာ ရပ်နေတာ မြင်သေးတယ်ဗျ၊ ရှေ့ဆက်လဲ ထိပ်မှာ ညောင်ပင်အိုကြီးတွေပဲ ရှိတော့တာ"

ကိုယ်ပျောက်ဝိဇ္ဇာလည်း မဟုတ်ဘဲနဲ့ လူတစ်ယောက်လုံး မျက်စိရှေ့တွင် ပျောက်သွားတာကို မယုံ ဖြစ်နေစဉ် ကျော်ဌေး အလန့်တကြားထအော်လိုက်သည်။

"အား"

"ဘာဖြစ်တာလဲ ဟာ"

ဘာကောင်ကိုက်သွားလဲ မသိပေမယ့် ခြေထောက်တစ်ခုလုံး သွေးတွေနဲ့ မေ့တော့မလို ဖြစ်နေတဲ့ ကျော်ဌေးကိုတွဲပြီး ရွာထဲ အမြန်ရောက်အောင် ပြန်ခဲ့သည်။

✿

"လှသန်းရေ . . . မလှသန်း"

မနက်ဖြန်မှ ပြန်လာမယ်ဆိုတဲ့ ဦးသာအောင်က ရုတ်တရက်ပြန်လာပြီး ထက်အောင်ကို အရင်ဆုံး မေးတာကြောင့် ဒေါ်လှသန်း အခက်တွေ့သွားသည်။

"ရွာထဲ ခဏသွားတယ်၊ ခဏနေ ပြန်လာတော့မှာပါ"

"လှသန်း နင့်ယောကျ်ား ငတုံးမဟုတ်ဘူး၊ ဒီကောင်လေး ဘယ်သွားလဲ အမှန်အတိုင်းပြော၊ ငါ ဟိုမှာ ထူးဆန်းတဲ့ အိပ်မက်တွေမက်လို့ အမြန်ပြန်လာတာ"

"ကျွန်မလဲ မနေ့ကမှ သိတာပါရှင်၊ အခု လှအောင်တို့နောက်က လိုက်သွားတယ်ဆိုတော့ သူ ဘယ်သွားတယ်ဆိုတာ သိလာမှာပါ"

"ဒီလို အကြောင်းတွေရှိရင် အစောကြီးတည်းက ငါ့ကို ခေါ်ပါလား၊ ဒီကလေးတစ်ခုခုဖြစ်သွားရင် သူ့အဘိုးကို ဘယ်လိုရှင်းကြမလဲ"

ယောကျ်ားလုပ်သူရဲ့ အပြစ်တင်သံမျှကို နားထောင်ရင်း ထက်အောင် စောစောပြန်လာဖို့သာ ဆုတောင်းနေမိသည်။

"ကြီးလှသန်း . . . ကြီးလှသန်း"

လှအောင် ခေါ်သံကြောင့် ဦးသာအောင်တို့ လင်မယား အိမ်ပြင် အမြန်ပြေးထွက်လာခဲ့သည်။

"မောင်ထက်အောင်ကော"

"ဘုရားကုန်း နောက်ဘက်က ညောင်ပင်အိုကြီးတွေနား ဝင်သွားလို့ ကျွန်တော်တို့လဲဆက်မလိုက်ရဲတော့ဘူး"

"ဘာ ဒုက္ခတွေတော့ ရောက်ကုန်တော့မှာပဲ၊ လှသန်း မောင်ထက်အောင် အဝတ်အစားအိတ်ကော"

ကျောပိုးအိတ် အမည်းထဲက စက္ကူအိတ်လေးကို အမြန်ယူပြီး ထက်အောင် သွားတဲ့ ညောင်ပင်အိုကြီးတွေရှိတဲ့နေရာကို လှအောင်နဲ့အတူ ဗလကောင်းကောင်းရွာသားတွေကို ခေါ်ပြီး လိုက်လာခဲ့သည်။

"ဒီနေရာမှာဗျ၊ သူပျောက်သွားတာ"

လှအောင် လက်ညှိုးထိုးပြတဲ့ အပင်အောက်မှာ စက္ကူထုပ်လေးချပြီး ဦးသာအောင် ပြောတဲ့ စကားတွေကို ကြားတဲ့အတိုင်း အံ့ဩသွားကြသည်။

"ဘိုးဘွားပိုင် ပစ္စည်းများကို စောင့်ရှောက်နေကြသူများကို ဒီနေရာကနေ သင်တို့ပိုင်ပစ္စည်းများကို ပြန်ပို့ရင်း တောင်းပန်ပါတယ်၊ ကျွန်တော်တို့ မသိနားမလည်လို့ ဒီပစ္စည်းတွေကို ယူခဲ့မိပါတယ်။

ဒီအမိုက်အမဲတွေကို ခွင့်လွှတ်





www.burmeseclassic.com

www.burmeseclassic.com

ပါ။ အခု ပစ္စည်းများကို မူလနေရာကို ပြန်ပို့ပြီးပြီမို့ သင်တို့ထံ မျက်စိလည်ပြီး ရောက်နေတဲ့ ကလေးကို ပြန်ပို့ပေးဖို့ မေတ္တာရပ်ခံပါတယ်"

ဒီအကြောင်းကြားပြီး ရွာသားအားလုံး ထက်အောင် ပြန်အလာစောင့်နေကြသည်။

နောက်တစ်နေ့မနက် ရွာထိပ်က ညောင်ပင်အောက်မှာ အိပ်ပျော်နေတဲ့ ထက်အောင်ကို ကျော်ဌေးတို့ ခေါ်လာခဲ့သည်။

တစ်လမ်းလုံး မလိုက်ချင်ဘူး မပြန်ချင်သေးဘူး ဖွတ်ငြင်းနေတဲ့ ထက်အောင်လည်း မြို့ကရောက်နေတဲ့ အမေဖြစ်သူကို မြင်မှ နည်းနည်းငြိမ်သွားသည်။

ကယောင်ကတမ်း ပြောနေတာကလွဲရင် ဘာဒဏ်ရာမှမရှိ။ ဒီလိုကိစ္စတွေ မကြုံဖူးတဲ့ ထက်အောင်အမေကလည်း ငိုလည်းငို ချက်ချင်းပြန်ဖို့ ပြင်နေသည်။

"ကျွန်တော် မပြန်ခင် မနှင်းဖြူတို့ရွာကို သွားနှုတ်ဆက်ချင်တယ်"

"မဖြစ်ပါဘူး သားရယ်၊ မင်းပြောတဲ့ မနှင်းဖြူဆိုတဲ့ ကောင်မလေးရော သူ့ရွာဆိုတာရော အပြင်မှာ တကယ်မရှိပါဘူးကွယ်၊ မင်း အိပ်မက် မက်နေတာပါ"

ဦးသာအောင်အိမ်မှာ ရောက်နေတဲ့ ရွာသူ၊ ရွာသားတွေကတော့ သူတို့ တစ်ခါမှ မမြင်ဖူး၊ မကြားဖူးသော အကြောင်းတွေကို သိချင်နေကြသည်။

ရှေးမီနောက်မီ အဘိုးအဘွားတွေကလည်း ထက်အောင် တွေ့ခဲ့ မြင်ခဲ့တာတွေက အိပ်မက် မဟုတ်တာ သိပေမယ့် ထုတ်မပြောကြပါ။

ဘာလို့လဲဆိုတော့ ရွှေနဲ့ ပြုလုပ်ထားသောအသုံးအဆောင်တွေ၊ကျောက်သံပတ္တမြားတွေ ဆိုတာ အိမ်တိုင်းစေ့ မရေမတွက်နိုင်အောင် များပြားစွာရှိတဲ့ ရွှေတောင်ရွာဆိုတာ လောဘမရှိတဲ့ သူ့ဇော ရေစက်ရှိလို့ မျက်စိလည် လမ်းမှားရောက်တဲ့သူတွေမှသာ ရောက်ဖူးကြသည်။

ဒီရွာရဲ့ အကြောင်းတွေကိုသာ ထုတ်ပြောလိုက်လို့ မတော်လောဘများတတ်တဲ့သူတစ်ယောက်များ အပြင်မှာ ရှာဖွေမယ်ဆို တစ်ရွာလုံးပျက်စီးသွားမှာ စိုးရိမ်လို့ ဖြစ်သည်။

တကယ်လား၊ အိပ်မက်လား မခွဲခြားတတ်ပေမယ့် ချစ်ခင်ဖွယ်ကောင်းသော စိတ်သဘောထားဖြူစင်တဲ့ မနှင်းဖြူဆိုတဲ့ ကောင်မလေးကတော့ ထက်အောင် နှလုံးသားမှာ အမြဲရှိနေမှာ သေချာသည်။

လှည်းပေါ်မှာ လိုက်လာခဲ့ပေမယ့် ထက်အောင် ဘုရားကုန်းရောက်တော့ ညောင်ပင်ကြီးနား လှမ်းကြည့်ပြီး ပြောလိုက်တဲ့ စကားက. . .

"ဟိုမှာ မနှင်းဖြူ လက်ပြ နှုတ်ဆက်နေတယ်" တဲ့။

❒ ထိုက်သဇင်




မြန်မာနိုင်ငံဝေဒသုတေသနအဖွဲ့

နက္ခတ္တ လက္ခဏာနှင့် စွယ်စုံပညာရှင်

ဆရာအောင်ကျော်ခိုင်

အိမ်ထောင်ရေးဒုက္ခတွေ့နေသလား၊ စီးပွားရေးအခက်တွေ့နေသလား၊ အိမ်ခြံမြေ တိုက်ခန်း ရောင်းထွက်ချင်သလား၊ အိမ်ကအမျိုးသားက ခြေလှမ်းများမှားနေသလား၊ အမျိုးသမီးက ပုံမှန်ဟုတ်ရဲ့လား၊ သားသမီးတွေ ပြောစကား နားမထောင်ဘူးလား၊ နိုင်ငံခြားခရီး ကြာနေသလား၊ ကြွေးတွေက တောင်းမရလို့ စိတ်ညစ်နေသလား၊ အတိုက်အခံတွေ ပေါ်သလား၊ ဈေးရောင်းကောင်းချင်လား၊

ဒါတွေ ခက်နေတာ လွယ်ဖို့ သင် ဆရာနဲ့တွေ့ဖို့ အချိန်တန်ပြီ

ဟောခန်းတည်နေရာ ➠ ဆူတောင်းပြည့် အောင်မြေသာယာစေတီတော် တောင်ဘက်မုခ်

လမ်းညွှန် ➠ ရုံးရှေ့မှတ်တိုင်၊ လှိုင်သာယာမြို့နယ် ဆင်းရောက်ပြီး

ဖုန်း ➠ ၀၉-၄၂၀၀၈၂၉၃၂ (ပိတ်ရက်မရှိပါ)

(အခါပေးအမျိုးမျိုး၊ ဗေဒင်ဟော၊ ဓာတ်ဖွဲ့၊ အတိုက်အခိုက်ရှင်း၊ ဓာတ်ရိုက်ဓာတ်ဆင်နှင့် အဆောင်ယတြာကိစ္စများ အထူးဆောင်ရွက်ပေးပါသည်။)




www.burmeseclassic.com

www.burmeseclassic.com

'ဒီမိုကရေစီ'ဟု ဆိုလိုက်တာနဲ့ လူအတော်များများဟာ 'လွတ်လပ်မှု' ကိုသာ အဓိကထားပြီး မြင်လေ့ရှိကြပါသည်။ တကယ်တော့ 'လွတ်လပ်မှု' ဆိုတာ မတရားသော အဟန့်အတား အနှောင်အဖွဲ့အချုပ်အချယ်များမှ ကင်းလွတ်ခြင်းပင်ဖြစ်၍လွတ်လပ်မှု၏သဘောတွင် မိမိဘဝကြမ္မာကို ဖန်တီးနိုင်သည့် လုပ်ပိုင်ခွင့် သဘောလည်း ပါရှိပါသည်။ လွတ်လပ်မှုသည် 'မတရားသော ချုပ်နှောင်မှု' မရှိတဲ့ မိမိရပိုင်ခွင့် မိမိဖန်တီးယူခြင်း' သဘောပါပဲ။ လွတ်လပ်မှု၏ တကယ့် အနှစ်သာရကို မသိတဲ့အခါ ဘေးထွက်ဆိုးကျိုးတွေက များစွာ ဖြစ်ပေါ်လာနိုင်ပါတယ်။

ဘေးထွက်ဆိုးကျိုး မရှိရအောင် လွတ်လပ်မှုနှင့် စည်းကမ်းထိန်းသိမ်းမှုကို အပြန်အလှန် ထိန်းကျောင်းပေးရပါမည်။ စည်းကမ်းဆိုတာ လုပ်သင့်လုပ်ထိုက်တာနှင့် မလုပ်သင့် မလုပ်ထိုက်သည်များကို ပိုင်းခြားသတ်မှတ်ကာ ကျင့်သုံးခြင်းပင် ဖြစ်၏။

စည်းကမ်း၏ သဘောမှာလည်း လူ့အဖွဲ့အစည်းကို ထိန်းကျောင်းလျက်ရှိသည့် ဥပဒေသများ၊ တာဝန်ဝတ္တရားများ၊ယဉ်ကျေးမှုအစဉ်အလာများလည်း အကျုံးဝင်ပါသည်။

တစ်နည်းအားဖြင့် ဆိုရလျှင် စည်းကမ်းသည် လူတစ်ဦးချင်း၏ မှန်ကန်သော လွတ်လပ်မှုများကိုသာမက လူ့အဖွဲ့အစည်း၏ တိုးတက်မှုကိုပါ လွတ်လပ်စွာ ပျိုးထောင်နိုင်ရေးအတွက် ထိန်းကျောင်းပေးခြင်းပါပဲ။

သို့မဟုတ်ပါက လူသားတချို့၏ နယ်ကျွံသောလွတ်လပ်မှုများကလူ့အဖွဲ့အစည်းကို ထိခိုက်စေနိုင်လို့ပါပဲ။ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကလည်း လွတ်လပ်ရေးရလျှင် စည်းကမ်းရှိဖို့၊ လွတ်လပ်ရေးရအောင် စည်းကမ်းရှိရှိ လုပ်ရမည်ဖြစ်ကြောင်း၊ စည်းကမ်းသဘောနားလည်ပြီး စည်းနှင့်ကမ်းနှင့်နေမှ လွတ်လပ်ရေး အစစ်မှန်ရမည်ဖြစ်ကြောင်း မိန့်ကြားထားပါသည်။

မည်သည့်နယ်ပယ်၌မဆို လွတ်လပ်မှုအခွင့်အရေးများ၊ ရပိုင်ခွင့်များရှိသကဲ့သို့ စည်းကမ်းတကျ ထမ်းဆောင်ရမည့် တာဝန်များလည်း ရှိတယ်ဆိုတာကိုတော့ အားလုံး သတိပြုမိဖို့ အထူးလိုအပ်လှ၏။

လုပ်သင့်တာကို လုပ်ရင်

မလုပ်သင့်တာကို မလုပ်မိဘူး။

ဒါဟာလွတ်လပ်မှုနှင့်စည်းကမ်းရှိမှုတို့ အခြေခံအချက်ပဲဖြစ်တယ်၊ တစ်နည်းအားဖြင့် ပြောရရင် မိမိကြောင့်သူတစ်ပါးမထိခိုက်စေဖို့ရယ်၊ မိမိ လုပ်သင့်လုပ်ထိုက်တာကို လုပ်နေဖို့ပါပဲ။




# တရားသောစတုတ္ထမဏ္ဍိုင်

သတိုးနွယ်



www.burmeseclassic.com

www.burmeseclassic.com

လုပ်သင့်တာကို လုပ်တဲ့အခါမှာ မိမိရဲ့အယူအဆ ကျယ်ပြန့် ထွန်းကားဖို့ သူတစ်ပါးရဲ့အယူအဆကို မထိခိုက်စေပါနဲ့။

ဘာကြောင့်လဲဆိုတော့ ဥပဒေပြုရေး၊ တရားစီရင်ရေး၊ အုပ်ချုပ်ရေး တည်းဟူသော မဏ္ဍိုင်သုံးရပ်ကို စတုတ္ထမဏ္ဍိုင်က ထိန်းကျောင်းပေးရမည် ဖြစ်သောကြောင့် မိမိတို့ရဲ့ ပြောဆိုရေးသားမှုတွေဟာ 'မထီမဲ့မြင်' မဖြစ်အောင် ဆောင်ရွက်ရပါမည်။

စာနယ်ဇင်းသမားတွေဟာ စတုတ္ထမဏ္ဍိုင် ပီပြင်စွာ အကောင်အထည်ဖော်နိုင်ဖို့ . . .

၁။ စာနယ်ဇင်းများ အရည်အသွေး ပြည့်ဝရေး၊

၂။ စာနယ်ဇင်း လွတ်လပ်ခွင့် ပြည့်ဝရေးဆိုပြီး အဓိက လိုအပ်ချက် နှစ်ခု ရှိပါတယ်။

စာနယ်ဇင်းများ အရည်အသွေး ပြည့်ဝဖို့ဆိုတာ သတင်းအတတ်ပညာများ ကျွမ်းကျင်စွာ တတ်မြောက်ခြင်းနှင့် မိမိအလုပ်အပေါ် မိမိ ကိုယ်တိုင် တာဝန်ယူတတ်ခြင်းတို့ပါပဲ။

တိုင်းပြည်အရေးမှာ မှားနေတာကို မှားသည့်အတိုင်း၊ မှန်နေတာကို မှန်သည့်အတိုင်း ရေးသားရပါမည်။ တစ်ခုသတိပြုရမှာက အမှားကို ဝေဖန်ထောက်ပြပေးရုံနဲ့တော့ မပြီးသေးပါဘူး။ အမှန်တရားကိုပါ အစားထိုးပြနိုင်ဖို့လိုအပ်ပါတယ်။

အမှန်တရားဖြင့် အစားထိုးကာ ရေးသားသည့်အခါမှာလည်း မိမိပြောတဲ့ အမှန်တရားဟာလက်ရှိလိုအပ်ချက်နဲ့လည်း ကိုက်ညီရမည်။ လက်တွေ့ စမ်းသပ်မှုကိုလည်း ခံနိုင်တဲ့ အမှန်တရား ဖြစ်ဖို့ လိုပါတယ်။

ဘာကြောင့်လဲဆိုတော့ ဦးခေါင်းကို ဆေးကုသရတာဟာ ခြေထောက်ကအနာကို ဆေးကုရတာထက် ပိုပြီး ခက်ခဲသလို ပိုပြီးတော့ အန္တရာယ်ရှိလို့ပါပဲ။

စာနယ်ဇင်းသမားဆိုတာ ပုလင်းလွတ်ထဲကို တစ်ခုခု ထည့်ပေးသူပါပဲ။ အဆိပ်ပဲထည့်ထည့်၊ နို့ပဲထည့်ထည့်၊ ကိုယ်ပိုင်ပဲစားစား၊ သူတစ်ပါးပဲစားစား စားတဲ့သူကို ဒုက္ခနှင့် သုခ ပေးနိုင်ပါတယ်။ စစ်မှန်တဲ့ စာနယ်ဇင်းသမား ဆိုတာ ပုလင်းလွတ်ထဲကို နို့ပဲ ထည့်ပေးရပါမယ်။

နောက်တစ်ချက်ဖြစ်တဲ့ **'စာနယ်ဇင်းလွတ်လပ်ခွင့်'။ ဒါဟာသိပ်ကို အရေးကြီးပါသည်။** စာနယ်ဇင်းသမားတစ်ဦးဟာ ပြည်သူတွေ သိသင့်သိထိုက်တာတွေကို ပြောပြခွင့် မရှိဘူးဆိုရင် အဲဒီတိုင်းပြည်ဟာ စစ်မှန်သော အပြောင်းအလဲဖြစ်ပေါ်ဖို့ မလွယ်ကူပေ။

စာနယ်ဇင်းတွေဟာ ပြည်သူတွေ သိသင့်သော သတင်းအချက်အလက်တွေကို ရှာဖွေတင်ပြနိုင်ပါမှ ပြည်သူတွေဟာ အကြားအမြင် များပြားလာပါလိမ့်မည်။ နိုင်ငံရေး အကြားအမြင်များပါမှ နိုင်ငံရေး အပြောင်းအလဲကို ပြည်သူတွေက ပိုမိုစိတ်ပါဝင်စားစွာဖြင့် ပြုလုပ်နိုင်ပါမည်။

ဒီမိုကရေစီစနစ်ကို ပြောင်းလဲရာမှာ ပြည်သူများ၏ စိတ်နေစိတ်ထားကိုလည်း ပြောင်းရမည်ဖြစ်ပြီး တစ်ဦးချင်းတစ်ယောက်ချင်းစီ၏ စိတ်နေစိတ်ထား အပြုအမူများမှစ၍ ဒီမိုကရေစီဆန်ရန် လိုအပ်ပါတယ်။

'စာနယ်ဇင်းလွတ်လပ်ခွင့်' ဟု ဆိုလိုက်တာနဲ့ စဉ်းစားစရာ ရှိနေတာက နှစ်ပေါင်းများစွာ အချုပ်အနှောင်ဖြင့် ရေးသားခဲ့သဖြင့် လွတ်လပ်ခွင့် အပြည့်အဝ ပေးလိုက်ပါက တလွဲသုံးစွဲမှာလည်း **စိုးရိမ်စရာအချက်ပါပဲ။**

သည်နေရာမှာ နိုင်ငံတော်၏ပြောရေးဆိုရေး ခေါင်းဆောင် ပြောသည့် 'လွတ်လပ်ခွင့်နှင့် တာဝန်ယူမှု' ဟာလည်း ခေါင်းနှင့်ပန်းကဲ့သို့ တွဲစပ်နေရပါသည်။ လွတ်လပ်မှုတော့ လိုလားပြီး တာဝန်ယူမှုမရှိပါက သဘာဝမကျပေ။ လူ့အဖွဲ့အစည်းအတွင်း မည်သူမဆို လွတ်လပ်စွာ လုပ်ပိုင်ခွင့်ကို အလွဲသုံး **စားပြုသော် အရေးယူ အပြစ်ပေးခြင်း ခံရမည်မှာ တရားနည်းလမ်းကျသော အချက် ဖြစ်၏။**

**တာဝန်ယူမှုနည်းသော စာနယ်ဇင်းသမားတချို့ကြောင့် စတုတ္ထမဏ္ဍိုင်ကြီး ထိခိုက်မည် ဆိုပါက 'လှေကြီးထိုးရိုးရိုးလှော်' ဘဝကို ပြန်ရောက်သွားနိုင်ပါသည်။**

**'ငါးခုံးမ တစ်ကောင်ကြောင့် တစ်လှေလုံးပုပ်' ဆိုပေမယ့် ပုပ်တဲ့ ငါးခုံးမဟာ ကိုယ်မဖြစ်ဖို့ အရေးကြီးပါတယ်။**

ဒီနေရာမှာ မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းစဉ် ကာလတွင် မြန်မာ့အလင်း သတင်းစာတာဝန်ခံအယ်ဒီတာ၊ ဂျာနယ်ကျော် ဦးစီးအယ်ဒီတာ တိုင်းပြည်ပြု စာရေးဆရာ ဂျာနယ်ကျော်ဦးချစ်မောင် (၁၉၁၂-၁၉၄၆)၏ စာနယ်ဇင်းကျင့်ဝတ် ပီသပုံ တစ်ခုကို တင်ပြချင်ပါတယ်။

၁၉၃၉ ခုနှစ်၊ မေလ ၂၇ ရက်၊ စနေနေ့မှာ ဂျာနယ်ကျော် (The Weekly Thunderer) အတွဲ (၁)၊ အမှတ်(၁)ကို စတင်ထုတ်ဝေပါသည်။ ဂျာနယ်ကျော် စထွက်တော့ ဦးချစ်မောင်က မြန်မာ့အလင်းသတင်းစာမှာ တာဝန်ခံ အယ်ဒီတာအဖြစ် လုပ်နေသဖြင့် ဂျာနယ်ကျော်မှာ ဦးချစ်မောင်၏ နာမည် မပါ။

တစ်ခါတော့ မြန်မာ့အလင်း သတင်းစာမှာ ထားဝယ်သွား ဆာဟာဘေးအဒမ်ဆစ်၏ သင်္ဘောအနီးတွင် ဗုံးပေါက်ကွဲသည့် သတင်း ပါလေ၏။ အဲသည်အချိန်က ဥရောပတွင် **စစ်မီးစတင်နေရာ အစိုးရက သတင်းမှား အဖြစ် ငြင်းဆင်ချက် ထည့်ပေးရန် တောင်းဆို၏။**

**တာဝန်ခံအယ်ဒီတာ ဦးချစ်မောင်က သတင်းမှန်ဖြစ်၍ ငြင်းဆင်ချက် ထည့်ရန် ငြင်းဆန်၏။ ဘယ်လိုမှ မပြောရတော့။ အဲသည်အချိန်က ညွှန့်ပေါင်း အစိုးရ နန်းရင်းဝန်ဦးစော၏ ဖိအား ပေးမှုကြောင့် မြန်မာ့အလင်း ပိတ်ရှင်**



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်တဲ့ ဦးမောင်ကြီးက တာဝန်ခံ အယ်ဒီတာ ဦးချစ်မောင်ကို ပြင်ဆင်ချက် ထည့်ပေးဖို့ ညွှန်ကြား၏။ သတင်းစာပိုင်ရှင်ကိုယ်တိုင်က ပြင်ဆင်ချက် ထည့်ပေးဖို့ ပြောသော်လည်း ဦးချစ်မောင်က သတင်းစာတွင် တာဝန်ခံအယ်ဒီတာသူ့အမည် ပါနေသရွေ့ ပြင်ဆင်ချက် လုံးဝထည့်မပေးနိုင်ကြောင်း ပြော၏။

အလုပ်ရှင်နှင့် အလုပ်သမားကြားက ပြဿနာကြားတွင် 'အမှန်တရား' အတွက် နေရာမရှိတော့ အမှားတွေဖြင့် နေသားကျနေတဲ့ လောကကြီးမှာ ဦးချစ်မောင်ကို အလုပ်မှ ထုတ်လိုက်ခြင်းသည် အမှန်တရား ဖြစ်သွား၏။

ထိုအချိန်မှစ၍ ဂျာနယ်ကျော် အတွဲ (၂)၊ အမှတ်(၅)မှ စတင်ကာ အယ်ဒီတာအမည်ကို ခံယူ၏။ ဂျာနယ်ကျော်သည် အဲဒီခေတ်က မဟုတ်မခံ ပြည်သူ့ဟစ်တိုင်ဂျာနယ်ကြီး၊ မကြောက်မညာ မျက်နှာမရွေး မှန်တိုင်းရေးလိမ့်ဟု ကြွေးကြော်ရေးသားခဲ့ရာ စောင်ရေ (၉၀၀၀)ကျော်ထိ တက်ခဲ့၏။

မြန်မာ့နိုင်ငံရေး အပြောင်းအလဲမှာ ဂျာနယ်ကျော် ဦးချစ်မောင်ကဲ့သို့ စာနယ်ဇင်းသမားတွေ လိုအပ်ပါတယ်။

ဆရာလူထုစိန်ဝင်း၏ စကားဖြင့် ပြောရပါက စာနယ်ဇင်းသမားတွေဟာ 'အရချောင်မှန်းသိလို့ အချောင်ရတဲ့ လမ်း'ကို မလိုက်မိစေဖို့ လိုအပ်၏။

အချောင်ရတဲ့ လမ်းကို မလိုက်မိစေဖို့ စစ်မှန်သော စာနယ်ဇင်းသမားတွေ ထွက်ပေါ်စေဖို့ မီဒီယာ ဥပဒေ တစ်ရပ်ရှိထားမည်ဆိုပါက ပိုမိုကောင်းမွန်ပါလိမ့်မည်။ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း (အောက်တိုဘာ၊ ၆) ကတော့ . . .

မီဒီယာသမားများ၏ လွတ်လပ်ခွင့်ကို အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ အကာအကွယ် ပေးစေနိုင်ရန် အမျိုးသား အကျိုးစီးပွားကို အခြေခံသည့် စတုတ္ထမဏ္ဍိုင်ပီသသည့် မီဒီယာ ဖြစ်လာစေရန်၊ လွတ်လပ်မှုနှင့် တာဝန်ယူမှု၊ လွတ်လပ်မှုနှင့် ဆင်ခြင်တုံတရားတို့ကို ယှဉ်တွဲကျင့်သုံးသည့် မီဒီယာ ဖြစ်လာစေရန် ထိန်းကျောင်းပေးနိုင်မည့် မီဒီယာဥပဒေတစ်ရပ် ပြဋ္ဌာန်းပေးနိုင်ရေးအတွက် လေ့လာဆောင်ရွက်လျက်ရှိကြောင်း ပြောကြားထားတာကို တွေ့ရပါသည်။

မီဒီယာဥပဒေ ပေါ်ထွက်လာပါက စာနယ်ဇင်းသမားတွေ ပိုမိုပြီးတော့ ပြောလာပါလိမ့်မည်။ (တာဝန်ယူမှုနှင့်အတူ)ပိုမိုပြီးတော့ အပြုသဘောဆောင်ပါလိမ့်မည်။

ဥပမာအားဖြင့် မြန်မာနိုင်ငံသည် အသွင်ကူးပြောင်းရေး ကာလတွင်သာ ရှိနေသေးသည်ဆိုသော အကြောင်းပြချက်ဖြင့် အခြေခံဥပဒေ ပြဋ္ဌာန်းချက်များ အပြည့်အဝ အသက်မဝင်သည်နှင့် အမျှ ပြည်သူလူထု မျှော်လင့်တောင့်တသည့် Good Goverment ဆိုသည်မှာ ဖြစ်လာဖို့ ခက်ခဲပါသည်။

အပြုသဘောဆောင် တင်ပြမှုသည် စာနယ်ဇင်း၏တာဝန် ဖြစ်၏။ စာနယ်ဇင်းသမားဟာ 'တရား' မျှတရပါမည်။ တရားဆိုတာ သင်ယူခြင်း၊ ကျင့်သုံးခြင်း၊ လေ့ကျင့်ခြင်း၊ သိရှိခြင်း၊ ပြသခြင်း ဖြစ်၏။

နိုင်ငံရေးအပြောင်းအလဲကို ကူးတဲ့အခါ 'ဓမ္မ' မပါဝင်ဘဲ မြန်မာ့လူ့အဖွဲ့အစည်း ရွေ့လို့ မရပေ။ ဓမ္မဆိုတာ မကောင်းမှုမှကောင်းမှုသို့၊ ယုတ်ညံ့ခြင်းမှ မွန်မြတ်ခြင်းသို့၊ ဆူပူခြင်းမှ ငြိမ်းချမ်းခြင်းသို့ အကူးဟာ 'ဓမ္မ' ရှိရပါမည်။

သီတဂူဆရာတော်ကြီးက 'တူညီသော လမ်းကြောင်းပေါ်မှာ လက်တွဲလျှောက်လှမ်းကြစို့'ဟူသော စာတမ်း၌ ပြဿနာတွေကို ဖြေရှင်းတဲ့နေရာမှာ ဓမ္မဟာ တန်ခိုးစွမ်းအား ကြီးမားသည့် နည်းစနစ်တစ်ခု ဖြစ်ပါသည်။

ညီညွတ်ခြင်းထဲမှ ကွဲပြားခြင်း၊ ကွဲပြားခြင်းထဲက ညီညွတ်ခြင်း၊ ချစ်ခြင်းထဲမှ မုန်းခြင်း၊ မုန်းတီးခြင်းတဲမှ ချစ်ခြင်း၊ လက်တွဲခြင်းထဲမှ လမ်းခွဲခြင်း၊ လမ်းခွဲခြင်းမှ ပြန်တွဲခြင်းဆိုတဲ့ ဒွန္ဒဝါဒ၊ နှစ်ခုသဘောတွေဟာ အပြန်အလှန်ရှိနေကြပါသည်။ ဘယ်သူ ဘယ်အဖွဲ့ကမှ ကမ္ဘာ့လူသားတို့၏ ပြဿနာများရဲ့ နောက်ဆုံး အဖြေကို ယနေ့အထိ ရှာဖွေလို့ မတွေ့နိုင်ကြသေးပါဘူး။ သိပ္ပံပညာနည်းပညာတို့ ဆိုတာဟာလည်း လူ့စိတ်နှင့်ဆိုင်သော အဆုံးသတ် အဖြေကို ရှာဖွေမပေးနိုင်ပါဘူး။

လူသားတွေရဲ့ ဘဝဟာ ရုပ်ဝတ္ထုကစ်မျိုးတည်းနဲ့ ဖွဲ့စည်းတည်ဆောက်ထားတာမဟုတ်ပါဘူး၊ ရုပ်ဝတ္ထုနှင့် စိတ်စေတသိက်တို့ ဟန်ချက်ညီညီ ဖွဲ့စည်းပေါင်းစပ် တည်ဆောက်ထားကြတာ ဖြစ်ပါတယ်ဟု ရေးသားထားပါသည်။

မြတ်စွာဘုရားရှင်ကလည်း -

'မနော ပုဗ္ဗင်္ဂမာ ဓမ္မာ'

စိတ်သည် လူ့ဘဝ၏ ရှေ့သွားခေါင်းဆောင်ဖြစ်ပါသည်။ စိတ်ကပင် ချမ်းသာသောဘဝ၊ ဆင်းရဲသောဘဝ၊ ဂုဏ်ရှိသောလူ၊ ဂုဏ်မရှိသောလူ၊ ငြိမ်းချမ်းသောလူ၊ ပူလောင်သောလူ၊ တရားရှိသောလူ၊ မတရားရှိသောလူ ဟူ၍ လူနှင့် လူ့အဖွဲ့ထဲမှာ စိတ်ဟာ အရေးကြီးစွာဖြင့် ဖန်တီးနေပါတယ်။

မိမိနှင့်တကွ မိမိပတ်ဝန်းကျင်ကို ကောင်းစားစေချင်တယ်၊ တိုးတက်စေချင်တယ်၊ ဖွံ့ဖြိုးစေချင်တယ်၊ လွတ်လပ်စေချင်တယ်၊ တရားမျှတစေချင်တယ် ဆိုရင် မည်သည့် အလုပ်ကိုပဲ ပြုလုပ်ပြုလုပ် စိတ်ကောင်းလေးတွေဖြင့် ပြုလုပ်ပါ၊ ပြောဆိုပါ၊ ရေးသားပါ။

တရားမျှတသော၊ တရားသဖြင့် စီမံအုပ်ချုပ်သော၊ တရားသဖြင့် ဥပဒေပြုရေး၊ တရားသဖြင့် တရားစီရင်ရေးတွေကို ထိန်းကျောင်းပေးဖို့ တရားသော စတုတ္ထမဏ္ဍိုင်တွေ ရှိရပါမည်။

တရားသော စတုတ္ထမဏ္ဍိုင် အဖွဲ့အစည်းဖြစ်ဖို့ စိတ်ကောင်းလေးတွေ အခြေခံပြီးတော့ ရေးကြ ပြောကြရအောင်လို့ . . .

□ သတိုးနွယ်



www.burmeseclassic.com

www.burmeseclassic.com




(ယခင်လမှအဆက်)

ကျမ်းပြဋ္ဌါဒအရ မေးသူ ကာယကံရှင်ရဲ့ အပေါ်တည့်တည့်မှာ စီးနေတဲ့နံဟာ မေးသူအတွက် အဓိက လိုအပ်ချက်ပဲ။ ပစ္စည်းပျောက်မေးရင် ဘယ်အရပ်လဲဆိုရင် အောက်ဆုံး တနင်္လာ အရှေ့အရပ်ပဲလို့ ပြောရမှာပဲ။ အရပ် မပြောနိုင်ရင် တနင်္လာဟာ ကျားလားမ,လား၊ တနင်္လာသားလား၊ တနင်္လာသမီးလား ညွှန်းရတော့မယ်။

ဒီဥပမာ သောရီတိုင်အရ ဟောမယ်ဆိုရင် ကိုစံနိုင်ဟာ စနေနံ တစ်ခုခု (ထီး၊ ထီလက်မှတ်) တစ်ခုခုပျောက်၍ ၎င်းနံအတွက် စိတ်ညစ်၍ လာပြီးမေးတာ ဖြစ်ရမယ်။ ဘယ်မှာရှိသလဲဆိုရင် အရှေ့အရပ်ထောင့်မှာလို့ ပြောလိုက်ရတော့မှာပဲ၊ ထပ်ပြီး စနေသားသမီး ထွက်ခွာသွားလို့မေးတယ်ဆိုရင် အရှေ့ရပ်ကို သွားတယ်လို့ ညွှန်ပြရမှာဖြစ်တယ်၊ ကဲ မင်းတို့ သဘောပေါက်ကြပြီလား" ဟု ကျွန်ုပ်သည် စကားကို အဆုံးသတ်လိုက်၏။

အားလုံး စိတ်ဝင်တစားနဲ့ နားထောင်နေကြ၏။

ကျွန်ုပ်သည် သူတို့နှင့် ဆုံရန်ခဲယဉ်း၏။ ဒီပညာရပ်အပေါ် ဝါသနာပါ၍သာ လိုက်စားနေရတာဖြစ်၏။ သူတို့မှာ စားဝတ်နေရေးအတွက် ပင်မလုပ်ငန်းတွေကို ကျွန်ုပ် အကြောင်း

www.burmeseclassic.com

အရ နားကြရတယ်မရှိ။ ကြိုးကြိုးစားစားနဲ့ သမ္မာအာဇီဝ လုပ်ငန်းများကို လုပ်နေကြသူများသာတည်း။ ထို့ကြောင့် တွေးမိ၏။ သူတို့ပတ်ဝန်းကျင်မှာ လက်တွေ့အသုံးချနိုင်တဲ့ ပညာ၊ အဆုံးအဖြတ် တစ်မုဟုတ်ချင်းချနိုင်တဲ့ ပညာကိုတော့ ပြောဦးမှ ဖြစ်မည်ဟု ဆုံးဖြတ်လိုက်၏။

*ထိုပညာရပ်ကား တခြား မဟုတ်ပေ။ 'ပကိဏ္ဏက' ဟူသော တိုင်တစ်တိုင်တည်းနဲ့ ဟောကြားရန် ပညာရပ်ပင် ဖြစ်၏။ ထိုပညာရပ်အပေါ် ကျွန်ုပ်အတွေ့အကြုံနဲ့ပေါင်းစပ်ပြီး သူတို့ မှတ်သားလွယ်ရန် တွေ့ကြုံခဲ့ရသော ဇာတ်ကြောင်းများကို ပြန်လည်စဉ်းစားလိုက်ရလေသည်။*

မြောက်မြားစွာသော ဇာတ်လမ်း ဇာတ်ကွက်များ တသီတတန်းကြီး ပေါ်လာ၏။ ထိုအထဲမှ သားသားနားနား နှင့် အသည်းစွဲ ထိနိုင်မယ့် ဇာတ်လမ်းဇာတ်ကွက်ကို ရွေးထုတ်လိုက်ပြီး ထိုဇာတ်ကွက်ကို ကျွန်ုပ်၏ ကွန်ပျူတာဦးနှောက် တွင် ချိတ်ဆွဲထားလိုက်၏။ ဤဇာတ်လမ်းများကို ရှိရင်းစွဲ နေရာ၊ နေမြဲနေရာ၊ နေမြဲအခန်းမှာ သိုသိုသိပ်သိပ် ပြန်လည် သိုဝှက်ထားလိုက်၏။

"ကဲ, မင်းတို့အားလုံးကို ပြောရဦးမယ်၊ မင်းတို့က လူငယ်တွေ၊ ပတ်ဝန်းကျင်တွေထဲမှာပဲ ရှာတတ်ရင်၊ မြင် တတ်ရင် ပညာရမယ်၊ ဘာလဲဆိုတော့ မင်းတို့ ဘာစာရွက် ဘောလ်ပင်မှ မကိုင်ဘဲ အခါတိုင်လေးကို မင်းတို့အာရုံထဲမှာ ပီပီပြင်ပြင် ဖန်ဆင်းချိတ်ဆွဲတတ်ရုံနဲ့ အောင်မြင်လိမ့်မယ်၊ အာရုံထဲမှာ မိမိချိတ်ဆွဲလိုက်တဲ့ အခါတိုင်ကို မျက်စိနဲ့ ပကတိ မြင်နေရသလို မြင်နေရမယ်နော်၊ အဲဒါတစ်ခုပဲ အမိက ကျင့်ဖို့ လိုတယ်၊ ဟုတ်လား"

"ဟုတ်ကဲ့ပါ ဦးလေး၊ ကျွန်တော်တို့ နားထောင်နေ ပါတယ်၊ ဦးလေး ခုပြောမယ့် အစီအစဉ်က ကျွန်တော်တို့ ပိုတောင်သဘောကျပါတယ်၊ ခေါင်းလေးမော့၊ လည်လေး စောင်း၊ မျက်လုံးလေး ပေကလပ်ပေကလပ်နဲ့များ လုပ်လိုက် ရရင် မေးတဲ့ပုဂ္ဂိုလ် မျက်လုံးတောင် ပြူးသွားဦးမယ်" ဟု ကျော်ကြီးဆိုတဲ့ တပည့်ကြီးက ပြောလိုက်၏။


"မင်းကွာ ဦးလေးက ပြောတောင် မပြောရသေးဘူး၊ မင်းကိုယ်မင်း သမထစိတ်တန်ခိုးနဲ့ ဟောတဲ့ စွမ်းအားရှင်များ မှတ်နေလား"

မောင်ကျော်မင်းထွန်းက ဝင်၍ ကျော်ကြီးကို ဖိလိုက် ၏။ မောင်သန်းထိုက်နှင့် တပည့်ကြီး မောင်ကျော်မြင့်ကတော့ ပြုံးစိစိကြီး လုပ်နေကြ၏။

"ဒီလိုကွာ လူ့သဘာဝကို အရင် စပြောမယ်၊ ဆရာ ရယ် ကျွန်တော်တို့အိမ် ဘာခိုက်နေသလဲ၊ နေမကောင်းတာ ခဏခဏပဲ ဘာများမှားနေသလဲ မသိဘူး၊ လူဝင်လူထွက် ကြောင့်ကော မဖြစ်နိုင်ဘူးလား ဆရာ၊ အောက်လမ်းတိုက်များ မိထားသလား ဆရာရယ် ပြောပါဦး၊ ဆေးမိထားတယ်နဲ့ တူပါတယ်နော်. . စတဲ့မေးခွန်းများဟာ ပရိသတ်ရဲ့ လက်ကိုင် တုတ်မေးတတ်တဲ့ မေးခွန်းတွေထဲက ပါလာတတ်တဲ့ အရေး ကြီးအချက်တွေပဲ။

ဒါဖြင့် ခဏခဏ နေမကောင်း ဖြစ်တယ်၊ ရောဂါ မပျောက်ဘူး ပြောလာရင် အဲဒီ အခါတိုင်တစ်ခုနဲ့ပဲ ဆုံးဖြတ် ထားတဲ့ ပညာပဲ၊ လူနာ သို့မဟုတ် မေးသူဟာ လူနာဖြစ်၍ မေးသူရဲ့နံ အထက်မှာ 'စနေ' သို့မဟုတ် 'အင်္ဂါ' မြင်သော် စုန်း၊ နတ်၊ ပယောဂကြောင့် ပြောရမယ်။

ဥပမာကွာ အခါတိုင်က သူရဋ္ဌ မေးသူက အင်္ဂါ၊ နေမကောင်းသူက အင်္ဂါဖြစ်တယ်။ နောက်ပြီး အခါတိုင်က ဂုရုတိုင်၊ နေမကောင်းသူက ကြာသပတေး ဖြစ်တယ်လို့ ဆိုကြ ပါစို့။




*ဒီဥပမာမှာ ဗြကြာသားလူနာကို အင်္ဂါ(၃) က စီးနေပြီး အင်္ဂါအပေါ် မှာ(၁)နွေ စီးနေတော့ (ဦးညို) ရန် ထပ်မြင် တယ်လို့ဆိုတယ်၊ ထိုအခါ အဲဒီစုန်း နတ်ကဝေက အငြိုးကြီး တယ်လို့ ဟောရမယ်၊ ဘုရားကုကုဖို့ အကြံပေးရန် ဖြစ်တယ်၊ မှတ်မိတယ်နော်။*

ဒုတိယက လူနာ၏ နံပေါ်မှာ (၁)တနင်္ဂနွေစီးလျှင် မိရိုးဖလာ ကိုးကွယ်မိတဲ့ နတ်ဖမ်းတယ်လို့ ဖွင့်ဆိုထားတယ်.

ဥပမာ. . . သူရဋ္ဌအခါပဲ ဆိုပါတော့. . .





www.burmeseclassic.com

www.burmeseclassic.com

၅
၂
၆ ← သောကြာစီး၊ ဥဿာ (၁-၆)
၁ ← ၁နွေစီးပုံ
၄ ← ၄ဟူးလူနာ
၀
၇

(သူရဇ္ဇအခါ
၄ဟူးကို ၁နွေစီးပုံ)

တစ်ဖက်ပါ ပုံစံမှာ ၄ဟူး လူနာကို ၁နွေစီးသဖြင့် နီးရာနတ်ဖမ်းတယ်ဟု ပြောရမှာဖြစ်တယ်။ (၁)နွေကို (၆) ထပ်စီးတော့ (၁-၆) ဖြစ်လို့ ပွဲမပေးလို့ ဖမ်းတာပေါ့ကွာ၊ ဥဿာ(၁-၆)က မိတ်ပေါ့၊ ဒါဆို ပူဇော်ပသလိုက်ပါလို့သာ ဟောရမှာဖြစ်တယ်။

ပြီးတော့ တနင်္လာစီးပုံကို ပြောပြမယ်၊ လူနာရဲ့နံကို ၂လာစီးရင် ရအပ်သောလာဘ် ဆုတ်ယုတ်လို့ မကျန်းမာတာ၊ ငွေကြောင့်စိတ်ဆင်းရဲလို့ မကျန်းမာတာ၊ ၂လာနံကြောင့် (အချစ်ရေး၊ အိမ်ထောင်ရေး) ကြောင့် မကျန်းမာတာလို့ ပြောလိုက်ရုံပဲ. .

ဥပမာ . . . ဂုရုအခါ ဆိုပါတော့ . . . .

၂ ← ၂လာစီးပုံ
၆ လူနာ
၇
၅
၁
၄
၀

(ဂုရုအခါ အကဲဖြတ်ပုံ)

ဒါဆိုရင် ကြာသား လူနာဟာ စီးပွားပျက်လို့ ရောဂါရတယ်လို့ ဆိုလိုပါတယ်၊ ဒါမှဟုတ် စီးပွားကောင်းနေရင် အချစ်ရေး၊ အိမ်ထောင်ရေးကြောင့်လို့ ပြောရမှာဖြစ်တယ်။ အဲဒီအခါ မေးသူက ကွန့်တက်တယ် ဘယ်နေ့သားသမီး ဖြစ်နိုင်သလဲဆိုရင် အောက်ဆုံးက စနေ(၀)ကို ညွှန်းရမှာ ဖြစ်တယ်။

ဘယ်လိုလုပ်ရမလဲ ထပ်မေးရင် ကျမ်းရင်းမှာက 'ဖြူစွာသော ခမည်းပေးအပ်၏'ဟု ဖော်ပြထားတော့ ဉာဏ်ရှိသလို သုံးရမှာပေါ့။ ဥပမာ စိတ်ချမ်းသာအောင် ဘေးလူက အလိုက်သိနဲ့ ပံ့ပိုးပေးရမှာပေါ့၊ ကလေးလေးဆိုရင်တော့ 'ခမည်း' ပေးရတာ လျော်ကန်ပြီး၊ အသက် (၅၃)ကျ ဘယ်လိုလုပ် ခမည်းပေးလို့ မဖြစ်တော့ဘူး၊ ဉာဏ်နှင့်ချိန်ပြီး ပြောရမယ်၊ အားလုံးမှတ်လို့ရပြီနော်"

"ဟုတ်ကဲ့ပါ၊ မှတ်မိပါပြီ၊ ဒါဆို ခုပြောပြတဲ့ အခါတိုင်က ကြာသားပဲဆိုပါတော့၊ အိပ်ရာထဲ လဲနေတာတော့ မဟုတ်ဘူး၊ စိတ်အမူအရာ တစ်မျိုးဖြစ်ပြီး လူပျိုကြီးလဲ ဖြစ်တယ်ဆိုရင် ဘယ်လို လုပ်မလဲ၊ ကျွန်တော် တွေ့နေလို့ မေးတာပါ"

မောင်ကျော်မြင့်က မေးခြင်း ဖြစ်၏။

"ဟင်၊ ဒီလိုကွ၊ လူပျိုကြီး အပျိုကြီးဆိုတာ ရတာမလို၊ လိုတာမရကနေပြီး ကြီးလာတော့ ငယ်သူလို မိုက်မိုက်ကန်းကန်းမလုပ်ရဲ၊ အဲဒီတော့ ၂လာကြောင့် ဖြစ်နေတယ်လို့ သိရရင် အိမ်ထောင်ဖက်ရွေး၊ မြန်မြန်စီစဉ်ဖို့ တိုက်တွန်းလိုက်ပေါ့ကွာ၊ မင်းတို့လဲ သတိထားနော်၊ မင်းတို့ အသက်ကလေးတွေ နည်းနည်း မီတာ တက်လာပြီနော်"

အားလုံးက ဝိုင်း၍ ရယ်မောကြ၏။

"ကဲ၊ အားလုံးသဘောပေါက်ရင် အထူးစိတ်ဝင်စားဖို့ ပညာလေးတွေကို ပြောပြမယ်နော်၊ အခုပြောမယ့် အခန်းမှာ သတိထား နားထောင်၊ စကားလုံးအသုံးအနှုန်းကစပြီး သတိထား နားထောင်၊ မင်းတို့ကလဲ သတိထား စကားပြော၊ တစ်ဆက်တည်းမှတ်၊ ကျမ်းရင်းအရ အဆိုအမိန့် ပထမဆုံး ပြောမယ်၊ 'ဒီပကိတ္တက'အခန်းမှာပဲ လာမေးသူ သို့မဟုတ် လူနာရဲ့ မွေးနံပေါ်မှာ ၄ ဗုဒ္ဓဟူး စီးထားတာတွေ့ရင် အဲဒီ ကာယကံရှင် ဖြစ်ပျက်နေတဲ့ ဒုက္ခသုက္ခဟာ 'ကျောင်း ပစ္စည်း လည်းကောင်း၊ ဘုရားပစ္စည်းလည်းကောင်း အိမ်၌ရှိလိမ့်မယ်။ ထိုအနာ၊ ထိုပြဿနာများ ငြိမ်းအံ့သောငှာ ပယ်စွန့်လေဟု အဟောထုတ်' ဟု မိန့်ကြားထားတယ်။

ဒီလောက်ပြောရင် မင်းတို့ စိတ်ထဲ ရှင်းလောက်ပါပြီ၊ 'ဘယ်နေရာမှာရှိသလဲမေးရင် ကြီးရန်းခိုတဲ့ အရပ်မှာရှိ တယ်' တဲ့၊ ရှင်းရှင်းလေးပါ၊ ဒီအတွေ့အကြုံနဲ့ပတ်သက်ရင် ဦးလေး တွေ့ဖူးတာက တော်တော် သာဓကတွေ အများကြီးပဲ၊ ဥပမာ ဘုရားအနေကဇာ မတင်ရသေးလို့ ဖြစ်နေတာတွေဟာလဲ ဒီဟောကိန်းပဲ။

ဒါမျိုးကျတော့ လိမ်လိမ်မာမာ စကားလှလှသုံးနော်၊ ဘယ်လိုလဲဆိုတော့ အင်္ဂါတော်ချွတ်ယွင်းနေတဲ့ ဖြစ်ရပ်တွေလဲ တွေ့ဖူးတယ်၊ အဲဒီအခါမှာ မင်းတို့နှုတ်က 'ဘုရားခိုက်တယ်' လို့သွားမသုံးနဲ့၊ မင်းတို့ပါ မိုးကြိုးပစ်သွားမယ်၊ အဲဒါ ကြပ်ကြပ် သတိထားပါ၊ အနေကဇာမတင်ရသေးရင်လဲ အနေကဇာတင် အလှူတော်လုပ်ဖို့၊ အင်္ဂါတော် ချွတ်ယွင်းနေရင်လဲ ပြုပြင်ဖို့၊ ပြုပြင်ပြီး အနေကဇာတင်ဖို့၊ ဘုရားကျောင်းဆောင် ဖျက်စီးတာတို့ မှန်လွှဲတာတို့ ဆိုရင်လဲ လိုအပ်သလို ပြုပြင်ဖို့ ဆရာလုပ်သူက ညွှန်ကြားရတယ်၊ ခုနက စကားလုံးမျိုးဘယ်တော့မှ မသုံးလေနဲ့။



www.burmeseclassic.com

www.burmeseclassic.com

ခုနကပဟာမျိုးကတော့ တို့အဖေ ပြောဖူးလို့ သိတာရှိတယ်၊ ဘာလဲဆိုတော့ မဟုတ်တဲ့ပစ္စည်းတွေနဲ့ ဖန်တီးပြီး လုပ်ထားတဲ့ ပုံတော်တစ်ခုကို မနာလိုလို့ ဖျက်စီးရာဖျက်စီးကြောင်း ကြံတဲ့အခါမှာတော့ ကြုံဖူးတယ်လို့ တို့အဖေက ပြောဖူးတယ်။

ထင်ရှားတဲ့ ဇာတ်လမ်းတစ်ခု ပြောပြဦးမယ်၊ ဘယ်လိုလဲဆိုတော့၊ တစ်နေ့တော့ ဦးလေးဆီကို အမျိုးသမီးတစ်ဦး ရောက်လာတယ်။ သူက စနေသမီး၊ တို့မြို့နဲ့ သိပ်မဝေးဘူး အခုအထိ အသက်ရှင် အထင်အရှားပဲ"

"ဆရာ. . . ကျွန်မကို ထိုင်ခွင့်ပြုပါ"

အသက် (၅၀) ကျော်ကျော် သားသားနားနား လူကုံထံထံကပဲ ဆိုတာ ခန့်မှန်းလို့ ရတယ်။

"ထိုင်ပါဗျာ၊ ကျုပ် ဘာများကူညီရမလဲ"

"ဆရာ့ဆီ လာကတည်းက ဗေဒင်မေးဖို့ပါပဲ"

ဟုတ်ပေသားပဲ။ ကျွန်ုပ် မေ့သွား၏။

ဟိုတုန်းက ဝန်ထမ်းအကြီးအကဲတစ်ဦး ဖြစ်ခဲ့ဖူးတော့ ဟိုတုန်းက ပြောနေကျ စကားလုံးကလေးတွေက အကျင့်ပါနေတာ ဖြစ်၏။

သူမ ရောက်တဲ့အခါက သူရဇ္ဇအခါ ဖြစ်၏။

"ဟုတ်ကဲ့ ပြောပါ"

"ကျွန်မက တင်တင့်မေ ပါ" ဆိုပြီး သူ့မွေးသက္ကရာဇ် စသည်များကို ပြော၏။ ကျွန်ုပ်လည်း လိုအပ်သလို တွက်ချက် စိစစ်လိုက်၏။

| | |
|---|---|
| ၅ | ၆ ၃ |
| ၂ | ၅ ၂ |
| ၆ | ၄ ၁ |
| ၁ | ၃ ၀ |
| ၄ | ၂ ၆ |
| ၀ | ၁ ၅ |
| ၃ | ၀ ၄ |
| (သူရဇ္ဇအခါတိုင်) | (သူရဇ္ဇအခါ သုံးတန်ပေါ်နိစ်) |

အထက်ပါတို့ကို တွက်ချက်ပြီး အိမ်တွင်းရေးကစပြီး သားရေးသမီးရေးက စပြီး စီးပွားရေးချွတ်ခြုံကျနေကြောင်း၊ အိမ်၊ ခြံ၊ မြေ၊ စက် စသည်များပင် ထုခွဲရောင်းချရတော့မည်ဖြစ်ကြောင်း၊ မိမိကလည်း စနေသမီး ဖြစ်သည့်အပြင် အိမ်မှာရှိတဲ့ စနေသားသမီးများ (စနေအခိုက်) ကလည်း သောင်းကျန်းနေကြကြောင်း၊ မိမိ ခင်ပွန်းပင်လျှင် (တန်းကပ် ၃-၀) စိတ်သောက ဖြစ်လျက် အကျပ်အတည်း ရင်ဆိုင်တွေ့နေရကြောင်း၊ အမှုအခင်း(၁-၅ နိစ်ပြု) ပုံစံပင်တွေ့ရကြောင်း၊ စက်နဲ့ပတ်သက်ပြီး ရန်ပေါ်နေကြောင်း၊ ထိုစက်မှာ ရပ်နား အလုပ်မလုပ်ရကြောင်း၊ ဇာတာရှင်သည် ထွက်ပြေးချင်သည် အထိ စိတ်မချမ်းမသာဖြစ်နေရကြောင်း ကျွန်ုပ်က ပြော လိုက်သောအခါ၌ တစ်ခုမကျန် ဟုတ်မှန်ကြောင်းကို ဝန်ခံ လိုက်၏။

ပြီးသည့်နောက် တစ်လုံးတည်း မေး၏။ သူမသည် ဗေဒင်ဆရာပေါင်း ဘယ်လောက်ထိများ တွေ့ကြုံခဲ့ဖူးသည် မသိချေ။ လိုတိုရှင်း တစ်ချက်တည်း မေး၏။

"ကျွန်မတို့မှာ ဘာများ ခိုက်နေပါသလဲရှင်၊ အဓိက အဲဒါ သိချင်လို့ လာတာပါပဲ"

"နေဦးဗျာ တစ်ဆင့်ချင်း မေးမယ်နော်၊ ဘုရားကျောင်း ဆောင် ဘုရားခန်းစတဲ့ ဗုဒ္ဓဝေယျာဝစ္စတွေ ပြည့်စုံတယ်နော်"

"ဆရာရယ် ကျွန်မတို့က မည့်ပါဘူး၊ အရင်တုန်း ကတည်းက ဗုဒ္ဓဝေယျာဝစ္စ ဘုရားရှိခိုးဆိုတာ ကျွန်မလို ဘာသာ စီးပွားရေးလုပ်ငန်းရှင်တွေရဲ့ အသက်ပဲ ဆရာရယ် အိမ်ကခင်ပွန်း ကိုသာရှိန်ဆိုရင် ပြောစရာမလိုသလောက် တရားထိုင်တယ်၊ ကမ္မဋ္ဌာန်းကိစ္စတွေနဲ့ အမြဲ အကျွမ်းဝင် တယ်၊ သူပင့်လာတဲ့ဘုရား စိတ်မကျေနပ်လို့ နှစ်စဉ်ရွှေသက်န ကပ်၊ အနေကဇာတင်၊ သူရဲ့ နိစ္စဘတ် အလုပ်ပဲ၊ သူနဲ့ထိုက်လို့ ရလာတာကိုး ဆရာရဲ့"

ကျွန်ုပ် တွေးပေါက် နည်းနည်းပိတ်နေ၏။

ကျွန်ုပ်၏လက်ထဲက ဘောလ်ပင်ကလေး ဖွင့်လိုက် ပိတ်လိုက်နဲ့ လမ်းမဘက်ကို မျက်နှာမူ အာရုံခံ ငေးနေမိ ပကိဏ္ဏကဟောခန်းကို သတိရလာ၏။

တွေ့လိုက်ပြီ ဥပုသ်ဂဏန်း စနေကို စီးနေ၏။ ဘယ်လို ပြောမလဲ စဉ်းစားပြီး သူပြောခဲ့တဲ့ စကားကို ပြန်ပြီးကွင်း ဆက်ရှာနေ၏။

ကျွန်ုပ်၏အာရုံကြောများ တင်းလာသည်ဟု ထင်ရ လောက်အောင် တွေးနေရ၏။ ဘာကြောင့်ဆိုသော် ဘုရား ဝေယျာဝစ္စ ဒီလောက်လုပ်တဲ့ ပုဂ္ဂိုလ်တွေအတွက် အတော် စဉ်းစားနေရင် မည့်သော ဦးနှောက်ပဲခေါ်ခေါ်၊ အာရုံကြော ခေါ်ခေါ်၊ အတွေးစိတ်ပဲ ခေါ်ခေါ် အလင်းတန်းတစ်ခုက ကျွန်ုပ်အား အချက်ပြလိုက်၏။

"ဪ, ဒေါ်တင်တင့်မေ၊ ခင်ဗျားရဲ့ခင်ပွန်း ဦးသာ ရှိန်ဟာ ဒီဘုရား နိမ္မိတ ရုပ်ပွားတော် မန္တလေးက ပင့်လာ တာလား"

"မဟုတ်ဘူး ဆရာရေ၊ ကျွန်မတို့မြို့ မီးလောင်စဉ် ကပေါ့၊ ရပ်ကွက် အိမ်တွေသာမက ကျောင်းပါပါသွားတယ် အားလုံးမီးငြိမ်းသွားတော့ အဲဒီကျောင်းမှာ မီးမခဘဲ ကျန်ရှိ နေတဲ့ ဗုဒ္ဓရုပ်ပွားတော်၊ ဘာခေါ်မလဲ ဒက္ခိဏသာခါ ရုပ်ပွား တော်တစ်ဆူကို တွေ့ရတာပါပဲ၊ လူတကာက လိုချင်တာ ကိုသာရှိန်မျက်နှာကြောင့် ကျွန်မတို့ကပဲ ရခဲ့တာပါပဲ။

www.burmeseclassic.com

မီးတော့ မခဘူး၊ ဒါပေမယ့် မီးအရှိန်ကြောင့် စပင့်လာသာချင်း မူလသက်န်းတော် အရောင်များ နည်းနည်းထိထားတယ်၊ အဲဒီဘုရားကို ရွှေသက်န်းကပ်လှူ အနေကဇာတင်ပြီး ကိုးကွယ်နေတာ (၄,၅)နှစ်လောက် ကျော်ပြီ၊ ထူးတာက အတို့ဏသာခါ ဖြစ်၍ မီးမကူးတာ ဆရာရေ့”

ကျွန်ုပ် ယခုမှပင် သက်ပြင်းချနိုင်၏။ အချက်ပြသော အလင်းတန်းကို ကျွန်ုပ်အထူးကျေးဇူးတင်၏။ သို့သော် သူမ နားလည်အောင် ဘယ်လို ပြောရမလဲဆိုတာ စကားလုံး သုလှုများ ရွေးချယ်နေ၏။

“ဒေါ်တင်တင်မေ၊ ဒေါ်တင်တင်မေ ကျုပ်ကို ယုံကြည်အားကိုးလို့လာတာလို့ ကျုပ်လက်ခံပါတယ်၊ ဒါကြောင့် ကျုပ်ပြောမယ့် စကားကိုလဲ အလေးအနက် ထားမယ်လို့ ကျုပ်သဘောပေါက်ပါတယ်၊ ဒီလိုဗျ ကျုပ်ပြောမယ့် စကားမှာ ‘ခိုက်တယ်’ ဆိုတဲ့ စကားလုံး မပါဘူးနော်၊ ကြိုပြောထားမယ်၊ တိုတိုနဲ့လိုရင်းပြောရရင် ဤနိမိတ်ရုပ်ရှင်တော်ဟာ မီးခသွားတဲ့ ကျောင်းနေရာက တွေ့ခဲ့ရတယ်ဆိုတော့ သံဃာတော်များ ကိုးကွယ်တဲ့ ရုပ်ပွားတော်ဖြစ်ရမယ်။

ပြီးတော့ ကျုပ်တို့ မသိနိုင်တာက သံဃာတော် တစ်ပါးတည်းက သူ့နေ့နံနဲ့ စီစဉ်ထားတဲ့ ရုပ်ပွားတော်လား၊ ဒါမှမဟုတ် သံဃာအများနဲ့ သက်ဆိုင်တဲ့ သံဃာအများ သိမ်ဝင်ရာမှာ သိမ်တော်မှာ ကိုးကွယ်တဲ့ ဗုဒ္ဓရုပ်ပွားတော်လား၊ ဒါမှမဟုတ် အဲဒီကျောင်း၊ လူအများအတွက် ထားတဲ့ မွေ့ရုံရှိ ရုပ်ပွားတော်လား၊ ဗုဒ္ဓဘာသာ အစဉ်အလာအရ သာရေးနာရေးအတွက် ပူဇော်တဲ့ ရုပ်ပွားတော်ဆိုတာလား ဆိုတာတွေကို မသိနိုင်ဘူး။

ဒါကြောင့် ဒီရုပ်ပွားတော်ဟာ ဘာပဲပြောပြော ဘုရားသားတော်များ သီတင်းသုံးတဲ့ ကျောင်းမှာပဲ သီတင်းသုံးရန် သင့်လျော်တယ်ဗျာ၊ ပြီးတော့ ဒီရုပ်ပွားတော်ဟာ ဦးသာရှိန်ရဲ့ နေ့နံသားနဲ့ စီရင်ကိုးကွယ်ထားတဲ့ ရုပ်ပွားတော်လဲ မဟုတ်ဘူးလေ၊ အဲဒါ, ဒေါ်တင်တင်မေကို စကားလိမ်လိမ်မာမာ ပါးပါးနပ်နပ်နဲ့ပြောတာ၊ ကျန်တာကိုတော့ ဒေါ်တင်တင်မေရဲ့ ဘာဝန်ပဲဗျာ”

ညှိုသည် အမျိုးသမီးသည် သူမ၏ ဦးနှောက်ထဲတွင် အပြန်ပြန် အလှန်လှန်စဉ်းစားနေ၏။ ဘာတစ်လုံးမှ စကားသံထွက်မလာ။ ကျွန်ုပ်လည်း အနားရှိ ရေနွေးကြမ်းကို ဓာတ်ဘူးထဲမှ ငှဲ့ပြီး သောက်နေ၏။ သောက်နေရင်းလည်း စဉ်းစားနေ၏။ ဒေါ်တင်တင်မေနှင့် ဦးသာရှိန်တို့၏ နေ့တိုင် အခါတိုင်များကို ကျွန်ုပ်၏ မျက်စိထဲတွင် အတိုင်းသား မြင်နေရ၏။

ကျွန်ုပ်၏ မြင်ကွင်းအရ သူတို့နှစ်ဦး၏ ကံဇာတာကို အရိပ်ရိပ်သိလာ၏။ သိလာလေလေ ပြောဖို့ခက်လေလေပင် ဖြစ်လာပေတော့သည်။

ကြည့်ပါ၊ သူတို့နှစ်ဦး၏ ကံဇာတာကို . . .

| (သောကြာသား ဦးသာရှိန်၏ အခါတိုင်) | | (စနေသမီး ဒေါ်တင်တင်မေ၏အခါတိုင်) |
| --- | --- | --- |
| ၃ | | ၄ |
| ၀ | တင်တင် | ၁ |
| ၄ | | ၅ |
| ၆ | | ၀ |
| ၂ | | ၃ |
| ၅ | မေ | ၆ |
| ၁ | | ၂ |

အထက်ပါ ပြကွက်သည် မြင်သာပါ၏။ တွေးလျှင် တွေးယူသလို ရပါ၏။ သို့သော် ကျွန်ုပ် တစ်ခုပဲ ဆုတောင်း၏။ ဒေါ်တင်တင်မေသည် ဦးသာရှိန်အပေါ် ငယ်နိုင်ဖြစ်လျက် ဘဝဆုံးသည်အထိ ရိုက်ချိုးမသွားပါစေနဲ့ဟု ဆုတောင်းနေ၏။

ဦးသာရှိန်သည် ဒေါ်တင်တင်မေ ပြီးလျှင် ပြီးတဲ့လူစားဆိုတာကိုတော့ မမေ့ပေ။ ဦးသာရှိန်၏ လုပ်ငန်း ဖောက်ထိုးဖြစ်တော့လည်း ဘာလုပ်လုပ်ပဲ ဖောက်ထိုးသာတည်း၊

သို့သော် ဤသည်တို့ကို ညှိုသည် အမျိုးသမီးကို တစ်လုံးတစ်ပါဒမှ မပြောလိုက်ပါချေ။

အတန်ကြာကြာ ညှိုသည် အမျိုးသမီးသည် စဉ်းစားနေပြီးနောက် . . .

“ကျွန်မ အပြန်ပြန်အလှန်လှန် စဉ်းစားနေတာပါ၊ တိုက်ဆိုင်သလိုလို ရှိနေသလိုလို ဖြစ်နေလို့ပါ၊ ကျွန်မလဲ မပြောဝံ့ဘူး၊ ဘာလုပ်ရမလဲ ဆရာ”ဟု တဲ့တိုးပင် မေးလိုက်၏။

“ဗုဒ္ဓ ကိစ္စဖြစ်လို့ ကျုပ်တို့ အကုန်လုံး မသိနိုင်ဘူး၊ ဗုဒ္ဓသားတော် ဖြစ်တဲ့ ရဟန်းတော်များ၏ ဩဝါဒကိုပဲ ခံယူဖို့ လိုတယ်ဗျာ”

“ဟုတ်ကဲ့ပါ၊ သဘောပေါက်ပါပြီ”

“ဒီလိုဆို ခင်ဗျား ချင့်ချိန်နိုင်ရန် သာဓကတစ်ခု ပြောပြမယ်၊ ကျုပ်တို့မြို့မှာ ကျုပ်တို့ထက် အဆများစွာ ဘာသာရေးလိုက်စား ကျင့်ကြံနေသူ တစ်ဦးရှိတယ်။ တစ်နေ့တော့ သူက သူနဲ့တူစပ်တဲ့ ကလေးတစ်ယောက် အိမ်ကို ရောက်သွားတယ်။ စကားစပ်မိရင်းက သူ့တူက ထူးထူးဆန်းဆန်း စကားဖြစ်ရပ် အမှန်တစ်ခုကို ပြောပြတယ်။

သူ့တူက စစ်သားဗျာ၊ တစ်နေ့ စစ်သားဆိုတော့ ရန်သူနဲ့တိုက်ပွဲဖြစ်တယ်၊ သူပြောတဲ့ စကားအရ သူနဲ့ သူငယ်ချင်းနှစ်ယောက် စုစုပေါင်းသုံးယောက်ပဲ အသက်ရှင်ခဲ့တယ်တဲ့၊ တောထဲမှာကိုးဗျ၊ အဲဒီတော့ တို့ဒီလို ဘာပြုလို့ဖြစ်ရတာလဲဆိုပြီး ရန်သူတွေ ရှင်းတော့ ဟိုရှာဒီရှာ ရှာတယ်၊

ဘုရားသုံးဆူ တောထဲမှာ တွေ့တယ်၊ ထူးတယ်ဆိုပြီး သူငယ်ချင်းသုံးယောက် တစ်ယောက် တစ်ဆူစီ ပင့်လာပြီး ကိုးကွယ်ကြတယ်၊ ‘ဒီ ဘုရားပေါ့’လို့ သူ့ဦးလေးကို ပြတယ်၊





www.burmeseclassic.com

www.burmeseclassic.com

ပြီးတော့ ဘာထူးသလဲဆိုရင်တော့ တစ်လကို နှစ်ခါလောက် အိပ်မက်ပေးတယ်၊ 'ငါ့ကို မူလနေရာပြန်ပို့တဲ့' လို့ အိပ်မက် မက်တယ်လို့ သူဦးလေးကို ပြောပြတယ်။

ဒါနဲ့ သူ့ ဦးလေးက မရမက 'သူ့ပေးပါ၊ ပူဇော်ခွင့်ပြုပါ'ဆိုတော့ တူဖြစ်သူကလဲ မလွန်ဆန်ရဲတာနဲ့ သူ့ဦးလေးကို ပူဇော်ခွင့်ပြုလိုက်ရတယ်၊ ဒါနဲ့ အဲဒီပုဂ္ဂိုလ်ကြီးက ကျုပ်တို့ မြို့ သူ့အိမ်ကို ပင့်လာတယ်ဗျာ၊ သူ့ခမျာ ဘဝကူးသွားရတာတောင် မဖြောင့်ဖြူးသွားတာ ကျုပ် မျက်မြင်ပဲဗျာ၊ ဘုရားက အိပ်မက်ပေးသား၊ သူတို့ ပေ့ါလို့ပဲပေ့ါ၊ ကဲ, ဒေါ်တင်တင်မေ အဲဒါကို ယုံသလား"

ဒေါ်တင်တင်မေ ခေါင်းကလေး ညိတ်ပြ၏။ နှုတ်က ထွက်ဆို မပြောရဲရှာပါပေ။ ကျွန်ုပ်လည်း သူ့ကို ဒီလောက်ပဲ ရှင်းပြရဲခဲ့တယ်။

(နောက်တော့ ဒေါ်တင်တင်မေသည် ရဟန်းတော်များ၏ ဩဝါဒကို ခံယူသည်ဟု ကြားရ၏။ ယခုဆို ယခင်လောက် မဆိုးတော့ကြောင်း သတင်းကြားရ၏)

■■■

"ကဲ, တပည့်တို့၊ အဲဒါ ဦးလေး တွေ့ခဲ့ရတဲ့ သာဓကပါ၊ မင်းတို့ မဝေဖန်နဲ့၊ ဟိုပြောဒီပြော မပြောနဲ့နော် နှုတ်ပိတ်"

အားလုံးသော ကျွန်ုပ်၏တပည့်များသည် စိတ်ဝင်စားကြ၏။

"ငါဆက်ပြောဦးမယ်၊ ဒါကတော့ ရဲရဲပြောရဲတယ်ကွ၊ ဇာတ်လမ်းမဟုတ်တော့ဘဲ သဘောတရား တွေ့ရှိချက်ပဲ ပြောမယ်၊ ဘာတွေလဲ ဆိုတော့ ဘုန်းကြီးကျောင်းပိုင် အိုးခွက်ပန်းကန်တွေ၊ ဖျာတွေ၊ ဘာတွေ ဘယ်လိုနည်းနဲ့ ရောက်ရောက် ပြန်ပို့ခိုင်းမှ သက်သာလာကြတာတွေ တစ်ပုံကြီးပဲ၊ တချို့က ပြောသေးတယ်၊ ဒီပန်းကန်က ဘုန်းကြီးကျောင်းက ပန်းတန်မှန်တယ်၊ ကျွန်မက အစားထည့်လှူပြီးပြီလို့ ပြောတဲ့ လူဆိုရင်လဲ သူ့ကိစ္စနဲ့သူပဲ၊ ပြောဖို့က တို့တာဝန်ပဲ။

သိထားဖို့ကတော့ ကျောင်း၊ ကန်၊ ဘုရားက ပစ္စည်းတွေဟာ ရေစက်ချ လှူထားတာတွေ ဖြစ်တယ်ကွ၊ ကတ်လုံးနဲ့ပြောတာ ရှိသေးတယ်၊ ဘုန်းကြီးက သူ့ပိုက်ဆံနဲ့ ဝယ်ထားတာပဲ ပြောရင် ဘုန်းကြီးဟာ ဒီငွေကို ဒကာ၊ ဒကာမက ရေစက်ချပဲဖြစ်ဖြစ်၊ ရေစက်မချဘဲဖြစ်ဖြစ် လှူလို့ ရထားတဲ့ငွေ၊ ဒီငွေနဲ့ ဝယ်တာဟာလဲ သံဃာပိုင်ပဲ သတိထားကြ၊ ကြောက်စရာ တော်တော်ကောင်းတယ်ကွယ့်"

ကျွန်ုပ်၏တပည့်များသည် အတွေးနယ်ချဲ့နေပုံရ၏။ လက်တွေ့ မတွေ့ဖူးဘူးသည်ကို ဝန်ခံနေတာ ဖြစ်၏။ တစ်လုံးတစ်ပါဒမျှ အတွေ့အကြုံ မပြောကြ၊ နှစောဒက မတက်ကြပေ။

မောင်ကျော်မြင့်က အရှိန်ယူပြောလိုက်၏။

"ဒါထက် ဆရာ၊ စီးနင်းဂြိုဟ်ဟာ ဗုဒ္ဓဟူးဂြိုဟ် မဟုတ်ဘဲ ခိုက်တော့၊ ခိုက်နေပြီဆိုရင် ဘယ်လို ဉာဏ်ထုတ်မ… ဘယ်လို သာဓက ရှိနိုင်သလဲ ဆရာ"

"အေး, ဆရာ သတိရပြီ၊ မင်းမေးလို့ အတော်ပဲ၊ ဆ… အတော်ကိုပဲ ချွေးပြန်ရတဲ့ ကိစ္စတစ်ခုပဲ၊ ဒီလိုကွ တို့မြို့… အနောက်ဘက် (၇) မိုင်လောက်ဝေးတဲ့ ရွာက လင်မယား… နှစ်ယောက် စောစောစီးစီးရောက်လာတယ်၊ ထုံးစံအတိုင်း… သူတို့ မွေးသက္ကရာဇ်တွေ ကြည့်စိစစ်လိုက်တော့ စီးပွားရေး… ကသောင်းကနင်းတွေ ဖြစ်၊ လူတွေလဲ တစ်ယောက်ပြီးတစ်… ယောက် ကျန်းမာရေးမကောင်း၊ ငွေတွေက ကျန်းမာရေး… အတွက် ဒလဟော ကုန်နေတာ တွေ့နေတယ်လို့ ပြောပြ… ဝန်ခံကြတယ်။

ပြီးတော့ သူက တို့တောသူတောင်သား မလေ့… ကွာ၊ ဘာမေးသလဲ ဆိုတော့ 'သူတို့ကို ဒီလိုဖြစ်အောင်… ဘယ်သူက လုပ်ထားသလဲ'ပေ့ါ၊ ခေတ်မီမီနဲ့ မေးရင်'ဘာ… ခိုက်နေသလဲ ဆရာ' လို့ မေးချင်တာပေ့ါ။ အဲဒီတော့ ဆ… ကလဲ ရှာရပြီ၊ သူတို့ လင်မယားနဲ့ တွေ့တဲ့အချိန်က အင်္ဂါ… ဘောမအခါကြီးကွာ၊ တနင်္လာသားတော့ မဟုတ်ဘူး။

| | |
|---|---|
| | ၀ |
| | ၄ |
| | ၁ |
| (သောကြာ နဝင်းတိုင်) | ၃ |
| | ၆ |
| | ၂ * အခိုက် |
| | ၅ |

သူဦးတည်ပြောနေတာက ငွေကြေးစီးပွားနဲ့ ကျ… ရေးကြောင့် ငွေဒလဟော ထွက်နေတာကိုပဲ စကားက… ရောက်သွားတယ်၊ အဲဒီတော့ ဆရာကလဲ ၂လ်ာဆိုတဲ့ … ကြီးကိုပင် မြင်မြင်နေတယ်၊ ဒါနဲ့ ဆက်စပ်တွေးတယ်၊ … အခိုက်ပေါ်မှာ ဖြောစီးနေတယ်၊ ဖြော အစီးက… ပက္ကတ ဟောကွက်ထဲမှာ မပါဘူး၊ ပြောကြည့်ဦးမယ်… ဒီလို ဆက်စပ်စဉ်းစားလိုက်တယ်။

ဖြောနံဟာ ၂လ်ာငွေကုန်ဖို့ ဖန်တီးနေတယ်၊ … ဖြောဟာတလည်း သွပ်၊ သံ အဆောက်အအုံ ပစ္စည်း… တယ်၊ တြိရန်းမှာ ၅တေးခိုနေတော့ အနောက်အရပ်… တယ်၊ ဒါနဲ့ ဆရာ့ပါးစပ်က လွတ်ခနဲ ထွက်သွားတယ်…

'ခင်ဗျားအိမ်ရဲ့ အနောက်ဘက်မှာ သံတို… သစ်ပုံကြီးပဲ၊ ဒါတွေ မသန့်တာ ဖြစ်နိုင်တယ်' လို့ပြော… 'ဟုတ်တယ်တဲ့ အဲဒီသစ်ပုံကြီးက အများပိုင် ချောင်… အသစ်ပြင်လို့ အဟောင်းတွေဖြစ်တဲ့ ခင်းတဲ့ သစ်… သံတိုသံစတွေ ဘာတွေပေ့ါ။





www.burmeseclassic.com

www.burmeseclassic.com




ဆုတောင်းပြည့်
ဆရာကြီး အောင်ဘုန်းမြင့်
နက္ခတ္တဗေဒ ဗလိတပညာရှင် - မဟာဂန္ဓရီဗေဒင် လက္ခဏာသုတေသီ
စာရေးဆရာ – အောင်ဘုန်းမြင့် (ကချင်မြေ)
ကလောင်ခွဲ – ကာလီဓါးချိ (မြန်မာပြည်)

- ယတြာခါတ်ရိုက်ခါတ်ဆင် အထူးဆောင်ရွက်ပေးသည်။
- ဘဝရေစုဆောင်လမ်းညွှန်အတိုင်ပင်ခံသည်။
- နေ့စဉ် နံနက်(၆)နာရီ မှ (၉)နာရီအတွင်း အခမဲ့ ဖုန်းဖြင့် ဟောကြားပေးသည်။

အမှတ်(၄၂)၊ အောင်မင်္ဂလာလမ်း။ ကျောက်မြောင်း။ တာမွေမြို့နယ်။
ဗေဒင် ☎ ： ၀၁-၅၄၀၇၂၀ ၊ စုံစမ်းရေး 📱： ၀၉-၃၁၀၂၂၈၁၆


အဲဒါတွေကို အချောင်လိုလို ဘာလိုလိုရလို့ ယူမလို့'တဲ့၊ အဲဒီတော့မှ ဆရာလဲ အသက်ရှူ မှန်သလို ဖြစ်သွားတယ်၊ 'ဘာသုံးမလဲ' မေးတော့ 'သူတို့ အိမ်မှာ လိုရာသုံးဖို့'တဲ့၊ အခင်း အကာ၊ ရက်မပေ့ါကွာ၊ 'ခင်ဗျားတို့ မသုံးထိုက်ဘူး၊ အဲဒါ အညွှ့ ပစ္စည်း ခေါ်တယ်၊ လူတကာ ခြေနင်းအဖြစ် အသုံးပြုခဲ့တဲ့ ပစ္စည်းတွေ တတ်နိုင်ရင် သူများပေးလိုက်'လို့ မနည်းကို ပြော ရတယ်၊ သူတို့ နှမြောနေပုံရတယ်၊ သူများကို ပေး,မပေးက တော့ မသိရဘူး၊ သူတို့ ပြန်မလာကြတော့ဘူးကွယ့်"

"အဲဒါ ဘာပြုလို့လဲ ဦးလေး"

အားလုံးက ဝိုင်းမေးကြ၏။

"တံတားဟောင်းပစ္စည်းဆိုတာ အညွှ့ပဲ၊ လူတကာရဲ့ အနိမ့်သုံး ပစ္စည်းပဲ၊ ကဲကွာပြောမယ်၊ သူတကာ စီးထားတဲ့ ဖိနပ်၊ ခုံဖိနပ်တစ်ရန်၊ သူများ စီးထားတဲ့ပုံပေါ်တဲ့ ဖိနပ်ကို လမ်းမှာတွေ့ရင် မင်းတို့ ကော်တာပဲ ပွတာပဲဆိုပြီး ကောက်ယူ လာမလား၊ ပြီးတော့ အဲဒီဖိနပ် သူတကာစီးတဲ့ ဖိနပ်ကို အိမ်ယူလာပြီး တစ်ခုခု ဟိုခု ဒီခု လုပ်ဖို့ သိမ်းယူလာမလား"

"ဟုတ်ကဲ့ သဘောပေါက်ပါပြီ"

"ပြီးတော့ကွာ ဒီတံတားဟောင်းက ပစ္စည်းဆိုတာ ဟာလဲ အများပိုင်ငွေနဲ့ ဆောက်တာလဲ ဖြစ်မယ်၊ ရေစက် ချတာ မချတာ အသာထားဦး၊ အဲဒီတံတားကြီးကို အဲဒီ သစ်တွေနဲ့ဆောက်တုန်းက လူတိုင်းက တို့ဆောက်ထားတဲ့ တံတားကြီး တို့တံတားကြီးလို့ စွဲမှတ်ထားတာ၊ ဒီတော့ ဒီလို အများနဲ့ဆိုင်တဲ့ ပစ္စည်းအသစ်ဖြစ်စေ၊ အဟောင်းဖြစ်စေ၊ အိမ်ကောင်း အိမ်သန့်မှာ လက်ခံသင့်သလား"

"ရှင်းပါပြီ ဦးလေး"

အားလုံးက သဘောကျသွားကြ၏။

"ဒီတစ်ခု ပြောပြီးရင် တို့နားကြမယ်၊ မင်းတို့နဲ့ တွေ့ တတ်တယ်၊ တွေ့ရင် ကြောင်သွားမှာစိုးလို့ ဘာလဲဆိုရင် အခါ တစ်ခုမှာ လူနာကို တွေ့ရင် ဒီလို ကယ်ရတယ်တဲ့။

ကျမ်းရင်းအဆိုအရ *'သူနံကျေးဇူးကို သောက်ပုံတတ် သော ဆေးအခါတို့ကိုလည်းကောင်း၊ အထက်နံဖြိုဟ် သုံးလုံး ရှိသမျှသော အစာတို့ကို ပေးအပ်၏'* ဟု အဟောထုတ်ရ၏။ *'ထိုသို့ တမူလည်း မိတ်ရန်တို့ကို အထပ်ထပ် ဆင်ခြင်၍ မိတ် ဖြစ်သော အခါတို့ကိုပေးလေ'* ဟု မိန့်ဆိုထား၏။

မိတ်ဖြစ်သောအခါဆိုတာ လူနာနဲ့ မိတ်ဖြစ်တာကို ဆိုလိုတယ်လို့ မှတ်ကြပေတော့။ အဲဒီပညာကိုလည်း မင်းတို့ ဉာဏ်လွှာသုံးပြီး အောင်မြင်မှု တွေ့ရှိ ချက်တွေကို ဆရာ့ထံ ပြန်သတင်းပို့ကြ ဟုတ်လား၊ ကဲ, နားနားနေနေ နေကြပေ တော့၊ မရှင်းတာရှိရင် တစ်ဦးချင်း လာမေးကြပေ့ါကွာ ဟုတ် လား" ဟုပြောရင်း ကျွန်ုပ်တို့အားလုံး စကားဝိုင်း အဆုံးသတ် လိုက်၏။

ကျွန်ုပ် ပြောချင်တာတွေ ပြောလိုက်ရ၍ အထူးပဲ နေသာထိုင်သာ ရှိသွား၏။

ပြည်မြို့၏ ချစ်စရာ့ခရီးစဉ်အပေါ် ပြန်လည်ဆန်းစစ်၍ 'ရီပြုး'လုပ်ရင်း ကျွန်ုပ်သည် အထူးပင် အားရကျေနပ်သွားရ လေတော့သတည်း။

☐ ဦးညွှန့်လှိုင်(ကြို့ပင်ကောက်)

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

"ဖိုးဇာ. . . ဖိုးဇာ. . . ဖိုးဇာ"

တကြော်ကြော် ခေါ်နေသည့် အသံကြောင့် ကျွန်တော် အိပ်မောကျနေရာမှ လန့်နိုးလာမိသည်။ အိမ်မှုန်စုံမွှားနှင့် ကြည့်မိတော့ ကိုကျောက်ထူ။

"ထထ လာလာ သွားရအောင်၊ ဟင်းစာလေး ဘာလေးရအောင် စုံကွေချောင်းဘက် သွားရအောင်၊ ငါ. . ဟို တစ်နေ့က အမဲတစ်ကောင် လွတ်သွားတာ မကျေနပ်နိုင်ဘူး"

"ဟာဗျာ. . ကျွန်တော် မလိုက်တော့ဘူး၊ မနက်က ယာခင်းထဲမှာ မြောင်းတွေ ပေါက်ခဲ့ရလို့ အတော်ပင်ပန်းလာတယ်"

ကျွန်တော့်အငြင်းကို ကိုကျောက်ထူကလက်မခံ၊ မကျေမချမ်းလေသံဖြင့်-

"မင်းကလဲ၊ အချိန်အခါမဟုတ် အိပ်မနေနဲ့လေ၊ လာကွာ လာပါဆိုနေ"

ပြောပြောဆိုဆို ကိုကျောက်ထူ တဲပေါ်သို့ တက်လာပြီး အိပ်နေသည့် ကျွန်တော့်ကိုယ်ပေါ်မှ ပုဆိုးအား ဆွဲချွတ်တော့သည်။ ကိုကျောက်ထူကို ပေကတ်ကတ် လုပ်မရမှန်း ကျွန်တော် သိသည်။

အဖေနှင့် အမေ၊ ညီမလေးတို့ ရွာထဲသို့ ပြန်သွား၍ တဲတွင် မည်သူမျှမရှိ။

"ကိုကျောက်ထူ၊ တဲမှာ ဘယ်သူမှ မရှိဘူးဗျ၊ တော်ကြာ အဖေနဲ့ အမေ ပြန်လာရင် ကျွန်တော့်ကို ဆူနေဦးမယ်"

"အံမယ်၊ မင်းကများ၊ ဒါတွေ အထူးအဆန်း လုပ်ပြီး ပြောနေသေးတယ်၊ ငါ မနေ့က လာပို့တဲ့ ယုန်သားဟင်းကျတော့ ခေါင်းတောင် မဖော်နိုင်တော့ဘူး၊ စားနေလိုက်တာ"

"အေးပါဗျာ၊ လိုက်မယ် လိုက်မယ်"

ဝါခေါင်လ ဆိုသော်ငြားလည်း မွန်းတည့်နေ၏ ပူပြင်းတောက်ပမှုသည် ပြင်းထန်လွန်းလှချေသည်။

လယ်ကွင်းထဲမှ စိမ်းစိုသော စပါးပင်များကို တစ်ပြန့်တစ်ပြော မြင်တွေ့ရသည်။ ပြာလွင်သော မိုးကောင်းကင်နှင့် စိမ်းစိုသော စပါးပင်တို့ ထိတွေ့ပေါင်းစပ်နေသည်မှာ ကြည့်၍မဝ။

လေတိုက်သည့် ဘက်သို့ ယိမ်းနွဲ့လှုပ်ရှားနေသော ကောက်ပင်ပျိုများ၊ အစာ ရှာနေသည့် ဆွတ်ဆွတ်ဖြူသော ဗျိုင်းများ၊ ဟိုအဝေးဆီမှ မှိုင်းသီဝေသည့် ရိုးမတောင်တန်းများ၊ သန့်ရှင်းလတ်ဆတ်သော လေကောင်းလေသန့်များ၊ တစ်ခါတစ်ရံများမှ ထွက်ပေါ်လာတတ်သည့် မိုးပျော်ငှက်သံများသည် သဘာဝတရားများ၏ အလှ ကွန်ရက်များပင် မဟုတ်ပါလား။

တစ်နာရီ ကျော်ကျော်လောက်ကြာတော့ ရိုးမတောင်ခြေနားရောက်လုနီးပါး ဖြစ်လာပါသည်။ လမ်းသွားရင်း ကိုကျောက်ထူမှ. . .

"ဒါနဲ့ နေပါဦး၊ မင်းအဒေါ် တဲမလာဘူးလား"

"ဟင့်အင်း မလာပါဘူး၊ ဟိုတစ်လောက မြို့တက်သွားတယ်လို့ ပြောတယ်၊ အဖေနဲ့အမေတော့ ပြောနေတာပဲ၊ ကျွန်တော် မသိဘူး"

ကျွန်တော့် မျက်နှာကို လှည့်ကြည့်ရင်း ကိုကျောက်ထူ စဉ်းစားနေဟန်ရှိသည်။ ရွာမှာ ကျောက်ထူက နာမည်ကြီး။ သူပိုးလိုက်တိုင်း ဘယ်တော့မှ မစွံ၊ လင်နောက်လိုက်တာချည်း ကြုံရသည်။ နောက်ဆုံး စတုတ္ထမြောက် ကျွန်တော့် အဒေါ်မှာလည်း မြို့သားနောက် ကောက်ကောက်ပါသွားသည်။ ဒါတောင် ခုထိ သံယောဇဉ်မကုန်သေး။ တစ်မေးတည်းမေးနေသေးသည်။

လူ့စိတ်ဆိုတာကလည်း အခက်သားကလား။ ပုံသေတွက်၍မရ၊ ဆုံးဖြတ်ရ ခက်သည်။ အမှန်တော့ အမည်ရင်းမှာ ကိုကျော်ထင် ဖြစ်သည်။ မွေးပြီး နောက်ပိုင်းမျက်နှာတွင် ကျောက်ပေါက်မာ ဗရပျစ်နှင့်မို့ အရပ်သုံး အခေါ် ကိုကျောက်ထူ ဖြစ်သွားသည်။ ပညာခန ချို့တဲ့သော်ငြားလည်း ဘယ်တော့မှ အာမာန် မလျှော့၊ စိတ်ဓာတ်ကျဟန် ဘယ်တော့မှမပြ၊ ဒဿနနှစ်မျိုးကို အမြဲသုံးသပ်သည်။

၎င်းဒဿနနှစ်မျိုးမှာ အချစ်နှင့် မရဏ။ သို့သော် တချို့သော နေရာများမှာတော့ အစွန်းရောက်သည်။

ဝင်ဝတ်လျှို ရွာပျက်ကို ရောက်တော့ သချိုင်းပျက်တစ်ခု ရှိသည်။ ထိုသချိုင်းပျက်တွင် ဒုတိယကမ္ဘာစစ်အတွင်းက ကြွင်းကျန်ခဲ့သော အုတ်ဂူတချို့တစ်ဝက် ရှိနေသည်။ အုပ်ဆိုင်းနေသော နှစ်ချို့သစ်ပင်မျိုးစုံ ဝိုင်းရံထား၍ ချောက်ချားစရာ ကောင်းလှသည်။

ထိုအုတ်ဂူများထဲမှ အတော်အတန် ကြီးမားသော အုတ်ဂူပေါ်တွင် ကိုကျောက်ထူက အမြဲတမ်း တက်ထိုင်လေ့ရှိသည်။ တက်ထိုင်တိုင်းလည်း အမြဲစပ်စုလေ့ရှိသည်။ ၎င်းအုတ်ဂူပေါ် တက်မထိုင်ခင် သူအမြဲကိုင်နေကျ ခက်ရင်းခွပုံသဏ္ဌာန်ရှိသည့် သံုးမြှောင့် လှံတံကို အုတ်ဂူ၏ယိပ်တွင် အမြဲ စိုက်လေ့ရှိသည်။ပြီးတော့မှ လက်သုံးစကားများကို ပြောလေ့ရှိသည်။

"ဩော်, လူတွေ လူတွေ နောက်ဆုံးတော့လဲ လူတွေဟာ အချစ်ရဲ့ကျေးကျွန်၊ မရဏရဲ့ ကျေးကျွန်ပါပဲ"

သို့နှင့် ကိုကျောက်ထူ ရှေ့မှသွားနေရင်း တုံ့ခနဲ ရပ်သွားသည်။ ဘယ့်နှယ်ကြောင့်ပါလိမ့်။ အထိတ်တလန့်သံလည်း နှုတ်မှ အန်ထွက်လာသည်။

"ဟ, စပါးကြီးမြွေကြီးပါလား"

ကျွန်တော် လှမ်းကြည့်လိုက်မိတော့ ရှေ့တစ်လံအကွာတွင် ကန့်လန့်ဖြတ် လမ်းပိတ်ပြီး တည်ရှိနေသည့် စပါးကြီး မြွေကြီး။ ကျွန်တော့်ပေါင်လုံးနီးပါး ခန့်ရှိသည်။





www.burmeseclassic.com

www.burmeseclassic.com

ဝမ်းဗိုက် ဖောင်းကားထွက်နေခြင်းကို ကြည့်၍ အစာတစ်ခုခု မျိုထားဟန်တူသည်။ ပါးစပ်မှ ဖြူဖြူဖွေးဖွေး အမြှုပ်များထွက်နေကာ ပြူးကျယ်ဝိုင်းစက်သော မျက်လုံးများက မှေးစင်းနေလေသည်။ တုတ်တုတ်မျှ မလှုပ်ရှားနိုင်။

ရှေ့မလှမ်းမကမ်းတွင် မှုတ်လျှိုရွာပျက်နှင့် သချိုင်းဟောင်း အုတ်ဂူများကို လှမ်းမြင်နေရသည်။

"လာပါကွာ၊ ရဲရဲတင်းတင်းသာ ကျော်လာခဲ့၊ အေးအေးဆေးဆေးပါ၊ သွားတော့ မထိလေနဲ့"

သို့နှင့် စပါးကြီးမြွေကြီးကို ကျော်ဖြတ်ကာ သချိုင်းဟောင်းကို ဝင်လာခဲ့သည်။ ၎င်းသချိုင်းမှာလည်း ဒုတိယကမ္ဘာစစ်အတွင်းက ထားရှိခဲ့ဟန်တူသော အုတ်ဂူဟောင်းများ ရှိနေသည်။ သချိုင်း၏ အလယ်တည့်တည့်တွင် တခြားအုတ်ဂူတွေနှင့် မတူဘဲ လွန်စွာကြီးမားသော အုတ်ဂူတစ်လုံးရှိနေသည်။

သည်လမ်းကြောင်းကို ဖြတ်သွားတိုင်း ကိုကျောက်ထူက ၎င်းအုတ်ဂူပေါ်တွင် တက်ထိုင်လေ့ရှိသည်။ တက်ထိုင်ပြီးလျှင်လည် ပါးစပ်မှ အငြိမ်မနေ။ ရောက်တက်ရာရာ လျှောက်ပြောနေလေသည်။ ပြီး အုတ်ဂူနံရံကိုလည်း ကပ်ပြီး နားထောင်လေ့ရှိသည်။

"ဩော်,ဒီလူကြီးလဲ မသေခင်က လောဘတွေ၊ ဒေါသတွေ၊ မောဟတွေနဲ့ လွှမ်းခြုံနေမှာပဲ၊ ရောင့်ရဲကျေနပ် တင်းတိမ်နေမှာမဟုတ်ပါဘူး၊ နေတော့ မဟာပထဝီ မြေကြီး၊ ပြောတော့ စကြဝဠာ၊ နောက်ဆုံးတော့လဲ ဟန်ဆောင်လိမ်ညာနေကြတာပါပဲ"

ကျွန်တော်သည် ကိုကျောက်ထူကို ကြည့်နေမိ၏။ နေမြင့်လာလို့ ထဖောက်လေသလား မသိ၊ ကျွန်တော် အကြည့်ကို သူက သိ၏။

"ဖိုးဇာ၊ မင်းက ငယ်သေးတော့ လောကကြီးအကြောင်း မသိသေးဘူး၊ အသက်ကြီးသထက် ကြီးလာလေ့ သိလာလေပဲ၊ လေ့လာသုံးသပ်တဲ့ နေရာမှာ အင်အား ကြီးမားဖို့လိုတယ်၊ အဲဒါဆိုရင်တော့ အရာရာကို ထိုးတွင်းသိမြင်လာလိမ့်မယ်"

"ဒါနဲ့ ကိုကျောက်ထူ၊ ကျွန်တော်တို့ သွားမယ့်လမ်းမှာ မြွေက လမ်းပိတ်ထားလို့ ရှေ့ဆက်မသွားဘဲ နောက်ပြန်လှည့်ရင် ကောင်းမယ်"

"မင်းက နောက်ပြန်လှည့်တတ်တဲ့ အကျင့်ကို ခုကတည်းက လက်ခံကျင့်သုံးနေရင် ဘဝရဲ့ကျဆုံးခန်းပဲ၊ သေသေ ရှင်ရှင်ပေါ့ကွာ၊ သေတော့လဲဘာဖြစ်လဲ၊ ကြောက်စရာလား၊ သေခြင်းတရားကို ကြောက်ရွံ့နေရင် အလကားလူပဲ၊ သတ္တိနဲ့ ခွန်အားကို အပြည့်အဝ ရယူပိုင်ဆိုင်ထားစမ်းပါ။

သတ္တိရှိရှိနဲ့ သေတဲ့လူဟာ ဘဝကူးကောင်းတယ်၊ တရားစကားတွေကို မှီးမှန်အောင်ပြောပြီး ကြောက်ကြောက်ရွံ့ရွံ့နဲ့ သေသွားရင် ဘဝကူး မကောင်းဘူး၊ အဲဒါ ငါ့ခံယူချက်ပဲ"

ကျွန်တော် သူ့ကို မည်သို့မျှ စောဒက မတက်လိုတော့ပေ။ ပြောလို့လည်း လက်ခံမည် မဟုတ်ပါ။

ကိုကျောက်ထူက မိုးပေါ်မှ နေလုံးကြီးကို ကြည့်ပြီး. . .

"နေတောင် အတော်စောင်းနေပြီ၊ လာ စုံကွေချောင်းဘက်ကို သွားကြစို့"

သူက အမြဲတမ်း ကိုင်နေကျ ဒူးလေးကို နောက်ပြန်လွယ်ပြီး သုံးမြှောင့်ချွန် မှိန်းတံကိုလည်း ညာဘက်လက် ဖြင့်ကိုင်ကာ ငှက်ကြီးတောင်မား တစ်လက်ကို ကျွန်တော့်အား ပေးထားလေသည်။ ကိုကျောက်ထူ၏ သုံးမြှောင့်ချွန် မှိန်းမှာ ကျွန်တော်တို့ ထမင်းစားသည့် ခက်ရင်းပုံစံမျိုးနှင့် တူသည်။ အရှည်မှာ ငါးပေခွဲခန့်ရှိပြီး ပန်းသံများနှင့် ဖွဲ့စည်းထား၍ လေးလံလွန်းလှချေသည်။

"မင်း လောကကြီးကို ဘယ်လိုမြင်လဲ၊ လောကဆိုတာ အကျဉ်းချုံးပြီး ပြောတာ၊ သက်ရှိ၊ သက်မဲ့ ဖွဲ့စည်းတည်ဆောက်ထားတာကို အကျဉ်းချုံးပြီး ကိုယ်စားပြုထားတာကို လောကလို့ ပြောတာ၊ မလွယ်ဘူး ကိုယ့်လူ၊ အပြင်းအထန် ထိုးဖောက်ကြိုးစားရမှာ၊ မင်းလဲ ယောင်ခြောက်ဆယ်လုပ်မနေနဲ့လေပေါ ပေါလို့မရဘူး၊ တကယ့် လက်တွေ့ကျကျ တည်ဆောက်ရမှာ"

"ဟုတ်ကဲ့ ဟုတ်ကဲ့"

သူ့ကို ပြန်လှန်မေးခွန်းထုတ်နေလျှင် ပြီးဆုံးမည်မဟုတ်ချေ။ ဟုတ်ကဲ့ဟုသာဆိုပြီး စကားအဆုံးသတ်လိုက်သည်။ ဘာဖြစ်နေမှန်းမသိ၊ ရှေ့ဆက်ပြီး မသွားချင်း။ နောက်သို့ ပြန်လှည့်ချင်နေသည်။ တဲကိုပဲ စိတ်ရောက်နေသည်။

ရိုးမတောင်ခြေမှ လက်တက်ခွဲတစ်ခု ဖြစ်သော စုံကွေချောင်း ရေစီးသံကို ကြားနေရသည်၊ ချောင်းကိုလည်း လှမ်းမြင်နေရပြီ ဖြစ်သည်၊ တစ်စုံတစ်ရာ အသံကြောင့် ကိုကျောက်ထူနှင့် ကျွန်တော် ကြီးမားသော ရေကသစ်ပင်ကြီးအောက်တွင် နေရာယူလိုက်ကြသည်။

ကိုကျောက်ထူမှ တိုးညင်းသော အသံဖြင့် . . .

"ဒါက မြွေတွန်သံကွ၊ ဒါပေမယ့် သာမန် မြွေတွန်သံမဟုတ်ဘူး၊ တစ်မျိုးထူးခြားနေတယ်"

တောတောင် ရေမြေသဘာဝအရ အသံလှိုင်း တုန်ခါမှုများနှင့် ရွေ့လျားမှုများက တည်ငြိမ်မှုမရှိ။ ဟိုဟိုဒီဒီ ရွေ့လျားနေ၏။

အရေးထဲ ကျွန်တော်၏ညာဘက်ခြေထောက် ခြေမျက်စိနားတွင် ကျွတ်နှစ်ကောင် ကိုက်ခဲထားသည်ကို အတိုင်းသားမြင်တွေ့ရ၏။ သွေးဝနေ၍ ၎င်း၏ ခန္ဓာကိုယ်မှာ ဝဖိုင့်နေ၏။ ကျွန်တော်က ဖယ်ရှားမည့် အလုပ်တွင် ကိုကျောက်ထူမှ ဒေါသဖြင့် ပြောဆိုသံနှင့်အတူ လက်ညှိုးထိုးကာ. . .

"မင်းကလဲ ငြိမ်ငြိမ်နေစမ်းပါကွာ၊ လန့်သွားမှပဲ"

ချုံနွယ်များဖြင့် ရစ်ပတ်ကာ ထွေးနေသော ပျဉ်းမပင်ကြီးအောက်





www.burmeseclassic.com

www.burmeseclassic.com

တွင် ထူးဆန်းသော မြွေတစ်ကောင်ကို တွေ့ရလေသည်။

ခန္ဓာကိုယ်တွင် အရောင်မျိုးစုံ ဖြာထွက်နေကာ ဦးခေါင်းအထက်တွင် အပေါက်ပါ၏၊အကြေးခွံများက သာမန်မြွေများနှင့်မတူချေ။ ဖွဲ့စည်းပုံတစ်မူ ထူးခြား၏။ မိုးကောင်းကင်မှ ရောင်စုံ တိမ်တိုက်များနှင့် တူ၏။ အကြေးခွံ အပေါ်မှ အစက်အပြောက်များမှာ ရောင်စုံ ကျောက်မျက်ရတနာများစီခြယ် ထားသည်နှင့် တူလေသည်။

အံ့ဩစရာ ကောင်းသည်မှာ အလွန် ကြည့်လို့ကောင်းသည်။ စူးရဲသော မျက်လုံးနှစ်လုံးမှာ လွန်စွာအရည် အသွေးကောင်းသော ကြက်သွေးရောင် ပတ္တမြားနှစ်လုံး ထည့်သွင်းထားသည်နှင့်တူ၏။ လုံးပတ်မှာ ကျွန်တော်၏ လက်ကောက်ဝတ်နီးပါးရှိပြီး အရှည်မှာ ခြောက်ပေနီးပါးခန့် ရှိသည်။

ပိုပြီး ထူးဆန်းသည်မှာ မျက်လုံး ကြက်သွေးရောင် ပတ္တမြားနှစ်လုံးနှင့် တူသော မျက်လုံးအနားရစ်တွင် ရွှေရည်များ သွန်းလောင်းထားသလိုတဖိတ်ဖိတ် တောက်ပနေ၏။

"ငါ ဒူးလေးနဲ့ ပစ်ခွင်းမယ်၊ မင်း အသာလေး ငြိမ်ငြိမ်နေ"

ကိုကျောက်ထူမှ ပြောပြောဆိုဆို ဒူးလေးဖြင့် ချိန်ရွယ်ကာ ၎င်းထူးဆန်းသောမြွေအား ပစ်ခွင်းလေ၏။

လက်အလွန်ဖြောင့်၏။ ချွန်ထက်သော ဖဲထီးသံချောင်း ဒူးလေးမြှားတံ မြွေလည်ပင်း အလယ်တည့်တည့်သို့ သွားစိုက်၏။

ရုတ်ခြည်း မြွေတွန်သံများလည်း ပြောင်းလဲသွားပြီး တခြား အသံများ ထွက်လာသည်။ ခန္ဓာကိုယ်မှာ နာကျင်လွန်းသဖြင့် တွန့်လိမ်ကောက်ကွေးကာ အငြိမ်မနေ။ မြွေ၏ အမြီးပိုင်းမှာ ပိုပြီး လှုပ်ရှားမှုများ၏။

မီးတောက်ကဲ့သို့ စူးရဲသော မျက်လုံးနှစ်လုံးဖြင့် ရန်သူကို ရှာဖွေနေ၏။ ဖားထားသော ပါးစပ်အတွင်းမှ လျှာနှစ်ခွသည် သာမန်ထက်ရှည်လျားကာ အပြင်သို့ ဝင်လိုက် ထွက်လိုက် လှုပ်ရှားနေ၏။ ထိစပ်နေသော သစ်ပင်ချုံပုတ် နွယ်ပင်များသည် ယိမ်းနွဲ့လှုပ်ရှားသွားသည်။

ထိုအချိန်တွင် ထူးဆန်းသော ပဲ့တင်သံများနှင့်အတူ လှုပ်ရှားသံများကို ကြားလာရသည်။ တချို့ တချို့သော နွယ်ပင် သစ်ပင်များသည် လေတိုက်ခိုက်မှု မရှိပါဘဲလျက် အလိုလိုယိမ်းနွဲ့ သွားသည်။

သတ္တဝါများ၏ တိုးဝင်လှုပ်ရှားမှုများပင်၊ ၎င်းသတ္တဝါများမှာ အခြားမဟုတ်။ မြွေအပေါင်းပင် ဖြစ်တော့သတည်း။ ကိုကျောက်ထူမှ အလွန်လျင်မြန်စွာဖြင့် . . .

"လာ. . . ဖိုးဇာ၊ အချိန် မရဘူး"

မှိန်းကြီးကို ကိုင်ကာ ၎င်းမြွေရှိရာသို့ လျင်မြန်စွာ လှုပ်ရှားလိုက်သည်။ တစ်ဖက်ရန်သူလည်း မြင်ရော မြွေမှာ အနီးဆုံး ချုံပုတ်အတွင်းသို့ တိုးဝင် အကာအကွယ် ယူလိုက်သည်။

ရန်မူရန် အသင့် ပြင်ထားသော သူ၏ဦးခေါင်းကို မထင်မရှားမြင်ရသည်။ ဝိုင်းစက်သော ပါးပျဉ်းကြီးက ရွှေရောင် တဖိတ်ဖိတ်တောက်နေ၏။

ကိုကျောက်ထူမှ အံ့ဩလွန်းသော အသံဖြင့်. . .

"ဟ, မြွေရဲ့ဦးခေါင်းမှာ ရွှေရောင်ပုလဲနှစ်လုံးနဲ့ပါလား၊ ထူးဆန်းလိုက်တာ၊ ဒါဆို အသေသတ်ယူလို့မရဘူး၊ သိဒ္ဓိပြယ်ကုန်လိမ့်မယ်၊ အရှင်ဖမ်းပြီး ယူရမယ်"

ကျွန်တော် ကိုကျောက်ထူကို မှင်တက်သလို ကြည့်နေမိ၏။ လောဘဇောတိုက်နေသော သူ့မျက်နှာကြီးက ကြောက်စရာ။ ကလေးပီပီ စဉ်းစားနေသည်မှာ သည်လူ တကယ်ပင် ရူးသွပ်သွားလေပြီလား။

- သူ့မျက်လုံးများက မြွေထက်ပင် အကျည်းတန် အရုပ်ဆိုးပြီး ကြောက်စရာကောင်းနေသည်။ ကိုကျောက်ထူမှ မှိန်းကြီးဖြင့် မြွေ၏လည်ပင်းတည့်တည့် လှမ်းထောက်လိုက်၏။ အရောင်မျိုးစုံ ဖြာထွက်နေသော မြွေမှာ တွန့်လိမ်ကောက်ကွေးသွားပြီး ဦးခေါင်းထက်မှ အမောက်မှာ မှိန်းအောက်တွင် ပိပြားသွား၏။

ဝင်းလဲ့တောက်ပနေသော ရွှေရောင် ပုလဲနှစ်လုံးမှာ မြွေ၏မျက်စိ အထက်နား တစ်ဖက်တစ်ချက်စီတွင် နေရာယူထားလေသည်။ အသားထဲတွင် အနည်းငယ် နစ်မြုပ်နေပြီး ဦးခေါင်း အထက်တွင် တင်ထားဘိသကဲ့သို့ ကြွကြွရွရွလေး ဝင်းလဲ့တောက်ပနေ၏။

ပုံသဏ္ဍာန် အရွယ်အစားမှာ ဆီးစေ့ခန့်ရှိပြီး ရွှေရောင်ဝင်းလဲ့နေသော ဓာတ်လုံးများနှင့်တူ၏။ ကိုကျောက်ထူမှ မလွတ်ကင်းသည့် ချုံနွယ်များကိုရှင်းကာ ပုလဲနှစ်လုံးကို အပိုင်ထုတ်မည့်သဘော ရှိသည်။

သူသည် လျင်မြန်စွာ မြွေ၏ ဦးခေါင်းထက်မှ ပုလဲအား လှမ်းကိုင်လိုက်၏။ လွန်စွာ လျင်မြန်သော လှုပ်ရှားမှု တစ်ခုကို ကြုံတွေ့လိုက်ရသည်။ လျှပ်စစ်ဓာတ်လိုက်သလို ခန္ဓာကိုယ်ကြီး နောက်သို့ ယိမ်းယိုင်ကာ ဟန်ချက်ပျက် သွားသည်။

"အား" ဟူသော အသံသည် ကျယ်လောင်စွာ တစ်တောလုံး တစ်တောင်လုံးကို ဟိန်းထွက်သွားသည်။ မြွေဦးခေါင်းကို လှမ်းကိုင်လိုက်သော သူ၏ညာဘက်လက်သည် တစ်မုဟုတ်ချင်း မည်းပုပ်သွားသည်။

ကျွန်တော်တို့၏ ဝန်းကျင်တွင် များပြားလှစွာသောမြွေများ စုရုံးရောက်ရှိလာသည်။ ပြေးလျှင် လွတ်လမ်းမမြင်။ မိနစ် အနည်းငယ်အတွင်း ရသည့်အခွင့်အရေးကို အပြည့်အဝ အသုံးချရမည် ဖြစ်သည်။

"ကိုကျောက်ထူ လာလာ၊ ဘေးနားမှာ မြွေတွေရောက်လာပြီ၊ ပျဉ်းမပင်ကြီးပေါ် တက်ပြေးဖို့ပဲ အခွင့်အရေး ရှိတော့တယ်"



www.burmeseclassic.com

www.burmeseclassic.com

"အေး. . အေး၊ မင်းအရင်တက်၊ ပြီးရင် ငါ့ကို လှမ်းကူဦး၊ ငါ့ညာဘက်လက်က အကြောတွေ ဆိုင်းလာပြီ"

ကိုကျောက်ထူကိုပါ လှမ်းဆွဲကာ ပျဉ်းမပင်ကြီးပေါ် ခက်ခက်ခဲခဲ တက်ခဲ့ရ၏။ များပြားလှသော မြွေများသည် ကျွန်တော်တို့နှင့် အနီးဆုံးနေရာရောက်ရှိလာခဲ့ချေပြီ။

ထူးဆန်းသည်မှာ ဒူးလေးမြားတံ့ထိသော မြွေမှာ အကောင်းပကတိ ဖြစ်နေပြီး နောက်တစ်ကောင် တိုးလာခြင်းပင် ဖြစ်သည်။ အဖိုတစ်ကောင်၊ အမတစ်ကောင် ဖြစ်ဟန်တူ၏။

နှစ်ကောင်စလုံးပင် ဦးခေါင်းထက်နားတွင် ရွှေရောင်ပုလဲနှစ်လုံးရှိ၏။ တုန်ယင်မွန်းကျပ်နေသော ကိုကျောက်ထူ၏အသံ ထွက်လာသည်။

"ဖိုးဇာ၊ မင်း အဲဒါတွေလိုက်ကြည့်မနေနဲ့၊ အချိန်မရတော့ဘူး၊ မြွေတွေသစ်ပင်ပေါ်တက်လာလိမ့်မယ်၊ မြွေတွေသစ်ပင်ပေါ် ရောက်လာတာနဲ့ မင်းနဲ့ငါ အသက်ရှင်ဖို့လမ်းမရှိဘူး၊ ငါလဲ မြွေဆိပ်တက်နေပြီ၊ မင်း ရှေ့က ရေတမာပင်ကြီးအကိုင်းကို ရအောင်ကူးသွားပြီး စုံကွေချောင်းထဲ ခုန်ချပေတော့"

ထိုစကားစုများသည် ကိုကျောက်ထူ၏ နောက်ဆုံးစကားများသာ။

စုံကွေချောင်းပေါ် ကိုင်းကျနေသော ရေတမာပင်ကြီးပေါ် ရောက်နေချိန်တွင် မခုန်ချခင် လှည့်ကြည့်မိ၏။ ကျွန်တော့်နောက်မှ ကိုကျောက်ထူ ကပ်ပါလာ၏။

သို့သော်လည်း သူ့နှာခေါင်း၊ ပါးစပ်တို့မှ မည်းပုပ်ပုပ်သွေးများ ယိုစီးကျနေချေပြီ။

နီရဲသော သွေးများပင်လျှင် မည်းပုပ်သွားသည် ဆိုတော့ မြွေဆိပ်၏ထုထည်က မသေး။ ဖွေးဖွေးလှုပ်နေသော မြွေများ နောက်ကကပ်ပြီး လိုက်ပါလာချေပြီ။

အများစုမှာ မြွေဟောက်များပင် ဖြစ်ပါသည်။ ဘယ်လိုသအောပါလိမ့်။

ရိုးမပေါ်မှ စုပေါင်းဖွဲ့စည်းထားသော တောင်ကျရေ အပေါင်းသည် ဆုံစည်းမှု အထပ်ထပ်ပြုကာ စီးဆင်းလာသဖြင့် သာမန်ထက် ရေစီးအားများ၏။

သို့ဖြစ်ခြင်းကြောင့် ဝါဆို ဝါခေါင်လများတွင် စုံကွေချောင်းသည် ရေလျှံတက်ကာ ကြောက်ခမန်းလိလိ ရေစီးအားအလွန်သန်၏။

ကျွန်တော်၏ ခန္ဓာကိုယ် ချောင်းထဲ ခုန်ချလိုက်သည်နှင့် ဖက်ရွက်ပမာ မျောဆင်းသွား၏။ အေးစိမ့်သောတောင်ကျရေများက ခန္ဓာကိုယ်တွင် ထိတွေ့ပေါင်းစပ်သွား၏။

နေရာဒေသပေါင်းစုံမှ တောင်ကျရေများ ပေါင်းစပ်ထားသဖြင့် အလွန်ပင်နောက်ကျိ၏။

သို့သော် ပင်လယ်ရေကဲ့သို့ မငန်၊ များပြားလှစွာသော သစ်ရွက်များ၊ သစ်တုံးများ၊ ရေမှော်များ၊ အမှိုက်သရိုက်များသည် ချောင်းရေတစ်ကြောတွင် ရှုပ်ယှက်ခတ်နေ၏။ ကိုကျောက်ထူ ပြုတ်ကျလာသည့် အသံကို ကြားလိုက်ရသည်။ လှည့်ကြည့်ဖို့ အချိန်မရ၊ ရေစီးနှုန်းက အလွန်လျင်မြန်လှသဖြင့် ရေကူးမကျွမ်းကျင်၊ ရေငုပ်မကျွမ်းကျင်လျှင် မလွယ်။

စုံကွေချောင်းထဲတွင် အသက်တစ်ချောင်း ပေးဆပ်ရလိမ့်မည်သာ ဖြစ်သည်။

ကျွန်တော် လယ်တဲ ပြန်ရောက်တော့ မည်သူမျှမရှိ၍ ရွာထဲ ပြန်သွားရသည်။ ရွာတွင် ဆွေမျိုးသားချင်းများအား အကျိုးအကြောင်းပြောပြီး စုံကွေချောင်းတစ်ကြော ဖြန့်ရှာသော်လည်း ကိုကျောက်ထူကို မတွေ့။

အမှောင်ထုက တဖြည်းဖြည်းစိုးမိုးလာ၍ ရှာဖွေခြင်းအလုပ်ကို အားလုံးလက်လျှော့လိုက်ရသည်။

နှစ်ရက်၊ သုံးရက်၊ ဆက်တိုက်ရှာသော်လည်းမတွေ့၊ ငါးရက်မြောက်နေ့တွင်အင်းမဆည်သို့ ဘယ်ဘက်လက်ကမှိန်းကိုင်ထားသည့် လူအရိုးစု တစ်ခု မျောလာပြီး တင်နေကြောင်း ကြားသိရသဖြင့် သွားကြည့်ရာ ကိုကျောက်ထူပင် ဖြစ်၏။

သို့သော် အသားများမရှိ။ အရိုးပကတိ၊ ဦးခေါင်းထက်မှ ဆံပင်တောင်မရှိတော့။ အရိုးစု အားလုံးက အနက်ရောင်သန်းနေ၏။ ၎င်းမြွေအဆိပ်က ဒီလောက်တောင် ပြင်ထန်လွန်းလေသလား။ ကျွန်တော်၏ ဘေးမှ ဘကြီးထွန်းက . . .

"မြွေအမြီးနဲ့အထိုးခံလိုက်ကတည်းက အဆိပ်သင့်ပြီး အသားတွေ ပုံကြွေကျကုန်တာ၊ ပါးစပ်ထဲက အဆိပ်တွေ သွန်ထုတ်တဲ့အချိန်မှာဆို လူတစ်ကိုယ်လုံး မွဲပြာကျသွားမယ် ဖိုးဇာ။

မင်း ဘာမှမဖြစ်တာ သိပ်ကံကောင်းတယ်၊ အဲဒါ မြွေနဂါး၊ သိဒ္ဓိရှိတယ်၊ မင်းမယုံရင် ဓားနဲ့ ခုတ်ကြည့်၊ ခန္ဓာကိုယ်က သူ့အလိုလို မိနစ်အနည်းငယ်အတွင်း ပြန်ဆက်သွားတယ်"

ဘကြီးထွန်းမှ ကျွန်တော့်ပခုံးကို ကိုင်ကာ. .

"လောကကြီးမှာ ပညာ၊ ဥစ္စာ၊ ရတနာ၊ ရာထူး၊ အဆင့်အတန်းအားလုံး ကိုယ်နဲ့ထိုက်မှရတာ၊ မထိုက်ရင် မရဘူး၊ အတင်းအကျပ်လုပ်ယူလို့ မရဘူး၊ အဲဒါ ငါ့မြေး မှတ်ထား၊ ကြားလား"

"ဟုတ်ကဲ့ပါ အဘိုး"

ကျွန်တော်သည် မျက်ဝန်းအစုံမှ မျက်ရည်ကြည်များရစ်ဝဲကာကိုကျောက်ထူ အရိုးစုအားကြည့်ရင်း သံဝေဂတရားအထပ်ထပ်အခါခါ ပွားများရပါတော့သတည်း။

❒ မင်းဟန်(သန်လျင်)

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်ရဲ့ အမည်ဟာ ဦးရွှေစံအောင်ပါ။ ကျွန်ုပ်ရဲ့ ဘဝတစ်လျှောက်လုံး မော်တော်မောင်းတဲ့ အလုပ်နဲ့ အသက်မွေးဝမ်းကျောင်းခဲ့ပါတယ်။

ကျွန်ုပ်မောင်းတဲ့ မော်တော်တွေဟာ မော်တော်ကြီးအမျိုးအစားဖြစ်ပြီး တန်တင်တဲ့မော်တော် ဖြစ်တဲ့အတွက် ဧရာဝတီမြစ်ရိုးတစ်လျှောက်၊ ချင်းတွင်းမြစ်ရိုးတစ်လျှောက်မှာ စုန်ချည် ဆန်ချည် ခုတ်မောင်းခဲ့ပါတယ်။ ကျွန်ုပ်ကလည်း အဲဒီလို အမြဲ ခရီးထွက်နေမှ နေတတ်တဲ့ လူတန်းစားမျိုးဆိုတော့ မြစ်ပြင်အလယ်မှာ ခရီးသွားနေရတာကိုမှ ပျော်နေတတ်ပါတယ်။

ကျွန်ုပ်ရဲ့ဇနီးသည် ဒေါ်ရွှေမှာလည်း သားသမီး မထွန်းကားသူဖြစ်လို့ ကျွန်ုပ်မော်တော်နဲ့ ဘယ်သွားသွား လိုက်ပါလေ့ ရှိပါတယ်။ ဇနီးပါတဲ့အတွက် ကျွန်ုပ်အဖို့ ပြည့်စုံခဲ့ပါတယ်။

ဒီလိုနဲ့ မော်တော်မောင်းတဲ့ အလုပ်ကိုလုပ်လာခဲ့တာ ကျွန်ုပ်အသက် (၂၅)နှစ်အရွယ်ကတည်းက စတင်လုပ်ကိုင်ခဲ့တာမို့ အခု အသက်(၅၀)ဆိုတော့ မော်တော်မောင်းသက် နှစ်အစိတ်ရှိပြီပေါ့။ အဲဒီနှစ်တွေအတောအတွင်း မော်တော်မောင်းစဉ် အခက်အခဲ အတားအဆီးတွေနဲ့ မျိုးစုံတွေ့ခဲ့ရပါတယ်။ မိုးဦးကျ လေဦးကျမှာ လေမုန်တိုင်းနဲ့ တွေ့ကြုံပြီး မော်တော်မှောက်မလို ဖြစ်ခဲ့တာတွေလည်း အကြိမ်မနည်းပါဘူး။ ညဘက်မှာ တွေ့ရာကျွန်းကို နားရင်းနဲ့ သရဲခြောက်ခံရတာလည်း အကြိမ်ကြိမ်ပါပဲ။ အတွေ့အကြုံတွေ အများကြီးနဲ့ တွေ့ကြုံခဲ့ရတယ်။

ဒီလို ဒီမော်တော်ကြီးကို မောင်းနှင်ရင်း ကသာဆိပ်ကမ်းက မန္တလေးသို့ အပြန်ခရီးမှာ ပြဿနာတစ်ခုနဲ့ စတင်တွေ့ကြုံခဲ့ပါတယ်။

မော်တော်မောင်းလာရင်း ညသန်းခေါင်ကျော်လောက် အချိန်မှာ. .

"ဆရာစံရေ မော်တော်ဝမ်းဗိုက်ထဲမှာ မော်တော်ပိုင်ရှင် ဦးနက်ကြီးတစ်ယောက် အထက်လှန်အောက်လျှော ဖြစ်ပြီး ဝမ်းသွားလိုက် အန်လိုက် ဖြစ်နေလို့"

"ဒါဆိုရင် အနီးဆုံး ရွာတစ်ရွာမှာကပ်ပြီး ဆေးဆရာ ရှာမှပဲ"

ကျွန်ုပ်လည်း မော်တော်ပိုင်ရှင်တစ်ခုခုဖြစ်မှာ သိပ်စိုးရိမ်သွားပြီး စက်ကိုအရှိန်မြှင့်ပြီး မောင်းနှင်လိုက်ပါတယ်။

ဒါပေမယ့် ညအချိန်လည်း ဖြစ်ပြီး လမိုက်ညမို့ မှန်းဆပြီး မောင်းနှင်နေရပါတယ်။

အဲဒီ အနီးအနားမှာ ဘာရွာမှ မရှိလို့ မော်တော်ကို ဆက်မောင်းနေရတယ်။ အဲဒီအချိန်မှာ . . .

"ဦးနက်ကြီး အသက်မရှူတော့ဘူး၊ လုပ်ကြပါဦး" လို့ အော်လိုက်တဲ့ အသံကြားလို့ စက်ကို အရှိန်လျှော့လိုက်တယ်။

"ဟေ့ကောင် ထွန်းရှိန်၊ မော်တော်ကို ခဏမေးပြီး မောင်းထားစမ်း၊ ငါ ဦးနက်ကြီးကိုသွားကြည့်လိုက်ဦးမယ်"

ကျွန်ုပ်ရဲ့လက်ထောက် ထွန်းရှိန်နဲ့ ခဏလွှဲထားပြီး ဦးနက်ကြီးကို သွားကြည့်တော့ . . .

"ဟာ . . . မျက်လုံးကြီးပြူးပြီး သေနေပြီ"

"ဟာ. . . ဒါဆို ဒုက္ခပါပဲ၊ သူ့သား တက်ပုကို နှိုးလိုက်ဦးလေ"

"တက်ပုတို့များကွာ၊ သူ့အဖေ ဒီလောက် ဖြစ်နေတာတောင် အအိပ်မပျက်ဘူး"

မော်တော်သမားများ အမျိုးမျိုး ပြောဆိုနေကြပြီး တက်ပုကို နှိုးလိုက်ကြတယ်။

"တက်ပု မင်းအဖေသေပြီ၊ ထတော့"

"ခင်ဗျားတို့ စနောက်စရာရှားလို့ အဖေ့ကို သေပြီလို့ ပြောရသလား"

"ဟေ့ကောင်၊ မင်းကို စနောက်နေတာ မဟုတ်ဘူး ဟိုမှာ မင်းအဖေ သေနေပြီ"

"ဗျာ"

တက်ပုလည်း ကမန်းကတန်း ထကြည့်လိုက်တော့မှ . . .

"အောင်မယ်လေး အဖေရဲ့၊ အဖြစ်ဆိုးလေခြင်း"

"တက်ပု တက်ပု သတိထားပါဦး"

ဦးနက်ကြီး ရုတ်တရက် သေဆုံးသွားလို့ တက်ပုလည်း ယူကျုံးမရငိုကြွေးခဲ့ပါတယ်။ တက်ပုဆိုတဲ့ကောင်က ကျပ်မပြည့်လို့ ဦးနက်ကြီးဟာ သူ့သားကို အတော်စိတ်မချဖြစ်ခဲ့တယ်။ အခုတော့ ယမမင်းခေါ်လို့ မနေသာဘဲ လိုက်ပါသွားခဲ့ရပြီ။

မနက်မိုးလင်းတော့မှ ရွာတစ်ရွာ တွေ့ခဲ့တယ်။ အဲဒီရွာက ရွာသူကြီးကို ငွေပေးပြီးတော့ ဦးနက်ကြီးအလောင်းကို မြေမြှုပ်သင်္ဂြိုဟ်ပေးခဲ့တယ်။ အဲဒီရွာက ဘုန်းတော်ကြီးက အခြားရွာကို ကြွသွားလို့ ဦးနက်ကြီးအလောင်းကို သရဏဂုံတောင် မတင်လိုက်ရဘူး။ အခြေအနေအရ ဖြစ်သွားတာဆိုတော့ ကျွန်ုပ်တို့လည်း ဘယ်လိုမှ မတတ်နိုင်ပါ။

ပြဿနာကတော့ အဲဒီ ညကတည်းက စတင်ခဲ့ပါတယ်။ ဦးနက်ကြီးက မော်တော်ပေါ်မှာ ရုတ်တရက်သေသွားတော့ မော်တော်ကိုလည်းစွဲလမ်း၊ သားတက်ပုကိုလည်းစိတ်မချတာကြောင့် မကျွတ်မလွတ်တဲ့ ဘဝနဲ့ စတင်ခြောက်လှန့်တော့တာပါပဲ။ အဲဒီညက သန်းခေါင်ကျော် အချိန်လောက်မှာ . . .

"ရှုပ် . . . ရှုပ်. . . ရှုပ်"

ဆိုတဲ့ ခြေသံကို စတင် ကြားလိုက်ရတယ်။ ပထမတော့ ပွဲပိုင်းက ထွက်လာတဲ့ အသံပါပဲ။ မအိပ်သေးတဲ့ မော်တော်က ဝန်ထမ်းအားလုံး ကြားနေရတယ်။ နောက်တော့ သူနေတဲ့ အခန်း





www.burmeseclassic.com

www.burmeseclassic.com

တ တံခါးကို တစ်စုံတစ်ယောက်က ဖွင့်သလို ရွတ်တရက် ပွင့်သွားပြီး "ဒုန်း"ခနဲ မြည်သံနဲ့အတူ ပြန်ပိတ်သွားခဲ့တယ်။ ဒီတော့ မော်တော်အလုပ်သမား တစ်ယောက်က . . .

"ဦးနက်ကြီးရေ အမျှ အမျှ အမျှ ကျွန်တော်တို့ကို ကြောက်အောင် လန့်အောင် မခြောက်ပါနဲ့၊ ကျွန်တော်တို့က ကြောက်တတ်တယ်ဗျ" လို့ အော်ပြောလိုက်တယ်။

ခဏတော့ ငြိမ်ချက်သားကောင်းသွားတယ်။ ခဏအကြာမှာတော့ ခြေသံတရှပ်ရှပ် ပြန်ကြားရတယ်။ အဲဒီမှာ တာဝန်ကျပြီး အိပ်ငိုက်နေတဲ့ အလုပ်သမားတစ်ယောက်ကို . . .

"ဖြန်း . . . ဖြန်း"ဆိုပြီး ကျောကုန်းကို ရိုက်သွားလို့ . . .

"ငါ့ကို ဘယ်သူရိုက်တာလဲ" လို့ ပြောပြီးကြည့်လိုက်တော့ ဖြူဖြူသဏ္ဍာန်ကြီး သူ့အနားက ဖြတ်လျှောက်သွားတာ တွေ့လိုက်ရတယ်။ ဒီတော့မှ . .

"ဦးလေး ဦးနက်ကြီး ကျွန်တော် အိပ်ငိုက်မိပါတယ်၊ တောင်းပန်ပါတယ်" လို့ ဝန်ချတောင်းပန်လိုက်ရတယ်။

အဲဒီ အချိန်ကစပြီး ညတာဝန်ကျတဲ့ အလုပ်သမားတွေလည်း မငိုက်ရဲတော့ဘူး။ နောက်တော့ မန္တလေးမြို့ဆိပ်ကမ်းကို ရောက်လာခဲ့တယ်။ အဲဒီတော့ တက်ပုတစ်ယောက် ပျောက်သွားခဲ့တယ်။ နေ့လယ်လောက်မှ ပြန်လာခဲ့တယ်။ သူ့ရဲ့လက်ထဲမှာ အမဲသားတွဲတစ်တွဲ ပါလာခဲ့တယ်။ ဒါနဲ့ ကျွန်ုပ်က-

"တက်ပု ဘာသွားဝယ်တာလဲ"

"အမဲသား သွားဝယ်တာ"

"ဩော်. . . မင်းက အမဲသား စားချင်လို့လား"

"ကျွန်တော် စားဖို့မဟုတ်ပါဘူး၊ အဖေစားဖို့ ဝယ်လာတာပါ"

"ဟေ. . . မင်းအဖေက သေပြီပဲ၊ ဘယ်လို စားမလဲ"

"ညက အိပ်မက် မက်တယ်၊ အဖေက ဒီမော်တော်မှာ စောင့်တဲ့ အစောင့်သရဲ ဖြစ်နေတယ်တဲ့၊ အဲဒါ မန္တလေးကိုရောက်ရင် သူ့အတွက် အမဲသားဝယ်ပေးပါဆိုလို့ သွားဝယ်ပေးတာ"

"တက်ပုရယ်၊ မင်းကလဲ ထင်တာတွေ လျှောက်လုပ်မနေနဲ့"

"ထင်တာမဟုတ်ဘူး ဦးလေးရဲ့၊ တကယ်ပဲ အဖေက မော်တော်စောင့်သရဲ ဖြစ်သွားပြီ၊ ဦးလေး မယုံရင်ကြည့်နေ၊ ကျွန်တော် အမဲသားကျွေးပြမယ်"

တက်ပုက အဲဒီလိုပြောပြီး ကမ်းစပ်တစ်နေရာကို ဆင်းသွားခဲ့တယ်။

သူ့ရဲ့နှုတ်ကလည်း . . .

"အဖေရေ သားနဲ့ လိုက်ခဲ့ပါ၊ အမဲသား ကျွေးမယ်" လို့ ပြောလိုက်တယ်။

"အင်း. . . ဒီကောင်တော့ ရူးကြောင်ကြောင်နဲ့ ဘာတွေလုပ်မှန်းမသိဘူး" လို့ ညည်းတွားပြီး သူ့နောက်ကို လိုက်လာခဲ့တယ်။

သူဟာ အသင့်ယူလာတဲ့ စတီးပန်းကန်ပြားပေါ်မှာ အမဲသားတွေကို ထည့်လိုက်တယ်။

ပြီးတော့ . . .

"အဖေရေ အမဲသားတွေ လာစားပါတော့၊ သား ကျွေးနေပြီ" လို့ သုံးကြိမ် သုံးခါ အော်ပြောလိုက်တယ်။

ပထမတော့ ဘာမှ ထူးခြားမှု မရှိပါဘူး။ ခဏအကြာမှာတော့ အဲဒီနားက သစ်ရွက်ကလေးတွေဟာ လေပွေမွှေ့သလို ကန်တော့ထိုးလာပြီး တဖြည်းဖြည်း အဲဒီအမဲသားပန်းကန်အနားကို ရွေ့လာခဲ့တယ်။ နောက်တော့ လေပွေဟာ အဲဒီအမဲသားတွေရော ပန်းကန်ကိုပါ ပွေ့ယူသွားပြီး အဝေးကိုရောက်သွားတယ်။ ကြည့်ရင်း ကြည့်ရင်း မျက်စိတစ်ဆုံးမှာ အားလုံး ပျောက်ကွယ်သွားခဲ့တယ်။

"ဟုတ်မှ ဟုတ်ရဲ့လား" လို့တောင် ကိုယ့်ကိုယ်ကိုယ်ပြန်မေးမိတယ်။

တကယ်ပါပဲ၊ ကျွန်ုပ်ရဲ့မျက်စိမြင်ကွင်းအောက်က ပျောက်သွားခဲ့ပြီ။

ဒီတော့မှ တက်ပုက . . .

"အဖေ သားတို့နဲ့ပြန်လိုက်ခဲ့ပါ၊ ပြီးရင် အဖေ့မော်တော်ကို အဖေစောင့်ရှောက်ပါ" လို့ ခပ်တည်တည်နဲ့ ပြောလိုက်တယ်။

"အင်း. . . အရူးနဲ့ အမဲသားတော့ တွေ့နေပြီ" လို့ စိတ်ထဲကရေရွတ်မိတယ်။ သူ့အိပ်မက်နဲ့သူတော့ ဟုတ်တုတ်တုတ်ပဲ။

မန္တလေးဆိပ်ကမ်းကနေ အထက်ဘက်ကို ကုန်တင်ဖို့ အော်ဒါရခဲ့တယ်။ ကျပ်မပြည့်ပေမယ့် သူ့အဖေရဲ့အလုပ်ကိုတော့ လုပ်တတ်သားပဲလို့ မှတ်ချက်ချလိုက်မိတယ်။

ကျွန်ုပ်တို့ မော်တော် လောကမှာ သရဲစောင့်တဲ့ မော်တော်ဆိုပြီးတော့ ကျွန်ုပ်တို့ မော်တော်ဖြစ်တဲ့ "စိန်ဝင်းအောင်" ဟာ နာမည်ကြီးလာတယ်။

မော်တော် စတင်မောင်းလာလို့ ညရောက်ရင် ခြေသံတရှပ်ရှပ်ကို စတင်ကြားရတော့တာပါပဲ။

တစ်ခါတစ်ရံ ဖြူဖြူအရိပ်ကြီးလည်း တွေ့ရတတ်ပါတယ်။ ဒါကြောင့် တက်ပုပြောသလို သူ့အဖေဟာ မော်တော်စောင့်သရဲကြီး ဖြစ်နေတယ် ဆိုတာကို အားလုံးက ယုံကြည်လာခဲ့ကြတယ်။

အဲဒီခြေသံတွေ ညတိုင်း ကြားနေရလို့ မော်တော်ပေါ်ရှိ အလုပ်သမားများအဖို့ ရိုးတောင်ရိုးနေပါပြီ။

ဒါကြောင့် ကျွန်ုပ်က တက်ပုကို ခေါ်ပြီး . . .

"သားရယ် မင်းအဖေဟာ မကျွတ်မလွတ်တဲ့ ဘဝကို ရောက်နေတာ သေချာရင် ဒီတစ်ခေါက် ရန်ကုန်ပြန်ရောက်ရင် ဘုန်းကြီးငါးပါးပင့်ပြီး ပရိတ်ရွတ်ရင် မကောင်းဘူးလား" လို့ အကြံပေးမိတယ်။

ဒီတော့ တက်ပုက. . .

"ဟာ. . မကောင်းဘူးဦးလေး၊ အဖေက အိပ်မက်ထဲမှာ ပြောတယ်၊ သူ့ကို ဒီမော်တော်ပေါ်က ပရိတ်ရွတ်ပြီး မနှင်နဲ့တဲ့"





www.burmeseclassic.com

www.burmeseclassic.com

"ဟာကွာ၊ မင်းနဲ့မှ တောင်းရော ကွာ"

ကျွန်ုပ်မှာ ဒါပဲ ပြောနိုင်ပါတယ်။ တက်ပုက သားအရင်း၊ နောက်ပြီး ဦးနက်ကြီးကလည်း မုဆိုးဖိုဆိုတော့ တက်ပုသာလျှင် အရေးပါဆုံး လူသား ဖြစ်နေပါတယ်။ ဘယ်လိုမှ ပြောမရတဲ့ အဆုံးမှာ သရဲခြောက်တဲ့ မော်တော်ကြီး ကို ဆက်ပြီး စက်မောင်းဆရာ လုပ်ခဲ့ရ တယ်။

သရဲခြောက်တဲ့ မော်တော်ကြီး မှာ စက်မောင်းဆရာအဖြစ် တာဝန်ကျ စဉ်မှာ ကျွန်ုပ်ဘဝမှာ တစ်ခါမှ မတွေ့ ကြုံဖူးတဲ့ ထူးခြားဆန်းကြယ်တဲ့ ဖြစ်ရပ် တစ်ခုနဲ့ ကြုံတွေ့ခဲ့ရပါတယ်။

ကျွန်ုပ်တို့ ကုန်ပို့မော်တော်လေး ဟာ အထက်ဘက် ဆန်တက်ရင်းနဲ့ မြို့သာမြို့ဟောင်းအနီးကို ရောက်သွား ခဲ့တယ်။ အချိန်ကလည်းနေဝင်ရီတရော အချိန်ပေါ့။ အဲဒီအနီးအနားမှာ အိမ်ခြေ နည်းပါးတဲ့ ရွာကလေးတစ်ရွာကို လှမ်း တွေ့လိုက်ရတယ်။

အဲဒီအချိန်မှာ တက်ပုက . . .

"ဆရာစံရေ ဒီနားမှာ မော်တော် ကပ်မယ်" လို့ လှမ်းပြောလိုက်တယ်။

"ကောင်းပြီလေ၊ ကပ်တာပေါ့" ဆိုပြီး မော်တော်ကို ကမ်းကိုကပ်လိုက် တယ်။ ကမ်းစပ်ကို ကပ်လိုက်မှ အဲဒီ နေရာဟာ အရင်က သချိုင်းကုန်း အဟောင်းကြီးဆိုတာ သိလိုက်ရတယ်။

"တက်ပုရေ ငါတို့တော့ ကမ်း ကပ်တာ မှားပြီနဲ့တူတယ်"

"ဘာဖြစ်လို့လဲ ဆရာစံ"

"သချိုင်းကုန်ပျက်ကြီး ဖြစ်နေ တယ်ကွ"

"ဘယ်တတ်နိုင်ပါ့မလဲ ဆရာစံ ရယ်၊ အဲဒီဘေးနားမှာ လူသွားလမ်းလေး ရှိတယ်၊ အဲဒီလမ်းက ရွာထဲသွားပြီး စား စရာ သွားရှာလိုက်ဦးမယ်"

"အေး. . . အေး"

မကြာခင် တက်ပုဟာ နီတွတ် ကိုခေါ်ပြီး ရွာထဲဝင်သွားခဲ့တယ်။

တစ်နာရီလောက် ကြာတော့ တက်ပုတို့နှစ်ယောက် ပြန်လာခဲ့တယ်။

နီတွတ်ရဲ့လက်ထဲမှာ အမွေး နုတ်ပြီး ခေါင်းဖြတ်ထားတဲ့ ဘဲငန်းတစ် ကောင်ကို ကိုင်ထားတယ်။ ဘဲငန်းဟာ ခေါင်းဖြတ်ထားတဲ့အတွက် တစ်လမ်း လုံး သွေးတွေတစက်စက်ကျလာတာ မော်တော်ပေါ် ရောက်တဲ့အထိပဲ။ ရောက် ရောက်ချင်း တက်ပုက . . .

"ဆရာစံရယ် သချိုင်းကုန်းထဲက ဖြတ်ပြန်လာတော့ အဲဒီအထဲက ခွေး နက်ကြီးတစ်ကောင်ထွက်လာပြီး ဘဲငန်း ကိုထွက်ဆွဲတယ်၊ ဒါနဲ့ ကျွန်တော်လဲ သစ်ကိုင်းနဲ့ ခပ်ပြင်းပြင်းရိုက်လိုက်တယ်၊ အဲဒီခွေးနက်က သချိုင်းအဝလောက်မှာ ပျောက်သွားတယ်၊ ခွေးကတော့ ခွေး အစစ် မဖြစ်နိုင်ဘူး၊ မဟုတ်မှလွဲရော သချိုင်းစောင့်တစ္ဆေဖြစ်မယ်လို့ ထင် တယ်၊ ဒါကြောင့် ဟေ့ကောင် သချိုင်း စောင့်တစ္ဆေကြီး၊ ဘဲငန်းသားကို စားချင် ရင် မော်တော်ပေါ်လိုက်ခဲ့လို့ပြောပြီး ဘဲငန်းရဲ့သွေးတွေနဲ့ ပက်ခဲ့တယ်"

"ဟာကွာ တက်ပုရာ၊ မင်းတော့ စကားပြောမှားသွားပြီ၊ ဘာဖြစ်လို့ မော် တော်ပေါ် လိုက်ခဲ့လို့ ခေါ်ရတာလဲ၊ အဲဒီ လိုခေါ်ရင် သချိုင်းစောင့်တစ္ဆေကြီးက လိုက်လာမှာပေါ့ကွ၊ အခုဆိုရင်တောင် တော်တော်မှောင်နေပြီ"

"လိုက်ရဲလိုက်ကြည့်ပေါ့ ဆရာ ရယ်၊ အဖေနဲ့ တွေ့သွားမှာပေါ့" လို့ တက်ပုက ခပ်ကြွားကြွားကလေး ပြော



လိုက်တယ်။ ကျွန်ုပ်က အနှောင့်အယှက် တစ်စုံတစ်ရာမှ မဖြစ်စေလို၍ . . .

"ဖွဟဲ့ ဖွဟဲ့ မကောင်းဆိုဝါးတွေ မလာနဲ့" လို့ လှမ်းပြောလိုက်တယ်။

သူတို့နှစ်ဦးဟာ ဘဲငန်းကိုချက် ဖို့ ကျွန်ုပ်ရဲ့ဇနီး ဒေါ်ရွှေကို လှမ်းပေးပြီး-

"ကြီးဒေါ်ရွှေ ဘဲငန်းသားကို ကျကျနန ဆီပြန်ချက်ပေးနော်" လို့ ပြော လိုက်တယ်။

"အေးပါဟ၊ မဆလာနိုင်နိုင်နဲ့ ချက်ပေးပါ့မယ်" လို့ ပြောပြီး ဘဲငန်းကို လှမ်းယူလိုက်တယ်။ နောက်တော့ ဒေါ်ရွှေဟာ ပဲ့ပိုင်းမှာရှိတဲ့ မီးဖိုနားမှာ သွားပြီး ဘဲငန်းကို ရင်ခွဲကာ ချက်ဖို့ အတုံးကလေးတွေ တုံးနေတယ်။

အဲဒီ အချိန်မှာ အသားညိုညို ဗလကောင်းကောင်းနဲ့ ကျွန်ုပ်ရဲ့လက် ထောက် ထွန်းရှိန်ဆိုသူဟာ တစ်ကိုယ် လုံး တုန်ယင်လာပြီး ဒေါ်ရွှေဆီကို ခပ် ကြမ်းကြမ်း လျှောက်လာခဲ့တယ်။

ဒေါ်ရွှေ အနားလည်းရောက် ရော မျက်လုံးကြီးပြူးပြီး . . .

"ငါ သချိုင်းစောင့်တစ္ဆေကြီးပဲ၊ နင်ချက်တာကို ငါမစောင့်နိုင်တော့ဘူး၊ အစိမ်းပဲစားမယ်" ဆိုပြီး အသံအက် အက်ကြီးနဲ့ ပြောလိုက်တယ်။

ပထမတော့ ဒေါ်ရွှေက ကြောင် ပြီးကြည့်နေတယ်။ ထွန်းရှိန်ဟာ ပြော ပြောဆိုဆို ဘဲငန်းရဲ့ပေါင်ကြီးတစ်ဖက် ကို လှမ်းဆွဲပြီး ကိုက်စားမယ်အလုပ်မှာ တက်ပုက သဘောပေါက်သွားပြီး. . .

"အဖေရေ လုပ်ပါဦး၊ သချိုင်း စောင့်တစ္ဆေကြီး လိုက်လာပြီ၊ အဖေ စားမယ့် ဘဲငန်းကို လုစားနေပြီ၊ လုပ်ပါ ဦး အဖေ၊ လုပ်ပါဦး"

အဲဒီလို ကြောက်လန့်တကြား အော်ပြီး သူ့အဖေကိုအကူအညီတောင်း လိုက်တယ်။ အဲဒီအခါမှာ ဒေါ်ရွှေဟာ တစ်ကိုယ်လုံး တဆတ်ဆတ်တုန်ကာ မျက်လုံးကြီး ပြူးလာပြီး. . .

"ဟေ့ကောင် သချိုင်းစောင့်၊ ငါ တို့ရဲ့ ဘဲငန်းကို မစားနဲ့၊ အခုပဲပြန်ချ





www.burmeseclassic.com

www.burmeseclassic.com

စမ်း" လို့ လှမ်းအော်လိုက်တယ်။ ထွန်းရှိန်ကလည်း တစ္ဆေကြီးဝင်ပူးနေတော့-

"မချဘူးကွာ၊ စားချင်ရင် လိုက်ခဲ့လို့ မင်းတို့ပဲခေါ်တာ၊ ဒါကြောင့် ငါလိုက်လာတာ"

အဲဒီလိုပြောပြီး ဘဲငန်းပေါင်ကြီးကို ကိုင်ထားလိုက်တယ်။

အဲဒီတော့ ဦးနက်ကြီး ဝင်ပူးနေတဲ့ ဒေါ်ရွှေက ...

"ငါက ဒီမော်တော်မှာစောင့်တဲ့ သရဲနက်ကြီးပဲ၊ ငါ့ပိုင်နက်ထဲကိုလာပြီး ငါ့အစာကိုလုစားတဲ့အကောင် သေပေတော့" လို့ပြောပြီး လက်ထဲက ဓားမနဲ့ ခုတ်မယ်လုပ်လို့ ...

"ကြီးဒေါ်ရွှေ မှားမယ်"

"ကြီးဒေါ်ရွှေ လွန်ကုန်မယ်"

ဆိုပြီး အားလုံးက ဓားမကြီးကို ဆွဲလုလိုက်ကြတယ်။

ကျွန်ုပ်မှာလည်း ဓားကိုင်ထားတဲ့ ကျွန်ုပ်ရဲ့မိန်းမက ထွန်းရှိန်ကို ခုတ်မိသွားရင် ခက်လှချေရဲ့ဆိုပြီး စိုးရိမ်ပူပန်နေမိတယ်။

သိပ်မကြာခင် အလုပ်သမားတွေ ဆွဲလုလို့ ဓားမကြီး သူတို့လက်ထဲရောက်မှပဲ ဟင်းချနိုင်တော့တယ်။

ဒါပေမယ့် သချိုင်းစောင့်တစ္ဆေကြီးနဲ့ မော်တော်စောင့်သရဲကြီးရဲ့ ရန်ပွဲက မပြီးသေးပါဘူး။ သချိုင်းစောင့်တစ္ဆေကြီး ဝင်ပူးနေတဲ့ ထွန်းရှိန်က တွန်းတဲ့ဟန်ပန်ပြုလိုက်တာနဲ့ ဇနီးသည်ဒေါ်ရွှေဟာ ပက်လက်လန် လဲကျသွားတယ်။

ဒီတော့ တက်ပုက ...

"အဖေ၊ အဖေ ရှုံးလို့မဖြစ်ဘူးနော်၊ ပြန်ချ အဖေ" လို့ အော်ပြောလိုက်တယ်။

ဒီမှာတင် ဒေါ်ရွှေက ပြန်ထလာပြီး ခြေထောက်နဲ့ကန်တဲ့ဟန် ပြုလုပ်လိုက်တာ ထွန်းရှိန်ဟာ အတော်ဝေးဝေးကိုလွင့်သွားပြီး ...

"ဝုန်း" ဆိုတဲ့အသံနဲ့အတူ မော်တော်ပေါ်ကနေ ရေထဲကိုကျွမ်းပြန်ကျသွားခဲ့တယ်။

"ဟာ... ထွန်းရှိန် ရေထဲကျသွားပြီ"

"ဟေ့ ဟေ့ သချိုင်းဘက်ကို ရေကူးသွားပြီ"

"ထွန်းရှိန်က သချိုင်းစောင့်တစ္ဆေကြီး ဝင်ပူးနေတာဆိုတော့ ဒီတိုင်းလွှတ်ထားလို့ မဖြစ်ဘူး သူ့နောက်လိုက်မှဖြစ်မယ်"

"အဲဒါက အရေးမကြီးဘူး၊ သချိုင်းစောင့်တစ္ဆေကြီး သူ့ကိုယ်ထဲက ထွက်သွားအောင် ဘယ်လိုလုပ်ကြမလဲ"

ဒီလို တစ်ယောက်တစ်မျိုးနဲ့ အမျိုးမျိုး ပြောနေကြတယ်။

ထိုအခါ ကျွန်ုပ်က ...

"ဘုရားစင်က ပရိတ်ရေ ယူသွားမယ်၊ ပြီးရင် ဘဲငန်းသားတွေအားလုံး ယူသွားမှဖြစ်မယ်"လို့ ပြောလိုက်တယ်။ ဒီနောက်မှာတော့ ပရိတ်ရေနဲ့ ဘဲငန်းသားတွေကို ကျွန်ုပ် ယူနေစဉ်အချိန်မှာ ထွန်းရှိန်ကတော့ ရေကူးပြီး သချိုင်းဟောင်းကြီးထဲ ဝင်သွားခဲ့ပါတယ်။

ကျွန်ုပ်နဲ့ အလုပ်သမား သုံးယောက်ဟာ သချိုင်းဟောင်းကြီးထဲကို အပြေးလိုက်သွားခဲ့ပါတယ်။

ထွန်းရှိန်ကို မီလာတဲ့အခါမှာ ကျွန်ုပ်က ...

"ကဲ ... သချိုင်းစောင့်ကြီးရေ အသင့်အတွက် ဘဲငန်းသားတွေအားလုံး ယူလာတယ်၊ ဟောဟိုကအပင်အောက်မှာ ထားခဲ့မယ်၊ ခင်ဗျား သွားစားပေတော့" လို့ ပြောပြီး ဘဲငန်းသားကို ခပ်လှမ်းလှမ်းက သစ်ပင်ကြီးအောက်မှာ သွားထားပါတယ်။

ထွန်းရှိန်ရဲ့ကိုယ်ပေါ်ကို ပရိတ်ရေတွေနဲ့ လှမ်းပက်လိုက်တယ်။ ခဏအကြာမှာ ထွန်းရှိန်က ...

"ကျွန်တော် ဘာဖြစ်တာလဲ ဆရာစံ"

"ဘာဖြစ်တာလဲဆိုတာ နောက်မှပြောမယ်၊ အခု မော်တော်ပေါ်ပြန်မယ်" လို့ပြောပြီး ထွန်းရှိန်ကို လက်ဆွဲပြီး မော်တော်ပေါ်ကို ပြန်လာခဲ့တယ်။

မော်တော်ပေါ်ကို ပြန်ရောက်တော့ ကျွန်ုပ်ရဲ့မိန်းမ ဒေါ်ရွှေဟာ အကောင်းပကတိဖြစ်နေပါပြီ။ ကျွန်ုပ်လည်း ချက်ချင်း စက်ခန်းထဲဝင်ပြီး စက်နှိုးလိုက်ပါတယ်။ တက်ပုက ...

"ဆရာစံ လုပ်တာ မှန်တယ် ဒီကမ်းစပ်က အမြန်ခွာမှဖြစ်မှာ"

"ဘာ အခုမှ ဒီကမ်းစပ်ကအမြန်ခွာမှ ဖြစ်မလေး ဘာလေး လာပြောနေရလဲ၊ ဒီကိစ္စအားလုံးဟာ မင်းပါးစပ်မဆင်ခြင်လို့ ဖြစ်ရတာ"

"ဟုတ်ပါတယ် ဆရာစံရယ် ကျွန်တော်ကလဲ ဒီလိုဖြစ်မယ်မှန်းမသိလို့ ခပ်ပေါ့ပေါ့ပြောမိတာပါ"

"တော်သေးတာပေါ့၊ ဒီလောက်နဲ့ပြီးသွားတာ၊ မဟုတ်ရင် ငါ့မိန်းမက ထွန်းရှိန်ကို ဓားနဲ့ခုတ်မှုနဲ့ ထောင်ကျသွားနိုင်တယ်"

"တောင်းပန်ပါတယ် ဆရာစံရယ်၊ ဒါပေမယ့် ကျွန်တော့်တစ်သက်မှာ မော်တော်စောင့်သရဲနဲ့ သချိုင်းစောင့်တစ္ဆေတို့ ဖိုက်တင်ပလေးတာ ဒီတစ်ခါပဲ တွေ့ဖူးသေးတယ်"

ထိုအခါတွင် မော်တော်အလုပ်သမား အားလုံးက ...

"ဟုတ်ပါတယ် ကိုတက်ပုရယ် ကျွန်တော်တို့လဲ ဒီလောက်ထူးဆန်းတာ ဒီတစ်ခါပဲ တွေ့ဖူးပါသေးတယ်၊ ဒါ နာနာဘာဝတွေရဲ့ တိုက်ပွဲပေါ့နော်" လို့ ပြောလိုက်တယ်။

သူတို့ရဲ့ စကားသံကို ကြားလိုက်ရတဲ့ ကျွန်ုပ်အဖို့ "ဟင်း"ဆိုတဲ့ သက်ပြင်းရှည်ကြီး ချလိုက်မိပါတော့တယ်။

❑ နို



www.burmeseclassic.com

www.burmeseclassic.com



# ပဉ္စာနန္တာရိယကံ ချက်ချင်းခံရသော သား

မင်းမြင့်ဦး (ဘူးသီးတောင်)

ကျွန်ုပ်သည် မိဘများအား ကာယကံ၊ ဝစီကံဖြင့် ပြစ်မှားစော်ကားသော သားသမီးများ အပြစ်ခံစားရသော ဗီဒီယို ဇာတ်ကားများနှင့် မဂ္ဂဇင်းများတွင် ဖော်ပြရေးပြကြသော ဇာတ်လမ်းများအား ကြည့်ရှုရ ဖတ်ရသောအခါ တစ်ခါက ကျွန်ုပ်၏မျက်စိရှေ့တွင် ဖြစ်ပွားခဲ့သော ဖြစ်ရပ်မှန် အဖြစ်အပျက် တစ်ခုအား ရေးသားဖော်ပြချင်သည့် ဆန္ဒက ကျွန်ုပ်၏ရင်တွင်း ဖြစ်ပေါ်လာသည့်အတွက် မြို့နှင့် လူအမည်များ ပြောင်းလဲ၍ ရေးသားလိုက်ရခြင်း ဖြစ်ပါသည်။

ဧရာဝတီတိုင်းဒေသကြီးအတွင်း မြို့ငယ်လေးတစ်မြို့ဖြစ်သော ကျုံပျော်မြို့လေး၏ မြို့စွန်ရပ်ကွက် တစ်ခုတွင် ဒေါ်လှမေ ဆိုသော မုဆိုးမကြီး တစ်ယောက်ရှိ၏။ ဒေါ်လှမေသည်အသက် (၇၀)ခန့်ရှိပြီ ဖြစ်၏။ သူ့တွင် သား(၄) ယောက်နှင့် သမီးတစ်ယောက် ရှိ၏။

သမီးဖြစ်သူ မညွန့်ရီမှာ အကြီးဆုံးဖြစ်ပြီး အစိုးရဌာနတစ်ခုမှ ကိုမိုးဝင်းဆိုသူနှင့် အိမ်ထောင်ကျပြီး သားသမီးသုံးယောက်ရ၍ အိမ်ခွဲနေထိုင်လျက်ရှိ၏။ သားများဖြစ်ကြသော ဝင်းအောင်၊ ဝင်းမောင်နှင့် ဝင်းနောင် သားအငယ်ဆုံး ဝင်းရွှေတို့ ဖြစ်ကြ၏။ သူတို့မှာလည်း အိမ်ထောင်ကိုယ်စီ ရှိကြပြီး အိမ်ခွဲပြီး နေထိုင်ကြလေ၏။

ဒေါ်လှမေမှာ သားထွေးလေးဖြစ်သော ဝင်းရွှေတို့မိသားစုအား သူ၏အိမ်တွင် အတူနေထိုင်စေလေသည်။

သားထွေးဖြစ်သော ဝင်းရွှေမှာ အရက်ကို ကြိုက်နှစ်သက်သူ ဖြစ်ပြီး လောင်းကစားကိုလည်း အလွန်ဝါသနာကြီးလှသူ ဖြစ်၏။ ဇနီးဖြစ်သူ မအေးမြမှာ နာမည်နှင့်လိုက်အောင် အေးဆေးလွန်းသူ ဖြစ်၏။ လင်ယောကျ်ားဖြစ်သူမူးလာလျှင် ထမင်းပွဲပြင်ပြီး အနေသင့်



www.burmeseclassic.com

www.burmeseclassic.com

ရေချိုးရန်အသင့်ပြုလုပ်ထားသော်လည်း အရက်မူးလာသော ဝင်းရွှေသည် ဇနီး မအေးမြကို အကြောင်းအမျိုးမျိုးပြကာ အပြစ်ရှာ၍ ဆဲဆိုရိုက်နှက်သည်မှာ တစ်ပတ်လျှင် အနည်းဆုံးသုံးရက်ဖြစ်၏။

မအေးမြသည် လင်ယောကျ်ားဖြစ်သူ ဆိုက်ကားနင်းပြီး ပေးသော ငွေလေးအား ကြက်ပေါက်များ ဝယ်၍ မွေးထားပြီး အိမ်ခြံဝင်းအတွင်းရှိ မြေကွက်လပ်တွင် ရာသီအလိုက် သီးနှံဖြစ်သော ကန်စွန်းရွက်၊ ဘူးပင်၊ ဖရုံပင်၊ ခရမ်းပင် စသည့် ရာသီပေါ် အသီးအရွက်အပင်များ စိုက်ပျိုးပြီး မိမိခြံထွက် အသီးအရွက်လေးများအား အိမ်တွင်လည်း စား၏။ ပိုလျှံသော အသီးအနှံများအား ရောင်း၍ ဝင်ငွေရှာလိုက်သေးသည်။

လူမိုက်ကံကောင်း၊ ရုပ်ဆိုးအချောအလှရသည် ဆိုသည့် စကားအတိုင်းပင် အရက်သောက်၊ ဖဲရိုက်၊ လောင်းကစားအစုံလုပ်သော ဝင်းရွှေ၏ဇနီး မအေးမြမှာ ကိုယ်လုံးကိုယ်ပေါက် ပြေပြစ်တောင့်တင်းပြီး အသားအရေဖြူဝင်း၍ မိန်းမလှစာရင်းဝင်သူ တစ်ယောက်ဖြစ်၏။ အနေအထိုင် ရိုးအေးလွန်းပြီး ပတ်ဝန်းကျင်ရှိ လူအများနှင့်လည်း သင့်တင့်အောင် ပေါင်းသင်းနေထိုင်တတ်လေ၏။

သို့သော် လင်ဆိုးမယား တဖားဖားဆိုသည့် စကားပုံအတိုင်း ဝင်းရွှေမူးလာတိုင်း ဆဲဆိုရိုက်နှက်ခံရပြီး ဒူးနဲ့မျက်ရည်သုတ်နေရသည်မှာ နေ့တိုင်းလိုပင်ဖြစ်၏။

သည်နေ့လည်း ဝင်းရွှေသည် ညနေ ၅ နာရီအချိန်ခန့်တွင် ဆိုက်ကားအား ဆိုက်ကားပိုင်ရှင်အိမ်တွင် အပ်ခဲ့ပြီး မိမိအိမ်သို့ သိုင်းကွက်နင်းပြီး ပြန်လာလေ၏။ ခြံထဲတွင်သီးနှံပင်လေးများအား မြေဆွ ပေါင်းသင်နေသော ဝင်းရွှေ၏ မိခင်ကြီးအား မြင်သည်နှင့် ဝင်းရွှေက အာလေးလျှာလေး အသံကြီးဖြင့် . . .

"အမေ၊ ဘာလုပ်နေတာလဲ အေ့ မိအေးဘယ်သွားလဲ၊ မိအေး . . . ဟေ့ မိအေး မိအေး၊ ငါခေါ်နေတာ မကြားဘူးလား၊ အေ့, ဒီကောင်မ"

"ဟဲ့, ဝင်းရွှေ၊ နင့်မိန်းမ မရှိဘူး၊ ရေတွင်းမှာ ရေသွားခပ်နေတယ်၊ အရက်မူးပြီး စွတ်အော်မနေနဲ့"

"ဟာ, ကျုပ်မိန်းမ ကျုပ် ခေါ်တာ ခင်ဗျားကြီးအသာ နေစမ်းပါ၊ ကျုပ်တို့ လင်မယားကြား ဝင်မစွက်စမ်းပါနဲ့ အေ့"

မိခင်ကြီး ဒေါ်လှမေက မူးလာသော သားဖြစ်သူအား ပြောလိုက်ရာ သားဖြစ်သူ ဝင်းရွှေက မိခင်ကြီးအား ရိုင်းစိုင်းစွာ ခင်ဗျားကြီး၊ ကျုပ်တို့ ဆိုသည့် စကားလုံးများဖြင့် ပြန်ပြောလိုက်၏။

ထိုအချိန်၌ ရေတွင်းသို့ ရေခပ်သွားနေသော မအေးမြသည် ရေအိုးကို ခေါင်းပေါ်ရွက်လျက် ခြံဝမှဝင်လာရာ လင်ဖြစ်သူ အရက်မူးပြီး မိခင်ဖြစ်သူအား ရိုင်းစိုင်းစွာ ပြောဆိုနေသံကို ကြားလိုက်ရသောကြောင့် . . .

"ကိုဝင်းရွှေရယ် မူးလာရင်လဲ အေးအေးဆေးဆေး နေပါလားရှင်၊ ဘာဖြစ်လို့ အမေ့ကို ရိုင်းရိုင်းစိုင်းစိုင်း ပြောဆိုနေတာလဲ၊ ရှင် ငရဲကြီးလိမ့်မယ်"

ဝင်းရွှေသည် ရှေ့တွင် ရှိသော မိခင်ကြီးအား ပြောဆိုနေစဉ် သူ၏နောက်မှ ရေအိုး ခေါင်းပေါ်ရွက်၍ ဝင်လာသော ဇနီး၏အသံကြောင့် ချာခနဲ လှည့်ပြီး. . .

"ဟာ, ဒီမိန်းမ ဘယ်ကို အလေလိုက်ဖို့သွားနေတာလဲ၊ အေ့, အမေ့ကို ငါ ဘာပဲပြောပြော နင်နဲ့ဘာဆိုင်လို့လဲ၊ ငါ့ကိုငရဲကြီးမယ်လေး ဘာလေးနဲ့ ဆရာလာလုပ်မနေတဲ့ ကောင်မ၊ ကဲဟာ, ငါ့ကို ဆရာကြီး လုပ်ဦး၊ ကဲ. . . ကဲ အေ့"

ဝင်းရွှေသည် ပတ်ဝန်းကျင်ရှိသူများ နားမခံနိုင်အောင် မယားအား ဆဲဆိုပြီး ခြေထောက်ဖြင့် ကန်လိုက်ရာ ခေါင်းပေါ်တွင် ရေအိုးရွက်ထားသော မအေးမြမှာ နောက်ပြန် လဲကျသွားခဲ့ပြီး ရေအိုးမှာ၏လည်း ကွဲသွားလေ၏။

ထိုအဖြစ်ကို မြင်ရသော မိခင်ကြီး ဒေါ်လှမေက. . .

"ဟဲ့, ဝင်းရွှေ မိုက်ရိုင်းလှချေလား နင့်ကို လူက မွေးထားတာဟဲ့၊ ခုတော့ လူလိုမကျင့်၊ ခွေးလိုကျင့်၊ ခွေးလိုလုပ်တဲ့ အကောင်၊ နင်ဟာ လူ မဟုတ်ဘူး ခွေးဟဲ့ ခွေး"

"ဟုတ်တယ်၊ ကျုပ်ဟာ ခွေးဖြစ်တာ၊ ခင်ဗျားနဲ့ ဘာဆိုင်လဲ၊ ဝင်မပြောနဲ့နော်၊ ကျုပ်ဒေါသဟာ ခင်ဗျားဘက် လှည့်သွားလိမ့်မယ် သိလား"

မိခင်နှင့် သားတို့၏ ရန်ပွဲအား အနီးအနားရှိလူများမှ ဝင်ရောက်ဖျန်ဖြေပေးသဖြင့် ငြိမ်သွားသော်လည်း မူးနေသော ဝင်းရွှေသည် မကျေနပ်နိုင်သေး၊ အနီးရှိ ဇနီးဖြစ်သူအား လဲနေသည်ကို ထူ၍မပေးဘဲ ခြေထောက်ဖြင့် တစ်ချက်ဆောင့်ကန်လိုက်ပြီး ခြံဝသို့လှည့်ထွက်သွားရင်း ပြောလိုက်၏။

"ဟေ့ ကောင်မ မိအေး နင် သတိထားနေ၊ ငါ အရက်သွားသောက်လိုက်ဦးမယ်၊ ဟိုကောင်မကြီး လှမေလဲ သတိထားပေတော့၊ ကျုပ် ထပ်သောက်ပြီး ပြန်လာမှ ကျုပ်အကြောင်းပြမယ်၊ ဟင်းဟင်း ဝင်းရွှေတဲ့၊ တစ်ရွှေတည်းရှိတယ် မှတ်ထားကြ"

မကျေမနပ်ပြောရင်း ထွက်သွားသော သားဖြစ်သူနောက်ကျောပြင်အား ကြည့်၍ မျက်လုံးအိမ်တွင် မျက်ရည်များပြည့်လျှံလာသော ဒေါ်လှမေသည် လက်ခုံဖြင့် မျက်လုံးများအား ပွတ်သပ်လိုက်ပြီး မျက်ရည်သုတ်လိုက်၏။ လဲထ နေသော မအေးမြသည် လဲရာမှထ၍ အိမ်ပေါ်သို့ တက်သွားလေတော့၏။

ဒေါ်လှမေမှာလည်း သီးနှံပင်များအား မြေဆွနေရာမှ ထ၍ ရေစည်ပိုင်း အနီးသွား၍ လက်များကို ဆေးနေစဉ် အိမ်ရှေ့ခြံဝမှ. . .

"မအေးမြ၊ ဒေါ်ကြီးလှမေ၊ ဒီမှာ ကိုဝင်းရွှေ ဆိုက်ကား အတိုက်ခံရလို့ အိမ်ကို လိုက်ပို့တာပါ"

ရပ်ကွက်အတွင်းမှ ကိုဘ. . .
သူသည် ဝင်းရွှေအား တွဲ၍ခြံတွင်း
ဝင်လာပြီး အိမ်ပေါ်သို့ ဝင်းရွှေအား



www.burmeseclassic.com

www.burmeseclassic.com

တွဲတင်ပေးလေ၏။ မိခင်ကြီး ဒေါ်လှမေမှာ သားဖြစ်သူ ဆိုက်ကား အတိုက်ခံရသည် ဆိုသည့်အသံ ကြားလိုက်ရသည်နှင့် အိမ်ရှေ့သို့ အပြေးကလေး သွားလေ၏။ ဇနီးဖြစ်သူ မအေးမြသည် ယောက်ျားဖြစ်သူအား တွဲ၍ အိပ်ရာပေါ်တွင် အသာအယာ လှဲသိပ်ပေးလိုက်ပြီး ကိုဘမောင်အား မေးလိုက်၏။

"ကိုဘမောင်၊ ကိုဝင်းရွှေ ဘာဖြစ်သွားသေးလဲ၊ ဒဏ်ရာများလား ဟင်"

"ဒဏ်ရာကတော့ မများပါဘူး၊ ဆိုက်ကားကို ဝင်းရွှေက ဝင်တိုက်တာ၊ ဆိုက်ကားနင်းတဲ့သူက သတိကောင်းလို့ ဘရိတ်အမြန်ဖမ်းလိုက်လို့၊ ဝင်းရွှေက မူးနေတဲ့သူဆိုတော့ သူ့ကိုယ်သူ မထိန်းနိုင်ဘဲ လဲကျသွားတာ၊ မျက်နှာမှာ နည်းနည်းပွန်းပဲ့ပြီး ဒူးနဲ့တံတောင်ဆစ် ပွန်းပဲ့တဲ့ ဒဏ်ရာလောက် ရတာပါ။

အခု ဆေးခန်းမှာ ဆေးထည့်ပတ်တီးစည်းလာခဲ့ပြီးပြီ၊ သူက သိပ်ပြီး မူးနေလို့ ငါတွဲပြီး လာပို့တာ၊ ကဲ, ငါပြန်လိုက်ဦးမယ်"

ကိုဘမောင်က ပြောဆိုရှင်းပြပြီး အိမ်ပေါ်မှ ဆင်းသွားလေ၏။ ဝင်းရွှေမှာ အိပ်ရာပေါ်တွင် ပက်လက်အနေအထားဖြင့် တခူးခူး အိပ်ပျော်နေပြီဖြစ်၏။ ဝင်းရွှေ၏မျက်နှာတွင် မျက်ခုံးနှင့်မေးနေရာများတွင် ပလတ်စတာများ ကပ်ထားပြီး ပလတ်စတာ၏ဘေးနားတွင် ခြောက်သွေ့နေသော သွေးစများအား မြင်တွေ့ရသော ဒေါ်လှမေသည် သားဖြစ်သူအား စိတ်မသက်သာစွာ ကြည့်ရင်း သူ၏ဦးခေါင်းကို ဖြည်းညင်းစွာ ယမ်းခါနေလေ၏။

အရက်သေရည် သောက်သုံးခြင်းကြောင့် ဖြစ်သော အပြစ်ခြောက်ပါးအား ဆရာတော်ဦးဗုဓ်က အောက်ပါအတိုင်း စာဖွဲ့ရေးသားခဲ့၏။

ဥစ္စာယုတ်ခြင်း၊
ငြင်းခုံများစွာ၊
ရောဂါထူပြော၊
ကျော်ဇောမဲ့တုံ၊
မလုံအင်္ဂါ၊
ပညာနည်းပါး၊
ဤခြောက်ပါးကား၊
သောက်စားသေစာ၊
အပြစ်တည်း။

ဝင်းရွှေသည် သောက်စားခြင်းအမှုအား တစ်နေ့ထက်တစ်နေ့ ပို၍ သောက်စားလာခဲ့၏။

ဒေါ်လှမေမှာ သားအထွေးဆုံးဖြစ်သောကြောင့် အရက်မူးပြီး ဆူပူရမ်းကားသော်လည်း ခွင့်လွှတ်၍ ချော့မော့ပြီး ဖျောင်းဖျပြောဆိုသော်လည်း အရက်၏ကျေးကျွန် ဖြစ်နေသော ဝင်းရွှေမှာ မမူးသည့်အချိန်ဆိုလျှင် ဘာမျှပြန်မပြောဘဲ ငြိမ်သက်တိတ်ဆိတ်နေတတ်၏။ မူးနေသည့် အချိန်ဆိုလျှင်တော့ တစ်ခွန်းမခံ ပြန်လှန်အော်ဟစ်ပြောဆို၏။

တစ်နေ့တွင် ဝင်းရွှေတစ်ယောက် ဖဲဝိုင်းတွင် ဖဲရှုံးပြီး အိမ်သို့ မူးပြီးပြန်လာကာ ဇနီးဖြစ်သူ မအေးမြထံမှ နားကပ်တောင်းလေ၏။ မအေးမြက. . .

"ဒီနားကပ်လေး တစ်ရန်ကိုတော့ မလုပ်ပါနဲ့ ကိုဝင်းရွှေရယ်၊ အမေပေးလိုက်တဲ့ ပစ္စည်းလေး ဖြစ်လို့ပါရှင်၊ မလုပ်ပါနဲ့၊ တောင်းပန်ပါတယ်"

မအေးမြက တောင်းပန်၍ ပြောသော်လည်း မူးနေသော ဝင်းရွှေမှာ နားမဝင်နိုင်ဘဲ . . .

"ဒီမှာ မိအေး၊ ငါ့မှာ အခုလော လောဆယ်၊ အရေးကြီးလို့ ခဏယူပြီး ပေါင်ထားမှာပါ၊ အပြတ်ရောင်းပစ်မှာ မဟုတ်ပါဘူး၊ ခဏယူမှာပါဟာ ပေးစမ်းပါ"

ဝမ်းရွှေက လေသံပျော့လေးဖြင့် ပြောပြီး လက်ဖြန့်၍ တောင်းလိုက်၏။

"ကျုပ်တောင်းပန်ပါတယ် ကိုဝင်းရွှေ မလုပ်ပါနဲ့တော်၊ ကျုပ်တို့မှာ တန်ဖိုးရှိတဲ့ပစ္စည်းဆိုလို့ ဒီတစ်ခုပဲရှိတာပါရှင်၊ သားလေးအတွက် ထည့်စဉ်းစားပါဦးရှင်"

မအေးမြသည် ပုခက်အတွင်း၌ အိပ်ပျော်နေသော သားငယ်လေးအား လက်ညှိုးညွှန်ပြ၍ ပြောလိုက်ခြင်း ဖြစ်၏။ သူတို့၏ သားလေးမှာ ရှစ်လခန့်ရှိပြီဖြစ်သည်။ မအေးမြက သူ့အပေါ်တွင် မညှာတာသော်လည်း သားလေးအပေါ်တွင် ညှာတာလေမည်ဆိုသောစိတ်ဖြင့် သားငယ်အား ပြ၍ ပြောလိုက်ခြင်းဖြစ်၏။ ဝင်းရွှေက မူးမူးရူးရူးဖြင့်. . .

"ဟာ, ဒီမသာမ၊ စကားရှည့်လိုက်တာ၊ ဘာသားအတွက် ထည့်စဉ်းစားရမှာလဲ၊ သွားစမ်းပါ၊ ပေးဆို ပေးစမ်း စကားမများနဲ့ "

ဝင်းရွှေက ပြောရင်း မအေးမြနားတွင် ပန်းထားသော နားကပ်အား လက်လှမ်း၍ ဖြုတ်ယူရန် ဟန်ပြင်လိုက်စဉ် မအေးမြကလည်း နားရွက်နှစ်ဖက်အား လက်နှစ်ဖက်ဖြင့် အုပ်၍ထားလေသောကြောင့် ဝင်းရွှေမှာ ဖြုတ်၍မရနိုင်ဖြစ်နေလေ၏။

မအေးမြက သူ၏ ဦးခေါင်းအား ဘယ်ညာ ယမ်းခါ၍ ရှောင်တိမ်းနေသောကြောင့် ဝင်းရွှေသည် စိတ်တိုလာပြီး မအေးမြ၏ မျက်နှာအား လက်သီးဖြင့် ထိုးလိုက်လေ၏။

မျက်နှာအား လက်သီးဖြင့် အထိုးခံလိုက်ရသော မအေးမြသည်ပက်လက်လန်လဲကျသွား၏။ ဝင်းရွှေသည် ပက်လက်လဲကျနေသော အေးမြအပေါ် ခွစီးလျက် နားကပ်အား ဖြုတ်၏။

မအေးမြကလည်း ဖြုတ်မရအောင် ကာကွယ်ထား၏။ ဝင်းရွှေမှာ စဉ်းစားချင့်ချိန်နိုင်သော အသိဉာဏ်ကင်းလွတ်နေပြီ ဖြစ်သဖြင့် မအေးမြ၏ မျက်နှာအား လက်သီးဖြင့် နှစ်ချက်ဆင့်၍ထိုးချလိုက်ရာ မအေးမြမှာ သတိလစ် မေ့မြောသွားလေ၏။ ထိုအခါ ဝင်းရွှေသည် နားတောင်းအား ဖြုတ်ယူ၍ အိမ်ပေါ်မှ ဆင်းသွားလေတော့၏။

ဒေါ်လှမေသည် သမီးကြီးဖြစ်သူ မညွှန့်ရီ၏ သားလတ် နေမကောင်းဖြစ်



www.burmeseclassic.com

www.burmeseclassic.com

သည်ဆို၍ သွားရောက်ကြည့်ပြီး အိမ်သို့ ပြန်လာခဲ့၏။ အိမ်ပေါ်သို့တက်လာချိန် မြင်တွေ့လိုက်ရသည့် မြင်ကွင်းက မျက်နှာတစ်ပြင်လုံး အညိုအမည်းစွဲ၍ ဖူးရောင်နေသော မျက်နှာဖြင့် ပါးစပ်မှ သွေးများစီးကျနေသော မအေးမြကို မြင်လိုက်ရသောကြောင့် မေးလိုက်လေ၏။

"ဟဲ့, သမီး၊ မျက်နှာမှာလဲ ဒဏ်ရာတွေနဲ့ ဖူးရောင်နေလို့ပါလား၊ ဘာတွေဖြစ်ကြလို့လဲ၊ အမေ့ကို ပြောပြစမ်းပါဦး၊ အမေ ရင်တွေ တုန်လိုက်တာဟယ်"

မအေးမြသည် မျက်ရည်များ စီးကျလာပြီး ငိုရှိုက်လျက်. . .

"အမေ့သားပေါ့အမေရယ်၊ သမီးနားကပ်ကို တောင်းလို့ မရတဲ့အတွက် သမီးမျက်နှာကို လက်သီးနဲ့ထိုးပြီး သမီးသတိမေ့သွားတဲ့အချိန် နားကပ်ကိုဖြုတ်ယူပြီး အိမ်ကဆင်းသွားတယ်ထင်တယ်၊ အခု သမီးမှာ သွားနှစ်ချောင်း ကျိုးသွားတယ် အမေရယ်၊ သမီး သူနဲ့အတူ မနေတော့ဘူး၊ သမီး အမေတို့အိမ်ကို ပြန်တော့မယ်၊ ဒီလောက် အနှိပ်စက်ခံရပြီးမှတော့ သမီး သူနဲ့အတူမနေချင်တော့ဘူး၊ သမီးကို ခွင့်လွှတ်ပါနော်၊ သမီး အမေပြန်လာအောင် စောင့်နေတာပါ၊ သမီး သွားတော့မယ်၊ သမီး အမေ့ကို ကန်တော့ခဲ့ပါတယ်"

မအေးမြသည် ဒေါ်လှမေအား ကန်တော့ပြီး သူ့အနီးတွင် အဆင်သင့်ချထားသော အဝတ်အိတ်အား ခေါင်းပေါ်တွင် ရွက်၍ သားငယ်အား ရင်ခွင်တွင်ပွေ့ချီလျက် အိမ်ပေါ်မှဆင်း၍ခြံပြင်သို့ တရွေ့ရွေ့ထွက်ခွာသွားလေ၏။

အိမ်ပေါ်မှ ဆင်းသွားလေသော မအေးမြနှင့် မြေးငယ်အား ကြည့်ပြီး မျက်လုံးအိမ်အတွင်းမှ မျက်ရည်များ စီးဆင်းလာသည်ကို အင်္ကျီလက်မောင်းဖြင့် သုတ်ရင်း ဒေါ်လှမေ တစ်ယောက် ကျန်ရစ်လေတော့၏။

နောက်တစ်နေ့တွင် အိမ်သို့ ပြန်လာသော ဝင်းရွှေသည် မယားဖြစ်သူ အိမ်ပေါ်မှ ဆင်းသွားသည်ကို သိရသောအခါ . . .

"သွားကြစမ်း၊ တစ်ယောက်မှ မရှိလေ ကောင်းလေပဲ၊ ဝင်းရွှေတစ်ယောက်တည်းဆိုလေ ပိုကောင်းလေပဲ၊ သွားကြဟေ့ သွားကြ" ဟုပြောဆိုပြီး အိပ်ရာတွင် ခေါင်းထိုး၍အိပ်လေ၏။

ဇနီးနှင့်သား မရှိလေမှ ဝင်းရွှေ ပို၍ဆိုးလာလေ၏။ ဆိုက်ကားနင်း၍ ရသောငွေကို ဆိုက်ကားအုံနာခ ချန်ပြီး ကျန်ငွေများကို အရက်သောက်ပစ်၏။

မိခင်ကြီးဒေါ်လှမေမှာ သားဆိုး အမေ တပေပေဆိုသည့် စကားအတိုင်း သားသမီးအပေါ် ထားရှိသည့် မိဘမေတ္တာဖြင့် ခွင့်လွှတ်မြဲချစ်မြဲ သည်းခံမြဲပင်။ ဝင်းရွှေ၏ဇနီး အိမ်ပေါ်မှဆင်းသွား၍ (၅)လကျော်ကြာသည့်အချိန် ဝင်းရွှေတို့နေသည့် ရပ်ကွက်တွင် နာရေးတစ်ခု ဖြစ်၏။

သေဆုံးသူမှာ အသက်(၈၀) ကျော် အရွယ်ဖြစ်ပြီး သားသမီးနှစ်ယောက်သာရှိ၍ စီးပွားရေး မပြေလည်ရှာသောကြောင့် ရပ်ကွက်အတွင်းရှိကြသော လူများမှာ အသုဘစရိတ် ရရှိစေရန် ဖဲဝိုင်းထောင်ပြီး အကောက်ကောက်ပေးကြ၏။

အသုဘအိမ်တွင် ဖဲဝိုင်းကောင်းသောကြောင့် ဖဲသမားများနှင့် စည်ကားနေသည်။ သောင်းသိန်းချီ၍ အနိုင်အရှုံးကစားနေကြသည်ကို ဝင်းရွှေ မြင်တွေ့ရလေလျှင် ပင်ကိုဗီဇကပင် လောင်းကစားဝါသနာပါသော ဝင်းရွှေ မနေနိုင်မထိုင်နိုင်ဖြစ်လာပြီး ဖဲကစားရန် လိုအပ်သောငွေရရှိနိုင်မည့် နည်းလမ်းအား စဉ်းစားလေ၏။

မယားဖြစ်သူထံမှ ချွတ်ယူခဲ့သော နားကပ်မှာလည်း အပေါင်ဆုံးသွားလေပြီဖြစ်သည်။ မိမိတွင် တန်ဖိုးရှိသည့် ပစ္စည်း ဘာတစ်ခုမျှ မရှိချေ။ စဉ်းစားနေစဉ် အကြံတစ်ခုပေါ်လာ၏။ ပေါ်လာသည့်အကြံအား အကောင်အထည်ဖော်ရန် ဆိုက်ကားပေါ်တက်၍ မိမိ၏ အိမ်ဘက်သို့ နင်းလာခဲ့လေ၏။

အိမ်သို့ ရောက်လျှင် အိမ်ပေါ်တွင် ထိုင်နေသော မိခင်ကြီး ဒေါ်လှမေအား. . .

"အမေ၊ ကျုပ် ငွေလိုနေတယ်၊ ဒါကြောင့် ကျုပ်ကို ငွေရှာပေးစမ်းပါ"

"ဟဲ့. . ဝင်းရွှေ ငါ့မှာ ဘယ်က ငွေရှာပေးလို့ရမှာလဲ၊ ထမင်းတောင်မှ ဟိုသားက ပေး၊ ဒီသမီးက ကျွေးနဲ့ စားနေရတာ၊ နင် အသိဆုံးပါ"

"ဟာဗျာ. အမေကလဲ၊ ငွေရှာပေးဖို့ပြောတာက အမေ့ကို လိုက်ရှာဖို့ ခိုင်းတာ မဟုတ်ပါဘူး၊ အမေ့အိမ်နဲ့ ခြံကို ပေါင်ခိုင်းတာပါ၊ လွယ်လွယ်လေးဗျာ"

"ဝင်းရွှေ၊ နင် ဘာစကားပြောတာလဲ၊ ငါ့မှာ ဒီအိမ်နဲ့ခြံလေးပဲ ရှိတာဟဲ့ ဒါလေးတောင်မှ နင့်အဖေ ကောင်းမှုကြောင့် နင့်အဖေရဲ့ အမွေလေးကို နင်မှ လို့ပြောရက်တယ် ဝင်းရွှေရယ်"

ဒေါ်လှမေသည် ငိုသံဖြင့် ပြောရင်း ပါးပြင်ပေါ်သို့ မျက်ရည်များ စီးကျလာ၏။

"ကျုပ်ကို ဘာစကားမှ မပြောနဲ့ဗျာ၊ အဖေ့အမွေတို့ အမေ့အမွေတို့ ကျုပ်ဘာမှ မသိဘူး၊ ကျုပ်သိတာက အခု ကျုပ်ငွေလိုချင်တယ်၊ ဒါကြောင့် ဒီအိမ်နဲ့ ခြံကို အခုချက်ချင်း သွားပြီး ပေါင်ပေး၊ ဒါပဲ ကျုပ်သိတယ်"

"မပေါင်ဘူးဟယ်၊ မပေါင်ဘူး နင်ဟာ လူက မွေးထားတဲ့ခွေး၊ နင် သောက်ဖို့၊ နင် ဖဲကစားဖို့ပဲ သိတဲ့ အကောင်၊ ငါ့ကို ဒုက္ခရောက်အောင် လုပ်မယ့် အကောင်"

ဒေါ်လှမေသည် မျက်ရည်များ တသွင်သွင်စီးကျ၍ ငိုရှိုက်ရင်းပြောနေသည်ကို အရက်မူးနေသော ဝင်းရွှေ၏ မျက်လုံးထဲတွင် သနားစရာအသွင် မမြင်တော့ဘဲ သူ လိုချင်နေသောငွေ အား ရှာမပေးသော ရန်သူအသွင် မြင်လာပြီး. . .

www.burmeseclassic.com

"ခင်ဗျားကြီး ပေးမှာလား၊ မပေးဘူးလား ပြောစမ်းဗျာ၊ ကျက်သဲရေမရှိတဲ့ မျက်နှာနဲ့ မျက်ရည် ကျပြမနေနဲ့၊ ကျက်သရေတုံးတယ်၊ ကျုပ်ကိုအိမ်ပေါင်ပြီး ငွေရှာမပေးရင် ဒီအိမ်ကို မီးရှို့ပစ်မယ် သိလား၊ ကျက်သရေတုံးမကြီး"

"ဝင်းရွှေ၊ နင်ဟာလေ ကြာလေ မိုက်ရိုင်းလေဖြစ်လာပြီ၊ အခုငါ့ခြံထဲက ထွက်သွားစမ်း၊ နင့်လိုသားဆိုးသားမိုက်အယုတ်တမာကောင်မျိုးကို ငါမွေးရတာ ဝမ်းရေစပ်တယ်ဟဲ့၊ သိလား"

"ကျုပ်ကို မိုက်ရိုင်းတယ်၊ အယုတ်တမာကောင် ဟုတ်လား၊ ခင်ဗျားကြီးတို့ အယုတ်တမာတွေက မွေးထားတဲ့ အယုတ်တမာကောင်ပေါ့၊ လူစိတ်ရှိတဲ့ မိဘက မွေးရင် လူကောင်းမွေးမှာပဲ၊ ဒါပေမယ့် ခွေးစိတ်ရှိတဲ့ မိဘကမွေးလာရင် ခွေးစိတ်ပဲ ရှိမှာပေါ့ဗျ"

"နင်, နင် မိုက်ရိုင်းယုတ်မာလှချေလားဟဲ့၊ဒီလောက်မိုက်ရိုင်းတဲ့အကောင် ငါ့လက်နဲ့ အသေသတ်မယ်၊ မိဘကို ခွေးလို့ ပြောတဲ့အကောင်"

ဒေါ်လှမေသည် အသားများ တဆတ်ဆတ် တုန်ယင်လာသည်အထိ ဒေါသထွက်လာပြီး ဝင်းရွှေအားရိုက်ရန် လက်ဖြင့်ရွယ်လိုက်စဉ် ဝင်းရွှေ သူ့အား ရိုက်ရန်ရွယ်လာသည့် လက်အား ဖယ်လိုက်ပြီး ဒေါ်လှမေ၏ ရင်ဘတ်အား သူ၏လက်ဖြင့် ဆောင့်တွန်းလိုက်ရာ ဒေါ်လှမေမှာ ပက်လက်လန်လဲကျသွားလေ၏။ ထိုအချိန်တွင် ဒေါ်လှမေ၏ သားအကြီးဖြစ်သူ ဝင်းအောင် အိမ်ပေါ်သို့ တက်လာပြီး ဝင်းရွှေကို လက်ဖြင့် တွန်းထုတ်လိုက်ပြီး . . .

"ဝင်းရွှေ၊ မင်း, သိပ်ပြီး မိုက်နေတယ်ပေါ့လေ၊ ဟုတ်လား အမေအိုကြီးကိုတောင်မှ လက်နဲ့ထိလို့ ကာယကံမြောက် ကျူးလွန်ရဲနေပြီပေါ့။

မင်းအကြောင်းတွေ ငါကြားနေရတာကြာပြီ၊ ခုမှ လက်တွေ့မြင်ရတော့တယ်၊ ဟော့ကောင် မင်း မိုက်တယ်ဆိုရင် လာခဲ့လေကွာ၊ လာခဲ့ ငါ့ကို လာထိုး လှည့်၊ မင်းကွာ ခွေးထက်မိုက်တဲ့ကောင်"

အစ်ကိုကြီး ဖြစ်သူအား ငယ်ကြောက် ဖြစ်သည့်အတွက် ဘာမှပြန်မပြောရဲသော်လည်း ပေစောင်းစောင်းဖြင့် ကြည့်နေသောကြောင့် အစ်ကိုကြီး ကိုဝင်းအောင်က. . .

"ဟော့ကောင် ဝင်းရွှေ၊ အခုအိမ်ပေါ်က ဆင်းသွားစမ်းကွာ၊ ကြာရင် ငါ ဆွဲထိုးမိလိမ့်မယ်၊ အမေ့ကို ကျွန်တော်တို့အိမ်မှာ လာနေပါဆိုတော့လဲ လာမနေဘူး၊ ဒီသားအငယ်ဆုံးကောင်နဲ့ပဲ ကပ်နေပြီး ဒုက္ခခံနေတယ်"

"ဩော်, သားကြီးရယ်၊ မင်းညီလေးက ငယ်သေးလို့ မိုက်နေတာပါကွယ်၊ အသက်ကလေး ကြီးလာရင် လိမ္မာလာမှာပါကွယ်"

"နွားချို(ဂျို)ညစ်လို့ နွားနို့ထွက်ချင် ထွက်လာလိမ့်မယ်၊ ဝင်းရွှေကတော့ ဒီတစ်သက် လိမ္မာလာမှာ မဟုတ်ပါဘူး အမေရယ် "

"အမေ ဘာပြောရမှန်း မသိတော့ပါဘူး သားကြီးရယ်၊ ဒီပုံစံအတိုင်းဆိုရင် တစ်နေ့မဟုတ် တစ်နေ့ ဒီကောင် ဒုက္ခရောက်လိမ့်မယ်"

"ဟုတ်တယ် အမေ၊ ဒီကောင် အရက်သောက်တာ ကျွန်တော် ဘာမှ မပြောလိုပါဘူး၊ ဒါပေမယ့် အမေ့ကို ကိုယ်ထိလက်ရောက် စော်ကားတာကတော့ မကောင်းဘူးပေါ့၊ ပဉ္စာနန္တရိယကံ ကြီးထိုက်လိမ့်မယ် အမေ"

ဒေါ်လှမေနှင့် သားကြီး အောင်ဝင်းတို့ စကားပြောနေကြစဉ် ခြံဝမှ. .

"ဒေါ်ကြီးလှမေ ဒေါ်ကြီးလှမေ၊ ဒေါ်ကြီးသား ဝင်းရွှေကို ဆိုင်ကယ်တိုက်မိလို့ အခု ဆေးရုံကို ပို့လိုက်တယ်"

ခြံဝမှ အော်ပြောလိုက်သံကြောင့် ဒေါ်လှမေနှင့် ကိုဝင်းအောင်တို့သည် အိမ်ပေါ်မှ ဆင်းလာပြီး ခြံဝတွင်ရပ်နေသော မောင်လှမြင့်ဆိုသူအား ဒေါ်လှမေက. . .

"ဘာဖြစ်တာလဲ မောင်လှမြင့်၊ ဝင်းရွှေကို ဆိုင်ကယ်တိုက်လို့ ဆေးရုံကို ပို့လိုက်ရတယ် ဟုတ်လား၊ ဘယ်နေရာမှာ အတိုက်ခံရတာလဲ၊ ဒဏ်ရာများလားကွယ်"

"အတိုက်ခံရတာကတော့ ကျွန်တော်တို့ ရပ်ကွက်ထဲက ထွက်တဲ့လမ်းအချိုးအကွေ့မှာ ဝင်းရွှေ နင်းလာတဲ့ ဆိုက်ကားက ကွေ့ပြီးအထွက် လမ်းမကြီး ချိုးဝင်လာတဲ့ ဆိုင်ကယ်နဲ့ တိုက်မိတာလို့ပြောကြတယ်၊ ဒဏ်ရာနည်းလားများလားတော့ မသိဘူး၊ ဝင်းရွှေကတော့ မျက်နှာသွေးတွေရွဲလို့ ဆိုက်ကားပေါ်မှာ ခေါင်းငိုက်စိုက်နဲ့ ဆေးရုံကို ပါသွားတာ မြင်လိုက်ရတာပဲ"

"ဟဲ့, သားကြီး၊ လာလာ အမေတို့ ဆေးရုံလိုက်သွားကြရအောင်"

ဒေါ်လှမေသည် စိုးရိမ်စွာဖြင့် သားကြီး ကိုဝင်းအောင်အား ခေါ်၍ ပြည်သူ့ဆေးရုံကြီးသို့ လာခဲ့ကြလေ၏။

ရန်ကုန် ပြည်သူ့ဆေးရုံကြီးသို့ ရောက်လျှင် တာဝန်ကျသူနာပြုဆရာမလေးအား ဆိုင်ကယ်တိုက်မိသည့် လူနာ အခြေအနေ မေးမြန်း စုံစမ်းကြည့်ရာ သူနာပြုဆရာမက ယောကျ်ားလူနာများ အဆောင်အား လက်ညှိုးညွှန်ပြသောကြောင့် ၎င်းလူနာဆောင်သို့ လာခဲ့ကြ၏။

လူနာဆောင်အတွင်းရှိ ခုတင်တစ်လုံးအနီးတွင် ရပ်ကွက်အတွင်းမှ ဆိုက်ကားသမား သုံးလေးယောက်နှင့် ရုပ်ရည်သန့်သန့် လူရွယ်တစ်ယောက်တို့ ခွေးခြေထိုင်ခုံလေးများတွင် ထိုင်နေကြသည်ကို တွေ့ကြရ၍ အနီးသို့သွား၍ အခြေအနေကို မေးမြန်းကြည့်လိုက်ရာ ဆိုက်ကားသမားတစ်ယောက်က. . .

"ဝင်းရွှေ ကံကောင်းသွားတယ်၊ ဆိုင်ကယ်ကလဲ လမ်းကွေ့ဖြစ်လို့ အရှိန်လျှော့အဝင်မှာ သူ့ဆိုက်ကားက ဆိုင်ကယ်ကို တည့်တည့်ဝင်တိုက်တာ ဆိုင်ကယ်ဘရိတ်အုပ်မြန်လို့ပေါ့၊ မဟုတ်ရင် မလွယ်ဘူး၊ သေတောင်သေနိုင်တယ်"

"ဒါဆိုရင် အခု ဝင်းရွှေ ဘယ်နေရာမှာ ဒဏ်ရာရတာလဲကွဲ"



www.burmeseclassic.com

www.burmeseclassic.com

ဝင်းရွှေ လူနာခုတင်အား ဝိုင်း၍ ထိုင်နေကြသောကြောင့် ဝင်းရွှေ၏ ခြေထောက် နှစ်ချောင်းကိုသာ မြင်ရသဖြင့် မေးလိုက်မိခြင်းဖြစ်၏။

"ဝင်းရွှေ ရတဲ့ဒဏ်ရာက ပါးစပ်မှာပါ၊ ဘယ်ဘက်ပါးက ပါးစပ်ကနေ ကွဲသွားတာ ငါးချက်ချုပ်ရပြီးဘယ်ဘက်အောက်သွားနှစ်ချောင်း ကျိုးသွားတယ်၊ ကျန်တဲ့ဒဏ်ရာက ပွန်းရုံ ပဲ့ရုံလေးပါ၊ ဒီကဆိုင်ကယ်သမားကလဲ သူ့ဆိုင်ကယ်နဲ့ တိုက်မိတာဖြစ်လို့ ဆေးဝါးကုသတဲ့ ကုန်ကျစရိတ်ကို သူအကုန်ခံပြီး ကုသပေးမယ်လို့ ပြောပါတယ် ဒေါ်ကြီး"

"အေးပေါ့ကွယ်၊ ဖြစ်ပြီးကြမှတော့ ဘာတတ်နိုင်ဦးမှာလဲ၊ အင်း, အဒေါ့်သား ဝင်းရွှေဟာ သူပြုလုပ်ခဲ့တဲ့ အပြစ်ဒဏ်ကို ချက်ချင်း နေ့မကူးဘဲ မိနစ်ပိုင်းအတွင်း ခံစားရတာပါကွယ်၊ သားကြီးမောင်ဝင်းအောင် ပြောခဲ့သလို မိဘကို ဝစီကံတင်မကဘဲ ကာယကံမြောက် လက်ထိကျူးလွန်ခဲ့တဲ့ အတွက် 'ပစ္စုပ္ပန္နဝေဒနီယကံ' ချက်ချင်းခံရတာပေါ့ကွယ်၊ ဒီဘဝမှာ ဒီလောက်ပဲခံရပေမယ့် နောင်ဘဝ သံသရာမှာ ဘယ်လိုခံစားရဦးမှာလဲ မသိနိုင်ဘူးလေ၊ ကဲ, ငါ့တူတို့ကိုလဲ ကျေးဇူးတင်ပါတယ်ကွယ်၊ ပြန်ချင်ရင် ပြန်ကြပါတော့၊ ဒေါ်ကြီးတို့ သားအမိနှစ်ယောက် စောင့်ပါ့မယ်"

ဒေါ်လှမေ၏ ပြောစကားအဆုံးတွင် ဆိုက်ကားသမားများနှင့်ဆိုင်ကယ်သမားတို့သည် လူနာဆောင်အတွင်းမှ ထွက်ခွာသွားကြလေတော့၏။

(ဤဇာတ်လမ်းအား ဖတ်ရှုကြသော စာဖတ်ပရိသတ် လူငယ်မောင်မယ်များတွက် အသိတရားလေး တစ်စုံတစ်ခု ရရှိကြသည်ဟုဆိုပါလျှင် စာရေးသူအနေဖြင့် ဈေးရက်ကျူးနပ်ပြီး ကျေနပ်ဝမ်းသာပီတိ ဖြစ်ရပါကြောင်း)

**❒ မင်းမြင့်နိုင်(ဘူးသီးတောင်)**

ငှက်ပျောတောရွာတွင် မြန်မာဆေးဆရာကြီး ဦးဒေဝဆိုလျှင် မသိသူမရှိပေ။ ဘာသာတရား ကိုင်းရှိုင်းပြီး မဟီဒ္ဓိ အထက်လမ်းဂိုဏ်းဝင် တစ်ဦးလည်းဖြစ်သည်။ စုန်း၊ ကဝေ၊ နတ်ဖမ်းစားခြင်းများနှင့် ပယောဂဝေဒနာများကိုလည်း နိုင်နင်းစွာ ကုသနိုင်စွမ်းရှိသည်။

ဦးဒေဝသည် ရှေးအစဉ်အဆက် မြန်မာသမားတော်ကြီးများထံတွင် ငယ်စဉ်ကတည်းက တပည့်ခံ ပညာသင်ယူခဲ့သည်။ ဒေသနာနယ၊ ဘေသဇ္ဇနယ၊ နက္ခတ္တနယ၊ ဝိဇ္ဇာဓရနယ စသည့်အဓိကကျသည့် နယကြီး လေးမျိုးကို တတ်ကျွမ်းခဲ့သူ ဖြစ်သည်။

လူနာများကို စမ်းသပ်ကုသရာတွင်လည်း ရောဂါဖြစ်သော အနီးကြောင်း၊ အဝေးကြောင်းမှ စ၍ အပူအအေးအကြောင်းခံ စိတ်လွန်၊ စိတ်ယုတ်၊ လက္ခဏာများကို သေချာစွာ စမ်းသပ်စစ်ဆေးသည်။ ဓာတ်စာများကိုလည်း တိကျစွာ လမ်းညွှန်ပေးသည်။ ရောဂါဝေဒနာများ ပျောက်ကင်းသက်သာသွားကြသဖြင့် ရွာနီးချုပ်စပ်တွင်သာမက ဝေးလံသော ရပ်ရွာများကပင် ဆေးကုသရန် လာရောက်ပင့်ဆောင်ကြသည်။

ယနေ့တွင်လည်း ခရီးမထွက်မီ ဘုရားဝတ်တက်၊ မေတ္တာပို့ အမျှအတန်းဝေပြီး ထွက်လာသည်။ ဖောင်းကားနေသော ဆေးလွယ်အိတ်ကြီးကို လွယ်ပြီး အိမ်ပေါ်မှ ဆင်းလာခဲ့သည်။

ငှက်ကြီးသိုက်၊ ရေတွင်းကုန်း၊ ကွင်းသာကျေးရွာများတွင် ဆေးကုသရန် ချိန်းဆိုထားသည့် လူနာများ ရှိသည်။ အဆိုပါ ရွာများတွင် ဆေးကုသပေးပြီးနောက် မန်ကျည်းကွင်းရွာသို့ ဆက်သွားမည်။ ထိုရွာတွင် သူ့ညီမလေး ဒေါ်ကြာညိုရှိသည်။ ရွာစဉ်အလိုက် တစ်အိမ်ဝင်၊ တစ်အိမ်ထွက် ဆေးကုသပေးပြီးနောက် မရောက်တာ ကြာပြီဖြစ်သော ညီမလေးဖြစ်သူ ဒေါ်ကြာညိုရှိရာ ရွာသို့ ထွက်လာခဲ့သည်။

ရင်းတိုက်တောရွာမှ ထွက်လာပြီး ညို့မှိုင်းနေသော ထန်းတောကြီးကို ဖြတ်ရလေသည်။ ဦးဒေဝသည် ထန်းတောထဲသို့ဝင်လာရင်း ထန်းပင်စုစုများအောက်တွင် ထန်းလျက်ချက်နေသော တဲတစ်တဲကို တွေ့လိုက်ရသည်။ ရေဆာလာ၍ တဲထဲသို့လှမ်းဝင်လိုက်သည်။

မီးပြဒယ်ကြီးသုံးလုံးအား ဖိုပေါ်တင်၍ ပွက်ပွက်ဆူနေသော ထန်းရည်များကို မွှေနေသည့် မိန်းကလေးတစ်ဦးကို တွေ့ရသည်။

"မိန်းကလေးရယ် ဘကြီး ရေဆာလို့ ဝင်လာတာပါ၊ သောက်ရေလေး တစ်ခွက်လောက်များ ရနိုင်မလားလို့ပါ"

"ရပါတယ် ဘကြီး၊ နေကာလဲ ပူပါတယ်၊ ဒီမှာ ခဏနားလို့ရပါတယ်"

မိန်းကလေးက သစ်သားလက်ကိုင်ရိုးတပ် အုန်းမှုတ်ခွက်နှင့် သောက်ရေခပ်ပေးသည်။

"ကျေးဇူးပါပဲ မိန်းကလေး"

"ထန်းလျက်လေးများ သုံးဆောင်ပါဦး"

"နေပါစေ မိန်းကလေးရယ်၊ ထန်းလျက်တော့ မစားတော့ပါဘူး၊ ထန်းရည်ချိုလေးများ ရရင်တော့ ဘကြီး တစ်ကျိုက် နှစ်ကျိုက်လောက်တော့ သောက်ချင်ပါတယ်"

"ထန်းရည်ချိုကတော့ ခုပဲ ခွင်ပေါ်မှာ ညောင်စေးဖြစ်တော့မယ်၊ ကျွန်မအစ်ကိုကတော့ ထန်းတက်နေတုန်းပဲ၊ နောက်တစ်ခွင် မချက်ခင်တော့ ရမှာပါ၊ ခဏစောင့်ပါ ဘကြီး"

"အေး, အေးပါ မိန်းကလေးရယ်"

ဦးဒေဝသည် ထန်းလျက်ချက် တဲထဲမှနေ၍ အပြင်ဘက်ထန်းတောဆီသို့ လှည့်ကြည့်လိုက်သည်။ ထန်းပင်ပေါ်တွင် ထန်းတက်နေသူ တစ်ဦးကို တွေ့



www.burmeseclassic.com

www.burmeseclassic.com

လိုက်ရသည်။ မိန်းကလေး ပြောသောသူမ အစ်ကိုဆိုတာပဲ ဖြစ်ရမည်။

ထန်းတက်သမားကို ကြည့်ရင်း ဦးဒေဝ စိတ်ထဲတွင် တစ်မျိုးဖြစ်သွားသည်။

ဒီထန်းသမားက မသက်ာစရာကောင်းနေသည်။ ထန်းလျက်ချက်နေသော မိန်းကလေးမှာလည်း ထန်းလျက်ကျခါနီးပြီဖြစ်၍ မအားလပ်အောင် အလုပ်များလျက် ရှိသည်။

ထိုအချိန်မှာပင် စောစောက ထန်းဝင်ပေါ်မှ ထန်းတက်သမား အောက်သို့ ဆင်းလာသည်။

မြူအိုးတွဲများကိုထမ်းပြီး တဲထဲသို့ ဝင်လာသည်။ တဲထဲရှိကွပ်ပျစ်ပေါ်တွင် ထိုင်နေသော ဦးဒေဝကို မြင်လိုက်သည်နှင့် တစ်ပြိုင်နက် မျက်နှာပျက်သွားပြီး ခေါင်းကို လျင်မြန်စွာ ငုံ့လိုက်သည်။

"အတော်ပဲ. . အစ်ကိုရေ၊ ဒီတဘကြီးက ထန်းရည်ချိုလေး သောက်ချင်နေတာ"

ထန်းသမားသည် ဘာမှပြန်မပြောဘဲ မြူအိုးများကို လျင်မြန်စွာချထားခဲ့ပြီး ခေါင်းငုံ့၍ ခပ်သုတ်သုတ်ပြန်ထွက်သွားသည်။

ဦးဒေဝသည် အမူအရာပျက်သွားသော ထန်းသမားကို အကဲခတ်ရင်း စဉ်းစားနေမိသည်။

"ဘကြီး သောက်ပါ၊ သဘောရှိ သောက်ပါ၊ ကျွန်မ ထန်းလျက်အိုး ကျခါနီးနေလို့ ဘကြီးကို စကားမပြောအားသေးဘူး"

"အေးပါ၊ မိန်းကလေးရယ်၊ လုပ်စရာရှိတာသာ လုပ်ပါ"

ဦးဒေဝသည် ထန်းရည်ချို လုံးဝသောက်ချင်စိတ် မရှိတော့ပေ။ လွယ်အိတ်ထဲတွင် ပါလာသော ကွမ်းအစ်ကို ထုတ်ပြီး ကွမ်းစားရင်း စဉ်းစားမိသည်။

"အင်း ဖြစ်နိုင်တယ်၊ ဒီထန်းသမားဟာ လူယောင်ဆောင်နေတဲ့ ဖုတ်ပဲ၊ အကျိုးအကြောင်း သိရအောင် မိန်းကလေးကို မေးကြည့်မှပဲ"

"ဟဲ့, မိန်းကလေး၊ စောစောက ဝင်လာတဲ့ ထန်းသမားဟာ မိန်းကလေးနဲ့ ဘယ်လိုများ တော်စပ်သလဲ"

"ကျွန်မ အစ်ကိုပါ. . . ဘာများဖြစ်လို့လဲ ဘကြီး"

"ဘာမှမဖြစ်ပါဘူးကွယ်၊ ဘကြီးက သိချင်လို့မေးကြည့်တာပါ၊ အစ်ကိုတော်တယ်ဆိုတော့ အစ်ကိုအရင်းပဲလား"

# ကြုံဆုံခဲ့ရမှတ်ကောင်

နန်းကြေ့ဝချှင်





www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ပါတယ်၊ ကျွန်မ အစ်ကို အရင်းပါ၊ ကျွန်မတို့ မွေးချင်းနှစ်ယောက်ပဲ ရှိပါတယ်"

"ဒါနဲ့ မေးလက်စနဲ့ မေးပါရစေဦး၊ စပ်စုတယ်လို့တော့ မထင်ပါနဲ့၊ မိန်းကလေးရဲ့အစ်ကိုက နေထိုင်မကောင်းဖြစ်တာတို့၊ မကျန်းမာတာတို့ ရှိခဲ့ဖူးလား၊ ဘကြီးက ဆေးဆရာမို့လို့ မေးကြည့်တာပါ"

"မရှိပါဘူး ဘကြီး၊ ကျန်းမာတာ ဒေါင်ဒေါင်မြည်နေတာပဲ၊ ထန်းတက်တာပဲကြည့်လေ၊ ကျန်းမာလို့ ထန်းတက်တဲ့အလုပ်ကို လုပ်နိုင်တာပေါ့၊ ဘကြီးရယ်၊ ဘကြီးက ဆေးဆရာလား"

"ဘကြီး နာမည်က ဦးဒေဝပါ"

"ဩော်၊ဟုတ်ပြီ ဘကြီးအကြောင်းကို ကြားဖူးပါတယ်၊ ဆေးကုတဲ့နေရာမှာ နာမည်ကျော် မြန်မာဆေးဆရာကြီးပဲ၊ ကျွန်မအစ်ကိုက ဘာများဖြစ်လို့ပါလဲ ဘကြီးရယ်၊ သူ့မှာ ရောဂါတွေ ဘာတွေ ဖြစ်တာတော့ တစ်ခါမှမတွေ့ဖူးသေးဘူး"

"ဒါဖြင့် ဘကြီးမေးတာကို မိန်းကလေး စိတ်မဆိုးနဲ့နော်"

"ပြောပါ ဘကြီး၊ ကျွန်မ စိတ်မဆိုးတတ်ပါဘူး၊ ဘကြီးက ဘာကိုများ သိချင်လို့ပါလဲ"

"အင်း၊ ဒီလိုရှိတယ် မိန်းကလေး၊ အစ်ကိုနဲ့ အတူတူပဲ နေကြတာလား"

"ဟုတ်ကဲ့ အတူတူပဲ နေကြတယ်"

"ဒါဖြင့် တစ်အိမ်သားတည်းမို့ စားတာ သောက်တာတွေမှာ ထူးခြားတာ မတွေ့မိဘူးလား၊ ဆိုပါတော့၊ သူလို ငါလို ရိုးရိုးပဲ စားသောက်တတ်လား၊ ဒါမှမဟုတ် ငမ်းငမ်းတက် မနရှင့်ရဲ မတင်းတိမ်နိုင်အောင် စားသောက်တတ်သလား၊ ပြောပါ"

ထန်းလျက်ချက်သော မိန်းကလေးသည် ခေတ္တမျှ တွေဝေသွားပြီး အတန်ကြာအောင် တိတ်ဆိတ်သွားသည်။ ပြီးမှ သတိရသွားဟန်နှင့် ပြောလိုက်သည်။

"ဟုတ်ပြီ ဘကြီးရေ၊ ဘကြီး ပြောမှပဲ သတိထားမိတော့တယ်၊ ကျွန်မ အစ်ကို စားပုံသောက်ပုံက အရင်ကလို မဟုတ်ဘူး၊ ပြောင်းတာတော့ ပြောင်းသွားတယ်"

"ဘယ်လို ပြောင်းလဲသွားတာလဲ"

"ဟိုတုန်းက ငါးသား၊ ပုစွန်ဝယ်ချက်ရင် တို့ကာပင့်ကာပဲ စားတယ်၊ ခုနောက်ပိုင်း အဲသလိုမဟုတ်တော့ဘူး၊ အမဲသား၊ ဝက်သား စားချင်တယ်ဆိုပြီး အသည်လာရင် တစ်ပိသာ၊ နှစ်ပိသာ ဝယ်ချက်ရတယ်၊ ချက်ပြီးတော့လဲ တစ်နပ်နဲ့ ကုန်အောင်စားပစ်တာပဲ၊ ထမင်းစားရင် ဝက်သား၊ အမဲသားဟင်း မပါလို့ကတော့ ဆူပူကြိမ်းမောင်းနေတော့တာပဲ၊ သူ့ကိုပဲ ကြောက်နေရတယ်၊ အဲဒါ ဘာဖြစ်လို့ ဒီလို ပြောင်းလဲသွားတယ်ဆိုတာ ကျွန်မတို့လဲ မပြောတတ်ပါဘူး ဘကြီးရယ်"

"အင်း၊ ဟုတ်ပြီ ဘကြီး သိချင်တာက အဲဒါကိုပဲ သိချင်နေတာ၊ နို့ နေပါဦး၊ အဲဒီလို အပြုအမူမျိုးတွေ ဖြစ်လာတာ ဘယ်လောက်ကြာပြီလဲ"

"နှစ်နှစ်ကျော်လောက်တော့ ရှိပြီထင်တယ်"

"ဒါဖြင့် မိန်းကလေးရဲ့ အစ်ကိုမှာ သားမယားရှိလားကွဲ့"

"ရှိပါသော်ကော ဘကြီးရယ်၊ အခု အစ်ကိုကြီးမိန်းမက ကလေးငယ်တာနဲ့ ထန်းလျက် မချက်နိုင်ဘူး၊ ကျွန်မလာပြီး ချက်ပေးနေရတာ၊ ကျွန်မတို့ စကားပြောကောင်းနေလိုက်တာ မိုးတောင်ချုပ်သွားပြီ၊ ဘကြီးက ဘယ်ရွာကိုသွားမှာလဲ"

"မန်ကျည်းကွင်းကို သွားမှာပါ"

"ဟင်၊ ဘယ်သူ့အိမ်ကို သွားမှာလဲ၊ ကျွန်မလဲ မန်ကျည်းကွင်းရွာကပဲလေ"

"ဩော်၊ ဟုတ်လား၊ မန်ကျည်းကွင်းရွာမှာနေတဲ့ ဒေါ်ကြာညိုတို့ အိမ်ကို သွားမှာ၊ ဒေါ်ကြာညိုက ဘကြီးရဲ့ ညီမလေ၊ မရောက်တာကြာလို့ ဒီဘက်ကို လှည့်လာတာ၊ ဒါနဲ့မိန်းကလေးကကော ဒီထန်းတဲမှာပဲ အိပ်ကြတာလား၊ ရွာမပြန်ကြဘူးလား"

"အလုပ်တွေ ပြီးတာနဲ့ ပြန်မှာပါ ဘကြီး"

"ကဲ . . ကဲ၊ လုပ်စရာရှိတာတွေ လုပ်ဦး၊ ဘကြီးလဲ ရွာထဲရောက်မှ နားတော့မယ်၊ ဒါ့ထက် စောစောက ဘကြီး ပြောတဲ့အကြောင်းတွေကို မိန်းကလေးရဲ့ အစ်ကိုကို သွားမပြောနဲ့နော်၊ ဘကြီးကို အဲသလိုပြောပြတဲ့အတွက် ကျေးဇူးတင်တယ်၊ မိန်းကလေးကို ကျေးဇူးဆပ်တဲ့အနေနဲ့ ဟောဒီလက်ဖွဲ့လေး ပေးခဲ့မယ်၊ ဒါကို လည်ပင်းမှာ အမြဲဆွဲထား ဘယ်တော့မှ မဖြုတ်နဲ့၊ ဒီလက်ဖွဲ့ ဆွဲထားလို့ကတော့ စုန်း၊ မှင်စာ၊ တစ္ဆေ သရဲ ဖုတ်သဘက်တွေ မကပ်နိုင်ဘူး မခြောက်လှန့်နိုင်ဘူး၊ ဒါ့ထက် မိန်းကလေး နာမည်က ဘယ်လိုခေါ်လဲ"

"ကျွန်မနာမည် ထွေးမြပါ၊ အမို့ ဒေါ်ကြာညိုနဲ့လဲ သိပါတယ်"

"ဩော်၊မထွေးမြတဲ့လား၊ မထွေးမြ အစ်ကို နာမည်ကကော"

"အစ်ကိုက ကိုခွေးပါ"

"သူ့မိန်းမ နာမည်ကရော"

"သူ့မိန်းမက မနုလို့ ခေါ်ပါတယ်"

"အေးအေး၊ ဒီလောက် သိရရင် ပြည့်စုံပါပြီ၊ ဘကြီး နောက်နေ့တွေကျ မထွေးမြတို့အိမ် လာခဲ့ဦးမယ်"

"ဟုတ်ကဲ့၊ လာခဲ့ပါ ဘကြီး"

ဆေးဆရာကြီး ဦးဒေဝသည် ထန်းလျက်ချက်တဲထဲမှ မထွေးမြကို နှုတ်ဆက်ပြီး ရွာဘက်သို့ ထွက်လာခဲ့သည်။ ဒေါ်ကြာညိုသည် အစ်ကိုဖြစ်သူ ဆေးဆရာကြီး ဦးဒေဝ ရောက်လာသည်ကို ဝမ်းသာပျော်ရွှင်သွားသည်။

စားကောင်း သောက်ဖွယ်ရာများကို ဖွယ်ဖွယ်ရာရာ စီမံပြီး ကျွေး... လေသည်။ စားသောက်ကြပြီးနော... စကားစမြည် ပြောကြသည်။

"မကြာညိုရဲ့ ညီမတို့ရွာမှာ ... ဝင်နေတဲ့ သူတစ်ယောက် ... တွေ့ ... ပါတယ်၊ အဲဒါ သိလား"

www.burmeseclassic.com

www.burmeseclassic.com

"မသိပါဘူး. . အစ်ကိုကြီးရယ်၊ ဘယ်သူများပါလိမ့်"

"ငါ ဒီရွာမရောက်ခင် ထန်းတောထဲက ဖြတ်လာတော့ ထန်းလျက်ချက်တဲ့တဲမှာ တွေ့ခဲ့တာလေ၊ ထန်းသမားကိုခွေးပဲ"

"ဟင်၊ကိုခွေးက လူကောင်းလေးပါ ဘာများဖြစ်လို့ပါလိမ့်"

"ကဲကဲ မကြာညို၊ ကို ခွေးမိန်းမ မနုကို ခေါ်တာ သွားခေါ်လိုက်ချေ၊ ငါ သေချာမေးကြည့်ချင်သေးတယ်"

ဒေါ်ကြာညိုအား မနုကို သွားခေါ် ခိုင်းလိုက်ရာ မကြာမီ အိမ်သို့ ရောက်လာကြသည်။

"မနုရေ၊ ဒါက ငါ့အစ်ကိုကြီး ဆေးဆရာ ဦးဒေဝပဲ၊ မေးစရာလေးတွေ ရှိလို့ ခေါ်လိုက်ရတာ၊ ဘာမှ စိုးရိမ်စရာ မရှိဘူး၊ ရှေ့တိုး ဆရာကြီးအနား သွားထိုင်"

"ဆရာကြီးရယ် ကျွန်မကို ဘာကိစ္စများရှိလို့ ခေါ်ရပါသလဲ"

"ဩော်၊ ဒီလိုပါတူမရယ် မေးစရာလေးရှိတာက တခြားအကြောင်းမဟုတ်ပါဘူး၊ တူမရဲ့ ယောကျ်ား ကိုခွေးဟာ ဘယ်လို ဝေဒနာရောဂါတွေ ဖြစ်ဖူးလဲ၊ သိသလောက် သေချာစဉ်းစားပြီး ဆရာ့ကို ပြောပါ"

"ဆရာကြီးရယ်၊ ကျွန်မဖြင့် ဆရာကြီးမေးလို့သာ ပြောရတာ၊ ရောဂါဝေဒနာမပြောနဲ့ တစ်ခါမှ ဖျားနာဖူးတာတောင်မရှိပါဘူး ဆရာကြီးရယ်"

"မဟုတ်သေးဘူး. . . တူမကြီးရဲ့၊ သေချာစဉ်းစားကြည့်ပါဦး၊ ထန်းတောထဲမှာ ထိတ်ခနဲ လန့်ခနဲ လိပ်ပြာလွင့်သွားအောင် ဖြစ်တာမျိုးဖြစ်ခဲ့ဖူးလား"

"ဩော်. . ဟုတ်ပါရဲ့၊ ဆရာကြီးပြောမှ သွားသတိရတယ်၊ လွန်ခဲ့တဲ့နှစ်နှစ်လောက်က ထန်းတောထဲမှာ ကျွန်မ မြူအိုးကောက်နေတုန်း 'ဗုန်း'ဆိုကျတဲ့ အသံကြီး ကြားလိုက်ရပြီး သွားကြည့်တော့ ကိုခွေး ထန်းပင်ပေါ်က ပြုတ်ကျတာ၊ ကျွန်မလဲ စိုးရိမ်သွားပြီး ကိုခွေး ဘယ်မှာနာသွားသေးလဲလို့ မေးတော့ ဘယ်မှာမှ ဘာမှမဖြစ်ဘူးလို့ပြောတာပဲ၊ သူ့ကြည့်တော့လဲ ဘာဒဏ်ရာမှ မတွေ့ဘူး၊ အဲဒါ ဘယ်လိုဖြစ်တာလဲ ဆရာကြီး"

"ဒီလို တူမကြီးရဲ့၊ မနေ့က ထန်းတောထဲ ဖြတ်လာရင်း တူမကြီးတို့ ထန်းလျက်ချက်တဲ့ တဲထဲကို ရေဆာလို့ ရေဝင်သောက်ရင်း ကိုခွေးနဲ့ သူ့နှမ ထွေးမြကို တွေ့ခဲ့ရတယ်၊ ကိုခွေးကို တွေ့တော့ ဖုတ်ဝင်နေတယ် ထင်ရတယ်၊ အဲ့ဒါကြောင့် တူမကြီးကို သေချာအောင် မေးကြည့်တာ"

မနုသည် အံ့ဩထိတ်လန့်သော မျက်နှာနှင့် ဦးဒေဝအား စိုက်ကြည့်လိုက်သည်။ သူမတစ်ကိုယ်လုံးမှာ ကြက်သီးများထကာ ကြောက်ရွံ့ပြီး အသားများ တဆတ်ဆတ် တုန်ယင်လာသည်။

"ဒါဖြင့်ဆရာရယ်၊ ကျွန်မ ကြောက်တယ်၊ ဘာမှလဲ မလုပ်တတ်ဘူး၊ အဲဒီဖုတ် ထွက်သွားအောင် ကုသပေးပါ ဆရာကြီးရယ်"

"ဆရာ့အနေနဲ့ ဒါက မခက်ပါဘူး၊ ဖုတ်ထွက်သွားအောင် လုပ်ပေးလို့ ရပါတယ်၊ ခက်တာက ဒီအတိုင်းနေတာ ကောင်းလိမ့်မယ်ထင်တယ်"

"အို့၊ မဟုတ်တာဘဲ ဆရာကြီးရယ်၊ ဖုတ်ဝင်နေတာကို ကျွန်မ အတူမနေရဲပါဘူး၊ ဆရာကြီးကျေးဇူးကို မမေ့ပါဘူး။ ဒီအတိုင်းသာဆိုရင် အတူတူနေဖို့ဝေးရော သူ့မျက်နှာကို စေ့စေ့မကြည့်ရဲတော့ဘူး"

ဦးဒေဝ စိတ်ထဲတွင် ပြောမိတာ များများသွားပလားဟု တွေးမိရင်း စိတ်မကောင်းဖြစ်သွားသည်။

"ကဲကဲ. . တူမကြီး စိတ်ချမ်းသာအောင် လုပ်ပေးပါ့မယ်၊ ဒါပေမယ့် အဲဒီဖုတ်ထွက်သွားရင် လူနာကို ညှဉ်းပန်းနှိပ်စက်ထားလို့ ဘယ်လိုအဖြစ်မျိုး ရောက်မယ်ဆိုတာမပြောနိုင်ဘူး၊

နှစ်နှစ်လောက် ကြာပြီဆိုတော့ တူမကြီးရဲ့ယောကျ်ား ကိုခွေး အသက်ရှင်ချင်မှ ရှင်တော့မှာ"

"ကျွန်မ ကုသိုလ်ကံပဲပေါ့ ဆရာကြီးရယ်၊ အသက်သေမယ်ဆိုလဲ သေပါစေတော့၊ ဒီလို ဖုတ်ဝင်နေတဲ့လူနဲ့တော့ ကျွန်မ မနေရဲပါဘူး"

ဆရာကြီးဦးဒေဝသည် ဆေးလွယ်အိတ်ကြီးထဲမှ မိုင်းကိုင်စက္ကူတစ်ချပ်ကို ထုတ်ယူပြီး အင်းချသည်။

"ငါ့တူမ၊ ဒီအင်းချပ်ကို သူ့ ခေါင်းရင်းအမြင့်မှာထား၊ ဒီဆေးမှုန့်တွေက တော့ သူအိပ်တဲ့ အိပ်ရာအောက်မှာ မသိမသာဖြူးထား၊ ဒီတစ်ည သူနဲ့ခွဲပြီး အိပ်၊ မနက်ကျတော့ ဘာတွေ ထူးခြားတယ်ဆိုတာ ဆရာ့ဆီအကျိုးအကြောင်း ပြန်ပြောကြပေါ့"

"ဟုတ်ကဲ့ပါ ဆရာကြီး"

နောက်တစ်နေ့ မနက်တွင် မနုအိမ်မှ အော်ဟစ်ငိုသံများကို ကြားလိုက်ရသဖြင့် ရွာမှလူများ ရောက်ရှိလာကြသည်။ ဆရာကြီး ဦးဒေဝကိုယ်တိုင် သွားရောက်ကြည့်ရှုရာတွင် ကိုခွေး၏ အလောင်းမှာ အရိုးပေါ် အရေတင် လျက် သေဆုံးနေပေသည်။

အရုဏ်တက်လင်းအားကြီး အချိန်၊ မွန်းတည့်ချိန်၊ နေဝင်ရီတရော နွားရိုင်းသွင်းချိန်၊ သန်းခေါင်ယံအချိန်များတွင် မကောင်းဆိုးဝါး ဖုတ်၊ ပြိတ္တာ၊ ကျတ်၊ ပြိတ္တာတို့ သွားလာ ကျက်စားတတ်ကြသည်။ မကောင်းဆိုးဝါးများ သွားလာနေစဉ် နာတာရှည် ရောဂါဝေဒနာသည်များ၊ ရုတ်ခြည်း သေဆုံးသူများနှင့် တိုက်ဆိုင်လျှင် ဖုတ်ဝင်သည်ဟု ပြောဆိုတတ်ကြသည်။

ဖုတ်ဝင်သူ၏ အိပ်ရာအောက်တွင် ဩဇာရွက်ခင်းခြင်း၊ ဘုရားအင်္ဂတေခင်းခြင်း၊ ခေါင်းအုံးအောက်၌ လွှာဖိနပ်ထိုးခြင်း၊ လက်ဖွဲ့ချည်ပေးခြင်းများ ပြုလုပ်ပါက ဖုတ်ထွက်၍ အသက်ကုန်သွားပေသည်။ ထိုနေ့မှစ၍ မထွေးမြ လည်ပင်းတွင် ဆရာကြီးဦးဒေဝ ပေးထားခဲ့သည့် လက်ဖွဲ့လေးအား အမြဲတမ်း ဆွဲထားသည်ကို တွေ့နေပေတော့သည်။

❑ နန်းကြည်သျှင်

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

## (၁)

သက်ပိုင်ဦး အပြုံးမှာ တစ်ခုခု စူးဝင်နေသည်ဟု ပယင်း ထင်သည်။

"ဘယ်လိုပြုံးလိုက်တာလဲ ပိုင်ဦး"

ပယင်းဆိုလိုချက်ကို သက်ပိုင်ဦး နားမလည်။ သူ တစ်ခုခုမှားယွင်းသွားပြီ ဟုတော့ ချက်ချင်းသဘောပေါက်လိုက်သည်။

"ငါ ရိုးရိုးပဲ ပြုံးလိုက်တာပါဟာ၊ နင်ကလဲ"

"လုပ်မနေနဲ့ ပိုင်ဦး၊ ငါက ချက်ဆိုတာနဲ့ နားခွက်က မီးတောက်တယ်ဆိုတာမျိုးထက် သာတယ်၊ ဘာသံမှ မမြည်လိုက်ဘဲ ရဲခနဲ မီးထတောက်တဲ့ ဝက်စ်မီးဖို"

ပယင်း လက်ဖျောက်ကလေး တီးပြီး ပြောလိုက်မှ သက်ပိုင်ဦး သတိရတော့သည်။ ဟုတ်တယ်၊ ပယင်းက အကင်းပါးတယ်၊ သူ့ကို ညာလို့မရဘူး။

"ဟိုလေ နင့်မျက်လုံးတွေ မြင်လိုက်တော့ မာမီမေပြောတာ သတိရလို့"

"ဘာ"

ထပ်မံ၍ မှားသွားပြန်ကြောင်း ထောင်းခနဲထလာသောပယင်း၏ဒေါသ ချက်နှာကို မြင်မှ သက်ပိုင်ဦး သတိရတော့သည်။

"ပြော၊ နင့်အမေက ဘာပြောလဲ"

"ဟို. . . အဲ ဟိုဒင်း"

ဘယ်လို ရှင်းပြရမလဲ ပယင်းရယ်။

"ဒီကလေးမကို မာမီ ကြည့်မရဘူး သားဦး၊ ဘယ့်နှယ်ကွယ် မျက်လုံးတွေများ ကုလားမကာခြယ်တွေ ဆိုးဆေးလိုက်တာ မဲသဲနေတာပဲ၊ အလကား နေရင်းလဲ မျက်ခုံးမွေးတွေ တစ်ပင်ချင်း ထောင်ဆွဲထားသေး၊ အရုပ်လိုမျက်နှာနဲ့ ကျောင်းသူဟာ ကျောင်းသူလို မနေဘူး၊ အောင်ပါလိမ့်မယ် စာမေးပွဲ၊ သားဦး နော် သင်းနဲ့ အရောမဝင်နဲ့"

သက်ပိုင်ဦးအမေ ကျောင်းဆရာမကြီး ဒေါ်တင်တင်သန့်၏ ဒီစကားရပ်ကို ပယင်းအား ဘယ်သို့ ပြောပြရပါမည်နည်း။

ရိုးသားသော မျက်မှာသေလေး နှင့် မအီမလည်ဖြစ်နေသော သက်ပိုင်ဦးကို ပယင်း သနားပြီး ထပ်မမေးတော့ပါ။ ဒါပေမယ့် ပယင်း သိလိုက်ပါပြီ။ သူ အလှပြင်ဆင်တာ လွန်ကဲသည်ဟု ဝေဖန်လိမ့်မည်ဟု။

"နင့်အမေ အဲ. . . ဆရာမက ငါ့ကို ကြည့်မရဘူး ပိုင်ဦး"

"မာမီမေက နင့်ကို ကောင်းစေချင်လို့ပါ ပယင်းရယ်"

"ဟင်. . . ဘာရယ်၊ ငါက ဘာဖြစ်နေလို့လဲ"

အို. . . သနားစရာ သက်ပိုင်ဦး လေး၊ ပြောလေ ဆိုးလေ ရှင်းလေ ရှုပ်လေမို့ ပါးစပ်ပိတ်ထားတာပဲ ကောင်းမည်ထင်ရဲ့။

"တော်ပြီဟာ၊ ငါမပြောကတ်တော့ဘူး ပယင်း၊ ငါသိတာ တစ်ခုပဲ၊ နင့်ကို မာမီမေက ချစ်စေချင်တယ်၊ နင်ကလဲ မာမီမေကို နားလည်စေချင်တယ်၊ ဒါပါပဲလေ"

ပယင်း သက်ပိုင်ဦးကို မော့ကြည့်လိုက်၏။ ဟုတ်တယ်၊ သက်ပိုင်ဦး မျက်လုံးတွေဟာ ရိုးသားတယ်။ သူ ငါ့ကို ဘာလို့ သူ့အမေနဲ့ ရင်းနှီးနားလည်စေချင်ရတာလဲ။ သိတာပေါ့၊ ပယင်း သိပ်သိတာပေါ့။ သို့သော် ပယင်း သက်ပိုင်ဦးကို စလိချင်လာပြန်၏။ စိတ်မှ မဆိုးတော့တာ။

"ပိုင်ဦး၊ နင်. ဘာလို့ ဆရာမနဲ့ ငါ့ကို ပြေလည်စေချင်တာလဲ ဟင်"

"ပြေလည်တော့ ပိုလွယ်တာပေါ့"

"ဘာရယ်"

"ဟို ဟိုလေ. . . နင် စာမေးပွဲမှာ ငါ့အမေ သင်တဲ့ မြန်မာစာမှာ ပိုလွယ်"

"ဘာမှမဆိုင်၊ မဆီလေးရယ်မှ အို မဆိုင်၊ ဘာဆိုင် ထီးဆိုင် ဖိနပ်ဆိုင်"

ပယင်း ရွတ်နောက်နောက်လုပ်လေ သက်ပိုင်ဦး ရှူးရလေပင်။ ပယင်း ရယ်၊ နင့်ကို ငါချစ်တော့ နင့်ကို ငါ့အမေတလည်း ချစ်စေချင်တာပေါ့လို့ ပြောရဲချင်လိုက်တာ။

နားရွက်ဖျားလေးများ နီတွတ်သည်အထိ အရှက်ပိုကာ အခက်ကြုံနေသော သက်ပိုင်ဦးကို ပယင်း နားလည်လှပါသည်။ ပြီးတော့ ရိုးအေးသော ပိုင်ဦးကို ပယင်း သနားသည်။

"အေးပါ ပိုင်ဦးရယ်၊ မပူပါနဲ့၊ မြန်မာစာလဲ ငါ တော်အောင်လုပ်နေပါတယ်"

"နင် တော်မှန်း ငါသိပါတယ် ပယင်းရယ်၊ တော်တာထက်ပိုပြီး ဂုဏ်ထူးပါ ထွက်စေချင်လို့"

သက်ပိုင်ဦး ဒါပဲ ပြောနိုင်ပြီး မြေကြီးကိုငုံ့ကြည့်နေလိုက်၏။ ကတ္တီပါ ဖိနပ် ရေညှိစိမ်းပေါ်မှ ပယင်း၏ မြွေခွံရောင်ခြေသည်းချွန်လေးများ၊ ညာဘက်ခြေမ ငွေ[illegible]ာင်ပေါ်တွင် သေသေသပ်သပ် ရေးဆွဲထားသော အသည်းပုံ[illegible] လေးများ။

"သြော် . . . ပယင်းရယ်"

ဒီလို အလှအပ တီထွင်မှုများကြောင့်လည်း နာမည်ကျော်တာထင်ရဲ့။

## (၂)

"အမယ်၊ ဒါတင် ဘာဟုတ်သေးလဲ မာမီ၊ ထုဘီအောက်နားကို အဟလေး လုပ်ပြီး ကြယ်သီးနက်လေးတွေ တပ်ဝတ်တာ မာမီ မမြင်သေးလို့"

"တေ"

ဒေါ်တင်တင်သန့် မျက်မှန်ကို ပင့်တင်လိုက်ပြီး အံ့ဩတကြီးဖြစ်နေလေ

www.burmeseclassic.com

ဘော်လီနောက်ကျောကြီးကို ရှေးခေတ်ကလို ကြက်ခြေခတ်ပြီးဝတ်သောပယင်းလှဲ့အကြောင်း စကားစပ် ပြောမိရာမှ သက်ပိုင်ဦးနှင့် အထက်အောက် သမီးငယ် ခက်နိုင်ထူးက သူမြင်သမျှ တင်ပြလာသည်။

သနပ်ခါးပါးကွက်ကို စက်ဝိုင်းပုံ၊ အသည်းပုံ၊ သစ်ရွက်ပုံလေးတွေကွက်တာ၊ လွယ်အိတ်ကြိုးမှာ သူ့စာတ်ပုံလေးတွေ သော့ချိတ်လေးတွေ အများကြီး ချိတ်ဆွဲထားတာ၊ ဆံပင်ကို တစောင်းစည်းတာ၊ သားရေကွင်းရောင်စုံလေးတွေနဲ့ ဆံပင်ကို အရစ်အရစ်ဖော်စည်းတာ၊ ကျစ်ဆံမြီးမျိုးစုံ ကျစ်တာ၊ ဖိနပ်သဲကြိုးမှာ ဖဲပွင့်လေးတွေချည်တာ၊ နားဆွဲကို တစ်ဖက်တည်း ဆွဲတာ၊ လက်မမှာ လက်စွပ် အဆန်းလေးတွေစွပ်တာ၊ ဘောလ်ပင်ကို မီးနဲ့အပူပေးပြီး ပုံဖော်ကိုင်တာ၊ ကွန်ပါဘူးအဖုံးမှာ နှုတ်ခမ်းရာလေးတွေ ကပ်ထားတာ စသည်စသည်။

"တော်တော့ ခက်ငယ်၊ မာမီ ခေါင်းမူးလာပြီ"

"မမူးပါနဲ့ မာမီ၊ သမီးဖြင့် အဲဒီမမကို လိုက်ငေးရတာအမော၊ တစ်နေ့တစ်နေ့ သူ ဘာများ အဆန်းထွင်လာမလဲလို့ စောင့်ကြည့်နေရတာ"

ခက်နိုင်ထူးရယ်လေ ဒေါ်ကြင်တင်သန် ...မရလေပင်။

"အားမကျလေနဲ့ သမီး၊ သူ ဘာတွေပဲပြင်ပြင် ကျောင်းသူဘဝမှာ အတုယူစရာမဟုတ်ဘူး၊ စာပဲ ကြိုးစားစမ်းခက်ငယ်"

ကျောင်းသားတိုင်း အကြောက်ကြီးကြောက်ရသော ဆရာမကြီးကိုသမီးငယ်ကဖြင့် စောဒကတက်လိုက်သေး။

"အို မာမီကလဲ၊ မမပယင်းက စာလဲတော်ဆို၊ ရှစ်တန်းတုန်းက ငါးဘာသာ ဂုဏ်ထူးတဲ့၊ စာစီစာကုံးရေးတာလဲ သိပ်ကောင်း၊ စကားရည်လုပွဲမှာလဲ အမြဲဆုရတာတဲ့"

ဟင်. . . ဒါတွေကို ရှစ်တန်းကျောင်းသူ သမီးလေး ဘယ်လိုသိပါလိမ့်။ အင်း. . . သားဦး ပြောထား၍ပဲဖြစ်မည်။ သားဟာ ဒီကလေးမဆို သိပ်ခင်တယ်။ သိပ်လည်း အထင်ကြီးတယ်။ ပယင်းကလည်း ပယင်းပါပဲ။ အလှအပစတန့်မျိုးစုံထွင်သည့်ကြားက စာတော့ တော်ပေသား။

အင်း . . . အလှပြင်ချိန်ကို ဒီ့ထက်လျှော့ချလိုက်ရင်ဖြင့် တက္ကသိုလ်ကို ဆေးလိုင်းက တန်းဝင်မှာပဲ။ မင်းရုပ်လေးဟာ မပြစ်မဆင် ရိုးရိုးနေလည်း လှတာပါပဲလို့ သူ့ကို ဘယ်လိုပြောရပါ့။ အရပ်အမောင်း သွယ်လျပြီး အသားအရေ စိုပြည်တာ၊ မျက်လုံးမျက်ဖန် နက်မှောင်ပြီး မျက်နှာကျ ပြေပြစ်တာတွေဟာ သဘာဝကပေးတဲ့ အလှတွေပေါ့ သမီးရယ်။ အမိမြေရင်ခွင်က လှပမွှေးထုံစွာ ဖူးပွင့်ပေးလိုက်တဲ့ နှင်းဆီတစ်ပွင့်ကို ဘာလို့ ဆေးရောင်တွေ ထပ်ခြယ်မလဲကွယ်။ ဘာလို့ ရေမွှေးထပ်ဆွတ်မလဲကွယ်။

ဒါပေမယ့် ပယင်းလှဲ့ကို ဘယ်လိုချုပ်ကိုင်ရမလဲ။ ဒေါ်တင်တင်သန့် မစဉ်းစားတတ်။

ပယင်းသည် ကျောင်းစည်းကမ်းကိုလည်း လက်တစ်လုံးကြား ရှောင်ကတတ်သေးသည်။ အင်မတန် လှူရှည်လည်းသည့် ကလေးမ။ ထဘီတိုတိုမဝတ်ရဟု စည်းကမ်းချက်ထုတ်လျှင် သူက ထဘီဖျား ခြေဖမိုးဖုံးလေးမှာ ဇာနားနက်နက်လေးတပ်ကာ ကွန့်လိုက်သေးသည်။ ဘလောက်စ်အင်္ကျီ မဝတ်ရ၊ ရင်စေ့ရင်ဖုံး ဝတ်ရမည်ဆိုလျှင် ကျောင်းဝတ်အင်္ကျီ ရင်ဖုံးလက်ရှည် အဖြူမှာ ပုလဲလုံးဖြူဖြူလေးများ ခပ်ကျဲကျဲ ထိုးဝတ်တတ်၏။ နှုတ်ခမ်းနီမဆိုးရဆိုလျှင် အသားနှင့်ထပ်တူကျသော အရောင်မှဲ့ နှုတ်ခမ်းအရောင်တင်ဆီကို သုတ်လိမ်းခဲ့သည်။ အာဂ ပယင်းလှဲ့။

ပြီး စာလည်းတော်နေပြန်တော့ ဆိုဆုံးမဖို့ ခက်ခဲလှသည်။ တစ်ရပ်ကွက်တည်းသားချင်းမို့ သူ့မိဘများကို သတိပေး တိုင်တန်းမည်ကြံကာရှိသေး။

"ဆရာမရယ်၊ သမီးကလေး အိမ်မှာ အတွေးဆုံးဆိုတော့ သိပ်ဗိုလ်ကျ တာ၊ တက္ကသိုလ်ရောက်နေတဲ့ ပတ္တမြား တို့၊ နီလာတို့ တစ်ထည်ဆို သူလဲ တစ်ထည်ပဲ၊ အဲလိုမှ မဆင်ရင် ရီမို့ကန်းမှာ အဆင့်ကျအောင် လုပ်လိုက်မှာနော်လို့ သူက ခြိမ်းခြောက်သေးတာ၊ အဖေကဆို ဒီသမီးမှ ဒီသမီး၊ အမယ်လေး အဖေ စပို့ရှပ်တွေဆို သူချည်း ယူယူဝတ်တာ မနေ့ကလဲ ယောလုံချည်ဝတ်ချင်ရဲ့ဆိုပြီး ကပ်ချွဲနေလို့ ဖအေ့ယောပုဆိုးလဲ အထက်ဆင့်တပ် ဒေါက်ထည်နဲ့ ဘ၀ ပြောင်းသွားပါကောလား၊ အဟင်း ဟင်း ဟင်း. . ."

ကဲ မအေနှင့်ဖအေက တဟဲဟဲနှင့် သဘောကျစွာ မြှောက်စားထားသော တပည့်မကို ဆရာမ ဘယ်လိုသွန်သင်ရပါ့။ ဒီတော့လည်း ကိုယ့်ဟာပဲ ကိုယ်နိုင်အောင် ထိန်းရမည်ပေါ့။

"သားဦးနော် မာမီမေ မကြိုက် နိုင်တာမျိုးကို ဘာမှ မင်းမလုပ်ရဘူး မိန်းကလေးတွေနဲ့ ရောရောဝင်ဝင်နေ တာ မာမီ မကြိုက်ဘူး၊ အထူးသဖြင့် ပယင်းလှဲ့လို ဆတ်ကော့လတ်ကော့ဆို ပိုမကြိုက်သေး၊ မိန်းကလေးဆိုတာ. ."

သက်ပိုင်ဦးကတော့ မိခင်စကား ကို ဘယ်တုန်းကမှ နားမထောင်မရှိသမို့ ခေါင်းလေးငိုက်ကာ ငြိမ်သက်နေ၏။ သူ့စိတ်မျက်လုံးထဲမှာတော့ ပယင်းသည် ထင်းထင်းလေး လှုပ်ခတ်နေပေသည်။

## (၃)

အတွဲလိုက် အခိုင်လိုက် လှုပ်ခတ်နေသော ပယင်းနားမှ နားဆွဲရှည်ကြီးကို မဥ္ဇူ သဘောကျလှ၏။

"ပယင်း၊ ယူဟာလေ သိပ်တ... နိုင်တာပဲနော်၊ အိုင်ဖြင့် တကယ့်အီးယ... ရင်းအစစ်မှတ်လို့"

"ဟဲ့ ဒါလဲ အစစ်ပဲဥစ္စာ၊ ပယ... လေ မဥ္ဇူမွေးနေ့မှာ ခရမ်းရော... မယ်လို့ စိတ်ကူးတုန်းက ရှိပြီးသား ည... နားကပ် ပဲဒါရောင်လေး ဝတ်မယ်...





www.burmeseclassic.com

www.burmeseclassic.com

အိမ်ကထွက်ခါနီးမှ ဖေဖေ့ကားနောက်ကြည့်မှန်မှာ ချိတ်ထားတဲ့ ဒီစပျစ်ခိုင်လေးလဲမြင်ရော အရောင်လေးကလဲ ခရမ်းပုပ်မို့ ညှပ်နားကပ်မှာချိတ်ပြီး ဆွဲလိုက်တာ"

"အေးဟဲ့၊ တစ်ဖက်တည်းဆိုတော့ အမ်တီဗွီထဲက အဆိုတော်မလေးနဲ့ တူသွားရော"

ထရီဇာအောင်ခိုင် ကလည်း ဖြည့်စွက်ထောက်ခံသည်။ သူငယ်ချင်းမအားလုံးက ဒီကိစ္စတွေမှာ ပယင်းကို ဆရာတင်ကြ၏။ ပယင်းက သူတို့၏ ဖက်ရှင်ဘုရင်မ၊ သူတို့အတွက် အကြံပေးပုဂ္ဂိုလ်၊ ဘယ်နေရာ ဘာဝတ်၊ ဘယ်ခရီး ဘယ်ထီးနှင့်တော်တယ်ဆိုတာ ပယင်းလဲ့ကို မတိုင်ပင်ဘဲ မလုပ်ကြ။

ဆရာ တင်လာသမျှကိုလည်း ပယင်းက အားတက်သရော ကူညီ၏။ လိုအပ်လျှင် သူ့ရှိသမျှပစ္စည်းတွေပါ စိုက်ထုတ် ဆင်ယင်ပေးမြဲ။ ပယင်းမှာ မနာလိုမစ္ဆရိယ မရှိဘူးလေ။ သူများလှသွားလည်း ကြည့်ပြီးကြည်နူးတယ်၊ ကိုယ်လည်း လှချင်တယ်။

"ဒါ့ထက် နေပါဦး၊ ယူ့ပိုင်ဦး အဲသက်ပိုင်ဦးဟာလေ မျက်နှာကြီးကို သုန်မှုန်နေတာပဲ"

"ထွတ်၊ ငါ့ပိုင်ဦး မဟုတ်ပါဘူး မဥ္ဇူရယ်၊ ထားပါလေ ဘာပဲဖြစ်ဖြစ်၊ ငါသူ့ကိုခင်တယ်၊ သူလဲ ငါ့ကိုခင်တယ်၊ သူက ငါ အလှပြင်တာ မကြိုက်ဘူးတဲ့"

"အံမယ် သူလား မကြိုက်တာ၊ နင် ဝင်လာတုန်းကဖြင့် သူ့မှာငေးပြီး ပြုံးဖြီးပြုံးပြုံနေတာပဲ၊ နင့်ရှေ့မှာ ဒံပေါက်ပန်းကန်ချပေးရတာနဲ့၊ ရေခဲမုန့် ကမ်းပေးရတာနဲ့၊ ပြာလို့"

ထရီဇာပြောသလိုပါပဲ။ ပိုင်ဦးဟာလေ၊ ပိုင်ဦးကို မနှစ်မြို့တာတော့ မဟုတ်။ ဒါပေမယ့် နောက်ပိုင်းမှာ ဟုတ်တယ်။ သူ့အမေနှင့် ဆရာမတစ်သိုက် ရောက်လာမှ မျက်နှာကြီး ပုပ်သွားတာ။ "သြော် သမီးတို့တောင် ရောက်နေကြပြီကိုး" လို့ ဒေါ်တင်တင်သန့် ပယင်းတို့ဝိုင်းကို နှုတ်ဆက်ရင်း ပယင်းကို လိုတာထက် ခပ်ကြာကြာလေး (ဒါပေမယ့် မသိမသာ) စိုက်ကြည့်သွားပြီးသည့်နောက်မှာမှပေါ့။

ပယင်းလဲ သိပါပြီလေ။

သို့ပေမယ့် သူငယ်ချင်းမများကို ဘယ်လိုပြောရပ့်။ သူနှင့်ကလည်း ဘာရယ်မှ မဟုတ်သေး။ အဲ မဟုတ်၊ ဟုတ်လာမှာလည်း မဟုတ်ပါဘူးလေ။ သက်ပိုင်ဦး သစ်ငုတ်က ဘယ်လိုမှ လှုပ်လာမှာမဟုတ်သလို ပယင်းကလည်း ဆယ်တန်းမအောင်မချင်း ဘယ်တော့မှ ရည်းစားထားလိမ့်မည်မဟုတ်။ ဒါက ဘယ်သူ့အမိန့်နှင့်မှမဟုတ်သည့် ကိုယ့်ခံယူချက် သံမဏိစည်းမျဉ်း။

"အလိုလေးလေး သက်ပိုင်ဦးအကြောင်းပြောမိတာနဲ့ ငိုင်သွားလိုက်တာ၊ မိပယင်းနော်"

"မဟုတ်ပါဘူးဟဲ့၊ ဒံပေါက်စားတာ များသွားလို့ အီပြီး ငိုက်နေတာပါနော်၊ ပြီးတော့ ငါက အစောကြီးထပြီးလဲ ဒါတွေ ဒါတွေ လုပ်ရသေးတာ"

ပယင်းလဲ ခေါင်းတခါခါ လက်တယမ်းယမ်းဖြင့် အလှပြင်ပုံ လုပ်ပြ၏။ ဒါပေမယ့် ဒီအခြယ်အလှယ်တွေမလုပ်ခင် တစ်နာရီခွဲလောက်က ဘိုင်အိုကျက်ခဲ့တာတော့ လျှို့ထားလိုက်ပါသည်။

"ဟဲ့ ဆရာမကလေ သူ့သားကို သိပ်ချစ်တာတဲ့၊ ခေါ်တာတောင် သားဦးတဲ့၊ ဘာမှန်းလဲ မသိဘူး"

ထရီဇာက ပခုံးတွန့်ပြလိုက်သည်။ ပြီးမှ . . .

"ပိုင်ဦးကကော၊ မာမီဖြင့် မာမီ၊ မေမေဖြင့် မေမေ၊ ဒီလိုမဟုတ်ဘဲ ပတ်ချွဲပြီး မာမီမေတဲ့၊ ဟား ဟား အငယ်မခက်နိုင်ထူးတောင်မှ မာမီပဲ ရိုးရိုးခေါ်တာ"

"သြော် ဒါတော့ မပြောကြပါနဲ့ဟယ်၊ ဆရာမက မုဆိုးမမို့ သူ့သားကို အားလဲကိုးမှာပေါ့"

"မိန်းမ၊ ဒီလိုတော့လဲ ယောက္ခမကြီးဘက်က ရှေ့နေလိုက်ဖော်ရသားပဲ၊ အေးလေ ပယင်းရယ်၊ အလီမွှာရင် အိမ်ပါ အမေတည့်သတဲ့"

မဥ္ဇူကို ခေါင်းအုံးဖြင့် ပယင်းပစ်ပေါက်လိုက်သည်။ မဥ္ဇူက ဖမ်းပွေ့ထားလိုက်ပြီး . . .

"ဆရာမကလေ ပိုင်ဦးတို့အဖေ လေယာဉ်မှူးဘဝနဲ့ လေယာဉ်ပျက်ကျသွားတော့ အသက် ၂၅ နှစ်လောက်ပဲရှိသေးတာတဲ့၊ အဲဒီတုန်းက စာမပြသေးဘူးတဲ့၊ နောက်မှ ဆရာမ ဝင်လုပ်ပြီး သားသမီးတွေကိုကျွေးမွေးစောင့်ရှောက်ခဲ့တာတဲ့၊ နောက်အိမ်ထောင်လဲ မပြုဘူးနော်၊ ဒါပေမယ့် ဆရာမ ခုထိချောတုန်း"

"သူ့သားလိုပဲနော် ဟဲဟဲ"

"အဲဒါကြောင့် နင်တို့ ပိုင်ဦးတို့သားအမိ အဖြစ်သည်းတာကို မလှောင်ကြပါနဲ့လို့ ငါပြောတာပေါ့၊ ပိုင်ဦးတစ်ယောက် သူ့အမေစကား နားထောင်ပြီး အေးအေးနေတာပဲ ငါကြိုက်တယ်"

"ဘာ ဘယ်လို၊ နင်ကြိုက်တယ်"

ပယင်း ပြောချင်ဇောဖြင့်အငိုက်မိသွား၏။ ပယင်း ရှက်ရယ်ရယ်ရင်း. .

"သူ့ကို လူအကောင်လိုက်ကြီး ကြိုက်တယ်ပြောတာ မဟုတ်ပါဘူးဟဲ့၊ သူတို့သားအမိ ချစ်ချစ်ခင်ခင်နေတာကို သဘောကျတယ် ပြောတာပါ" ဟုဖြည့်စွက်လိုက်ရသည်။

"ဟဲ့ ဒါပေမယ့် ဆရာမက စာသင်တော့ တော်တော်ကောင်းတာနော်၊ ဆရာမ မြန်မာစာသင်ရင် ဗဟုသုတလဲရတာပဲ၊ ပျင်းလဲမပျင်းရဘူး၊ ထရီဇာဖြင့် မနေ့က ဆရာမပြောတဲ့ တက္ကသိုလ်ဘုန်းနိုင်ဝတ္ထုတွေကို ဒက်ဒီ့ပြန်ရှာခိုင်းပြီး ဖတ်ကြည့်မိသေးတယ်၊ ကောင်းလိုက်တာတော့"

ဒီနောက်မှာတော့ ဝမ်းနည်းစရာသတင်းကို မွေးနေ့ရှင် မဥ္ဇူတို့အမေက သူငယ်ချင်းတစ်သိုက် တွတ်ထိုးနေသော အိပ်ခန်းထဲဝင်လာပြီး ပေး၏။

"သမီးတို့ဆရာမ ဟို ချောချောခွံ့ခွံ့ဟာ ဘယ်သူ၊ အဲ သူ့သားက သမီးတို့ သူငယ်ချင်းလေ"





www.burmeseclassic.com

www.burmeseclassic.com

"ဒေါ်တင်တင်သန့်လား မာမီ၊ ဘာဖြစ်လို့လဲဟင်"

"သူတို့ ပဲခူးကို အိမ်အမွေရလို့ ပြောင်းတော့မယ်တဲ့လေ၊ ဟိုမှာ သူ့ယောက်ျားဘက်က အမျိုးတွေရှိလို့တဲ့၊ ဆရာမကဲ စာသင်ကောင်းတယ်ဆို သမီးတို့အတွက်တော့ စိတ်မကောင်းစရာပဲ၊ မာမီဖြင့် သူ့မျက်နှာလေးကို သိပ်ကြိုက်တာ၊ ရှင်းသန့်နေတာပဲ"

မဥ္ဇူက ပယင်းကို ပခုံးဖြင့်တိုက်လိုက်ပြီး ခပ်အုပ်အုပ်ပြောသည်။

"ပယင်း၊ ယူတော့ ကြွေပြီ"

## (၄)

အဖြူရောင်ဖြင့် ရှင်းသန့်အောင် စီစဉ်ထားသော အလှပြင်စားပွဲရှည်၏ ထောင့်မှ အချစ်နတ်ဖုရားမ ဗီးနပ်စ်ရုပ်တုလေးကို ပယင်း မကြာခဏ လှမ်းကြည့်မိတတ်သည်။ ပိုင်ဦးပို့ပေးခဲ့သည့် ပဲခူးလက်ဆောင်ပေါ့။ သိပ်အဖိုးမတန်သည့် ပလတ်စတာရုပ်လေးမို့ သန့်ရှင်းရေး လုပ်ပေးရင်လည်း သိပ်မပွတ်တိုက်ရဲ။ နှစ်တွေကြာခဲ့လို့ ဆတ်ခနဲ ကျိုးကျသွားမှာ စိုးမိလို့။

"မမကလဲ သူ့အရုပ်ကို အကယ်ဒမီ ရွှေစင်ရုပ်ကျနေတာပဲ" ဟု တပည့်မတွေက ပြောကြသည်ထိ တန်ဖိုးထားနေမိ၏။ ဒီမနက်လည်း သတို့သမီး ပြင်ပေးရင်း ခဏ ခဏ လှမ်းကြည့်မိရဲ့။ ဘာရယ် မဟုတ်ပါဘူး။

သတို့သမီးက သိပ်တော့ မလှ။ အထူးသဖြင့် မျက်လုံး အားမကောင်းဘူး။ လူမှာ မျက်လုံးက အဓိကပဲနော်။ မျက်လုံးလေး ကြည်တောက်နေရင် တော်ရုံမလှတဲ့မျက်နှာတောင် အသက်ဝင်နေတတ်၏။

ခု သီသီမာက မျက်ရစ်မပါသည့် အပြင် မျက်ဝန်းလည်း မကျယ်လှ။ ဘယ်လို ပြောရမလဲ၊ မျက်အိမ်ကျဉ်းကျဉ်းနှင့် ရှည်မျောမျော မျက်လုံးမျိုး။ "မူရင်းကောင်းမှ မိတ္တူကောင်းမယ်" ဆိုသည့်စကားက ပယင်းတို့အလှဆင်ပြင်သူများအတွက် မမှန်ကန်လှ။ မူလရုပ်အခံ ဘယ်လိုပဲရှိရှိ အလှဆုံးဖြစ်အောင် ဖန်တီးပေးရမည်က ကိုယ့်တာဝန်ပေပဲ။ သိတယ် မဟုတ်လား။ ပယင်းတို့က ဒီဘက်မှာ ကျွမ်းဝင်ပြီးသား။ ငယ်ငယ်ကတည်းက ဘယ်သူမှမခိုင်းဘဲ လုပ်လာခဲ့သည့်အလုပ်။အလုပ်မဟုတ်ပါဘူးလေ၊ ဝါသနာဆိုပါတော့။ ပြီး စေတနာ၊ လှသွားစေချင်သည့် စေတနာလည်းပါရဲ့။

သစ်သားတုံးကြမ်းကြမ်း တစ်ခုကို ပန်းပုထုဆစ်နေရသလိုပါမဲ့။ ချောပြေသွားအောင်၊ ပြီးတော့ ကြွရွလာအောင်၊ နောက်ဆုံးမှာတော့ အသက်ဝင်လာအောင်၊ နဖူးစပ်မှာ ချွေးလေးတစို့စို့ဖြစ်လာသည်အထိ ပယင်း အာရုံစိုက်ကာ ခြယ်မှုန်းနေမိ၏။

မှုန်းရမယ်လေ၊ သီသီမာဟာ ပယင်းတို့အလှပြင်ဆိုင်ရဲ့ အကောင်းဆုံး ဖောက်သည်။ ပြီးတော့ ဆေးလိပ်ခုံပိုင်ရှင်သမီး။ သီသီမာတို့ အလုပ်သမတွေ အားလုံးလည်း ပယင်းတို့ ဖောက်သည်တွေပါပဲ။ ပယင်းလှဲ့ တပည့်မအလှပြင်သင်တန်းသူလေးများကလည်း လိုအပ်တာ ကူညီနိုင်အောင် ပယင်းဘေးမှာအဆင်သင့်ရှိနေကြ၏။ ရှင်းသန့်သော ဂျူတီကုတ်အဖြူလေးတွေ ပန်းနုရောင် လုံချည်ဆင်တူလေးတွေနှင့်။

"သို့မာအကျီလေးက သိပ်လှတာပဲနော်၊ ဝါဝါထိန်ထိန်မဟုတ်ဘဲ ဝင်းဖန့်ဖန့်နဲ့၊ ဆွစ္စလန်ဇာအစစ်မို့ အသားလဲကောင်းပြီး အပွင့်အခက်လေးတွေက ပန်းပွင့်လေးတွေ ကျဲချထားသလို ကြွတက်နေလိုက်တာ"

ပယင်း အလုပ်လုပ်ရင်းဖြင့် သီသီမာ့ကို အားပေးလိုက်၏။ ဒါက စိတ်ဓာတ်စစ်ဆင်ရေး တစ်မျိုးလေ။ အနည်းငယ်ညိုလုလု သီသီမာ့အသားကို ဖုံးလွှမ်းသွားစေဖို့ပေါ့။

"အံမယ် ချုပ်ပေးတဲ့အစ်မလဲ တော်လို့ပါ"

ကိုယ်တိုင်စီစဉ်ချုပ်လုပ်ပြီး ပုလဲစေ့၊ သန္တာစေ့များ ထိုးပေးထားသည်မို့ ပယင်းဆက်မပြောတော့။ ဒါပေမယ့် သီမာ့ တကယ့်အလှကိုလည်း ဖော်ထုတ်ရဦးမည်လေ။

"သီမာက အရပ်အမောင်းနဲ့ အချိုးအဆက် ပြေပြစ်တာကလဲ အဝတ်အစားကို စမတ်ကျစေတာပဲ၊ ဒါတော့ တို့စီစဉ်လို့ မဟုတ်ဘူးလေ၊ သီမာ့ ပင်ကိုအလှ ဟုတ်တယ်ဟုတ်"

သီသီမာ ကျေနပ်စွာပြုံးလိုက်၏။ ဒီအချိန်မှာ သူ တက်ကြွရွှင်လန်းပြီး ယုံကြည်ရဲရင့်နေဖို့ အဓိကပါပဲ။ ကြည်နူးရိပ်ဖြင့် သီမာ့မျက်ဝန်းများ အရည်လဲ့လာပြီလေ။ မျက်လုံးပုံဖော်ရင်း ပယင်းလည်း စိတ်ထဲက ပြုံးမိရသေး။ ပယင်းတို့ငယ်ငယ်က လိုင်နာတွေ၊ ကာချယ်တွေဖြင့် မျက်လုံးကို ခြယ်သခဲ့တာတွေလေ။ ပြီးတော့ ဆရာမကြီး ဒေါ်တင်တင်သန့်၊ ဆရာမ အမြင်ကတ်မယ်ဆိုလည်း ကတ်စရာပါပဲ၊ ပယင်းကလည်း ပယင်း။

တပည့်မများက ပယင်း မျက်လုံးခြယ်နေသည်ကို အသက်မရှူစတမ်း စိုက်ကြည့်နေကြ၏။ ဒီနေရာမှာတော့ ပယင်းက တည်ငြိမ်လှသည်။ သီမာ့ မျက်ဝန်းလေးဟာ ပြေပြစ်စွာ စိုမှောင်ဝင်းတောက်လာပေါ့။

"မျက်လုံးခြယ်တယ် ဆိုတာ အစိမ်းရောင်တွေ ကောက်သုတ်၊ အပြာရောင်တွေ ကောက်သုတ် မဟုတ်ဘူးနော်၊ မဲသဲနေတိုင်းလဲ မျက်လုံးဟာ လှမလာဘူး၊ ခြယ်ရတဲ့ဦးတည်ချက်က ထင်ထင်ရှားရှား သိသိသာသာကြီး မဟုတ်ဘဲနဲ့ မျက်ဝန်းတွေညို့ပြီး အားကောင်းလာဖို့ပဲ။

ရှည်တဲ့မျက်လုံးကို ဝိုင်းလာအောင်၊ ပြူးတဲ့မျက်လုံးကို ပြေသွားအောင်၊ ကျဉ်းတဲ့မျက်လုံးကို ကျယ်လာအောင်၊ တိုပြီး ကျဲပါးတဲ့ မျက်တောင်ကို ထူပြီး ကော့ညွှတ်လာအောင် ပန်းချီဆွဲသလို အနုသေးစိတ် ဂရုစိုက်ရမယ်၊ ပြီးရင် အနီးအဝေး ရှုထောင့်မျိုးစုံကနေ ကြည့်ပေးရမယ်၊ ဖွင့်ခိုင်း ပိတ်ခိုင်းပြီး



www.burmeseclassic.com

www.burmeseclassic.com

ကြည့်ရမယ်၊ သဘာဝက မပေးထားတဲ့ စိမ်းစိမ်းပြာပြာတွေ ထင်ပေါ်မနေစေရဘူး၊ ကျန်းမာရေးကောင်းပြီး ပြာကြည်လဲ့တဲ့ မျက်ဝန်းမျိုးပဲ ဖြစ်လာရမယ်၊ အိမ်နီရဲသဘောဆေးသုတ်သလို မလုပ်ရဘူး၊ လုပ်ယူထားတယ်လို့ မထင်ရအောင် ဝရှုံစိုက်၊ မျက်တောင်တုတွေလဲ ဝန်လေးအောင် မတပ်နဲ့၊ အလိုက်သင့်လေး အားဖြည့်ပေးသလိုသာတပ်"

လုပ်ရင်းကိုင်ရင်း ဖောက်သည်ရှေ့မှာ ထုတ်မပြောပေမယ့် တပည့်မများက သူတို့ ဆရာမ ပယင်းလဲ့၏ သင်ခန်းစာများကို ကိုယ်စီပြန်ကြားယောင်နေမိကြမှာ မလွဲ။

ပါးပြင်ထက်မှာ ဘရပ်ရှ်ရှည်ကြီးဖြင့် အရောင်နည်းနည်း ထပ်တင်လိုက်၏။ ပါးအို့အို့လေးများမှာ ရဲရဲကြီးမဟုတ်ဘဲ မသိမသာ ကြွတက်လာသည်။

"ပန်းသီးကြီးတစ်လုံး ထက်ခြမ်းခြမ်းပြီး ဟိုဘက်ပါး ဒီဘက်ပါး ကပ်ထားသလိုမျိုး ပါးနီကို ရဲရဲဝိုင်းဝိုင်းကြီး ဆိုးရဘူးနော်"

ကိုယ့်ဥပမာကို ကိုယ်ပြန်သတိရကာ စုတ်တံကို လက်မှ ချလိုက်၏။

အဝါရောင်ဝတ်စုံ ဝတ်မှာမို့ ရွှေအိုရောင်နှင့်အသားရောင် နှုတ်ခမ်းနီနှစ်မျိုးစပ်ကာ နှုတ်ခမ်းကို ဖူးကြွလာအောင် ဆိုးယူလိုက်သည်။ အရောင်တင်ဆီ အုပ်လိုက်ချိန်မတော့ သီမာ့နှုတ်ခမ်းတွေဟာ ကျန်းမာစိုပြည်သူတွေရဲ့ ပကတိအလှဖူးဖူးလေးကို ပိုင်ဆိုင်သွားတော့၏။ သီသီမာလည်း မှန်ကို မျက်လုံးဝင့်ကြည့်ပြီး ပီတိပြုံးဖြင့်ပြုံးလိုက်ချိန်မှာ ပယင်း သက်ပြင်းခိုးချလိုက်မိသည်။ စစ်ဆင်ရေးတစ်ခု ဆင်နွှဲလိုက်ရသလိုပါပဲ။ ခုတော့ ဆံထုံး ထုံးရုံပဲ ကျန်တော့၏။ ဒီအချိန်မှာပဲ သီမာ့မိခင် ရောက်လာသည်။

"အမယ်လေး.. ငါ့သမီးလေး လှလိုက်တာ"

"ဒါတောင် ပန်းမပန်ရ၊ အကျီဝတ်ရ ရတနာမဆင်ရသေးဘူးအန်တီ"

ဟု သွက်လက်သောသင်တန်းသူမလေးက ဝင်ပြောပေးသည်။

ပယင်းကတော့ ကျေနပ်ပြုံးဖြင့် ဆံထုံးထုံးဖို့ ပြင်ဆဲ။

"ပယင်းရေ တစ်လက်စတည်းနဲ့ကွယ် သတို့သားအမေကိုပါ ဆံထုံး ထုံးပေးလိုက်ပါဦးကွယ်၊ သူတို့ဘက်တလဲ လိုက်လာကြလိမ့်မယ်၊ ပန်းလဲယူခဲ့တယ်၊ အချိန်မီပါတယ်နော် သမီး"

"ရပါတယ် အန်တီ"

ကိုယ်လုံးပေါ်မှန်ရှေ့မှာ . သီမာ့ကို ပဝါခြုံပေးနေဆဲ ဆံထုံးထုံးမည့် သူ ယောက္ခမလောင်း ရောက်လာသည်။

"သီမာလေးက တကုယ်ယဉ်ပြီး ကျက်သရေရှိလိုက်တာကွယ်၊ သားဦးတို့ သဘောကျလိုက်မယ့် အမျိုး"

ချွေးမချီးမွမ်းခန်းမှာ စကားလုံးအဆန်းတစ်မျိုး ကြားလိုက်ရသည်။ ဆန်းပေမယ့် ရင်ထဲနစ်မြုပ်ဝင်နေသည့် အရိုးဆုံးအဆန်း 'သားဦး' တဲ့။ ပယင်း လှည့်ကြည့်လိုက်တော့ . . .

"ဆရာမ"

"ဟင်. . . မင်း မင်း. . . "

"ဟုတ်ပါတယ်၊ ပယင်းပါ . . . ဆရာမရဲ့ ပယင်းလဲ့လေ၊ ဆရာမတပည့်လေ"

ပယင်းအသံက တုန်ခိုက်လှိုက်လှဲ့နေသည်။ ဆရာမကို မမျှော်လင့်ဘဲ တွေ့လိုက်ရလို့ ပယင်း တကယ်ပဲ ဝမ်းသာလှရဲ့။

ဆရာမကလည်း ရိုးရှင်းသော မျက်နှာဝင်းဝင်းလေးနှင့် ဂျူတီကုတ်အဖြူ ပန်းနုရောင် ပြောင်လုံချည်၊ နဖူးရှင်းအောင် ဆံပင်အားလုံး မြင့်မြင့်လေး စုချည်ထားသော ပယင်းကို မယုံနိုင်စွာ ငေးကြည့်ရင်း ကျေကျေနပ်နပ်ပြုံးနေ၏။

"သမီးရယ်"

"အတော်ပဲ၊ ဆရာမကို သမီးပညာနဲ့ ပြန်ကန်တော့ရမယ်၊ လာပါ ဆရာမ"

ပယင်းက သွက်သွက်လက်လက်ဖြင့် ဒေါ်တင်တင်သန့်ကို ဆံထုံးထုံးဖို့ပြင်သည်။ ဖျက်လတ်ပုံများ စက်နှင့်ဆံထုံးထုံးသလို မြန်လှသည်။ ပြီးတော့ သပ်သပ်ရပ်ရပ် ခံ့ခံ့ညားညား။

"ဆရာမအကြိုက် ရိုးရိုးပဲနော်"

"ရပါတယ် သမီးရယ်"

"မျက်နှာပါ ပြေပြေလေး ပြင်ပေးမယ်နော် ဆရာမ"

"အို ဟင် . . . ဒါ ဒါတော့ မလုပ်ပါနဲ့"

ဆရာမကြီးက ပျာပျာသလဲ ငြင်းဆန်သည်။

"သမီးကို မယုံလို့လား ဆရာမ"

"ယုံပါပြီ သမီးရယ်၊ သမီးကို မြင်လိုက်တာနဲ့ ဆရာမ ယုံပါပြီ၊ ဆရာမက လိမ်းခြယ်လေ့ မရှိလို့ပါ"

စကားမဆုံးခင်မှာပဲ ဆရာမက ပြင်ပြောသည်။

"အို . . . လိမ်းလိုက် လိမ်းလိုက် သမီးသဘော"

သမီးကို မြင်လိုက်တာနဲ့ယုံပါပြီ ဆိုသော စကားကိုတော့ ပယင်းနှင့် ဆရာမပဲ သိကြမည်လေ။ မည်းမှောင်နေသည့် မျက်လုံးတွေနှင့် ဆေးဆိုးပန်းရိုက် မဟုတ်တော့ဘဲ ရှင်းရှင်းသန့်သန့် ပယင်းလဲ့။

"ဆရာမရဲ့ အလှပြုပြင်ပေးသူတွေဟာ နိုင်ငံတကာမှာ စံတစ်မျိုးထားကြတယ်၊ သန့်ရှင်းသပ်ရပ်စွာ ဝတ်ဆင်ရတယ်၊ အနံ့ဆိုး မရှိရဘူး၊ လွတ်လပ်ပြီး လှုပ်ရှားလို့ လွယ်ကူတဲ့ အဝတ်အစားတွေ ဝတ်ထားရတယ်၊ ကိုယ့်ကိုယ်ကိုယ် ကြည့်ကောင်းအောင် မသိမသာ ပြင်ဆင်ထားနိုင်ပေမယ့် ကိုယ့်ဖောက်သည်ထက် လျှော့ပြင်ရမယ်၊ ကိုယ်က သူ့ကို အရှုံးပေးထားရမယ်၊ ဒါမှ သူက သူကိုယ်သူ ပိုပြီး ယုံကြည်ရရှိမှာ" လို့ တပည့်တွေကို သင်ပြပေးထားသလို ပယင်းပြောပြချင်လိုက်တာ။

"သမီး ဘွဲ့ရလိုက်တယ် မဟုတ်လား"

"ဟုတ်ကဲ့၊ အီကိုနဲ့စီးပွားရေးဘွဲ့ ရပါတယ်"

www.burmeseclassic.com

"ဆရာမက သမီးကို ဆရာဝန် ဖြစ်မယ်ထင်တာ"

စာတော်ဖို့ ကြိုးစားခဲ့ရပုံတွေ၊ ဆယ်တန်းဖြေခါနီးမှ တိုက်ဖွိုက်ဖြစ်လို့ မနည်း အားခဲပြီး ဖြေဆိုခဲ့ရတာတွေ၊ ထင်သမျှ ဂုဏ်ထူးတွေ မရတော့ဘဲ တူးဒီနဲ့ အီကို ရောက်သွားတာတွေ၊ ခုတော့ ဒီပညာနဲ့အသက်မွေးပြီး လေဖြတ်ထားတဲ့မိဘကို ပြုစုစောင့်ရှောက်နေနိုင်ပုံတွေ ဆရာမကို ပယင်း တတွတ်တွတ်ပြောနေမိသည်။

"တက္ကသိုလ်စတက်တော့ ပယင်းက ကတုံးဆံပင်ပေါက်လေးနဲ့ဆရာမရဲ့ လှချင်တဲ့မိန်းမမှ ဆံပင်တွေကျွတ်လို့ ကတုံး တုံးထားရတယ်လို့ မေမေက တဖျစ်ဖျစ်ပြောရှာတယ်၊ ဘယ်ရမလဲ ပယင်းက ကတုံး ဆံပင်ပေါက်တာနဲ့ အမျိုးမျိုးပြင်တာ၊ ဒေါက်အမျိုးမျိုးရိတ်ပြီး ဆံပင်တိုနဲ့နဲ့ဖက်ရှင်ကို ထွင်ပစ်တာပေါ့"

"ယုံပါတယ်ကွယ် ဟဲဟဲ"

ဆရာမကြီးက သဘောကျနေဆဲ . . "အင်္ကျီ ဘာရောင်ဝတ်မလဲ" ဟု ဖြတ်မေးလိုက်သေး။ အဝတ်အစားနှင့် လိုက်အောင် ပြင်ပေးရဦးမယ်လေ။

ပယင်းရင်ထဲမှာတော့ ပိုင်ဦး၊ သက်ပိုင်ဦးအကြောင်း မေးချင်လိုက်တာမှ။ ဒါပေမယ့် သတို့သားဟာ ပိုင်ဦးကလွဲလို့ ဘယ်သူမှ မဖြစ်နိုင်ဘူးနော်။ ရိုးအေးတဲ့ ပိုင်ဦးဟာ ဆယ်တန်းကို ရိုးရိုးပဲအောင်ပြီး ပဲခူးကောလိပ်မှာပဲ တက်ခဲ့တာ၊ သဘော်လိုက်သွားတာတော့ ပယင်း သဲ့သဲ့ကြားမိထားရဲ့။ ပယင်းကို ပထမနှစ်မှာ သုံးခါ၊ ဒုတိယနှစ်မှာ နှစ်ခါ လာတွေ့ခဲ့တာ မှတ်မှတ်ရရ၊ ဘဝဆိုတာ ဒါပါပဲကွယ်။ ပယင်းဆန္ဒကို ဆရာမက ဖြည့်ပေးသည်။

"သမီးသူငယ်ချင်းက ခုထိ အေးဆေးပဲ၊ ဒီကိစ္စတော့ ဆရာမက မြန်မြန် မြေးချီချင်ပြီ တိုက်တွန်းလို့၊ သူက သီမာလေးကို သဘောကျရုံပဲကျတတ်တာ၊ ပြောရဲတာ မဟုတ်ဘူး ရှင်သော့ . . သမီးငယ်လဲ သူ့အစ်ကိုနဲ့ လိုက်လာမယ်၊ သမီးကိုမြင်ရင် သိပ်ဝမ်းသာရှာမှာ၊ သူက မမပယင်းဟာ အလွန်သွက်လက်ထက်မြက်တယ်၊ အလှအပလဲ တီထွင်တတ်တယ်လို့ ခဏခဏ ပြောတာ"

ပယင်း ယုံပါသည်။ ဘွဲ့ရပြီးမှ အလုပ်အကိုင်ခွင်ချဖို့ ပဲခူးကိုရွေးပြီး အခြေချခဲ့ကြောင်း ရှင်းပြလိုက်သည်။

"ကောင်းပါတယ်လေ၊ သမီးက စီးပွားရေးဘွဲ့ရဆိုတော့ သမီးရဲ့ဝါသနာကို စီးပွားရေးအမြင်နဲ့ ပေါင်းစပ်လိုက်တော့ ဟော. . ."

ဆရာမ စကားအဖြတ် ဆိုင်ဝလှမ်းကြည့်လိုက်တော့ ကားအဖြူလေးတစ်စီး၊ ပြီးတော့ သက်ပိုင်ဦး၊ ပိုင်ဦး။.

ပယင်း အကျယ်ကြီး အော်ခေါ်ချင်လိုက်တာ။ ဒါပေမယ့် အရွယ်နှင့်ဘဝက ပယင်းတို့ကြားမှာ စည်းတားခဲ့ပြီလေ။ အံ့သြနေသည့် ပိုင်ဦးကို နှစ်နှစ်လိုလို ပြုံးကြည့်ရင်း သတို့သမီး လက်မောင်းလေးကိုကိုင်ကာ သူ့လက်ထဲသို့ လွှဲအပ်ပေးလိုက်သည်။ ဖါ ဖါပယင်းရဲ့ မေတ္တာလက်ဖွဲ့ပါ ပိုင်ဦးရယ်။

ပယင်း ဘဝနှင့်တမျှ ရင်းယူခဲ့ရသည့် အတတ်ပညာ၊ အင်း အနုပညာနှင့် ထုံမွမ်းသွန်းထုထားသည့် အလှရုပ်တုလေး၊ ပိုင်ဦးအတွက်လေ။ အစွမ်းကုန်ခြယ်သထားလို့ လှနေသည့် အလှတစ်ပါးပါ။ ပြင်ဆင်ခြယ်သဖို့ မလိုအောင် လှပခဲ့ပေမယ့် ဝါသနာအလျောက်ပြုပြင်လွန်ကဲခဲ့လို့ပယင်းဘဝအလှပိုလို့အမျက်သိခံခဲ့ရသမျှ ဧပြေပျောက်ပါစေတော့။

"ကျေးဇူး အများကြီးတင်တယ် ပယင်း"

"မမပယင်းမှန်းသိရင်လေ ခက်ငယ် တစ်ခါတည်း မာမီနဲ့လိုက်ခဲ့ပြီး ပြင်မှာပေါ့၊ ကြည့်ပါဦး ဘာလိုသေးလဲ"

မောင်နှမနှစ်ယောက် အသံက တစ်ပြိုင်တည်းထွက်လာလို့ "ရပါတယ် ပိုင်ဦးရယ်" လို့ပြောရင်း ခက်နိုင်ထူးကို ကြည့်လိုက်တော့ ဝါသနာသာပါပြီး အနုပညာတစ်ရပ်လို ပယင်း နားမလည်ခင်က အခြယ်အလှယ်မျိုး။

ပယင်း ခပ်သွက်သွက်ကလေး ခက်ငယ်ကို လိုအပ်သမျှ ပြန်လည်ဖြင်ဆင်ပေးလိုက်သည်။ ဖျတ်လတ်သော ပယင်းကို ပိုင်ဦးက ခိုးခိုးကြည့်နေ၏။ သီမာလေးကတော့ ပြည့်စုံသောအလှဖြင့် ဝင့်ဝင့်စားစား ကျေကျေနပ်နပ်။

အို. . . အခုမှ သတိရတယ်။

ပယင်းသည် အလှနတ်မိမယ်ရုပ်တုခြေရင်းမှာ ကြွေပန်းကန်ပြားဖြင့် ထည့်ထားသော သစ်ခွရင်ထိုးပန်း ရွှေဝါရောင်လေးများကို အပြေးကလေး လှမ်းယူလိုက်၏။ ဗီးနပ်စ်ရုပ်လေးပင် လှုပ်ခတ်သွားခိုက် ပိုင်ဦးကို တစ်ချက် ပြန်လှည့်ကြည့်မိသည်။

ကျေနပ်ပြုံးနှင့် ပိုင်ဦး။ ကျေနပ်တယ်။ ပယင်း ကျေနပ်ပါတယ်။ ပိုင်ဦး ပေးခဲ့သည့် အမှတ်တရ ပစ္စည်းလေးလေး။ ဒီနေ့အထိ ပယင်းသိမ်းထားခဲ့တာ ပိုင်ဦး သဘောပေါက်မှာပါ။

ဒါပေမယ့် ပယင်းဟာ အလှကို ဖန်တီးရှာသာ ဖန်တီးပြီး ဒီအလှတွေကို ဘယ်သူ့ကိုမှ မပေးဆပ်ခဲ့တာ ပိုင်ဦးသိအောင်တော့ မပြောပြနိုင်တော့ဘူးပေါ့။ မနက်ဦးထဲက သစ်ခွပွင့်များကို ကျောက်ခက်နှင့်နွယ်ပြီး ဖဲကြိုးဖါလေး စည်းနှောင်ကာ အသင့်လုပ်ထားခဲ့၏။ ရင်ထိုးပန်းလေးများကို သီမာ့ပခုံးမှာ တစ်ခု၊ ပိုင်ဦးရင်မှာတစ်ခု ကပ်တွယ်ပေးလိုက်သည်။ နံ့သာရောင်တိုက်ပုံမှာ သစ်ခွပွင့် ထိုးသီပေးချိန်ဟာ ပိုင်ဦးနှင့် အနီးကပ်ဆုံး၊ ပြီးတော့ ပထမဦးဆုံးနှင့် နောက်ဆုံး နေခွင့်ရခဲ့ချိန်ပါပဲ။

သူ့နှလုံးခုန်သံကိုပင် အပီအပြင်ကြားခဲ့ရသေးရဲ့။ ပိုင်ဦးနှင့် ပယင်းကိုကြည့်ရင်း ဆရာမက အကြည်စင်ဆုံး အပြုံးတွေ ဖြန့်လွှတ်ပေးနေ၏။ အားလုံးလည်း ပြုံး နေကြတာပါပဲလေ။ ပယင်းရောပေါ့။ နေပွင့်လာပြီမို့ မိုးကောင်းကင်ကြီး ကြည်လင်ပြီး မြေကြီးပေါ်မှာ ပန်းတွေပွင့်ဝေသွားကြတယ်လို့ ပယင်း . . . လိုက်ရပါသည်လေ။

မြတ်ပန်းအ . . .





www.burmeseclassic.com

www.burmeseclassic.com



# ပညာနှင့်ဥစ္စာ

## မောင်လှသစ်

တစ်နေ့သ၌ ဝိဒေဟရာဇ်မင်းကြီး ထံ၌ ခစားသော ပညာရှိသုခမိန် ငါးဦး စုံညီစွာ ရှိကြစဉ် ပဒေသရာဇ်မင်းကြီးက သိန်းအမတ်အား ဤသို့ မေးလေ၏။

"ပညာ ပြည့်စုံသော်လဲ စည်းစိမ် ဥစ္စာ မရှိသောသူနှင့် ပညာမရှိသော်လဲ စည်းစိမ်ဥစ္စာ ရှိသောသူ နှစ်ဦးတွင် အဘယ်သူက သာ၍ မြတ်သနည်း "

ထိုအခါ အမေးခံရသော သိန်းအမတ်က စည်းစိမ်ဥစ္စာနှင့် ပြည့်စုံသော မျိုးရိုးမှ ဆင်းသက်လာပြီး ကိုယ်တိုင်လည်း စည်းစိမ်ဥစ္စာနှင့် ပြည်စုံသူ ဖြစ်သောကြောင့် ဤသို့ ပြန်လည်ဖြေကြားလေ၏။

"မြတ်သော အရှင်မင်းကြီး၊ ဤလောက၌ ပညာရှိသောသူ၊ ပညာမရှိသောသူ၊ သက်မွေးဝမ်းကျောင်းပညာ တတ်သောသူ၊ မတတ်သောသူ၊ အမျိုးမြတ်သူ၊ အမျိုးယုတ်သူ ဟူသမျှတို့သည် စည်းစိမ်ဥစ္စာ ကြွယ်ဝချမ်းသာသူထံ၌ မှီခို၍ အစေအပါးဘဝ ဖြစ်ကြရပါ၏။ ဤသို့အားဖြင့် ပညာရှိသူထက် ဥစ္စာရှိသောသူက သာ၍မြတ်ပါသည် အရှင်မင်းကြီး"

ထိုသို့သော အဖြေကို ကြားပြီးနောက် မင်းကြီးသည် မဟော်သဓာသုခမိန်ကို ဤသို့ မေးမြန်းလေ၏။

"ပညာ မရှိသော်လဲ ဥစ္စာရှိသောသူနှင့် ဥစ္စာမရှိသော်လဲ ပညာရှိသောသူနှစ်ဦးတွင် အဘယ်သူက သာ၍ မြတ်သနည်း"

ထိုကဲ့သို့ မေးသောအခါ မဟော်သဓာ သုခမိန်က ဤသို့ ဖြေကြားလျှောက်တင်လေ၏။

"မြတ်သောမင်းကြီး၊ မိမိ၌ရှိသော စည်းစိမ် ဥစ္စာသာလျှင် မြတ်သည်၊ အရေးကြီးသည်ဟု ထင်မှတ်ကာ ပညာမဲ့သူသည် ထောင်လွှားမာနဖြင့် လက်ရှိဘဝအရေးကိုသာ ကြည့်၍ နောင်သံသရာအရေးကို မကြည့်ဘဲ မကောင်းမှုတို့ကိုပြုတတ်လေ၏။ ထိုသူသေသောအခါ အပါယ်သို့ လား၍ အပါယ်မှ လွတ်သောအခါတွင်လည်း ယုတ်ညံ့သောအမျိုး၌ ဖြစ်ရသောကြောင့် ယခုဘဝ၊ နောင်ဘဝ၊ နှစ်ဘဝ စလုံးအရှုံးနှင့်သာဖြစ်ရလေ၏၊ ထိုဖြစ်ရပ်ကို ရှုခြင်းအားဖြင့် ဥစ္စာရှိသူထက် ပညာရှိသူကသာ မြတ်ပါသည် အရှင်မင်းကြီး"

ထိုအခါ ဝိဒေဟရာဇ်မင်းကြီးသည် အနား၌ ခစားနေသော သိန်းအမတ်အား ဤသို့ ဆိုလေ၏။

"မဟော်သဓာက ပညာရှိသူသည် ဥစ္စာရှိသူထက် မြတ်သည်ဟု ဖြေကြားလျှောက်တင်နေသည်၊ အဘယ်ကဲ့သို့ ထင်မြင်သနည်း"

"အရှင်မင်းကြီး၊ မဟော်သဓာဟာ ငယ်ရွယ်နုနယ်ပါသေးသည်၊ ၎င်း၏ ခံတွင်းတွင် မီခင်နို့နံ့ပင် မပျောက်တင်





www.burmeseclassic.com

www.burmeseclassic.com

သေးပါ၊ ဤမျှငယ်ရွယ်သူက လောကကြီး၏ ရှုပ်ထွေးသော ကိစ္စများကို မည်သို့ သိမြင်နိုင်ပါမည်နည်း။ အရှင်မင်းကြီး ရှုမြင်စဉ်းစားပါလော့။

မင်းကြီး၏ နေပြည်တော်တွင် ရှိသော ဂေါရင်ပိန္ဒ သူကြွယ်တွင် သားသမီးလဲမရှိ ၎င်းသူကြွယ်သည် ရုပ်ဆင်းအင်္ဂါလဲ ဆိုးရွားလှပါသည်၊ စကားအပြောဆိုလဲ မတတ်ပါ၊ သို့သော်လဲ သူသည် ပစ္စည်းဥစ္စာ ချမ်းသာကြွယ်ဝသဖြင့် သူ့ထံပါးတွင် ပစ္စည်းဥစ္စာ မရှိသောသူတို့သည် အမြဲမပြတ် ခစားနေရကြပါသည်။

သူသည် စကားပြောသောအခါ သူ၏ ပါးစောင်နှစ်ဖက်မှ အရီအရွဲ များကျဆင်းနေသော်လည်း သူ၏ စည်းစိမ်ဥစ္စာကြောင့် နတ်သမီးတမျှ လှပသော မိန်းမပျို နှစ်ဦးသည် သူ၏ပါးစောင်နှစ်ဖက်မှ ကျဆင်းလာသော အရီအရွဲများကို တစ်ဖက်တစ်ယောက် ကြာညိုပန်းဖြင့်ခံယူ၍ သန့်ရှင်း သုတ်သင်ကြရပါသည်၊ ဤကား ဥစ္စာပစ္စည်း၏ မြတ်သောသာဓကပင်ဖြစ်ပါသည် မင်းကြီး"

ထိုအခါ မဟော်သဓာသုခမိန်က

"မြတ်သောမင်းကြီး၊ သိန်းအမတ်သည် ဦးခေါင်းပေါ် ကျလာမည့်တုတ်၏ အန္တရာယ်ကို မမြင်ဘဲ ထမင်းလုံးကြရာတွင် ဝင်စားသော ကျီးငှက်နှင့် နို့ခမ်းကို သောက်ရန်မြင်သည့် ခွေးသတ္တဝါကဲ့သို့ စည်းစိမ်ဥစ္စာကိုသာ မြင်ပြီး ဘေးအန္တရာယ်ကိုမမြင်ပေ" ဟုဆိုကာ ဆက်လက်လျှောက်တင်လေ၏။

"မြတ်သောမင်းကြီး၊ ပညာနည်းသူသည် စည်းစိမ်ချမ်းသာကို ရသည်ရှိသော် စည်းစိမ်ဥစ္စာတွင် ယစ်မူးလျက် မကောင်းမှုကို ပြုတတ်ပေ၏၊ စည်းစိမ်ဥစ္စာ ပျက်စီးဆုံးရှုံး၍ ဖြစ်စေ၊ အခြားအကြောင်းကြောင့် ဆင်းရဲဒုက္ခကြုံသည်ဖြစ်စေ အလွန်တုန်လှုပ်ကာ ထွေဝေတတ်၏၊ အခိုက်အတန့်သာ ကြုံတွေ့ရသော ဘေးဒုက္ခ၊ ချမ်းသာသုခတို့ကြောင့် နေပူတွင်ထားသော ငါးသတ္တဝါကဲ့သို့ တုန်လှုပ်တတ်၏၊ ထို့ကြောင့် ပညာရှိသူသည်သာ ဥစ္စာရှိသူထက် ပို၍ မြတ်ပါသည် မင်းကြီး"

ထိုအခါ သိန်းအမတ်က. . .

"မြတ်သောမင်းကြီး၊ ငယ်ရွယ်လှသော မဟော်သဓာသည် လူကိုမဆိုထားဘိ၊ သစ်ပင်အကြောင်းကိုပင် သိသည်မဟုတ်ပါ၊ တောထဲတွင်ပေါက်သော သစ်ပင်တို့တွင် အသီးရှိသော အပင်၌သာ ကျေးငှက်သာရကာတို့ ခိုလှုံကြရပါသည်"ဟုဆိုကာ အောက်ပါ သာဓကဖြင့် ဆက်လက်လျှောက်တင်လေ၏။

"မြတ်သောမင်းကြီး၊ တောတောင်တို့တွင် ချိုမြိန်သော အသီးရှိသည့် သစ်ပင်၌သာလျှင် ကျေးငှက်အပေါင်းတို့လာရောက်မှီခိုကြသကဲ့သို့ လောက၌လဲ စည်းစိမ်ဥစ္စာ ကြွယ်ဝချမ်းသာသူတို့ထံ၌သာလျှင် လူအပေါင်းလာရောက်ခစားကြပါသည်၊ ဤသာဓကအားဖြင့် ဥစ္စာရှိသူသာလျှင် ပညာရှိသူထက်ပို၍ မြတ်ပါသည် မင်းကြီး"

ထိုအခါ မဟောသဓာသုခမိန်က-

"မြတ်သောမင်းကြီး၊ သိန်းအမတ်သည် အစားလွန်ကဲ၍ ဝမ်းဗိုက်ဆူဖြိုးကာရွဲနေသော်လဲ ပညာမရှိသဖြင့်ဘာမှ မသိပါ" ဟုဆိုကာ အောက်ပါအတိုင်း ဆက်လက်လျှောက်တင်လေ၏။

"မြတ်သောမင်းကြီး၊ ပညာမဲ့သော လူမိုက်သည် မိမိတွင် ခွန်အားရှိတိုင်း လူအများကို အနိုင်အထက် မတရားနှိပ်စက်၍ ပစ္စည်းဥစ္စာရအောင် ပြုလုပ်ပါသည်၊ သို့သော် သူရရှိသောပစ္စည်းဥစ္စာကား တရားသဖြင့် ရရှိသော ပစ္စည်းဥစ္စာမဟုတ်ပါ၊ သို့ဖြစ်ပါ၍ထိုပစ္စည်းဥစ္စာကပင် သူ့ကို အပါယ်ငရဲသို့ ချတတ်လေသည်၊ ထို့ကြောင့် ဥစ္စာ ရှိသောသူထက် ပညာရှိသောသူက ပို၍ မြတ်ပါသည် အရှင်မင်းကြီး"

ထိုအခါ သိန်းအမတ်က. . .

"အရှင်မင်းကြီး. . ချောင်းငယ်၊ မြောင်းငယ်၊ မြစ်ငယ်ဟူသမျှသည် ဂင်္ဂါမြစ်ထဲသို့ စီးဝင်သွားသောအခါ မိမိတို့အမည် ပျောက်ပြီး ဂင်္ဂါမြစ်ဟူ၍သာ ခေါ်ဝေါ်ကြရပါသည်၊ ဂင်္ဂါမြစ်သည်လဲ သမုဒ္ဒရာထဲသို့ စီးဝင်သောအခါ ဂင်္ဂါမြစ်ဟူသောအမည် ပျောက်ကွယ်ရသကဲ့သို့ လောက၌ပညာရှိသည် စည်းစိမ်ဥစ္စာရှိသူထံသို့ ဝင်ရောက်ခစားရသောအခါ ပညာရှင်ဟူ၍ မထင်ရှားတော့ဘဲ သမုဒ္ဒရာထဲသို့ ရောက်သွားသည့် ဂင်္ဂါမြစ်ကဲ့သို့ ပျောက်ကွယ်သွားပါသည်၊ ထို့ကြောင့် ပညာရှိသောသူထက် ဥစ္စာရှိသောသူက ပို၍မြတ်ပါသည် အရှင်မင်းကြီး" ဟု လျှောက်တင်ပြန်လေ၏။

ထိုအခါ မဟော်သဓာက ဤသို့ လျှောက်တင်ပြန်လေ၏။

"အရှင်မင်းကြီး၊ သိန်းအမတ်က သမုဒ္ဒရာကို စည်းစိမ်ဥစ္စာရှိသူနှင့် ဥပမာပေးပါသည်၊ သမုဒ္ဒရာသည်လဲ မြစ်ကြီးငါးသွယ်၊ မြစ်ငယ်များစွာတို့ အချိန်နှင့်အမျှ စီးဝင်နေသော်လဲ ကမ်းကိုလွန်၍ မသွားပေ၊ ကြီးမားသည့် လှိုင်းတံပိုးများသည်လဲ ကမ်းသို့ရောက်သည့်အခါ ပျောက်ပျက်သွားရသည်။

ဤကဲ့သို့ပင် ပညာမဲ့သူ၏ ပြောစကားသည် ပညာရှိကို မလွန်ဆန်နိုင်ပေ၊ ပညာမဲ့သူ စည်းစိမ်ရှင်သည်လဲ ပညာရှိကို မလွန်ဆန်နိုင်ပေ၊ အကျိုးအကြောင်း၊ အဆိုးအကောင်း၊ သင့်၏ မသင့်၏ ဆုံးဖြတ်ရသည့်အခါ မည်သူမှ ပညာရှိသူကို ကျော်လွန်၍ စည်းစိမ်ရှင်ထံသို့ မသွားပေ၊ ပညာရှိသူ၏ အဆုံးအဖြတ်ကိုသာ ခံယူရလေသည်၊ ဤဖြစ်ရပ်ကို ကြည့်ခြင်းအားဖြင့် ဥစ္စာရှိသောသူထက် ပညာရှိသူက သာ၍မြတ်ပါသည် မင်းကြီး"

ထိုအခါ သိန်းအမတ်က. . .

"မြတ်သောမင်းကြီး၊ ပစ္စည်းဥစ္စာရှိသောသူသည် ကိုယ် နှုတ် နှလုံး စောင့်ထိန်းခြင်း မရှိစေကာမူ တစ်စုံတစ်ရာ အဆုံးအဖြတ် ပေးစရာရှိ၍ ပရိသတ်ကြားသို့ရောက်လျှင် ဟုတ်သည်မဟုတ်သည်အပထား၊ ဥစ္စာရှင်၏စကားကိုသာ အများက လက်ခံကြသည်၊





www.burmeseclassic.com

www.burmeseclassic.com

ပညာရှိသော်လဲ ဥစ္စာ မရှိပါက သူ့စကားသည် ပရိသတ်ကြား၌ အရာမထင်ပါချေ၊ ဤဖြစ်ရပ်ကိုကြည့်ခြင်းအားဖြင့် ပညာရှိသော သူထက် ဥစ္စာရှိသောသူက ပို၍ မြတ်ပါသည် အရှင်မင်းကြီး"ဟုလျှောက်တင်ပြန်လေ၏။

ထိုအခါ မဟော်သဓာအမတ်က -

"အရှင်မင်းကြီး၊ စီးပွားဥစ္စာရှိသာလူမိုက်သည် မိမိအတွက်ဖြစ်စေ၊ သူတစ်ပါးအတွက်ဖြစ်စေ မုသားစကားကိုပြောဆိုတတ်သဖြင့် ပရိသတ်ကြားထဲတွင် အများသူငါ၏ ကဲ့ရဲ့ခြင်းကို ခံရပါသည်၊ သေလွန်သည်ရှိသော် အပါယ်လေးပါးသို့ ကျရောက်ရလေသည်။

ဤဖြစ်ရပ်ကို ကြည့်ခြင်းအားဖြင့် ပညာရှိသူသည် ဥစ္စာရှိသူထက် ပို၍ မြတ်ပါသည် မင်းကြီး" ဟုလျှောက်တင်ပြန်လေသည်။

ဤတွင် သိန်းအမတ်က. . .

"မြတ်သောမင်းကြီး၊ ဥစ္စာပစ္စည်းမရှိသူသည် မြေကြီးကဲ့သို့ ကြီးကျယ်သော ပညာရှိစေကာမူ ဟုတ်မှန်သည်ဖြစ်စေ သူ၏စကားသည် ပရိသတ်အလယ်တွင် အရာမထင်ပါ၊ ပညာရှိ၏ဉာဏ်ရောင်သည် စည်းစိမ်ရှင်ထံသို့ ရောက်သည့်အခါ နေထွက်လာသည့်အခါ ပိုးစုန်းကြူး၏အရောင်မတောက်ပနိုင်သကဲ့သို့ ဖြစ်ပါသည်။

ဤဖြစ်ရပ်ကို ကြည့်ခြင်းအားဖြင့် ပညာရှိသောသူထက် ဥစ္စာရှိသောသူက ပို၍ မြတ်ပါသည် အရှင်မင်းကြီး" ဟုလျှောက်တင်ပြန်လေ၏။

ထိုအခါ မဟော်သဓာက. . .

"မြတ်သောမင်းကြီး၊ ပညာရှိသောသူသည် မိမိအတွက်ဖြစ်စေ၊ သူတစ်ပါးအတွက် ဖြစ်စေ မမှန်သောစကားကို မပြောသောကြောင့် ပရိသတ်ကြားတွင် အများ၏ကြည်ညိုလေးစားခြင်းကို ခံရလေသည်။

သေလွန်သောအခါ ကောင်းရာသုဂတိသို့ လားရပါသည်၊ ဤသို့ဖြစ်ရပ်အားဖြင့် ဥစ္စာရှင်ထက် ပညာရှင်ကသာ၍မြတ်ပါသည် မင်းကြီး"ဟုလျှောက်တင်ပြန်လေသည်။

ထိုအခါသိန်းအမတ်က . . .

"မြတ်သော မင်းကြီး၊ ကျွဲ၊ နွား၊ ဆင်၊ မြင်းစသည့်တို့သည်လည်းကောင်း၊ လှပချောမောသော သတို့သမီးအပျိုကညာတို့သည် လည်းကောင်း၊ အလုံးစုံသော စည်းစိမ်ဥစ္စာ မှန်သမျှတို့သည် လည်းကောင်း၊ ပစ္စည်းဥစ္စာ မရှိသောလူတို့သည် လည်းကောင်း စည်းစိမ်ဥစ္စာရှင်၏ အသုံးအဆောင်များသာဖြစ်ပါသည်၊ ဤသို့အားဖြင့် ပညာရှိသူထက် ဥစ္စာရှိသူက ပို၍မြတ်ပါသည် မင်းကြီး" ဟုလျှောက်တင်ပြန်လေ၏။

ထိုအခါမဟော်သဓာက. . .

"မြတ်သော မင်းကြီး၊ ပညာမဲ့သူသည် လုပ်ငန်းဆောင်တာ ကိစ္စများကို ကောင်းစွာ စီမံခန့်ခွဲရန် မတတ်ပါ၊ ကိစ္စကြီးငယ်ရှိလျှင် ပညာရှိသူကိုသာတိုင်ပင်ရပါသည်၊ မြွေသတ္တဝါသည် အရေခွံဟောင်းကို စွန့်ခွာသကဲ့သို့ ဘုန်းကျက်သရေ ဟူသမျှတို့သည် လူမိုက်ထံမှ ပျောက်ကွယ်သွားကြပါသည်။

ဤသို့အားဖြင့် ပညာရှိသူသည် ဥစ္စာရှိသူထက် ပို၍မြတ်ပါသည်၊ အရှင်မင်းကြီး" ဟုလျှောက်တင် ပြန်လေ၏။

ဤတွင် သိန်းအမတ်က . . .

"မြတ်သောမင်းကြီး၊ မဟော်သဓာအပါအဝင် ကျွန်ုပ်တို့ငါးဦးသည် ပညာရှိများဖြစ်ကြလျက် စည်းစိမ်ရှင်ဖြစ်သောမင်းကြီးထံ၌ ခစားနေကြရပါ၏။

ထို့ကြောင့် ပညာရှိသူထက် ဥစ္စာရှိသူက ပို၍မြတ်ပါသည် မင်းကြီး" ဟုလျှောက်တင်လေ၏။

ထိုအခါ မဟော်သဓာက. . .

"မြတ်သောမင်းကြီး ပညာမဲ့သောစည်းစိမ်ဥစ္စာရှင်သည် အကြောင်းကြီးငယ်ပေါ်ပေါက်သည့်အခါ ပညာရှိသောသူဆင်းရဲကိုပင် အားကိုးလေသည်၊ ကျွန်ုပ်သဖွယ် ဆည်းကပ်ရပါသည်၊ ပညာရှိသည် ဖြစ်ပေါ်လာသော အကြောင်းကြီးငယ်မှန်သမျှကို လွယ်ကူစွာ ဖြေရှင်းနိုင်ပါသည်၊ ပညာမဲ့သော စည်းစိမ်ရှင်ကား မိမိရင်ဆိုင်နေရသော ထိုအရေးကိစ္စကို ဖြေရှင်းနိုင်ပါ၊ ထို့ကြောင့် ပညာရှိသူသာ မြတ်ပါသည် မင်းကြီး" ဟုလျှောက်တင်လေ၏။

ထိုအခါ၌ သိန်းအမတ်သည် ဆက်လက်ပြောဆိုချေပရန်စကားရှာမရတော့၍ မှိုင်တွေ၍နေရလေ၏။

မဟော်သဓာ သုခမိန်သည် ဆက်လက်၍ ဤသို့ လျှောက်တင်ပြန်လေ၏။

"မြတ်သာ အရှင်မင်းကြီး၊ ဘုရားအစရှိသော သူတော်ကောင်းမှန်သမျှတို့သည် ပညာကိုသာလျှင် ချီးမွမ်းတော်မူကြပါသည်၊ ဥစ္စာစည်းစိမ်တွင် မွေ့လျော်သောလူမိုက်တို့ကာ ဥစ္စာစည်းစိမ်၌သာ မွေ့လျော် နှစ်သက်ပါသည်၊ ဘုရားရှင်တို့၏ အသိဉာဏ် ပညာကား မနှိုင်းယှဉ်အပ်သောသဘောရှိပါသည်၊ မည်သည့်အခါမှ ပညာရှင်ကို ဥစ္စာရှင်က မလွှန်ဆန်နိုင်ပါ အရှင်မင်းကြီး"

ထိုအခါ၌ ဝိဒေဟရာဇ်မင်းကြီးသည် မဟော်သဓာသုခမိန်၏ ပြောဆိုလျှောက်တင်ချက်ကို နှစ်သက်သဘောကျတော်မူသဖြင့် နို့စားနွားမတစ်ထောင်၊ ဆင်တစ်စီး၊ မြင်းလေးကောင် က,သော ရထားတစ်စီး၊ ရွာကြီး ဆယ့်ခြောက်ရွာတို့ကို ဆုလာဘ်အဖြစ် ပေးအပ်လေသည်။

ဇာတ်တော်ကို ကြည့်ခြင်းအားဖြင့် လောက၌ ပညာသည်သာလျှင် အမြတ်ဆုံးဖြစ်ကြောင်း ထင်ရှားလှသည် ဖြစ်၍ ပညာကို ရှာဖွေစုဆောင်း သိမှီးသင့်ပါကြောင်း တိုက်တွန်းလိုက်ရပါသည်။

❒ **မောင်လူသစ်**

<u>**ကျမ်းကိုး**</u>

မဟော်သဓာ ဇာတ်တော်ကြီး

www.burmeseclassic.com

တက္ကသိုလ်
မင်းဟိန်းခန့်

# အမှန်ပြောရင် သံယောဇဉ်ဆိုတာ ရှိတယ်



www.burmeseclassic.com

www.burmeseclassic.com

သံယောဇဉ် ဆိုတာ မဖြစ်ခဲ့ရင် အကောင်းသားလို့ တွေးမိခဲ့သူဟာ ဘယ်အချိန်အခါကတည်းက ရင်ထဲမှာ အမြစ်တွယ်ကာ ခိုဝင်နေသလဲ မသိပါဘူး။ သူ့ကြောင့် လွမ်းရဆွေးရတယ်၊ ကြေကွဲပူပန်ရတယ်။ သောက ဗျာပါဒတွေ ဖြစ်ရလေတယ်။

ဝေဒနာ အပူမီးတွေ တညီးညီး လောင်မြိုက်လာသည့်အခါ ကျမျက်ရည်တို့ဟာလည်း ယိုစီးလာကြပြန်တယ်။ ဝေဒနာအပူမီးကိုအေးစေခြင်းငှာ ဘတ်နိုင်သမျှ ကူညီဖေးမပေသော်ငြား အချည်းနှီးသာ။ ဒီအကြောင်းလေးတွေကို တကယ်တော့ မတွေးချင်ပါဘူး။ တွေးမိရင် ပူဆွေးရလွန်းလို့ပါ။ မတွေးသော်လည်း အသိအာရုံထဲကိုခဏခဏ ရောက်ရောက်လာပါတယ်။

ကျွန်တော့် နှလုံးအိမ်ထဲကို သံယောဇဉ်အမျှင်တန်းဖို့ ရောက်လာသူကတော့ ဘိုမ လို့ ခေါ်တဲ့ ခွေးမလေး တစ်ကောင်ပါ။ သူဟာ မဖိတ်ခေါ်ဘဲ ရောက်လာခဲ့တာ မဟုတ်ပါဘူး။

ကျွန်တော်ကိုယ်တိုင် လိုလိုချင်ချင် မြတ်မြတ်နိုးနိုးနဲ့ကို ဖိတ်ခေါ်ခဲ့တာပါ။ ကျွန်တော့်ကြောင့်ပင် ကြေကွဲရာ အဖြစ်လေးတစ်ခု ဖြစ်ခဲ့ရသည် ဆိုတာ မမှားပါဘူး။

တကယ်တော့ ကျွန်တော်ဟာ အရေးခံစစ်စစ်၊ တစ်မိသားစုလုံးကြေကွဲဆိုနင့်စွာ ခံစားခဲ့ရခြင်းသည် အကြောင်းအရင်းခံရှိပါတယ်။

တစ်နေ့မှာပေါ့။ ကျောင်းကအပြန် လမ်းထိပ် တစ်နေရာမှာ ခွေးအုပ်မကြီး တစ်ကောင်နဲ့ခွေးပေါက်လေးခုနစ်ကောင်ကို တွေ့လိုက်ရတယ်။ လမ်းနံဘေး ဟာဒ်ပင်ကြီး တစ်ပင်ရဲ့ အောက် မြေကြီးပေါ်မှာပေါ့။ ခွေးမကြီးဟာ ခွေးပေါက်ကလေးများကို နို့တိုက်နေလေရဲ့။ ခွေးမကြီးဟာ ကတ္တီပါကော်ဇော ခင်းထားတယ်များ ထင်နေသလားမသိပါဘူး။ ဇိမ်ကျကျ အိပ်စက်ကာ နို့တိုက်နေတာပါ။

အဲဒီ အကောင်လေးတွေထဲတွင် တစ်ကောင်ကတော့ ခပ်ကဲကဲလေးပါလား။ ဟိုဘက်က ခွတက်လိုက်၊ ဒီဘက်ကခွတက်လိုက် လုပ်ရင်း နို့ကိုလုစို့နေတယ်။ တစ်ကိုယ်လုံးဆွတ်ဆွတ်ဖြူနေပြီး ထိပ်မှာအမည်းစက်ကလေးနဲ့မို့ ချစ်စရာကောင်းလှပါတယ်။

ကျွန်တော် ရပ်ကြည့်နေရာမှ စိတ်ထဲမှာ မနေနိုင်တော့ဘဲ ခွေးပေါက်လေးကို ကောက်ပွေ့ဖို့ လက်အလှမ်းမှာတော့ ခွေးမကြီးက ကျွန်တော့်ကို ခေါင်းထောင် ကြည့်လိုက်ပါတယ်။ ကျွန်တော့် လှုပ်ရှားမှုကို မြင်သွားတဲ့ အမေက ပျာပျာသလဲ ဖြစ်ကာ ဆူပူကြိမ်းမောင်းပါတော့တယ်။

"ဟဲ့ . . . ဟဲ့၊ သွားမကိုင်နဲ့၊ ဒီကောင်လေး ဆော့စရာ မဟုတ်ဘူး၊ နင့်ကို ခွေးမကြီးကိုက်လိမ့်မယ်၊ မကိုင်ရဘူးနော်၊ ကြားလား သား"

အမေက ပြောပြောဆိုဆို ကျွန်တော့်ကို ဆွဲခေါ်တယ်။ ကျွန်တော်က ရုန်းဖယ်မိတယ်။ အမေက ဆွဲ၊ ကျွန်တော်က ရုန်းတယ်၊ ကျွန်တော် ခွေးပေါက်စလေးကို ချစ်မိသွားပြီ၊ သူ့ကို လိုချင်သည်။ သူ့ကိုမှ မရရင် မပြန်တော့ဟု အမေ့ကိုပြောတော့ အမေက လက်မခံ။ ကြာတော့ ကျွန်တော် ငိုမိတော့တယ်။ အမေ စိတ်ပျက်လက်ပျက်ဖြစ်လာကာ ကျွန်တော့်ကို ရိုက်ရန်ဟန်ပြင်လိုက်တယ်၊ ဒီအချိန်မှာ ခွေးမကြီးဟာ ရုတ်ခနဲထရပ်လိုက်ပြီး အမေ့ကို တစ်ချက် ဟောင်လိုက်ပါတယ်။

နောက်ပြီး အမြီးလေး နန့်ကာ ကြည့်နေပါတယ်။ ခွေးပေါက်စလေးတွေ အမေ နို့ကျွတ်သွားတာမို့ သူတို့ အမေရှိရာကိုထလာကြတယ်၊ ကျွန်တော် ချစ်သော ကြာစလေးရှိတဲ့ ခွေးပေါက်ကလေးဟာ ကျွန်တော့်ဘက်ကို လာပါတယ်။ စီးကျနေတဲ့ မျက်ရည်ကို လက်ခုံနဲ့ဖြစ်သလိုသုတ်လိုက်ပြီး ခွေးကလေးကို လျှောက်သွားလိုက်ကာ ကောက်ယူပွေ့ပိုက်လိုက်မိပါတယ်။

ခွေးကလေးဟာ ကျွန်တော့် ရင်ခွင်ထဲမှာ ခေါင်းကလေးပုကာ အီအီအီအီလို့ အသံပေးပါတယ်။ သူ့ရဲ့ခေါင်းလေးကို ပွတ်သပ်ချော့မြူနေမိပါတယ်။

ခွေးမကြီးဟာ ကျွန်တော့်ကို မပြေးမကိုက်ပါ။ ကျွန်တော့် ရင်ခွင်ထဲက သူ့ကလေးကို တစ်လှည့်၊ ကျွန်တော့်ကို တစ်လှည့် ကြည့်နေပါတယ်။ ဒီအဖြစ်အပျက်လေးကို မှင်တက်စွာ ငေးငိုင်ကြည့်နေတဲ့အမေ၊ ကျွန်တော့်ကို ရိုက်မယ်လို့ ဟန်ပြင်တဲ့အမေ၊ မရိုက် ဖြစ်တော့ဘဲ ကျွန်တော့်လှုပ်ရှားမှုကို ကြည့်နေရပေမယ့် ကျွန်တော့်ကို ဘယ်အချိန် ခွေးမကြီး ကိုက်လိုက်မလဲဆိုပြီး စိုးရိမ်ပူပန်နေပါတယ်။ ခွေးမကြီးဟာ ကျွန်တော့်အနားကို တိုးကပ်လာတယ်။

ကျွန်တော် ကြောက်သွားလို့ မလှုပ်မယှက် ရပ်နေလိုက်တယ်။ ခွေးမကြီးဟာ သူ့နှုတ်သီးကြီးနဲ့ ခြေထောက်ကို နမ်းတယ်၊ ခါးကိုနမ်းတယ်၊ ကြောက်တော့ ကြောက်မိပေမယ့် ခွေးမကြီးရဲ့ ပြုမူပုံကို ကြည့်ပြီးတော့ ကျွန်တော် မကြောက်တော့ပါဘူး။ သူ့ခေါင်းလေးကို ပွတ်သပ်ရင်း ကျွန်တော် ပြောမိပြောရာ ပြောမိပါတယ်။

"သားချစ်လို့ပါ ခွေးမကြီးရယ်၊ သားကို မကိုက်နဲ့နော်"

အဲဒီလို ပြောလိုက်တော့ ခွေးမကြီးဟာ ကျွန်တော့်ကို မကိုက်သည့်အပြင် ကျွန်တော့်နံဘေးမှာ ငုတ်တုတ်ထိုင်ချလိုက်တယ်။ ခွေးပေါက်ကလေးတွေကလည်း အမေ့နို့ကိုစို့ဖို့ စိုင်းပြင်းကြပြန်တယ်။ ဒီတော့မှ ပွေ့ပိုက်ထားမိတဲ့ ခွေးပေါက်ကလေးကို သူ့အမေ ရှေ့နား ချပေးလိုက်မိပါတယ်။





www.burmeseclassic.com

www.burmeseclassic.com



ဒီတော့မှ စကား ပြောနိုင်တဲ့ အမေက ကျွန်တော့်ကို လှမ်းခေါ်ပါတော့တယ်။

"သားလေး၊ လာခဲ့တော့ သွားရအောင်"

"ဟုတ်ကဲ့ မေမေ"

အမေ့ခေါ်သံကြောင့် ကျွန်တော် အမေ့ဆီ ပြေးသွားလိုက်တယ်။ အဲဒီအချိန်မှာ ကျွန်တော်တို့ သားအမိကို တစ်စုံတစ်ယောက်က လှမ်းခေါ်လိုက်ပါတယ်။

"မလှထွေးရေ၊ ခဏလာပါဦး"

လှည့်ကြည့်မိတော့ ခွေးမကြီး မိသားစုရှိနေတဲ့ မျက်နှာချင်းဆိုင် အိမ်မှ မိန်းမကြီးတစ်ဦးပါ၊ အမေနဲ့ ကျွန်တော်တို့ ပြန်လှည့်လာရတာပေါ့။ အနားရောက်တော့ အဲဒီမိန်းမကြီးက အမေ့ကို စကားတွေ ပြောပါတော့တယ်။

"ဒါက လှထွေးသားလား၊ ချစ်စရာလေးနော်"

"ဟုတ်ပါတယ်ရှင်၊ ဘာကိစ္စရှိလို့ပါလဲ"

အမေက သိလိုသည့်အတွက်မေးတော့ ဘာမှမဟုတ်ကြောင်း၊ ကျွန်တော်နဲ့ ခွေးမကြီး မိသားစုအကြောင်းကို ပြောပြပါတော့တယ်။

"ဒီခွေးသားအုပ်မှက တော်တော်ဆိုးတာ၊ သူ့ကလေးကို ကိုင်ဖို့ မပြောနဲ့၊ အနားသီလာရင်တောင် လိုက်ကိုက်တာ၊ အခု မလှထွေးသားကျတော့မှ ဘယ်လိုဖြစ်သွားတယ် မသိဘူး၊ ကျွန်မ အံ့ဩလွန်းလို့ ကြည့်နေတာကြာလှပြီ၊ သားက ခွေးလေးလိုချင်လို့လား၊ ပေးမယ် ပေးမယ်၊ နို့ခွဲရင် လာယူနော်၊ မလှထွေးရေ သူတို့သားအမိကို သနားလို့ ဟိုလူကကျွေး ဒီလူကကျွေးနဲ့မို့ ဒီနားတစ်ဝိုက်မှာပဲ နေနေတာလေ၊ အခုကလေးကျောင်းကြိုပြီးပြန်လာတာလား"

"ဟုတ်ကဲ့၊ ပြန်ဦးမယ်နော် မသန်းရင်"

ကျွန်တော့်လက်ကိုဆွဲကာ အမေပြန်အထွက်မှာ ခွေးမကြီးက တစ်ချက်ဟောင်လိုက်ပြီး အမြီးကလေး နန့်ပြနေတယ်၊ ကျွန်တော့်ကို နှုတ်ဆက်တာလား မသိပါဘူး။ ကျွန်တော် အကြည့်ကတော့ ကျွန်တော် ချစ်မိလေသော ခွေးပေါက်စလေးကိုသာ။

ကျွန်တော့်မိဘများသည် ကျွန်တော့်ကို အံ့ဩနေကြတယ်။ ဘယ်လိုကလေးလဲ၊ အကြောက်အလန့် မရှိလိုက်တာဆိုပြီးပေါ့။ သေချာစဉ်းစားကြည့်တော့မှ ရေးရေးပေါ်ကြတယ်။ သတ္တဝါတွေမှာ အလိုလို မသင်ကြားရဘဲ တတ်မြောက်နားလည်နိုင်စွမ်းရှိတဲ့ မေတ္တာရှိကြတယ်။

ခွေးမကြီးဟာ သူ့သားသမီးကို ကိုင်လိုက်တဲ့ ကျွန်တော့်ကို ဘာလို့မကိုက်တာလဲ၊ သူသိနေတယ်လေ။ သူ့ကလေးကို ချစ်လို့ကိုင်တာပေါ့။ ဖမ်းဆီးသတ်ဖြတ်မယ့်သူ၊ အနိုင်ကျင့်စော်ကားမယ့်သူ မဟုတ်မှန်း ခွေးမကြီးက သိနေတာထင်တယ်၊ ကျွန်တော်ကလည်း သူ့ကို ကြောက်စရာလို့ မတွေးမိသလို ကြောက်စိတ်လည်း တကယ် မရှိခဲ့တာပါ။ ကျွန်တော့် အသိမှာတော့ ခွေးပေါက်ကလေးကို ချစ်မိတာပဲရှိတယ်။ လုံးလုံးကစ်ကစ် ဖြူဖြူဖွေးဖွေးလေးမို့ ချစ်မိသွားသလား မသိပါဘူး။

ကျောင်းသွားကျောင်းပြန် အဲဒီအိမ်ရှေ့ကအဖြတ် ဟာဒံပင်အောက်ကို မျက်စိကအကြည့်ရောက်တယ်။ သူတို့သားအမိကို တွေ့ရဖို့နဲ့ရှာတယ်။ တစ်ကောင်မှမရှိကြဘူး။ ဘယ်တွေလျှောက်သွားနေတာလဲကွယ်၊ မင်းကို လာကြည့်တာ၊ မင်းသိမှာမဟုတ်ပါဘူး။ ခွေးလေးတို့မိသားစု ဘယ်ရောက်သွားကြပြီလဲ၊ နေရာပြောင်းသွားတာလား၊ တစ်နေရာကို ရောက်သွားတာလား၊ ဝေခွဲမရခဲ့ပါဘူး။

တစ်နေ့ ကျောင်းက အပြန်မှာ အမေ လာမကြိုနိုင်ဘူး။ နေမကောင်းဘူးလေ၊ ဒါနဲ့ တစ်ယောက်တည်း အဲဒီအိမ်ရှေ့အရောက်မှာ . . .

"သားလေး၊ ခဏနေပါဦး"

အမေနဲ့ ခင်တဲ့ အဒေါ်ကြီးက လမ်းပေါ်က ကျွန်တော့်ကို လှမ်းပြောလိုက်တာမို့ ကျွန်တော် ရပ်စောင့်နေမိပါတယ်။ အဒေါ်ကြီးဟာ ခွေးပေါက်ကလေးတစ်ကောင်ကို ပွေ့ချီပြီး အိမ်ရှေ့ကိုထွက်လာတယ်။

အို့၊ ကျွန်တော်ချစ်တဲ့ အကောင်လေးပါလား၊ အဒေါ်ကြီးက ခွေးလေးကို ကျွန်တော့်အား လှမ်းပေးရင်း ခွေးမကြီးခမျာ ဟိုတစ်နေ့ ကလမ်းဖြတ်အကူးမှာ ကားတိုက်ခံရ၍ သေသွားပြီဖြစ်ကြောင်း၊ မအေမရှိရှာတဲ့ ခွေးပေါက်ကလေးတွေကို ခေါ်ယူမွေးထားကြောင်းနှင့် ခွေးချစ်တတ်သည့် သားငယ်လေးကိုလည်း ဒီခွေးလေးကို ပေးလိုက်ပါကြောင်း ပြောပြရှာတယ်။

ကျွန်တော် ဝမ်းနည်းဝမ်းသာဖြစ်ရပါတယ်။ ငယ်ငယ်ရွယ်ရွယ် လူမမည်လေးသာ ရှိသေးသည့် ဒီခွေးလေးရဲ့ ဘဝကို သနားသွားမိတယ်။

နောက်ပြီး ကျွန်တော်ချစ်တဲ့ ခွေးကလေးကို ရခဲ့တာမို့ ရင်ထဲမှာ အကျော်မြစ်တစ်ခု စီးဆင်းသွားခဲ့ပါတယ်။

လပြည့်ဝန်းမဂ္ဂဇင်း (ဇူလိုင်လ၊ ၂၀၁၄)



www.burmeseclassic.com

www.burmeseclassic.com

ခွေးပေါက်ကလေးနဲ့ ပြန်လာတဲ့ ကျွန်တော့်ကို အမေ မြင်ကတည်းက ဆူမယ်လို့ ထင်ထားတာ၊ မဆူတဲ့အပြင် ကောင်းကောင်းမွန်မွန် ပြောပါတယ်။

"သားရယ်၊အမေ နေမကောင်းလို့ သားကို လာမကြိုနိုင်တာပါ၊ ဒါပေမယ့် ငါ့သားလေးကို ခွေးမကြီး ကိုက်မှာစိုးလို့ စိတ်ပူနေရတာ အမောပဲ"

"အား, မေမေကလဲ ခွေးမကြီးက သေပြီတဲ့၊ ဒါကြောင့်မို့ ဟိုအဒေါ်ကြီးက သားကို ခွေးလေးပေးလိုက်တာ"

"ဟုတ်လား. . သနားလိုက်တာ သားရယ်၊ အေးအေး၊ သားချစ်တယ် ဆိုရင် အမေ မွေးပေးမယ်နော်"

အမေက ပြောပြောဆိုဆို ခွေးကလေးကို လှမ်းယူပြီးကြည့်တယ်။ ခွေးပေါက်ကလေးက အထီးမဟုတ်၊ အမလေးဖြစ်သည်။ သူ့ကို တစ်အိမ်သားလုံး ချစ်ကြတယ်။

သူ့တစ်ကိုယ်လုံး ဆွတ်ဆွတ်ဖြူနေပြီး လှပလွန်းတာကြောင့် ဘိုမလို့ ကင်ပွန်းတပ်လိုက်ကြတယ်။ နို့စို့အရွယ် နို့မခွဲသေးတာမို့ သူ့ကို နို့ဘူးနဲ့ တိုက်ရတယ်။ ဘိုမဟာ အစားပုတ်တဲ့သူပါ။ နို့ဘူး တစ်ဘူးနဲ့ မဝပါဘူး။ နှစ်ဘူးလောက်မှ သူ ဝတယ်။ နို့မဝသေးရင် အော်မြည်ကာ လူကို ပွတ်သပ်ပြီး နွဲ့ဆိုးဆိုးတတ်တယ်။ နို့ဝရင်တော့ လေးဖက်ကားရားကြီးလုပ်ကာ အိပ်နေပါတော့တယ်။

ခွေးနဲ့မတူ လူလိုအိပ်တတ်တယ်။ မိသားစုထဲတွင် ကျွန်တော့်ကို အကပ်ဆုံး၊ ကပ်ပေမပေါ့။ ကျွန်တော် မုန့်စားတိုင်းသူစားရတာကိုး၊ကျွန်တော်ကောင်းကောင်းမစားရပါဘူး။ သူ့လက်ကလေးနဲ့ကုတ်ကုတ်တောင်းနေတာမို့ သူချည်းသာ စားရတာပါ။

ဘိုမသည် အားလုံးရဲ့ ချစ်ခြင်းကိုခံရကာ ကြီးပြင်းလာခဲ့ပါတယ်။ ဘိုမရောက်ပြီး တစ်နှစ်ခန့်အကြာမှာ အမေဟာ ကျွန်တော့်အတွက် အဖော်အဖြစ် ညီမလေးတစ်ယောက်ကို မွေးဖွားပေးခဲ့ပါတယ်။ ဖြူဖြူဖွေးဖွေး တုတ်တုတ်ခိုင်ခိုင်ကြီးမို့ အဘိုးအဘွားတို့က မေနှင်းဖြူလို့ နာမည်ပေးကြပါရဲ့။

အမေ ဆေးရုံကဆင်းတော့ ညီမလေးကို အဖေက ပွေ့ယူလာပြီး အိမ်ထဲကို ရှေ့ဆုံးကဝင်လာတယ်နော်။ အမေနဲ့ သူ့ယောက်မ ဒေါ်အုံးတင်၊ ဒေါ်အုံးတင်က အမေ့ကို တွဲလို့ပေါ့။ ဒါကို ဘိုမမြင်တယ်။ အမေနဲ့ အဒေါ်ကို ပြေးကြိုတယ်။ အဖေ့ကို မတ်တတ်ရပ်ပြီး နှုတ်ဆက်တော့ အဖေက . . .

"ဟဲ, ဘိုမ မလုပ်နဲ့၊ ဒီမှာ ညီမလေး ထိသွားမယ်၊သွားသွား ရှေ့ကဖယ်စမ်း" လို့ပြောတော့မှ သူ ဖယ်လိုက်တယ်။ အဖေက ညီမလေးကို အခန်းထဲက ခုတင်ပေါ်ကို အသာလေးချပြီး တင်လိုက်တယ်ဆိုရင်ပဲ ဘိုမဟာအတင်းဝင်လာပြီး ခုတင်ကို လက်ထောက်ကာ ညီမလေးကို စိုက်ကြည့်နေပြန်တယ်။

အားလုံး ဘိုမကို သတိထားကြည့်မိတယ်။ အုအုအုအုနဲ့ အသံပြုကာ ဘိုမတစ်ကောင်ဘာဖြစ်သွားတယ် မသိပါဘူး။ အခန်းထဲမှာ ပတ်ပြေးလိုက်၊ အပြင်ကိုထွက်ပြေးလိုက်၊ ညီမလေးကို လာကြည့်လိုက် လုပ်နေပြန်ပါတယ်။ ကြာတော့ သူ ပျော်သွားပုံရတယ်။ သူ့လို မိန်းကလေးအဖော်ရလို့ ပျော်သွားပုံရတယ်လို့ လူတွေးတွေးမိလိုက်ပါတယ်။

ဟုတ်မှာပေါ့နော်၊ ဘိုမဟာလိမ္မာတယ်။ ပါးနပ်တယ်။ သန့်သန့်ပြန့်ပြန့်နေတတ်တယ်။ ဒါပေမယ့် ဘိုမ ကြီးလာတာနဲ့အမျှ အကျင့်ပျက်လာတယ်လို့ ကျွန်တော် ထင်မိတယ်။ ညီမလေးမမွေးခင်တုန်းကဆိုရင် သူ ကျွန်တော့်ကို အချစ်ဆုံး၊ ကျွန်တော်လည်း သူ့ကို ချစ်တယ်၊ ချစ်တာမှ တုန်နေအောင် ချစ်တာပါ။

ကျောင်းက ပြန်လာတိုင်း သူ့အတွက် မုန့်တစ်ခုခုရအောင် ဝယ်လာပြီး ကျွေးခဲ့တာကိုး၊ ဒီတုန်းက ချစ်ဟန်ဆောင်ပြခဲ့ပြီး အခု ညီမလေး မွေးလာမှ သူ ကျွန်တော့်ကို သိပ်မချစ်တော့သလိုဘဲ အစားစားချိန်ကလွဲရင် သူ ညီမလေးနားမှာ နေတယ်။ ညီမလေး ငိုရင် သူ ဟောင်တယ်။ ညီမလေး နို့စို့ရင် သူထိုင်ကြည့်နေတယ်။

ညီမလေးရဲ့ ခြေထောက်ကလေးတွေကို နမ်းတယ်။ နို့ဝသွားလို့ ညီမလေး ပြန်အိပ်သွားရင်လည်း အနားမှာ စောင့်နေပြန်ရော၊ ဒါကြောင့်မို့ သူ ကျွန်တော့်ကို မချစ်တော့ဘူး၊ သူ ချစ်တာ ညီမလေးကိုပဲ ဖြစ်မယ်လို့ တွေးမိတာမို့ ဘိုမကို ရှောင်ဖယ်ဖယ် လုပ်မိတယ်။





www.burmeseclassic.com

www.burmeseclassic.com

ဒီအခါ ဘိုမ နားလည်တယ်ထင်ပါရဲ့၊ ကျွန်တော့်ပါးနဲ့ ခန္ဓာကိုယ်အနှံ့ လျှောက်နမ်းပြီး ရင်ခွင်ထဲကို ခေါင်းကလေး တိုးဝင်ပြီး သနားစရာကောင်းအောင် ချွဲနွဲ့ပြတတ်ပါတယ်။ ပါးစပ်ကလည်း ဘာတွေ ပြောနေမှန်း မသိပါဘူး။ ကျွန်တော် မာဂဓစကားကို သူဘာပြောတယ်ဆိုတာ သိလိုက်ပါတယ်။ ကျွန်တော် နားလည်သွားသလို သူ့ကိုလည်း ခွင့်လွှတ်လိုက်ပါတယ်။ ဒီအိမ်မှာ ညီမလေးက အငယ်ဆုံးလေ။ အငယ်ဆုံးမို့ အချစ်တွေ ပိုရတာပါလို့ ဘိုမ ပြောနေခြင်း ဖြစ်ဟန်တူပါတယ်။

တိရစ္ဆာန်ပင် ဖြစ်လင့်ကစား လူလိုသိတတ်လွန်းလို့လည်း ချစ်မိတာပါ။ ညီမလေးနဲ့ဘိုမဟာ ကစားဖော် ကစားဖက်ဖြစ်လာတယ်။ ညီမလေးက သူ့ကို ထုထုရိုက်ရိုက်၊ လုပ်ချင်တိုင်းလုပ်လည်း ဘိုမဟာ တစ်ချက်ကလေးမှ မာန်ဖီသံ မလုပ်ဘူး။ ငြိမ်ပြီးခံနေရှာတယ်။

တစ်နေ့မှာပေါ့၊ ကျွန်တော့်နဲ့ညီမလေးတို့ အိမ်ရှေ့ကွက်လပ်ကလေးမှာ ကစားနေကြပါတယ်။ ဘိုမလည်း ထွက်လာပြီး ကစားတယ်။ အဲဒီလို ကစားနေတုန်း ကျွန်တော့်မျက်စိအောက်က ညီမလေး ပျောက်သွားတယ်။

ကျွန်တော် ညီမလေးကို ဘယ်ရောက်သွားပါလိမ့်လို့တွေးရင်း ဘေးဘီဘယ်ညာကို ကြည့်လိုက်တော့ ခေါင်းတွေကြီးသွားတယ်။ မျက်စိထဲ ပြာဝေသွားပြီး ညီမလေးရှိရာကို အပြေးလာခဲ့မိပါတယ်။ ကျွန်တော်တို့ အိမ်ရှေ့နဲ့ ပေလေးငါးဆယ် အကွာလောက်မှာ ရေကန်တစ်ခုရှိတယ်။ အုတ်ရေကန် မဟုတ်ပါဘူး။ အိမ်ဆောက်တုန်းက မြေကြီးဖို့လို့ တူးထားတာ၊ မိုးရွာတော့ အလိုလို ကန်ဖြစ်သွားတာပေါ့။ ရေက အပြည့်၊ လူ့တစ်ရပ်နီးပါး နက်တယ်။

ဖြစ်ချင်တော့ ညီမလေးက အဲဒီကိုသွားတာ၊ ဒါကို ဘိုမ မြင့်ရတော့ ညီမလေးနောက်က သူလိုက်သွားတာ ဖြစ်မှာ၊ ညီမလေး ဘာလုပ်မလဲဆိုတာ သူ ကြည့်နေမှာပေါ့။ ညီမလေး ရေကန်အစပ်နားလည်းရောက်ရော ဘိုမက နောက်ကနေပြီး ညီမလေး စကတ်ကို ကိုက်ဆွဲတယ်။ ညီမလေးက ရုန်း၊ ဘိုမက ဆွဲပေါ့၊ ကျွန်တော် မြင်လိုက်တဲ့ အချိန်မှာ အဲသလိုဖြစ်နေတာ၊ ညီမလေးက လုပ်ချင်ရာမလုပ်ရလို့ အော်ငိုနေတယ်။ ဘိုမက စကတ်ကို လုံးဝမလွှတ်ဘူး။ ကိုက်ပြီး နောက်ကို လန်ဆွဲထားတယ်။ ကျွန်တော် အပြေးရောက်သွားပြီး ညီမလေးကို နောက်ကနေ ဖက်ထားလိုက်ကာ အဖေတို့၊ အမေတို့ကို လှမ်းခေါ်ရပါတော့တယ်။

"ဖေဖေနဲ့မေမေတို့ရေ ဒီကိုလာပါဦး"

လူကြီးတွေ ကသုတ်ကရက် ပြေးထွက်လာကြပြီး ကျွန်တော်တို့မောင်နှမကို ဆွဲယူပွေ့ချီလိုက်ကြတယ်။ ကံသီပေလို့သာပေါ့၊ တကယ်လို့ ညီမလေး ကန်ဘက်ထွက်သွားတာကို ဘိုမသာ မမြင်ခဲ့ရင် ညီမလေး တစ်ခုခုဖြစ်မှာ သေချာတယ်။

ဖေဖေနဲ့ မေမေက ကျွန်တော့်ကို ဆူတယ်။ ပြီးတော့ ဆုံးမတယ်။ ကျွန်တော်လည်း ကလေးပဲရှိသေးတာလေ။ အဲဒီတုန်းက ကျွန်တော်က ဆယ်နှစ်သား၊ ညီမလေးက နှစ်နှစ်ခွဲသမီးအရွယ်ပဲဆိုတော့ ကစားနေတာကို စိတ်ဝင်စားလိုက်လို့ အခုလို ဖြစ်သွားတာပါ။ ကံကောင်းထောက်မစွာ အသက်ရှင်ခွင့်ရသွားတဲ့ ညီမလေးရဲ့ အသက်သခင်ဟာ ဘိုမပါ၊ ဘိုမကို တစ်မိသားစုလုံး ဝိုင်းပြီး ကျေးဇူးတင်မိခဲ့ပါတယ်။

ဒီလိုနေလာခဲ့ရင်း တစ်နေ့တော့ ဘိုမတစ်ကောင် အိမ်က ပျောက်ချင်းမလှ ပျောက်သွားပါတော့တယ်။ သူ ဘယ်သွားနေပါလိမ့်၊ အိမ်ထဲနဲ့ခြံတွင်းကလွဲရင် ဘယ်မှ မထွက်တတ်ပါဘူး။

ပတ်ဝန်းကျင်မှာ ရှာပေမယ့် မတွေ့ပါဘူး။ ကျွန်တော်တို့ မိသားစု လူစုခွဲပြီးရှာကြတယ်။ ဘယ်မှာမှ ရှာမတွေ့ခဲ့ပါဘူး။ စိတ်မကောင်းရုံကလွဲ ဘာမှမတတ်နိုင်။ ငယ်စဉ်ကတည်း မွေးလာခဲ့တာ ခုရွယ်ရောက်သည့်တိုင် အောင် သူ့ကိုရိုက်ဖို့မပြောနဲ့ အော် ငေါက်တာတောင် မလုပ်ခဲ့ပါဘူး ပျောက်သောသူ ရှာရင်တွေ့ဆိုပေမယ့် သူ့ကို ဘယ်လိုမှ ရှာမတွေ့ခဲ့ပါဘူး ကြာတော့လည်း မေ့မေ့ပျောက်ပျောက် ဖြစ်လာပါတယ်။ ဒါပေမယ့် တစ်ခါ တစ်ခါတော့လည်း ဘိုမကို သတိရ မိတာပေါ့လေ။

ပျော်ရာမှာမနေ၊ တော်ရာမှာနေ ဆိုတဲ့ စကားအတိုင်း ကျွန်တော်တို့အိမ် ကို ရောင်းပြီး တခြားရပ်ကွက်တစ်ခု ပြောင်းခဲ့ရတဲ့နေ့ဟာ ကျွန်တော့်အ မှာ မေ့လို့ရနိုင်မယ်မဟုတ်မှန်း ကျွန် တော် အသိဆုံးပါ။

ငှားထားတဲ့ ကားကြီးပေါ် အိမ်ထောင်ပရိဘောဂ ပစ္စည်းပစ္စ တွေတင်ပြီး မိသားစုအားလုံးတက် ကားထွက်ခဲ့ပါတယ်။ ရပ်ကွက်သူ ရပ် ကွက်သား၊ အိမ်နီးနားချင်းတွေ လက်ပြနှုတ်ဆက်ပြီး ခွဲခွာခဲ့ရပါတယ် ကိုယ့်နေရာ ကိုယ့်ဒေသက ဘယ်သွား ချင်ပါ့မလဲ၊ ဒါပေမယ့် သားသမီးဆိုတာ မိဘအုပ်ထိန်းမှုအောက်မှာ နေရတာ လေ။ မိဘသွားရာ သားသမီးလိုက် မှာပေါ့။ ကားကြီးဟာ ရပ်ကွက်ထဲ ထွက်လာစဉ်က လမ်းကျဉ်းတာမို့ ဖြည်း ဖြည်း မောင်းထွက်လာခဲ့ပါတယ်။ လမ်းမကြီးပေါ် ရောက်ခါနီး လမ်းဘေး တစ်နေရာ အရောက်မှာ ခွေးပေါ် ကလေးတွေကို နို့တိုက်နေတဲ့ ခွေး အုပ်မတစ်ကောင်ကို အမှတ်မထင် မြ လိုက်မိတယ်။ ပထမတော့ မြင်ရိုး စဉ်လို့ အောက်မေ့တာ၊ သေသေချာ ကြည့်တော့မှ ဘိုမ ဖြစ်နေတယ်။ ပါတယ်။ လုံးဝ မမှားနိုင်ပါဘူး။ သူ ဘိုမမှ ဘိုမ အစစ်ပါ။

ကျွန်တော်က ဝိုင်းကူပြော ကြတဲ့ သူငယ်ချင်းတွေနဲ့ ဘားပြီး နောက်ဘက်က တွယ်စီးလာလို့လည်



www.burmeseclassic.com

www.burmeseclassic.com

ဘိုမကိုမြင်ခွင့်ရလိုက်တာပါ။ ကျွန်တော် ဝမ်းနည်းဝမ်းသာဖြစ်ပြီး ဘိုမကို အော်ခေါ်လိုက်မိတယ်။

"ဘိုမရေ ဘိုမ . . လာလာ"

ခွေးမကြီးဟာ ဓွေ့ခနဲ ခေါင်းထောင်ကြည့်လိုက်ပြီး ကျွန်တော့်ကို မှတ်မိသွားပုံရတယ်။ လူးလဲထကာ တစ်ချက်ထိုးဟောင်လိုက်ပါတယ်။

"ဝုတ် . . ဝုတ်"

ဟုတ်ပါတယ်၊ ဘိုမဆိုတာ သေချာသွားပြီ။ ကလေးတွေကို ထားခဲ့ကာ ကားနောက်ကို ပြေးလိုက်လာတယ်။ ကားကြီးဟာ လမ်းမကျယ်ကြီးပေါ် ရောက်တော့ လမ်းကောင်းသွားပြီမို့ အမြန်မောင်းပါတော့တယ်။ ခွေးမကြီး ပြေးလိုက်လာတုန်းပါပဲ။

တခြား ခွေးဆို အခုလို ကားနောက်ကို ပြေးလိုက်လာမှာ မဟုတ်ဘူးလေ။ခေါ်သံကြားလည်း လှည့်ကြည့်မှာ မဟုတ်ဘူး။ ခွေးကလေးတွေလည်း သူ့အမေနောက်ကို ပြေးလိုက်လာကြပါတယ်။

ကားကြီးက လမ်းကြောမရှင်းတဲ့ အခါ အရှိန်နှေးသွားတယ်။ ဒီအခါမှာ ဘိုမဟာ အတော်လေးပြေးလာလိုက် နောက်ကိုလှည့်ကာ သူ့ကလေးတွေကို စောင့်လိုက်လုပ်နေတယ်။ ကလေးတွေကိုလည်း စိတ်မချဘူး၊ သူ့သားသမီးတွေ သူ့ကိုမျက်ခြည်ပြတ်သွားမှာလည်း စိုးရိမ်တယ်နဲ့တူပါတယ်။

သခင်ကို မြင်လိုက်ရလို့ သခင့်နောက်ကိုလည်း လိုက်ချင်တယ်။ တစ်ဖက်က သားသမီးတွေကိုလည်း စိတ်မချ၊ ကလေးတွေ သူ့ကိုတော်တော်လေး မီလာကြပြီဆိုရင် ကားနောက်ကို ပြေးလိုက်လာပြန်ရော။

ဘိုမတို့သားအမိတွေကို ကြည့်ရင်း ကျွန်တော် သနားလာမိတယ်။ ကားလမ်းမကြီးပေါ်မှာ ဘိုမတို့သားအမိတွေ တသီတတန်းကြီး ပြေးလွှား လိုက်လာကြတာကို မြင်မိကြတဲ့ ကားသမားတွေဟာလည်း ကိုယ်ချင်းစာနာ တတ်ကြပါရဲ့၊ သူတို့ကို ရှောင်ရှောင်ပြီး မောင်းသွားတယ်။ ဘိုမဟာ ပြေးလာလိုက်၊ ကလေးတွေကို ရပ်စောင့်လိုက် လုပ်နေပြန်တယ်။

မဖြစ်တော့ဘူး။ ကြာရင် ဘိုမ အမောဆို့ပြီး သေလိမ့်မယ်၊ ဘိုမကို ကျွန်တော်အသေမခံနိုင်ဘူး။ ကျွန်တော့်ကို သူချစ်နေသေးတယ်။ မှတ်မိနေသေးတယ်ဆိုတာ ကျွန်တော် သိလိုက်ပါပြီ။

ကျွန်တော်လည်းသူ့ကို သိပ်ချစ်ခဲ့တာပါ။ ကားနောက်ကို ထပ်ကြပ်မကွာ လိုက်နေတာ ချစ်လို့ပေါ့။ ကျွန်တော့်ရင်ထဲ ဆို့ဆို့နင့်နင့်ကြီး ဖြစ်လာတာမို့ သူငယ်ချင်းတွေကို ကားခဏရပ်ခိုင်းလိုက်ပါလို့ ပြောလိုက်မိတယ်။

"ဟိုး ဟို ကားခဏရပ်ပါဦးဗျို့"

လေးငါးခြောက်ခွန်းလောက် ဝိုင်းအော်ကြတာမို့ ကားကြီး ရပ်သွားပါတယ်။ ကားရပ်ရပ်ချင်း ကားပေါ်က ကျွန်တော် ခုန်ချလိုက်ကာ ဘိုမရှိရာကို ပြေးသွားလိုက်ပါတယ်။

မကြာပါဘူး၊ ဘိုမတစ်ကောင် ကျွန်တော့်နားကို အပြေးရောက်လာပြီး ရှေ့လက်နှစ်ဖက်ကို မြှောက်ကာ ကျွန်တော့်အပေါ်ကို ခုန်တက်လိုက်ပါတော့တယ်၊ ကျွန်တော် ဘိုမရဲ့ ခန္ဓာကိုယ်လေးကို တင်းကျပ်စွာ ဖက်ထားရင်း မျက်ဝန်းက မျက်ရည်တွေ စီးကျလာကာ ချုံးပွဲချငိုလိုက်မိပါပြီ။

တင်းကျပ်စွာ ဖက်ထားခြင်းခံရတဲ့ ဘိုမရဲ့ခန္ဓာကိုယ်လေးဟာ မောလွန်းလို့ တုန်တုန်ယင်ယင် ဖြစ်နေရှာတယ်။

ကျွန်တော့်ငိုသံကြောင့် ဘိုမဟာ အတင်း ရုန်းထွက်လိုက်ပြီး ကျွန်တော့် မျက်နှာနဲ့ ခန္ဓာကိုယ်အနှံ့ လျှောက်နမ်းနေပါတယ်။

အိအိ အီအီ အသံ ပြုပြီးတော့လည်း ချော့မော့နေရှာပါရဲ့။ အနားကို ရောက်လာကြတဲ့ သူ့ကလေးတွေ နမ်းလိုက်၊ ကျွန်တော့်ကိုနမ်းလိုက် လုပ်နေတာကိုကြည့်ပြီး ကျွန်တော့်ရင်ထဲမှာ တစ်မျိုးကြီး ခံစားနေရပါပြီ။

အဖေနဲ့အမေ၊ ညီမလေးတို့လည်း စိုးရိမ်းတကြီးဖြစ်ကာ ကားခေါင်းခန်းထဲက ဆင်းလာကြတော့မှ ကျွန်တော်နဲ့ ဘိုမ အလွမ်းသည်ခန်းကို မြင်တွေ့သွားကြတယ်။

သူတို့လည်း ဝမ်းနည်းဝမ်းသာ ဖြစ်ကြတော့တာပေါ့။ ဒါနဲ့ အဖေက ကျွန်တော့်ကိုကြည့်ပြီး လှမ်းပြောတယ်။

"ငါ့သားနဲ့ ဘိုမတို့ရဲ့ သံယောဇဉ်က အတော်ကြီးတာပဲနော်၊ ကဲ , သားရေ၊ နေသိပ်မပူခင် သွားကြစို့၊ မင်းဘိုမနဲ့ သူ့ကလေးတွေလဲ တစ်ပါတည်း ခေါ်လာခဲ့၊ ကဲကဲ . . တက်ကြ တက်ကြ'

ဘိုမတို့မိသားစုကို ကားပေါ်တင်ပြီး ကားကြီး မောင်းထွက်လာခဲ့ပါပြီ၊ ဘိုမနဲ့ကျွန်တော် မခွဲရတော့ပါဘူး။

ဘိုမ ပျောက်သွားတုန်းက ခံစားခဲ့ရတဲ့ နှမြောတသ လွမ်းဆွတ်မှုတွေ၊ သူ့ကိုစွန့်လွှတ်လိုက်ရလို့ ကြေကွဲဝမ်းနည်းခဲ့ရတာတွေကို အတိုးချပြီး ချစ်သွားတော့မယ်။

လူမဟုတ်ပေမယ့် လူသားတစ်ဦးကဲ့သို့ သံယောဇဉ်ကြီးရှာသော ဘိုမနဲ့ တကွ သူ့ကလေးတွေကိုလည်း ထာဝရ စောင့်ရှောက်သွားမယ်လို့ ဆုံးဖြတ်ချက်ချလိုက်မိပါတော့တယ်။

ကျွန်တော့်မျက်ဝန်းမှာ မျက်ရည်တို့က လျှံကျလာပါတယ်။ ကျွန်တော့် သူငယ်ချင်းတွေလည်း ငိုကြတယ်။

ကျွန်တော့်မျက်နှာကို သေသေချာချာ စိုက်ကြည့်နေတဲ့ ဘိုမမျက်ဝန်းမှာလည်း မျက်ရည်စတွေနဲ့ပါလား။

"မငိုပါနဲ့ဘိုမရယ်၊ ငါတို့ ဘယ်တော့မှ မခွဲတော့ဘူးနော်လို့" ပြောရင်း သူ့ရဲ့ခန္ဓာကိုယ်လေးကို တင်းကျပ်စွာ ဖက်ထားပြီး ကားကြီး၏ခေါင်ဆောင်ရာ နောက်ကို လိုက်ပါခဲ့ရပါတော့တယ်။

**❒ တက္ကသိုလ်မင်းဟိန်းခန့်**

**မှတ်ချက်** - တပည့်တစ်ဦး၏ ကိုယ်တွေ့ဖြစ်ရပ်မှန်အား ခံစားရေးဖွဲ့ခြင်း ဖြစ်ပါသည်။

www.burmeseclassic.com

နံပါတ်-၁၊ ကျွန်မဘဝကို စိတ်နာတယ်။ နံပါတ်-၂၊ ယောကျ်ားတွေကို စိတ်နာတယ်၊ ကျွန်မကို ဒီလို ဘဝရောက်အောင် တွန်းပို့တာ ယောကျ်ားတွေထဲက ကျွန်မချစ်သူဆိုက ပိုမှန်ပါလိမ့်မယ်။

(၁)

ကျွန်မ သိတတ်စ အရွယ်ကတည်းက အဖွားအစ်မ (အဒေါ်ကြီး) အိမ်မှာ အချိန်ကုန်ခဲ့တာပါ။ အမေက ညီမလေး (၂)နှစ်သမီး၊ ကျွန်မ (၅)နှစ်သမီး အရွယ်ကတည်းက မြဝတီက အထည်ချုပ်စက်ရုံမှာ အလုပ်လုပ်မယ်ဆိုပြီး ရွာထဲက ရွာသူတချို့နဲ့ လိုက်သွားပါတယ်။

အဖေကတော့ ဒီရွှေပြည်သာထဲက ဟိုင်းလတ်ကလေးမှာ စပယ်ယာလိုက်ရင်း ကျန်ခဲ့တာပေါ့။

ကျွန်မ (၂)တန်းလောက်ရောက်တဲ့ထိ အမေ့ဆီက ငွေရော သတင်းရော ရပါသေးတယ်။ နောက်ပိုင်း ရွာထဲက လူတွေသာ ပြန်လာတယ်။ အမေကတော့ ပြန်မလာနိုင်တော့ပါဘူး။

ကြားရတဲ့ သတင်းက ရင်နင့်စရာပါ။ စက်ချုပ်တဲ့ မော်တာကနေ တစ်ဆင့် ဓာတ်လိုက်လို့ သေပြီတဲ့။

အဲဒီကတည်းက အဖေလည်း သောက်လိုက်တဲ့အရက် လစဉ်ငွေပို့နေတုန်းက ပြုံးချိုနေတဲ့ ဦးလေး အဒေါ်



www.burmeseclassic.com

www.burmeseclassic.com

ရဲ့ မျက်နှာတွေရော လေသံတွေ ပြောင်းသွားပါတယ်။

ကျွန်မနဲ့ ညီမလေး မျက်နှာငယ် ကြီးပြင်းလာခဲ့တာ ညီမလေး (၈) တန်းရောက်တဲ့နှစ်မှာ ကျွန်မကတော့ ကျောင်းထွက်ခဲ့ရပါပြီ။ မထွက်လို့လည်း မနေတော့ဘူးလေ။ ၁၀တန်း နှစ်ခါဖြေပြီး တာတောင် အောင်မှ မအောင်တာ။ အဒေါ်ကတော့ ကိုယ့်အဒေါ်ရင်းမို့ မောင်မျက်နှာနဲ့ ကျွန်မတို့ မိတဆိုး ညီအစ်မအပေါ် သူ့သားသမီးနဲ့ တန်းတူ ပါပဲ။ ဒါပေမယ့် ဦးလေးကတော့။

ကျွန်မ ပညာရေးတစ်ပိုင်းတစ်စ နဲ့မို့ ဘယ်ကုမ္ပဏီမှ မခန့်ပါဘူး။

ကျွန်မတလည်း ပညာသာ မတတ်တာ၊ မတတ်ပါဘူးလို့ ပြောရင် တောင် ဘယ်သူမှ မယုံ၊ ရုပ်က ပညာ တတ်ရုပ်။

အဲဒီတော့ အရင်းမစိုက်ရတဲ့ စားသောက်ဆိုင်တစ်ခုရဲ့ မီးဖိုချောင် နောက်ကွယ်မှာ ရာထူးက အိုက်တိုး ပဂေးဆန် သန့်ရှင်းရေး။

စားသောက်ဆိုင်က ညဘက် ဘီယာဆိုင် စင်တင်တေးဂီတနဲ့ဆိုတော့ အဲဒီက အဆိုတော်ကောင်မလေးတွေရဲ့



www.burmeseclassic.com

www.burmeseclassic.com

တာဝန်လည်း ပါတာပေါ့။ တာဝန်ဆိုတာက ဒီလိုပါ။ သူတို့က ညနက်မှ အိပ်ရတော့ မနက်စောစော မနိုးကြဘူး။

ကျွန်မက သူတို့နိုးရင် အဆင်သင့်စားဖို့ မုန့်ဝယ်ပေးထားရတယ်။ သူတို့ရဲ့ အဝတ်တွေလျှော်ပေးရတယ်။ သူတို့ ပေးတာယူ ကျွေးတာစား ခိုင်းတာလုပ်နဲ့ ကျွန်မ ရတဲ့လစာက အသားတင် အဒေါ်ဆီအပ်ပြီး ညီမလေး ကျောင်းစရိတ်နဲ့ အိမ်စရိတ်ကို အကုန်အပ်ပါတယ်။

ဒါပေမဲ့ ကျွန်မ ဘာလုပ်တယ် ဘယ်မှာဆိုတာ ဘယ်သူ့မှ မပြောပါဘူး။ ညီမလေး သိက္ခာကျမှာစိုးလို့ပါ။

(၂)

"သက်ထားရယ် နင်ကလေ အသားညိုညိုလေးနဲ့ ညဖက်မီးရောင်နဲ့ အရမ်းလှတာပဲဟယ်"

"အေးနော်၊ သက်ထားကို ငါတို့အဖွဲ့ထဲ ထည့်ရအောင်"

အဝတ်လျှော်နေတဲ့ ကျွန်မကို လှမ်းပြောလိုက်တဲ့ မြနှင်းစကားကို စနိုးကလည်း နောက်ကနေ ထောက်ခံလိုက်တယ်။ ကျွန်မက. . .

"မလုပ်ပါနဲ့ဟယ်. . သက်ထားက ရုပ်သာလှတာ အသားမည်း ပညာမတတ်သူမို့ လူကြားထဲ မဝင်ရဲပါဘူး"

"တကယ်ပြောတာ သက်ထားရဲ့ စနိုးတို့ကို ယုံလိုက်စမ်းပါ၊ စနိုးတို့အဖွဲ့ထဲက ဒီဇင်ဘာက တခြားဆိုင်ကို ပြောင်းတော့မလို့တဲ့၊ အလုပ်ရှင်မမက လူအားနည်းနေလို့ တောင်းပန်ထားရတယ်၊ သူကလဲ ပြောင်းချင်လှပြီ၊ သက်ထားကို တို့အဖွဲ့ထဲ ထည့်လိုက်ရင် မမလဲ အဆင်ပြေ သက်ထားလဲ ဒီအလုပ်တွေ မလုပ်ရတော့ဘူး၊ စနိုးတို့လဲ အဖော်ရတာပေါ့"

"အေးလေဟယ်၊ လုပ်ပါ သက်ထားရယ်၊ ဟိုနေ့က သက်ထား ပန်းကန်ဆေးတုန်း သီချင်းညည်းနေတာ ကြားပါတယ်ကွ၊ အသံကောင်းပါတယ်၊ လုပ်ပါနော်၊ ပြီးရင် မမကို တက်ပြောကြမယ်၊ ဒီဇင်ဘာလဲ ဝမ်းသာသွားမှာ"

ကျွန်မ နည်းနည်း စိတ်ဝင်စားသွားပါတယ်။ သူတို့လေးတွေ ဝတ်နေတာ သုံးနေတာ ဖြုန်းနေတာတွေကို ကျွန်မလဲ ဝတ်ချင် သုံးချင် ဖြုန်းချင်တာပေါ့ရှင်။

"သက်ထားမှာ စနိုးတို့လိုအဝတ်အစားလဲ မရှိဘူး၊ အလှပြင်ပစ္စည်းလဲ မရှိဘူး၊ ဖိနပ်လဲ. . ."

"အို သက်ထားကလဲ ဒါတွေ နောက်မှ စနိုးတို့ စီစဉ်ပေးမယ်၊ သက်ထားတာ ခေါင်းညိတ်လိုက်နော်"

"လုပ်ပါ သက်ထားရယ်"

ချီတုံချတုံ ဖြစ်နေတဲ့ ကျွန်မကို စနိုးကော မြနှင်းကပါ ဘယ်ညာညှပ်ပြီး ခေါင်းညိတ်ခိုင်းလိုက်ပါတယ်။

ကျွန်မကလည်း နဂိုကတည်းက ဝါသနာလည်း ပါပြီး အဖော်လည်း မင်ပြီးသားမို့။

"အင်း"

"ဝေး ဒါမှ သက်ထားကွ"

(၃)

သက်ထားတစ်ယောက် အရမ်းပျော်နေပါသည်။ အလုပ်ရှင် မမထုတ်ပေးလိုက်သော ပိုက်ဆံ တစ်ထပ်ကြီး ကိုင်ပြီး စနိုးနှင့် မြနှင်းတို့က သက်ထားအား ဝယ်ခြမ်းပေးသော အဝတ်အစားများသည် တစ်ပုံတစ်ပင်။

ဖိနပ်လှလှလေးများသည် လည်း ဒီဇင်ဘာက ပေးသွားသေးသည့် အလှပြင်ပစ္စည်းများသည် သက်ထားအတွက် စိမ်းလွန်းသည်။ စနိုးတို့ကသာ ဆရာကြီးလုပ်၍ စီစဉ်နေပါတော့သည်။

ညဘက် Disco Light အောက်မှ မိမိကိုယ် မိမိ မယုံကြည်နိုင်လွန်းစွာ. . .

"လှလိုက်တာ သက်ထားရယ်၊ နင်က နဂိုလှပြီးသားဆိုတော့ ကြည့်စမ်းပါဦး ငါတို့တောင် မနာလိုချင်တော့ဘူး"

"မြှောက်မနေပါနဲ့နော် ဟင်း ဟင်း ဟင်း"

ဟန်လုပ်ပြီးတော့သာ ပြောရတာ၊ သက်ထား ကျေနပ်နေမိပါရဲ့ ပထမဆုံး စင်ပေါ်တက်တဲ့နေ့မှာပဲ ပန်းကုံးတွေ အများကြီးရတယ်။ သက်ထားကို ကီးဘုတ်ဆရာက. . .

"အခုမှ ငါတို့ဆိုင် Queen ပေါ်လာတော့တယ်" တဲ့။

"သက်ထား နာမည်လှလှလေး ပြောင်းဟာ"

"ဟင့်အင်း သက်ထား ဒီနာမည်ပဲ ကြိုက်တယ်၊ မေမေက အသက်ထက်မှာ ထားလို့ သက်ထားလို့ ပေးခဲ့တာလို့ ပြောဖူးတယ်၊ မေမေ မရှိတော့လို့ မေမေ ပေးခဲ့တဲ့ နာမည်ပဲ သုံးပါရစေနော်"

"ဩော် အေးပါဟယ်၊ ငါတို့က မသိလို့ပါ၊ တောင်းပန်ပါတယ် နော်"

ဒီနောက်ပိုင်း လစာကလည်း ပိုကောင်းလာတာပေါ့၊ သန့်ရှင်းရေးလစာနဲ့ အဆိုတော်လစာ ကွာတာပေါ့ရှင်၊ တစ်ည တစ်ည ပန်းကုံးကြေးကလည်း ကော်မရှင်ရသေးတယ်လေ။

အဲဒီတော့ ညီမလေးကလည်း ၁၀ တန်းရောက်နေပြီဆိုတော့ ကျူရှင်ကောင်းကောင်းလည်း ထားနိုင်တယ်။ အဝတ်အစားလှလှလေးတွေလည်း ဆင်နိုင်တယ်။ ဦးလေး မငြိုငြင်အောင် အဒေါ့်ကိုလည်း ပိုက်ဆံပေးနိုင်တယ်။

ကဲ ဘာလိုသေးလဲ။ ဒါပေမယ့် ကျွန်မ ဘာလုပ်တယ် ဘယ်မှာဆိုတာ ဘယ်သူ့ကိုမှ မပြောပါဘူး။ ညီမလေး သိက္ခာကျမှာစိုးလို့ပါ။

(၄)

"သက်"

လှမ်းနေတဲ့ ခြေလှမ်းတန့်သွားပါတယ်။ ဒါပေမယ့် သက်ထားကို ခေါ်တယ် မထင်။

"သက်"

ဒုတိယအခေါ်မှာတော့ ဘေးနားကပ်ရက်မှ ထွက်ပေါ်လာခဲ့သည်။ လှည့်အကြည့် လိုသူ့ကို သက်ထား

www.burmeseclassic.com

www.burmeseclassic.com

သတိထားမိသည်မှာ ကြာခဲ့ပြီ။ အခုမှ သူက . . .

"သက်၊ ဟို သက်က ဟို ဆိုင်က အဆိုတော် မဟုတ်လားဟင်"

"ဟုတ်"

"ဝှူး တော်ပါသေးရဲ့ဗျာ၊ လူမှားတော့မလို့"

"ရှင်"

"ဟို ဒီလိုပါ၊ ကျွန်တော်က ညတိုင်း အဲဒီဆိုင်ကို လာတဲ့ ဖောက်သည်တစ်ယောက်ဆိုပါတော့၊ ဩော် ဒါနဲ့ လမ်းလယ်ခေါင်ကြီးမှာ ဟို . . . ခဏလောက်၊ ကော်ဖီသောက်ရင်း စကားပြောခွင့်ပေးပါနော်၊ ကျွန်တော် ပြောစရာရှိလို့ပါ လာပါ ခဏလေးပါ"

သက်ထားလည်း ယောင်နနနဲ့ သူ့နောက်မှ လိုက်လာပါတယ်။ ဒီနေ့မှ စနိုးရော မြူနှင်းပါ အိပ်ရေးမဝသေးလို့ဆိုပြီး ဆက်အိပ်နေကြလေရဲ့၊ သက်ထားကသာ ဗိုက်ဆာလို့ တစ်ယောက်တည်း ထွက်လာမိတာကိုး ဒုက္ခပါပဲ။

"ဟို သက် ဘာသောက်မလဲ"

"ကော်ဖီပဲ သောက်ပါ့မယ်ရှင်"

"သက်ကတော့ ကျွန်တော့်ကို သိမှာ မဟုတ်ပါဘူး"

"နေ နေပါဦးရှင် ကျွန်မနာမည် သက် မဟုတ်ပါဘူး၊ သက်ထားပါ"

"ဩော် သိပါတယ်ဗျာ၊ သက်ဆိုတာက ကျွန်တော့်ဘာသာ အမြတ်တနိုးနဲ့ ခေါ်တာပါ"

"ရှင်"

"အဟင်း ဘယ်လိုပြောရမှန်း မသိတော့ပါဘူး၊ ဟိုလေ သက်က ကျွန်တော့်နှလုံးသားထဲမှာ နေရာယူထားတာ ကြာနေပါပြီ"

"ရှင် ဟို"

"နေပါဦးဗျာ၊ ကော်ဖီတိုက်ပြီး ရည်းစားစကားပြောတယ် မထင်ပါနဲ့နော်၊ ကျွန်တော်ပြောတာ ဆုံးအောင် နားထောင်ပေးပါနော်၊ အဲဒီနေ့ညက"

(၅)

ကိုယ်ကို နောက်ခိုင်းထိုင်ပြီး အမြည်းကိုသာ တွင်တွင်ငုံ့စားနေတဲ့ ကျွန်တော့်ကိုဟိုကောင်တွေသိပ်မကြည်။ ဟိုကောင်တွေဆိုတာက ဖိုးကျော်ရယ်၊ အောင်နိုင်ရယ်၊ ငဇော်ရယ်ပေါ့။

"ဟိတ်ကောင် ကနောင်၊ မင်းက ငတ်ကြောပဲ ထနေ၊ ဟိုမှာ ကောင်မလေးတွေလဲ ကြည့်ပါဦးကွ၊ မင်း ဒီခေါ်လာတာ မတန်လိုက်တာကွာ"

"ဟာ ငါ ဝါသနာမပါဘူး၊ မင်းတို့သာ ငမ်းကြ၊ ငါကစားမယ်"

"ငါ့လခွီး၊ ငတ်ဖို့ပဲ တတ်တဲ့ကောင် ဒီရောက်ရင် ငမ်းမှတန်တာကွ"

"တော်ကြပါကွာ၊ မင်းတို့ပဲ သောက်လဲသောက်၊ ငမ်းလဲငမ်း၊ မူးလဲမူး၊ ငါက ပြီးရင် တစ်ကောင်ပြီး တစ်ကောင် အိမ်တိုင်ရာရောက် ကားမောင်းပို့ရမှာဆိုတော့ မသောက်တော့ဘူး ဟုတ်ပြီလား"

ဟို သုံးကောင် သူတို့ အရှိန်နဲ့ သူတို့ ဘူးလို့ မူးလို့ အရှိန်အမြင့်ဆုံး အချိန်မှာမှ . . .

အို ဒီအသံလေး ကြည့်စမ်း၊ ကျောခိုင်းထားတာတောင် အာရုံမပြုမိတာတောင် ရင်ထဲမှာ လာလှုပ်ခတ်လိုက်လေရဲ့။

မကြည့်စဖူး သမင်လည်ပြန် အကြည့်မှာတော့ တခြားအဆိုရှင်တွေလို မလုံမလဲမဟုတ် ကျက်သရေရှိလိုက်တာ။ အဲဒါနဲ့ . . .

"ဟဲ့ကောင်တွေ သူက ဘယ်သူတဲ့လဲ"

"ဟင် တိထူးလေ"

အာလေး လျှာလေးနဲ့ ပြန်ဖြေသံက စိတ်ဓာတ်ကျစရာ။

"မင်းတို့ပဲ ကြည့်နေတာ မဟုတ်ဘူးလား၊ နာမည် ကြေငြာတာ မသိလိုက်ဖူးလား"

"ဟာ ဒီကောင် ငါတို့က တက်လာသမျှ ငမ်းတာပဲဟေ့ကောင် နာမည်မှတ်တာ မဟုတ်ဘူး"

မနေနိုင်တော့စွာ ဝိတ်တာလေးကို လှမ်းခေါ်ပြီး . . .

"ညီလေး သူ့နာမည်လေး တစ်ဆိတ်လောက်ကွာ"

သက်ထား တဲ့၊ ကျွန်တော့်ရင်ထဲ သက် ထစ်လုံးတည်းသာ အရှိန်အဟုန်ပြင်းစွာ။

"အဲဒါပါပဲ သက်ရယ်၊ ကျွန်တော့် နှလုံးသားကို သက်က ပိုင်ဆိုင်ထား တာ ကြာလှပါပြီဗျာ၊ ကျွန်တော် ညတိုင်းလဲ ဆိုင်ကို ရောက်ပါတယ်၊ တစ်ခုထူးတာက ကျွန်တော် ကျောမခိုင်းရက်တော့ဘူး သက်ကို မမြင်ရရင် မနေနိုင်တော့ အောင်ကို ဖြစ်နေပြီ။

မနက်တိုင်းလဲ ကျွန်တော်လေ ဒီကော်ဖီဆိုင်ကနေ လာ လာစောင့်ပါတယ်၊ ဒါပေမဲ့ သက်တို့က နေမြင့်မှ လာတဲ့အပြင် အဖော်အမြဲပါနေတော့ သက် သိက္ခာကျမှာစိုးလို့ ကျွန်တော် ပုန်းနေခဲ့တာပါ၊ ဒီနေ့မှ သက်က တစ်ယောက်တည်း ထွက်လာတာနဲ့ ကျွန်တော်လဲ အဟဲ ဟဲ"

"အခွင့်အရေး ယူလိုက်တယ် ဆိုပါတော့"

"ဟာဗျာ ပုဒ်မကလဲ ကြမ်းလှချေလား၊ အခွင့်အရေး ယူတတ်လို့ မပြောပါနဲ့ဗျာ၊ ကျွန်တော့်နှလုံးသားလေး ကြားသွားရင် ငိုနေပါ့မယ်"

"အမယ် ကဗျာဆန်ပြနေပြန်ပြီ၊ သက်က အဟင်းဟင်း ရှင်က သက်ဆိုတာနဲ့ ကိုယ့်ကိုယ်ကိုယ်တောင် သက်ဖြစ်သွားတယ်၊ ဟို သက်ထားက ရှင့်ကို ဘယ်လိုနားလည်ပြီး ဘယ်လိုတုံ့ပြန်ရမှန်းတောင် မသိတော့ဘူး"

"ဟို သက်ရယ် သက်ရဲ့ စဉ်းစားစရာထဲမှာ ကျွန်တော့်ကို ထည့်ပြီး စဉ်းစားလိုက်ပေါ့၊ စဉ်းစားပြီးရင် နှလုံးသားချင်း အသိပေးလိုက်ရုံပဲ၊ ကျွန်တော့် နှလုံးသားက သက်ကိုပဲ တောင်းတနေတာပါဗျာ၊ တကယ်ပါ"

"ကိုကနောင် ဟုတ်လား၊ သက်တို့က သူများတွေ အထင်သေးတဲ့

www.burmeseclassic.com

အလုပ်လုပ်နေရတာပါ ကိုကနောင်ရယ်၊ သက် ရည်းစားလဲ မထားဖူးသေးပါဘူး၊ အချစ်ဆိုတာလဲ နားမလည်သေးပါဘူး၊ ပြီးတော့ ကြောက်တယ်"

"ဘာကိုကြောက်တာလဲ သက်ရဲ့"

"ချစ်ရမှာကိုရော အသည်းကွဲရမှာကိုရော ရှင့်ကိုရော"

"ဟောဗျာ ဟား ဟား ဟား၊ ချစ်တောင်မချစ်ရသေးဘူး၊ အသည်းကွဲမှာ ကြောက်နေတယ် ဟင်း ဟင်း"

သက်ထား သူ့ကို သိပါသည်။ State ပေါ်က သက်ထားကို ဆွဲငင်ညှို့ယူ ဖမ်းစားခဲ့လေသော သူ၏ မျက်ဝန်းများကို သက်ထား စွဲလမ်းခဲ့သည်မှာ ကြာခဲ့ပြီ။

သို့သော် သက်ထားတို့ဘဝကို သက်ထားတို့ မပိုင်။

မိမိတို့ နောက်ပိုင်း စားဝတ်နေရေးအတွက် ဤကဲ့သို့သော မူးယစ်ရီဝေသူများကို မြူဆွယ်သောအလုပ်ကို လုပ်နေရသည့် သက်ထားတို့ကို မည်သူကမျှ အထင်ကြီးမည် မဟုတ်။

မိမိတို့ အချစ်ကိုလည်း တန်ဖိုးထားကြမည် မဟုတ်ဟု ဆရာကြီးများဖြစ်ကြသော စနိုးတို့က ပြောပြထားသောကြောင့် အချစ်ဆိုသည် မိမိနှင့် မဆိုင်သကဲ့သို့ ချစ်တတ်သော နှလုံးသား ရှိပါသည်။ သို့သော် မချစ်ရဲပါ။

"သက်"

တိုးညှင်းစွာ ခေါ်လိုက်သော်လည်း သက်ထား တုန်သွားသည်။

"ဟင်"

"သက် ဘာလို့ ငြိမ်သွားတာလဲ၊ ကျွန်တော့် အကြောင်းစဉ်းစားနေတာလား၊ ယုံပါဗျာ၊ သက် ဘာတွေ တွေးနေမလဲဆိုတာ ကျွန်တော်သိပါတယ်"

ပြောရင်းနဲ့ အုပ်မိုးလာတဲ့ သူ့လက်ဖဝါး ကြမ်းကြမ်းတွေအောက်မှ သက်ထား လက်ကလေးကို မရုန်းဖယ်မိ။ ဖြစ်ညှစ်ဆုပ်ကိုင်ထားသည့် လက်ကြမ်းကြမ်းအောက်မှ သက်ထား လက်နုနုလေးသည် နွမ်းဖတ်လျက် သက်ထားနှလုံးသားသည်လည်း သူ့အပြော ညက်ညက်နှင့် မျက်ဝန်းနက်နက် အောက်မှာ။

(၆)

"ဟိတ် မိန်းမ ခုတလော အချစ်သီချင်းတွေ ဆိုလှချေလား၊ Feeling အပြည့်နဲ့ နော် မလိမ်နဲ့"

"ဟာကွာ၊ စနိုးကလဲ မဟုတ်ကဟုတ်က၊ လာအစ်နေပြန်ပြီ၊ သီချင်းဆိုတာပဲ အချစ်ဆိုမှတော့ ခံစားပြီး ဆိုရမှာပေါ့၊ မင်းတို့ကော သီချင်းဆိုရင် Mood မထည့်ဘဲ ဆိုလို့ရလို့လား"

နေ့ခင်း ထမင်းစားချိန်မှာ သက်ထားကို ဝိုင်းအစ်နေကြလေရဲ့။

သူတို့ကို ဘာမှ ပြောပြမထားသေးချေ။

ကီးဘုတ်ဆရာကလည်း. . .

"စနိုးတို့ပြောတာ မှန်တယ်ဟေ့ ငါလဲ သတိထားမိနေတာ၊ ဒီကောင်မလေး ခုတလော မရိုးဘူးနော်၊ မိသက်ထားရယ်၊ ငါက ညည်းအဖေလောက်ရှိတာပါ၊ စနိုးနဲ့ မြူနှင်းကိုသာ ညည်းပတ်လို့ရမယ်၊ ကျုပ်ကိုတော့ မကျော်လေနဲ့"

"မဟုတ်ရပါဘူး. . အဘရယ်၊ သက်က အဲ သက်ထားက"

"ဟေ့ ဟေ့ မိပြီ၊ သက်ကတဲ့ သူ့ကောင်လေးက သက်လို့ ခေါ်တယ်နဲ့တူတယ်၊ ဟုတ်လား မိသက်ထား"

"ဟာ ဒီအဘလုပ်တာနဲ့ အကုန်ပေါ်ကုန်ပြီ၊ ဟုတ်တယ် အဘရေ ဟုတ်တယ်၊ ကဲ ပြီးရော မို့လား"

"ဟား ဟား ဘယ်ရမလဲ ဝါးနုက ဝါးခုင့်ပတ်လို့ ကဲ ကဲ မြူနှင်းတို့ ကျန်တာတော့ ညည်းတို့ပဲ ဒီကောင်မလေးကို ဆက်အစ်ကြပေတော့၊ ငါတော့ ရှောင်ပေးပြီဟေ့ ဟား ဟား ဟား"

"ကဲ၊ မိသက်ထား ပြောပေတော့ ကွယ်ဖို့ ဝှက်ဖို့ မကြံနဲ့နော်၊ ကျုပ်တို့က ဒီလောကထဲမှာ ပါးရည်နပ်ရည်ရှိပြီးသား၊ ညည်းလေးကို စိတ်ပူလို့"

"သိပါတယ် စနိုးရယ် မောင်က
လေ. . ."

ရှည်လျားစွာ ပြောပြနေတဲ့
မောင့်အကြောင်းတွေကို စနိုးကော မြူ
နှင်းပါ ဆုံးဖြတ် သုံးသပ်ပေးကြလေရဲ့
စနိုးက "အင်း, ဒီကောင်လေး အနေ
အထားက တကယ်ချစ်ပုံပဲနော် မြူ"

"အင်း. . မြူလဲ ခံစားမိတယ်
ဒါပေမဲ့ သက်ထားလေးရယ်၊ မိန်းမချင်း
မို့ သတိတော့ ပေးပါရစေနော်၊ နှလုံး
သားပဲ ပေးပါနော်၊ ဘဝတော့ မပေး
လိုက်ပါနဲ့ဦး"

အို . . . သက်ထား ထိန်ချန်ထဲ
အကွက်ကို ရိပ်မိနေရော့သလား။

အဲဒီနေ့က. . .။

(၇)

ဝါဆိုလပြည့်နေ့ အိမ်ခဏပြန်ပြီ
ညီမလေးနဲ့ အဒေါ်တို့ကို ပိုက်ဆံပြန်
ပေးဖို့ ဆိုင်ကနေအထွက်. . .

"ဟေ့ သက် ဘယ်သွားမလို့လဲ"

"ဟင် မောင် မောင်ကဘော
ဘယ်လဲ"

"ဒီနေ့ မောင်နဲ့ သက်ချစ်သူဖြစ်
တာ တစ်နှစ်ပြည့်ပြီလေ၊ အဲဒါ သက်ကို
ချစ်သက် လက်ဆောင်ပေးစရာရှိလို့"

"ဟင် . . . တကယ်"

ချစ်သူဆီက ချစ်သက် လ
ဆောင်ရမယ်ဆိုတော့ ပျော်သွားတာ
ပေါ့၊ သူမခေါ်ခင်ကတည်းက သူ့တာ
ပေါ် စွေ့ခနဲ။

"မောင် ညနေကျရင် ရမည်
သင်း ခဏပြန်ရမယ် သက်၊ အမေ
မကောင်းလို့ ဖုန်းဆက်ခေါ်လို့ တစ်ပ
လောက်ပါ",

"ဟင် မောင်ကလဲ တစ်ပတ်ကြ
များတောင်"

သက်ထားရင်ထဲ အလွမ်း
ဂလေး ဖြတ်အစီးမှာ ဟိုးကောင်း
အောက်ခြေကနေ မိုးသားတွေ
လိပ်တက်လာသည်မှာ ပို၍ပို၍ လွ
စေရော့သလား။





www.burmeseclassic.com

www.burmeseclassic.com

"ခဏလေးပါ သက်ရယ်၊ မောင် နေ့တိုင်း ဖုန်းဆက်နေမှာပဲဟာ နော်၊ တော်သေးတာ ပေါ့ကွာ၊ ဒီနေ့ ကဲနဲ့ ဒီလိုလေးတွေ လိုက်ရတော့ ာင် နည်းနည်း အလွမ်းပြေသွား ယ် တကယ်ပြောတာ"

မောင် ပြောနေတာ ကြားတစ် မကြားတစ်ဝက်။ ကားရပ်တော့ ဒီတစ်ခုရဲ့ ကားပါကင်မှာ။ ဘယ် ရာလဲ သက်ထားမသိပါ။ အဲကွေ့ တောက် လှေကားထစ် အချိုးလေး မှာလည်း မောင်က စကားတွေ ာင်နေသလောက် မောင့်လက်ကို လိုက်လာတဲ့ သက်ထားကတော့ ထောင်ယုံ။

အခန်းတစ်ခန်းရှေ့ အရောက် ာင်က သော့ဖွင့်မှ. . .

"ဟင် မောင် ဘယ်သူမှ မရှိဘူး "

"အင်း ဟင်၊ ဒီအခန်းက ာင်တို့ သူငယ်ချင်း ၄ယောက်၊ စု ထားတာ၊ မောင်က ရမည်းသင်းမှာ အောင်နိုင်ရယ်၊ ဖိုးကျော်ရယ်က ရွှေပြည် မှာ၊ ငဇော်က မော်ဘီမှာ၊ အဲဒါ အလုပ်ထဲမှာတွေ့ပြီး ခင်ပြီးမှ စုငှား တာ"

"ဩော်"

မောင်ကတော့ သူ့အိမ် သူ့ယာ လွတ်လွတ်လပ်လပ် အပေါ် အင်္ကျီ တ်ပြီး စွပ်ကျယ်ကလေးနဲ့ သက်ထား မနေတတ်စွာ ထိုင်ခုံရှည်ကြီးမှာ င်ပြီး ကျဉ်းကျပ်နေလေရဲ့၊ မောင်က သက်ထားအေးကပ်ထိုင်ရင်း. . .။

"သက်"

သက်ထား ပခုံးလေးကို လှမ်း က်ရင်း ခေါ်လိုက်တဲ့ မောင့်အသံ ကြောင့် ရင်ခုန်နှစ်စွာဖြင့် ပြန် ထူးဖို့တောင် သွားပါသည်။

"ဟို မောင်"

သက်ထား ဘာမှ ပြန်ပြောချိန် ရလိုက်ပါ။ ခုနက မည်းပြီး လိပ်တက် သော မိုးသားများသည် မောင့်ကိုပဲ အားပေးနေသလား မသိပါ။ အဘယ်ကြောင့်ဆိုသော် တောင်းပန်နေသော ငြင်းဆန်နေသော သက်ထား ဘာ ပြောပြော မောင်သည် လုံးဝ မကြားသကဲ့သို့သာ။

မောင့်ရင်ခွင်မှာ ဝမ်းနည်းပက်လက် ရှိုက်ငိုနေသော သက်ထားကို မောင်သည် နည်းမျိုးစုံနှင့် ချော့နေသည်။ ခုနက အငြိုးကြီးသော မိုးသည်လည်းကောင်း ခုနက မောင်သည်လည်းကောင်း မရှိတော့ပါ။

မောင့်ကို သက်ထား အရမ်းကြောက်သွားသည်။ ကြောက်သည်မှာ မောင့်ရင်ခွင်မှ မျက်နှာခွာပြီး မောင့်မျက်နှာကို ကြည့်ရမှာတောင် ကြောက်သည် မောင်ကတော့. .

"သက်ရယ် မောင် သက်ကို အရမ်းပိုချစ်မိသွားပြီကွာ"

အို ဒါက ပိုချစ်စရာလားလို့။ သက်ထား အံ့သြစွာ မော့အကြည့် မောင်ရဲ့ ဒုတိယအကြိမ် မွတ်သိပ်ခြင်းများသည်. . ။

(၈)

"သက်ထား မှိုင်လှချေလားကွ၊ သီချင်းဆိုတာလည်း Key တွေ မှားနေတယ် နော်၊ မြို့တို့ သတိထားမိတာ ကြာပြီ၊ ပြောစမ်း ယူလူနဲ့ ဘာပြဿနာ ဖြစ်ထားကြလဲ ဟိုတစ်ယောက်လဲ ပေါ်မလာတာ ကြာပြီ"

ငိုချင်ရက် လက်တို့ဆိုတာ ဒါမျိုး ထင်ပါရဲ့။ ဘာမှ မမေးခင်ကတည်းက သက်ထား မျက်ရည်ဝဲနေပြီ။

"ဟိုမောင်က သူ့မေမေ နေမကောင်းလို့ ရမည်းသင်း ခဏပြန်မယ်ဆိုပြီး ပြန်သွားတာ၊ တစ်ပတ်ပဲဆိုပြီး ခု သုံးလတောင် ရှိသွားပြီ၊ ပြီးတော့ ဖုန်းဆက်တာလဲ မရဘူး၊ ဟိုးတစ်ခေါက် သူ သွားကာစကတော့ အပြင်ဖုန်းနဲ့ ဆက်တယ်၊ အဲဒီဘက်မှာ သူ့ GSM က လိုင်းမမိဘူးတဲ့၊ CDMA တွေပဲ မိ တယ်တဲ့၊ ပြီးတော့ ဖုန်းဆက်ရင် မြို့ပေါ်တက်ဆက်ရတာတဲ့၊ ခဏ ခဏ ဆက်ဖို့ မလွယ်ဘူးတဲ့"

"အင်း အဲဒီတော့"

"သက်ထားကိုသာ အပြစ်တင်ပါတော့ မြို့ရယ်၊ ဟိုးပြီးခဲ့တဲ့ လက သူ့တိုက်ခန်းလေးကို လိုက်သွားပြီး ကိုကျော်တို့ ကိုအောင်နိုင်တို့ကို မေးကြည့်တာလေ သူက သူက"

"ပြောလေ သက်ထားရဲ့ ငိုချည်းပဲ နေလို့ရမလား၊ စန်းရယ် လာပြီး ချော့မေးဦး၊ ဒီကောင်မလေးတော့ တစ်ခုခုပဲ နော် ဟင်း"

"ကဲ ကဲ ပြော၊ သူက ဘာဖြစ်လဲ"

"သူ့အမေ နေမကောင်းလို့ မဟုတ်ဘူးတဲ့၊ သူ့သားအကြီးကောင်လေး သွေးလွန်တုတ်ကွေးနဲ့ ဆေးရုံတက်ရလို့ ပြန်သွားတာတဲ့၊ သူ့မိန်းမနဲ့ သားလေး (၂)ယောက် ရှိတယ်တဲ့၊ သူ့အမေ အဖေနဲ့ပဲနေတာတဲ့၊ တစ်လ တစ်လ သူ့လစာကို လူကြုံနဲ့ ပို့ ပို့ပေးနေရတာတဲ့"

"ဟင် ဒါဆို ကနောင်က လူပျို မဟုတ်ဘူးပေါ့ မြတ်စွာဘုရား၊ ယုတ်မာလှချေလား၊ သက်ထား ငါ ပြောင်ပဲ မေးတော့မယ်၊ နင်နဲ့ရော လွတ်ကင်းရဲ့လား"

"ဟဲ့ မေးနေတယ်လေ သက်ထား"

"သက် သက် သက်မှာလေ ဟိုဟို"

"ဘာ"

စန်းနဲ့ မြို့နှင်း တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ကြက်သေသေနေကြသည်။

"ဒါဆို နင် ဘယ်လိုလုပ်မလဲ၊ သက်ထား ဟင် မိုက်လိုက်တာ ကလေးရယ်၊ ငါတို့ အပြစ်လဲ ပါနေပြီပေါ့၊ ငါတို့ကတော့ နင်ပျော်နေတာ ကနောင်က နင့်ကို အလိုလိုက်တာတွေကို စိတ်ချနေတာဟ"

"လိုက်သွားဟာ ရမည်းသင်းကို"

www.burmeseclassic.com

"အေး . . . ငါတို့လဲလိုက်မယ်၊ ရမည်းသင်း ဘယ်နားလဲ"

"ရမည်းသင်း ရွှေတောတဲ့"

"ဟော့ ဒီလောက်သိရရင် တော်ပြီ၊ လိုက်မယ် လုပ်"

စိတ်မြန်သူ မြူနှင်းက ချက်ချင်းပဲ ထပြီး ထဘီပြန်ဝတ်ပါသည်။ သက်ထားကသာ ခေါင်းတွင်တွင်ခါလျက်။

"ဟင့်အင်း ဟင့်အင်း ငါလိုက်သွားရင် မောင့်မိသားစုရှေ့မှာ မောင်လဲ သိက္ခာကျမယ်၊ မောင့်မိဘတွေလဲ အရှက်ရမယ်၊ မောင့်မိန်းမလဲ စိတ်ဆင်းရဲရမယ်၊ မောင့်သားလေးတွေလဲ အိုကွာ မလိုက်ပါရစေနဲ့၊ မောင့်ဘာသာ ပြန်လာတာကိုပဲ ဒီကနေ စောင့်ပါရစေတော့"

"ဟဲ့ နင့် ဒါကြီးကကော ဒီတိုင်းနေမယ်တဲ့လား၊ သက်ထားရဲ့ ငါနော်"

"သက်ထားကြောင့် စနိုးရောမြူရော အရှက်မရစေပါပါဘူး၊ သက်ထား ထွက်သွားပါ့မယ်"

"ဖျက်ချမလို့လား"

"အို မဟုတ်ပါဘူး၊ မဖျက်ဘူး၊ မဖျက်ဘူး မောင်ပြန်လာလာ မလာလာ မောင့်ရင်သွေးကို သက်ထားမွေးမှာပါ"

"ဟဲ့ ကလေးအဖေကောဆိုရင် နင်ဘယ်လို ပြောမလဲ"

"နယ်မှာလို့ ပြောရမှာပေါ့၊ မောင်က ချစ်သူသက်တမ်း တစ်နှစ်ပြည့်တုန်းက ရွှေတစ်ဆင်စာ လုပ်ပေးထားတာရှိတယ်၊ အဲဒါလေးထုခွဲပြီး အပြင်မှာ တစ်နှစ်လောက်သွားနေမယ်လေ၊ အဖေနဲ့ ညီမလေးဆီကိုတော့ မြဝတီဘက် သွားမယ်လို့ပြောမယ်၊ တစ်နှစ် တစ်နှစ်ခွဲလောက်ဆို ကလေးလဲ အပြင်ရောက်ပြီးပြီမို့ သက်ထား အလုပ်ပြန်ရှာမယ်"

"အင်း. . နင့်က စီစဉ်ပြီးနေပြီပဲ၊ အေးလေ ငါတို့လဲ ရှိပါတယ်ဟယ်၊ ဝေးဝေးလံလံတော့ မသွားပါနဲ့၊ ဒီမှာ အလုပ်ရှင် မမကလဲ တစ်ကိုယ်တည်း အပျိုကြီးဆိုတော့ အကျိုးအကြောင်း တိုင်ပင်ကြည့်ကြတာပေါ့"

"သက်ထားကို ဆူမှာကြောက်တယ်"

"မိန်းမ ကြောက်မနေနဲ့၊ လာ ခုမှ ကြောက်ရမယ့်ဟာကို မကြောက်ခဲ့ဘဲနဲ့ မကြောက်ရမယ့်ဟာကျမှ လာကြောက်ပြနေတယ်၊ ထ ခုသွားမယ်"

သူတို့ကို ရင်ဖွင့်လိုက်လို့လား မသိ၊ သက်ထားပေါ့ပါးပြီး ပျော်နေတယ်။

မမကိုသာ ကြောက်နေတာ။ မမက အမေကဲ့သို့ပါပင် ဘယ်မှ မသွားခိုင်းတော့ သက်ထားနဲ့ ကလေးကို မမကပင် မျက်စိအောက်မှာ ထားမည်တဲ့။ မွေးပြီးရင်လည်း ဒီမှာပဲ အလုပ်ပြန်ဝင်ပါတဲ့။

ကလေးကို သူ့အဖေ ပြန်မလာမချင်း တာဝန်ယူပေးပါ့မယ်တဲ့။ ဤကဲ့သို့သော အလုပ်ရှင်မျိုး ရှာမှရှားပါပဲ။

(၉)

မောင့်သမီးလေးသာ (၁၀)နှစ်ရောက်လာသည်။ မောင်သည်ကားလုံးဝ မလာတော့ပါ။ မောင့်ကို မည်ကဲ့သို့ မေ့လို့ရမည်နည်း။ မောင့်သမီးလေးသည် မောင်နှင့်ချွတ်စွပ်။

အလုပ်ရှင် မမကိုပင် မာမီခေါ်ပြီး သက်ထားကို မမသက်တဲ့။ မမသင်ပေးထားတာလေ။ သက်ထားတို့ KTV က အဆိုရှင်လေးတွေကလည်း ကလေးနဲ့ အိမ်ထောင်နဲ့ဆို ငွေမဝင်ဘူးလေ။ ဒါကြောင့်ပါ။

သက်ထားကတော့ နှစ်တွေ ဘယ်လိုပြောင်းပြောင်း Stage ပေါ် ရောက်တိုင်း မောင့်ကို မျှော်နေမိဆဲပါ။ သက်ထား ဖေဖေသည်လည်း သေသာသွားသည် သက်ထားအဖြစ်ကိုမသိ။

ညီမလေးသည်လည်း ကျောင်းပြီးလို့ အိမ်ထောင်သာကျသွားသည်။ သက်ထားအဖြစ်ကို မသိသေး။ သက်ထားကလည်း ဘာအလုပ်လုပ်တယ် ဘယ်မှာလုပ်တယ်ဆိုတာ မပြောပါ။ ဒီတစ်ခါတော့ ညီမလေး သိက္ခာကျမှာစိုးလို့မဟုတ် သမီးလေးကို အထင်သေးမှာစိုးလို့ သိသွားမှာစိုးလို့ပါ။

(၁၀)

နံပါတ်(၁) ကျွန်မဘဝကို စိတ်နာတယ်။ ဒါပေမဲ့ အားမာန်အပြည့်နဲ့ ဆက်ချီတက်နေရဦးမှာပါ။ သမီးလေးရှိတယ်လေ။

နံပါတ်(၂) ယောကျ်ားတွေကို စိတ်နာတယ်။ မူးယစ်ရီဝေနေတဲ့ သူတို့ အိပ်ကတ်ထဲက ပိုက်ဆံကို ချူစား မြူစားရတဲ့ ကျွန်မတို့ ဘဝတွေကို နားလည်မပေးကြဘူး။

ခုဆို ကျွန်မက KTV ဖျော်မလေး ဖြစ်မှန်းမသိ ဖြစ်ခဲ့ရပြီ။ ဒါပေမယ့် ဒုတိယအကြိမ်ဆိုတာလည်း ကျွန်မအတွက် လုံးဝမဖြစ်ပေါ်တော့။

ကျွန်မ ဘယ်ဘဝကို ရောက်ရောက် မောင့်သမီးလေးကို ကြည့်ပြီး မောင့်ကို လွမ်းလျက် စိတ်နာလျက် မျှော်လင့်လျက်။

ရိုးတံကြဲတဲ့ နွေနေပူထဲမှာပဲ ချွေးသံတရွှဲရွှဲနဲ့ အပြေးလာလေမလား။ မိုးသားတိမ်လိပ်တို့လို တလိမ့်လိမ့်နဲ့ပဲ ပြန်လာလေမလား။ ဆောင်းနှင်းမြူကြားထဲမှ ဗိုးတဝါးများ ထွက်ပေါ်လာလေမလားရယ်နဲ့ ရာသီတိုင်း အချိန်တိုင်းသည် မောင့်ကို စောင့်စားရင်းသာ ကုန်လွန်စေခဲ့ပြီ။

မောင်ပြန်လာရင် ဘာမှ မပြောဘဲ ခွင့်လွှတ်ပြုံးလေးနဲ့ ကြိုရမလား။ သူ့ရင်အုပ်ကြီးကို တအုံးအုံးထုပြီး ငိုရမလား။ လက်သည်းပေါက်ပေါက်ထိုးပြီး ရန်တွေ့လွှတ်ရမလားဆိုတာ သက်ထား မဆုံးဖြတ်ရသေးပါ။

သက်ထား တစ်ခုခု ဆုံးဖြတ်ပြီးရင်ကော မောင်ပြန်လာမှာလားလို့။

❒ **တိမ်တမာန်(ရွှေပြည်သာ)**





www.burmeseclassic.com

www.burmeseclassic.com




ဥ္ဓုံ အရဟံ မေတ္တာ လာဘံ

**နတ်မျက်စိ** ဆရာဦးအောင်စိုး (B.Sc) မော်လမြိုင်

• • • • • • • • • • • • • • • • • • • • •

ခုနစ်ရက်သားသမီးများအတွက် ကျန်းမာရေး၊ လူမှုရေး၊ ပညာရေး၊ အိမ်ထောင်ရေး၊ စီးပွားရေး ကိစ္စရပ်များ၊ ရင်ဆိုင်ကြုံတွေ့နေရသော ပြဿနာများကို ဗိုက်ထဲမှာ ပုဏ္ဏားလေး ဝင်စားနေသကဲ့သို့ မှန်ကန်သောဟောချက်များ၊ ထိရောက်သော ယတြာများဖြင့် (၂၅)နှစ်တိုင်တိုင် ကူညီ ဆောင်ရွက်ပေးလျက် ရှိသည်။

**အောင်မြင်သူတို့ ဆုံကြရာ**

ဟောခန်းတည်နေရာ ➼ အမှတ်-၁၃၁၊ အောင်တံခွန် သံ/မ ပရိဝုဏ်၊ ၁၀-မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။

လမ်းညွှန် ➼ အဓိပတိ (အပြာ)၊ တိုက်ကြီး-ဆူးလေ၊ (၅၁)၊ (၂၃၁)၊ (၅၃)၊ (၇၉)၊ (၂၀၂) ကားစီး၍ ဆယ်မိုင်ကုန်းဈေးမှတ်တိုင်တွင် ဆင်းပါ။

ဟောပြောချိန် ➼ နံနက် (၉) နာရီမှ ည (၉) နာရီ အထိ ။

ဆက်သွယ်ရန် ဖုန်း ➼ ဟောခန်း - ၀၉-၇၃၁၀၉၅၅၆၊ အိမ် - ၀၉-၇၃၂၄၄၈၉၇ ။

မှတ်ချက် ➼ *ဖုန်းဖြင့် ကြိုတင်တိုကင်ယူပါ။* ကျေးဇူးတင်ပါသည်။





**အင်းဂလိုင်ဘိုးဘိုးကြီးနန်း**

**အကြားအမြင်ဆရာမကြီး**

# ဒေါ်ကြည်ကြည်မိုး

စီးပွားရေးတွေ နိမ့်ကျနေသလား။ ငွေကိစ္စ အခက်အခဲကြုံနေသလား။ လုပ်ငန်းကိစ္စ လွဲချော်နေသလား။ အိမ်ထောင်ရေး အဆင်ပြေချင်တာလား။ အိမ်ကယောက်ျား ခြေလှမ်းမှားနေပြီလား။ ပစ္စည်းပျောက်၊ ငွေပျောက်၊ ရွှေပျောက်နေပြီလား။ အတိုက်အခံတွေ ပေါ်နေသလား။ ပြောရေးဆိုရေးတွေ အောင်မြင်ချင်တာလား။ အလုပ် အမြန်ရလိုတာလား။ ကျန်းမာရေးတွေ ညံ့နေလို့လား။ ဒါတွေဒါတွေ နိမ့်နေတာတွေ မြင့်ဖို့၊ ပိတ်နေတာတွေ ပွင့်ဖို့၊ ခက်နေတာတွေ လွယ်ဖို့ ဆရာမကြီးနဲ့ ဆွေးနွေးဖို့ အချိန်တန်ပြီ။

ဟောခန်းတည်ရာ ✪ အောင်မြေသာယာစေတီတော် တနင်္ဂနွေထောင့် အင်းဂလိုင်ဘိုးဘိုးကြီးနန်း

လမ်းညွှန် ✪ ၂၁၁၊ ၁၂၅၊ ၁၂၈၊ ၈၆၊ ၃၃၃၊ ၉၆ ကားများစီး၍ ရုံးရှေ့မှတ်တိုင် ဆင်းပါ။

✪ (ပိတ်ရက်မရှိ) ပယောဂ အထူးကုပါသည်။ ✪

ရွှေဖြစ်ဟော ဓာတ်ဆင် ဓာတ်ရိုက် ယတြာ အထူးဆောင်ရွက်ပေးသည်။

လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း - ၀၉-၂၅၀၀၅၅၈၆၀


www.burmeseclassic.com

www.burmeseclassic.com


# မာယာလူမျိုးတို့၏ ကျိန်စာ

လှမိုး (ပညာရေး)

ဝိုင်းစက်သော လသည် ညိုမှောင်နေသော ကုက္ကိုပင်အုပ်များ၊ ရော်ဘာပင်များ၊ စင်ကိုနားပင်များပေါ်မှ တငြိမ့်ငြိမ့်ထွက်လာသည်။ နေဝင်ဆည်းဆာချိန်က ရုတ်တရက် ချိန်ခါမဲ့ရွာသွန်းခဲ့သော မိုးကြောင့် တောရပ်မြိုင်ခွင်သည် အေးစိမ့်လျက်ရှိနေသည်။ ဖားတို့၏ အော်သံ၊ ပုရစ်များ၊ ပုစဉ်းကြီးများ၏ အော်သံသည် သံစုံတီးဝိုင်းကြီးတစ်ဝိုင်း တီးမှုတ်နေသည့်အလား ဖြစ်နေသည်။ တစ်ခါတစ်ရံ ဇီးကွက်များ၊ တစ်တီတူးငှက်များ၏မြည်သံများကို ကြားရသည်။

တောင်အမေရိကတိုက် ယူကာတန် ဒေသရှိ အလွန်မြင့်မားသော တောင်ထိပ်အနီးတွင် စခန်းချနေသော ရှေးဟောင်းသမိုင်းသုတေသီနှင့် နယ်သစ်ရှာ စူးစမ်းသွားလာသူ မဟာခရီးသည် အမေရိကန်ပြည်ထောင်စုသား အက်ဒ်ဝါဒ်ဟားဗက်သော်မဆင်သည် အလွန်ပင်ပန်း နွမ်းနယ်နေလင့်ကစား အိပ်စက်၍ မရအောင် ဖြစ်နေသည်။ သူ၏ မိုးကာတဲအတွင်းရှိ ခေါက်ခုတင်လေးပေါ်တွင် ဘယ်လူးညာလှိမ့်ဖြင့်သာ အချိန်ကုန်နေသည်။

တစ်ဖက် မိုးကာတဲအတွင်းမှ အိန္ဒိယလူနီ လမ်းပြဖြစ်သူနှင့် အထမ်းသမားများကမူ နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေကြပြီး သူတို့၏ဟောက်သံသည် ဖားသံ၊ ပုစဉ်းကြီးတို့၏အသံ၊ ညငှက်တို့၏ အသံများနှင့် အပြိုင်ဖြစ်နေသည်ဟု သော်မဆင်က ထင်မိသည်။ သူသည် တိမ်မြုပ်ပျောက်ကွယ်နေသော မာယာလူမျိုးတို့၏ ချီချင်အစ်ဇာ (Chichenitza) မြို့တော်ကြီးကို ရှာပုံတော်ဖွင့်ခဲ့သည်မှာ လပေါင်းများစွာ ကြာမြင့်ခဲ့ပြီ ဖြစ်သည်။




သော်မဆင်မှာ အသက်(၂၅)နှစ်အရွယ်ကပင် အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဌာနတွင် အမှုထမ်းခဲ့ရာ တောင်အမေရိကတိုက် တစ်နံတစ်လျားတွင် အမေရိကန်ပြည်ထောင်စုအစိုးရ နိုင်ငံခြားရေး ဌာန၏ ကောင်စစ်ဝန်အဖြစ် အမှုထမ်းခဲ့သူဖြစ်၏။ သူသည် အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဌာနတွင် တက်ကြွသော အသက်အငယ်ဆုံးသော ကောင်စစ်ဝန်တစ်ဦးဖြစ်သည်။ တောင်အမေရိကတိုက်နှင့် ဗြိတိသျှ၊ ကိုလံဘီယာ၊ အီကွေဒေါ၊ ဟွန်ဒူရပ်၊ ဘရာဇီးလ်၊ မက္ကဆီကို စသော နိုင်ငံများတွင် အမှုထမ်းခဲ့သူ ဖြစ်၏။ ဒေသခံလူမျိုးနွယ်များ၏ ဘာသာစကားယုံကြည်ကိုးကွယ်မှု ဓလေ့ထုံးစံများကို လက်တစ်ဆုံးနှိုက် လေ့လာခဲ့သူဖြစ်၏။

သော်မဆင်မှာ တက္ကသိုလ် ကျေ... ...ဂ်တိမ်မြုပ်ပျောက်ကွယ်နေသော အံ့ဖွယ်မာယာလူမျိုးနွယ်တို့၏ယဉ်ကျေးမှုကို စိတ်ဝင်စားခဲ့သူဖြစ်သည်။ တောင်အမေရိကတိုက်နိုင်ငံများသို့ အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဌာန အမှုထမ်းဘဝအဖြစ် ရောက်ခဲ့ရာတွင် ထိုဒေသ တစ်နံတစ်လျားတွင် လွန်ခဲ့သော နှစ်ရာပေါင်းများစွာက လျှမ်းလျှမ်းတောက်ကျော်ကြားခဲ့သော မာယာလူမျိုးနွယ်များ၊ တော်လတက်လူမျိုးတို့၏ ရှေးဟောင်းသမိုင်း၊ အက်စ်တက်ဇ်လူမျိုးနွယ်တို့၏ ဓလေ့ထုံးစံများကို တစိုက်မတ်မတ် လေ့လာခဲ့သည်သာမက ထိုလူမျိုးနွယ်တို့ တည်ဆောက်ထားသော မြို့တော်ဟောင်းကြီးများ၊ ပိရမစ်ကြီးများကို တွေ့လာရသည်။

www.burmeseclassic.com

ထိုရှေးဟောင်းပိရမစ်များနှင့် အဆောက်အအုံများ တည်ဆောက်ထားမှုမှာ ဗိသုကာပညာတွင် အမြင့်ဆုံးသော အခြေအနေရောက်ခဲ့သည်ဟု သော်မဆင်က ယူဆထားသည်။ ထိုရှေးခေတ်လက်ရာတို့မှာ ယနေ့ အလွန်တိုးတက်ပါသည်ဟု မှတ်ယူထားသောခေတ်၊ ဗိသုကာ လက်ရာများထက် အံ့ဖွယ်ဖြစ်နေသည်။ သူ တွေ့ရသော ရုပ်တုများ၊ အသုံးအဆောင်ပစ္စည်းများ၊ လူဦးခေါင်းခွံများ စီထားသော နံရံများ၊ ရှေးခေတ်အီဂျစ်တို့၏ ရုပ်ပုံစာများနှင့် တူသော စာများထွင်းထားသည့် နံရံများ၊ သချိုင်းဂူများ၊ နံရံတွင် ရေးဆွဲထားသော ပန်းချီကားများမှာ ရင်သပ်အံ့ဩဖွယ် ကောင်းလှသည်။

ကမ္ဘာဟောင်းနှင့် အပြောကျယ်လှသော အဏ္ဏဝါတစ်ဖက်ကမ်းရှိ ဤဒေသတစ်နံတစ်လျား၌ တည်ရှိသော အံ့ဖွယ်သရဲ အဆောက်အအုံများနှင့် နတ်ဘုရား ကျောင်းကန်များကို တည်ဆောက်နိုင်သော လူမျိုးနွယ်များသည် မည်သည့်မျိုးနွယ်များမှ ဆင်းသက်လာသူများနည်း။


သူတို့အား ဤကဲ့သို့ အဆင့်မြင့်သော ဗိသုကာပညာရပ်ကို မည်သူများက သင်ကြားပို့ချပေးခဲ့သနည်း။

သို့မဟုတ် ထိုလူမျိုးနွယ်များသည် မည်သည့်အရပ်က ပြောင်းရွှေ့လာခဲ့သော လူမျိုးများ ဖြစ်သနည်း။

ထိုလူမျိုးနွယ်များသည် ရှေးပဝေသဏီက တည်ရှိခဲ့သော အတ္တလန္တိတ်တိုက်အတွင်း နေထိုင်ခဲ့သော လူမျိုးတို့မှ ဆင်းသက်ပေါက်ဖွားလာသူများဖြစ်သည်ဟု အများက ယူဆခဲ့ကြ၏။

လွန်ခဲ့သော နှစ်ပေါင်းရာထောင်ကပင် ဤအတ္တလန္တိတ်တိုက်ကြီးနှင့် အဆင့်မြင့်သောယဉ်ကျေးမှုပေါ်ခဲ့သည်ဟူသော အယူအဆကို ခေါမဒဿနိကပညာရှင်က အကျယ်တဝင့် ရေးသားဖော်ပြခဲ့သည်။ ထိုအတ္တလန္တိတ်တိုက်သားများသည် အဘက်ဘက်မှ ပညာရပ်များ ထူးချွန်ကြရာ အလွန်အဆင့်မြင့်သော လူ့ယဉ်ကျေးမှုကြီးကိုတည်ထောင်နိုင်ကြသည်ဟု သိရ၏။ ထိုတိုက်သားများသည် ယဉ်ကျေးမှုအဆင့်အတန်းမြင့်သည်နှင့်အမျှ ဂန္ဓာရီပညာဘက်တွင်လည်း ထူးထူးခြားခြားအောင်မြင်ပေါက်ရောက်ကြသည်ဟု ဆိုသည်။

သို့သော် နှစ်ကြာမြင့်လာသည်နှင့် အတ္တလန္တိတ်တိုက်သားအချို့သည် ဂန္ဓာရီပညာကို အလွဲသုံးစားပြုလာကြသည်။ ဒေါသ၊ မောဟများလည်းဖုံးလွှမ်းလာကြ၏။ ဤတွင် လောကကို စောင့်ရှောက်ကြကုန်သော လောကပါလနတ်မြတ်နတ်ကောင်းတို့က ကြာလျှင်လူ့ယဉ်ကျေးမှုကြီး ပျောက်ဆုံးသွားရတော့မည်ဟု စိုးရိမ်လာခဲ့ရကား အတ္တလန္တိတ်တိုက်ကြီးကို အဏ္ဏဝါအောက်သို့ နိဂုံးကမ္ပတ် အဆုံးသတ်ခဲ့သည်။



ယင်းအတ္တလန္တိတ် တိုက်သားများအနက် သူတော်စင်သူတော်ကောင်းပုဂ္ဂိုလ်တို့သည် ရေအောက်နစ်မြုပ်တော့မည့်ဘေးမှ ကင်းဝေးအောင် ဘေးလွတ်ရာသို့ တိမ်းရှောင်သွားခဲ့ကြသည်။ ယင်းသို့ ရေဘေးလွတ်အောင် တိမ်းရှောင်သွားသူများသည် အနောက်ဘက် အမေရိကတိုက်သို့ ရောက်ရှိသွားကြကာ မက္ကဆီကိုနိုင်ငံ ယူကာတန် ပြည်နယ်များတွင်လည်းကောင်း၊ တောင်အမေရိကတိုက် ပီရူးရှိ အင်ဒီးတောင်တန်းများတွင်လည်းကောင်း နေထိုင်ကြကာ မာယာယဉ်ကျေးမှုကြီးကို တည်ထောင်ခဲ့သည်ဟု ဆိုသည်။

ဤကိစ္စရပ်နှင့် ပတ်သက်၍ ရှေးဟောင်းစာပေ သုတေသီများ၊ စိတ်ပညာရှင်များ၊ မဟာဂန္ဓာရီပညာရှင်များသည် စာအုပ်ပေါင်း၊ ဆောင်းပါးပေါင်းများစွာကို လက်ဆစ်ချိုး၍ ရေတွက်မရအောင် ရေးခဲ့ပြီးဖြစ်၏။

သုတေသီနှင့် မဟာခရီးသည် သော်မဆင်သည် ဤသမိုင်းအဆက်ဆက် အငြင်းပွားခဲ့သော မာယာလူမျိုးနွယ်တို့၏ တောင်အမေရိကနှင့် မက္ကဆီကိုနိုင်ငံများသို့ ရောက်ရှိလာမှုနှင့်ပတ်သက်၍ သဘာဝကျကျ လူအများလက်ခံလာနိုင်သည့် အဖြေကို ရရှိရန် တစိုက်မတ်မတ် ကြိုးစားအားထုတ်ခဲ့သည်။

တောင်အမေရိကတိုက် နှင့် မက္ကဆီကိုတောတွင်း၌ သမိုင်းအဆက်ဆက် နေထိုင်ခဲ့ကြသော ဒေသခံလူမျိုးနွယ်များ၏ ပါးစပ်ပြော သမိုင်းများ၊ ဒဏ္ဍာရီများ၊ သူပြောကိုယ်ပြော ပုံပြင်များကို လေ့လာခဲ့သည်။ မှတ်တမ်းများအရ ပျောက်ဆုံးနေသော မာယာလူမျိုးတို့၏ မြို့တော်ဟောင်းကြီးဖြစ်သော ချီချင်အစ်ဇာကို မနေမနား ရှာပုံတော်ဖွင့်ခဲ့သည်။

သမိုင်းသုတေသီများနှင့် သမိုင်းပညာရှင်များသည်လည်း ထိုပျောက်ဆုံးသွားသော မြို့တော်ဟောင်းကြီးကို မနေမနားရှာဖွေခဲ့ကြသည်။ တောတွင်းလူမျိုး



www.burmeseclassic.com

www.burmeseclassic.com

နွယ်များ၏ ဒဏ္ဍာရီနှင့် ပါးစပ်ပြော သမိုင်းအရ ချီချင်အစ်ဇာတွင် အံ့မခန်းကြီးမားသော နတ်ဘုရားကျောင်းတော်ကြီးနှင့် မြင့်မြတ်သော ချီချင်အစ်ဇာ နတ်ရေကန်ကြီး ရှိသည်ဟုဆိုသည်။

မာယာလူမျိုးတို့ လျှမ်းလျှမ်းတောက် တန်ခိုးထွားစဉ်ကမူ နတ်ဘုရားတို့အား ပူဇော်ရန်ဟုဆိုကာ လှပချောမောသော မိန်းမပျိုကလေးများကို ထိုနတ်ရေကန်အတွင်း ပစ်ချပူဇော်လေ့ရှိသည်ဟု ဆိုသည်။ နှစ်စဉ်ကျင်းပသည့် နတ်ဘုရားပွဲတော်နေ့များတွင် ရာပေါင်းများစွာသော မိန်းမပျိုများကို နတ်ရေကန်အတွင်း ပစ်ချလေ့ရှိသည်သာမက လူမျိုးနွယ်များကလည်း အဖိုးထိုက်တန်သော ရတနာပစ္စည်းများကို ပစ်ချပူဇော်လေ့ရှိသည်ဟု သိရ၏။

ကမ္ဘာသစ်မှ ရောက်ရှိလာကြသော စပိန်နယ်ချဲ့သမားများရန်ကြောင့် မာယာလူမျိုးတို့သည် သမိုင်းအဆက်ဆက် ကြောင့်ကြမှုနေခဲ့ကြသော ယင်းမြို့တော်ကြီးမှ ထွက်ပြေးတိမ်းရှောင်ရန် စီစဉ်သည့်အခါကလည်း နိုင်ငံတော်ပိုင် ရတနာပစ္စည်းများ၊ ရွှေသားတန်ပေါင်းများစွာတို့အား ဤချီချင်အစ်ဇာ နတ်ရေကန်ကြီးအတွင်း ပစ်ချခဲ့ကြသည်ဟု ဆိုသည်။ ထိုရတနာများကို ယူငင်ကြမည့်သူများအားလည်း ဘေးအန္တရာယ်အမျိုးမျိုးနှင့် တွေ့စေရန် မာယာ ဘာသာရေးခေါင်းဆောင်များက ကျိန်စာများ တိုက်ထားခဲ့သည်ဟုဆိုသည်။

အနောက်တိုင်းသားများနှင့် အရှေ့တိုင်းသားတို့၏ အယူအဆအရ ကျိန်စာဆိုသည်မှာ တန်ခိုးအာနိသင်နှင့်ပြည့်စုံသော ပုဂ္ဂိုလ်တစ်ဦးက ပစ္စည်းတစ်ခုခုပေါ်တွင်ဖြစ်စေ၊ လူတစ်ဦးတစ်ယောက်အပေါ်တွင်ဖြစ်စေ လေးနက်တည်ကြည်စွာ ရေရွတ်မန်းမှုတ်ခဲ့သော သစ္စာစကားသာ ဖြစ်သည်။

သို့ဖြစ်၍ မူလပုဂ္ဂိုလ်၏ သစ္စာစကားသည် ယင်းပုဂ္ဂိုလ် တန်ခိုး အာနိသင် ရှိသလောက် စူးရှသည်ဟုဆိုကြသည်။ သူ၏အလိုကို ဖီလာဆန့်ကျင်ပြုသူတို့သည် ဘေးအန္တရာယ်အမျိုးမျိုးတွေ့ကြရသည်ဟု လူအများကယုံကြည်ထားကြသည်။

ကျိန်စာသင့်သည် ဆိုခြင်းကို အချို့သော အနောက်တိုင်းသားများက မယုံကြ။ မတော်တဆ တိုက်ဆိုင်ခြင်းဖြစ်သည်ဟူ၍သာ ဆိုကြသည်။ တိုက်ဆိုင်မှု များလာသောအခါ အကြောင်းမဲ့တိုက်ဆိုင်ခြင်းဖြစ်သည်ဟု ဆိုရန်မသင့်တော့။ ဤချီချင်အစ်ဇာမြို့ဟောင်းကြီးရှိ နတ်ရေကန်ကြီးမှာလည်း ကျိန်စာ ထက်သည်ဟု လူမျိုးနွယ်အားလုံးက ယူဆထားကြသည်။ စပိန်နယ်ချဲ့သမားများသည်လည်း ဤမြို့တော်ကြီးနှင့် နတ်ရေကန်မှ ပစ္စည်းများကို လုယက်ယူငင်ကြသဖြင့် ဘေးဒုက္ခအမျိုးမျိုးတွေ့ကာ သေဆုံးကြရသည်။ သယ်ဆောင်သွားသော ရတနာပစ္စည်းတင်ဆောင်သည့် သင်္ဘောကြီးများမှာလည်း အတ္တလန္တိတ်အဏ္ဏဝါပြင်တွင် အကြောင်းအမျိုးမျိုးကြောင့် နစ်မြုပ်ခဲ့ရသည်ဟုဆိုသည်။

ဤကဲ့သို့ ဖြစ်ရပ်များ ဖြစ်ပွားခဲ့ကြပြီး မာယာလူမျိုးတို့ စွန့်ခွာသွားခဲ့သော ချီချင်အစ်ဇာ မြို့တော်ဟောင်းကြီးမှာ တိမ်မြုပ်နေခဲ့ရသည်။ သမိုင်းအဆက်ဆက် သမိုင်းသုတေသီများ၊ မဟာခရီးသည်များသည် ခြေရာချင်းထပ်မျှ ရှာဖွေခဲ့ကြသော်လည်း ထိုမြို့တော်ဟောင်းကြီးအား မတွေ့ခဲ့ကြ။ ဒေသခံ တိုင်းရင်းသား မျိုးနွယ်များကမူ ထိုမြို့တော်ကြီးနှင့် ချီချင်အစ်ဇာနတ်ရေကန်ကြီးအား ထိုက်တန်ခြင်း မရှိသော လောဘသမားများ မတွေ့စေရန် ပုဂ္ဂိုလ်များက ဖုံးကွယ်ထားသည်ဟု ဆိုကြသည်။ မှန်ပါသည်။ စူးစမ်းရှာဖွေသူ ဒုနှင့်ဒေး ရှိခဲ့သည်သာမက ဝိသမလောဘသမားများကလည်း ထိုမြို့တော်ကြီးနှင့် နတ်ရေကန်ကြီးအတွင်းမှ ရတနာပစ္စည်းများကို ရှာဖွေရန် နည်းလမ်းအမျိုးမျိုးနှင့် ရှာဖွေခဲ့ကြသော်လည်း ခေတ်အဆက်ဆက် မတွေ့ခဲ့ရ။

သို့သော် ဤဆောင်းပါးအစတွင်ရေးသားဖော်ပြခဲ့သော အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဌာန ကောင်စစ်ဝန်ဟောင်းနှင့် သမိုင်းသုတေသီ အက်ဒ်ဝါဒ်ဟားဗက်သော်မဆင်သည် မနေမနား တစိုက်မတ်မတ် ခြေရာချင်းထပ်မျှ ရှာဖွေခဲ့ရာမှ ချီချင်အစ်ဇာမြို့တော်ဟောင်းကြီးနှင့် နတ်ရေကန်ကြီးကို ရှာဖွေတွေ့ရှိခဲ့ရတော့၏။

ထိုမြို့တော်ဟောင်းကြီးနှင့် နတ်ရေကန်ကြီးကို ရှာဖွေတွေ့ရှိရခြင်းသည် ကမ္ဘာ့သမိုင်း၏ ဟာကွက်တစ်ခုကိုဖြည့်စွက်နိုင်ခြင်း ဖြစ်သည်သာမက ကမ္ဘာ့ယဉ်ကျေးမှု ရေစီးကြောင်းသဘောတရားကို ခိုင်ခိုင်မာမာ တင်ပြနိုင်သော သက်သေသာဓကတစ်ခု တွေ့ရခြင်းဖြစ်သည်ဟု သမိုင်းသုတေသီများက တညီတညွတ်တည်း ယူဆခဲ့ကြ၏။

သော်မဆင်သည် အမေရိကန်ပြည်ထောင်စုသို့ ပြန်လည်ရောက်ရှိလာခဲ့ပြီးနောက် ဤနတ်ရေကန်ကြီးအတွင်းမှ သမိုင်းအတွက် အထောက်အထားရရှိနိုင်မည့် ပစ္စည်းများနှင့် ရတနာပစ္စည်းများဆယ်ယူရန် စီစဉ်ဆောင်ရွက်ခဲ့သည်ဟု ဆိုသည်။ သူ့မိတ်ဆွေများနှင့် ရတနာပစ္စည်းများကို စိတ်ဝင်စားသူများသည် ထိုနတ်ရေကန်ကြီးမှ ရေများကို စုပ်ယူထုတ်ရေး သို့မဟုတ် ရေငုပ်ကျွမ်းကျင်သူများနှင့် နတ်ရေကန်ကြီးအတွင်း ငုပ်ယူရန် တိုင်ပင်ဆွေးနွေးခဲ့ကြသည်။

သော်မဆင်နှင့် ကျွမ်းကျင်သူများ၏ ခန့်မှန်းချက်အရ ထိုနတ်ရေကန်၏ အကျယ်သည် ၁၈၇ ပေကျယ်၍ အနက် ပေ ၈၀ ရှိနိုင်သည်ဟု ဆိုသည်။ သော်မဆင်နှင့်အဖွဲ့သည် ကျွမ်းကျင်သော ပညာရှင်များနှင့် ချီချင်အစ်ဇာမြို့ဟောင်းကြီးသို့ ပြန်လာခဲ့ပြီး နည်းလမ်းအမျိုးမျိုးနှင့် သမိုင်းဝင်ပစ္စည်းများဆယ်ယူနိုင်ရေး ကြိုးစားခဲ့သည်။

သူ့မှတ်တမ်းအရ နတ်ရေကန်၏ အရောင်အဆင်းမှာ ထူးဆန်းနေသည်ဟု ဆိုရမည်ဖြစ်၏။ ရုတ်တရက်ကြည့်



www.burmeseclassic.com

www.burmeseclassic.com

လျှင် ရွှံ့နှစ်ရောင်မည်းနေသည်ဟု ထင်ရသော်လည်း ခဏအကြာတွင် အညိုရောင်ပြောင်းသွားသည်။ ထို့နောက် စိမ်းလဲ့လဲ့အရောင် ပြောင်းသွားရာမှ နောက်ဆုံးတွင် သွေးရောင်ကဲ့သို့ နီလာသည်ဟု ဆိုသည်။ သို့ဖြစ်၍ ဒေသခံတိုင်းရင်းသားများက ထိုနတ်ရေကန်သည် ကျိန်စာတိုက်ထားသော ရေကန်ဖြစ်သည်ဟူ၍ ဆိုကြသည်။

ထိုရေကန်ကြီးအတွင်း အမျိုးအမည် မဖော်ပြနိုင်သော ထူးဆန်းသော ရေသတ္တဝါကြီးနှင့် အလွန်ကြီးမားသော မြွေကြီးများရှိသည်ဟု ဆိုသော ကောလာဟလသတင်းများလည်း ပျံ့နှံ့နေသည်။ သို့သော် သော်မဆင်သည် သူ့မိတ်ဆွေများ၊ ငွေရှင် ကြေးရှင်များ၏ အကူအညီနှင့် နတ်ရေကန်အတွင်းမှ ရှေးဟောင်းပစ္စည်းများကို ဆယ်ယူရန် စီစဉ်သည်။ ဂရိအမျိုးသား ရေငုပ်ကျွမ်းကျင်သူများ၊ ခေတ်မီဝန်ချီစက်များ၊ ရေငုပ်သမားများ ဝတ်ဆင်သော ရေငုပ်ဝတ်စုံများ စသည်တို့ဖြင့် နတ်ရေကန်အတွင်း ရေငုပ်၍ ရှာဖွေခဲ့ရာ ရွှေတိုရွှေစ အမြောက်အမြားနှင့် ရွှေရုပ်တုအချို့ ရှေးဟောင်းပစ္စည်းများ တွေ့ရသည်ဟူသော သတင်းများ လှိုင်လာသည်။

ယခင် မာယာလူမျိုးတို့ခေတ်က နတ်ပူဇော်ခြင်းခံရသည်ဟု ယူဆရသော မိန်းမပျို ၂၅ ယောက်၏ ဦးခေါင်းခွံများနှင့် အမျိုးသားတစ်ဦး၏ ဦးခေါင်းခွံတစ်ခုကို တွေ့ရသည်။ အစဉ်အလာအရ လှပချောမောသော အမျိုးသမီးများသာ နတ်ပူဇော်လေ့ရှိသော်လည်း အဘယ်ကြောင့် အမျိုးသားတစ်ဦး၏ ဦးခေါင်းခွံ တွေ့ရသည်ကို ရှင်းလင်းစွာ မသိရပေ။ သော်မဆင်ကမူ မာယာလူမျိုးများခေတ်က နတ်ဆရာတစ်ဦး၏ ဦးခေါင်းခွံ ဖြစ်နိုင်သည်ဟုယူဆခဲ့သည်။

ဤသို့ နတ်ရေကန်ကြီးကိုဆယ်ယူနေဆဲတွင် ကျိန်စာသင့်သည်ဟူသော သတင်းများ ပေါ်ထွက်လာသည်။

သုတေသီသော်မဆင်မှာ နားများ တဖြည်းဖြည်း လေးလာသည်။ ရောဂါဝေဒနာ ခံစားလာခဲ့ရသည်သာမက ပြင်းထန်သော ရင်ကျပ်ပန်းနာဝေဒနာ စွဲကပ်လာသည်။ သူသည် နှစ်ပေါင်းများစွာ တောင်အမေရိကတိုက်တောတွင် တစိုက်မတ်မတ် မနားမနေ ခရီးထွက်ခဲ့စဉ်က ထူးထူးခြားခြား မည်သည့်ရောဂါဝေဒနာမှ ခံစားရခြင်းမရှိခဲ့။ ယခုမှ ရုတ်တရက် ရင်ကျပ်ပန်းနာဝေဒနာနှင့် နားလေးရောဂါ ရလာသည့်အတွက် အမှန်တကယ် မာယာနတ်ဘုရားတို့၏ ကျိန်စာသင့်ခဲ့သလောဟု ထင်မှတ်ဖွယ်ဖြစ်လာခဲ့သည်။

ဂရိ ရေငုပ်သမားတစ်ဦးနှင့် အလုပ်သမား အချို့မှာ ရုတ်တရက် အမျိုးအမည်မသိရသောရောဂါဝေဒနာများ စွဲကပ်၍ ကွယ်လွန်ခဲ့ရာ မာယာလူမျိုးတို့၏ ကျိန်စာသင့်ခဲ့ခြင်းဖြစ်သည်ဟု ဒေသခံသတင်းစာများက အကျယ်တဝင့် ရေးသားဖော်ပြခဲ့ကြသည်။

ဤအချိန်တွင် သော်မဆင်၏ ခြေထောက်မှာ လမ်းသွား၍မရအောင် နာကျင်ကိုက်ခဲသောဝေဒနာ ခံစားလာရသဖြင့် ချီချင်အစ်ဇာနတ်ရေကန် ဆယ်ယူရေး လုပ်ငန်းကို ရပ်ဆိုင်းခဲ့ရတော့သည်။

သတင်းမှုဆိုးများ၊ စာရေးဆရာများအတွက် ရေးကွက်များ ရရှိလာခဲ့သဖြင့် မာယာလူမျိုးနွယ်တို့၏ ကျိန်စာဥပါဒ်အကြောင်းကို သတင်းစာများ၊ ဂျာနယ်များ၊ မဂ္ဂဇင်းများတွင် အကျယ်တဝင့် ချဲ့ထွင်ရေးသား ဖော်ပြခဲ့သဖြင့် ဟိုးဟိုးကျော်ခဲ့ရသော ဖြစ်ရပ်ဖြစ်ခဲ့ပါသည်။ ဤသို့အတွင်း ခရစ်နှစ် ၁၉၃၅ ခုနှစ်တွင် သမိုင်းသုတေသီနှင့် ရှေးဟောင်းသမိုင်းပညာရှင် သော်မဆင် ရုတ်တရက် ကွယ်လွန်ခဲ့ရသောအခါ ယင်းကျိန်စာအစွဲအလမ်းသည် တစ်ကျော့ ပြန်ပေါ်လာခဲ့၏။

ရှေးဟောင်းသုတေသီများနှင့် ရတနာသိုက်ရှာဖွေသူများသည် နတ်ရေကန်ဆယ်ယူရေးကို လက်လျှော့ခဲ့ကြသည်။ မာယာလူမျိုးတို့၏ ကျိန်စာအစွဲအလမ်းသည် ဤတွင် နိဂုံးချုပ်မသွားခဲ့။ ၁၉၆၈ ခုနှစ်တွင်မူ အမေရိကန်ပြည်ထောင်စုမှ ရတနာမုဆိုးများ အဖွဲ့တစ်ဖွဲ့သည် ခေတ်မီယန္တရားစက်များ၊ ဝန်ချီစက်ကြီးများ၊ ရေငုပ်သမားများနှင့် ချီချင်အစ်ဇာ နတ်ရေကန်အား ဆယ်ယူခဲ့ကြရာ သမိုင်းအဆက်ဆက် နတ်ပူဇော်ပသခြင်း ခံခဲ့ရသော မိန်းမပျိုကလေး ၂၅၀ ကျော်တို့၏ ဦးခေါင်းခွံများ၊ ထူးဆန်းသော ရုပ်တုများ၊ ရတနာပစ္စည်းများ၊ မြေအိုးအကွဲ အပိုင်းအစများ၊ ပန်းကန်ပြားများ စသည်တို့ တွေ့ရသည်ဟုဆိုသည်။

ထိုအဖွဲ့ခေါင်းဆောင်တစ်ဦးမှာ နာမည်ကျော် ရေငုပ်သမား အဲယ်လ်ဘတ်ဖောက်ခ် ဆိုသူဖြစ်၏။ ဤသို့ သယ်ယူနေစဉ် ပြင်းထန်သော လေမုန်တိုင်းများ၊ တောမီးလောင်ကျွမ်းခြင်းများ ကြုံတွေ့ကြရပြီး အထက်ဖော်ပြပါ အဖွဲ့ခေါင်းဆောင် ဖြစ်သူမှာ မည်သည့်ရောဂါ ဝေဒနာ စွဲကပ်သည်ဟု မဖော်ပြနိုင်သော ဝေဒနာဖြင့် အိပ်ရာမှမထနိုင်ဖြစ်ခဲ့ရပြီး ထိုရတနာများ ဆယ်ယူရေးလုပ်ငန်းကို ငွေကြေးထောက်ပံ့ခဲ့သော မက္ကဆီကို ရှေးဟောင်းယဉ်ကျေးမှုဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာဒီဗာလို၊ ဤနတ်ရေကန် ဆယ်ယူရာတွင် ရေငုပ်သမားများကို ခေါင်းဆောင်ခဲ့သူ မက္ကဆီကို နိုင်ငံသား အယ်လ်ဘာတို့၏ ဆယ်ယူရေးအဖွဲ့တွင် အကြံပေးအဖြစ် ပါဝင်ခဲ့သူ မနုဿဗေဒပညာရှင် ကတ်ခ်ဂျွန်ဆင်နှင့် ထိုအဖွဲ့ကြီး၏ လမ်းပြအဖြစ်ဆောင်ရွက်သူ မစ္စတာ ခရစ်ရှိယန်ရန်း [illegible] ရုတ်တရက်ကွယ်လွန်ခဲ့ကြသည်။ ချီချင်အစ်ဇာ နတ်ရေကန် ဆယ်ယူရေးလုပ်ငန်း ရပ်ဆိုင်းခဲ့ရသည်ဟု ဆိုကြပါကြောင်း။

❒ လှမိုး(ဝညာရေး)

REF : Mysteries From Forgeotten World.



www.burmeseclassic.com

www.burmeseclassic.com



# နပိုလီယန်ပြုံးဖြောက်

တောနိုင်ထူး

(၁)

"လူသားမျိုးနွယ်အား အုပ်စိုးထားသောအရာသည် တီထွင်ကွန့်မြူးသော ဉာဏ်ပင် ဖြစ်သည်"

ဒီစကားကို ပြောခဲ့သူကတော့ ၁၉ ရာစုလောက်က ကမ္ဘာကြီးတစ်ခုလုံးကို သူ့လက်ခုပ်ထဲထည့်ပြီး ထင်သလို ကစားပြနေခဲ့ဖူးတဲ့ နပိုလီယန်ဘိုနာပတ်ဆိုတဲ့ ကမ္ဘာကျော်စစ်ပါရဂူကြီးပဲ ဖြစ်ပါတယ်။ သူ ပြောခဲ့တဲ့ စကားတွေ မှန်လိုက်သမှ ၂၀ ရာစု ဆိုတဲ့ခေတ်ကြီးထိ ငြင်းချက်မရှိ မှန်လိုက်တာ။ နောင်လာနောက်သားတွေရဲ့ တီထွင်ကွန့်မြူးသူကနေ ထွက်ပေါ်လာတဲ့ အရာတွေကတော့ သိကြတဲ့အတိုင်း ကြောက်မမန်းလိလိ စစ်လက်နက် ပြိုင်ဆိုင်မှုတွေနဲ့ ကမ္ဘာကြီးဟာ နေ့လား ညလား တကယ့်စိုးရိမ်ရေမှတ်ကို ရောက်နေပြီ မဟုတ်လား။

"နင်ရှိလို့ ငါရှိတယ်၊ နင်ဖျက်ရင် ငါဖျက်မယ်၊ နင်ဖျက်ရင် ငါလဲ ဖျက်မယ်၊ မရဏမောင်းလော၊ အောင်စည်လော"။ ကမ္ဘာကြီးမှာ နားကလောဖွယ်ရာစကားတွေ အချိန်ရှိသရွေ့ ကြားသိနေရတယ်။

"ငါမကယ် သေဖွယ်ရာရှိ" ဆိုတဲ့ အပေါက်မျိုးချိုးလို့ အီရတ်နဲ့ အာဖဂန်နစ္စတန်ကို ဖွတ်ဖွတ်ညက်ညက်ကြေအောင် ဖျက်ဆီးတာလည်း သူတို့ပဲ။ ပြန်လည်ထူထောင်ပေးမယ်ဆိုပြီး ကြိုးစားနေတာလည်း သူတို့ပဲ။ ၁၉ ရာစုတုန်းက ပြင်သစ်မှာ နပိုလီယန်ဆိုတဲ့သူကြီးစိုးခဲ့ဖူးတယ်ဆိုတာ အိပ်မက်လိုဖြစ်နေပြီ။

ဆက်ဒမ်ဆိုတဲ့လူဟာ ဟစ်တလာနဲ့ ယှဉ်လိုက်ရင် တကယ့်ပိစိကွေးလေး ဖြစ်သွားတယ်။

ဒီလိုပဲ နပိုလီယန်နဲ့ယှဉ်လိုက်ရင် ဟစ်တလာဆိုတာဟာ မှေးမှိန်သွားရပြန်တယ်။

ကမ္ဘာ့ပေါ်မှာ ရာစုတစ်ခေတ်တစ်ယောက်ဆိုသလောက် လူလွန်မသားတွေ ပေါ်လာတတ်စမြဲ ခင်ဗျ။ ဟိုက ပွက်ခနဲ၊ ဒီက ညံခနဲ စစ်ပွဲကြီးကြီးတွေ၊ စစ်ပွဲသေးသေးတွေ၊ ယမ်းနဲ့မခွဲတဲ့ စစ်ပွဲတွေ၊ အသံတိတ်စစ်ပွဲတွေနဲ့ လူလူသူသူဖြစ်နေကြတဲ့ ငပွကြီးတွေရဲ့ အုန်းသီးမျောက်ရ ဇာတ်လမ်းတွေ၊ ရေနံပြ လက်နက်တောင်းစစ်ပွဲတွေ၊ များမှများ၊ ၂၀ ရာစု စတင်ခဲ့တဲ့ ၁၉၀၀ ကနေ အခု ၂၀၁၃ ခုနှစ်ထိပဲ။

www.burmeseclassic.com



ပထမနပိုလီယန်

ပြန်လှန်ဖတ်ကြည့်ကြပေါ့ဗျာ။ အံ့မခန်း တိုးတက်မှုတွေကြောင့် အရှုပ်ထွေးဆုံး၊ အဆန်းပြားဆုံးသော စစ်ပွဲတွေဟာ ဒီ ၂၀ ရာစုမှာ ဖြစ်ခဲ့ကြတာ မဟုတ်လား။

အဲဒီတော့ကာ ကမ္ဘာ့အရေးကမ္ဘာ့အရာ ဝေဒဝဆာဆာကို နိုင်ငံတကာ ဂျာနယ်တွေ ဝယ်ဖတ်ရုံ၊ တီဗွီကြည့်ရုံ၊ စလောင်းမှာကြည့်ရုံနဲ့ သိနေရတော့ကာ ကျန်ခဲ့ပြီဖြစ်တဲ့ ၁၉ ရာစုက လူတစ်ယောက်အကြောင်း ပြန်ကြောင်းကြည့်ကြရအောင်။

ကျန်ခဲ့သမျှ သမိုင်းဟာ ခပ်မှိုင်းမှိုင်း ခပ်မှုန်မှုန် ပုံပြင်လိုလို မယုံချင်စရာတွေ ပြည့်နှက်နေလေတော့ ခေတ်နောင်ပြန်ဆွဲတယ် ဆိုချင်ဆို၊ သမိုင်းတစ်ခေတ်မှာ အထင်ကရဖြစ်ခဲ့ဖူးသူတစ်ယောက်အကြောင်း ပြန်ပြောင်းရေးသားပါရစေ။ သူ့အကြောင်း ရေးမယ်ဆိုတော့ သူနဲ့ဆက်နွယ်နေတဲ့ မျိုးရိုးစဉ်ဆက်က ပါလာမှ ပြည့်စုံမှာဆိုတော့ လိုလိုပိုပို နပိုလီယန်သုံးယောက် လို့ပဲ ခေါင်းစဉ် တပ်ပါရစေ။

ပြင်သစ်နိုင်ငံရဲ့ သမိုင်းကို ဖတ်ကြည့်လိုက်မယ်ဆိုရင် နပိုလီယန်မင်းဆက်လို့ ခေါ်တွင်တဲ့ နပိုလီယန်ဘုရင်တွေအကြောင်းပြောရပါလိမ့်မယ်။ မင်းဆက်လို့ဆိုရပေမယ့် သူတို့က သုံးဆက်တည်ရှိခဲ့သဗျ။ ဘာပဲပြောပြော အဲဒီသုံးဆက်လက်ထက်မှာ ပြင်သစ်ကြီးဟာ ငါမှငါ ဆိုပြီး ဥရောပတစ်ခွင် ပြုပြုစင်အောင် တန်ခိုးထွားခဲ့တယ်။

ပြောရမယ်ဆိုရင် ၁၈၁၂ ခုနှစ်မှာ ပြင်သစ်အင်ပါယာကြီးဟာ ဘယ်လောက်ထိ ကျယ်ပြန့်သလဲဆိုရင် စပိန်ကနေ ရုရှားနယ်စပ်အထိ ကျယ်ဝန်းပြီး မြောက်ဘက်ကိုတွက်ရင် နော်ဝေအထိ တည်ရှိတယ်။ တောင်ဘက်ဆိုရင် အီတလီအထိ အဲဒီလောက်ထိ ပြင်သစ်အင်ပါယာကြီး ရှိခဲ့တယ်။ နေမဝင်အင်ပါယာ ထူထောင်ထားတဲ့ ဗြိတိန်နဲ့ရုရှားဝက်ဝံကြီးဆိုရင် မောင်ဖရန့်တွေလက်အောက် ရောက်လုဆဲဆဲပေါ့။ နေ့လားညလား ဗျာများနေကြရတာတွေတွေ့ရတယ်။ သို့သော်လည်းပေါ့လေ သင်္ခါရသဘောတရားအရ ဘယ်အရာ ဘယ်လောက်ထိ တည်မြဲနေနိုင်မှာလဲ။

တတိယမြောက် နပိုလီယန်ဘုရင် လက်ထက်ကျတော့ ဂျာမနီလို့ခေါ်တဲ့ ပရပ်ရှင်းတွေနဲ့ စစ်ဖြစ်ပြီး အဲဒီ "ဖရန်ကိုပရပ်ရှင်း" စစ်ပွဲမှာပဲ ပြင်သစ်တွေ မရှုမလှ စစ်ရှုံးခဲ့ရပြီး သူတို့ရဲ့ ဥရောပအင်ပါယာကြီး တစ်စစီ ပြိုကွဲသွားခဲ့ရသတဲ့။ အဲဒီမှာတင် နပိုလီယန်တစ်ခေတ် ဇာတ်သိမ်းပြီး သကာလ သမ္မတနိုင်ငံအဖြစ် သမိုင်းစာရင်း ဖွင့်လှစ်ခဲ့ရပါတယ်။

(၂)

သုံးဦးတည်းသာရှိတဲ့ မင်းဆက်ကို စတင် တည်ဆောက်သူကတော့ အများသိကြတဲ့ နပိုလီယန်ဘိုနာပတ်ပဲ ဖြစ်ပါတယ်။ သူဟာ အခုချိန်ထိ ပြင်သစ်နိုင်ငံရဲ့ သမိုင်းမှာ နိုင်ငံပြုသူခမ်းအဖြစ်၊ စစ်သူကြီးအဖြစ်၊ ဧကရာဇ်အဖြစ် ဥဒါန်းတွင်ရစ်ရတဲ့အထိ ပြောင်မြောက်ခဲ့တဲ့ ပထမနပိုလီယန် စီနီယာကြီးပဲဖြစ်ပါတယ်။

သူ့ရဲ့ ဇာတာဖွားနာမည်ရင်းကိုက နပိုလီယန်ဘိုနာပတ်တဲ့။ ခရစ် ၁၇၆၉ ခုနှစ် ဩဂုတ်လ ၁၅ ရက်နေ့မှာ အဖေဖြစ်သူ ကာ့လို့မာရီယာဒေဘိုနာဘတ်နဲ့ အမေဖြစ်သူ လေတီဆီရာရားမိုလီနိုတို့ကနေ ဖွားမြင်ခဲ့တာပါ။ ထူးခြားတာက နပိုလီယန်ဟာ ပြင်သစ်ဧကရာဇ်ဖြစ်ခဲ့ပေမယ့် သူဟာ ပြင်သစ်မဟုတ်ဘူး။ ကော်စီကား ကျွန်းသားလေးတစ်ယောက်ပါ။ ကော်စီကားကျွန်းမှာ နေထိုင်တဲ့သူတွေဟာ ပြင်သစ်တွေ သူတို့အပေါ် ဖိနှိပ်တယ်၊ ညှဉ်းပန်းတယ် ယုံကြည်ချက်အစွဲနဲ့ တစ်သက်လုံး ပြင်သစ်တွေကို မုန်းတီးလာသူတွေတဲ့။ ဒါကြောင့် နပိုလီယန်ဘိုနာပတ် ဆိုတဲ့သူကလည်း ဘဝတစ်လျှောက်လုံး ပြင်သစ်တွေကို ရွံရှာမုန်းတီးခဲ့သတဲ့။

အသက် ၁၆ နှစ်သား လူပျိုပေါက်အရွယ်လောက်ထိ နပိုလီယန်ဟာ အဲဒီစိတ်တွေနဲ့ လက်ရဲဇက်ရဲ နှုတ်သရဲမှုတွေကြောင့် ပတ်ဝန်းကျင်မှာ သူ့သတင်းက ထင်ရှားနေခဲ့ပြီလေ။ ဒါနဲ့ပဲ သူမုန်းတီးပါတယ်ဆိုတဲ့ ပြင်သစ် စစ်အတတ်သင်ကျောင်းမှာ စပြီး ပညာသင်တယ်။ ကျောင်းက ထွက်တာနဲ့ ပြင်သစ်စစ်တပ်ထဲဝင်ပြီးစစ်မှုထမ်းတယ်။ နပိုလီယန်ဟာ စကတည်းကိုက အဲဒီလို





www.burmeseclassic.com

www.burmeseclassic.com

ပဟေဠိလေးတွေနဲ့ စိတ်ဝင်စားဖို့ကောင်းခဲ့သူပါ။

၁၇၈၉ ခုနှစ်ကျ တော့ ပြင်သစ်တော်လှန်ရေးကြီး ဖြစ်ပွားခဲ့တယ်။ ဒါတွေကို နပိုလီယန်က စိတ်မဝင်စားဘူး။ သူ့ဇာတိမြေဖြစ်တဲ့ ကော်စီကားကျွန်းမှာ သွားပြီး ခွင့်နဲ့နေထိုင်ရင်း "ရူးဆိုး"ရဲ့စာတွေ ဖတ်တယ်။ ဖတ်ရင်းဖတ်ရင်း တော်လှန်ရေးဘက် စိတ်ပါလာခဲ့သတဲ့။

ဒီအတွေးအခေါ်တွေကြောင့်ပဲ သူဟာ ပြင်သစ်ဘုရင်ဂိုဏ်းသားတွေနဲ့ အစာမကြေဖြစ်ခဲ့ရတယ်။ ဒီလိုနဲ့ နပိုလီယန်ဟာ ဘုရင့်ဂိုဏ်းသားတွေ အုပ်စိုးထားတဲ့ တူလွန်မြို့ကို သူကိုယ်တိုင် အမြောက်တပ်နဲ့ တက်ပြီးချေမှုန်းလိုက်တယ်။ ဘုရင့်ဂိုဏ်းသားတွေ မရှုမလှ ပြေးရတော့ သူ့နာမည် ပိုကြီးလာခဲ့ရတယ်။

ဒါပေမယ့် သူယုံကြည်နေတဲ့ တော်လှန်ရေးဝတီတွေ အားမသန်လို့ မာန်လျှော့နေရတဲ့ အချိန်ဆိုတော့ တော်လှန်ရေးဘက်တော်သား နပိုလီယန်ကြီး အသာငြိမ်နေလိုက်ရတယ်။ ဘယ်လောက်ထိလဲဆိုရင် သူဟာ ၁၇၉၅ မှာ ဂျက္ကဗင်းနိုင်ငံရေးသမားတွေနဲ့ ဆက်သွယ်တယ်ဆိုပြီး ရာထူးကနေ အချခံရပြီး ပါရီမှာ ဆင်းဆင်းရဲရဲနေထိုင်စားသောက်ခဲ့ရပြန်တယ်။ အဲဒီနှစ်ဟာ သူ့အတွက် အဆိုး၊ အကောင်း ဒွန်တွဲနေတဲ့နှစ်ပဲ ဖြစ်ပါတယ်။

စစ်ရှုံးတဲ့ ဘုရင့်ဂိုဏ်းသားတွေက တစ်ဖန် ထကြွသောင်းကျန်းကြပြန်တော့ ဟီးရိုးကြီးဖြစ်တဲ့ နပိုလီယန်ကို အစိုးရက ခေါ်ပြီး နှိမ်နင်းခိုင်းတယ်။နပိုလီယန်ရဲ့အရည်အချင်းကို သိသွားတဲ့ ပြင်သစ်အစိုးရက အီတလီမှာ ဩစတြေးယန်းတွေရဲ့ တိုက်ခိုက်နေတဲ့ စစ်ပွဲအတွက် ပြင်သစ်စစ်ဗိုလ်ချုပ်အဖြစ် ခန့်လိုက်ပြီး သူ့ကို ဦးဆောင်စေတယ်။ အောင်ပွဲတွေက တစ်ပွဲပြီးတစ်ပွဲ နပိုလီယန်ရဲ့နာမည် ဟီးလာတယ်။

၁၇၆၉ ခုနှစ်တုန်းကဆိုရင် သူဟာ ဆာဒင်းနီးယား စစ်တပ်တွေကို ဘယ်နှခါတိုက်တိုက် အနိုင်ရခဲ့တယ်။ ဒါနဲ့ပဲ နပိုလီယန်ဟာ အရှေ့ဘက်ကို မြားဦးလှည့်ပြီး ဩစတြေးလျကို ချပြန်တယ်။ သူ့ကိုကြောက်ပြီး ရန်သူက ဗီယင်နာရောက်ဖို့ မိုင် ၈၀ လောက်မှာ စစ်ပြေငြိမ်းဖို့ စာချုပ်ချုပ်ခဲ့ရတယ်။ အဲဒီစာချုပ်ကြောင့် ပြင်သစ်ဟာ ဘယ်လ်ဂျီယံကို ရခဲ့ပါသတဲ့။ ရိုင်းမြစ်ကြီးကို ပြင်သစ်ရဲ့အရှေ့ဘက် နယ်နိမိတ်ဖြစ်အောင် နပိုလီယန်က ခြံစည်းရိုးခတ်ခဲ့တယ်။

ကဲ . . ဘာမှုစရာ ကျန်သေးလဲ။ သို့သော်လည်း ပြင်သစ်ဟာ ဥရောပရဲ့ တန်ခိုးရှင်ဖြစ်ဖို့ အနှောင့်အယှက်ပေးနေတဲ့ ဆူးခလုတ်က ကျန်သေးတယ်။ အဲဒါ ဗြိတိန်ပဲ။ နေမဝင်အင်ပါယာကို တုဖက်ပြိုင်ဖို့က အတော်ကို ကြိုးစားရတယ်။ ဒါနဲ့ပဲ နပိုလီယန်ဟာ ပြင်သစ်အစိုးရကို သူ့သဘောအတိုင်း လိုက်လျောဖို့ ခွင့်တောင်းတယ်။ ပြင်သစ်ရေတပ်ကို ဦးစီးပြီး အီဂျစ်အထိ ချီတက်သွားတယ်။

ဘာလို့လဲဆိုတော့ အင်္ဂလန်ဟာ အိန္ဒိယကို သိမ်းယူထားနိုင်တဲ့အတွက် ကြောင့်သာ ချမ်းသာနေရတာ၊ စစ်ဒဏ်ကို ခံနေနိုင်တာ၊ အဲဒီလိုတွက်ပြီး သူက အိန္ဒိယကိုသွားတဲ့ ပင်လယ်ရေကြောင်းကို ပိတ်လိုက်ပြီး အင်္ဂလိပ်အစိုးရရဲ့ အရှိက်ကို ထိုးလိုက်တယ်။ နပိုလီယန်ကိုယ်တိုင် ကိုင်ရိုအထိ အောင်ပွဲတွေက တစ်ပွဲပြီးတစ်ပွဲ။

ဒါပေမယ့် ဖြစ်ချင်တော့ နပိုလီယန်ခမျာမှာ နိုင်းရေကြောင်းစစ်ပွဲမှာ အင်္ဂလိပ် နာမည်ကျော်သူရဲကောင်းကြီး နယ်လ်ဆင်ရဲ့ ရေတပ်နဲ့တွေ့ပြီး ပြင်သစ်ရေတပ်ဟာ မရှုမလှ ပျက်ခဲ့ရတယ်။ စစ်



www.burmeseclassic.com

ကူလည်း မလာ။ ဒီကြားထဲ ပြင်သစ်က အခြေအနေ သတင်းတွေ ကြားရတော့ နပိုလီယန်ကြီးဟာ တိတ်တိတ်လေး ပြန်လှည့်ပြီး ပြင်သစ်ကို ပြန်ခဲ့ရတယ်။ နပိုလီယန်ရဲ့ရေတပ်ကို ဖင်ဆုတ်အောင် မောင်းထုတ်ခဲ့တဲ့ ဗြိတိသျှရေတပ်က နယ်လ်ဆင်ကတော့ ကမ္ဘာကျော်ခဲ့ပြီပေါ့ဗျာ။

စစ်ရေးကလည်းမဟုတ်၊ နိုင်ငံအရေးကလည်းရှုပ်၊ နပိုလီယန် ခေါင်းကုတ်ရပြီ။ အဲဒီတုန်းက ပြင်သစ်မှာ ငါးဦးတစ်ဖွဲ့သဘောနဲ့ အုပ်ချုပ်နေတဲ့ ပြင်သစ်အစိုးရဟာ အုပ်ချုပ်ရေးညံ့တယ်၊ အသုံးမကျဘူးဆိုတဲ့ စကားတွေနဲ့ အဖတ်ဆယ်မရတော့ဘူး။ ၁၇၉၉မှာပဲ ဒီအဖွဲ့ကို ဖြုတ်ချပြီး အစိုးရသစ်ကို ဖွဲ့လိုက်တော့ ကွန်ဆာလို့ခေါ်တဲ့ ဝန်ကြီးသုံးဦးထဲမှာ နပိုလီယန်က ပထမအဆက်ပန်ဝန်ကြီးအဖြစ် ပါဝင်ခွင့်ရခဲ့တယ်။ အဲဒီမှာ စတွေ့တော့တာပေါ့။

ပြင်သစ်နိုင်ငံဟာ သူ့ရဲ့ ပထမဆုံးသော အာဏာရှင် ဧကရာဇ်ကို စတွေ့ခဲ့ရတာပါပဲ။

လက်ထဲကို ပြဒါးရှင်ရောက်လာပြီဖြစ်တဲ့ နပိုလီယန်ဟာ မကြေပွဲအနေနဲ့ ဩစတြေးယန်းတွေကို ထပ်တိုက်ပြန်တယ်။ ၁၈၈ဝ ပြည့်နှစ်မှာဖြစ်တဲ့ မရင်းဂိုးတိုက်ပွဲမှာ နပိုလီယန်တို့ စစ်ရှုံးခဲ့ရတယ်။ ဒါကြောင့် ပြင်သစ်က အခြားဥရောပနိုင်ငံတွေနဲ့ အတိုက်အခိုက် ရပ်စဲခဲ့ရတယ်။

တစ်နှစ်နဲ့နှစ်လ အတိုက်အခိုက်ရပ်စဲနေတဲ့အချိန်မှာပဲ နပိုလီယန်ဟာ သကိုယ်သူ ပြင်သစ်ရဲ့ သမ္မတအဖြစ် ခံယူခဲ့တဲ့အပြင် ဆွစ်ဇာလန်ရဲ့ ပြည်တွင်းရေးတွေကိုပါ ဝင်ပါခဲ့တယ်။ ပီးဒမွန့်ပါးမားနဲ့ အယ်ဗလာကျွန်းတွေကိုပါ သိမ်းခဲ့ပြန်တယ်။ သူရှို့နေတဲ့မီးဟာ ကြာတော့ ဥရောပတိုက်ကြီးမှာ အဟုန်ကြီးတဲ့ မီးတောက်ကြီး ထတောက်ပါရော။

ဩစတြေးလျ၊ ပရပ်ရှား(ဂျာမန်)၊ ရုရှ တို့ကို ဝင်တိုက်ရင်း အောင်မြင်မှုသရဖူ ထပ်ကာ ထပ်ကာ ဆောင်းနေပြီဖြစ်တဲ့ နပိုလီယန်ကြီးရဲ့ ဥရောပနိုင်ငံတွေမှာ ပြန်တီးချင်ပေမယ့် ဘယ်လိုမှ မတတ်သာဘူး ဖြစ်နေတယ်။ ဒါနဲ့ပဲ ဥရောပတိုက်နိုင်ငံတွေ အားလုံးလိုလို နပိုလီယန်ရဲ့ ခြေဖဝါးအောက် အခစားရောက်ခဲ့ရသတဲ့။

ဒါပေမယ့် သူ့ကို အာခံနေသေးတဲ့သူ ရှိနေသေးတယ်။ အဲဒီ ဗြိတိန်အင်ပါယာကို ဝင်တိုက်ဖို့ဥစ္စာ နယ်လ်ဆင်ဆိုတဲ့သူကြောင့် နပိုလီယန် လက်လျှော့လိုက်ရတယ်။ ပြင်သစ်နဲ့ စပိန်ရေတပ်တွေ မရှုမလှ ကျဆုံးခဲ့ရတဲ့ "ထရာဖဲလဂါ ရေကြောင်းတိုက်ပွဲ" ဟာ အခုထိ ကမ္ဘာကျော်ပေါ့။ စစ်ချည်းပဲ တစ်တိုက်တည်းတိုက်နေတဲ့ နပိုလီယန်ဟာ တိုင်းပြည်ကို အုပ်ချုပ်ရာမှာလည်း သူမတူအောင် ထက်မြက်တယ်။ သူဟာ ပြင်သစ်နိုင်ငံတော်ဘဏ်ကိုတည်ထောင်ခဲ့တဲ့အပြင် နိုင်ငံရဲ့ လမ်းပန်းဆက်သွယ်ရေး၊ စိုက်ပျိုးရေး၊ စက်မှုလက်မှု လုပ်ငန်းတွေကိုပါ တိုးတက်အောင် လုပ်ပေးခဲ့တယ်။ အခုထိ "နပိုလီယန်ရဲ့ဥပဒေ" လို့ခေါ်တွင်တဲ့ တရားဥပဒေတွေကိုပါ တီထွင်ခဲ့ပြန်တယ်။ ဘုရင်ဂိုဏ်းကို အားပေးခဲ့တယ်။

၁၈ဝ၄ ခုနှစ်ကျတော့ ပြည်သူတွေရဲ့ အကူအညီဆန္ဒမဲ ရယူပြီး သုံးဦးအစိုးရကို ဖျက်လိုက်တယ်။ ပြင်သစ်နိုင်ငံရဲ့ ဧကရာဇ်ဘွဲ့ကို စတင်ခံယူလိုက်တယ်။ ငါးနှစ်အကြာမှာ ဩစတြေးလျဘုရင်ရဲ့ သမီးတော် မာရီလွီဇာနဲ့ယူပြီး ဆယ်နှစ်ဆယ်မိုးတိုင်အောင် သူဟာ ဥရောပနိုင်ငံ ကြီးငယ်တွေကို လက်ခုပ်ထဲကရေလို သွန်လိုက် မှောက်လိုက် လုပ်နေခဲ့တာပါ။

အီတလီ၊ နေပယ်၊ စပိန်တို့မှာ သူ့ရဲ့ဆွေမျိုးတွေကို ဘုရင်အဖြစ်ခန့်အပ်ခဲ့တယ်။ ရုရှားက ဇာဘုရင် အလက်ဇန္ဒြားနဲ့ အလွမ်းသင့်ပြီး ဥရောပတိုက်ကြီးကိုတောင် ခွဲယူဖို့ သဘောတူခဲ့သတဲ့။ ရုရှားက ဘုရင်အကူအညီယူပြီး သူ့အောက်မှာရှိနေတဲ့ နိုင်ငံတွေကို ဗြိတိန်နဲ့မဆက်သွယ်ဖို့ အမိန့်ထုတ်ခဲ့တဲ့အတွက် ဥရောပနိုင်ငံတွေမှာ သူ့အမိန့်ကို နာခံခဲ့ကြရှာတယ်။

ဒါပေမယ့် ဗြိတိန်ကတော့ ပန်းပန်လျက်ပါ ဖြစ်နေတော့ နပိုလီယန် အခက်တွေ့နေရတယ်။

အင်္ဂလိပ်တွေက ကမ္ဘာအရပ်ရပ်က လာတဲ့ ကုန်စည်တွေ ဥရောပထဲ မဝင်နိုင်အောင် တားဆီးတော့ ဥရောပနိုင်ငံတွေ ဒုက္ခရောက်ရပြီး သူတို့ရဲ့ မျိုးချစ်စိတ်တွေ ထကြွကုန်ကြတာပေါ့။ ဒါနဲ့ပဲ မကျေနပ်မှုတွေ များလာပြီး စပိန်ကနေစပြီး ပြင်သစ်ကို တော်လှန်တော့တယ်။ ၁၈ဝ၈ ခုနှစ်မှာ စပိန်နဲ့အင်္ဂလိပ် ပေါင်းပြီး ပြင်သစ်ကို တော်လှန်ကြရာကနေ ပြင်သစ်တွေဟာ စပိန်ကနေ ထွက်ခွာခဲ့ကြရတယ်။ ဒါဟာ နပိုလီယန်ရဲ့တန်ခိုးအာဏာနဲ့ကံကြမ္မာ မှောင်ကျစပြုတဲ့ ကာလပဲ ဖြစ်ပါတယ်။

ဒီကြားထဲ နပိုလီယန်ဟာ သူ့ရဲ့ဩဇာထဲ အင်တင်တင်လုပ်ချင်နေတဲ့ ရုရှားတွေကို တီးဖို့ဆိုပြီး မော်စကိုအထိ ချီတက်ခဲ့ပြန်တယ်။ ရုရှားတွေက နပိုလီယန်ရဲ့ ပြင်သစ်တပ်တွေ လာမယ့် ခရီးတစ်လျှောက် မြေလှန်စနစ်သုံးပြီး အရာအားလုံးကို မီးရှို့ဖျက်ဆီးသွားခဲ့ကြတယ်။ သူတို့ဟာ မြို့တော်ကိုတောင် တစ်စမကျန် ဖျက်ဆီးသွားခဲ့ကြတယ်။

ဒီကြားထဲ ရုရှားရဲ့နာမည်ကျော် ဆောင်းရာသီကလည်း ပြင်သစ်တွေကို ကောင်းကောင်းနှိပ်စက်တော့ ငတ်တဲ့ဒဏ်၊ အအေးဒဏ်တွေကြောင့်ပဲ နပိုလီယန်ရဲ့ စစ်တပ်ဟာ အကျအဆုံး များစွာနဲ့ ပြင်သစ်ကို ပြန်လာခဲ့ကြရတယ်။

ပြင်သစ်ကိုရောက်တော့ ဩစတြေးလျ၊ ရုရှား၊ ပရပ်ရှား၊ အင်္ဂလိပ် စစ်တပ်တွေ နပိုလီယန်ကို စောင့်ကြိုနေကြတယ်။ ဒီလိုနဲ့ အညှံ့မခံတဲ့ ပြင်သစ်ဟာ သူဆော်ကိုယ်ချနဲ့ ၁၈၁၃ ခုနှစ် လိုက်ပဆစ်တိုက်ပွဲမှာပဲ ပြင်သစ်တွေ စစ်ရှုံးခဲ့ရပြီး အညှံ့ခံခဲ့ရရှာတယ်။ ၁၈၁၄



www.burmeseclassic.com

www.burmeseclassic.com

ဧပြီလ ၁၀ ရက်မှာ နပိုလီယန်ဟာ သူ့ရဲ့ ထီးနန်းကို စွန့်ခဲ့ရပြီး အယ်လ်ဗာကျွန်းမှာ အကျယ်ချုပ်နေခဲ့ရတယ်။ ၁၈၁၅ မှာ အဲဒီကျွန်းကနေ လွတ်အောင်ထွက်ပြေးခဲ့ပြီး ပြင်သစ်ကိုပြန်တယ်။ စည်းရုံးရေးလုပ်ပြီး စုဆောင်းမိတဲ့ လူတွေ၊ လက်နက်တွေနဲ့ ရန်သူတော်တွေကို ပြန်တိုက်ခဲ့တယ်။ ကမ္ဘာကျော် ဝါတာလူးစစ်ပွဲက အဲဒီက စတာပေါ့။ ဒီစစ်ပွဲမှာပဲ သူ့လေးဖက်လေးရံမှာ ဝိုင်းဝန်းတိုက်ခိုက်နေတဲ့ ဥရောပနိုင်ငံတွေကို လုံးဝဥဿုံ အရှုံးပေးလိုက်ရရှာတယ်။

ကံကြမ္မာဟာ တစ်ကြိမ်တစ်ခါသာ အခွင့်အရေးပေးတယ်ဆိုတဲ့စကားတယ်မှန်ပါလား။ နပိုလီယန်ကြီးကို အတ္တလန္တိတ်သမုဒ္ဒရာ တောင်ပိုင်းမှာရှိတဲ့ စိန့်ဟယ်လီနာကျွန်းကို အပြီးအပိုင်ပို့ထားခဲ့ရာကနေ သူ့ရဲ့ဘဝဇာတ်သိမ်းကို အဲဒီကျွန်းမှာတင်ပဲ အပြီးအပိုင် ပြည်ဖုံးကား ချခဲ့ရရှာတယ်။ ၁၈၂၁ ခုမှာပေါ့။ ပြင်သစ်ဧကရာဇ်ကြီး နပိုလီယန်ဘိုနာဘတ် သေဆုံးခဲ့ရရှာတယ်။ နပိုလီယန်မင်းဆက်ကို စတင်ခဲ့တဲ့ ပထမ နပိုလီယန်ရဲ့ ဇာတ်လမ်းအကျဉ်းချုပ်ကတော့ ဤမျှသာပဲပေါ့။

(၃)

နပိုလီယန်မင်းဆက်ကို တည်ထောင်ခဲ့တဲ့ ပထမနပိုလီယန်ဘိုနာဘတ် ကွယ်လွန်ပြီးတဲ့နောက် ပထမနပိုလီယန်နဲ့ မိဖုရား လွီဇာကနေ ၁၈၁၁ ခုနှစ်မှာ ဖွားမြင်တဲ့သားကို ဒျူဘွဲ့ရတဲ့ ရိုက်စတက်နယ်စားအဖြစ်နဲ့ နပိုလီယန် ရှိကတည်းက ခန့်အပ်ခဲ့တာပါ။ သူ့အဖေ နပိုလီယန် နန်းကျသွားတဲ့အခါ သူ့ရဲ့သားကို အဖေ့အမွေဆက်ခံဖို့ ထီးနန်းလွှဲပေးခဲ့ပါတယ်။

ဒါပေမယ့် ဖြစ်ချင်တော့ ပြင်သစ်ပြည်ကို အုပ်ချုပ်နေတဲ့ ဆီးနတ်အဖွဲ့က ၁၈ မယောက်မြောက်လူဝီဘုရင်ကို ပြင်သစ်နိုင်ငံရဲ့ ရှင်ဘုရင်အဖြစ် တင်မြှောက်လိုက်တော့ သူ့ခမျာမှာ မိခင်နဲ့အတူ ဩစတြေးလျမှာ သွားနေခဲ့ရရှာတယ်။ သူ့ရာဇဝင်ဟာ နပိုလီယန်မင်းဆက်အနေနဲ့ ဘာတစ်ခုမှ မည်မည်ရရ မရှိခဲ့တဲ့ အသက်(၂၁)နှစ်အရွယ်ပဲရှိသေးတယ်။ ဗီယင်နာမြို့မှာ ကွယ်လွန်ခဲ့ရရှာတယ်။

ဂျာမနီက ဟစ်တလာ အာဏာရလာတဲ့ ၁၉၄၀ ပြည့်နှစ်မှာ ဒုတိယနပိုလီယန်ရဲ့ ရုပ်အလောင်းကို တူးဖော်ပြီး အဖေဖြစ်တဲ့ ပထမနပိုလီယန်ရဲ့ အုတ်ဂူအနီးမှာ ယှဉ်တွဲပြီး မြှုပ်နှံပေးခဲ့တယ်။ နပိုလီယန်ဘိုနာဘတ်ဟာ မအောင်မြင်တဲ့မျိုးဆက်ကို ချန်ခဲ့ပြီး သူ့ရဲ့ နပိုလီယန်မျိုးဆက်ဟာ ဝေဝါးဝေဝါးဖြစ်ပြီး ရာဇဝင်မှာ ကျန်ရစ်ခဲ့ရရှာတယ်။

တတိယမြောက် နပိုလီယန်လို့ခေါ်ဆိုရမယ့် နပိုလီယန်ကတော့ ဒုတိယမြောက် နပိုလီယန်နဲ့ ညီအစ်ကိုဝမ်းကွဲ တော်စပ်ပြီး သူ့ထက် သုံးနှစ်စောပြီး ဖွားမြင်ခဲ့သူပါ။ သူဟာ ပထမနပိုလီယန်ရဲ့ညီ ဟောလန်ဘုရင် လူဝီရဲ့ သားတစ်ယောက် ဖြစ်ပါတယ်။ ၁၈၀၈ ခုနှစ် ပါရီမြို့တော်မှာရှိတဲ့ ကျူလာရီနန်းတော်မှာ မွေးဖွားခဲ့ပြီး ပထမနပိုလီယန်က သူ့ရဲ့သားနဲ့မခြား ချစ်ခင်ခဲ့တယ်လို့ ဆိုပါတယ်။

သူ့ရဲ့ဘကြီး နပိုလီယန် စိန့်ဟယ်လီနာကျွန်းမှာ ဘဝနိဂုံးမချုပ်မီက သူ့အသက် ခုနစ်နှစ်ပဲ ရှိသေးတယ်။ ပြင်သစ်နိုင်ငံမှာ နပိုလီယန် မရှိတော့တဲ့နောက် ဘူဗွန်မင်းဆက် ပြန်လည်ဆက်ခံနေပြီဖြစ်တော့ နပိုလီယန်ဟာ အိမ်ခြေရာခြေ အတည်တကျ မရှိရှာဘဲ ဆွစ်ဇာလန်၊ ဆဗ္ဗိုင်း၊ ဂျာမနီတို့ကိုသာ လှည့်လည်နေထိုင်ခဲ့ရရှာတယ်။ မယ်တော်ကြောင့်သာ သူ့ခမျာ ဂျာမနီမှာ စာသင်ခဲ့ရရှာပြီး ပညာထူးချွန်သူတစ်ဦး ဖြစ်ခဲ့ရတာပါ။

ပြင်သစ်နိုင်ငံမှာ နပိုလီယန် နန်းကျကွယ်လွန်ခဲ့တဲ့ အချိန်ကစပြီး တစ်နေ့နပိုလီယန်ပြန်လာနိုး မျှော်ကိုးနေတဲ့ အချိန်ဆိုတော့ ပြင်သစ်သူ၊ ပြင်သစ်သားတွေရဲ့ ဆန္ဒကို ကြားသိခွင့်ရခဲ့တဲ့ လူဝီနပိုလီယန်ဟာ အဲဒီအခွင့်ကောင်းကို အရယူဖို့ အမြဲကြံစည်နေခဲ့တယ်။

၁၈၃၀ မှာ ဘူဗွန်မင်းဆက်ထဲက ဒသမမြောက် ချားဘုရင်ရဲ့ ထီးမွေနန်းမွေကို လူဝီဖီးလစ်က ဆက်ခံခဲ့ပေမယ့် ပြင်သစ်ရေတွက ဘူဗွန်ဘုရင်တွေအပေါ် အကြည်အညိုပျက် မုန်းတီးလာကြပြီဆိုတော့ နပိုလီယန်ရဲ့သား ဒုတိယမြောက် နပိုလီယန်လေးကိုပဲ နန်းတင်မယ် ရည်ရွယ်ခဲ့ပေမယ့် ၁၈၃၂ မှာ ဒုတိယနပိုလီယန်က စောစောစီးစီး ဆုံးပါးသွားတော့ လူဝီနပိုလီယန်အဖို့ အခွင့်ပိုသာသွားခဲ့ရတယ်။ ရောက်လာမယ့် အခွင့်အရေးကို စိတ်ရှည်ရှည်နဲ့ ထိုင်စောင့်နေတယ်။

ဒါနဲ့ပဲ တတိယနပိုလီယန်ဟာ ၁၈၃၆ မှာတစ်ခါ၊ ၁၈၄၀ မှာတစ်ကြိမ် ပြင်သစ်ထီးနန်းကို ရဖို့ ကြံခဲ့ပေမယ့် မအောင်မြင်ခဲ့ဘူး။ နောက်ဆုံးအကြိမ် ကြံစည်တော့ အဖမ်းခံခဲ့ရပြီး ပြင်သစ်အစိုးရက သူ့ကို ထောင်ခြောက်နှစ်ချခဲ့တယ်။ ထောင်ကနေ ထွက်ပြေးပြီး သူဟာ အင်္ဂလန်မှာ ခိုလှုံခွင့်တောင်းပြီး နေခဲ့ရပြန်တယ်။ စိတ်ထဲကတော့ တစ်ပြားသားမှ မလျှော့ဘူး။ ပြင်သစ်ပြည်ဟာ တစ်နေ့နေ့မှာ သူ့လက်ထဲရောက်မယ်လို့ ကျိန်းသေတွက်ထားတယ်။

အခွင့်အခါကောင်း ကြုံချင်တော့ ၁၈၄၈ မှာ ပြင်သစ်တော်လှန်ရေးကြီး ပေါ်လာတယ်။ နိတ်ပြီဟလို့ အားရဝမ်းသာနဲ့ပြန်လာတော့ အလာကောင်းပေမယ့် အခါနှောင်းရပြန်တယ်။ ပြင်သစ်မှာက လူဝီဖိလစ်ဘုရင်ကို နန်းချပြီး သမ္မတနိုင်ငံ ထူထောင်ပြီးနေပြီ။ ယာယီအစိုးရက လူဝီနပိုလီယန်ကို မယုံတဲ့ အပြင် ပြည်နှင်ဒဏ်ပါ ပေးလိုက်သေးတယ်။ ပြေးရရှာပေါ့။

နပိုလီယန်ရဲ့သွေးပဲ။ လွယ်လွယ်နဲ့ ဘာ့ယ်အလျှော့ပေးပါ့မလဲ။ သူ့ဘကြီးတောင် ကျွန်းပေါ်ရောက်နေရာကနေ





www.burmeseclassic.com

www.burmeseclassic.com

တိုင်းပြည်ကို ပြန်ကယ်ခဲ့သေးတာပဲ။ ပြေးရင်း ပြေးရင်း လူဝီနပိုလီယန်က ပြင်သစ်ပြည်ရဲ့ ဥပဒေပြုလွှတ်တော် ရွေးကောက်ပွဲတွေမှာ ဝင်ပြိုင်ခဲ့တယ်။ နပိုလီယန်ကို ကြည်ညိုတဲ့ပြည်သူတွေ ထောက်ခံချက်နဲ့ သူဟာ အရွေးခံခဲ့ရတယ်။ မဲဆန္ဒနယ် ငါးခုမှာ အရွေးခံရပြီး နိုင်ငံကို ပြန်လာခွင့်ရခဲ့တဲ့ လူဝီနပိုလီယန်ဟာ အဆုံးမှာတော့ ၁၈၄၈ ဒီဇင်ဘာ ရွေးကောက်ပွဲကနေ သမ္မတအဖြစ် ရွေးချယ်ခံခဲ့ရတော့တယ်။

သူက သူ့ဘကြီးလို နဂိုကတည်းက ဧကရာဇ်ဘွဲ့ ခံချင်သူဆိုတော့ သမ္မတလောက်ကို မရောင့်ရဲဘူး။ သူ့ လုပ်နိုင်သမျှ အာဏာကုန်သုံးပြီး ဆင်းရဲသားတွေကို မက်လုံးများများပေးပြီး စည်းရုံးစုစည်းတယ်။ သိမ်းသွင်းတယ်။ ပြည့်စုံပြီလည်းဆိုရော သူဟာ ၁၈၅၂ မှာ ပြင်သစ်နိုင်ငံရဲ့ တတိယမြောက် နပိုလီယန်အဖြစ် ဧကရာဇ်ဘွဲ့ကို ခံယူလိုက်တယ်။ သူ အုပ်စိုးနေတာကို ပြည်သူတွေ သဘောကျစေဖို့ တိုင်းပြည်တိုးတက်ရေးလုပ်ငန်းတွေ အတော်များများ လုပ်ပေးခဲ့တယ်။

ဒီလိုနဲ့ တတိယနပိုလီယန်ဟာ ပထနပိုလီယန်နည်းတူ ပြင်သစ်နိုင်ငံရဲ့ သမိုင်းမှာ အထင်ကရ ဖြစ်လာခဲ့ရပေမယ့် သူဟာ စစ်ရေးစစ်ရာမှာ သူ့ဘကြီး ခြေရာမမီဘူး။ နကန်းတစ်လုံးမှ ပါးနပ်မှု မရှိဘူး။ အုပ်ချုပ်ရေးရာမှာ ငါတကောကောနေလို့ သူ့ရဲ့မိဖုရား ယူဇေးနီးက အနီးကပ် သွန်သင်ပေးနေခဲ့လို့သာပေါ့။

ဝမရှိဘဲ ဝိလုပ်ချင်တဲ့ လူဝီနပိုလီယန်ဟာ စစ်ပွဲတွေဖန်တီးပြီး သူ့ဂုဏ်သတင်း ထင်ရှားအောင်ဆိုပြီး ကရိုင်းမီးယားစစ်ပွဲကို ဝင်ရောက်ဆင်နွှဲခဲ့တယ်။ ဩစတြေးလျကို ဝင်တိုက်အပြီး သူ့မှာ ရန်သူတွေ ပတ်လည်ဝိုင်းလာတယ်။ ဒီကြားထဲ မက္ကဆီကိုကို လက်အောက်ခံအဖြစ်သိမ်းတာ မအောင်မြင်ခဲ့ပြန်ဘူး။

သူဟာ သူ့နာမည် သူဖျက်ရင်း နာမည်အတော်ပျက်လာခဲ့တယ်။ သူ့ရဲ့ ရန်သူတော် ပရပ်ရှား (ဂျာမနီ)ဟာ အင်အားအကောင်းဆုံးဖြစ်နေတာ သိလျက်နဲ့ ၁၈၇၀ မှာ နှစ်ပြည်ထောင်မင်းတို့ စစ်ခင်းခဲ့ကြတယ်။ ဂျာမနီ ဘစ်စမတ်မင်းသားရဲ့ စစ်တပ်ကို မရှုမလှ ရှုံးနိမ့်ခဲ့ရပြီး သူကိုယ်တိုင် ဂျာမန့်စစ်သုံ့ပန်းဘဝ ရောက်ခဲ့ရရှာတယ်။

ဂျာမန်တွေက သနားလို့ ပြန်လွှတ်လိုက်တော့ လူဝီနပိုလီယန်ဟာ သူ့မိဖုရားကြီး ထွက်ပြေးသွားခဲ့တဲ့ အင်္ဂလန်ကို လိုက်ပြီးနေထိုင်ခဲ့ရတယ်။ အကြံတုံး ဉာဏ်တုံး လူလုံးမလှဘဝနဲ့ ၁၈၇၃ မှာ အင်္ဂလန်မှာပဲ ကွယ်လွန်ခဲ့ရတယ်။

သူ့ရဲ့ တစ်ဦးတည်းသောသားဖြစ်သူက တောင်အာဖရိက ဇူးလူးစစ်ပွဲမှာ အင်္ဂလိပ်တွေဘက်ကနေ ဝင်တိုက်ပေးရင်း ကျဆုံးခဲ့ပြန်တော့ အဲဒီမှာတင် နပိုလီယန်မင်းဆက်ကြီးဟာ လုံးဝဥဿုံ ပျက်သုဉ်းခြင်း ဆိုက်ရောက်ခဲ့ရတယ်။

(၄)

တစ်ချိန်တစ်ခါက ပြင်သစ်နိုင်ငံကြီးဟာ နပိုလီယန်တန်ခိုးနဲ့ အမျိုးဂုဏ်တက်စေခဲ့ပါတယ်။ နပိုလီယန် (ပထမ) အကြောင်းကို ဆရာတက်တိုး၊ တိုးတက်ရေး ဦးသန်းဖေတို့ ရေးသားခဲ့တဲ့ အတ္ထုပ္ပတ္တိတွေ ပြန်ဖတ်ကြည့်ရင် သိသာနိုင်ပါတယ်။ နပိုလီယန်ဘိုနာဘတ်ဆိုတဲ့ ပထမနပိုလီယန်အကြောင်းသာ အဓိကထား အမွှမ်းတင်ရေးသားကြတာ မြင်ရတော့ မထင်ရှားတဲ့ နပိုလီယန်နှစ်ဆက်အကြောင်း ရေးသားချင်တဲ့ဆန္ဒ ဖြစ်လာရပါတယ်။ ဒါကြောင့် ယူတတ်ရင် သင်ခန်းစာဆိုသလို ဆက်စပ်တွေးခေါ်ရခြင်းအလို့ငှာ ဤစာစုအား ကြိုးစား၍ ရေးသားလိုက်ရပါတယ်။

နပိုလီယန်သုံးယောက်မှာ ဘယ်သူ ဂုဏ်အမြောက်ဆုံး ဆိုတာကတော့ စာရှုသူတို့ နှိုင်းယှဉ်ကြည့်ကြပေါ့။ ဗဟုသုတပေါ့။

❒ စောနိုင်ထူး

## စာမူများ ပေးပို့နိုင်ပါသည်

စာပေ ဝါသနာရှင်များ မိမိ၏စာမူကို မိတ္တူကော်ပီထား၍ လပြည့်ဝန်းမဂ္ဂဇင်း တိုက်သို့ ဆက်သွယ်ပေးပို့နိုင်ပါသည်။ မရွေးချယ်သော စာမူများကို ပြန်လည်ပေးပို့မည်မဟုတ်ပါ။

## အထူးသတိပြုချက်

တခြားမဂ္ဂဇင်းတိုက်များသို့ တစ်ပြိုင်တည်း ပေးပို့ခြင်းမျိုး တစ်နှစ်အတွင်း တခြားမဂ္ဂဇင်းတိုက်များတွင် အသုံးပြုပြီးသော စာမူများကို ထပ်မံပေးပို့ခြင်းများ မပြုလုပ်ကြပါရန် မေတ္တာရပ်ခံပါသည်။

စာမူများ ပေးပို့ကြရာတွင်လည်း လက်ရေးလှရမည်ဟု မဆိုလိုပါ၊ သို့သော် အယ်ဒီတာများ၊ စာစီသမားများ ဖတ်ရှုနိုင်မည့်အရေးအသားမျိုး ဖြစ်ရပါမည်။

လက်ရေးညံ့သော စာမူဖြစ်ပါက မည်မျှပင် မိုးပျံအောင်ကောင်းစေကာမူ မည်သည့်နည်းနှင့်မျှ ရွေးချယ်လိမ့်မည် မဟုတ်ကြောင်း ကြိုတင်အသိပေးအပ်ပါသည်။

■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■

အဖြူအမည်း
**တစ်မျက်နှာ**
ကျပ်တစ်သောင်းငါးထောင်တိတိ
ဖြစ်ပါသည်။

အဖြူအမည်း
**မျက်နှာဝက်**
ကျပ်ခုနစ်ထောင့်ငါးရာတိတိ ဖြစ်ပါသည်။

## ဆက် သွယ် ရန်

အယ်ဒီတာအဖွဲ့
လပြည့်ဝန်းမဂ္ဂဇင်း
တိုက်အမှတ် (၇၂၄)၊
အခန်း (၁၀) ပထပ်၊ မဟာဗန္ဓုလလမ်း၊
(၁၇×၁၈)လမ်းကြား၊
လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၅၀၆၆၇



www.burmeseclassic.com

www.burmeseclassic.com

# ခွေးရူး ကိုက်ခံရလျှင်

## ဆရာအောင်ကျော်နိုင် (ရွှေစေတီ)

လူတစ်ဦးတစ်ယောက် ခွေးကိုက်ခံရပါလျှင် အကိုက်ခံရသောအနာ အမြန်ပျောက်ကင်း ချမ်းသာစေရန် အတွက်လည်းကောင်း၊ နောက်ဆက်တွဲ ခွေးရူးပြန်ရောဂါ ဖြစ်ပွားခံစားရမည်ကို စိုးရိမ်သည်ကတစ်ကြောင်း စသည်ဖြင့် စိုးရိမ်မှုများစွာ ဖြစ်တတ်ပါသည်။ ကာကွယ်ဆေး ကုသဆေးများကို (၁၄)လုံး အထိ ချက်တွင်ထိုးခြင်းအား ခံရပေလိမ့်မည်။

၎င်းဆေးထိုးခြင်းမှာ ငွေကြေး အဆင်ပြေသူများ၊ ဆေးရုံဆေးခန်း နီးသူများ၊ ဗဟုသုတ သင်ယူထားသူများ ဖြစ်နိုင်သော်လည်း ဆေးရုံဆေးခန်း ဝေးလံသူများ၊ တောနေလူတန်းစားများ၊ ငွေကြေးမတတ်နိုင်သူများအဖို့ အခက်တွေ့စရာ ဖြစ်ရလေတော့သည်။

အဆိုပါ အခက်အခဲများရှိရာ ဒေသနေရာများအတွက် ဤမဂ္ဂဇင်းမှ တစ်ဆင့် ကုထုံးတစ်ရပ်အား ဖော်ပြလျှုဒါန်းအပ်ပါသည်။

### ကုထုံးအမှတ်(၁)

ခွေးကိုက်ခံရလျှင် အနာကို ရေမဆေးပါနှင့်။ လက်နှင့်လည်း မည်သူမျှ မကိုင်ပါနှင့်။

ကုသမည့်ဆရာက မီးသွေးခဲကို ယူ၍ မိမိ၏ခြေဖဝါးတွင် (ကျား)ဟုဆိုသော စကားလုံးကို အသက်အောင့်၍ ပြောင်းပြန်ရေးပါ။ ရေးပြီးပါက အသက်အောင့်၍ ခွေးကိုက်သောဒဏ်ရာပေါ်တွင် ခုနစ်ချက် ဖိနင်းပေးပါ။ ၎င်းဒဏ်ရာသည် မုချ အနာလည်းမရင်းဘဲ လုံးဝပျောက်ကင်းသွားပါမည်။ ရေးရမည့်ပုံမှာ ( ယါပ ) ဟု ပုံပါအတိုင်း ရေးရပါမည်။

နောက်နည်းတစ်ခုလည်း တွေ့ကြုံဖူးပါသည်။ စာရေးသူ နေ့တစ်နေ့တွင် ရုပ်မြင်သံကြားမှ အစီအစဉ်တစ်ခုအား ကြည့်ရှုနေစဉ် ကမ္ဘာတစ်လွှားတွင် ခွေးရူးရောဂါ ကာကွယ်ဆေးထိုးကြရန် သတင်းအားလည်း ကြည့်ရှုမှတ်သားလိုက်ရပါတော့သည်။

မှန်ပါသည်။ ခွေးရူးကိုက်ခံရသောရောဂါသည် လွန်စွာ ဆိုးရွားလှပါသည်။ အကိုက်ခံရပြီးမှ ကုသခြင်းထက် ကြိုတင်ကာကွယ်ခြင်းသည် လွန်စွာကောင်းသော ဆောင်ရွက်ချက်ဖြစ်လေသည်။ တစ်ခါက စာရေးသူတို့ မွေးဖွားရာရွာတွင် ကလေးငယ်တစ်ဦးခွေးကိုက်ခံရသည်။ ကိုက်သောခွေးသည် ခွေးရူးလား၊ ခွေးကောင်းလား မသိလိုက်ကြပါ။ ခုနစ်ရက်ခန့်ကြာမှ အကိုက်ခံရသော ကလေးသည် ခွေးရူးပြန်ရောဂါ ဖြစ်ပါလေတော့သည်။ နည်းအမျိုးမျိုးဖြင့် ကုသသော်လည်း မရတော့ပါ။ ဝေဒနာ အလူးအလဲခံစားရပြီးနောက်တွင်ကား ထိုကလေးမှာ အသက်ပေးလိုက်ရလေတော့သည်။

နောက်တစ်ခါ အသိအိမ်တစ်အိမ်မှ ခွေးတစ်ကောင်သည် ရူးပြီး လူငါးယောက်ကို ဆက်တိုက်လိုက်ကိုက်ရာ ခွေးသည် ရူး၍ကိုက်သည်ကို သိကြသည့်အတွက် စာရေးသူ၏ ဆရာဖြစ်သော ရွာဦးကျောင်းဆရာတော် ဦးကုသလထံတွင် ကုသမှုခံယူကြရာ အဆိုပါ အကိုက်ခံရသော လူလေးငါးဦး အားလုံးပင် ခွေးရူးမပြန်တော့ဘဲ အသက်ရှင်လျက် ယနေ့တိုင် အသက်ရှင်နေထိုင်ကြလျက် ရှိနေကြသေးကြောင်း တွေ့ရှိရပါသည်။

သို့ပါ၍ အဆိုပါ ခွေးရူးကိုက်ခံရသောလူများအား ဆရာတော်ကုသသောကုထုံးအား စာရေးသူကိုယ်တိုင် မျက်မြင်ကိုယ်တွေ့ဖြစ်ရကား ဆရာတော်၏ ဆန္ဒအရ ဤကုထုံးနည်းအား ဝေမျှလှူဒါန်းလိုက်ပါသည်။

### ကုထုံးအမှတ်(၂)

ခွေးရူးကိုက်ခံရသော လူနာအား ကြက်များအုပ်သော အုပ်ဆောင်းဖြင့် အုပ်ထားပါ။ အုပ်ဆောင်းအပေါ်မှ မောင်းကျောက်စွပ်၍ တစ်စုံတစ်ဦးက မောင်းကျောက်နှင့်အုပ်ဆောင်းကို ကိုင်ထားပါ။

ကုသပေးမည့်သူ(ဆရာ)က ဖျာပြားတစ်ချပ်ပေါ်တွင် (မြူအိုး) ထန်းပင်တွင် ထန်းရည်ခံသောအိုး သို့မဟုတ် အတာအိုး ခုနစ်လုံးကို ပျဉ်ချပ်ပေါ်တွင် ရေအပြည့်ထည့်လျက် တန်းစီတင်ထားပြီး အစွန်ဆုံးအိုးကို ဆရာက ကိုင်ထားပြီး ဗောဇ္ဈင်သုတ်ပရိတ်တော်ကို ၃၇ ခေါက်ရွတ်ဖတ်ပူဇော်ရပါမည်။ ပြီးလျှင် အိုးခုနစ်လုံးစလုံး ရေလှုပ်အောင် တွန်းရပါမည်။ အိုးအားလုံးမှ ရေအားလုံးတို့သည် ဘောင်ဘင်ခတ်သွားပါလိမ့်မည်။ ၎င်းရေဖြင့် ခွေးရူးကိုက်ခံရသောလူနာအား ပက်ဖျန်းပေးပါ။ လန့်အောင် ပက်ဖျန်းပါ။

ရေအကုန်ပက်ဖျန်းပြီးပါက ခွေးရူးကိုက်ခံရသော လူနာသည် အဆိုပါ ခွေးရူးရောဂါမှ ကင်းဝေးသွားမည် ဖြစ်ပါသည်။

အထူးမှတ်သားရန်မှာ ကုသပြီးသည်မှ ရက်(၆၀)အတွင်း အသုဘအိမ်သွားခြင်း၊ ထိုအိမ်မှ အစာစားခြင်းအား ရှောင်ရပါမည်။ ဘုန်းကြီးပျံ၊ မယ်တော်ပျံတို့အား သွားခြင်းလည်းရှောင်ပါ။

အဆိုပါ လက်တွေ့ကုထုံးနည်းများဖြင့် ဆေးရုံဆေးခန်းတို့နှင့် ဝေးလံသီခေါင်သောရွာတို့မှ ဝေဒနာရှင်များအား ကုသပေးနိုင်စေရန် စေတနာအရင်းခံ၍ တင်ပြလှူဒါန်းရပါသည်။

❒ ဆရာအောင်ကျော်နိုင်(ရွှေစေတီ)



www.burmeseclassic.com

www.burmeseclassic.com

# သုတစုံပြော ကျကမ္ဘာ

ဖိုးရွှေလမင်း





## ဆုရ ဓာတ်ပုံများ

လွန်ခဲ့သောနှစ်တွင် NATIONAL GEOGRAPHIC PHOTOGRAPHIC CONTEST အဖွဲ့မှ ကျင်းပသော ဓာတ်ပုံပြိုင်ပွဲတွင် ပြိုင်ပွဲဝင်ရန် အတွက် ပေးပို့လာသော ဓာတ်ပုံစုစုပေါင်းမှာ ၁၆၀၀၀ ကျော် ဖြစ်သည်။ ထိုဓာတ်ပုံများကို ဓာတ်ပုံပညာရှင်ကြီးများက အချိန်ယူ၍ စနစ်တကျ ရွေးချယ်စိစစ်သုံးသပ်ကြပြီးနောက် ဖော်ပြပါ ဓာတ်ပုံ သုံးပုံကို ထိပ်ဆုံး ဂုဏ်ထူးဆောင်ဆုအဖြစ် ချီးမြှင့်လိုက်လေသည်။ ငွေကြေးအနေဖြင့် ဒေါ်လာ တစ်သောင်းဖြစ်ပြီး NATIONAL GEOGRAPHIC အသင်း၏ ဌာနချုပ်သို့ လေ့လာရေးခရီးတစ်ခေါက် အပါအဝင် ဖြစ်သည်။

ထိပ်ဆုံးပုံမှာ အနောက်ဆူမတ်တြာ၏ နွားပြိုင်ပွဲတွင် လယ်သမားက နွားမြီးများဆွဲ၍ ဝင်ပြေးနေပုံဖြစ်သည်။

အလယ်ပုံမှာ ဘင်္ဂလားဒေ့ရှ် စစ်တကောင်းတွင် အလုပ်သမားများသည် ကုန်တင်သင်္ဘောတစ်စင်းမှ အစိတ်အပိုင်းများကို ဖြုတ်ယူရောင်းချရန် ဆောင်ရွက်နေပုံဖြစ်သည်။

အောက်ဆုံးပုံမှာ အင်ဒိုနီးရှားနိုင်ငံ လွန်ဘော့စ်ရှိ ရင်ဂျာနီမီးတောင်ဝမှ မြင်ကွင်းကို ခရီးသွားအချို့က ဓာတ်ပုံရိုက်နေသော ရှုခင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



## ကားကြော်ငြာ ဆိုသည်မှာ

၂၀၁၃ ခုနှစ် ကုန်ဆုံးခါနီး ဒီဇင်ဘာလနောက်ဆုံး ရက်သတ္တပတ်မှာ ဂုဏ်ယူဝင့်ကြွားစွာ ရှယ်ဗရိုလေးကား အမျိုးအစား ထုတ်လုပ်ရေးကုမ္ပဏီဟာ ဒီဇိုင်းသစ်တစ်ခု တီထွင်ဖန်တီး ကြော်ငြာခဲ့ပါတယ်။ CHEVY MALIBU ECO ကားဟာ သင့်ရဲ့ ပိုက်ဆံအိတ်ထဲမှာထည့်ထားတဲ့ ငွေတွေကို ကုန်ခန်းမသွားအောင် အကူအညီပေးပါရစေလို့ ဖော်ပြထားပါတယ်။ ဘစ်နေတာ အချိန်ကုန်သက်သာဖို့နဲ့ လောင်စာဂက်စ် အကုန်အကျသက်သာဖို့အတွက် ဆန်းသစ် တီထွင်ထားပါသတဲ့။ စတိုင်ကျကျဒီဇိုင်းနဲ့အတူ အလွယ်တကူ ကိုင်တွယ်ထိန်းသိမ်းနိုင်ပြီး သင်သွားနေတဲ့ ခရီးလမ်း တစ်လျှောက် နည်းနည်းလောက်ပိုပြီး မော်ကွန်းတင်နိုင်အောင် ဖန်တီးထားပါသတဲ့။ သင့်ရဲ့သားသမီး ကလေးသူငယ်တွေ ကျောင်းကို အချိန်မီရောက်အောင် တာဝန်ယူတာဖြစ်စေ၊ အားလပ်ရက်အတွက် ညို့ချက်ပြင်းတဲ့ နေရာတစ်နေရာကို အရောက်သွားဖို့အတွက်ဖြစ်စေ စိတ်ဘဝင်ချမ်းမြေ့စွာ ပို့ဆောင်နိုင်မှာဖြစ်ကြောင်း အထူးအာမခံထားပါတယ်။



## စိတ်ကူးဆန်းဆန်း

ရုတ်တရက် ကြည့်လိုက်သောအခါ လည်ဆွဲတန်ဆာတစ်ခုဟူ၍ သာမန်အားဖြင့် သဘောထားလိုက်ကြပေ လိမ့်မည်။ သို့ရာတွင် ထိုလည်ဆွဲကို ဖန်တီးသူ အယ်လာလူးဝစ်ဆိုသော အမျိုးသမီး၏ ပြောပြချက်မှာ စိတ်ဝင်စား ဖွယ်ဖြစ်သည်။ သူမသည် တစ်ချိန်က ကယ်လီဖိုးနီးယားပြည်နယ်၏ စကာရာမင်တိုတွင် အစိုးရဝန်ထမ်းတစ်ဦး ဖြစ်ခဲ့ဖူးသည်။ သို့ရာတွင် သူမ အလုပ်မှထွက်၍ ရောင်စုံပုတီးစေ့များကို ဝယ်ယူစုဆောင်းခဲ့သည်။ ယင်းသို့ စုဆောင်း ထားသော ပုတီးစေ့ရောင်စုံများကို အရောင်အသွေးအလိုက် ခွဲခြားစုပုံပြီးနောက် မည်သည့်နေရာတွင် မည်သည့်အရောင် ပုတီးစေ့ကို ထားမည်ဟူ၍ စဉ်းစားဆုံးဖြတ်ကာ နေရာချကြည့်သည်။ ထိုသို့နေရာချ၍ ထူးခြားဆန်းကြယ်သော ရောင်စုံလည်ဆွဲအဆင်တန်ဆာ တစ်လုံးအဖြစ် ဒီဇိုင်းပုံစံတစ်ခု ရထားခြင်းကို တစ်ခါတစ်ရံတွင် တစ်နေကုန်လုံး တစ်မျိုးပြီးတစ်မျိုး စိတ်ကြိုက်ပြုလုပ်ရခြင်းမှာ အခက်ခဲဆုံးအပိုင်းဖြစ်သည်ဟူ၍ အယ်လာလူးဝစ်က ပြောပြသည်။

www.burmeseclassic.com

www.burmeseclassic.com



## မထူးဆန်းပါ

ကမ္ဘာကျော် မဂ္ဂဇင်းတစ်စောင်ဖြစ်သော FORBES မဂ္ဂဇင်းသည် လွန်ခဲ့သောနှစ်အတွင်းက အလုပ်မရှိအလုပ်ရှာကြောင်ရေချိုးသောအလုပ်ကို လုပ်ခဲ့ပေသည်။ နိုင်ငံတကာတွင် ကမ္ဘာ့ဩဇာအကြီးဆုံး အမျိုးသမီးအယောက် (၁၀၀)ကို စာရင်းပြုစု ထုတ်ပြန်ခဲ့သည်။ ထိုမဂ္ဂဇင်း၏ ဖော်ပြချက်အရ နံပါတ်တစ်မှာ အမေရိကန် သမ္မတကတော် မီရှယ်အိုဘားမားဖြစ်သည်။ နံပါတ်နှစ်သည် KRAFT FOODS ကုမ္ပဏီမှ အမှုဆောင်အရာရှိချုပ် အမျိုးသမီးတစ်ဦးဖြစ်သူ အီရင်းရိုဇန်ဖယ်ဖြစ်ပြီး တတိယ ဩဇာအကြီးဆုံး အမျိုးသမီးမှာ ရုပ်သံတင်ဆက်သူ အော်ပရာဝင်းဖရေးဟူ၍ ဖော်ပြခဲ့သည်။ ကမ္ဘာ့ဂီတလောကတွင် မျက်စိနောက်၍ အချို့နိုင်ငံများက ကန့်ကွက်ခြင်းခံနေရသော အမျိုးသမီးအဆိုတော် လေဒီဂါဂါသည် နံပါတ်ခုနစ် နေရာတွင် ရောက်ရှိနေလေသည်။




## သက်ကြီးရွယ်အိုမြို့တော်

ဂျပန်နိုင်ငံတောင်ပိုင်း ယာမာဂူချီဒေသရှိ ဇူယိုအိုရှီးမား မြို့ကလေးသည် တိုးရစ်များ မကြာခဏလာရောက်လေ့ရှိသော နေရာလေးတစ်ခုဖြစ်သည်။ ထိုမြို့သို့အဝင် တံတားထိပ်ရောက်သည်နှင့် ထူးခြားချက်ကို သတိပြုနိုင်သည်။ အိုရှီးမားမြို့လေးတွင် လူဦးရေ ၁၈၀၀၀ မျှသာရှိသည်။ ထိုလူဦးရေထဲတွင် အသက်(၆၅)နှစ်အထက် သက်ကြီးပိုင်းများသည် ၄၈ ဒသမ ၅ ရာခိုင်နှုန်းရှိသည်။ ၂၀၁၃ ခုနှစ်တွင် ထိုမြို့လေးရှိ သေဆုံးသူဦးရေမှာ ၄၇၀ ဖြစ်ပြီး မွေးဖွားသောကလေးအရေအတွက်မှာ ၇၀ ယောက်သာရှိသည်။ နှစ်စဉ် သေဆုံးသူများ၏ မွေးဖွားသူနည်းပါးသောကြောင့် လူဦးရေကျဆင်းလာသည်။ အိုရှီးမားမြို့တော်ဝန် တာကူမီရှိကီက "ကျွန်တော့်ကိုမွေးဖွားတဲ့ ၁၉၄၈ ခုနှစ်တုန်းက ဒီမြို့လေးမှာ လူဦးရေ ၆၄၈၀၀ ရှိတယ်၊ အခု ၁၈၀၀၀ ပဲ ကျန်တော့တယ်" ဟု ပြောပြသည်။ အိုရှီးမားမြို့တွင် မွေးဖွားသော လူငယ်၊ ယောက်ျား၊ မိန်းကလေးများသည် အရွယ်ရောက်လာသည်နှင့် တစ်ပြိုင်နက် တိုကျို၊ ဖူကူအိုကာ၊ အိုဆာကာနှင့် ဟာဝိုင်ယီသို့ ပြောင်းရွှေ့နေထိုင်ကြလေသည်။


www.burmeseclassic.com

www.burmeseclassic.com



## မိကျောင်းတို့ ကောင်းရင်းများ

အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ်အတွင်းရှိ အဲဗားဂလိစ်အမျိုးသားဥယျာဉ်သည် ဇီဝဗေဒဆိုင်ရာ တိရစ္ဆာန်နှင့် ငှက်များကို သဘာဝအတိုင်း စနစ်တကျ ထားရှိခဲ့လေသည်။ နှစ်စဉ် လူဦးရေတစ်သန်းကျော် လာရောက်လည်ပတ်လေ့လာကြသည်။ ငှက်မျိုးစိတ်ပေါင်း ၃၅၀ ကျော် ရေငန်ငါးမျိုးစိတ် စုစုပေါင်း ၃၀၀ ကျော်၊ နို့တိုက်သတ္တဝါ ၉၀ ကျော်နှင့် တွားသွားသတ္တဝါမျိုးစိတ် ၅၀ ကျော်ရှိသည်။ ရေချိုတွင်ကျက်စားသော မိကျောင်းခေါင်းတို (ALLIGATORS) နှင့် ရေငန်တွင်ကျက်စားသောမိကျောင်း (CROCODILES) အမျိုးအစားတို့သည် စားကျက်ရေပြင်တစ်နေရာတည်းတွင် သင့်တင့်စွာ အတူတကွနေထိုင်ကြသည်မှာ အံ့သြဖွယ်ရာ ဖြစ်လေသည်။ လာရောက်လေ့လာသူများသည် သစ်ထွင်းလှေများဖြစ်စေ၊ လေသွင်းရော်ဘာလှေများဖြင့်ဖြစ်စေ ကျယ်ပြန့်သော ရေပြင်ပေါ်တွင် လှည့်လည်သွားလာလျက် များပြားမျိုးစုံလှသော ဇီဝဗေဒဆိုင်ရာ သတ္တဝါများကို သာယာချမ်းမြေ့စွာ ကြည့်ရှုလေ့ရှိကြသည်။



## သနားစရာ ကြံ့ကြီးများ

ကမ္ဘာကြီး စတင်ဖြစ်ပေါ်လာကတည်းက လူသားမျိုးနွယ်တွေနဲ့အတူ တိရစ္ဆာန်တွေကလည်း ကမ္ဘာ့မြေပြင်မှာ အတူတကွ ပေါက်ဖွားလာကြတာ ဖြစ်ပါတယ်။ လူသားတွေဟာ ကျေးလက်ဒေသရွာတွေ၊ မြို့ပြနိုင်ငံတွေ တည်ထောင်နေထိုင်ကြပေမယ့် တိရစ္ဆာန်တွေက သူတို့မျိုးနွယ် အသိုက်းအဝန်းနဲ့အတူ တောထဲတောင်ထဲမှာပဲ နေခဲ့ကြပါတယ်။ အဲဒီလိုနေကြရာက လူသားတွေဟာ သစ္စာမဲ့ပြီး ဆင်၊ ကြံ့ စတဲ့အကောင်ကြီးတွေ အပါအဝင် တောရိုင်းတိရစ္ဆာန်တိုင်းကို သတ်ဖြတ်ကြတယ်။ စားသောက်ဖို့သာမက အစွယ်၊ ဦးချိုတွေကိုပါ အသုံးပြုဖို့ ရောင်းစားကြတယ်။ ကြံ့တွေဟာ တောင်အာဖရိကနိုင်ငံမှာ ၂၀၁၃ ခုနှစ်အတွင်း ကြံ့ကောင်ရေ တစ်ထောင်ကျော် အသတ်ခံခဲ့ရပါတယ်။ သတ်ဖြတ်ခံရနှုန်း တိုးတက်မြင့်မားလာတယ်။ ဒါကြောင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ပုဂ္ဂိုလ်များနဲ့ သက်ဆိုင်ရာ တာဝန်ရှိသူများဟာ တောင်အာဖရိကနိုင်ငံရဲ့ ကြံ့တွေကို ရာနဲ့ချီပြီး ဖမ်းဆီးကာ ဘော့စ်ဝါနာနိုင်ငံ ဒေးမဲ့ဥယျာဉ်သို့ ပြောင်းရွှေ့ပို့ဆောင်ရန် စီစဉ်ဆောင်ရွက်နေပါတယ်။ ကရူးဂါ အမျိုးသားသဘာဝဥယျာဉ်ကြီးထဲမှာပင်လျှင် ကြံ့အများစုရဲ့ ဦးချိုတွေကို ခိုးဖြတ်သူတွေရဲ့ စားကျက်နယ်မြေကြီး ဖြစ်နေပါသတဲ့။



www.burmeseclassic.com

www.burmeseclassic.com



## ဪ... ဒီလိုလား

၂၀၁၄ ခုနှစ်ဟာ တရုတ်ရိုးရာ မြင်းနှစ် ဖြစ်ပါတယ်။ အဲဒီရိုးရာကို ကြိုဆိုတဲ့အနေနဲ့ လွန်ခဲ့တဲ့နှစ်ပေါင်း ၅၀၀ ကျော်ကစပြီး ကွမ်ရှီးပြည်နယ် ထျန်းတောင်ကျေးရွာမှာ အစဉ်အလာမပျက် ဆက်လက်ကျင်းပခဲ့ပါတယ်။ နှစ်ကူးချိန် ရောက်တဲ့အခါတိုင်း မြင်းတွေထို အချင်းချင်း တိုက်ခိုက်စေကာ အဲဒီပွဲကို ကျင်းပခြင်းဖြစ်ပါတယ်။ ဒေသခံတို့ရဲ့ ပြောကြားချက်အရ ထိုနယ်မြေဒေသအတွင်းမှာ ရှိရှိသမျှ မြင်းမတွေထဲက အချောဆုံး အလှဆုံး မြင်းမတစ်ကောင်ကို ရှေးဦးစွာ ရွေးချယ်ရပါတယ်။ နောက်ပြီးတော့ မြင်းထီးတွေဟာ အဲဒီမြင်းမကို ရယူပိုင်ဆိုင်ဖို့အတွက် မြင်းထီးတွေ အချင်းချင်း အကြိတ်အနယ် တိုက်ပွဲဆင်နွှဲကြပါသတဲ့။ အဲဒီလို သတ်ပုတ်ပွဲကို ကျင်းပပြီး နှစ်သစ်မင်္ဂလာကို ကြိုဆိုကြပါတယ်။ အဲဒီလို မြင်းတိုက်ပွဲ မကျင်းပခဲ့ရင် နှစ်ကူးပြီးဟူ၍ မသတ်မှတ်နိုင်ကြောင်း မြင်းပိုင်ရှင် ပန်ကျန်မင်းက ပြောပြခဲ့ပါသတဲ့။




## ဘာတွေ ပြောခဲ့ကြသလဲ

ယူကရိန်းနိုင်ငံတွင် တော်လှန်ရေးတစ်ရပ် ဆင်နွှဲအပြီးတွင် ယူကရိန်းအစိုးရက သမ္မတဗစ်တာယာနူကိုဗစ်အား ဖမ်းဝရမ်းထုတ်လိုက်သည်။ ထိုသမ္မတဗစ်တာသည် ငြိမ်းချမ်းစွာ ဆန္ဒပြနေခဲ့ကြသော ပြည်သူအများအပြားကို ရက်စက်စွာ သတ်ဖြတ်မှုဖြင့် အလိုရှိနေကြောင်း လက်ရှိ ယူကရိန်းအစိုးရ၏ ပြည်ထဲရေးဝန်ကြီးက ပြောကြားခဲ့သည်။ သို့ရာတွင် ရုရှားနိုင်ငံအနေဖြင့် မဟာမိတ်ဖြစ်သော ဗစ်တာယာနူကိုဗစ်အား သမ္မတရာထူးမှ အဖြုတ်ခံလိုက်ရခြင်းကို မကျေနပ်သဖြင့် ယူကရိန်းနိုင်ငံသို့ ရုရှားစစ်တပ်များစေလွှတ်သည်ကို အများက စိုးရိမ်နေကြသည်။ ထိုဖြစ်ရပ်နှင့် ပတ်သက်၍ အမေရိကန်သမ္မတ အိုဘားမားသည် ရုရှားခေါင်းဆောင် ဗလာဒီမာပူတင်နှင့် မိနစ် ၉၀ ကြာသည်အထိ ဖုန်းဖြင့် စကားပြောကြားခဲ့ကြောင်း စကိုင်းသတင်းမှ ဖော်ပြခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

## မူးယစ်ရာဇာရဲ့ နိဂုံး



လွန်ခဲ့သော မတ်လ ပထမပတ်အတွင်း၌ အမေရိကန် အာဏာပိုင်တို့က ကမ္ဘာကျော် မူးယစ်ဆေးဝါး မှောင်ခိုရာဇာကြီးဖြစ်သော ဂျိုအာကွင်းအယ်လ်ချာပိုဂက်ဇ်မင်းကို အမေရိကန်နိုင်ငံအတွင်း၌ တရားစီရင်ခွင့်ရရှိရန် ကြိုးစားလျက်ရှိကြသည်။ ထိုမူးယစ်ရာဇာကြီးကို လွန်ခဲ့သော ဖေဖော်ဝါရီလ နောက်ဆုံးပတ်အတွင်းက မက္ကဆီကို မရိန်းတပ်ဖွဲ့ဝင်များက ဖမ်းဆီးနိုင်ခဲ့ကြသည်။ လွန်ခဲ့သော လအနည်းငယ်က ထိုမူးယစ်ရာဇာကြီးအား ဖမ်းဆီးနိုင်လောက်အောင် သတင်းပေးသူကို့အား ယူအက်စ်ဒေါ်လာ ငါးသန်းတိတိ ချီးမြှင့်မည်ဟူ၍ အမရိကန်အာဏာပိုင်တို့က အတိအလင်း ကြေညာထားခဲ့သည်။ မက္ကဆီကို အကျဉ်းထောင်မှ ထွက်ပြေး၍ ၁၃ နှစ်တိုင်အောင် လွတ်မြောက်နေသော မူးယစ်ရာဇာကြီးကို အမေရိကန်ဟို့က ရဟတ်ယာဉ်များနှင့် ထောက်လှမ်းရေးစနစ်များ အသုံးပြု ရှာဖွေခဲ့ကြရသည်။

## ရင်ရှုပ်တဲ့ ရုပ်ရှင်လောက



ဟောလိဝုဒ်ရုပ်ရှင်လောက၏ ထိပ်တန်းဒါရိုက်တာ ၃၀ ထဲတွင် စာရင်းဝင်သူ ဝူဒီကယ်လင်သည် သူ၏ရုပ်ရှင်ဇာတ်ကား၌ ပါဝင်သရုပ်ဆောင်ခဲ့ဖူးသော ရုပ်ရှင်မင်းသမီးချော မီယာဖာရိုးနှင့် ပေါင်းသင်းကာ အတူနေထိုင်ခဲ့ကြသည်။ သို့ရာတွင် သမီးနှစ်ယောက် မွေးဖွားပြီးချိန်၌ သူတို့၏ မွေးစားသမီးတစ်ယောက်ဖြစ်သော ဆွန်ယီနှင့်အတူ ထပ်မံပေါင်းသင်းခဲ့သောကြောင့် ရုပ်ရှင်မင်းသမီး မီယာဖာရိုးနှင့် လမ်းခွဲခဲ့ကြသည်။ မကြာသေးမီက မီယာဖာရိုးသည် ဒါရိုက်တာ ဝူဒီအယ်လင်အား တရားစွဲဆိုခဲ့ရာတွင် သူမ၏သမီး ဒိုင်လန်အား စော်ကားခဲ့သည်ဟူ၍ စွပ်စွဲခဲ့သည်။ မည်သို့ပင်ဖြစ်စေ ထိုစွပ်စွဲချက်နှင့်ပတ်သက်၍ လုံးဝမဟုတ်မမှန်ကြောင်း၊ နောက်ထပ်လည်း ရှင်းပြစရာမလိုကြောင်း ဒါရိုက်တာဝူဒီအယ်လင်က အလုံးစုံ ငြင်းချက်ထုတ်ခဲ့ကြောင်း စာနယ်ဇင်းအချို့က ဖော်ပြခဲ့ကြသည်။

❒ မိုးမြေသစ်

www.burmeseclassic.com

www.burmeseclassic.com

# သိမှတ်ဖွယ်ရာ ဆေးပညာ

## ရောဂါပျောက်ရာ ဆေးနည်းဖြာဖြာ

**သုနန္ဒာစိုး (ရွှေရင်အေး)**

### ပိန်ချုံးကြုံလှီ

"ဆရာမရေ ဒီတစ်ခါတော့ အားအင်နည်းပါး မလှုပ်ချင် မရှားချင်၊ မောပန်းခြင်း၊ အစားအသောက်မမှန်ခြင်းဖြစ်ပြီး ပိန်ချုံးကြုံလှီလာတာမျိုး၊ အဲဒီလိုများဖြစ်လာရင် အမြန်ဆုံး ပျောက်ကင်းစေမယ့်ဆေးမျိုး လိုချင်ပါတယ်ရှင့်"

"ဟင် ဘာခက်စရာရှိတာမှတ်လို့ မမိုးရယ်၊ မြင်းခွာရွက် လတ်လတ်ဆတ်ဆတ် တစ်ဆုပ်စာရအောင်လုပ်၊ ရပြီဆိုရင် သကြားအစိတ်သားနဲ့ရော၊ ရေထည့် သုံးခွက်တစ်ခွက်တင်နှုန်းနဲ့ ကျိုပါ၊ တစ်နေ့ကို သုံးကြိမ် တစ်ခါသောက် အကြမ်းပန်းကန်လုံး တစ်လုံးစာသောက်ပါ၊ မကြာမီ ကျန်းမာဝဖြိုးလာမယ်၊ အမောအပန်းတွေလဲ ပျောက်မယ်၊ အစားအသောက်တွေလဲ မှန်လာပါလိမ့်မယ်၊ သေချာပေါက် ဝဖြိုးလာမှာ အမှန်ပဲပေါ့"

### ပန်းသေပန်းညှိုး

"မရှိမသေ ဆရာမရယ်၊ အရွယ်ရောက်ပြီဖြစ်တဲ့ အမျိုးသားတစ်ဦးအဖို့ ယောကျာ်းပီပီ စိတ်သွားတိုင်း ကိုယ်ပါဖို့ အရေးကြီးလှပါတယ်၊ ပန်းသေပန်းညှိုးများ ဖြစ်နေပါက လူစဉ် မီနိုင်မှာမဟုတ်ပါဘူး၊ အိမ်ထောင်ရေးလဲ သာယာနိုင်တော့မှာ မဟုတ်ပါဘူး၊ ဒါကြောင့် အိမ်ထောင်ရှင်ယောကျာ်းတစ်ဦးအနေနဲ့ ပန်းသေပန်းညှိုးဖြစ်နေမယ်ဆိုရင် ကုသရမယ့်ဆေး လိုချင်ပါတယ်"

"မမိုးရေ မခက်ပါဘူး၊ ရှဥ့်မတက်ပင်ကဉကို ရအောင်တူးပါ၊ ရေဆေးပြီး ခပ်ပါးပါးလှီး နေမှာအခြောက်လှန်းပါ၊ ခြောက်ပြီဆိုလို့ကတော့ သကြားနဲ့ယိုထိုးပါ၊ တစ်နေ့ သုံးကြိမ်ခန့် စားပေးပါ၊ ပန်းသေပန်းညှိုးရောဂါလဲပျောက် လူစဉ်မီလာပါလိမ့်မယ်၊ အိမ်ထောင်ရေးသုခတွေလဲ အပြည့်အဝ ရရှိနိုင်ကြပါလိမ့်မယ်"

### ပေါင်ရင်းအကျိတ်

"ပြီးတော့ ဆရာမရေ ဆီးဝမ်းသွေးလေ မမှန်ဘဲ အပူတွေကန်ထွက်လာပြီးတော့ ပေါင်ရင်းဖြစ်စေ၊ လည်ပင်းမှာဖြစ်စေ အကျိတ်အလုံးတွေ ပေါ်လာတတ်ပါတယ်၊ အဲဒီအကျိတ်တွေက အမြန်ဆုံး ကြေပျက်မသွားရင် ကင်ဆာလိုဟာမျိုး ဖြစ်သွားနိုင်ပါတယ်၊ အပူကြောင့်ဖြစ်လာတဲ့ ပေါင်ရင်းကျိတ်၊ မေးစေ့အကျိတ်တွေကို ပျောက်စေတဲ့ ဆေးနည်းပဲ လိုချင်ပါတယ် ဆရာမရေ"

"မမိုးရေ ဒါလဲ ဘာခက်မှာလဲ၊ ဆေးစွမ်းထက်တဲ့ ကန်စွန်းရွက် လိုအပ်ပါတယ်၊ အဲဒီမှာ ကန်စွန်းအနီမျိုး လိုပါတယ်၊ အဲဒီကန်စွန်းရိုးနီများကို ထန်းလျက်နဲ့ ရေထည့်ပြီး သုံးခွက်တစ်ခွက်တင်ကျိုပါ၊ ရေကျက်အောင် ပွက်ပွက်ဆူအောင်ကျိုပြီး အအေးခံပါ၊ ပြီးရင် အိမ်သုံးဆား သင့်ရုံခပ်ပြီး တစ်နေ့သုံးကြိမ်သောက်ပါ၊ အပူတွေငြိမ်းပြီး ပေါင်ရင်းအကျိတ်တွေ၊ မေးစေ့အကျိတ်တွေ သက်သာပျောက်ကင်းပါလိမ့်မယ်"

### ပါးချိတ်ရောင်လျှင်

"ပြီးတော့လေ ဆရာမ၊ အပူတွေကန်လို့ သွားဖုံးတွေရောင်နေမယ်၊ သွေးစို့နေမယ်၊ ပါးချိတ်တွေမှာ အကျိတ်တွေထွက်မယ်၊ မစားနိုင်မသောက်နိုင်နဲ့ ဒုက္ခရောက်လှပါတယ်၊ ညှော်မိရင် ပိုဆိုးတာပေါ့၊ အဲဒီလိုဝေဒနာမျိုး ခံစားနေရတယ်ဆိုရင် သက်သာပျောက်ကင်းအောင် ဆေးနည်းပေးပါရှင့်"

"မမိုးရေ နန္နွင်းမှုန့်စစ်စစ် ရအောင်ရှာပါ၊ ရပြီဆိုရင် ရေနှစ်ခွက်လောက်ထည့်ပြီး ရေနွေးအိုးတည်ပါ၊ ရေနွေးပွက်ပွက် ဆူလာပြီဆိုရင် အဲဒီအထဲကို နံနွင်းမှုန့် ဇွန်းကြီးနှစ်ဇွန်းထည့်ပါ၊ ဆားစိမ်းနှစ်ဇွန်းလဲ ထည့်ပါ၊ သုံးခွက်တစ်ခွက်တင် ကျိုပါ၊ အအေးခံပြီး ငုံပေးပါ၊ ဆားစိမ်းနဲ့ နနွင်းဆတူစပ်ထားသည်ကို သွားဖုံးခြေတွင် သိပ်ပေးပြီး သက်သာစွာ လဲလျောင်းနေပါ၊ ပါးချိတ်ရောင်ပြီး ထွက်နေတဲ့အကျိတ်တွေ လျော့ပါးသက်သာသွားပါလိမ့်မယ်"

www.burmeseclassic.com

www.burmeseclassic.com

# သိမှတ်ဖွယ်ရာ ဆေးပညာ

## နို့ကြောင်းပိတ်လျှင်

"သားသည်မိခင်တွေ အကြောင်းအမျိုးမျိုးကြောင့် နို့မထွက်နိုင်ဘဲ နို့ကြောင်းပိတ်နေမယ်ဆိုရင် မိခင်လဲ ဝေဒနာခံစားရ၊ ရင်သွေးငယ်မှာလဲ နို့ငတ်ဝေဒနာခံစားရ၊ အဲဒါကြောင့် နို့ကြောင်းပိတ်နေတဲ့ ဝေဒနာဖြစ်ရင် ဘယ်လိုဆေးများ မှီဝဲရပါမလဲဆိုတာ အမိန့်ရှိပါဦးရှင့်"

"ဒါလဲ ဘယ်နည်းနဲ့မှ မခက်ပါဘူးလေ၊ ငရုတ်ပင်က ငရုတ်အရွက် (ဘာငရုတ်ရွက်ဖြစ်ဖြစ် ရသည်) လက်တစ်ဆုပ်စာခူးပါ၊ အိုးငယ်တစ်ခုမှာထည့်ပြီး ပြုတ်ပါ၊ ရေပွက်ပွက်ဆူလာပါက ထိုငရုတ်ရွက်ပြုတ်ရည်အိုး အဖုံးကို အနည်းငယ်လှပ်ပေးပါ၊ အငွေ့များ အဆက်မပြတ်ထွက်လာပါမည်၊ အဲဒီအငွေ့ထွက်ရာတည့်တည့်ပေါ်ကို နို့ကြောင်းပိတ်နေတဲ့ နို့ကိုခံပေးထားပါ၊ မကြာမီ တောင့်တင်းနေတဲ့ နို့ဟာ ပျော့ပျောင်းလာကာ ပိတ်နေတဲ့နို့ကြောင်း ပွင့်သွားပြီး ကလေးငယ်အတွက် နို့ဖြိုင်ဖြိုင်ထွက်လာပါလိမ့်မယ်၊ တကယ်လို့ ငရုတ်ရွက် မရဘူးဆိုရင် ငရုတ်ကောင်း၊ လေးညှင်းပွင့်များကိုလဲ ရေနွေးငွေ့ ခံပေးနိုင်ပါတယ်၊ ဟုတ်ပြီလား"

## ပဲသီတာ၊ ဝက်သက်၊ ကျောက်ပေါက်လျှင်

"အင်း . . . ပြီးတော့ ပဲသီတာ၊ ဝက်သက်၊ ကျောက်တို့ဆိုတာ ကမ္ဘာဦးအခါကတည်းက ပေါ်ပေါက်ခဲ့တဲ့ ကမ္ဘာနာရောဂါတစ်ခုလို့ သိရပါတယ်၊ ဘယ်ဝေဒနာမဆို အနာသိရင် ဆေးရှိစမြဲမို့ သက်သာပျောက်ကင်းစေတဲ့ နည်းလမ်းအသက်အန္တရာယ် ကင်းဝေးစေဖို့ ပဲသီတာ၊ ဝက်သက်၊ ရေကျောက်များ ပေါက်လာလျှင် ဘယ်လိုလုပ်ရမယ်ဆိုတာ အမိန့် ရှိပါဦး ဆရာမရယ်"

"မမိုးရေ ဒါလဲ ခက်စရာမရှိဘူး၊ ခွေးတောက်ရွက်ကို ရအောင်ရှာပါ၊ ဟင်းချိုချက်ပါ၊ ခါးသည့်တိုင် ကြိတ်မှိတ်သောက်ပါ၊ အဖတ်များကိုလဲ ဝါးစားပါ၊ ခွေးတောက်ရွက်ရဲ့ အာနိသင်စွမ်းအင်ကြောင့် ရောဂါများ အကုန်အစင်ကင်းသွားပြီး ပဲသီတာ၊ ဝက်သက်၊ ကျောက်များ ညှိုးခြောက်သွားကာ အနာဖတ်များကွာပြီး အသားအရေများ ပကတိချောမွေ့လာပါတယ်၊ အခုခေတ်တော့ ဒီရောဂါကာကွယ်ဆေးကြောင့် ပပျောက်သလောက်လဲ ဖြစ်နေပါပြီ"

"ဟုတ်ကဲ့ ဆရာမ၊ မှတ်သွားစရာပါပဲ"

## ပန်းနာ

"ပန်းနာရင်ကျပ် ရောဂါရှင်တွေ တွေ့ဖူးပါတယ်၊ အိပ်ချင်လို့ မအိပ်ရ၊ အသက်ဝဝရှူမရ၊ ဝမ်းလျားမှောက်ပြီး ဒုက္ခကြီးကြီးခံစားရတာ မသက်သာဘူး၊ အဲဒီပန်းနာဝေဒနာတွေကို ဘယ်လိုကုသ ပျောက်ကင်းနိုင်တယ်ဆိုတာ သိပါရစေ ဆရာမရယ်"

"မခက်ပါဘူး မမိုးရဲ့၊ ဒီနေရာမှာ ပဒိုင်းသီးအခန်းကဏ္ဍက အဓိက ပါလာပြီ၊ ပဒိုင်းသီးမှာ အဆိပ်ရှိတယ်၊ ပင်ငယ် ပင်ပျော့မျိုးဖြစ်ပြီး ပူခါးအရသာရှိတယ်၊ လုပ်ပုံကတော့ ပဒိုင်းသီးကိုခွဲ အထဲကအစေ့ကို ဖယ်ထုတ်ပစ်လိုက်ပါ၊ အစေ့ထုတ်ပြီးသားနေရာကို ဆားစိမ်းသိပ်ထည့်ပေးပါ၊ အိုးတစ်လုံးစာလောက် ဆားသိပ်ပြီးပဒိုင်းသီးတွေ ရပြီဆိုရင် မြေစေးနဲ့မံပြီး မီးဖုတ်ရပါမယ်၊ အဲဒီကရတဲ့ ပဒိုင်းပြာကို သီးသန့်မသုံးဘဲ အခြားဆေးဝါးများနဲ့ တွဲဖက်သုံးပါ၊ နွယ်ချိုအမှတ် ၂/၇နဲ့ ရောစပ်ပြီး နေ့စဉ်ပုံမှန် လျက်ပေးခြင်းဖြင့် ချွဲသလိပ်များ ဟက်ထုတ်နိုင်လာပြီး ပန်းနာဝေဒနာ တဖြည်းဖြည်း ပျောက်ကင်းသက်သာသွားပါလိမ့်မယ်"

## ပြည်တည်နာ

"နောက်တစ်ခုက ဆရာမ၊ ခန္ဓာကိုယ်အရေပြားပေါ်မှာဖြစ်တဲ့ ပြည်တည်အနာတွေ ပေါက်လို့ရှိရင် အတော်အခံရခက်တယ်၊ အဲဒီပြည်တည်တဲ့ အနာတွေပေါက်ရင် ဘာဆေးကို ဆောင်ရွက်ရမယ်ဆိုတာ အမိန့်ရှိပါဦးရှင့်"

"လယ်ကွင်း မြေလွတ်မြေရိုင်းတွေမှာ အလေ့ကျပေါက်တဲ့ (နှမ်းပင်လိုအပင်) မိကျောင်းကွမ်းဖတ်များရအောင်ရှာပါ၊ ပင်ငယ်မင်ပျော့ အမျိုးအစားဖြစ်ပြီး ပူခါးစပ်အရသာရှိပါတယ်၊ အဲဒါကို ရေစိမ်ပြီးတော့ စုစုစည်းစည်းနယ်ပြီး အနာပေါ်မှာ အုံပေးမယ်ဆိုရင် ပြည်များစုပ်ယူပြီး အသားနုတက်ကာ မကြာမီ ပျောက်ကင်းပါလိမ့်မယ်"

## ဖွတ်စအိုနာ

"ပြီးတော့ ဆရာမ၊ နှာခေါင်းမှာဖြစ်တဲ့ အနံ့အသက်မကောင်း ရုပ်ပျက်ဆင်းပျက် ရွံရှာဖွယ်အခြေအနေ ရောက်နိုင်တဲ့ ဖွတ်စအိုနာများ ခံစားရရင် ဘယ်လိုကုသရမယ်ဆိုတာ မှတ်ချင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com

# သိမှတ်ဖွယ်ရာ ဆေးပညာ

"ဒါလဲ မခက်ပါဘူး၊ ဆယ့်နှစ်ရာသီ အပွင့်ဝါဝါလေးတွေ ပွင့်တဲ့ ဆယ့်နှစ်ရာသီအပင်က အသီးကို ရအောင်ရှာပါ၊ ရပြီဆိုရင် ညက်အောင်ထောင်းပါ၊ ထောင်းပြီးသားကို ပိတ်စိမ်းပါးတွင်ထုပ်၍ မကြာမကြာ ရှူရပါမယ်၊ အဲဒီလိုရှူမယ်ဆိုရင် ဖွတ်စအိုနာအပြင် အခြားနှာခေါင်းနဲ့ပတ်သက်တဲ့ ရောဂါတွေ ပျောက်ကင်းပါတယ်"

## ရေဖျဉ်း

"ဆရာမ ရံဖန်ရံခါတွေ့ရတဲ့ ရောဂါတစ်ခုက ဗိုက်ကြီးပူပြီး ရေဖျဉ်းစွဲနေတာ၊ ဖောင်းကားနေတဲ့ဗိုက် ပိန်ချပ်သွားအောင် မလိုအပ်တဲ့ အကျိုးဆက်တွေ ဖြစ်ပေါ်မလာအောင် ဘယ်လိုဆေးနည်းများ ဆောင်ရွက်သင့်ပါသလဲ ဆရာမရယ်"

"ဒါလဲ ခက်စရာအကြောင်း မရှိပါဘူး၊ ပေပင်က ပေရွက်ကို ရအောင်ရှာရပါလိမ့်မယ်၊ (ထန်းပင်နဲ့ ဆင်တူတယ်၊ အရွက်ကွဲတယ်)၊ ပေရွက်ရပြီဆိုရင် ရေစင်စင်ဆေး၊ ထုထောင်းကြိတ်ခြေ အရည်ရအောင် လုပ်ပါ၊ တစ်နေ့ကို သုံးကြိမ် စတီးဇွန်းနဲ့ သောက်ပေးပါ၊ အစိမ်းမသောက်နိုင်ရင် ပြုတ်ပြီး နံနက် တစ်ဖန်ခွက်၊ ည တစ်ဖန်ခွက် သောက်ရပါမယ်၊ မကြာမီ ရေဖျဉ်းရောဂါဝေဒနာ သက်သာပျောက်ကင်းသွားပါလိမ့်မယ်"

## ဗိုက်နာ လေနာ

"အစာကြောင့်ဖြစ်ဖြစ်၊ ရာသီဥတုကြောင့်ဖြစ်ဖြစ်၊ ကိုယ်တွင်းရောဂါဝေဒနာကြောင့်ဖြစ်ဖြစ် အစာအိမ်နာခြင်း ဖြစ်ပေါ်တတ်ပါတယ်၊ အဲဒီလိုဖြစ်ရင် ပျောက်ကင်းချမ်းသာအောင် ဘယ်လိုလုပ်ရမယ်ဆိုတာ ရှင်းပြပေးပါ ဆရာမရယ်"

"မခက်ဘူး မမိုး၊ စမုံနက်၊ ရှိန်းခို၊ ကြက်သွန်ဖြူ လင်းနေ၊ ကြောင်ပန်းရွက်တို့အား ဆတူရောစပ် အမှုန့်ပြုပါ၊ အမှုန့်များရပြီဆိုရင် ပဲဝက်ခန့်အလုံးကလေးများလုပ်ပေးပါ၊ နေလှန်းကာ ခြောက်သွေ့စေပြီး ဒလလုံသောပုလင်းတွင် ထည့်ထားပါ၊ နေ့စဉ် အိပ်ရာဝင်ခါနီးတိုင်း နှစ်လုံးကနေ သုံးလုံးအထိ ရေအေးနဲ့ သောက်သွားမယ်ဆိုရင် ဗိုက်နာ၊ လေနာ၊ အစာအိမ်နာ ရောဂါအမျိုးမျိုး သက်သာပျောက်ကင်းလိမ့်မယ် မမိုးရေ"

## ဘောကျ အူကျ

"အမျိုးသားတွေသာ ဖြစ်လေ့ရှိတဲ့ ဘောကျတဲ့သူ၊ အူကျတဲ့သူတို့မှာ အသွားအလာ အနေအထိုင် ဒုက္ခရောက်တာ ကြုံဖူး တွေ့ဖူးပါတယ်၊ အဲဒီလိုများဖြစ်နေရင် ဘယ်လိုလုပ်ရမယ်ဆိုတာ သိချင်ပါတယ်"

"(၁) တောထိကရုန်း (ကုန်းထိကရုန်း) ပဥ္စငါးပါး (၂) ကြက်အသည်းအမြစ် အစာဟောင်းအိမ် (၃) ရေခဲ တို့ စုဆောင်းလိုက်ပါ၊ တောထိကရုန်း ပဥ္စငါးပါးကို ပြာချပါ၊ ကြက်အမြစ်အတွင်းက အမြေး(အကာ)ကို ပြာချပါ၊ ပြာနှစ်မျိုး ဆတူရော ရေသင့်စွာထည့်ပြီး မွှေပါ၊ ကုသပုံကတော့ ဝေဒနာရှင်ကို ပက်လက်ထား ပေါင်ကားစေပြီး ခြေထောက်အနည်းငယ်မြှောက်ထားပါ၊ ရောင်ရမ်းမို့မောက်နေတဲ့ ဘောပတ်လည်ကို ဆေးရည်လိမ်းပါ၊ ပတ်တီးစည်းပေးပါ၊ အခက်အခဲဖြစ်ပါက ပတ်တီးမှာ ဆေးသုတ်ပြီး စည်းရတာမျိုးလဲ လုပ်ရပါလိမ့်မယ်၊ မကြာခင် သက်သာသွားမှာပါ"

## ဗောက်ထနေလျှင်

"အမျိုးသမီးရော အမျိုးသားပါ ခေါင်းမှာ ဗောက်တွေထပြီး လူမြင်မကောင်း အကြည့်ရဆိုးရင် ဘယ်လိုအမြန်ဆုံးပျောက်အောင် ကုသရမလဲဆိုတာ သိပါရစေ"

"မခက်ဘူး မမိုးရယ်၊ အိမ်မှာရှိတဲ့ ကြက်သွန်နီဥကြီးကို ထက်ပိုင်းဖြတ်လိုက်ပါ၊ ပြီး တစ်ခေါင်းလုံး ဖိပွတ်တိုက်ပေးပါ၊ တစ်ဦးဦးကို လုပ်ခိုင်းပါ၊ ပြီးမှ ခေါင်းလျှော်ပစ်လိုက်ပါ၊ ဗောက်တွေ ကင်းပျောက်သွားပါလိမ့်မယ်"

## မီးယပ်ဖြူ

"ကျွန်မတို့ အမျိုးသမီးတွေ မေ့တာလဲမမှန်၊ သန့်ရှင်းမှုကလဲ မမှန်၊ မီးယပ်ဖြူတွေများ ဆင်းလာမယ်ဆိုရင် ဆရာမရယ် အမြန်ဆုံးသက်သာပျောက်ကင်းမယ့် နည်းလေး လိုချင်ပါတယ်ရှင့်"

"သေချာမှတ်၊ ကြက်သွန်နီဥကြီးများကို ပါးပါးလှီး၊ နေလှန်း၊ အစိုဓာတ်ကုန်ကာ ခြောက်သွေ့ပြီဆိုရင် သကြားနဲ့ ယိုထိုးပါ၊ အဲဒီကြက်သွန်နီယိုကို နေ့စဉ် တစ်ဇွန်းခန့် စားပေးပါ၊ မီးယပ်ဖြူဆင်းတာ ပျောက်ကင်းစေပါတယ်"



www.burmeseclassic.com

www.burmeseclassic.com

# သိမှတ်ဖွယ်ရာ ဆေးပညာ

## မှိုတောင့်လျှင်

"ဆရာမရေ မှိုရောင်းတဲ့သူတွေဆီက ဝယ်ပြီး ကြော်စား ချက်စားပါတယ် တောင့်တာခံစားရတတ်တယ်၊ ကျွန်မတို့လဲ မတော်တဆ တောင့်ရင် ဘာလုပ်ရမယ်ဆိုတာ သိပါရစေ"

"ဇကရာဇ်မြစ်ကို ရအောင်ရှာ၊ ရပြီဆို ဆန်ဆေးရည်နဲ့သွေးပြီး ဆားသင့်ရုံထည့်သောက်ပေးရပါလိမ့်မယ်၊ ဆေးရည် ဝမ်းထဲရောက်သွားမယ်ဆိုရင် အချိန်အနည်းငယ်အတွင်း မှိုတောင့်တဲ့ဝေဒနာ ပျောက်ကင်းပြီလို့မှတ်ပေတော့"

## မီးနေသည်

"အခုခေတ် မြို့နေလူတန်းစားတွေ မလုပ်တော့တဲ့ မီးနေသည်ဆောင်ရွက်စရာ ရှေးထုံးနည်း သိချင်ပါတယ်ရှင့်"

"မိခင်များ ကလေးမီးဖွားပြီး ခုနစ်ရက်အတွင်း အောက်ပါ အမှုကိစ္စတွေ (ရှေးအစဉ်အလာ နည်းများနဲ့ အညီ) လုပ်ဆောင်ရပါမယ်။

(၁) မန်ကျည်းသား ထင်းမီးဖိုနဲ့ မီးလှုံပါ။ (၂) ဇာတိပ္ဖိုလ်သီးတစ်လုံး အမှုန့်ပြု ကုန်အောင်သောက်ပါ။ (၃) ခါးပန်းကြိုး စည်းထားပါ။ (၄) ခေါင်းပေါင်းပေါင်းထားပါ။ (၅) စမုန်နက် နှမ်းထုပ်ကို ရှူပါ။ (၆) ထုံးနနွင်း ဆားပုပ်ခဲကို စားပေးပါ။ မီးထွက်လျှင် နနွင်းသံကွေးမီးဖုတ်ကို ထုံးပါရုံထည့်၊ နနွင်းကို ခြေဆုံးခေါင်းဆုံးလိမ်း၊ ထိတ်လန့်မှုမဖြစ်အောင် ဇာတိပ္ဖိုလ်က ထိန်းမည်၊ သားအိမ်လျှောမကျအောင် ခါးပန်းကြိုးက ထောက်ကူမည်၊ ခေါင်းပေါင်းပေး၍ မူးမော်ခြင်းမဖြစ်ဘူး၊ စမုန်နက်က လေးလံခြင်းမဖြစ်ဘူး၊ နနွင်းက သွေးကိုထိန်းမယ်၊ ဆားဖုတ်က သွေးကြွင်းသွေးကျန်များ ဆင်းပါတယ်"

❑ သုန္ဒာစိုး (ရွှေရင်အေး)

ကျမ်းကိုး

သုတေသီဆရာငြိမ်း၏ (လက်တွေ့အသုံးချ ရွက်/ခေါက်/သီး/မြစ်) မြန်မာ့ဆေးမြီးတိုများ။

ဓာတုသင်္ဂဟကျမ်း၊ အဖျင်းဆရာတော် (ဇလွန်)

ဆေးမြီးတိုမှတ်စု၊ ကရင်အင်းဆရာတော် (ကျွဲသောင်ရွာ)

## လူသားများအား ဒုက္ခပေးနေသော သန်ထိုးရောဂါ

**မောင်မောင်သိန်း (သတင်းထောက်၊ ဂီးကုန်)**

လူသားများတို့၏ ဝမ်းအတွင်း သန်ကောင်သည် ကလေး၊ လူလတ်၊ လူကြီး စသည့် အရွယ်အမျိုးမျိုးတို့ကို လွန်စွာမှ ဒုက္ခပေးသော ကပ်ပါးကောင်များ ဖြစ်ကြသည်။ ကလေးများတွင် သန်တွယ်ပါက ကျန်းမာဝဖြိုးမှု မဖြစ်တော့ဘဲ ဗိုက်ပူနံကားနှင့် တအီအီငိုလျက်ရှိတော့သည်။

သန်ထိုးမှု ဟုတ်၊ မဟုတ်အား သတိပြုကြည့်သင့်သော အချက်များမှာ (၁) တံတွေးများ များစွာထွက်ခြင်း (၂) အော့အန်တတ်ခြင်း (၃) ရင်ဝ အစာဟောင်းအိမ် ဗိုက်ထစ်ပြင်လုံးနာတတ်ခြင်းများ ဖြစ်မှု အရွယ်အလိုက် သန်ထိုးနေပြီဟု မှတ်ယူပါ။ ငွေမကုန် လူမပန်းဘဲ သန်ချနည်းမှာ

ကလေးများဖြစ်မူ ကန့်ကလာ အခါးကို အနှစ်ထွက်အောင် ပြုတ်၍ ပျားရည်အနည်းငယ်စပ်ပြီး တိုက်ပါ။ သန်ထိုးသောရောဂါ သက်သာပျောက်ကင်းပါလိမ့်မည်။ လူငယ် လူလတ်၊ လူကြီးများလည်း အရွယ်အလိုက် နှစ်ဇွန်း၊ သုံးဇွန်း လေးဇွန်း (စတီးဇွန်းဖြင့်) သောက်သင့်ပါသည်။

(၂၅)နှစ်အရွယ်ခန့် အမျိုးသမီးတစ်ယောက်သည် မခံရပ်နိုင်အောင် အစာအိမ်တွင်သာမကဘဲ ရင်ဘတ် ရ ထိအောင် ထိုးအောင့်နေ၏။ ထိုအမျိုးသမီးအား ကန့်ကလာ ခါးကို အနှစ်ရည်ကျအောင်ပြုတ်၍ ကော်ဖီပန်းကန် ထ ဝက်ခန့် တိုက်ကျွေးပါ။ နာရီဝက်ခန့်ကြာသောအခါ ရ အတော်ကြာ အောင့်နေသောရောဂါ ပျောက်ကင်းသွား လျှင် များစွာသော သန်ထွေးကြီးများ ကျလာလိမ့်မည်။

ထို့ကြောင့် လူသားများအား ဒုက္ခပေးနေသော သန်ဥသည် လူ့ဝမ်းထဲ၌ ပေါက်ဖွားလာကြပြီး လူကြီးများ ရောဂါဝေဒနာအမျိုးမျိုးရကြကာ အချို့ကလေးများသည် ပျက်စီးဆုံးရှုံးကြရ၏။ လူသားများအား ဒုက္ခပေးနေသော ကပ်ပါးကောင် သန်ထိုးရောဂါအား ပျောက်ကင်းကြစေ ကိုယ်တွေ့ဆေးနည်းအား စေတနာရှေ့ထား၍ တင်ပြ ရပါသည်။

❑ မောင်မောင်သိန်း (သတင်းထောက်၊ ဂီးကုန်)





www.burmeseclassic.com

www.burmeseclassic.com



# စိမ်းသက်ရှင်

ဇော်ဥက္ကာလာ

## လက်ဖက်၏ရာဇဝင်နှင့်အသုံးဝင်မှု

အသားမှာ ဝက်၊ အသီးမှာ သရက်၊ အရွက်မှာ လက်ဖက် ဆိုတဲ့ ဆိုရိုးစကားလေးဟာ မြန်မာတို့ရဲ့ မြန်မာမှုနယ်ပယ်မှာ ယခုထက်တိုင် ခေတ်မီနေတုန်း ရေပန်းစားနေတုန်းပင်။ သူတို့၏ အရသာကို လူတွေ စွဲလမ်းနှစ်ခြိုက်စွာ စားသုံးလာခဲ့ကြသောကြောင့်ပင် ဖြစ်မည်ထင်ပါသည်။

ထိုသုံးမျိုးထဲတွင်မှ လက်ဖက်အကြောင်းကို စာရေးသူ လေ့လာမိသလောက် လက်လှမ်းမီသလောက် ပြန်လည်၍ ဖော်ပြလိုခြင်းဖြစ်ပါသည်။

လက်ဖက်ကို ဘီစီ ၂၇၀၀ ခန့်က တရုတ်ပြည်တွင် စတင်တွေ့ရှိခဲ့သည်ဟုလည်း ဆိုသည်။ သို့သော် လက်ဖက်၏ မူရင်းဒေသမှာ မြန်မာနိုင်ငံဖြစ်ကြောင်း လက်ဖက်ပညာရှင် တီဒီအင်က အဆိုပြုခဲ့သည်။ ထို့အတူ အခြားပညာရှင်တစ်ဦးဖြစ်သူ အမ်အိုမိလ်ဆင်ကလည်း အရှေ့တောင်အာရှ လက်ဖက်များကို လေ့လာရာတွင် မြန်မာနိုင်ငံမြောက်ပိုင်း၌ လက်ဖက်အရိုင်းပင်များ၊ အယဉ်ပင်များ အလေ့ကျပေါက်နေသည်ကို တွေ့ရှိခဲ့သည်ဟု ဆိုပါသည်။

၎င်းပညာရှင် တီဒီအင်ကပင် ယင်းလက်ဖက်ကို ဧရာဝတီလက်ဖက် "Camellia arrawa-dienis" ဟု နာမည်ပေးခဲ့ကြောင်း သမိုင်းအထောက်အထားများ ရှိပါသည်။

ထို့ကြောင့် မြန်မာ့ရာဇဝင်တွင် အလောင်းစည်သူမင်းကြီးလက်ထက် သက္ကရာဇ် ၄၆၈ ခုနှစ်ကတည်းကပင် လက်ဖက်ကို စိုက်ပျိုးခဲ့ကြသည်။

မြန်မာမင်းများသည် လက်ဖက်အစို့ကို အထူးမွန်မြတ်သော အာဟာရတစ်ခု အနေဖြင့် မှီဝဲသုံးဆောင်လေ့ရှိခြင်းကြောင့် မင်းခမ်းမင်းနားများတွင် လက်ဖက်အိုး၊ လက်ဖက်ခွက်များကို ဘုရင့်အသုံးအဆောင် ပစ္စည်းတစ်ခုအဖြစ်ထား၍ သုံးစွဲခဲ့ကြသည်။

လက်ဖက်ပင်ဟူ၍ စတင်ပေါ်ပေါက်လာခြင်းနှင့် ပတ်သက်၍ ရှေးဟောင်းဒဏ္ဍာရီတစ်ခု ရှိခဲ့ဖူးသည်။ ၎င်းမှာ ရှေးနှစ်ပေါင်းများစွာက တရုတ်နိုင်ငံတွင် ဘာသာရေးဘက်၌ ကိုင်းရှိုင်းလှသည့် ဗုဒ္ဓဝါဒီတစ်ဦး ရှိခဲ့သည်။ ထိုသူသည် ကိုးနှစ်တိုင်တိုင် မအိပ်ဘဲ တရားအားထုတ်မည်ဟု အဓိဋ္ဌာန်ပြုကာ မအိပ်ဘဲ တရားအားထုတ်နေခဲ့ရာ သုံးနှစ်ကြာသောအခါ ရုတ်တရက် အိပ်ပျော်သွားလေသည်။

နိုးလာသောအခါ ဤမျှ ညံ့ဖျင်းရမည်လားဟု မိမိကိုယ်မိမိ ဆုံးမသည့်အနေဖြင့် သူ၏မျက်ခွံများကို လှီးဖြတ်ပြီး လွှင့်ပစ်လိုက်လေရာ မျက်ခွံများကျရာနေရာ၌ မြေတွင် အမြစ်တွယ်၍ အပင်ကလေးတစ်ပင် ပေါက်လာသည်။

ထိုအပင်က ကမ္ဘာတွင် ပထမဆုံးပေါက်သည့် လက်ဖက်ပင် ဖြစ်ခဲ့သည်ဟု အချို့သော တရုတ်လူမျိုးတို့က





www.burmeseclassic.com

www.burmeseclassic.com

အစဉ်အဆက် ပြောစမှတ်ပြုခဲ့ကြသည်။ ထို့ကြောင့်လည်း လက်ဖက်ရွက်ကလေးများသည် လူ၏မျက်ခွံကလေးများနှင့် တူသည်ဟု ပြောသူကလည်းပြောကြလေသည်။

သာသနာနှစ် ၄၅၀၊ ခရစ်နှစ် ဘီစီ ၁၀၀ ခန့်က မြန်မာနိုင်ငံမြောက်ဖျား မွန်ဂိုကုန်းမြင့်တွင် နေထိုင်ကြသော တာအောင်းလူမျိုးနွယ်စု (ရွှေပလောင်၊ ငွေပလောင်) တစ်စုသည် မြန်မာနိုင်ငံဘက်သို့ လမ်းကြောင်းသုံးသွယ်နှင့် ထွက်လာခဲ့ကြသည်။ ၎င်းမျိုးနွယ်စုများသည် တောင်များပေါများသည့်နေရာတွင် ဝိန်တွန်ဆန် ဟူသောအမည်ဖြင့် မြို့တည်နေထိုင်ကြပြီး ၎င်းနယ်တစ်ဝိုက်တွင် လူဦးရေ တိုးတက်များပြားလာခဲ့သည်။

၎င်းအချိန် ကာလသည် ပုဂံနေပြည်တော်၌လည်း အလောင်းစည်သူမင်းကြီး ထီးနန်းစိုးစံတော်မူစဉ်ကာလဖြစ်ပါသည်။ မင်းကြီးသည် တိုင်းခန်းလှည့်လည်ခြင်းအလုပ်ကို ဝါသနာထုံသူ မင်းကောင်းမင်းမြတ်တစ်ပါး ဖြစ်ပြီး ထိုသို့တိုင်းခန်းလှည့်လည်ရင်း မာလာယုကျွန်းသို့ ရောက်ခဲ့သည်။ ထိုကျွန်းတွင် အင်္ဂတိဒေဝဖေယျသတြုဟူဒိဗ္ဗ အမည်ရှိသော နတ်ဘီလူး လေးဦးနေထိုင်ကြပြီး ထိုနတ်ဘီလူးညီနောင် လေးဦးတို့သည် တစ်နေ့တွင် ဟင်္သာငှက်တစ်ကောင်ကို ဖမ်းမိခဲ့ကြသည်။

ထိုစဉ် ဟင်္သာငှက်၏စလုတ်တွင် ဖောင်းရောင်နေသည်ဖြစ်၍ မည်သည့်အနာနည်းဟူ၍ စူးစမ်းလိုကြပြီး လည်စလုတ်ကို ရှာဖွေကြည့်ကြရာ အစေ့များထွက်လာကြသည်။ အစေ့များကို ညီတော်ဘီလူးများက နောင်တော်ဘီလူးကို ဆက်သကြရာ ၎င်းသစ်စေ့သည် သာမန်သစ်စေ့မဟုတ်မူဘဲ နီလဗိဇ ခေါ် ရဿဝတီ နတ်သစ်စေ့ဖြစ်ကြောင်းနှင့် အလွန်ပင် အရသာနှင့် ပြည့်စုံသည့် ဩဇာဓာတ်ရှိကြောင်းတို့ကို ညီတော်တို့အား ပြောကြားလေသည်။

ထိုစဉ် တိုက်ဆိုင်လှစွာ မာလာယုကျွန်းသို့ရောက်နေသော အလောင်းစည်သူ မင်းကြီးထံသို့ ဆက်သရလျှင် ကောင်းလိမ့်မည်ဟု ဘီလူးညီနောင်အားလုံးတို့၏သဘောတူညီချက်ဖြင့် မင်းကြီးထံ ဆက်သလိုက်ကြသည်။ အလောင်းစည်သူမင်းကြီးသည် ထိုဟင်္သာစလုတ်တွင်းမှ ရရှိသည့် နီလဗိဇ ခေါ် ရဿဝတီ နတ်သစ်စေ့အား လက်ခံတော်မူပြီး မြန်မာပြည်ထဲသို့ ပြန်လာခဲ့ရာ တစ်နေ့သောအခါတွင် တာအောင်း ခေါ် ရှမ်းလူမျိုးတို့နေထိုင်ရာ အရပ်သို့ ရောက်ရှိတော်မူခဲ့သည်။

မင်းကြီးသည် နတ်သစ်စေ့အား စိုက်ပျိုးရန်အတွက် ပလောင် တာအောင်းလူမျိုး တာမောင်ငင်း ဆိုသူအား ပေးလိုက်ရာ တာမောင်ငင်းမှ မုဆိုးဒူးထောက်ထိုင်ကာ လက်ဝဲလက်တစ်ဖက်ဖြင့် လက်ခံယူခဲ့သည်။ ဤသို့ဖြင့် အလောင်းစည်သူမင်းကြီးထံမှ ရရှိသည့် နီလဗိဇ ခေါ် ရဿဝတီ နတ်သစ်စေ့ကို စိုက်ပျိုးကြရာ အပင်များပေါက်လာ၍ ရွက်နုကလေးများမှာ လွန်စွာ အနံ့အရသာနှင့် ပြည့်စုံသည် ဖြစ်၍ ပေါ်ဦးပေါ်ဖျား မင်းကြီးအား ဆက်သကြသည်။

အလောင်းစည်သူမင်းကြီးလည်း ၎င်းလူမျိုးတို့ ဆက်သသည့် ရွက်နုကလေးများမှာ ရနံ့သင်းထုံလှသဖြင့် ပွဲတော်တည်ကြည့်ရာ လွန်စွာအရသာကောင်းကြောင်း သိလာခဲ့ပြီး ထိုနေ့ညစက်တော်ခေါ်ရာတွင် ယခင်နေ့များကကဲ့သို့ အိပ်မပျော်နိုင်ဘဲ ရှိခဲ့သည်။

"ဒီသစ်ရွက်ဟာ အနံ့အရသာကောင်းမွန်ရုံသာမက အိပ်ချင်ပြေစေသည့် အစွမ်းလဲ ရှိပါကလား" ဟူ၍ မင်းကြီးသည် ပြောခဲ့လေသည်။

ဤသို့ဖြင့် အလောင်းစည်သူမင်းကြီးသည် ပလောင်တိုင်းရင်းသား တာမောင်ငင်းအား နီလဗိဇ နတ်သစ်စေ့ကို ပေးရာ၌ တာမောင်ငင်းသည် လက်ဝဲလက် လက်တစ်ဖက်တည်းဖြင့် ခံယူခဲ့သည့်အတွက် "လက်တစ်ဖက်ပင်" ဟု ခေါ်ဆိုခဲ့ကြရာ ထိုမှ ကာလရွေ့လျောလာပြီး လက်ဖက်ပင်ဖြစ်လာသည်ဟု မှတ်သားရပါသည်။

အလောင်းစည်သူမင်းကြီးနှင့် ပလောင်အမျိုးသား တာမောင်ငင်း ရုပ်တုတို့သည် လွယ်ဆိုင်တောင်ပေါ်တွင် ရှိပါသည်။ လွယ်ဆိုင်တောင်သည် နန့်ဆန်မြို့၏ အရှေ့ဘက်တွင်တည်ရှိပါသည်။ ရုပ်တုသည် လွယ်ဆိုင်တောင်ပေါ်ရှိ စေတီတန်ဆောင်းအတွင်း၌ရှိသည်။ အလောင်းစည်သူမင်းကြီးမှ ပလောင်အမျိုးသား တာမောင်ငင်းကို နီလဗိဇ နတ်သစ်စေ့ ပေးနေပုံဖြစ်ပြီး တာမောင်ငင်းမှ မုဆိုးဒူးထောက်ထိုင်ကာ လက်ဝဲလက်တစ်ဖက်ဖြင့် လက်ခံယူနေပုံ ရုပ်တုဖြစ်ပါသည်။

ရှမ်းပလောင်လူမျိုးများသည် ဗုဒ္ဓဘာသာဝင်များဖြစ်ပြီး ဘုရားတရားကိုလွန်စွာရိုသေသူများဖြစ်၍ အလောင်းစည်သူမင်းကြီး၏ ကျေးဇူးတော်ကြောင့် ရှေးနှစ်ပေါင်းများစွာကတည်းကပင် ယခုတိုင် လက်ဖက်စိုက်ပျိုး စီးပွားတိုးခဲ့ကြခြင်း ဖြစ်သည်။

ထို့ကြောင့် ၎င်းနယ်သူနယ်သားများသည် နောင်လာနောက်သားများအတွက်လည်း လက်ဖက်ရာဇဝင်အကြောင်း သိရအောင် ကျေးဇူးတော်ကိုလည်း မမေ့မလျော့သောအားဖြင့် အလောင်းစည်သူမင်းကြီး ပူဇော်ပွဲနှင့် မင်းကြီးပုံတော် လှည့်လည်ပွဲကို တန်ဆောင်မုန်းလပြည့်နေ့တိုင်း နှစ်စဉ်ကျင်းပခဲ့ကြသည်မှာ ယခုတိုင်အောင်ပင်ဖြစ်လေသည်။

မြန်မာ့ကျေးလက်တောင်သူတို့သည် လက်ဖက်တစ်ရိုး ကွမ်းတစ်ယာ ပေးပြီးလျှင် သမီးပေး သားယူ ထိမ်းမြားပေးလေ့ရှိကြသည်။ လက်ဖက်အစိုကို ရှေးကာလက နှမ်းဆီနှင့်စိမ်ထားပြီးလျှင် စားသုံးလေ့ရှိကြသည်။ ထိုမှ နောက်ခေတ်များတွင် ကြက်သွန်ဖြူကြော်၊ နှမ်းလှော်၊ မြေပဲလှော်၊ ပဲလှော် စသဖြင့်



www.burmeseclassic.com

www.burmeseclassic.com

အစာများဖြင့် ရောနှောသုံးဆောင်လေ့ရှိကြသည်။

မြန်မာ့ရိုးရာ ယဉ်ကျေးမှုနယ်ပယ်တွင် လက်ဖက်ကို နတ်သစ်ရွက် နတ်ဆေးပင်ဟု ခေါ်ဝေါ်သမုတ်ထားသည်။ ၎င်းလက်ဖက်သီးနှံသည် အပင်စိုက်ပျိုးရှင်သန်ပြီး သုံးနှစ်ကျော်လျှင် နေ့စဉ်၊ အပတ်စဉ် အရွက်များကို ဆွတ်ခူး စားသုံးနိုင်သည်။ သို့ရာတွင် အကောင်းဆုံး လက်ဖက်ရွက်ကိုကား ဆယ်နှစ် ဆယ့်ငါးနှစ်အရွယ်ရှိသော လက်ဖက်ပင်များမှသာ ရရှိနိုင်သည်။

လက်ဖက်စိုက်ပျိုးရာတွင် ပင်လယ်ရေမျက်နှာပြင် အမြင့်ပိုင်းသို့ ရောက်နိုင်သမျှရောက်လျှင် လက်ဖက်၏အရည်အသွေး၊ အနံ့အရသာ ပိုမိုကောင်းမွန်ကြောင်း သိရသည်။ လက်ဖက်ပင်သည် ရေဝပ်မှုဒဏ်ကို ခံနိုင်စွမ်းမရှိသဖြင့် စိုက်ပျိုးသောမြေသည် တောင်စောင်းဆင်ခြေလျှော မြေမျိုးကို အထူးနှစ်သက်သည်။

လက်ဖက်ပင်များကို မြင့်မတက်စေရန်နှင့် အရွက်များ ထွက်စေရန် မကြာ မကြာ ချိုင်၍ပေးရသည်။ ၂၅ နှစ်ခန့်အရွယ်ကို ရောက်သောအခါ လက်ဖက်ပင်ကို မြေကြီးမှကပ်၍ခုတ်လှဲပြီးနောက် အသစ်တစ်ဖန် အမြစ်မှ ပြန်ပေါက်စေသည်။ လက်ဖက်ပင် စိုက်ပျိုးသောဒေသနှင့် ရာသီဥတုတို့အပြင် အပင်၏သန်စွမ်းမှုအပေါ်တွင်အကြောင်းပြု၍ လက်ဖက်ရွက်များကို တစ်နှစ်လျှင် အကြိမ်ပေါင်းများစွာ ခူးယူနိုင်သည်။

လက်ဖက်ရွက် အခူးကောင်းသူတစ်ဦးသည် တစ်နေ့လျှင် ပေါင်နှစ်ရာကျော်အထိ ခူးနိုင်သည်။ ခူးသောအခါ အဖူးနှင့် အရွက်နုကလေးများကိုသာ ခူးရသည်။ လက်ဖက်ခြောက်မှာ အရွက်နုလေကောင်းလေဖြစ်၍ လက်ဖက်အနုအရင့်ကိုလိုက်ပြီး အမည်အမျိုးမျိုး မှည့်ခေါ်ကြသည်။လက်ဖက်ရည်၏အရသာ ထူးခြားမှုမှာ လက်ဖက်ရွက်၏အနုအရင့်ပေါ်တွင်သာ အမှီပြုသည် မဟုတ်ဘဲ ခူးပြီးသား အရွက်များကို ပြုပြင်ပေးမှုအပေါ်တွင်လည်း အမှီပြုသည်။

လက်ဖက်ပင်သည် အစဉ်အမြဲ စိမ်းလန်းလျက်ရှိသည်။ နှစ်တစ်ထောင်အထိ အသက်ရှည်သည်။ ထို့ကြောင့် လက်ဖက်ကို အမြဲစားသုံးခြင်းဖြင့် လူ့အသက် ၁၂၀ အထိ ရှည်စေနိုင်သည်ဟု ဆိုပါသည်။ သဘာဝအလျောက် ပေါက်စေလျှင် ပေ ၃၀ ခန့်အထိရှည်သည်။ သို့သော် လက်ဖက်ခြံများတွင်မူ ထိုမျှလောက်မြင့်အောင်မထားဘဲ လေးငါးပေလောက်သာ မြင့်ရန် အစဉ်ဖြတ်ပေးထားကြသည်။

လက်ဖက်ရွက် ခူးသူများသည် အမျိုးသမီးနှင့်ကလေးများသာဖြစ်သည့်အတွက် အရွက်များခူးရာတွင် လက်လှမ်းမီမီဖြင့် တစ်ပင်လုံးကို ခူးနိုင်စေရန်အတွက်ဖြစ်သည်။ လက်ဖက်စိုက်ပျိုးရာတွင် လက်ဖက်စေ့များကို သင့်တော်သောမြေ၌ ရှေးဦးစွာပျိုးပေး၍ တစ်ပေလောက် ကြီးလာသောအခါမှ ခြံများသို့ ရွှေ့ပြောင်းပြီးလျှင် တစ်ပင်နှင့်တစ်ပင်ကို ငါးပေ၊ ခြောက်ပေခန့် ခွာ၍စိုက်ရသည်။

လက်ဖက်ရွက်နုများကို ခူးပြီးသော် (၁) လက်ဖက်ရည်အဖန်ခြောက် (၂) လက်ဖက်ရည်အချိုခြောက် (၃) လက်ဖက်အစို (၄) လက်ဖက်အဆီစသဖြင့် လေးမျိုးအထိ ခွဲခြား၍ လိုအပ်သလို ပြုလုပ်သုံးစွဲကြသည်။

လက်ဖက်ခြောက် ဖြစ်အောင် ပြုပြင်ရာ၌ ခူးပြီးသော အရွက်များကို နူးညံ့ပျော့ပျောင်းလာသည့်တိုင်အောင် ဖြန့်ထားရသည်။ ထို့နောက် အရွက်များကျိုး၍ အနံ့ရှိသည့် အစေးများထွက်လာစေရန် သိပ်ပေးရသည်။ ဤသို့ပြုလုပ်ပြီးသည့်အခါ အရွက်များအချဉ်ပေါက်လာအောင် နာရီအနည်းငယ်မျှ စားပွဲပေါ်တွင် ဖြန့်ထားရပြန်သည်။ အရွက်များ ကြေးနီရောင်သန်း၍ ပန်းသီးမှည့်အနံ့ ထွက်လာသောအခါ လေပူဖြင့် ဖာရင်ဟိုက်ဒီဂရီ ၁၉၀ မှ ၂၂၀ ထိ လှော်ပေးပြီးနောက် အကင်းသတ်ရသည်။ ထိုအခါ အရွက်တို့၏ အလေးချိန်သည် ၇၅ ရာခိုင်နှုန်းမျှ လျော့သွားသည်။

ထို့နောက် အရွက်နှင့်အဖူးများကို အကြီးအသေးအလိုက် ရွေးချယ်ပြီးလျှင် အမျိုးအစား ခွဲခြားသည်။ နောက်ထပ်တစ်ကြိမ် ထပ်၍ လှော်ပြီးသောအခါ လက်ဖက်ခြောက်မှာ စားသုံးရန် အဆင်သင့်ဖြစ်တော့သည်။ လက်ဖက်အစိမ်း ပြုလုပ်ရာ၌ တစ်မျိုးကွဲလွဲသည်။ အဓိက ကွဲလွဲချက်မှာ ခူးပြီးသားအရွက်များကို ရှေးဦးစွာ ရေနွေးငွေ့ဖြင့် ပေါင်းတင်ခြင်းနှင့် အရွက်များကို အချဉ်မပေါက်စေဘဲထားခြင်းပင် ဖြစ်သည်။ ထို့ကြောင့် လက်ဖက်စိမ်းမှာ လက်ဖက်အမည်းနှင့် အနံ့အရသာချင်း သိသိသာသာ ခြားနားနေခြင်းဖြစ်သည်။

လက်ဖက်ပင်၏ ရွက်သစ်နုချိန်မှာ နှစ်စဉ်တန်ခူးလဆန်းစ အချိန်ဖြစ်စေ၊ သင်္ကြန်ရက်မတိုင်မီဖြစ်စေ အနည်းအကျဉ်းသာနု၍ သင်္ကြန်ရက်အတွင်း သင်္ကြန်မိုးရွာချပြီးနောက် အပင်တိုင်း၌ ဝေဝေဆာဆာဖြင့်ရွက်နုများထလာသည်။

တစ်နှစ်အတွင်း ထွက်ရှိသော လက်ဖက်ခြောက် အမျိုးအစားများကို (၁) ရွှေဖီအိုင့်နန် (နှင်းတက်ခြောက်-ရေချိုခြောက်) (၂) ရွှေဖီဦး (သင်္ကြန်မကျမီထွက်သည်) (၃) ရိုးရိုးရွှေဖီ (သင်္ကြန်ကျပြီးစအခါ ထွက်သည်) (၄) ခန်းကန် (မိုးဦးကျခါနီး ခူးသည်) (၅) ခါးဝှပ် (မိုးဦးကျပြီးမှ ခူးသည်) (၆) ခါးခွိုင်း (မိုးတွင်းခူးသည်) ဟူ၍ ရှေးအခါက ခေါ်ဝေါ်ခဲ့ကြသည်။

ယခုအခါတွင် မိုးမကျမီ ခူးရသည့် လက်ဖက်ကို ရွှေဖီမိုးလွတ်၊ ၎င်းထက် အနည်းငယ်နောက်ကျသည့် လက်ဖက်ကို ရွှေဖီဘ၊ ထို့နောက် မိုးတွင်းထွက်သည့် လက်ဖက်ကို ခါးကန့်၊ မိုးကုန်အပြီး နှင်းနှင့်အတူထွက်သည့် လက်ဖက်ကို ခါးနိုင်း ဟူ၍ အသီးသီး အမည်ပေးထားကြသည်။ လက်ဖက်ထွက်ရှိရာ နန့်ဆမ်၊ ကျောက်မဲ၊ နောင်း

www.burmeseclassic.com

www.burmeseclassic.com

ကိုင်၊ နမ်းခမ်းတို့တွင် အချိုခြောက် စက်ရုံများ တည်ထောင်ထားကြပြီး မန္တလေးဈေးကွက်မှတစ်ဆင့် တစ်ပြည်လုံးသို့ ဖြန့်ဖြူးသည်ဟု သိရှိရပါသည်။

ဆက်လက်ပြီး လက်ဖက်၏ ဆေးဖက်ဝင်ပုံကို ဖော်ပြပေးပါဦးမည်။ မြန်မာ့တိုင်းရင်းဆေးပညာနှင့်ဆေးကျမ်းများတွင် လက်ဖက်ကို 'အသက်ရှည်ပင်၊ အသက်ရှည်ရွက်' ဟု တင်စားခေါ်ဝေါ်ရေးသားထားပြီး လက်ဖက်သည် ဝမ်းမီးကိုတောက်စေသည်။ ဦးနှောက်ကိုလည်း အားပေးသည်။ သလိပ်၊ သည်းခြေကိုလည်း နိုင်သည်။ လေကို ပျက်စေသည်။ ခံတွင်းကို မြိန်စေသည်ဟု ရေးသား ဖော်ပြထားသည်။

မြန်မာတို့၏ အသက်ရှည်ရွက်ခေါ် လက်ဖက်ကို ကမ္ဘာ့ဆေးပညာရှင်များက စမ်းသပ်သုတေသန အမျိုးမျိုး ပြုလုပ်ခဲ့ကြရာ ကင်ဆာရောဂါ ဖြစ်ပွားမှုကို အကာအကွယ်ပေးနိုင်ကြောင်း တွေ့ရှိခဲ့ကြပြီး တညီတညွတ်တည်း အတည်ပြုထားပါသည်။ အထူးသဖြင့် အူမကြီးကင်ဆာနှင့် အစာအိမ်ကင်ဆာ ဖြစ်ပွားမှုများကို ပို၍ အကာအကွယ်ပေးနိုင်ကြောင်းတွေ့ရှိခဲ့ကြသည်။ လက်ဖက်ရွက်ထဲတွင် ကင်ဆာမဖြစ်ပွားစေနိုင်သည့် ဓာတ်များ ပါရှိသည်။

လက်ဖက်သည် အအေးမိ၍ နှာစေးခြင်းများကို ပျောက်ကင်းရန်အတွက် လွန်စွာ အထောက်အကူပြုသည်။ အထူးသဖြင့် လက်ဖက်မြစ်နှင့် နွယ်ချိုတို့ကို ဆတူရော၍ သောက်သုံးလျှင် အအေးမိ၍ နှာစေးခြင်းများကို သက်သာပျောက်ကင်းစေသည်။ ၎င်းအချိန်တွင် လက်ဖက်ခြောက်ခတ်ထားသော ရေနွေးကြမ်းကိုသာလျှင် တွဲဖက်၍ သောက်ရမည်။

လက်ဖက်သည် သားဖွားခက်ခြင်းများအတွက်လည်း ဆေးဖက်ဝင်သည်။ ကမွေးလေ အားနည်း၍ သားဖွားရာ၌ ခက်ခဲမှုရှိသော အမျိုးသမီးကို လက်ဖက်အရွက်၊ အမြစ်တို့နှင့်အတူ ကုံကုမံကို သင့်ရုံထည့်၍ သောက်စေခြင်းဖြင့် လွယ်ကူစွာ မွေးဖွားခြင်းကို အထောက်အကူဖြစ်စေသည်။

လက်ဖက်သည် လေကြောင့်ဖြစ်သော ဝမ်းဗိုက်နာရောဂါများကို သက်သာစေနိုင်သည်။ ပူဒီနာရွက်၊ မြင်းခွာရွက်၊ လက်ဖက်မြစ် သို့မဟုတ် လက်ဖက်စို တို့ကို အမျှစီရော၍ ဆားအနည်းငယ်ထည့်ပြီး ရှောက်ရည်နှင့်တေပြီး စားသုံးသော် လေကြောင့်ဖြစ်သော ဝမ်းဗိုက်နာအမျိုးမျိုးကို သက်သာပျောက်ကင်းစေနိုင်သည်။

လက်ဖက်သည် အသက်ကြီးသူများအတွက်အသက်ရှည်ဆေးဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အသက်ကြီးသူများသည် ကိုယ်သားကိုယ်ရေများ ယုတ်လျော့လာသည်။ ဦးနှောက်လည်း အားနည်း၊ အဆီဓာတ်များလည်း ခန်းခြောက်လာသည်။ လက်ဖက်သည် ထိုအန္တရာယ်များကိုကာကွယ်ပေးနိုင်သည်။ ထို့ကြောင့် အသက်ကြီးသူများအဖို့ လက်ဖက်သည် တန်ဖိုးမဖြတ်နိုင်သော အသက်ရှည်ဆေးပင်ဖြစ်ကြောင်း၊ နှမ်းဆီစစ်စစ်ဖြင့် စိမ်ထားပြီး ထမင်းစားပြီးတိုင်း မန်ကျည်းစေ့နှစ်စေ့ခန့် လျှာပေါ်တွင်တင်လျက် တဖြည်းဖြည်းမြုံ့ပြီးမျိုချစားသောက်ခြင်းမျိုးဖြင့် အမြဲတမ်းစားသုံးသင့်ကြောင်းကို အရှင်နာဂသိန်၏ လက်စွဲဆေးအဘိဓာန်တွင် ရေးသား ဖော်ပြထားပါသည်။

လက်ဖက်သည် လေပူခံခြင်းကြောင့် မဆာဘဲဖြစ်နေခြင်း၊ လေပူကြောင့် အစာမကြေခြင်း၊ ဝမ်းမီးပျက်ခြင်း၊ ခေါင်းကိုက်ခြင်းများအတွက်လည်း လွန်စွာ ကောင်းပါသည်။ လက်ဖက်သည် ပထဝီဓာတ်အားနည်း၍ သွေးသားခန်းခြောက်ပြီး ဖြစ်တတ်သော ဝန်းနာ၊ မေနာ၊ ဟိုက်နာ၊ အကြောသေ၊ သွက်ချာပါဒရောဂါ၊ လေငန်းရောဂါ၊ အဆီခန်း၊ သွေးခန်း၊ အသားခန်း၊ အရိုးဆီခြောက်ခန်းသော အနာများအတွက်လည်း ကောင်းပါသည်။

လက်ဖက်သည် အသက်အရွယ်ကြီးရင့်သူများ အထူးသဖြင့် သက်ကြီးရွယ်အိုများတွင် ဖြစ်တတ်သော ခြေတုန် လက်တုန် အသံတုန်ဖြစ်ခြင်းများအတွက်လည်း ဆေးဝါးကောင်းတစ်လက် ဖြစ်ပါသည်။ လက်ဖက်တွင် အေး၊ ချို၊ ဆိမ့်၊ ငန် အရသာလေးမျိုး ပါဝင်နေသည်ဖြစ်၍ အဖန်ဓာတ်ကိုဖြတ်ရန် ဆားအနည်းငယ်ထည့်ပြီး စားလျှင် အိပ်ပျော်စေသည်။ အေးချိဓာတ်များတိုဖျက်ရန် ကြက်သွန်ဖြူနှင့် တွဲဖက်စားသုံးလျှင် အစာကိုကြေစေသည်။ အဆိမ့်ဓာတ်ကိုဖျက်ရန်သဘော်ရွက်နှင့်စားလျှင် လေကို ကြေစေပါသည်။

ကင်ဆာရောဂါနှင့် ဆီးအိမ်အတွင်း ကျောက်တည်ခြင်းရောဂါများကို လက်ဖက်အခါးခြောက် (Green Tea) က ကာကွယ်ပေးနိုင်ပါသည်။ လက်ဖက်အရွက်၏ သတ္တုရည်ကို သုတ်လိမ်းပေးခြင်းဖြင့် လူတို့၏အရေပြားတွင် ဖြစ်တတ်သော ရောဂါများကို သက်သာပျောက်ကင်းစေပါသည်။ လိုအပ်သလို သုတ်လိမ်းပေးထားပါကလည်း ကြိုတင်ကာကွယ်ရာရောက်စေမည်ဖြစ်ပါသည်။ လက်ဖက်ရွက်နှင့် ပြုလုပ်ထားသော စားသောက်စရာများကို သင့်တင့်လျောက်ပတ်စွာ စားသုံးခြင်းဖြင့် လူ၏ နှလုံးကြွက်သားများကို ပျော့ပျောင်းအားကောင်းစေပါသည်။

လက်ဖက်ခြောက်တွင် ကဖိန်းဓာတ်၊ ပိုလီမီနော‌ဓာတ်၊ ဖလိုရိုက်နှင့် ဗီတာမင်များ ပါဝင်သည်။ အထူးသဖြင့် လက်ဖက်ရည်အချိုခြောက်တွင် အဆိုပါဓာတ်များ ပါဝင်မှုနှုန်း ပို၍များသည်။ အချိုခြောက် (Black Tea) သည် ဗဟိုနာဗ်ကြော အဖွဲ့အစည်းများကို နိုးကြားစေသည့်အတွက် စိတ်ကိုတက်ကြွလန်းဆန်းစေသည်။ ပိုလီမီနောဓာတ်သည် ဘက်တီးရီးယားပိုးမွှားများ၏ အန္တရာယ်နှင့် အနံ့ဆိုးများ၏ ဒဏ်မှကာကွယ်ပေးသည်။ ဖလိုရိုက်ဓာတ်သည် သွားများကို

www.burmeseclassic.com

www.burmeseclassic.com

သန့်ရှင်းကျန်းမာ ကြံ့ခိုင်စေသည်။ သွားပိုးစားခြင်းများမှ အကာအကွယ်ပေးသည်။ အထူးသဖြင့် လူ၏ခံတွင်း၊ နှုတ်ခမ်းနှင့် လူ၏ကျန်းမာရေးကို ကောင်းမွန်စေရန် ကူညီထောက်ပံ့ပေးပါသည်။

(မှတ်ချက် - လူတို့၏ ခန္ဓာကိုယ်တွင် အရိုးပွခြင်း၊ သွားပိုးစားခြင်း၊ သွားများ မညီမညာထွက်ခြင်း၊ အရိုးများပေါ်တွင် အရိုးအတက်ထွက်ခြင်းတို့သည် ဖလိုရိုက်သတ္တုဓာတ်ချို့တဲ့သောကြောင့် ဖြစ်ရသည်။ ဖလိုရိုက်ဓာတ် ပါဝင်သော အစားအစာများကို လက်ဖက်ရည် အပြင် ကော်ဖီနှင့် ဖလိုရိုက်ဓာတ် ခပ်ထားသော ရေတို့မှလည်း ရရှိနိုင်သည်။ သို့သော် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ရေတစ်လီတာတွင် ဖလိုရိုက် ၁ ဒသမ ၅ မီလီဂရမ် ပါဝင်ပါက သောက်သုံးရန် သင့်တော်ကြောင်းသတ်မှတ်ထားသည်။ ယင်းထက်ကျော်လွန်ပါက ရေရှည်တွင် ဖလိုရိုက်လွန်ကဲမှုကြောင့် သွားများညိုခြင်း၊ သွားများကြွေခြင်းများ၊ အရိုးပွခြင်း စသည်တို့ ဖြစ်နိုင်ပေသည်။)

နံနက်စောစော အိပ်ရာထချိန်တွင် လက်ဖက်ရည် ရေနွေးကြမ်းဘူးထဲသို့ သံပရာရည်ညှစ်ထည့်၍ သောက်စေခြင်းဖြင့် သွေးတိုးကျစေနိုင်သည်။ နို့ဆီမပါသော လက်ဖက်ခြောက်ရည်ကျဲကျဲတွင် သံပရာရည်ညှစ်ထည့်၍သောက်စေခြင်းဖြင့် ခေါင်းကိုက်ဝေဒနာကို သက်သာပျောက်ကင်းစေနိုင်သည်။

ရေနွေးပူပူတွင် လက်ဖက်ခြောက်အကျရည် အနည်းငယ်ထည့်၊ သံပရာရည်ပါ ညှစ်ထည့်၊ သကြားအနည်းငယ်ထည့်ပြီး အအေးခံကာ သောက်စေခြင်းဖြင့် အရက်ကြောင့်ဖြစ်သောအဆိပ်၊ အစာမှဖြစ်သောအဆိပ်၊ ဘိန်းမူးလွန်သောအဆိပ် စသည့်အဆိပ်နာများမှ သက်သာပျောက်ကင်းစေနိုင်ပါသည်။ များများသောက်ခြင်းဖြင့် မြန်မြန် သက်သာပျောက်ကင်းစေနိုင်သည်။

အဆီတက်ခြင်းကို ကာကွယ်လိုပါက ထမင်းစားပြီး ရေအေးသောက်နေကျနေရာတွင် ရေအေးအစား ရေနွေးကြမ်းတွင် သံပရာရည်ညှစ်ထည့်၍ သောက်စေခြင်းဖြင့် အဆီတက်ခြင်းများတို့ ကာကွယ်ရာရောက်စေနိုင်ပါသည်။

ပန်းနာရင်ကျပ်၊ ချောင်းဆိုး၊ အော့အန်၊ နံဘေးအောင့်ခြင်းများအတွက် ကွမ်းရွက်နှင့် ပင်စိမ်းရွက်တို့ကို ရောနှောကြိတ်ချေပြီး ညှစ်ယူရာမှ ရရှိသော အရည် (သတ္တုရည်)ကို ကြွေဇွန်းကြီးတစ်ဇွန်းတွင် ဆားမီးဖုတ် မန်ကျည်းစေ့တစ်စေ့စာမျှထည့်၍ တွဲဖက်တိုက်ကျွေးလျှင်သက်သာပျောက်ကင်းစေနိုင်သည်။

အစာအိမ်ရောဂါ၊ လေထိုးလေအောင့်ရောဂါများအတွက် ဆန်လွတ်နနွင်းမှုန့်စစ်စစ်တွင် နှစ်ချို့ပျားရည်ကို ရောနှောပြီး ရေနွေးကြမ်းဖြင့် တွဲဖက်သောက်သုံးခြင်းဖြင့် သက်သာပျောက်ကင်းစေနိုင်ပါသည်။ ဆန်လွတ်နနွင်းမှုန့် တစ်ကျပ်သား၊ လက်ဖက် ငါးကျပ်သား၊ ကွမ်းရွက် တစ်ကျပ်သား၊ ပျားရည် တစ်ဆယ်သားနှင့် ဆားလှော် လေးပဲသား၊ ထိုဆေးမည် ငါးမျိုးတို့ကို တေဆေးအဖြစ် ပြုလုပ်ပြီး ကော်ဖီဇွန်းသေးတစ်ဇွန်းစာကို နံနက်တစ်ကြိမ်၊ ညတစ်ကြိမ်၊ ရေအေးနှင့်သောက်ခြင်းဖြင့် ရုပ်ပျိုကိုယ်နုပြီး ဆံပင်များ နက်မှောင်သန်စွမ်းလာပါလိမ့်မည်။

အမျိုးသမီးများ မီးယပ်သွေးလွန်ခြင်းအတွက် ကွမ်းသီးကြက်ချေး တစ်ကျပ်သား၊ ပဥ္စတာနီသီး သုံးကျပ်သားနှင့် မှန်ကူသီး ငါးကျပ်သားတို့ကိုစုပေါင်း၍ အမှုန့်ပြုပါ။ တစ်ဖန် ၎င်းအမှုန့်ကို ကွမ်းရွက်စိမ်း သတ္တုရည်နှင့် ရောနယ်ပြီး စားတော်ပဲလုံးခန့် အလုံးကလေးများလုံးပါ။ နံနက် နှစ်လုံး၊ ည နှစ်လုံးစီကို ရေနွေးကြမ်းဖြင့် တွဲဖက်စားသုံးစေခြင်းဖြင့် မီးယပ်သွေးလွန်ခြင်း၊ သွန်ခြင်းများ ရပ်ဆိုင်း၍ သက်သာပျောက်ကင်းပါလိမ့်မည်။

ဝမ်းသွားခြင်း၊ အထူးသဖြင့်အပူဝမ်းသွားခြင်းအတွက် ရေနွေးပွက်ပွက်ဆူ တစ်ဖန်ခွက်တွင် လက်ဖက်ခြောက် အနည်းငယ်ထည့်၊ သကြားဖြူနည်းနည်းထည့်၊ သံပရာတစ်ခြမ်းညှစ်ထည့်ပြီး ပူပူလေးအတိုင်း မှုတ်သောက်စေခြင်းဖြင့် အပူဝမ်းသွားခြင်း ရပ်တန့်သွားပါလိမ့်မည်။ လေထိုးလေအောင့် လေချုပ်ခြင်းများအတွက် ဆားကို ကြက်သွန်ဖြူနှင့် ကျွမ်းကျက်အောင်လှော်၍ ရေနွေးကြမ်းဖြင့် တွဲဖက်စားသောက်စေခြင်းဖြင့် လေပူ လေပုပ်များ သက်ဆင်းပြီး အနေခက်ခြင်းမှ သက်သာစေပါမည်။

လက်ဖက်ပါဝင်သော ဆေးနည်းကောင်းများကိုလည်း ထပ်မံဖော်ပြပေးသွားပါမည်။

**၁။ လက်ဖက် ဆံပင်နက်မှောင် သန်စွမ်းဆေး**

လက်ဖက်ပုပ်၊ ကွမ်းရွက်ခြောက်၊ မြင်းခွာရွက်ခြောက်၊ ကြိတ်မှန်ရွက်ခြောက်နှင့် ဆီးဖြူသီးခြောက် ငါးကျပ်သားစီကို အဝကျယ်ကျယ်ပုလင်းထဲတွင် ရောထည့်ပါ။ ပြီးလျှင်၎င်းအံရွက်ခြောက်အသီးမှုန့်တို့အပေါ်မှ အုန်းဆီစစ်စစ်တစ်ဆယ်သားကို လောင်းထည့်ပါ။ ထိုပုလင်းကို အေး၍ အရိပ်ရသောနေရာတွင် တစ်ပတ်၊ နှစ်ပတ်ခန့်ကြာအောင်ထားပေးလိုက်ခြင်းဖြင့် အံကောင်းဆုံးဆံပင်နက်မှောင်သန်စွမ်းဆေးကို ရရှိပြီဖြစ်ပါသည်။ ထိုဆေးကို ကြိုက်သလိုလိမ်းနိုင်ပြီး လိမ်းသလောက် ဆံပင်သစ်များ ပေါက်လာနိုင်သည့်အပြင် ရှိပြီးဆံပင်များလည်း နက်မှောင်သန်စွမ်းလာပါလိမ့်မည်။ ၎င်းလက်ဖက်ဆံပင်နက်မှောင် သန်စွမ်းဆေးကို သုံးစွဲနေစဉ်ကာလအတွင်း တရော်ကင်ပွန်းတို့ဖြင့်သာ ခေါင်းလျှော်ပေးပါ။ ရေအေးဖြင့်သာ လျှော်ပါ။

**၂။ အစာအိမ် အချဉ်ပေါက်ရောဂါအတွက် အစာအိမ်လေဆေး**

ရှောက်သီးကြီးကြီးတစ်လုံး၊ ပွေးကိုင်းအရွက် တစ်ဆယ်သား၊ လက်ဖက် ငါးကျပ်သားနှင့် ရိုးရိုးဆား ငါးကျပ်သား ၎င်းဆေးလေးပါးကို ဆတူရောစပ်၍ ဆေးဖော်ပါ။ တစ်ခါစား လက်ဖက်ဆေး

www.burmeseclassic.com

ဇွန်းသေးဖြင့် တစ်ဇွန်းစား၊ နံနက်ည စားပေးခြင်းဖြင့် အစာအိမ် အချဉ်ပေါက် ရောဂါရှိသူများ၊ လေရောဂါရှိသူများ သက်သာပျောက်ကင်းနိုင်ပါသည်။ ဝမ်းချုပ်တတ်သူများအတွက် ဆေးတစ်ဇွန်းစာကို မောက်မောက်စားပေးပါ။

**၃။ ကာလဝမ်းရောဂါ ပျောက်ဆေး**

ချင်းခြောက်၊ လက်ဖက်ခြောက်၊ သံပရာသီးတို့ကို တစ်ကျပ်သားစီ အမှုန့်၍ ကျပ်ခိုး တစ်ကျပ်ရှစ်ပဲသားနှင့်ရော အမှုန့်ပြုပြီး ၎င်းဆေးကို ရေနွေးကြမ်းနှင့်တိုက်ကျွေးပေးခြင်းဖြင့် ဝမ်းရောဂါကို သက်သာပျောက်ကင်းစေနိုင်သည်။ ကာလဝမ်းရောဂါအတွက် ဇာတိပ္ဖိုလ်သီးသွေးရည်ဖြင့် ရောစပ်တိုက်ပါက သက်သာပျောက်ကင်းနိုင်ပါသည်။ ဝမ်းဖောဝမ်းရောင်ရောဂါများအတွက်လည်း တိုက်ကျွေးကုသနိုင်ပါသည်။

လယ်တီဆရာတော်ကြီး နှင့် ဆရာကြီးသခင်ကိုယ်တော်မှိုင်းတို့၏ ကဗျာလေးဖြင့် လက်ဖက်အကြောင်းကို နိဂုံးကမ္ပတ်အဆုံးသတ်ရပါသည်။

***"လက်ဖက်ရည်အမြဲသောက် ချွဲပျောက်လို့ ဆီးရွှင်"***

လက်ဖက်ရည် အမြဲသောက် ချွဲပျောက်လို့ ဆီးရွှင် ၎င်းနောက် အကျိုးမြင်သည် ခိုးသူဖင်ရန်ကင်း၊ ဤကဲ့သို့ ရန်မသီလျှင် ကြံ့အစည်တိုးလို့မယွင်း တရားနှင့်အကျိုးများရှာလျှင် နိုးကြားစွာ ကြံ့ရင်း တစ်မျိုးသား ဉာဏ်လင်း၍ မမွ ခဏ်ရင်းဖွေရှာ ကျမ်းမေ့မွတင်ကာပြ သခ်ါရ အောက်မေ့ပါသည်၊ ထင်စွာ အကြောင်းရှာလျှင် ကောင်းရာကိုစိတ်စွဲ၍မအိပ်ဘဲအသက်ရှည် လင်းလုအောင်နေ၊ သို့မို့ကြောင့် ရတက်ပြေအောင် လက်ဖက်ရည်သောက်ကြကွဲ့လေး။

လယ်တီဆရာတော်ကြီး

***"ကြံ့သလောက်ပြီးတဲ့ရေ"***

လက်ဖက်ရည်အဖန် သောက်လျှင်ဖြင့်၊ ကျက်သရေအမှန်ရောက်ပေ. လိမ့်၊ ကြံ့သလောက်ပြီးတဲ့ရေ။

ဆရာကြီးသခင်ကိုယ်တော်မှိုင်း

အစာလည်း ... ဆေးလည်း အစာဆိုတဲ့ ရှေးမြန်မာကြီးများရဲ့လက် စကားလေးကို ခေတ်အဆက်ဆက်တိုင် လက်ဆင့်ကမ်းလာကြရာ ယခုခေတ် တိုင်အောင်ပင် ဖြစ်သည်။ ထိုစကား လေးကို သက်သေခံလိုက်တဲ့ အနေဖြင့် ဤဆောင်းပါးအား လပြည့်ဝန်းမဂ္ဂဇင်း တစ်ဆင့် အများပြည်သူလက်ထဲသို့ လက်ဆင့်ကမ်းပေးလိုက်ရပါသည်။ ဤ ဆောင်းပါးလေးကြောင့် စာဖတ်သူတို့ အား အကျိုးပေးတစ်ခုဖြစ်ထွန်းသည် ဆိုလျှင်ဖြင့် စာရေးသူအတွက် အား ဆေးတစ်ခွက် သောက်လိုက်ရသလို ... အားများ ရရှိသလို ဝမ်းသာပီတိ ရင်မှာ ငြိစွာ ခံစားရမှာ အမှန်ပါပဲဟုဆိုလျှင်ဖြင့် လွန်အံ့ထင်မည် မဆိုသာပါ။

❒ ဗိုးသက်ရှည်(တောင်ဥက္ကလာ...


# ထွက်သွားသူ အမြန်ဆုံးပြန်လာဖို့အတွက်

❁ အိမ်မှထွက်သွားသော သားသမီး ဘေးအန္တရာယ်ကင်းစွာဖြင့် အိမ်ကို အမြန်ဆုံးပြန်လာစေဖို့ ❁ အိမ်မှထွက်သွားသော ခင်ပွန်း၊ ဇနီး အိမ်ကို အမြန်ဆုံးပြန်လာစေဖို့ ❁ မိန်းမ ခိုးပြေးသွားသော သား/ခိုးရာလိုက်ပြေးသွားသော သမီး အိမ်ကို အမြန်ဆုံးပြန်လာစေဖို့ ❁ မယားကြီးနှင့် သားသမီးတို့ကို ပစ်သွားပြီး နောက်မယားငယ်နှင့် သွားရောက်ပေါင်းသင်းနေသော ခင်ပွန်းလင်ကို မိမိထံ အမြန်ဆုံး ပြန်လာစေဖို့ ။

ရာနှုန်းပြည့်နီးပါးမှန်ကြောင်း အာမခံနိုင်သော အဟောလက်ဆောင် ထည့်ပေးသည်။

## ဆရာကြီးဦးအောင်မြင့်( ဥပဒေဘွဲ့ )

လက္ခဏာဗေဒင်ပညာသုတေသီ

အမှတ်-၈၄၃၊ ဦးဝိစာရလမ်း၊ ၃၄-ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ ရန်ကုန်။

☎ ၀၁-၅၈၆၇၈၄၊ ၀၉-၅၀၆၂၈၄၃၊ ၀၉-၅၁၇၇၆၂၂၊ နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိသာ

www.burmeseclassic.com



# ဗအာယုဆို

# အန္တရာယ်ကြီးမားတတ်ဘူးများ

မြန်မာလူမျိုးတို့ ရှေးဘိုးဘွားဘီဘင်များ လက်ထက်ကတည်းက ဆင်းသက်လာခဲ့သော နေထိုင်စားသောက်ပုံ ဓလေ့ထုံးတမ်းများအနက် အိမ်နီးချင်းနိုင်ငံကြီးနှစ်ခုမှ ဆင်းသက်လာခဲ့သော ဓလေ့နှစ်ခုရှိသည်။ တစ်ခုက ကွမ်းစားသောဓလေ့ဖြစ်ပြီး နောက်တစ်ခုက ရေနွေးကြမ်း (လက်ဖက်ရည်ကြမ်း)သောက်သုံးသောဓလေ့ဖြစ်သည်။ ကွမ်းစားသောဓလေ့သည် မြန်မာနိုင်ငံ အနောက်ဘက်ခြမ်း နယ်နိမိတ်ချင်းထိစပ်နေသော အိန္ဒိယနိုင်ငံမှ ကူးစက်သောဓလေ့ဖြစ်၍ ရေနွေးကြမ်းသောက်သုံးသောဓလေ့မှာ မြန်မာနိုင်ငံအရှေ့ဘက်ခြမ်းရှိ အိမ်နီးချင်း တရုတ်နိုင်ငံမှ ကူးစက်လာသော ဓလေ့ဖြစ်သည်။

ဎင်းဓလေ့ နှစ်ခုအနက် လက်ဖက်ရည်ကြမ်း သောက်သုံးသောဓလေ့မှာ ရှေးမြန်မာဘုရင်များလက်ထက်ကတည်းက ယခုထက်တိုင် အလှူမင်္ဂလာဆောင် ဧည့်ခံအခမ်းအနား၊ သာရေး၊ နာရေးများမှ အစ ဧည့်သည်လာလျှင် ရေနွေးကြမ်းလေးနှင့် လက်ဖက်သုပ်ကလေးချ၍ တည်ခင်းဧည့်ခံသောဓလေ့မှာ တောရော မြို့ပါမကျန် ယခုတိုင် ထွန်းကားဆဲဖြစ်သည်။

ထိုသို့တည်ခင်း ဧည့်ခံရာတွင် ရှေးက မြေကရား၊ ကြေးကရား၊ နောက်ပိုင်း ဒန်ကရား၊ သတ္တုကရား စသည်ဖြင့် ကရားအမျိုးမျိုးဖြင့် ရေနွေးထဲတွင် လက်ဖက်ခြောက်ခတ်၍ တည်ခင်းကြသည်။ ရေနွေးကြမ်းကို တရုတ်မျိုးများရော မြန်မာလူမျိုးများပါ အတော်လေး စွဲစွဲလမ်းလမ်း သောက်သုံးလေ့ရှိကြပါသည်။

စာရေးသူ တွေ့ဖူးသမျှထဲတွင် အချို့ဆိုလျှင် ရေအေးလုံးဝမသောက်၊ သွားလေရာ ရေနွေးကြမ်းကို ဘူးဖြင့် ဆောင်သွားလေ့ရှိသည်။ စာရေးသူ၏ အမေဆိုလျှင် ထမင်းစားလျှင် ထမင်းပန်းကန်ဘေးတွင် ရေနွေးကြမ်းပန်းကန်က အရန်သင့်၊ ရေနွေးကြမ်း မပါလျှင် ထမင်းစား၍မဝင်။

လက်ဖက်ခြောက် ဆိုတာကလည်း ဆေးဖက်ဝင်အပင်တစ်မျိုးဆိုကများအံ့မထင်။ လက်ဖက်စိမ်းသည် အောက်ဆီဂျင်ဓာတ် (Antioxidant) တိုးမှုကို ကာကွယ်၍ ကင်ဆာရောဂါ ကာကွယ်နိုင်သော အစွမ်းသတ္တိများနှင့် ပြည့်ဝသည်။ သို့သော် ရေနွေးအပူကို တာရှည်ထိန်းထားနိုင်ရန်အတွက် ဓာတ်ဘူးထဲတွင် လက်ဖက်ခြောက်ခတ်၍ သောက်သုံးသော အလေ့အထသည် ဒီဘက်ခေတ်တွင် ပိုမိုကျယ်ပြန့်လာသည်။ စာရေးသူကတော့ ရေနွေးကြမ်း သောက်သုံးလေ့ရှိသူ မဟုတ်၍ အမှတ်တမဲ့ပင်။

၁၃. ၈. ၂၀၁၃ နေ့က စာရေး သူထံသို့ ဧည့်သည်နှစ်ဦး ရွှေ့ဆင့်



www.burmeseclassic.com

www.burmeseclassic.com

နောက်ဆင့် ရောက်ရှိလာသည်။ တစ်ဦးက ကွမ်းစားခြင်းကြောင့်ဖြစ်သော ရောဂါအန္တရာယ်များနှင့် ပတ်သက်၍ အွန်လိုင်းမီဒီယာတစ်ခုမှ ပညာပေး ဗွီဒီယို အင်တာဗျူးလာရောက်ရိုက်ကူးသူ တစ်ဦးဖြစ်ပြီး နောက်တစ်ဦးကတော့ ရုပ်ရှင်ဗွီဒီယိုရိုက်ကူးရေးပစ္စည်း ရောင်းဝယ်ရေးလုပ်ကိုင်သော ဦးအေးကို ဆိုသူဖြစ်သည်။

ဦးအေးကိုက . . .

"ဆရာက စာရေးဆရာလဲဖြစ်၊ စားသုံးသူကာကွယ်ရေး လုပ်နေတဲ့သူဆိုတော့ ကျွန်တော့် အတွေ့အကြုံလေးကို အများပြည်သူ သတိထားမိအောင် ရေးပေးစေချင်လို့ပါ ဆရာ၊ ကျွန်တော်က ရေနွေးကြမ်း သိပ်ကြိုက်ပါတယ်၊ ဓာတ်ဘူးထဲမှာ ရေနွေးဆူဆူထဲကို လက်ဖက်ခြောက်ခတ်ပြီး နေ့စဉ်သောက်သုံးတာပါ၊ တစ်ညတော့ အိမ်မှာ မီးပျက်နေလို့ ဖယောင်းတိုင်ထွန်းထားတုန်း ရေနွေးသောက်ချင်တာနဲ့ ဓာတ်ဘူးထဲက လက်ဖက်ရည်ကြမ်းကို ဖန်ခွက်ထဲကိုထည့်ပြီး သောက်မလို့လဲ မြှောက်လိုက်ရော ဖယောင်းတိုင်မီးအလင်းရောင်နဲ့ ဖန်ခွက်ထဲမှာ တလက်လက်တောက်ပနေတဲ့ အရာလေးတွေ အထက်အောက် လှုပ်ရှားနေတာ တွေ့လိုက်ရတယ်၊

ကျွန်တော်လဲ ဘာမှန်းမသိလို့ ခဏမှင်တက်မိပြီး အဲဒီလက်လက် လက်လက်နဲ့ တောက်ပနေတာလေးတွေကို ငေးကြည့်နေမိတယ်၊ ငါများ ပုတီးစိပ် တရားထိုင်လို့ ပုဂ္ဂိုလ်တွေက ဖန်ခွက်ထဲမှာ အရောင်တွေ ဓာတ်တော်တွေ ကွန့်မြူးအောင် လုပ်တာလား၊ ဘာလားပေါ့၊ ဒါနဲ့ အဲဒီ လက်ဖက်ရည်ကြမ်းကို မသောက်တော့ဘဲ သွန်ပစ်လိုက်ပြီး ဓာတ်ဘူးထဲကို ရေနွေးအဖြူ ထည့်လိုက်တယ်၊ ပြီးတော့ ဖန်ခွက်ထဲကို ထည့်ကြည့်လိုက်တယ်၊ လက်ဖက်ခြောက်မပါတဲ့ ရေနွေးအဖြူထဲမှာလဲ ခုနကလိုပဲ အရောင်တလက်လက် တောက်ပနေတာ တွေ့ပြန်ရော။

ဒါနဲ့ ရေနွေးတွေကို သွန်ပစ်လိုက်ပြီး ဓာတ်ဘူးထဲကို မီးနဲ့သေချာကြည့်တော့ ဓာတ်ဘူးနံရံက တချို့နေရာတွေမှာ ပြဒါးတွေ ကွာနေတာတွေ့ရတယ်၊ ဓာတ်ဘူးကတော့ Made in china တရုတ်လုပ်ဓာတ်ဘူးပါပဲ ဆရာ။

နောက်တစ်နေ့ ဓာတ်ဘူးဝယ်ခဲ့တဲ့ဆိုင်ကိုသွားပြီး အကျိုးအကြောင်း ပြောပြတယ်၊ ဓာတ်ဘူးရောင်းတဲ့ဆိုင်ကလဲ ရွှေဘုံသာလမ်းနားက လူမျိုးခြားဆိုင်ပါပဲ၊ ဓာတ်ဘူးရောင်းတဲ့လူက သိတယ်၊ ဓာတ်ဘူးအမျိုးအစားချင်း မတူဘူး၊ ဈေးလဲကွာတယ်ဆိုပြီး နောက်ထပ်ငွေနည်းနည်း ထပ်လိုက်ခိုင်းပြီး ဓာတ်ဘူးနောက်တစ်လုံးနဲ့ လဲပေးလိုက်တယ်၊ နောက်လဲပေးလိုက်တဲ့ ဓာတ်ဘူးကျတော့ အရင်လို ပြဒါးတွေ မကြွေတော့ဘူး။

ဒီကိုယ်တွေ့ကလေးနဲ့ ဆက်စပ်ပြီး ကျွန်တော့်မိတ်ဆွေသုံးလေးယောက် ဆုံးပါးသွားတာကို သတိရတယ်၊ အဲဒီမိတ်ဆွေတွေက ဆေးလိပ်မသောက်၊ ကွမ်းမစား၊ အရက်မသောက်၊ အသည်းရောင် ဘီပိုး စီပိုးလဲ မရှိဘူး၊ ဒါပေမယ့် သူတို့အားလုံးက နေ့စဉ် ရေနွေးကြမ်းကို ဓာတ်ဘူးနှစ်လုံးထားပြီး မပြတ်တမ်း သောက်နေတဲ့သူတွေ ဖြစ်နေတယ်၊

အဲဒီသူတွေအားလုံး အသည်းကင်ဆာနဲ့ချည်းပဲ ဆုံးပါးကုန်တယ်၊ ဒါနဲ့ သူတို့ထဲက တစ်ယောက် အိမ်ကို ကြုံတာနဲ့ ဝင်ပြီး သူရေနွေးကြမ်းသောက်တဲ့ ဓာတ်ဘူးထဲကို ငုံ့ကြည့်လိုက်တော့ ဓာတ်ဘူးထဲမှာ မည်းနေတာပဲ၊ ပြဒါးတွေကြွေကုန်လို့ လုံးဝမကျန်တော့ဘူး၊ ဓာတ်ဘူးအမျိုးအစား ညံ့တော့ ဓာတ်ဘူး ဖန်သားမှာ သုတ်ထားတဲ့ပြဒါးတွေက ရေနွေးပူပူနဲ့ ဓာတ်ပြုပြီး ကြွေကုန်တော့တယ်"

ဦးအေးကို ပြောစကားကို နားထောင်နေသော အွန်လိုင်းမီဒီယာမှ ကိုသွင်မောင်မောင်ကလည်း . . .

"ကျွန်တော် ရွှေကျောင်းတဲ့ ရွှေမှော်တစ်ခုကို ရောက်ခဲ့ဖူးတယ်၊ အဲဒီမှာ တရုတ်ပြည်က သွင်းတဲ့ ပြဒါးနဲ့ ရွှေကို ဖမ်းတာ၊ ကျွန်တော် အဲဒီကရေကို မသောက်ရဲလို့ လုံးဝမသောက်ခဲ့ဘူး၊ အဲဒီက ရွှေကျောင်းတဲ့သူတွေဆိုရင် တစ်ယောက်ပြီးတစ်ယောက် ဘာရောဂါမှ မဖြစ်ဘဲနဲ့ အကောင်းကြီးကနေ လဲပြီး သေကုန်တာ ကျွန်တော့်မျက်မြင် တွေ့ခဲ့ရတယ် ဆရာ၊ ပြဒါးဆိပ်က သိပ်ကြောက်ဖို့ကောင်းတယ်"

ဦးအေးကို ပြန်သွားပြီး နောက်တစ်နေ့တွင်တော့ ကျွန်တော် ဒီဆောင်းပါးကို မအားလပ်သည့်ကြားက ချက်ချင်းရေးလိုက်ပါသည်။ အဘယ်ကြောင့်ဆိုသော် မြန်မာနိုင်ငံတွင် တောရောမြို့ပါမကျန် တောင်တန်းမြေပြန့်ရှိ တိုင်းရင်းသား ကိုးဆယ်ရာခိုင်နှုန်းလောက်သည် ရေနွေးကြမ်း (လက်ဖက်ရည်ကြမ်း) သောက်သုံးသော ဓလေ့ရှိသောကြောင့်ပင်တည်း။

"ဓာတ်ဘူး ဓာတ်သားတွေပြင်တယ်၊ အဟောင်းနဲ့အသစ်လဲတယ်" ဆိုသော ဓာတ်ဘူးပြင်သည့်သူများ၏ ဓာတ်ဘူးများကိုလည်း အထူးသတိထားသင့်ပြီး ဖန်သားနှစ်ခုကြားတွင် ပြဒါးသုတ်ရမည့်အစား ဖန်သားအပေါ် မျက်နှာပြင်တွင်ပြဒါးသုတ်ထားသောကြောင့် ရေနွေးနှင့်တွေ့လျှင် အလွယ်တကူ ပြဒါးများကြွေနိုင်ပါသည်။ ဖြစ်နိုင်လျှင်တော့ ဓာတ်ဘူးဖြင့် ရေနွေးထည့်၍ နှပ်ပြီး သောက်သုံးခြင်းကို ရှောင်နိုင်လျှင်တော့ ပို၍စိတ်ချရပါမည်။ ပြဒါးမပါသော စတီးမတ်ခွက်၊ ကြွေကရားတို့ဖြင့် ပြောင်းလဲသုံးစွဲပါက ပိုမိုသင့်တော်မည်ဖြစ်ကြောင်း အကြံပြုအပ်ပါသည်။

❒ ဗအုပ်ခိုင်





www.burmeseclassic.com

www.burmeseclassic.com



# ကျန်းမာရေးအတွက် အသီးအရွက် ဓာတ်စာ

အောင်ဘုန်းမြင့် (ကချင်ဇြေ)

## အသီးအရွက်များ

လတ်ဆတ် ကောင်းမွန်သော အသီးအရွက်များသည် လူ့ကျန်းမာရေးနှင့် အသက်ရှည်ရေးအတွက် အသင့်တော်ဆုံးနှင့် စိတ်အချရဆုံးသောအစားအစာများ ဖြစ်လေ၏။ ဘေးထွက်ဆိုးကျိုး ကင်းဝေးပြီး ရာသီဥတုအချိန်အခါနှင့်လည်း ညီညွတ် အကျိုးဖြစ်စေနိုင်သည်။ သို့ဖြစ်၍ ခေတ်မီပြီး ကျန်းမာရေးဗဟုသုတ ကြွယ်ဝလာသော ၂၁ ရာစုထဲ၌ မိမိတို့နေ့စဉ်နှင့်အမျှ စားသုံးနေကြရသော အစားအသောက်၏ ကဏ္ဍသည် လွန်စွာတိုးတက်ကျယ်ပြန့်ကြီးကျယ်လာ၏။ချက်ပြုတ်စားသောက်ကြရသော ပညာရပ်သည် တက္ကသိုလ်ပညာရပ်တစ်ခုအဖြစ် ရောက်ရှိလာသည်။

အသီးတစ်မျိုးချင်းသည် လူကို အာဟာရဖြစ်စေသည့်ပြင် လူ့ကျန်းမာရေးအတွက်လည်း ရောဂါဘယအမျိုးမျိုးကို ကာကွယ်တားဆီးပေးနိုင်သော အစွမ်းထက်သည့် ဆေးဝါးကောင်းဖြစ်စေနိုင်၏။ မည်သည့်အသီးအရွက်မျိုးဖြစ်စေ အာဟာရဖြစ်စေ၍ ဆေးဖက်ဝင်သည်ချည်း ဖြစ်လေသည်။ထို့ကြောင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက လူသားတိုင်းသည် တစ်နေ့လျှင် အသီးနှင့် အရွက် ငါးမျိုးထက်မနည်း နေ့စဉ်စားသုံးပေးသင့်ကြောင်း လူတိုင်းသိရှိ နားလည်နိုင်အောင် အကြံပေး တိုက်တွန်းထားသည်။ ဖြစ်နိုင်ပါက အသီးအရွက်များကို အလိုရှိသလောက် စားသုံးနိုင်သည်။

အချို့သော တိုးတက်သည့်နိုင်ငံများတွင် တစ်နေ့လျှင် အနည်းဆုံး အသီးနှစ်မျိုးနှင့် အရွက်သုံးမျိုး (၂+၃) စီမံကိန်းအချိုးနှင့်အညီ နေ့စဉ်စားဖြစ်အောင် စားသုံးရန် ကျန်းမာရေးလမ်းညွှန်မှုအဖြစ် လိုက်နာဆောင်ရွက်စေသည်။

လတ်ဆတ်သော သစ်သီးဝလံများတွင် ရေတွင်ပျော်ဝင်နိုင်သော "Fiber" အမျှင်ဓာတ်နှင့် ရေတွင်မပျော်ဝင်နိုင်သော အမျှင်ဓာတ်ဟူ၍ လူ့ကျန်းမာရေးတွင် မရှိမဖြစ် လိုအပ်သော အမျှင်



www.burmeseclassic.com

www.burmeseclassic.com

ဓာတ် နှစ်မျိုး ပေါကြွယ်ဝစွာ ပါဝင်၏။ ရေတွင်ပျော်ဝင်နိုင်သော အမျှင်ဓာတ်၏ ဂုဏ်သတ္တိသည် လူ့ခန္ဓာ သွေးရည်ထဲတွင်ရှိသော LDL ခေါ် မကောင်းသော ကိုလက်စထရော အဆီဓာတ်များကို လျှော့ချသန့်စင်ပေးနိုင်ပြီး ရေတွင်မပျော်ဝင်နိုင်သော အမျှင်ဓာတ်များသည် အူလမ်းကြောင်းအတွင်းကို ထိန်းသိမ်းထားပေးနိုင်သည်။

ထို့ကြောင့် နှလုံးအဆီဖုံးရောဂါ၊ သွေးကြောကျဉ်းရောဂါ၊ သွေးမသန့်၍ ဖြစ်သောရောဂါ၊ လေသင်တုန်းရောဂါ၊ နှလုံးနှင့် သွေးတိုးရောဂါများကို ကာကွယ်ပေးနိုင်ပြီး ဝမ်းချုပ်ခြင်းနှင့် အူမကြီးကင်ဆာဖြစ်ခြင်းတို့မှ ကင်းဝေးစေနိုင်သဖြင့် ကျန်းမာ ရောဂါကင်း၍ အသက်ကို ပိုရှည်စေနိုင်သည်။

လူသိများသော အသီးတစ်မျိုးဖြစ်သည့် ငှက်ပျောသီးကို ဆေးဝါး အာဟာရဓာတ် ဆန်းစစ်ကြည့်လျှင် ငှက်ပျောသီးထဲတွင် ပိုတက်စီယမ်ဓာတ် ကြွယ်ဝစွာပါဝင်သဖြင့် အာဟာရဖြစ်စေပြီး လေဖြတ်ရောဂါကို ကာကွယ်ပေးနိုင်၏။ ထမင်းစားပြီးတိုင်း ငှက်ပျောသီး စားပေးပါက ဦးနှောက်သွေးကြောပိတ်ခြင်းကို လျှော့နည်းစေနိုင်ပြီး သွေးတိုးရောဂါကို ကာကွယ်တားဆီးပေးနိုင်၏။ ကိုယ်ခန္ဓာအတွင်းရှိ အရည်များကိုလည်း ထိန်းသိမ်းပေးနိုင်သည်။

ငှက်ပျောသီးကို ထန်းလျက်တစ်ခဲနှင့် ရောစားပေးပါက ဆီးချုပ် ဝမ်းချုပ်ရောဂါ ပျောက်ကင်း၏။ ဆီးဖြူသီး သတ္တုရည်တစ်ဆ၊ ပျားရည်တစ်ဆ၊ ငှက်ပျောသီးတစ်ဆ၊ ဆားအနည်းငယ်ကည့်၍ နွားနို့တစ်ခွက်ထဲတွင် ရောဖျော်ကာ သောက်ပေးပါက ဆီးကျန်ရောဂါနှင့် သက်ကြီးဆီးရောဂါ ပျောက်၏။ ဒိန်ချဉ်၊ စပျစ်သီးရည်၊ ငှက်ပျောသီးပျော်ပျော် တစ်လုံးကို ရောဖျော်သောက်ပေးပါက ကိုယ်တွင်းအပူနာ သက်သာပျောက်ကင်းစေနိုင်သည်။

## ဟင်းသီးဟင်းရွက် အာနိသင်

စိမ်းလန်းလတ်ဆတ်သော ဟင်းသီးဟင်းရွက်များကို ပုံမှန်အားထား စားသုံးပေးပါက ဆီးချိုရောဂါဖြစ်နှုန်းကို အထူးကျဆင်း လျော့နည်းစေသည်။ ပန်းသီးနှင့် ဟင်းသီးဟင်းရွက်များတွင် ဓာတ်တိုးပစ္စည်းများကို ခြေဖျက်ပေးနိုင်သည့် သဘာဝဓာတ် မြောက်မြားစွာ ပါဝင်နေသဖြင့် သွေးအတွင်းရှိ သကြားဓာတ်ပမာဏ အများအပြားကို လျော့နည်းကျဆင်းစေနိုင်သောကြောင့် ဆီးချိုသွေးချို အလားအလာကို ကာကွယ်ပေးပြီး အခြားရောဂါများကိုလည်း တားဆီးပေးနိုင်ပါသည်။

ပန်းသီး၊ ဟင်းသီးဟင်းရွက်များနှင့် ရှောက်သီး၊ သံပရာသီး အစရှိသော ရှောက်နွယ်ဝင် သစ်သီးဝလံများကို နေ့စဉ် လုံလုံလောက်လောက် စားသုံးပေးလျှင် ဆီးချိုရောဂါ၊ အသည်းရောဂါ သက်သာကင်းပစေနိုင်၏။ အသီးများတွင် ရေဓာတ်ကြွယ်ဝသဖြင့် နွေအခါ စားသုံးပေးလျှင် ရင်ကို အေးမြစေ၍ ကျန်းမာစေနိုင်ပါသည်။

အစိမ်းရင့်ရောင် အသီးအရွက်များကို နေ့စဉ်လုံလောက်စွာ စားသုံးပေးနိုင်လျှင် မျက်စိအမြင်ကို ကြည်လင်ကောင်းမွန်စေနိုင်သည်။ သက်ကြီးရွယ်အိုများ အရွယ်ကြောင့် မျက်စိမှုန်ခြင်း၊ အမြင်မရှင်းလင်းခြင်း၊ မျက်စိအမြင် ဆုံးရှုံးလာခြင်းများကို ပြန်ကောင်းလာစေနိုင်သည်။ အသီးများကို ထမင်းမစားမီ အချိန်နှင့် ထမင်းတစ်နပ်နှင့်တစ်နပ် ကြား အချိန်များတွင် စားသုံးပေးခြင်းဖြင့် ကျန်းမာရေးကို ကောင်းမွန်စေပြီး သုဟိချမ်းသာအပေါင်းနှင့် ပြည့်စုံစေနိုင်သည်။ ထမင်းစားပြီးတိုင်း အချိုပွဲအဖြစ် လတ်ဆတ်ကောင်းမွန်သော အသီးမှည့်များကို စားသုံးပေးခြင်းဖြင့် အစာကြေဝမ်းမှန်စေနိုင်သည့် ဓာတ်လေးပါးလည်ပတ်မှုကို ကောင်းမွန်စေပြီး ကျန်းမာရှည်အသက်ရှည်စေနိုင်သည်။

## ရှောက်နွယ်ဝင် သစ်သီးဝလံ

အချဉ်ကဲသော ရှောက်နွယ်ဝင် သစ်သီးဝလံများသည် ဗီတာမင်စီဓာတ်ကို အပြည့်အဝ ရစေနိုင်ပြီး နီဝါရောင်သန်းသော သရက်သီးမှည့်၊ သင်္ဘောသီးမှည့်နှင့် ဖရဲသီးမှည့်များတွင် ဗီတာမင်စီဓာတ် လုံလောက်စွာပါဝင်သည့်အပြင် ဗီတာကယ်လိုတင်းဓာတ်များ ပါဝင်နေသောကြောင့် ဗီတာမင်အေဓာတ်ကိုလည်း တည်ဆောက်ပေးနိုင်သည်။ ထို့ပြင် ကျန်းမာရေးကို အကျိုးပြုစေသည့် ဓာတ်သဘာဝများစွာပါဝင်သည်။

ရှောက်နွယ်ဝင် သစ်သီးဝလံများတွင် ရှောက်သီး၊ လိမ္မော်သီး၊ ဂရိတ်ဖရုသီး၊ လိမ္မော်ချဉ်သီး၊ ကာမွလာသီး၊ သံပရာသီး၊ သံပရိုသီး၊ ကျွဲကောသီး၊ ရှောက်ချိုသီး၊ ရှောက်ပန်းသီးများ ပါဝင်သည်။ ယင်းအသီးများတွင် စံချိန်တင်စာဖွဲ့ရလောက်အောင် ကျန်းမာရေးကို အကျိုးဖြစ်စေနိုင်သည့် သဘာဝဓာတ်ပစ္စည်းဖြစ်သော လိုင်ကိုပင်ဓာတ် "Lycopene" ပါဝင်နေခြင်းကြောင့် လွန်စွာအကျိုးဖြစ်ထွန်းစေ၏။ ကောင်းကျိုးပွားစေနိုင်၏။

လိုင်ကိုပင်ဓာတ်သည် ခန္ဓာကိုယ်ကျန်းမာရေးကို အလွန်ဆိုးရွားစေနိုင်သည့် "Free radical" များကို ချေမှုန်းတိုက်ထုတ်ပေးနိုင်သော အပြင်းစားဓာတ်တိုးဆန့်ကျင်ပစ္စည်းဖြစ်သည့် "Anti oxidants" အင်တီအောက်ဆီဒင့်များ မြောက်မြားစွာ ပါဝင်သဖြင့် လူ့ကျန်းမာရေးကို လွန်စွာအကျိုးဖြစ်စေနိုင်ပါသည်။

လူတစ်ဦးတစ်ယောက်သည် တစ်နေ့လျှင် အစိမ်းစားရသော ရှောက်နွယ်ဝင်အသီး အနည်းဆုံး တစ်လုံးမှ သုံးလုံးအတွင်း အသီးကိုဖြစ်စေ၊ ဖျော်ရည်ပြုလုပ်၍ဖြစ်စေ စားသောက်ပေးမည်ဆိုပါက မရှိသောရောဂါ ၉၀ ရာခိုင်နှုန်းအထိ ကာကွယ်ပေးနိုင်ပြီး စွဲကပ်ခံနေရသောရောဂါ ၂၅ ရာခိုင်နှုန်းမှ ၇၅ ရာခိုင်နှုန်းအထိ လျော့နည်းသက်သာ

လပြည့်ဝန်းမဂ္ဂဇင်း (ဇူလိုင်လ၊ ၂၀၁၄)



www.burmeseclassic.com

www.burmeseclassic.com

စေနိုင်သည်။ ရှောက်နွယ်ဝင် သစ်သီးသလံများကို စားသုံးပေးနေခြင်းသည် ဘဝနေရေးအတွက် ကျန်းမာအသက်ရှည်ရေးကို ပြုစုနေခြင်းဖြစ်ပြီး ဘဝအနာဂတ်အတွက်လည်း ဆက်လက်၍ ရှင်သန်စေနိုင်ရန် တည်ဆောက်နေခြင်းဖြစ်၏။

## ဘယ်ရီသီးများ

အနွယ်ပင်များတွင် အထွေးလိုက် စုပြုံသီးတတ်ပြီး သေးငယ်သော အစေ့ပေါင်းမြောက်မြားစွာပါဝင်သည့် အသီးများကို ဘယ်ရီသီးနွယ်ဝင်များဟု ခေါ်ကြ၏။ ဘယ်ရီနွယ်ဝင် အသီးများသည် နှလုံးရောဂါ၊ သွေးကြောကျဉ်းရောဂါ၊ ကင်ဆာရောဂါ၊ လေဖြတ်ခြင်းရောဂါ အစရှိသော ရောဂါများမှ ကာကွယ်ပေးနိုင်သည်။

ဘယ်ရီသီးများတွင် ဓာတ်တိုးဆန့်ကျင်ပစ္စည်းဖြစ်သော "Anti oxidants" များဖြစ်သည့် "Antho cyanins"ဓာတ်များပါဝင်ထားသောကြောင့် မကောင်းသော ကိုလက်စထရောအဆိဓာတ်များကို တွန်းလှန်တိုက်ဖျက်ပေးနိုင်သည်။ သွေးသားများကို သန့်စင်စေပြီး ဆီးသွားလမ်းကို ရှင်းလင်းကောင်းစေနိုင်ပါသည်။

ဘယ်ရီသီးများသည် နွေရာသီနှင့် ဆောင်းရာသီများတွင် လှိုင်လှိုင်ပေါများတတ်ပြီး အမျိုးအမည်များမှာလည်း စုံလင်လှ၏။ ခရမ်းဘယ်ရီ၊ စတော်ဘယ်ရီ၊ ကီဝီဘယ်ရီသီး၊ လိုင်ဘယ်ရီ၊ ဝက်ဘယ်ရီ၊ ကရင်မ်ဘယ်ရီ၊ ဘလူးဘယ်ရီ၊ ချစ်ဘယ်ရီ၊ ဂိုးဒင်းဘယ်ရီ၊ မာလ်ဘယ်ရီဟူ၍ ဖြစ်ကြလေသည်။ ဘယ်ရီသီးများတွင် အရောင်မျိုးစုံရှိပြီး အရောင်ခြားနားမှုနှင့် အရောင်အနုအရင့်ပေါ် မူတည်၍လည်းကောင်း၊ အချိုအချဉ် အဖန်ပေါ် မူတည်၍လည်းကောင်း အာဟာရဓာတ်ခြားနားမှုနှင့် သက်စောင့်ဓာတ်ပါဝင်မှုကွာခြားတတ်သည်။ ဘယ်ရီသီးများကို စားသုံးပေးခြင်းဖြင့် အာဟာရဖြစ်စေပြီး ရောဂါအမျိုးမျိုးကို ကာကွယ်ပေးနိုင်သည့်အပြင် အသက်အရွယ်ကြီးရင့်လာ၍ ဖြစ်တတ်သော သတိမေ့လျော့တတ်သည့် ရောဂါကိုလည်း တားဆီးပေးနိုင်သည်။ အနီရင့်ရောင်များသည် ကင်ဆာရောဂါကို ကာကွယ်ပေးနိုင်ပါသည်။

## အချိုသီးများ

လတ်ဆတ်သော သစ်သီးဝလံမှန်သမျှသည် လူ့ကျန်းမာရေးကို အကျိုးပြုသည်ချည်းဖြစ်၏။ အချိုသီးထဲတွင် ပါဝင်သော ထောပတ်သီးသည် အာဟာရဓာတ် စုံလင် ပြည့်စုံပြီး ဆေးအာနိသင်ထက်မြက်သော အသီးမျိုးဖြစ်လေ၏။ လူသားတို့သည် အခြားအစားအစာ မရရှိနိုင်ပါက ထောပတ်သီး တစ်မျိုးတည်းနှင့် ကျန်းမာအသက်ရှင်သန်နိုင်သည်ဟု ဆိုသည်။ "Glutathione" ဂလိုတာသိုင်ယွန်းဓာတ် ပါဝင်နေသောကြောင့် ကြောက်မက်ဖွယ်ကောင်းသော နာတာရှည်ရောဂါများမှ ကာကွယ်တားဆီးပေးနိုင်ပါသည်။

နဂါးမောက်သီးတွင် ရောဂါများကို ကာကွယ်ပေးနိုင်သော "Anti oxidants" ပေါင်း မြောက်မြားစွာ ပါဝင်သည့်ပြင် အမျှင်ဓာတ်များ ကြွယ်ဝသောကြောင့် ကျန်းမာအသက်ရှည်ရေးကို လွန်စွာအထောက်အကူ ဖြစ်စေနိုင်၏။ ကမ္ဘာ့နိုင်ငံများတွင် လူအများဆုံး စားသုံးသော ပေါ်ပြူလာသီးဖြစ်ပြီး ဆေးဖက်ဝင်သောအသီး ဖြစ်သည်။

သို့ဖြစ်၍ အသီးအရွက်အရသာမျိုးစုံနှင့် အရောင်အဆင်း စုံလင်စွာကို ကျန်းမာရေးနှင့်အညီ နေ့စဉ်ပါအောင် လုံလုံလောက်လောက် စားသုံးပေးခြင်းဖြင့် ဘေးတွက်ဆိုးကျိုး ကင်းဝေးစေ၍ ကျန်းမာအသက်ရှည် ရောဂါကင်းဝေး ချမ်းသာရစေနိုင်မည်ဖြစ်ပါသည်။ ပြုပြင်ထားသော အစားအစာများကိုရှောင် အသီးအရွက်များကို ဆောင်နိုင်ပါစေဟူသော ဆန္ဒဖြင့် ရေးသားရပါသည်။

❐ အောင်ဘုန်းမြင့်(ကချင်မြေ)

### နွေရာသီ ဆီးရောဂါအတွက် အထိရောက်ဆုံး ကုသနည်းများ

နွေရာသီသို့ ရောက်လျှင် မီးအတွက် ရတက်မအေးရသလို လက်လုပ်လက်စား အခြေခံလူတန်းစားများအဖို့ ဆီးအတွက်အနေခက်ရလေသည်။

နေပူပြင်းပြင်းတွင် ဘဝပေးအခြေအနေအရ မဖြစ်မနေ သွားလာလှုပ်ရှား ရုန်းကန်ရပေသည်။ သို့အတွက်ကြောင့် အပေါ်နေကပူ အောက်ခြေမြေကပူနဲ့ အအေးကို တောင့်တကြသည့်အတွက် ရေခဲရည်၊ ကြံရည်၊ အအေးခံထားသော အချိုရည်အမျိုးမျိုးတို့ကို တဒင်္ဂသက်သာခွင့်ရရေး ငွေပေး၍ သောက်သုံးကြသည်။

သို့သော် ငွေပေး၍ ရောဂါကို ဝယ်ယူသလို ဖြစ်နေပေသည်။

တဒင်္ဂ နေပူသက်သာရေး၊ နေပူပြင်းပြင်းတွင် ရေခဲကဲ့သို့သော အအေးလွန်သော အစားရေစာတို့ကို ရုတ်ခြည်းပူလောင်နေသော ဝမ်းထဲသို့ လောင်းထည့်လိုက်သောအခါ အပူနဲ့အအေးဝိရောဓိဓာတ်အားကြီးပြီး အခန့်မသင့်လျှင် ချက်ချင်း အပူရှပ်သလိုဖြစ်၍ အပူငုပ်ပြီး ပြင်းထန်စွာဖျား၍ သွေးပေါင်ချိန် ဖိအားများလာပြီး ဦးနှောက်သွေးကြောကို ထိခိုက်စေခြင်း၊ နောက်ဆုံး အခြား ဘာမှမဖြစ်လျှင်တောင်မှ အခြေခံဖြစ်သော ဆီးနှင့်ကျောက်ကပ်တွင် အပူငုပ်၍ အပူအောင်းပြီး ဆီးပူ၊ ဆီးနီ၊ ဆီးဝါ၊ ဆီးသွေးပါခြင်း၊ ဆီးနည်းခြင်း စသော ဆီးနှင့်ပတ်သက်သည့် ဆိုးကျိုးများကို ခံစားရတတ်လေသည်။

သို့အတွက်ကြောင့် နေပူပြင်းပြင်းထဲတွင် သွားလာ လှုပ်ရှားပြီးခါစ အခြေအနေတွင် အေးလွန်းသော၊ ရေခဲကဲ့သို့သော အစားရေစာများကို ချက်

➔➔

www.burmeseclassic.com

# နွေရာသီ ဆီးရောဂါအတွက် အထိရောက်ဆုံး ကုသနည်းများ

ဦးမင်းဇင် (ရွှေနဝင်း)

ချင်း စားသောက်ခြင်း၊ လေအေးပေးထားသော အခန်း၊ ပန်ကာလေအေးပေးထားခြင်းတို့ကို ချက်ချင်းတိုက်ရိုက် အအေးခံခြင်းတို့ကို အထူး ဂရုပြု၍ ရှောင်ကြဉ်ပါ။

အကောင်းဆုံးသော နည်းမှာ နေပူပြင်းပြင်းထဲတွင် သွားလာပြီးခါစ အချိန်တွင် သင့်တော်သော အရိပ်ကောင်းကောင်းတွင် ခေတ္တနားနေပြီး ရိုးရိုးသာမန် ရေအေးတစ်ခွက်ကို အဝသောက်ပြီး အနည်းဆုံး နာရီဝက်သို့မဟုတ် တစ်နာရီခန့်ကြာမှ ရေခဲ၊ အအေး စသော အစာရေစာတို့ကို သောက်သုံးသင့်ပါသည်။

အကယ်၍ မလွှဲမရှောင်သာ နေပူပြင်းပြင်းထဲတွင် သွားလာလှုပ်ရှားရ၍ ဆီးနှင့်ပတ်သက်သော ရောဂါဝေဒနာ ဖြစ်ပွားရသူများ အတွက် အကောင်းဆုံး၊ အလွယ်ဆုံး၊ အထိရောက်ဆုံး ဆေးသုံးမျိုးကို ဖော်ပြပေးပါမည်။

## ဆေးနည်း(၁)

နေပူပြင်းပြင်းထဲတွင် သွားလာရ၍ တစ်ကိုယ်လုံး ပူစပ်ပူလောင်ဖြစ်ပြီး အပူရှပ်၍ ဖျားနာချင်သလို ဖြစ်လာပါက နေပူထဲမှ ဆက်လက်သွားလာလှုပ်ရှားခြင်းကို ရပ်တန့်၍ အေးသောနေရာတွင် ခေတ္တအနားယူပြီး ကြက်သွန်နီဥ ခပ်ရွယ်ရွယ် အနေတော်တစ်လုံးကို အခွံသင်ပြီး ထန်းလျက်အရွယ်တော်တစ်ခဲနှင့်ရော၍ ဝါးစားပြီး ရိုးရိုးရေအေးတစ်ခွက်ကို အဝသောက်ချပါ။ ပြီးလျှင် အနားယူလိုက်ပါက ခံစားနေရသော ဝေဒနာ သက်သာပျောက်ကင်းသွားပေမည်။

## ဆေးနည်း(၂)

နေပူပြင်းပြင်းထဲတွင် သွားလာရ၍ ဆီးနီ၊ ဆီးနည်း၊ ဆီးဝါ၊ ဆီးအောင့်ဖြစ်လာပါက သခွားသီး အကြွပ်မျိုး (ကိုင်းသခွားသီး) အရွယ်တော် နှစ်လုံးသုံးလုံးခန့်ကို အခွံခွာပြီး ထန်းလျက်အနေတော် လေးငါးခဲနှင့်ရော၍ နံနက်နှင့် နေ့လယ်ပိုင်းတွင် အဝစားပါ။

ညနေနှင့် ညဘက်တွင် မြင်းခွာရွက်အရည်၊ လက်ဖက်ရည်ပန်းကန် တစ်လုံးခန့်တွင် သံပရာသီး အရွယ်တော် တစ်ခြမ်းညှစ်ထည့်၍ သကြားသင့်တော်ရုံ ထည့်ဖျော်ပြီး သောက်ပေးပါ။

ဧင်းအတိုင်း နံနက်၊ ည သုံးရက်ခန့် နေ့စဉ်သောက်ပေးပါက ရောဂါပျောက်ကင်းပေမည်။

## ဆေးနည်း(၃)

ဆီးပူ၊ ဆီးနည်း၍ အညောင်းအကိုက် အားကြီးပြီး ကိုယ်သားကိုယ်ရေ ပူနေပါက ဆေးကုလားမ ကောင်းကောင်းဖွေးဖွေးကို ရေဖြင့် တစ်ညစိမ်၍ နံနက်အိပ်ရာထတွင် သကြား သင့်ရုံ ထည့်ဖျော်ပြီး အဝသောက်ပါ။

ရှားစောင်းလက်ပပ် အတွင်းသား လက်ဖက်ရည်ပန်းကန် နှစ်လုံးခန့်ကို သကြားဇွန်းကြီး နှစ်ဇွန်း၊ ပျားရည်ဇွန်းကြီး တစ်ဇွန်း၊ ဆား မုန့်ကျည်းစေ့ နှစ်စေ့ခန့် ရော၍ ဖျော်ရည်ကဲ့သို့ စိမ်ထားပြီး ညအိပ်ရာဝင် အဝသောက်ပါ။

ဤကဲ့သို့ သုံး၊ လေးရက်ခန့် နေ့စဉ် သောက်သုံးပေးသွားလျှင် အပူစင်၍ ရောဂါသက်သာ ပျောက်ကင်းပါလိမ့်မည်။

အထက်ပါ ဆေးနည်းတို့အပြင် ဆီးနှင့်ပတ်သတ်သော ရောဂါဝေဒနာရှင်များသည် ညအိပ်ရာဝင်ချိန်တွင် ခြေဖဝါး အလယ်ကြောနှစ်ဖက်ကို ဆားဖြင့် ၁၀ မိနစ်ခန့် နာနာပွတ်ပေးပြီး ဒူးခေါင်းနှစ်ဖက်မှနေ၍ ရေအေးအေး တဝလောင်းချပြီး ခြေဆေး၍ ခြောက်သွေ့အောင် သုတ်ပါ။

ပြီးလျှင် ကရမက်ကို များများသွေးပြီး ဆီးစပ်၊ ပေါင်ခြံနှင့် မြီးညှောင့်ရိုး တစ်ပတ်လည် ဆီးခုံအထက် ချက်အထိ ဝမ်းဗိုက်တစ်ပြင်လုံးကို လိမ်းပြီး အိပ်ရာဝင်ပါ။

အထက်ပါနည်းတို့သည် အဖိုးနည်းသော်လည်း အကျိုးမနည်းပါဟု ဆိုချင်ပါသည်။

(ဆေးတန်ဖိုး အကုန်အကျနည်းသော်လည်း ရောဂါ ပျောက်ကင်းစေသော အကျိုးအာနိသင်မှာ များပြားလှပါသည်။)

စာရေးသူ ဆရာကိုယ်တိုင် လက်တွေ့ကုသ ပျောက်ကင်းစေသော နည်းကောင်းများကို ဝေဒနာရှင် အပေါင်းအအတွက် စေတနာကောင်းဖြင့် ရေးသားတင်ပြလိုက်ပါသည်။

❒ ဦးမင်းဇင် (ရွှေနဝင်း)



www.burmeseclassic.com

www.burmeseclassic.com

ဇလွန်ကျော်ဦး

# ခဲဖိုး



ကျုပ် အိမ်ထောင်သက်ကိုသတိရပြီး ပြန်တွက်ကြည့်တော့ အားပါး နှစ်ပေါင်း (၄၁)နှစ်ပြည့်ခဲ့ပြီပဲ။ ခုလို နှစ်ပေါင်း (၄၁)နှစ်တင်းတင်း လက်ဖဝါးချင်းတွဲ၊ ခြေဖဝါးချင်းထပ်ပြီး မခွဲမခွာ ပါရမီဖြည့်ဖက် မိရွှေကြည်ကို ကြည့်လိုက်မိတယ်။

"ဟာ . . . ဟူ"

ကျုပ်ပါးစပ်ဖျားက အသံထွက်သွားမိတယ်။ ကြည့်လေ နှစ်ပေါင်း (၄၁) နှစ်တိတိ အိမ်ထောင်ရေးတာဝန်ထမ်းရင်း သားရေး၊ သမီးရေးပါမက မြေးတွေတာဝန်ပါ ခါးစည်းခံခဲ့ရတဲ့ ကျုပ်ဇနီး မိရွှေကြည် ခုတော့ အလိုလို စည်ပိုင်းခန္ဓာကိုယ်ကြီး ဖြစ်နေပါလား။

ကျုပ် မိရွှေကြည်အဖြစ်ကိုကြည့်ရင်း ပြုံးစစဖြစ်သွားမိတယ်။ ကျုပ်အဖြစ်ကို ထူးထူးခြားခြား တွေ့လိုက်ရတဲ့ မိရွှေကြည်က အကင်းပါးစွာနဲ့ ကျုပ်ကို မရမက မေးတော့တာ။

"ဘယ်လိုလဲ ကိုရင်၊ ဒီအရွယ်ကြီးရှိနေတာတောင် ငယ်ရည်းစားဟောင်းကို ပြန်သတိရပြီး ပြုံးနေတာ မဟုတ်လား၊ မှန်မှန်ပြောစမ်း"

ကျုပ် မိရွှေကြည်စကားကြောင့် သူခိုးလူမိခံရသလို ရင်တွေတဒိန်းဒိန်းခုန်သွားမိတယ်။ ကျုပ် ရင်မခုန်ဘဲ ရှိပါ့မလားဗျာ။ ကျုပ်ဘဝတစ်လျှောက်လုံး ရည်းစားသနံဆိုလို့ မိရွှေကြည်ကလွဲလို့ ဘယ်သူမှ မထားခဲ့ဖူးတာ အမှန်ပါ။

"ငယ်ရည်းစားကို သတိရပြီး ပြုံးနေတာမဟုတ်ဘူး မိရွှေကြည်ရေ၊ မိရွှေကြည် ကိုယ်လုံးကြီးကိုကြည့်ပြီး သဘောကျလို့ကွ၊ သဘောကျလို့"

"ဘာ ကိုရင်၊ ကျွန်မကိုယ်လုံးဟုတ်လား"

ကျုပ်စကားကြားမှ မိရွှေကြည်က စည်ပိုင်းကြီးလိုဖြစ်နေတဲ့ သူ့ခန္ဓာကိုယ်ကို အခါခါ လှည့်ပတ်ကြည့်ပြီး မျက်နှာကြီး နီမြန်းသွားတယ်။

"ဒီမှာကိုရင်၊ ကျွန်မကိုယ်လုံးကြီးကို ကြည့်ပြီး ကိုရင် စိတ်ပျက်သွားပြီပြီ၊

www.burmeseclassic.com

ဟုတ်လား၊ ဟုတ်မှာပေါ့လေ၊ ဟိုတုန်းက ကိုရင် ကျွန်မကို မယူခင်တုန်းက ကျွန်မ က ခါးသေးရင်ချီ ပဒုမ္မာနီလို့ ကိုရင်တဖွဖွ ပြောခဲ့တဲ့ စကားတွေ မေ့သွားပြီပေါ့ လေ၊ မေ့ပါ မေ့ပါ ကိုရင်ရယ်"

မိရွှေကြည်က ငိုမဲ့မဲ့မျက်နှာလေး နဲ့ ကျုပ်ကိုပြောပြီး မျက်ရည်လေး ဝဲနေ ရှာတယ်။

"ကျုပ် ကျုပ် ရွှေကြည့်ကို စတာ ပါ၊ ကျုပ် ဟိုတုန်းက ပြောခဲ့တဲ့စကား ကို မမေ့ပါဘူး ရွှေကြည်ရယ်၊ မငိုနဲ့နော်"

မရွှေကြည် စိတ်ကျေနပ်အောင် ချော့ရပြန်တယ်။ မချော့လို့ မဖြစ်ဘူး။ မိရွှေကြည်တို့က မျိုးနဲ့ရိုးနဲ့ ဒေါသအလွန် ကြီးတတ်သူတွေ။ ပြီးတော့ တောသူ အစစ်။ ကျုပ်နဲ့ နဖူးစာ ရွာလည်ပြီး နှစ်ပါးဂယေဆက်လို့ သွေးမပျက် လက် တွဲခဲ့တာ။ မိရွှေကြည်က မနောဖြူ အူစင်း။

ဒါပေမယ့် ကျုပ်အတွက် မနော မဖြူ အူမစင်းဘဲ စိတ်မချတာက ရှိနေ မှာ။

အဲဒီတုန်းက ကျုပ်က ပြည်တွင်း သင်္ဘောသားလေ။ သင်္ဘောသားဆို တော့ နယ်တကာ အရပ်တကာလှည့်ပြီး တာဝန်ထမ်းရတာ၊ ဒါကြောင့် မိရွှေ ကြည်က ကျုပ်သင်္ဘောက ပြန်လာတိုင်း ခဏ ခဏ မေးနေတဲ့ မေးခွန်း။

"ကိုရင် ကျွန်မကို မလိမ်နဲ့ မညာ နဲ့နော်၊ နောက်အသစ်တစ်ယောက် တွေ့ ရင်ပြော၊ ကျွန်မကိုယ်တိုင် လိုက်တောင်း ပေးမယ် သိလား"

အဲဒီလို တဲ့တိုးကြီးပြောပြောနေ တော့ ကျုပ် မိရွှေကြည်ကို ပိုပြီး သနား သွားမိတယ်။

ကျုပ်ကလည်း ကျုပ်ပဲ၊ နယ်စုံ ပယ်စုံကိုရောက်ဖူးလေတော့ မိရွှေကြည် ထက်သာတဲ့ အချောအလှ မဒီလေး တွေတွေ့ရင် စိတ်ကစားတတ်ချင်တာ သဘာဝပဲ မဟုတ်လား။

ဒါပေမယ့် အချောအလှ မဒီ ကညာလေးတွေတွေ့တိုင်း ကျုပ်မျက်စိ ထဲမှာ အလိုလို ပေါ်ပေါ်လာတာက ကျုပ်အိမ်သူ မိရွှေကြည်။

ပြီးတော့ ထပ်ဆင့်ပြီး ပေါ်လာ တာက ကျုပ်ယောက္ခမ အမကြီးရဲ့ တင်းမာခက်ထန်တဲ့ မျက်နှာ။

အဲ. . . ပြောရရင် ကျုပ်နဲ့ မိရွှေ ကြည် အိမ်ထောင်ကျပြီး မိရွှေကြည် မိဘတွေကို အလျဉ်းသင့်ရင်သင့်သလို ချောင်းဝရွာပြန်ပြီး ကန်တော့နေကျ။ ကျုပ်ကန်တော့တိုင်း ယောက္ခမအမကြီး က ကျုပ်အတွက် အပိုဆု ပေးပေးနေ တာ။

"ဒါပဲနော်-ကောင်လေး၊ ငါ့သမီး လေးကို ပတ်သွားဖို့ကြံရင် ဟောဒါကို ကြည့်"

ကျုပ်ယောက္ခမ အမကြီးက ဒေါသအလွန်ကြီးတတ်တာ ကျုပ် လက် တွေ့ မျက်တွေ့ မြင်ခဲ့ရတာ။ ကြည့်လေ ကျုပ်ကို ပြနေတာက မြည့်နေအောင် သွေးထားတဲ့ ထင်းခုတ်ဓားမကြီး။ ဒီထင်း ခုတ်ဓားမကြီးကို တွေ့တိုင်း ကျုပ် ရင် ခုန်နေရတာ။

ကျုပ် ရင်မခုန်ဘဲရှိပါ့မလားဗျာ။ ဒီထင်းခုတ်ဓားမကြီးကို ကြောက်လွန်း လို့ ကျုပ်နဲ့ မိရွှေကြည် ဒီအသက် အရွယ်အထိ ရွှေလက်မြဲမြဲ တွဲခဲ့ရတာ မဟုတ်လား။

ပြောရရင်တော့ ကျုပ် မိရွှေ ကြည်နဲ့ အိမ်ထောင်ကျစက သူတို့ရွာ ကိုသွားပြီး ကျုပ်ဘက်က မိဘဖသား ပီပီ တောင်းခဲ့တုန်းက အဖြစ်ပါ။

ဒီတုန်းက ကျုပ်ဘက်က ကျုပ် အဖေရယ်၊ ကျုပ်ဦးလေးရယ်ပဲ ပါတာ။ ရန်ကုန်ကနေ မော်တော်လေး တစ်နေ ကုန်စီးပြီး ညနေရောက်မှ မိရွှေကြည်တို့ ချောင်းဝရွာကို ရောက်တာ။ ချောင်းဝ ရွာ ဆိုတဲ့အတိုင်း မြစ်ကနေခွဲထွက်ပြီး ချောင်းနှစ်ခုထိပ်မှာရှိတဲ့ရွာ။

ကျုပ် မိရွှေကြည်တို့ နေတဲ့ ချောင်းဝရွာလေးကို တွေ့လိုက်ရတော့ အတော်အံ့ဩသွားတယ်။ ကြည့်လေ ဗျာ၊ အိမ်ခြေက ရှိလှမှ နှစ်ဆယ်ကျော် အစိတ်လောက်ပဲ ရှိတာကလား။ ကျုပ် ဘက်က မိရွှေကြည်ကို လာတောင်းတာ ကို သိလို့ ချောင်းကမ်းပါးတစ်ခုလုံးမှာ ရပ်ပြီး ဝိုင်းကြည့်နေကြတဲ့ ချောင်းဝသူ ချောင်းဝသားတွေ။

မော်တော်လေး ချောင်းကမ်း ဆိုက်တော့ ကျုပ်ကို မိန်းမ လိုက် တောင်းပေးတဲ့ ကျုပ်အဖေ မပြောနဲ့ မော်တော်လေးပေါ်ကနေ အရင်ဆုံး ချောင်းကမ်းပါးပေါ် တက်ဖို့ ဆင်းသွား တာ၊ ဗြုန်းဆို လတာပြင်ထဲမှာ နစ်နေ တဲ့အဖြစ်။

ကျုပ်လည်းဘာထူးမှာလဲ။ ကျုပ် အဖေ လတာပြင်ထဲမှာ နစ်နေလို့ ကူ ဖို့ ခုန်ဆင်းတော့ ကျုပ်ပါ လတာပြင် ထဲမှာ ထပ်ပြီးနစ်ခဲ့ရတာ။

နောက်ဆုံး ကျုပ်ယောက္ခမ အမကြီးက လတာပြင်ထဲကိုအပြေးဆင်း ပြီး ကူဆွဲလို့ ကျုပ်နဲ့ ကျုပ်အဖေ ချောင်း ကမ်းပေါ်ကို ရောက်ခဲ့တာ။

အိမ်ပေါ်ရောက်တော့ ကျုပ် မိန်းမ မိရွှေကြည်က ကျုပ်ကို ဒေါ ဖြစ်ဖြစ်နဲ့ ဆူတော့တာ။

"ကိုရင်ရယ် မသိရင် ရွှေကြည် ကို မေးပါလို့ ပြောထားတာ မေ့ လား၊ ခု ကိုရင့်အဖြစ်က ဘယ်လော ရှက်စရာကောင်းလဲ၊ တစ်ရွာလုံးက ကြည့်နေကြတာ"

"ရွှေကြည်ရယ် ကျုပ် အဖေ လတာထဲနစ်နေတော့ ကျုပ် ကူ ပစ်ထားလို့ ရမှာလား၊ အဖေက အ လို မြစ်ထဲက သောင်ပြင်မှတ်ပြီး ဆင်းတာလေ"

မိရွှေကြည် ပြောလည်း စရာ။ မိရွှေကြည်ကို တောင်းဖို့ သားပုံစံနဲ့ ဝတ်ဆင်ထားခဲ့တာ လား။ ခုလို ပုံစံကြီးနဲ့ ကျုပ် လတာ ထဲမှာ မရုန်းနိုင်ဘဲ နစ်ခဲ့တဲ့အဖြစ်။

ဒီလိုနဲ့ ကျုပ်အဖေက မိရွှေ မိဘတွေကို သားရေး သမီးရေး ပြောဆိုပြီး မင်္ဂလာကိစ္စကို ပြီး မိရွှေကြည်ကို ပြန်ခဲ့တာ။





www.burmeseclassic.com

www.burmeseclassic.com

မိန္ဒြေကြည် မိဘတွေကလည်း ကျုပ်နဲ့ သဘောတူခဲ့လို့ ကျုပ်အဖေ ကျုပ်အတွက် စိတ်အေးခဲ့တာ။ အဖေ စိတ်မအေးတာက ကျုပ် မိန်းမပြန်အပ်လို့ ပြဿနာတစ်ခုခုဖြစ်ခဲ့ရင် ကျုပ်ရယ်၊ ကျုပ်အဖေရယ်၊ ကျုပ်ဦးလေးရယ် ဒီသုံးယောက်ပဲ ရှိတာ။

မိန္ဒြေကြည်တို့ အရပ်ဒေသကို ခုမှပဲ ရောက်ဖူး ပေါက်ဖူးခဲ့ကြတာ မဟုတ်လား။ အရေးအကြောင်းဆို ဘယ်ပြေးကြမလဲ။ ပြီးတော့ ရွာစရိုက်၊ ရွာဓလေ့၊ ရွာထုံးစံဆိုတာ သိမှမသိဘဲ။ ခု မိန္ဒြေကြည်မိဘတွေက ကြည်ကြည်ဖြူဖြူ လက်ခံကြလို့ ကျုပ်အဖေ စိတ်အေးခဲ့ရတာ။

အဲဒီလိုနဲ့ နောက်နေ့မနက်မှာ ကျုပ်အဖေနဲ့ ကျုပ်ဦးလေး ကျုပ်ကို စိတ်ချလက်ချထားပြီး ပြန်သွားတော့ ကျုပ်တစ်ယောက်တည်း မိန္ဒြေကြည်တို့ ချောင်းဝရွာမှာ ကျန်ခဲ့တာ။

အဲဒီကတည်းက လင့်မျက်နှာ တစ်ရွာထင်ဆိုတဲ့စကားထက် ကျုပ်အဖို့ မိန်းမမျက်နှာတစ်ရွာထင်ပြီး နေခဲ့ရတာ။ ကျုပ်မိန်းမ မိန္ဒြေကြည်ကတော့ အားပေး ပါတယ်။

"ကိုရင် ဘာမှအားမငယ်နဲ့နော်၊ ကျွန်မတစ်ယောက်လုံး ရှိတယ်"

မိန္ဒြေကြည် ဘယ်လိုအားပေး အားပေး ကျုပ်စိတ်အားငယ်မိတာအမှန်ပဲ၊ ကြည့်လေ။

ကျုပ် အိမ်ပေါ်ထိုင်ပြီး လက်ဖက်ရည်ကြမ်းသောက်နေတုန်း အိမ်ဘေးပတ်ဝန်းကျင်မှာ ရွာက ကလေးလူကြီးတွေ အိမ်ထရံခန်ကြားကတစ်မျိုး၊ အိမ်ရှေ့ မလှမ်းမကမ်းကတစ်ဖုံ ကျုပ်ကို လာပြီး ချောင်းကြည့်နေကြတာ။

ဒီလိုနဲ့ ညမိုးချုပ်တော့ ကျုပ်က မျက်နှာစိမ်းဆိုတော့ ကျုပ်ယောက္ခမ အမကြီးက အားပေးစကား ပြောတော့ တာ။

"ဒီမယ်ကောင်လေး ဘာပဲဖြစ်ဖြစ် မကြောက်နဲ့ သိလား၊ ငါရှိတယ်"

ကျုပ်ယောက္ခမကြီးက တောသူ စစ်စစ်ဆိုတော့ စကားအသွယ်အဝိုက် မပါဘူး။ စကားပြောရင် တဲ့တိုးကြီး။ ဒီတော့ ကျုပ် အလိုလိုစဉ်းစားသွားမိတယ်။ ကြည့်လေဗျာ။

ကျုပ်ယောက္ခမကြီး ပြောတာက 'ဘာပဲဖြစ်ဖြစ်၊ မကြောက်နဲ့' ဆိုတဲ့ ထူးထူးခြားခြား စကားသံ။ ကျုပ်မိန်းမ မိန္ဒြေကြည်ကို ကျုပ်အားကိုးတကြီး ကြည့်လိုက်မိတယ်။

ကျုပ်မိန်းမ မိန္ဒြေကြည်က သူ့အရပ်နဲ့ သူ့ဇာတ်မို့လား မသိဘူး၊ ဘာမှ စိုးရိမ်ကြောင့်ကြတဲ့ မျက်နှာမပေါ်ဘူး။ ကျုပ်သာ ရှေ့ဘာဖြစ်ဦးမလဲ ဆိုတဲ့ အတွေးဆက်တွေနဲ့ အလိုလို ရင်ထိတ်နေတာ။

အဲဒီလိုနဲ့ ကျုပ်လည်း ယောက္ခမတွေနဲ့လက်ဖက်ရည်ကြမ်းအတူသောက်၊ စကားပြောပြီး ကျုပ်အတွက် သီးသန့်ပေးထားတဲ့ အိပ်ရာထဲမှာ ကျုပ် အိပ်လိုက်မိတယ်။ ကျုပ် အိပ်ပျော်စပဲရှိသေးတယ်။

"ဝုန်း. . . ဝုန်း"

ရုတ်တရက် အိမ်ခေါင်မိုးပေါ် ကျလာတဲ့ အသံနဲ့အတူ ကျုပ် အိပ်ရာက လန့်နိုးပြီး ကြည့်လိုက်မိတယ်။ တစ်အိမ်လုံး ဘာလှုပ်ရှားသံမှ မကြားရဘူး။ ဒီလောက်တဝုန်းဝုန်းအသံကြီးနဲ့ အိမ်ပေါ်ကျတာတောင် တုတ်တုတ်မလှုပ်ဘဲ အိပ်နေကြတာ။ ကျုပ်အတွက် အံ့သြစရာကြီး ဖြစ်နေမိတယ်။

"ဝုန်း"

"ဟာ"

ကျုပ် တွေးလို့မဆုံးသေးဘူး။ အိမ်ခေါင်မိုးပေါ် ထပ်ကျလာတဲ့ ခဲလုံးသံတွေ။ ကျုပ် ကြောက်လန့်တကြား အသံထွက်သွားမိတယ်။

ဒါပေမယ့် ကျုပ်ယောက္ခမကြီးကို မပြောရဲဘူး။ ကျုပ်တစ်ယောက်တည်း ချွေးစေးတွေပြန်ပြီး ကြောက်ဒူးတုန်နေရတာ။

"ဝုန်း ဝုန်း ဝုန်း"

ကျုပ် အိပ်ရာထဲမှာ ငုတ်တုတ်ကြီးထိုင်ပြီး မိုးမချုပ်ခင်က ကြည့်ထားတဲ့ ကျုပ်ဘေးနားက ကဲလားတံခါးပေါက်။ အရေးအကြောင်းဆို ဒီကဲလားတံခါးက ကျုပ်ထွက်ပြေးဖို့ စဉ်းစားနေရတာ၊ မစဉ်းစားလို့ မဖြစ်ဘူး။ ကျုပ်အဖေ မပြန်ခင် တဖွဖွမှာခဲ့တဲ့ စကားသံက ပြန်ပေါ်လာတယ်။

"လူလေးကို ထားခဲ့ရတာ အဖေ စိတ်မချဘူး၊ အကြောင်းကိစ္စရှိလာရင် အရင်ဆုံး ပြေးဖို့လမ်းကိုကြည့်ထား ဟို လူတစ်ယောက်က လူလေးကို ကြည့်ကြည့်နေတာ မရိုးသားဘူး၊ တစ်ခုခုများ ကြံစည်နေသလား မသိဘူး"

ကျုပ်အဖေ ပြောလည်း ပြောစရာ။ ကျုပ်က တစ်ရွာသားလေ။

သူတို့ရွာသူကို ယူတော့ ရွာကာလသားတွေက မနာလိုတဲ့အကြည့်တွေနဲ့ ဝိုင်းကြည့်နေတာက ကြက်သီးထစရာ မဟုတ်လား။

ကျုပ်တွေးနေတုန်း ဖြုန်းဆို ထပ်ဆင့်ပြီး တဝုန်းဝုန်းအသံနဲ့ ဆက်တိုက်ကျလာတဲ့ ခဲလုံးသံတွေ။ ကျုပ် ကမန်းကတန်း ကဲလားတံခါးပေါက်ကိုဖွင့်ပြီး ခုန်ဆင်းဖို့အလုပ် . . .

"ဘယ်သူတွေက ငါ့သမီး လင်ယူတာကို မကျေနပ်လို့ ခဲနဲ့ပစ်နေတာလဲ၊ ပြောစမ်း"

"ဝုန်း ဝုန်း"

"ပစ်ကြစမ်း၊ နင်တို့ပဲ ပစ်နိုင်မလား၊ ငါပဲ ဓားနဲ့ခုတ်နိုင်မလား၊ ကြည့်ကြပေါ့"

ကျုပ် ယောက္ခမ အမကြီးရဲ့ ဒေါသသံနဲ့အတူ ထပ်ဆင့်ပြီးကျလာတဲ့ ခဲလုံးသံတွေ။

ကျုပ်ယောက္ခမ အမကြီးက ဒေါသတကြီးနဲ့ တံခါးကိုကန်ဖွင့်ပြီး အိမ်ပြင်ကို အပြေးထွက်သွားတော့မှ ကျုပ် ယောက္ခမအထီးကြီးက လုံကြီးကိုင်ပြီး အိမ်ပေါ်ကနေ ခုန်ဆင်းသွားတယ်။ ဒီတော့ ကျုပ်မနေသာဘူး။ မိန္ဒြေကြည်ကို ခေါ်ရတာ။



www.burmeseclassic.com

www.burmeseclassic.com

"ရွှေကြည် ဟို နှင့်အဖေနဲ့အမေ ပြဿနာတွေဖြစ်နေပြီ၊ လိုက်ဆွဲစမ်းပါဦးဟာ"

"စိတ်အေးအေးထားစမ်းပါ ကိုရင်ရယ်၊ ဘာမှ မဖြစ်ပါဘူး"

"စိတ်အေးနေလို့ မဖြစ်ဘူး ရွှေကြည်၊ တော်ကြာ လူသတ်မှုတွေဖြစ်ရင် မလွယ်ဘူး၊ နှင့်အမေက ဓားနဲ့ နှင့်အဖေက လှံကြီးနဲ့"

"ဟွန်း. . . တွေ့ကြသေးတာပေါ့၊ ငါများ ဘာထင်နေကြတယ် မသိဘူး၊ ကိုယ့်ဟာကိုယ် မစွမ်းဆောင်နိုင်ဘဲ မနာလိုနေကြတာ၊ ငါ့သမီးကို နင်တို့နဲ့ မပေးစားနိုင်ဘူးဟေ့၊ ဟိုသင်းကို အမြီးဖြတ်ပြီး ပေးစားဘာ ဘာဖြစ်လဲ"

"ဗုဒ္ဓေါ"

ကျုပ် ယောက္ခမ အမကြီးရဲ့ ဒေါသတကြီးနဲ့ ပြောလိုက်တဲ့စကားကြောင့် ကျုပ်ရင်တွေပန်းတွေတောင် တုန်သွားမိတယ်။ ယောက္ခမ အမကြီးက အိမ်ပေါ်ပြန်ရောက်တာတောင် လက်ထဲမှာ ကိုင်ထားဆဲဖြစ်တဲ့ ထင်းခုတ်ဓားမကြီး။ ကျုပ်ယောက္ခမအမကြီးကို ကြည့်ပြီး ဖျံ့သွားမိတယ်။

"ဒီမယ်ကောင်လေး၊ ဒီကောင်တွေကို ငါ အပြတ်ရှင်းအောင် ခုတ်ခဲ့တယ်၊ အဲဒါ သေသလား ရှင်သလား မသိဘူး၊ မနက်ကျ သိရမယ်"

ယောက္ခမ အမကြီးက ကျုပ်ကို ပြောပြီး ထင်းခုတ်ဓားမကြီးကို အိပ်ရာဘေးမှာချပြီး ပြန်အိပ်သွားတာ။ ကျုပ်ကတော့ ကြောက်ဒူးတုန်ပြီး ဘုရားကိုတနေမိတယ်။ ကျုပ်တစ်သက် တစ်ခါပဲ ပြုရတဲ့ မင်္ဂလာပွဲ။ ခုလို အဖြစ်ဆိုးနဲ့ ကြုံတွေ့ရတာထက် ကျုပ်ယောက္ခမ အမကြီးပြောတဲ့ စကားကြောင့် ကျုပ်ရင်တွေပိုပြီးခုန်နေမိတယ်။ ယောက္ခမအမကြီးရဲ့ ထင်းခုတ်ဓားမကြီး ဓားချက်နဲ့ ဘယ်သူတွေ သေကြပြီလဲ။

အဲဒါနဲ့ မိုးလင်းရုံရှိသေးတယ်။ ကျုပ်မိန်းမ မိရွှေကြည်ကို အတင်းနိုးပြီး အိမ်အပြင်ဘက်ကို ကမန်းကတန်းထွက်လာမိတယ်။ ညက ယောက္ခမအမကြီးရဲ့ ဓားချက်ကြောင့် ဘယ်သူတွေ ဘာဖြစ်ကုန်ပြီလဲ။ ကျုပ် စိုးရိမ်စိတ်နဲ့ လာခဲ့မိတာ။ အဲ. . . ကျုပ်ယောက္ခမအထီးကြီး စိုက်ထားတဲ့ ငှက်ပျောတောကို တွေ့လိုက်ရမှ ကျုပ် ကြက်သီးတဖြန်းဖြန်း ထသွားမိတယ်။

ကြည့်လေ။ စိမ်းစိမ်းစိုစိုနဲ့ တွေ့ခဲ့ရတဲ့ ငှက်ပျောတောကြီး ခုတော့ အပိုင်းပိုင်း အတစ်တစ်နဲ့ အလဲလဲ အပြိုပြိုဖြစ်ကုန်ကြတာ။ ပြီးတော့ ငှက်ပျောတောထဲမှာ တွေ့ရတာက ပုဆိုးတွေ၊ ဖိနပ်တွေ၊ ဆေးလိပ်တိုတွေနဲ့ ပုစွန်ကျစ်စာခဲလုံးကြီးတွေ။ ဒီတော့မှ ညက အိမ်ကို ခဲနဲ့ပစ်ခဲ့တဲ့သူတွေက ငှက်ပျောတောထဲမှာပုန်းပြီး ခဲလုံးနဲ့ လှမ်းလှမ်းပစ်ခဲ့တာကိုး။

"ကျုပ် ရွှေကြည်တို့ရွာမှာ မနေရဲတော့ဘူး၊ မနက်ဖြန် ပြန်မယ်"

"ကိုရင် ပြန်လို့မရသေးဘူး၊ ရွာကာလသားတွေတောင်းတဲ့ ခဲဖိုးပေးပြီးမှ ပြန်လို့ရမှာ၊ အဲဒါ ကိုရင်မပေးရင် ဒီညလဲ ခဲမိုးရွာဦးမှာ"

ကျုပ်မိန်းမ မိရွှေကြည်ရဲ့စကားကြောင့် ကျုပ်မျက်လုံးတွေ ပြာဝေသွားသလို ရင်ထဲ တဒိုင်းဒိုင်းခုန်သွားမိတယ်။ ပြီးတော့ ညက ကြုံခဲ့ရတဲ့ တဝုန်းဝုန်း အသံနဲ့ ကျလာတဲ့ခဲမိုးတွေ။

"ဒါဆို ခဲဖိုးက ဘယ်လောက်ပေးရမှာလဲ ရွှေကြည်"

"သူတို့အပြောကတော့ ရွာသားအချင်းချင်းဆိုရင် သိပ်မများပါဘူးတဲ့၊ အဲ ကိုရင်က တစ်ရွာသားဆိုတော့ ပိုပေးရမှာ၊ အဲဒါ အမေက ခဲဖိုးများလို့ ဈေးဆစ်နေတာ၊ မကျေနပ်လို့ ညက ပစ်တာကိုရင်"

ဒါကြောင့် ကျုပ်ယောက္ခမအမကြီး ဒေါသထွက်ပြီး ခဲဖိုးတောင်းတဲ့သူတွေကို ထင်းခုတ်ဓားမကြီးနဲ့ လိုက်ခုတ်ခဲ့တာကိုး။

"ဟဲ ရွှေကြည်၊ နှင့်အမေကိုပြောလိုက်၊ သူတို့တောင်းတဲ့ ခဲဖိုး မြန်မြန်ပေးလိုက်ပါ၊ ဈေးမဆစ်နဲ့တော့လို့"

ကျုပ်လည်း မိရွှေကြည်ကိုပြောပြီး အိမ်ပြန်ရောက်တော့ အဝတ်အစားကို အမြန်ဆုံးထုပ်ပိုးပြီး မော်တော်လေးနဲ့ပြန်မယ်လို့ ယောက္ခမအမကြီးကိုပြောလိုက်မိတယ်။

"ဒီမှာကောင်လေး၊ စိတ်ပျက်သွားပြီး ပြန်ဖို့လုပ်နေတာလား၊ စိတ်မပျက်နဲ့၊ ကောင်လေးက ဒီရွာသားဖြစ်သွားပြီ၊ ဘယ်သူမှ နှောင့်ယှက်လို့မရဘူး အခု ခဲဖိုး မရမက တောင်းနေတာက ကောင်လေးရဲ့ယောက်ဖ ချက်ကြီးလေ၊ အဲဒါကြောင့် ငါစိတ်ဆိုးပြီး သင်းကို ဓားနဲ့လိုက်ခုတ်ခဲ့တာ၊ ဘယ့်နှယ်တော် ယောက်ဖအသစ်စက်စက်လေး မျက်နှာတောင် မထောက်ဘူး"

ကျုပ်ယောက္ခမ အမကြီး ထင်းခုတ်ဓားမကြီးကိုင်ပြီး ဒေါသဖြစ်နေတဲ့ မြင်ကွင်း။ ကျုပ်ယောက္ခမအမကြီးက သူ့သမီးမိရွှေကြည်ကို ကျုပ်ပစ်သွားမှာ စိတ်မချဘူးနဲ့ တူတယ်။ ကျုပ်နဲ့ မိရွှေကြည် အိမ်ထောင်သက် လေးဆယ်တင်းတင်းပြည့်မှဆုံးပါးခဲ့တာ၊ ဒါပေမယ့် ကျုပ်ယောက္ခမအမကြီးက မသေခင် ကျုပ်ကို ထင်းခုတ်ဓားမကြီးကို အမွေပေးခဲ့တာ။

"ကိုရင် ပြုံးပြန်ပြီလား၊ ကျွန်မကို မညာနဲ့နော်၊ ကိုရင့်ရင်ထဲမှာ တစ်ခုခု ရှိနေတာ အမှန်ပဲ"

"ရှိတယ် ရွှေကြည်ရေ ရှိတယ်၊ ယောက္ခမ အမကြီးရဲ့ ထင်းခုတ်ဓားမကြီးကြောင့် ကျုပ်နဲ့ ရွှေကြည် ခုလိုရွှေလက်မြဲခဲ့တာကို သတိရလို့ပေါ့ သတိရလို့"

ကျုပ်စကားလည်း ကြားရော မိရွှေကြည်ရဲ့ ပြုံးစစမျက်နှာနဲ့အတူ ပေါ်လာတဲ့ မျက်ဝန်းအကြည့်။ ကျုပ် မင်္ဂလာပွဲ ခဲမိုးကျသလို ထရံမှာ ထောင်ထားတဲ့ ဓားမကြီးကို ကြည့်ပြီး ရင်တွေတသိမ့်သိမ့် တုန်နေမိပြီမဟုတ်လား။

❒ ရွှေနှင်းပြာဦး





www.burmeseclassic.com

www.burmeseclassic.com



# ဦးလေးချစ် မိန်းမနိုင်ခဲ့ပုံက

## တင်အေးကျော် (အောင်လံ)

"ဦးလေးချစ် မနေ့က ဒေါ်လေးတင်မြကို ရိုက်လိုက်တာ ခေါင်းပေါက်သွားလို့ သုံးချက်တောင် ချုပ်လိုက်ရတယ်တဲ့"

ရုပ်ရှင်ရုံရှေ့သို့ စက်ဘီးဘရိတ်အုပ်ပြီး ရပ်လိုက်သည်နှင့် ကိုအေးကျော်အရင်ရောက်နေသော လုပ်ဖော်ကိုင်ဖက် တစ်ဦးဖြစ်သူ ကိုဝင်းအောင်က လှမ်းပြောလိုက်သံကြောင့် ကိုအေးကျော်တစ်ယောက် 'ဟိုက်ရှားဘား' ဟုတ,ရလောက်အောင် အလွန်ပင်အံ့အားသင့်သွားခဲ့ရသည်။ အမှန်တကယ်ပင် ထိုသတင်းကကိုအေးကျော်တစ်ယောက်တင်မကဘဲ ကြားရသူအပေါင်းကိုပါးစပ်ဟသွားလောက်အောင် အံ့ဩသွားစေခဲ့သည်မှာ အမှန်ပင်ဖြစ်သည်။

"ဟ. . . လုပ်စမ်းပါဦး ကိုဝင်းအောင်ရ၊ ဒါ ကမ္ဘာ့အံ့ဖွယ် သတင်းတစ်ခုပဲဗျ၊ ခင်ဗျား ဘယ်ကနေကြားလာတာလဲ၊ သေကောသေချာရဲ့လားဗျာ၊ တစ်ယောက်ယောက်က နောက်လိုက်တာ နေမှာပါ"

စက်ဘီးကို ရုံးခန်းထဲသို့ တွန်းဝင်လိုက်ရင်း ကိုအေးကျော်က ကိုဝင်းအောင်ကို ပြောလိုက်မိသည်။

"သေချာပါတယ်ဗျာ၊ ဒီသတင်းကို ကြားကြားချင်း ကျွန်တော်လဲ မယုံလို့ စောစောလေးကတင် လက်ဖက်ရည်ဆိုင်မှာ သောက်နေတဲ့ ဦးလေးချစ်ကို သွားမေးကြည့်ပြီးပြီ၊ ဟုတ်တယ်လဲ ဝန်မခံဘူး မဟုတ်ဘူးလို့လဲ မငြင်းလိုက်ဘူးဗျ၊ ပြုံးပြုံးကြီးလုပ်နေတယ်"

ဦးလေးချစ်က ကိုအေးကျော်တို့နှင့် ဌာနတစ်ခုတည်း ရုပ်ရှင်ရုံတစ်ရုံတည်းတွင် အတူတကွ တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းတစ်ဦး ဖြစ်သည်။ ထို့အပြင် ဦးလေးချစ်က ကိုအေးကျော်လိုပင် အရက်မသောက်၊ ကွမ်းမစား၊ ဆေးလိပ်မသောက်တတ်သူ တစ်ဦးဖြစ်သည်။ သို့ရာတွင် လက်ဖက်ရည် ကြိုက်တတ်တာကလည်း ကိုအေးကျော်နှင့်တူသဖြင့် တစ်ရုံးလုံးရှိ ဝန်ထမ်းအားလုံးထဲတွင် နှစ်ယောက်သားက တခြားသူများထက် ပိုတွဲဖြစ်ကြသည်။

ရုပ်ရှင်ရုံနားတွင် လက်ဖက်ရည်ဆိုင်က နှစ်ဆိုင်ရှိပြီး တရုတ်လက်ဖက်ရည်ဆိုင်နှင့် ကုလားလက်ဖက်ရည်ဆိုင်တို့ဖြစ်ကြသည်။ တစ်ခုပြောစရာရှိသည်မှာ လက်ဖက်ရည်ကြိုက်တာချင်းအတူတူ ကိုအေးကျော်က တစ်မြို့လုံးရှိ ကြိုက်ရာဆိုင်များတွင် သောက်ထက်သော်လည်း ဦးလေးချစ်ကတော့ ရုံးနားမှ တရုတ်လက်ဖက်ရည်ဆိုင်တွင်သာ စွဲမြဲမြဲ သောက်တတ်သည်။



www.burmeseclassic.com

www.burmeseclassic.com

အထူးသဖြင့် တရုတ်နှစ်ကူး၍ ဆိုင်ပိတ်ထားသည့်အခါ ပိတ်ရက် နှစ်ရက် သုံးရက်လုံး ဘယ်ဆိုင်မှ သွားမသောက်ဘဲ လက်ဖက်ရည် အငတ်ခံတတ်သည်။

ဦးလေးချစ်က အရပ်မနိမ့်မမြင့်နှင့် သဘောအလွန်ကောင်းသူဖြစ်ပြီး သူ့ကိုကြည့်လိုက်လျှင် ထာဝစဉ်ပြုံးရွှင်နေသော မျက်နှာနှင့် ချိုသာအေးချမ်းသော စကားပြောဆိုဟန်တို့ကြောင့် ပြောဆို ဆက်ဆံရသည့်လူတိုင်း စိတ်ချမ်းသာကြရသည်။

သားကြီး၊ သမီးကြီးများ ရှိပြီး သမီးအကြီးဆုံးမှာ ကိုအေးကျော်နှင့် ကျောင်းနေဖက်သူငယ်ချင်းတစ်ဦး ဖြစ်သောကြောင့်လည်း ဦးလေးချစ်နှင့် ကိုအေးကျော်က တခြားသူများထက် ပိုခင်မင်ခဲ့ခြင်း ဖြစ်သည်။

ဦးလေးချစ်မိန်းမ ဒေါ်လေးတင်မြကတော့ အရပ်အမောင်း ထောင်ထောင်မောင်းမောင်းနှင့် စကားပြောဆိုရာတွင်လည်း ဦးလေးချစ်နှင့်ပြောင်းပြန် အသံကျယ်ကျယ်နှင့်ပြောဆိုတတ်သည်။ ဒေါ်လေးတင်မြကလည်း ပင်ကိုက ဦးလေးချစ်လိုပင် သဘောကောင်းသူတစ်ဦးဖြစ်သော်လည်း ခြွင်းချက်အနေနှင့် ပြောဆိုရပါလျှင် ဦးလေးချစ်အား အလွန်နိုင်ခြင်းပင် ဖြစ်သည်။

သက်တူရွယ်တူဖြစ်၍လား ဒါမှမဟုတ် ငယ်နိုင်ဖြစ်နေ၍လားတော့ မသိပေ။ ဦးလေးချစ်ကိုခေါ်လျှင် ဘယ်တော့မှ 'ကို'ဖြစ်စေ၊ 'ဦး'ဖြစ်စေ ရှေ့မှတပ်မခေါ်ဘဲ မောင်ချစ်ဟုသာ အသံပြတ်နှင့် ခေါ်လေ့ရှိသလို လူရှေ့မရှောင် သူရှေ့မရှောင် မကျေနပ်ချက်ရှိပါက ဆူညံပူညံ လုပ်လေ့ရှိသည်။

ဘေးမှကြားရသူ ကိုအေးကျော်တို့ပင် ကြားခါစက နားထဲတွင် တစ်မျိုးကြီးဖြစ်ကာ ဦးလေးချစ်အတွက် ကြားမှ မခံချင်ဖြစ်ကြသော်လည်း ဦးလေးချစ်က သူ့ပုံစံအတိုင်း ခပ်ပြုံးပြုံးနှင့်သာ သည်းခံနေသဖြင့် ကြားသုံးကြားမဝင်ရဆိုသည့်စကားကလည်း ရှိနေပြန်သောကြောင့် ဘာမှဝင်မပြောသာတော့ပေ။

ယခုတော့ ဦးလေးချစ် လက်ချက်ကြောင့်ဒေါ်လေးတင်မြတစ်ယောက် ခေါင်းပေါက်သွား၍ သုံးချက်ချုပ်လိုက်ရသည်ဆိုသည့်စကားက ကိုအေးကျော်တို့ ကြားရသူအပေါင်းကို အံ့ဩသွားစေခဲ့သည်မှာ အလွန်တော့ မဟုတ်ပေ။

အမှန်တကယ် ပြောရပါလျှင် ဒေါ်လေးတင်မြအတွက် စိတ်မကောင်းဖြစ်ရသော်လည်း အမြဲတမ်းအနိုင်ခံနေရသော ဦးလေးချစ်အတွက် ကိုအေးကျော်တို့ ကျိတ်ပြီးဝမ်းသာကြသည်။

ကိုအေးကျော် ရုံးခန်းထဲတွင် စက်ဘီးကိုထားခဲ့ပြီး ဦးလေးချစ်သောက်နေကျ တရုတ်လက်ဖက်ရည်ဆိုင်သို့ ထွက်လာခဲ့သည်။ စားပွဲတစ်လုံးတွင် လက်ဖက်ရည် ထိုင်သောက်နေသော ဦးလေးချစ်က ကိုအေးကျော်ကို မြင်လိုက်သည်နှင့် လှမ်းလက်ပြလိုက်ပြီး တစ်ဆက်တည်း စားပွဲထိုးလေးအား လှမ်းမှာလိုက်သည်။

"ဒီကိုလာဟေ့ မောင်အေးကျော် ဟေ့ ကလေး ချိုဆိမ့်တစ်ခွက်ဟေ့"

ကိုအေးကျော်က စားပွဲတွင်ဝင်ထိုင်လိုက်ပြီး ဦးလေးချစ်ကို မေးလိုက်မိသည်။

"ဦးလေးချစ်ရာ ဘယ်လိုဖြစ်လို့ ဒီလောက်တောင် ခြေလွန်လက်လွန် လုပ်လိုက်ရတာလဲ၊ နည်းနည်းပါးပါး ရိုက်လိုက်နှက်လိုက်တယ်ဆို ထားပါတော့၊ သည်းမခံနိုင်လောက်အောင် ဘာတွေပြော ဘာတွေလုပ်လို့ ခေါင်းပေါက်အောင်အထိ ဖြစ်သွားရတာလဲ၊ ပြောနိုင်ရင် ပြောပြပါဦးဗျာ"

ဦးလေးချစ်က သူ့ဝသီအတိုင်းပင် ခပ်ပြုံးပြုံးကြီးဖြင့် ပြန်ပြောခဲ့သည်။

"ကဲပါကွာ မောင်မအေးကျော်ကလဲ လက်ဖက်ရည် သောက်မှာသာ သောက်စမ်းပါ၊ အထွေအထူး မဟုတ်ပါဘူး၊ သည်းခံရပေါင်းက များနေပြီကွ၊ ဒါကြောင့် ဒီတစ်ကြိမ်တော့ လက်ပါသွားတယ်လို့ပဲ မင်းတို့သိထားကြပေါ့ကွာ"

"ဦးလေးသားသမီးတွေက အခုဖြစ်တဲ့ကိစ္စမှာ ဦးလေးကို လွန်တယ်လို့ အပြစ်မတင်ကြဘူးလား"

"ဖြစ်စတုန်းကတော့ နည်းနည်းပါးပါး ပြောကြတာပေါ့ကွာ၊ ဒါပေမယ့် သူတို့အမေအကြောင်းကိုလဲ သိနေကြတော့ ပြင်းပြင်းထန်ထန်တော့ အပြစ်မတင်ကြပါဘူး"

အလုပ်ချိန်နီးနေပြီဖြစ်၍ နှစ်ယောက်သား ပြောလက်စစကားကို ဖြတ်ကာ ရုံးဘက်သို့ ထွက်ခဲ့ကြသည်။ ကိုအေးကျော် သတိထားမိသည့်အချက်မှာ ရန်ဖြစ်သည့်နေ့ကစပြီး ဦးလေးချစ် အိမ်သို့မပြန်ဘဲ ထမင်းကို ဆိုင်တွင်ဝယ်စားသလို ညအိပ်လျှင်လည်း ရုံးမှာသာ အိပ်သည်။

ရန်ဖြစ်ပြီး သုံးလေးရက်ခန့်ကြာတော့မှ ဦးလေးချစ် သားသမီးများက အတင်းအကျပ်လာခေါ်ကြသည့်အတွက် အိမ်သို့ ပြန်ပါသွားခဲ့သည်။

●

နောက်ပိုင်းရက်များတွင် ဒေါ်လေးတင်မြတစ်ယောက် ယခင်ကလို ဦးလေးချစ်အား လူရှေ့သူရှေ့တွင် ဆူညံပူညံ သိပ်မလုပ်ရဲတော့သလို ယခင်ခေါ်နေကျ အသံပြတ်ဖြင့် မောင်ချစ်ဟုပင် မခေါ်တော့ဘဲ ရှေ့မှ ကိုတစ်လုံးတပ်ကာ ကိုမောင်ချစ်ဟုပြောင်းခေါ်ခဲ့သဖြင့် ကိုအေးကျော်တို့ ကြားကြရသူအပေါင်း ဦးလေးချစ်အတွက် စိတ်ချမ်းသာခဲ့ကြရသည်။

တစ်သက်လုံး ရိုက်ရန်နှက်ရန် ဝေးစွ စကားတစ်ခွန်းတလေမှပင် ပြန်ခံမပြောရဲခဲ့သည့် ဦးလေးချစ်က တစ်ရက်တည်းနှင့် ဒေါ်လေးတင်မြတစ်ယောက် မှတ်လောက်သားလောက်အောင် ဆုံးမခဲ့သည့်အတွက်လည်း ဦးလေးချစ်ကို ခင်မင်ကြသူအပေါင်းက အထင်ကြီးသွားကြသည်။

www.burmeseclassic.com

ဦးလေးချစ်တို့ ပြဿနာဖြစ်ပြီး တစ်ပတ်ခန့်အကြာတွင် ကိုအေးကျော် တစ်ယောက် အိမ်မှ မှာလိုက်သည့် ပြောင်းဖူးပြုတ်ဝယ်ရန် စက်ဘီးနှင့်ထွက်လာခဲ့သည်။ ပြောင်းဖူးထဲတွင် အောင်လံပြောင်းဖူးက စားကြည့်လျှင် နူးညံ့ပြီး အရသာလည်းရှိသဖြင့် နာမည်ကြီးပြီး ရောင်းချသည့်ဆိုင်ကလည်း များများစားစား သိပ်မရှိလှပေ။

ပြောင်းဖူးပေါ်ချိန်ရောက်လျှင် ပြောင်းခင်းတစ်ခင်းလုံး အပြုတ်ဝယ်ကာ ရောင်းချသဖြင့် အောင်လံပြောင်းရောင်းချသည့်ဆိုင်က တစ်မြို့လုံးတွင် တစ်ဆိုင်နှစ်ဆိုင်ထက် ပိုမရှိတတ်ပေ။

ဝယ်နေကျ ပြောင်းဖူးပြုတ်ဆိုင်ရှေ့သို့ စက်ဘီးရပ်လိုက်သည်နှင့် ခင်မင်ရင်းနှီးနေသည့် ဆိုင်ရှင်လင်မယားက ကိုအေးကျော်ကို လှမ်းနှုတ်ဆက်လိုက်သည်။

"ကိုအေးကျော်တောင် လာမဝယ်တာ တော်တော်ကြာနေပြီနော်၊ ဘယ်လိုဖြစ်တာလဲ ကျွန်တော်တို့ဆိုင်မှာ မဝယ်ဘဲ တခြားဆိုင်မှာ ဝယ်နေတယ် ထင်တယ်"

"မဝယ်ရပါဘူးဗျာ၊ အခုတစ်လော ရုံးမှာကလဲ ဇာတ်ကားကောင်းတွေတင်တော့ နားကိုမနားရဘူး၊ အိမ်အလုပ်ကလေးတွေကလဲ နည်းနည်းပါးပါး ရှုပ်နေလို့ မရောက်ဖြစ်တာပါ၊ ဆယ်ဖူးလောက် စည်းပေးပါဗျာ"

"ဒါထက် ကိုအေးကျော် မိတ်ဆွေကြီးတို့ လင်မယားကော ဘာတွေဆက်ဖြစ်ကြသေးသလဲ၊ ဒဏ်ရာကနည်းနည်းများတော့ တစ်ခုခုဖြစ်မှာကျွန်တော်တို့က စိတ်ပူနေကြတာ"

"ဘယ်သူ့ကို ပြောနေကြတာလဲဗျ၊ ဘယ်သူတွေ ရန်ဖြစ်ကြလို့ ဒဏ်ရာတွေ ဘာတွေ ရကုန်ကြတာလဲ"

"ဟ ခင်ဗျားကလဲ ဒီလောက်တောင် ခင်မင်နေပြီး ဘာမှမသိဘူးလို့ဗျာ၊ ဘယ်သူ့ကိုပြောရမလဲ၊ ခင်ဗျားတို့ရုံက ဦးလေးချစ်တို့ကို ပြောတာပေါ့၊ ပြီးခဲ့တဲ့ရက်ပိုင်းက ကျွန်တော့်ဆိုင်ရှေ့မှာ လင်မယား ရန်ဖြစ်ကြတယ်လေ"

"ဟုတ်လား၊ ခင်ဗျားဆိုင်ရှေ့မှာ ဖြစ်ကြတာလား မသိပါဘူးဗျာ၊ ကျွန်တော်က အိမ်မှာဖြစ်ကြတယ်လို့ ထင်နေတာ"

"ဟုတ်ပါ့ဗျာ၊ အဲဒီနေ့က နေ့လယ်ပိုင်းလောက် ဦးလေးချစ် တစ်ယောက်တည်း ပြောင်းဖူးလာဝယ်တာဗျ၊ အဲဒါ ခဏကြာတော့ သူ့အဘွားကြီး နောက်က လိုက်လာကြပြီး အိမ်မှာဘာတွေ မကျေမနပ်ဖြစ်လာတယ် မသိပါဘူး၊ သူ့ဝသီအတိုင်းလူရှေ့သူရှေ့မရှောင် ပူညံပူညံနဲ့လုပ်တယ်၊ ဒီတစ်ခါတော့ ဦးလေးကလဲ ဘာတွေစိတ်မကြည်လင်လာသလဲ မပြောတတ်ဘူး၊ ခါတိုင်းလို ပြုံးမနေဘဲ မျက်နှာကြီးနီပြီး တော်တော်ဒေါသထွက်နေပုံပဲဗျ၊ ဒေါ်လေးတင်မြလဲ ပူညံပူညံလုပ်ပြီး ထွက်သွားရော မပြောမဆို အုတ်ခဲကျိုးတစ်လုံးကောက်ပြီး ခပ်လှမ်းလှမ်းမှာ ပြောင်းဖူးရိုးစားနေတဲ့ နွားကြီးကို ခဲနဲ့လှမ်းထုတယ်၊ ခင်ဗျားသိတဲ့အတိုင်း နွားသားရေက ခပ်ထူထူအပြင် နွားရဲ့နောက်ဘက် အရိုးတည့်တည့်ကို သွားမှန်တော့ ဘယ်လိုကဘယ်လို ဖြစ်သွားသလဲ မသိပါဘူး၊ နွားကိုယ်ကနေ ခဲက ပြန်ကန်ထွက်လာပြီး နောက်ကျောပေးသွားနေတဲ့ ဒေါ်လေးတင်မြရဲ့ ခေါင်းနောက်ကို တည့်တည့်ကြီး ထိသွားတာဗျို့၊ သွေးတွေကလဲ ဖြာခနဲကျလာပြီး ရုတ်တရက် ဒေါ်လေးလဲ နာလဲနာ အံ့လဲ အံ့ဩသွားပုံရတယ်၊ ခဏကြာတော့မှ ခေါင်းကကျလာတဲ့ သွေးတွေကို တွေ့သွားပြီး ပါးစပ်ကလဲ 'လုပ်ကြပါဦး မောင်ချစ် ငါ့ကိုရိုက်နေတယ်'ဆိုပြီး အော်ပြေးသွားတယ်ဗျ"

"ဒါဆို ဦးလေးချစ်က ဒေါ်လေးကို အုတ်ခဲနဲ့ တည့်တည့်ပစ်လိုက်တာ မဟုတ်ဘူးပေါ့"

"ဘယ်က ဟုတ်ရမှာလဲဗျာ၊ စိတ်ကလဲတို မိန်းမကိုလဲ မလုပ်ရဲတာနဲ့ အနားမှာရှိတဲ့ နွားကြီးကို မဲပြီး ခဲနဲ့ထုလိုက်တာ ကံဆိုးပြီး ဒေါ်လေးတင်မြကို သွားမှန်တာဗျ"

ကိုအေးကျော် ယခုမှ ဇာတ်ရည်လည်သွားတော့သည်။ ထို့ကြောင့် ပြောင်းဖူးပြုတ်သည့် လင်မယားအား နှုတ်ဆက်ကာ ပြန်ခဲ့သည်။

ညနေစောင်း ရုံးတွင် ဦးလေးချစ်နှင့်တွေ့တော့ အသာလက်တို့ခေါ်ကာ တရုတ်လက်ဖက်ရည်ဆိုင်ထဲတွင်အနည်းငယ် အစ်အောက်ကြည့်လိုက်ရာ တစ်ခါတည်း တန်းပေါ်တော့သည်။

"နေပါဦး၊ မင်းကို ဘယ်သူက ပြောလိုက်လို့ ဘယ်ကနေကြားလာတာလဲ၊ ဟုတ်တယ်ကွ၊ မင်းကြားခဲ့တာ အမှန်ပဲ၊ ဒါပေမယ့် ဒီကိစ္စကို မင်းဒေါ်လေး မသိပါစေနဲ့ကွာ၊ တခြားဘယ်သူ့ကိုမှလဲ မပြောပါနဲ့၊ တော်ကြာသိသွားလို့ အရင်ကလို ပြန်ပြီးပူညံပူညံလုပ်နေရင် မလွယ်ဘူးကွ၊ အခုဆို အရင်ကလို သိပ်မပြောရဲဘဲ ငါ့ကို နည်းနည်းလန့်သွားတာတော့ အမှန်ပဲကွ၊ ဒါကြောင့် မင်းကို ငါ အမြဲတမ်း လက်ဖက်ရည်ဒကာ ခံပါ့မယ်ကွာ၊ အဲဒီအကြောင်းကိုတော့ ဘယ်သူ့ကိုမှ ပြောမပြလိုက်ပါနဲ့"

ထိုနေ့မှစ၍ လက်ဖက်ရည်သောက်လျှင် ဦးလေးချစ်က အမြဲတမ်း ဒကာခံ၍ ရှင်းခဲ့သည်မှာ ကိုအေးကျော် ရုပ်ရှင်ရုံအလုပ်မှ ထွက်လာခဲ့သည်အထိပင် ဖြစ်သည်။

အဓိကကျသည့် ပြောင်းဖူးပြုတ်သည် လင်မယားကိုတော့ ဦးလေးချစ်တစ်ယောက် မည်သို့မည်ပုံ စည်းရုံးခဲ့မှန်း ကိုအေးကျော် မသိခဲ့ပါ။

ယခုတော့ ဦးလေးချစ်ရော ဒေါ်လေးတင်မြပါ နှစ်ဦးစလုံး ကွယ်လွန်ခဲ့ကြပြီဖြစ်သည့်အတွက် ထိုလျှို့ဝှက်ချက်ကို ကိုအေးကျော် ဖော်ထောင်လုပ်လိုက်ရခြင်း ဖြစ်ပါတော့သည်။

❒ ထင်ခဲအေးကျော်(အောင်ဆေး)



www.burmeseclassic.com

www.burmeseclassic.com

အဲဒီအကြောင်းများ အခုတွေး အခုရယ်ချင်သေးတယ်။ နှစ်ပေါင်း (၂၀) ကျော်သွားတယ်။ အဖြစ်မှန်ကို ခုထိ ဟိုကောင်မသိသေးဘူး။ ဟိုကောင် ဆိုတာက ဝင်းနိုင်ကိုပြောတာပါ။ ကျုပ် ဘော်ဒါပေါ့။ ဒီကောင်စိတ်ရင်းစေတနာ ကောင်းပါတယ်။ (အရက် မသောက် ထားရင်ပေါ့) ဒီကောင် အရက်သောက် လို့ ရေချိန်လွန်သွားပြီ ဆိုလို့ကတော့ စက်ရုံထဲမှာ ဘယ်သူ့ကိုမှ ချမ်းသာမပေး ဘူး။ ပြဿနာ တွင်တွင်ရှာတော့တာပဲ။

သူ ပြဿနာရှာပုံက ခိုက်ရန် ဒေါသဖြစ်ဖို့တော့ မဟုတ်ဘူး။ အရစ် ရှည်တာ၊ ဂျပန်မူလီထက် ပိုရှည်တယ်။ ဒါကြောင့်လည်း ညနေဘက် အလုပ် တာဝန်ပြီးလို့ရှိရင် ဒီကောင့်ကိုပဲ ကြည့် နေကြရတယ်။ သူက စက်ရုံပိုင်ရှင်ရဲ့ညီ ဝမ်းကွဲလည်းဖြစ်၊ စက်ရုံမန်နေဂျာလည်း ဖြစ်တော့ သူ့အန္တအတာကို အားလုံးက သည်းခံခွင့်လွှတ်ပေးကြပါတယ်။

စက်ရုံဝန်ထမ်းတွေကို တစ်နေ့ တာ လုပ်ခရှင်းပေးပြီး သူ့အိမ်သူ ပြန် သွားပြီဆိုလို့ကတော့ စက်ရုံဝင်းထဲမှာ အေးဆေး ကလေးမွေးပဲ။ မပြန်သေးဘဲ အလုပ်သမား တစ်ယောက်ယောက်ကို ဘီယာဝယ်ခိုင်းလိုက်တယ်ဆိုတဲ့ ညနေ ကတော့ ည ၉ နာရီ ၁၀ နာရီထိ အား ရအောင် ရစ်ပြီးမှကို ပြန်တော့တာ။ ဒါကို သိထားတဲ့ အလုပ်သမား တော် တော်များများက . . .

"ဟော့ . . . ဂျာရစ်တော့မယ်၊ လစ်ကြစို့" ဆိုပြီး ရှောင်ပြေးလိုက်ကြ တာ ဂိုမ်းစ်ဘွန်းမင်းသား ရှောင်ကွန်နရီ





www.burmeseclassic.com

www.burmeseclassic.com

တွေ ဖြစ်ကုန်ကြတယ်။ ဂျာရစ်ဆိုတာက တခြားကြောင့်မဟုတ်ဘူး။ ဒီကောင်က မန်နေဂျာဆိုတော့ ရစ်လည်းရစ်တာနဲ့ ပေါင်းပြီး ဂျာရစ်ဆိုရင် သဘောပေါက်နေကြပြီ။

ဒီနေ့ညတော့ ရစ်တော့မယ်ဆိုတာကို။ ကျုပ်ကိုလည်း သူရစ်ဖူးပါတယ်။ ကျုပ်က အရှောင်အတိမ်း ဂျက်စီဂျိမ်း အလုပ်ကောင်းလို့ ဒီကောင်နဲ့ထိပ်တိုက်သိပ်မတွေ့ဖြစ်ခဲ့ဘူး။

တစ်နေ့တော့ ကျွားနဲ့ဆင် လယ်ပြင်မှာ တွေ့ကြပါလေရော။ အဲဒီနေ့ကို ပြောတာပေါ့။ နှစ်ပေါင်း (၂၀)သာကြာသွားတယ်။

အခုတွေးရင် အခုရယ်ချင်နေဘုန်းပဲဆိုတဲ့ နေ့လေ။ ၁၉၉၃ ခုနှစ်က နေ့တစ်နေ့လို့ပဲ ဆိုကြပါစို့။

ကျုပ်က ရန်ကုန်မှာ အလုပ်လာလုပ်တာ၊ စက်ရုံမှာ အိပ်၊ စက်ရုံမှာ စားနဲ့ ရွာကို မပြန်ဖြစ်တာတောင် သုံးလကျော်နေပြီ။

ကျုပ်က လူပျိုကြီးဖြစ်မှ အိမ်ထောင်ကျတာ။ ကျုပ်ဇနီးက ကျုပ်တို့ မော်လမြိုင်ဘက်ကပါပဲ။ သူကလည်း အပျိုကြီးဘဝနဲ့ကျမှ ကျုပ်နဲ့ လူကြီးတွေပေးစားလို့ ယူဖြစ်ခဲ့ကြတာ။ အိမ်ထောင်ကျပြီး ရွာမှာ ရက် ၂၀ လောက်ပဲ နေခဲ့ရတာပါ။

အလုပ်ရှိရာ ရန်ကုန်ကို ကျုပ်ပြန်လာတော့ ဇနီးချောက ရွာမှာ ကျန်ခဲ့ရှာတာပေါ့ဗျာ။ ပူပူနွေးနွေး ခွဲခဲ့ရတော့ ကျုပ်က ရန်ကုန်မှာ အလုပ်သာလုပ်နေရတယ်၊ သိတယ် မဟုတ်လား။

စိတ်ကတော့ သူ့ဆီမှာပဲရောက်နေမယ်ဆိုတာ ခင်ဗျားတို့ တွေးမိကြမှာပါ။ ဒီလကုန်ရင် လစာထုတ်ပြီး ရွာခဏပြန်ဦးမယ်လို့ အားခဲထားတာ။ မထင်မှတ်ဘဲ ကျုပ်ဇနီးဆီက ဖုန်းရောက်လာတယ်။

အဲဒီမှာ စတွေ့တော့တာပဲ။

"တာယာ. . . စက်ရုံကပါလား ခင်ဗျာ"

"ဟုတ်ပါတယ်၊ ကျွန်တော်စက်ရုံမန်နေဂျာ ဝင်းနိုင်ပါ၊ ဘယ်သူနဲ့တွေ့ချင်လို့ပါလဲ"

"ကိုမွန်ကြီးနဲ့ ခဏတွေ့ချင်လို့ပါ၊ ကျွန်တော် ရင်းငြိမ်ရွာ တယ်လီဖုန်းအိပ်ချိန်းရုံးက ဆက်တာပါ"

"ကိုမွန်ကြီး မြေနီကုန်းကို ပစ္စည်းသွားပို့နေပါတယ်၊ ကျွန်တော့်ကို ပြောလို့ရရင် ပြောပါ၊ ကျွန်တော် ပြန်ပြောပေးပါ့မယ်"

"ဟုတ်ကဲ့၊ ရပါတယ်၊ ဒီနေ့ညနေရထားနဲ့ ကိုမွန်ကြီး အမျိုးသမီး ရန်ကုန်ကို ရောက်ပါမယ်၊ သူ့အမျိုးတွေနဲ့ လိုက်လာတာပါ၊ အဲဒါ ကိုမွန်ကြီးကို ဘူတာမှာ ဆက်ဆက်ဆင်းကြိုပေးဖို့ ပြောပေးပါခင်ဗျာ"

"ဟုတ်ကဲ့ စိတ်ချပါ၊ ပြောလိုက်ပါ့မယ် ခင်ဗျာ"

စက်ရုံဖုန်းက ရုံးခန်းမှာပဲ ရှိတာဆိုတော့ ဝင်းနိုင်နဲ့ တန်းတိုးနေတော့ ဒီကောင် အဲဒီအချိန်ကစပြီး ပြဿနာရှာတော့တာပါပဲ။ ကျွန်တော် ပစ္စည်းပို့ပြီး စက်ရုံဝင်းထဲ ရောက်ရောက်ချင်းမှာပဲ . . .

"ကိုမွန်ကြီး လာဦး၊ ခင်ဗျားကို အရေးတကြီး ပြောစရာရှိတယ်"

"ဝင်းနိုင်ရယ် ငါ ဒီမှာ အလုပ်များနေတယ်ကွာ၊ မင်း နောက်ချင်ရင်လဲ နောက်မှပြောတော့"

ဒီကောင်က တစ်ခါတလေ အခုလိုပဲ အတည်ပေါက်ဟန်နဲ့ နောက်တတ်စတတ်သူမို့ ကျုပ်က သိပ်မယုံဘူးလေ။

"အေး. . . ရတယ်၊ ခင်ဗျားက ကျွန်တော် စတယ်ထင်ရင် ပြီးတာပဲ၊ ခင်ဗျားချစ်ချစ်ကြီးဆီကဘက်လားသတင်း မကြားချင်ရင်နေ၊ နောက်မှ ကျွန်တော့် အဆိုး မဆိုနဲ့နော်"

ဒီကောင်ရဲ့လေသံ ဟန်ပန်ကို ခန့်မှန်းကြည့်တော့ အတည်ပြောနေပုံရှုတယ်။ နောက်ပြီး ကျုပ်ဇနီးဆီက သတင်းဆိုတော့ ကျုပ်လည်း သိပ်မမူရဲတော့ဘူးလေ။

ဒါကြောင့် မျက်နှာချိုသွေးပြီး-

"စိတ်မဆိုးပါနဲ့ ငါ့ညီရယ်၊ လာပါပြီကွာ၊ လာပါပြီ"

ကျုပ်လည်း အပြေးလေး သူ့ဆီသွားလိုက်ပါတယ်။

"ဒီလိုနဲ့ ဘယ်ရမလဲ၊ ဘီယာ နှစ်လုံးဖိုး ထုတ်မှပြောမယ်"

"မင်းကလဲကွာ ငါပိုက်ဆံစုနေတာကို သိရက်သားနဲ့ ဘီယာနှစ်လုံးဖိုးတောင် မလုပ်ပါနဲ့ကွာ"

"ဒါဆိုလဲ ရတယ်၊ မပြောရုံဘဲ ဒီသတင်းကလေ ခင်ဗျားအတွက် ရေဝတ်တုန်း ရေတွင်းထဲကျသလိုပဲ၊ ဘီယာနှစ်လုံး မပြောနဲ့ ဘီယာတစ်ကတ်နဲ့တောင် တန်တယ်နော်"

ဒီကောင့်အကြောင်းကို သိထားတာမို့ ကျုပ် ဈေးထပ်မဆစ်ရဲတော့ဘူး။ ဒါတောင် လက်ငင်းပေးလိုက်မှ ကိုယ်တော်ချောက ပြောတာ။

"ညနေ ၄ နာရီထိုးတာနဲ့ခင်ဗျား အလုပ်သိမ်းတော့၊ ရန်ကုန်ဘူတာကြီးမှာ ခင်ဗျား ချစ်ချစ်ကြီးကို သွားကြိုလိုက်၊ ၆ နာရီဆိုက်မယ့် မော်လမြိုင်ရထားနဲ့ ပါလာလိမ့်မယ်"

အဲဒီတုန်းက ကျုပ်အတွက်တော့ သိန်းဆုကြီးပေါက်တယ်ဆိုတဲ့ သတင်းကို ကြားလိုက်ရသလိုပဲ ရင်ထဲမှာ ဖိုးသိုးဖတ်သတ်နဲ့ အလုပ်သာဆက်လုပ်နေရတယ်၊ လူက ကကုန်ကယင်ကြီးကို ဖြစ်နေတော့တာပဲ။

ဖြစ်ဆို့ . ကျုပ်နဲ့သူနဲ့ ခွဲနေရတာ သုံးလ ပြည့်တော့မယ်လေဗျာ၊ သိပါတယ်နော်။

ညနေ ရန်ကုန် ဘူတာကြီးကို ရောက်ပြီး ချစ်ဇနီးကိုသွားကြို၊ စက်ရုံကို ပြန်တော့ တံတားလေး လမ်းဆုံနားမှာ ဆင်းပြီး . . .

"မိန်းမရေ တို့စက်ရုံကို မပြန်သေးဘဲ နဝဒေးရုံမှာ ရုပ်ရှင်ဝင်ကြည့်ကြရအောင်"

"ဘာဖြစ်လို့လဲ အစ်ကိုရဲ့၊ ခင်ရေချိုးချင်နေပြီ"

www.burmeseclassic.com

"လာပါကွာ၊ ရုပ်ရှင်ရုံထဲကျတော့ အဲယားကွန်းနဲ့ အေးသွားပါလိမ့်မယ်၊ နောက်မှ ကိုယ်ပြောပြမယ်"

ဒီလိုနဲ့ လင်မယားနှစ်ယောက် ရုပ်ရှင်ကြည့်ဖြစ်ကြတယ်။ ရုပ်ရှင်ရုံထဲ ရောက်တော့ ကျုပ်က ဝင်းနိုင် အစ အနောက်သန်ကြောင်း ပြောပြတယ်။ ဒီကောင့်ရန်ကို ကြောက်လို့ ညဥ့်နက်မှ စက်ရုံပြန်မယ်။ ဒီကောင်လည်း ပြန်လောက်ပြီပေါ့။ အခြေအနေကိုသဘော ပေါက်အောင် ပြောပြလိုက်တော့ အမျိုးသမီးက လက်ခံပါတယ်။

"အစ်ကိုရယ် အဲဒီလူက အဲဒီလောက်တောင် ဆိုးလား"

"သူက ဆိုးတာမဟုတ်ဘူး မိန်းမရဲ့၊ လူတွေကို စနောက်သန်တာ၊ သူ စနောက်နေမှန်း သိပေမယ့် အရစ်ကြောင်တာ မခံနိုင်လို့ကွာ၊ ဒီကောင်က ငွေအကုန်ခံ အချိန်ကုန်ခံပြီး စနောက်လိုက်ရမှာ ကျေနပ်သွားတာ၊ နောက်ညတွေမှာ ရစ်ချင်ရစ်ပါစေ၊ ဒီနေ့ညတော့ ကိုယ်က မခံနိုင်ဘူးလေ၊ မိန်းမ သိပါတယ်"

"ဘာသိပါတယ်လဲ"

"သုံးလ ကြာပြီလေကွာ၊ ဟင်း"

"တော်ပါ၊ သူ့ခေါင်းထဲမှာ ဒါပဲ တွေးနေတယ်"

ပြီးတော့ စက်ရုံရှိရာကို နှစ်ယောက်သား ပြန်ခဲ့ကြတယ်။ အချိန်ကြည့်တော့လည်း ၁၀ နာရီထိုးတော့မှာ ဆိုတော့ ဝင်းနိုင်တော့ မရှိလောက်တော့ပါဘူး၊ ပြန်ပြီပေါ့။ ကံကောင်းချင်တော့ မီးက ပျက်နေတယ်။ စက်ရုံဝင်းတစ်ဝင်းလုံးလည်း မှောင်လို့မည်းလို့။ စက်ရုံပင်မ တံခါးပေါက်ကြီးကဝင်ရင် စက်ရုံက ကောင်လေးတွေနဲ့ တွေ့နေမှာစိုးလို့ စက်ရုံဘေး ခြံစည်းရိုး ခွေးတိုးပေါက်က နှစ်ယောက်သား ဝင်လာခဲ့ကြတယ်။

ကျုပ်နေတဲ့ အခန်းက စက်ရုံဘေးမှာ အဖီဆွဲထားတဲ့ အခန်းကျဉ်းလေးပါ။ အခန်းထဲရောက်တော့မှ သက်ပြင်းချရတော့တယ်။ ဘာအန္တရာယ်မှ မရှိတော့ဘူး။ ဘယ်သူမှလဲ မသိဘူး။ လွတ်လွတ်လပ်လပ် အိပ်မယ်ဆိုပြီး ဝါးကပ်တံခါးလေးကို အသာလေးပိတ်လိုက်တယ်။

နောက် ကျုပ်တစ်ယောက်စာ အိပ်ဖို့လုပ်ထားတဲ့ သစ်သားကွပ်ပျစ်လေးမှာ နှစ်ယောက်သား ပူးကပ်ပြီး အိပ်လိုက်တယ်။ ခြင်ထောင်ကို အသာချလိုက်ပြီး ပတ်ဝန်းကျင်ကို နားစွင့်ကြည့်လိုက်တော့ အေးဆေးပဲ။ ရာသီဥတုက ကိုယ့်ဘက် ပါနေပြီလေ။

"အစ်ကိုကလဲ ရေချိုးချင်ပါတယ်ဆိုမှ ရေမချိုးရဘူး၊ ပူလိုက်အိုက်လိုက်တာ၊ အိုး သူကလဲတစ်မျိုး၊ တော်တော်ကဲနော်"

ကျုပ်တို့နှစ်ယောက်သား စကားမပြောဖြစ်ဘဲ တိတ်ဆိတ်သွားချိန်ကျမှ ဟိုကောင် ဝင်းနိုင်လေ သူ့အသံပြကြီးနဲ့ အော်ဟစ်ပြီး . . .

"ဗျို့ . . ကိုမွန်ကြီး ခင်ဗျားဟိုယ် ခင်ဗျား လည်လှပြီပေါ့လေ၊ ဝင်းနိုင်ကို ဒီလိုလှည့်ကွက်လေးနဲ့ လုပ်လို့မရဘူး၊ လာပြီနော်၊ ခင်ဗျားကို အားမနာပေမယ့် ဟိုအစ်မကြီးကို အားနာလို့ ချက်ချင်း မဝင်လာတာ၊ ဝင်းနိုင်ကို အဲဒီလိုလုပ်လို့ ဘယ်ရမလဲ"

"ဗုဒ္ဓေါ အရေးကောင်းဒိန်းဒေါင်းဖျက်ပြီ"

လင်မယားနှစ်ယောက် ကွပ်ပျစ်ပေါ်က အမြန်ဆင်းပြီး မိန်းမလက်ကို ဆွဲလို့ ခြင်ထောင်အပြင်ကို ထွက်လိုက်တယ်။ နောက် အခန်းထဲက ခုံရှည်မှာ နှစ်ယောက်သား ခပ်တည်တည်နဲ့ ထိုင်နေလိုက်ပြီး . . .

"လာပါ ဝင်းနိုင်ရယ်၊ မင်း ထင်သလို မဟုတ်ပါဘူးကွာ၊ ငါတို့ ထိုင်ပြီး စကားပြောနေကြတာပါ"

"ကိုမွန်ကြီး သေချာတယ်နော်၊ မီး ဘာဖြစ်လို့ မဖွင့်တာလဲ"

"မီးပျက်နေတယ်လေကွာ၊ ငါတို့က လူကြီးတွေပါကွာ၊ မင်းက အခုထိ ဘာလို့ အိမ်မပြန်သေးတာလဲ၊ ၁၀နာရီခွဲနေပြီလေကွာ"

"ခင်ဗျားတို့ လင်မယားနဲ့ စကားပြောချင်လို့ကို စောင့်နေတာ၊ ဒီနေ့ည အိမ်ပြန်ချင်မှ ပြန်မယ်"

ဒီကောင်တော့ ဒုက္ခပေးပြီဆိုတာကို ကျုပ်သိတယ်။ ဘာမှမဟုတ်တဲ့ အကြောင်းတွေ လျှောက်ပြောနေတာ တစ်နာရီလောက် အချိန်ကြာသွားတယ်။ ဒီကောင် တမင်လုပ်နေမှန်း သိနေပေမယ့် ပြောရင် ပိုဆိုးမှာစိုးလို့ သည်းခံပြီး နေလိုက်ရတယ်။ ဖြစ်နိုင်ရင် ဒီကောင့်ကို နှုတ်နှုတ်စင်းပြီး မြောင်းထဲ ပစ်ချလိုက်ချင်တယ်။

"ကဲ . . ကိုမွန်ကြီး ခင်ဗျားကို ဒီလောက်ဒုက္ခပေးလိုက်ရလို့ကျွန်တော် ကျေနပ်သွားပြီ၊ ပြန်တော့မယ်၊ ခင်ဗျားတို့လဲ လုပ်စရာရှိတာ လုပ်ကြတော့"

ဒီကောင့်ကို ရင်ထဲက ကြိတ်ဆဲနေပေမယ့် ကျုပ်က မျက်နှာချိုလေးနဲ့ပဲ

"ပြန်ပါ ဝင်းနိုင်ရယ်၊ ငါတို့လဲ အိပ်ကြတော့မှာပါ"

အဲ, ဒီကောင်လည်း ပြန်သွားလို့ စက်ရုံတံခါးနားလည်းရောက်ရော မီးက ပြန်လာတယ်။ ကျုပ်အခန်းထဲက ၄၀ ဝပ်အား မီးသီးအလင်းရောင်နဲ့ ကျုပ်မိန်းမကို ကြည့်လိုက်တော့ သူ့ခါးမှာ ကျုပ် ကချင်ပုဆိုးကြီးဝတ်လို့၊ ကျုပ်ခါးမှာလည်း သူ့ပါတိတ်ထမီကြီးနဲ့ ဖြစ်နေတယ်။ စောစောက ဒီကောင့်အသံကြားကြားချင်း နှစ်ဦးသား အမြန် ခြင်ထောင်ထဲက ထွက်လာလိုက်ကြတာ၊ အခုမှ တစ်ယောက်ကို တစ်ယောက်ကြည့်ပြီး ရယ်လည်းရယ်ချင်၊ ရှက်လည်းရှက်နဲ့ ကျုပ်အမြန်ပဲ မီးပြန်ပိတ်လိုက်ရတယ်။

အဲဒီညက ဒီကောင်များ နောက်တစ်ကြော့ပြန်လာပြီး ဒုက္ခပေးဦးမလားလို့ စိုးရိမ်စိတ်တွေနဲ့ ရင်တွေခုန်ရင်း မိုးသာ စင်စင်လင်းသွားတယ်၊ တစ်ရေးမှကို မအိပ်လိုက်ရပါဘူးဗျာ။

❐ [illegible]နိုးအောင်[illegible]





www.burmeseclassic.com

www.burmeseclassic.com

# အာမခံနဲ့ ဟောတဲ့ ဗေဒင်ဆရာ

## သမုဒယ



ကျွန်မ ဇာတိမြေ ကျုံမငေးမြို့ကလေးမှာ ဗေဒင် အမေးသန်သော ဒေါ်ဖွားစိန်ဆိုတဲ့ အပျိုကြီးနှင့် ကျွန်မ အလွန်ရင်းနှီးပါတယ်။ မြို့လယ်က မူလတန်းကျောင်းမှာ တာဝန်ကျတဲ့ ကျွန်မ ကျောင်းသွားကျောင်းပြန် ဒေါ်ဖွားစိန် အိမ်ရှေ့က ဖြတ်သွားနေကျပါ။

ဒေါ်ဖွားစိန်ကို မိတ်ဆွေများက မမစိန်လို့ ခေါ်ကြသလို ကျွန်မတို့ ဆရာ ဆရာမတွေကလည်း ဒေါ်ဒေါ်စိန်လို့ ခေါ်ခဲ့ပါတယ်။ လုပ်ဖော်ကိုင်ဖက် ဆရာထဲမှာ မုဆိုးဖိုဆရာကြီးက ကလေးသုံးယောက်အဖေ၊ အသက်ကြီးပြီဆိုတော့ ကျွန်မတို့ ငယ်ရွယ်သူ ဆရာ၊ ဆရာမများနှင့် လုပ်ငန်းသဘောမှ လွဲ၍ ရင်းရင်းနှီးနှီးမနေဖြစ်သော်လည်း ဒေါ်ဒေါ်စိန်နှင့်တော့ နှုတ်ဆက်ကြ၊ ပြောကြဆိုကြနှင့် ရင်းနှီးသယောင် တွေ့ရပါတယ်။

ဆရာကြီးကလည်း တစ်ခုခုထူးခြားရင် စာရွက်နဲ့ဘောပင်ကိုင်ပြီး တွက်တော့ ချက်တော့တာပါပဲ။ ဒါလည်း သူလုပ်နေကျမို့ ကျွန်မတို့အဖို့ မဆန်းပါဘူး။ ဟောချက် မှန်၊ မမှန် မသိတာတော့ အမှန်ဖြစ်သော်လည်း တစ်ခါတစ်ရံ ကလေးမိဘတွေက အလကားသဘောနဲ့ ခရီးကြုံလာမေးလေ့ ရှိပါတယ်။

တစ်နေ့မှာ အပျိုကြီးဒေါ်ဖွားစိန် အိမ်ရဲ့ အရှေ့ခြံဝင်းထဲ နွားငယ်လေး တစ်ကောင်ဝင်လာပြီး မြက်စားနေတာ မောင်းထုတ်သော်လည်း ပေကတ်ကတ် လုပ်နေတာမို့ ရိုက်မောင်းပုတ်မောင်းနဲ့ ခပ်ကြမ်းကြမ်းလုပ်တော့မှ ထွက်သွားပါတယ်။

ခြံစည်းရိုးကလည်း မလုံမလဲမို့ တစ်နေ့ တစ်ခါ နှစ်ခါတော့ ဝင်လာတာကိုအကြောင်းပြုပြီး ဒေါ်ဖွားစိန်အတိတ်နိမိတ်ယူရင်း အိမ်အနီးအနား စကားစုံ ပြောလိုက်မိသောအခါမှာ ဆရာကြီးဆီ မြားဦး လှည့်သွားပါပြီ။ မေးချင်သူနှင့် ဟောချင်သူ တွေ့ကြသည့်ပွဲမှာ ကျွန်မတို့ ဝင်မပါမိသော်လည်း ခပ်သေးသေး ကျောင်းကလေးထဲမှာ ဖြစ်တာမို့ အကုန်ကြား အကုန်သိ ဖြစ်နေပါတယ်။

ဟောချက်က ရိုးရှင်းပါသော်လည်း ဖြစ်သွားတဲ့ အဖြစ်ကလေးကို သဘောကျမိလို့ ကိုယ်တွေ့ကြုံခဲ့ရသော အကြောင်းလေးကို ဖောက်သည်ချလိုက်ပါတယ်။

ဆရာကြီးရှေ့ ဗေဒင်အမေး ရောက်နေသူ ဒေါ်ဖွားစိန်က ပြေး သူ သိချင်တာကို မေးလိုက်ပါတယ်။

"ခုတစ်လော ကျွန်မခြံဝင်းထဲ နွားလေးတစ်ကောင် ဝင်ဝင်လာတယ် ဆရာကြီးရဲ့၊ အဲဒါ ဘယ်လိုနိမိတ်များလဲ ဆိုတာ သိချင်ပါတယ်ရှင်၊ ဆရာကြီး သိမြင်သမျှ အားမနာတမ်း ပြောပါရှင်"

မေးသူက အားမနာတမ်းပြောပါဆိုတာမို့ ခပ်ငေးငေးစဉ်းစားရင်း ဆရာကြီးက . . .

"ဒီလိုဗျ၊ အိမ်ဆိုတာက တို့အိမ်ခြံမြေဆိုပါတော့၊ တနင်္ဂနွေနံပေါ့ဗျာ၊ နွားဆိုတာက စနေနံပေါ့၊ [illegible] အရဆိုရင် တနင်္ဂနွေနဲ့ စနေပေါင်းတော့ [illegible] ဖြစ်တယ်လေ"

"ဟို [illegible] ဆိုတာ ဘာကိုဆိုတာလဲ ဆရာကြီး အဲဒါ ဘာဖြစ်တတ်ပါသလဲရှင်"

ဒီအခေါက် ဆရာကြီး [illegible] ပေးရန် [illegible] တည်တည်ငြိမ်ငြိမ်နဲ့ [illegible]



www.burmeseclassic.com

www.burmeseclassic.com

"ဒီလိုပါ၊ အိမ်ခြံမြေသည် တနင်္ဂနွေနံအရ အိမ်ကိုယူပြီး နွား စနေနံအရ စနေက ထောင်ကိုယူလိုက်တော့ နှစ်ခုပေါင်း အိမ်ထောင်လို့ အဓိပ္ပာယ်ရသွားရော၊ ဒီတော့ မမစိန် ဟို အိမ်ထောင်ကျမယ့်ကိန်းလို့ နိမိတ်ထင်ပါတယ်"

ဒေါ်ဒေါ်စိန် အပျိုကြီး ကသုတ်ကရက် ပြောလိုက်ပုံက . . .

"တကယ်လား ဆရာကြီးရယ်"

ဒါပေမယ့် ဆရာကြီးက ဗေဒင်ဆရာပါဝါနဲ့ အိုက်တင်ကြီးတစ်ခွဲသားမြင့်ကာ အသံကို မြှင့်လိုက်ပြီး . . .

"တကယ်ပါပဲဗျာ၊ ကျွန်တော့်တွက်ကိန်း လွဲခဲ့ပါတယ်၊ ကျိန်းသေသမှ မြေကြီးလက်ခတ်မလွဲပါဘဲဗျာ"

ဘာသဘောနှင့် ပြောတယ်ဆိုတာ ဒေါ်ဒေါ်စိန် တွေးနေပုံမရပါဘူး။ စောဒကတက်ပြောလိုက်ပုံက . . .

"ဆရာကြီး အာမခံနိုင်သလားရှင်"

ဒီစကားသံက စကားကြီးနားထဲ တင်မကဲ ရင်ထဲပါ ဝင်သွားသလား မသိပါဘူး။ ရုတ်ခနဲ မတ်တတ်ရပ်လိုက်ပြီး ခပ်မာမာလေသံနဲ့ . . .

"ဒီမှာ ကျုပ်ဟောတာ မမှန်ရင် ကျုပ်ကိုယ်တိုင် ခင်ဗျားကို ယူမယ်ဗျာ"

ကဲ ဗေဒင်ဆရာ ကျွန်မတို့ဆရာကြီး အာမခံလိုက်ပုံများ လက်တွေ့ကျပါ့။ ဒီအသံ ဒီအာမခံကြောင့်လို့ ပြောရမလား၊ ဖူးစာလို့ပဲ ပြောရမလား၊ ဒီလိုနဲ့ မကြာခင် ဆရာကြီးနဲ့ ဒေါ်ဒေါ်စိန် အကြောင်းဆက်လို့ ပေါင်းဖက်သွားကြပါတော့တယ်။

တာဝန်အရ တစ်မြို့ တစ်ရွာ ပြောင်းရွှေ့သွားကြရတဲ့ ကျွန်မတို့တစ်တွေ ကျုံမငေးမြို့က စွယ်တော်ဘုရားပွဲမှာ ပြန်ဆုံကြလျှင် ဆရာကြီးနဲ့ဒေါ်ဒေါ်စိန်တို့ရဲ့ ဗေဒင်ဖူးစာကို ပြန်ပြောရင်း ငယ်ဘဝ ပြန်ရောက်သွားတတ်ပါတယ်။

❒ သစ္စဒယ

## ဂန္ထဝင် သတို့သမီးနှင့် တွေ့ဆုံခြင်း

ဒီနေ့ သောကြာနေ့ ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းနှင့် ဗိုလ်အောင်ကျော်လမ်းကြား လမ်း(၄၀)အောက်ဘက် ညောင်ပင်အောက်တွင် လေအန်ကုန်းဒေးဖြစ်၍ စာရေးဆရာကြီး၊ ဆရာလတ်၊ ဆရာငယ်၊ ကာတွန်းဆရာများ၊ စာရေးဆရာမ အနည်းငယ်တို့ တဖွဲဖွဲရောက်ရှိလာကြသည်။

ရောက်လာကြသူများထဲမှ လက်ဖက်ရည်တစ်ထောင်တန် တစ်အိုးဝယ်ကာ ရေနွေးထပ်ရောပြီး လူဆယ်ယောက်မျှ သောက်နိုင်အောင် ဖြည့်ကြပြီး အညီအမျှခွဲဝေသောက်ကြသည်။ စာရေးဆရာမများက ဘိန်းမုန့် အကြော်စုံ ဒါနပြုကြသည်။ ဤသို့ဖြင့် ထမင်းစားချိန်အား ကျော်ဖြတ်ကြသည်။

ခင်တို့ လေအန်ကုန်းအုပ်စုအား မငြိုမငြင် လိုသမျှဖြည့်စွမ်းပေးသော လက်ဖက်ရည်ဆိုင်ပိုင်ရှင် မိသားစုအား ဤနေရာမှ ကျေးဇူးတင် ဂါရဝပြုရပါသည်။

ထုံးစံအတိုင်း ခင်တစ်ယောက်ကိုယ်ကိုယ်တိုင် နမော်နမဲ့ကိစ္စ မကြုံရလျှင် ဘယ်သူများ အလွဲဇယားတွေ ခင်းကျင်းမည်လဲဟု လေအန်ကုန်းဝိုင်းတော်သားများထဲ checking လုပ်နေစဉ်မှာ-

"ဟဲ့ နမော်နမဲ့" ဟု လူရောက်တာနှင့် သမုဒ္ဒရာဝေက ခင့်အား အသာလက်ကုတ်၍ မေးထိုးပြလေသည်။ သူ့မျက်နှာအား ကြည့်ခိုင်းသည်ထင်၍ မျက်မှန်ဘောင်ကျော်ကာ မျက်စိပြူးကြည့်မိရာ. . .

"ဩော် . . . လူမသိအောင် ပြတဲ့ဟာကို"

သမုဒ္ဒရာဝေ၏ မျက်လုံးရွေ့ရာသို့ လိုက်ပါကြည့်လေသောအခါ ထုံးစံအတိုင်း ဗေဒင်ဆရာ လက်ဆွဲသေတ္တာကြီးအား လက်ကမဆွဲလာဘဲ လက်နှစ်ဖက်ဖြင့် ပခုံးထက်မ,တင်ကာ မျက်နှာကို တစ်စုံတစ်ဦး မမြင်စေချင်၍ အကာအကွယ်ပြုရင်း ကုပ်ချောင်းချောင်းနှင့် ရောက်လာသူမှာ နိုင်ငံတော်မှ ချီးမြှင့်သော ဆုကြီး၊ ဆုသေး စာပေဆုများ ရယူထားသော ဆရာမိုးမှော်င် ဖြစ်ပေသည်။

"ဟဲ့ ငါတို့ ဘော်ဒါကြီး ဘာများဖြစ်လာလဲ မသိဘူးနော်" ဟူ၍ သမုဒ္ဒရာဝေမှ ပူပန်စွာပြောလာပြန်သည်။

ဆရာမိုးမှော်င်သည် စတိုင်ထုတ်မလိုင်များတတ်သူဖြစ်သည်။ အရင်က လက်ဆွဲသေတ္တာမည်းကြီးသည် သူ၏ဆရာသမား ဗိုလ်ချုပ်ကြီးတစ်ဦး မသေမီက ပေးခဲ့ကြောင်း မကြာခဏ ဖွင့်ဆိုပြောတတ်ပြီး လူအုပ်စုများသောအခါမှာ သူ၏သေတ္တာအား အကြောင်းရှာ၍ ဖွင့်ချည်ပိတ်ချည်လုပ်ကာ ပါလာသည့် စာရွက်စာတမ်းတွေနှင့် ပိုက်ဆံတွေကို မြင်အောင် ပြတတ်လေသည်။

ထိုလက်ဆွဲသေတ္တာနှင့်အတူ ချာလီထီးကြီး အမြဲကိုင်လေ့ရှိရာ ခင်တို့က ဆရာကြီးမိုးမှော်င်အလစ်မှာ correction pen နှင့် ဗေဒင်ဟောသည်ဟု ရေးလွှတ်ခံရသဖြင့် ထိုထီးကြီးအား မယူလာရဲတော့ပေ။

နောက်တစ်ခုက မဂ္ဂဇင်း၊ ဂျာနယ်များမှာ စာမူခ ဘယ်လောက်ရရ လေအန်ကုန်းရှိ ဆရာများဝိုင်းမှာ ဘယ်ခါမျှ လက်ဖက်ရည်ဝယ်တိုက်ခြင်းမပြုပေ။ အဲ တစ်ခါတစ်ရံ စာရေးဆရာမငယ်ငယ်ချောချောလေးများ စာမူကိုင်ရှိ၍ လာပါလျှင် ဆိုင်အတွင်းသို့ခေါ်ကာ. . .

➔➔





www.burmeseclassic.com

www.burmeseclassic.com



# ရွှေဝင်သတို့သမီးနှင့် တွေ့ဆုံခြင်း

**ဟန်သီဝင်**

"ဆရာမ ဘာသောက်မလဲ"ဟူ၍ လောကွတ်ပြုကာ ညှိ့ခံလေတော့သည်။

ခင်တို့ထိုင်ရာ ခုံဝိုင်းသို့ ဟိုဒီကြည့် ကုပ်ချောင်းချောင်းစတိုင်နှင့် ဝင်ထိုင်လာသည်။ ဒါကို သမုဒ္ဒရာဝေက သိချင်လွန်းသဖြင့် . . .

"အစ်ကို မျက်နှာလဲမကောင်းဘူး၊ ဘာများ ဖြစ်လာပါလိမ့်"

ထိုအမေးစကားအား မကြား၍လား၊ မဖြေချင်တာလား မသိ၊ မျက်နှာကို အနီးရှိ ဂုရုကြီး၏ကိုယ်နှင့်ကွယ်ကာ ကားလမ်းမရှိရာသို့ ချောင်းကြည့်လို့နေပြန်သည်။ ဒါလည်း သမုဒ္ဒရာဝေက အလိုက်မသိစွာ ထပ်မေးပြန်ရာ မနေသာသဖြင့် သမုဒ္ဒရာဝေ၏ နားနားကပ်ကာ . . .

"ငါ နောက်တော့ပြောပြမယ်၊ နမော်နမဲ့ခင် သိလို့ မဖြစ်ဘူး"

ပြောတာကတော့ တိုးတိုးဟင်။ သို့သော် ခင်က ကြားဖြစ်အောင်ကြားလိုက်ပါသည်။

"အောင်မယ်. . . ဒီလိုပြောလို့ ရစထမ်းလား" ဟူ၍ ရန်တွေ့စကားပြောမည်ကြံရွယ်ကာ ဆရာကြီးမိုးမှောင်ထံ အကြည့်ရွှေ့လေသောအခါမှာ မမျှော်လင့်သော မြင်ကွင်းဆန်းကြောင့် မျက်လုံးပြူးနှင့် မှင်တက်ငေးမောခြင်း ဖြစ်ရတော့သည်။ လေအန်ကုန်း ညောင်ပင်အုတ်ခုံအကွယ်မှ ဘွားခနဲပေါ်လာပြီး ဆရာမိုးမှောင်နောက်ကျောမှာ ခြေစုံလာရပ်နေရှာသူကြောင့် ဖြစ်ပါသည်။ ကျောပေးထားသဖြင့် ဆရာကြီးခမျာ မသိရှာပေ။

အရွယ်ကောင်း အမျိုးသမီး တစ်ဦး၊ ဖက်ရှင်ဒီဇိုင်းကတော့ လွန်စွာဆန်းသည်။ အင်္ကျီကြီးပေါ်မှာ အင်္ကျီလတ်၊ အင်္ကျီသေး၊ ရှည်ရာမှ တိုသထက်တိုဆိုက်စုံကို ဝတ်လို့ရသမျှ အထပ်ထပ် ဝတ်ဆင်ထားသည်။ ဦးခေါင်းထက် ဆံနွယ်ပွရောင်းရောင်းမှာ ကလစ်ဒီဇိုင်းစုံ အပြည့်တပ်ထားသည်။

www.burmeseclassic.com

သူမ၏ မျက်နှာအလှကို လှတပတာဖြစ်အောင် မည်သည့်ပြူတီပါလာတွင် အဆန်းထွင်လိမ်းခြယ်ခဲ့သည်မသိ၊ ပေါင်ဒါမှုန့်တစ်ကွက်၊ မိပ်ကပ်ထူထူပျစ်ပျစ်တစ်ကွက်၊ သနပ်ခါးပျစ်ခဲခဲတစ်ကွက်၊ မျက်ခုံးမွေးကိုလည်း သဘော်ာဆေးနှင့် ဆွဲထားလေသည်။ နှုတ်ခမ်းနီရဲရဲအရောင်က နှုတ်ခမ်းကိုလွန်ကာ ဆွဲဆိုးထားပုံမှာ ဆပ်ကပ်ထဲက ဂျိုကာရုပ်ပမာ ဖြစ်လို့နေသည်။

ဟန်ပါပါ ခါးထောက်လိုက်ပြီး စင်ပေါ်မှာ မော်ဒယ်လ်ရှိုးပွဲပုံစံပေး ရပ်သကဲ့သို့ အိုက်တင်ပေးရပ်ကာ ဆရာကြီးမိုးမှောင်အား တွေ့မြင်သွားသဖြင့် အပြုံးမျက်နှာဖြင့် မျက်စပစ်လိုက်ပြီး . .

"ယောက်ျား ယောက်ျား ဒီမှာ ချဉ်ချဉ်စပ်စပ်ကြိုက်"

တီဗွီကြော်ငြာထဲက ဝတ်မှုန်ရွှေရည်၏ အိုက်တင် ပုံစံတူ သီချင်းဆိုကာ ဆရာကြီး၏ ပခုံးကို လက်ဖြင့်ဆုပ်ကိုင်လှုပ်ကာ သရုပ်ဆောင်လေတော့သည်။

မထင်မှတ်သော မြင်ကွင်းအား လေအန်ကုန်းတစ်ဖွဲ့လုံး အံ့သြတကြီး ငေးလို့ကြည့်နေမိကြသည်။ ခင်ကတော့ ထိုဖြစ်ရပ်ကိုသဘောကျကာ အော်ရယ်မိတော့သည်။

ဒါကြောင့် ဗေဒင်ဆရာကိုင် သေတ္တာမည်းကြီးနှင့် မျက်နှာကိုကွယ်ပြီး ရောက်လာရပုံ အဖြေရှာတွေ့လိုက်ပါပြီ။ လေအန်ကုန်းရှိ ဆရာများလည်း မမေးကြပေမယ့် ငေးမောကြည့်ရင်းက ပြုံးစိစိ ဖြစ်ကုန်တော့သည်။

ကြော်ငြာသရုပ်ဆောင်ရှင်က မရပ်သေးပါ။ ဆရာမိုးမှောင် လှည့်၍မကြည့်မချင်း "ယောက်ျား ယောက်ျား ချဉ်ချဉ်စပ်စပ် ကြိုက်"ဟု ဆိုကာ ရှေ့တည့်တည့်မှလာရပ်ကာ ဆိုပြန်သည်။ ဆရာမိုးမှောင်ခမျာ ထရပ်ရကောင်းနိုး ချီတုံချတုံဖြစ်နေစဉ် . . .

"ယောက်ျား ယောက်ျား ချဉ်ချဉ်စပ်စပ်ကြိုက်၊ ဒီမှာ ဗိုက်ဆာနေပြီဆို" ဟု ပြောကာ ခွေးခြေခုံမှာထိုင်နေသော ဆရာကြီးမိုးမှောင်၏ ပေါင်ပေါ်သို့ စွေ့ခနဲထိုင်ချရင်း လက်နှစ်ဖက်ဖြင့် သိုင်းဖက်ပြီး နဖူးချင်းဆိုင်ကာ မျက်လုံးချင်းဆုံအောင် အကြည့်ပို့တော့သည်။

ဂန္ထဝင်သတို့သမီး၏ အမူအရာကြောင့် ဆရာကြီးမိုးမှောင်ခမျာ တစ်ယောက်တောင် သတိထားထိုင်ရသည့် ထိုင်ခုံသေးသေးပေါ်မှ ပြုတ်ကျမသွားစေရန် ကယောင်ကတမ်းနှင့် သတို့သမီးခန္ဓာကိုယ်အား ပြန်၍ ဖက်တွယ်ထားပုံကို လက်မြန်သူတို့က မှတ်တမ်းတင်ထားကြလေသည်။

"အဟား ဟား ဟား ဆရာ့ရဲ့ ဂန္ထဝင်သတို့သမီးက အသစ်စက်စက်ပါလား" ဟု ခင်က မသိဆိုးရွား အော်၍ မေးလိုက်ရာ ငိုမဲ့မဲ့မျက်ရည်ဝဲရင်း. . .

"နင် နင် ငါ့အကြောင်းမရေးနဲ့နော်"

"စိတ်ချ၊ မရေးပါဘူး၊ ဆရာကတော့်ကို ဓာတ်ပုံပဲ သွားပြမှာ"

"ဟဲ့ နင်စိတ်မပုပ်နဲ့၊ နင့်ပါးစပ် အဲ နင့်ကလောင်ကို ငါအကြောက်ဆုံး"

ခင့်ထံသို့ ရန်တွေ့စကားပြောစဉ်မှာပင်. . .

"ယောက်ျား ယောက်ျား . . . မကြောက်နဲ့ မကြောက်နဲ့ ချဉ်ချဉ်စပ်စပ်ကြိုက်. . . ရွတ် ရွတ်"

ဂန္ထဝင်သတို့သမီးကတော့ ဆိုဆိုပြောပြောလုပ်ရင်း ဆရာကြီးမိုးမှောင်၏ မျက်နှာပြင်အနှံ့ နှုတ်ခမ်းနီ၊ မိတ်ကပ်များပေအောင် အာဘွားတွေ တရစပ်ပေးကာ နေတော့သည်။

"အောင်မယ်လေး ကျွန်တော့်ကို ကယ်ကြပါဦးဗျာ"

အသံကုန်ဟစ်၍ အော်ကာငိုလေတော့သည်။ လမ်းသွားလမ်းလာများကလည်း ဗွီဒီယိုဟာသကား ရိုက်ကွင်းထင်၍ ဝိုင်းအုံကြည့်ကြသည်။ ကားလမ်းပေါ်ရှိ ကားပေါ်ပါသူများကလည်း စိတ်ဝင်တစားဖြင့် လှမ်းကြည့်ကြနှင့် အတော်ပင်စည်စည်ကားကား ဖြစ်သွားရသည်။

အခြေအနေကို မည်သို့ဖြေရှင်းရလျှင် ကောင်းမလဲဟု စဉ်းစားနေကြဆဲ။ မည်သို့မျှ ရုန်းမရ ဖြေမရ၊ ဆရာကြီးမိုးမှောင်နှင့် ဂန္ထဝင်သတို့သမီး ကြော်ငြာရိုက်ကွင်းအား ဝမ်းနိုင်းနိုင်းသို့ ဖုန်းဆက်အကူအညီတောင်းရတော့မလိုလို၊ စိတ်ကျန်းမာရေးဆေးရုံသို့ ကားငှားကာ ခေါ်ရတော့မလား ဝိုင်း၍အကြံထုတ်နေကြစဉ် . . .

နောက်ဆုံးတော့ လွန်စွာမှ ကပ်စေးနှဲသော ဆရာကြီးမိုးမှောင်ခမျာ အိတ်ကပ်အတွင်းမှာ အလှဆောင်ထားသည့် တစ်ထောင်တန် ငွေစက္ကူတစ်ရွက်ကို အသာအယာ ဆွဲထုတ်ယူပြီးနောက် . . .

"ရော့ ရော့ ချဉ်ချဉ်စပ်စပ်သွားစားတော့" ဟု ပေးလိုက်တော့မှ ဂန္ထဝင်သတို့သမီး၏ ကြော်ငြာသရုပ်ဆောင်ပွဲပြီးသွားလေ၏။

ထိုနေ့က လေအန်ကုန်းအဖွဲ့သားများအား စာမျက်နှာပေါ်မှာ၊ face book ပေါ်မှာ သူ့အကြောင်း မဖွကြရန် နှုတ်ပိတ်ခ၊ အဲ ကလောင်ပိတ်ခ လက်ဖက်ရည်တစ်အိုး ဒါနပြုသွားရရှာသည်။

ခင်နှင့် သမုဒ္ဒရာဝေတို့အား ဆရာကတော်ထံ သတင်းမပို့စေရန် နှုတ်ပိတ်ခအဖြစ် ထမင်းပေါင်း ဝယ်ကျွေးရရှာသည်။


အမှန်ကတော့ တခြားသူ့အပေါ် အစစကပ်စေးနှဲပေမယ့် ဗေဒင်ဆရာက သွားရင်း လာရင်း စိတ်မကျန်းမာသူတွေ့လျှင် ကျွေးမွေးပေးကမ်းပါက စာပေဆုကြီး စာရင်းဝင်မည်ဟု ဟောကြားထားသဖြင့် ရန်ကုန်မြို့ထဲလာတိုင်း ကျွေးမွေးမိသောကြောင့် ယခုလို ဂန္ထဝင်သတို့သမီးဆုကို ချီးမြှင့်ခံရခြင်းဖြစ်ပါကြောင်း ခင်ကတော့ ကြေညာမောင်းထု ဖွင့်ချမှ ဖြစ်မည်ဟူ၍။

❒ ဟန်သီဝင်

www.burmeseclassic.com

www.burmeseclassic.com

# ပရိုဂျက် . . . မှတ်ပဟ



ဦးဟိန်းကျော်(လပွတ္တာ)

မျက်နှာ နည်းနည်း ညစ်ချင်နေသည်။

ထိုစဉ် UNDP ရုံးအတွင်းမှ လူတစ်ယောက် ထွက်လာသည်။ သူ့နောက်မှာလည်း နိုင်ငံခြားသား တစ်ယောက် ပါလာသည်။

"ဟေ့ ကိုပြောင်ကြီး၊ ခင်ဗျား အလှည့်လား"

"ဟာ. . . ဟုတ်ကဲ့ဆရာ"

"ဟောဒီပုဂ္ဂိုလ်ကို ဆုတောင်းပြည့်ဘုရားရှေ့ လိုက်ပို့ပေးလိုက်ပါဦး"

"ဟုတ်ကဲ့ ဆရာ"

ညစ်နေတုန်း လာဘ်ဦးဝင် ဈေးဦးပေါက်သည်မို့ ကိုပြောင်ကြီး သူ့ဆိုက်ကားကို ရပ်နေသော နိုင်ငံခြားသားရှေ့၌ အသင့်ရပ်ပေးလိုက်သည်။

"ကိုပြောင်ကြီး ဘယ်လောက်ပေးရမလဲ"

"ထုံးစံအတိုင်း တစ်ထောင်ပါပဲ ဆရာ"

"ကောင်းပြီ၊ လိုက်ပို့ပေးလိုက်ပါ၊ ဟိုရောက်တော့ပေးပါလိမ့်မယ်"

ပြောင်ကြီးက သူ့ဆိုက်ကားပေါ်မှာ ထိုင်၍ ပြုံးကြည့်နေသော နိုင်ငံခြားသားကို ဖော်ရွေစွာပြုံးပြရင်း . . .

"လက်စ်ဂိုး"

ဟု ဘိုလိုမှတ်သည်ကို နိုင်ငံခြားသားကြီးက သဘောပါစွာ ပြုံးပြုံးကြီးဖြင့် . . .

"ရက်စ်" ဟုပြောသည်။

ပြောင်ကြီးတို့က ဘိုလိုလေးဘာလေး မတောက်တခေါက်မှတ်တတ်အောင် လေ့ကျင့်ထားကြသည်။

သူ့နာမည်က ပြောင်ကြီး။

ဆိုက်ကားနင်းစားသူ။ နာမည်အရင်းရှိသော်လည်း ပြောင်နေသော သူ့နဖူး၏ ထူးခြားချက်ကို နာမ်စားပြု၍ နာမည်အရင်းထက် ပြောင်ကြီးဆိုသော နာမည်ဖြင့်သာ လူသိများသည်။ ပြောင်ကြီးတို့ ဆိုက်ကားဂိတ်က လပွတ္တာမြို့ အမှတ်(၇)ရပ်ကွက် (ကုန်းလေးဈေး) ထိပ် ရုံးရှေ့ UNDP လမ်းဆုံ၌ရှိသည်။ ထိုရုံးနှင့် ဘေးတိုက်မှာကား နံပါတ်ဝမ်း လက်ဖက်ရည်ဆိုင် ရှိသည်။ ဆက်ဆံရေးကောင်းမွန်ခြင်း၊ စေတနာကောင်းခြင်း၊ လက်ရာကောင်းခြင်းတို့ကြောင့် တစ်နေ့လုံးနီးပါး လူပြည့်သည်။

UNDP ရုံးသို့ နိုင်ငံခြားသားများ အဝင်အထွက်ရှိသည်။ လပွတ္တာမြို့တွင်းသို့သွားရန် အကြောင်းရှိပါက ခရီးတိုခရီးများမို့ များသောအားဖြင့် UNDP ရုံးရှေ့မှာ ဂိတ်ထိုးသော ဆိုက်ကားများကိုသာ အလွယ်တကူ စီးနင်းတတ်ကြသည်။

ပြောင်ကြီးက ဆိုက်ကားဂိတ်မှာ လူသိများသည်။ ထိုတစ်ဂိုက် အပေါင်းအသင်းလည်း ပေါသည်။ ထိုဂိတ်ရှိ ဆိုက်ကားသမားအုပ်စုများက ရင်းရင်းနှီးနှီး နောက်နောက်ပြောင်ပြောင် နေတတ်ကြသည်။ အဝေးခရီးလမ်းများ သွားမှသာ ဆိုင်ကယ်အငှားဖြင့် သွားတတ်ကြသည်။

UNDP ရုံး နံပါတ်ဝမ်း လက်ဖက်ရည်ဆိုင်နှင့် ပြောင်ကြီးတို့ဆိုက်ကားဂိတ်တို့မှာ အစဉ်ထိတွေ့ဆက်ဆံဖက်များ ဖြစ်သည်ကြောင့် မကင်းရာ မကင်းကြောင်းများလည်း ဖြစ်ကြသည်။ တစ်ဦးနှင့်တစ်ဦးလည်း ပြောမနာ ဆိုမနာလို ခင်မင်ရင်းနှီးကြသည်။

ဒီအထဲမှာ ပြောင်ကြီးက ခပ်ပျော်ပျော် ခပ်နောက်နောက် နေတတ်ပြီး သဘောကောင်းသူဖြစ်သည်။

တစ်နေ့ မနက်ပိုင်း ၉ နာရီခန့် ပြောင်ကြီးတစ်ယောက် ဈေးဦးမပေါက်သေးသည်ကြောင့် အမြဲရွှင်ပြုံးနေသော



www.burmeseclassic.com

www.burmeseclassic.com

ပြောင်ကြီးက သူ့ဆိုက်ကားကို UNDP ရုံးရှေ့မှ နင်းထွက်လာပြီး ဆိုက်ကားဂိတ်ရှေ့ အဖြတ်တွင် . . . .

"ဟား ကိုပြောင်ကြီးတို့သားအဖ အဆင်ပြေသွားပြီလား၊ ဘယ်လဲ ဟဲဟဲ"

ဂိတ်မှ ဆိုက်ကားသမားတစ်ဦးက လှမ်းနောက်လိုက်သည်ကို . . .

"ဟာ. . . ဒီမှာကွာ၊ ငါ့သားကြီးကို ဘုရားသွားပို့မလို့ကွ ဟဲဟဲ"

ဟု ပြောင်ကြီးက ပြောလျက် ပြန်ပြောသည်ကို 'သူ့ဆိုက်ကားပေါ်မှာ ထိုင်ရင်းလိုက်ပါလာသည်။ နိုင်ငံခြားသားကြီးက ခပ်ပြုံးပြုံးဖြင့် လုပ်နေသည်။

ဒီလိုနှင့် ပြောင်ကြီးတို့နှစ်ဦး ဆုတောင်းပြည့်ဘုရား ရှေ့ရောက်သောအခါ ပြောင်ကြီးက ဆိုက်ကားကို ရပ်ပေးလိုက်သည်။ နိုင်ငံခြားသားကြီးက ပြောင်ကြီး ဆိုက်ကားပေါ်မှဆင်း၍ ပြောင်ကြီးကို ငါးရာတန်တစ်ရွက် ထုတ်ပေးသည်။

"အိုး နိုး နိုး ဝမ်းသောင်စင် ဝမ်းသောင်စင်"

ပြောင်ကြီးက ပျာပျာသလဲ ပြောသည်ကို နိုင်ငံခြားသားကြီးက ခပ်ပြုံးပြုံးဖြင့် ပြောင်ကြီး မျက်နှာကိုကြည့်ကာ သူ့လက်ထဲက ငါးရာတန်ကိုသာ ကမ်းပေးနေသဖြင့် . . .

"နိုး မစ္စတာ ဝမ်းသောင်စင်"

ဟု ပြန်ပြောရာ မမျှော်လင့်ဘဲ ပြောလိုက်သော နိုင်ငံခြားသားကြီးထံမှ ထွက်ပေါ်လာသောမြန်မာစကားကြောင့် ပြောင်ကြီးခမျာ . . .

"ဟိုက်. . . မှတ်ပဟ"

ဟု တအံ့တသြ အာမေဍိတ် ပြုလိုက်မိတော့သည်။ ပြောင်ကြီး တစ်ယောက် ခံလိုက်ရပုံက . . .

"အိုး သားအဖချင်းတွေပဲ၊ ငါးရာပဲ ယူပါဗျာ"

ဟု မြန်မာလို ပြောလိုက်ခြင်းကြောင့် ဖြစ်သည်။

❐ မိုးဟိန်းကျော် (လဗ္ဗတ္တာ)

## မိန်းမအတွေး၏ နောက်ဝယ်

ကိုသော်တာက ကဗျာ၊ တစ်မျက်နှာ ဝတ္ထုတို၊ ဝတ္ထုတို၊ ဆောင်းပါး အတိုအစလေးများကအစ ခရီးသွားဆောင်းပါး၊ ဘာသာရေးဆောင်းပါး၊ ဘုရားသမိုင်းများပါမကျန် ရေးသားနေသော စာပေလောက၏အစုံစားသတ္တဝါ တစ်ဦး ဖြစ်သည်။ စာမှန်လျှင် အကုန်လိုက်ရေးရင်း စာပေလောကတွင် အခြေချနေထိုင်သူ ဖြစ်သည်။

မဂ္ဂဇင်း စာမျက်နှာတချို့တွင် သူ့ကြိုးစားမှုကြောင့်အထိုက်အလျောက် နေရာလေးအနည်းငယ်မျှ ရလာသည် ဟုပြောလျှင် ရလောက်သော အနေအထားလေး ရရှိလာချိန်တွင် နယ်စက်ရုံတစ်ခု၌ တာဝန်ထမ်းဆောင်နေသော ဇနီးဖြစ်သူ မဒမ်သော်တာတစ်ယောက် သက်ပြည့်ပင်စင် ရရှိသွားပြီဖြစ်သောကြောင့် နယ်စက်ရုံတွင် အလုပ်လုပ်ရင်းကျန်ခဲ့သော သမီးတို့ထံတွင် အိမ်ထောင်ပစ္စည်းများ အပ်ခဲ့ပြီးနောက် လင်ဖြစ်သူ ကိုသော်တာရှိရာ ရွှေပြည်သာမြို့လေးသို့ အားကိုးကြီးစွာဖြင့် လိုက်လာခဲ့လေသည်။

ရွှေပြည်သာရှိ ကိုသော်တာ၏ နေမှုထိုင်မှု စားမှုသောက်မှုတို့ကို ကြည့်ပြီး အလွန်စိတ်ဆင်းရဲသွားရလေသည်။ သို့သော် မဒမ်သော်တာက လင်ဖြစ်သူ၏ စာရေးဆရာ အခြေအနေမှန်ကို မမေးရက်သလို ကိုသော်တာကလည်း သူကျင်လည်နေရသော အခြေအနေမှန်ကို ဖွင့်မပြောရဲ ဖြစ်နေသည်။

သို့သော် အိမ်သို့ တစ်ခါတစ်ခါ စာရေးဆရာဆိုသူများ လွယ်အိတ်လွယ်၍လာတိုင်း "ဆရာ၊ ဆရာသော်"နှင့် အခေါ်ခံနေရသော လင်ဖြစ်သူအတွက် ကျေနပ်နေမိသည်။

တကယ်တော့ ကိုသော်တာ ရရှိထားသော ပင်စင်လစာသည် မဒမ်သော်တာ ပင်စင်လစာ၏ အစွန်းထွက်မျှသာရှိသည်။ ထို့ကြောင့် ငှားနေရသော အိမ်လခကို မဒမ်သော်တာ၏ ပင်စင်လစာနှင့်ပင် ဖြေရှင်းရသည်။

စားစရိတ်အတွက်ကိုမူ သားအကြီးဆုံးက အငှားကားမောင်းသဖြင့် အထိုက်အလျောက် ထောက်ပံ့သောကြောင့် သူတို့ မိသားစုဘဝလေးမှာ အဆင်ပြေသည်ဟူသော စကားလုံးကို သုံးမည်ဆိုလျှင် သုံးခွင့်ရှိသည့် အခြေအနေတွင် ရှိသည်။

လကုန်ရက်များ ဖြစ်သော မဂ္ဂဇင်းထွက်သည့် နေ့စွဲများတွင် ကိုသော်တာ မြို့ထဲသို့ လွယ်အိတ်တစ်လုံးနှင့်ထွက်သွားသည်။ တစ်ခါတစ်ရံ အင်္ဂါသောကြာလို ရက်များတွင်လည်း သွားလေ့ရှိသည်။ သူ့တွင် ပိတ်ရက်မရှိ၊ ဖွင့်ရက်မရှိ မြို့ထဲမှပြန်လာသည့်အခါ စာအုပ်ခလေးများ ပါလာတတ်သည်။ ထိုအခါ ကိုသော်တာအဖို့ တိုက်ပွဲတစ်ရာ အောင်မြင်ခဲ့သော စစ်သူကြီးပမာ အိမ်သို့ ရင်ကော့၍ ဝင်လာတတ်သည်။

တစ်ညတွင် ကိုသော်တာ အပြင်မထွက်ဘဲ စာရေးသည်။ သူ့အိမ်က ရေသာရပြီး မီးမပါသည့်အိမ်။ ဒီတော့ ရပ်ကွက်ထဲက တစ်ရာမီး ဆင်ထားရသည်။ ထိုမီးက ည ၁၀ နာရီအထိ ပုံမှန်လာသည်။ ဒီတော့လည်း အချိန်ရသခိုက် စာရေးနေမိသည်။ ထိုစဉ် ဇနီးဖြစ်သူက-

"ကိုသော်တာ၊ ရှင် အခုရေးနေတာတွေက တစ်မျက်နှာ ဘယ်လောက်ရသလဲဟင်"

"ဟာ. . မိန်းမရယ် ကဗျာရယ်၊ တစ်မျက်နှာရယ်၊ ဝတ္ထုတိုရယ်၊ ဆောင်း

→→





www.burmeseclassic.com

www.burmeseclassic.com




# မိန်းမ အတွေး၏ နောက်ကွယ်

ကပ္ပိယမောင်ဝိုင်း

ပါးရယ်၊ ဈေးနှုန်းက မတူဘူးကွ၊ စာမူခ များတဲ့ မဂ္ဂဇင်းဂျာနယ်တိုက်တွေရှိသလို နည်းတဲ့တိုက်လဲ ရှိတာပေါ့၊ တချို့တိုက် တွေက ကဗျာကို သုံးထောင်၊ ငါးထောင် အထိ ပေးတဲ့တိုက်တွေလဲရှိတယ်၊ ဝတ္ထု တို ဆောင်းပါးလဲ မတူဘူး၊ တချို့က နှစ်ထောင်၊ တချို့က သုံးထောင်၊ တချို့ က ငါးထောင် တစ်သောင်း အမျိုးမျိုး ပေါ့ကွာ၊ ဂျာနယ်မှာရေးတဲ့ တစ်မျက်နှာ ဝတ္ထုလေးတွေ၊ ဆောင်းပါးတွေမှာလဲ မတူကြဘူး၊ တ ချို့က နှစ်ထောင့်ငါးရာ၊ တချို့က ငါးထောင်၊ ခုနစ်ထောင်နှုန်း စသဖြင့် ကွဲကြတယ်လေ"

"ဒါဆို အကြမ်းအားဖြင့်တော့ ကဗျာရေးရင် တစ်မျက်နှာ နှစ်ထောင် တော့ ရမှာပေါ့နော်"

"အေး. . . ပေးတဲ့တိုက်ဆိုရင် ရတာပေါ့"

"ဲ့ ဒါဆိုရင် တော်က ကဗျာ လဲ ရေးတတ်သားပဲ၊ ပိုပေးတဲ့တိုက်ကို ပေးဖို့ရေးပေါ့" ဟု ပြောကာ အိပ်ရာထဲ ဝင်သွားတော့သည်။

*

နောက်တစ်နေ့ နံနက် ကိုသော် တာ အိပ်ရာထချိန်တွင် သူစာရေးနေကျ ထမင်းစား စားပွဲလေးပေါ်တွင် စက္ကူ အဖြူလွှတ် တစ်ထပ်နှင့်အတူ ဘောပင် နှစ်ချောင်း၊ နောက် ပဲပြုတ်နှင့် ထမင်း ကြော်ပန်းကန်၊ ပြီးတော့ ရေနွေးငှဲ့ပြီး သားခွက်၊ ဓာတ်ဘူးအဟောင်းလေးနှင့် အတူ ပြုံးကြည့်ပြီး ပြောလိုက်သော စကားကြောင့် ကိုသော်တာ အသက်ရှူ ဖို့ပင် မေ့လျော့သွားခဲ့ရလေသည်။

မဒမ်သော်တာ ပြောလိုက်သော စကားက . . .

"တဲ့ တစ်မျက်နှာကို နှစ်ထောင် ပဲထား၊ တစ်နေ့ကို ဆယ်မျက်နှာပဲရေးဦး တစ်နေ့ နှစ်သောင်း၊ တစ်လခြောက် သိန်း အနည်းငယ်။ ဒီလိုမှန်းသိရင် အစောကြီးကတည်းက ဝင်ရေးမိပြီ စာရေးဆရာ ဖြစ်နေပါပြီတော်" ဟူ သတည်း။

□ [illegible]



www.burmeseclassic.com

www.burmeseclassic.com

"ဒူ . . . ဟူ ဟူ ဟူ"

"အားလုံး မကြားမရှိကြနှင့်ဗျို့၊ ညနေခါ သူကြီးအိမ်ရှေ့မှာ တစ်အိမ် တစ်ယောက် စုကြရမယ် ...ဲ့ဗျို့"

ရှာဆော်ဖိုးစံလုံး မောင်းထုပြန် ပြီ၊ ဘာအကြောင်းရှိပါလိမ့်။

□

# သူကြီးဖိုးချိန် နှင့် ရှာဆော်ဖိုးစံလုံး

## ရန်အောင်ဦး (စေတုတ္တရာ)



ရှာဆော် ဖိုးစံလုံး။

အမြဲ အင်္ကျီကဗလာ၊ ပုဆိုး ဒူး ဆစ်ခန့် တိုတိုဝတ်၊ လမ်းထွက်မှ ပင်နီ တိုက်ပုံကောက်စွပ်ပြီး အောက်ခံအင်္ကျီ မပါ။ ခေါင်းတုံးမှာ ပုဆိုးစုတ်ပတ်၊ ကွမ်း တပြွတ်ပြွတ်ထွေး၊ မျက်လုံးက မှေးသေး သည်။

ဖိုးစံလုံးသည် အသားကညိုညို၊ အရပ်က ပျပ်ပျပ်၊ ချွေးထွက်လျှင် သူ့ အသားအရောင်သည် ပြောင်လက်နေ၏။ ကွမ်း အမြဲစားထား သဖြင့် သူ့သွားများ သည် မည်းချိပ်နေ သည်။

မောင်းကြီးကို ဘယ်လက်ကဆွဲ၊ ညာ လက်က မောင်းထု သည့် တုတ်ကို ကိုင်၊ ကြေညာမောင်း ထုရ သည့်အလုပ်သည် သူ့ ဝတ္တရား၊ ဘာမှခံစားမှု ရှိပုံလည်း မရချေ။

ဖိုးစံလုံးသည် တစ်ကိုယ်ရေသမား၊ သားသမီးလည်း မရှိ၊ အိမ်ထောင် မရှိ၊ ဆွေ မျိုးမရှိ၊ အသက် (၃၅) နှစ်ခန့်၊ ဒီရွာရောက် နေသည်မှာ (၁၅)နှစ် မန့်ရှိပြီး ဘယ်က လာ သလဲ၊ ဘယ်ဇာတိလဲ၊ အိမ်ထောင်ရှိသလား ဘယ်သူမှ မသိချေ။ သူကြီးအိမ်မှာ စာရင်း ငှား လာလုပ်ရင်းက ဒီရွာတွင် မြဲသွား ခြင်း ဖြစ်သည်။

ဖိုးစံလုံးသည် ယခင်က သူကြီး ၏ စာရင်းငှားဖြစ်သော်လည်း ယခုအခါ အနားပေးလိုက်ပုံရသည်။ သို့သော်လည်း သူကြီးခိုင်းသော ဗာဟီရအလုပ်များကို လုပ်ပေးရလေ၏။ သူကြီး၏စာရေးဆို လည်း ဟုတ်၊ ကိုယ်ရေးအရာရှိဆိုလည်း ဟုတ်၊ သူကြီးထက် စာတတ်သဖြင့် သူကြီးစာရေးဆိုက မှန်ပေလိမ့်မည်။

သူကြီး၏ လက်တိုလက်တောင်း ခိုင်းရင်းမှ ဖိုးစံလုံးသည် ရှာဆော်ခန့်စရာ မလိုဘဲ အလိုလိုနေရင်း ရှာဆော်ဖြစ် သွားရရှာလေတော့သည်။

အခုလည်း မောင်းထုပြန်ပြီ။ ဘာအကြောင်းရယ်မသိ။

"ဖိုးစံလုံး ဘာကိစ္စတဲ့လဲဟ"

"ကျုပ် မသိဘူးလေ၊ သူကြီးက မောင်းထုခိုင်းလို့ ထုရတာ"

ဘယ်သူမေးမေး ဖိုးစံလုံးက ဒါပဲ ပြောသည်။ သူကြီးကလည်း ဘာကိစ္စ ဟု ပြောပုံမရ။ ပြောတော့လည်း ဖိုးစံ လုံးက စိတ်ဝင်စားမည်မဟုတ်။ မောင်း ထုခြင်းသည် သူ့အလုပ်ဟု မှတ်ပုံရလေ သည်။

□



www.burmeseclassic.com

www.burmeseclassic.com

သူကြီး ဖိုးချိန်။

အသက် (၅၀)ခန့်၊ ဆံပင်ရှည်သျှောင်ထုံးအား သဘက်ပေါင်းဖြင့် ပတ်စည်းထားသည်။ ပင်နီတိုက်ပုံအပေါင်းအား အောက်ခံမပါဘဲ ဝတ်ထားသည်။ ပုဆိုးအား တိုတိုဝတ်ထားသော်လည်း ရှေ့ကပုဆိုးမှာ ခြေဖဝါးပေါ် တွဲကျနေသဖြင့် လမ်းလျှောက်လိုက်လျှင် ဟိုဘက်ခတ်လိုက် ဒီဘက်ခတ်လိုက် ဖြစ်နေသည်။ ပါးစပ်ထဲတွင် ကွမ်းအမြဲမြုံ့နေပြီး ကွမ်းတံတွေးတချို့ သူ့ပါးစောင်မှ စီးကျနေ၏။ ဒါကိုလည်း သိပုံမရ။ ဘယ်သွားသွား သူ့လက်ထဲတွင် နွားကန်(နှင်တံ) အမြဲကိုင်ထား၏။ ဘယ်သူ့မှလည်း မရိုက်။ သူလာလျှင် သူ့လက်ထဲ၌ နှင်တံပါစမြဲ။ ဤသည်မှာ သူ၏အမှတ်တံဆိပ်ပေပဲလေ။

"ရွာဆော်ဖိုးစံလုံးကို သွားခေါ်ချေစမ်း"

သူကြီးက ဖိုးစံလုံးအား ခေါ်ခိုင်း၏။ ဖိုးစံလုံးသည် သူကြီးအိမ်ဝိုင်းအတွင်း တဲကလေးဆောက်ကာ တစ်ယောက်တည်းနေ၏။

ဖိုးစံလုံး ရောက်လာသည်။

"ဖိုးစံလုံး မင်းက ငါ့ကို မောင်းခတ်ပြီးကြောင်း သတင်းမပို့ ဘာမပို့နဲ့၊ ဆောင်ရွက်ပြီးရင် သတင်းပို့ဖို့ မြို့ကနလကဥက္ကဋ္ဌ ပြောတာ သိရဲ့လားကွ"

"မောင်းထုတာ တစ်ရွာလုံးကြားတာပဲ၊ သတင်းပို့ဖို့ လိုသေးလား"

"ဒီခွေးမသားတော့ကွာ သွား. . သွား"

❑

ညနေ ၆ နာရီ ညီအစ်ကိုမသိတသိအချိန်။ သူကြီးအိမ်ရှေ့မှာ ရွာသားများ တဖွဲဖွဲရောက်နေကြသည်။ ရွာသားဆိုသည်ထက် ရွာသူတွေက ပိုများနေသည်။ ရွာသူများနှင့်အတူ သူတို့၏ကလေးပုစုခရများလည်း ပါလာသဖြင့် ဆူညံနေတော့၏။

သူကြီးလည်း လမ်းဘက်သို့ လည်ပင်းဆန့်၍ မျှော်နေ၏။ တစ္ဆေနီ (ဖောက်ရည်) ဝယ်ခိုင်းထားသည့် ကျောက်ဖားမလာသေး။မောင်ကျောက်ဖားအား ဘုံဆိုင်ဖိုးရင်ဆိုင်သို့ လွှတ်ထားသည်။

"ကျောက်ဖား မလာသေးဘူးလားဟ"

"တော့် ကျောက်ဖား မြင့်စိုးပုအိမ် ဝင်နေပုံရတယ်"

သူကြီးကတော်၏ ထင်မြင်ချက်။ မြင့်စိုးပု အိမ်တွင် သမီးအပျိုနှစ်ယောက်ရှိရာ လူပျိုမောင်ကျောက်ဖားသည် ဝင်ခလုတ် ထွက်ခလုတ် ဝင်နေလေ့ရှိ၏။

"တယ် . . . ခက်တာကိုး"

သူကြီးက ဗျစ်တောက် ဗျစ်တောက်ပြောရင်း ညည်းတွားနေ၏။ သူ့မျက်လုံးက လမ်းဘက်သို့ မျှော်တလင့်လင့်။ ကျောက်ဖား ရောက်လာ၏။ လွယ်အိတ်တစ်လုံးအားဆွဲလျက်အမောတကော ရောက်လာ၏။ လွယ်အိတ်ထဲမှ ပုလင်းတစ်လုံးနှင့်တစ်လုံး ထိသံကတခွပ်ခွပ်။

"ကြာလိုက်တာကွာ၊ မင်းကလဲ ချိုးမှပဲ၊ ပေးစမ်း ငါ့ကို"

သူကြီးက ပြောပြောဆိုဆို အနီးရှိ အာတာဆံ့မတ်ခွက်ကြီးအား ယူ၍ မဆေးမကြောဘဲ ဖောက်ရည်အားထည့်လိုက်၏။ ထို့နောက် မနားတမ်း တဂွပ်ဂွပ်မြည်အောင် သောက်ချလိုက်လေတော့၏။

"အင်း အင်း. . . ခုမှပဲ အမောပြေတော့တယ်"

ဟူ၍ ဆိုလိုက်ရင်း ကျောက်ဖားကို လှည့်ကြည့်လိုက်တော့ မတွေ့ရတော့ပေ။

"ဟိတ်အကောင် ကျောက်ဖား ဘယ်ပျောက်သွားသလဲ"

"ဘကြီး ဒီမှာ. . . ဒီမှာ"

ကျောက်ဖား ပြေးထွက်လာ၏။ ကျောက်ဖားသည် လူစုထဲမှ အပျိုကလေးများရှိရာသို့ သွားနေခြင်းဖြစ်သည်။

"တယ်. . . ခက်တာကိုး"

"လူစုံ မစုံ မေးလိုက်စမ်း"

"မစုံပါရင်ကောလေ"

ဒါ ပရိသတ်ထဲမှ အသံ။

"ဘကြီး ရွာမြောက်ပိုင်းက လိုသေးတယ်"

ကျောက်ဖား၏ အသံ။

"တယ် . . . ခက်တာကိုး"

သူကြီးဖိုးချိန်က တယ်ခက်တာကိုးဟုဆိုကာ ဖောက်ရည်အား မတ်ခွက်ထဲသို့ လောင်းထည့်ကာ တစိမ့်စိမ့်သောက်၍နေတော့၏၊

❑

ရွာဆော်ဖိုးစံလုံးသည် သူကြီးအိမ်ရှေ့ရှိ လူအုပ်စုထဲတွင် မယောင်မလည် လုပ်နေ၏၊ အစည်းအဝေးသည် သူနှင့်မဆိုင်၊ ရွာဆော်အလုပ်သာ သူနှင့်ဆိုင်သည်။ ဒါက သူ့အမြင်၊ သို့သော် ရွာသားများက ဖိုးစံလုံးကို ခေါ်မေးကြသည်။

"ဖိုးစံလုံး၊ မင်းသူကြီး တစ္ဆေနီသောက်နေတုန်းလား၊ မပြီးသေးဘူးလား"

"မသိဘူးလေ"

"လူစုံပြီလို့ သွားပြောစမ်းကွာ"

"ကျုပ်နဲ့ မဆိုင်ဘူး၊ ဒါက ကျောက်ဖားအလုပ်၊ကျုပ်အလုပ်မဟုတ်ဘူး"

ခဏအကြာ သူကြီးဖိုးချိန် အိမ်ပေါ်ကဆင်းလာ၏။ ခေါင်းပေါင်းပေါင်းခြင်း၊ တိုက်ပုံဝတ်ခြင်း၊ ပုဆိုးထောင့်တန်းဆွဲဝတ်ခြင်း၊ နှင်တံကိုင်ခြင်းတို့ဖြင့်ထွက်လာ၏။ ဒါက သူကြီးဖိုးချိန်၏သင်္ကေတအမှတ်အသား။

ခုလည်း ဒီတိုင်းပဲ၊ ဘယ်အချိန်ကြည့်ကြည့် ဒီအတိုင်းပဲ။ တစ်ရေးနိုးထကြည့်၊ ဒီအတိုင်း မပြောင်းလဲ။

"ကိုင်း ကိုင်း. . . နက်ဖြန်နံနက် ရွာလုံခြုံရေးအတွက် ဝင်းတပ်ထိုးမယ် တစ်အိမ် ဝါးနှစ်လုံး၊ လူမလာ မနေရ အထူးစာ်ညွှန်ကြားချက် ဒါပဲ၊ ပြီးတော့ စပါးသွင်းဖို့ မကျေသေးသူများ ကျန်

www.burmeseclassic.com

www.burmeseclassic.com

သွယ်ရေးဂိုဒေါင်မှာ သွားသွင်းပါ၊ စာရင်း မဖတ်တော့ဘူး၊ မျက်မှန်လဲ မပါဘူး"

အမှန်က သူကြီးကိုယ်တိုင်လည်း စာကို လေးလုံးကွဲအောင် မဖတ်တတ်ချေ။

"ဖိုးစံလုံးကို ခေါ်လိုက်စမ်းဟေ့"

ဖိုးစံလုံး သူကြီး ခေါ်ခိုင်းလို့ ရောက်လာသည်။

"စံလုံး ဒီစာကို ဖတ်ပြလိုက်စမ်း"

ဖိုးစံလုံးသည် မီးအိမ်အနီးသို့ စာရွက်ကိုင်ကာ သွားသည်။ စာရွက်ကို ဖြန့်၏။

"အဟမ်း. . . အဟမ်း"

အသံကို စမ်း၏။

"ဖတ်ပြမယ်၊ နားထောင် . . . အကြောင်းအရာတဲ့၊ စပါးပေးသွင်းကြရန်တဲ့၊ စပါးပေးသွင်းရန် တာဝန်မကျေသေးသည့် တောင်သူများ မပျက်မကွက် ပေးသွင်းကြရန် နောက်ဆုံးအကြိမ် နှိုးဆော်ပါသည်၊ စပါးများကို စုပေါင်း၍သော်လည်းကောင်း၊ တစ်ဦးချင်းသော်လည်းကောင်း နီးစပ်ရာစပါးဒိုင်၌ သွင်းကြရမည်တဲ့၊ စပါးပေးသွင်းခြင်းအား သက်ဆိုင်ရာ ရလကဥက္ကဋ္ဌများက နှိုးဆော်ကြီးကြပ်ရမည်တဲ့၊ ဒါပဲ"

"ဒါပဲလား"

သူကြီးက မေးသည်။ ဖိုးစံလုံးက ဒါပဲဟု ဖြေသည်။

"အောက်ကတော့ ဥက္ကဋ္ဌတဲ့၊ နာမည်တော့ မပါဘူး"

"အေးအေး. . . ဖိုးစံလုံး ဖတ်ပြတဲ့အတိုင်းပဲ၊ ကြားကြတယ်မဟုတ်လား၊ မေးစရာမရှိရင် ပြန်ကြတော့"

ရွာသားများ ပွစိပွစိပြော၍ ပြန်သွားကြသည်။

"ဘာများလဲလို့ ဖိုးစံလုံး ဖတ်တဲ့စာ နားထောင်ပြီး ပြန်ရတာပါပဲလား"

"စပါးမရှိတော့ပါဘူးဆို ဒီစပါးပဲ သွင်းခိုင်းနေတာပဲ"

"တို့ကလဲ သူတို့ကိုပေးဖို့ စပါးစိုက်နေရသလိုပဲ၊ ဒီမှာ ဝမ်းစာမရှိတော့ဘူး၊ ထမင်း ဘာနဲ့စားမလဲကွာ"

မကျေမနပ် ပြောသည့်အသံများ။

❑

ရွာဆော် ဖိုးစံလုံးက ခေသူမဟုတ်။ တစ်ရွာလုံးက ရွာဆော်၊ သူကြီးခိုင်းဖတ်၊ သူကြီးစာရေးဟု ထင်ကြသော်လည်း အစွမ်းအစရှိသူဖြစ်၏။

ဖိုးစံလုံးသည် ရွာဆော်သည့်အချိန်မှလွဲ၍ ဘယ်တော့မှ အကျီမဝတ်၊ ကတုံးကပြောင်၊ ကွမ်းကလည်းမပြတ် ဝါးနေသဖြင့် အသက် (၄၀)ကျော် (၅၀) ခန့်ဟု ထင်ရသည်။

သို့သော် ဖိုးစံလုံးသည် ရွာထဲတွင် အလွန်စွံလှသည်။ ကာလသားများ အောချရလောက်အောင် စွံသူတည်း။ ကာလသားများက ဖိုးစံလုံးတွင် ပီယဆေးစွမ်းရှိသည်ဟု ဆိုကြသည်။ ရွာထဲရှိ အပျိုကြီး၊ တစ်ခုလပ်၊ မုဆိုးမများ ဖိုးစံလုံးနှင့် မကင်းကြချေ။

ဖိုးစံလုံးက ငွေစကြေးစလည်း ရှိ၊ တစ်ဦးတည်း တစ်ကောင်ကြွက်၊ အသောက်အစား အသုံးအဖြုန်းမရှိ။ လောင်းကစားမရှိ။ ဒီတော့ ငွေချေးငှားရင်းက ငြိကြသည်ဟု ဆိုကြပါစို့ရဲ့။ ဒီလိုလည်း မဟုတ်ပြန်ဘူးလေ။ ဖိုးစံလုံးသည် ရွာဆော်ဆိုသော်လည်း စာအလွန်ဖတ်သူ။ ရွာစာကြည့်တိုက်က စာအုပ်မှန်သမျှ သူမဖတ်ဖူးတာ မရှိ။ စာဖတ်တော့ ဗဟုသုတရှိ၊ ဗဟုသုတရှိတော့ စာထဲက ဗဟုသုတတွေပြောရင်းက အထင်ကြီးတာလည်း ပါမှာပဲလေ။

ပြီးတော့ ဖိုးစံလုံးသည် ဗေဒင်လက္ခဏာလည်း မတောက်တခေါက် ထမင်းစားရေသောက် တတ်တယ်ဆိုတော့။ ပေးစမ်း နင့်လက်ဆိုပြီး ဆွဲဟောပြော။

"မှန်လိုက်တာ ဖိုးစံလုံးပြောတာ သိပ်မှန်တာပဲ" တဲ့။

အလကားဖရီး လက္ခဏာကြည့်ရင်းက ငြိကြလေသတည်းပေါ့။ မစွမ်းရင်းကလည်းရှိ ကန်စွန်းခင်းကလည်းငြိ ဆိုသလိုပေါ့။ ဒီက စတာပါပဲ။

ရွာထဲရှိ တစ်ခုလပ်၊ မုဆိုးမများက ဖိုးစံလုံးအား အတည်ယူဖို့ ကြိုးစားကြသည်။ ဖိုးစံလုံးက ဘယ်တော့မှ အတည်မကြံ။ ထို့ကြောင့် ဖိုးစံလုံးထံ လျှော်ကြေးတောင်း၏။ ဖိုးစံလုံးအတွက် သူကြီးက မကြာခဏ လျော်နေရသည့်အတွက် နောက်တစ်ခါဆို ရွာက နှင်ထုတ်မည်ဟု ရာဇသံပေး၏။ ဖိုးစံလုံးက မမှု၊ ဒုံရင်းပဲ။ သူကြီးဖိုးချိန်နှင့် ဖိုးစံလုံးတို့၏ပြောစကား နားထောင်ကြည့်ပါ။

"ဖိုးစံလုံး ရွာထဲကမိန်းမတွေ နှင့်မယားတွေလိုဖြစ်ကုန်ပြီ၊ အတည်ယူမှာဆိုယူ၊ မယူဘူးဆိုရင် သူများသားသမီး မဖျက်ဆီးနဲ့"

"ကျုပ်က မယူချင်သော်ကော လေ၊ သူတို့ကမှ ကျုပ်ကို မကြိုက်တာ"

"မကြိုက်ဘူးသာပြောတာ၊ မင်းအတွက် ရှင်းပေးရတာ များလှပြီ၊ ကြာရင် ငါပါ တရားခံဖြစ်လိမ့်မယ်"

"သူတို့က ကျုပ်ကို ငွေညှစ်တာပါ သူကြီးရာ"

"အဲဒါဆို မင်းက ကင်းအောင်နေ၊ နောက်တစ်ခါ ပြဿနာတက်ရင် ငါ ရှင်းမပေးနိုင်တော့ဘူး"

သူကြီးပြောတာလည်း မတုန်မလှုပ်။ သူကြီးနှင့် ဖိုးစံလုံး၊ ဖိုးစံလုံးနှင့် သူကြီး၊ မပြီးသေးတဲ့ ပန်းချီကား။ ဆက်ကြည့်ကြပါစို့လား။

❑

ပြောလေ ကဲလေ၊ မန်းလေ ပြဲလေ ဖြစ်နေပြီ။

"ဒီတစ်ခါတော့ ငါ မရှင်းနိုင်တော့ဘူး၊ ဖိုးစံလုံး မင်းကိစ္စ မင်းပဲရှင်းပေတော့"

သူကြီးဖိုးချိန်က ဖိုးစံလုံးအား ပြောနေ၏။ ဖိုးစံလုံးသည် အိမ်ခါးပန်းအောက်၌ ခြေတစ်ဖက်ထောင် ခြေတစ်ဖက်ချကာ ငူစောက်စောက်ထိုင်နေလေတော့၏။

"ဟဲ့ . . . မိမုန်း လာစမ်း"

သူကြီးက မိမုန်းအား အနီးသို့ ခေါ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com

မိမုန်းသည် တရှုပ်ရှုပ်ငိုနေ၏။

"ဖိုးစံလုံးက နင့်ကို ယူမယ်ပြောပြီး လာအိပ်တာ ဘယ်လောက်ကြာပြီလဲ"

"ခြောက်လ ခုနစ်လ ရှိပါပြီ"

"ဖိုးစံလုံး မင်း ဘာပြောမလဲ"

ဖိုးစံလုံးသည် ဒီတစ်ခါတော့ အရင်မိန်းမတွေလို ငြင်းလည်းမငြင်း ဆိတ်ဆိတ်နေ၏။ ဆိတ်ဆိတ်နေတော့ ဝန်ခံခြင်းပေါ့။

"ကဲ မိမုန်း ဘာဖြစ်ချင်သလဲ၊ ဘာလုပ်ချင်သလဲ ပြော"

"သူကြီး ရှင်းမပေးနိုင်ရင် ရဲစခန်းတိုင်ရမှာပဲ"

မိမုန်းသည် အသက်(၃၀)ခန့်၊ တစ်ခုလပ်၊ အော်ကြောလန်၊ တစ်ရွာလုံးနှင့်မတည့်။ တစ်ခုတော့ရှိသည်။ မိမုန်းသည် တစ်ခုလပ်ပေမယ့် အပျိုကမမီ။ တင်ရင်ခါးအပျိုတွေဖျားလောက်အောင် တောင့်၏။ ဖြောင့်၏။

"ကဲ ဖိုးစံလုံး မိမုန်းကတော့ သူ့ကိုမယူရင် ရဲတိုင်မယ်တဲ့၊ ဘယ်လိုလဲ"

"ဒီလိုဆို ကျုပ်က မိမုန်းကို ယူရမှာပေါ့လေ"

သူကြီးက အံ့သြစွာနှင့် ဖိုးစံလုံးအား ပြုံးကြည့်လိုက်ရင်း. . .

"အံမယ် ခါတိုင်း ငြင်းနေကျမောင်မင်းကြီးသားက ခုတော့ မငြင်းပါလား၊ ကိုင်း ဒီလိုဆို မိမုန်းက ဖိုးစံလုံးအိမ်လိုက်မလား၊ မိမုန်းအိမ် ဖိုးစံလုံးကလိုက်မလား"

ထိုအခါ မိမုန်းသည် ဆတ်ခနဲထရပ်လိုက်ပြီး . . .

"သူကြီး ကျုပ်လိုချင်တာ လျော်ကြေး၊ ဖိုးစံလုံးကို လိုချင်တာမဟုတ်ဘူး၊ ကြုံကြုံဖန်ဖန်တော် ဒီကတုံးကြီးကို လင်မတော်နိုင်ပါဘူး"

"ဟေ- ဘယ်လိုဖြစ်ရတာလဲဟ"

သူကြီးက ဟေတစ်လုံးသာထွက်လာပြီး . . .

"ဒီလိုဆိုရင် ဖိုးစံလုံးက ယူမယ်ပြောပြီး နင့်ဆီ လာအိပ်တယ်ဆို"

"မဟုတ်ပါဘူး၊ သူကြီးက အရင်လူတွေလို လျော်ကြေး အလွယ်တကူပေး ယ် အောက်မေ့လို့ တိုင်ရတာပါ"

သူကြီးဖိုးချိန်သည် သူ့နဖူးအား လက်ဝါးနှင့်ရိုက်၊ စိတ်မသက်မသာစွာဖြင့် ခေါင်းပေါင်းကိုဖြုတ်၊ ခေါင်းကုတ်ရင်းက . . .

"ဟေ့ကျောက်ဖား၊ ငါ့အတွက် တစ္ဆေနီတစ်လုံး ဖိုးရင်ဘုံဆိုင်မှာ သွားယူချေဦးဟေ့"

❑

တစ္ဆေနီ - ဖောက်ရည်၊ အနီရည် [ထန်းလျက်ရည်အား တဆေး၊ သစ်ခေါက်တို့ဖြင့် ဖောက်ထားသော သေရည် (ဝါ) အရက်ချက်မည့် ထန်းလျက်ရည်] ဒေသိယစကား ဖြစ်သည်။

❑ ရန်ဘော်ဦး(စေတုတ္တရာ)


# အချစ်ရေး၊ အိမ်ထောင်ရေး ရင်မအေးဖြစ်နေရသူများအတွက်

- ကိုယ့်ချစ်သူ၊ ကိုယ့်ခင်ပွန်း၊ ကိုယ်နဲ့အတူတွဲနေသူက အခုတော့ ကိုယ့်ကို ရှောင်ခွာခွာလုပ်နေလို့ စိတ်ညစ်နေပါသလား။
- အရင်လို အနားပြန်ကပ်ပြီး ချစ်ခင်ကြင်နာမှုမျိုး ပြန်လိုချင်ပါသလား။
- ခိုးပြေး၊ အတူနေ၊ ပေါင်းသင်းပြီးကာမှ လက်မထပ်ချင်သေးဘူးဆိုလာတဲ့ တာဝန်မယူရဲသူကြောင့် ရင်ပူနေရသလား။
- နှစ်ပေါင်းရှည်ကြာ ပေါင်းသင်းလာပြီးကာမှ အခုတော့ ကွာရှင်းစာချုပ် လက်မှတ်ထိုးပေးဖို့ တကျီကျီလုပ်နေလို့ ရင်မအေး ပူဆွေးနေရသလား။

ဂမ္ဘီရပညာ ယတြာနည်းလမ်းကောင်းတွေနဲ့ ပံ့ပိုးကူညီပါရစေ။

## ဆရာဦးပိုင်ဇအောင် ( ဝိဇ္ဇာဘွဲ့ )

ဝိတ်ရက် မရှိပါ။

### လက္ခဏာဗေဒင်ယတြာအစီအရင်

အခန်း (B-1)၊ မြေညီထပ်၊ တိုက် (၄၀)၊ မဟာမြိုင်အိမ်ရာထိပ် (မဟာရန်ကုန်ဆိုင်အနီး)၊ ဦးဝိစာရလမ်း၊ (၄၁) ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ ရန်ကုန်။ ☎ ၀၉-၇၃၁၄၇၀၂၄၊ ၀၉-၅၀၉၃၇၉၁

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com









www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

# ပြုံးရယ်ရယ်ဟား ဟာသများ



ဒါမှ ငါ

အရေးပေါ် လူနာတင်ကားတစ်စီး ဆေးရုံရှေ့သို့ ဆိုက်ရောက်လာသည်။ ဆေးရုံမှ ဝန်ထမ်းများ အပြေးအလွှား ပြေးဆင်းလာကြလေသည်။ ဝန်ထမ်းတစ်ဦးက ကားအတွင်းသို့ ချောင်းကြည့်ပြီး နားမလည်နိုင်စွာဖြင့် ကားဒရိုင်ဘာကို မေးသည်။

"ခင်ဗျား ဆေးရုံကို လှမ်းပြီးအသိပေး အကြောင်းကြားတုန်းက ကားတိုက်ခံရတဲ့ လူနာတစ်ဦးတည်းဆို၊ အခု ဘာဖြစ်လို့ သုံးယောက်ကြီးများတောင် ဖြစ်နေရတာလဲဗျ"

ကားဒရိုင်ဘာက ရင်ကိုကော့၍ ဂုဏ်ယူဝင့်ကြွားစွာ အောက်ပါအတိုင်း ပြောလိုက်လေသည်။

"ကျန်တဲ့နှစ်ယောက်ကို အလာလမ်းမှာ ကျွန်တော် ဝင်တိုက်ခဲ့တာလေ"

❒ ဒဂီး(ရွှေရင်အေး)



နွားဖြစ်တာလား

အသားဖြူလူမျိုး သဘော်အရာရှိထံ ဇနီးဖြစ်သူမှ မီးဖွားသောသတင်းကို ကြေးနန်းဖြင့် ပို့လိုက်၏။

"မောင်ရေ. . . သားဦးလေး မွေးတယ်၊ တအား ချစ်စရာကောင်းတယ်၊ ဒါပေမယ့် ကျွန်မ နို့မထွက်တဲ့အတွက် အိမ်ဖော် အသားမည်းမနို့ကို တိုက်နေရလို့ ကလေးအသားတွေ မည်းကုန်တယ်" ဟူ၍ ဖြစ်သည်။

ထိုသတင်းကို တစ်ဖန် ယောကျ်ားဖြစ်သူက မိခင်ထံ ကြေးနန်းလှမ်းပို့၍ အကြောင်းကြားလိုက်လေသောအခါ . . .

"ငါ့သား မင်းငယ်ငယ်က အမေ နို့မထွက်လို့ နွားနို့တိုက် မွေးခဲ့ရသော်လည်း ငါ့သား နွားစိတ်မပေါက်ခဲ့၍ အမေ လွန်စွာဝမ်းသာခဲ့ရပါသည်၊ သို့သော်လည်း သားပို့သော သတင်းအရ မင်းရဲ့ခေါင်းမှာ ချိုပေါက်နေပြီဟု အမေ ထင်ပါသည်" ဟု စာပြန်လိုက်လေသည်။

❒ ဒဂီး(ရွှေရင်အေး)



တော်ပုံကာ

သူဌေးကြီးတစ်ဦးနှင့် မန်နေဂျာလူငယ်တစ်ဦးတို့ စကားပြောနေကြရာ

"မင်းအမေကို ငါငယ်ငယ်ကတည်းက ချစ်ခဲ့တာ၊ သူ အသေစောသွားတော့ တို့နှစ်ယောက် မယူဖြစ်ခဲ့ဘူး၊ နို့မဟုတ်ရင် မင်းက ငါ့သားဖြစ်နေလောက်ပြီကွ"

"အခုလဲ သူဌေးမင်းဟာ ကျွန်တော့်အဖေ ဖြစ်နိုင်ပါသေးတယ်ခင်ဗျာ"

"ဘာဖြစ်လို့လဲ"

"အမေသေသွားလို့ သားမတော်ရရင် အန်ကယ့်သမီးနဲ့ ကျွန်တော့်ကို ပေးစားပြီး သားတော်လို့ရပါသေးတယ်"

"ဘာ. . .ကွ"

❒ ဒဂီး(ရွှေရင်အေး)

www.burmeseclassic.com

www.burmeseclassic.com

# ပြုံးရယ်ရယ်မောမော ဟာသများ



**တော်လိုက်တာနော်**

သမီးဖြစ်သူ ဆယ်တန်းအောင်စာရင်းထွက်မည် ဖြစ်သဖြင့် မိခင်သည် စျေးဝယ်စရာရှိသည်များကို မြန်မြန်ဝယ်၍ အိမ်သို့ပြန်ရောက်လာသောအခါ ဧည့်ခန်းတွင် ထိုင်နေသော ယောက်ျားကို မေးနေစဉ် . . .

"အဖေကြီး သမီးလေး အောင်စာရင်းသွားကြည့်တာ ပြန်ရောက်ပြီလား"

"အေး၊ ပြန်ရောက်ပါပြီဗျာ၊ ဒီလေးလုံးနဲ့လေ"

"ဟယ်. . . ကျွန်မသမီးလေးက တော်လိုက်တာ"

"ရမ်းပြီး ချီးကျူးမနေနဲ့ဦးကွ၊ မင်းရဲ့သမီးက ငါ့ကို ဘယ်လို ပြောတယ် မှတ်သလဲ၊ 'ဒယ်ဒီ ဒီနှစ် ဒေ့တာ ဒေါင်းတယ်' တဲ့လေ"

❐ ဗီဓေ



**အပြောမတတ်တော့**

ဆေးခန်းတစ်ခုတွင် ဆရာဝန်က လူနာအမျိုးသမီးကို စမ်းသပ်ပြီးနောက် အပြင်၌ စောင့်နေသော လူနာရှင် ယောကျ်ားအား ရောဂါအခြေအနေကို ပြောပြရာတွင် . . .

"ခင်ဗျားအမျိုးသမီးကို ကျွန်တော် သိပ်မကြိုက်ချင်ဘူးဗျာ"

"ခင်ဗျားကို ဘယ်သူက ကြိုက်ခိုင်းနေလို့လဲ၊ ဆရာဝန်ဆိုတာ ဆေးပဲကုပါ၊ ဝါသနာကို ရှေ့တန်းမတင်ချင်ပါနဲ့"

❐ ဗီဓေ

**ခြောင်**

ဖခင်က သမီးဖြစ်သူအား အံ့ဩစွာဖြင့် မေးနေ၏။

"သမီးက သရဲအရမ်းကြောက်တတ်တယ်ဆိုပြီးတော့ ဘာဖြစ်လို့ မြန်မာ သရဲကားတွေပဲ ငှားကြည့်နေရတာလဲ"

"ဖေကြီးကလဲ မြန်မာသရဲကားတွေထဲက သရဲတွေ ဆိုတာ သမီးကြိုက်တဲ့ မင်းသား မင်းသမီးတွေပဲဟာကို၊ ဘာလို့ ကြောက်ရမှာလဲ"

❐ ဗီဓေ



**အဟီ**

ခေတ်ပေါ် အပြင်အဆင်များဖြင့် အလွန်လှပနေသော မိန်းကလေး တစ်ယောက်ကို ချာတိတ်လေးတစ်ယောက်မှ သေချာစွာကြည့်၍ . . .

"မမက လွတ်လပ်မှုကို မြတ်နိုးပုံရတယ်နော်" ဟု ပြောလိုက်သောအခါ မိန်းကလေးက လှပစွာ ပြုံး၍ ချာတိတ်လေးအား . . .

"ဟဲ ဟဲ. . . ဟုတ်တယ်မောင်လေးရဲ့၊ ဒါနဲ့ ဘာကိုကြည့်ပြီး ပြောတာလဲဟင်"လို့ ပြန်မေးလေသည်။ ထိုအခါ ချာတိတ်လေးက မိန်းကလေးကို စူးစိုက်ကြည့်ပြီး တစ်ခွန်းတည်း အော်ပြော၍ ထွက်ပြေးသွားလေသည်။

"အောက်စလွတ်နေလို့"

❐ ဗီဓေ



www.burmeseclassic.com

www.burmeseclassic.com

# ပြုံးရယ်ရယ်ဟား ဟာသများ

**မေ့တတ်သူ**

စိတ်ရောဂါကု ဆရာဝန်ထံသို့ လူနာတစ်ယောက် ရောက်လာသည်။ လူနာက ပြော၏။

"ဆရာရယ် ဆရာ့ကို ဘယ်လိုပြောရမှန်းတောင် မသိပါဘူးခင်ဗျာ၊ ဟိုဒင်းလေ ဟိုဟာ. . . ဟိုဥစ္စာ၊ ကျွန်တော်လေ ဘယ်လိုခေါ်တယ်ဆိုတာတောင် မသိတော့ပါဘူးဗျာ၊ အမြဲလိုလို မေ့တတ်တဲ့ဥစ္စာဗျာ"

ဆရာဝန်သည် လူနာ၏စကားကို နားထောင်ပြီး ခဏကြာ စဉ်းစားပြီးမှ ပြန်ပြောသည်။

"ဘာလဲ အကြွေးကိုပြောတာလား"

"ဟုတ်တယ် ဆရာ၊ ဟုတ်တယ် ဟုတ်တယ်"

"အကြွေးက ဘာဖြစ်လို့လဲ"

"ဪ. . . ဆရာရယ် ဆေးကုခကတော့ အကြွေးနော်"

❐ ညွန့်ဆွေဝင်း (စက်မှုတက္ကသိုလ်)



**ယောက်မကို မြင်းစီးခြင်း**

"ငါ့သမီးလေး တော်တယ် တော်တယ်နဲ့ ယောက်မ မြင်းစီးထွက်တယ်၊ ကွယ်ရာမှာ မိဘမသိအောင် ရည်းစားနဲ့ ဘယ်နှခါ ချိန်းတွေ့တယ် မသိဘူး၊ ခုတော့ ဗိုက်ထွက်လာပြီ၊ တော်သေးတယ်၊ ကောင်လေးဘက်က တောင်းရမ်းလက်ထပ်မယ်ဆိုပြီး လာစေ့စပ်လို့ ဒီလိုသာ မဟုတ်ရင် ဒုက္ခပဲ"

"အမေကလဲ ဘာမှန်းမသိဘူး၊ သမီး ကွယ်ရာမှာ တစ်ခါမှ ချိန်းမတွေ့ရပါဘူး"

"ဟဲ့ . . . နင်ချိန်းမတွေ့ဘဲ ရှိလာမလား"

"မဟုတ်ပါဘူး အမေရယ်၊ တစ်ခါမှ ချိန်းမတွေ့ပါဘူး၊ ရုပ်ရှင်ရုံ နောက်ဆုံးတန်းမှာ သုံးခါပဲ ရုပ်ရှင်တူတူကြည့်မိတာပါ"

❐ ညွန့်ဆွေဝင်း (စက်မှုတက္ကသိုလ်)



**မကြောက်ပါနဲ့**

ရှေ့နေတစ်ဦး၏ ရုံးခန်းတွင် ဖြစ်သည်။ ရှေ့နေက လိမ်လည်ထွက်ဆိုပေးရမည့် သက်သေကို ဇာတ်တိုက်သင်ကြားပေးနေသည်။

"ရှေ့နေကြီးရယ်၊ ရှေ့နေကြီး သင်ပေးတာတွေကတော့ ဟုတ်ပါပြီ၊ ကျွန်တော်က ကျမ်းထုပ်ကိုင်ပြီးမှ ပြောရမှာ မဟုတ်လား၊ ကျမ်းကိုင်ပြီးမှ လိမ်ရင် ကျမ်းစူးမှာပေါ့၊ ကျမ်းစူးတာ ကြောက်စရာကောင်းတယ်ဆို"

"မပူပါနဲ့ဗျာ၊ တရားသူကြီးက ကျမ်းကို ကိုင်ခိုင်းမယ်၊ ပြီးရင် သူတို့ဆိုပြတဲ့အတိုင်း လိုက်ဆိုရမယ်၊ 'ကျမ်းစူးပါစေသား' လို့ ဆိုရမယ့်နေရာမှာ ခင်ဗျားက နှာစေးသလိုလို စကားမပီသလို့လိုနဲ့ 'ကျမ်းရှူးပါစေသား' လို့ ဆိုလိုက်ရုံပဲပေါ့၊ ဟုတ်လား"

❐ ညွန့်ဆွေဝင်း (စက်မှုတက္ကသိုလ်)



www.burmeseclassic.com

www.burmeseclassic.com

# ပြုံးရယ်ရယ်ဟား ဟာသများ



**မိန်းမတွက်**

"ရှင့်မျက်နှာကြီးက မကြည်မသာနဲ့ ဘာတွေ စိတ်ညစ်နေတာလဲ၊ ဘာသောကတွေများ ရှိနေလဲ၊ ကျွန်မကို ပြောပါဦး"

"ငါတို့အိမ် စီးပွားရေးကျဆင်းနေတယ်၊ ဝင်ငွေနဲ့ထွက်ငွေ မမျှဘူးဖြစ်နေတယ်၊ ကုန်ဈေးနှုန်းက မြင့်မြင့်လာတယ်၊ ဝင်ငွေကလည်း ကျဆင်းနေတယ်"

"ဒါဆိုရင် ကျွန်မတို့ ဘာဆက်လုပ်ကြမလဲ"

"ခြိုးခြံချွေတာမှ ဖြစ်တော့မယ် မိန်းမရေ"

"ဒါဆိုရင် ချေးတာ ငှားတာ အကြွေးဝယ်တာ လျှော့ရမှာလား၊ အကြွေးဆပ်တာကို လျှော့ရမှာလား"

❒ ညွန့်လွင် (စက်မှုတက္ကသိုလ်)



**မစီးဖူးသေးပါ**

ဝန်ကြီးချုပ်ကို ပါလီမန်အမတ်တစ်ဦးက ပြောသည်။

"တိုင်းပြည်က ပြည်သူပြည်သားတွေ အကြောင်းကို ခင်ဗျားဟာ ဘာဆိုဘာမှ နားမလည်သေးပါဘူး၊ ဒီနေ့ ပြည်သူတွေ ဘာပြောနေကြသလဲ၊ တိုင်းပြည် အခြေအနေကို ကျကျနနသိရအောင် ခင်ဗျားကိုယ်တိုင် ဘတ်စ်ကားတိုးစီးပြီး ဈေးထဲ သွားလေ့လာကြည့်စမ်းပါ"

ထိုသို့ အပြောခံလိုက်ရသဖြင့် ဝန်ကြီးချုပ်သည် တနင်္ဂနွေနေ့တစ်နေ့တွင် လေ့လာရေးခရီးထွက်ရန် ဆုံးဖြတ်လိုက်သည်။ သူသည် သူ့အား လူထုက မမှတ်မိစေရန် ကက်ဦးထုပ်ဆောင်းကာ နေကာမျက်မှန် တပ်လိုက်သည်။

ရော်ဘာဖိနပ်ကို စီးပြီးနောက် အစောင့်အရှောက် တစ်ဦးကိုမျှ မခေါ်ဘဲ ဘတ်စ်ကားမှတ်တိုင်ကို သွား၏။ ဆိုက်ရောက်လာသော ဘတ်စ်ကားပေါ် ပြေးတက်သည်။ ကားပေါ် ရောက်ရောက်ချင်း ဒရိုင်ဘာအား အော်ပြောသည်။

"အနီးဆုံး ဈေးတစ်ခုခုကို အမြန်မောင်းစမ်းဟေ့"

❒ ညွန့်လွင် (စက်မှုတက္ကသိုလ်)



**ဂုဏ်ပြုပွဲ**

စိတ်ရောဂါ အထူးကုဆရာဝန်ကြီးထံသို့ လူနာတစ်ယောက် လာပြ၏။

"ကျွန်တော် ညည အိပ်လို့ မရဘူးဗျာ"

"ဘာလုပ်နေလို့လဲ"

"ဆရာရယ်၊ ကမ္ဘာမှာ ကျွန်တော်တို့ တိုင်းပြည်မှာ ဖြစ်ပျက်နေတဲ့ ပြဿနာပေါင်း သောင်းခြောက်ထောင်ကို ပြေလည်အောင် အဖြေရှာနေလို့ပါ"

"အဖြေရှာလို့ကော ရလား၊ ပြေလည်သွားလား"

"ပြေလည်သွားတာပေါ့ ဆရာရယ်၊ ကျွန်တော့် ဖြေရှင်းနည်းတွေဟာ အကောင်းဆုံးတွေချည်း ဖြစ်နေတယ်"

"ဒါဆိုရင် ဘာဖြစ်လို့ အိပ်မရတာလဲ"

"ကျွန်တော့်ကို အားလုံးက ဂုဏ်ပြုနေကြတယ်လေ၊ ဒါကြောင့် အိပ်မရတာပါ"

❒ ညွန့်လွင် (စက်မှုတက္ကသိုလ်)



www.burmeseclassic.com

www.burmeseclassic.com



ဗေဒင်ဘုန်းမြင့် (ဇာချင်ဖေ)

# ခရုသင်းယတြာချောင် တကယ်အောင်မြင်ကြီးပွားစေမည်

**ခရုသင်းနိဒါန်း**

ဗုဒ္ဓဘာသာဝင်များနှင့် ဗြာဟ္မဏ ဂိုဏ်းဝင် ဟိန္ဒူဘာသာတို့၏ အလိုအရ ခရုသင်းတို့ မည်သည်မှာ လောကီ လောကုတ္တရာ ရတနာတစ်ပါးဖြစ်သည် ဟု ဆိုသည်။

ဝိနည်းတော်အရ ရဟန်းတော် မြတ်တို့၏ ပစ္စည်းကိုးပါးတွင် ပုလဲ၊ ကြောင်မျက်ရွဲ၊ ခရုသင်း၊ ကျောက်သလင်း၊ သန္တာ၊ နီလာ၊ ငွေ ဟူ၍ ခရုသင်း ပါဝင်သကဲ့သို့ လောကီ ရတနာ (၁၀)ပါးထဲတွင်လည်း တစ်ပါး အပါအဝင် ဖြစ်လေသည်။ ရေသတ္တဝါမှ ရရှိသော ရတနာပစ္စည်း ဖြစ်ပါသည်။ မြတ်စွာဘုရား၏ ခြေတော်ရာ အကန့် အကွက်(၁၀၈)ပါးထဲတွင် ခရုသင်းသည် မင်္ဂလာအထိမ်းအမှတ် တစ်ပါးအဖြစ် ပါဝင်ရလေသည်။

ဘုရားလောင်း သိဒ္ဓတ္ထမင်းသား ရဟန်းပြု၍ သဗ္ဗညုတဉာဏ်တော် ... အောင် ကျင့်ကြံအားထုတ်ခဲ့ရာ၌လည်း ... သိကြားမင်းက မင်္ဂလာခရုသင်းကို မှု... ၍ နတ်ကောင်း ဒေဝတာများနှင့်အ... ကောင်းချီးပေးခဲ့သည်။

ဟိန္ဒူဘာသာဝင်တို့၏ ... ဝဋ္ဋာ လောကကြီးတစ်ခုလုံးကို ... ရှောက်ပေးတော်မူသော ဗွိဿနိုး(ဗိဿ...



www.burmeseclassic.com

www.burmeseclassic.com

**ဝိနည်းတော်အရ ရဟန်းတော်မြတ်တို့၏ သိက္ခာပစ္စည်း ထိုးပါးတွင် ဝတ္ထုမြား၊ မြ၊ ငုံး၊ ကြောင်မျက်ရွဲ၊ ခရုသင်း၊ ကျောက်သလင်း၊ သန္တာ၊ နီလာ၊ ငွေ ထည့်၍ ခရုသင်း ပါဝင်သတ်ဆို**

နတ်ဘုရားသည် လက်တော်လေးဖက် ရှိလေရာ လက်တစ်ဖက်ဖြင့် မြင့်မြတ်သော ခရုသင်းကို မင်္ဂလာပြယုဂ်အဖြစ် ကိုင်ဆောင်ထားလေ၏။ ထို့ပြင် ဘုရင်မင်းဧကရာဇ်တို့နှင့် သက်ဆိုင်သော မင်းခမ်းမင်းနားဝင် ပစ္စည်းလည်းဖြစ်ပါသည်။

မင်္ဂလာခရုသင်းသည် မင်္ဂလာအခမ်းအနားများတွင် ကောင်းမြတ်သော အောင်အတိတ်၊ အောင်နိမိတ်ဆောင်စေရန် အခါအားလျော်စွာ ဦးဆောင်သော ပုဏ္ဏားဆရာ အကြီးအကဲများမှ မှုတ်ရ၊ ရေစင်သွန်းလောင်းပေးရသောပစ္စည်း ဖြစ်သည်။

ရှေးအခါက သီဟိုဠ်ကျွန်းနိုင်ငံ (သီရိလင်္ကာ)၌ မင်းချင်းများ အချင်းချင်း စစ်ထိုးကြရာတွင် ခရုသင်းမှုတ်၍ စစ်ထိုးသည့်ဘက်မှ စစ်အောင်နိုင်ပြီး အခြားတစ်ဖက်မှ စစ်ဦးပြိုကာ အရှုံးကြီးရှုံးနိမ့်၍ ဖရိုဖရဲ ဖြစ်ရသည်ဟူ၏။

ထူးခြားသည်မှာ အိန္ဒိယနိုင်ငံ မြောက်ပိုင်းဒေသများတွင် လက်ဝဲရစ်ခရုသင်းကို မင်္ဂလာအဆောင်အယောင်ပစ္စည်းအဖြစ် အသုံးများကြသော်လည်း တောင်ပိုင်းဒေသများ၌မူ လက်ယာခရုသင်းကိုသာ အသုံးများကြလေသည်။

ရှေးမြန်မာမင်းများ လက်ထက်တော်အခါ၌လည်း ဘေးကင်းရန်ကွာ ကောင်းခြင်းမင်္ဂလာ အပေါင်းတို့နှင့် ခညောင်းပြည့်စုံစေနိုင်ရန် ခရုသင်းကို အုပ်နှင့်ထုပ်၍ ခနုဆောင်အတွင်း၌ လက်ယာဘက်မှ ထားကြသည်။

**လက်ယာရစ်ခရုသင်း**

ဝိဇယုတ္တ မည်သော ခရုသင်းသည် လက်ယာရစ်ခရုသင်း ဖြစ်သည်၊ ငွေရောင်အဆင်း လင်းလက်တောက်ပနေတတ်ပြီး လက်ယာဘက်မှ ရေစင်ထွက်လေ၏။ ဝိဇယုတ္တ လက်ယာရစ်ခရုသင်းကို အလွန်မြင့်မြတ် ထူးမြတ်လှသော မင်္ဂလာအကြောင်းကိစ္စများ၌သာ အသုံးပြုကြ၏။ လက်ယာရစ် ခရုသင်းသည် ရှားပါး၍ တန်ဖိုးထိုက်လေသည်။

ဘုရားထီးတော်တင် ရေစက်ချ ဘိသိက်မင်္ဂလာ၊ စေတီတော်ရေစက်ချ ဘိသိက်မင်္ဂလာ၊ ဗုဒ္ဓဘိသေကဘိသိက်မင်္ဂလာ၊ ရတနာသုံးပါးနှင့် သက်ဆိုင်သောမင်္ဂလာအခမ်းအနားများ၊ နိမ့်ရာမှ မြင့်ရာ အခြေအနေသို့ တင်မြှောက်ပေးရသော မင်္ဂလာကိစ္စများနှင့် စစ်ရေးစစ်ရာ စစ်အောင်နိုင်ရေးများတွင် လက်ယာရစ်ခရုသင်းကို အသုံးပြုကြရလေသည်။

အချို့ကျမ်းများ၌ ဝိဇယုတ္တ ခရုသင်းကို နတ်ပြည်ခြောက်ထပ်ကို အစိုးရသော သိကြားမင်းက ပိုင်ဆိုင်သော မင်္ဂလာပစ္စည်းဖြစ်ပြီး သိကြားမင်း၏ အလိုဆန္ဒအရ သက်ဆိုင်သူများကသာ မှုတ်ရမည်ဟု ဆိုသည်။

သိကြားမင်း၏ ဆန္ဒနှင့်အညီ မှုတ်ရလျှင် ခပ်သိမ်းသော ဘေးရန်အန္တရာယ် ကပ်ရောဂါ ဝဋ်ဒုက္ခအပေါင်းတို့နှင့် စစ်ပွဲရန်ပွဲ ဆူပူသောင်းကျန်းမှု အနိဋ္ဌာရုံအမျိုးမျိုးတို့မှ ကင်းဝေးလွတ်ငြိမ်းစေပြီး လိုရာဆန္ဒ ချမ်းသာသုခ အဖြာဖြာနှင့် ပြည့်စုံစေနိုင်သည်ဟု ဆိုသည်။

**လက်ဝဲရစ်ခရုသင်း**

အိန္ဒိယနိုင်ငံ မြောက်ပိုင်းဒေသ၌ အသုံးများသော လက်ဝဲရစ် မင်္ဂလာခရုသင်းများတွင် အမည်အမျိုးမျိုးနှင့် မျိုးကွဲများရှိလေ၏။ လူသိထင်ရှားသော အမည်လေးမျိုးကို အကျဉ်းချုံး၍ တင်ပြရလျှင် . . .

(၁) **သင်္ခခရုသင်း**

အများနှင့်သက်ဆိုင်၍ လူမျိုးအဆင့်အတန်းမရွေး အသုံးပြုနိုင်သော မင်္ဂလာ လက်ဝဲရစ်ခရုသင်း ဖြစ်လေသည်။ သန္ဓေဆောင်မင်္ဂလာ၊ မွေးနေ့မင်္ဂလာ၊ ဆံထုံးမင်္ဂလာ၊ ဆံရိတ်မင်္ဂလာ၊ ပုခက်တင်မင်္ဂလာ၊ ထမင်းခွံ့မင်္ဂလာ၊ အမွေပေး၊ အိမ်တက်မင်္ဂလာ အစရှိသော မင်္ဂလာ (၁၂) ပါး အခမ်းအနားများ၌ မင်္ဂလာရေစင် သွန်းလောင်း၍ သိဒ္ဓိတင်ပေးခြင်း စသည်ဖြင့် အသုံးပြုကြရလေသည်။ အသုံးပြုသည့်အခါ ရှေးထုံးနှင့်အညီ ဆောင်ရွက်ရပါသည်။

(၂) **သကျခရုသင်း**

ရှေးအခါက သကျသာကီနွယ်ဝင်မင်းမျိုးတို့က အသုံးပြုရသောမင်္ဂလာလက်ဝဲရစ်ခရုသင်း ဖြစ်သည် ဟူ၏။ နှောင်းခေတ်ပိုင်းတွင်လည်း ရွှေနန်းတော်တွင်းရှိ မင်း၊ မိဖုရား၊ မင်းညီမင်းသား၊ မင်းမြေးများနှင့် ရွှေနန်းတော်သူ ရွှေနန်းတော်သားတို့နှင့်သာ သက်ဆိုင် အသုံးပြုကြရသော ခရုသင်းဖြစ်သည်။ ခရုသင်း ယဉ်ကျေးမှုသည် အိန္ဒိယနိုင်ငံမှ ဆင်းသက်လာခြင်းဖြစ်လေသည်။

သကျခရုသင်းကို ခတ္တိယရာဇာဘိသိက်၊ မင်းအဖြစ်ခံယူသော ဘိသိက်မင်္ဂလာ၊ ရွှေနန်းဥကင်ဖွင့်ရသော ဗုဒ္ဓါဘိသိက်မင်္ဂလာ၊ ဥပရာဇာဘိသိက် အိမ်ရှေ့မင်းအရာ တင်မြှောက်ရသော ဘိသိက်မင်္ဂလာ၊ မင်္ဂလာဆင်ဖြူတော် သိမ်းပိုက်ရသော မင်္ဂလာဘိသိက်၊ မဟေသီဘိသိက်၊ မိဖုရားတင်မြှောက်ရသောဘိသိက်၊ သီရိယာဘိသေက မင်္ဂလာဘိသိက် အစရှိသော မင်းမှုဆိုင်ရာ မင်္ဂလာဘိသေက အခမ်းအနားများ၌ အသုံးပြုကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com

**ဝိဇယုတ္တ ခရုသင်းကို နတ်ပြည်ခြောက်ထပ်ကို အစိုးရသော သိကြားမင်းက ပိုင်ဆိုင်သော မင်္ဂလာပစ္စည်းဖြစ်ပြီး**

(၃) ပြဒုမခရုသင်း

အများနှင့် သက်ဆိုင်သော မင်္ဂလာ အခမ်းအနားများ၌ အသုံးပြုရသော ခရုသင်းဖြစ်သည်။ အလှူမင်္ဂလာ၊ လက်ထပ်မင်္ဂလာ၊ အခမ်းအနားမင်္ဂလာများနှင့် အများနှင့်သက်ဆိုင်သော ဖွင့်ပွဲအခမ်းအနား၊ ပိတ်ပွဲအခမ်းအနားများတွင် အသုံးပြုကြသည်။

ပြဒုမခရုသင်းကို အလှူမင်္ဂလာအခမ်းအနားများကို ဦးဆောင်ရသည့် ဘိသိက်ဆရာများ (သို့)အခမ်းအနားမှူးများက ကိုင်တွယ်အသုံးပြုရသော ခရုသင်း ဖြစ်ပါသည်။

(၄) ဂန္ဓာခရုသင်း

အသိပညာ၊ အတတ်ပညာနှင့် သက်ဆိုင်သော ပညာရေးဆိုင်ရာ ခရုသင်း ဖြစ်သည်။ ပညာသင်ကြားရေးဆိုင်ရာကိစ္စရပ်များ၌ အသုံးပြုကြသည်။

ဂန္ဓခရုသင်းကို ပညာရှင်ဆိုင်ရာကိစ္စရပ်များ၊ ပညာပေါ်အခြေခံရသော ကိစ္စကြီးငယ်များ၊ ပညာရေးဆိုင်ရာ အခြေခံစခန်းများတွင် မင်္ဂလာ အစီအမံအဖြစ် သုံးကြရသည်။

အထူးသဖြင့် ပညာရေးအစပြုခြင်း၊ ပညာသင်ကြားခြင်း၊ ပညာသင်ကျောင်းဆောက်လုပ် ပန္တက်ရိုက်ခြင်း၊ ပညာသင်ကျောင်းဖွင့်လှစ်ခြင်း၊ ပညာရေးအခမ်းအနား ပြုလုပ်ခြင်းများတွင် ထည့်သွင်းအသုံးပြုကြလေသည်။

**မြန်မာနှင့် ခရုသင်း**

မြန်မာမင်း ရှေးပျူခေတ်က ပျူငွေဒင်္ဂါးနှင့် ပျူကြေထည်၊ မြေထည်ပစ္စည်းများကို ကိုးကွယ်မှုဆိုင်ရာ ပစ္စည်းများတွင် မင်္ဂလာပစ္စည်းအဖြစ် ခရုသင်းကို ပုံဖော်ထားသော ရှေးဟောင်းပစ္စည်းများကို တွေ့ရှိနိုင်၏။

မြန်မာမင်းအဆက်ဆက်၌ မင်းအဖြစ် ရာဇာဘိသိက်ခံယူကြသည့်အခါ ဘွဲ့သဖန်းတွင် မင်္ဂလာခရုသင်းနှင့် ရေစင်ဖျန်း၍ ရာဇာဘိသိက်ခံယူသော အစဉ်အလာရှိခဲ့၏။

ထိုသို့ မင်းဧကရာဇ်တို့ ရာဇဘိသိက်ခံယူသည့်အခါ၌ ပုဏ္ဏားရှစ်ဦး၊ သူကြွယ်ရှစ်ဦး၊ သီလစင်ကြယ်သော အပျိုစင်ရှစ်ပါး အသီးသီးတို့က မင်္ဂလာခရုသင်းတွင် ရေစင် ရေမန်းထည့်၍ ဘိသိက်ခံယူထိုက်သော မင်းဧကရာဇ်၏ ဦးခေါင်းတော်ပေါ်၌ သိဒ္ဓိတင် ဦးခိုက်ပေးရသည်။

ထိုသို့ ဦး ခိုက်ပဏာမပြုပြီးလျှင် "ခပ်သိမ်းသောသူတို့အား ကိုယ်တော်၏ အသက်စည်းစိမ်ချမ်းသာ စီးပွားဥစ္စာကို စောင့်ရှောက်ဘိသကဲ့သို့ မြဲမြဲခိုင်မြဲစွာ စောင့်ထိန်းတော်မူပါလော့" ဟူ၍ ရွတ်ဆိုကြရလေသည်။

မင်းနှင့်ပြည်သူ တစ်သားတည်းရှိသည်ဟူသော ပြယုဂ်ဖြစ်လေသည်။

ယခုကာလ၌လည်း အချို့သော အစဉ်အလာ မင်္ဂလာအခမ်းအနားမျိုး၌ သီရိကျက်သရေ မင်္ဂလာအစဉ်လာရှိစေရန် မင်္ဂလာခရုသင်းကို ခေတ်နှင့်အညီ စီမံအသုံးပြုလေ့ရှိသည်ကို တွေ့ရှိနိုင်ပါသည်။

သို့ဖြစ်သောကြောင့် ခရုသင်းသည် မြန်မာတို့၏ အမြတ်ရတနာပစ္စည်းများတွင် တစ်ပါးအပါအဝင် ဖြစ်သည်ဟု ဆိုရပေမည်။

**ခရုသင်း၏သိဒ္ဓိအကျိုး**

မြင့်မြတ်သော မင်္ဂလာခရုသင်းထဲတွင် ရေစင်ရေသန့် ထည့်၍ အိမ်ရှိဘုရားစင်တွင် ကပ်လှူပူဇော်ထားပြီး ပြန်စွန့်ယူသည့်အခါ ဘုရားရေမန်းတော်အဖြစ် ဆုတောင်း စွန့်ယူရပါမည်။

ယင်း ဆုတောင်းစွန့်ယူထားသော ရေမန်းကို (၉၆) ပါးသော ရောဂါဝေဒနာ တစ်ခုခုခံစားနေရသောသူများအတွက် နှုတ်မှ "ကိုယ်ခန္ဓာအတွင်းရှိ မကောင်းသော ရောဂါဝေဒနာများအားလုံး ပျောက်ကင်းချမ်းသာရ၍ ကျန်းမာသန်စွမ်း ရောဂါကင်းရှင်းသူဖြစ်ပါစေ" ဟူ၍ ယုံယုံကြည်ကြည် ရွတ်ဆို သောက်သုံးပေးလျှင် ကိုယ်တွင်းကိုယ်ပရှိ ရောဂါဘယများကို လျော့နည်းသက်သာ ပျောက်ကင်းစေနိုင်ပါသည်။

ခရုသင်းရေမန်းကို ငွေဖလားတွင် ရေသန့်နှင့်ပွားယူပြီး "အိမ်တွင်း အိမ်ပြင်ရှိ မကောင်းသော စုန်းကဝေ အောက်လမ်းမိစ္ဆာတို့နှင့် နတ်တိုက်၊ စုန်းတိုက်၊ ပယောဂအတိုက်အခိုက်မှန်သမျှ မစွန်းမကျန် ထွက်စေ ကင်းစေ ရှင်းစေ ပျောက်စေလော့ ဘုရားငါးဆူအမိန့်" ဟူ၍ ရွတ်ဆို အမိန့်ပေးလျက် ခရုသင်းရေမန်းကို လက်ဖြင့်တောက်၍ နေရာအနှံ့သို့ တောက်ဖျန်း ပက်ပေးပါက မကောင်းသော နာနာဘာဝများ ကင်းရှင်းစေနိုင်၏။

လက်ယာရစ်ခရုသင်းကို အိမ်ရှိဘုရားစင်၏ လက်ယာဘက်နှင့် လက်ဝဲရစ်ခရုသင်းကို ဘုရားစင် လက်ဝဲဘက်တွင် ကြေပန်းကန်သန့်သန့်ဖြင့် လှူဒါန်းပူဇော်ထားပြီး သီလစောင့်တည်ခြင်း မေတ္တာသုတ်ရွတ်ဆိုပေးခြင်း ပြုလုပ်လျှင် အိမ်သာယာ၍ စီးပွားဥစ္စာ ရာထူးဂုဏ်သိန် တိုးတက်ခိုင်မြဲနိုင်၏။ ထို့ပြင် တောင်းဆုပြည့်၍ လိုရာဆန္ဒ အဝဝပြီးမြောက် အောင်မြင်စေနိုင်မည်ဖြစ်ပါသည်။

ပန်းလို စန်းလို လမင်းလို သာယာချမ်းမြေ့ကြပါစေ။

❒ အောင်တုန်းမြင့် (တချုပ်ခြေ)



www.burmeseclassic.com

www.burmeseclassic.com

# ကြာဇော်

# ချစ်ကဲ့ခေသူ ရွှေမင်းသမီး



လက်မှတ် ရေးထိုးထားသော လက်ဝါးပြင်ပုံစံမှာ ပြင်သစ်နိုင်ငံသူ တစ်ဦးဖြစ်သည့် ဒီမာစီအာဂျင်တူး အမည်ရသော မော်ဒယ်လိုင်ယွန့် ဒေသမှ တော်ဝင်မင်းသမီး၏ လက်ဖဝါး ပြင် ဖြစ်ပါသည်။

လက်ပုံစံသည် သေးငယ်သော ကတော့ချွန် (Conic) လက်ပုံစံ ဖြစ်သည်။ ဦးခေါင်းလမ်းကြောင်းနှင့် အသက်လမ်းကြောင်းအကြား ကွာဟနေသောနေရာ (ပုံကြမ်းတွင် A အမှတ်အသား)သည် အလွန်ကျယ်ပြန့်နေပါသည်။ ထိုသင်္ကေတအရ ခံစားမှု ပြင်းထန်ခြင်းနှင့် ခေါင်းမာခြင်းတို့ကို ဖြစ်စေသည်။

ထို့အပြင် လက်သန်းသည် အခြားလက်ချောင်းများနှင့် ဝေးကွာနေခြင်းက အဆိုပါစရိုက်များကို ပိုမိုထင်ရှားစေပါသည်။ ထိုကဲ့သို့သော လက်သန်းပိုင်ရှင်များသည် လွတ်လပ်မှုကို အထူးနှစ်သက်ကြသည်။ တစ်နည်းဆိုသော် စိတ်လွတ်လက်လွတ် ပြုမူတတ်ကြပါသည်။

ကံလမ်းကြောင်း (ထီးရိုး)သည် လက်မအောက်ခြေ တနင်္လာဂြိုဟ်ခုံမှ စတင်နေခြင်း (B အမှတ်အသား)မှာ နှလုံးသားရေးရာနှင့် ပတ်သက်လျှင် ကံမကောင်းလှပါ။ ထိုလက္ခဏာရှင်များသည် ငယ်စဉ်က ဖိနှိပ်ချုပ်ချယ်မှု များစွာ ခံစားရပြီး နောင်အခါအခွင့်သာလျှင် စိတ်ထင်ရာလုပ်ရန် လှုံ့ဆော်သကဲ့သို့ ရှိပါသည်။

လက်းဝါးပြင်တွင် နှလုံးလမ်းကြောင်း (C အမှတ်အသား)သည် အလွန်အမင်း ထင်ရှားနေပြီး အောက်



www.burmeseclassic.com

www.burmeseclassic.com

ဘက်သို့ ဖွာဆင်းနေသောလမ်းကြောင်းငယ်များသည် အနာဂတ်ကာလ၌ နှလုံးသားရေးရာနှင့်ပတ်သက်၍ စိတ်ပျက်စရာများကို ကြိုတင် နိမိတ်ဖတ်နေပါသည်။

အသက်လမ်းကြောင်း (D အမှတ်အသား)မှာ ထင်ရှားပြီး အတွင်းမှ အရန်အသက်လမ်းကြောင်းက အားဖြည့်ထားပါသည်။ ကျန်းမာရေးမှာ အထူးကောင်းမွန်ပြီး စွမ်းအားပြည့်ဝမှု ရှိပေသည်။

အသက်လမ်းကြောင်းအောက်ပိုင်းတွင် တနင်္လာဂြိုဟ်ခုံသို့ ဆင်းနေသော လမ်းခွဲ (E အမှတ်အသား)က မွေးရပ်မြေမှ တိုင်းတစ်ပါးသို့သွားရောက်ရမည်ကို ညွှန်ပြနေပါသည်။ ထိုလမ်းခွဲကို ခရီးသွားလမ်းကြောင်းဟုလည်း ခေါ်ပါသည်။ သူမ၏ ဘဝဖြစ်စဉ်တွင် မွေးရပ်မြေဖြစ်သော ဥရောပကို စွန့်ခွာပြီး အမေရိကန်ပြည်တွင် အခြေချခဲ့ရပါသည်။ ခရီးသွားလမ်းကြောင်းအဆုံးနားတွင် မျဉ်းတိုကလေးတစ်ကြောင်းက ဖြတ်ထားခြင်းမှာ တိုင်းတစ်ပါးတွင် ဘဝကို အဆုံးသတ်ရန် ဖြစ်ပါသည်။

မင်းသမီး မောင့်ဂယ်လိုင်ယွန်၏ ဘဝဇာတ်ကြောင်းမှာ သူမ ရေးသားခဲ့သော စာများတွင် ပေါ်လွင်ခဲ့ပါသည်။

သူမ၏ မိခင်ဖြစ်သူ မြို့စားကတော် ဒီမာစီအာဂျင်တူးသည် နပိုလီယန်(၃) လက်ထက်က ထင်ရှားသော အမျိုးသမီးတစ်ဦး ဖြစ်ပါသည်။

၁၈၇၀ ပြည့်နှစ်တွင် ဖြစ်ပွားခဲ့သော စစ်ပွဲအပြီးတွင် ဧကရာဇ် နပိုလီယန်(၃)သည် ဂျာမနီစစ်တပ်၏ အကျဉ်းသားအဖြစ် ကျရောက်သွားပါသည်။ ဂျာမီ၏ အဓိပတိ ဘစ်စမတ်က မြို့စားကတော်အား နပိုလီယန်နှင့်တွေ့ခွင့်ပေးခဲ့ပါသည်။

ဟာဆေးစာချုပ်ကို မချုပ်ဆိုမီ သူမသည် ဘစ်စမတ်နှင့်အတူ ပရပ်ရှားဘုရင်အား သွားရောက်တွေ့ဆုံခဲ့ပါသည်။

သူမသည် စာချုပ်ချုပ်ဆိုရာတွင် ပြင်သစ်နိုင်ငံက လေ့လာမှုနည်းပါးစေရန် ကြိုးပမ်းခဲ့သော်လည်း အောင်မြင်မှု မရရှိခဲ့ချေ။ ထိုကိစ္စ ဆုံးရှုံးပြီးသောအခါ သူမသည် ဘယ်ဂျီယမ်နိုင်ငံရှိ သူမ၏ စံအိမ်သို့ ထွက်ခွာသွားခဲ့ပါသည်။ သူမဘဝ၏ နောက်ဆုံးနေ့ရက်များကို ထိုစံအိမ်တွင် ကုန်ဆုံးစေခဲ့ပါသည်။

အလွန်တရာ ချောမောလှပသော ထိုအမျိုးသမီးသည် နပိုလီယန် (၃)၏ဘဝတွင် အရေးပါ အရာရောက်ခဲ့သော အခန်းကဏ္ဍမှ ပါဝင်ခဲ့သည်မှာ သံသယဖြစ်စရာ မရှိပါချေ။

ဧကရာဇ် ဘုရင်သည် ပဲရစ်မြို့ရှိ သူ၏စံအိမ်နှင့် သူမ၏အိမ်အကြား မြေအောက်ဥမင်လိုဏ်ခေါင်း ဖောက်လုပ်ထားခဲ့ပါသည်။ ထိုဥမင်ကို အသုံးပြုပြီး သူမထံ လျှို့ဝှက်စွာ သွားရောက် လည်ပတ်ပြီး နိုင်ငံရေးကိစ္စများကို တိုင်ပင်လေ့ရှိပါသည်။

ဧကရာဇ်ဘုရင် နန်းမစွန့်မီ ရှစ်နှစ်အလိုတွင် လက္ခဏာရှင်ကို မွေးဖွားခဲ့ပါသည်။ ထိုဖြစ်စဉ်မှာ ပြင်သစ်နန်းတော်အတွင်းတွင် ပျော်ရွှင်စရာ ဖြစ်ခဲ့ပါသည်။ နပိုလီယန် (၃) ကိုယ်တိုင်က ခေါင်းကိုင်ဖခင် (God father) အဖြစ် ခံယူခဲ့ပါသည်။

သို့ရာတွင် မိခင်ဖြစ်သူ မြို့စားကတော်မှာမူ သူမကို မွေးဖွားရသည်မှာ စိတ်ပျက်စရာကောင်းသော ခါးသီးမှုကိုသာ ခံစားရပါသည်။ သူမက သားယောကျ်ားကလေးကို အလွန်အမင်း တောင့်တခဲ့ပါသည်။ သူမကိုယ်တိုင် မိန်းကလေးဖြစ်နေရခြင်းကိုပင် မုန်းတီးခဲ့ပေသည်။

ထို့ကြောင့် မင်းသမီးခမျာ ငယ်စဉ်က ပြင်းထန်ပြီး ခက်ခဲလှသော ရွှေအိမ်စံဘဝကို ခံယူခဲ့ရပါသည်။ သူမ ရသင့်ရထိုက်သော မိဘမေတ္တာကိုပင် ငြင်းပယ်ခြင်း ခံခဲ့ရပါသည်။

သို့တစေ သူမသည် မိမိကိုယ်မိမိ စတေးခံပြီး မိခင်၏ ဆန္ဒများကို လိုက်လျောခဲ့ပါသည်။ သူမအသက် (၁၈)နှစ်အရွယ်တွင် ပြင်သစ်ပြည်တွင် ဂုဏ်သရေအရှိဆုံး လူတစ်ယောက်နှင့် လက်ထပ်ခဲ့ရပါသည်။ ထို့ကြောင့် ပြင်သစ်နိုင်ငံတွင် နယ်စားကတော် ဒီအေဇာရေး ဖြစ်လာခဲ့သည်။

သူမ၏ လက်ထပ်ခြင်းမှာ ကံမကောင်းလှပါ။ သို့သော် သူမ၏ အလှအပမှာ စာဖွဲ့လောက်ပါသည်။ သူမ၏ ကိုယ်ရည်ကိုယ်သွေးမှာထူးခြားလှသဖြင့် အသက်(၂၅)နှစ်အရွယ်တွင် ပဲရစ်မြို့၏ အလှသရဖူတစ်ဦး ဖြစ်လာပါသည်။

နှစ်အနည်းငယ် အတွင်းတွင် သူမသည် အလွန်တောက်ပသော ဘဝအခြေအနေကို ပိုင်ဆိုင်ခဲ့ပါသည်။ သူမ၏ ဧည့်ခန်းတွင် ဥရောပရှိ မဟာဆီမဟာသွေးများ ရောက်ရှိလာပါသည်။ ၎င်းတို့အထဲတွင် နောင်အခါ အက်ဒ်ဝပ်ဘုရင် (၇) ဖြစ်လာမည့် ဝေလမင်းသားပင် ပါဝင်ပါသည်။ အောင်မြင်ရေးလမ်းကြောင်း (F) ကိုကြည့်ပါ။

အသက်(၃၃)နှစ်နှင့် (၃၅)နှစ်အကြား (ကံလမ်းကြောင်းအား ဥပဒ်လမ်းကြောင်း G က ဖြတ်ထားချိန်)တွင် မိန်းမတစ်ယောက်၏ မနာလိုဝန်တိုမှုနှင့် ရန်ငြိုးထားခြင်းကြောင့် သူမသည် ပိုင်ဆိုင်သမျှအားလုံးကို စွန့်ခွာထွက်ခဲ့ရပါသည်။ (အောင်မြင်ရေးလမ်းကြောင်း ပြတ်တောက်နေခြင်းကို သတိပြုပါ။)

ထိုသို့ စိတ်လိုက်မာန်ပါပြုလုပ်ပြီး နောက်တွင် သူမ အားလုံးကို ဆုံးရှုံးခဲ့ပါသည်။ ချမ်းသာကြွယ်ဝမှုများ မှေးမှိန်သွားပါသည်။ ကျောက်မျက်ရတနာများနှင့် အဖိုးတန် ဘိုးဘွားအမွေများကို ရောင်းချခဲ့ရပါသည်။ ထို့ပြင် အကြွေးရှင်များက သူမ၏စံအိမ်ကို သိမ်းယူလိုက်ကြပါသည်။ နောက်ဆုံးတွင် သူမကို မွေးခဲ့သော သူမ၏အိမ်ခန်းကိုပင် ရောင်းချခဲ့ရပါသည်။

သို့ရာတွင် ကြမ္မာရှင်၏ ရိုက်ခတ်မှုသည် ထိုမျှနှင့်မပြီးသေးပါ။ နှလုံး လမ်းကြောင်းတွင် ရပ်တန့်သွားသော

www.burmeseclassic.com

ကံလမ်းကြောင်းက ဆိုးကျိုးပေးရပေဦးမည်။

ထိုကဲ့သို့ နှလုံးလမ်းကြောင်းအရောက်တွင် ကံလမ်းကြောင်းရပ်တန့်သွားသော လက္ခဏာရှင်များသည် အချစ်ရေးကိစ္စကြောင့် ဘဝတွင် ဆုံးရှုံးရတတ်ပါသည်။

စိုးရိမ် ပူပန်သောကနှင့် အတူ သူမဘဝတွင် ဒုတိယအကြိမ် စိတ်သောကဖြစ်ရန် ဘဝဇာတ်ခုံမှ ကားလိပ်ဖွင့်သောကာလကို ကျွန်ုပ်ကြုံကြိုက်ရန် ကံကြမ္မာက ဖန်လာပါတော့သည်။

သူမ ကျွန်ုပ်ထံ လာရောက်ဆွေးနွေးခဲ့သော နှစ်များစွာကပင် အောင်မြင်ရေးလမ်းကြောင်း ပြတ်တောက်သွားသည့်ကိစ္စကို အတန်တန်သတိပေးခဲ့ပါသည်။ သူမက လှပသောပခုံးသားများကို တွန့်၍ ရယ်ပါသည်။

"ဖြစ်မယ့်ကိစ္စတွေကတော့ ဖြစ်ရမှာပေါ့" ဟု ပြောခဲ့ပါသည်။

ကျွန်ုပ်က ဘဝနောက်ပိုင်းကာလတွင် အချစ်ရေးကိစ္စကြောင့် ဆုံးရှုံးမှုများကိုလည်း သတိပေးခဲ့ပါသည်။ ထိုအခါ သူမက ပို၍ပင်ရယ်ပါသေးသည်။ သူမဘဝသည် အချစ်မပါဘဲ ကြီးပြင်းလာခဲ့ကြောင်း ပြောပြပါသည်။

သို့ရာတွင် ကျွန်ုပ်သည် နှလုံးသားရေးရာကိစ္စကြောင့် အားလုံးကို ဆုံးရှုံးရမည်ဖြစ်ကြောင်း ကြိုတင်သိမြင်နေပါသည်။

ပဲရစ်မြို့တွင် နေထိုင်စဉ် တစ်ည၌ သူမထံမှ မိုလင်ရုခ်ပြဇာတ်ရုံသို့ ဖိတ်ကြားစာတစ်စောင် ရရှိခဲ့ပါသည်။ သူမက ကျွန်ုပ်အား ခြင်္သေ့လေ့ကျင့်ပေးသူများ၏ ပြပွဲကို ကြည့်ရှုစေချင်ပါသည်။ ပြပွဲအစီအစဉ်များတွင် အမေရိကန်လူမျိုး ဘိုနာဗစ်တာ၏ ပြကွက်မှာ ပထမဦးဆုံး ဖြစ်ပါသည်။

ကျွန်ုပ်တို့သည် ပွဲကြည့်စင်အနီးရှေ့ဆုံးခုံတန်းတွင် ထိုင်ကြပါသည်။ သူမက ခြင်္သေ့များကို ချစ်ကြောင်းပြောပြပါသည်။

ကျွန်ုပ် စိတ်ထဲတွင်မူ "ကျွန်မယောက်ျားတွေအကြောင်း သိလေလေ ဒီသားရဲတိရစ္ဆာန်တွေကို ချစ်လေလေပဲ" ဟု ပြောနေသယောင် ခံစားမိပါသည်။

ကြက်သွေးရောင် ကန့်လန့်ကာကြီး လိပ်တင်သွားပါသည်။ ဇာတ်စင်တစ်ခုလုံးသည် သံမဏိလှောင်အိမ်ဖြင့် ပြည့်နေပါသည်။ ကြီးမားလှစွာသော အာဖရိကခြင်္သေ့ကြီးများသည် အတက်အဆင်းပြုလုပ်ရင်း ပွဲကြည့်ပရိသတ်များကို ကြည့်လိုက် ဟိန်းဟောက်လိုက် ပြုလုပ်နေပါသည်။ ထိုအပြုအမူများမှာ ခြင်္သေ့တို့၏ ပင်ကိုသဘာဝပင် ဖြစ်ပါသည်။

ထို့နောက် လှောင်အိမ်ထဲသို့ ဘိုနာဗစ်တာ ဝင်လာသည်။ သူ့နောက်မှ သံမဏိတံခါးကို ကျိုင်းခနဲ ပိတ်လိုက်သည်။ သူသည် ရုပ်တုတစ်ရုပ်လို ခေတ္တရပ်နေလိုက်သည်။ သူ့မှာ ကြံ့ခိုင်သောခန္ဓာကိုယ်ရှိပြီး စစ်ယူနီဖောင်းဆန်ဆန် ဝတ်စုံကို ဝတ်ထားသည်။

ပွဲကြည့် ပရိသတ်များက ကျယ်လောင်စွာ လက်ခုပ်ဩဘာပေးကြပါသည်။ သူသည် ကမ္ဘာပေါ်တွင် ကြာပွတ်ကို မသုံးသော ခြင်္သေ့လေ့ကျင့်သူတစ်ဦး ဖြစ်ပါသည်။ သူသည် စိုးရိမ်ကြောင့်ကြမှုမရှိဘဲ ခြင်္သေ့များအလယ်သို့လျှောက်သွားပြီး ၎င်းတို့အား သတ်မှတ် နေရာများသို့ သွားရောက်ရန် အမိန့်ပေးပါတော့သည်။ ခြင်္သေ့များက ကလေးများပမာ သူ့အမိန့်ကို နာခံကြပါသည်။

သို့သော် တစ်ကောင်ကတော့ လုံးဝမနာခံပါ။ နီညိုရောင် ခြင်္သေ့ကြီးတစ်ကောင်သည် ထောင့်တစ်ထောင့်တွင် ထိုင်နေရာမှ သူ့အမြီးကို ရိုက်ခတ်ရင်း ဘိုနာဗစ်တာအား ခြိမ်းခြောက်သော အကြည့်ဖြင့် စွေစောင်းကြည့်လေတော့သည်။

ပွဲကြည့်ပရိသတ်များ ဝမ်းသာသွားသည်။ သူတို့အဖို့ လူသား၏ ရဲစွမ်းသတ္တိနှင့် ကြောက်စရာ တိရစ္ဆာန်၏ ဒေါသတို့ ယှဉ်ပြိုင်ပွဲဖြစ်လေသည်။

ဘိုနာဗစ်တာက ခြင်္သေ့အား ထိုင်နေသောထောင့်မှ ထွက်ခွာသွားရန် အမိန့်ထပ်ပေးသည်။ ထိုအခါ ခြင်္သေ့က နာခံသယောင် အမူအရာပြသည်။ သူက လှောင်အိမ်၏နောက်ဘက်သို့ ဆုတ်သွားပြီး သခင်ဖြစ်သူအား စွေကြည့်ရင်း ဝပ်နေသည်။

ဘိုနာဗစ်တာသည် ပရိသတ်ကို ကျောပေး၍ ခြင်္သေ့ကို ရင်ဆိုင်လိုက်ပါသည်။ ကျန်ခြင်္သေ့များတမူ သူတို့ပြဿနာ သူတို့ရှင်းပါစေဟု ခံယူလေသလား မသိ။ လှောင်အိမ်၏ ထောင့်နေရာများသို့ ပြန်သွားကြပါသည်။

ပွဲကြည့်ပရိသတ် ပြည့်နှက်နေသော ကပွဲရုံသည် အပ်ကျသံပင် ကြားနိုင်လောက်အောင် တိတ်ဆိတ်နေပါသည်။ ကျွန်ုပ်၏နဘေးမှ မင်းသမီးသည် စိတ်လှုပ်ရှားလွန်းလှသဖြင့် ကျွန်ုပ်၏ လက်မောင်းအား ဆုပ်ကိုင်ထားပါသည်။

ရုတ်တရက် သားရဲတိရစ္ဆာန်သည် ပြောင်ပြောင်တင်းတင်း ဖီဆန်သည့်အနေနှင့် ဟိန်းလိုက်ရာ မီးပန်းဆိုင်များအားလုံးလှုပ်ခါသွားပါသည်။ အရေးကြီးဆုံးအချိန် ကျရောက်လာပါသည်။


ခြင်္သေ့သည် ဘိုနာဗစ်တာ အပေါ်သို့ တစ်ရှိန်တည်း လွှားခနဲ ခုန်အုပ်လိုက်ပါသည်။ ကြမ်းပေါ် လဲကျသွားသော ဘိုနာဗစ်တာ၏လက်မောင်းသားများကို ကြေမွစေပါတော့သည်။

ထိုအချိန်တွင် မမျှော်လင့်သောကိစ္စ ဖြစ်ပွားခဲ့ပါသည်။ လူအားလုံးမှာ အကြောက်တရားဖြင့် မှင်တက်နေမိချိန်တွင် မင်းသမီးသည် ထိုင်ခုံမှ ဖြုန်းခနဲ ထသွားပါသည်။ စင်္ကြန့်ပိုင်းအတွင်းတွင် သူမ၏လက်နှင့် လက်မောင်းများမှာ သံတိုင်များကို ကျော်ဖြတ်ပြီး ခြင်္သေ့၏ မျက်နှာအား သူမ၏ မိန်းမဆောင်းထီးဖြင့် ထိုးသွင်းရိုက်နှက်ပါတော့သည်။

သားရဲတိရစ္ဆာန်မှာ အော်ဟစ်ညည်းတွားရင်း သူ၏ထောင့်သို့ ဆုတ်

www.burmeseclassic.com

www.burmeseclassic.com




မောင့်ဂလိုင်ယွန်
မင်းသမီး၏
လက္ခဏာပုံကြမ်း

သွားပါတော့သည်။ ထိုစဉ် အစောင့်တစ်ဦးသည် သံမဏိတံခါးကို ဖွင့်လိုက်သည်။ သို့သော် ခြင်္သေ့၏ ဂနာမငြိမ်ဖြစ်နေပုံကို ကြောက်ရွံ့သဖြင့် တုံ့ဆိုင်းနေသည်။

မင်းသမီးသည် ထိုသူအား တွန်းဖယ်ပြီး လှောင်အိမ်ထဲ ဝင်သွားကာ ဒဏ်ရာရနေသူအား ပွေ့လိုက်ပါသည်။ ထို့နောက် အစောင့်၏အကူအညီဖြင့် ခြင်္သေ့များကို ကျော်ဖြတ်ကာ တံခါးဝအပြင်သို့သူ့အားသယ်ဆောင်ခဲ့ပါသည်။

ဘိုနာဗစ်တာအား ဆေးရုံသို့ အလျင်အမြန်ပို့ပေးခဲ့ပါသည်။ မင်းသမီးသည်လည်း လူနာတင်ကားနှင့်အတူ လိုက်ပါသွားခဲ့ပါသည်။ ခွဲစိတ်ကုသမှုကြောင့် သူ၏အသက်ကို ကယ်နိုင်ခဲ့ပါသည်။ သို့ရာတွင် သူ၏ ညာဘက်လက်မောင်းကို ဆုံးရှုံးခဲ့ရပါသည်။

ထိုအချိန်တိုင်အောင် ကံကြမ္မာက သူမကို မျက်နှာသာ မပေးခဲ့ပါ။

ရက်သတ္တပတ် အနည်းငယ်ကြာသောအခါ သတင်းစာများက ကျော်ကြားထင်ရှားသော အမေရိကန် ခြင်္သေ့လေ့ကျင့်သူသည် နယူးယောက်မြို့သို့ နောက်တစ်နေ့တွင် ရေလမ်းခရီးဖြင့် ထွက်ခွာမည်ဖြစ်ကြောင်း ရေးသားဖော်ပြကြပါသည်။

ထိုညတွင်ပင် မင်းသမီးသည် ကျွန်ုပ်၏ နေအိမ်သို့ ရောက်ရှိလာပါသည်။

"ကျွန်မ ရှင့်ကို နှုတ်ဆက်ဖို့လာခဲ့တာပါ"

သူမကပင် ဆက်ပြောပါသည်။

"ကျွန်မ ဒီမနက် အမေရိကန် ပြည်ထောင်စုကို သွားမလို့ပါ၊ ဘိုနာဗစ်တာက သိပ်နေမကောင်းသေးလို့ တစ်ယောက်တည်း ခရီးမသွားသင့်ဘူးလေ"

တစ်လခန့်ကြာသောအခါ နယူးယောက်မြို့မှ စာတစ်စောင် စာတိုက်မှ တစ်ဆင့် ရောက်ရှိလာပါသည်။

စာတွင် . . .

ကျွန်မ ချစ်လှစွာသော ကိုင်ရို

ဒီသတင်းကို ရှင့်ရဲ့ မိတ်ဆွေ... သင်္ဂဟတွေကို ပြောပြလို့ ရပါတယ်... စိတ်ပူစရာ ဘာမှမရှိတော့ပါဘူး။ မောင့်... ဂလိုင်ယွန်မင်းသမီးဟာ ခြင်္သေ့လေ့ကျင့်... သူ ဘိုနာဗစ်တာနဲ့ လက်ထပ်လိုက်... တယ်။ ကျွန်မဘဝမှာ အများကြီး ဆုံးရှုံး... ခဲ့တာ မှန်ပါတယ်။ ဒါပေမယ့် နောက်... ဆုံးတော့ အချစ်ကို တွေ့ခဲ့ပါပြီ။

မင်းသမီး မောင့်ဂလိုင်ယွ...

သို့ရာတွင် ကံကြမ္မာက ယ... တစ်ကြိမ်လည်း မျက်နှာသာ မပေး... နှလုံးလမ်းကြောင်းမှာ အောက်သို့ခွဲ... ဆင်းနေသော လမ်းကြောင်းငယ်များ... သူတို့၏ စိတ်ပျက်စရာ ဇာတ်လမ်း... ဆက်လက်ရေးသားပြန်ပါသည်။

နှစ်နှစ်ခန့် ကြာသောအခါ သူ... ၏ ချစ်အိပ်မက် ပြီးဆုံးကြောင်း ... တစ်စောင် ရောက်ရှိလာပါသည်။

"ဘိုနာဗစ်တာဟာ ကျွန်မ ... ဖူးသမျှ ယောကျ်ားတွေ အားလုံး... အကောင်းဆုံးနဲ့ ဂုဏ်သရေအရှိဆုံး... တစ်ယောက်ပါ" ဟု သူမ ရေးသားခဲ့... သည်။

"ဒါပေမယ့် ကျွန်မနဲ့ သူနဲ့ စိ... သဘောထားချင်း လုံးဝမတိုက်ဆိုင်... ဘူး၊ ကျွန်မတို့ တစ်သက်တာလုံးအတွ... ကွာရှင်းပြတ်စဲခဲ့ကြတယ်၊ ကျွန်မ အ... ကျန် တစ်ကိုယ်တည်းပဲ အမေရိကန်... ဆက်နေပါဦးမယ်၊ ကျွန်မ ပေးထား... လက်ပုံစံကို ရှင်လိုအပ်သလို အသုံး... နိုင်ပါတယ်"


❒ ဆွာ...

ဝန်ခံချက်

ကမ္ဘာကျော် လက္ခဏာပညာ... ကြီး ကိုင်ရို၏ သင်နှင့်သင့်လက်... စာအုပ်မှ မင်းသမီးမောင့်ဂလိုင်ယွန်... ဆီလျော်အောင် ဘာသာပြန်ခြင်း ... ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



# ဇာတိဂုဏ်မျိုးမြှင့်အောင်
# စရဏပုံရိပ်နှင့်ပါဝါ

ကျွန်ုပ်ကဲ့သို့ စရဏအလုပ်ကို ဝါသနာထုံသူများအဖို့ ရံဖန်ရံခါတွင် ဂမ္ဘီရဆန်သော အကြောင်းအရာများကို တွေ့ကြုံကြရလေ့ရှိပါသည်။

ကျွန်ုပ်တို့သည် စိတ်စေတသိက်၏စေစားရာကို မူတည်၍ တောတောင်လျှိုမြောင်များသို့ လည်းကောင်း၊ စေတီဘုရားပုထိုးများသို့လည်းကောင်း၊သုသာန်သင်္ချိုင်း၊ တစပြင်များသို့ လည်းကောင်း သွားရောက်၍ အမိဋ္ဌာန်ဝင်တတ်ကြပါသည်။

စိတ်၏ နှိုးဆော်ခြင်းကြောင့် မဖြစ်မနေ ပြီးမြောက်အောင် ပြုလုပ်လေ့ ရှိကြပါသည်။ ထိုကဲ့သို့ စရဏအလုပ်ကို ပြုလုပ်ကြသူတိုင်း ကုသိုလ်ဖြစ်စေမည့် အကြောင်းအရာတစ်ခုခုကို ဦးထိပ်ပန်ဆင်ထားကြစမြဲ ဖြစ်ပါသည်။ မည်သို့ပင်ဆိုစေ စရဏ(ကျင့်စဉ်) တစ်ခုကို ပြီးမြောက်အောင် အမိဋ္ဌာန်တင်နိုင်ခဲ့ပါက ပရအကျိုးစီးပွား တစ်ခုခုကိုတော့ ပြီးမြောက်စေသည်ပင် ဖြစ်၏။ ကျွန်ုပ်၏ ကိုယ်တွေ့များမှ ထိုအချက်ကို သိမြင်စေခဲ့ပါသည်။

ထိုသို့သိမြင်စေခဲ့ရသော ဖြစ်ရပ်တစ်ခုကို တင်ပြပါမည်။

(၁၉၇၄)ခုနှစ်က ဖြစ်ပါသည်။ မကွေးမြို့ မြသလွန်ဘုရားသမိုင်းတွင် အပါအဝင်ဖြစ်သော ရွှေလင်မျှော် (လင်လျာမျှော်)ဘုရား၌ ကျွန်ုပ် အမိဋ္ဌာန်ဝင်ခဲ့ပါသည်။

ရွှေလင်မျှော်ဘုရားသည် လူသူကင်းဆိတ်လှပြီး တောရိပ်၊ တောင်ရိပ်တို့ဖြင့် ဝန်းရံထားသောနေရာတွင် တည်ရှိပါသည်။

မြသလွန်ဘုရား၏ မြောက်ဘက်၊ တောင်နှစ်လုံးနှင့် ချောင်းတစ်ချောင်းကို ဖြတ်ကျော်၍ (၁)မိုင်သာသာခန့်တွင် တည်ရှိပါသည်။ ထိုစဉ်က လှည်းလမ်းနှင့် တောလမ်းတို့ဖြင့်သာ သွားရောက်ကြရပါသည်။

ဘုရား၏မြောက်ဘက်ရှိ လင်းနို့ဝချောင်းနှင့် ဝါးတောချောင်းရွာ(ဘုရား၏တောင်ဘက်ရှိရွာ)တို့ကို ဆက်သွယ်ထားသော လှည်းလမ်း၏ အနောက်ဘက်တွင် တည်ရှိပါသည်။ သိပ်မဝေးလှပါ။ ဘုရား၏ ရင်ပြင်တော်နှင့် ထိစပ်လျက် မြင့်မားလှသော ဧရာဝတီမြစ်ကမ်းပါးကြီး ရှိပါသည်။

ဘုရားရင်ပြင်တော်မှ တောင်၏ ဇအောက်ခြေသို့ရောက်အောင် မားဖြင့်ခုတ်ဖြတ်ထားသကဲ့သို့ ပုံစံရှိနေပါသည်။ ၎င်းအပြင် အဆက်မပြတ် ပြိုကျလျက်ရှိသော သဲကမ်းပါးလည်း ဖြစ်နေပြန်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်သည် ဘုရား၏ စနေထောင့်သို့ ရောက်တိုင်း ရောက်တိုင်း သဲကမ်းပါးပြိုခြင်း၏ အန္တရာယ်ကို ကာကွယ်နိုင်ခဲ့ပါသော် ကောင်းလေစွဟု စဉ်းစားမိသည်မှာ အကြိမ်ကြိမ်ပင် ဖြစ်၏။

မြသလွန်ဘုရားနှင့်အတူ တစ်ပြိုင်တည်း တည်ထားခဲ့ကြသော (၈) ဌာနတွင် ရွှေလင်မျှော်ဘုရားလည်း ပါဝင်ပါသည်။ ရှေးနှစ်ပေါင်းများစွာက တောင်ကုန်းထိပ်၏ အလယ်ဗဟိုတွင် တည်ထားခဲ့ခြင်းဖြစ်သော်လည်း ဧရာဝတီမြစ်ရေ၏ နှစ်ရှည်လများ တိုက်စားမှုကြောင့်လည်းကောင်း၊ မြစ်ကြောင်းရွှေ့လျားပြောင်းရွှေ့မှုတို့ကြောင့် လည်းကောင်း ယခုအခါ၌ ကမ်းပါးထိပ်၏ အစပ်တွင် ရောက်ရှိနေပြီ ဖြစ်ပါသည်။

ဤပုံစံအတိုင်းသာ ဆိုခဲ့ပါက နှစ်ကာလ ရှည်လျားစွာ တည်ရှိနိုင်ရေးမှာ စိတ်မအေးဖွယ်ရာပင် ဖြစ်တော့၏။ သို့ဖြစ်၍ ကျွန်ုပ်၏ စိတ်ထဲ၌ အကြိမ်ကြိမ် ဖြစ်ပေါ်နေခြင်းပင် ဖြစ်၏။

သို့ပင်ဖြစ်လင့်ကစား ကျွန်ုပ်၏ ဆန္ဒသည် နွေခေါင်ခေါင်တွင် ရွာချမည့် မိုးကိုသာ မျှော်နေသည်နှင့် တူနေပါတော့သည်။ အဘယ်ကြောင့်ဆိုသော် သဲကမ်းပါးကြီး၏ အမြင့်ပေမှာ ရာဂဏန်းဝန်းကျင်အထိ မြင့်မားနေပြီး တောင်တစ်ခုလုံး၏ အောက်ခြေပိုင်းများကို ခိုင်ခံ့အောင် ပြုလုပ်ဖို့ဆိုသည်မှာလည်း အလွန်ပင် ခဲယဉ်းသောကိစ္စ ဖြစ်နေသောကြောင့်ပါတည်း။

မြသလွန်ဘုရားမှ ပိုင်ဆိုင်သော ဝတ္တကမြေ ဧရိယာကို ကာကွယ်ရန်အတွက် အမြင့်ပေက (၂၀)ခန့်မျှသာ မြင့်မည့် ကျောက်ရိုးရေကာတာကိုပင် လျှင် ပြည့်စုံအောင် ပြုလုပ်နိုင်ခြင်းမရှိသေးသည့်ကာလဖြစ်ပါသည်။ ယခုကိစ္စ ဆိုလျှင်ကား တွေးပင် မတွေးဝံ့နိုင်လောက်အောင် ဖြစ်နေပါလိမ့်မည်။

သို့ပါသော်လည်း ကျွန်ုပ်၏ ဖြစ်ပေါ်နေသော စိတ်ကိုရပ်နား၍မရတော့ပါသဖြင့် ရွှေလင်မျှော်ဘုရားမှာပင် အဓိဋ္ဌာန်တင်လိုက်ပါသည်။ လောကပါလနတ်မင်းကြီး (၄)ပါး အမှူးထား၍ သိဒ္ဓိရှင်အပေါင်းတို့အား ပင့်ဖိတ်လျက် အသိသက်သေ ပြုလိုက်ပါသည်။ သဲကမ်းပါးပြိုကျခြင်း၏ အန္တရာယ်မှ ကာကွယ်နိုင်သော အခွင့်အလမ်းပေါ်ပေါက်မည်၊ မပေါ်ပေါက်မည်ကို သိရှိနိုင်သော လမ်းညွှန်မှုများအား ပြသပေးပါရန် အဓိဋ္ဌာန်ပြုလိုက်ပါသည်။

ကျွန်ုပ်၏ အဓိဋ္ဌာန်ကာလကိုလည်း (၁)လ သတ်မှတ်ထားလိုက်ပါသည်။ မည်သူ့ကိုမှ ထိုအဓိဋ္ဌာန်ဝင်ခြင်းကို ထုတ်ဖော်မပြောဝံ့ပါ။ ဖြစ်နိုင်ခြေမရှိသောအကြောင်းအရာတစ်ခုအတွက် အဓိဋ္ဌာန်ဝင်သည်ဟု ပြောကြမည်မှာ မလွဲသေချာလှသောကြောင့်ပင် ဖြစ်ပါသည်။

အဓိဋ္ဌာန်ဝင်၍ (၉)ရက်မြောက်သောနေ့မှာပင် ထူးဆန်းမှု တစ်ခုကို တွေ့ကြုံရပါသည်။

ထိုနေ့ နံနက် ၉ နာရီခန့်တွင် ကျွန်ုပ်သည် ပုတီးပတ် ပြည့်ပြီဖြစ်၍ ဘုရားတန်ဆောင်းအောက်တွင် အနားယူနေပါသည်။

ထိုစဉ်မှာပင် ဘုရား၏ တောင်ဘက်မုခ်မှ အသက်(၃၀)ခန့် ရှိမည် ထင်ရသော လူတစ်ယောက် ရင်ပြင်တော်ပေါ်သို့ တက်ရောက်လာပါသည်။

စနေထောင့်သို့သွား၍ အတန်ကြာသည့်တိုင်အောင် ဟိုကြည့် ဒီကြည့် ပြုလုပ်နေသည်ကိုတွေ့ရပါသည်။ ထိုသူသည် ကျွန်ုပ်ကို မြင်တွေ့သွားသောအခါ ကိုယ်ရှိန်သတ်၍ ထိုင်နေပါတော့သည်။

လူကောင်းလော၊ လူဆိုးလော မသိနိုင်ပါ။ ရွှေလင်မျှော်ဘုရား၌လည်း အဖိုးထိုက်တန်သော ပရိဘောဂများ မရှိကြပါ။ ဘုရားဝတ်ပြုရန်အတွက် ဆိုပါလျှင်လည်း ကျွန်ုပ်ကို ရှက်ရွံ့နေစရာလိုမည် မထင်ပါ။ ထိုသူ၏ အပြုအမူမှာ ထူးဆန်းသလို ဖြစ်နေပါသည်။

ကျွန်ုပ်သည် အကြံတစ်ခုကို ရလိုက်သဖြင့် အနည်းငယ်ဝေးကွာသော ရေအိုးစင်ရှိရာသို့ သွားပြီးနောက် ရေသောက်လိုက်ပါသည်။ ၎င်းနောက် အနီးရှိ နဘူးချုံကိုကွယ်၍ ထိုသူမမြင်အောင် စောင့်ကြည့်နေလိုက်ပါသည်။

ထိုသူသည် ဘုရားကို တစ်ပတ်ပတ်၍ ဟိုဟိုဒီဒီ ကြည့်ရှုပြန်သည်။ ခေတ္တကြာသော် ဘုရားရင်ပြင်တော်ပေါ်ဝယ် မည်သူမျှမရှိတော့ဟု ယူဆသွားပုံရပါသည်။ စနေထောင့်သို့ပင် သွားပြန်ပါသည်။ ခေတ္တကြာအောင် ကြည့်ပါသည်။ ၎င်းနောက် ရင်ပြင်တော်ပေါ်ဝယ် တုံးလုံးလှဲချလိုက်ပြီး တစ်ဖန် ဝမ်းလျားမှောက်ပြန်ပါသည်။

ဘယ်ဘက်သို့ လည်းကောင်း ညာဘက်သို့ လည်းကောင်း အကြိမ်ကြိမ် လူးလိမ့်တွန့်လိမ်နေသည်ကို မြင်တွေ့ရပါတော့သည်။ ခဏအကြာတွင် ခြေထောက်ချင်း လိမ်ယှက်တွန့်လိမ်၍ လည်းကောင်း၊ လက်ချင်း လိမ်ယှက်တွန့်လိမ်၍လည်းကောင်း ဘယ်ပြန် ညာပြန် ထပ်မံလူးလှိမ့်ပြန်ပါသည်။

ထိုသူ မည်သို့ ဖြစ်နေသည်ကို ကျွန်ုပ် ခန့်မှန်း၍ မရပါ။ ထိုသူ ရောဂါတစ်ခုခု ခံစားရခြင်းသာ ဖြစ်ခဲ့ပါက ကျွန်ုပ်အဖို့ အခက်ကြုံရတော့မည်ဖြစ်၏။ လူသူမနီးသော ဤကဲ့သို့သော နေရာမျိုးတွင် ထိုသူနှင့် ကျွန်ုပ်သာလျှင် ရှိပါသည်။

ဤဘုရား၏ အနီးနားရှိ ရွာများမှ ကျွန်ုပ် အဓိဋ္ဌာန်ဝင်နေသည်ကို သိရှိထားကြပါသည်။ ထိုသူသာ တစ်ခုခု ဖြစ်သွားခဲ့ပါက ကျွန်ုပ်အဖို့ အခက်ကြုံရပေတော့မည်။ ကျွန်ုပ်သည် ထိုသူ၏ အနားသို့လည်း မသွားဝံ့ပါ။ ရွာသားများကို သွားခေါ်ရန်မှာလည်း ဝေးလှပါသည်။

ကျွန်ုပ် အကြံအိုက်နေစဉ်မှာပင် တွန့်လိမ်နေရာမှလက်နှစ်ဖက်ကိုယှက်၍ ဘုရား၏ စိန်ဖူးတော်ကို ဦးခိုက် ပူဇော်လိုက်သည်ကို မြင်လိုက်ရသည်



www.burmeseclassic.com

www.burmeseclassic.com

ထပ်မံ တွန့်လိမ်လူးလွန့်လျက်မှ လက်နှစ်ဖက်ကို ရှေ့သို့ထုတ်ကာ ဦးခိုက်ပြန်ပါသည်။

(၃)ကြိမ်မျှ ပြုလုပ်ပြီးသောအခါ ဝယ် တွန့်လိမ်ခြင်းမပြုတော့ဘဲ မတ်တတ်ရပ်လိုက်သည်ကို တွေ့ရပါသည်။ တော်ပေသေး၏။ ရောဂါတစ်ခုခု ခံစားရခြင်း မဟုတ်ပေ။ မတ်တတ်ရပ်လိုက်ပြီး လက်နှစ်ဖက်ကို ရင်ဘတ်ရှေ့တွင် ထားပြီး ပူးယှဉ်လိုက်သည်ကို တွေ့ရပြန်ပါသည်။ ထို့နောက် ဘုရားဘက်သို့လှည့်၍ ရှိခိုးလျက်အနေအထားဖြင့် ခြေထောက်များကို ဘေးတိုက်ရွှေ့ကာ တဖြည်းဖြည်းချင်း တစ်ပတ်ပြည့်အောင် ပတ်နေသည်ကိုတွေ့ရပါသည်။တစ်ပတ်ပြည့်သောအခါ တစ်ယောက်တည်းပြုံးလျက် တောင်ဘက်မုခ်မှပင် ဆင်းသွားပါတော့သည်။

ကျွန်ုပ်အဖို့ အံ့ဩထူးဆန်းစွာဖြင့် ကျန်ရစ်ခဲ့ပါတော့၏။ ကျွန်ုပ်၏ဘဝတွင် ယခု စာရေးနေသည့်အချိန်အထိ ထိုကဲ့သို့သော ဘုရားရှိခိုးခြင်းမျိုးကို ထိုတစ်ကြိမ်မှတစ်ပါး တစ်ခါသော်မှ မမြင်ဖူး မတွေ့ဖူးခဲ့ပါ။ ထို့ကြောင့် အလွန်ထူးဆန်းနေခြင်း ဖြစ်ပါသည်။

ကျွန်ုပ်လည်း အနားယူနေကျနေရာသို့ ပြန်လာခဲ့ပါသည်။ စီးကရက်တစ်လိပ်ကို မီးညှိ၍ ဖွာရှိုက်ရင်း မြင်ခဲ့ရသော မြင်ကွင်းကို ပြန်လည်သုံးသပ်နေမိပါသည်။

ထိုအခါတွင်မှ ကျွန်ုပ်စဉ်းစားမိတော့၏။ အယူတော်မင်္ဂလာပညာရှိ အမတ်ကြီး ဦးနိုး၏ အမှာစကားအရလည်းကောင်း၊ ရှေးဟောင်း ပေစာတစ်ခု၌ ရေးသားထားသော စာအရလည်းကောင်း ကျွန်ုပ်မြင်တွေ့ခဲ့ရသောကိစ္စကို အဓိပ္ပာယ် ဖော်ယူခွင့်ရှိကြောင်း သိရှိလိုက်ရပေသည်။

ထိုစာ၌ 'ဝိသေသမြောက်၊ အရာရောက်က၊ ချင့်ထောက်ဆုံးဖြတ်၊ အနာဂတ်အား၊ ပုံဟပ်ယှဉ်ယူ၊ သတိမူလျက်' ဟု ရေးသားထားပါသည်။ ဤကိစ္စသည်(ဝိသေသမြောက်) ထူးဆန်းသောကိစ္စဖြစ်နေပါသဖြင့် အနာဂတ်အတွက် နိမိတ်ကောက်ယူခွင့်ဖြစ်ပေါ်လာကြောင်း သေချာစွာ သိရှိလိုက်ပါတော့သည်။

သို့အတွက် ထိုကိစ္စကို အကြိမ်ကြိမ်စဉ်းစား၍ အဓိပ္ပာယ်ဖော်ကြည့်ပါတော့သည်။ သို့အတွက်လည်း မည်သို့မျှ စဉ်းစားကြံဆ၍ မရပါ။

အဘယ်ကြောင့်ဆိုသော် ဤကဲ့သို့သော ဘုရားရှိခိုးခြင်းကို မတွေ့မကြုံခဲ့ဖူး၍ ဖြစ်ပါသည်။ ကျွန်ုပ်သည် ခုနစ်ရက်လုံးလုံး မနားမနေစဉ်းစား၍ အဖြေရှာခဲ့သော်လည်း အဓိပ္ပာယ်ဖော်နိုင်စွမ်း မရှိခဲ့ပါ။

ထိုကိစ္စသည် အတိတ်၊ နိမိတ်၊ စနည်း၊ တဘောင်၊ ဘဝေါ တို့၏ သတ်မှတ်ထားသော စည်းကမ်းချက်များဖြင့် တိုက်ဆိုင်စစ်ဆေးကြည့်သော အခါတွင်လည်း လုံးဝကိုက်ညီနေသည်သာဖြစ်၍ စဉ်းစားရသည်မှာ မွန်းကျပ်နေပါတော့သည်။

အနာဂတ်ကို တင်ကြိုသိမြင်နိုင်သော ဝိသေသအင်္ဂါ(၅)ရပ်၏ ဥပဒေသမှာ . . .

(၁) **စနည်း**

တောင်ဘက်အရပ်မှ လျှို့လျှို့ဝှက်ဝှက်အမူအရာနှင့် စကားတီးတိုးများ။

(၂) **တဘောင်**

မြောက်ဘက်အရပ်မှ ကျယ်ကျယ်လောင်လောင် အသံများ၊ ဖြစ်ရပ်များ။

(၃) **ဘဝေါ**

အဆန်းတကြယ် အမူအရာဟန်ပန်များ၊ အရူး၊ နတ်ဝင်သည်တို့၏ အမူအရာများ

(၄) **နိမိတ်**

ဝိသေသမြောက် မြင်တွေ့ရသော ကောင်း၊ မကောင်း အာရုံများ။

(၅) **အတိတ်**

ဝိသေသမြောက် ရှိသေစွာ ဂါရဝပြုအပ်သော(ဘိတ်ပဏ္ဍာသ)ပစ္စည်းများ၊ မြင်ကွင်းများ

အထက်ဖော်ပြခဲ့သော အချက်အလက်များမှ နှစ်မျိုးအထိပင် ကောက်ယူ၍ ရကြောင်းကို တွေ့ရှိရပါသည်။ 'စနည်းဆိုလျှင် တောင်၊ တဘောင်ဆိုလျှင် မြောက်' ဟုဆိုထားသော စည်းကမ်းချက်အရ တောင်အရပ်မှ ရောက်ရှိလာသူဖြစ်၍ လည်းကောင်း၊ လူသိမှာ စိုးရိမ်သည့် လျှို့ဝှက်အပြုအမူကို မြင်တွေ့ရ၍လည်းကောင်း (စနည်း) ဖြစ်နေသည်မှာ သေချာပေပြီ။

တစ်ဖန် ထိုသူ၏ တွန့်လိမ်လူးလှိမ့်နေသော ထူးဆန်းလှသည့် အပြုအမူမှာလည်း (ဘဝေါ)အဖြစ်သို့ရောက်ရှိနေသည်ပင် ဖြစ်၏။

ဤကဲ့သို့ နှစ်ထပ်ကွမ်းစည်းကမ်းဖြင့် ညီညွတ်လှသော အနာဂတ်ညွှန်း (တဘောင်နှင့်ဘဝေါ) မျိုးကား အလွန်တရာ တွေ့ရခဲလှပါသော နိမိတ်မျိုးပင်ဖြစ်ပါသည်။ ဤမျှ သေချာလှသော နိမိတ်ကိုပင်လျှင် ကျွန်ုပ်သည် ကောက်ယူနိုင်စွမ်း မရှိတော့သဖြင့် လက်လျှော့လိုက်ရပါသည်။

သို့နှင့် (၁၈)ရက်မြောက်နေ့သို့ ရောက်ခဲ့ပေပြီ။ ဘုရား၏ အရှေ့ဘက်ခပ်လှမ်းလှမ်းရှိ လှည်းလမ်းဘေးတွင် တောင်နှင့်မြောက် လမ်းလျှောက်ရင်း ကျွန်ုပ်သည် နိမိတ်ပုံကိစ္စကို စဉ်းစားခန်းဝင်နေပါသည်။

ထိုစဉ် လင်းနို့ဝချောင်းဘက်မှ (မြောက်ဘက်မှ) လှည်းလမ်းအတိုင်း လမ်းလျှောက်လာကြသော လူတစ်စု၏ အသံများကို ကြားရပါသည်။

ထိုလူများထဲမှ လူတစ်ယောက်သည် ထူးထူးခြားခြား အစလည်း မပါ၊ အဆုံးလည်း မဟုတ်သော သီချင်းတစ်ပိုဒ်ကို မြေဝိုင်းမင်းသားများ၏အသံမျိုးဖြင့် သီဆိုသံကိုကြားရပါတော့သည်။ သူ၏အသံမှာ အလွန်ကောင်းပါသည်။

"ဇမ္ဗူကျွန်း ××× မြင်မိုရ်၌ တောင်ခါးပန်းမှာ ကြမ်းတမ်း[illegible] နှင့်

www.burmeseclassic.com

နဂါးပါ ××× နန္ဒောပနန္ဒ လျှပ်တစ်ပြက် အသက်ရာကုဋေ ခြေခွင်း မြွေမင်း ရာဇာ ××× မြတ်ဘုရားရဲ့ သားတော် ရှင်မောဂ္ဂလာန် ××× နှိမ်နင်းပို့လွှတ်တဲ့ အခါ စိတ်နှလုံးသိမ်မွေ့စွာ ××× နဂါး ကြီး ဦးခိုက် ခေါင်းစိုက်ပါလို့ ခစားဖို့ ရောက်လို့လာ ××× မေတ္တာဓာတ်နဲ့ ဗုဒ္ဓါ မြတ်စွာ ××× ဆောင်နှင်းခဲ့ အောင်ခြင်း သတ္တမပါ"

ထိုသူသည် တောလမ်းထဲမို့ ပျင်းရိလာ၍ သီချင်းဆိုဟန် တူပါသည်။ သူ၏စိတ်ထဲတွင် ထိုသီချင်းကို အစမှ စ၍ စိတ်ထဲတွင် ဆိုလာခြင်း ဖြစ်ခဲ့ပါ လိမ့်မည်။ ဤနေရာသို့ရောက်မှ ကျယ် လောင်စွာ အသံထွက်၍ သီဆိုလိုက် ခြင်း ဖြစ်ပါသည်။

ဇင်းသီဆိုသော သီချင်းမှာလည်း မြတ်စွာဘုရား၏ အောင်ခြင်းရှစ်ပါးမှ သတ္တမမြောက် အောင်ခြင်းဖြစ်သော နန္ဒောပနန္ဒနဂါးမင်းကို အောင်တော်မူပုံ ဖြစ်ပါသည်။

သို့ဖြစ်၍ အောင်ခြင်းအမှတ် (၇)ကလည်း စနေနံ၊ အောင်တော်မူ သည်ကလည်း စနေနံ ဖြစ်နေသည်ကို တိုက်တိုက်ဆိုင်ဆိုင် သိရှိလိုက်ရပါ သည်။ ဇင်းအပြင် တဘောင်ဆိုလျှင် မြောက်အရပ် ဟုသတ်မှတ်ထားသော စည်းကမ်းချက်နှင့်လည်း ကိုက်ညီနေ သည်ကို တွေ့လိုက်ရပြန်ပါသည်။

ကျွန်ုပ်၏ ခေါင်းထဲ၌ ဖျတ်ခနဲ လင်းသွားပေပြီ။ ကျွန်ုပ်မျှော်မှန်းထား သော ကိစ္စသည် မုချမသွေအောင်မြင် ရမည်သာ ဖြစ်၍ မြတ်စွာဘုရား၏ အောင်တော်မူနိမိတ်ကို ရရှိရခြင်းဖြစ် ပေမည်။

စနည်းဆိုလျှင် တောင်အရပ်မှ တဘောင်ဆိုလျှင် မြောက်အရပ်မှ ဖြစ် စေရမည်ဆိုသည်မှာလည်း ကိုက်ညီနေ ပြီဖြစ်ရာ ရဲဝံ့စွာ ယူဆလိုက်ပါသည်။

ထိုကိစ္စသည် အောင်မြင်လာ လိမ့်မည်ဟု စိတ်ထဲ၌ ဦးစွာမှတ်သား ထားလိုက်ပါသည်။

မင်းကွန်းဆရာတော်ဘုရားကြီး ပြုစုတော်မူသော မဟာဗုဒ္ဓဝင်ကျမ်းစာ ၌ လည်းကောင်း၊ မကာရလောပ အကျော် မန်လည်ဆရာတော်ဘုရားကြီး ရေးသားပြုစုခဲ့သော မဃဒေဝလင်္ကာ သစ်ပုတ္တောဝါဒချက်း၌ လည်းကောင်း အထက်၌ ဖော်ပြခဲ့သော တိတ်၊ နိမိတ်၊ စနည်း၊ တဘောင်၊ဘဝေါတို့၏အဓိပ္ပာယ် ဖွင့်ဆိုချက်များကို အကျယ်လေ့လာနိုင် ကြပါသည်။

ကျွန်ုပ်၏ အသိဉာဏ် ညံ့ဖျင်းမှု ကို သိရှိသဖြင့် သမ္မာဒေဝနတ်အပေါင်း သာသနာစောင့် နတ်မင်းကြီးများနှင့် သိဒ္ဓိရှင်ကြီးများက ထပ်မံတိုးချဲ့၍ သိရှိ နိုင်ရန်အလို့ငှာ တဘောင်ကိုပါ ချထား ပေးခဲ့ခြင်းဖြစ်မည်ဟု စဉ်းစားမိပါသည်။

ယခင် စနည်းနှင့် ဘဝေါကို မည်သို့မျှ စဉ်းစားမရခဲ့ပါ။ အလွန်ပင် ညံ့ပေစွ။ ထပ်မံ၍ တဘောင်ကို ကြား ရမှသာ ထိုအသက်(၃၀)ခန့်လူ၏ ရှိခိုး သော ပုံစံမှာ နဂါးမင်းများ၏ ရှိခိုးခြင်း ပုံစံဖြင့် ရှိခိုးသည်ကို နားလည်လိုက်ရ ပါသည်။

ထိုသူ စနေထောင့်တွင် ရှိခိုး ခြင်း၊ နဂါးကဲ့သို့ ရှိခိုးခြင်း၊ နန္ဒောပနန္ဒ သည် နဂါးဖြစ်ခြင်းနှင့် သတ္တမမြောက် အောင်မြင်ခြင်း စသည်တို့မှာ အားလုံး စနေနံများချည်း ဖြစ်နေကြသည်ကို ဆက်လက်စဉ်းစားမိပါတော့သည်။

သို့ဖြစ်၍ ထိုကိစ္စသည် (၇)နှစ် ကြာသော် အောင်မြင်ပြီးမြောက် ပြည့်စုံ ခြင်းသို့ ရောက်လိမ့်မည်ဟု ကောက် ချက်ချလိုက်ပါသည်။

သို့ဖြင့် ကျွန်ုပ်သည် ရက်ပေါင်း (၃၀)ပြည့်အောင် အဓိဋ္ဌာန်ဝင်ခဲ့ပါသည်။ သို့ပါသော်လည်း ထိုသခဲကမ်းပါးပြိုကျ ခြင်းကို ရပ်နားစေရမည်ဟု မည်သူ့ကိုမျှ ဖွင့်ဟပြောဆိုခြင်း မပြုခဲ့ပါ။ မည်သူမျှ ယုံကြည်ကြလိမ့်မည်မထင်သောကြောင့် ပင် ဖြစ်ပါသည်။

ကျွန်ုပ်အား အလွန်ရိုသေ လေး စားကြသော တပည့်နှစ်ယောက်မျှကို သာ ဖွင့်ဟ၍ပြောပြခဲ့ဖူးပါသည်။ တစ် ယောက်မှာ မောင်အေးသောင်း (ကွယ် လွန်)ဖြစ်ပြီး နောက်တစ်ယောက်မှာ မောင်မြင့်သိန်း (မကွေးမြို့ ဗိုလ်ချုပ် လမ်းမကြီး သိင်္ဂါဂီရိရပ်ကွက်တွင် နေ ထိုင်သူ)အား ဖွင့်ဟခဲ့ခြင်း ဖြစ်ပါသည်။ မောင်မြင့်သိန်းကား ယခုတိုင် ထိုနေရာ၌ နေဆဲဖြစ်ပါသည်။

သို့နှင့် (၅)နှစ်ကြာပြီးသောအခါ ဝယ် ကျွန်ုပ်သတ်မှတ်ထားသော ကာလ နီးလာပြီဖြစ်၍ မကွေးမြို့ မြသလွန် စေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပက လူကြီးများထံ ရွှေလင်မျှော်ဘုရား၏ အောက်ခြေမှ သဲကမ်းပါးပြိုနေသော ကိစ္စကို တင်ပြခဲ့ပါသည်။

ထိုစဉ်အခါက ဥက္ကဋ္ဌ ဦးမန်း သောင်(ကွယ်လွန်)အတွင်းရေးမှူးများ ဖြစ်ကြသော ဦးခင်မောင်ထွန်း(ကွယ် လွန်)နှင့် ဦးမောင်မောင် (ကွယ်လွန်) တို့ထံ တင်ပြခဲ့ခြင်း ဖြစ်ပါသည်။

လူကြီးမင်းများမှလည်း ပြန် လည် ရှင်းလင်းပေးပါသည်။ တောင်၏ အောက်ခြေဧရိယာမှာ ရှည်လျားလှ၍ နှစ်သိမ့်စေပါသည်။

သို့ဖြင့် (၇)နှစ်ပြည့်သောအခါ တွင်ကား ဖြစ်တန်ရာပြီဟု ယူဆ၍ နှစ်ကြိမ်မြောက် အရဲစွန့်၍ ထပ်မံတင် ပြကြည့်ပါသေးသည်။

အဖွဲ့မှ ဆုံးဖြတ်ချက် ချ၍မရ သော ကိစ္စဖြစ်၍ စဉ်းစားခြင်း မပြုနိုင် သေးပါကြောင်းကို ရှင်းလင်းပြပြန်ပါ သည်။

ကျွန်ုပ်သည် မြသလွန်ဘုရား၏ စိန်ဖူးတော်တင် မင်္ဂလာအခါကို ရွေး ချယ် တွက်ချက်ပူဇော်ပေးခဲ့ဖူး၍သာ ဤသို့ ထပ်မံ တင်ပြခြင်းကို ပြုံးပြုံး ရွှင်ရွှင်ဖြင့် ပြန်ကြားပေးကြခြင်း ဖြစ်ပါ လိမ့်မည်။

သို့နှင့် ကျွန်ုပ်သည် စနေဂြိုဟ် သက် (၁၀)ကိုပင် ရည်ညွှန်းနေရော့ သလားဟု ထပ်မံစဉ်းစားရပြန်ပါသည်။ ထိုသို့ စောင့်ရင်း စောင့်ရင်းဖြင့် တချို့



www.burmeseclassic.com

www.burmeseclassic.com

လူကြီးမင်းများပင် ကွယ်လွန်သွားကြပြီ ဖြစ်ပါသည်။

အဖွဲ့အစည်းအသစ် ပြန်လည်ဖွဲ့စည်းသောအခါတွင် ကျွန်ုပ်နှင့် အလွန်ရင်းနှီးသော ဦးအေးကျော် (ယခင်ကွယ်လွန်သွားသော ဥက္ကဋ္ဌ ဦးမန်းသောင်၏ သားသမက်)လည်း ဂေါပကအဖွဲ့တွင် ပါဝင်လာပါသည်။

ဦးအေးကျော်ထံ ထပ်မံတင်ပြခဲ့ပါသော်လည်း ရှေးနည်းနှင့်နှင့်ပင်ဖြစ်၍ လုံးဝ လက်လျှော့လိုက်ပြီး မိမိ၏ဉာဏ်ပညာ ညှံ့ဖျင်းခြင်းကိုသာ အပြစ်တင်မဆုံး ဖြစ်ရပါတော့သည်။

၁၉၉၆ ခုနှစ်တွင် အခြေအနေအရပ်ရပ်ကြောင့် ကျွန်ုပ်တို့ မိသားစုသည် ရန်ကုန်သို့ရွှေ့ပြောင်း၍ အခြေစိုက်ခဲ့ကြပါသည်။ ၂၀၀၆ ခုနှစ်က မကွေးမြို့သို့ ကိစ္စတစ်ခုဖြင့် ရောက်ခဲ့ရပါသည်။

ကျွန်ုပ်နှင့် နှစ်ပေါင်းများစွာ ရင်းနှီးခဲ့ကြရသော မိတ်ဆွေများဖြစ်သည့် ဦးအေးကျော်နှင့် ဒေါ်ခင်နန်းရွှေတို့၏တိုက်တွင် တည်းခိုနေထိုင်ပါသည်။

ကျွန်ုပ် မကွေးသို့ရောက်သည့်အကြိမ်တိုင်း ၎င်းတို့ထံမှာသာလျှင် တည်းခိုလေ့ရှိပါသည်။ ထိုတစ်ခေါက်က ဦးအေးကျော်သည် ကျွန်ုပ်အား အားရဝမ်းသာစွာဖြင့် ရောက်လျှင်ရောက်ချင်း မင်္ဂလာစကား ပြောပါတော့၏။

ရွှေလင်မျှော်ဘုရားအား ပြုပြင်ပြီး ဖြစ်ကြောင်း၊ ယခုအခါဝယ် အလွန်ကောင်းမွန်နေပြီ ဖြစ်ပြီး နောင်ရေးနောင်တာအတွက်လည်း စိတ်ချသွားရပြီဖြစ်ကြောင်းများကို ပြောပြခြင်းပင်ဖြစ်ပါသည်။

ကျွန်ုပ်၏ အယူအဆများမှာ လွန်စွာ ညှံ့ဖျင်းခဲ့ပါသော်လည်း ပြီးမြောက်မည်ဆိုသည့် ကောက်နုတ်ချက်မှန်ခဲ့ပါသဖြင့် အနည်းငယ်မျှ ဖြေသိမ့်နိုင်ခြင်းတော့ ရှိခဲ့ရပါသည်။ ရွှေလင်မျှော်ဘုရား၏ ပြီးမြောက်အောင်မြင်ခြင်းသည် ကျွန်ုပ်၏ အဓိဋ္ဌာန်ဝင်သည့်ကာလမှအစပြု၍ နှစ်ပေါင်း(၃၀)ကြာမှသာ ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်ကို တွေ့ရပါသည်။

ကျွန်ုပ်၏ အသိဉာဏ်ပညာ ညှံ့ဖျင်းမှုသည် ဆိုဖွယ်ရာမရှိပြီ။ အလွန်တိကျ သေချာလှပါသော စနည်း၊ ဘဝေါ၊ တဘောင် တို့ကို တွေ့မြင်ခွင့်ကြုံရပါလျက် မှန်ကန်သော အဖြေကို ကောက်ယူနိုင်စွမ်းမရှိခဲ့ပေ။ စနေနံများ အထပ်ထပ် ကြုံတွေ့ရပါသော်ကြောင့် (၇) နှစ်ဟု သတ်မှတ်ခဲ့၏။ မှား၏။ တစ်ဖန် စနေ၏ဂြိုဟ်သက်အရ (၁၀) နှစ်ဟု သတ်မှတ်ပြန်၏။ မှားပြန်၏။ ဤကဲ့သို့ မှားယွင်းသော အဓိပ္ပာယ်ကို အဘယ်ကြောင့် ကောက်ယူခဲ့ပါသနည်း ဆိုသော် ဟိတ်ဓာတ်သက်ပုံကိုမစဉ်းစားခဲ့မိ၍ပင် ဖြစ်ပါသည်။

မ,တစ်လုံးကျေ ဆရာတော်ခင်ကြီးပျော်က မူလ၊ သာဓေ၊ ဟေတု (ဟိတ်)၊ နိမိတ်၊ လက္ခဏ တို့ဖြင့် လောကကိုသိမြင်နိုင်အောင် ကြံဆောင်ရာ၏ဟု အင်္ဂဝိဇ္ဇာဒီပကကြီး၌ ဩဝါဒပေးခဲ့ပါသည်။

ကျွန်ုပ်တွေ့မြင်ခဲ့ရသည်များကို ပြန်လည်သုံးသပ်သော် အသက်(၃၀) ခန့်မျှ လူတစ်ယောက်ဖြစ်ခြင်း၊ ဘုရားကို တစ်ပတ်ပတ်၍ ပြခြင်း၊ မြင်းမိုရ်တောင်ကို နန္ဒောပနန္ဒ နဂါးမင်းကြီးက ပတ်၍ထားခြင်းများကို သတိမမူမိခဲ့ပါ။

၎င်းအပြင် အထူးထူး အဆန်းဆန်း လူးလိမ့်တွန့်လိမ်၍ ပြသခြင်းမှာ လူမှ အသွင်ပြောင်းသွားသကဲ့သို့ နဂါးရှိခိုးပုံကို ပြသခြင်းပင် ဖြစ်၏။ ထိုသို့ သဘာဝမှ အဘာဝသို့ ပြောင်းလဲနိုင်စွမ်းရှိသော ဓာတ်ကို ဟိတ်ဟုခေါ်၏။ ၎င်းဓာတ်သက်မှသာ အသွင်ပြောင်းနိုင်ခြင်းကို ဖြစ်ပေါ်စေနိုင်၏ဟု ဂမ္ဘီရကျမ်းပြုဆရာများက ဖွင့်ဆိုထားကြပါသည်။

မဟာဂန္ဓာရုံ ဆရာတော်ဘုရားကြီး အကျယ်ဖွင့်ဆိုထားသော မဟာပဋ္ဌာန်းကျမ်းကြီး၏ ဟေတုပစ္စယော အခန်းကဏ္ဍတွင်လည်းဟိတ်အကြောင်းကို အကျယ်လေ့လာနိုင်ပါသည်။

ဂြိုဟ်အားလုံးတို့တွင် စနေဂြိုဟ်သည် အနှေးဆုံးနှင့်အကြာမြင့်ဆုံးသော ဂြိုဟ်ဖြစ်၏။ ကမ္ဘာကို တစ်ပတ်ပတ်ရာတွင် နှစ်ပေါင်း(၃၀)တိတိ ကြာမြင့်၏။ ထိုအချက်ကို ကျွန်ုပ် အသက်(၂၀) မတိုင်မီကပင်လျှင် သိထားပြီး ဖြစ်ပါသည်။

ကျွန်ုပ်တွေ့ကြုံခဲ့ရသော အချက်အလက် (ဝိသေသများ)များအား ဟိတ်ဓာတ်သက်ပုံကိုသာ ဆင်ခြင်မိပါက စနေဂြိုဟ်၏ ကမ္ဘာ(၁)ပတ်ကြာမြင့်ချိန်ဖြစ်သည့် နှစ်ပေါင်း(၃၀)ကို ဖျတ်ခနဲ သိမြင်ခဲ့မည်သာ ဖြစ်ပါသည်။

ကျွန်ုပ်အဖို့ကား ဟိတ်ဓာတ်သက်ပုံကို ရှည်လျားသော ကာလတစ်ခုကို စောင့်ပြီးမှသာလျှင် သိရှိခဲ့ရသူ တစ်ဦး ဖြစ်ခဲ့ပါသည်။ ကံအားလျော်စွာ မသေသေးခဲ့၍သာလျှင် အသိပညာ တစ်ခု တိုးခဲ့ရသည်ဟု ဆိုရပါမည်။

တစ်နည်းအားဖြင့် ဤဆောင်းပါးကို ရေးသားနိုင်ခွင့်ကြုံရန် နှစ်ပေါင်း (၃၀)ကာလကို ကျော်ဖြတ်ခဲ့ရသည်ဟု ဆိုရပါမည်။

သို့ဖြစ်ပါ၍ ဂမ္ဘီရနယ်ပယ်ရှိ ပညာရပ်မှန်သမျှတို့တွင် ဟေတုမည်သော ဟိတ်ဓာတ်သည် အရေးပါ အရာရောက်သော အခန်းကဏ္ဍမှပါဝင်လျက်ရှိသည်မှာ သေချာလှပါကြောင်း တင်ပြလျက် နိဂုံးချုပ်အပ်ပါသတည်း။

"ပညာကြီးမား၊ သူတို့အားလည်း၊ မှတ်သားသတိ၊ စဉ်မရှိက၊ ကဝိအရာ မရောက်သာခဲ့"။

❒ ဓာတ်ဂိုဏ် မျိုးမြင့်အောင်

www.burmeseclassic.com

www.burmeseclassic.com




တစ်နေ့သ၌ ကျွန်ုပ်ဗေဒင်ဟော ခန်းဆိုင်ဖွင့်ထားရာ လှိုင်သာယာမြို့ မြို့ဦးစေတီတော်ကြီး တောင်ဘက်မုခ် သို့ အရောင်းအဝယ်သမား၊ ကျူရှင် ဆရာနှင့် စာရေးဆရာလည်းဖြစ်သော ဦးစိုးနိုင်၊ ကျူရှင်နာမည် ဂျူနီယာ လီတာ၊ စာရေးဆရာကလောင်နာမည် မင်းသီဟရာဇာ ရောက်ရှိ၍လာလေ တော့သည်။

"မင်္ဂလာပါ ဆရာအောင်ကျော် ခိုင် ခင်ဗျား"

"အာ ဆရာကြီးမင်းသီဟရာဇာ ပါလားဗျာ၊ အမိဋ္ဌာန်ဝင်ဖို့ ဘုရားကို လာတာလား၊ ကိစ္စရှိလို့ ကျွန်တော့်ဆိုင် လာတာလားဗျာ၊ ကဲ"

"အား နှစ်ခုစလုံးမှန်တယ်၊ ပုတီး စိပ်ပြီးပြီ၊ အခု ဆရာ့ကို အကူအညီ တောင်းစရာရှိပါတယ်၊ ညာဏ်ပူဇော်ခ လဲ တင်ပါတယ်"

"ဒါဆို ဒီနေ့ ဈေးဦးပေါက် ကောင်းပြီပေါ့၊ ကဲ, ပြောဗျာ၊ ခင်ဗျား ကိစ္စ အကူအညီပေးရမှာပေါ့"

"နေပါဦးဆရာ၊ မိုးမိုးတို့ဆိုင်မှာ လက်ဖက်ရည် မှာထားတယ်၊ ဟော လာပြီ၊ ကဲ သောက်ကြဦးစို့၊ ပြီးတော့မှ လုပ်ပါ၊ လက်ဖက်ရည်မအေးမီ သောက် ပါဦး၊ ဖြည်းဖြည်းပေါ့"

သို့နှင့် လက်ဖက်ရည်သောက် ပြီး ခဏအကြာတွင်. . .

"ဒီလိုဆရာ ရောင်းကုန်ပစ္စည်း တွေ ထိုင်းနေတယ်၊ ရောင်းမထွက်ဘူး၊ ဝင်လာရမယ့် ပစ္စည်းတွေ အဝင်နှေး နေတယ်၊ မဝင်ဘူး၊ အဲဒီနှစ်မျိုးကို ဆရာ ဘယ်လိုလုပ်ပေးလို့ရမလဲဆိုတာ အမိန့် ရှိပါ၊ ကျွန်တော် လိုက်မှတ်ပါ့မယ်ဗျား"

"ဟုတ်ပြီ၊ ဒါဆို မှတ်ပေတော့"

"ထွက်စွန်လိုလျှင် ရန်နှင့်ဆင် ဆပင်ကိုင်းနဲ့ ရိုက်၊ အရင်းနံ့တူ ဖျား ရန်သူ၊ ကြံယူအသင့်လိုက်။

ဒီလင်္ကာနှစ်ပုဒ်မှာ အမိပ္ပာယ်က မည်သည့် ပစ္စည်းဝတ္ထုမဆို ထွက်စေလို ခဲ့သည်ရှိသော် အဲဒီ ထွက်စေလိုတဲ့ ပစ္စည်းရဲ့နံကို အရင်းကခံ၊ အဖျားက ရန်နဲ့ တွဲနေတဲ့ အသားနဲ့ ...အခါမှာ



www.burmeseclassic.com

www.burmeseclassic.com

၎င်းရဲ့ ဆပ္ပတ်နံသင့်အတိုင်း အချက်စေ့ရိုက်မယ်ဆိုရင် အဲဒီပစ္စည်း သေချာပေါက်ထွက်မယ်လို့ ဆိုလိုပါတယ်"

"ဪ ဒီလိုလား ဆရာရယ်"

"ကိုစိုးနိုင် ရှင်းအောင် နေ့ခုနစ်နေ့အတွက် အစကနေပြီး ဥပမာနဲ့ တစ်ခါတည်း ရေးရအောင်"

တနင်္ဂနွေနံ- အုန်းသီး၊ အိုး၊ အစ်၊ အိပ် စသည်ထွက်စေလိုသော် မည်သည့်နေ့မှာမဆို ရန်ဘက်ဖြစ်သော အင်္ဂါအခါ၌ ထွက်စေလိုသော ပစ္စည်း၏ အပေါ်တွင် အထွက်ဖြစ်သော 'ဩ' အက္ခရာကို ရေးပြီးလျှင် အုန်းသီးစသည် မြန်မြန်ရောင်းထွက်ပါစေဟု ချက်တိုင်းဆို၍ ဩဇာကိုင်းနှင့် အရှေ့တောင်အရပ်ကို မျက်နှာပြု၍ ဆပ္ပတ်ဂြိုဟ်အရ (၂၁)ချက်ရိုက်၊ ဩဇာကိုင်းကိုလည်း ၎င်းပစ္စည်းပေါ် တင်ထား၊ အုန်းသီး စသည်တို့ အလျင်အမြန် ရောင်းထွက်မည်။

တနင်္လာနံ- ကွမ်း၊ ကြိမ်၊ ငရုတ်၊ ကြက်သွန်၊ ငံပြာရည်၊ မန်ကျည်းသီး စသည်ထွက်စေလိုသော် မည်သည့်နေ့မှာမဆို ရန်ဘက်ဖြစ်သော ကြာသပတေးအခါ၌ ၎င်းပစ္စည်းများပေါ်တွင် အထွက် အက္ခရာဖြစ်သော 'င'အက္ခရာကိုရေး၍ ကွမ်းစသည် မြန်မြန်ရောင်းထွက်စေလို့ ဆိုပြီး အနောက်အရပ်ကို မျက်နှာမူ၍ ကင်ပွန်းကိုင်းနှင့် ဆပ္ပတ်ဂြိုဟ်သက်အရ (၁၀)ချက်ရိုက်၊ အဆိုကို အချက်တိုင်းဆို၊ ရိုက်သော ကင်ပွန်းကိုင်းကို ကုန်ပစ္စည်းပေါ် တင်ထား၊ ကွမ်းစသည်တို့သည် လျင်မြန်စွာ ရောင်းထွက်ပေလိမ့်မည် ဖြစ်ပါသည်။

အင်္ဂါနံ- ဆန်၊ ဆီ၊ ဆေး၊ ဆား၊ စက်၊ စောင် စသည်တို့ ရောင်းထွက်စေလိုသော် မည်သည့်နေ့တွင်မဆို ရန်ဖက်ဖြစ်သော တနင်္ဂနွေအခါ၌ ၎င်းပစ္စည်းများပေါ်တွင် အထွက်အက္ခရာဖြစ်သော 'ည'အက္ခရာအား ရေး၍ အရှေ့မြောက်ထောင့်သို့ မျက်နှာမူပြီးလျှင် ဆန်စသည် အမြန်ရောင်းထွက်ပါစေဟု အချက်တိုင်း ဆိုပြီးလျှင် ဆန်အိတ်ငယ်ငယ်နှင့် ဖြစ်စေ၊ စိမ်းစားဥနှင့်ဖြစ်စေ ဆပ္ပတ်ဂြိုဟ်သက်အရ (၆)ချက်ရိုက်ပြီး ၎င်းရိုက်သော ပစ္စည်းပေါ် တင်ထားပါ။ ဆန်စသည်တို့သည် လျင်မြန်စွာ ရောင်းထွက်၍ ကုန်ပေလိမ့်မည်။

ဗုဒ္ဓဟူးနေ့- ရွှေ၊ လှေ၊ လှည်း စသည် ရောင်းထွက်စေလိုသော် မည်သည့်နေ့တွင်မဆို ရန်ဖက်ဖြစ်သော ဗုဒ္ဓဟူးအခါ၌ ၎င်းပစ္စည်းများအပေါ်တွင် အထွက် အက္ခရာဖြစ်သော 'ဇ'အက္ခရာကိုရေး၍ အနောက်မြောက်အရပ်ကို မျက်နှာမူပြီး ရွှေစသည် အမြန်ရောင်း၍ ထွက်ပါစေဟု အချက်တိုင်းပြောဆိုပြီးလျှင် ဝါယားကိုင်းနှင့် ဆပ္ပတ်ဂြိုဟ်သက် အရ (၁၅)ချက် ရိုက်ပါ။

ရိုက်ပြီး ဝါယားကိုင်းကို ကုန်ပစ္စည်းပေါ်တင်ထား၊ ရွှေ စသည်တို့သည် လျင်မြန်စွာ ရောင်း၍ထွက်ကုန်ပါလိမ့်မည်။

ကြာသပတေးနံ- ဖက်၊ ပြောင်းဖူး၊ ပဲ၊ မြေပဲ စသည့် အမြန်ရောင်းထွက်စေလိုသော် မည်သည့်နေ့မှာမဆို ရန်ဖက်ဖြစ်သော တနင်္လာအခါ၌ ၎င်းပစ္စည်းပေါ်တွင် အထွက်အက္ခရာဖြစ်သော 'မ'အက္ခရာကို ရေး၍ အရှေ့အရပ်သို့ မျက်နှာမူပြီးလျှင် ဖက်၊ ပြောင်းဖူး စသည် မြန်မြန်ရောင်းထွက်ပါစေဟု အချက်တိုင်းဆို၍ ပြီးလျှင် မန်ကျည်းကိုင်းနှင့် ဆပ္ပတ်ဂြိုဟ်သက်အရ (၈) ချက်ရိုက်၊ မန်ကျည်းကိုင်းကို ကုန်ပစ္စည်းပေါ်တင်ထား၊ ဖက် စသည်တို့သည် လျင်မြန်စွာ ရောင်း၍ထွက်ပါမည်။

သောကြာနံ- သံ၊ သစ်၊ သွပ် စသည် အမြန်ရောင်းထွက်စေလိုသော် မည်သည့်နေမှာမဆို ရန်ဖက်ဖြစ်သော စနေအခါ၌ပစ္စည်းများပေါ်တွင် အထွက်အက္ခရာဖြစ်သော (ဠ)အက္ခရာကိုရေး၍ အနောက်တောင်ထောင့်သို့ မျက်နှာမူပြီးလျှင် သံစသည် မြန်မြန်ရောင်း၍ ထွက်ပါစေဟုချက်တိုင်းဆိုလျက် သနပ်ကိုင်းနှင့် ဆပ္ပတ်ဂြိုဟ်သက်အရ (၁၇) ချက်ရိုက်၊ သနပ်ကိုင်းကို ကုန်ပေါ်မှာ တင်ထား၊ သံ စသည်တို့ အမြန်ရောင်းထွက်မည်။

စနေနံ- ထီး၊ ဓား၊ ဖိနပ်၊ ထီး အမြန်ရောင်းထွက်စေလိုသော် မည်သည့်နေ့တွင်မဆို ရန်ဖက်ဖြစ်သော သောကြာအခါ၌ ၎င်းကုန်ပစ္စည်းများ အပေါ်တွင် အထွက်အက္ခရာဖြစ်သော 'န' အက္ခရာကိုရေး၍ မြောက်အရပ်သို့ မျက်နှာမူပြီးလျှင် ထီး စသည်တို့ မြန်မြန် ရောင်းထွက်ပါစေဟု ချက်တိုင်းဆိုစေ၍ ဒဟတ်ကိုင်းနှင့် ဆပ္ပတ်ဂြိုဟ်သက်အရ (၁၉)ချက်ရိုက်၊ ဒဟတ်ကိုင်းကို ကုန်ပစ္စည်းပေါ်တင်ထား ထီး စသည်တို့ အမြန်ရောင်းထွက်ပါမည်။

ရာဟုနံ- ရှောက်သီး၊ ရှားစေး၊ ရှမ်းဖက်လိပ် စသည့်အမြန်ရောင်းထွက်လိုသော် မည်သည့်နေ့တွင်မဆို ရန်ဖက်ဖြစ်သော ဗုဒ္ဓဟူးအခါ၌ ၎င်းပစ္စည်းများပေါ်တွင် အထွက်အက္ခရာ ဖြစ်သော 'ရ' အက္ခရာကို ရေး၍ တောင်အရပ်သို့ မျက်နှာမူပြီးလျှင် ရှောက်သီး စသည် မြန်မြန်ရောင်းထွက်ပါစေဟု အချက်တိုင်းဆိုပြီးလျှင် ရွက်လှကိုင်းနှင့် (၁၅)ချက်ရိုက်ပါ။

ရွက်လှကိုင်းကို ကုန်ပစ္စည်းပေါ် တင်ထား၊ ရှောက်သီး စသည် အမြန်ရောင်းထွက်ပါလိမ့်မည်။

"ကောင်းလိုက်တာ ဆရာရယ်၊ (၇)ရက်သားသမီးတွေအတွက် တစ်ခါတည်း ပြီးသွားတာပဲဗျာ၊

ပြီးတော့ဆရာ ဝင်စေလိုတဲ့အခါ ဘယ်လိုများ လုပ်ရမယ်ဆိုတာလဲ သိချင်ပါတယ် ခင်ဗျာ"

"ဝင်စေလိုတာ မသိရသေးမီ အခုန အထွက်အက္ခရာတွေနဲ့ အဝင်အက္ခရာတွေ ပြလိုက်ကြဦးစို့၊ ဒါမှ ကွဲကွဲပြားပြား သိရတာပေါ့နော်"

"ကောင်းပါပြီ ဆရာ"

"ကဲ အောက်က ဇယားအတိုင်း မှတ်သားပေတော့"

*



www.burmeseclassic.com

www.burmeseclassic.com

| အဝင် | | | | အထွက် |
|---|---|---|---|---|
| က | ခ | ဂ | ဃ | င |
| စ | ဆ | ဇ | ဈ | ည |
| ဋ | ဌ | ဍ | ဎ | ဏ |
| တ | ထ | ဒ | ဓ | န |
| ပ | ဖ | ဗ | ဘ | မ |
| ယ | | | | ရ |
| လ | | | | ဝ |
| သ | | ဟ | | ဠ |
| အ | | | | ဩ |

"ကဲ ဇယားကိုစွ၊ သိပြီဆိုတော့ အဝင်ကိုစွ ဆက်ကြစို့နော်"

ဝင်စေလိုကား၊ မိတ်ရင်းထား၊ နှစ်ပါးခေတ်ပြန်ရိုက်၊ အရင်းနံ့တူ၊ ဖျားမိတ်ဟူ၊ ကြံယူအသင့်လိုက်

ဒီလင်္ကာနှစ်ပုဒ်မှာ မှတ်သားဖို့ အဓိပ္ပာယ်ကတော့ ဝင်စေလိုသည်ရှိသော် "အောင်-ပ၊ ဘု-လား၊ ဆွေ-သား၊ တော်-ရင်း" ဟူသော မိတ်ကို အရင်းထား၍ ကြံစည်ကြရမည်။

ထိုကဲ့သို့ကြံစည်ရာဝယ် အောင်-ပ စသည်၌ အောင်-ပ ဟူ၍ လည်းကောင်း၊ ပ-အောင် ဟူ၍လည်းကောင်း၊ အရင်းနံ့တူ အဖျားက မိတ်တွဲ ပျက်ခေတ်ပြန်၍ ကြံကြပါလေဟု ဆိုလိုရင်းဖြစ်သည်။

တနင်္ဂနွေနံ- အုန်းသီး စသည် ဝင်စေလိုသော် မည်သည့်နေ့မှာမဆို မိတ်ဖက်ဖြစ်သော ကြာသပတေး အခါ၌ ၎င်းအုန်းသီးပေါ်မှာ အဝင်အက္ခရာ 'အ'ရေး၍ အုန်းသီးများစွာ ကိုယ်ပိုင်အဖြစ်ဖြင့် လျင်မြန်စွာ ဝင်ရောက်လာပါစေဟု လေးနက်စွာ ရွတ်ဆိုပြီးလျှင် ၎င်းအုန်းသီးကို အောင်မဲဖြူခက်နှင့် ငါးခက် အုပ်ထားရမှာ ဖြစ်ပါတယ်။

တနင်္လာနေ့- ဝင်စေလိုသော် မိတ်ဖြစ်သော ဗုဒ္ဓဟူးအခါ၌ ၎င်းဝင်စေလိုသော ငွေပေါ်၌ 'က'အက္ခရာကိုရေး၍ ငွေများစွာ မိမိကိုယ်ပိုင်အဖြစ်ဖြင့် ဝင်ရောက်လာပါစေဟု လေးနက်စွာ ရွတ်ဆို၍ ၎င်းငွေပေါ်၌ ကလိန်ခက်ကို နှစ်ခက် အုပ်ထားရမှာ ဖြစ်ပါတယ်။ တစ်နည်း။ ရေအပြည့်ထည့်ထားသော ကြေးခွက်ထဲမှာ ထည့်ထားရပါမည်။

အင်္ဂါနေ့-စောင်ဝင်စေလိုသော် မိတ်ဖြစ်သော သောကြာအခါ၌ ၎င်းစောင်ပေါ်တွင် 'စ' အက္ခရာရေး၍ စောင်များစွာ မိမိကိုယ်ပိုင်အဖြစ်ဖြင့် ဝင်ရောက်လာပါစေဟု လေးနက်စွာ ရွတ်ဆို၍ ၎င်းစောင်ပေါ်တွင် ဆတ်သွားညွန့် (၆)ညွန့် အုပ်ထားရမှာ ဖြစ်ပါတယ်။

ဗုဒ္ဓဟူးနံ- ရွှေဝင်စေလိုသော် ၎င်းရွှေပေါ်မှာ မိတ်ဖက်ဖြစ်သော တနင်္လာအခါ၌ 'လ' အက္ခရာရေး၍ ရွှေများစွာ မိမိကိုယ်ပိုင်အဖြစ်ဖြင့် မြန်မြန်ဝင်ရောက်လာပါစေဟု လေးနက်စွာ ရွတ်ဆို၍ ရင်ခတ်နှစ်ညွန့် အုပ်ထားရမှာ ဖြစ်ပါတယ်။

ကြာသပတေးနံ-ဖက် ဝင်စေလိုသော် မိတ်ဖက်ဖြစ်သော တနင်္ဂနွေအခါ၌ ၎င်းဖက်ပေါ်မှာ 'ပ'အက္ခရာရေး၍ ဖက်များစွာ မိမိကိုယ်ပိုင်အဖြစ် အမြန်ဝင်ရောက်လာပါစေဟု လေးနက်စွာ ရွတ်ဆို၍ မအူညွန့်တစ်ညွန့် အုပ်တင်ထားရပါမည်။

သောကြာနံ- သစ်ဝင်လာစေလိုသော် မိတ်ဖက်ဖြစ်သော အင်္ဂါအခါ၌ ၎င်းသစ်ပေါ်တွင် 'သ'အက္ခရာရေး၍ သစ်များစွာ ကိုယ်ပိုင်အဖြစ် မြန်မြန်ဝင်လာပါစေဟူ၍ လေးနက်စွာ ရွတ်ဆို၍ ၎င်းသစ်ပေါ်မှာ သစ်ဆိမ့်ညွန့် တင်ထားရမှာ ဖြစ်ပါတယ်။

စနေနံ- ထီးဝင်စေလိုသော် မိတ်ဖက်ဖြစ်သော ဗုဒ္ဓဟူးအခါ၌ ၎င်းထီးပေါ်မှာ အဝင်အက္ခရာဖြစ်သော 'ဋ' အက္ခရာရေး၍ ထီးများစွာ ကိုယ်ပိုင်အဖြစ် အမြန်ဝင်လာပါစေဟု လေးနက်စွာရွတ်ဆို၍ ဒူးရင်းညွန့် (၈) ညွန့်ကို ထီးပေါ်မှာ တင်ထားရမှာ ဖြစ်ပါတယ်။

ရာဟုနံ- ရှားစေး ဝင်လာစေလိုသော် မိတ်ဖက်ဖြစ်သော စနေအခါ၌ ၎င်းရှားစေးပေါ်တွင် 'ယ' အက္ခရာရေး၍ ရှားစေးများစွာ မိမိကိုယ်ပိုင်အဖြစ် အမြန်ဝင်လာပါစေဟု လေးနက်စွာ ရွတ်ဆို၍ ရင်းတိုက်ညွန့် (၇)ညွန့် တင်ဖိထား၍လည်းကောင်း၊ သို့မဟုတ် ငှေကောင်းငယ် (၇)လုံးဆင့်၍သော်လည်းကောင်း ရှားစေးကို အုပ်ထားရပါမယ်။

"ကဲ ဆရာ မင်းသီဟရာဇာ ခင်ဗျား ထွက်ဖို့နဲ့ ဝင်ဖို့ကိစ္စနှစ်ရပ်ကို ရှေးဆရာတော်များ နည်းအတိုင်း ရှင်းပြလိုက်ပါပြီ၊ အားလုံး မှတ်မိလိုက်ပါရဲ့လား"

"အို သေသေချာချာ မှတ်တာပေါ့၊ အဲ ဒါပေမဲ့ မရှင်းတာနည်းနည်းတော့ရှိသဗျ၊ တချို့ အညွန့်အရွက်တွေက ရခဲသဗျ၊ အဲဒါမျိုးတွေ ဘယ်လိုလုပ်ရမလဲ ဆရာ"

"အဲဒါကျတော့ ကြံဆရတော့မှာပေါ့၊ ဥပမာ ရင်ခတ်ညွန့် ရှာမရဘူးဆိုရင် ရွက်လှနဲ့ ကံ့ကော် နှစ်ခုပူးရလိမ့်မယ်၊ ဒူးရင်းညွန့် မရရင် ဒန်းနဲ့ဝါးနဲ့ ပေါင်းရလိမ့်မယ်၊ သစ်ဆိမ့်မရရင် သီဟိုဠ်နဲ့ ဆီးနဲ့ ပေါင်းရလိမ့်မယ်၊ ကလိန်ညွန့် မရရင် ကံ့ကော်နဲ့ ရွက်လှ ပေါင်းမယ်၊ ဒီလိုကြံဆပြီး လုပ်ပေါ့ဗျာ၊ ဘယ့်နှယ်လဲ"

"အား တစ်ခါတည်း လင်းခနဲဖြစ်သွားပါပြီ ဆရာရေ၊ ကျေးဇူးတွေ တင်လှပါပြီဗျာ၊ စာဖတ်ပရိသတ်ကတော့ တော်တော်သဘောတွေ့မှာဗျား"

"ကဲ ဒီတစ်လ နားကြစို့ နောက်လကို ဆပ္ပတ်နဲ့ စတုရန်းညှပ်ပြီး အမြန်ရောင်းထွက်တဲ့နည်း၊ ဘယ်လိုမှ ကပ်မနေနိုင်တဲ့ ခေတ်ဆင်ရိုက်နည်း ဆက်ကြတာပေါ့"

"ကောင်းပါပြီ ခင်ဗျား"

❐ ဆရာအောင်ကျော်ခိုင်(ရွှေစေတီ) ကျမ်းကိုး

ဗေဒင် ခေါင်းဆောင်ကျမ်း။ ပထမတွဲ၊ ဒုတိယတွဲ၊ အဗျင်းဆရာတော်၊ ဇလွန်မြို့။





www.burmeseclassic.com

www.burmeseclassic.com

# ဓမ္မစေလေးလုံး ကျွန်ုပ်အောင်ခဲ့ပြီး

အောင်မင်းကျော်
နေလဝိဇ္ဇာဂိုဏ်းတော်ကြီး



လူ့ရယ်လို့ဖြစ်လာရင် လူ့တစ်ခု ပူမှုရယ်နဲ့ ဆယ်ကုဋေ ဆိုသလို ပူပင်သောကရောက်စရာ ကိစ္စများနှင့် ကြုံတွေ့ရတတ်သည်။

ချမ်းသာသူ၊ ဆင်းရဲသူ၊ ကြီးသူ၊ ငယ်သူ၊ ဩဇာအာဏာ ရှိသူ၊ မရှိသူ စသည်ဖြင့် လူအမျိုးမျိုးကွဲပြားကြသော်လည်း ပူပင်သောက ကြုံရတာတော့ အတူတူပင်ဖြစ်သည်။

ဆင်လည်း ဆင့်အထွာ၊ ဆိတ်လည်းဆိတ်အထွာ ဆိုသလိုပင် ကိုယ့်အနေအထားနှင့်ကိုယ် သောကကြုံရတာချည်းပင် ဖြစ်သည်။

တစ်ချိန်သောအခါက စာရေးသူကိုယ်တိုင်ပင် အခက်အခဲပေါင်းစုံ ကြုံတွေ့နေရပြီး လူ့လောကတွင် နေချင်စိတ် မရှိအောင်ပင် သောကပင်လယ်ဝေခဲ့ရဖူးသည်။

စိတ်လေးလေနှင့် ရောက်ရာပေါက်ရာ လျှောက်သွားနေရာ မထင်မှတ်ဘဲ ကယ်တင်ပေးသူ သူတော်စင်တစ်ပါးနှင့် တွေ့ခဲ့ရပေသည်။

ထိုသူတော်စင်အဘ၏ တရားပြမှုကြောင့် ခံစားနေရသော သောကအပူများ ငြိမ်းအေးသွားပြီး စိတ်ချမ်းသာမှုကို ရရှိခဲ့ရသည်။ ထိုသူတော်စင်အဘသည် နယ်လှည့်တရားကျင့်နေသော ပုဂ္ဂိုလ်တစ်ဦးဖြစ်သောကြောင့် စာရေးသူလည်း အဘကို ခွင့်တောင်းပြီး အဘ၏ ဝတ်ကြီးဝတ်ငယ်ပြုလျက် နောက်ပါးမှ လိုက်ခဲ့လေသည်။

အဘနှင့်အတူ စာရေးသူတို့ နှစ်ဦးသားသည် မြန်မာပြည် နေရာဒေသအသီးသီးရှိ တောတောင် ဘုရားစေတီအဆူဆူတို့ကို ရထားတစ်တန်၊ ကားတစ်တန်၊ သင်္ဘော၊ လှေ၊ လှည်း ခြေကျင် စသဖြင့် အစုံရောက်ရှိခဲ့လေသည်။

ထိုသို့ သွားရောက်ရာဒေသတွင် အဘသည် စာရေးသူအား ဓမ္မ



www.burmeseclassic.com

www.burmeseclassic.com

ပညာရပ်များကို အခြေခံမှုစ၍ သင်ကြားပေးခဲ့ရာ အတော်အတန် ကျွမ်းကျင်သည့် အဆင့်သို့ပင် ရောက်ရှိခဲ့သည်။ ဆရာအဆင့်သို့ကား မရောက်သေးပါ။ ဆက်လက် လေ့လာသင်ယူစရာများက အများသားပင်။ ဒီဘဝ ဒီခန္ဓာကိုယ်ဖြင့်ပင် အကုန်မဆည်းပူးနိုင်ပေ။ မြန်မာ့လောကီပညာကား သေချာလေ့လာလိုက်စားမှပင် အတော်ကျယ်ပြန့်နက်နဲမှန်း သိခဲ့ရတော့သည်။

အဘနှင့် စာရေးသူ လိုက်ပါခဲ့သော လေးနှစ်မြောက်နေ့၌ အဘသည် ထူးခြားဆန်းကြယ်သော ကျင့်စဉ်တစ်ခု ကျင့်ရမည့်အချိန် ရောက်ပြီဖြစ်ကြောင်း၊ လူပိုလိုက်ပါ၍ မရကြောင်းနှင့် စာရေးသူအား သင့်တော်သလောက် ပညာများ သင်ပေးခဲ့ကြောင်း၊ လူ့လောကထဲ ပြန်ဝင်ပြီး လူတွေကြုံတွေ့နေရသော အခက်အခဲများကို မိမိတတ်စွမ်းသည့် ပညာဖြင့် ကူညီကယ်တင်ပေးစေလိုကြောင်း၊ ကံမကုန်သေးသည့်တစ်နေ့တွင် ပြန်ဆုံကြရဦးမည်ဟု ပြောဆိုလေသည်။

အမှန်မှာ စာရေးသူကိုယ်တိုင် အဘနောက် လိုက်ခဲ့သည်မှာ လေးနှစ်ပြည့်ပြီဆိုသည်ကို သတိမရခဲ့ပါ။ အဘပြောမှပင် သိရတော့သည်။ စိတ်ထဲတွင် ဝမ်းနည်းမိသော်လည်း အဘ၏စကားကို နားထောင်သည့်အနေဖြင့် မြို့ပေါ်သို့ ပြန်လည်ဝင်ရောက်ခဲ့တော့သည်။

မိမိအိမ်သို့ ပြန်ရောက်ပြီးနောက် စာရေးသူသည် အဘဆီမှ သင်ယူခဲ့သော ပညာရပ်များနှင့် နီးစပ်ရာမိတ်ဆွေ အပေါင်းအသင်းများကို မေတ္တာရှေ့ထားပြီး ကူညီဆောင်ရွက်ပေးခဲ့ပါသည်။

ငွေကြေးကိစ္စအတွက်က စာရေးသူ၏ အိမ်ဝိုင်းထဲတွင် အိမ်ငှားများထားသောကြောင့် ငွေကြေးအဆင်ပြေလေသည်။ ထိုသို့ နီးစပ်ရာကိုသာ ၎င်းတို့၏ အခက်အခဲများကို လောကီပညာဖြင့် ဖြေရှင်းပေးနေသော်လည်း တစ်ပြည်လုံးရှိ အခက်အခဲရှိသူများကို အဆင်ပြေအောင် မကူညီနိုင်ခဲ့ပေ။

တစ်နေ့တွင် မိတ်ဆွေတစ်ဦး ယူလာခဲ့သော လောကီပညာဆိုင်ရာ မဂ္ဂဇင်းကိုတွေ့မှ စာရေးသူ အကြံကောင်းရသွားတော့သည်။ အခြားတော့ မဟုတ်ပေ။ စာရေးသူ လိုက်စားခဲ့သော ပညာများကို လစဉ်ထုတ် မဂ္ဂဇင်းများတွင် ရေးသားဖော်ပြမှ အများသူငါ သိရှိအသုံးချနိုင်ကြမည်ပင် ဖြစ်သည်။

ထို့ကြောင့် ရှေးဦးစွာ အများသူငါများအတွက် အလွယ်တကူ စီရင်နိုင်ပြီး ထူးခြားထက်မြက်သော အစီအရင်တစ်ခုကို ရေးသား တင်ပြလိုက်ရပါသည်။

ယုံကြည်စိတ်ချစွာ စနစ်တကျ ဆောင်ရွက်ခြင်းဖြင့် မိမိတို့အခက်အခဲများ၊ ကြမ္မာဆိုးများ ပျောက်ပျက်ကင်းဝေးပြီး ပျော်ရွှင်ချမ်းမြေ့သော ဘဝကို လျှောက်လှမ်းနိုင်မှာ အမှန်ပင်ဖြစ်သည်။

ယခု ဖော်ပြမည့် နည်းသည် ဓာတ်ကြီးလေးပါး စမအဆောင်ပင်ဖြစ်သည်။ ဤအစီအရင်ကို မုခ်လေးမုခ်ရှိသော ဘုရားစေတီ၌ စီရင်ရသည်။ အစီအရင် အောင်မြင်ပါက ထူးခြားသော နိမိတ်သော်လည်းကောင်း၊ အိပ်မက်သော်လည်းကောင်း ပြတတ်သည်။ ဤနည်း၏ အကျိုးကို အကျဉ်းမျှသာပြထားသော်လည်း ဉာဏ်ဖြင့်ယှဉ်ပြီး သုံးနိုင်သည်။

လောကီပညာ ဆိုသည်မှာ ဉာဏ်အရာပင်ဖြစ်သောကြောင့် စိစစ်ဝေဖန်ပြီး နည်းလမ်းတကျသာ ဆောင်ရွက်ပါက မိမိတို့အလိုရှိသော ကိစ္စမှန်သမျှ မုချအောင်မြင်ရမည် ဖြစ်သည်။

တနင်္ဂနွေနေ့တွင် အစီအရင် စတင်ရမည်။ ထိုနေ့ မွန်းမတည့်ခင် မုခ်လေးမုခ်ရှိသော ဘုရားသို့သွား၍ အရှေ့မုခ်ရှိ ဘုရားရှိခိုးကျောင်းတော်ရှေ့တွင် ပြုလုပ်ရမည်။ ရှေးဦးစွာ ရတနာသုံးပါးအား ရှိခိုးကန်တော့ခြင်း၊ သီလခံယူခြင်း၊ မေတ္တာပို့ အမျှဝေခြင်း စသော ပုဗ္ဗကိစ္စများ ပြုလုပ်ပြီးပါက သတ္တုပြားတွင် 'စ' အက္ခရာ ရေးရမည်။

ထိုသို့ မရေးခင် ဘုရားရှင်အား မီးတိုင်လေးတိုင် လှူဒါန်းပူဇော်ပြီးမှ ရေးသားရသည်။ ရေးသားသည့် သတ္တုပြားသည် မိမိတတ်နိုင်သည့် သတ္တုဖြင့် ပြုလုပ်နိုင်သည်။ ရွှေ၊ ငွေမှမဟုတ်၊ ကြေးပြား၊ ဒန်ပြား၊ ခဲမဖြူပြား စသည်ဖြင့် ရပါသည်။ တစ်လက်မပတ်လည်ခန့် (သို့မဟုတ်) လက်မဝက်ပတ်လည် ဆိုလျှင်လည်း ရပါသည်။

ရေးသားသည့် အရာမှာ မည်သည့်အရာမှ မရေးရသေးသော ခဲတံအသစ်ဖြစ်ရမည်။ ရေးသားရာ၌ ခဲသားထင်ဖို့မလို၊ စာလုံးပုံစံပေါ်ဖို့သာ အဓိကဖြစ်သည်။ စအက္ခရာ ရေးသောအခါ ခဲတံကို လက်ကမကြွဘဲ တစ်ကြောင်းဆွဲရေးသားရသည်။

ခဲတံကို ငွေပြားပေါ် ထိထားပြီး နှုတ်မှ "စ သဇ္ဇေ နိရုတ္တေ ဓေစိတ္တံ ပီယံ မမ" ဟူသော ဂါထာကို ခုနစ်ခေါက် ရွတ်ဆိုပြီး ရေးပါ။

ထို့နောက် အောက်ဖော်ပြပါ ဂါထာကို ထိုဘုရားရှေ့မှာပင် ၁၀၈ လုံး ပုတီးဖြင့် ဂါထာတစ်ပုဒ်ဆုံးလျှင် ပုတီးတစ်လုံးချဖြင့် လေးပတ်စိပ်ရမည်။ ပုတီးစိပ်ပြီး မီးဓာတ်ဂါထာဖြင့် ရေးသားထားသော သတ္တုပြားကို (၁၇)ခေါက်တိတိ နှုတ်ခမ်းနားကပ်ပြီး လက်နှစ်ဖက်ဖြင့် ကိုင်ကာ စုပ်ရမည်။ ပြီးလျှင် ထိုနေ့အဖို့ အစီအရင်ပြီးပါသည်။

ရေးသားရမည့် စအက္ခရာမှာ နေ့စဉ်ရေးထုံးနည်းမဟုတ်ဘဲ အောက်ပါအတိုင်း ဖြစ်သည်။



ပုတီးစိပ်က "စ ကာရော ကကုသန္ဓော ဗုဒ္ဓေါ တေဇော ဓာတုစ၊ သိဒ္ဓိကိစ္စံ နမော ကကုသန္ဓော ဗုဒ္ဓေါယ အဂ္ဂဗိန္ဒု တေဇော ပထမံ"



www.burmeseclassic.com

www.burmeseclassic.com

(၃၇) အုပ် စုပ်ရမည့် မီးဓာတ်ဂါထာမှာ "စတုတန္တေ ဇနော ခန္တ၊ စတုပါဒါယ မာပကော၊ စတုပါဒေါ ဝရော ဗုဒ္ဓေါ၊ စုတသစ္စော နဝ ဗောဓော"

ပထမနေ့ စီရင်ပြီးသော သတ္တုပြားကို မိမိနေအိမ်ရှိ ဘုရားကျောင်းဆောင်ပေါ်တွင် ထားရမည်။ ဖြစ်ကတတ်ဆန်း ဟိုနားထား၊ ဒီနားထား မလုပ်ရပါ။ ကျန်နေ့များတွင်လည်း ထိုသို့ပင် မြင့်မြတ်သောနေရာတွင် ထားရမည်။ စီရင်မည့်နေ့တွင်မှ ယူဆောင်သွားရမည်။ စီရင်မှု မပြီးဆုံးခင်အထိ ဟိုယူသွား ဒီယူသွားနှင့် စီရင်သူမှလွဲ၍ အခြားသူများ မကိုင်မိစေရန် သတိပြုရမည်။ အောက်တွင် ဆက်လက်စီရင်ရမည်ကို အလွယ်တကူ ဖော်ပြထားပါသည်။

ဒုတိယ - အင်္ဂါနေ့လုပ်ရန်၊ တောင်ဘက်မုခ်ရှိ ဘုရားရှေ့တွင် ယပ်ခြောက်ခုလှူပြီး 'ခ'အက္ခရာ ရေးသားရမည်။

ရွတ်ရမည်မှာ "ခ သစ္စေ နိရုတ္တော ကေစိတ္တံ ပီယံမမ"၊ ပုတီးစိပ်မှာ "ခ ကာရော ကောဏ္ဍာဂမနော ဗုဒ္ဓေါ ဝါယော ဓာတုစ၊ သိဒ္ဓိကိစ္စံ နမော ကောဏ္ဍာဂမနော ဗုဒ္ဓါယျ အဂ္ဂဗိန္ဒု ဝါယော ပထမံ" (လေးပတ်)။

စုပ်ရမည်မှာ "ကရောဟိ ဘဝေါနာထ၊ ကထပုည သာခုဇနာ၊ ထေသီ ပူဇိတံ ကတံ၊ ကရေတိ သတိ မေဇနာ" (၃၇ ခေါက်)။

တတိယ - ဗုဒ္ဓဟူးနေ့လုပ်ရန်၊ အနောက်မုခ်ရှိ ဘုရားရှေ့တွင် ရေခွက် ၁၂ ခွက်လှူပြီး 'ဗ' အက္ခရာရေး၊ ရွတ်ရမည်က "ဗ သစ္စေ နိရုတ္တော ကေစိတ္တံ ပီယံမမ"။

ပုတီးစိပ်မှာ "ဗ ကာရော ကဿပေါ ဗုဒ္ဓေါ အာပေါ ဓာတုဗ၊ သိဒ္ဓိ ကိစ္စံ နမော ကဿပ ဗုဒ္ဓါယျ အဂ္ဂဗိန္ဒု အာပေါ ပထမံ" (လေးပတ်)။

စုပ်ရမည်မှာ "ဘဂဝတော အဂ္ဂ ဒေါသော၊ ဘဂ္ဂ မောဟော အနာသဂ်ီ ဘဂ္ဂသာ ပါပကာ ဓမ္မာ၊ ဘဂဝါ တေန ဝုစ္စတိ" (၃၇ ခေါက်)။


စတုတ္ထ - ကြာသပတေးနေ့လုပ်ရန်၊ မြောက်မုခ်ရှိ ဘုရားရှေ့တွင် နှစ်သက်ရာ သစ်သီးတစ်မျိုးတည်းဖြစ်စေ၊ အမျိုးပေါင်း ၂၀ ဖြစ်စေ၊ အခိုက ၂၀ ပြည့်ဖို့သာဖြစ်ပြီး လှူဒါန်းရမည်။

'ဝ' အက္ခရာရေး၊ ရွတ်ရမည်မှာ "ဝ သစ္စေ နိရုတ္တော ကေစိတ္တံ ပီယံမမ"။

ပုတီးစိပ်မှာ "ဝကာရော ဂေါတမော ဗုဒ္ဓေါ ပထဝီ ဓာတုစ၊ သိဒ္ဓိကိစ္စံ နမော ဂေါတမော ဗုဒ္ဓါယျ အဂ္ဂဗိန္ဒု ပထဝီ ပထမံ" (လေးပတ်)။

စုပ်ရမည်က "သမ္မာ သမ္ဗုဒ္ဓ သမ္ဗုဒ္ဓေါ၊ သမ္မာဒေတိ၊ မဂ္ဂေဇိနော၊ သဒ္ဒမ္မရံ သိယလောကေ၊ သဗ္ဗမ္မံ ဝိနောဒတိ" (၃၇ ခေါက်)။

ထိုကဲ့သို့ ရေးသားစီရင်ပြီးလျှင် အောက်ပါအတိုင်း ပုံပေါ်လာမည်ဖြစ်သည်။ အလယ်ကောင်တွင် စီရင်သူ၏ မွေးနံကို ရေးသွင်းပြီးလျှင် ကိုယ်နှင့်မကွာ ဆောင်နိုင်ပါပြီ။



ထိုအဆောင်ကို မိမိကိုယ်တိုင် ဆောင်နိုင်သလို အခြားသူအတွက်ပါ စီရင်ပေးနိုင်သည်။

နံဆိုသည့်နေရာမှာ ဆောင်မည့်သူ၏ မွေးနံကို ထည့်သွင်းရမည်ဖြစ်သည်။

ဤအဆောင်သည် လာဘ်လာဘကို အထူးရွှင်စေသည်။ အပြိုင်အဆိုင်ရှိပါက အဆောင်ကို ရေစိမ်ပြီး မျက်နှာသစ်ခြင်း၊ စင်္ဂီသောက်ခြင်းဖြင့် ထူးခြားမှုရှိစေသည်။ သူတစ်ပါးက ယုတ်ညံ့သော ပညာများဖြင့် ပြုလုပ်သော်လည်း မိမိထံမရောက်ဘဲ ပြုသူထံသာ တန်ပြန်စေခြင်း၊ အန္တရာယ်ရှိသော ခရီးသွားမည်ဆိုပါက တစ်နည်းနည်းဖြင့် နိမိတ်ပြတတ်ခြင်း၊ ရောင်းဝယ်မကောင်း ဖြစ်နေပါက အဆောင်ကိုရေစိမ်ပြီး အထက်ကပြခဲ့သော ဂါထာများကို မိမိတတ်နိုင်သလောက် စုပ်ပြီး ထိုရေဖြင့် ကုန်များကို ဖျန်းပက်ပေးခြင်းဖြင့် ရောင်းကောင်းခြင်း၊ ဆေးမတိုးသော လူနာများကို အဆောင်စိမ်သော ရေကိုတိုက်ခြင်း၊ အဆောင်ကို ကိုယ်နှင့်မကွာ ဆောင်ထားခြင်းဖြင့် ဆေးစွမ်း ထက်မြက်လာခြင်း၊ နာနာဘာဝတို့ ကြောက်လန့်ခြင်း၊ သဗ္ဗလျှို့အရာ၌ · အစွမ်းထက်ခြင်းစသော အကျိုးတရားများအပြင် အခြားသော ကောင်းကျိုးတရားများပါ ရရှိခံစားနိုင်ပေသည်။

စီရင်ပုံ နည်းကျမှသာ အကျိုးတရားများ ရရှိစေမည်။ မိမိဉာဏ်ရှိသလို ချဲ့ထွင်သုံးစွဲနိုင်သော အစီအရင်ပင်ဖြစ်သည်။

သတိပြုရန်မှာ ဤအဆောင်ကို မသိုးမသန့်သော ဝတ္ထုပစ္စည်းများနှင့် မထိမိစေရန် ဖြစ်သည်။ ထိမိခဲ့ပါက အစီအရင်မှာ ပျက်ပြယ်သွားပြီဖြစ်သည်။


တန်ခိုးကြီးဘုရားများသို့ ရောက်တိုင်း အဆောင်ကို 'အထက်ဖော်ပြပါ ဂါထာများဖြင့် တုတ်အားသမျှ မန်းမှုတ်ခြင်းဖြင့် အစဉ်အမြဲ သိဒ္ဓိဝင်နေအောင် ပြုလုပ်မှသာ မိမိတို့အလိုရှိအပ်သော အကျိုးတရားများ ထင်ရှားမသွေ ဖြစ်လာမည်မှာအသေအချာပင်ဖြစ်ကြောင်း တင်ပြလိုက်ရပါတော့သည်။

❐ အောင်မင်းကျော်
(နေဇဝိဇ္ဇာဂိုဏ်းတော်ကြီး)



www.burmeseclassic.com

www.burmeseclassic.com





# ကျန်းမာရေးကောင်းအောင် ဆောင်ရွက်သော ဓာတ်ရိုက်နည်း

ဆရာ ဇေဝပံဦး (လူ့ထုချုပ် နတ်ပါယဆဝ)

တနင်္ဂနွေနေ့ဖြစ်၍ စာရေးသူ၏ ရန်ကင်းတိုက်ခန်းရှေ့က ဗေဒင်ဟောခန်းကို ပိတ်ကာ မပြီးပြတ်သေးသော စာမူတစ်ပုဒ်ကို ရေးသားနေစဉ် . . .

"ဆရာ . . . ဆရာ"

"ဟာ . . . လှိုင်ဖြိုးဝေပါလား၊ စောစောစီးစီး"

"မစောတော့ပါဘူး ဆရာရဲ့၊ အခုပဲ ၁၀ နာရီကျော်ရုံရှိသေး၊ ဒီမှာ ယူပါဦး"

"စတီးချိုင့်ကြီးပါလား၊ ဘာတွေလဲ သမီး"

"နို့စိမ်းခေါက်ဆွဲတွေပါ၊ ဟင်းရည်က နှစ်ချိုင့်၊ အပေါ်ဆုံး ချိုင့်မှာက အချိုမုန့်တွေ"

"ဘယ်ကနေ ယူလာတာလဲ သမီး"

"သမီးသူငယ်ချင်းအိမ်ကပါ၊ အိမ်တက်မင်္ဂလာ လုပ်တယ်လေ၊ ကြာကြာမနေချင်တာနဲ့ သူငယ်ချင်းကိုပြောပြီး ယူလာတာပဲ၊ တို့ဆရာကို ကျွေးချင်တယ်လို့ ပြောလိုက်တယ်"

"ဟာ. . . သမီးကလဲ၊ ဘယ်ကောင်းပါ့မလဲ"

"ဆရာ့ကို သူက မသိပေမယ့် ဆရာ့စာဖတ်ပရိသတ်ပဲလေ၊ ရောင်ပြန်၊ ဂမ္ဘီရဆန်းကြယ်၊ လပြည့်ဝန်းမဂ္ဂဇင်းတွေ လစဉ်ဖတ်တယ်၊ ဆရာ့စာမူ အမြဲ့ကြိုက်ကျဲတယ်၊ ဆရာ့စာမူပါလာတယ်လို့ အမြဲပြောတယ်၊ ဆရာနဲ့သမီး ပြောကြ ဆိုကြတာတွေ ရေးထားတော့ သူက စိတ်ဝင်စားသွားတယ်၊ အလုပ်ထဲရောက်ရင် ပြောပြီး သူ့အကြောင်းရေးပေးဖို့ ဆရာ့ဆီလာမယ်တဲ့"

"ဒုက္ခပါပဲ၊ ဘာတွေရေးရမှာလဲ"

"ဘာလဲ၊ ဆရာက သမီးသူငယ်ချင်းကို မတွေ့ချင်ဘူးလား၊ သူက သဘောကောင်းပါတယ်၊ သမီးနဲ့ဆို ညီအစ်မရင်းတွေလိုပဲ"

"မဟုတ်ပါဘူး၊ ဆရာက ဘာတွေရေးရမှာလဲ မေးနေတာ"

"သူနဲ့စကားပြောရင် ကုန်ကြမ်းတော့ရမှာပဲ၊ တို့ဆရာက ဉာဏ်ထက်ပြီးသားပဲ"

"အေး. . . စကားပဲပြောနေ၊ ခေါက်ဆွဲစားရမှာလား"

"ဩော်. . . ဟုတ်သားပဲ၊ ဒါနဲ့ ဆရာ့တူမ ယုကေခိုင်၊ မိုးကေခိုင်နဲ့ ဆရာ့တူ ဟိန်းသူရိန်တို့ကော မတွေ့ပါလား"

"ဟိန်းသူရိန်က ကျူရှင်သွားတယ်၊ တူမနှစ်ယောက်က ဆရာ့ညီမ အေးအေးမူ တာဝန်ကျတဲ့ လယ်ဝေးကို လိုက်သွား





www.burmeseclassic.com

www.burmeseclassic.com

ကြတယ်၊ မိုးမိုးက လယ်ဝေးက အထကမှာ အခု ရှစ်တန်းတက်နေတယ်၊ ယုဇကေခိုင်က ရန်ကုန်မှာလာပြီး အလုပ်လုပ်ရင်း စာပေးစာယူတက်မယ် ကြားတာပဲ၊ ညီမ ဖြူဖြူခိုင်တော့ ရှိတယ်၊ မိဖြူရေ ဒီမှာ လှိုင်ဖြိုးဝေ ရောက်နေတယ်၊ နို့စိမ်းခေါက်ဆွဲတွေ ပါလာတယ်၊ အဲဒါ ပြင်ပေးဦး"

စာရေးသူ၏ ညီမအငယ်ဆုံး ဖြူဖြူခိုင်သည် တိုက်ခန်းထဲက ထွက်လာပါသည်။

"ခေါက်ဆွဲတွေက များတယ်၊ ဆရာ့အတွက်ပြင်ရင်း မဖြူလဲ စားနော်"

"ကျေးဇူးပဲ လှိုင်ဖြိုးဝေ၊ ဒီနေ့ ရုံးပိတ်လို့ အဝတ်တွေလျှော်ဖွပ် မီးပူတိုက်နေရတယ်၊ တစ်နေ့ တစ်နေ့ အားတယ်မရှိဘူး"

"မဖြူက မြေတိုင်းဦးစီးဌာနမှာ ပုံဆွဲကျွမ်းကျင်လို့ ဆရာက ပြောတယ်"

"ဟုတ်တယ်၊ ဟိုတုန်းက စာရွက်ကို စားပွဲခုံပေါ် ဖြန့်ခင်းပြီး ဆွဲရတယ်၊ အခုက ကွန်ပျူတာနဲ့ ဆွဲရတယ်၊ စူးစိုက်ကြည့်ရတော့ မျက်စိက မှုန်လာလို့ မျက်မှန်တပ်နေရတယ်"

"ပဲခူးက နာမည်ကျော်ဆရာဦးကြည်ရဲ့ မျက်စဉ်းဆေးက သိပ်ကောင်းတယ်၊ ဥသာမြို့သစ်က ဥသာမြို့ဦးကျောင်းတိုက်မှာ သီတင်းသုံးနေတဲ့ ဦးဇင်းကြီးက ပေးလိုက်တာ၊ ဆရာလဲ ဒီမျက်စဉ်းဆေးကို ကြိုက်တယ်၊ မိဖြူကို ပေးထားတယ်"

"ဒါလဲ ကောင်းတာပဲ၊ အဲဒါသုံးပေါ့ မဖြူရဲ့"

"မျက်စဉ်းဆေးက ကောင်းတယ်၊ လူက မကောင်းဘူး၊ ဆရာ့ညီမက ဆေးသောက်ဖို့ အမြဲမေ့တယ်၊ ဖြစ်တဲ့ရောဂါတော့ ပြောတယ်၊ ဆေးသောက်ပြီးလားမေးရင် မသောက်ရသေးဘူး၊ အဲဒါ မေ့ခပ်ခိုင်းပြီး ချက်ချင်း လက်ထဲဆေးထည့်ပြီး သောက်ခိုင်းရတယ် လှိုင်ဖြိုးဝေရဲ့"

"ကိုလတ်ကတော့ မိဖြူရဲ့အရည်အချင်းတွေ ပြောနေပြီ၊ ကဲ ခေါက်ဆွဲပြင်ပြီး ယူလာပ့ါမယ်"

"ဟုတ်ကဲ့ပါ မဖြူ"

"အုန်းနို့ခေါက်ဆွဲဆို သိပ်ကောင်းမှာပဲ၊ အခုဟာက"

"ဆရာ့အသက်အရွယ်နဲ့ အုန်းနို့ကို မှန်းနေသေးတယ်၊ စားပြီး တစ်ခုခုဖြစ်ရင် ဘယ့်နှယ်လုပ်မလဲ၊ အခုက နွေရာသီအဝင်ကာလ၊ အစားအသောက်ဆင်ခြင်လို့ သမီးကို အမြဲပြောတယ်၊ အစားစားရင် ရောင့်ရဲတင်းတိမ်တဲ့၊ တို့ဆရာကတော့ လုပ်ချလိုက်ပြန်ပြီ"

"ကိုလတ်အတွက် တစ်ပန်းကန် ပြင်ယူလာတယ်၊ လိုရင်ပြောနော်"

"တော်ပြီ မိဖြူ၊ ဟိန်းသူရိန် ပြန်လာရင် ကျွေးလိုက်ဦး၊ ဆရာ့တူက သိပ်ကြိုက်တယ်"

"လှိုင်ဖြိုးဝေရေ ခွင့်ပြုဦးနော်"

"ရပါတယ် မဖြူ"

စာရေးသူညီမ ဖြူဖြူခိုင်သည် ခေါက်ဆွဲပန်းကန် လာပေးရင်း တိုက်ခန်းထဲ ပြန်ဝင်သွားပါသည်။

"ကောင်းလား ဆရာ၊ သမီးတော့ ကြိုက်တယ်၊ မပျစ်မတျဲလေး"

"ကောင်းတယ်သမီး၊ နေပါဦး၊ ကောင်းလား မေးပြီး ဘာပြုံးတာလဲ"

"ဘာရယ်မဟုတ်ပါဘူး၊ ဘာလဲ ဆရာ၊ ခုနက ဆရာ့ကို မလေးမစားပြောမိလို့ ရင်ခံသွားလို့လား၊ သမီး တောင်းပန်ပါတယ်၊ ဆရာ့တပည့်သမီးကို ဆုံးမနိုင်ပါတယ်"

"မဟုတ်ပါဘူး၊ ငါ့သမီးပြောတာ မှန်တယ်၊ လူဆိုတာ အစွဲအလမ်းနောက် မလိုက်သင့်ဘူး"

"အသက်ကြီးသူတွေကို သမီးက ကိုယ်ချင်းစာပါတယ်၊ စားပြီး တစ်ခုခုဖြစ်မှာစိုးလို့ပါ၊ သမီးမှာ ဆရာ့ကို အဖေဆိုလဲ ဟုတ်တယ်၊ ဘကြီးဆိုလဲဟုတ်တယ်၊ ဘယ်ကိစ္စမဆို မလှိုင်တိုးဝေနဲ့ သမီးက ဆရာ့ကို အားကိုးတယ်၊ အကြံဉာဏ်ယူတယ်၊ ဆရာ့ကို ကျန်းကျန်းမာမာရှိတာပဲ မြင်ချင်တယ် ဆရာရယ်"

"ကျေးဇူးတင်ပါတယ် သမီး၊ စားလို့ကောင်းသား၊ မုန့်တွေကလဲစုံပါ့"

"ဒါတောင် အုန်းနို့ကျောက်ကျော ယူမလာဘူး၊ သမီးကြောင့် ဆရာ့ကို မထိခိုက်စေချင်တဲ့သဘောပါ၊ အခန့်မသင့်ရင် သွေးတက်တယ်"

"နားလည်ပါတယ် သမီးရယ်၊ ကျန်းမာရေးဆိုလို့ ကျန်းမာရေးနဲ့ ပတ်သက်တဲ့ ဗေဒင်ပညာအကြောင်း ပြောပြမယ်၊ ဥပမာ ကျန်းမာရေးချူချာတဲ့ လူမမာကိုတွေ့ရင် ဒီနည်းနဲ့ ဆောင်ရွက်ပေးလိုက်၊ ဆေးစုံ ဆရာစုံ ဆေးမတိုး ဆရာမတိုးရင် ဒီနည်းက သိပ်ကောင်းတယ်၊ ဆေးစွမ်း၊ ဆရာစွမ်းထက်လာပြီး ရောဂါလဲသက်သာပျောက်ကင်းမယ်၊ ဘယ့်နှယ်လဲ"

"အဲဒီပညာ လိုချင်တယ် ဆရာ၊ သင်ပေးပါလား"

"သင်ပေးမယ်၊ မသင်ပေးခင် ဒီဇယားကွက်ကိုကြည့်"

"ဒီဇယားမှာကြည့်ရင် ဥပမာ တနင်္ဂနွေသားသမီး ဘင်ဖွားဆိုရင် သဇင် သို့မဟုတ် သစ္စာပန်းကို ရွေးမယ်၊ အောက်မှာ ဂဏန်းနှစ်ခု ရေးထားတယ်၊ ၂၁/၈ တဲ့၊ ဘယ်နဲ့ညာရှိရာ ဘယ်က သစ္စာပန်း ၂၁ ခက်က ရိုက်ပန်းရွေးမယ်၊ ညာဘက်က ၈ ဂဏန်းက သစ္စာပန်း ၈ ခက် နင်းကြမ်းရွေးမယ်၊ အညွှန်းအခက်တွေက ဒီအတိုင်းပဲ၊ တို့တစ်တွေက ရိုက်ပန်းအနေအတွက်၊ နင်းကြမ်းအရေအတွက် မှန်မှန်ကန်ကန် ရွေးတတ်ဖို့လိုတယ်၊ ရှင်းရဲ့လား"

"သမီးပြောမယ်နော်၊ ဒီဇယားကွက်အရ ကြာသပတေးသားသမီး အထွန်းဖွားဆိုရင် ရိုက်ပန်း စွယ်တော် ၈ ညွန့်၊ နင်းကြမ်း စွယ်တော် ၁၀ ရတယ်၊ ဟုတ်လား ဆရာ"



www.burmeseclassic.com

www.burmeseclassic.com

| မွေးနံ | ဘင်ဖွား | မရဏဖွား | အထွန်းဖွား | သိုက်ဖွား | ရာဇဖွား | ပုတိဖွား | အဓိပတိဖွား |
|---|---|---|---|---|---|---|---|
| ၁ နွေ | သဇင်၊ သစ္စာ<br>၂၁/၈ | ဒန်းကြီး<br>၁၅/၁၀ | သဇင်၊ သစ္စာ<br>၂၁/၈ | မြရာ<br>၁၉/၁၂ | ဒန်းကြီး<br>၁၅/၁၀ | မြရာ<br>၁၉/၁၂ | သဇင်၊ သစ္စာ<br>၂၁/၈ |
| ၂ လာ | ထင်းရှုး<br>၁၀/၁၂ | သြဇာ<br>၈/၆ | ထင်းရှုး<br>၁၀/၁၂ | သပြေ<br>၂၁/၁၉ | သြဇာ<br>၈/၆ | သပြေ<br>၂၁/၁၉ | ထင်းရှုး<br>၁၀/၁၂ |
| ၃ ဂါ | အောင်မဲဖြူ<br>၆/၁၉ | ခရေ<br>၁၇/၁၅ | အောင်မဲဖြူ<br>၆/၁၉ | ဒဟက်<br>၁၀/၂၁ | ခရေ<br>၁၇/၁၅ | ဒဟက်<br>၁၀/၂၁ | အောင်မဲဖြူ<br>၆/၁၉ |
| ၄ ဟူး | ကသစ်<br>၁၅/၂၁ | စံပယ်<br>၁၉/၈ | ကသစ်<br>၁၅/၂၁ | ဥန္နဲ<br>၆/၁၀ | စံပယ်<br>၁၉/၈ | ဥန္နဲ<br>၆/၁၀ | ကသစ်<br>၁၅/၂၁ |
| ၅ တေး | စွယ်တော်<br>၈/၁၀ | လောက်သေ<br>၂၁/၁၂ | စွယ်တော်<br>၈/၁၀ | ကျီးအာ<br>၁၅/၆ | လောက်သေ<br>၂၁/၁၂ | ကျီးအာ<br>၁၅/၆ | စွယ်တော်<br>၈/၁၀ |
| ၆ ကြာ | ဝင်အူ<br>၁၇/၆ | ပိတောက်<br>၁၀/၁၉ | ဝင်အူ<br>၁၇/၆ | စကြာ<br>၈/၁၅ | ပိတောက်<br>၁၀/၁၉ | စကြာ<br>၈/၁၅ | ဝင်အူ<br>၁၇/၆ |
| စနေ | မြင်းခွာ<br>၁၉/၁၅ | သစ်အူ<br>၆/၂၁ | မြင်းခွာ<br>၁၉/၁၅ | လေးညှင်း<br>၁၇/၈ | သင်အူ<br>၆/၂၁ | လေးညှင်း<br>၁၇/၈ | မြင်းခွာ<br>၁၉/၁၅ |

"ဟုတ်တယ် သမီး၊ အဲဒီမှာ နင်းကြမ်းဆိုတာက လူမမာရဲ့တင်ပါးအောက်မှာ ဖိထားပြီး ရိုက်ပန်းနဲ့ ဦးခေါင်းကနေ ခြေဖျားအထိ တဖြည်းဖြည်းရိုက်ချလာတာပဲဖြစ်တယ်၊ ဒါဆို သဘောပေါက်ပြီနော် တူပါရဲ့"

"ဟုတ်ကဲ့ ဆရာ".

"နမူနာ ပြောမယ်၊ ဥပမာ ဗုဒ္ဓဟူးသား လူမမာတစ်ဦးအတွက် ဘယ်လိုစီစဉ် လုပ်ဆောင်မလဲဆိုရင် ဇယားကွက်မှာ ဥန္နဲ ၆/၁၀ ကို တွေ့လိမ့်မယ်၊ ရိုက်ပန်း ဥန္နဲ ၆ ညွန့်၊ နင်းကြမ်း ဥန္နဲ ၁၀ ညွန့်လို့ ကိုယ်က သိထားရမယ်၊ အညွန့် မရရင် အရွက်လဲရတယ်၊ ဥန္နဲရွက်ကောင်းကောင်းကိုရှာ၊ ဥန္နဲရွက် ၁၆ ရွက်ကိုရှာပါ၊ အဲဒီမှာ လိုအပ်တဲ့ပစ္စည်းတွေ အသင့်ရှိနေရမှာက ရိုက်ပန်း ဥန္နဲ ၆ ညွန့်နဲ့ နင်းကြမ်း ဥန္နဲ ၁၀ ညွန့် လူမမာ ဗုဒ္ဓဟူးသားရဲ့မွေးနံ ရွက်လှ ၁ ညွန့်၊ အုန်းသီး တစ်လုံး၊ ချည်မန်းကွင်း တစ်ကွင်းဆို ရပြီ"

"ချည်မန်းကွင်းတစ်ကွင်းဆိုတာက ဘယ်လိုဟာလဲ ဆရာ"

"နောက်ပြီး ပြောပြမယ်၊ ကျန်သေးတဲ့ပစ္စည်းက လူမမာရဲ့ ဦးခေါင်းရှေ့ကဆံပင်ကို အနည်းငယ် စတိဖြတ်ပြီး စက္ကူသေးသေးနဲ့ တစ်ထုပ်ထုပ်ပါ၊ ဘယ်ညာလက်က လက်သည်းတွေကို စက္ကူသေးနဲ့ တစ်ထုပ်ထုပ်ပါ၊ ဘယ်ညာခြေက ခြေသည်းတွေကို စက္ကူသေးနဲ့ တစ်ထုပ်ထုပ်ပါ၊ ဆံပင်တစ်ထုပ်၊ လက်သည်း တစ်ထုပ်၊ ခြေသည်း တစ်ထုပ်ရယ်လို့ သုံးထုပ်ရမယ်"

"ဘယ်လို လုပ်ရမလဲ ဆရာ"

"နေပါဦး၊ ပြောမှာပေါ့၊ လိုအပ်တဲ့ပစ္စည်းတွေ ပြန်ပြောရင် ရိုက်ပန်း ဥန္နဲ ၆ ညွန့်၊ နင်းကြမ်း ဥန္နဲ ၁၀ ညွန့်၊ ချည်မန်းကွင်း တစ်ကွင်း၊ အုန်းသီး တစ်လုံး၊ ဆံပင်၊ လက်သည်း ခြေသည်း တစ်ထုပ်စီ သုံးထုပ်၊ ဒါဆို စလုပ်မယ်၊ ဗုဒ္ဓဟူးသားဆိုတော့ ဗုဒ္ဓဟူးနေ့နံနက် ၉ နာရီမှ ၁၀ နာရီခွဲအတွင်း စလုပ်မယ်၊ ဗုဒ္ဓဟူးသားရဲ့ ဆပွတ်သမား တနင်္လာသားသမီး တစ်ဦးဦးက ဗုဒ္ဓဟူးရဲ့ ဦးခေါင်းကနေ ပန်းကုံးစွပ်သလို ချည်မန်းကွင်း တစ်ကွင်းကို စွပ်ချလိုက်မယ်၊

ပြီးရင် ဘုရားရှိခိုး၊ သတ္တဝါတွေအားလုံး မေတ္တာပို့ခိုင်းပါ၊ ခဏအကြာမှာ ဘုရားစင်ဘက်ကို ကျောပေးထိုင်ခိုင်း မထိုင်ခင် နင်းကြမ်း ဥန္နဲ ၁၀ ကိုခင်းပြီး ထိုင်ခိုင်းမယ်၊ ခြေထောက်ကို ရှေ့မှာဆန့်ပြီးထိုင်ခိုင်း၊ လက်နှစ်ဖက်ကို ရှေ့မှာဆန့်ပြီး နေခိုင်းပါ၊ ပြီးရင် ပြုလုပ်သူ တနင်္လာသားသမီးက ရိုက်ပန်း ဥန္နဲ ၆ ညွန့်နဲ့ တစ်ရွက်ချင်း ဒါမှမဟုတ် နှစ်ရွက်ချင်း ပူးကိုင်ပြီး လူမမာရဲ့ ဦးခေါင်းကနေ ခြေဖျားအထိ နေရာအနှံ့ ရိုက်ချပေးပါ၊ ရိုက်ချလို့ ဥန္နဲ ၆ ညွန့် ကုန်သွားပြီဆိုရင် လူမမာကို မတ်တတ်ရပ်စေပြီး ချည်မန်းကွင်းကို စွပ်မယ်၊

ချည်မန်းကွင်းကို ဦးခေါင်းပေါ်ကနေ လှန်ပြီး မချွတ်ရဘူး၊ အဲဒါ အရေးကြီးတယ်၊ ဦးခေါင်းကနေ ခြေဖျားအထိ လူတစ်ကိုယ်လုံး အောက်ဘက်သို့ ချည်မန်းကွင်းကိုဝိုင်းပြီး တဖြည်းဖြည်းချွတ်ချရမယ်၊ လူမမာ ခြေဖျားနဲ့မထိဘဲ အောက်မှာဝိုင်းထားလို့ ချထားရမယ်"

"ဒီအထိ နားလည်ပြီ ဆရာ၊ နောက်တော့ကော"

"လူမမာက ချည်မန်းကွင်းကို မထိဘဲ ကျော်လွှားပြီး ဘုရားစင်ရှေ့ဘက် မျက်နှာမူထိုင်ပြီးနေရမယ်၊ နောက်ဘက် လှည့်မကြည့်ရဘူး၊ ဒါမှမဟုတ် အိမ်ပြင်ဘက်ထွက်သွားလဲ ရတယ်၊ အဲဒီမှာ ပြုလုပ်သူ တနင်္လာသားသမီးက နင်းကြမ်း ဥန္နဲ ၁၀ ကို အောက်ကထား၊ ရိုက်ပန်း ၆ ကို အပေါ်ကထား



www.burmeseclassic.com

www.burmeseclassic.com

အဲဒီအပေါ်က မွေးနံ ရွက်လှတစ်ညွန့်ကိုတင်၊ ပြီးမှ ချည်မန်းကွင်း ကွင်းအတွင်းထဲထည့်ပြီး ချည်လိုက်ပါ။


အဲဒီနောက် အုန်းသီးအပေါက်ထဲကို ခြေသည်းထုပ်ထည့်၊ လက်သည်းထုပ်ထည့်၊ ဆံပင်ထုပ်ကိုထည့်၊ သူ့အစီအစဉ်အတိုင်း ထည့်လို့ ရေတစ်ခွက်ခပ်ပြီး အုန်းသီးထဲ ရေပြည့်အောင် လောင်းထည့်၊ အုန်းဆို့နဲ့ ပိတ်လိုက်ပါ။ ဒါဆို အားလုံးပြီးစီးသွားပြီ၊ ဒီပစ္စည်းတွေအားလုံးကို သွားပြီးစွန့်ရမယ်၊ တနင်္လာသားက အုန်နဲ့ထုပ်ရယ်၊ အုန်းသီးရယ်ကို ယူသွားပြီး ရေစီးတဲ့ချောင်းတို့ မြောင်းတို့မှာ သွားစွန့်ပစ်ရမယ်၊ စွန့်ရာမှာ နှုတ်ကပြောဆိုစွန့်ပါ။ ဘယ်လိုလဲဆိုတော့ ဗုဒ္ဓသား၏ ခန္ဓာကိုယ်တွင် ဖြစ်ပေါ်နေသော ရောဂါဝေဒနာများသည် ဤပစ္စည်းများနှင့်အတူ ပါရှိသွားပါစေလို့ ပြောဆို စွန့်ရမယ်၊ ပြန်လာရင် ခြေလက်ကို ရေနဲ့ဆေးရမယ် သမီး"

"ဒါလဲ ရှင်းပါတယ်၊ မရှင်းတာက လူမမာ ဗုဒ္ဓဟူးသားရဲ့ မွေးနံအညွန့် ရွက်လှတစ်ညွန့်က ချည်မန်းကွင်းစွပ်ပြီး ရိုက်တဲ့အခါ ဘယ်နေရာမှာ ထားရမှာလဲ"

"လူမမာ ဗုဒ္ဓဟူးသားရဲ့ ခြေဖျားရှေ့လောက် မလှမ်း မကမ်းမှာထားရင် ရပြီပဲ"

"ချည်မန်းကွင်းလုပ်နည်းပဲ ကျန်တယ် ဆရာ"

စာရေးသူသည် အာခြောက်လာ၍ ရေနွေးကြမ်းနွေးနွေးကို နှစ်ခွက်ဆင့်သောက်လိုက်ပါသည်။



ချည်မန်းကွင်းပုံစံ

"ပြောပါ့မယ် သမီးရယ်၊ မိမိရဲ့ဘယ်လက်နဲ့ ညာလက်ကို ဆန့်လိုက်တဲ့ အကွာအဝေးအတိုင်း အပ်ချည်ဖြူ တစ်ကြိုးစီ ဖြတ်လိုက်ပါ။ စုစုပေါင်း ကိုးကြိုးဖြစ်ရမယ်၊ ဒီကြိုးကိုးကြိုးက တစ်ပေါင်းတည်းလဲ ဖြစ်နေရမယ်၊ ဒီကိုးကြိုးကို အနေတော် အကွာအဝေး အထုံး ရှစ်ထုံး ထုံးရမယ်၊ နောက်ဆုံး လွတ်နေတဲ့ အဖျားစနှစ်ခုကို ပူးချည်ပြီး ထုံးလိုက်တော့ အထုံးကိုးထုံး ပါတဲ့ ချည်မန်းကွင်းတစ်ကွင်း ဖြစ်သွားပြီလေ၊ အင်း လုပ်ရတာထက် ရှင်းပြရတာက မောတယ်"

"တို့ဆရာလဲ အတော်မောသွားပြီ၊ လက်ဖက်ရည်ဆိုင် သွားပြီး အပန်းဖြေကြမယ်လေ"

"ဒီစကားများ ပြောမလားလို့"

---

**မိမိရဲ့ဘယ်လက်နဲ့ ညာလက်ကို ဆန့်လိုက်တဲ့ အကွာအဝေးအတိုင်း အပ်ချည်ဖြူ တစ်ကြိုးစီ ဖြတ်လိုက်ပါ၊ စုစုပေါင်း ကိုးကြိုး ဖြစ်ရမယ်**

---

"တို့ဆရာကတော့ ပြောရှာမယ်၊ ဆရာ စာရေးနေတာကို ပျက်အောင် ဖျက်လိုဖျက်ဆီးလုပ်တဲ့ တောင်မလေးလို့ မထင်ဘူးလား"

"ထင်ပါဘူး၊ လက်ဖက်ရည် အလကားသောက်ရလို့ ကျေပြီ"

"ဒီအကြောင်းကော စာရေးဦးမှာလား"

"ရေးမယ်၊ ကျွန်တော့်တပည့်မ လှိုင်ဖြိုးဝေက ကျွန်တော် စာရေးတာ ပျက်အောင်လုပ်တဲ့အတွက် ကျွန်တော့် စာဖတ်ပရိသတ်ကို တောင်းပန်ပါတယ်ဆိုတာလဲ ထည့်ရေးမယ်"

"အဲဒါတော့ ထည့်မရေးပါနဲ့၊ လက်ဖက်ရည်တင်မကဘူး၊ မုန့်ပါ ကျွေးမယ်"

"ကျွန်တော့်တပည့်မက ကျွန်တော့်ကို လာဘ်ထိုးနေတယ်ဗျို့"

"ဟား ဟား. . . ရယ်ရတယ်"

*

မှတ်ချက်

ဤအစီအစဉ်ကို ခုနစ်ရက်သားသမီးတိုင်း မွေးနေ့နံနက် ၉ နာရီမှ ၁၀ နာရီခွဲအတွင်း ပုံသေဆောင်ရွက်ရမည်။

ပြုလုပ်ဆောင်ရွက်သူများမှာ. . .

* တနင်္ဂနွေသားသမီးကို သောကြာသားသမီး
* တနင်္လာသားသမီးကို စနေသားသမီး
* အင်္ဂါသားသမီးကို တနင်္ဂနွေသားသမီး
* ဗုဒ္ဓဟူးသားသမီးကို တနင်္လာသားသမီး
* ကြာသပတေးသားသမီးကို အင်္ဂါသားသမီး
* သောကြာသားသမီးကို ဗုဒ္ဓဟူးသားသမီး
* စနေသားသမီးကို ကြာသပတေးသားသမီး

တို့က ပုံသေဆောင်ရွက်ရပါမည်။

❒ ဝေယံဦး (လူမှုထူးချွန် ဒုတိယထဆင့်)



www.burmeseclassic.com

www.burmeseclassic.com

# အခုတော့ . . . လွဲချော်သမျှတွေ၊ တွေ့လွဲ လွဲသမျှတွေ၊ အထစ်အငေါ့မှန်သမျှတွေ အားလုံး အဆင်ပြေသွားပြီ မဟုတ်လား

## နတ်မျက်စိ ဆရာအောင်စိုး



လွန်ခဲ့သော ၂၀၁၃ ခုနှစ် မြန်မာနှစ်ဆန်းတစ်ရက်နေ့ နေ့ထူးနေ့မြတ်တွင် စာရေးသူနှင့်အတူ တပည့်ကျော်ကိုအေးအောင်တို့ မိမိ၏ဟောခန်းအတွင်း သန့်ရှင်းရေးလုပ်ခြင်း၊ ဘုရားရုပ်ပွားတော်များကို ရေသပ္ပာယ်ခြင်း၊ မျက်နှာတော်ဖွင့်ခြင်း၊ ရဟန္တာအရှင်မြတ်များ၊ ထွက်ရပ်ပေါက်အရှင်မြတ်များ ရုပ်တုတော်များကို မျက်နှာတော်ရောင်တော်ဖွင့်ပေးခြင်းတို့ ပြုလုပ်လေ့ရှိပါသည်။

မယ်တော်ပုံတော်များကိုလည်း နံ့သာရည်တို့ဖြင့် ရေသပ္ပာယ်နေစဉ် ဟောခန်းရှေ့မှ လူတစ်ဦး၏ အသံပြုခြင်း အမှတ်မထင် ကြားလိုက်ရသည်။

"ဆရာ ရှိပါသလား ခင်ဗျာ"

"ဗျို့ . . ဆရာနတ်မျက်စိ၊ ဆရာဦးအောင်စိုး"

"ဆရာ ခင်ဗျာ. . ဆရာ"

ဟုတစာစာနှင့် အော်ခေါ်နေ၍ တပည့်ဖြစ်သူ ကိုအေးအောင်မှ . . .

"ဒီနေ့ နှစ်ဆန်းတစ်ရက်မို့ ဟောခန်းနားထားပါတယ်၊ နောက်သုံးရက်ကြာရင် ဖွင့်ပြီ၊ အဲဒီနေ့ လာခဲ့ပါ" ဟု ရှင်းပြလိုက်သည်။

ထိုဧည့်သည်မှ . . .

"ဆရာတို့ကလဲ နှစ်သစ်ကူးမှာ ဇွေ၀င်တာ ကောင်းတယ်၊ လာဘ်ဦးလာဘ်ဖျား ယူကောင်းပါတယ် ဆရာလေးရဲ့" ဟုဆိုနေပြန်သည်။

ကိုအေးအောင်မှ . . .

"ခင်ဗျားပြောတာ မှန်ပါတယ်၊ ဒီနေ့ ဗုဒ္ဓဘာသာဝင်တို့ရဲ့ နေ့ထူးနေ့မြတ် ဆိုတော့ ဘုရားရဟန္တာတွေကို ရေသပ္ပာယ်တာ၊ ရောင်တော်ဖွင့်တာ၊ သက်ကြီးရွယ်အို ဘိုးဘွားတွေကို ခေါင်းလျှော်တာ၊ ပူဇော်တာတွေ၊ အလှူပေးတာတွေက ရလာတဲ့ လာဘ် ဖြစ်ပေါ်တဲ့ ကုသိုလ်က ပိုကြီးမားတယ် ထင်တယ်" ဟု အပြန်အလှန် ပြောဆိုနေကြ၏။

ထို့ကြောင့် စာရေးသူမှ ဟောခန်းအပြင်သို့ထွက်ပြီး ထိုပုဂ္ဂိုလ်အား ဟောခန်းနားရခြင်းကို ရှင်းလင်းပြသော်လည်း အတင်းပေခံပြီး ဟောချက်ထုတ်ရန် အနည်းဆုံး ယတြာပေးရန် တောင်းဆိုပါလေ၏။

"ကဲကဲ. . . မောင်မင်းကြီးသား အခက်အခဲလေး လင်းပါဦး" ဟု စာရေးသူမှ စကားကြောင်းပေးရာ ထိုပုဂ္ဂိုလ်လေးမှ . . .



www.burmeseclassic.com

www.burmeseclassic.com

"ဆရာ ကျွန်တော် မော်လမြိုင်မှာ နေပါတယ်၊ ကျွန်တော်က မြဝတီဘက်မှာ အနေများပါတယ်၊ ကျွန်တော့်မိဘတွေကို ဆရာတို့သိပါတယ်၊ ဒေါက်ဒေါက်ဆရာ ဒေါက်ဒေါက်ဆရာ ဆိုပြီးတော့လေ"

"ဟုတ်ပါပြီ ဟုတ်ပါပြီ၊ မင်းကိစ္စလေး လိုရင်းပြောပါ" ဟု ဟောခန်းရှေ့တွင် ထိုင်စေတော့သည်။

ထိုသူမှဆက်၍ . . .

"ဆရာ အခုတစ်လော ဆိုင်မှာ ဖောက်သည်တွေ ပျောက်လာ လျော့လာတယ်၊ ကြားမှာ အိမ်မြေပွဲစားလုပ်လဲ ဖြစ်တော့မလို ဖြစ်တော့မလို တွေ့လွဲလွဲ နေပါတယ် ဆရာ၊ တစ်လောက ဆိုင်ကယ်ကိစ္စဖြစ်တာ ကိုယ်ကမှန်ရဲ့သားနဲ့ လျော်ပေးရတယ် ဆရာ၊ အပြိုင်အဆိုင်တွေက များပါ့ဆရာ၊ ကိုယ့်မျက်နှာမြင်ရင် သူများ မပြောနဲ့ ကိုယ့်အိမ်သူကတောင် မကြည်မလင်နဲ့ ဆက်ဆံရရော ဆရာရယ်" ဟု ဆိုနေ၏။

"ဒီကြားထဲ ငှက်ဖျားကတစ်ချက်တစ်ချက် ဖောက်လာတယ်၊ ရောဂါဖြစ်ရင် ကြာနေရော၊ စိတ်ညစ်မှုညစ်ဆရာ" ဟု ဆိုပြန်၏။

"ကဲကဲ . . . သဘောပေါက်ပြီ၊ လာဘ်တွေပွင့်အောင်၊ အထစ်အငေါ့တွေလွင့်အောင်၊ မျက်နှာတွေ တင့်တယ်အောင် ယောဒီ ဂါထာကျင့်စဉ်ကို လေးလေးစားစား လုပ်ပေတော့" ဟုစေတနာဖြူစွာဖြင့် နည်းပေးရပါလေ၏။

"နံနက်စောစော အိပ်ရာနိုးနိုးချင်း အိပ်ရာမှ မထသေးဘဲ အိပ်လျက်အနေအထားနှင့် နှုတ်မှ . . .

* သရဏဂုံသုံးပါး ၁၀ ခေါက်

* ဂုဏ်တော်ကိုးပါး ၁၀ ခေါက်

* သမ္ဗုဒ္ဓေဂါထာ ၁၀ ခေါက်

* "ဗုဒ္ဓဂုဏော အနန္တော၊ ဓမ္မဂုဏော အနန္တော၊ သံဃဂုဏော အနန္တော၊ မာတာပိတုဂုဏော အနန္တော၊ အာစရိယဂုဏော အနန္တော" ဟူ၍ ၁၀ ခေါက် ရွတ်ဖတ်ပြီးမှ အိပ်ရာမှထပါ။

ထို့နောက် မျက်နှာ မသစ်ခင် မျက်နှာသစ်ရေကို သရဏဂုံသုံးပါးနှင့် သိဒ္ဓိတင်ပြီး စိတ်ထဲမှ . . .

နမောတဿ

နမောတဿ ဘဂဝတော

နမောတဿ အရဟတော

နမောတဿ သမ္မာသမ္ဗုဒ္ဓဿ

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ ဟူ၍ ကိုးခေါက်တိတိ ရွတ်ဆိုပြီး မျက်နှာသစ်ပါ။

မျက်နှာသစ်နေစဉ် . . .

"ဘုရားရှင်၏ ဂုဏ်တော် ကျေးဇူးတော်အနန္တတွေကြောင့် သားတပည့်တော် ဘဝသည် ရေလိုအေးလို့ ပန်းလိုမွှေးပါစေ၊ မျက်နှာမြင် ချစ်ခင်ပါစေ ဟူသတည်း" ဟူ၍လည်းကောင်း၊

"ခုနစ်ရက် သားသမီးများ၊ ကမ္ဘာသူ ကမ္ဘာသားများသည် ရေလိုအေးလို့ ပန်းလိုမွှေးပါစေ" ဟု ထပ်ဆင့်မေတ္တာပို့စကားဆိုရမည်။

ပြီးနောက် ရေချိုး အဝတ်အစားလဲပြီး ဘုရားရှင်အား ဆီမီး၊ ပန်း၊ နံ့သာတိုင်၊ ဆွမ်းတို့ဖြင့် ကပ်လှူပြီး ဘုရားရှိခိုးကန်တော့ပါ။ ပြီးလျှင် ငါးပါးသီလခံယူပါ။ ပြီး ဖော်ပြထားသော ဂါထာကို သက်စေ့ရွတ်ပါ။ ဒီဂါထာကို မရွတ်ခင် နမောတေ ဂါထာကို သက်စေ့ရွတ်ပါ။ သရဏဂုံသုံးပါးကို ကိုးခေါက်ရွတ်ပြီး ဖော်ပြပါ ဂါထာကို သက်စေ့ရွတ်ပါ။

*သဗ္ဗအရဟံ၊ ပါပအရဟံ*

*သုဝိဏ္ဏာ၊ သတ္တရှ*

*ဝိဋ္ဋိတော*

*ပြောင်း, ဒုရေ ဒုရေ မဟာဒုက္ခံ*

*မမ မုဥ္စတု သဗ္ဗဒါ။*

ပြီးလျှင် ဘုရားရှင် ယပ်တော်သွင်းပါ။ နေ့စဉ် ဂြိုဟ်သက်လိုက်လုပ်ပါ။ ဥပမာ ဗုဒ္ဓဟူးနေ့ဆိုလျှင် ဂြိုဟ်သက် ၁၇ ဆိုတော့ ၁၈ ချက် ခတ်ပြီးလှူပါ။ ယပ်ခတ်နေရင်း နှုတ်မှလည်း မြတ်စွာဘုရားရှင်သည် အေးမြသလို သားတပည့်တော် ရင်တွင်းနှလုံးသားတွေ အေးမြရပါစေဟု ၁၇ ခါ ဆုတောင်းပါ။

ပြီးလျှင် ကိုယ့်အိမ်သူ အိမ်သားတွေ၊ ဆိုင်နှင့်အိမ်နီးနားချင်းတွေ၊ ဖောက်သည်တွေ၊ မြဝတီ မြို့သူမြို့သားတွေ၊ အကြီးအကဲ မြို့စောင့်နတ်တွေမကျန် ရင်တွင်း အေးချမ်းပါစေ၊ နှလုံးသားတွေ အေးမြပါစေဟု မေတ္တာပို့ကို စိတ်ထဲတွင်နှစ်ပြီး ရွတ်ဆိုပေးပါ။

အဲဒီလို ရွတ်ဆိုပြီးတာနဲ့ မိမိရဲ့ ညာလက်ဖဝါးနဲ့ ခေါင်းမှစတင်ပြီး ကိုယ်သို့သပ်ချ၍ ယခုကစပြီး ကျွန်ုပ်၏ ဂြိုဟ်ဆိုး ဂြိုဟ်နှင်းနှင့် မကောင်းသောကံဇာတာတို့သည် ဘုရားရှင်တို့၏ တန်ခိုးတော်အနန္တ၊ တရားတော်၏ တန်ခိုးတော်အနန္တ၊ သံဃာအရှင်မြတ်တို့၏ တန်ခိုးတော်အနန္တတို့ကြောင့် စကြာဝဠာတံတိုင်းအပြင်ဘက်သို့ လွင့်ထွက်ပါစေသတည်းဟု ရွတ်ဆိုပါ" ဟု ပြောလိုက်လေသည်။

ထိုပုဂ္ဂိုလ်သည် ကျေးဇူးတင်စွာဖြင့် ညဏ်ပူဇော်ခ ကန်တော့သော်လည်း လက်မခံဘဲ သူ၏ပခုံးကို ညင်သာစွာကိုင်ရင်း သွားလမ်းခရီး သာသာယာယာ ချောချောမွေ့မွေ့ ဖြစ်စေကြောင်းနှင့် မြန်မာသက္ကရာဇ် ၁၃၇၅ တစ်နှစ်လုံးတွင် ကောင်းကျိုးမင်္ဂလာ ပြည့်စုံစေကြောင်း ဆုတောင်းမေတ္တာပို့သပေးလိုက်ပါသည်။

❖

၂၀၁၄ ခုနှစ် ဧပြီလ ၁၇ ရက် မြန်မာနှစ်ဆန်းတစ်ရက်၊ စာရေးသူရဲ့ ၁၀ မိုင်ကုန်းမှာ ရှိတဲ့ အောင်ဇမ္ဗူဗေဒင်ဟောခန်းအတွင်းမှာ တစ်ဦးတည်း သန့်ရှင်းရေးလုပ်နေခိုက် "ဆရာ. . . ဆရာ" ဟူသော အသံကြောင့် လှည့်ကြည့်ရာ ဇတ်လိုက်ကျော် မြဝတီမှ ကိုရွှေမောင်မောင်နှင့် သူ့ဇနီးဟု ထင်ရသော အမျိုးသမီးပါ ရွှေတွဲလဲ ငွေတွဲလဲဖြင့် ပြုံးချိုနေသော မျက်နှာသွင်ပြင်ကို မြင်တွေ့လိုက်ရပေတော့သည်။

❒ နတ်မျိုးတိစ် ဆရာအောင်[illegible]

*ဘာသာရေး စာရေးဆရာကြီး [illegible] ဤစာမူဖြင့် နှစ်ဦးမှာ [illegible]

www.burmeseclassic.com




**I**

**Idealism**

**စိတ်ကူး၊ စိတ်သန်းကို အဓိကထားသည့် ဝါဒရှိခြင်း**

(၁) တနင်္ဂနွေနှင့် တနင်္လာဂြိုဟ်ခုံများ ပေါ်ပေါ်လွင်လွင်ရှိကြခြင်း၊

(၂) ဉာဏ်စွမ်းလမ်းကြောင်း စိုက်ဆင်းနေခြင်း၊

(၃) တနင်္လာဂြိုဟ်ခုံ မို့မောက်နေခြင်း၊

(၄) ကြာသပတေးဂြိုဟ်ခုံ အနေအထားကောင်းခြင်း၊

(၅) လက်ညှိုးအနေအထား အထူးကောင်းခြင်း၊

(၆) လက်ချောင်းများ သွယ်လျလျဖြစ်ပြီး လက်ဖျားနူးညံ့၍ အနေအထားပါးခြင်း။

**Idealistic Temperament**

**စိတ်ကူး၊ စိတ်သန်းကောင်းများ ရှိခြင်း**

(၁) ကြာသပတေးဂြိုဟ်ခုံသည် ပေါ်လွင်ကောင်းမွန်ခြင်း၊

(၂) လက်ညှိုး၏ ပထမအဆစ်သည် သာမန်ထက် ရှည်နေခြင်း၊

(၃) လက်သည်းများ သွယ်လျလျသဏ္ဌာန်ရှိခြင်း၊

(၄) လက်ဝါးပြင် သေးသွယ်ခြင်း၊



www.burmeseclassic.com

www.burmeseclassic.com

(၅) လက်ဝါးပြင်သည် လက်ချောင်းများထက်တိုခြင်း၊
(၆) လက်ချောင်းထိပ်ဖျား ခပ်ချွန်ချွန်ရှိခြင်း။

**Ideal Love**
**စံပြအချစ်**

ရှည်၍ဖြောက်ကျဉ်းသည့် ဉာဏ်စွမ်းလမ်းကြောင်းသည် ကြာသပတေးဂြိုဟ်ခုံမှ ကောင်းသောအနေအထားမျိုးနှင့် အစပြုနေခြင်း။

**Idiocy**
**စိတ်မနှံ့ခြင်း**

(၁) အဓိကလမ်းကြောင်းများ တစ်ခုခုမှ မပါရှိခြင်း၊
(၂) နှလုံးလမ်းကြောင်း အနေအထား အလွန်ညံ့ခြင်း၊
(၃) ဉာဏ်စွမ်းလမ်းကြောင်း စိုက်ဆင်းနေခြင်း၊ ကျိုးပျက်၍ တွန့်လိမ်နေခြင်း၊
(၄) တနင်္လာဂြိုဟ်ခုံနှင့် အင်္ဂါဂြိုဟ်ခုံတို့သည် မို့မောက်နေခြင်း၊
(၅) လက်အနေအထားများ အထူးညံ့ခြင်း၊
(၆) လက်မအနေအထား ပုတိုနေခြင်း၊
(၇) လက်ချောင်းများ အနေအထား မကောင်းခြင်း။

**Illegitimate Birth**
**ဖအေပပေါ်သားမွေးရခြင်း/ တရားမဝင်မွေးဖွားခြင်း (တိတ်တိတ်ပုန်း ရခြင်း၊ မွေးစားသားဖြစ်ခြင်း)**

(၁) ကံလမ်းကြောင်း မကောင်းခြင်း၊
(၂) ကံလမ်းကြောင်းအစတွင် ကျွန်းရှိခြင်း၊
(၃) အသက်လမ်းကြောင်းအစတွင် ကျွန်းရှိခြင်း။

**Ill Health**
**ကျန်းမာရေး မကောင်းခြင်း**

(၁) အသက်လမ်းကြောင်းပေါ်တွင် အစက်များရှိနေခြင်း၊
(၂) အသည်းလမ်းကြောင်း ခေါ် ကျန်းမာရေးလမ်းကြောင်းသည် အသက်လမ်းကြောင်းနှင့်ဆက်နေခြင်း၊
(၃) အသက်လမ်းကြောင်းသည် အဖြတ်အပြတ်များဖြင့် ထပ်၍ရှိခြင်း၊
(၄) လက်ဖဝါးပြင် သေးငယ်ခြင်း။
(၅) အသက်လမ်းကြောင်း ဖြက်ကျယ်၍ ဖျော့တော့နေခြင်း၊
(၆) အသက်လမ်းကြောင်းသည် သံကြိုးကွင်းဆက်ဖြစ်နေခြင်း၊ သို့မဟုတ် အဆက်များဖြစ်နေခြင်း၊
(၇) ကံလမ်းကြောင်းသည် တွန့်လိမ်နေခြင်း၊
(၈) ကံလမ်းကြောင်းအစတွင် ကြက်ခြေဖြစ်နေခြင်း၊
(၉) စနေဂြိုဟ်ခုံပေါ်တွင် ကြယ်သင်္ကေတရှိခြင်း၊
(၁၀) အသက်လမ်းကြောင်းနှင့် ကံလမ်းကြောင်းတို့သည် အစတွင် ဆက်စပ်ပူးကပ်နေခြင်း၊
(၁၁) အသက်လမ်းကြောင်း၏ အဆုံးတွင် ကြက်ခြေရှိခြင်း၊
(၁၂) ကျန်းမာရေးလမ်းကြောင်း တို၍ဖြက်ကျယ်နေခြင်း၊
(၁၃) အသက်လမ်းကြောင်း၏ အနေအထားသည် သေးသွယ်နေခြင်း။

**Illness**
**နာမကျန်းဖြစ်ခြင်း**

(၁) အသက်လမ်းကြောင်းပေါ်တွင် အပြတ်၊ ကြက်ခြေ သို့မဟုတ် အမည်းစက်ရှိခြင်း၊
(၂) ကျန်းမာရေးလမ်းကြောင်းပေါ်တွင် အပြတ်၊ ကြက်ခြေ သို့မဟုတ် အမည်းစက်ရှိခြင်း၊
(၃) အသက်လမ်းကြောင်းကို လမ်းကြောင်းတစ်ခုက စက်ဝိုင်းခြမ်းသင်္ကေတ ဖြတ်သွားခြင်း၊
(၄) အသက်လမ်းကြောင်းကို အဖြတ်လမ်းကြောင်းတစ်ခုက ဖြတ်သွားခြင်း။

**Illness from Love**
**အချစ်ဝေဒနာခံစားရခြင်း**

အသက်လမ်းကြောင်းနှင့် ကျန်းမာရေးလမ်းကြောင်းတို့သည် ခွဲထွက်လမ်းကြောင်းများဖြင့် ဆက်စပ်နေခြင်းက အချစ်အတွက်နှင့် စိတ်ဝေဒနာခံစားနေရခြင်းကို ပြဆို၏။

**Illness from Sorrows**
**ပူဆွေးဝမ်းနည်းမှုကို ခံစားနေရခြင်း**

အင်္ဂါဂြိုဟ်ခုံတို့မှ အရေးအကြောင်းတစ်ခုသည် နှလုံးလမ်းကြောင်းကို ဖြတ်သွားခြင်း။

**Illusion**
**မှောက်မှားခြင်း**

လက်သည်းများပေါ်တွင် ကြယ်သင်္ကေတ အဖြူအမှတ်အသားရှိခြင်းက မိမိစိတ်ကိုလှည့်စားခြင်း၊ ဘဝတွင် မှောက်မှားတတ်ခြင်းနှင့် မေတ္တာတုံ့ပြန်တတ်မှု မရှိခြင်းတို့ကို ပြသည်ဟု ဒီပါရူစီယို (De Peruccio) က ဆိုလေသည်။

**Imagination, Creative**
**စိတ်ကူး၊ အကြံဉာဏ်ကောင်းခြင်း**

(၁) တြိဂံလွင်ပြင် ကျယ်ပြန့်ကောင်းမွန်ခြင်း၊
(၂) တနင်္လာဂြိုဟ်ခုံနှင့် သောကြာဂြိုဟ်ခုံတို့ အနေအထား ကောင်းခြင်း၊



www.burmeseclassic.com

www.burmeseclassic.com

(၃) ကြာသပတေးဂြိုဟ်ခုံနှင့် တနင်္ဂနွေဂြိုဟ်ခုံတို့ လှပ သန့်ရှင်း၍ အထူးကောင်းမွန်ခြင်း၊
(၄) လက်သည်းများသည် ရှည်မျောမျောကလေးရှိခြင်း၊
(၅) လက်ချောင်းများ၏ ပထမအဆစ်များ ရှည်လျားခြင်း၊
(၆) လက်များ နူးညံ့ခြင်း၊
(၇) လက်ဖဝါးသည် လက်ချောင်းများထက် တိုခြင်း၊
(၈) လက်ချောင်းထိပ်များ ချွန်ခြင်း။

## Imagination, Unhealthy
**စိတ်ကူးစိတ်သန်းမကောင်းခြင်း**

(၁) လက်ဖျားများ ပါးလျား၍ အလွန်နူးညံ့ခြင်း၊
(၂) သောကြာဂြိုဟ်ခုံ ကျယ်ပြန့်ခြင်း၊
(၃) ဉာဏ်စွမ်းလမ်းကြောင်း အောက်သို့ စိုက်ဆင်းနေပြီး ကြီးမားကျယ်ပြန့်သော ခက်ရင်းခွသဏ္ဌာန်ရှိနေခြင်း၊
(၄) သောကြာခါးပတ် အားကောင်းခြင်း။

## Imagination With Practicality
**စိတ်ကူးနှင့် လက်တွေ့ယှဉ်တွဲနေခြင်း**

(၁) လက်ဝါးပြင်နှင့် လက်ချောင်းများ အရှည်တူညီခြင်း၊
(၂) လက်ချောင်းထိပ်များ သွယ်လျလျရှိခြင်း၊
(၃) ဉာဏ်စွမ်းလမ်းကြောင်း အောက်သို့ အနည်းငယ်စိုက်ဆင်းနေခြင်း၊
(၄) တနင်္လာဂြိုဟ်ခုံနှင့် သောကြာဂြိုဟ်ခုံများ အနေတော်ရှိကြခြင်း၊
(၅) တနင်္ဂနွေဂြိုဟ်ခုံနှင့် တနင်္လာဂြိုဟ်ခုံများ ရောယှက်နေကြခြင်း၊
(၆) လက်ချောင်းများ၏ ဒုတိယအဆစ်သည် ကြီး၍ပေါ်လွင်နေခြင်း၊
(၇) လက်ဝါးပြင် ပျော့ပျောင်းနေခြင်း။

## Immorality
**စာရိတ္တမကောင်းခြင်း**

(၁) သောကြာဂြိုဟ်ခုံ ကျယ်ပြန့်ခြင်း၊
(၂) လက်မ၏ ပထမအဆစ်ပေါ်တွင် ကြယ်ရှိခြင်း။

## Imprudence
**အရှက်အကြောက်ကင်းမဲ့စွာ ပြုမူတတ်ခြင်း**

(၁) စနေဂြိုဟ်ခုံသည် အလွန်သေးငယ်ခြင်း၊
(၂) လက်ညှိုးသည် သွယ်လျလျဖြစ်နေခြင်း၊
(၃) လက်ချောင်းများတို၍ နှချာမွေ့နေကြခြင်း၊
(၄) လက်မ၏ ပထမအဆစ်သည် တိုနေခြင်း၊

(၅) အသက်လမ်းကြောင်းနှင့် ဉာဏ်စွမ်းလမ်းကြောင်းတို့ သည် ကွာဟ၍ အစပြုခြင်း။

## Impulsiveness
**စိတ်လိုက်မာန်ပါ လုပ်ဆောင်တတ်သည့်စိတ်**

(၁) လက်ချောင်းများသည် နောက်ဘက်သို့ လန်နေကြ ခြင်း၊
(၂) လက်ချောင်းများသည် နဂိုအနေအထားအရ ပျော့ ပျောင်းခြင်း၊
(၃) လက်မများသည် အနောက်ဘက်သို့ ကော့ညွတ်နေ ကြခြင်း၊

ထိုသူများသည် ကလေးများကဲ့သို့ မဆင်မခြင် ပြုလုပ် တတ်ကြသည်။ သူတို့ဘဝ၌ စာရိတ္တနှင့်ပတ်သက်သည့် အသိ အမြင်များသည် အဓိကကျသောနေရာတွင် မရှိတတ်ကြချေ

## Inability to Keep Secrets
**နှုတ်မလုံခြင်း**

လူတစ်ယောက်၏ လက်များသည် လျော့လျော့ရဲရဲ နှင့် တွဲလဲအနေအထားမျိုးရှိလျှင် ထိုသူသည် ချီတုံချတုံ ဖြစ် လေ့ရှိခြင်း၊ ရည်ရွယ်ချက်ကင်းမဲ့ခြင်းနှင့် အဖိုးတန် လျှို့ဝှက် ချက်များကို လုံအောင်မထိန်းသိမ်းထားနိုင်ခြင်းတို့ကို ပြဆို

## Inconstancy
**မတည်ကြည်ခြင်း**

(၁) တြိဂံလွင်ပြင်တွင် လခြမ်းသဏ္ဌာန်ရှိခြင်း၊
(၂) အင်္ဂါဂြိုဟ်ခုံ (အမ) ပေါ်တွင် အရေးအကြောင်းများ ဖြတ်သန်းနေကြခြင်း၊
(၃) ဉာဏ်စွမ်းလမ်းကြောင်း တိုခြင်း၊
(၄) နှလုံးလမ်းကြောင်းတွင် သံကြိုးကွင်းဆက်များရှိခြင်း
(၅) လက်မ၏ ပထမအဆစ်သည် သာမန်ထက်တိုခြင်း
(၆) လက်များ နူးညံ့ခြင်း၊
(၇) လက်ချောင်းများသည် ချောမွတ်ပြီး သွယ်လျလျ နေခြင်း။

## Independence of Character
**အချုပ်အချယ်ကင်းမှုကို လိုလားသည့်ဂုဏ်အင်္ဂါ**

(၁) အင်္ဂါလွင်ပြင်သည် ထင်ရှားစွာရှိခြင်း၊
(၂) အင်္ဂါဂြိုဟ်ခုံများသည် ပေါ်လွင်ကြခြင်း၊
(၃) ဉာဏ်စွမ်းလမ်းကြောင်း ရှည်ခြင်း၊
(၄) ဉာဏ်စွမ်းလမ်းကြောင်းသည် အသက်လမ်း နှင့် အစပြုသည့်နေရာတွင် သီးခြားဖြစ်ခြင်း
(၅) ကြာသပတေးဂြိုဟ်ခုံသည် ပေါ်ပေါ်လွင်လွင်


www.burmeseclassic.com

www.burmeseclassic.com

(၆) လက်မ၏ ပထမအဆစ်သည် ရှည်ခြင်း၊
(၇) လက်သည်းများ တိုခြင်း၊
(၈) လက်ချောင်းများ အဆစ်ကြီးခြင်း၊
(၉) လက်ချောင်းထိပ်များသည် လေးထောင့်စပ်စပ် သဏ္ဌာန် ရှိခြင်း၊
(၁၀) လက်ညှိုးနှင့် လက်ခလယ်တို့၏ အောက်ခြေများ ကြားနေရာသည် ကျယ်ပြန့်ခြင်း၊
(၁၁) လက်ညှိုးသည် လက်မဘက်သို့ ယိုင်နေခြင်း။

**Independence of Spirit**

**လွတ်လပ်မှုကိုလိုလားသည့်စိတ်**

လက်မသည် လက်ဖဝါးပြင်နှင့် ထောင့်မှန်ကျကျတည် ရှိနေလျှင် ထိုသူသည် လွတ်လပ်မှုကို ရယူထားသူဖြစ်သည်။

သူသည် အတိုက်အခံလုပ်လာမှုကို သည်းခံလေ့ မရှိချေ၊ သူသည် ဆတ်ဆတ်ထိမခံတတ်သည့် လူစားမျိုးဖြစ်၏။

**Indigestion, Habitual**

**အစာမကြေ ဖြစ်တတ်ခြင်း**

(၁) ဉာဏ်စွမ်းလမ်းကြောင်း မကောင်းခြင်း၊
(၂) ကျန်းမာရေးလမ်းကြောင်း လှိုင်းတွန့်သဖွယ်ရှိနေခြင်း၊
(၃) အသက်လမ်းကြောင်းတွင် ကျွန်းရှိနေခြင်း။

**Indomitable Determination**

**အညှံ့မခံ၊ အလံမလှဲသည့် ဆုံးဖြတ်ချက်စိတ်ထား**

အဆိုပါ ဆုံးဖြတ်ချက်လမ်းကြောင်းမှာ လက်ညှိုး အောက်ဘက် လက်ဝါးပြင်ဘေးတွင် ကြယ်ပုံစံများပင် ဖြစ်၏။

**Infantile Diseases**

**သူငယ်နာမစင်သေးသည့် ရောဂါ**

အသက်လမ်းကြောင်း၏ အစပိုင်းတွင် သံကွင်းဆက်များ (သို့) လမ်းကြောင်းက တစ်နည်းတစ်ဖုံ မှေးမှိန် မထင်မရှား ဖြစ်နေသည်ကို တွေ့ရတတ်သည်။ ထိုအချက်က ယင်းကာလအပိုင်းအခြားတွင် သူငယ်နာမစင်သေးသည့်လက္ခဏာကို ပြနေခြင်းဖြစ်၏။

**Influence, Ascending**

**အထက်သို့တက်နေသည့် ပယောဂလမ်းကြောင်း**

ထိုအရေးအကြောင်းများသည် အဓိကကျသည့် လမ်းကြောင်းများမှ အထက်သို့တက်နေသောခွဲထွက်လမ်းကြောင်းငယ်များ ဖြစ်သည်။

**Influence, Descending**

**အောက်သို့ငိုက်ကျနေသည့် ပယောဂလမ်းကြောင်း**

အဓိကလမ်းကြောင်းမှ ခွဲထွက်၍ အောက်ဘက်သို့ ထိုးကျနေသည့် လမ်းကြောင်းငယ်များသည် ထိုလမ်းကြောင်းများပင် ဖြစ်သည်။

**Influence Line, Influence of**

**ပယောဂလမ်းကြောင်း၏ အကျိုးသက်ရောက်မှု**

ပယောဂလမ်းကြောင်း တစ်ခုသည် ဖောက်နက်စွာ ပြုပြီးနောက် တဖြည်းဖြည်းမှေးမှိန်သွားသည်အထိ ပါးလျားသွားပါက အကျိုးသက်ရောက်မှုသည် အစပြုမှုတွင် အားကောင်းသော်လည်း နောက်ဆုံး မည်သို့မျှမဖြစ်တော့သည် အထိ တဖြည်းဖြည်းနှင့် အားနည်းသွားလိမ့်မည်ဖြစ်သည်။

(-Willim G-Benham)

**Influence Lines**

**ပယောဂလမ်းကြောင်းများ**

ပယောဂလမ်းကြောင်းသည် အရေးအကြောင်းငယ်များဖြစ်ပြီး အဓိကလမ်းကြောင်းများ (သို့) ဂြိုဟ်ခုံများမှ အထက်(သို့)အောက်သို့ ဆင်းနေသည့်အရေးအကြောင်းများ ဖြစ်၏။ ၎င်းတို့သည် အရေးအကြောင်းများကို ဖြတ်တောက်သွားခြင်းမျိုး (သို့) ကြက်ခြေခတ်သွားကြ၏။ (သို့) လက်ဝါးပြင်ပေါ်တွင်ရှိသည့် အမှတ်အသား အမျိုးမျိုးတွင် ထိရုံထိနေခြင်း (သို့) ထိုနေရာမျိုးတွင် အဆုံးသတ်နေခြင်းများရှိ၏။

**Influence Lines of Life**

**ဘဝ၏ ဩဇာသက်ရောက်မှု အရေးအကြောင်းများ**

ဤဩဇာသက်ရောက်မှုရှိသည့် အရေးအကြောင်းများသည် လက်မဘေးတွင် အသက်လမ်းကြောင်းနှင့် ယှဉ်၍ ရှိကြ၏။ ဤအရေးအကြောင်းများက မိဘများကဲ့သို့ အသက်မွေးမှု၊ စာရိတ္တ၊ ဂုဏ်အင်္ဂါ စသည့် အရှိန်ဩဇာသက်ရောက်မှု ကြီးမားခြင်းကို ထုတ်ဖော်ပြသ၏။

**Inheritance**

**အမွေရရှိခြင်း**

ထင်ရှားသည့် ထောင့်မှန်သဏ္ဌာန် အမှတ်အသား တစ်ခုသည် ပထမလက်ကောက်ဝတ်ကို ဖြတ်သွားခြင်း။

**Inheritance, Rich**

**အမွေအနှစ် ဆက်ခံရရှိခြင်း**

(၁) ဉာဏ်စွမ်းလမ်းကြောင်းနှင့် [illegible] ရှည် လျားသော အရန်လမ်းကြောင်းတစ်ခု ရှိခြင်း။



www.burmeseclassic.com

www.burmeseclassic.com

(၂) လက်ကောက်ဝတ်၏ပထမအရစ်တွင် ကြယ်သင်္ကေတ တစ်ခုရှိခြင်း၊
(၃) ကြိုက်လွှင်ပြင်ထဲတွင် ကြက်ခြေရှိခြင်း။

## Insanity
### ရူးသွပ်ခြင်း

(၁) ဉာဏ်စွမ်းလမ်းကြောင်း ကျိုးပျက်နေခြင်း၊
(၂) ဉာဏ်စွမ်းလမ်းကြောင်းသည် အသည်းလမ်းကြောင်းနှင့် ရောယှက်နေခြင်း၊
(၃) အသက်လမ်းကြောင်းအစတွင် ခက်ရင်းခွဖြစ်နေခြင်း၊
(၄) ဉာဏ်စွမ်းလမ်းကြောင်းသည် အောက်သို့ အလွန်စိုက်ဆင်းနေခြင်း၊
(၅) ဉာဏ်စွမ်းလမ်းကြောင်း နက်ရှိုင်းစွာ ပြတ်တောက်နေခြင်း။
(၆) ဉာဏ်စွမ်းလမ်းကြောင်းသည် လှိုင်းထနေခြင်း၊
(၇) ဉာဏ်စွမ်းလမ်းကြောင်းသည် နှလုံးလမ်းကြောင်းနှင့် နီးကပ်စွာ ပေါ်ထွက်နေခြင်း၊
(၈) ဉာဏ်စွမ်းလမ်းကြောင်းသည် တနင်္လာဂြိုဟ်ခုံဘက်သို့ စောင်းနေခြင်း၊ ယိုင်နေခြင်း၊
(၉) တနင်္လာဂြိုဟ်ခုံပေါ်တွင် လခြမ်းအမှတ်လက္ခဏာရှိခြင်း၊
(၁၀) စနေဂြိုဟ်ခုံပေါ်တွင် လခြမ်းအမှတ်လက္ခဏာရှိခြင်း၊
(၁၁) တနင်္လာဂြိုဟ်ခုံ မို့မောက်နေခြင်း၊
(၁၂) တနင်္လာဂြိုဟ်ခုံပေါ်တွင် အရေးအကြောင်းများ ရှုပ်ထွေးနေခြင်း၊
(၁၃) ဉာဏ်စွမ်းလမ်းကြောင်းတွင် ကြယ်အမှတ်ပေါ်နေခြင်း သို့မဟုတ် သံကြိုးကွင်းဆက်ရှိနေခြင်း၊
(၁၄) လက်ခလယ်၏ ဒုတိယအဆစ်ပေါ်တွင် ကြယ်သင်္ကေတရှိခြင်း။

## Insult, Life of
### စော်ကားခံရသည့်ဘဝ

ဗုဒ္ဓဟူးဂြိုဟ်ခုံတွင် ကြယ်တစ်ခု ပါရှိနေခြင်း။

## Intellectual Ability
### အသိပညာစွမ်းရည်

(၁) ဉာဏ်စွမ်းလမ်းကြောင်း အထူးကောင်းမွန်ခြင်း၊
(၂) နှလုံးလမ်းကြောင်း ရှည်ခြင်း၊
(၃) နှလုံးလမ်းကြောင်း စိုက်ဆင်းနေခြင်း၊
(၄) နှလုံးလမ်းကြောင်း ခွသင်္ကေတရှိခြင်း၊
(၅) တနင်္ဂနွေဂြိုဟ်ခုံ၊ ကြာသပတေးဂြိုဟ်ခုံနှင့် ဗုဒ္ဓဟူးဂြိုဟ်ခုံတို့ ပေါ်လွင်နေခြင်း၊
(၆) လက်ဝါးပြင်သည် လက်ချောင်းများထက် တိုခြင်း၊
(၇) လက်ချောင်းများသည် သွယ်လျလျရှိခြင်း၊
(၈) လက်ဆစ်များကြီးခြင်း။

## Intellect, Measure of
### အသိဉာဏ်ပညာ၏ အတိုင်းအဆ

လက်မကို လက်ညိုးနှင့်ယှဉ်ကပ်၍ တိုင်းပါ။ လက်မသည် လက်ညိုး၏အောက်ခြေထက်မြင့်နေလျှင် လက္ခဏာရှင်၏ အသိဉာဏ်မြင့်မားမှုကိုပြ၏။ မြင့်လေ အသိတရားမြင့်မားလေပင် ဖြစ်သည်ဟု ဆာချာလ်ဘဲလ် (Sir Charles Bell)က ချင်ပန်ဇီမျောက်တစ်ကောင်၏လက်နှင့် ဆက်စပ်ပြီး စမ်းသပ်မှုကိုပြုလုပ်ရာတွင် ထူးခြားသည့်အချက်ကို လိုလေသေးမရှိ ပြသသွားခဲ့၏။

(Cheiro)

COMFORT'S PALMISTRY GUIDE

## Interlinked Head and Heart Lines
### ဉာဏ်စွမ်းလမ်းကြောင်းနှင့် နှလုံးလမ်းကြောင်းတို့ အပြန်အလှန်ဆက်စပ်နေခြင်း

ဉာဏ်စွမ်းလမ်းကြောင်းသည် ၎င်း၏ မူလလမ်းကြောင်းမှ မဟုတ်ဘဲ နှလုံးလမ်းကြောင်းနှင့်ဆက်စပ်၍ ပေါ်ထွက်သည့် အနေအထားမျိုးသည် ကောင်းသော အမှတ်လက္ခဏာတစ်ခု မဟုတ်ချေ။ ဤသည်ကို 'ကိုင်ရို'က ဤသို့ဆို၏။

"လက္ခဏာဆရာများစွာက ဒီအချက်ကို ရာဇဝတ်မှုကျူးလွန်စရာအနေနဲ့ ပြောကြတယ်၊ တကယ်တော့ ဒါဟာ ဒီလိုဖြစ်ဖို့ အမြဲညွှန်ပြနေတာတော့ မဟုတ်ပါဘူး၊ ကျွန်ုပ်အတွေ့အကြုံကလည်း ဒီအတိုင်းပါပဲ၊ ဒါပေမယ့် ကြုံတွေ့ရသလောက်မှာတော့ ဒီလိုအမှတ်အသားပါလာတဲ့ လူတွေဟာ ခေါင်းမာတယ်၊ သူတို့နည်းနဲ့သူတို့ ဆန္ဒစွဲနေတာတွေ ရှိကြတယ်။

ဒီတော့ တခြားလူတွေနဲ့ ပတ်သက်ပြီး သူတို့ သိပ်စိတ်ဝင်စားလေ့ မရှိကြဘူး၊ သူတို့ဟာ သူတို့ရဲ့ အခြေအရည်အချင်းတွေ တစ်ခုလုံးနဲ့ လုံးဝ မပတ်သက်အောင် ထိန်းနိုင်တဲ့ အရည်အသွေးတွေ ရှိကြတာကိုလည်း မကြာခဏ တွေ့ရတတ်ပါတယ်"

## Internal Trouble
### ကိုယ်တွင်းရောဂါ

(၁) တနင်္လာဂြိုဟ်ခုံသည် ပြည့်ပြည့်မောက်မောက်ရှိခြင်း၊
(၂) ကျန်းမာရေးလမ်းကြောင်းပေါ်တွင် ကျွန်းခံရှိခြင်း၊

www.burmeseclassic.com

**Intestinal Trouble**

**အူနှင့်ပတ်သက်သည့်ရောဂါ**

(၁) ဉာဏ်စွမ်းလမ်းကြောင်း၏ အဆုံးတွင် ကြီးမားသည့် ကျွန်းသင်္ကေတတစ်ခု ရှိခြင်း၊

(၂) လက်ညှိုးနှင့် လက်ခလယ်တို့ကြားတွင် အနီရောင် လမ်းကြောင်းကြီးတစ်ခု ရှိခြင်း၊

(၃) အင်္ဂါဂြိုဟ်ခုံပေါ်တွင် အရေးအကြောင်းများစွာရှိခြင်း၊

(၄) တနင်္လာဂြိုဟ်ခုံသည် အရောင်အသွေး တောက်ပခြင်း။

**Intolerance**

**သည်းခံစိတ် မရှိခြင်း**

နှလုံးလမ်းကြောင်းနှင့် ဉာဏ်စွမ်းလမ်းကြောင်းတို့သည် အစတွင် ယှဉ်တွဲလျက်ရှိခြင်း။

**Intrepidity**

**ရဲစွမ်းသတ္တိနှင့် ပြည့်စုံခြင်း**

(၁) နှလုံး(မေတ္တာ)လမ်းကြောင်း ကောင်းမွန်ခြင်း၊

(၂) ဗုဒ္ဓဟူးဂြိုဟ်ခုံ ကောင်းမွန်ခြင်း၊

(၃) အင်္ဂါလွင်ပြင် ကျယ်ပြန့်ခြင်း၊

(၄) အင်္ဂါဂြိုဟ်ခုံ ပေါ်လွင်ခြင်း၊

(၅) လက်မ၏ပထမအဆစ် အတော်အတန်ရှည်ခြင်း၊

(၆) လက်သူကြွယ်သည် သာမန်ထက်ရှည်ခြင်း၊

(၇) လက်ဖဝါးပြင် လေးထောင့်ဖြစ်ခြင်း၊

(၈) လက်ချောင်းများ ချောမွေ့၍ လေးထောင့်သဏ္ဌာန် ဖြစ်ခြင်း၊

(၉) လက်သည်းများ လေးထောင့်သဏ္ဌာန်ရှိပြီး မာကျောခြင်း။

**Intrigues, Guilty**

**အပြစ်ရှိသည့် လျှို့ဝှက်ကြံစည်မှုများ**

(၁) သောကြာဂြိုဟ်ခုံမှ အဖျက်လမ်းကြောင်း တစ်ခုပေါ်တွင် ကျွန်းရှိခြင်း၊

(၂) အသက်လမ်းကြောင်းမှ ခွဲထွက်လမ်းကြောင်းတစ်ခုသည် နှလုံးလမ်းကြောင်းကို ဖြတ်ထားခြင်း၊

(၃) ကံလမ်းကြောင်းပေါ်တွင် ကျွန်းရှိခြင်း၊

(၄) နှလုံးလမ်းကြောင်းပေါ်တွင် ကျွန်းရှိခြင်း၊

(၅) အိမ်ထောင်ရေးလမ်းကြောင်းပေါ်တွင် ကျွန်းရှိခြင်း၊

(၆) သောကြာဂြိုဟ်ခုံပေါ်တွင် ကျွန်းရှိခြင်း။

**Intuition, Gift of**

**ထိုးထွင်းသိမြင်လမ်းကြောင်း ပါရှိခြင်း**

(၁) တနင်္လာဂြိုဟ်ခုံပေါ်တွင် တြိဂံတစ်ခုရှိခြင်း၊

(၂) ဉာဏ်စွမ်းလမ်းကြောင်း စိုက်ဆင်းနေခြင်း၊

(၃) တနင်္လာဂြိုဟ်ခုံမှ ကံလမ်းကြောင်း စတင်ထွက်ရှိနေခြင်း၊

(၄) တြိဂံလွင်ပြင် ကောင်းမွန်ခြင်း၊

(၅) ထိုးထွင်းသိမြင်လမ်းကြောင်း ရှင်းရှင်းလင်းလင်းရှိခြင်း၊

(၆) ကျန်းမာရေးလမ်းကြောင်း ရှင်းရှင်းလင်းလင်းရှိခြင်း၊

(၇) လက်များသေးသွယ်ပြီး နူးညံ့ခြင်း၊

(၈) လက်သည်းများ တိုခြင်း၊

(၉) လက်ချောင်းများချောမွတ်၍ ကတော့သဏ္ဌာန်ရှိခြင်း၊

(၁၀) လက်ချောင်းများ၏ ပထမအဆစ်ရှည်ခြင်း၊

(၁၁) လက်မ၏ ပထမအဆစ်တိုခြင်း၊

(၁၂) တနင်္လာဂြိုဟ်ခုံနှင့် ဗုဒ္ဓဟူးဂြိုဟ်ခုံတို့ ပေါ်လွင်ခြင်း၊

(၁၃) စနေဂြိုဟ်ခုံ ပေါ်လွင်ထင်ရှားနေခြင်း၊

(၁၄) လက်မသည် သွယ်လျနေခြင်း။

**Intuition, The Line of**

**ထိုးထွင်းသိမြင် လမ်းကြောင်း (အကြားအမြင်)**

ဤလမ်းကြောင်းသည် တနင်္လာဂြိုဟ်ခုံ၏ နယ်နိမိတ်အတွင်းတွင် ရှိ၏။ ၎င်းကို တနင်္လာလမ်းကြောင်းဟုလည်း ခေါ်၏။ ၎င်းသည်လူတစ်ယောက်အား အလိုလိုသိမြင်ခြင်း။

**Intuitive Power**

**အလိုလို သိမြင်နိုင်စွမ်း**

လက်ညှိုးအောက်ခြေတွင် စကြာပုံသဏ္ဌာန်တစ်ခု ရှိခြင်း။

(ဆက်ရန်)

□ ဆရာဦးခန့်ထွေး




www.burmeseclassic.com

www.burmeseclassic.com

# ပြည်လုံးချမ်းသာ အဓိဋ္ဌာန်ခရီးမှ

## ထူးခြားသော ဘုရားတစ်ဆူ

ဆရာကြီး ဦးအောင်မြိုင်



လေးထပ်ကြီးစေတီ အာရုံခံတန်ဆောင်းတစ်ခုအတွင်း ပူဇော်ခံထားသော ရုပ်ပွားတော် သုံးဆူ

BURMESE CLASSIC

ကျွန်ုပ်သည် လစဉ် လတိုင်း အဓိဋ္ဌာန်ခရီးများ ထွက်လေ့ရှိပါသည်။ အနည်းဆုံး တစ်လ တစ်ကြိမ်မှ ငါးကြိမ်ခန့်အထိ ခရီးစဉ်ဆွဲထားသည်။

ကျွန်ုပ်၏ အဓိဋ္ဌာန်ခရီးတစ်ခုမှာ ပြည်လုံးချမ်းသာ အဓိဋ္ဌာန်ခရီး ဖြစ်ပါသည်။

ထိုခရီးစဉ်အတွင်း အဓိဋ္ဌာန်ဝင်ခဲ့သော ဘုရား(၁၀)ဆူ ရှိပါသည်။

(၁) ပြည်လုံးချမ်းသာ စေတီတော် (မင်္ဂလာဒုံမြို့နယ်၊ ပျဉ်းမပင်ကျေးရွာ)

(၂) ပြည်လုံးချမ်းသာ ဆုတောင်းပြည့်စေတီ (ကြည့်မြင်တိုင်မြို့နယ်၊ နတ်စင်လမ်းနှင့် ကမ်းနားလမ်းထိပ်)

(၃) ပြည်လုံးချမ်းသာ အောင်တော်မူဘုရားကြီး (သာကေတမြို့နယ်၊ ၁၀ ရပ်ကွက်၊ ၁၀၈ တောင်ဘုရားပရိဝုဏ်)

(၄) ပြည်လုံးချမ်းသာ အမတ နန်းဦးစေတီ (သဃ်န်းကျွန်းမြို့နယ်၊ ၁၆/၂ ရပ်ကွက်)

(၅) ပြည်လုံးချမ်းသာ မဟာဝါဠုကစေတီ (လမ်းမတော်မြို့နယ်၊ ၁၀ လမ်းထိပ်)

(၆) ပြည်လုံးချမ်းသာ စေတီတော် (ပုဇွန်တောင်မြို့နယ်၊ ၅ ရပ်ကွက်)

(၇) ပြည်လုံးချမ်းသာ အောင်စကြာစေတီတော် (ဗဟန်းမြို့နယ်၊ ဗိုလ်စိန်မှန်လမ်းထိပ်)

(၈) ပြည်လုံးချမ်းသာ မြသိန်းတန်ဘုရား (တိုက်ကြီးမြို့၊ ဥတို့ရွာ)

(၉) ပြည်လုံးချမ်းသာ ဓမ္မဦးသိဒ္ဓိရှင်ဆုတောင်းပြည့်စေတီ (အင်္ဂပူမြို့နယ်၊ သံပရာကွင်းရွာ)

(၁၀) ပြည်လုံးချမ်းသာ လေးထပ်ကြီးစေတီ (ကြံခင်းမြို့နယ်၊ ပန်းရန်စုရွာ)

သက္ကရာဇ် ၁၁၈၃ ခုနှစ်တွင် ပန်းတောင်းမြို့၊ ကြံခင်းမြို့၊ ကနောင်မြို့၊ သာယာဝတီမြို့၊ လေးမြို့သခင် မဟာမင်းထင်နော်ရထာဘွဲ့ရ ဝန်မင်းဦးသူသည် နောက်ပါခြွေရံများစွာဖြင့် ပိုင်နက်နယ်မြေကို လှည့်လည်ကြည့်ရှုစဉ် ဤသီရိမင်္ဂလာကုန်းတော်အဖြစ် တည်ရှိမည့် နေရာတွင် ရောက်ရှိစခန်းချခဲ့ပါသည်။

(ဤနေရာမှာ ယခုအခါ ကြံခင်းမြို့၏ အနောက်ဘက် တစ်မိုင်ခန့်အကွာရှိ တလိုင်းကွင်းအုပ်စု ပန်းရန်စုရွာအနီး ဖြစ်သည်။)

ဝန်မင်းနှင့် ကြင်ရာတော် ဇနီးတို့သည် ရေမြေတောတောင်သဘာဝနှင့် မြေနေရာအဆင်း နိမိတ်များကို တွေ့မြင် ကြည်နူးပီတိဖြစ်ကြ၍ ဤနေရာမှာ သာသနာတော် အဓွန့်ရှည်စွာ တိုးတက်ပြန့်ပွားစေရန် ရည်သန်၍ အင်းဝရွှေနန်းရှင် ဘကြီးတော်မင်းတရားထံသို့ ပဏ္ဏာတော်ဆက်သွင်း၍ ဘုရားကျောင်းကန် တည်ထားပူဇော်လိုကြောင်း လျှောက်ထား ခွင့်ပန်ခဲ့ပါသည်။

ခွင့်ပြုချက်ရသဖြင့် ပြည်လုံးချမ်းသာဘွဲ့တော်ဖြင့် စေတီတော်ကြီး တည်ထားရန်နှင့် ကျောင်း၊ ကန်၊ သိမ်ဝန်းရံသည့် သာသနိကအဆောက်အအုံများ ဖြစ်မြောက်စေရန် စီမံဆောင်ရွက်ခဲ့သည်။

ဝန်မင်း ဦးသူသည် ဒေသခံရဟန်းရှင်လူအများနှင့် ညှိနှိုင်း၍ စည်းဝေးစေပြီး မိမိတပ်အင်အား၊ လူအင်အားနှင့် ကုန်းတော်မြင့်အောင် မြေတူးမြေဖို့ခြင်း၊ ဆင်တော်ကိုးစီးဖြင့် နင်းသိပ်



www.burmeseclassic.com

www.burmeseclassic.com


မြေညှိခြင်း၊ ကုန်းတော်မြေဖို့ရန်နှင့် စေတီတော်အတွက် အုတ်ဖုတ်ရန် မြေတူးယူသော မြေကျင်းနေရာများကို ရေကန်ကြီး သုံးကန်အဖြစ် တည်ထားပေးခဲ့သည်။ ဇီဝဇိုးကန်၊ ဟင်္သာကန်နှင့် ပျဉ်ထောင်ကန်ဟူ၍ ယနေ့တိုင် တည်ရှိပါသည်။

(ပြည်လုံးချမ်းသာ စေတီတော်၏ မြောက်ဘက်မုခ် ရှေ့မျက်နှာစာ မနီးမဝေးမှာ ဇီဝဇိုးရေကန်ကြီးကို ဓာတ်ပုံရိုက် ဖော်ပြပေးထားပါသည်။ စာရေးသူ)

ထို့ပြင် စေတီတော်အနီးတွင် ဘုန်းတော်ကြီးကျောင်း သုံးကျောင်းနှင့် မဟာသိမ်တော်ကြီး တစ်သိမ်ကိုပါ ဆောက်လုပ်လှူဒါန်းစေခဲ့သည်။

ပြည်လုံးချမ်းသာစေတီတော်ကြီး မပြီးမီ နိုင်ငံရေး၊ စစ်ရေး လိုအပ်ချက်အရ ဝန်မင်းဦးသူနှင့် နောက်ပါတပ်အင်အားများကို ဘကြီးတော် မင်းတရားက အင်းဝနေပြည်တော်သို့ ပြန်လည်ခေါ်ယူခဲ့သဖြင့် ဝန်မင်း၏ သမီးတော် ခင်မွန်က စေတီတော်ကြီး အပါအဝင် သာသနိက အဆောက်အအုံများ အားလုံးပြီးစီးသည်အထိ ဦးဆောင်ခဲ့ပါသည်။

ပြည်လုံးချမ်းသာစေတီတော်တွင် ဌာပနာပစ္စည်းများ၊ ဓာတ်တော်မွေတော်များကို လေးစုခွဲ၍ လေးထပ်ထည့်သွင်းခဲ့သဖြင့် လေးထပ်ကြီးဘုရားဟုလည်း လူအများက ခေါ်ဝေါ်ကြသည်။ ယခုအခါတွင် ပြည်လုံးချမ်းသာ လေးထပ်ကြီးဘုရားဟူ၍ တစ်ဆက်တည်း တွဲ၍အမည်ထင်ရှားလျက် ရှိပေသည်။


လေးထပ်ကြီးစေတီတော် မုခ်ဦးနှင့် စောင်းတန်းလှေကား

BURMESE CLASSIC

ယခု ပြည်လုံးချမ်းသာစေတီတော် တည်ထားရာနေရာမှာ ရှေးက အင်တိုင်းရွာနှင့်နီးသဖြင့် အင်တိုင်းကုန်းဘုရားဟုလည်း ရှေးခေတ်က ခေါ်ခဲ့ကြကြောင်း သိရသည်။

စေတီတော်၏ ရင်ပြင်တော် မြောက်ဘက် မုခ်တန်ဆောင်းတွင် ဘုရားရုပ်ပွားတော် သုံးဆူနှင့် ပါဒခြေတော်ရာ တစ်ဆူကို ဖူးမြင်ရသည်။ ရာဟုထောင့် ရင်ပြင်တံတိုင်းအနီးမှာ ရဟန္တာခြောက်ပါး ဆွမ်းခံကြွဟန် ရုပ်တုတော်များကို ဖူးတွေ့ရသည်။

ရင်ပြင်တော်ပတ်လည်မှာ အရံစေတီတော်များစွာကို ဖူးမြင်ရသည်။ စေတီတော်၏တောင်ဘက် တစ်ဖာလုံခန့်တွင် အင်တိုင်းကုန်း မဟာသိမ်တော်ကြီးနှင့် ပတ်ဝန်းကျင်မှာလည်း စေတီရံများရှိသည်။

စေတီတော် ရင်ပြင်ပေါ်မှာ အာရုံခံတန်ဆောင်း လေးခုရှိပြီး ရုပ်ပွားတော် သုံးဆူစီ ပူဇော်ခံထားသည်။ စေတီတော်မှာ ပွတ်လုံးစေတီ အမျိုးအစား ဖြစ်သည်။ အောက်ခြေအဝိုင်းဖြစ်သည်။ စေတီဖိနပ်တော် လေးဖက်နလေးတန်မှာ လှေကား လေးစင်းရှိပြီး တိုးနယားလိုလို၊ နဂါးလိုလို ရုပ်တုများရှိသည်။ ထိုအရုပ်များ၏ အမောက်၊ မျက်လုံး စသည်တို့မှာ တစ်ခုနှင့် တစ်ခု သိပ်မတူအောင် ထုလုပ်ထားကြောင်း ထူးခြားချက်အဖြစ် တွေ့ရှိရသည်။

ရှေးအခါက စေတီတော်၏ အနောက်ဘက်မှ ဌာပနာတိုက်သို့ ဝင်နိုင်သော လိုဏ်ခေါင်းတစ်ခုရှိခဲ့ပြီး အင်္ဂလိပ်ခေတ်က ထိုလိုဏ်ကို ပိတ်ခဲ့ကြောင်း သိရသည်။



လေးထပ်ကြီးစေတီတော်မှ ထူးခြားသော နဂါးရုပ်



www.burmeseclassic.com

www.burmeseclassic.com




လေးထပ်ကြီးစေတီတော် ရွှေမျက်နှာစာရှိ ဇီးဝဇိုးရေကန်တော်

ကြံခင်း ဘက်ရဲလမ်း ကြံခင်း အနောက်ဘက် တစ်မိုင်ခန့်တွင် တောင်ဘက်သို့ နှစ်ဖာလုံခန့် မြေနီလမ်းအတွင်း ဝင်သွားလျှင် ပြည်လုံးချမ်းသာ လေးထပ်ကြီးစေတီတော်သို့ ရောက်ရှိပါသည်။

၎င်းစေတီတော်နှင့် အနီးဆုံး ကျေးရွာများမှာ တောင်ဘက်ကပ်လျက် တလိုင်းကွင်းရွာရှိပြီး အနောက်ဘက်ကပ်လျက်မှာ ပန်းရံစုရွာ ရှိသည်။ အရှေ့ဘက်မှာ ပေါက်တောရွာ ရှိသည်။

(၎င်းဆောင်းပါးနှင့် ပတ်သက်၍ အထူးကူညီ ရှင်းပြပေးခဲ့ကြသော စေတီတော် ဂေါပကဥက္ကဋ္ဌ ဦးလှိုင်ဝင်း (ပန်းရန်စုရွာ)နှင့် ဂေါအပကအဖွဲ့ဝင် ဦးအုန်းမြင့် (တလိုင်းကွင်းရွာတို့အား အထူး ကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်အပ်ပါသည်။)

ပြည်လုံးချမ်းသာ အဓိဋ္ဌာန်အဖြစ် ပြည်လုံးချမ်းသာ စေတီတော်များ၊ ရုပ်ပွားရုပ်တုများတွင် အမွှေးတိုင်၊ ဖယောင်း တိုင်၊ ဆွမ်း၊ ပန်း၊ ရေချမ်း စသည်ဖြင့် အဆင်ပြေစွာ လှူဒါန်းပြီး အောက်ပါ ချမ်းသာကြီးဂါထာတော်ကို ခေါက်ရေ သက်စေ့ ရွတ်ပွားပူဇော်ခြင်း ဖြစ်ပါသည်။

BURMESE CLASSIC

## ချမ်းသာကြီးဂါထာတော်

တွံပိသေဋ္ဌော လောကသ္မိံ၊ တွံပိလောကာ မဟိဒ္ဓိကော။
လောကာဟံ မင်္ဂလံသေဋ္ဌံ၊ လောကပါပံ ပဝါဟနံ။
ဇယံ တဿ မယှံဘန္တေ၊ ပုညကမ္မံ ကရောမဟံ၊
ရတနံတ္တေဝ ယာစာမိ၊ ဒုက္ခပ္ပတ္တံ ပမောစယံ။
ရာဇာပိ သဗ္ဗ သတ္တေသု၊ ယဒိ မေတ္တံ ဥပ္ပဇ္ဇယံ၊
ဇဝံ သတိ မမ သိဒ္ဓိ၊ ဘဝတု မံ သဗ္ဗပိယံ။

စာဖတ်သူများ တစ်ခါတစ်ခေါက် သွားရောက်ဖူးမြင် အဓိဋ္ဌာန်ဝင်ခြင်းဖြင့် အကျိုးထူးများ ရရှိနိုင်ကြပါစေ။

❒ ဆရာကြီး ဦးအောင်မြိုင်



www.burmeseclassic.com

www.burmeseclassic.com

ခု နှစ် ရက် သား သ မီး များ အ တွက်

## ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ

# ဟောစာတမ်းနှင့်ယတြာ

ဦးညွန့်လှိုင်(ကြို့ပင်ကောက်)



### တနင်္ဂနွေသားသမီးများ

(က) စီးပွား/လူမှု - ယခုလအဖို့ မူလဋ္ဌာန၏ ကောင်းအားကို ပဝတ္တိဋ္ဌာန၏ ဆိုးအားက အနည်းငယ်လာပူးယှဉ်နေရာ အကြံအစည်များ ပျက်တတ်သလို စိတ်ညစ်စရာများ ရံဖန်ရံခါ ကြုံတွေ့ရတတ်၏။ ငွေကြေးများ ဆုံးရှုံးတတ်သလို အလုပ်အကိုင်များတွင် အခက်အခဲ အနည်းငယ် တွေ့ရတတ်၏။ တနင်္လာနံ သားသမီး၊ တနင်္လာနံ တစ်စုံတစ်ရာကြောင့် သောကရှိ၏။ ဗုဒ္ဓဟူးနံ ဝင်မည်၊ ကောင်း၏။ ကြာသပတေးနံ မြေယာကိစ္စ၊ အမွေကိစ္စ စကားဆိုရမည်။ စီးပွားရေးမကောင်းသေးပါ။ ပြည်ပရပ်ခြားကိစ္စများ ကြန့်ကြာနေမည်။ ဝန်ထမ်းများ နယ်ပြောင်းရွှေ့ရတတ်၏။
ယတြာ - သာသနိက အဆောက်အအုံများတွင် အုတ်လှူပါ။

(ခ) အိမ်ထောင်ရေး/လူငယ်အရေး - သောကအနည်းငယ်ရှိ၏။

(ဂ) ကျန်းမာရေး - ဆီးချိုရောဂါ ကပ်ငြိတတ်၏။
ယတြာ - တံတားခင်းလှူပါ။

(ဃ) အကျိုးပြုလုပ်ငန်း - ဗုဒ္ဓဟူးနံသင့်လုပ်ငန်းများ။

(င) အကျိုးပေးဂဏန်း - (၄)ဂဏန်းနှင့် ဗုဒ္ဓဟူးနေ့ကောင်းပြီး (၅) ဂဏန်းနှင့် ကြာသပတေးနေ့သည် ညံ့၏။
မှတ်ချက်။ ဝါဆိုသင်္ကန်းကပ်လှူရန် ဦးဆောင်ပါ။



### တနင်္လာသားသမီးများ

(က) စီးပွား/လူမှု - ယခုလ မူလဋ္ဌာန၏ ကောင်းအားရှိသော်လည်း ပဝတ္တိဋ္ဌာန၏ ဆိုးအားကြောင့် အတွေးအခေါ် အယူအဆ မှားတတ်သလို ပြဿနာဟောင်းများအတွက် နာမည်ပျက်တတ်၏။ ငွေကြေးကိစ္စကံကောင်းသော်လည်း အလဟဿကုန်ကျမှုများမည်။ တစ်ပါးသူအတွက် ငွေကြေးအာမခံမှုအတွက် စိတ်သောကရှိ၏။ ငွေ၊ ပစ္စည်း မချေးငှားသင့်။ စာချုပ်စာတမ်းတွင် သက်သေအဖြစ် လက်မှတ်ထိုးခြင်းရှောင်ပါ။ ဗုဒ္ဓဟူးနံ ရွှေ၊ လယ်မြေ ထွက်တတ်၏။ နှစ်ဦးပိုင် ဗုဒ္ဓဟူးနံ အဝင်မကောင်းပါ။ အမှတ်မထင် ခြံမြေများ ရောင်းထွက်တတ်၏။ ဗုဒ္ဓဟူးနံ လက်အောက်ငယ်သား သားသမီးများအတွက် သောကရှိ၏။ စီးပွားရေး လုပ်ငန်းတွင် အတွင်းလူ သစ္စာမဲ့တတ်၏။ ဝန်ထမ်းများ ချောက်တွန်းခံရတတ်၏။ အစွပ်စွဲ ခံရတတ်၏။
ယတြာ - မျက်နှာကြက် လှူပါ။

(ခ) အိမ်ထောင်ရေး/လူငယ်အရေး - တစ်ဦးနှင့်တစ်ဦး အထင်လွဲ အထင်မှား ဖြစ်တတ်၏။

(ဂ) ကျန်းမာရေး - သွေးနှင့်ပတ်သက်၍ ဥပဒ်ရှိ၏။
ယတြာ - ရေလှူပါ။

(ဃ) အကျိုးပြုလုပ်ငန်း - သောကြာနံသင့်လုပ်ငန်းများ။

(င) အကျိုးပေးဂဏန်း - (၆) ဂဏန်းနှင့် သောကြာနေ့ ကောင်းပြီး (၃) ဂဏန်းနှင့် အင်္ဂါနေ့ ညံ့၏။



www.burmeseclassic.com

www.burmeseclassic.com



## အင်္ဂါသားသမီးများ

(က) **စီးပွား/လူမှု** - မူလဌာနနှင့် ပဝတ္တိဌာန နှစ်ပါးစလုံးတွင် ကောင်းအားများ ပြည့်လျှံနေသဖြင့် ဘုန်းကံ တောက်ပသော အခါသမယဖြစ်၏။ ထင်ပေါ်ကျော်ကြားလျက် မှီခိုသူပေါမည်။ အများ၏ခေါင်းဆောင်အဖြစ် ရွေးချယ်ခံရတတ်၏။ အနုပညာ စာပေ သုခုမ လုပ်ငန်းသစ်များ တွေ့မည်။ သောကြာနံ ညံ့သဖြင့် ခရီးသွားလာမှုတွင် မတော်တဆ ဖြစ်တတ်သလို စကားပြောမှားသဖြင့် အထင်မှားခံရတတ်၏။ ယာဉ်ရထား ဝင်ကိန်းရှိ၏။ သို့သော် စက်ပစ္စည်းအဟောင်းများ ထွက်မည်။ ဝန်ထမ်းများ ရာထူးတိုးအတွက် တန်းစီဇယားတွင် မှတ်တမ်းတင်ခံရမည်။
ယတြာ - ဆန်၊ ဆီ၊ ဆား၊ ဆေး လှူဒါန်းပါ၊ စွန့်ကြဲပါ။

(ခ) **အိမ်ထောင်ရေး/လူငယ်အရေး** - သာယာမည်။

(ဂ) **ကျန်းမာရေး** - အသက်ရှူမဝ ဖြစ်မည်။ အဆုတ်တွင် ဥပဒ်ရှိ၏။
ယတြာ - ပရိတ်၊ တရားခွေများ လှူပါ။

(ဃ) **အကျိုးပြုလုပ်ငန်း** - သောကြာနံသင့်လုပ်ငန်းများ။

(င) **အကျိုးပေးဂဏန်း** - (၆) ဂဏန်းနှင့် သောကြာနေ့ကောင်းပြီး (၄) ဂဏန်းနှင့် ဗုဒ္ဓဟူးနေ့ ညံ့၏။

**မှတ်ချက်။** အရာရာတွင် ဆန္ဒမစောပါလေနှင့်။

## ဗုဒ္ဓဟူးသားသမီးများ



(က) **စီးပွား/လူမှု** - မူလဌာန၏ ဆိုးအားကို ပဝတ္တိဌာန ဆိုးအားက မီးလောင်ရာလေပင့်ဆိုသလို အားပေးသဖြင့် ဤလအဖို့ အစစအရာရာ သတိကြီးစွာရှိသင့်၏။ အလုပ်အကိုင်များ ရပ်တန့်တတ်သလို စိတ်ညစ်စရာ အလီလီတွေ့ရတတ်၏။ စကားများတတ်၏။ လူကောင်းမိတ်ဆွေများ အသစ်တွေ့ရတတ်ပြီး အကြံကောင်း ဉာဏ်ကောင်းများရမည်။ အင်္ဂါနံ သားသမီးနှင့်ပတ်သက်၍ အမှုအခင်းဖြစ်တတ်၏။ အိုးအိမ်တိုက်တာအချို့ ငွေကြေးအခက်အခဲကြောင့် ရောင်းထုတ်ရတတ်၏။ ဗုဒ္ဓရုပ်ပွားတော်အသစ် ပူဇော်ရတတ်၏။ ဝန်ထမ်းများ ဝေးလံခေါင်သီသောဒေသသို့ ရာထူးတက်ပြောင်းရွှေ့ရတတ်၏။
ယတြာ - မွေးနံထောင့်တွင် မြတ်ဗုဒ္ဓအား ရွှေသင်္ကန်းကပ်လှူပါ။

(ခ) **အိမ်ထောင်ရေး/လူငယ်အရေး** - နှစ်ဦးပိုင်ဖာတ်လမ်း ရှောင်ပါ။

(ဂ) **ကျန်းမာရေး** - ဆီးနှင့်ပတ်သက်သောဥပဒ် ကပ်ငြိတတ်သလို ဆေးမှားတတ်၏။
ယတြာ - ဆေးလှူပါ။

(ဃ) **အကျိုးပြုလုပ်ငန်း** - ဗုဒ္ဓဟူးနံသင့်လုပ်ငန်းများ။

(င) **အကျိုးပေးဂဏန်း** - (၄) ဂဏန်းနှင့် ဗုဒ္ဓဟူးနေ့ကောင်းပြီး (၂) ဂဏန်းနှင့် တနင်္လာနေ့ ညံ့၏။

**မှတ်ချက်။** ပဋ္ဌာန်းဒေသနာတော်ကို ရွတ်ဖတ်ပူဇော်ပါ။



## ကြာသပတေးသားသမီးများ

(က) **စီးပွား/လူမှု** - မူလဌာန၏ ဆိုးအားကို ပဝတ္တိဌာန၏ ကောင်းအားက ထောက်ပံ့သဖြင့် ထောက်တည်ရာရသော ကာလဖြစ်မည်။ စိတ်သောက ရှိမည်။ ပင်ပန်းမည်။ သို့သော် အများ၏ ယုံကြည်မှုကို ခံရမည်။ အကူအညီပေးသော မိတ်ကောင်းဆွေကောင်းများ တွေ့မည်။ သူတစ်ပါး၏ မှုခင်းကိစ္စများအတွက် စိတ်ပင်ပန်းမည်။ ဆွေမျိုးအတွက် သောကရှိ၏။ ကြာသပတေးနံ မြေပိုင်ဆိုင်မှုအတွက် အငြင်းပွားတတ်၏။ အင်္ဂါနံဝင်ပြီး ပြန်ထွက်မည်။ အစွပ်စွဲခံရတတ်၏။ အမှတ်မထင် ပြည်ပခရီးသွားလာရေးကိစ္စ အဆင်ပြေမည်။ ဝန်ထမ်းများ၊ အနုပညာရှင်များ အကြံကောင်းရမည်။
ယတြာ - ဆည်းလည်း လှူပါ။

(ခ) **အိမ်ထောင်ရေး/လူငယ်အရေး** - တကျက်ကျက်ရှိမည်။

(ဂ) **ကျန်းမာရေး** - ကျောက်ကပ်တွင် ဥပဒ်ရှိ၏။
ယတြာ - တနင်္လာထောင့်တွင် ထီးလှူပါ။

(ဃ) **အကျိုးပြုလုပ်ငန်း** - ကြာသပတေးနံသင့်လုပ်ငန်း။

(င) **အကျိုးပေးဂဏန်း** - (၆) ဂဏန်းနှင့် သောကြာနေ့

www.burmeseclassic.com

ကောင်းပြီး (၇/၀) ဂဏန်းနှင့် စနေနေ့ ညံ့၏။

မှတ်ချက်။ ပရဟိတကိစ္စရပ်များအပေါ် အာရုံစိုက်ပါ။



## သောကြာသားသမီးများ

(က) **စီးပွား/လူမှု** - မူလဌာနနှင့် ပဝတ္တိဌာန နှစ်ပါးစလုံးတွင် ကောင်းအားများ ရှိနေသဖြင့် ယခုလအဖို့ စွမ်းအင်ကောင်းကောင်းဖြင့် အင်တိုက်အားတိုက် အရှိန်မြှင့်သင့်သော ကာလဖြစ်၏။ မင်းစိုးရာဇာ လူကြီးသူမ မ,စမှုခံရမည်။ ထင်ပေါ်ကျော်ကြားမည်။ နှစ်ဦးပိုင် စပ်တူလုပ်ငန်း မလုပ်သင့်ပါ။ ခရီးဝေးသွားရတတ်၏။ ရပ်ဝေးနေ ဆွေမျိုးမိတ်ဆွေ ရောက်ကိန်းရှိ၏။ မိသားစုတွင် လူဝင် (မွေးဖွားခြင်း၊ လက်ထပ်ခြင်း)တတ်၏။ ကောင်း၏။ ကြာသပတေးနံသင့် သက်ရှိ သက်မဲ့ ဒုက္ခပေးမည်။ ဝန်ထမ်းများ နာမည်ကောင်းမည်။

ယတြာ - တရားခွေများ လှူပါ၊ သို့မဟုတ် တီဗွီ လှူပါ။

(ခ) **အိမ်ထောင်ရေး / လူငယ်အရေး** - တကျက်ကျက် ရှိမည်။

(ဂ) **ကျန်းမာရေး** - အပျော်ကြူး၍ ရောဂါကပ်တတ်၏။

ယတြာ - လမ်းပြင်ပါ၊ လူသွားလမ်း တံမြက်လှည်းပါ။

(ဃ) **အကျိုးပြုလုပ်ငန်း** - ဗုဒ္ဓဟူးနံသင့်လုပ်ငန်း။

(င) **အကျိုးပေးဂဏန်း** - (၄) ဂဏန်းနှင့် ဗုဒ္ဓဟူးနေ့ ကောင်းပြီး (၅) ဂဏန်းနှင့် ကြာသပတေးနေ့ ညံ့၏။

မှတ်ချက်။ နှစ်ဦးကြား စကားအသွားအလာ ဆင်ခြင်ပါ။



## စနေသားသမီးများ

(က) **စီးပွား/လူမှု** - ယခုလအဖို့ မူလဌာန၏ ဆိုးအားကို ပဝတ္တိဌာန၏ ကောင်းအားဖြင့် ချေဖျက်ထားသဖြင့် ကောင်းအား ဆိုးအားမျှနေ၏။ သို့သော် အဝေးခရီး သွားရခြင်းနှင့် အဝေးရောက်လုပ်ငန်းနှင့် မိသားစု အတွက် စိတ်မချမ်းမြေ့ဖြစ်တတ်၏။ အင်္ဂါနံ သက်ရှိ သက်မဲ့ကြောင့် သောကရှိ၏။ စက်ပစ္စည်းဝင်လျှင် မွေးနံ့စနေသားတွင် သောကရှိမည်။ သို့သော် ကြာသပတေးနံ သက်ရှိ သက်မဲ့ ဝင်မည်။ အကျိုးပြုမည်။ အကြံဉာဏ်ကောင်းများ အမှတ်မထင်ရမည်။ ဝန်ထမ်းများ အခက်အခဲကြားက နာမည်ကောင်းရတတ်၏။

ယတြာ - လမ်းတံတား ပြုပြင်ပါ။

(ခ) **အိမ်ထောင်ရေး / လူငယ်အရေး** - သင့်၏။

(ဂ) **ကျန်းမာရေး** - အူ၊ အစာအိမ်တွင် ဥပဒ်ရှိ၏။

ယတြာ - လူသွားလမ်း သဲခင်းပါ။

(ဃ) **အကျိုးပြုလုပ်ငန်း** - သောကြာနံသင့်လုပ်ငန်း။

(င) **အကျိုးပေးဂဏန်း** - (၆) ဂဏန်းနှင့် သောကြာနေ့တို့ အကျိုးပြု၍ (၃) ဂဏန်းနှင့် အင်္ဂါနေ့တို့ ညံ့၏။

မှတ်ချက်။ အရာရာတွင် စိတ်ထိန်းပါ။

**မေတ္တာပန်းနှင့်ရွှင်လန်းချမ်းမြေ့ကြပါစေ။**
**ဦးညွန့်လှိုင် (ကြို့ပင်ကောက်)**
တိုက်-အမှတ် (၄၁)၊ (၅)လွှာ ဘီ၊ ၁၆၇ လမ်း၊
တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၄၀၀၉၃၃
နေ့စဉ် - နံနက် (၉း၀၀)နာရီမှ မွန်းလွဲ(၃း၀၀)နာရီအထိ
[တယ်လီဖုန်းဖြင့် မေးမြန်းခြင်း သည်းခံပါ။
ဟောစာတမ်းများအတွက် VPP ဖြင့် ငွေကြိုတင်ပို့ပေးမှသာ
လက်ခံဆောင်ရွက်ပါသည်။]
*စီးပွားရေး၊ ကျန်းမာရေး၊ အိမ်ထောင်ရေး၊ နာမည်ပေး၊
ကုမ္ပဏီနာမည်ပေး၊ အထူးအရေးကြီးကိစ္စရပ်များအတွက်
ထိထိမိမိ ဆောင်ရွက်ပေးလျက် ရှိပါကြောင်း။*



www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ ခုနှစ်၊ ရာသီခွင်နှင့် ဇူလိုင်လ ဟောကိန်းများ

## ဆရာဦးခန့်ကျော် (အဘိဓာန်ကျမ်းပြုဗေဒင်ပညာရှင်)



### CAPRICORN
### မကာရရာသီ

(ဒီဇင်ဘာ - ၂၁ ရက် မှ ဇန်နဝါရီ - ၁၉ ရက် အတွင်းမွေး)
(မြန်မာလို ပြာသိုလမွေး)

ယခုကာလအတွင်း မကာရ ရာသီဖွားများအနေဖြင့် စီးပွားဝင်ငွေကောင်းမည်။ လုပ်ငန်း နှစ်မျိုး၊ သုံးမျိုးကို တစ်ပြိုင်တည်းလုပ်ကိုင်ရန် အခွင့်အလမ်းကောင်းများ ပေါ်ထွက်လာလိမ့်မည်။ မိဘအမွေအနှစ်ကိစ္စ၊ အိုးအိမ်၊ ခြံမြေကိစ္စများနှင့် ပတ်သက်၍ ပြဿနာ အမှုအခင်းများပေါ်ပေါက်တတ်သည်။ စိတ်အေးအေးထား၍ စဉ်းစားဆုံးဖြတ် လုပ်ကိုင်ဆောင်ရွက်သင့်သည်။ ဆွေမျိုးအသိုင်းအဝိုင်းများကြောင့် စိတ်ညစ်ရမှုများလည်းရှိမည်။ ဝန်ထမ်းဖြစ်ပါက လူနေရာ၊ အလုပ်နေရာ အပြောင်းအလဲ အပြောင်းအရွှေ့များ ရှိမည်။ မမျှော်လင့်ဘဲ ရာထူးတိုးခြင်း၊ လစာတိုးခြင်းများ ရှိမည်။ လက်ရှိအိုးအိမ်ကို ပြန်လည်ပြုပြင်ရခြင်း၊ အိုးသစ်အိမ်သစ်သို့ ပြောင်းရွှေ့နေထိုင်ရခြင်းများလည်း ရှိမည်။ ငယ်ရွယ်သူဖြစ်ပါက အချစ်ရေးကိစ္စများ အဆင်ပြေမည်။ အိမ်ထောင်ပြုရန် အကြောင်းများလည်း ပေါ်ပေါက်တတ်မည်။ ကျန်းမာရေးနှင့်ပတ်သက်၍ ချူချာမှုများ ရှိမည်။ မကြာခဏ ဆေးရုံဆေးခန်း ရောက်ရတတ်မည်။ သွားနာ၊ သွားကိုက်ခြင်း၊ ရုတ်တရက် သွေးပေါင်ကျခြင်း၊ မူးလဲခြင်းများ ဖြစ်ပေါ်ခံစားရတတ်သည်။ ငွေကုန်ကြေးကျ များရလိမ့်မည်။ မကာရရာသီဖွားများ ထီထိုးမည်ဆိုပါက (၂၊ ၄၊ ၀၊ ၉) ဂဏန်းများပါသော အောင်ဘာလေထီကို ထိုးပါ။



### AQUARIUS
### ကုံ့ရာသီ

(ဇန်နဝါရီ - ၂၀ မှ ဖေဖော်ဝါရီ - ၁၉ ရက် အတွင်းမွေး)
(မြန်မာလို တပို့တွဲလမွေး)

ကုံ့ရာသီဖွားများအနေဖြင့် ယခုကာလအတွင်း စီးပွားရေး၊ လူမှုရေးကိစ္စများဖြင့် အနားမရှိဘဲ ဖြစ်နေတတ်မည်။ ပြည်ပသို့သွားရန် စီစဉ်ကြိုးစားထားမှုများလည်း အဆင်ပြေတတ်မည်။ မမျှော်လင့်သောနေရာမှ မျှော်လင့်မထားသော သတင်းကောင်းများ ကြားရလိမ့်မည်။ စီးပွားရေးလုပ်ငန်းနှင့် ပတ်သက်၍ လုပ်ငန်းသစ်များ လုပ်ကိုင်ရန် စီစဉ်ထားမှုများ ရှိပါက အကောင်အထည် မဖော်သင့်သေးပါ။ အချိန်ကောင်းကို ခေတ္တစောင့်သင့်သည်။ အိမ်ထောင်ရှင်ဖြစ်ပါက အိမ်ထောင်ရေး အဆင်မပြေ ဖြစ်တတ်မည်။ တစ်ဦးနှင့်တစ်ဦး အထင်အမြင်လွဲမှားမှုများ ဖြစ်တတ်မည်။ ဝန်ထမ်းဖြစ်ပါက လုပ်ငန်းခွင်စာမေးပွဲ ဖြေဆိုရခြင်း၊ ဌာနဆိုင်ရာသင်တန်းများ တက်ရခြင်း၊ ပြည်ပခရီးစဉ်ပေါ်ပေါက်တတ်ခြင်းများရှိမည်။ ငယ်ရွယ်သူများ၏ အချစ်ရေးကိစ္စတွင် ရန်ပြဿနာပေါ်ပေါက်တတ်မှုများရှိမည်။ ကျန်းမာရေးနှင့်ပတ်သက်၍ သည်းခြေဆိုင်ရာ၊ ကျောက်ကပ်ဆိုင်ရာဝေဒနာများ ပြင်းပြင်းထန်ထန် ခံစားရတတ်သည်။ ယခု ကာလအတွင်း ကျန်းမာရေးကို အကာအကွယ်ဖြစ်ရန်အတွက် သန္တာကျောက်ကလေးကို ဝတ်ဆင်ခြင်း (သို့) ဆောင်ထားခြင်းပြုပါ။ ထီထိုး ကံစမ်းမည်ဆိုပါက (၉၊ ၀၊ ၆၊ ၄)ဂဏန်းများပါသော ထီကိုထိုးပါ။



### PISCES
### မိန်ရာသီ

(ဖေဖော်ဝါရီ - ၂၀ မှ မတ် - ၂၀ ရက် အတွင်းမွေး)
(မြန်မာလို တပေါင်းလမွေး)

မိန်ရာသီဖွားများသည် စီးပွားရေးကိစ္စတွင် ပြဿနာ အမှုအခင်းများ ဖြစ်တတ်မည်။ ကြိုတင်ပြောဆိုထားသော ငွေကြေးကိစ္စများလည်း အဆင်မပြေ ဖြစ်တတ်မည်။ အတတ်နိုင်ဆုံး စိတ်အေးအေးထားခြင်း၊ သည်းခံစိတ်မွေးခြင်း၊ ဘာသာရေးအလုပ်များကို အချိန်များများပေး၍ လုပ်ကိုင်ခြင်းမျိုး ပြုသင့်သည်။ မယ်တစ်ရွာ မောင်တစ်မြို့နေရသော အိမ်ထောင်ရှင်ဖြစ်ပါက အတူတကွ ပြန်လည်နေရလိမ့်မည်။ သားသမီးဦးရေ တိုးပွားမှုများလည်း ရှိမည်။ ငယ်ရွယ်သူများ ဖြစ်ပါက အချစ်ရေးကိစ္စကို ဦးစားပေးမှု လွန်ကဲနေတတ်မည်။ အပျော်ခရီးထွက်ခြင်းများလည်း ရှိမည်။ တစ်လအတွင်းရှိ အင်္ဂလိပ်လိုရက်များမှ (၃၊ ၄၊ ၈၊ ၁၅၊ ၁၉၊ ၂၂၊ ၂၇၊ ၂၉) ရက်များသည် သင့်အတွက် ကံကောင်းစေသော ရက်များဖြစ်၍ အဆိုပါရက်များနှင့် တိုက်ဆိုင်ပြီး (၃၊ ၀၊ ၂၊ ၈)

www.burmeseclassic.com

www.burmeseclassic.com

ဂဏန်းများပါသော အောင်ဘာလေထီကိုထိုးပါ။ ကျန်းမာရေးမှာ အစားမှားခြင်း၊ မတည့်စာရောစားမိခြင်း၊ အစာအဆိပ်ဖြစ်တတ်ခြင်းများ ရှိမည်။ အေးနေသော အစားအစာများ စားသောက်ခြင်းကို ရှောင်ပါ။ ထို့အပြင် တစ်ပါးသူပေးသော၊ ကျွေးသော အစားအစာများကို အလွယ်တကူ စားသောက်တတ်ခြင်းကိုလည်း အထူးသတိထားသင့်သည်။



## ARIES
## မိဿရာသီ

(မတ် - ၂၁ မှ ဧပြီ - ၂၀ ရက် အတွင်းမွေး)
(မြန်မာလို တန်ခူးလမွေး)

မိဿရာသီဖွားများအနေဖြင့် ယခုလအတွင်း မကြာခဏ ခရီးထွက်ရမှုများရှိမည်။ အိမ်တွင်နေရသည့်ရက်က အလွန်နည်းနေတတ်မည်။ ဝန်ထမ်းဖြစ်ပါက လက်ရှိလုပ်ငန်းမှ ပြောင်းလဲလုပ်ကိုင်လိုသော ဆန္ဒများ ပေါ်ပေါက်တတ်မည်။ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်း လုပ်ကိုင်နိုင်ရန် အခွင့်အလမ်းများ ပေါ်ပေါက်ခြင်း၊ လက်တွေ့အကောင်အထည်ဖော် လုပ်ကိုင်နိုင်ခြင်းများလည်း ရှိမည်။ အိမ်ထောင်ရှင်ဖြစ်ပါက မိသားစုအတွင်း ဗုဒ္ဓဟူးသားသမီးရှိနေလျှင် ထိုသားသမီးအတွက် စိုးရိမ်ပူပန်ရခြင်းများရှိမည်။ အတူနေ လူကြီးမိဘများ၏ ကျန်းမာရေးအတွက်လည်း စိတ်ပူပန်ရခြင်းများ ရှိတတ်မည်။ ငယ်ရွယ်သူများ အချစ်ရေးကံ မကောင်းသေးပါ။ ချစ်သူ၏ လိမ်ညာလှည့်ဖြားခြင်းကို ခံရတတ်သည်။ ပညာသင်ကျောင်းသားဖြစ်ပါက ပညာရေးကံကောင်းမည်။ မိမိဆန္ဒများလည်း အကောင်အထည် ဖော်နိုင်လိမ့်မည်။ ဘာသာရပ်ဆိုင်ရာ သင်တန်းများ တက်ရောက်ရတတ်မည်။ ကျန်းမာရေးမှာ ခေါင်းတစ်ခြမ်းကိုက်ခြင်း၊ မျက်စိစူးခြင်း၊ အာရုံကြောအားနည်းခြင်း စသည့် ဝေဒနာများ ဖြစ်ပေါ်ခံစားရတတ်မည်။ ထီထိုးမည်ဆိုပါက (၃၊ ၀၊ ၁၊ ၈)ဂဏန်းများပါသော အောင်ဘာလေထီကို ထိုးပါ။



## TAURUS
## ပြိဿရာသီ

(ဧပြီ - ၂၁ မှ မေ - ၂၀ ရက်အတွင်းမွေး)
(မြန်မာလို ကဆုန်လမွေး)

ယခုကာလအတွင်း စီးပွားရေးလုပ်ငန်းနှင့်ပတ်သက်၍ ပြည်ပနှင့် ဆက်သွယ်လုပ်ကိုင်ရသောလုပ်ငန်းများ၊ ပြည်ပတွင် သွားရောက်လုပ်ကိုင်ရသောလုပ်ငန်းများ အဆင်ပြေမှုနည်းပါးလိမ့်မည်။ စာပေဆိုင်ရာလုပ်ငန်း လုပ်ကိုင်သူဖြစ်ပါကလည်း ငွေကြေးဆုံးရှုံးရမှု၊ လူလိမ်ခံရတတ်မှုများ ရှိနေမည်။ မည်သည့်စီးပွားရေးလုပ်ငန်းကို လုပ်ကိုင်သည်ဖြစ်စေ ကြားလူမထားဘဲ မိမိကိုယ်တိုင် တိုက်ရိုက်ဆက်သွယ်ပြောဆို လုပ်ကိုင်ခြင်းဖြင့် အဆင်ပြေမှုများ ရရှိနိုင်မည်။ အိမ်ထောင်ရှင်ဖြစ်ပါက မိမိအိမ်ထောင်ဖက်၏ အိမ်ထောင်ရေး ဖောက်ပြန်တတ်မည်ကို သတိထားပါ။ ဝန်ထမ်းဖြစ်ပါက ဌာနအတွင်း အဆင်ပြေမည်။ အထက်လူကြီးများ၏ အားပေးကူညီမှုများကိုလည်း ရရှိတတ်မည်။ ငယ်ရွယ်သူများဖြစ်ပါက ချစ်သူနှင့်အဆင်ပြေမည်။ စေ့စပ်ကြောင်းလမ်းခြင်း၊ လက်ထပ်ခြင်းကိစ္စများ အထမြောက်လိမ့်မည်။ ကျန်းမာရေးနှင့်ပတ်သက်၍ ဆီးကျဉ်၊ ဆီးကိုက်ခြင်းဝေဒနာများ၊ အသည်းရောင်၊ ကျောက်ကပ်ရောင် ဝေဒနာများ ဖြစ်ပေါ်ခံစားရတတ်မည်။ ဤကာလအတွင်း တစ်နည်းနည်းဖြင့် ငွေကြေးများလည်း ဝင်တတ်မည်ဖြစ်၍ ဝါသနာပါလျှင် ထီထိုးခြင်း၊ ကံစမ်းခြင်းများကို များများပြုပေးပါ။ ထီထိုးမည်ဆိုပါက (၅၊ ၄၊ ၀၊ ၉)ဂဏန်းများပါသော အောင်ဘာလေထီကို ထိုးပါ။



## GEMINI
## မေထုန်ရာသီ

(မေ - ၂၁ မှ ဇွန် - ၂၀ ရက်အတွင်းမွေး)
(မြန်မာလို နယုန်လမွေး)

မေထုန်ရာသီဖွားများအနေဖြင့် စီးပွားရေးလုပ်ငန်းနှင့်ပတ်သက်၍ အပြောင်းအလဲလုပ်သင့်သည်။ ပြောင်းလဲနိုင်အောင်လည်း အကူအညီပေးမည့်သူများ ပေါ်လာတတ်မည်။ မည်သည့်အရေးကြီးလုပ်ငန်းအတွက်ကိုမဆို စနေသား လူကြီးမိဘ၊ ပုဂ္ဂိုလ် အကြီးအကဲတစ်ဦးဦးနှင့် တိုင်ပင်ပြီး လုပ်ကိုင်သင့်သည်။ အိမ်ထောင်ရှင်ဖြစ်ပါက အိမ်ထောင်ရေး အေးချမ်းသာယာမှုရှိမည်။ မိသားစုအလှူအတန်းကိစ္စများ ပြုရတတ်ခြင်း၊ အထူးသဖြင့် လူကြီးမိဘများအား ကျေးဇူးဆပ်နိုင်ခြင်းများ ရှိမည်။ ဝန်ထမ်းဖြစ်ပါက ဌာနဆိုင်ရာအပြောင်းအလဲ အပြောင်းအရွှေ့များရှိမည်။ ခရီးများရှိမည်။ ပြည်တွင်း၊ ပြည်ပ နှစ်မျိုးစလုံးဖြစ်နိုင်သည်။ သင့်လက်ဝယ်ရှိ ရောင်းမထွက်သေးသော စက်ပစ္စည်းများ ယခုလအတွင်း အရောင်းအဝယ်ဖြစ်လိမ့်မည်။ ငယ်ရွယ်သူများ အချစ်ရေးကို ဦးစားပေးမှုကြောင့် ပညာရေးထိခိုက်တတ်မည်ကို အထူးသတိထားပါ။ ကျန်းမာရေးနှင့်ပတ်သက်၍ အရိုးအဆစ်များ ရောင်ရမ်းနာကျင်ခြင်း၊ အဆစ်လွဲခြင်း၊ အရိုးကျိုးပေါင်းတက်ခြင်း စသည့်ဝေဒနာများ ဖြစ်ပေါ်ခံစားရတတ်သည်။ မွေးနေ့တွင် မိမိဂြိုဟ်တိုင်ရှိ ဘုရားအား ပန်းသီး သို့မဟုတ် သရက်သီးများကို ကပ်လှူပြီး လိုရာ ဆုတောင်းပါ။



www.burmeseclassic.com

www.burmeseclassic.com



## CANCER
## ကရကဋ်ရာသီ

(ဇွန် - ၂၁ မှ ဇူလိုင် - ၂၀ ရက်အတွင်းမွေး)
(မြန်မာလို ဝါဆိုလမွေး)

ကရကဋ်ရာသီဖွားများ အနေဖြင့် စီးပွားရေးလုပ်ငန်းတွင် အတွေးအံ့ခေါ် မမှားရန်၊ ဆုံးဖြတ်ချက် မမှားရန်လိုမည်။ စီးပွားရေးလုပ်ငန်းသစ်များ စတင်လုပ်ကိုင်ရန် အခွင့်အလမ်းများ ပေါ်ပေါက်တတ်မည်ဖြစ်၍ အရာရာကို စိတ်အေးအေးထားပြီး စဉ်းစားဆုံးဖြတ်လုပ်ကိုင်ပါ။ အိမ်ထောင်ရှင်ဖြစ်ပါက မိသားစုအတွင်း တနင်္ဂနွေသားသမီးရှိလျှင် ထိုနေ့နံသားသမီးအတွက် စိတ်သောကရောက်ရတတ်မှုများ၊ ငွေကုန်ကြေးကျများရမှုများ ရှိမည်။ ဝန်ထမ်းဖြစ်ပါက ဌာနအတွင်း အဆင်မပြေမှုများ ဖြစ်တတ်မည်။ အထက်လူကြီး၊ အကြီးအကဲများ၏ အထင်အမြင်လွဲမှားခြင်း၊ သံသယဖြစ်ခြင်းများ ရှိတတ်မည်။ ငယ်ရွယ်သူများ အသွားအလာ, အနေအထိုင် သတိရှိပါစေ။ လိင်မတူသူများ၏ စိတ်ဝင်စားခြင်း၊ အကူအညီပေးခြင်းများရှိမည်။ ချစ်၍ဖြစ်စေ၊ မုန်း၍ဖြစ်စေ အနှောင့်အယှက်ပေးခြင်း ခံရတတ်သည်။ ကျန်းမာရေးနှင့်ပတ်သက်၍ အဆုတ်အအေးပတ်ခြင်း၊ အသက်ရှူမဝခြင်း၊ နှလုံးအားနည်းခြင်း ဝေဒနာများ ဖြစ်ပေါ်ခံစားရတတ်သည်။ တစ်လအတွင်းရှိ အင်္ဂလိပ်လိုရက်များမှ (၂၊ ၇၊ ၁၀၊ ၁၈၊ ၂၃၊ ၂၅၊ ၂၉) ရက်များသည် သင့်အတွက် ကံကောင်းစေသောရက်များဖြစ်၍ ထိုရက်များနှင့်တိုက်ဆိုင်ပြီး လုပ်ငန်းကိစ္စအဝဝတို့ကို အကောင်အထည်ဖော်လုပ်ကိုင်ခြင်း၊ ထီထိုးခြင်း၊ ကံစမ်းခြင်းများ ပြုပါ။ (၂၊ ၅၊ ၀၊ ၉) ဂဏန်းများဖြင့် အောင်ဘာလေထီကို ထိုးပါ။



## LEO
## သိဟ်ရာသီ

(ဇူလိုင် - ၂၁ မှ ဩဂုတ် - ၂၁ ရက်အတွင်းမွေး)
(မြန်မာလို ဝါခေါင်လမွေး)

သိဟ်ရာသီဖွားများ အနေဖြင့် ယခုကာလအတွင်း သိုလှောင်ထားသောပစ္စည်းများကို ပြန်လည်ရောင်းထုတ်ခြင်းဖြင့် အမြတ်အစွန်းများရရှိတတ်ခြင်း၊ တော့တော့ဆိုင်ဆိုင်ပြောဆိုထားသော အိုးအိမ်ခြံမြေ အရောင်းအဝယ်ဖြစ်ခြင်းများ ရှိမည်။ သို့သော် အလိမ်ခံရတတ်ခြင်းများ ရှိနေသဖြင့် လူတိုင်းအပေါ် ယုံကြည်စိတ်မထားသင့်ပါ။ အရာရာကို ကိုယ်တိုင်ဦးစီး ပါဝင်လုပ်ကိုင်သင့်သည်။ ပြည်ပသို့သွားရန် စီစဉ်ထားမှုများရှိပါက အဆင်ပြေသွားလိမ့်မည်။ အိမ်ထောင်ရှင်ဖြစ်ပါက မိသားစုဘုရားဖူးခရီးထွက်ရခြင်းများ ရှိမည်။ ဝန်ထမ်းဖြစ်ပါက ကံကောင်းခြင်း၊ အဆင်ပြေခြင်း၊ အခွင့်အလမ်းကောင်းများ ရရှိပိုင်ဆိုင်ခြင်းရှိမည်။ ထိုသို့အဆင်ပြေ အောင်မြင်မှုအပေါ် မနာလိုဖြစ်သူများလည်း ရှိနေလိမ့်မည်။ ငယ်ရွယ်သူများ မမျှော်လင့်ဘဲ အိမ်ထောင်ကျတတ်မည်။ စေ့စပ်ကြောင်းလမ်းရန် သို့မဟုတ် လက်ထပ်ရန် စီစဉ်ထားပါကလည်း အားလုံးအဆင်ပြေနိုင်မည်။ ပညာသင်ကျောင်းသားများ အနေဖြင့် ပညာရေးကံ အနည်းငယ်ညံ့မည်။ အဆင်မပြေမှုများနှင့် ကြုံတွေ့ရတတ်မည်။ ကျန်းမာရေးမှာ ဝမ်းလျှော, ဝမ်းကိုက်ခြင်း၊ အစာမကြေခြင်း၊ မကြာခဏ အအေးမိခြင်းများ ဖြစ်တတ်မည်။ ထီထိုးမည်ဆိုပါက (၀၊ ၄၊ ၅၊ ၈) ဂဏန်းများပါသော အောင်ဘာလေထီကို ထိုးပါ။



## VIRGO
## ကန်ရာသီ

(ဩဂုတ် - ၂၂ မှ စက်တင်ဘာ - ၂၂ ရက်အတွင်းမွေး)
(မြန်မာလို တော်သလင်းလမွေး)

ကန်ရာသီဖွားများအနေဖြင့် စီးပွားရေးလုပ်ငန်းကို မိမိဆန္ဒရှိသည့်အတိုင်း အကောင်အထည်ဖော် လုပ်ကိုင်နိုင်မည်။ ယခုကာလအတွင်း ရင်းနှီးမြှုပ်နှံထားသော၊ စုဆောင်းထားသောငွေကြေးများ ပြန်လည်ရရှိပြီး အကျိုးအမြတ်များလည်း ခံစားရတတ်မည်။ ထို့ပြင် အမွေအနှစ်ရခြင်း သို့မဟုတ် ငွေအစုလိုက် အပြုံလိုက်ဝင်တတ်မည်။ အိမ်ထောင်ရှင်ဖြစ်ပါက သားသမီးများကြောင့် မိမိအိမ်ထောင်ဖက်နှင့် ရန်တကျက်ကျက်ဖြစ်နေရတတ်မည်။ ဝန်ထမ်းဖြစ်ပါက လက်အောက်ငယ်သားများအတွက် ပြဿနာဖြေရှင်းရခြင်း၊ စိတ်ညစ်ရခြင်း၊ ငွေကုန်ကြေးကျများရတတ်ခြင်း၊ ခရီးထွက်ရခြင်းများရှိမည်။ ငယ်ရွယ်သူများ အသွားအလာဆင်ခြင်ပါ။ တရင်းတနှီးပေါင်းသင်းသည့် အပေါင်းအသင်းများကိုလည်း အထူးသတိထားပါ။ အချစ်ရေးကိစ္စတွင် အိမ်ထောင်မရှိသေးသူများ အိမ်ထောင်ကျတတ်မည်။ လူပျိုကြီး၊ အပျိုကြီးများလည်း စုံလိမ့်မည်။ ပညာသင်ကျောင်းသားများ ပညာရေးကံကောင်းမည်။ ရည်ရွယ်စိတ်ကူးထားချက်များ အကောင်အထည်ပေါ်လာလိမ့်မည်။ ကျန်းမာရေးနှင့်ပတ်သက်၍ မတော်တဆထိခိုက် အနာတရရတတ်ခြင်း၊ အမြင့်မှပြုတ်ကျခြင်း၊ ချော်လဲခြင်း၊ ယာဉ်အားအန္တရာယ်ကြုံတွေ့ရတတ်ခြင်းများ ရှိမည်။ ထီထိုးမည်ဆိုပါက (၁၊ ၉၊ ၀၊ ၂)ဂဏန်းများပါသော အောင်ဘာလေထီကို ထိုးပါ။



www.burmeseclassic.com

www.burmeseclassic.com



## LIBRA
## တူရာသီ

**(စက်တင်ဘာ - ၂၃ မှ အောက်တိုဘာ - ၂၂ ရက်အတွင်းမွေး)**
**(မြန်မာလို သီတင်းကျွတ်လမွေး)**

စီးပွားရေးလုပ်ငန်းနှင့်ပတ်သက်၍ ပြည်ပပို့ကုန်၊ သွင်းကုန်လုပ်ငန်းလုပ်ကိုင်သူများ၊ ဆောက်လုပ်ရေးလုပ်ငန်းအကျိုးဆောင်လုပ်ငန်း လုပ်ကိုင်သူများ လုပ်ငန်းတွင် ပြဿနာပေါ်ခြင်း၊ ငွေကြေးဆုံးရှုံးရတတ်ခြင်းများ ရှိမည်။ လက်အောက်ငယ်သား တပည့်တပန်းတို့၏ အတိုက်အခံပြုခြင်း၊ သစ္စာမဲ့ခြင်းများကိုလည်း ခံရတတ်သည်။ ယခုကာလအတွင်း ကားသို့မဟုတ် လက်ရှိအိုးအိမ်ကို ရောင်းထုတ်ပစ်ရန်အကြောင်းကိစ္စများ ပေါ်ပေါက်လာတတ်မည်။ ဝန်ထမ်းဖြစ်ပါက အပြောင်းအလဲတစ်စုံတစ်ရာရှိမည်။ ကောင်းသောအပြောင်းအလဲများ ဖြစ်လိမ့်မည်။ မိမိကိုယ်တိုင် တစ်နည်းနည်းဖြင့် ပြည်ပသွားရန်အကြောင်းကိစ္စများ ပေါ်လာလိမ့်မည်။ အိမ်ထောင်ရှင်ဖြစ်ပါက ယခုကာလအတွင်း မယ်တစ်ရွာ မောင်တစ်မြို့နေရခြင်းမှ လွတ်ကင်းပြီး အတူတကွပြန်လည်အနေနီးရလိမ့်မည်။ ငယ်ရွယ်သူများ အချစ်ရေးကံ မကောင်းသေးပါ။ ချစ်သူ၏ သစ္စာမဲ့ခြင်း၊ စွန့်ခွာသွားခြင်းကို ခံရတတ်မည်။ ပညာရေး လိုက်စားသူဖြစ်ပါက အခက်အခဲများနှင့် တွေ့ကြုံရတတ်သည်။ ကျန်းမာရေးနှင့်ပတ်သက်၍ ခြေနှင့်လက်တို့တွင် ထိခိုက်ဒဏ်ရာ၊ သွေးထွက်သံယိုဖြစ်တတ်မှု၊ ရေနွေးပူ၊ ဆီပူလောင်တတ်မှုများအတွက်သတိထားပါ။ တူရာသီဖွားများ ထီထိုးမည်ဆိုပါက(၆၊ ၃၊ ၂ ၀)ဂဏန်းများပါသောထီကိုထိုးပါ။



## SCORPIO
## ဗြိစ္ဆာရာသီ

**(အောက်တိုဘာ - ၂၃ မှ နိုဝင်ဘာ - ၂၂ ရက်အတွင်းမွေး)**
**(မြန်မာလို တန်ဆောင်မုန်းလမွေး)**

စီးပွားရေးလုပ်ငန်းနှင့်ပတ်သက်၍ ရေနှင့်ရေထွက်ပစ္စည်းရောင်းဝယ်ခြင်းလုပ်ငန်း၊ ဖျော်ရည်အမျိုးမျိုးရောင်းဝယ်ခြင်း၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူဖြစ်ပါက စီးပွားဝင်ငွေသင့်မည်။ လူမျိုး သို့မဟုတ် ဘာသာကွဲသူ၊ ရေမြေခြားသူ၊ အသက်ကွာသူများ၏ အတူအညီပေးမှုကို ရရှိတတ်မည်။ ယခုကာလအတွင်း စိတ်မအား၊ လူမအားဖြစ်နေမှုကြောင့် တန်ဖိုးကြီးပစ္စည်း မေ့ကျန်၊ ကျပျောက်၊ အနှိုက်ခံ၊ အလုခံရတတ်ခြင်းများအတွက် သတိထားပါ။ အိမ်ထောင်ရှင်ဖြစ်ပါက အိမ်ထောင်ဖက်၏ အသိုင်းအဝိုင်းဘက်မှ အမွေအနှစ်များ ရရှိတတ်မည်။ သို့သော် အခက်အခဲနှင့်ယှဉ်ပြီး ရတတ်ခြင်းမျိုးဖြစ်မည်။ ငယ်ရွယ်သူများ အချစ်ရေးကိစ္စတွင် ဖြေရှင်း၍ မလွယ်ကူဘဲ ရှင်းလေရှုပ်လေ ပြဿနာများပေါ်တတ်မည်။ အလုပ်အကိုင်ရှာဖွေသူဖြစ်ပါက အဆင်ပြေစွာရရှိတတ်မည်။ ပညာရေးလိုက်စားသူများ ပညာရေးကံကောင်းမည်။ အများ၏ အားပေးချီးကျူးခြင်းကို ခံရတတ်မည်။ ကျန်းမာရေးနှင့်ပတ်သက်၍ လေးဖက်နာဆန်ဆန်ဖြစ်ခြင်း၊ မကြာခဏ ဆေးရုံ၊ ဆေးခန်း ရောက်ရတတ်ခြင်းများ ရှိမည်။ ထီထိုးမည်ဆိုပါက (၄၊ ၅၊ ၀၊ ၈)ဂဏန်းများပါသော အောင်ဘာလေထီကို ထိုးပါ။



## SAGITTARIUS
## ဓနုရာသီ

**(နိုဝင်ဘာ - ၂၃ မှ ဒီဇင်ဘာ - ၂၀ ရက်အတွင်းမွေး)**
**(မြန်မာလို နတ်တော်လမွေး)**

ယခုကာလအတွင်း ကံကုသိုလ် ကောင်းနေသောအချိန်အခါဖြစ်၍ လုပ်ငန်းသစ်များ စဝင်အကောင်အထည်ဖော် ဆောင်ရွက်ခြင်း ပြုသင့်သည်။ စက်ပစ္စည်းများ အသစ်ဝင်ခြင်း၊ အဟောင်းများကို ပြန်လည်ပြုပြင်ရခြင်းရှိမည်။ ဝင်ငွေကောင်းသလို ထွက်ငွေလည်း ကောင်းနေတတ်မည်။ အိမ်ထောင်ရှင်ဖြစ်ပါက ဆွေမျိုး ညီအစ်ကိုမောင်နှမတို့၏ ဒုက္ခပေးမှုကို ခံရတတ်မည်။ မမျှော်လင့်ဘဲ အလှူအတန်းကြီးကြီးမားမားပြုရတတ်သည်။ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်များအား ဖူးတွေ့ရတတ်သည်။ ဝန်ထမ်းဖြစ်ပါက လက်ရှိအလုပ်မှ ထွက်ပြီး ပြင်ပစီးပွားရေးလုပ်ငန်းကို လုပ်ကိုင်သင့်သည်။ အလုပ်အကိုင် ရှာဖွေနေသူများဖြစ်ပါက ယခုကာလအတွင်း အဆင်မပြေနိုင်သေးပါ။ ငယ်ရွယ်သူများ အချစ်ရေးတွင် စန်းပွင့်မည်။ ချစ်သူဝိုင်းဝိုင်းလည်နေတတ်မည်။ ကျန်းမာရေးနှင့်ပတ်သက်၍ ခါးနာခြင်း၊ ဗိုက်အောင့်ခြင်း၊ အစာအိမ်နာခြင်း ဝေဒနာများ ဖြစ်ပေါ်ခံစားရတတ်သည်။ ဓနုရာသီဖွားများ အနေဖြင့် ထီပေါက်ခြင်း သို့မဟုတ် ထီပေါက်သကဲ့သို့ ငွေကြေးများဝင်တတ်မည်ဖြစ်၍ ထီထိုးခြင်း၊ ကံစမ်းခြင်းများကို များများပြုပေးပါ။ ထီထိုးမည်ဆိုပါက (၀၊ ၅၊ ၂ ၆) ဂဏန်းများဖြင့် ထိုးပါ။

**ဆရာဦးခန့်ကျော်**
(အဘိဓာန်ကျမ်းပြုပညာရှင်)

အမှတ်(၂၇)၊ ရွှေဘုန်းပွင့်ဘုရားဈေးတန်း၊(၉)ရပ်ကွက်၊
ရေကျော်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
☎ ၀၉-၅၁၃၈၂၄၀၊ ၀၉-၄၂၁၀၅၅၈၆၂



www.burmeseclassic.com